# စာစဥ် ၁၂ : အပိုင်း ၁

## အပိုင်း ၂၀၁ : ကျိန်စာသင့် အထီးကျန်ကြယ်

လင်းဖုန်းက ဝမ်လင်းရဲ့ ခန္ဓာကိုယ်ထဲက မှော်စွမ်းအင်တွေဟာ... ရုတ်တရက်ပဲ ပုံမှန်မဟုတ်တဲ့ လှုပ်ရှားမှုတစ်ခု ဖြစ်သွားခဲ့တာကို သတိထားမိလိုက်ပါတယ်။

"လင်းကလေး... ငါ့ကို မှော်ကျိန်စာ တစ်ချို့ကို လုပ်ပြစမ်းပါဦးကွာ..." လင်းဖုန်းက သူ့ရဲ့ မျက်မှောင်ကြီးကို ကြုတ်ပြီးမှ ပြောလိုက်ပါတယ်။

ဝမ်လင်းကလည်း ခေါင်းကိုညိတ်ပြလိုက်ပြီး...
ပေးဒီးစ်နတ်လက်ချောင်း မဟုတ်တဲ့
တခြားမှော်ကျိန်စာ တစ်ခုကို
ထုတ်ပြလိုက်ပါတယ်။

"ကျွန်တော့်ရဲ့ စွမ်းအားတွေကို ခိုင်မာအောင်
စုစည်းပြီးသွားတော့... ကျွန်တော်က
မှော်ကျိန်စာ အသစ်တစ်ခုကို
တီထွင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဆရာ့ရဲ့
ညွှန်ပြမှုတွေ လိုနေသေးပါတယ် ခင်ဗျ..."

သူက သူ့ရဲ့လက်ဝါးတွေကို စုစည်းလိုက်ပြီး
မှော်ကျိန်စာကို ထုတ်လွှတ်လိုက်တော့…
သူ့မှော်စွမ်းအင်တွေရဲ့
ထိုးတက်လာမှုနဲ့အတူ… အဝါနဲ့ အနက်ရောင်
မျဉ်းကြောင်းတစ်ခုဟာ လေဟာနယ်ထဲမှာ
ပေါ်လာခဲ့ပါတယ်။ နောက်ကျိနေတဲ့
လမ်းကြောင်းတစ်ခုဟာ သူ့ရဲ့ အထဲကနေ
ဖြေးဖြေးချင်းပဲ ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဖုန်းက ဒါတွေကို တွေ့လိုက်ရတော့…
မျက်ခုံးတွေကို ပင့်လိုက်ပြီး လေပေါ်ကို
ပျံတက်သွားခဲ့ပါတယ်။ ပြီးတော့သူဟာ
ဝမ်လင်းက အခုလေးတင် ဖန်ဆင်းထားခဲ့တဲ့

အဝါနဲ့ အနက်ရောင် လမ်းကြောင်းပေါ်ကို ခြေချလိုက်ပါတယ်။

ဒီလမ်းကြောင်းဟာ မဆုံးမရှိဘူးလို့ ထင်နေရတာပါ။ လင်းဖုန်းက သူ့ရဲ့အပေါ်ကို ခြေချလိုက်တာနဲ့ တပြိုင်နက်… သူ့ရဲ့ မြင်ကွင်းထဲမှာ ရှုခင်းတွေနဲ့ အရာအားလုံးဟာ ပျောက်ကွယ်သွားခဲ့ပါတယ်။

သူ့ရဲ့ မျက်စိရှေ့မှာက ဘာမှမရှိတဲ့ လမ်းကြောင်းတစ်ခုပါ။ တစ်ချိန်တည်းမှာပဲ မရေမတွက်နိုင်တဲ့ မှတ်ဉာဏ်တွေဟာ သူ့ရဲ့စိတ်ထဲကို ပြေးဝင်လာကြပြီး…

လင်းဖုန်းရဲ့ စိတ်အာရုံကို ခက်ထန်စွာနဲ့ တိုက်ခိုက်ခဲ့ပါတော့တယ်။။

"ဒါက သံသရာရဲ့ စွမ်းအားလား?" လင်းဖုန်းက သူ့ရဲ့ စိတ်ဝိညာဥ်ကို တည်ငြိမ်အောင် ကြိုးစားခဲ့ရင်း တွေးနေခဲ့ပါတယ်။ သူ့က သူ့ရဲ့အောက်ကို ကြည့်လိုက်တော့… ခြောက်ခြားလှစွာသော ခြောက်ကပ်နေတဲ့ အရိုးစုတွေနဲ့ လက်တွေဟာ… အဝါနဲ့ အနက်ရောင် မြေကြီးထဲကနေ တိုးထွက်လာခဲ့ပြီး သူ့ကို ဒီလမ်းကြောင်းထဲကို ဆွဲချဖို့ ကြိုးစားနေခဲ့တာကို တွေ့လိုက်ရပါတယ်။

ဒီလမ်းကြောင်းရဲ့ အောက်ခြေထဲမှာ နာကျည်းမှု အပြည့်နဲ့ စိတ်ဝိညာဉ်တွေဟာ ရာနဲ့ထောင်နဲ့ ချီပြီးမှ အမြုပ်နှံ ခံထားရ သလိုပါပဲ။ သက်ရှိတစ်ယောက်က ဒီလမ်းကြောင်းကို ခြေချလိုက်ရင်တော့... ဒီဝိညာဉ်တွေဟာ သူ့ကို သူတို့နဲ့ အဖော်လုပ်ဖို့ အောက်ကိုဆွဲချဖို့ ကြိုးစားခဲ့မှာပါ။

လင်းဖုန်းက အနည်းငယ် စဉ်းစား ဆင်ခြင်လိုက်ပြီး ပြောလိုက်ပါတယ်... "မင်းရဲ့ မှော်ကျိန်စာ အသစ်က ရှင်ခြင်းနဲ့

သေခြင်းတို့ရဲ့ အကြားက လမ်းကြောင်းကို ဖန်တီးထားတာလား?"

ဝမ်လင်းဟာ မဟာကောင်းကင် တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို အသုံးပြုပြီးမှ သူ့ရဲ့စွမ်းအားတွေကို စုစည်းညီညွတ် စေခဲ့ပေမဲ့... ဒီတာအို နည်းစနစ်ကို နားလည်အောင် ကြိုးစားနေတုံးမှာ... ငရဲကမ္ဘာ ပုတီးလုံးလေးရဲ့ သဘောတရားတွေကို သူ့ရဲ့အထဲကို ရောနှောပေါင်းစပ် နိုင်ခဲ့တာပါ။

လင်းဖုန်းကတော့ ဒါတွေကို ဂရုမစိုက်ခဲ့ပဲ
သူ့ရဲ့ စိတ်ဝိညာဥ်ကို တည်ငြိမ်အောင်
ကြိုးစားနေခဲ့ရင်း... သံသရာ စွမ်းအားရဲ့
လွှမ်းမိုးမှုကို တွန်းလှန်နေခဲ့ပါတယ်။

သူ့ရဲ့ ခြေကျင်းဝတ်ကို တိုက်ခိုက်ဖို့
ကြိုးစားနေကြတဲ့ အရိုးလက်သည်းတွေဟာ...
သူ့ရဲ့အနားကို မရောက်ခင်မှာပဲ
ကြေမွပျက်စီးကုန်ကြပါတယ်။

လင်းဖုန်း သတိထားမိတာက ဝမ်လင်းအခု
ထုတ်လွှတ်လိုက်တဲ့ မှော်ကျိန်စာရဲ့ အထဲမှာ...

ကြောက်စရာကောင်းတဲ့ အနက်ရောင်
အောင်ရာတစ်ခု ရှိနေခဲ့တာပါ။

ဟုတ်ပါတယ်… အလွန်ကို ကြောက်စရာ
ကောင်းတာပါ။

လင်းဖုန်းက ရွှေရောင် ဗဟိုချက်ကို
ဖန်ဆင်းနိုင်ပြီး… ကြောက်စရာကောင်းတဲ့
အတွေ့အကြုံတွေကို
ကျော်လွှားနိုင်အပြီးမှာ… ဒီကမ္ဘာကြီးမှာ သူ့ကို
ကြောက်အောင်လုပ်နိုင်တဲ့ အရာတွေက
သိပ်မရှိတော့ပါဘူး။ ဒါပေမဲ့လည်း
အခုဝမ်လင်း ထုတ်လွှတ်လိုက်တော့

မှော်စွမ်းအင်တွေကို ခံစားရ အပြီးမှာ…
လင်းဖုန်းဟာ ကြောက်ရွံ့မှုတွေကို
အနည်းငယ် ခံစားခဲ့လိုက်ရပါတယ်။

သူက ဝမ်လင်းကို ကြောက်နေတာ
မဟုတ်ပါဘူး။ သူ့ရဲ့ မျက်စိထဲမှာ ဝမ်လင်းဟာ
အလွန်ကြီးမားတဲ့ စွမ်းအားတွေကို
မပိုင်ဆိုင်ထားပါဘူး။ ဒါပေမဲ့လည်း သူ့ရဲ့
မှော်စွမ်းအင်တွေထဲမှာ… လင်းဖုန်းကိုတောင်
ကြောက်ရွံ့စေနိုင်တဲ့ စွမ်းအား သဘောတရား
တစ်ခုဟာ ပါဝင်နေခဲ့ပါတယ်။

ဒါကတော့ သေမင်းကိုတောင်
ကျော်လွှန်နေတဲ့ စွမ်းအားတစ်ခုပါ။

ကောင်းကင်နဲ့ မြေကြီးတို့ကိုတောင်
ဖျက်ဆီးပစ်နိုင်ပါတယ်!

ဘဝအသစ် တစ်ခုဟာ ဖြစ်ပေါ်လာပြီးရင်…
သဘာဝအရ နောက်ဆုံးမှာ
ပျက်စီးသွားရမှာပါ။ ပျက်စီးမှု ပြီးသွားရင်
ဖန်ဆင်းမှုက ပြန်လာပါတယ်။ ဒီသံသရာကို
ပန်းတိုင်လို့ ခေါ်တာပါ။

ကျင့်ကြံသူ တစ်ယောက်ဟာ သေခြင်းနဲ့
ရှင်ခြင်းတို့ရဲ့ ဝင်ပေါက်ကို
ကျော်လွှားသွားနိုင်ပြီး… လူသားတို့ရဲ့
သက်တမ်းကို ကျော်လွန်နိုင်ပြီး အင်မော်တယ်
ဘဝကို ရောက်နိုင်ပါတယ်။

ဒါပေမဲ့လည်း ကောင်းကင်နဲ့ မြေကြီးတို့ရဲ့
ပျက်စီးမှုနဲ့ ကြုံတွေ့ရမယ် ဆိုရင်တော့…
သူတို့ကလည်း သေခြင်းတရားကနေ
လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး။

လူတစ်ယောက်ဟာ ဒုက္ခခံရရင်… သူ့ရဲ့ မိသားစု တစ်ခုလုံးကလည်း ကျန်နေမှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့ပဲ သေခြင်းနဲ့ ရှင်ခြင်းတို့ကို ကျော်လွှားပြီးသွားတော့… လင်းဖုန်းကို ကြောက်ရွံ့စေနိုင်တဲ့ တစ်ခုတည်းသော အရာဟာ… ကမ္ဘာကြီးထဲက အရာအားလုံးကို ဖျက်စီးနိုင်တဲ့ သဘာဝနဲ့ ပန်းတိုင်တို့ပဲ ဖြစ်ပါတယ်။

ဝမ်လင်းအနေနဲ့ကတော့ သူက သူ့ရဲ့ စွမ်းအားတွေကို ညီညွတ်အောင်

စုစည်းပြီးတာနဲ့… သူဟာ သူ့ရဲ့ စွမ်းအား တစ်စိတ်တစ်ဒေသမှာ ကောင်းကင်နဲ့ မြေကြီးတို့ကို ဖျက်စီးနိုင်တဲ့ စွမ်းအား သဘောတရားတွေ ရှိနေတယ် ဆိုတာကို သဘောပေါက်လိုက်ပါတယ်။

"မင်းရဲ့ သဘောပေါက် နားလည်နိုင်စွမ်းက အရမ်းကို အံ့သြဖွယ် ကောင်းတာပဲ… မင်းက ရွှေရောင် ဗဟိုချက်ကို ဖွဲ့စည်းပြီးသွားရင်… ဘယ်လိုများ စွမ်းဆောင်နိုင်မလည်း ဆိုတာကို ကြည့်ချင်သေးတယ်ကွာ…" လင်းဖုန်းက သက်ပြင်းတစ်ချက် ချလိုက်ပါတယ်…

"ဒီလိုမျိုး သဘောပေါက် နားလည်နိုင်စွမ်းက တအားကြမ်းလွန်းပါတယ်..."

အစပထမတုံးက ရှောင်ပုတန်လေးဟာ မိုးကြိုးမုန်တိုင်း ခေတ်နှစ်ပါးကို နားလည်ခဲ့ကတည်းက... လင်းဖုန်းဟာ ဒါက မရိုးစင်းဘူးလို့ ခံစားနေရတာပါ။

ဒါပေမဲ့ အခုဝမ်လင်းရဲ့ ကောင်းကင်နဲ့ မြေကြီးကို ဖျက်စီးနိုင်တဲ့ စွမ်းအားတွေကို သဘောပေါက်မှုဟာ... ပိုပြီးတော့ အဆင့်မြင့်နေခဲ့တော့... သူ့ကို ပဟေဋ္ဌိတွေ ဖြစ်စေခဲ့ပါတယ်။

သေခြင်းနဲ့ ရှင်ခြင်းတို့ဟာ အရာအားလုံးရဲ့
အခြေခံဖြစ်ပြီး... ခေတ်ကြီးနှစ်ပါး
ဖန်ဆင်းခြင်း အထဲမှာလည်း
စွမ်းအားအကြီးဆုံး ဖြစ်ပါတယ်။
မိုးကြိုးမုန်တိုင်းရယ်.. အလင်းနဲ့အမှောင်
တို့ထက်တောင် ပိုပြီးမှ မြင့်မားပါတယ်။

ဝမ်လင်းဟာ အခုမှ အခြေခံအုတ်မြစ်
အဆင့်ကို ရောက်ခဲ့တာဖြစ်ပြီး...
'ဖျက်ဆီးခြင်း'ရဲ့ အစွန်းတစ်ဘက်ကိုတောင်
ဆုပ်ကိုင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့်
လင်းဖုန်းဟာ အဆက်မပြတ်ပဲ

သက်ပြင်းတွေကိုသာ
ချနေခဲ့ပါတယ်..."မင်းတို့လိုမျိုး
တိရစ္ဆာန်လေးတွေရဲ့ အနောက်ကို
လိုက်နေရတာက ပျော်စရာတွေ
အားလပ်ချိန်တွေ မရှိတော့ပဲ.. မင်းတို့က
ပေးနေတဲ့ ဖိအားတွေက အမတန်မှ
ကြီးမားတာပဲ။ ငါကလည်း အတော်ကြီး
ကြိုးစားမှ ဖြစ်လိမ့်မယ်... နို့မဟုတ်ရင်တော့
ကပ်ဆိုးဘေးဆိုး ကြီးတွေနဲ့
ကြုံတွေ့ရမှာပဲ..."

ကပ်ဆိုးကြီးတွေက မလာပဲ နေပါ့မလား?
ဝမ်လင်းကို ကြည့်ရတာ... ဘေးဒုက္ခတွေနဲ့

အဆက်မပြတ် ကြုံတွေ့ရပြီး သူဟာ တစ်ယောက်တည်း ဖြစ်နေမှာပါပဲ။ သူဟာ တကယ်ကိုပဲ ကျိန်စာသင့် အထီးကျန် ကြယ်တစ်စင်းပဲ ဖြစ်တာပါ။

ကျိန်စာသင့် အထီးကျန် ကြယ်ဆိုတာက ဘာလည်း?

ရိုးရိုးရှင်းရှင်း ပြောရရင်... အရပ်စကားနဲ့ သူ့ကို ဂြိုလ်ဆိုး ဗွေဆိုးလို့ ခေါ်ပါတယ်။ သူဟာ ပြဿနာ ကြီးကြီးမားမားတွေနဲ့ ကြုံတွေ့ရရင်တောင်... သူ့ကိုယ်သူ ကျိန်စာတွေ အားလုံးကို ဖြေရှင်းနိုင်မှာပါ။

ဒါပေမဲ့လည်း သူ့ဘေးနားက
လူတွေအားလုံးဟာလည်း ဂြိုလ်ဆိုးတွေ
ဖြစ်သွားကြမှာပါ။

ဒါက မုန်တိုင်းတစ်ခုနဲ့ တူပါတယ်။ လေပြင်းရဲ့
အလယ်ဗဟိုဟာ
ငြိမ်သက်အေးဆေးနိုင်ပေမဲ့… သူ့ရဲ့
ဘေးပတ်ပတ်လည်ဟာ
ကြေမွပျက်စီးသွားနိုင်ပြီး…
အနီးကလူတွေဟာ
သေချင်သေသွားနိုင်ပါတယ်။

လင်းဖုန်းဟာ ဝမ်လင်းကို တပည့်အဖြစ် လက်ခံပြီးသား ဖြစ်နေတော့… သူ့ကို ပစ်ပယ်ထားလို့ မရပါဘူး။ သူဟာ ဝမ်လင်းရဲ့ ကိုယ်ကျင့်စရိုက်နဲ့ ပြုမူနေထိုင်ပုံတွေကို မပြောင်းလဲဖို့လည်း ဆုံးဖြတ်ထားပါတယ်။

သူ့ရဲ့ ကိုယ်ကျင့်စရိုက်နဲ့ ပုံစံတွေကို ပြောင်းလဲလိုက်ရင်… ဝမ်လင်းဟာ ဝမ်လင်းဖြစ်တော့မှာ မဟုတ်ပါဘူး။ အနာဂတ်မှာ သူက ရရှိမယ်လို့ မျှော်လင့်ထားတဲ့ အောင်မြင်မှုတွေကလည်း… ရရှိချင်မှ ရရှိတော့မှာပါ။

သူက ဝမ်လင်းကို မပြောင်းလဲဖို့
ဆုံးဖြတ်လိုက်ပြီးတော့...
လင်းဖုန်းလုပ်ရမှာက သူ့ရဲ့ ခန္ဓာကိုယ်ကို
အားကောင်းအောင် ပြုလုပ်ရမှာပါ။
ဝမ်လင်းဟာ ကပ်ဆိုးတွေကို
ခေါ်ဆောင်လာတဲ့ အခါမှာ... သူဟာ
ဒီဘေးဒုက္ခတွေကို ကျော်လွှားနိုင်ဖို့ ကြိုတင်
ပြင်ဆင်ထားရမှာပါ။

တစ်ချိန်တည်းမှာပဲ လင်းဖုန်းဟာ နှလုံးသား
ကင်းမဲ့စွာနဲ့ တွေးနေခဲ့ပါတယ်...
"ဒါပေမဲ့လည်း ဝမ်လင်းရဲ့ဘေးမှာ
ကံကောင်းတဲ့ ကောင်လေးတွေကလည်း

ရှိနေသေးတာပဲ… ကောင်းကင်ဘုံက မစခြင်းကို ခံထားရတဲ့ သူတွေဆိုတော့… အနည်းဆုံးတော့ သူတို့ဟာ ဝမ်လင်းရဲ့ ကပ်ဆိုးတွေကို ခုခံနိုင်စွမ်း ရှိမှာပဲ… ဟုတ်တယ်မို့လား?"

သူ့ရဲ့ စိတ်ထဲမှာ မရေမရာ အတွေးတွေနဲ့ ပြည့်နေဆဲမှာ… လင်းဖုန်းဟာ သူ့ရဲ့ မှော်စွမ်းအင်တွေကို ထုတ်လွှတ်လိုက်ပြီး ငရဲကမ္ဘာ လမ်းပေါ်ကနေ လွယ်ကူစွာနဲ့ ပြန်ထွက်လိုက်ပါတယ်။ သူက ဝမ်လင်းကို ခေါင်းညိတ်ပြလိုက်ပြီး… "တကယ်ကို

မဆိုးဘူး… ဒါပေမဲ့လည်း ထပ်ပြီးတော့
တိုးတက်နိုင်ဖို့ လုပ်ရဦးမယ်…"

"တခြား စကားလုံးတွေနဲ့ ပြောရရင်…
မင်းဟာ ဖျက်စီးခြင်းရဲ့ လမ်းစဥ်ကို ပိုပြီးတော့
နက်ရှိုင်းစွာနဲ့ နားလည် သဘောပေါက်အောင်
ကြိုးစားရဦးမယ်။ ပြီးတော့ မင်းက
နောက်ထပ် အဆင့်မတက်ခင်မှာ…
သက်ရှိတွေရဲ့ ဖန်ဆင်းခြင်း လမ်းစဥ်ကို
နားလည်အောင်လည်း ကြိုးစားလေ့ကျင့်
ရဦးမယ်…"

လင်းဖုန်းက လေးနက်တဲ့ လေသံနဲ့...
"နို့မဟုတ်လို့ရှိရင်... ဖျက်ဆီးခြင်း
စွမ်းအားတွေဟာ မင်းကို အနိုင်ယူလို့
မရအောင် စွမ်းအားကြီးစေနိုင်ပေမဲ့...
တူညီတဲ့ ဖန်ဆင်းခြင်း စွမ်းအားတွေသာ
မရှိခဲ့ရင်... မင်းရဲ့ အနာဂတ်
လမ်းကြောင်းဟာ တဖြေးဖြေး
ကျဉ်းမြောင်းလာမှာ ဖြစ်ပြီး... နောက်ဆုံးမှာ
လမ်းပိတ်သွားလိမ့်မယ်..."

"ဖျက်ဆီးခြင်း စွမ်းအား သက်သက်နဲ့သာ
ဆိုရင်... မင်းရဲ့ ကိုယ်ပိုင်
အသက်စွမ်းအင်ကိုတောင်

ဖယ်ရှားပစ်လိမ့်မယ်။ အဲ့ဒီအဆင့်ကို
ရောက်သွားခဲ့မယ်ဆိုရင်... အရမ်းကို
နောက်ကျသွားပြီပဲ။ မင်းရဲ့ ကျင့်ကြံမှု
အဆင့်တွေဟာ မတက်နိုင်တော့တဲ့ အပြင်...
မင်းရဲ့ အသက်ကိုပါ ဆုံးရှုံးသွားနိုင်တယ်။

ဝမ်လင်းရဲ့ အမူအရာတွေကလည်း
တည်ကြည်လေးနက်နေခဲ့ပြီး...
ခေါင်းညိတ်ပြီးမှ ပြောလိုက်ပါတယ်....
"ကျွန်တော်က ဆရာရဲ့ အဆုံးအမတွေကို
သေချာမှတ်ထားပါ့မယ်..."

သူဟာ သူ့ရဲ့ခေါင်းကို အောက်ငုံ့လိုက်ပြီး
အချိန်ခဏကြာအောင် စဉ်းစားနေခဲ့ပါတယ်...
ပြီးတော့မှ ပြောလိုက်ပါတယ်...
"ကျေးဇူးပြုပြီးမှ တစ်ချက်ကြည့်ပါဦး...
ဆရာသခင်..."

ဝမ်လင်းဟာ သူ့ရဲ့လက်ကို မြှောက်လိုက်ပြီး
လေဟာနယ်ထဲကို ညွှန်ပြလိုက်တော့...
နောက်ထပ် အဝါနဲ့ အနက်ရောင်
သေမင်းလမ်းမ တစ်ခုဟာ ပေါ်လာခဲ့ပါတယ်။
လင်းဖုန်းက အဲ့ဒီနေရာကို
သေချာကြည့်လိုက်တော့... အဲ့ဒီ
သေမင်းလမ်းမဟာ

ထူးခြားဆန်းကြယ်လှပေမဲ့… သူ့ဆီမှာ လူတွေကို ထိတ်လန့်ကြောက်ရွံ့စေခဲ့တဲ့ ဖျက်ဆီးခြင်း စွမ်းအားတွေဟာ မရှိနေဘူး ဆိုတာကို တွေ့လိုက်ရပါတယ်။

လင်းဖုန်းက ရယ်လိုက်ပြီး…
"အရမ်းကောင်းတယ်… မင်းက မင်းရဲ့ စွမ်းအားတွေကို အခုဆိုရင် ကောင်းကောင်းထိန်းချုပ် နေနိုင်ပြီပဲ.."

ဝမ်လင်းကလည်း ပြုံးလိုက်ပြီး…
"ကျွန်တော်က ဒီစွမ်းအားကို ဖျက်ဆီးခြင်း သေမင်းလို့ နာမယ်ပေးလိုက်မယ်ဗျ။

ကျွန်တော်က ဒီစွမ်းအားကို လွယ်လွယ်နဲ့ သုံးမှာတော့ မဟုတ်ဘူး။ အရမ်းကို အစွမ်းထက်တဲ့ ပြိုင်ဘက်နဲ့ တွေ့မှာသာ... ဒီဖျက်ဆီးခြင်း စွမ်းအားကို မှော်စွမ်းအင်တွေရဲ့ အထဲကို ထည့်သွင်းလိုက်ပြီး... ရန်သူကို သတ်ဖြတ်မှာပဲ ဖြစ်ပါတယ်..."

လင်းဖုန်းကလည်း သူ့ရဲ့ခေါင်းကို ညိတ်လိုက်ပြီး... "ဒါဆိုရင်တော့ အကောင်းဆုံးပေါ့ကွာ... ဒါက မင်းရဲ့ ဆုံးဖြတ်နိုင်စွမ်းကို စစ်ဆေးမှု တစ်ရပ်လည်း ဖြစ်သွားမှာပဲ။ ဘာဖြစ်လို့လည်း ဆိုတော့... မင်းရဲ့ ပြိုင်ဘက်တွေဟာ မင်းကို ဒီလိုမျိုး

စွမ်းအားကြီးတဲ့ တိုက်ခိုက်မှုကို
လွယ်လွယ်ကူကူနဲ့ ခွင့်ပြုမှာ မဟုတ်လို့ပဲ..."

ဝမ်လင်းကလည်း ခေါင်းကိုညိတ်လိုက်ပြီး...
"ဟုတ်... ဆရာ့ရဲ့ အဆုံးအမတွေကို
သေချာမှတ်ထားပါ့မယ် ခင်ဗျ..."

"မင်းရဲ့ ဖန်ဆင်းခြင်း စွမ်းအား
သဘောတရားတွေ အနေနဲ့ကတော့..."
လင်းဖုန်းက သူ့ရဲ့လက်ကို မြှောက်လိုက်ပြီး
ညွှန်ပြလိုက်ပါတယ်။ ကောင်းကင်ကို
လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်

အမြောက်အမြားဟာ... ဝမ်လင်းရဲ့
ခန္ဓာကိုယ်ထဲကို တိုးဝင်သွားကြပါတယ်။

"မင်းရဲ့ နှလုံးသားကို အသုံးချပြီးတော့
ဒီအထဲက ဆန်းကြယ်မှုတွေကို
လေ့လာရမယ်။ ဒီကောင်းကင်ကို
လှည့်ပတ်နေသော ခရမ်းရောင်
တိမ်တိုက်တွေဟာ...
ကောင်းကင်တိမ်တိုက်တွေ အားလုံးရဲ့ မိခင်လို့
ခေါ်ပြီး... သူ့ဆီမှာ အရာအားလုံးကို
ဖန်ဆင်းနိုင်တဲ့ အဆုံးမဲ့ စွမ်းအားလည်း
ရှိတယ်..."

"ပြီးတော့ မင်းရဲ့ ဖျက်ဆီးခြင်းသေမင်း မှော်ကျိန်စာဟာ ကောင်းမွန်ပြီး... ထပ်ပြီးတိုးတက်ဖို့ အလားအလာတွေ အများကြီး ရှိသေးတယ်..." လင်းဖုန်းက ဆက်ပြောလိုက်ပါတယ်... "ငရဲကမ္ဘာ ပုတီးလုံးလေးရဲ့ အမြုတေဟာ ငရဲကမ္ဘာ အကြွင်းမဲ့ရေရဲ့ အထဲမှာ ရှိနေတာပဲ..."

ဝမ်လင်းဟာ လင်းဖုန်းရဲ့ အကြံပေးမှုတွေကို နားထောင်နေရင်း... ခေါင်းကို တစ်ဆတ်ဆတ်နဲ့ ညိတ်နေခဲ့ပါတယ်။

ဒီအချိန်မှာပဲ လင်းဖုန်းက ယုကျင်းတောင်ရဲ့ တောင်ခြေနဲ့ ခွန်းလွန်တောင်က လင်းယွင်တောင်ထိပ်ဟာ... အကျွမ်းတဝင် ဖြစ်နေတဲ့ စွမ်းအား လှုပ်ရှားမှု တစ်ခုနဲ့ တွေ့ကြုံခဲ့လိုက်တာကို သတိထားမိခဲ့ပါတယ်။

"ဒီခံစားချက်က အရမ်းကို တရင်းတနှီး ရှိတာပဲ... ဘယ်မှာများ ကြုံတွေ့ခဲ့ဖူးပါလိမ့်?" လင်းဖုန်းက ရုတ်တရက်ပဲ မှတ်မိလိုက်ပါတယ်... "ဟုတ်ပြီ... ဒါက မဟာလမင်း အကြွင်းမဲ့ရေပဲကွ..."

ဘာဖြစ်လို့များ ဒါက လင်းယွင်တောင်ထိပ်မှာ ရုတ်တရက် ပေါ်လာရတာလည်း?"

လင်းဖုန်းက ဒါက ထူးခြားတယ်လို့ ခံစားလိုက်ရပါတယ်။ သူဟာ လေဟာနယ်ကို ဖြတ်သန်းပြီး... သူ့ရဲ့ အသိစိတ်နဲ့ လင်းယွင်တောင်ထိပ်ကို အာရုံခံလိုက်ပါတယ်။ အဖြူရောင်ကို ဝတ်ဆင်ထားပြီး ပျာယာခတ်နေတဲ့ လူငယ်တစ်ယောက်ဟာ... အစိမ်းရောင်ကို ဝတ်ဆင်ထားကြတဲ့ လူတွေရဲ့ လိုက်လံဖမ်းဆီးခြင်းကို ခံနေရတာကို တွေ့လိုက်ရပါတယ်။

"ဒါက တကယ်ကို သူပဲကွ..." လင်းဖုန်းရဲ့ မျက်မှောင်တွေဟာ အတန်ငယ် ကြုတ်သွားခဲ့ပါတယ်။ ဒီလူငယ်ဟာ အရင်တုံးက သူနဲ့ ကံကြုံပြီး ဆုံတွေ့ခဲ့ရတဲ့... ယန်ချင်ပဲ ဖြစ်တာပါ။

ယန်ချင်ဟာ ခွန်းလွန်တောင်ရဲ့ မြောက်ဘက်တောင်ခြေက တိမ်တိုက်ရေပြင်ဂူရဲ့ တပည့်တစ်ယောက်ပဲ ဖြစ်တာပါ။ လင်းဖုန်းဟာ အစပထမတုံးက ယုကျင်းတောင်ကို ရှာဖို့ ခွန်းလွန်တောင်ကို ရောက်လာခဲ့တုံးက... မီးလျှံကျီးကန်း တွေကို

နှိန်နှင်းရင်း မဟာလမင်း အကြွင်းမဲ့ရေနဲ့အတူ သူ့ကို သိရှိခဲ့ရတာပဲ ဖြစ်ပါတယ်။

အဲ့ဒီအချိန်တုံးက လေနတ်ဘုရားဂိုဏ်းက တပည့်တစ်ယောက်ဖြစ်တဲ့ ကောင်းဖန်ဟာ... သူ့နဲ့အတူ ရှိနေကြတဲ့ သူတွေရဲ့ အသက်စွမ်းအင်တွေကို စုပ်ယူဖို့ ကြိုးစားခဲ့တာပါ။ သူဟာ ယုတ်ညံ့တဲ့ မှော်ကျိန်စာ တစ်မျိုးဖြစ်တဲ့... ပြည်သူလူထုတို့၏ မဟာမီးဖို နည်းစနစ်ကို အသုံးပြုပြီးမှ မဟာလမင်း အကြွင်းမဲ့ရေကို သန့်စင်ဖို့ ကြိုးစားနေခဲ့ပေမဲ့... လင်းဖုန်းရဲ့ ဖျက်ဆီးခြင်းကို ခံခဲ့ရတာပဲ ဖြစ်ပါတယ်။

မဟာလမင်း အကြွင်းမဲ့ရေဟာလည်း ဘယ်ရောက်သွားမှန်း မသိခဲ့ပဲ… သူဟာ အဲ့ဒီနေရာက တစ်ယောက်ယောက်ရဲ့ ခန္ဓာကိုယ်ထဲကို ရောက်ရှိသွားတယ်လို့ ယူဆခဲ့တာပဲ ဖြစ်ပါတယ်။

အဲ့ဒီ ကံကောင်းတဲ့သူဟာ ယန်ချင် ဖြစ်နေလိမ့်မယ်လို့တော့ သူက မတွေးထားခဲ့ပါဘူး။

သူ့ကို မတွေ့ရတဲ့ အချိန် အတောအတွင်းမှာ… ယန်ချင်ဟာ

နောက်ဆုံးတော့ အခြေခံအုတ်မြစ် အဆင့်ကို ရောက်ရှိသွားခဲ့ပါပြီ။

ဒါပေမဲ့လည်း သနားစရာ ကောင်းတာက… သူ့ရဲ့ ပြိုင်ဘက်တွေဟာ သူ့ထက် အဆင့်ပိုမြင့် နေကြတာပါ။ ခေါင်းဆောင်ဟာ ရွှေရောင်ဗဟိုချက် အဆင့်ကိုတောင် ရောက်နေခဲ့ပါတယ်။ သူတို့ကသာ ယန်ချင်ကို အရှင်ဖမ်းမိဖို့ မကြိုးစားနေကြဘူး ဆိုရင်တော့… ယန်ချင်ဟာ အစောကြီး ကတည်းက ရှုံးနိမ့်သွားလောက်ပါပြီ။

လင်းဖုန်းရဲ့ မျက်လုံးအစုံဟာ
တောက်ပသွားခဲ့ပြီး...
"လေနတ်ဘုရားဂိုဏ်းလား?"

အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားကြတဲ့
လူစုရဲ့ မှော်စွမ်းအင်တွေဟာ...
လေနတ်ဘုရားဂိုဏ်းက ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့လေပြင်းကို လေ့ကျင့်ထားကြတာပဲ
ဖြစ်ပါတယ်။ သူတို့ အသုံးပြုနေကြတဲ့
မှော်ကျိန်စာတွေကလည်း...
လေနတ်ဘုရားဂိုဏ်းရဲ့ လေဆင်နှာမောင်း
ဖြတ်တောက်ခြင်းနဲ့ ခရုပတ် မြေပြင်

လေဆင်နှာမောင်း မှော်ကျိန်စာတွေပဲ ဖြစ်ကြတာပါ။

ယန်ချင်ကတော့ အရင်က အတိုင်းပါပဲ။ သူ့ရဲ့ တိုက်ခိုက်မှု စွမ်းအားတွေဟာ သာမန်သာ ဖြစ်ပြီး… သူဟာ ရန်သူအုပ်စုရဲ့ အသာစီးယူခြင်းကို ခံနေရပါတယ်။

သူ့အတွက် ကံကောင်းတာက… ယန်ချင်က ရှုံးနိမ့်သွားခါနီးမှာ သူ့ရဲ့ လက်ညှိုးဟာ ဓားတစ်ချောင်းလိုမျိုး ဖြောင့်တန်းလာခဲ့ပြီး အရှေ့ကို ဆန့်ထုတ်လိုက်တော့… အထဲကနေ

ကျောက်စိမ်းရောင် ရေတစ်တန်းဟာ
ထိုးထွက်လာခဲ့တာပါ။

ဒီကျောက်စိမ်းရောင် ရေဟာ မဟာလမင်း
အကြွင်းမဲ့ရေပဲ ဖြစ်ပါတော့တယ်။

သူဟာ လင်းယွင်တောင်ထိပ်က
မြစ်ရေအတွင်းကို ကျရောက်သွားခဲ့တော့..
ဒီမြစ်ရေတွေဟာ အစိမ်းရောင်
ပြောင်းသွားခဲ့ပါတယ်။

ပြီးတာနဲ့ ဒီအစိမ်းရောင် မြစ်ရေတွေဟာ
ယန်ချင်ရဲ့ ထိန်းချုပ်မှုအောက်ကို

ရောက်သွားခဲ့ပြီး... သူ့ရဲ့ ရန်သူတွေကို ခုခံကာကွယ်ပေးခဲ့ပါတယ်။

ဒီမြစ်ရေရဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေဟာ အလွန်ကိုမှ စွမ်းအားကြီးလှပါတယ်။ အဓိက သေ့ချက်ဟာ အကြွင်းမဲ့ရေရဲ့ ခမ်းနားထည်ဝါမှု အပေါ်မှာ မူတည်နေတာပါ... သူဟာ ပြိုင်ဘက်ရဲ့ အကွက်တွေကို လွယ်ကူစွာနဲ့ ခုခံနိုင်ခဲ့ပြီး... လေနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူတွေကို နှောက်ဆုတ်စေခဲ့ပါတယ်။

ဒီမြင်ကွင်းကို မြင်လိုက်ရတော့ လင်းဖုန်းဟာ သက်ပြင်းတစ်ချက် ချလိုက်ပြီး...
"မဟာလမင်း အကြွင်းမဲ့ရေဟာ ရေအားလုံးရဲ့ အုပ်ချုပ်သူလို့ ပြောကြတာပဲ။ ဒါက အလကားသက်သက် ပြောတာတော့ မဖြစ်နိုင်ဘူး... ဘာဖြစ်လို့လည်း ဆိုတော့ ယန်ချင်ဟာ သူ့ရဲ့ စွမ်းအားတွေကို ဒီရေနဲ့ ပေါင်းစည်းနိုင်ပြီး... ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကိုတောင် ရှုံးနိမ့်စေတာပဲ..."

"တကယ်လို့များ အနီးအနားမှာ ရေအိုင်ကြီး.. ဒါမှမဟုတ် မြစ်ကြီးတစ်စင်းသာ

ရှိခဲ့ရင်တော့… သူ့ရဲ့ စွမ်းအားတွေက ပိုပြီးတော့ ကြီးမားလာမှာပဲ။ ပင်လယ်သာ ဖြစ်ခဲ့မယ် ဆိုရင်တော့… သူ့ရဲ့ စွမ်းအားတွေဟာ ဖော်ပြလို့တောင် ရတော့မှာ မဟုတ်ဘူး…"

ဒါပေမဲ့လည်း ယန်ချင်ဟာ ပြင်းထန်စွာ တိုက်ခိုက်နေခဲ့တာ အချိန်အကြာကြီး ရှိခဲ့ပြီမို့… သူ့ရဲ့ မှော်စွမ်းအင်တွေကလည်း ကုန်ခန်းလုနီးပါး ဖြစ်နေခဲ့ပါပြီ။ မဟာလမင်း အကြွင်းမဲ့ရေတောင်မှာပဲ… သူ့ကို အချိန်အကြာကြီး အဆက်မပြတ် အသုံးပြုလို့ မရနိုင်ပါဘူး။

လင်းဖုန်းက သူ့ရဲ့ ခေါင်းကို အနည်းငယ် ခါလိုက်ပြီး... "လူတွေအများကြီး ရှိတဲ့အထဲမှာ... မင်းတစ်ယောက်ပဲ မဟာလမင်း အကြွင်းမဲ့ရေကို ရခဲ့တယ်။ မင်းရဲ့ ကံကလည်း သိပ်မဆိုးလှပါဘူး... မင်းရဲ့ မှော်စွမ်းအင်တွေက ကုန်ခမ်းခဲ့တာတောင်မှပဲ ငါတို့နဲ့ လာတွေ့ခဲ့တယ်။ လူငယ်လေး... ကြည့်ရတာတော့ မင်းရဲ့ ကံကောင်းမှုတွေက မကုန်သေးဘူးထင်တယ်..."

သူက ဝမ်လင်းဘက်ကို ခေါင်းလှည့်ပြီး ပြောလိုက်ပါတယ်... "ကဲ... မင်းရဲ့

ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းနဲ့…
မှော်ကျိန်စာတွေကို လက်တွေ့သွားပြီး
လေ့ကျင့်ဖို့ ပြင်ဆင်လိုက်ပေတော့…"

သူက ဒီစကားကို ကြားလိုက်တာနဲ့…
ဝမ်လင်းရဲ့ မျက်လုံးအစုံဟာ
တောက်ပလာခဲ့ပါတယ်။

စာစဉ် ၁၂ : အပိုင်း ၂

အပိုင်း ၂၇၂ : တပည့်ကသာ ဒီလိုဆိုရင်…
ဆရာက ဘယ်လိုများလည်း?"

ယန်ချင်ကတော့ သူ့ရဲ့ ခေါင်းစကနေ ခြေဆုံးအထိ တစ်ကိုယ်လုံးဟာ… အလွန်အမင်းကို အေးစိမ့်နေတယ်လို့ ခံစားနေရပါတယ်။ သူဟာ ရေခဲဂူ တစ်ခုရဲ့ အထဲကို ပြုတ်ကျသွားခဲ့ သလိုပါပဲ။ သူဟာ ထိန်းမနိုင် သိမ်းမရပဲ တုန်ခါနေခဲ့ပါတယ်။

ဒါပေမဲ့လည်း သူဟာ အခု သူခံစားနေရတဲ့ အေးစိမ့်မှုတွေဟာ… သူပုံမှန် ခံစားနေရတဲ့ အအေးဓာတ်တွေနဲ့ မတူဘူးလို့… ရင်ထဲကနေ သိနေခဲ့ပါတယ်။

ဒါကတော့ သူ့ရဲ့ စိတ်ဝိညာဉ်ထဲက အအေးဓာတ်ဖြစ်ပြီး... အပြင်က အပူချိန် ပြောင်းလဲမှုတွေနဲ့ မသက်ဆိုင်ပါဘူး။ သူ့ရဲ့ စိတ်ဝိညာဉ်ဟာ မတည်မငြိမ် ဖြစ်နေခဲ့ပြီး... အချိန်မရွေး ပြိုကွဲသွားနိုင်ခဲ့ကာ ဒါက ဒီအအေးဓာတ်ကို ဖြစ်ပေါ်စေခဲ့တာပါ။

"ဒါဟာ ငါက မှော်စွမ်းအင်တွေကို အလွန်အကျွံ အသုံးချလိုက်လို့... ငါ့ရဲ့ စိတ်ဝိညာဉ်က ထိခိုက်သွားခဲ့တာလား?" ယန်ချင်ဟာ သူ့ရဲ့ အသိစိတ်ဟာ တဖြေးဖြေးနဲ့ ဝေဝါးလာခဲ့တာကို ခံစားနေခဲ့ရပါတယ်။ ဒီအချိန်အထိ

တောင့်ခံထားနိုင်တာဟာ... သူ့ရဲ့ နှလုံးသားထဲက အသက်တစ်ချက် ကြောင့်သာပဲ ဖြစ်ပါတယ်။

လေနတ်ဘုရားဂိုဏ်းရဲ့ ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ တစ်ယောက်ဖြစ်တဲ့ မာရှီဟာ... အဝေးကနေ ရပ်နေခဲ့ပြီး တုန်တုန်ရီရီ ဖြစ်နေတဲ့ ယန်ချင်ကို ကြည့်ကာ ရယ်မောနေခဲ့ပါတယ်။

"အစကတော့ ငါကမင်းကို အံ့ဖွယ်ကောင်းကင်ဘုံ ဂိုဏ်းခေါင်းဆောင်ရဲ့ သတင်းကို စစ်ဆေးမေးမြန်းမလို့ပဲ။ မင်းရဲ့

ခန္ဓာကိုယ်မှာ အကြွင်းမဲ့ရေ ခြောက်ပါးထဲမှာ အစွမ်းအထက်ဆုံး ဖြစ်တဲ့… မဟာလမင်း အကြွင်းမဲ့ရေ ရှိနေမှန်း မသိခဲ့ဘူး…" မာကျိုက ရယ်လိုက်ပြီး… "ဒီလိုမျိုး ပစ္စည်းဟာ မင်းရဲ့ လက်ထဲကို ကျရောက်သွားခဲ့တာက… သူ့ရဲ့စွမ်းအားတွေကို အလွဲသုံးစား လုပ်သလိုမျိုး ဖြစ်နေမှာပေါ့။ ငါ့ကိုသာ လက်ဆင့်ကမ်းပေးလိုက်ပါတော့ကွာ!"

သူ့ဂိုဏ်းသားတွေရဲ့ အနောက်မှာသာ နေနေခဲ့တဲ့ မာကျိုဟာ… ချက်ချင်း ဆိုသလိုပဲ သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်ကာ

ယန်ချင်ဆီကို လေမုန်တိုင်းအလား
ခုန်အုပ်လိုက်ပါတော့တယ်။

ယန်ချင်ကလည်း သူ့ရဲ့အံကို ကြိတ်လိုက်ပြီး…
မဟာလမင်း အကြွင်းမဲ့ရေကို
ထိန်းချုပ်လိုက်ပါတယ်။ ရေကို အသုံးပြုပြီး
လေကို ခုခံလိုက်တာပါ… သူဟာ
ရေအမြောက်အမြားကို အသုံးပြုလိုက်ပြီး
သူ့ရဲ့ အရှေ့မှာ အကာအကွယ် တစ်ခုအဖြစ်…
ရေနံရုံကြီး တစ်ခုကို ဖန်ဆင်းလိုက်ပါတယ်။

လေဆင်နှာမောင်းဟာ ရေနံရုံကြီးကို
တိုက်မိပြီး… သူ့ကို တုန်ခါစေခဲ့ပါတယ်။

ဒါပေမဲ့လည်း သူဟာ ခေါင်းမာစွာနဲ့
ဒီလေဆင်နှာမောင်းရဲ့ တိုက်ခိုက်မှုကို
ကာကွယ်နိုင်ခဲ့တာပါ။

မာကျိုကလည်း ရယ်လိုက်ပြီး မှော်ကျိန်စာ
တစ်ခုကို ဖန်ဆင်းလိုက်ပါတယ်…
ပုံရိပ်သဏ္ဌာန် ကင်းမဲ့နေတဲ့
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းဟာ
ထွက်ပေါ်လာခဲ့ပြီး… ရေနရံကြီးကို
တခဏလေး အတွင်းမှာပဲ
ဖျက်ဆီးလိုက်ပါတယ်။

ဒီအချိန်မှာတော့ ယန်ချင်ဟာ
ကြယ်တွေလတွေ မြင်နေခဲ့ပြီ ဖြစ်ပေမဲ့...
သူဟာ အားတင်းထားဆဲပါ။ သူက သူ့ကိုယ်သူ
တီးတိုးရေရွတ်နေခဲ့ပြီး... သူ့ရဲ့
လက်ဝါးတွေကို စုစည်းထားခဲ့ပါတယ်။
ကျောက်စိမ်းရောင် မဟာလမင်း အကြွင်းမဲ့ရေ
အမြောက်အမြားဟာ ထွက်ပေါ်လာခဲ့ပြီး...
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို
ခုခံလိုက်ပါတယ်။

အလွန်ထက်မြက်လှတဲ့ ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့မုန်တိုင်းဟာ... အစိမ်းရောင်
ရေစီးကြောင်းကို တစ်စစီ

ခြေမွပစ်လိုက်ပါတယ်။ ဒီအစိမ်းရောင် ရေစီးကြောင်းဟာ ကွဲပြန့်သွားခဲ့ပေမဲ့… သူဟာ မြေကြီးပေါ်ကို မကျရောက်သွားခဲ့ပါဘူး။ မျက်စိတစ်မှိတ်လေး အတွင်းမှာ ဒီရေစီးကြောင်းဟာ နောက်ထပ် ပုံစံတစ်မျိုး အဖြစ်ကို ပြောင်းသွားခဲ့ပြီး… ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို ဆက်ပြီးတော့မှ တိုက်ခိုက်နေခဲ့ပါတယ်။

မာကျိုက ဒါကို မြင်လိုက်တော့… သူ့ရဲ့ မျက်လုံးအစုံဟာ လောဘရဲ့ အရိပ်အယောင်တွေနဲ့ ပြည့်နှက်လာခဲ့ပြီး… "မဟာလမင်း အကြွင်းမဲ့ရေဟာ တကယ့်ကို

ပစ္စည်းကောင်းလေးပဲ… စိတ်မကောင်းစရာက သူကမင်းကို ကာကွယ်မပေးနိုင်ခဲ့တာပဲ…"

ယန်ချင်ကလည်း ခါးသီးစွာနဲ့ ခေါင်းကို ခါလိုက်ပါတယ်။ သူ့ရဲ့ ကျင့်ကြံမှု အဆင့်အတန်းဟာ မာကျိထက် နိမ့်ကျနေပြီး… သူဟာ နောက်ထပ် အကြွင်းမဲ့ရေတွေကို မဆင့်ခေါ်နိုင်တော့ပါဘူး။ ဒါက လေးကြိုးရဲ့ အဆုံးကို ရောက်သွားခဲ့ပြီ ဖြစ်ပြီး… သူဟာ မကြာခင်မှာ မာကျိရဲ့ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်း အောက်မှာ အရှုံးပေးရတော့မှာပါ။

"မဟာလမင်း အကြွင်းမဲ့ရေက သူ့ကို အကာအကွယ် မပေးနိုင်ပေမဲ့... ငါကတော့ ပေးနိုင်တယ်ကွ..."

အသံတစ်ခုဟာ လေဟာနယ်ရဲ့ အထဲကနေ ရုတ်ချည်းပဲ ပေါ်ထွက်လာခဲ့ပါတယ်။ သူဟာ နေရာတိုင်းမှာ ရှိနေသလို... အရပ်မျက်နှာ ပေါင်းစုံကနေ ထွက်ပေါ်လာခဲ့တာပါ။ မာကျိုဟာ အံ့သြတုန်လှုပ် သွားခဲ့ပါတယ်။ သူက ဘာမှကို မတုံ့ပြန်နိုင် သေးခင်မှာပဲ... သူ့ရဲ့ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းဟာ ရုတ်ချည်းပဲ ကွယ်ပျောက်သွားခဲ့ပါတယ်။

မာကျိုဟာ အလွန်အမင်းကို
မှင်သက်သွားခဲ့ပါတယ်။ သူ့ရဲ့ခေါင်းကို
လှည့်ကြည့်လိုက်တော့... သူဟာ
ဖေးလျှန်ပေါ်မှာ ထိုင်နေပြီး ခရမ်းရောင်
ဝတ်စုံကို ဝတ်ဆင်ထားတဲ့... ထူးမခြားနား
ပုံစံမျိုးနဲ့ လူငယ်လေး တစ်ယောက်က
ကောင်းကင်ပေါ်က ဆင်းလာတာကို
တွေ့လိုက်ရပါတယ်။

"အခြေခံအုတ်မြစ် အဆင့်?" မာကျိုရဲ့
မျက်ခုံးတွေဟာ တွန့်သွားခဲ့ပြီး... ဖေးလျှန်ကို
သေချာစွာ ကြည့်လိုက်ပါတယ်။ သူ့ရဲ့
မျက်နှာဟာ အရောင်ပြောင်းသွားခဲ့ပြီး...

"ဒါက ငါတို့ လေနတ်ဘုရားဂိုဏ်းက ဖေးလျှန်ပဲ… ဘာဖြစ်လို့ မင်းရဲ့လက်ထဲကို ရောက်နေရတာလည်း?"

ခရမ်းရောင် ဝတ်စုံနဲ့ လူငယ်ဟာ ဝမ်လင်းပဲ ဖြစ်ပါတယ်။ သူဟာ မာကျိုကို လျှစ်လျူရှုထားလိုက်ပြီး… ဖေးလျှန်ကို အမိန့်ပေးလိုက်ကာ ယန်ချင်ရဲ့ဘေးကို ဆင်းသက်လိုက်ပါတယ်။

ယန်ချင်ရဲ့ အသိစိတ်ဟာ ဝေဝါးနေပြီ ဖြစ်ပေမဲ့… ခွန်းလွန်တောင်မှာ လင်းဖုန်းနဲ့ သူ့တပည့်တွေက သူ့အပေါ်မှာ ထားခဲ့တဲ့

အထင်ကြီးမှုတွေကို မေ့ပျောက်လို့
မရနိုင်သေးပါဘူး။

သူ့ရဲ့ ဝေဝေဝါးဝါး အခြေအနေမှာတောင်
သူဟာ ဝမ်လင်းကို မှတ်မိနေခဲ့ပြီး...
"ခင်ဗျားက အကြီးအကဲလင်းရဲ့ တပည့်လား?"

ဝမ်လင်းကလည်း ပြန်ပြောလိုက်ပါတယ်...
"လာ... ဒီပေါ်ကိုတက်... ကျုပ်ဆရာက
ခင်ဗျားကို တွေ့ချင်နေတယ်..."

ယန်ချင်က ဘာမှ ပြန်မပြောရသေးခင်...
မာကျိုက ဖြတ်ပြောလိုက်ပါတယ်... "မင်းက

ဘယ်သူလည်း? မင်းက
လေနတ်ဘုရားဂိုဏ်းရဲ့ ကိစ္စတွေကို
ဝင်ရှုပ်ရဲတာလား? ပြီးတော့ ဒီဖေးလျှန်ကို
ဘယ်ကနေ ရတာလည်း?"

သူ့ရဲ့ မျက်လုံးတွေမှာ သဘောပေါက်တဲ့
အရိပ်အယောင်တွေဟာ ပေါ်လာခဲ့ပြီး…
"လွန်ခဲ့တဲ့ နှစ်ဝက်လောက်တုံးက… လဲ့ဖုန်းက
ပျောက်ဆုံးသွားတဲ့ သူ့တပည့်ကို ပေးထားတဲ့
ဖေးလျှန်ဟာ… ခွန်းလွန်တောင်ခြေရဲ့
မြောက်ပိုင်းမှာ ပေါ်လာတယ်လို့
ပြောဖူးတယ်။ သူက သူ့ကို သွားရှာခဲ့ပေမဲ့…
သူ့ရဲ့ သတင်းတွေကလည်း

ပျောက်သွားခဲ့တယ်။ မင်းက ဒါကို လုပ်လိုက်တာလား?"

"မင်းတို့က ဘယ်ကလူတွေလည်း?"

"မင်းက ယန်ချင်ကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အကြောင်း မေးမြန်းချင်နေတာ မဟုတ်ဘူးလား?" လင်းဖုန်းရဲ့ အသံဟာ လေဟာနယ်ထဲကနေ ထွက်ပေါ်လာခဲ့ပါတယ်… "ကျုပ်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်… လင်းဖုန်းပဲ…"

"လွဲဖုန်း အနေနဲ့ကတော့... သူက
ကျုပ်တို့ဂိုဏ်းရဲ့ နေရာကို
ကျူးကျော်ဝင်ရောက် လာတဲ့အတွက်...
ကျုပ်က သတ်ပစ်လိုက်ပြီ..."

မာကျိုက ဒေါသထွက်လှစွာနဲ့
အော်လိုက်ပါတယ်... "လက်စသတ်တော့
ဒါတွေအားလုံးက မင်းတို့ရဲ့ လက်ချက်ပဲကို!"

လင်းဖုန်းရဲ့ အသံဟာ ခံစားချက်တွေ မပါပဲ
တည်ငြိမ်နေခဲ့ပါတယ်။ သူဟာ လေဟာနယ်ရဲ့
အထဲကပဲ
ပြန်ဖြေလိုက်ပါတယ်..."လေနတ်ဘုရားဂိုဏ်း

က ငါတို့ဂိုဏ်းကို တစ်ခုခု ကြံစည်နေတယ်... ဘာတွေများ လုပ်မလို့လည်း ဆိုတာကို ငါ့ကို ပြောပြပါဦး..."

မာကျိုကတော့ ဟွန့်ကနဲသာ လုပ်လိုက်ပြီး... သူကယန်ချင်ကို ဒီကနေ့မှာ မဖမ်းနိုင်တော့ဘူး ဆိုတာကို သဘောပေါက်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက လက်လွှတ်ဖို့ကိုလည်း မချင့်မရဲ ဖြစ်နေခဲ့ပါတယ်။ သူ့ကိုယ်သူပဲ တွေးလိုက်တာက... "ကြည့်ရတာတော့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ လင်းယွင်တောင်ထိပ်နဲ့ မနီးမဝေးမှာပဲ ရှိရမယ်ကွ။ ငါက ငါ့ဆရာကို မြန်မြန်

အကြောင်းပြန်ကြားပြီး... နောက်ရက်ကျမှ ဒီနေရာကို ပြန်လာရမယ်..."

သူက စဉ်းစားနေဆဲမှာပဲ... မာကျိုဟာ ခရမ်းရောင် တိမ်တိုက်တွေက ရုတ်တရက် ပေါ်ထွက်လာခဲ့ပြီး... သူတို့ကို ဝိုင်းရံလိုက်ကာ အားလုံးကို ချုပ်နှောင်ထားခဲ့လိုက်ပြီ ဆိုတာကို သတိထားမိလိုက်ပါတယ်။

"မကောင်းတော့ဘူး!" မာကျိုရဲ့ အမူအရာ တွေဟာ ပြောင်းသွားခဲ့ပြီး... သူ့ရဲ့ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို ထုတ်လွှတ်လိုက်ကာ... ခရမ်းရောင်

တိမ်တိုက်တွေကို ဖျက်ဆီးဖို့
ကြိုးစားလိုက်ပါတယ်။

ဒါပေမဲ့လည်း သူတို့ကို ဖုံးလွှမ်းထားတဲ့
ခရမ်းရောင် တိမ်တိုက်တွေဟာ…
လျှို့ဝှက်ဆန်းကြယ်တဲ့ လေဟာနယ်
နိယာမတွေ ပါလာနေကြပြီး… မာကျိရဲ့
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို
ဖျက်ဆီးပစ်ခဲ့ပါတယ်။

ဝမ်လင်းက ယန်ချင်ကို ဖေးလျှန်ပေါ်ကို
ကူညီပြီးမှ တင်ပေးလိုက်ပြီးတာနဲ့…
သူကလည်း ဖေးလျှန်ရဲ့ ကျောပေါ်ကို

ခုန်တက်လိုက်ပါတယ်။ မာကျိုကို
တွေ့တာနဲ့… သူဟာ စကားတစ်လုံးမှ
မပြောခဲ့ပဲ စတင်ပြီးတော့
တိုက်ခိုက်လိုက်ပါတယ်။

သူဟာ သူ့ရဲ့ လက်နှစ်ဘက်ကို
အသုံးပြုလိုက်ပြီး မှော်ကျိန်စာ တစ်ခုကို
ထုတ်ဖော်လိုက်တော့… အဝါနဲ့ အနက်ရောင်
လမ်းတစ်လမ်းဟာ ခရမ်းရောင်
တိမ်တိုက်တွေရဲ့ အကြားမှာ
ပေါ်လာခဲ့ပါတယ်။ သူဟာ မှောင်မည်းနေပြီး
ထူးခြားဆန်းကျယ်လှကာ… ငရဲကမ္ဘာကို
သွားတဲ့လမ်းပဲ ဖြစ်ပါတော့တယ်။

လေနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူ
အမြောက်အမြားတို့ဟာ
ဒီလမ်းကြောင်းပေါ်ကို
ကျရောက်သွားကြပြီး… သံသရာ စွမ်းအားရဲ့
တိုက်ခိုက်မှုကို ချက်ချင်းပဲ
ခံလိုက်ကြရပါတယ်။ သူတို့ရဲ့
စိတ်ဝိညာဉ်တွေကလည်း မတည်မငြိမ်
ဖြစ်ကုန်ကြပါပြီ။

အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ
တစ်ချို့တို့ဟာ… လမ်းရဲ့အောက်ကနေ

ထွက်လာတဲ့ အရိုးတွေ လက်သည်းတွေရဲ့
ဆွဲချခြင်းကို ခံလိုက်ရပါတယ်။

အတိုက်ခိုက်ခံနေရတဲ့ ကျင့်ကြံသူတွေဟာ
မခုခံခဲ့ကြပါဘူး။ သူတို့ဟာ မိန်းမောနေတဲ့ပုံ
ပေါက်နေကြပြီး… သူတို့ရဲ့ မျက်လုံး
သူငယ်အိမ်တွေဟာ မရေမတွက်နိုင်တဲ့
အပျက်အစီးတွေရဲ့ ပုံတွေကို
တွေ့နေရသလိုပါပဲ။

သူတို့ဟာ သံသရာ စွမ်းအားတွေရဲ့
တိုက်ခိုက်ခြင်းကို ခံနေရတော့… သူတို့ရဲ့
စိတ်တွေကလည်း ရှုပ်ထွေးနေခဲ့ပါတယ်။

သူတို့တတွေရဲ့ စိတ်ထဲမှာ... အတိတ်နဲ့
ပစ္စုပ္ပန်တို့ရဲ့ များပြားလှစွာသော
မှတ်ဉာဏ်တွေဟာ တစ်လှည့်စီ
ပေါ်လာနေကြပါတယ်။

ဒီလိုမျိုး သတင်း အချက်အလက်
အပြောက်အမြားတို့ဟာ... သူတို့ရဲ့
စိတ်အာရုံကို တရစပ် ထိုးနှက်နေတော့
သူတို့ဟာ ဘာကိုမှ အာရုံစိုက်ပြီး
မတွေးနိုင်ကြတော့ပါဘူး။ သူတို့ကို
တိုက်ခိုက်နေတဲ့ အရိုးတွေ လက်သည်းတွေရဲ့
တိုက်ခိုက်မှုတွေကို ကူရာမဲ့စွာနဲ့
ခံနေကြရပါတယ်။

ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ တစ်ယောက်ဖြစ်တဲ့ မာကျိုဟာ... သူ့ရဲ့ စိတ်ဝိညာဉ်ကို တည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့ပြီး သေမင်းရဲ့ အတားအဆီးကို ကျော်လွှားနိုင်ခဲ့ပါတယ်။ သူက ဝမ်လင်းကို ကြည့်လိုက်ပြီး... "ဘာမှော်ကျိန်စာမျိုးလည်း? သူက အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူတွေ အဖို့... အရမ်းကို ပြင်းထန်လွန်းနေတာပဲ..."

ဒါပေမဲ့လည်း မာကျိုဟာ ရင်ထဲကနေ ရယ်ရမ်းသွေးနေခဲ့ပါတယ်... "မင်းကို

ကြည့်လိုက်ပါဦး... အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့
ခေါင်းဆောင်အနေနဲ့... မင်းက ကိုယ်တိုင်
မလုပ်ဆောင်ခဲ့ပဲ ငါတို့ကို ချုပ်နှောင်ထားပြီး...
မင်းရဲ့ တပည့်ကိုပဲ လွှတ်လိုက်တယ်..."

"ငါက မင်းရဲ့ တပည့်ကို ဓားစာခံ
လုပ်လိုက်ပြီး... ငါတို့လွတ်မြောက်ဖို့
လမ်းကိုရှာရမယ်..."

ဒီအချိန်မှာတော့ မာကျိဟာ အင်အား
အကုန်လုံးကို စုစည်းလိုက်ပါတယ်။ သူဟာ
သူ့ရဲ့ လက်ဝါးတွေကို စုစည်းလိုက်ပြီး...

ငရဲကမ္ဘာကို သွားတဲ့လမ်းကို ဖြတ်တောက်ဖို့ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို ထုတ်လွှတ်လိုက်ပါတယ်။

ခက်ထန်ပြီး ထက်မြက်လှတဲ့ အားလုံးကို အနိုင်ယူနိုင်တဲ့ လေပြင်းဟာ… ငရဲကမ္ဘာကို သွားတဲ့လမ်းကို ဖျက်ဆီးခဲ့လိုက်ပါတယ်။

ဝမ်လင်းဟာ သူ့ရဲ့ မျက်မှောင်ကြီးကို ကြုတ်လိုက်ပြီး… "ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူနဲ့ တိုက်ခိုက်တဲ့ အခါမှာ ဘာမှ အားနာနေဖို့ မလိုဘူး…" စကားဆုံးတာနဲ့ ဝမ်လင်းရဲ့ ကိုယ်မှာ

အနက်ရောင် ခါတ်ငွေ့တွေနဲ့
ဖုံးလွှမ်းသွားခဲ့ပါတော့တယ်။

အလွှန်အမင်းကိုမှ ကြောက်စရာကောင်းတဲ့
အော်ရာတစ်ခုဟာ... ခရမ်းရောင်
တိမ်တိုက်တွေရဲ့ အထဲက နေရာအားလုံးကို
လွှမ်းခြုံသွားခဲ့ပါတယ်။ ဖျက်ဆီးနိုင်တဲ့
စွမ်းအား သဘောတရားဟာ
ထိုးတက်လာခဲ့ပြီး... အရာအားလုံးကို
ဖျက်ဆီးပစ်တော့ မလိုပါပဲ။

"ဒါက ဘာစွမ်းအားမျိုးလည်း?"
မာကျိုကလည်း အနည်းငယ်

တုန်လှုပ်သွားခဲ့ပါတယ်... ဒါပေမဲ့
အထင်သေးမှုကတော့ ရှိနေဆဲပါပဲ...
"ဘာစွမ်းအားပဲ ဖြစ်ဖြစ်... သူက
အခြေခံအုတ်မြစ် အဆင့်မှာပဲ ရှိသေးတာပဲ..."

သူဟာ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို
ထိန်းချုပ်လိုက်ပြီး... ခက်ထန်စွာနဲ့ ဝမ်လင်းရဲ့
နဖူးပေါ်ကို ချိန်ရွယ်လိုက်ပါတယ်။

ဝမ်လင်းဟာ ကျောချမ်းဖွယ် ရယ်လိုက်ပြီး
သူ့ရဲ့ လက်ဖဝါးကို လှန်လိုက်တော့...
အလင်းတန်း စက်ဝိုင်းလေး တစ်ခုဟာ
ထွက်လာခဲ့ပြီး... သူ့ရဲ့ နဖူးကနေပြီး

တောက်ပတဲ့ အလင်းရောင်တွေက
ထွက်လာခဲ့ပါတယ်။

"ရှဲ.. ရှဲ.. ရှဲ.. ရှဲ…" စူးရှလှတဲ့ လျှပ်စီးသံတို့ဟာ
ပေါ်ထွက်လာခဲ့ပြီး… မရေမတွက်နိုင်တဲ့
လျှပ်စီးတန်းတွေဟာ အလင်းတန်း
စက်ဝိုင်းထဲကနေ ပေါ်ထွက်လာခဲ့ကာ…
နယ်နိမိတ် အကျယ်ကြီး အဖြစ်ကို
ကျယ်ပြန့်လာခဲ့ပါတယ်။ သူဟာ
မြေကြီးပေါ်မှာ မှောက်ထားတဲ့ ခွက်တစ်လုံးနဲ့
တူနေခဲ့ပြီး… အထဲက ဝမ်လင်းကို
ကာကွယ်ပေးထားခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ဝမ်လင်းဟာ မာကျိဆီကို ပြေးသွားခဲ့ပြီး… သူ့ရဲ့ လက်ညှိုးနဲ့ ထိုးလိုက်ပါတယ်။

မာကျိဟာ နိမိတ်မကောင်းတဲ့ ခံစားချက်မျိုးကို ခံစားလိုက်ရပြီး သူက ဘာမှ မလုပ်နိုင်သေးခင်မှာပဲ… ခြောက်ခြားလှစွာသော အနက်ရောင် သေမင်း စိတ်ဝိညာဉ် စွမ်းအင်တို့ဟာ… သူ့ရဲ့ ဆယ်ပေပတ်လည်မှာ ပေါ်လာခဲ့ပြီး ဝန်းရံထားခဲ့ပါတယ်။

ပေါးဒီးစ် နတ်လက်ချောင်း! ဖျက်ဆီးခြင်း လက်ချောင်း!

ဝမ်လင်းဟာ အခြေခံအုတ်မြစ် အဆင့်ကို အောင်မြင်စွာနဲ့ ရောက်ရှိသွားတော့... သူ့ရဲ့ ဖျက်ဆီးခြင်း လက်ချောင်းရဲ့ စွမ်းအားကလည်း ဆထက်တပိုး တိုးတက်လာခဲ့ပါတယ်။ အခုသူဟာ ဒီမှော်ကျိန်စာကို ထုတ်လွှတ်လိုက်တော့... အနက်ရောင် သေမင်း စိတ်ဝိညာဉ် စွမ်းအားတို့ဟာ ဖျက်ဆီးခြင်း စွမ်းအားနဲ့ ပေါင်းစည်းသွားကြပါတယ်။

ဒီကနေ့ရဲ့ ဖျက်ဆီးခြင်း လက်ချောင်းဟာ
အစစ်အမှန် နဂိုမူလ ပုံစံပဲ ဖြစ်ပါတော့တယ်။

ဒါက တစ်စုံတစ်ယောက်ကို သတ်ရုံသက်သက်
မဟုတ်တော့ပဲ… သူ့ပစ်မှတ်တွေကို လုံးဝ
ဖယ်ရှားပြီး ဘာမှ မရှိခြင်း အဖြစ်ကို
ပြောင်းပေးလိုက်မှာပဲ ဖြစ်ပါတယ်။

မာကျိဟာ ခြိမ်းခြောက်မှုကို ခံစားခဲ့ရပေမဲ့…
သူဟာ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို
အမိန့် ဆက်ပေးနေခဲ့ပြီး… ပထမ ခြေလှမ်းကို
အရင်လှမ်းကာ ဝမ်လင်းကို သတ်ဖို့
ကြံစည်နေခဲ့ပါတယ်။

ဒီအချိန်မှာပဲ သူဟာ ကြီးမားတဲ့ အန္တရာယ်
တစ်ခုဟာ သူ့ဆီကို လာနေတယ်လို့
ခံစားလိုက်ရပါတယ်။ သူဟာ အရင်က
ခားစာခံလုပ်ပြီးမှ လွတ်လမ်းရှာမယ်ဆိုတဲ့
အစီအစဉ်ကို မေ့ပျောက်သွားခဲ့ပြီး… သူ့ရဲ့
အရှေ့က ကြောက်မက်ဖွယ် ကောင်းလှတဲ့
ဝမ်လင်းကို သတ်ဖို့ မျှော်လင့်နေခဲ့တာပါ။

ထက်မြက်လှတဲ့ ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့မုန်တိုင်းဟာ လျှပ်စီး
အလင်းတန်းတွေကို ဖြတ်တောက်ခဲ့ပြီး…
မီးပွင့်မီးစတွေ အမြောက်အမြားကို

ပွင့်ထွက်စေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူဟာ လှျပ်စီး အလင်းတန်းတွေကို တကယ်ပဲ မကျော်ဖြတ်နိုင်ခဲ့ပါဘူး။

မာကျိုက စိုက်ကြည့်နေခဲ့ပြီး...
"ရွှေရောင်ဗဟိုချက် အဆင့်က မှော်အိုင်တမ်?
ပြီးတော့ အထွတ်အထိပ် အဆင့်မှာ ရှိနေပြီ!"

ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းရဲ့ တိုက်ခိုက်မှုအောက်မှာ... ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းရဲ့ အလင်းတန်း နယ်နိမိတ်တွေဟာ တွန့်လိမ်သွားခဲ့ပြီး... အဖြူရောင် အလင်းတန်းတွေက ထွက်လာခဲ့ကာ

ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းရဲ့
တိုက်ခိုက်မှုကို ဖျက်ဆီးပစ်ခဲ့ပါတယ်။

ဒီဝင်ရိုးစွန်း နှစ်ဘက် စက်ဝိုင်းရဲ့
ကာကွယ်မှုအောင်မှာ... ဝမ်လင်းကို
ထိတွေ့လို့ မရနိုင်ပါဘူး။ မာကျိဟာ
ဖျက်ဆီးခြင်း စွမ်းအားအပြည့်နဲ့....
အနက်ရောင် သေမင်းဓာတ်ငွေ့တွေရဲ့
တိုက်ခိုက်မှုကို ခံနေရပြီး ဒုက္ခလှလှ
တွေ့နေခဲ့ပါတယ်။

အရင်က သေမင်း စိတ်ဝိညာဉ်
စွမ်းအင်တွေဟာ သက်ရှိတို့ရဲ့

အသက်စွမ်းအင်တွေကိုသာ တိုက်စားခဲ့တာ
ဖြစ်ပေမဲ့… အခု သေမင်း စိတ်ဝိညာဉ်
စွမ်းအင်တွေဟာ အလွန်အမင်းကို
ကြီးစိုးနိုင်စွမ်းရှိပြီး… မာကျိရဲ့ မှော်စွမ်းအင်
အကာအကွယ်တွေကို ဖျက်ဆီးဖို့
အချိန်အနည်းငယ်ပဲ ယူခဲ့တာပါ။

မာကျိဟာ ကြောက်ရွံ့စွာနဲ့
အော်ဟစ်လိုက်ပြီး… နာကျင်မှုကို
ခံစားလိုက်ရပါတယ်။ သူဟာ အလံငယ်လေး
တစ်ခုကို ထုတ်လိုက်ပြီး… အထဲကနေ
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်း ၇တန်း
၈တန်းလောက်ဟာ ထွက်လာခဲ့ကာ…

လင်းဖုန်းရဲ့ သေမင်းခါတ်ငွေ့တွေကို
ထိုးဖောက်လိုက်ပါတယ်။

သေမင်းခါတ်ငွေ့တွေရဲ့ အထဲကနေ
လွတ်မြောက်လာပြီးတော့… မာကျိုဟာ
ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းကို
ကြောက်ရွံ့စွာနဲ့ ကြည့်လိုက်ပါတယ်။
ဝမ်လင်းမှာ ဒီလိုမျိုး အစွမ်းထက်တဲ့
အကာအကွယ် မှော်အိုင်တမ်တစ်ခု ရှိမယ်လို့
သူက မျှော်လင့်ထားခဲ့ပေမဲ့… သူ့ကို
တိုက်ခိုက်ခဲ့တဲ့ ဖျက်ဆီးခြင်း လက်ချောင်းဟာ
ဒီလောက်အထိ အစွမ်းထက်လိမ့်မယ်လို့ သူက
မမျှော်လင့် ထားခဲ့ပါဘူး။

ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကြောင့်သာ မဟုတ်ရင်… သူဟာ မသေခဲ့ရင်တောင်မှ သူ့ရဲ့ အရေပြားတွေဟာ စုတ်ပြတ်သွားမှာပါ။ ပြီးတော့ သူက ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ တစ်ယောက်လည်း ဖြစ်နေပါသေးတယ်။

သူဟာ ဒီတစ်ခါမှာတော့ သင်ခန်းစာ ရသွားခဲ့ပါပြီ။ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို ဝမ်လင်းကို တိုက်ခိုက်ဖို့အတွက် မသုံးခဲ့တော့ပဲ… သူ့ကိုယ်သူ ကာကွယ်ဖို့သာ သုံးခဲ့ပါတယ်။

ဒီလိုဆိုရင်တော့ ဝမ်လင်းရဲ့ ဖျက်ဆီးခြင်း
လက်ချောင်းဟာ လေဟာနယ်ထဲမှာ
ထုတ်လွှတ်နိုင်ပေမဲ့… သူ့ရဲ့
အကျိုးသက်ရောက်မှုဟာ ရှိတော့မှာ
မဟုတ်ပါဘူး။

သေမင်းခတ်ငွေ့တွေဟာ ရုပ်လုံးပေါ်စမှာပဲ…
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းရဲ့ တစ်စစီ
ခြေမွမှုကို ခံခဲ့ရပါတယ်။

ဒါပေမဲ့လည်း မာကျိဟာ ဝမ်လင်းကို
ခြိမ်းခြောက်မှုတွေတော့
မပြုလုပ်နိုင်တော့ပါဘူး။ သူဟာ

တွေးရင်းတွေးရင်း ပိုပြီးတော့ စိတ်ဓာတ်ကျလာခဲ့ပါတယ်။ "တကယ်လို့များ ငါက လေပြင်းအားလုံးကို စုစည်းလိုက်မယ် ဆိုရင်တော့... သူ့ရဲ့ခံစစ်ကို ချိုးဖောက်နိုင်မှာပဲ။ ဒီလိုဆိုရင်တော့... သူ့မှော်ကျိန်စာရဲ့ ခြိမ်းခြောက်မှုကို ခံရတော့မှာ မဟုတ်ဘူး..."

"ငါရဲ့ အသက်ကို ရင်းပြီးတော့... ဒီအခြေခံအုတ်မြစ် အဆင့်က ပမွှားလေးကို ရင်ဆိုင်ရတာ မတန်ပါဘူး..."

ဝမ်လင်းကို ကြည့်လိုက်ပြီး မာကျိုဟာ ကျောချမ်းလာခဲ့ပါတယ်... "တပည့်ကသာ ဒီလောက်အထိ ရက်စက်နေရင်... ဆရာက ဘယ်လောက်အထိများ ကြောက်စရာ ကောင်းလိုက်မလည်း?"

တိုက်ပွဲဟာ မတိုးသာ မဆုတ်သာ အခြေအနေကို ရောက်ရှိသွားခဲ့ပါတယ်။ နှစ်ဘက်စလုံးဟာ တစ်ယောက်ကိုတစ်ယောက် ဘာလုပ်ရမှန်းကို မဆုံးဖြတ်နိုင် ကြတော့ပါဘူး။

ဝမ်လင်းက သူ့ရဲ့ မျက်မှောင်ကြီးကို ကြုတ်လိုက်ပြီး... "ဆရာပြောထားတဲ့ အတိုင်းပဲ... ဒီဖျက်ဆီးခြင်း စွမ်းအားတွေဟာ ငါ့အပေါ်မှာ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေခဲ့တယ်။ ရေတိုမှာ ဘာမှ မဖြစ်နိုင်သေးပေမဲ့... ဖျက်ဆီးခြင်း လက်ချောင်းကို အကြာကြီး ထုတ်လွှတ်နေရရင်... ငါ့ရဲ့ ခန္ဓာကိုယ်ဟာ မသက်မသာ ခံစားနေခဲ့ရတယ်။ ငါက ဒီလိုမျိုးသာ ဆက်ပြီး တိုက်ခိုက်နေလို့ကတော့... ရေရှည်မှာ အရေးလုမှာ မဟုတ်ဘူးကွ..."

## စာစဥ် ၁၂ : အပိုင်း ၃

# အပိုင်း ၂၀၃ : တစ်ခုကလွဲလို့ အရာအားလုံးကို အသင့်ပြင်ပြီးပြီ

မာကျိန့် တိုက်ပွဲဟာ မတိုးသာ မဆုတ်သာ အခြေအနေကို ရောက်နေတဲ့ အချိန်မှာ... ဝမ်လင်းဟာ နည်းဗျူဟာတွေကို စဉ်းစားနေခဲ့ပါတယ်... "ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကို သတ်ဖို့တော့ အတော်ကို ခက်တာပဲ။ ငါက စိတ်ဝိညာဉ် တာဝါကို ထူထောင်နိုင်မှသာ နိုင်ဖို့ အခွင့်အရေး ပိုများမှာပဲ..."

လေနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူ
တစ်ယောက်နဲ့ တိုက်ခိုက်မှု အပြီးမှာ…
ဝမ်လင်းဟာ သူ့စွမ်းအားတွေကို နားလည်မှု
ပိုတိုးလာခဲ့ပါတယ်။

"ဒီအဆင့်မှာ… ငါ့ရဲ့ ဂိုဏ်းတူ
ညီအစ်ကိုတွေကလွဲလို့ ငါကိုဘယ်သူမှ
အနိုင်မယူနိုင်ဘူး…"

လေနတ်ဘုရားဂိုဏ်းဟာ ခွန်းလွန်တောင်မှာ
အင်အားအကြီးဆုံး ဂိုဏ်းတစ်ဂိုဏ်းပဲ
ဖြစ်ပါတယ်။

သူဟာ မြင့်မြတ်နယ်မြေ သုံးခုကို
မယှဉ်နိုင်ပေမဲ့... မီးလျှံခေါးဂိုဏ်းနဲ့
အလင်းခေါးမြန်ဂိုဏ်းထက်ကို ပိုပြီးမှ
အဆင့်မြင့်ပါတယ်။

သူတို့ရဲ့ လေနတ်ဘုရား ဒြပ်မဲ့
မှော်ကျိန်စာဟာ ထူးခြားတဲ့ ဝိသေသ
လက္ခဏာတွေ ရှိပြီး... မဟာအကြွင်းမဲ့
လေလေးပါးထဲမှာ တစ်ခု အပါအဝင်ဖြစ်တဲ့...
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို
ကျင့်ကြံနိုင်တာပါ။ သူ့ရဲ့ တိုက်ခိုက်နိုင်မှု
စွမ်းအားကလည်း အတော့်ကို
အားကောင်းလှပါတယ်။

ဒါပေမဲ့လည်း ဝမ်လင်းနဲ့
ရင်ဆိုင်လိုက်ရတော့...
လေနတ်ဘုရားဂိုဏ်းက အခြေခံအုတ်မြစ်
အဆင့် ကျင့်ကြံသူတွေဟာ သူ့ကို ပြန်ပြီး
တိုက်ခိုက်နိုင်စွမ်း မရှိကြပါဘူး။

ရွှေရောင်ဗဟိုချက် အဆင့်က မာကျိနဲ့
ရင်ဆိုင်ခဲ့တဲ့ အချိန်မှာလည်း... ဝမ်လင်းဟာ
သူ့ကို တိုက်ခိုက်ဖို့အတွက် ကိုယ်ပိုင်
နည်းလမ်းတွေ ရှိနေပါတယ်။
ဟေးဒီးစ်နတ်လက်ချောင်းရဲ့ ဖျက်ဆီးခြင်း
အဆင့်ကို အသုံးပြုလိုက်တော့... ဝမ်လင်းဟာ

သူ့ပြိုင်ဘက်ရဲ့ စွမ်းအားတွေကို ခြိမ်းခြောက်နိုင်ခဲ့တာပါ။ ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းရဲ့ ကာကွယ်မှုအောက်ကနေ… ဝမ်လင်းဟာ မာကျိုကို ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။

"တကယ်လို့များ ငါကသာ အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်ကို ရောက်သွားခဲ့မယ် ဆိုရင်… ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းကို မသုံးရင်တောင်မှ ငါဟာ သူ့ကို တိုက်ခိုက်နိုင်မှာပဲ…" ဝမ်လင်းက သူ့ကိုယ်သူ တွေးနေခဲ့ပါတယ်… "ငါက ရွှေရောင် ဗဟိုချက်ကို ဖော်ဆောင်ပြီးသွားလို့ရှိရင်…

သူ့ကို သတ်ရတာ အလွယ်လေး ဖြစ်သွားမှာပဲ..."

ဝမ်လင်းဟာ လျှင်မြန်စွာနဲ့ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပါတယ်... "ဒီလူ့ကို သတ်ဖို့ဆိုရင် အတော့်ကို ခက်ခဲမှာပဲ... ငါက စွန့်စားမှု တစ်ခုကို လုပ်မှရမယ်..."

သူက မာကျိုကို စိုက်ကြည့်နေရင်း... မာကျိုကို တုန်လှုပ်စေခဲ့တဲ့ လှုပ်ရှားမှု တစ်ခုကို ပြုလုပ်လိုက်ပါတယ်။

ဝမ်လင်းဟာ သူ့ရဲ့ မှော်ကျိန်စာကို ပြောင်းလိုက်ပြီး… သူ့ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းရဲ့ အလင်းတန်း နယ်နိမိတ်တွေကို ရုပ်သိမ်းလိုက်ပါတယ်။ မရေမတွက်နိုင်တဲ့ အဖြူရောင် အလင်းတန်းတွေဟာ… လေဟာနယ်ရဲ့ အထဲမှာ ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းပုံ အဖြစ်ကို ပြန်ပြောင်းသွားခဲ့ပါတယ်။ ဝမ်လင်းရဲ့ ထိန်းချုပ်မှုအောက်ကနေ… အလင်းတန်း စက်ဝိုင်းဟာ အဖြူရောင် သက်တံ့အဖြစ်ကို ပြောင်းသွားခဲ့ပြီး မာကျိကို တိုက်ရိုက်ပဲ တိုက်ခိုက်လိုက်ပါတယ်။

သူဟာ သူ့ရဲ့ ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းကို ခံစစ်ကနေ တိုက်စစ်ပြောင်းလိုက်တာပါ။

"ဒီကောင်စုတ်လေးက သူ့ရဲ့ အသက်ကို စွန့်ပြီးမှ တိုက်ခိုက်နေတာပဲ..." မာကျိဟာ မှင်သက်သွားခဲ့ပြီး ဒေါသတွေ ထွက်လာခဲ့ပါတယ်... "မဟုတ်သေးဘူး... သူက သူ့ဆရာရဲ့ ကာကွယ်မှုအောက်မှာ ရှိနေတာ။ ငါတို့ရဲ့ ကံကြမ္မာတွေဟာ ရစ်ပတ်နှောင်ဖွဲ့သွားခဲ့ရင်... သူ့ရဲ့ ဆရာက ထိုင်ပြီးတော့ ကြည့်နေမှာ မဟုတ်ဘူး။ ဒီလိုဆိုရင် ခံရမယ့်သူက ငါပဲ ဖြစ်မှာ..."

ဒီအထိ တွေးလိုက်ပြီးတော့… မာကျိုဟာ လုံးဝကို ချီတုံချတုံ မဖြစ်ရဲတော့ပါဘူး။ သူဟာ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို ပင့်မြှောက်လိုက်ပေမဲ့…  သူ့ကို အသုံးပြုပြီး ဝမ်လင်းကို မတိုက်ခိုက်ခဲ့ပါဘူး။ အဲ့ဒီအစား သူဟာ လေပြင်းရဲ့ လျှင်မြန်တဲ့ အဟုန်ကို အသုံးချလိုက်ပြီး… ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းရဲ့ တိုက်ခိုက်မှုကို ရှောင်ရှားလိုက်ပါတယ်။

ဝမ်လင်းရဲ့ နှုတ်ခမ်းတွေဟာ ပြုံးယောင်သန်းသွားခဲ့ပေမဲ့… သူဟာ သူ့ရဲ့ တိုက်ခိုက်မှုကို အရှိန်မလျှော့ခဲ့ပါဘူး။

ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းအပြင်… ဟေးဒီးစ်
နတ်လက်ချောင်းနဲ့ ငရဲကမ္ဘာသို့
သွားသောလမ်းကို ထုတ်လွှတ်ခဲ့ပြီး…
မာကျိုကို လျှင်မြန်စွာ ပတ်ပြေးနေရအောင်
ဖိအားပေးနေခဲ့ပါတယ်။

တိမ်တိုက်တွေရဲ့ အပေါ်ကနေ ရပ်ကြည့်နေတဲ့
လင်းဖုန်းကလည်း ဒီမြင်ကွင်းတွေကို
ကြည့်လိုက်ပြီး… သူ့ရဲ့ခေါင်းကို ခါလိုက်ကာ
ရယ်လိုက်ပါတယ်။

သူဟာ ဝမ်လင်းက အန္တရာယ်တွေနဲ့
ကြုံတွေ့နေရတာကို ဒီအတိုင်းပဲ ထိုင်ပြီးတော့

ကြည့်နေတာ မဟုတ်ပါဘူး။ တကယ်လို့များ ဝမ်လင်းဟာ အသက်အန္တရာယ်နဲ့ ကြုံတွေ့ရရင်… သူဟာ ဝင်ပြီးမှ ကူညီမှာ ဖြစ်ပါတယ်။

သူ့ရဲ့ တပည့်တွေကို ပြင်းပြင်းထန်ထန် လေ့ကျင့်ခိုင်းတာဟာ… သွားပြီးတော့ သေခိုင်းတာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဝမ်လင်းဟာ လင်းဖုန်းရဲ့ စွမ်းအားတွေကို အားမကိုးနေခဲ့ပဲ… အသက်စွန့်ရတဲ့ နည်းလမ်းကို သုံးပြီးမှ မာကျိုကို အနိုင်ကျင့်ခဲ့တာပါ။

ဝမ်လင်းရဲ့ အဓိက ရည်ရွယ်ချက်ဟာ
လင်းဖုန်းရဲ့ တည်ရှိနေမှုကို အသုံးချပြီးမှ...
မာကျိုကို စိတ်ဖိအားတွေ ပေးတာဖြစ်ပြီး...
မာကျိုကို ကြောက်ကြောက်ရွံ့ရွံ့နဲ့
တိုက်ခိုက်စေခဲ့တာပဲ ဖြစ်ပါတယ်။

တခြားစကားလုံးတွေနဲ့ ပြောရရင်...
ဝမ်လင်းဟာ အသာစီး ရဖို့အတွက်
စိတ်တိုက်ပွဲ တစ်ခုကိုလည်း ဆင်နွှဲကာ
မာကျိုကို တိုက်ခိုက်ခဲ့တာပဲ ဖြစ်ပါတယ်။

မာကျိုကသာ မာမာထန်ထန်
ပြန်တုံ့ပြန်ခဲ့ရင်… ဝမ်လင်းဟာ သူ့နဲ့
သူသေကိုယ်သေ တိုက်ခိုက်ဖို့ ဝန်လေးနေမှာ
မဟုတ်ပါဘူး။

လင်းဖုန်းက ဝမ်လင်းကို ကြည့်လိုက်ကာ
ခေါင်းကိုညိတ်လိုက်ပါတယ်… "ဝမ်လင်းရဲ့
တိုက်ခိုက်မှု အတွေ့အကြုံတွေက
သိပ်မဆိုးလှဘူး။ နှစ်ဦးနှစ်ဘက်ရဲ့
စွမ်းရည်တွေဟာ သိပ်မကွာခဲ့ရင်…
အနိုင်ရသူကို ဆုံးဖြတ်ပေးနိုင်တာက
စိတ်အခြေအနေ.. အတွေ့အကြုံနဲ့
ပြိုင်ဘက်ရဲ့ အားနည်းချက်ကို သုံးသပ်နိုင်မှုပဲ။

ဒါတွေ အားလုံးကို အသုံးပြုပြီးတော့
အသာစီးရအောင် အသုံးချနိုင်တာပဲ..."

ဝမ်လင်းဟာ အားရပါးရ တိုက်ခိုက်နေခဲ့ပြီး...
မာကျိုကတော့ သေလုမျောပါး
ရှောင်တိမ်းနေရပါတယ်။ သူဟာ
နောက်ဆုံးမှာတော့ စိတ်ပိုင်းဖြတ်လိုက်ပြီး...
သူ့ရဲ့ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းတွေ
အားလုံးကို ဆင့်ခေါ်လိုက်ကာ...
ဝမ်လင်းဆီကို တဟုန်ထိုး ပြေးလာခဲ့ပါတယ်။

"အခုတော့ မင်းကလည်း အသက်စွန့်ပြီး
တိုက်ခိုက်ပြီပေါ့..." ဝမ်လင်းဟာ သူ့ရဲ့

မျက်ခုံးအစုံကို ပင့်လိုက်ပြီး...
ကြောက်မခန်းလိလိ ရှည်လျားတဲ့ ငရဲကမ္ဘာသို့
သွားသောလမ်းဟာ ရှည်ထွက်လာခဲ့ပါတယ်။
ပြီးတာနဲ့ ဝမ်လင်းဟာ ဒီလမ်းကို
လက်ညှွန်လိုက်ပါတယ်။

ငရဲကမ္ဘာသို့ သွားသောလမ်းဟာ ရုတ်တရက်ပဲ
အနက်ရောင် ခါတ်ငွေ့တွေနဲ့
ပြည့်သွားခဲ့ပါတယ်။ ငရဲကမ္ဘာ အကြွင်းမဲ့ရေရဲ့
ဖျက်ဆီးနိုင်တဲ့ စွမ်းအားကို အစွမ်းကုန်
ဖော်ထုတ်လိုက်ပါပြီ။

ဝင်ရိုးစွန်းနှစ်ဘက် စက်ဝိုင်းဟာ
လေဟာနယ်ပေါ်ကို အဝေ့အဝိုက်
တစ်ခုအနေနဲ့ ပျံ့သန်းသွားခဲ့ကာ...
ကောင်းကင်ကိုးလွှာက နတ်မိုးကြိုးအတိုင်း
မာကျိရှိရာကို ပစ်ချလိုက်ပါတယ်။

ဝမ်လင်းရဲ့ အမိန့်ပေးမှု အောက်မှာ...
ငရဲကမ္ဘာ အကြွင်းမဲ့ရေရဲ့ ခံစစ်နဲ့ ဝင်ရိုးစွန်း
နှစ်ဘက် စက်ဝိုင်းရဲ့ တိုက်ခိုက်မှုတို့ဟာ...
ဝမ်လင်းရဲ့ ခံစစ်နဲ့ တိုက်စစ် ရွေးချယ်မှုတွေပဲ
ဖြစ်ကြပါတယ်။

အမှန်တကယ်ကတော့ သူဟာ မာကျိုက
စိတ်မရှည်ဖြစ်လာပြီး သူသေကိုယ်သေ
တိုက်ခိုက်တာကို စောင့်နေခဲ့တာပါ။ သူတို့ဟာ
ဒီအတိုင်းသာ ဆက်တိုက်နေမယ်ဆိုရင်...
ပထမဆုံး ပြိုလဲသွားမှာက ဝမ်လင်းပဲ
ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဝမ်လင်းဟာ မာကျိုကို
စိတ်ဖိအားတွေ အများကြီး ပေးနေခဲ့တာပါ။

ဒါတောင်မှပဲ မာကျိုဟာ
တည်ငြိမ်နေခဲ့ပါတယ်။ သူဟာ လေပေါ်ကို
ခုန်တက်လိုက်ပြီး... ကောင်းကင်ကိုးလွှာ

ဒြပ်မဲ့မုန်တိုင်းကို ဦးတည်ချက်
ပြောင်းလဲလိုက်ကာ… ဝမ်လင်းရဲ့ ငရဲကမ္ဘာသို့
သွားသောလမ်းနဲ့ ဝင်ရိုးစွန်းနှစ်ဘက်
စက်ဝိုင်းကို ဖြတ်တောက်လိုက်ပါတယ်။
ပြီးတာနဲ့ သူဟာ လေဟာနယ် တစ်ခုလုံးကို
ပိတ်ဆို့ထားတဲ့… ခရမ်းရောင်
တိမ်တိုက်တွေဆီကို ပျံသန်းသွားခဲ့ပါတယ်။

ဒီအချိန်မှာတော့ သူဟာ ဘက်ပေါင်းစုံကနေ
တိုက်ခိုက်ခဲ့ပြီး… ဝမ်လင်းကို
မျက်စိရှုပ်စေခဲ့ပါတယ်။ ဘယ်သူက
သိမှာလည်း? သူဟာ အသက်စွန့်ပြီးမှ

တိုက်ခိုက်တာ မဟုတ်ပဲ... ထွက်ပြေးဖို့ ကြိုးစားလိမ့်မယ်လို့။

"ငါက သွေးရူးသွေးတန်း ပုံစံကို လုပ်ပြလိုက်ပြီး... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကလည်း သူ့ရဲ့ တပည့်အပေါ် အာရုံစိုက်နေတော့... ခရမ်းရောင် တိမ်တိုက်တွေအပေါ် အာရုံစူးစိုက်မှုက လျော့ကျသွားပြီး ငါ့အတွက် အခွင့်အရေးတွေ ရလာနိုင်မှာပဲ။

ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းရဲ့ ဦးဆောင်မှု အောက်ကနေ... မာကျိရဲ့

ခန္ဓာကိုယ်ဟာ ဆံချည်တစ်မျှင်ထက်တောင်
သေးငယ်တဲ့ အပ်တစ်ချောင်းရဲ့
အရွယ်အစားအထိ ကြုံ့ဝင်သွားပြီး…
လေဟာနယ်ရဲ့ အထဲကို
ပျောက်ကွယ်သွားခဲ့ပါတယ်။

မြင်တွေ့နိုင်စွမ်း မရှိတဲ့ အစိမ်းရောင်
အလင်းတန်း တစ်ခုဟာ… လင်းဖုန်း
ဖန်တီးထားခဲ့တဲ့ ခရမ်းရောင် တိမ်တိုက်
အတားအဆီး ရှိရာဆီကို
ပျံသန်းသွားခဲ့ပါတယ်။

ဒီအရုံအတားဟာ ခိုင်မာပေမဲ့… မာကျိုဟာ သူ့ရဲ့ စွမ်းအားတွေကို အစက်ကလေး တစ်ခုအဖြစ်ကို စုစည်းထားပြီး… ဒီအစက်ကလေးနဲ့ မျက်နှာပြင်ကို ထိုးဖောက်တာမို့ အရုံအတားရဲ့ စွမ်းအားကို ပျက်ပြယ်သွားစေခဲ့ပါတယ်။ သူဟာ နောက်ဆုံးမှာ မာကျိုရဲ့ အစိမ်းရောင် အလင်းတန်းလေးရဲ့ ထိုးဖောက်ခြင်းကို ခံလိုက်ရပါပြီ။

ဒီအစိမ်းရောင် အလင်းတန်းလေးဟာ မြွေတစ်ကောင်က လျှောတိုက်သွားနေတဲ့ အတိုင်း… ခရမ်းရောင် တိမ်တိုက်

အတားအဆီးကို လှည့်ပတ်ကွေ့ကောက်
သွားနေခဲ့ပြီး… ထူထဲလှတဲ့
ပိတ်ဆို့ကာရံမှုတွေကနေ
လွတ်မြောက်ချင်နေခဲ့ပါတယ်။

နောက်ဆုံး အရေးကြီးတဲ့ အဆုံးသတ်နားကို
ရောက်လာခါနီးတော့… မာကျိဟာ ပိုပိုပြီး
တည်ငြိမ်လာခဲ့ပါတယ်။

ဒီအပြုအမူဟာ အရမ်းကာရော
လုပ်ရာကျနေခဲ့ပေမဲ့… ဒါဟာ
အမှန်တကယ်တော့ မာကျိရဲ့ စိတ်ထဲမှာ
အကြိမ်ပေါင်းများစွာ စဥ်းစားထားပြီးသား

ဖြစ်ပါတယ်။ သူဟာ ခရမ်းရောင်
တိမ်တိုက်တွေရဲ့ အားအနည်းဆုံး နေရာကို
ရှာဖွေနေခဲ့ပြီး… တစ်ချိန်တည်းမှာပဲ
ဘေးပတ်ပတ်လည်က အခြား ခရမ်းရောင်
တိမ်တိုက်တွေရဲ့ ဝိုင်းဝန်းတိုက်ခိုက်မှုကိုလည်း
ရှောင်ရှားနေခဲ့တာပါ။

မာကျိုရဲ့ အပြုအမူတွေဟာ
အသက်တစ်ခါရှူချိန် အတွင်းမှာ
ပြီးမြောက်ခဲ့ပေမဲ့… ဒါက လင်းဖုန်းရဲ့
မျက်လုံးအောက်ကနေ မလွတ်နိုင်ခဲ့ပါဘူး။

"ဘယ်လောက်အထိ ဉာဏ်များတဲ့ မျှော့တစ်ကောင်လည်း?" လင်းဖုန်းက ရယ်လိုက်ပြီး... "မေးခွန်းက... မင်းက လွတ်မြောက်နိုင်မှာလား?"

မြူခိုးတွေလို ဖြစ်နေတဲ့ ခရမ်းရောင် တိမ်တိုက် အရုံအတားတွေဟာ... ချက်ချင်းဆိုသလိုပဲ ခဲသွားပြီး မာကျောသွားခဲ့ပါတယ်။

ဒီလိုမျိုး ပြောင်းလဲမှုတွေကြောင့် မာကျိုဟာ သူဖန်တီးထားခဲ့တဲ့ ချောမွေ့နေတဲ့ လမ်းကြောင်းဟာ... ရုတ်တရက်ပဲ ပိတ်သွားတယ်လို့ ခံစားလိုက်ရပါတယ်။

သူဟာ ကွေ့ကောက်သွားဖို့ မပြောနဲ့…
လှုပ်တောင်မှ မလှုပ်နိုင်တော့ပါဘူး။
ဟိုလိမ်ဒီပတ် သွားချင်နေပေမဲ့…
စိတ်သွားတိုင်း ကိုယ်မပါတော့ပါဘူး။

ဒါကဘာနဲ့ တူသလည်း ဆိုတော့…
ရေကူးနေတဲ့ လူတစ်ယောက်ဟာ
ရုတ်တရက်ပဲ သူ့ရဲ့ဘေးက ရေတွေဟာ
ခဲသွားခဲ့ပြီး… သူဟာ ရေခဲတုံးရဲ့ အထဲမှာ
ပိတ်မိနေသလိုမျိုး ဖြစ်နေခဲ့ပါတယ်။

ထင်းရှူးစေးရဲ့ အထဲမှာ ပိတ်မိနေတဲ့
ပိုးမွှားတစ်ကောင်လိုပါပဲ။ ထင်းရှူးစေးက

ခဲသွားတဲ့အခါ... အသက်ရှင်နေသေးတဲ့ ပိုးမွှားဟာ အရှင်လတ်လတ် အထဲမှာ အချုပ်ခံလိုက်ရတာပါ။

မာကျိုဟာ အခုအချိန်မှာ ထောင်ချောက်ထဲက ပိုးမွှားတစ်ကောင်လိုပါပဲ။

လင်းဖုန်းက ခရမ်းရောင် တိမ်တိုက်တွေရဲ့ အထဲကို ရောက်လာခဲ့ပြီး... အချုပ်နှောင် ခံထားရတဲ့ မာကျိုကို ကြည့်လိုက်ပါတယ်။ မာကျိုကလည်း မျက်မှောင်ကြီးကို ကြုတ်လိုက်ပြီး... "ကျုပ်က ပေါ့ဆသွားခဲ့တယ်..."

လင်းဖုန်းကလည်း ရယ်လိုက်ပြီး...
"ကိစ္စမရှိပါဘူး... နောက်တစ်ခေါက်
သတိထားပေါ့ကွာ..."

လေဟာနယ်ရဲ့ အထဲက ထွက်လာခဲ့ပြီး...
လင်းဖုန်းဟာ အင်္ကျီလက်ကို
ဝှေ့ယမ်းလိုက်ကာ ခရမ်းရောင်
တိမ်တိုက်တွေနဲ့ မာကျိုကို
သိမ်းဆည်းလိုက်ပါတယ်။ ပြီးတာနဲ့
ဖေးလျှန်ရဲ့ဘေးကို လာခဲ့လိုက်ပါတယ်။

ယန်ချင်က ဖေးလျှန်ရဲ့ အပေါ်မှာ ရှိနေခဲ့ပြီး… သတိမလစ်သွားအောင် ကြိုးစားနေခဲ့ပါတယ်။ လင်းဖုန်းကို တွေ့လိုက်တော့… သူဟာ စိတ်သက်သာရာ ရစွာနဲ့ သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး… "အရှင့်ရဲ့ နောက်တစ်ခေါက် ကူညီမှုကို အရမ်းပဲ ကျေးဇူးတင်ပါတယ် ခင်ဗျာ…"

စကားဆုံးတာနဲ့ ယန်ချင်ဟာ စိတ်ကိုလျှော့လိုက်ပြီး သတိလစ်သွားပါတော့တယ်။

လင်းဖုန်းက ဖေးလျှန်ရဲ့ကျောကို
ပုတ်လိုက်တော့… ဖေးလျှန်ကလည်း
ဝမ်လင်းနဲ့ ယန်ချင်ကို တင်ဆောင်ပြီး
လင်းဖုန်းရဲ့ အနောက်ကနေ
ယုကျင်းတောင်ပေါ်ကို
ပျံသန်းသွားခဲ့ပါတော့တယ်။

တောင်ထိပ်ပေါ်ကိုရောက်တော့…
လင်းဖုန်းဟာ ယန်ချင်ရဲ့ နဖူးကို လက်ညှိုးနဲ့
ဖိလိုက်ပါတယ်။ ကြီးကျယ်ခမ်းနားလှတဲ့
စိတ်ဝိညာဉ် စွမ်းအင်တွေဟာ ယန်ချင်ရဲ့
အော်ရာပင်လယ်ထဲကို ဝင်ရောက်သွားခဲ့ပြီး…
သူ့ရဲ့ မှော်စွမ်းအင် ကုန်ခမ်းခြင်းနဲ့ စိတ်ဝိညာဉ်

ဒဏ်ရာရခြင်းတို့ကို တစ်ပြိုင်နက်
ကုစားပေးခဲ့လိုက်ပါတယ်။

ဒီအချိန်မှာတော့ ယန်ချင်ရဲ့ စိတ်ဝိညာဉ်ဟာ
အက်ကွဲကြောင်းတွေ ပြည့်နေတဲ့
အိုးတစ်လုံးလိုပါပဲ… လုံးဝကို ပြိုကွဲသွားဖို့
နည်းနည်းလေးပဲ လိုတော့တာပါ။

ယုကျင်းတောင်ပေါ်က မျှားပြားလှတဲ့
စိတ်ဝိညာဉ် စွမ်းအင်တွေရဲ့
အားဖြည့်ပေးမှုကနေ… ယန်ချင်ရဲ့
အက်ကွဲနေတဲ့ စိတ်ဝိညာဉ်ဟာ လျှင်မြန်စွာနဲ့ပဲ
သက်သာလာခဲ့ပါတယ်။

အချိန်အတော်ကြာတော့ ယန်ချင်ဟာ နောက်ဆုံးမှာ နိုးထလာခဲ့ပါတယ်။ ခဏတာလောက် ဘာဖြစ်နေမှန်းကို မသိခဲ့ပဲ... သူ့ရဲ့ မျက်လုံးတွေဟာ တဖြေးဖြေးနဲ့ ကြည်လင်လာခဲ့ပြီး... သူ့ရဲ့အရှေ့မှာ ရပ်နေတဲ့ လင်းဖုန်းကို တွေ့လိုက်ရပါပြီ။

သူဟာ ချက်ချင်းပဲ ထထိုင်လိုက်ပြီး လင်းဖုန်းရဲ့ အရှေ့မှာ ဒူးထောက်လိုက်ပါတယ်... "အရှင့်ရဲ့ အသက်ကယ်ပေးမှုကို ရင်ထဲကနေပြီး

လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ် ခင်ဗျာ..."

လင်းဖုန်းကလည်း သူ့ရဲ့ အကျီလက်စကို ရှမ်းကနဲ ဝှေ့ယမ်းလိုက်ပြီး... "မင်းက တစ်ခုခုကို အသစ်ပြန်ပြီး တည်ဆောက်ချင်ရင်... အဟောင်းတွေကို ဖျက်ပစ်မှရမယ်။ အခုဖြစ်သွားတာက မင်းရဲ့ ကံကောင်းမှုနဲ့ အခွင့်အရေးတွေကို အပိုင် အသုံးချနိုင်မှုတွေကြောင့်ပဲ ဖြစ်တယ်ကွ..."

သူ့ရဲ့ စကားတွေကို ကြားလိုက်ရတော့... ယန်ချင်ဟာ အပြည့်အဝ နိုးထလာခဲ့ပြီး

ပြောလိုက်ပါတယ်…
"ကျေးဇူးကြီးလှပါတယ်… အကြီးအကဲ…"
အခုအချိန်မှာ သူဟာ လုံးဝကို
တည်ငြိမ်နေခဲ့ပြီး… သူ့ရဲ့
အော်ရာပင်လယ်ထဲကို စိတ်ဝိညာဉ်
စွမ်းအင်တွေကို လမ်းညွှန်နေခဲ့ပါတယ်။

သူ့ရဲ့ အော်ရာပင်လယ်ထဲမှာ ကြီးမားလှတဲ့
ကျောက်စိမ်းရောင် ရေစီးကြောင်း တစ်ခုဟာ
ရုတ်တရက်ပဲ ထိုးတက်လာခဲ့ပါတယ်။
ဒါကတော့ စိတ်ဝိညာဉ် စွမ်းအင်တွေကို
စုပ်ယူပြီး ပိုပြီးတော့ အားကောင်းလာတဲ့…

မဟာလမင်း အကြွင်းမဲ့ရေပဲ
ဖြစ်ပါတော့တယ်။

လင်းဖုန်းရဲ့ အသိစိတ်ဟာ ယန်ချင်ရဲ့
ခန္ဓာကိုယ် အတွင်းကို ဝင်ရောက်သွားခဲ့ပြီး…
မဟာလမင်း အကြွင်းမဲ့ရေကို တိတ်ဆိတ်စွာ
လေ့လာနေခဲ့ပါတယ်။ သူ့အခုလေးတင်
နားလည်ခဲ့တဲ့ မဟာကောင်းကင်
နေမင်းရောင်စဥ် ကျမ်းစာဟာ… မဟာလမင်း
အကြွင်းမဲ့ရေနဲ့ အပြန်အလှန်
ထောက်ခံနေကြတယ်လို့ ရင်ထဲကနေ
ခံစားနေခဲ့မိပါတယ်။

မဟာသူရိယ အကြွင်းမဲ့ မီးတောက်နဲ့
မဟာလမင်း အကြွင်းမဲ့ရေတို့ဟာ
ရန်သူတော်ကြီးတွေ ဖြစ်ကြပါတယ်။
နှစ်ဦးနှစ်ဘက် စလုံးဟာ
အစွန်းရောက်ဝါဒီတွေ ဖြစ်ကြပါတယ်…
ဒါပေမဲ့လည်း အပြင်လောကမှာ နေမင်းနဲ့
လမင်းတို့ဟာ ပြိုင်ဘက်တွေ
ဖြစ်နေကြပေမဲ့… သူတို့နှစ်ခုဟာ အမြဲတမ်း
ဆက်စပ်နေကြတာပါ။

လင်းဖုန်းဟာ မဟာကောင်းကင်
နေမင်းရောင်စဥ် ကျမ်းစာကို အသုံးပြုပြီး…
မဟာလမင်း အကြွင်းမဲ့ရေရဲ့ သဘောတရား

နည်းလမ်းတွေကို နားလည်ဖို့
အသုံးချခဲ့ပါတယ်။

သူ့ရဲ့စိတ်ဟာ ယန်ချင်ရဲ့ ကိုယ်ထဲက
မဟာလမင်း အကြွင်းမဲ့ရေကို ဖြေးဖြေးချင်း
ထိန်းချုပ်နေခဲ့ကာ… ထူးခြားတဲ့
ပုံစံတစ်ခုအတိုင်း ရွေ့လျားနေခဲ့ပါတယ်။

ယန်ချင်ကလည်း မဟာလမင်း
အကြွင်းမဲ့ရေကို ရရှိခဲ့တာ
အချိန်အတော်ကြာခဲ့ပြီ ဖြစ်လို့… သူ့ရဲ့ ပုံစံနဲ့
သဘောတရား အချို့ကို နားလည်ခဲ့ပြီ
ဖြစ်ပါတယ်။ ဒီအကြွင်းမဲ့ရေရဲ့ ရွေ့လျားပုံနဲ့

ပတ်သတ်ပြီး… သူ့ရဲ့ သဘောပေါက်
နားလည်နိုင်မှုဟာ လင်းဖုန်းနဲ့ အံဝင်ခွင်ကျ
ဖြစ်နေခဲ့ပြီး… လိုအပ်နေတဲ့ အပိုင်းတချို့ကို
ဖြည့်ပေးနိုင်ခဲ့ကာ နှစ်ယောက်စလုံးရဲ့
နားလည်နိုင်စွမ်းဟာ ဖြေးဖြေးချင်း
အဆင့်တူလာခဲ့ပါတယ်။

နောက်ဆုံးမှာတော့ လျှို့ဝှက်ဆန်းကြယ်တဲ့
စာတွေဟာ မဟာလမင်း အကြွင်းမဲ့ရေရဲ့
အထဲကနေ အဆက်မပြတ်ပဲ ထွက်လာခဲ့ပြီး…
ကျမ်းစာတစ်စောင် အဖြစ်ကို
အသွင်ပြောင်းသွားခဲ့ပါတယ်။

လင်းဖုန်းရဲ့ ခန္ဓာကိုယ်ထဲက
မှော်စွမ်းအင်တွေကလည်း... ဒီကျမ်းစာရဲ့
ရွေ့လျားပုံအတိုင်း လိုက်ပြီးမှ
ရွေ့လျားနေခဲ့ပါတယ်။

ခဏအကြာမှာတော့... လင်းဖုန်းရဲ့
ညာဘက်လက်ဟာ မှော်ကျိန်စာ တစ်ခုကို
ထုတ်လွှတ်လိုက်ပြီး... ကျောက်စိမ်းတုံး
တစ်တုံးနဲ့တူတဲ့ အစိမ်းရောင် ရေစက်လေး
တစ်စက်အဖြစ်ကို သိပ်သည်းသွားခဲ့ပါတယ်။

"ဒီမှော်ကျိန်စာကို 'မဟာလမင်းကို
သဘောပေါက် နားလည်ခြင်း'လို့

နာမည်ပေးရမယ်ကွ။ လင်းဖုန်းက ပြုံးဖြီးဖြီး ဖြစ်သွားခဲ့ပြီး တွေးနေခဲ့ပါတယ်… "ငါက နိုင်ငံတို့၏ စာအုပ်က မပြည့်စုံသေးတဲ့ အစိတ်အပိုင်းတွေကို ဖြည့်ဆည်းနိုင်ခဲ့ပြီဆိုတော့… လိုအပ်တဲ့ အရာအားလုံးကို ရရှိသွားခဲ့ပြီ…"

သူဟာ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာဘက်ကို ခေါင်းလှည့်ကြည့်လိုက်ပါတယ်… ရှောင်ယန်နဲ့ ကျန်တဲ့သုံးယောက်သားဟာ အဲ့ဒီမှာ ကျင့်ကြံနေကြတာပါ။

"အခုအချိန်မှာ လိုအပ်နေတာ တစ်ခုပဲ ကျန်တော့တယ်။ ငါ့ရဲ့ အစီအစဥ်တွေဟာ ချောချောမွေ့မွေ့ ဖြစ်လာတာပဲ။ အခုအချိန်မှာ တစ်ခုကလွဲလို့ အကုန်လုံးက ပြင်ဆင်ပြီးနေခဲ့ပြီ..."

လင်းဖုန်းက ယန်ချင်ကို စိုက်ကြည့်နေခဲ့ပါတယ်။ သူ့ရဲ့ ကိုယ်ထဲက မဟာလမင်း အကြွင်းမဲ့ရေဟာ ပိုပိုပြီးတော့ အားကောင်းလာခဲ့ပြီး... နောက်ဆုံးမှာတော့ သူ့ရဲ့ အော်ရာပင်လယ်ထဲမှာ မြင့်မားတဲ့ စိတ်ဝိညာဥ် တာဝါကို စတင်ထူထောင်နိုင်ခဲ့ပါတယ်။

"ငါကမင်းကို နောက်တစ်ခေါက်
ကူညီလိုက်ဦးမယ်..." လင်းဖုန်းက
ပြုံးလိုက်ပြီး သူ့ရဲ့ လက်နဲ့
ညွှန်ပြလိုက်ပါတယ်။ မဟူရာကောင်းကင်
ရတနာသစ်ပင်က သစ်ရွက်တစ်ခုဟာ
ကျဆင်းလာခဲ့ပြီး... ကောင်းကင်အလင်းတန်း
တစ်ခုအဖြစ်ကို ပြောင်းသွားခဲ့ကာ...
ယန်ချင်ရဲ့ နဖူးထဲကို ဝင်သွားခဲ့ပါတယ်။

ယန်ချင်ရဲ့ ခန္ဓာကိုယ်ဟာ တုန်ခါသွားခဲ့ပြီး...
သူ့ရဲ့ အော်ရာပင်လယ်ထဲက စိတ်ဝိညာဉ်
တာဝါဟာ တစ်ဆင့်ပြီးတစ်ဆင့် ပိုပိုပြီးတော့

မြင့်တက်လာခဲ့ကာ... နောက်ဆုံးမှာတော့
ကိုးဆင့်အထိကို ရောက်သွားခဲ့ပါတယ်။

ပထမအဆင့် စိတ်ဝိညာဉ် တာဝါ!

ကျောက်စိမ်းရောင် သန်းနေတဲ့ ပထမအဆင့်
စိတ်ဝိညာဉ် တာဝါဖြစ်ပြီး...
လျှို့ဝှက်ဆန်းကြယ်မှုတွေနဲ့
ပြည့်နေခဲ့ပါတယ်။

လင်းဖုန်းက ယန်ချင်ကို ကြည့်လိုက်ပြီး
အံ့အားသင့်သွားခဲ့ပါတယ်... "အမ်... သူ့ကို
ကြည့်ရတာ ယွဲ့ဟုန်ယန်က စိတ်ဝိညာဉ်

တာဝါကို ထူထောင်တုံးကထက်တောင်
သက်တောင့်သက်သာ ရှိလှချည်လား..."

သူဟာ စွမ်းရည်စိစစ်တဲ့ ကိရိယာကို
ထုတ်လိုက်ပြီး ယန်ချင်ကို
စစ်ဆေးကြည့်လိုက်တော့... သူ့ရဲ့
မျက်လုံးအစုံဟာ ပြူးကျယ်သွားခဲ့ပါတယ်။

## စာစဥ် ၁၂ : အပိုင်း ၄

## အပိုင်း ၂၀၄ : မဟာကောင်းကင်
## တာအိုကျမ်းစာ အခန်း၂

ယွဲ့ဟုန်ယန်ရဲ့ ပင်ကိုစွမ်းရည် အလားအလာ တန်ဖိုးတို့ဟာ အောက်ပါအတိုင်း ဖြစ်ကြတာပါ… အရိုးအရင်းမြစ် -> ၈… သဘောပေါက် နားလည်နိုင်စွမ်း -> ၈… စိတ်စွမ်းအား -> ၇… ကောင်းချီးမင်္ဂလာ -> ၇။

အရိုးအရင်းမြစ်ရော သဘောပေါက် နားလည်နိုင်စွမ်းပါ ၈မှတ်ရခဲ့ပြီး… ဒါကလည်း တွေ့ဖို့ အမတန် ခက်ခဲတာပါ။ ဒါပေမဲ့လည်း သူမဟာ ပထမဆုံး စိတ်ဝိညာဉ် တာဝါကို ထူထောင်တုံးက… လင်းဖုန်းရဲ့ မဟူရာကောင်းကင် ရတနာသစ်ပင်က သစ်ရွက်ရဲ့ အကူအညီကိုသာ မရခဲ့ရင်…

သူမဟာ ဒုတိယအဆင့် စိတ်ဝိညာဉ်
တာဝါကိုသာ ထူထောင်နိုင်မှာပဲ ဖြစ်ပါတယ်။

လင်းဖုန်းရဲ့ အကူအညီနဲ့တောင်မှ.. သူမရဲ့
ပထမအဆင့် စိတ်ဝိညာဉ် တာဝါကို
စွန့်စားပြီးမှ ရခဲ့တာပါ။

အခုတော့ ယန်ချင်ရဲ့ ပထမအဆင့်
စိတ်ဝိညာဉ် တာဝါကို ထူထောင်တာဟာ
သိပ်ပြီးတော့ ခက်ခဲနေတဲ့ပုံ မပေါ်ပါဘူး။
အနည်းဆုံးတော့ လင်းဖုန်း
ခန့်မှန်းထားတာထက်ကို
ပိုလွယ်နေခဲ့ပါတယ်… သူက သံသယစိတ်တွေ

ဝင်လာတဲ့ အထိပါပဲ။ ဘယ်အချိန်ကစပြီး
ပထမအဆင့် စိတ်ဝိညာဉ် တာဝါကို
ထူထောင်ဖို့က ဒီလောက်အထိ
လွယ်သွားရတာလည်း?

ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
ပါရမီရှင်တွေကို စုဆောင်းတဲ့
အဖွဲ့အထဲမှာတောင်... ကျင့်ကြံသူတိုင်းက
ပထမအဆင့် စိတ်ဝိညာဉ် တာဝါကို
ထူထောင်နိုင်ကြတာ မဟုတ်ပါဘူး။

ယန်ချင်က ကျင့်ကြံနေခဲ့တဲ့
တာအိုနည်းစနစ်တွေဟာ သူ့ရဲ့

တိမ်တိုက်ရေပြင်ဆိုတဲ့ ဂိုဏ်းသေးသေးလေးရဲ့
အာပလာ နည်းစနစ်တွေ
မဟုတ်တော့တာကတော့ မှန်ပါတယ်။
မဟာလမင်းကို နားလည်ခြင်းဟာ…
စွမ်းအားကြီးသော ကမ္ဘာဖျက် မီးတောက်
နည်းစနစ်ထက်ကို ပိုပြီးတော့
အဆင့်မြင့်ပါတယ်။ ဒါပေမဲ့လည်း
ယန်ချင်အနေနဲ့… ပထမအဆင့် စိတ်ဝိညာဉ်
တာဝါကို ဒီလောက်အထိ လွယ်လွယ်လေးနဲ့
ရရှိတာက ပုံမှန်မဟုတ်ပါဘူး။

ဒါကလည်း လင်းဖုန်းကို မသိစိတ်ထဲက သူ့ရဲ့
စွမ်းရည်စိစစ်တဲ့ ကိရိယာကို ထုတ်ပြီးတော့…

ယန်ချင်ကို စစ်ဆေးစေခဲ့တာပါ။ ယန်ချင်ကို စစ်ဆေးပြီးတာနဲ့… လင်းဖုန်းဟာ ယန်ချင်မှာ ကိုယ်ပိုင်ဂိုဏ်း ရှိပြီးသား ဆိုတာကို အမှတ်ရလိုက်ပါတယ်။

ဒါပေမဲ့လည်း စွမ်းရည်စိစစ်တဲ့ ကိရိယာက ယန်ချင်ရဲ့ အလားအလာ တန်ဖိုးတွေကို ဖော်ပြလိုက်တော့… လင်းဖုန်းဟာ အံ့အားသင့်သွားခဲ့ပါတယ်…
"ဘာဖြစ်သွားတာလည်း? ယန်ချင်ရဲ့ ဂိုဏ်းကလည်း ဒုက္ခရောက်သွားတာလား?"

ယွဲ့ဟုန်ယန်ကလည်း ဒီအတိုင်းပါပဲ... အခု ယန်ချင်ကလည်း ဒီအတိုင်း ဖြစ်နေခဲ့ပါတယ်။

လင်းဖုန်းဟာ ရုတ်တရက်ပဲ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသလိုမျိုး ခံစားလာခဲ့ရပါတယ်... "ငါ့မှာလည်း ကျိန်စာသင့် အထီးကျန်ကြယ် ဖြစ်ဖို့ ကံပါလာတယ်လို့တော့ မပြောပါနဲ့။ ငါနဲ့ တွေ့တဲ့သူတွေက ဂြိုလ်ဆိုးဝင်ကုန်ကြတာလား?"

ဒီတွေ့ရှိမှုဟာ လင်းဖုန်းကို မပျော်မရွှင် ဖြစ်စေခဲ့ပါတယ်။ ဒါက သူ့ကို ကံကြမ္မာ ကြီးမားတဲ့ လူတစ်ယောက်လို့ နိမိတ်ဖတ်လို့

ရပေမဲ့… ဂြိုလ်ဆိုးမွေဆိုး ဖြစ်ရခြင်းဟာ ပျော်ရွှင်ဖို့ကောင်းတဲ့ အရာတစ်ခု မဟုတ်ပါဘူး။

အထူးသဖြင့် လင်းဖုန်းဟာ 'အထီးကျန်ဖြစ်ဖို့ ဇာတာပါလာတယ်' ဆိုတဲ့ စာသားကို တွေးမိတာနဲ့… ပိုပြီးတော့ တုန်လှုပ်လာခဲ့ပါတယ်… "မင်းကငါ့ကို လာနှောက်နေတာလား? ငါက ဒီလိုကြီးတော့ မဖြစ်ချင်ပါဘူး!"

သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး… လင်းဖုန်းဟာ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်လိုက်ပါတယ်…

"ငါက နေရာဒေသ အသီးသီးက ကျိန်စာသင့် အထီးကျန် ကြယ်တွေနဲ့ ကံစပ်နေတာပဲ ဖြစ်မှာပါ။ ဒီလိုပဲ ဖြစ်ရမှာပဲ…"

သူ့ရဲ့စိတ်ထဲက လျှောက်တွေးနေတဲ့ အတွေးတွေကို မောင်းထုတ်လိုက်ပြီး… လင်းဖုန်းဟာ ယန်ချင်ရဲ့ အလားအလာ တန်ဖိုးတွေရဲ့ အပေါ်မှာ အာရုံစိုက်လိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေဟာ အချက်အလက် တွေရဲ့ အပေါ်မှာ စိုက်ကြည့်နေခဲ့ပြီး… အံ့အားသင့်နေခဲ့ပါတယ်။

အရိုးအရင်းမြစ်ရော.. သဘောပေါက်နားလည်နိုင်စွမ်းပါ ဇမှတ်ရပါတယ်။

မြတ်စွာဘုရား!

လင်းဖုန်းဟာ သူ့ရဲ့ ခေါင်းကိုမော့လိုက်ပြီး… ယန်ချင်ကို ကြည့်လိုက်ကာ ရင်ထဲက လှုပ်ရှားနေခဲ့ပါတယ်… "မင်းကလည်း ပါရမီရှင်လေး တစ်ယောက်ပဲ!"

အရိုးအရင်းမြစ်နဲ့ သဘောပေါက်နားလည်နိုင်စွမ်းဟာ ဇမှတ်စီ ရထားပြီး…

ပေါင်းလိုက်ရင် ၁၈မှတ် ရပါတယ်။
ဒါကဘာကို ဆိုလိုနေတာလည်း?

ကျန်တဲ့လူတွေကို ကြည့်လိုက်ရင် အဖြေကို
သဘောပေါက်လာပါလိမ့်မယ်။

ရှောင်ပုတန်လေးရဲ့ အရိုးအရင်းမြစ်က
၁၀မှတ်... သဘောပေါက် နားလည်နိုင်စွမ်းက
၈မှတ်... ပေါင်းလိုက်ရင် ၁၈မှတ်။

ရှောင်ယန်ရဲ့ အရိုးအရင်းမြစ်က ၈မှတ်...
သဘောပေါက် နားလည်နိုင်စွမ်းက ၉မှတ်...
ပေါင်းလိုက်ရင် ၁၇မှတ်။

ဇူရီရဲ့ အရိုးအရင်းမြစ်က ၇မှတ်…
သဘောပေါက် နားလည်နိုင်စွမ်းက ၉မှတ်…
စုစုပေါင်းလိုက်ရင် ၁၆မှတ်။

ဝမ်လင်း… သူ့ကိုတော့ ထားလိုက်ပါတော့။
ဝမ်လင်းရဲ့ အရှေ့မှာ အရိုးအရင်းမြစ်
အကြောင်းကို မပြောတာပဲ ကောင်းလိမ့်မယ်။
မဟုတ်ရင် စိတ်မကောင်းစရာတွေ
ဖြစ်ကုန်လိမ့်မယ်။

သူတို့တတွေကလွဲရင်… လင်းဖုန်းက
စိစစ်ထားတဲ့ အလားအလာ တန်ဖိုးကောင်းတဲ့

သူတွေထဲမှာ... ရှောင်ယန်ရဲ့
မိဘုရားလောင်းလေး ရှောင်ကျန်းအာဟာ
အရိုးအရင်းမြစ် ၉မှတ်... သဘောပေါက်
နားလည်နိုင်စွမ်းက ၈မှတ်...
စုစုပေါင်းလိုက်ရင် ၁၇မှတ် ရှိပါတယ်။

ယွဲ့ဟုန်ယန်ရဲ့ အရိုးအရင်းမြစ်ရော...
သဘောပေါက် နားလည်နိုင်စွမ်းကပါ
၈မှတ်ဆီဆိုတော့... ပေါင်းလိုက်ရင် ၁၆မှတ်
ရပါတယ်။

ရိုးရှင်းစွာနဲ့ ပြောရရင်... ယန်ချင်ရဲ့
အရိုးအရင်းမြစ်နဲ့ သဘောပေါက်

နားလည်နိုင်စွမ်းတို့က ဇမှတ်ဆီ ရနေတာဟာ... ပန်းတိုင် အစစ်အမှန်တို့ကို ပိုင်ဆိုင်ထားတဲ့ ရှောင်ယန်နဲ့ ဇူရီတို့ထက်တောင် ပိုများနေပါသေးတယ်။

လင်းဖုန်းက ယန်ချင်ကို တည့်တည့်ပဲ စိုက်ကြည့်နေခဲ့ပါတယ်... "မင်းက မင်းရဲ့ သဘာဝ အစစ်အမှန်ကို မဖော်ပြထားဘူးပဲ... ဒီအတိုင်း ဆိုရင်တော့ မင်းရဲ့ စိတ်စွမ်းအားနဲ့ ကောင်းချီးမင်္ဂလာကလည်း... နေပါဦး!"

ကောင်းချီးမင်္ဂလာက ဇမှတ်ပဲရတယ်။

ဒါက ဇူရီကို မယှဉ်နိုင်ပေမဲ့... ရှောင်ယန်.. ရှောင်ပုတန်နဲ့ ဝမ်လင်းတို့ထက်တော့ အောက်မကျပါဘူး။ သူက လူတွေအများကြီးရဲ့ အထဲကနေ မဟာလမင်း အကြွင်းမဲ့ရေကို ရယူနိုင်ခဲ့တာ အဆန်းတော့ မဟုတ်ပါဘူး။

ဒါပေမဲ့ စိတ်စွမ်းအားက ငါးမှတ်ပဲ ရပါတယ်... ဒါက ဘာကို ဆိုလိုနေတာလည်း?

လင်းဖုန်းဟာ ယန်ချင်ရဲ့ အချက်အလက်တွေကို တွေတွေကြီး

စိုက်ကြည့်နေခဲ့ပါတယ်... အနည်းငယ်
စိတ်ခတ်ကျသွားလို့ပါ။

တစ်ယောက်ယောက်က ရေခဲရေနဲ့
လောင်းချလိုက်သလိုမျိုး... သူ့ရဲ့
တောက်လောင်နေတဲ့ နှလုံးသားဟာ
ပြန်ပြီးတော့ အေးခဲသွားခဲ့ပါတယ်။
လင်းဖုန်းဟာ တိတ်ဆိတ်နေတဲ့ ယန်ချင်ရဲ့
မျက်နှာကို ကြည့်လိုက်ပြီး...
ဘာလုပ်ရမှန်းမသိ ဖြစ်သွားခဲ့ပါတယ်။

"စိတ်စွမ်းအား ငါးမှတ်... စိတ်စွမ်းအား
ငါးမှတ်..." လင်းဖုန်းက သူ့ရဲ့ ခေါင်းကို

ခါလိုက်ပြီး… ခါးသီးစွာနဲ့ ရယ်လိုက်ပါတယ်။ စိတ်စွမ်းအား ငါးမှတ်ဟာ ထင်ထားတာထက် အများကြီး ပိုနည်းနေခဲ့တာပါ။

ဒါက ဘာကို ဆိုလိုနေသလည်း ဆိုတော့ ယန်ချင်ဟာ စိတ်ပြဿနာရှိပြီး… လေးနက်တဲ့ ကိစ္စတွေကို ကောင်းစွာ ကိုင်တွယ်နိုင်မှာ မဟုတ်ပါဘူး။ အတားအဆီးတွေနဲ့ ရင်ဆိုင်ရရင်လည်း… သူဟာ လွယ်လွယ်နဲ့ အလျှော့ပေးလိုက်မှာပါ။

ပြီးတော့ သူ့ရဲ့ စိတ်ခံစားချက်တွေကလည်း လွယ်ကူစွာနဲ့ အတက်အကျ မြန်ပါတယ်။

ဥပမာ အနေနဲ့ သူ့ကို ဒေါသထွက်အောင်..
နာကျင်ခံစားရအောင် လုပ်ဖို့လွယ်ပြီး...
သူတပါးတွေရဲ့ ထင်မြင်မှုကို လိုတာထက်ပိုပြီး
အာရုံစိုက်နေမှာပါ။

စိတ်စွမ်းအား ကောင်းတဲ့ သူတွေဟာ သူတို့ကို
နှိမ့်ချတဲ့ သူတွေကို ပြန်ပြီးတော့ တွန်းလှန်ဖို့...
သူတို့ကိုယ် သူတို့ သက်သေပြဖို့
ကြိုးစားကြမှာပါ။

စိတ်စွမ်းအား နည်းတဲ့သူတွေကတော့...
သူတပါးက သူတို့ကို မေးခွန်းထုတ်လိုက်ရင်...

သူတို့က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု နည်းပါးစွာနဲ့ နိမ့်ကျတယ်လို့ ခံစားမိမှာပါ။

လင်းဖုန်းဟာ သူနဲ့ယန်ချင်တို့ရဲ့ ဆက်ဆံရေးကို ပြန်ပြီးတော့ စဉ်းစားနေခဲ့ပါတယ်။ သူဟာ ဖော်ရွေတဲ့ စရိုက်ရှိပြီး နူးညံ့သိမ်မွေ့ပါတယ်။ သူ့ရဲ့ တစိတ်တပိုင်းဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိပဲ... သိမ်ငယ်တဲ့ သဘောထားရှိတာပါ။

"ဒီလောကအထိနည်းတဲ့ စိတ်စွမ်းအားဟာ... သူ့အနာဂတ်ရဲ့ အောင်မြင်မှုတွေကို

ရိုက်ခတ်နိုင်မှာ အသေအချာပဲ..." လင်းဖုန်းက သက်ပြင်းကိုသာ ချလိုက်ပါတယ်။ စိတ်စွမ်းအား ငါးမှတ်ဟာ ဘာကိုပြသနေသလည်း ဆိုရင်... ယန်ချင်ဟာ သူ့အရိုးအရင်းမြစ်နဲ့ သဘောပေါက် နားလည်နိုင်စွမ်း အလားအလာတွေကို အနည်းဆုံး တစ်ဝက် လျှော့ချလိုက်တာနဲ့ အတူတူပါပဲ။

ရှေ့လျှောက်ပြီးတော့ ဘာမှ ပြင်ဆင်မှု မရှိခဲ့ဘူးဆိုရင်... ယန်ချင်ရဲ့ အနာဂတ်က ရလဒ်တွေဟာ ထင်ထားတာထက် အများကြီးနည်းမှာ အသေအချာပါ။

လင်းဖုန်းဟာ ယန်ချင်ကို မည်းမှောင်စွာနဲ့ ကြည့်လိုက်ပါတယ်... "မင်းနဲ့ ဝမ်လင်းတို့ဟာ တကယ့်ကို ဆန့်ကျင်ဘက် အစွန်းနှစ်ဘက်ပဲ..."

အရိုးအရင်းမြစ်နဲ့ သဘောပေါက် နားလည်နိုင်စွမ်းက ၉မှတ်စီ... စိတ်စွမ်းအားက ၅မှတ်နဲ့ ကောင်းချီးမင်္ဂလာက ၈မှတ်ဆိုတော့... စုစုပေါင်း ရမှတ်ဟာ ၃၁မှတ် ဖြစ်ပြီး ယွဲ့ဟုန်ယန်ထက် အနည်းငယ် သာပါတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်ဟာ ဆက်ပြီးတော့ တိုးတက်လာခဲ့ရင်...

ယန်ချင်ဟာ ယွဲ့ဟုန်ယန်ရဲ့
ကျော်တက်ခြင်းကို ခံရမှာ အသေအချာပါပဲ။

အရိုးအရင်းမြစ်နဲ့ သဘောပေါက်
နားလည်နိုင်စွမ်းတို့ဟာ အောက်ခြေက
အကန့်အသတ်တွေကို ဆုံးဖြတ်ပေးပြီး...
စိတ်စွမ်းအားနဲ့ ကောင်းချီးမင်္ဂလာတို့ဟာ
အထက်ပိုင်းက အကန့်အသတ်တွေကို
သတ်မှတ်ပေးတာပါ။

သူ့ရဲ့ အော်ရာပင်လယ် အထဲက စိတ်ဝိညာဥ်
တာဝါက တည်ငြိမ်သွားတော့... ယန်ချင်ဟာ
သူ့ရဲ့ မျက်လုံးတွေကို ဖွင့်လိုက်ပြီး

လင်းဖုန်းကို ကြည့်လိုက်ကာ ဦးညွှတ်လိုက်ပါတယ်... "အရှင့်ရဲ့ ထပ်ခါထပ်ခါ ကူညီမှုတွေကို ကျွန်တော်က ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး..."

လင်းဖုန်းကလည်း သူ့ရဲ့ ပူပန်မှုတွေကို ဘေးချထားခဲ့ကာ... ယန်ချင်နဲ့ စကားစမြည် ပြောနေခဲ့ပါတယ်။

ယန်ချင်က မီးလျှံကျိုးကန်း မိစ္ဆာအုပ်ချုပ်သူနဲ့ တွေ့ခဲ့တဲ့ အကြောင်းကို ကြားလိုက်ရတော့... လင်းဖုန်းဟာ သူလွတ်လာတာက ကံကောင်းတယ်လို့ တွေးလိုက်ပါတယ်။

မီးလျှံကျီးကန်း မိစ္ဆာအုပ်ချုပ်သူ ဆီကနေ
လွတ်မြောက်လာခဲ့ပြီးနောက်မှာ...
ယန်ချင်ဟာ သူ့ရဲ့ တိမ်တိုက်ရေပြင်ဂူကို
ပြန်သွားခဲ့ပြီး... ဂိုဏ်းက အကြီးအကဲတွေကို
အမှန်အတိုင်း ပြန်လည်တင်ပြ ခဲ့ပါတယ်။
ဘာဖြစ်လို့လည်း ဆိုတော့ ဒီသတင်းကသာ
ပြန့်သွားခဲ့ရင်... လေနတ်ဘုရားဂိုဏ်းဟာ
သူက လင်းဖုန်းနဲ့ အဆက်အသွယ် ရှိမှန်းကို
သိသွားမှာမို့ပါ။

လင်းဖုန်းကလည်း သက်ပြင်းတစ်ချက်ချလိုက်ပြီး... "ငါ့ကြောင့်ဒုက္ခရောက်သွားတာပေါ့..."

ယန်ချင်ကလည်း သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး... "ကျွန်တော်က အရှင့်ကို ဘယ်လိုလုပ်ပြီးအပြစ်တင်လို့ ရမှာလည်း? လေနတ်ဘုရားဂိုဏ်းကသာ မိုလ်ကျပြီး... မဟုတ်တဲ့ အလုပ်တွေကို ကြံစည်နေတာ..."

လင်းဖုန်းကလည်း ထပ်မေးလိုက်ပါတယ်... "မင်းရဲ့ဂိုဏ်းရဲ့ အခြေအနေကရော?"

ယန်ချင်က သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး...
"ဒီကိစ္စနဲ့ မဆိုင်ပါဘူး။ လေနတ်ဘုရားဂိုဏ်းက မလာခင်မှာပဲ... တိမ်တိုက်ရေပြင်ဂူဟာ ကပ်ဆိုးဘေးဆိုးကြီးနဲ့ ကြုံတွေ့ခဲ့ရတာပါ။ ကျွန်တော်ကလည်း အဲ့ဒီအချိန်မှာ အဝေးကို ရောက်နေတော့... ဒီကပ်ဆိုးကနေ လွတ်လာခဲ့တာပါပဲ..."

သူက ပြန်စဉ်းစားလိုက်ပြီး...
"အဲ့ဒီအချိန်တုံးက ကျွန်တော်က အဝေးကြီးကို ရောက်နေခဲ့ပြီး... တိမ်တိုက်ရေပြင်ဂူမှာ အစိမ်းရောင် မီးတောက်တွေ တောက်လောင်နေခဲ့တာကို

တွေ့လိုက်ရတယ်။ ကျွန်တော် ရောက်သွားတဲ့ အချိန်မှာ… မီးက ငြိမ်းသွားခဲ့ပြီဖြစ်ပြီး တိမ်တိုက်ရေပြင်ဂူ တစ်ခုလုံးကတော့ ပြာပုံဖြစ်သွားခဲ့ပြီ…"

"အစိမ်းရောင် မီးတောက်?" လင်းဖုန်းရဲ့ ပထမဆုံး တုံ့ပြန်မှုဟာ အကြွင်းမဲ့မီးတောက် ခုနစ်ပါးထဲမှာ တစ်ခုအပါအဝင် ဖြစ်တဲ့… အစစ်အမှန် ခိစတိဂါဘာ မီးရှူးတိုင်ကို စဉ်းစားမိတာပါ။

ကမ္ဘာပေါ်က စိတ်ဝိညာဉ် မီးတောင်တွေကို ပြောရမယ်ဆိုရင်… အစိမ်းရောင်

မီးတောက်တွေထဲမှာ အထင်ရှားဆုံးဟာ
ခိစတိဂါဘ အစစ်အမှန် မီးရှူးတိုင်ပဲ
ဖြစ်ပါတယ်။ ဒီမီးတောက်ဟာ
မြေကြီးအနှယ်ဝင် မီးတောက်တွေ အားလုံးရဲ့
အဆီအနှစ် ဖြစ်ပြီး... သူ့ရဲ့ အရောင်ဟာ
အစိမ်းနုရောင်ဖြစ်ကာ အဆုံးမဲ့
စွမ်းအားတွေကို ပိုင်ဆိုင်ထားပါတယ်။

လင်းဖုန်းဟာ စဥ်းစားနေရင်း စိတ်ဟာ
အနည်းငယ် လှုပ်ရှားသွားခဲ့ပါတယ်...
"ခိစတိဂါဘ အစစ်အမှန် မီးရှူးတိုင်...
ခိစတိဂါဘ အစစ်အမှန် မီးရှူးတိုင်..."

ယန်ချင်ရဲ့ လေသံဟာ ကြေကွဲတဲ့ပုံ
ပေါက်နေခဲ့ပြီး မျက်ရည်တွေတောင်
ဝဲလာခဲ့ပါတယ်... "ကျွန်တော်ဟာ
ကျွန်တော့်ရဲ့ ဂိုဏ်းတူ ညီအစ်ကိုတွေရဲ့
အကြွင်းအကျန်တွေကို
စုဆောင်းနေတုံးမှာပဲ...
လေနတ်ဘုရားဂိုဏ်းက လူတွေဟာ
ကျွန်တော့်ကို လာပြီးမှ ဖမ်းတော့တာပါပဲ။
ကျွန်တော်က သူတို့ရဲ့ လက်ထဲကနေ
လွတ်အောင် ပြေးလိုက်ရတော့...
ကျန်တဲ့သူတွေရဲ့ ရုပ်အလောင်းတွေကိုတောင်
စုဆောင်းပြီးမှ မမြှုပ်နှံလိုက်ရဘူး..."

လင်းဖုန်းက သက်ပြင်းကိုသာ ချလိုက်ပြီး... ယန်ချင်ကို ဘာပြောရမှန်း မသိတော့ပါဘူး။ သူဟာ ယန်ချင်ကို နှစ်သိမ့်ဖို့ စကားလုံးတွေကို ရှာမတွေ့ခဲ့ပါဘူး။

ခဏလောက် စဉ်းစားလိုက်ပြီး... လင်းဖုန်းဟာ မြောင်ရှီးဟောင်ကို အသံလွှင့်လိုက်ပြီး သူ့ကို ဖိတ်ခေါ်လိုက်ပါတယ်။ အခြေအနေ အကျဉ်းချုပ်ကို ရှင်းပြလိုက်ပြီးနောက်မှာ သူက... "ကြေးမုံမာစတာက သူ့ရဲ့အနောက်ကို လိုက်သွားပြီး... သူ့ရဲ့ ဂိုဏ်းသူဂိုဏ်းသားတွေကို ငြိမ်းချမ်းစွာ

အနားယူနိုင်အောင် ကူညီဖို့...
တိမ်တိုက်ရေပြင်ဂူကို ခရီးတစ်ထောက်
လိုက်သွားစေလိုပါတယ်..."

"မင်းက စိတ်ကောင်း နှလုံးကောင်း ရှိသားပဲ။
မင်းကို အထင်ကြီးမိတဲ့အတွက် ငါ့ကို
စိတ်မပျက်စေခဲ့ပါဘူး..." မြောင်ရှီးဟောင်ဟာ
သူ့ရဲ့နှုတ်ခမ်းတွေကို စုလိုက်ပြီး
ရယ်လိုက်ပါတယ်။ ယန်ချင်ကို ကြည့်လိုက်ပြီး
သူက သက်ပြင်းချလိုက်ကာ... "နောက်ထပ်
ဆက်ဆံရေးတွေကို တန်ဖိုးထားတဲ့
လူတစ်ယောက်။ ဟုတ်ပြီလေ... ငါက မင်းနဲ့

အဲ့ဒီနေရာကို ခရီးတစ်ထောက်
သွားကြတာပေါ့..."

မသွားခင်မှာ မြောင်ရှီးဟောင်ဟာ
အချိန်အနည်းငယ်လောက်
လေးနက်သွားခဲ့ပါတယ်။ သူက လင်းဖုန်းကို
ကြည့်လိုက်ပြီး... "လေနတ်ဘုရားဂိုဏ်းက
ဂိုဏ်းခေါင်းဆောင်ဟာ အင်မော်တယ်
အဆင့်ကို ရောက်နေပြီးတဲ့ လူတစ်ယောက်ပဲ။
သူဟာ အခုအချိန်မှာ တံခါးပိတ်
လေ့ကျင့်နေပြီး ဂိုဏ်းရဲ့ ကိစ္စတွေကို
ဝင်မစွက်ပေမဲ့... လေနတ်ဘုရားဂိုဏ်းက

တစ်ခုခုဖြစ်ရင် သူက ထွက်လာလိမ့်မယ်...
သူ့ရဲ့အကြောင်းကို မမေ့ပါနဲ့..."

လင်းဖုန်းကလည်း ပြုံးလိုက်ပြီး
စကားတစ်ခွန်းမှ မပြောပဲ
ခေါင်းညိတ်ပြလိုက်ကာ... မြောင်ရှီးဟောင်နဲ့
ယန်ချင်တို့ ထွက်သွားတာကို
ကြည့်နေခဲ့ပါတယ်။

ရုတ်တရက်ပဲ လင်းဖုန်းဟာ ခံစားချက်
တစ်ခုကို ခံစားလိုက်ရပြီး...
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ

ရှိတဲ့ဘက်ကို အံ့သြစွာနဲ့
လှမ်းကြည့်လိုက်ပါတယ်။

စနစ်ကြီးရဲ့ အကြောင်းကြားချက်ကလည်း
တစ်ချိန်တည်းမှာပဲ သူ့ရဲ့နားထဲမှာ
ပေါ်လာခဲ့ပါတယ်။

"သင့်ရဲ့ လက်ရင်းတပည့်
ရှီထျန်းဟောင်ဟာ... ရွှေရောင်ဗဟိုချက်
အဆင့်ကို တက်လှမ်းသွားနိုင်တဲ့ အတွက်
ဂုဏ်ယူပါတယ်..."

"သင့်ရဲ့ လက်ရင်းတပည့် ဇူရီဟာ...
ရွှေရောင်ဗဟိုချက် အဆင့်ကို
တက်လှမ်းသွားနိုင်တဲ့ အတွက်
ဂုဏ်ယူပါတယ်..."

"သင့်ရဲ့ လက်ရင်းတပည့် တစ်ဝက်တိတိဟာ
ရွှေရောင် ဗဟိုချက်ကို အောင်မြင်စွာ
ဖော်ဆောင်နိုင်တဲ့ အတွက်... စနစ်ရဲ့
အထူးဆုကို သင့်ကို ထုတ်ပေးပါတော့မယ်။
သူ့ရဲ့ လက်ရှိကျင့်ကြံမှု အဆင့်ကို အဆင့်ငယ်
တစ်ခု မြှင့်တင်ပေးလိုက်ပါမယ်..."

လင်းဖုန်းက ရယ်လိုက်ပြီး...
"စောင့်နေပါတယ်ဗျာ!"

ခဏအကြာမှာပဲ လင်းဖုန်းဟာ...
သူ့ရဲ့ခေါင်းပေါ်မှာ အေးစက်တဲ့
လေပြင်းတစ်ချက်ဟာ
တိုက်ခတ်လာခဲ့တယ်လို့ ခံစားလိုက်ရပါတယ်။

ရွှေရောင်ဗဟိုချက် အလယ်အလတ်
အဆင့်ကနေ နောက်ဆုံးအဆင့်ကို
တက်လှမ်းတဲ့ အခါကျရင်... ယင်လေပြင်းရဲ့
ပြစ်ဒဏ်ခတ်မှုကို ခံစားရတာပါ!

ကျင့်ကြံသူဟာ စိတ်ဝိညာဉ် စွမ်းအင်တွေက လေအေးအဖြစ်ကို ပြောင်းလဲသွားပြီး… ကြမ်းတမ်းစွာ တိုက်ခတ်တာကို ကျော်လွှားရတာပါ။ ဒီလေအေးတွေဟာ ပိုင်ဟွေ့ သွေးကြောဆုံမှတ်ရဲ့ အပေါ်ကနေ တိုက်ခတ်တာဖြစ်ပြီး… စိတ်ဝိညာဉ်ကို ခန္ဓာကိုယ်ထဲကနေ ထွက်ခွာစေခဲ့ပါတယ်။ ဒီစွမ်းအားကို ခုခံနိုင်စွမ်း မရှိခဲ့ရင်… စိတ်ဝိညာဉ်ဟာ ဖုန်မှုန့်လိုမျိုး ကြေမွသွားခဲ့မှာပါ။

ဒါပေမဲ့လည်း အခုအချိန်မှာ… လင်းဖုန်းဟာ သူ့ရဲ့ ခေါင်းပေါ်က လေအေးဟာ

လေပြေလေညှင်းလိုမျိုး ခံစားနေရပါတယ်။
သူက ခက်ထန်ကြမ်းတမ်းလှပေမဲ့…
လင်းဖုန်းရဲ့စိတ်ကို ဘာမှမလုပ်နိုင်ခဲ့ပါဘူး။

ဒီအချိန်မှာ လေအေးတွေဟာ မရှိသလိုမျိုး
သူ့ရဲ့ အမူအရာတွေဟာ
သက်တောင့်သက်သာ ရှိလှပါတယ်။ သူ့ရဲ့
ကိုယ်ထဲက ရွှေခရမ်းရောင် ဆေးလုံးဟာ
လက်ကနဲ ဖြစ်နေခဲ့ပြီး… လေအေးတွေဟာ
သူ့ရဲ့ဘေးမှာ ဝန်းရံပြီး
တိုက်ခတ်နေခဲ့ပါတယ်။

ယင်မီးတောက်ရဲ့ ပြစ်ဒဏ်ခတ်မှုဟာ ရွှေရောင် ဆေးလုံးရဲ့ မသန့်စင်မှုတွေကို လောင်ကျွမ်းပစ်တာ ဖြစ်ပြီး… ယင်လေပြင်းရဲ့ ပြစ်ဒဏ်ခတ်မှုဟာ ရွှေရောင်ဆေးလုံးရဲ့ မျက်နှာပြင်ပေါ်က မညီညာတဲ့ အရာတွေကို တိုက်စားပစ်တာ ဖြစ်ပါတယ်။

ဒီအတားအဆီး နှစ်မျိုးစလုံးကို ကျော်ဖြတ်ပြီးသွားရင်… ကျင့်ကြံသူရဲ့ ရွှေရောင်ဆေးလုံးဟာ ပြီးပြည့်စုံသွားမှာ ဖြစ်ပြီး… ဝိညာဉ်ဖော်ဆောင်ဖို့ ပြင်ဆင်ရတော့မှာ ဖြစ်ပါတယ်။

လင်းဖုန်းရဲ့ စိတ်ဝိညာဉ်ဟာ ရုတ်တရက် တုန်ခါသွားခဲ့ပြီး သူ့ရဲ့ မျက်လုံးတွေကို ဖွင့်လိုက်ပါတယ်။ မျက်စိတစ်မှိတ်လေး အတွင်းမှာပဲ... နှစ်သန်းပေါင်းများစွာတို့ဟာ ကုန်လွန်သွားသလိုမျိုး ခံစားနေခဲ့ရပါတယ်။ သူ့ရဲ့ကိုယ်ကို ပတ်လည်ဝိုင်းနေတဲ့ လေအေးတွေဟာ ရုတ်တရက်ပဲ ငြိမ်သက်သွားခဲ့ကာ... အချိန်နဲ့ လေဟာနယ်တို့ဟာ တစ်ချိန်တည်းမှာပဲ အေးခဲသွားခဲ့ပါတယ်။

ခဏအကြာမှာပဲ ခက်ထန်ကြမ်းတမ်းတဲ့ အနက်ရောင် လေမုန်တိုင်းဟာ...

သဘာဝအတိုင်း စိတ်ဝိညာဉ် စွမ်းအင်တွေ အဖြစ်ကို ပြန်လည်ပြောင်းသွားခဲ့ပါတယ်။ အချိန်တို့ရဲ့ အကူးအပြောင်း မရှိခဲ့ပေမဲ့... ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ သဘောတရားတွေဟာ ဒီနည်းလမ်းအတိုင်း ဖြစ်နေသလိုမျိုး... သဘာဝရဲ့ အဖြစ်အပျက်တွေကို ဖော်ပြလိုက်ပါတယ်။ တစ်ခါမှ ဒီလိုမျိုး သဘာဝ မကျဖူး သလိုပါပဲ။

လင်းဖုန်းဟာ ငြိမ်းချမ်းစွာနဲ့ သူ့ရဲ့ ရွှေရောင်ဆေးလုံးကို အသေးစိတ် ကြည့်ရှုလိုက်ပါတယ်။ သူဟာ ကျောက်စိမ်းဆေးလုံး တစ်လုံးအတိုင်းပါပဲ...

ခရမ်းရောင်နဲ့ ဖိတ်ဖိတ်တောက်နေခဲ့တာပါ။
သူ့ရဲ့ မျက်နှာပြင်ပေါ်မှာ ဘာချို့ယွင်းချက်
အနာအဆာမှ မရှိခဲ့ပါဘူး။

ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်...
အောင်မြင်စွာနဲ့ တက်လှမ်းနိုင်ခဲ့ပါပြီ!

ဒီအချိန်မှာပဲ လင်းဖုန်းဟာ စနစ်ကြီးရဲ့
အကြောင်းကြားချက် အသစ်တစ်ခုကို
ကြားလိုက်ရပါတယ်... "ကောင်းကင်တာအို
ကျမ်းစာရဲ့ ဒုတိယ အခန်းဖြစ်တဲ့...
'အသွင်သဏ္ဍာန် လေးမျိုး' ကျမ်းစာကို
ဖန်တီးဖို့အတွက်... အခြေခံ

တာအိုနည်းစနစ်ရဲ့ အကိုးအကားတွေကို
ရွေးချယ်ပေးပါ..."

လင်းဖုန်းက ဒါကို ကြားလိုက်တာနဲ့...
ဟက်ဟက်ပက်ပက်ပဲ ရယ်မောလိုက်ပါတယ်။

## စာစဥ ၁၂ : အပိုင်း ၅

## အပိုင်း ၂၀၅ : နောက်နှစ်တစ်ဝက်မှာ...
## တံခါးဖွင့်ပြီး တပည့်တွေကို လက်ခံမယ်

လင်းဖုန်းရဲ့ စိတ်ဟာ စနစ်ကြီးရဲ့ အထဲကို ဝင်လိုက်ပါတယ်။ တာအိုနည်းစနစ် ဖန်တီးခြင်း စနစ်ထဲမှာ ကောင်းကင်ဟာ မှောင်မည်းနေပြီး… ကွဲပြားတဲ့ မြင်ကွင်းရှစ်မျိုးကို တွေ့မြင်နိုင်ပါတယ်… ကောင်းကင်.. မြေကြီး.. လေပြင်း.. မိုးကြိုး.. ရေပြင်.. တောင်တန်းတဲ့ ရေအိုင် တို့ဟာ မတူညီတဲ့ နေရာရှစ်မျိုးမှာ ရှိနေကြပါတယ်။

ဒီအရေအတွက်သုံးခု အင်းရှစ်ကွက်ရဲ့ အပေါ်မှာ မြေ..ရေ..လေ..မီး တို့ဟာ လေဟာနယ်ရဲ့ အထဲမှာ ပူးပေါင်းနေခဲ့ပြီး… အဆက်မပြတ် ပေါင်းစည်းတုန်ခါနေတဲ့

ဘောလုံးတစ်လုံး အဖြစ်ကို
ပြောင်းသွားကြပါတယ်။

သူ့ရဲ့အထဲမှာ ကြီးမားလှတဲ့ ကစဥ့်ကလျား
ဖြစ်မှုတွေကို ဖန်ဆင်းနိုင်တဲ့…
နတ်ဆိုးအော်ရာ တစ်ခုကို
ထုတ်လွှတ်နေပါတယ်။

"မြေ.. ရေ.. လေ.. မီးတို့ရဲ့
ကောင်းချီးမင်္ဂလာတွေကို ပြန်လည် အဓိပ္ပာယ်
ဖွင့်ဆိုခြင်းဟာ… ကမ္ဘာကြီးရဲ့ လည်ပတ်ပုံကို
မှန်ကန်တဲ့ လမ်းကြောင်းအပေါ်ကို
ပြန်ရောက်စေလိမ့်မယ်…" လင်းဖုန်းဟာ

သူ့ရဲ့ ရင်ထဲကနေ နားလည်
သဘောပေါက်နေခဲ့ပြီး… တာအိုနည်းစနစ်
တစ်ခုကို ချက်ချင်းပဲ တိတ်ဆိတ်စွာ
စဥ်းစားနေခဲ့ပါတယ်။

ပထမဆုံး သူစဥ်းစားမိတဲ့
တာအိုနည်းစနစ်ဟာ လေနတ်ဘုရားဂိုဏ်းရဲ့
ရတနာဖြစ်တဲ့… လေနတ်ဘုရား ဒြပ်မဲ့မန္တန်ပဲ
ဖြစ်ပါတယ်။

ကောင်းဖန်.. ကျန်းစန်းနဲ့ တခြား
ကျင့်ကြံသူတွေ အများကြီးကို
ဖမ်းဆီးထားပြီး… လှဲ့ဖုန်းဆရာတော်ရဲ့

ရွှေရောင်ဗဟိုချက်ကို မျိုချပြီးတော့…
လင်းဖုန်းဟာ လေနတ်ဘုရား ဒြပ်မဲ့မန္တန်
တစ်ခုလုံးကို ရရှိထားပြီ ဖြစ်ပါတယ်။

ဒီမန္တန်ဟာ ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့မုန်တိုင်းကို ကျင့်ကြံနိုင်စွမ်း ရှိပြီး…
လေအနွယ်ဝင် တာအိုနည်းစနစ်ထဲမှာ
ထိပ်တန်းအဆင့်မှာ ရှိပါတယ်။ ဒါက
လင်းဖုန်းဟာ မဟာကောင်းကင်
တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု
အင်းရှစ်ကွက်ကို… ပထမဆုံး ဖန်တီးတုံးက
အသုံးပြုခဲ့တဲ့ ကောင်းကင်လေပြင်း
ကျမ်းစာထက် အများကြီး ပိုကောင်းပါတယ်။

မျှော်လင့်ထားတဲ့ အတိုင်းပဲ… စနစ်ကြီးထဲကို
လေနတ်ဘုရား ဒြပ်မဲ့မန္တန်ကို
ထည့်သွင်းပြီးသွားတော့… လေဟာနယ်ရဲ့
အထဲက လေဆင်နှာမောင်းဟာ
လျှင်မြန်စွာနဲ့ပဲ အေးချမ်းသွားခဲ့ပြီး
တည်ငြိမ်သွားခဲ့ပါတယ်။

"ပြီးတော့ မီးအလှည့်ပဲ…" လင်းဖုန်းဟာ
ကျင့်ကြံပြီးရင် မဟာသူရိယ အကြွင်းမဲ့
မီးတောက်ကို ရရှိနိုင်တဲ့… မဟာကောင်းကင်
နေမင်းရောင်စဥ် ကျမ်းစာကို
စဥ်းစားလိုက်ပါတယ်။ ဒါကလည်း

မီးအနွယ်ဝင် တာအိုနည်းစနစ်တွေရဲ့ အထဲမှာ ထိပ်တန်းစွမ်းအားကို ပိုင်ဆိုင်ထားတာပါ။

မဟာကောင်းကင် နေမင်းရောင်စဉ် ကျမ်းစာပြီးတဲ့နောက်မှာ... အခုလေးတင် ရရှိထားတဲ့ မဟာလမင်းကို နားလည်ခြင်း နည်းစနစ်ကို ထည့်သွင်းလိုက်ပါတယ်။ မဟာလမင်း အကြွင်းမဲ့ရေကို ကျင့်ကြံနိုင်တဲ့ နည်းစနစ် ဖြစ်တာနဲ့အညီ... သူဟာ မဟာကောင်းကင် နေမင်းရောင်စဉ် ကျမ်းစာနဲ့ အတူတူပဲ စွမ်းအားကြီးတာပါ။

ဒီမန္တန်နှစ်မျိုးကို သုံးသပ်ဆင်ခြင်
ပြီးသွားတဲ့နောက်မှာ... ရောထွေးနေကြတဲ့
ရေနဲ့မီးတို့ရဲ့ ပုံရိပ်တွေဟာ
တည်ငြိမ်သွားကြပါတယ်။

ဒီအချိန်မှာတော့ လေဟာနယ်ထဲမှာ ဖရိုဖရဲ
ဖြစ်နေသေးတာဟာ... 'မြေ'ဆိုတဲ့
အကွက်တစ်ကွက်ပဲ ကျန်ပါတော့တယ်။

လင်းဖုန်းဟာ အသက်ကို ပြင်းပြင်း
ရှူလိုက်ပြီး... သူ့ရဲ့အသိစိတ်ကို စနစ်ကြီးရဲ့
အထဲကနေ ပြန်ထွက်လိုက်ပါတယ်။ သူဟာ
ရှကျိုးကနေ လေလံဆွဲလာတဲ့ နိုင်ငံတို့၏

စာအုပ်ကို ထုတ်လိုက်ပြီး… စကြာဝဠာ
ကြေးမုံကိုလည်း ထုတ်လိုက်ပါတယ်။

နိုင်ငံတို့၏ စာအုပ်ကို ရရှိလာပြီးနောက်မှာ…
လင်းဖုန်းဟာ သူ့ရဲ့အထဲမှာ ပါဝင်နေတဲ့
စွမ်းအားတွေကို အသေအချာ
လေ့လာနေခဲ့တာပါ။ အနည်းငယ်မျှသော
ဆင်တူမှုကနေ… လင်းဖုန်းက ဒီစကြာဝဠာ
ကြေးမုံဟာ… နိုင်ငံတို့၏ စာအုပ်ကို
ကျင့်ကြံထားတဲ့ အကြီးအကဲ
ကျင့်ကြံသူတစ်ယောက်ရဲ့…
ကျင့်ကြံမှုကိုလည်း ခံထားရတာကို
ကောက်ချက်ချနိုင်ခဲ့ပါတယ်။

စကြာဝဠာ ကြေးမုံက ပျက်စီးသွားခဲ့တော့... လေလံပွဲကနေ ရရှိခဲ့တဲ့ နိုင်ငံတို့၏ စာအုပ်ဟာ မပြည့်အစုံ ဖြစ်နေခဲ့တာပါ။ ဒါပေမဲ့လည်း ဒီအိုင်တမ် နှစ်ခုကို အတူတကွ ထားရှိလိုက်ရင်... နိုင်ငံတို့၏ ကောင်းကင်စာအုပ်ကို မူလအတိုင်း ပြန်လည် တည်ဆောင်နိုင်လိမ့်မယ်လို့... လင်းဖုန်းက ယုံကြည်နေခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ စကြာဝဠာ ကြေးမုံကိုလည်း ပြန်ပြီးမှ ပြုပြင်နိုင်မှာပါ။

နိုင်ငံတို့၏ ကောင်းကင်စာအုပ် ကျမ်းစာကို အပြည့်အစုံ ရရှိသွားပြီးရင်... လင်းဖုန်းဟာ သူ့ရဲ့ကိုယ်ပိုင် မဟာကောင်းကင် တာအိုကျမ်းစာရဲ့ ဒုတိယအခန်း... 'အသွင်သဏ္ဌာန် လေးမျိုး' ကျမ်းစာကို အောင်မြင်စွာနဲ့ ဖန်တီးနိုင်မှာပဲ ဖြစ်ပါတယ်။

ဒါဟာ မဟာကောင်းကင် တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက်ထက်ကို... ပိုပြီးမှ အစွမ်းထက်မှာလည်း ဖြစ်ပါတယ်။

"အခြေခံ လိုအပ်ချက်တွေကို ပြင်ဆင်ပြီးသွားပြီ..." လင်းဖုန်းက

ခေါင်းကိုညိတ်လိုက်ပြီး… အသံလွှင့်
ကျောက်တုံးတစ်ခုကို ခြေမွလိုက်ပါတယ်။
သူ့ရဲ့ အလင်းတန်းတွေရဲ့ အထဲကနေ…
ကောင်းကင်ကုန်သည်များ ဂေဟာက
အကြီးအကဲ… စွန်းဖူရဲ့ အသံဟာ
ထွက်လာခဲ့ပါတယ်… "မာစတာလင်း?"

လင်းဖုန်းက တည်ငြိမ်စွာနဲ့ပဲ
ပြောလိုက်ပါတယ်… "မစ္စတာစွန်း…
ကျေးဇူးပြုပြီး ကျွန်တော့်ကို သတင်းတစ်ခု
ဖြန့်ပေးပါလား။ ကျွန်တော်က
ခွန်းလွန်တောင်ခြေ မြောက်ပိုင်းက

ဒေသတစ်ခုလုံး ဒီသတင်းကို ကြားဖို့ မျှော်လင့်ပါတယ်..."

စွန်းဖူက ပြန်ဖြေလိုက်ပါတယ်...
"ကျေးဇူးပြုပြီး ပြောပါ... မာစတာလင်း..."

"ဒီကနေ့ကစပြီး နှစ်ဝက်ပြည့်တဲ့ အချိန်ကျရင်... ကျုပ်တို့ရဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ ရှကျိုးမှာ တပည့်တွေကို စပြီးမှ လက်ခံမယ်..."

"ကောင်းကင်ကုန်သည်များ ဂေဟာက ကျွန်တော့်ကို ကူညီပြီး... ဒီသတင်းကို

ဖြန့်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။
ကုန်ကျစရိတ်ကိုတော့ ကျသင့်သလောက်
ကျွန်တော်ပေးပါမယ်..."

စွန်းဖူက အချိန်အနည်းငယ်လောက်
ငြိမ်သက်သွားပြီးမှ ပြန်ပြောလိုက်ပါတယ်...
"မာစတာလင်း... စူတောင်ခေးဂိုဏ်း..
အလင်းခေးမြန်ဂိုဏ်းနဲ့
မီးလျှံခေးဂိုဏ်းတို့ဟာ... ခင်ဗျားရဲ့ သတင်းကို
လိုက်ပြီးမှ စုံစမ်းနေကြတယ်။ သူတို့က
ခင်ဗျားဂိုဏ်းရဲ့ နေရာကို
ရှာဖို့ကြိုးစားနေကြတယ်ဗျ..."

လင်းဖုန်းက ရယ်လိုက်ပြီး... "သူတို့က လာလည်ချင်နေတယ်ဆိုလည်း ကိစ္စတော့ မရှိပါဘူး... ကျုပ်တို့ရဲ့ အဖွဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သူတို့ကို ကောင်းကောင်းကြီး ဧည့်ခံပေးလိုက်ပါမယ်..."

စွန်းဖူက ရယ်လိုက်ပြီး... "အဲ့ဒီလို ဆိုရင်လည်း... ကျုပ်က ဒီတောင်းဆိုချက်ကို လက်ခံလိုက်ပါမယ်။ ခင်ဗျားကို စိတ်မပျက်စေရပါဘူး..."

ဆက်သွယ်မှု ပြီးဆုံးသွားတာနဲ့ စွန်းဖူးဟာ သူ့ရဲ့ခေါင်းကို လှည့်လိုက်ပြီး... ဘေးမှာရှိနေတဲ့ အကြီးအကဲတန်ကို ကြည့်လိုက်ပါတယ်... "တကယ်လို့များ စူတောင်ဓားဂိုဏ်းက ကျွန်တော်တို့ကို ပိုက်ဆံတွေ အများကြီး ပေးပြီးတော့... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ သတင်းကို မပြန့်အောင် လုပ်ခိုင်းရင် ဘယ်လိုလုပ်မလည်း?"

အကြီးအကဲတန်ကလည်း လေသံပြတ်ပြတ်နဲ့ ပြန်ဖြေလိုက်ပါတယ်... "စီးပွားရေးက စီးပွားရေးပဲ။ ပထမ အနေနဲ့... ငါတို့က

ယုံကြည်မှု တည်ဆောက်ဖို့ လိုအပ်တယ်။
ငါတို့က ဒီအလုပ်ကို လုပ်မယ်လို့
လက်ခံထားပြီးရင်… ကတိပေးထားတဲ့အတိုင်း
ပြီးအောင် လုပ်ရမှာပဲ။ တခြားတစ်ဘက်က
ပိုက်ဆံပိုပြီးပေးပေမဲ့… ငါတို့က
ယုံကြည်မှုပျက်အောင်
လုပ်လို့မဖြစ်ဘူးကွ…."

စွန်းဖူက သူ့ရဲ့ခေါင်းကို ညိတ်လိုက်ပြီး…
"သူက ရှကျိုးမှာ သူ့ရဲ့တပည့်တွေကို
လက်ခံချင်နေတာ… ဒါက ကျွန်တော်တို့ရဲ့
အပေါ်ကို သက်ရောက်မှု ရှိနိုင်မလား?"

အကြီးအကဲတန်က ရယ်လိုက်ပြီး...
"ငါတို့အပေါ်မှာ သက်ရောက်မှု
မရှိနိုင်တဲ့အပြင်... ငါက သူဟာ ငါတို့ရဲ့
အနာဂတ် ဖောက်သည်ကြီး
ဖြစ်လာလိမ့်မယ်လို့ ခံစားနေရတယ်ကွ။ သူက
ကမ္ဘာကြီးပေါ်မှာ ဆက်ရှိနေဖို့တော့
လိုတာပေါ့ကွာ..."

စွန်းဖူကလည်း ရယ်လိုက်ပြီး...
"ကျွန်တော်ကလည်း ဒီအတိုင်းပဲ
ခံစားနေရတာပဲ။ ကျွန်တော်က အခုပဲ
ဂေဟာက အရင်းအမြစ်တွေ အကုန်လုံးကို
အသုံးချပြီး... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း

ခေါင်းဆောင်ရဲ့ သတင်းကို
ဖြန့်ဖို့လုပ်လိုက်မယ်..."

စွန်းဖူနဲ့ စကားပြောပြီးသွားတော့
လင်းဖုန်းဟာ ပြုံးဖြီးဖြီး ဖြစ်သွားခဲ့ပြီး...
"စူတောင်ခေါ်းဂိုဏ်း?"

သူက ခေါင်းကို လှည့်လိုက်ပြီး
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာကို
ကြည့်လိုက်ပါတယ်။ ရှောင်ပုတန်နဲ့ ဇူရီတို့ဟာ
ဂူထဲကနေ ထွက်လာကြပြီး... သူတို့ရဲ့
မှော်စွမ်းအင်တွေကလည်း တည်ငြိမ်ပြီး
သိပ်သည်းနေခဲ့ပါတယ်။

တစ်ချက်ကြည့်လိုက်ရုံနဲ့ပဲ သူတို့ဟာ အခြေခံအုတ်မြစ် အဆင့်နဲ့ မတူနေခဲ့ပဲ... မြူခိုးတွေ ထနေတဲ့ ပင်လယ်လိုမျိုး သူတို့ရဲ့ မှော်စွမ်းအင်တွေဟာ သန်မာစွာ လှုပ်ခါနေကြပါတယ်။ အမှန်အတိုင်း ပြောရရင် သူတို့ဟာ သဘာဝလွန် မှော်စွမ်းအင်တွေကို ပိုင်ဆိုင်ထားကြပြီး... အခြေခံအုတ်မြစ် အဆင့်ထက် အများကြီး သာလွန်သွားကြပါပြီ။

"သင့်ရဲ့ လက်ရင်းတပည့် ရှောင်ယန်ဟာ... ရွှေရောင်ဗဟိုချက် အဆင့်ကို

တက်လှမ်းသွားနိုင်တဲ့ အတွက်
ဂုဏ်ယူပါတယ်..."

စနစ်ကြီးရဲ့ အသံဟာ လင်းဖုန်းရဲ့ နားထဲမှာ ပေါ်လာခဲ့ပြီး... သူက ရယ်လိုက်ပါတယ်။ မဟာကောင်းကင် နေမင်းရောင်စဥ် ကျမ်းစာကို ရပြီးတဲ့နောက်မှာ... ရှောင်ယန်ဟာ ရွှေရောင် ဗဟိုချက်ကို ဖော်ဆောင်ဖို့... ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာထဲကို ဝင်သွားခဲ့ပါတယ်။ သူဟာ ရှောင်ပုတန်နဲ့ ဇူရီတို့ထက် အနည်းငယ် နောက်ကျပြီးမှ ဝင်သွားခဲ့ပေမဲ့...

သူ့ရဲ့အမြန်နှုန်းကတော့ သိပ်ပြီး
မနှေးနေခဲ့ပါဘူး။

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာရဲ့
အထဲမှာ... မီးတောက်တစ်ခုဟာ
ရုတ်တရက်ပဲ ပေါ်လာခဲ့ပါတယ်။
သူ့ရဲ့အထဲကနေ ပုံရိပ်တစ်ခုဟာ
ပျံထွက်လာခဲ့ပြီး... သူ့ရဲ့ နောက်ကျောကနေ
တောင်ပံတစ်စုံဟာ အထင်ကြီးဖွယ်ရာ
ပေါ်ထွက်လာခဲ့ပါတယ်။

သူ့ရဲ့ တောင်ပံနှစ်ဘက်ဟာ အရောင်တွေ
မတူညီနေကြပါဘူး။ တစ်ဘက်က

ရွှေရောင်သန်းနေပြီး... ကျန်တဲ့
တစ်ဘက်ကတော့ ခရမ်းပြာရောင်
ဖြစ်နေပါတယ်။

အနီးကပ်ပြီး သေချာကြည့်လိုက်မယ် ဆိုရင်...
သူ့ရဲ့ တောင်ပံတွေဟာ မီးတောက်တွေနဲ့
ဖွဲ့စည်းထားတာဖြစ်ပြီး... ခက်ထန်စွာနဲ့
တောက်လောင်နေခဲ့တာပါ။

ရှောင်ပုတန်.. ဇူရီနဲ့ ဝမ်လင်းတို့ဟာ ဒါကို
တွေ့လိုက်တော့ အံ့အားသင့်သွားကြပါတယ်။
ဇူရီက... "စီနီယာ... ဒါက ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်နဲ့ မဟာသူရိယ

အကြွင်းမဲ့ မီးတောက်တွေကနေ
ကျင့်ကြံထားတာလား?"

ဝမ်လင်းကလည်း ခေါင်းညိတ်လိုက်ပြီး...
"ဒါကို ကြည့်ခြင်းအားဖြင့်... စီနီယာက
ရွှေရောင်ဗဟိုချက် အဆင့်ကို
ရောက်သွားပြီးနောက်မှာ...
ရောင်ခြည်နတ်ဆိုး အာဏာရှင်ဓားရဲ့ အထဲက
ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်ကို
နောက်ဆုံးမှာ ထိန်းချုပ်နိုင်ခဲ့ပြီပဲ..."

ရှောင်ယန်က သူ့ရဲ့ကျောပေါ်က
မီးအတောင်ပံတွေကို ရုပ်သိမ်းလိုက်ပြီး...

လင်းဖုန်းနဲ့ ကျန်တဲ့သူတွေရဲ့ အရှေ့ကို ဆင်းသက်လိုက်ပါတယ်။ သူက လင်းဖုန်းကို ဦးညွှတ်လိုက်ပြီး... "တပည့်က ဆရာ့ကို နှုတ်ခွန်းဆက်သပါတယ် ခင်ဗျာ..."

လင်းဖုန်းကလည်း ရယ်လိုက်ပြီး... "ကောင်းတယ်... ယန်ကလေး... ကောင်းတယ်။ မင်းကငါ့ကို စိတ်မပျက်စေခဲ့ဘူး..." ရှောင်ယန်ကလည်း ပြုံးလိုက်ပြီး ဇူရီနဲ့ ရှောင်ပုတန်တို့ကို ကြည့်လိုက်ကာ... "မင်းတို့က ငါ့ထက် နည်းနည်းလေး မြန်သွားတော့... ဆရာက

ပေးမယ်ပြောထားတဲ့ ရတနာကို
မရတော့ဘူးပေါ့ကွာ..."

ရှောင်ပုတန်လေးနဲ့ ကျန်တဲ့သူတွေက
ရယ်လိုက်တဲ့ အချိန်မှာ... လင်းဖုန်းက
ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်... "မင်းက
နည်းနည်း တော်သေးတယ်... ဇူရီက
နည်းနည်းလေးပဲ နောက်ကျသွားတာ..."

ဇူရီကလည်း ရင်ထဲကနေ အားကျသွားခဲ့ပြီး...
"ဆရာသခင်... ဆရာက
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အထဲကို မဝင်ခဲ့ပေမဲ့... ကျွန်တော်တို့ရဲ့

ကျင့်ကြံမှု အခြေအနေကို ကိုယ့်လက်ကို
ပြန်ကြည့်နေသလိုမျိုး သိနေတာပဲ..."

သူဟာ အနည်းငယ် နောင်တရနေခဲ့ပါတယ်။
သူ့ရဲ့ စိတ်ဝိညာဉ် တာဝါဟာ အနည်းငယ်
ထူးခြားနေတဲ့ အတွက်...
ရှောင်ပုတန်လေးဟာ လုံခွက်ကို
ဖော်ဆောင်ရာမှာ နောက်ကျပြီး...
အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်ကို
နောက်ကျပြီးမှ ရောက်ရှိခဲ့တာပါ။
ဒါပေမဲ့လည်း နောက်ဆုံးမှာတော့ သူဟာ
ဆေးလုံးကို အရင်ဆုံး ဖန်ဆင်းနိုင်ခဲ့ပြီး...
သူ့ထက်နှာတဖျား သာသွားခဲ့ပါတယ်။

"ဂျူနီယာ... ဂုဏ်ယူပါတယ်..." ဇူရီဟာ သူ့ရဲ့ စိတ်ခံစားချက်တွေကို မြှင့်တင်လိုက်ရင်း... ရှောင်ပုတန်လေးကို ဂုဏ်ပြုလိုက်ပါတယ်။ ရှောင်ယန်နဲ့ ဝမ်လင်းတို့ကလည်း ရှောင်ပုတန်လေးကို ဂုဏ်ပြုလိုက်ကြပါတယ်။

ရှောင်ပုတန်လေးကလည်း ကျယ်လောင်စွာ ရယ်မောလိုက်ပြီး... "ဆရာသခင်... ဆုက ဘယ်မှာလည်းဗျ?"

"မလောနဲ့... မလောနဲ့..." လင်းဖုန်းက ပြုံးလိုက်ပြီး... "အရင်ဆုံး မင်းတို့ရဲ့

ရွှေရောင်ဗဟိုချက် တွေကို
ကြည့်ကြည့်ရအောင်.."

လင်းဖုန်းဟာ သူ့ရဲ့ သဘာဝလွန် အသိစိတ်ကို
သုံးပိုင်းခွဲလိုက်ပြီး... သူတို့သုံးယောက်ရဲ့
ခန္ဓာကိုယ်ထဲကို ဝင်သွားခဲ့ပါတယ်။

ခရမ်းရောင် အလင်းတန်းတွေနဲ့
လင်းလက်နေတဲ့ ရွှေရောင်ဗဟိုချက်
သုံးခုဟာ... လင်းဖုန်းရဲ့ အရှေ့မှာ
ပေါ်လာခဲ့ပါတယ်။ သူက စိတ်သက်သာရာ
ရစွာနဲ့ သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး...

"ကံကောင်းလို့ပေါ့... သူတို့အားလုံးက ခရမ်းရောင် ဖြစ်နေကြတာပဲ..."

ပြီးတာနဲ့ လင်းဖုန်းက သူတို့ရဲ့ ဆေးလုံးတွေဟာ... ခြားနားချက် အသီးသီး တွေ ရှိနေကြတယ် ဆိုတာကို သတိထားမိလိုက်ပါတယ်။

ခရမ်းရောင် အလင်းတန်းတွေနဲ့ လင်းလက်နေတဲ့အပြင်... ရှောင်ယန်ရဲ့ ရွှေရောင် ဗဟိုချက်ဟာ ဖန်သားလိုမျိုး ထွင်းဖောက်ပြီး မြင်နေရပါတယ်။ သူ့ရဲ့အထဲမှာက မီးတောက်ဘောလုံးလေး

နှစ်ခုကို တွေ့မြင်နိုင်ပါတယ်။ သူတို့နှစ်လုံးဟာ ဘေးတစ်ဘက် တစ်ချက်ဆီမှာ ငြိမ်သက်စွာနဲ့ တောက်လောင်နေကြပါတယ်။

တစ်ဘက်ခြမ်းမှာက တောက်ပနေတဲ့ ရွှေရောင်နဲ့… သူဟာ တကယ်ကိုပဲ မဟာသူရိယ အကြွင်းမဲ့ မီးတောက် ဖြစ်ပါတယ်။

အခြားတစ်ဘက်ခြမ်းမှာက မည်းမှောင်နေတဲ့ ခရမ်းပြာရောင်နဲ့… နတ်ဆိုးလိုမျိုး ဖျက်ဆီးနိုင်တဲ့ စွမ်းအားတွေကို ထုတ်လွှတ်နေတဲ့ အော်ရာတစ်ခုပါ။

"အရမ်းကောင်းတယ်... ခရမ်းရောင် ဆေးလုံးကို အခြေခံထားပြီး သူ့ရဲ့ ရွှေရောင် ဗဟိုချက်က ထူးခြားတဲ့ ပုံရိပ်တွေ ရှိနေတယ်... ဒါက သာမန်ခရမ်းရောင် ဆေးလုံးထက် အဆင့်ပိုမြင့်တာပဲ..."

လင်းဖုန်းက ခေါင်းကိုညိတ်လိုက်ပြီး... ဇူရီရဲ့ ရွှေရောင် ဗဟိုချက်ကို ကြည့်လိုက်ပါတယ်။ ခရမ်းရောင် အလင်းတန်းရဲ့ အလယ်ဗဟိုမှာ အဖြူနဲ့ အနက်တို့ဟာ ရောထွေးနေခဲ့ပြီး... အဖြူတစ်ဝက် အနက်တစ်ဝက်နဲ့

လုံးဝိုင်းနေတဲ့ ဆေးလုံးလေးကို
တွေ့လိုက်ရပါတယ်။

သူ့ရဲ့ အနီးကပ် သေချာစွာ
ကြည့်လိုက်တော့… အဖြူတစ်ဝက်နဲ့
အနက်တစ်ခြမ်းတို့ဟာ ပြည့်စုံစွာ
ပေါင်းစပ်ထားတာကို တွေ့လိုက်ရပါတယ်။
သူတို့ဟာ ပေါင်းစပ်နေတယ်လို့
ထင်နေရပေမဲ့… အဖြူနဲ့ အနက်တို့ဟာ
သိသာစွာနဲ့ ကွဲပြားနေကြပါတယ်။

ဒီရွှေရောင် ဗဟိုချက်ရဲ့ အထဲမှာ… အလင်းနဲ့
အမှောင်တို့ရဲ့ စွမ်းအားတွေဟာ

ညီမျှနေကြပါတယ်။ အတူတူ ပေါင်းစည်းသွားတော့ သူတို့ဟာ အချင်းချင်း ထောက်ပံ့ပေးနေကြပြီး... နောက်ထပ် ကြီးထွားနိုင်တဲ့ အကန့်အသတ်မဲ့ အလားအလာတွေ ရှိနေကြသလိုပါပဲ။

"ဇူရီရဲ့ အလင်းနဲ့ အမှောင်ရဲ့ သဘောတရားတွေကို နားလည်နိုင်စွမ်းဟာ...အတော်ကို ပြည့်စုံတဲ့ အဆင့်တစ်ခုကို ရောက်သွားခဲ့ပြီ..."

ဇူရီရဲ့ ရွှေရောင် ဗဟိုချက်ကလည်း ပြဿနာ မရှိပါဘူး။ ဒီအချိန်မှာတော့ လင်းဖုန်းရဲ့ စိုးရိမ်

ပူပန်စိတ်တွေဟာ တော်တော်ကြီးကို လျော့သွားခဲ့ပါပြီ။ ဒါပေမဲ့လည်း ရှောင်ပုတန်လေးကို သေချာကြည့်လိုက်တော့… လင်းဖုန်းဟာ ကြက်သေသေသွားခဲ့ပါတယ်။

ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်က ကျင့်ကြံသူတွေဟာ… ယင်လေပြင်းနဲ့ ယင်မီးတောက်တို့ရဲ့ ပြစ်ဒဏ်ခတ်မှုကို မခံရသေးတော့… သူတို့ ရွှေရောင် ဗဟိုချက်တွေရဲ့ အရည်အသွေးဟာ အပြစ် အနာအဆာတွေ ရှိနေကြတာဟာ သဘာဝပါ။

ဒါပေမဲ့လည်း ရှောင်ပုတန်လေးရဲ့ ရွှေရောင်
ဗဟိုချက်ဟာ တော်တော်လေး
ပိုဆိုးမနေဘူးလား?

သူ့ရွှေရောင် ဗဟိုချက်ရဲ့ မျက်နှာပြင်ပေါ်မှာ
အနက်ရောင် အပေါက်ကြီး ကိုးပေါက်က
ရှိနေတာပါ!

လင်းဖုန်းက ရှောင်ပုတန်လေးရဲ့ ဆေးလုံးဟာ
ပြဿနာ ရှိနေတယ် ဆိုတာကို
တွေ့လိုက်ရတော့... အံ့အားသင့်ပြီး
ထိတ်လန့်သွားခဲ့ပါတယ်။

ဒီပြဿနာကလည်း ကြုံနေကြ မဟုတ်တဲ့ ပြဿနာမျိုး မဟုတ်ပါဘူး။ အချို့သော ကျင့်ကြံသူတွေမှာ စွမ်းအားတွေ အကန့်အသတ် ရှိကြပါတယ်။ သူတို့ဟာ ရွှေရောင်ဗဟိုချက်ကို အတင်းအဓမ္မ ဖော်ဆောင်ခဲ့ပေမဲ့… သူတို့ရဲ့ ရွှေရောင် ဗဟိုချက်တွေဟာ ကြွတ်ဆတ်ပြီး အပေါက်တွေနဲ့ ပြည့်နေပါတယ်။ အနည်းငယ် ထိခိုက်မှု ရှိလိုက်တာနဲ့ သူတို့ရဲ့ ဆေးလုံးတွေဟာ ကွဲကြေပြီး… ကျင့်ကြံသူတွေကလည်း သေသွားနိုင်ပါတယ်။

"ဒါပေမဲ့လည်း ဒါတွေအားလုံးဟာ အဝါရောင်
ဆေးလုံးတွေ ဖြစ်ကြတာပဲ။
ရှောင်ပုတန်လေးက ခရမ်းရောင် ဆေးလုံးကို
ဖော်ဆောင်နိုင်တယ် ဆိုတော့…
ဒီလောက်အထိတော့ မဆိုးနိုင်ပါဘူး…"
လင်းဖုန်းက သူ့ရဲ့စိတ်ကို တည်ငြိမ်အောင်
ကြိုးစားလိုက်ရင်း… သေချာထပ်ပြီးတော့
လေ့လာလိုက်ပါတယ်။ ဒီအချိန်မှာတော့
သူဟာ အချက်တစ်ခုကို ထပ်တွေ့လိုက်ပါပြီ။

ရှောင်ပုတန်လေး ဖွဲ့စည်းထားတဲ့
အပေါက်ကိုးပေါက်နဲ့ ရွှေရောင်
ဗဟိုချက်ဟာ… အပေါက်တွေကနေ တဆင့်

စိတ်ဝိညာဉ် စွမ်းအင်တွေကို အဆက်မပြတ်ပဲ စုပ်ယူပြီး ပြန်လည်စွန့်ထုတ် နေခဲ့တာပါ။

ဒါက ရှောင်ပုတန်လေးရဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေကို... သူ့ရဲ့ ခန္ဓာကိုယ်ထဲကနေ ဆုံးရှုံးစေနိုင်တဲ့ ချို့ယွင်းချက်တစ်ခု မဟုတ်ပါဘူး။ ဒါက လူသားတွေရဲ့ အသက်ရှူပုံနဲ့ တူပါတယ်။ သူဟာ ပြင်ပကမ္ဘာက စိတ်ဝိညာဉ် စွမ်းအင်တွေကို သူ့ရဲ့ ရွှေရောင်ဗဟိုချက်ထဲကို အဆက်မပြတ် စုပ်ယူနေခဲ့ပြီး... တစ်ချိန်တည်းမှာပဲ သူ့ရွှေရောင် ဗဟိုချက်ထဲက မသန့်စင်မှုတွေကို စွန့်ထုတ်နေခဲ့တာပါ။

ရှောင်ပုတန်လေးရဲ့ အပေါက်ကိုးပေါက်
ရွှေရောင် ဗဟိုချက်ဟာ ယန်မီးတောက်ရဲ့
ပြစ်ဒဏ်ခတ်မှု စွမ်းအားကို ငှားယူစရာ
မလိုပဲ... သူ့ရဲ့ ခန္ဓာကိုယ်ထဲက
မသန့်စင်မှုတွေကို ဖယ်ရှားပစ်နိုင်ခဲ့တာပါ။

လင်းဖုန်းက အံ့အားသင့်သွားခဲ့ပြီး...
"ကောင်းလိုက်တာ... မင်းက တကယ်ကိုပဲ
ထူးခြားလှပါတယ်..."

သူ့တပည့်တွေရဲ့ ရွှေရောင် ဗဟိုချက်တွေကို
စစ်ဆေးပြီး... သူတို့က အဆင်ပြေတယ်လို့

သေချာအောင် လုပ်ပြီးနောက်မှာ… လင်းဖုန်းဟာ သူ့ရဲ့ စိုးရိမ်စိတ်တွေကို လုံးဝပစ်ချလိုက်လို့ ရသွားပါပြီ။ သူ့ရဲ့ ပါးစပ်ကို ဟလိုက်တော့ အထဲကနေ အစိမ်းရောင် အလင်းတန်းလေး တစ်ခုဟာ ထွက်လာခဲ့ပြီး… လေဟာနယ်ရဲ့ အပေါ်မှာ လွင့်မျောနေခဲ့ပါတယ်။

အစိမ်းရောင် အလင်းတန်းက လွင့်ပြယ်သွားတော့… သေးငယ်တဲ့ ခြေသုံးချောင်း ဆေးမီးဖိုလေးကို ဖော်ပြလိုက်ပါတယ်။ ဒါကတော့ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုပဲ ဖြစ်ပါတယ်။

ဒီဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုလေးဟာ… ရှောင်ပုတန်လေးရဲ့
အရှေ့ကို ရောက်လာခဲ့ပါတယ်။
ရှောင်ပုတန်လေးဟာ ရယ်လိုက်ပြီး သူ့ရဲ့
လက်ချောင်းလေးကို ဆန့်ထုတ်ကာ
ကိုင်ကြည့်လိုက်ပါတယ်။ ဗလာနတ္တိ
အစိမ်းရောင် ဆေးမီးဖိုလေးဟာ အစိမ်းရောင်
အလင်းတန်း အဖြစ်ကို ပြန်ပြောင်းသွားခဲ့ပြီး…
သူ့ရဲ့ လက်ချောင်းထိပ်ထဲကို
ဝင်သွားခဲ့ပါတယ်။

လင်းဖုန်းက ညွှန်ကြားလိုက်ပြီး...
"အချိန်ယူပြီးတော့ အဲ့ဒီအထဲက စွမ်းအား
သဘောတရားတွေကို... သေသေချာချာ
နားလည်အောင် ကြိုးစားကွ..."

ရှောင်ပုတန်လေးကလည်း ရယ်လိုက်ပြီး...
"ဟုတ်ကဲ့ပါ... ဆရာသခင်..."

သူက ရှောင်ယန်နဲ့ ဇူရီတို့ကို တစ်ချက်
ခိုးကြည့်လိုက်ပြီး... မရပ်မနားပဲ
တိတ်တိတ်ကလေး ခိုးရယ်နေခဲ့ပါတယ်။
ဒီအပြုအမူဟာ တကယ်ကို
စိတ်အနှောင့်အယှက် ဖြစ်စေတာပါ။

"ကောင်စုတ်လေး... မင်းက ငါတို့ကို တမင်သက်သက် လှောင်နေတာလား?" ရှောင်ယန်က ဟာသလုပ်သလိုလိုနဲ့ ဆူလိုက်ပြီး... ရှောင်ပုတန်လေးကို ထွက်မပြေးနိုင်ခင် ဖမ်းလိုက်ဖို့ ကြိုးစားလိုက်ပါတယ်။ "ငါက မီးငှက်တွေကို မလွှတ်ရတာ ကြာသွားပြီ... မင်းကတော့ ဒီနေ့မှာ အပစ်ခံရဖို့ တောင်းဆိုနေတာပဲ!"

ဇူရီနဲ့ ဝမ်လင်းတို့ကလည်း အချင်းချင်း ကြည့်လိုက်ကြပြီး... ရယ်လိုက်ကြပါတယ်။ သူတို့တွေကလည်း ကလေးပုံစံ

ပေါက်သွားကြကာ… အရှေ့ကိုသွားပြီး
ရှောင်ပုတန်လေးကို ဖမ်းဆီးဖို့
ကြိုးစားလိုက်ကြပါတယ်။

လင်းဖုန်းက သူတို့တတွေရဲ့ အရူးလိုက်တမ်း
ကစားနေကြတာကို ကြည့်လိုက်ပြီး…
ခေါင်းကိုခါလိုက်ကာ ရယ်လိုက်ပါတယ်။
သူ့ရဲ့ရင်ထဲမှာ ကျေနပ်နေခဲ့ပြီး
သူ့ရဲ့အသိစိတ်ဟာ လက်စွပ်အထဲကို
ဝင်လိုက်ပါတယ်။ သူဟာ တောက်တီမလေး
ထွမ်းထွမ်းရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါတယ်။

ထွမ်းထွမ်းက သူ့ကို မြင်လိုက်တာနဲ့ ပျော်ရွှင်သွားခဲ့ကာ... "နောက်ဆုံးမှာတော့ ရှင်ရောက်လာပြီပဲ!"

## စာစဥ္ ၁၂ : အပိုင်း ၆

## အပိုင်း ၂၀၆ : ဒီကမ္ဘာပေါ်မှာ ဘာမှ အလကား မရဘူး

ထွမ်းထွမ်းဟာ လင်းဖုန်းကို စိတ်အားထက်သန်စွာနဲ့ စိုက်ကြည့်နေခဲ့ပြီး... လင်းဖုန်းကို သူမရဲ့ စိတ်ထဲမှာ

ဘာရှိနေသလည်း ဆိုတာကို နားလည်ဖို့ မျှော်လင့်နေခဲ့ပါတယ်။

လင်းဖုန်းကလည်း သိနေခဲ့ပြီး ဖွဖွလေး ပြုံးလိုက်ကာ… ကောင်းကင်လျှောင်အိမ် မှော်အင်းကွက်ကို ပယ်ဖျက်လိုက်ပြီး ဂန်ဂျင်ကျားဘုရင်ရဲ့ အလောင်းတစ်ဝက်ကို ထုတ်လိုက်ကာ… ထွမ်းထွမ်းကို လှမ်းပေးလိုက်ပါတယ်။

တောက်တီမလေးရဲ့ တစ်ကိုယ်လုံးကို ပျော်ရွှင်မှုတွေနဲ့ ဖုံးလွှမ်းသွားခဲ့ပါတယ်။

ဖြစ်လာတဲ့ အရာတိုင်းဟာ ကောင်းလွန်းလို့... ထွမ်းထွမ်းအတွက် ယုံစရာ မကောင်းနေခဲ့ပါဘူး။ သူမဟာ ဂန်ဂျင်ကျားဘုရင်ရဲ့ အလေသင်းကို ပတ်ကြည့်နေရင်း... အနည်းငယ် ချီတုံချတုံ ဖြစ်ကာ သံသယတွေ ပွားနေခဲ့ပါတယ်... "သူက ဒါကို အဆိပ်များ ခပ်ထားတာလား?"

လင်းဖုန်းကလည်း သူမကို ရယ်ချင်လှစွာနဲ့ ကြည့်လိုက်ပြီး... ထွမ်းထွမ်းရဲ့ စိတ်ထဲက အတွေးတွေကို သိနေခဲ့ပါတယ်။ သူက ရယ်လိုက်ပြီး... "မင်းက မလိုချင်ရင်လည်း... ငါပြန်သိမ်းလိုက်မယ်လေ..."

ဒီစကားကို ကြားလိုက်တော့ ထွမ်းထွမ်းဟာ တုန်လှုပ်သွားခဲ့ပြီး... ဒီရုပ်အလောင်းကို သူမရဲ့ ကိုယ်သေးသေးလေးနဲ့ ကွယ်ထားခဲ့ကာ... သူမရဲ့ဟာ ဖြစ်နေပြီလို့ ယုံကြည်ထားခဲ့တဲ့ ပစ္စည်းကို အသေခံပြီး ကာကွယ်ဖို့ ကြိုးစားလိုက်ပါတယ်။

"ငါက တောက်တီဖြစ်တယ်... ဒီလိုဆိုတော့ ငါက ဘာအဆိပ်ကိုမှ မကြောက်ဘူး။ ကြိုက်တဲ့အဆိပ် လာခဲ့... ငါက စားပစ်မှာပဲ..." ထွမ်းထွမ်းက သူမရဲ့ ခေါင်းသေးသေးလေးကို လက်နဲ့

ပုတ်လိုက်ပြီး... "ဒီလူဆိုးရဲ့ လှည့်စားခြင်းကို အကြိမ်ပေါင်းများစွာ ခံခဲ့ရတော့... ငါကလည်း ခေါင်းသိပ်မကောင်းတော့ဘူး..."

ဒါကို တွေးမိတာနဲ့ ထွမ်းထွမ်းဟာ နှုပျိုသွားသလို ခံစားလိုက်ရပြီး... သူမရဲ့ မူလပုံစံကို ပြန်ပြောင်းလိုက်ကာ ကလေးငယ်ရဲ့ ညည်းတွားသံလိုမျိုး အသံတစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။

ဆိတ်ခန္ဓာကိုယ်နဲ့ လူရဲ့မျက်နှာ... မျက်လုံးတွေဟာ ချိုင်းကြားထဲမှာ ရှိနေပြီး ကျားအစွယ်နဲ့ လူလက်သည်းတွေ ရှိနေတာပါ။

သူမရဲ့ လက်ရှိပုံစံဟာ နည်းနည်းလေးမှ ချစ်စရာ မကောင်းတော့ပါဘူး။ သူမဟာ ဂန်ဂျင်ကျားဘုရင်ရဲ့ အလောင်းကို ခုန်အုပ်လိုက်ပြီး... စတင်ပြီးတော့ ဝါးမျိုလိုက်ပါတယ်။

သူမရဲ့ အငမ်းမရ ဖြစ်နေတဲ့ အပြုအမူတွေကို ကြည့်လိုက်ပြီး... လင်းဖုန်းက သူ့ရဲ့ နှုတ်ခမ်းတွေကို မဲ့လိုက်ကာ.. "သူမက အစားအသောက်နဲ့ ပတ်သက်လာရင်... ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘူးပဲ..."

တောက်တီတို့ရဲ့ ကောင်းကင်လက်ဆောင်ဟာ
တကယ်ကို အစွမ်းထက်လှပါတယ်။
စိတ်ဝိညာဉ် အပိုင်းအစလေး
တစ်ခုအဖြစ်ကိုသာ ရောက်နေပေမဲ့...
သူမဟာ အလွန်ကို မာကျောလှတဲ့
ရုပ်အလောင်းကို ချက်ချင်းပဲ
ဝါးမျိုလိုက်နိုင်တာပါ။

ဂန်ဂျင်ကျားဘုရင်ရဲ့ ရုပ်အလောင်း
တစ်ဝက်ကို ဝါးမျိုပြီးနောက်မှာ...
တောက်တီမလေးဟာ လုံးလုံးလျားလျား
ပြောင်းလဲလာခဲ့ပါတယ်။

အစက ထွင်းဖောက်ပြီး မြင်နေရတဲ့ သူမရဲ့
စိတ်ဝိညာဉ်ဟာ ရွှေရောင် အလင်းတန်းတွေနဲ့
လင်းလက်လာခဲ့ပြီး… သူမရဲ့ ခန္ဓာကိုယ်ဟာ
သတ္တုအလွှာ တစ်ချပ်နဲ့
ဖုံးလွှမ်းထားသလိုမျိုး… အထင်ကြီးဖွယ်ရာ
တောက်ပနေခဲ့ပါတယ်။

သူမဟာ မျက်လုံးတွေကို ပိတ်ထားလိုက်ပြီး
ညည်းနေခဲ့ကာ… ရွှေရောင် အလင်းတန်း
တွေကလည်း အဆက်မပြတ်
ပြောင်းလဲနေခဲ့ပြီး… သူမရဲ့ ထွင်းဖောက်ပြီး
မြင်နေရတဲ့ ခန္ဓာကိုယ်ကလည်း တဖြေးဖြေးနဲ့
ရုပ်လုံးပေါ်လာခဲ့ပါတယ်။

ဒီဖြစ်စဥ်မှာ သူမရဲ့ ခန္ဓာကိုယ်ကနေ တကယ့်ရုပ်ခန္ဓာလို... သန်မာကြံ့ခိုင်ပြီး သွေးရနံ့ရှိနေတဲ့ ဓာတ်ငွေ့တစ်မျိုးကို ထုတ်လွှတ်နေခဲ့ပါတယ်။

အချိန်အတော်ကြီး ကြာပြီးနောက်မှာ ထွမ်းထွမ်းဟာ အားရပါးရ ရယ်မောလိုက်ပါတယ်... "နောက်ဆုံးမှာတော့ ငါက တကယ့် ရုပ်ခန္ဓာကိုယ် တစ်ခု ပြန်ရသွားပြီ!"

လျှင်မြန်စွာနဲ့ ရယ်လိုက်ပြီး.. သူမဟာ
လူသားပုံစံ ပြန်ပြောင်းလိုက်ပါတယ်။
အခုဆိုရင် သူမဟာ
ကောင်မလေးတစ်ယောက် အသွင်
ပြန်ဖြစ်သွားခဲ့ပါပြီ။ ကြွံခိုင်.. သန်မာ..
မာကျောပေမဲ့… တစ်ချိန်တည်းမှာပဲ
မိန်းကလေးဆန်ပြီး ချစ်စရာ
ကောင်းလှပါတယ်… သူမရဲ့ အရင်တုံးက
ဝိညာဉ်ပုံစံမျိုးနဲ့ မတူတော့ပါဘူး။
အခုထွမ်းထွမ်းဟာ မွှေးရနံ့တွေနဲ့
သင်းကြိုင်နေပြီး… သူမရဲ့ အသားအရေဟာ
သိမ်မွေ့နူးညံ့ပြီး ဖြူဖွေးနေပါတယ်။

သူမရဲ့ ကြီးမားလှတဲ့ ခွန်အားဟာ သူမရဲ့ တစ်ကိုယ်လုံးမှာ စီးဆင်းနေသလိုပါပဲ။ သူမဟာ အခုဆိုရင် မိစ္ဆာသခင် အဆင့်ကို မရောက်သေးပေမဲ့... သူမဟာ မိစ္ဆာဝိညာဉ်ကို ဖော်ဆောင်ပြီး မိစ္ဆာသခင်ကို ရောက်ဖို့ တစ်ဆင့်ပဲ လိုတော့တဲ့... မိစ္ဆာအုပ်ချုပ်သူ အဆင့်ကို ရောက်နေခဲ့ပါပြီ။

ထွမ်းထွမ်းဟာ သူမရဲ့ ခန္ဓာကိုယ်ကို သွေးပူလေ့ကျင့်ခန်း လုပ်လိုက်ပြီး... လင်းဖုန်းကို စိုက်ကြည့်လိုက်ပါတယ်။ သူမရဲ့ လက်သေးသေးလေးကို ဆန့်ထုတ်လိုက်ပြီး... ရန်လိုတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်...

"ငါ့ကို မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို ပေးစမ်း... ဒါဆိုရင် အရင်က ကျွန်မကို အကျဉ်းချထားတာကို မေ့ပေးလိုက်မယ်။ ငြင်းဆန်ရင်တော့... ကျွတ်!"

လင်းဖုန်းက သူမကို မတင်မကျ ပြုံးပြလိုက်ပါတယ်... "အရှုးမလေး... မင်းခံစားခဲ့ရတဲ့ ဒုက္ခတွေကို မေ့သွားပြီလား?"

သူက သူ့ရဲ့ လက်ဝါးကို ဖွင့်လိုက်တော့... ကောင်းကင်လျှောင်အိမ် မှော်အင်းကွက် အစား သီးသန့်အရာ တစ်ခုဖြစ်တဲ့ ခရမ်းရောင်

ခါတ်ငွေ့တွေဟာ ထွက်ပေါ်လာခဲ့ပြီး…
ထွမ်းထွမ်းကို ရစ်ပတ်လွှမ်းခြုံလိုက်ပါတယ်။

"ငါက အရင်ကနဲ့ မတူတော့ဘူး!"
ထွမ်းထွမ်းဟာ သူမရဲ့ အသံကို မြှင့်လိုက်ပြီး
သူမရဲ့လက်ကို ဝှေ့ယမ်းလိုက်ကာ…
ခေါးသွားတွေ အများကြီးနဲ့ တူတဲ့ ရွှေရောင်
အလင်းတန်းတွေကို
ဖော်ဆောင်လိုက်ပါတယ်။ ဒါကတော့
ဂန်ဂျင်ကျားမျိုးနွယ်စုတို့ရဲ့ စွမ်းရည်ပဲ
ဖြစ်ပါတယ်။

ဒီရွှေရောင် အလင်းတန်းတွေဟာ ခရမ်းရောင် ခါတ်ငွေ့တွေရဲ့ အပေါ်ကို ကျရောက်သွားခဲ့ပေမဲ့… သူတို့ကို ဖြတ်တောက်ပစ်ဖို့ မတတ်နိုင်ခဲ့ပါဘူး။ ထွမ်းထွမ်းဟာ အဲ့ဒါကို မြင်လိုက်တော့ သူမရဲ့ နှာခေါင်းတွေကို ရှုံ့လိုက်ပြီး… "ဂန်ဂျင်ကျားမျိုးနွယ်စုတွေဟာ အသုံးမကျပါဘူး… သူတို့ရဲ့ ဘိုးဘေးဘီဘင်တွေ ဖြစ်ကြတဲ့ ကျားဖြူမျိုးနွယ်စုတို့ရဲ့ ကြီးမားတဲ့ စွမ်းအားတွေနဲ့ ယှဉ်လိုက်ရင်… သူတို့က ဘာမှမဟုတ်ဘူးပဲ…"

သူမဟာ ပါးစပ်ကို အကျယ်ကြီး ဟလိုက်ပြီး...
အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ပါတယ်။
သူမရဲ့ ပါးစပ်ဟာ အဆုံးမဲ့
တွင်းနက်ကြီးအတိုင်း... ခရမ်းရောင်
ခဝတ်ငွေ့တွေ အားလုံးကို
စုပ်ယူလိုက်ပါတယ်။

ဒီခဝတ်ငွေ့တွေဟာ သူမရဲ့ခန္ဓာကိုယ်ထဲကို
ရောက်သွားတာနဲ့... ထွမ်းထွမ်းရဲ့
မျက်လုံးတွေဟာ အရောင်လက်လာခဲ့ပြီး...
"ဒါက ပစ္စည်းကောင်းလေးပဲ!
အသက်စွမ်းအားတွေနဲ့ ပြည့်နေပြီး

အရသာလည်း ကောင်းတယ်!
ဘယ်လောက်စားစား ဝကိုမဝနိုင်ဘူး!"

လင်းဖုန်းက ဒီစကားကို ကြားလိုက်တော့
နှာခေါင်းရှုံ့လိုက်ပြီး... "ဒီကမ္ဘာကြီးမှာ ဘာမှ
အလကား မရဘူး..."

ထွမ်းထွမ်းဟာ အနည်းငယ် လန့်သွားခဲ့ပြီး...
သူမမျိုချလိုက်တဲ့ ခါတ်ငွေ့တွေဟာ
အရင်ကလိုမျိုး မိစ္ဆာစွမ်းအားတွေ အဖြစ်ကို
ပြောင်းလဲလို့ မရခဲ့ဘူး ဆိုတာကို
သဘောပေါက်လိုက်ပါတယ်။

သူမဟာ ဒီခရမ်းရောင် ခတ်ငွေ့တွေကို
မျိုချလို့ ရပေမဲ့… အစာချေလို့တော့
မရခဲ့ပါဘူး။ ဒီခရမ်းရောင် ခတ်ငွေ့တွေဟာ
နဂိုအတိုင်းပဲ… သူမရဲ့ ခန္ဓာကိုယ်ထဲမှာ
ပိတ်မိနေခဲ့ပါတယ်။

လင်းဖုန်းက သူ့ရဲ့ စိတ်အာရုံနဲ့
အမိန့်ပေးလိုက်တာနဲ့… ထွမ်းထွမ်း
မျိုချထားခဲ့တဲ့ ခရမ်းရောင် ခတ်ငွေ့တွေ
အားလုံးဟာ ချက်ချင်းပဲ စက်လုံးတစ်ခု
အဖြစ်ကို ပြောင်းသွားခဲ့ကာ…
သီးသန့်ကမ္ဘာလေး တစ်ခုအဖြစ်ကို
ရောက်သွားခဲ့ပါတယ်။

ထွမ်းထွမ်းဟာ သူမရဲ့ ခန္ဓာကိုယ်ထဲကို
ကြည့်လိုက်တော့…
ဒီစက်ဝိုင်းကမ္ဘာလေးထဲမှာ
ကမ္ဘာဦးကာလကနေ စပြီးတော့…
အရာအားလုံးဟာ အဆက်မပြတ်
အသွင်ပြောင်းနေကြတာကို
တွေ့လိုက်ရပါတယ်။

တောက်တီမျိုးနွယ်စုတို့ရဲ့ စွမ်းအားကို
ဘယ်လိုပဲ အသုံးချပြီး ကြိုးစားခဲ့ပေမဲ့…
သူမဟာ သူမရဲ့ ကိုယ်ထဲက

သီးသန့်ကမ္ဘာငယ်လေးကို ချေဖျက်လို့ မရခဲ့ပါဘူး။

လင်းဖုန်းက နှာခေါင်းထပ်ရှုံ့လိုက်ပြီး... "အစားကို ကြည့်စားဖို့လည်း မမေ့နဲ့ဦး... ဒါက မင်းအစာအိမ်ကို ကောင်းကျိုးပေးမှာ မဟုတ်ဘူး..."

ထွမ်းထွမ်းရဲ့ ကိုယ်ထဲက ခရမ်းရောင် ခတ်ငွေ့တွေမှာ ပြောင်းလဲမှု အသစ်တွေကို မြင်နေရပါတယ်။ သက်ရှိအားလုံးဟာ အသက်ကြီးရင့်လာကြပြီး အိုမင်းဆွေးမြေ့ကာ ပျက်စီးခြင်းဘက်ကို ဦးတည်နေကြပါပြီ။

ဒီကမ္ဘာလေးဟာ အထီးကျန် ပျက်စီးမှုဘက်ကို ချီတက်နေခဲ့တာပါ။

ဒီခရမ်းရောင် စက်လုံး ကမ္ဘာငယ်လေးဟာ… ရုတ်တရက် ပေါက်သွားတဲ့ ပူပေါင်းလိုမျိုး လျှင်မြန်စွာနဲ့ ရှုံ့တွသွားခဲ့ပါတယ်။

"မကောင်းတော့ဘူး!" ထွမ်းထွမ်းဟာ စိုးရိမ်ကြောင့်ကြစွာနဲ့ ကြည့်နေခဲ့ပါတယ်။ သူမက ခရမ်းရောင် ခဲတက်ငွေ့တွေနဲ့ ဖွဲ့စည်းထားတဲ့ ဒီကမ္ဘာငယ်လေးဟာ ပြိုကွဲနေခဲ့ပြီး… မကြာခင်မှာပဲ လုံးဝ

ပျက်စီးသွားတော့မယ်လို့
သဘောပေါက်နေခဲ့ပါတယ်။

လင်းဖုန်းဟာ သူ့ရဲ့ မှော်စွမ်းအင်တွေကို
အသုံးပြုပြီး... ကောင်းကင်နဲ့ မြေကြီးတို့ကို
ဖျက်ဆီးနိုင်တဲ့ ကပ်ဆိုးတွေနဲ့ တူတဲ့
ကမ္ဘာငယ်လေးကို ဖန်ဆင်းနိုင်ခဲ့တာပါ။ ဒါက
တကယ့်ကို ကြောက်စရာကောင်းတဲ့
မြင်ကွင်းတစ်ခုပဲ ဖြစ်ပါတယ်။

ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ပျက်စီးခြင်းဟာ
အလွန်ကိုမှ ကြောက်မက်ဖွယ်ရာ ဖြစ်ခဲ့ပြီး...

ပိုစံတူလေးသာ ဖြစ်ပေမဲ့ သူ့ကိုမြင်ရတဲ့သူ အကုန်လုံးကို ကြောက်ဒူးတုန်စေခဲ့ပါတယ်။

ဒီကမ္ဘာငယ်လေးသာ သူမရဲ့ ခန္ဓာကိုယ်ထဲမှာ ပြိုကွဲပျက်စီး သွားခဲ့ရင်... သူ့ရဲ့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားဟာ သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကိုလည်း တစ်စစီ လုပ်နိုင်မယ် ဆိုတာကို... ထွမ်းထွမ်းဟာ သံသယ လုံးဝမရှိနေခဲ့ပါဘူး။

တကယ်လို့သာ ဒါက သာမန် ရှင်ခြင်းနဲ့သေခြင်းသာ ဆိုရင်တော့... ဒီလိုလီတာလေးဟာ လုံးဝကို အညံ့ခံမှာ

မဟုတ်ပါဘူး။ နောက်ဆုံးမှာတော့ သူမဟာ အမြဲတမ်း ခံနေကျဆိုတော့... သူမရဲ့ အမူအရာတွေဟာ သဘာဝ အတိုင်းပဲ လင်းဖုန်းရဲ့ သနားညှာတာမှုကို တောင်းခံလိုက်ပါတယ်... "ကျွန်မ မှားသွားပါတယ်... ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါရှင့်!"

လင်းဖုန်းက ရယ်လိုက်ပြီး... "မင်းကို လုံးဝ ဖျက်ဆီးလိုက်ရင် အကောင်းဆုံး ဖြစ်လိမ့်မယ်လို့... ငါက ဘာဖြစ်လို့ ခံစားနေရတာလည်း? ဒါဆိုရင် တစ်ယောက်က မဟုတ်တာတွေ လုပ်ပြီး

ကျေးဇူးဆပ်တာတွေ စတဲ့...
ပြဿနာတွေကနေ သက်သာသွားမှာပေါ့..."

ထွမ်းထွမ်းက ဝမ်းနည်းစွာနဲ့ သူမရဲ့
နှုတ်ခမ်းလေးတွေကို စူလိုက်ပြီး... "ရှင်က
ကျွန်မကို အကြာကြီး ချုပ်နှောင်ထားခဲ့တာ...
ကျွန်မက ဆန္ဒလေး နည်းနည်းတောင်
ပြလို့မရဘူးလား?"

အတွင်းထဲမှာတော့ သူမဟာ အဆက်မပြတ်ပဲ
သက်ပြင်းတွေ ချနေခဲ့ပါတယ်... "ငါက
ပြန်တုံ့ပြန်နိုင်တဲ့ အခြေအနေကို
ရောက်လာခဲ့ပေမဲ့... ဘယ်သူက သိမှာလည်း?

သူကငါ့ကို လွယ်လွယ်လေးနဲ့
ဖိနှိပ်နိုင်လိမ့်မယ်လို့။ ကြည့်ရတာတော့
အမေကတောင် သူ့ရဲ့ပြိုင်ဘက်
မဟုတ်တော့ဘူး… အဖေကသာ သူနဲ့
ရင်ဆိုင်နိုင်မှာပဲ…"

လင်းဖုန်းဟာ သူမကို သတိပေးတဲ့ အနေနဲ့
သူ့ရဲ့အာဏာကို ပြဖို့ ခြိမ်းခြောက်ဖို့သာ
ကြံစည်ခဲ့ပြီး… သူမကို သတ်ဖို့တော့
မရည်ရွယ်ခဲ့ပါဘူး။ သူက စိတ်နဲ့
အမိန့်ပေးလိုက်ပြီး… ကောင်းကင်
ကမ္ဘာငယ်လေးရဲ့ ဖျက်ဆီးမှုကို
ရပ်တန့်လိုက်ပါတော့… ခရမ်းရောင်

ခုတ်ငွေ့အဖြစ်ကို အသွင်ပြန်ပြောင်း
သွားခဲ့ပြီး... ထွမ်းထွမ်းရဲ့ ပါးစပ်ထဲကနေ
ပြန်ထွက်လာခဲ့ပါတယ်။

ထွမ်းထွမ်းဟာ သူ့ကို သူမရဲ့
နှုတ်ခမ်းထောင့်ကနေ ခိုးပြီးတော့
ကြည့်နေခဲ့ပါတယ်။ သကြားလုံး ခိုးစားတဲ့
ကလေးလေးဟာ လူကြီးက မိသွားပေမဲ့...
သကြားလုံးကို စိတ်အားထက်သန်စွာနဲ့
ကြည့်နေခဲ့ကာ သွားရည်တွေ ယိုနေခဲ့တဲ့
အကြည့်မျိုး အတိုင်းပါ။

လင်းဖုန်းက ပြုံးလိုက်ပြီး... "ငါကမင်းကို မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို ပေးဖို့ ကတိပေးထားတာဆိုတော့... ငါက ကတိဖျက်မှာတော့ မဟုတ်ဘူး။ ဒါကြောင့် မင်းက လိမ်လိမ်မာမာနဲ့ စကားကို ကောင်းကောင်း နားထောင်ဖို့တော့ လိုလိမ့်မယ်..."

"မင်းက လိုအပ်နေတဲ့သူ... ငါက မင်းကို ပေးမယ့်သူ... ဒါဆိုတော့ မင်းက အကျိုးအကြောင်း ဆင်ခြင် စဉ်းစားဖို့တော့ လိုလိမ့်မယ်..."

ထွမ်းထွမ်းဟာ လျှို့ဝှက်စွာနဲ့ မပျော်မရွှင် ဖြစ်နေခဲ့ပါတယ်။ အရင်တုံးက သူမဟာ သူမလိုချင်တာ မှန်သမျှ ရခဲ့ပြီး... နောက်ထပ်လိုချင်ရင်လည်း ထပ်တောင်းလို့ ရသေးတာပါ။

ဒါပေမဲ့လည်း အခုတော့ သူမဟာ အောက်ကျတဲ့ အခြေအနေကို ရောက်နေခဲ့ပြီး... တောင်းဆိုနိုင်တဲ့ စွမ်းအား မရှိနေခဲ့ပါဘူး။ ထွမ်းထွမ်းဟာ ရိုကျိုးစွာနဲ့ ခေါင်းညိတ်လိုက်ကာ ပြုံးလိုက်ပြီး... "ဟုတ်ကဲ့ပါ... ဟုတ်ကဲ့ပါ..."

သူမက စိတ်ပါလက်ပါနဲ့ ပြောတာ…
ဟုတ်မဟုတ် ဆိုတာကို လင်းဖုန်းက
ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလည်း?

ဒါပေမဲ့ သူမက ဂရုမစိုက်ပါဘူး… သူက သူ့ရဲ့
ကတိကို မတည်ခဲ့ရင် သူမက တိုက်ခိုက်ဖို့
အဆင်သင့်ပါပဲ။

လင်းဖုန်းက သူ့ရဲ့လက်ကို လှုပ်လိုက်တော့…
မဟာသူရိယ အကြွင်းမဲ့ မီးတောက်ဟာ
ထွမ်းထွမ်းရဲ့ အရှေ့ကို ကျလာခဲ့ပါတယ်။
ထွမ်းထွမ်းဟာ ဝမ်းသာအားရ ဖြစ်သွားခဲ့ပြီး…
လျှင်မြန်စွာနဲ့ မျိုချလိုက်ပါတယ်။

သူမက မျိုချလိုက်ပြီးတာနဲ့ သူမရဲ့ မျက်စိတွေကို ပိတ်လိုက်ပြီး… ထူးခြားတဲ့ ကိုယ်ဟန် အနေအထား တစ်ခုကို ပြောင်းလိုက်ပါတယ်။ ဒါကတော့ တောက်တီ မျိုးနွယ်စုတွေရဲ့ ကိုယ်ပိုင် လေ့ကျင့်တဲ့ ပုံစံ အနေအထားပဲ ဖြစ်ပါတယ်။

သူမရဲ့ ဗိုက်သေးသေးလေးဟာ ဖောင်းလိုက်ပိန်လိုက် ဖြစ်နေခဲ့ပါတယ်။ သူမရဲ့ စွမ်းအားကို အကုန် အသုံးပြုပြီး လေ့ကျင့်နေခဲ့တာပါ။ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို ကျင့်ကြံနေတာဆိုတော့…

ထွမ်းထွမ်းတောင်မှ အပြည့်အဝ
မသန့်စင်နိုင်သေးပဲ သူမရဲ့ ပစ္စည်းလို့
မပြောရဲပါဘူး။

လင်းဖုန်းကတော့ တည်ငြိမ်စွာနဲ့ပဲ သူမရဲ့
ကျင့်ကြံမှု ပြီးဆုံးတဲ့အထိ ငြိမ်သက်စွာနဲ့
စောင့်နေခဲ့ပါတယ်။

အချိန်အတော်ကြီး ကြာသွားတော့…
ထွမ်းထွမ်းဟာ သူမရဲ့ မျက်လုံးတွေကို
ရုတ်ချည်း ဖွင့်လိုက်ပါတယ်။
မျက်စိကျိန်းစေတဲ့ ရွှေရောင်

အလင်းစတွေဟာ သူမရဲ့ မျက်စိထဲကနေ ထွက်လာခဲ့ပါတယ်။

"အနက်ရောင် အဏ္ဏဝါ ရွှမ်းမင်... မင်းက ငါ့ရဲ့ပြိုင်ဘက် မဟုတ်တော့ဘူး!"
ထွမ်းထွမ်းဟာ သူမကိုယ် သူမ အလွန်အမင်း ကျေနပ်နေခဲ့ပြီး... ကောင်းကင်ကိုကြည့်ကာ ဟားတိုက်ရယ်မောလိုက်ပါတယ်။
"ဒီအချိန်မှာတော့... မင်းကသာ ရွှမ်းမင်မျိုးနွယ်စုရဲ့ အထဲမှာ တစ်သက်လုံး ပုန်းခိုမနေခဲ့ရင်တော့... ငါကမင်းကို ရအောင်ရှာပြီး မိတ်လိုက်မယ်ဟေ့!"

လင်းဖုန်းက တစ်ဟွတ်ဟွတ်နဲ့ ချောင်းဆိုးလိုက်ပါတယ်... သူကြားလိုက်ရတဲ့ စကားဟာ သူ့ကို သီးသွားစေခဲ့ပါတယ်။ သူဟာ ထွမ်းထွမ်းရဲ့ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို လိုချင်နေတဲ့ အကြောင်းကို သိထားပေမဲ့... ဒီလိုမျိုး အကျယ်ကြီး အော်ပြောတာကို ကြားလိုက်ရတော့... တစ်မျိုးကြီး ဖြစ်သွားခဲ့ပါတယ်။

လင်းဖုန်းဟာ စိတ်ဆိုးရအခက် ရယ်ရအခက် ဖြစ်နေခဲ့ပြီး... ထွမ်းထွမ်းကို ကြည့်လိုက်ကာ... "မင်းက တစ်ချိန်လုံး ဒါကိုပဲ တွေးနေတာလား?"

ဟားတိုက်ရယ်မောလိုက် အပြီးမှာ ထွမ်းထွမ်းဟာ လင်းဖုန်းကို ကြည့်လိုက်ပြီး မတ်မတ်ရပ်လိုက်ကာ... "ကျွန်မကို ကျေးဇူးပြုပြီးမှ မဟာလွင်တီးခေါင် ကုန်းမြေကို ပြန်လွှတ်ပေးပါလား? ကျွန်မက ကျွန်မရဲ့ မိဘတွေနဲ့ မတွေ့ရတာ ကြာပြီဆိုတော့... အရမ်းကို လွမ်းနေပြီရှင့်..."

လင်းဖုန်းဟာ စာနာမှု ကင်းမဲ့စွာနဲ့ သူမရဲ့ ရည်ရွယ်ချက် အစစ်အမှန်ကို ဖော်ထုတ်လိုက်ပါတယ်... "မင်းက လိမ်နေစရာ မလိုပါဘူး။ မင်းက အနက်ရောင်

အဏ္ဏဝါ ရွှမ်းမင်ကို လွမ်းနေပြီး... သူ့ကို အတင်းအကြပ် ဟိုဟာလုပ်မလို့ မဟုတ်ဘူးလား?"

"မိတ်လိုက်မလို့... မိတ်လိုက်မလို့ရှင့်!" ထွမ်းထွမ်းဟာ သူ့ကို အမှန်ပြင်ပေးဖို့ ကြိုးစားခဲ့ပေမဲ့... လင်းဖုန်းက သူမကို မချိုမချဉ် အပြုံးနဲ့ ကြည့်နေတာကို တွေ့လိုက်မှသာ... သူမက ဒီစကားကို မပြောသင့်ဘူး ဆိုတာကို နောက်ကျပြီးမှ သဘောပေါက်သွားပါတယ်။

လင်းဖုန်းဟာ သနားချင် ယောင်ဆောင်ပြီးမှ ပြုံးလိုက်ကာ ခေါင်းကို ခါလိုက်ပါတယ်…
"မင်းက ဒီလောက်အထိလည်း လောစရာ မလိုပါဘူး။ မင်းပြောတဲ့ အတိုင်းပဲ… တကယ်လို့ အနက်ရောင် အဏ္ဏဝါ ရှမ်းမင်က သူ့ရဲ့မျိုးနွယ်စုထဲမှာ ပုန်းနေရင်… မင်းကလည်း ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး…"

"မင်းက မိစ္ဆာသခင် အဖြစ်ကို စွမ်းအားတွေ ပြန်ရသွားပြီးမှသာ… မင်းက ဆက်ပြီးတော့ လှုပ်ရှားသင့်တယ်…"

ထွမ်းထွမ်းက စိတ်လှုပ်ရှားသွားခဲ့ပြီး... "ဒါပေမဲ့ ဟိုမြေခွေးမက သူ့နား အရင်ရောက်သွားရင် ဘယ်လိုလုပ်မလည်း?"

လင်းဖုန်းကလည်း သူမကို ကြည့်လိုက်ပြီး ရယ်လိုက်ပါတယ်။ သူ့ရဲ့ ရယ်သံဟာ မရိုးသားခဲ့ပဲ... မြေခွေးက အဘွားကြီး ယောင်ဆောင်ခဲ့ကာ... ခေါင်းစွပ်နီနဲ့ ကောင်မလေးကို လှည့်စားဖို့ ကြံစည်နေတဲ့ အတိုင်းပါပဲ။

သူက သက်ပြင်းချလိုက်ပြီး... "အိုး... နမြောစရာကြီးကွာ! ငါ့မှာက မင်းကို ကျွေးဖို့

စားကောင်းတဲ့ ပစ္စည်းလေးတွေ အများကြီး ရှိသေးတယ်..."

"ဥပမာအားဖြင့်... နောက်ထပ် မဟာသူရိယ အကြွင်းမဲ့ မီးတောက်.. ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်.. ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်း... ပြီးတော့ ဂန်ဂျင်ကျားဘုရင်ရဲ့ မိစ္ဆာဝိညာဉ် အဆီအနှစ် သုံးပုံတစ်ပုံ..."

လင်းဖုန်းရဲ့ စကားတောင် မဆုံးသေးဘူး... ထွမ်းထွမ်းဟာ လင်းဖုန်းကို ခုန်အုပ်လိုက်ပြီး... သူ့ရဲ့ခြေထောက်ကို ဖက်ထားလိုက်ကာ...

"ကျွန်မ ဆက်နေပါ့မယ်… ကျွန်မ ဆက်နေပါ့မယ်!"

လိုလီတာလေးကို နှစ်သိမ့်ပြီးတာနဲ့… လင်းဖုန်းရဲ့ အသိစိတ်ဟာ လက်စွပ်လေးထဲကနေ ထွက်လာခဲ့ပါတယ်။

ဒီအချိန်မှာတော့ ရှောင်ပုတန်လေးဟာ ရှောင်ယန်တို့ရဲ့ လိုက်ဖမ်းမှုကို ရှောင်ရှားရင်း… ယုကျင်းတောင်ပေါ်မှာ ပြေးလွှားပုန်းနေရပါသေးတယ်။

လင်းဖုန်းက မပြုံးတော့ပဲနဲ့ သူ့ရဲ့ခေါင်းကို ခါလိုက်ကာ… သူ့ရဲ့ အာရုံတွေကို နိုင်ငံတို့၏ စာအုပ်ရဲ့ နောက်ဆုံးအခန်းနဲ့ စကြာဝဠာ ကြေးမုံဆီကို ပြန်ပို့လိုက်ပါတယ်။

သူဟာ တိတ်ဆိတ်စွာနဲ့ ဆင်ခြင်သုံးသပ်နေခဲ့ပြီး… သူ့ကိုယ်သူ မြေကြီးရဲ့ အဆုံးမဲ့ စွမ်းအားတွေရဲ့ အထဲမှာ နစ်မြုပ်ထားခဲ့လိုက်ပါတယ်။။

မြေကြီးဟာ ဆိတ်ဆိတ်နေတတ်ပြီး… လေးလံကာ တည်ငြိမ်ပါတယ်။ သူ့ကို

ကြည့်ရတာ ရိုးစင်းတယ်လို့ ထင်ရပေမဲ့...
သူ့ရဲ့ စွမ်းအားတွေဟာ အဆုံးမရှိပါဘူး။

ကောင်းကင်နဲ့ မြေကြီး : ကောင်းကင်ဟာ
အဆုံးမဲ့စွာ ကျယ်ပြန့်ပြီး... မြေကြီးကတော့
ကောင်းကင်ကို ထောက်ပံ့သူ ဖြစ်ပါတယ်။

မြေကြီးဟာ သာမန်ဖြစ်တယ်လို့ ထင်ရပေမဲ့...
သူဟာ အားလုံးကို ထောက်ပံ့ပေးနိုင်ပြီး
လိုက်လျောညီထွေ ဖြစ်နိုင်ပါတယ်။

လင်းဖုန်းဟာ ရုတ်တရက်ပဲ ပြုံးလိုက်ကာ...
စကြာဝဠာ ကြေးမုံကို သူ့ရဲ့လက်နဲ့

ထိလိုက်ပါတယ်။ အဝါရောင်
မြေဆီမြေနှစ်တွေဟာ ထွက်လာခဲ့ပြီး...
နိုင်ငံတို့၏ စာအုပ်ရဲ့ နောက်ဆုံးအခန်းကို
ဖုံးလွှမ်းသွားခဲ့ပါတယ်။

မြောက်မြားလှစွာသော စာလုံးတွေနဲ့
သင်္ကေတတွေဟာ စာအုပ်ထဲကနေ
ထွက်လာကြပါတယ်။ ဒါပေမဲ့လည်း သူတို့ဟာ
မပြည့်မစုံ ဖြစ်နေကြပြီး...
တချို့စာကြောင်းတွေက မထွက်လာကြပါဘူး။
ဒါပေမဲ့လည်း စကြာဝဠာ ကြေးမုံဟာ
ဆက်လက်ပြီးတော့ တောက်ပလာတာနဲ့
အမျှ... စာသားတွေဟာ ပိုမိုလျှင်မြန်စွာနဲ့

ထွက်လာကြပြီး တဖြေးဖြေး
ပြည့်စုံလာကြပါတယ်။

တစ်ချိန်တည်းမှာပဲ စကြာဝဠာ ကြေးမုံဟာ
ငြင်သာစွာနဲ့ တုန်ခါသွားခဲ့ပြီး… သူ့ရဲ့
မျက်နှာပြင်ပေါ်မှာ ရေးကျပြီး ခက်ခဲနက်နဲတဲ့
စာလုံးတစ်လုံးဟာ ဖြေးဖြေးချင်း
ပေါ်လာခဲ့ပါတယ်။

"社" (ဆက်လို့ အသံထွက်ပါတယ်)

## စာစဥ် ၁၂ : အပိုင်း ၇

# အပိုင်း ၂၀၇ : ကောင်းကင်စာအုပ်ကို ဖွင့်ဖို့ အသွင်သဏ္ဍာန် လေးခု

ဒီစကားလုံးဟာ မြေနတ်ဘုရားလို့ အဓိပ္ပာယ်ရပြီး… မြေကြီးရဲ့ စွမ်းအားတွေကို စုစည်းထားတာပဲ ဖြစ်ပါတယ်။ ဒီစကားလုံးက စကြာဝဠာ ကြေးမုံရဲ့ အပေါ်မှာ ပေါ်လာတော့… ဒီကြေးမုံဟာ ကွဲပြားခြားနားတဲ့ အဓိရာကို ထုတ်လွှတ်လိုက်ပါတယ်။

လင်းဖုန်းဟာ ဒီစကြာဝဠာ ကြေးမုံရဲ့ အထဲက ပြောင်းလဲမှုတွေကို တိတ်ဆိတ်စွာနဲ့ လေ့လာဖို့

ကြိုးစားနေခဲ့ပါတယ်။ ချက်ချင်းပဲ သူဟာ
သူ့ရဲ့လက်နဲ့ ပုတ်လိုက်ပြီး… လောကနှစ်ပါး
လေဟာနယ် မန္တန်ကို
ထုတ်လွှတ်လိုက်ပါတယ်။

အစားထိုးမယ့် ဒိုင်မန်းရှင်းရဲ့ အစွန်းကို
စကြာဝဠာ ကြေးမုံရဲ့ အလယ်မှာ
ထားလိုက်တာပါ။ ပုံမှန် အခြေအနေမှာ
ဆိုရင်တော့ လင်းဖုန်းက ဒီမန္တန်ကို
ထုတ်လွှတ်လိုက်ရင်… ဒီစကြာဝဠာ
ကြေးမုံဟာ နှစ်ခြမ်းကွဲသွားမှာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီအချိန်မှာ စကြာဝဠာ
ကြေးမုံကနေပြီး… မြေကြီးလိုမျိုး အဝါရောင်
အလင်းတန်း တစ်ခုက ထွက်လာခဲ့ကာ
အစိုင်အခဲ ပုံစံမျိုးကို သိပ်သည်းသွားခဲ့ပြီး…
လောကနှစ်ပါး လေဟာနယ် မန္တန်ရဲ့
ဖျက်ဆီးနိုင်တဲ့ စွမ်းအားကို ခုခံခဲ့ပါတယ်။

စကြာဝဠာ ကြေးမုံရဲ့ အလယ်မှာ
တည်ရှိနေတဲ့ ဒိုင်မန်းရှင်းဟာ
လှိုင်းတွန့်လေးတွေ အဖြစ် အချိန် အကြာကြီး
တုန်ခါသွားခဲ့ပြီး… နောက်ဆုံးမှာတော့
တည်ငြိမ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း

ဒီဒိုင်မန်းရှင်းဟာ အစားအထိုးတော့ မခံလိုက်ရပါဘူး။

ဒီစကြာဝဠာ ကြေးမုံရဲ့ စွမ်းအားဟာ လေဟာနယ်ရဲ့ စွမ်းအားထက်ကို ပိုကောင်းနေခဲ့ပြီး… လင်းဖုန်းရဲ့ လောကနှစ်ပါး လေဟာနယ် မန္တန်ရဲ့ အကျိုးသက်ရောက်မှုကို ခုခံနိုင်ခဲ့ပါတယ်။

လင်းဖုန်းဟာ စိတ်တို ဒေါသထွက် မသွားခဲ့ပဲ… သူ့ရဲ့မျက်နှာမှာ အပြုံးတောင် ပေါ်လာခဲ့ပါတယ်။

ဒါက ဒီကြေးမုံရဲ့ အဓိက လုပ်ငန်း မဟုတ်ခဲ့ပေမဲ့ လေဟာနယ်ကို ဆန့်ကျင်နိုင်ခဲ့တာဟာ… အခြေတည်ဝိညာဉ် အဆင့်က လက်နက်တစ်ခုရဲ့ စွမ်းအားကို ပြသနေခဲ့တာပါ။

ဟိုနှစ်တုံးက စကြာဝဠာ ကြေးမုံကို ရရှိပြီးနောက်မှာ… သူဟာ နဂါးငွေ့တန်း သဲမှုန်တွေနဲ့ စတင် ပြုပြင်ခဲ့ရပြီး နောက်တစ်ခေါက်မှာ… ဂေလာကျောက်စိမ်းနဲ့ ထပ်ပြီး အားဖြည့်ခဲ့လိုက်တာပါ။ ဒီကနေ့မှာ နိုင်ငံတို့၏ ကောင်းကင်စာအုပ်နဲ့ ထပ်ပြီးသန့်စင်လိုက်တော့… သူဟာ

နောက်ဆုံးမှာ အရင်က စွမ်းအားတွေကို ပြန်ပြီးတော့မှ ရရှိခဲ့ပါပြီ။

"စိတ်ဝင်စားစရာ ကောင်းတဲ့ ပစ္စည်းလေးပဲ..." လင်းဖုန်းက ရယ်ရမ်းသွေးလိုက်ပြီး နိုင်ငံတို့၏ ကောင်းကင်စာအုပ်ကို ထပ်ပြီး အာရုံစိုက်လိုက်ပါတယ်။

လေဟာနယ်ထဲမှာ မရေမတွက်နိုင်တဲ့ စာသားတွေဟာ... သူတို့ကိုယ်သူတို့ သေသပ်အောင် ပြန်ပြီးတော့ စီစဉ်နေကြပါတယ်။ အစတုံးက မပြည့်စုံပဲ

ကွက်လပ်ဖြစ်နေတဲ့ နေရာတွေဟာ…
စကြာဝဠာ ကြေးမုံရဲ့ အကူအညီနဲ့
ဖြည့်ဆည်းလိုက်ကာ… ပြည့်စုံတဲ့
ကျမ်းစာတစ်စောင် ဖြစ်လာခဲ့ပါတယ်။

ဒီကျမ်းစာဟာ လင်းဖုန်းရဲ့ စိတ်ထဲကို
ဝင်သွားပြီး… သူဟာ တည်ငြိမ်စွာနဲ့
ကျမ်းစာကို မှတ်မိအောင် ဖတ်နေခဲ့ပါတယ်။
သူဟာ လေဟာနယ်ထဲမှာ ရှိနေပေမဲ့…
မြေကြီးနဲ့ ဆက်စပ်မှု ရှိနေသေးသလိုပါပဲ။

လင်းဖုန်းက သူဟာ ခွန်အားတွေ စွမ်းအင်တွေ
တိုးတက်လာတယ်လို့ ခံစားလိုက်ရပြီး…

မျက်လုံးအစုံကို ဖွင့်လိုက်ပါတယ်...
"ဒီနိုင်ငံတို့၏ ကောင်းကင်စာအုပ်ဟာ
တကယ့်ကို ကောင်းမွန်ထူးခြားလှတာပဲ..."

စွမ်းရည်ဖန်တီးခြင်း စနစ်ထဲက
လေဟာနယ်ထဲမှာ... နောက်ဆုံးကျန်နေတဲ့
ဓာတ်တစ်မျိုး ဖြစ်တဲ့ မြေကြီးဟာ
နောက်ဆုံးမှာတော့ ငြိမ်သက်သွားခဲ့ပါပြီ။

မြေ.. ရေ.. လေ.. မီး... ဓာတ်ကြီးလေးပါးဟာ
အကုန်လုံး တည်ငြိမ်သွားကြပြီး... စနစ်ကြီးရဲ့
အကြောင်းကြားချက်ဟာ လင်းဖုန်းရဲ့
နားထဲမှာ ပေါ်လာခဲ့ပါတယ်။

"အခြေခံ ကိုးကားချက် နည်းစနစ်တွေဟာ
လိုအပ်ချက်ကို ပြည့်မှီတဲ့အတွက်...
စတင်ပြီးမှ ပေါင်းစည်းပါပြီ!"

"တာအိုနည်းစနစ် ပေါင်းစည်းခြင်း
စတင်ပါပြီ... တာအိုနည်းစနစ်
ပေါင်းစည်းခြင်း အောင်မြင်သွားပါပြီ...
ကောင်းကင်တာအို ကျမ်းစာရဲ့ ဒုတိယအခန်း
အသွင်သဏ္ဍာန် လေးမျိုး ကျမ်းစာကို
စတင်ပြီးတော့ ဖန်တီးနေပါပြီ!"

"ကောင်းကင်တာအိုကျမ်းစာရဲ့
ဒုတိယအခန်း... ကောင်းကင်ကို ဖွင့်လှစ်မယ့်
အသွင်သဏ္ဍာန် လေးမျိုး ကျမ်းစာကို
အောင်မြင်စွာ ဖန်တီးလို့ ပြီးသွားပါပြီ!"

လင်းဖုန်းရဲ့ စိတ်ထဲမှာ ပုံရိပ်တစ်ခုက
ပေါ်လာခဲ့ပါတယ်။ ဖရိုဖရဲ ဖြစ်နေတဲ့
လေဟာနယ်ထဲမှာ သူဟာ ချက်ချင်းပဲ
ကွဲကြေသွားခဲ့ပါတယ်။

"ဝုန်း!" ဆိုပူပေါ်ကို မိုးတောက်က
ကျလာခဲ့သလိုမျိုး... မိုးတောက်တွေဟာ
ခက်ထန်စွာနဲ့ တောက်လောင်နေကြပါတယ်။

အစကတော့ မီးတောက်သေးသေးလေးကနေ
မျက်စိတစ်မှိတ်လေး အတွင်းမှာ...
မီးတောက်ဟာ စကြာဝဠာရဲ့ အလွန်ရှေးကျတဲ့
အခြေအနေ ပုံစံမျိုးနဲ့ ပြင်းထန်စွာ
တောက်လောင်နေခဲ့ပါတယ်။

ခဏအကြာမှာပဲ ရေစီးသံတွေကို
ကြားလိုက်ရပြီး... မီးတောက်မီးလျှံတွေရဲ့
ကြားထဲကနေ ထွက်လာခဲ့ကာ
ကောင်းကင်ယံပေါ်ကို
ထိုးတက်သွားခဲ့ပါတယ်။

တိုက်ဆိုင်လှစွာပဲ မြေဆီလွှာကလည်း ပြောင်းလဲသွားခဲ့ပါတယ်။ နေရာအားလုံးကို ကျိုးပဲ့နေတဲ့ မြေဆီလွှာ အပိုင်းအစတွေနဲ့ ဖုံးအုပ်သွားခဲ့တာပါ။

လေဆင်နှာမောင်းကလည်း နားကွဲလုမတတ် အသံတွေနဲ့ တိုက်ခတ်လာခဲ့ပါတယ်။

စကြာဝဠာကြီးရဲ့ အလွန်ရှေးကျတဲ့ အခြေအနေဟာ သူ့ရဲ့ နူးညံ့သိမ်မွေ့တဲ့ မျှခြေကို ဆုံးရှုံးသွားခဲ့ပြီး... မြေ.. ရေ.. လေနဲ့ မီးတို့ရဲ့ ပူးပေါင်းထားတဲ့ အဆုံးမဲ့ ကစဉ့်ကလျား ဖြစ်စဉ်တွေ အဖြစ်ကို

ပြောင်းလဲသွားခဲ့ပါတယ်။ တစ်ခုချင်းစီဟာ
လုံးဝကို ပြိုင်ဘက်ကင်းတဲ့ ပုံစံမျိုးနဲ့…
သောင်းကျန်းနေကြတာပါ။

လင်းဖုန်းဟာ မြေ.. ရေ.. လေနဲ့ မီးတို့ရဲ့
ကြမ်းတမ်းတဲ့ လှုပ်ရှားမှုတွေကို
တိတ်တဆိတ်နဲ့ပဲ ကြည့်နေခဲ့ပါတယ်။
သူတို့ဟာ အချိန်ကြာလာတာနဲ့ အမျှ…
ပိုပိုပြီးတော့ ခက်ထန်လာခဲ့ပါတယ်။
ဒါပေမဲ့လည်း ဖရိုဖရဲ ဖြစ်မှုတွေရဲ့
အကြားမှာ… ထူးခြားတဲ့ မျှခြေတစ်ခုကို
ရောက်ရှိလာခဲ့ပြီး… နောက်ဆုံးမှာ

သူတို့အားလုံးရဲ့ အထဲကနေ ပူပေါင်းလိုမျိုး ပစ္စည်းတစ်ခုဟာ ထွက်လာခဲ့ပါတယ်။

လင်းဖုန်းက စိတ်ထဲကနေ
အမိန့်ပေးလိုက်တော့… ဒီပူပေါင်းလေးဟာ
ပေါက်ကွဲသွားခဲ့ပြီး… သူ့ရဲ့ အထဲကနေ
လေစီးကြောင်း နှစ်ခုက ထွက်လာခဲ့ပါတယ်။
တစ်ခုက ကြည်လင်ပြီး… ကျန်တစ်ခုက
ညှို့မှိုင်းနေခဲ့တာပါ။

ဒီလေစီးကြောင်း နှစ်ခုက ပေါ်လာခဲ့တဲ့
အချိန်မှာပဲ… မြေ.. ရေ.. လေနဲ့ မီးတို့ရဲ့
ကစဥ့်ကလျား ဖြစ်ခြင်းတွေဟာ နောက်ဆုံးမှာ

ရပ်တန့်သွားခဲ့ပြီး… တည်ငြိမ်မှုကို ရခဲ့ပါတယ်။ ကြည်လင်တဲ့ လေစီးကြောင်းဟာ ဖြေးဖြေးချင်း မြင့်တက်လာခဲ့ပြီး… ညို့မှိုင်းတဲ့ လေစီးကြောင်းကတော့ တဖြေးဖြေး နိမ့်ကျသွားခဲ့ပါတယ်။

ညို့မှိုင်းတဲ့ လေစီးကြောင်းဟာ တဖြေးဖြေး နိမ့်ကျလာခဲ့ပြီး… စက္ကန့်နဲ့အမျှ လေးလံလာခဲ့ပါတယ်။ သူဟာ အောက်ခြေက အစိုင်အခဲ အဖြစ်ကို သိပ်သည်းသွားခဲ့ပြီး… မြေမှုန်တွေ အဖြစ်ကို ပြောင်းလဲသွားခဲ့ကာ… ပြီးတာနဲ့ တောင်တန်းတွေ မြစ်ချောင်းတွေ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

ကြည်လင်တဲ့ လေစီးကြောင်းကတော့
တဖြေးဖြေး မြင့်တက်သွားခဲ့ပြီး... ပိုလို့ ပိုလို့
ဝေးကွာသွားခဲ့ပါတယ်။ သူဟာ နေရာအနှံ့ကို
ပြန့်နှံ့သွားခဲ့ပြီး ကောင်းကင်အဖြစ်ကို
ပြောင်းသွားခဲ့ကာ... နေရယ်.. လရယ်..
ကြယ်တွေရယ် အဖြစ်ကို
ပြောင်းသွားခဲ့ပါတယ်။

ကောင်းကင်နဲ့ မြေကြီးတို့ဟာ
ကွဲပြားသွားခဲ့ပြီး... အသစ်စက်စက်
ကမ္ဘာတစ်ခုဟာ ဒီလိုပဲ မွေးဖွားလာခဲ့ပါတယ်။

လင်းဖုန်းဟာ သူ့ရဲ့အထဲက
သဘောတရားတွေကို နားလည်အောင်
ကြိုးစားနေခဲ့ပြီး… ခဏတာလောက်
ဉာဏ်အလင်း ပွင့်သွားခဲ့ပါတယ်…
"ကောင်းကင်နဲ့ မြေကြီးကို ဖျက်ဆီးခြင်း…
စကြာဝဠာရဲ့ ရှေးကျတဲ့ အခြေအနေတွေကို
ခွဲခြားခြင်း… မြေ.. ရေ.. လေ.. မီး တို့ကို
ပြန်လည် နေရာချထားခြင်း… ကောင်းကင်နဲ့
မြေကြီးတို့ကို နှစ်ခြမ်းခွဲခြင်း…
ကမ္ဘာအသစ်ကို တည်ဆောက်ခြင်း…
ဒါတွေဟာ ကောင်းကင်စာအုပ်ကို
သော့ဖွင့်ပေးတဲ့ အသွင်သဏ္ဍာန် လေးမျိုးရဲ့
အနှစ်သာရတွေပဲ ဖြစ်ကြမှာပါ…"

"အခုအချိန်မှာ ငါက နောက်ဆုံးကျန်နေတဲ့ ခြေလှမ်းကို လှမ်းနိုင်ပြီပဲ..." လင်းဖုန်းရဲ့ အသိစိတ်ဟာ စနစ်ကြီးရဲ့ အထဲကနေ ထွက်လာလိုက်ပါတယ်။

သူဟာ ခံစားချက် တစ်မျိုးကို ခံစားလိုက်ရပြီး... သူ့ရဲ့ခေါင်းကို မော့ကာ လေဟာနယ်ရဲ့ အထဲကို ကြည့်လိုက်ပါတယ်။

အဲ့ဒီမှာ သူဟာ လျှပ်စီးလက်နေတာတွေကို ဝိုးတဝါး မြင်နေရပြီး... မိုးကြိုးခြိမ်းသံတွေကို ကြားနေရပါတယ်။ ဖိနှိပ်ချုပ်ချယ်ပြီး ကြောက်မက်ဖွယ်ကောင်းတဲ့

နတ်ဆိုးတစ်ပါးဟာ... ယုကျောင်းတောင်ပေါ်မှာ ရောက်နေခဲ့သလိုပါပဲ။

"သခင်... ကျွန်တော်က မကြာခင်မှာပဲ လျှပ်စီးကပ်ဘေးကို ရင်ဆိုင်ရတော့မယ်..." ခန်းနန်ဟွာရဲ့ လေသံဟာ သူ့နားရဲ့ဘေးမှာ ပေါ်လာခဲ့ပါတယ်။

လင်းဖုန်းကလည်း ယုကျောင်းတောင်ရဲ့ ချောက်ကမ်းပါး အစွန်ကို လျှောက်လာခဲ့ပြီး... အောက်ကို ငုံ့ကြည့်လိုက်ပါတယ်။ ချောက်ကမ်းပါးထဲမှာ ဂူတစ်လုံးက ရှိနေခဲ့ပြီး... အထဲကနေ သိပ်သည်းပြီး

အားကောင်းလှတဲ့ အော်ရာတွေက ထွက်နေခဲ့ပါတယ်… ဒါကတော့ ခန်းနန်ဟွာက ရွေးချယ်ထားတဲ့ နေရာလေးပဲ ဖြစ်မှာပါ။

"လျှပ်စီးကပ်ဘေးကိုသာ အောင်မြင်စွာ ကျော်လွှားနိုင်အောင် အာရုံစိုက်ထားပါ… ကျန်တဲ့ အရာတွေကို စိတ်မပူပါနဲ့။ ငါက ငါ့ရဲ့ စွမ်းအားတွေကို အသုံးချပြီး မင်းကို ကာကွယ်ပေးမှာပေါ့…" လင်းဖုန်းက ပြောလိုက်ပါတယ်… "ဒီတစ်ခေါက် လျှပ်စီးကပ်ဘေးနဲ့ ရင်ဆိုင်ဖို့ မင်းမှာ ယုံကြည်ချက် ရှိသလား?"

ရွှေရောင်ဗဟိုချက် အဆင့်မှာ ကပ်ဘေးကြီး သုံးခုရှိပါတယ်… နောက်ဆုံးတစ်ခုကတော့ လျှပ်စီးကပ်ဘေးပါ။ တစ်ယောက်ဟာ သူတို့ကို ကျော်လွှားနိုင်မယ် ဆိုရင်တော့… အခြေတည် ဝိညာဥ်ကို ဖော်ဆောင်နိုင်မှာပဲ ဖြစ်ပါတယ်။

ဒီနေရာကစပြီး တစ်ယောက်ဟာ ကောင်းကင်နဲ့ မြေကြီးတို့ကို ကျော်ဖြတ်နိုင်ပြီး… လေဟာနယ် အားလုံးကို စူးစမ်းလေ့လာနိုင်ကာ မိုင်ပေါင်း ထောင်သောင်းချီကာ ခရီးထွက်နိုင်ပြီး…

အသက်အရှည်ကြီး ထပ်နေနိုင်မှာပဲ ဖြစ်ပါတယ်။

ကျင့်ကြံသူတွေရဲ့ သက်တမ်းတွေကလည်း ရှည်လာမှာပါ။ ရွှေရောင် ဗဟိုချက်ကို ဖော်ဆောင်နိုင်ဖို့ဟာ သူတို့ ရင်ဆိုင်ရမယ့် စိန်ခေါ်မှု တစ်ခုဖြစ်ပြီး... အောင်မြင်သွားခဲ့ရင် သူတို့ဟာ နှစ်ပေါင်းတစ်ထောင် အထိ အသက်ရှည်နိုင်မှာပါ။

ရွှေရောင်ဗဟိုချက် အဆင့်ကနေ အခြေတည်ဝိညာဉ် အဆင့်ကို ကူးပြောင်းဖို့ကလည်း... နောက်ထပ်

စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ တကယ်လို့များ
တစ်ယောက်ဟာ အခြေတည် ဝိညာဉ်ကို
အောင်မြင်စွာနဲ့ ဖွဲ့စည်းနိုင်ခဲ့ရင်...
သူ့ရဲ့သက်တမ်းဟာ နှစ်ပေါင်း ၃၆၀၀ အထိ
တိုးတက်သွားမှာပဲ ဖြစ်ပါတယ်။

သူ့ရဲ့ ဝိညာဉ်ကသာ ပျက်စီးသွားခြင်း
မရှိခဲ့ရင်... ကျင့်ကြံသူရဲ့ သက်တမ်းဟာ
ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။

နှစ်ပေါင်း ၃၆၀၀အထိ
အသက်ရှည်ရခြင်းဟာ... တစ်ယောက်ကို

အင်မော်တယ်အလား ကောင်းမွန်စွာ
ခံစားနိုင်စေမှာပါ။

ဒါပေမဲ့လည်း လျှပ်စီးကပ်ဘေးဟာ
ရွှေရောင်ဗဟိုချက် အဆင့်က ကပ်ဘေးသုံးခုရဲ့
အထဲမှာ... ကြောက်မက်ဖွယ်ရာ
အကောင်းဆုံး ကပ်ဘေးပဲ ဖြစ်ပါတယ်။
ကျင့်ကြံသူ သူ့ရဲကောင်းပေါင်း
မြောက်မြားစွာဟာ ဒီစိန်ခေါ်မှုမှာ ကျရှုံးသွားခဲ့
ကြတာပါ။

အားကောင်းတဲ့ စွမ်းအားတွေကို
လုံလောက်စွာ စုဆောင်းထားခြင်း...

အရည်အသွေး ပြည့်မီတဲ့ ရွှေရောင်
ဗဟိုချက်… ခိုင်မာတဲ့ စိတ်စွမ်းအား…
ဒါတွေအားလုံးဟာ ပိုင်ဆိုင်ရမယ့် လိုအပ်တဲ့
အရည်အချင်းတွေပဲ ဖြစ်ကြပါတယ်။
ပြီးတော့လည်း တစ်ယောက်ဟာ
အောင်မြင်ဖို့ဆိုရင် ကံကောင်းမှုလည်း
လိုဦးမှာ ဖြစ်ပါတယ်။

လျှပ်စီးကပ်ဘေးကို အောင်မြင်စွာ
ကျော်လွှားဖို့ဆိုရင် ဘယ်သူ့ရဲ့ အကူအညီမှ
မပါပဲ… တစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ်ပဲ
အားကိုးရမှာ ဖြစ်ပါတယ်။ တကယ်လို့များ
တစ်ယောက်ယောက်က ဝင်ပြီးတော့

ကူညီခဲ့မယ်ဆိုရင်… ကပ်ဘေးတွေဟာ
ပိုပိုပြီးတော့ ခက်ခဲလာမှာပဲ ဖြစ်ပါတယ်။

လျှပ်စီးကပ်ဘေး ဆိုတာက ကျင့်ကြံသူတွေ
ဖန်တီးထားတဲ့ လျှပ်စီးစွမ်းအားတွေနဲ့
ကွဲပြားပါတယ်။ ကောင်းကင်ကနေ
ဆင့်ခေါ်ထားတဲ့ လျှပ်စီးတွေ
ဖြစ်သော်ငြားလည်းပဲ… သူတို့ရဲ့
ဖျက်ဆီးနိုင်စွမ်းဟာ လျှပ်စီးကပ်ဘေးတွေနဲ့
ယှဉ်နိုင်ကြမှာ မဟုတ်ပါဘူး။

လျှပ်စီးကပ်ဘေးဟာ သံသယ ဖြစ်ဖွယ်ရာ မရှိပဲ… ဒီကမ္ဘာကြီးရဲ့ စွမ်းအားအကောင်းဆုံး အင်အားပဲ ဖြစ်တာပါ။

အချိန်သိပ်မကြာသေးခင်က ဇူရီဟာ မဟာဖြတ်မှတ်ဆုံ တောင်တန်းတွေမှာ… အမှောင်နည်းစနစ်တွေကို လေ့ကျင့်ထားတဲ့ ကျင့်ကြံသူ တစ်ယောက်ဆီက… မှော်အိုင်တမ် တစ်ခုကို ကံအားလျော်စွာ ရလာခဲ့ပါတယ်။

ဒီကျင့်ကြံသူဟာ ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်က ကျင့်ကြံသူ

တစ်ယောက်ဖြစ်ပြီး... သူဟာ
လျှပ်စီးကပ်ဘေးကို မရင်ဆိုင်နိုင်ခဲ့ပဲ
မိုးကြိုးတွေရဲ့ တိုက်ရိုက်ပစ်ချခြင်းကို
ခံလိုက်ရကာ... ပြာမှုန်တွေ အဖြစ်ကို
ပြောင်းသွားခဲ့တာပဲ ဖြစ်ပါတယ်။

ခန်းနန်ဟွာဟာ တာအိုနည်းစနစ်ပေါင်း
မြောက်မြားစွာကို ကျွမ်းကျင်ပြီး...
စွမ်းအားကောင်းသူ တစ်ယောက် ဖြစ်ပေမဲ့...
လင်းဖုန်းဟာ သူ့အတွက် စိတ်ပူနေခဲ့ပါတယ်။

"သခင်ခင်ဗျာ... ကျွန်တော့်အတွက်
စိတ်မပူနေပါနဲ့။ ယုကျင်းတောင်ပေါ်မှာ

မဟုတ်ခဲ့ရင် ကျွန်တော်က
ဒီလျှပ်စီးကပ်ဘေးကို ကျော်လွှားနိုင်ဖို့...
၇၀ရာခိုင်နှုန်းသာ ယုံကြည်ချက် ရှိတာပါ..."
ခန်းနန်ဟွာက ပြုံးလိုက်ပြီး... "ဒါပေမဲ့
အခုတော့ ဒီကပ်ဘေးကို ကျော်လွှားနိုင်ဖို့...
၉၀ရာခိုင်နှုန်း ယုံကြည်ချက် ရှိနေပါတယ်..."

လင်းဖုန်းကလည်း ခေါင်းညိတ်လိုက်ပြီး...
"ကဲ... ဒါဆိုလည်း ရှေ့ဆက်ပေတော့။ ငါက
တတ်နိုင်သလောက် မင်းကို
ကာကွယ်ပေးပါ့မယ်..."

ခန်းနန်ဟွာကလည်း ဂူထဲကနေ
ထွက်လိုက်ပြီး… တောင်ပေါ်က
ချောက်ကမ်းပါးရဲ့ အစွန်းထွက်နေတဲ့
နေရာတစ်ခုပေါ်မှာ တင်ပုလ္လင်ခွေ
ထိုင်လိုက်ပါတယ်။ သူ့ရဲ့ ရှေးဟောင်းဂဏ္ဍ
သဲနှုန်းကျမ်းစာကို ကျွမ်းကျင်မှုကလည်း
အထွတ်အထိပ်ကို ရောက်သွားခဲ့ပြီ
ဖြစ်ပါတယ်။

ကြိုတင် သတိပေးထားခြင်းမျိုး မရှိပဲ…
လေဟာနယ်ရဲ့ အထဲမှာ အက်ကွဲကြောင်းကြီး
တစ်ခုဟာ ရုတ်တရက်ပဲ ပေါ်လာခဲ့ပါတယ်။
ဒီအက်ကွဲကြောင်းကြီးရဲ့ အထဲကနေ

မိုးကြိုးသွားကြီး တစ်ခုဟာ
ထွက်ပေါ်လာခဲ့ပြီး... ခန်းနန်ဟွာရဲ့
ခေါင်းပေါ်ကို တိုက်ရိုက်
ပစ်ချလိုက်ပါတော့တယ်။

လျှပ်စီးကပ်ဘေး ဆိုတာမျိုးက မင်းက
ဘယ်နေရာမှာပဲ သွားပြီးတော့
ပုန်းနေပုန်းနေ... လျှပ်စီးကတော့
လေဟာနယ်ကို ဆွဲဖြဲပြီး မင်းရှိတဲ့ နေရာကို
ရောက်လာမှာပါ။

ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်က
ကျင့်ကြံသူတွေဟာ... လျှပ်စီးကပ်ဘေးရဲ့

လေဟာနယ်ကို ဆွဲဖြဲနိုင်တဲ့ စွမ်းအားတွေကို လေ့လာပြီးမှ… လေဟာနယ်ရဲ့ လျှို့ဝှက်ချက်တွေကို ရှာဖွေရမှာပါ။ ဒါကြောင့်မို့ပဲ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေဟာ… လေဟာနယ်ရဲ့ လျှို့ဝှက်ဆန်းကြယ် မှုတွေကို နားလည် သဘောပေါက်နိုင်တာပဲ ဖြစ်ပါတယ်။

ခန်းနန်ဟွာရဲ့ အရှေ့မှာ ဂင်္ဂါသဲနှုန်းနဲ့ မဟာ ကစဍ္ဍကလျား အကြွင်းမဲ့ရေတို့ဟာ တစ်ခုနဲ့ တစ်ခု ပူးပေါင်းသွားခဲ့ပြီး… သူ့ကို လျှပ်စီးမိုးကြိုးကနေ အကာအကွယ် ပေးထားခဲ့ပါတယ်။

ပြင်းထန်လှတဲ့ ထိတွေ့မှုကနေ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးဟာ ပြင်းထန်စွာနဲ့ တုန်ခါသွားခဲ့ပေမဲ့... သူ့ရဲ့ နှလုံးသားကတော့ တည်ငြိမ်နေလို့ပါ။

လင်းဖုန်းဟာ လျှပ်စီးကပ်ဘေးကို ကျော်လွှားမှုရဲ့ ဖိအားတွေကို ထိတွေ့ခံစားနိုင်ခဲ့ပါတယ်။ သူက ဘေးကနေ ရပ်ကြည့်နေသူသာ ဖြစ်ပေမဲ့... သူ့ကို အလွန်အမင်း ကြောက်မက်ဖွယ် ကောင်းတယ်လို့ ခံစားနေရပါတယ်။

လူသားတစ်ယောက်က
ဒီလျှပ်စီးမိုးကြိုးတွေကို ရင်ဆိုင်ရတာဟာ…
တောင်ကြီးနဲ့ ကြက်ဥကို ခွဲခြေနေတာနဲ့
အဓိပ္ပာယ် တူနေပါတယ်။ တစ်ယောက်ဟာ
အချိန်မရွေး တစ်စစီ ခြေမွခြင်းကို
ခံရနိုင်သလိုမျိုး ခံစားနေရတာပါ။

လျှပ်စီးမိုးကြိုး တွေဟာ တစ်ချက်ပြီးတစ်ချက်
ခန်းနန်းဟွာကို အညှာအတာ ကင်းမဲ့စွာနဲ့
ပစ်ခတ်နေကြပါတယ်။ ဒါပေမဲ့လည်း သူဟာ
ပင်လယ်ထဲမှာ ရွက်လွှင့်နေတဲ့ လှေငယ်လေး
အတိုင်းပါပဲ… ပြင်းထန်လှတဲ့ လေပြင်းနဲ့

လှိုင်းလုံးတွေကို ကြောက်ရွံ့
ထိတ်လန့်နေခြင်းမျိုးတွေ မရှိခဲ့ပါဘူး။

သူ့ရဲ့ ဝိညာဉ်ကို မဖော်ဆောင်ရခင်မှာ ဒီလိုမျိုး
လှျပ်စီးကပ်ဘေးရဲ့ အစစ်အမှန် စွမ်းအားကို
မြင်တွေ့လိုက်ရခြင်းဟာ… လင်းဖုန်း
အတွက်တော့ ရွှေတွေ ဘယ်လောက်ပဲ
ပေးဝယ်ပေးဝယ် မရနိုင်တဲ့…
တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံ တစ်ခုပဲ
ဖြစ်ပါတော့တယ်။

ခန်းနန်ဟွာက လျှပ်စီးကပ်ဘေးကို
ရင်ဆိုင်နေတာကို လေ့လာ

အကဲခတ်နေခဲ့ရင်း... လင်းဖုန်းဟာ ရုတ်တရက်ပဲ တွေးလိုက်ပါတယ်... "ကျင့်ကြံသူ တစ်ယောက်ဟာ သူ့ရဲ့ အခြေခံ အုတ်မြစ်ကို တည်ထောင်ပြီးသွားရင်... သူဟာ မဆုတ်နစ်တဲ့ ဇွဲလုံ့လတွေနဲ့ သူ့ရဲ့ ပန်းတိုင်ကို မရောက်မခြင်း ကြံ့ကြံ့ခံပြီး ကြိုးစားရမယ်..."

"ရွှေရောင် ဆေးလုံးကို ဖော်စပ်နိုင်တာက သေမင်းကို ကြောက်ရွံ့မှုတွေကို ကျော်လွှားရပြီး... ဝိညာဉ်ရဲ့ ဉာဏ်အလင်းကို ရယူရတာပဲ ဖြစ်တာပဲ..."

"ပြီးတော့ ဝိညာဏ်ကို ဖော်ဆောင်ရခြင်းဟာ… ကျင့်ကြံသူ တစ်ယောက်ရဲ့ စိတ်စွမ်းအားကို စာမေးပွဲ စစ်တာပဲ ဖြစ်တယ်။ အသက်ကို ခြိမ်းခြောက်နိုင်တဲ့ အန္တရာယ်နဲ့ ကြုံတွေ့ရတဲ့ အချိန်မှာ… သူဟာ ကြောက်ရွံ့ခြင်း ကင်းမဲ့ပြီး သတ္တိရှိစွာနဲ့ တည်ငြိမ်စွာ နေနိုင်ရမှာပဲ ဖြစ်တယ်…"

ကျင့်ကြံမှု လမ်းစဥ်ကို လျှောက်လှမ်းတာဟာ သဘာဝရဲ့ နိယာမတွေကို ဆန့်ကျင်ပြီး… ကောင်းကင်ဘုံက ချမှတ်ထားတဲ့ ကံကြမ္မာတွေကို ထိပ်တိုက်တွေ့တာပဲ ဖြစ်ပါတယ်။ အန္တိမ ရလဒ်ဟာ သဘာဝနဲ့

တစ်သားတည်း ဖြစ်သွားဖို့ မဟုတ်ပဲ…
သဘာဝရဲ့ နိယာမတွေကို နားလည်ပြီး…
ကိုယ့်ရဲ့ကိုယ်ပိုင် သဘောတရားတွေနဲ့
ကိုယ်ပိုင်ကမ္ဘာကို တည်ထောင်ဖို့ပဲ
ဖြစ်ပါတယ်။

ဒီအကြောင်းအရာကို
ဉာဏ်အလင်းပွင့်သွားပြီးနောက်မှာ…
လင်းဖုန်းဟာ သူ့ရဲ့ ရွှေရောင်ဆေးလုံးဟာ
အသွင်ပြောင်းပြီး လှုပ်ခါလာတယ်လို့
ခံစားလိုက်ရပါတယ်… သူ့ရဲ့ စိတ်ဝိညာဉ်ဟာ
လေဟာနယ်နဲ့ တစ်သားတည်း ဖြစ်သွားတဲ့
အတိုင်းပါပဲ။ သူဟာ ကမ္ဘာမြေကြီးက သူ့ကို

စောင့်ကြည့်နေတယ်လို့ ခံစားလိုက်ရပြီး…
"ငါကလည်း လျှပ်စီးကပ်ဘေးကို
မကြာခင်မှာပဲ ရင်ဆိုင်ရတော့မှာလား?"

ဒီအချိန်မှာပဲ လျှပ်စီးမိုးကြိုးတွေဟာ
ဖြေးဖြေးချင်း လွင့်ပြယ်သွားကြပါပြီ။
ခန်းနန်ဟွာရဲ့ မျက်နှာကလည်း
လူသေအတိုင်း ဖြူဆုတ်နေခဲ့ပါတယ်။
ဒါပေမဲ့လည်း အလင်းရောင်တွေဟာ သူ့ကို
ဖုံးလွှမ်းသွားခဲ့ပြီး… သူ့ရဲ့ခေါင်းပေါ်ကနေ
လင်းလက်နေတဲ့ ခရမ်းရောင် သန်းနေတဲ့
ရွှေရောင်ဆေးလုံးက ထွက်ပေါ်လာခဲ့ပါတယ်။

ခန်းနန်ဟွာက ဖော်ဆောင်ထားခဲ့တဲ့ ရွှေရောင်ဆေးလုံးဟာလည်း ခရမ်းရောင် ဖြစ်ပါတယ်.. ဒါပေမဲ့လည်း သူဟာ အက်ကွဲကြောင်းတွေနဲ့ ပြည့်နှက်နေခဲ့ပြီး... လွယ်ကူစွာ ကြေမွသွားတော့မယ့် အတိုင်း ကျိုးပဲ့လွယ်ပုံ ပေါက်နေခဲ့ပါတယ်။

"ပွင့်စမ်း!" ခန်းနန်ဟွာဟာ ဖြူဆုတ်နေသေးပေမဲ့... သူဟာ ဉာဏ်အလင်း ပွင့်သွားခဲ့ပါပြီ။ သူဟာ သူ့ရဲ့ ခေါင်းကို မော့လိုက်ပြီး... သူ့ရဲ့ ရွှေရောင်ဆေးလုံးကို ဖိချေလိုက်ပါတယ်။

သူ့ရှေ့ရောင်ဆေးလုံး ထဲကနေ
အလင်းတန်းတွေဟာ ပေါ်ထွက်လာခဲ့ပြီး…
သူ့ရဲ့အထဲကနေ ပုံရိပ်တစ်ခုဟာ
ဖြေးဖြေးခြင်းပဲ ပေါ်ထွက်လာခဲ့ပါတယ်။ သူက
မွေးကင်းစ ကလေးတစ်ယောက်နဲ့
ပုံစံတူနေခဲ့တာပါ။

ဒါပေမဲ့လည်း ဒီကလေးလေးဟာ လက်အစုံကို
စုစည်းထားခဲ့ပြီး… တင်ပုလ္လင်ခွေ
ထိုင်နေခဲ့ကာ ဂါထာမန္တရားတွေကို
ရွတ်ဆိုနေခဲ့ပါတယ်။ ဂင်္ဂါသဲနှုန်းနဲ့ မဟာ
ကစဥ္စကလျား အကြွင်းမဲ့ရေတို့ဟာ…

ဒီကလေးငယ်လေးရဲ့ ဘေးမှာ ပတ်ပတ်လည်
ဝန်းရံနေခဲ့ပါတယ်။

လင်းဖုန်းကလည်း ဒါတွေကို
မြင်တွေ့နေခဲ့ပြီး... ကိုယ့်ကိုယ်ကိုယ်ပဲ
တွေးနေခဲ့ပါတယ်... "ဒါက ခန်းနန်ဟွာရဲ့
အခြေတည်ဝိညာဉ် အဆင့်ပဲ..."

ခန်းနန်ဟွာက တိုးတိုးလေး ခေါ်လိုက်တော့...
သူ့ရဲ့ခေါင်းပေါ်က အခြေတည်ဝိညာဉ်ဟာ
သူ့ရဲ့ ဦးရေပြားထဲကို ဝင်သွားခဲ့ပါတယ်။

လင်းဖုန်းကလည်း သူ့ရဲ့ဘေးကို
ရောက်သွားခဲ့ပြီး ပြုံးလိုက်ကာ...
"အခြေတည်ဝိညာဉ် အဆင့်ကို
အောင်မြင်စွာနဲ့ ရောက်သွားတဲ့အတွက်
ဂုဏ်ယူပါတယ်..."

ခန်းနန်ဟွာကလည်း ရယ်လိုက်ပြီး...
"အားလုံးက သခင့်ရဲ့ ကျွန်တော့်ကို
ယုကျင်းတောင်ပေါ်ကို ဖိတ်ခေါ်ခဲ့ခြင်းရဲ့
အပေါ်မှာ မူတည်နေပါတယ်။ သခင်ရဲ့
အကူအညီ မပါပဲ ဒီလိုမျိုး အောင်မြင်နိုင်မှာ
မဟုတ်ပါဘူး..."

လင်းဖုန်းကလည်း ပြုံးလိုက်ပြီး သူ့ရဲ့ခေါင်းကို ခါလိုက်ကာ... စကားတစ်လုံးမှ မပြောခဲ့ပါဘူး။ အမှန်တကယ်ဆိုရင် ခန်းနန်ဟွာရဲ့ အတွေ့အကြုံဟာ... အနာဂတ်မှာ သူ့ကို လွယ်ကူအောင် အထောက်အကူ ပြုနိုင်တဲ့အတွက်... သူက ခန်းနန်ဟွာကို ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

တောင်ပေါ်မှာ အချိန်တွေဟာ လျှင်မြန်စွာနဲ့ ကုန်ဆုံးသွားခဲ့ပါတယ်။ သူ့ရဲ့စွမ်းအားတွေကို အချိန်ယူပြီး ပြန်လည် ဖြည့်တင်းပြီးနောက်မှာ... ခန်းနန်ဟွာဟာ သူ့ရဲ့ အကောင်းဆုံး အခြေအနေကို

ရောက်လုနီးပါး ဖြစ်နေခဲ့ပါပြီ။ သူ့ရဲ့ ကြီးမားလှတဲ့ စွမ်းအားတွေနဲ့ ဒီအတိုင်းပဲ ရပ်နေရင်တောင်… သူဟာ လေဟာနယ်ကို ဖွင့်လှစ်နိုင်တော့ မလိုပါပဲ။

ဒီအချိန်မှာပဲ မြောင်ရှီးဟောင်ဟာ ယန်ချင်ကို ယုကျင်းတောင်ပေါ်ကို ပြန်ပြီးတော့ ခေါ်လာခဲ့ပါတယ်။ တိမ်တိုက်ရေပြင်ဂူက ဖျက်ဆီးခံလိုက်ရပြီးမှာ… ယန်ချင်ကလည်း သွားစရာနေရာ မရှိတော့ပါဘူး။ လင်းဖုန်းက သူ့ကို ယုကျင်းတောင်ပေါ်မှာ ပေးနေထားတော့… သူက ကျေးဇူးတင်စရာ စကားလုံးကို ရှာမတွေ့နိုင်ခဲ့ပါဘူး။

ဘာပဲပြောပြော ယုကျင်းတောင်လိုမျိုး လှပတဲ့ နိဗ္ဗာန်ဘုံကို ရှာတွေ့နိုင်ဖို့ဟာ… အမတန်ကို ခက်ခဲလှတာပဲ ဖြစ်ပါတယ်။

တစ်ရက်မှာ… ပြက္ခဒိန်ကို စစ်ဆေးပြီးတဲ့ နောက်မှာ… လင်းဖုန်းဟာ သူ့ရဲ့ တပည့်လေးယောက်ရယ်… ယွဲ့ဟုန်ယန်… ယန်ချင်.. မြောင်ရှီးဟောင်နဲ့ ယွဲ့ဟုန်ယန်တို့ကို သူ့ရဲ့ဘေးကို ခေါ်လိုက်ပါတယ်။

## စာစဥ် ၁၂ : အပိုင်း ၈

# အပိုင်း ၂၀၈ : ရှကျိုးကို ပြန်လည်ရောက်ရှိလာခြင်း

"မေလ ၈ရက်ကနေစပြီး... ငါတို့ရဲ့ဂိုဏ်းဟာ တံခါးဖွင့်ပြီး ရှကျိုးမှာ တပည့်တွေကို စတင်လက်ခံမယ်..."

အားလုံးက စုံညီစွာ ရောက်ရှိလာကြတဲ့ အချိန်မှာ လင်းဖုန်းဟာ ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်... "အချိန်အတော်ကြာ ငြိမ်သက်ပြီးနောက်မှာ... ပြင်ဆင်မှု တစ်ချို့ကို ကြိုတင်ပြီးမှ လုပ်ထားရမယ်။

မနက်ဖြန်ကစပြီး... အားလုံးဟာ ငါနဲ့အတူ ရှကျိုးကို လိုက်လာခဲ့ရမယ်..."

ဇူရိက မေးလိုက်ပါတယ်... "တခြားလူတွေက လာနှောင့်ယှက်မှာကို ကြိုတင်ပြီးမှ ပြင်ဆင်ထားရမှာလား?"

လင်းဖုန်းကလည်း ပြုံးလိုက်ပြီး ဘာကိုမှ မပြောခဲ့ပါဘူး။ သူ့ရဲ့ ဝတ်ရုံထဲကနေ သူဟာ အဆောင်လက်ဖွဲ့ တွေကို ထုတ်ယူလိုက်ပြီး... သူတို့ကို ဖြန့်ဝေပေးခဲ့ပါတယ်။ ဒါတွေက သူဟာ ဟန်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးကနေ ရရှိထားတဲ့...

အဆောင်လက်ဖွဲ့-ဒေါ်လာတွေပဲ
ဖြစ်ကြပါတယ်။

ရှောင်ယန်နဲ့ ကျန်တဲ့သုံးယောက်ဟာ
ခရမ်းရောင် အဆောင်လက်ဖွဲ့ ၁၅ဒေါ်လာနဲ့…
အနီရောင် အဆောင်လက်ဖွဲ့ ၁၅ဂ
ဒေါ်လာတို့ကို ရရှိခဲ့ပြီး… ယွဲ့ဟုန်ယန်နဲ့
ယန်ချင်တို့ဟာ ခရမ်းရောင် အဆောင်လက်ဖွဲ့
၅ဒေါ်လာနဲ့ အနီရောင် အဆောင်လက်ဖွဲ့
၅ဂဒေါ်လာတို့ကို ရရှိခဲ့ပါတယ်။

ယွဲ့ဟုန်ယန်နဲ့ ယန်ချင်တို့ဟာ
အံ့ဩတုန်လှုပ်သွားကြပြီး... သူတို့က
လက်ခံဖို့ မဝံ့မရဲ ဖြစ်နေကြပါတယ်။

ခရမ်းရောင် အဆောင်လက်ဖွဲ့-ဒေါ်လာ
ဆိုတာက... အခြေတည်ဝိညာဉ် အဆင့်က
အဆောင်လက်ဖွဲ့တွေပါ။
သူတို့တစ်ခုချင်းဆီဟာ အခြေတည်ဝိညာဉ်
အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့
တိုက်ခိုက်မှုနဲ့ ညီမျှပါတယ်။ ဒါက
ပိုက်ဆံအနေနဲ့ အသုံးပြုလို့ရပေမဲ့...
ကျင့်ကြံသူပေါင်း ၉၉% တို့ဟာ သူတို့ကို
အသုံးမပြုရက်ကြပါဘူး။ အဲ့ဒီအစား သူတို့ဟာ

အရေးကြီးတဲ့ အချိန်မှာ သူတို့ရဲ့
အသက်တွေကို ကယ်နိုင်ဖို့…
သိမ်းထားကြတာပဲ ဖြစ်ပါတယ်။

အနီရောင် အဆောင်လက်ဖွဲ့-
ဒေါ်လာတောင်မှ… ရွှေရောင်ဗဟိုချက်
အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့
တိုက်ခိုက်မှုနဲ့ တူညီတာပါ။ အခြေခံအုတ်မြစ်
အဆင့်က ကျင့်ကြံသူတွေသာ ဖြစ်နေကြတဲ့
ယွဲ့ဟုန်ယန်နဲ့ ယန်ချင်တို့ အတွက်ဆိုရင်…
ဒီအဆောင်လက်ဖွဲ့တွေဟာ သူတို့အတွက်
အမတန်ကိုမှ စွမ်းအားကြီးနေကြတာပဲ
ဖြစ်ပါတယ်။

သူတို့ဟာ ပြင်းထန်သောမုန်တိုင်း
အဖွဲ့အစည်းက လာတာပဲ ဖြစ်ဖြစ်...
တိမ်တိုက်ရေပြင်ဂူက လာတာပဲ ဖြစ်ဖြစ်...
လင်းဖုန်းဆီက ရရှိခဲ့တဲ့
အဆောင်လက်ဖွဲ့တွေဟာ သူတို့
မြင်ဖူးသမျှထက်တောင် ပိုများနေတာပဲ
ဖြစ်ပါတယ်။

လင်းဖုန်းရဲ့ အတွေးလေးကတော့...
"ယုကျင်းတောင်ကို ရောက်လာတဲ့
သူတွေဟာ ငါ့ရဲ့တပည့်တွေ ဖြစ်ရမှာပေါ့...
မင်းတို့ကို လက်လွတ်ခံလို့ ဘယ်ဖြစ်မလည်း?"

ထိတ်လန့် တုန်လှုပ်နေကြတဲ့ ယွဲ့ဟုန်ယန်နဲ့ ယန်ချင်တို့ကို ကြည့်လိုက်ကာ... လင်းဖုန်းက ပြုံးလိုက်ပြီး... "ကိစ္စမရှိပါဘူး... ယူသာ ယူထားလိုက်ကြပါ။ ဒီတစ်ခေါက် ရှကျိုးကိုသွားတဲ့ ခရီးဟာ ချောမွေ့မှာ မဟုတ်ဘူး။ မင်းတို့ နှစ်ယောက်စလုံး အတွက် ဒီအဆောင်လက်ဖွဲ့တွေက အသုံးဝင်လာမှာပါ..."

သူက ရှောင်ယန်နဲ့ ကျန်တဲ့သူတွေဘက်ကို လှည့်လိုက်ပြီး... "မင်းတို့အတွက်လည်း အတူတူပဲ။ ဒီအဆောင်လက်ဖွဲ့တွေဟာ

မင်းတို့ရဲ့ဟာတွေ ဖြစ်သွားကြပြီ။ မင်းတို့က ဘယ်လို အသုံးပြုမလည်း ဆိုတာဟာ.. မင်းတို့အပေါ်မှာပဲ မူတည်နေတာပဲ..."

"ဒါပေမဲ့လည်း ငါကို ကြိုပြီးမှ သတိမပေးထားဘူးလို့... အပြစ်တော့ မတင်ကြနဲ့ပေါ့ကွာ။ ငါတို့က ဂိုဏ်းကို ဖွင့်ပြီးတာနဲ့... မင်းတို့ဆီမှာ တပည့်အဖြစ်နဲ့ ဝင်ချင်ကြတဲ့သူတွေ အများကြီး ရှိကြမှာပဲ..."

ရှောင်ယန်က ရယ်လိုက်ပြီး...
"လက်ခံလိုက်တဲ့ တပည့်တွေကို... ကျွန်တော်တို့က တာဝန်ယူရမယ်လို့

ဆိုလိုနေတာလား ဆရာသခင်?" ကျွန်တော်တို့ နားထောင်ရသလောက် ဆိုရင်... ကျွန်တော်တို့က ကြိုဆိုတဲ့ လက်ဆောင်တွေကို ပေးရမယ်လို့ ဆိုလိုနေတာပဲ?"

လင်းဖုန်းက သူ့ကို တစ်မူထူးတဲ့ အပြုံးတစ်ခုနဲ့ ကြည့်လိုက်ပြီး... "မင်းကငါ့ကို ဘာလက်ဆောင် တစ်ခုမှ ပေးတာလည်း မရဖူးပါလား?"

ရှောင်ယန်က သူ့ရဲ့လက်တွေကို ဖြန့်ပြလိုက်ပြီး ရယ်လိုက်ပါတယ်...

"ကျွန်တော့်ဆီက အလိုရှိတဲ့ဟာကို ယူပါ... ဆရာသခင်..."

လင်းဖုန်းက ရှောင်ယန်ကို နောက်နေတာကို သိလိုက်တဲ့အတွက်... ရှောင်ပုတန်လေးနဲ့ ကျန်တဲ့သူတွေက တစ်ဝါးဝါးနဲ့ ရယ်နေကြပါတယ်။

ယွဲ့ဟုန်ယန်နဲ့ ယန်ချင်တို့ကလည်း သူတို့ကို အားကျနေတဲ့ အကြည့်တွေနဲ့ ကြည့်နေကြပါတယ်။

စီနီယာ တစ်ယောက်က ပေးတဲ့ဟာကို ငြင်းပယ်လို့ မကောင်းပါဘူး။ လင်းဖုန်းဟာ သဘောကောင်းတဲ့ ပုံစံမျိုး ရှိနေပေမဲ့… ယွဲ့ဟုန်ယန်နဲ့ ယန်ချင်တို့ဟာ သူတို့ရဲ့ လက်ဆောင်တွေကို ဒုတိယအကြိမ် မငြင်းပယ်ရဲတော့ပါဘူး။ အထူးသဖြင့်တော့ လင်းဖုန်းက သူ့ရဲ့ ရည်ရွယ်ချက်တွေကို သူတို့ကို ရှင်းပြပြီးတဲ့ အချိန်မှာပေါ့။

ယန်ချင်ကလည်း လင်းဖုန်းရဲ့ လက်ရင်းတပည့်တွေကို တစ်ချက် ခိုးကြည့်လိုက်ပါတယ်။ သူတို့ကတော့

လင်းဖုန်းက သူတို့ကို အဆောင်လက်ဖွဲ့တွေ ပေးတာကို ဘာမှဖြစ်တဲ့ပုံ မပေါ်ပါဘူး။

ဒါကို တွေ့လိုက်ရတော့ ယန်ချင်ကလည်း စိတ်အနည်းငယ် သက်သာရာ ရသွားခဲ့ပါတယ်။ သူက အဆောင်လက်ဖွဲ့တွေကို ရိုသေစွာနဲ့ လက်ခံလိုက်ပြီး တွေးလိုက်ပါတယ်... "ငါက အရင်ကတည်းက စီနီယာရဲ့ အကြွေးတွေ တင်နေခဲ့တာ။ အခုတော့ သူကငါ့ကို တန်ဖိုးရှိတဲ့ အဆောင်လက်ဖွဲ့တွေ ပေးလိုက်ပြန်ပြီ။ ရှကျိုးကို သွားတဲ့ ခရီးမှာ ငါက သူ့ရဲ့ အစီအစဉ်တွေကို

မဖျက်ဆီးမိအောင် သတိထားပြီး
နေမှရမယ်..."

ယန်ချင်က သူ့ရဲ့ရင်ထဲကနေ ဆုံးဖြတ်ချက်
ချလိုက်ပါတယ်... "တကယ်လို့များ ငါက
တနည်းနည်းနဲ့ ကူညီနိုင်ရင်... အစွမ်းကုန်
ကူညီရမယ်..."

ယွဲ့ဟုန်ယန်ကလည်း စိတ်သက်သာရာ
ရသွားပြီး... အဆောင်လက်ဖွဲ့တွေကို
လက်ခံရင်းနဲ့ စဥ်းစားနေခဲ့ပါတယ်...
"စီနီယာက တကယ့်ကို
သဘောထားကြီးတာပဲ။ အခုတစ်ခေါက်

ရှကျိုးကိုသွားတဲ့ ခရီးမှာ...
တစ်ယောက်ယောက်ကများ လာပြီးတော့
တားဆီးခဲ့ရင်... ငါကအရင်
ဖြေရှင်းပေးလိုက်မယ်။
ရှောင်ယန်တို့တတွေကို ဒုက္ခပေးစရာ
မလိုတော့ဘူး..."

လင်းဖုန်းက ခန်းနန်ဟွာနဲ့
မြောင်ရှီးဟောင်တို့ကို
ပြုံးကာကြည့်လိုက်ပြီး... "ကျုပ်က
သူဌေးမဟုတ်တော့... ခင်ဗျားတို့
နှစ်ယောက်ကိုတော့ ပေးစရာ ဘာမှမရှိဘူး..."

ခန်းနန်ဟွာနဲ့ မြောင်ရှီးဟောင်တို့ကလည်း ရယ်လိုက်ကြပါတယ်။ အထူးသဖြင့်တော့ မြောင်ရှီးဟောင်က အားရပါးရကို ရယ်နေခဲ့ပြီး... "ခင်ဗျားကို ကြည့်ပါဦး... တကယ်လို့များ ခင်ဗျားမှာ လိုခဲ့ရင်... ကျုပ်ဆီမှာ ချေးစရာ ပိုက်ဆံနည်းနည်းတော့ ရှိပါတယ်..."

သူနဲ့ ရက်ပေါင်းအတော်ကြာ ဆက်ဆံပြီးတဲ့နောက်မှာ... အကုန်လုံးဟာ မြောင်ရှီးဟောင်ရဲ့ မိန်းမဆန်တဲ့ အပြုအမူတွေကို ကျင့်သားရနေခဲ့ပါပြီ။ ဒါပေမဲ့လည်း အခုသူ့ရဲ့ ပုံစံကို

တွေ့လိုက်ရတော့... အကုန်လုံးဟာ ကသိကအောက် ဖြစ်လှစွာနဲ့ မြေကြီးကိုသာ စိုက်ကြည့်နေကြပါတယ်။

လင်းဖုန်းကလည်း မြောင်ရှီးဟောင်ကို လှမ်းကြည့်လိုက်ကာ... သူ့ရဲ့နှုတ်ခမ်းတွေဟာ တွန့်သွားခဲ့ပြီး ပြောလိုက်ပါတယ်...
"အဲ့ဒီလောက်လည်း မလိုပါဘူး..."

သူက အင်္ကျီလက်စကို ဝှေ့ယမ်းလိုက်ရာ... အေးရီးစ်ကိုယ်ပွားက သူ့ရဲ့အနားမှာ ပေါ်လာခဲ့ပါတယ်။ လင်းဖုန်းက... "ကျုပ်က ဒီနေရာမှာ လုပ်စရာလေးတွေ ရှိနေလို့...

အေးရီးစ်ကိုယ်ပွားကပဲ ခင်ဗျားတို့နဲ့ အတူ
ရှကျိုးကို လိုက်ခဲ့မှာပဲ..."

အားလုံးကလည်း သဘောတူညီစွာနဲ့
ခေါင်းတွေကို ညိတ်လိုက်ကြပါတယ်။
လင်းဖုန်းရဲ့ အေးရီးစ်ကိုယ်ပွားဟာ
တိတ်တိတ်လေးပဲ ဟိန်းလိုက်ပါတယ်...
"ကဲ... သွားကြစို့..."

ခရမ်းရောင် တိမ်တိုက်တွေဟာ
သူတို့ခြောက်ယောက်ကို ဖုံးလွှမ်းသွားခဲ့ပြီး...
ဟင်းလင်းပြင်ကို ခွဲဖောက်ကာ
ယုကျင်းတောင်နဲ့ ဝေးရာဆီကို

ခေါ်ဆောင်သွားခဲ့ပါတယ်။ ခန်းနန်ဟွာနဲ့
မြောင်ရှီးဟောင် တို့ကလည်း အနောက်ကနေ
ထပ်ကြပ်မကွာ လိုက်သွားကြပါတယ်။

သူတို့တတွေက ထွက်သွားကြတာကို
ကြည့်လိုက်ပြီး... လင်းဖုန်းဟာ
တောင်ထိပ်ပေါ်မှာ တင်ပုလ္လင်ခွေ ထိုင်နေခဲ့ပြီး
ရေရွတ်လိုက်ပါတယ်... "စကြစို့ကွာ...
ငါတို့မှာ အချိန် အကန့်အသတ် ရှိပေမဲ့...
စိတ်ဖိစီးမှုကလည်း တစ်ခါတစ်လေမှာ
တွန်းအားပုံစံမျိုး ဖြစ်တတ်တာပဲ..."

ဟင်းလင်းပြင်ကနေ ထွက်လာပြီးနောက်မှာ...
အေးရီးစ်ကိုယ်ပွားဟာ ရှောင်ယန်.. ဇူရီနဲ့
ရှောင်ပုတန်တို့ကို လွှတ်လိုက်ပြီး
သူတို့ဘာသာ သူတို့ ပျံသန်းစေခဲ့ကာ...
ဝမ်လင်း.. ယွဲ့ဟုန်ယန်နဲ့ ယန်ချင်တို့ကိုသာ
သယ်ဆောင်သွားခဲ့ပါတယ်။

ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ဟာ
နှောင်ကြိုးကနေ လွှတ်လိုက်တဲ့
မြင်းရိုင်းတွေလိုပဲ... သူတို့ကိုယ် သူတို့
ရွှေရောင်အလင်းတန်း နှစ်ခုအဖြစ်ကို
ပြောင်းသွားခဲ့ပြီး... လျှပ်စီးလိုမျိုး အမြန်နှုန်းနဲ့

မိုးကုတ်စက်ဝိုင်း မြောက်ဘက်ကို
ဦးတည်ပြီးမှ ပျံသန်းသွားခဲ့ပါတယ်။

ဇူရီကလည်း သူတို့နှစ်ယောက်ကို
လှမ်းကြည့်လိုက်ပြီး ခေါင်းကို ခါလိုက်ကာ...
"သူတို့တတွေက မကြာခင်မှာပဲ ဆရာတွေ
ဖြစ်လာကြတော့မှာ။ သူတို့ကို ဒီလိုမျိုး
တာဝန်တွေ ပေးရတာ... ဘယ်သူက
စိတ်လွတ်လက်လွတ်နဲ့ စိတ်ချနိုင်ပါ့မလည်း?"

လင်းဖုန်းကလည်း ပြုံးလိုက်ပြီး...
"ကိစ္စမရှိပါဘူးကွာ။ မင်းရဲ့ ဂျူနီယာလေးက
ငယ်သေးတယ်။ ဒီတစ်ခေါက်မှာ သူက

တပည့်ရမလား ဆိုတာက မသေချာသေးဘူး။ ရှောင်ယန် အနေနဲ့ကတော့ သူဟာ အငြိမ်မနေပေမဲ့… သူများတွေရဲ့ အရှေ့မှာ သူက စိတ်ပျက်စေမှာတော့ မဟုတ်ပါဘူး…"

သူက ဇူရီကို ကြည့်လိုက်ပြီး ဆက်ပြောလိုက်ပါတယ်… "ဆရာတစ်ယောက် ဖြစ်ဖို့ဆိုတာ မင်းတို့အတွက်လည်း စမ်းသပ်မှု တစ်မျိုးပဲ။ တစ်ဘက်မှာက စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှု ဖြစ်သလို… တခြားတစ်ဘက် မှာကလည်း… မင်းတို့ရဲ့ ကျင့်ကြံမှု အဆင့်တွေကို တိုးတက်အောင် လုပ်ရမှာပဲ…"

"မင်းတို့က စာတစ်ဝက်ပဲ တတ်ခဲ့ရင်..
တပည့်တွေကို ဘယ်လိုလုပ်ပြီးမှ
သင်ပေးမှာလည်း?"

ဇူရီကလည်း လေးနက်စွာနဲ့
ခေါင်းညိတ်လိုက်ပြီး ပြန်ဖြေလိုက်ပါတယ်...
"ဆရာပြောတာက မှန်လှပါတယ်။
ကျွန်တော်က ဒီအချက်တွေကို အထူး
သတိထားပြီး... ကျွန်တော့်ရဲ့ တပည့်တွေကို
လမ်းမှားမပြမိအောင် သစ္စာဆိုပါတယ်..."

လင်းဖုန်းကလည်း ဝမ်လင်းကို လှမ်းကြည့်လိုက်ပြီး... "ဝမ်လင်း... မင်းက အခုဆိုရင် အခြေခံအုတ်မြစ် အဆင့်ကို ရောက်သွားခဲ့ပြီ။ မင်းက ကျင့်ကြံမှု အပေါ်မှာပဲ အာရုံစိုက်ချင် နေတာကို ငါက သိနေပေမဲ့... ငါအစောက ပြောခဲ့တဲ့ အတိုင်း... တပည့်တွေကို လက်ခံခြင်းဟာ မင်းအတွက်လည်း စမ်းသပ်မှု တစ်ခု ဖြစ်နိုင်တာပဲ..."

ဝမ်လင်းက ခေါင်းညိတ်လိုက်ပြီး... "ဟုတ်... ကျွန်တော် သဘောပေါက်ပါတယ်။ တကယ်လို့များ တစ်ယောက်ကသာ

ကျွန်တော့်ရဲ့ တပည့် ဖြစ်လာလို့ရှိရင်...
ကျွန်တော်က သူ့ကို စိတ်ရှည်စွာနဲ့
သင်ကြားပြသ ပေးပါမယ်..."

စကားပြောနေကြတဲ့ အတောအတွင်းမှာပဲ...
သူတို့အုပ်စုဟာ ရှကျိုးရဲ့ အပေါ်က
ကောင်းကင်ပေါ်ကို ရောက်လာခဲ့ပါပြီ။
ကောင်းကင်ရဲ့ အပေါ်မှာ... တစ်ယောက်ဟာ
အက်ကွဲကြောင်း တစ်ခုကို
မြင်တွေ့နိုင်ပါတယ်။
ကောင်းကင်ကုန်သည်များ ဂေဟာရဲ့
အကြီးအကဲ တစ်ယောက်ဖြစ်တဲ့ စွန်းဖူဟာ...
လေဟာနယ်ထဲမှာ ပြုံးပြီးမှ ရပ်နေခဲ့ပါတယ်။

သူ့ကို မြင်လိုက်ရတော့… လင်းဖုန်းဟာ
လှည့်လိုက်ပြီး ခန်းနန်ဟွာနဲ့
မြောင်ရှီးဟောင်တို့ကို ကြည့်လိုက်ပါတယ်။
သူတို့သုံးယောက်သားဟာ အရှေ့ကို
တက်သွားကြပြီး ဟင်းလင်းပြင်ရဲ့ အထဲကို
ဝင်သွားကြကာ… စွန်းဖူရဲ့ အရှေ့မှာ
ပေါ်လာကြပါတယ်။

သူတို့ရဲ့ အရှေ့ကို ကျော်သွားကြတဲ့
ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ဟာ…
အနောက်ကို ပြန်လှည့်လာခဲ့ပြီး သူတို့ရဲ့
အနောက်မှာ ရပ်လိုက်ကြပါတယ်။ စွန်းဖူကို

ကြည့်လိုက်ပြီး သူတို့ရဲ့ မျက်နှာပိုးတွေကို သတ်လိုက်ကာ... လင်းဖုန်းရဲ့ အနောက်မှာ စနစ်တကျ တန်းစီပြီးမှ ရပ်လိုက်ကြပါတယ်။

လင်းဖုန်းရဲ့ အကြည့်တွေဟာ စွန်းဖူရဲ့ အနောက်က အဘိုးအိုရဲ့ အပေါ်ကို ကျရောက်သွားခဲ့ပါတယ်။

အဲ့ဒီလူကို တွေ့လိုက်တော့ မြောင်ရှီးဟောင်ရဲ့ မျက်လုံးတွေဟာ တောက်ပသွားခဲ့ပြီး... ပြုံးလိုက်ကာ နှုတ်ဆက်လိုက်ပါတယ်...
"မတွေ့ရတာ ကြာပြီ... သူဌေးတန်..."

လင်းဖုန်းဟာ မြောင်ရှီးဟောင်နဲ့
ခန်းနန်ဟွာတို့က ပြောပြထားခဲ့တဲ့…
ကောင်းကင်ကုန်သည်များ ဂေဟာရဲ့
ဖွဲ့စည်းပုံကို အမှတ်ရလိုက်ပါတယ်။
မြောင်ရှီးဟောင်ရဲ့ စကားအရဆိုရင်
ဒီအဘိုးအိုဟာ… ကောင်းကင်ကုန်သည်များ
ဂေဟာရဲ့ အကြီးအကဲ သုံးယောက်ထဲမှာ
ခေါင်းဆောင်ဖြစ်ပါတယ်။ သူဟာ
အခြေတည်ဝိညာဉ် အဆင့်မှာ ရှိနေပြီး…
စွန်းဖူထက် အများကြီး အစွမ်းပိုထက်ပါတယ်။

အကြီးအကဲတန်ရဲ့ ဆံပင်တွေဟာ လုံးဝကို
ဖြူဖွေးနေပါတယ်။ သူဟာ သဘောကောင်းတဲ့

အမှုအရာ ရှိပြီး... မြောင်ရှီးဟောင်
ပြောတာကို ကြားရတာနဲ့ ကျယ်လောင်စွာ
ရယ်မောလိုက်ပါတယ်... "ကျုပ်က အံ့ဖွယ်
ကောင်းကင်ဘုံ ဂိုဏ်းခေါင်းဆောင်က...
ရှကျိုးမြို့ကို လာလည်တာကို ထွက်လာပြီး
ကြိုဆိုတာပါ..."

လင်းဖုန်းဘက်ကို လှည့်ကြည့်လိုက်ပြီး သူဟာ
တောင်းပန်တဲ့ လေသံမျိုးနဲ့... "ကျုပ်တို့ရဲ့
အခြား အကြီးအကဲ တစ်ယောက်ဟာ...
လွန်ခဲ့တဲ့ ၁၀နှစ်လောက် ကတည်းက
တံခါးပိတ်ပြီး လေကျင့်နေလို့... ခင်ဗျားရဲ့
ဂိုဏ်းဖွင့်ပွဲ အခမ်းအနားကို တက်နိုင်မှာ

မဟုတ်ပါဘူး။ ဗွေမယူဘူးလို့
မျှော်လင့်ပါတယ်..."

လင်းဖုန်းက နူးညံ့စွာ ပြုံးလိုက်ပြီး...
"ကိစ္စမရှိပါဘူးဗျာ..."

သူတို့က ရှကျိုးမြို့ထဲ ဝင်လိုက်တော့...
အနားယူဖို့ နေရာတစ်ခု လိုအပ်နေပါတယ်။
စွန်းဖူကလည်း အစောကြီး ကတည်းက
အရာအားလုံးကို ကြိုတင်ပြင်ဆင်ပြီးသားပါ။

လင်းဖုန်းကို ပျော်ရွှင်စေခဲ့တာက လပေါင်း
အနည်းငယ် အတွင်းမှာ... ထူးချွန်ကြတဲ့

လူငယ် အများအပြားဟာ ဒီသတင်းကို ကြားပြီးနောက်မှာ... သူ့ရဲ့ဂိုဏ်းထဲကို ဝင်ဖို့ ရှုကျိုးကို ရောက်လာခဲ့ကြတာပါ။

စွမ်းရည်စိစစ်တဲ့ ကိရိယာနဲ့... သူဟာ အလားအလာ တန်ဖိုး မြင့်မားတဲ့ သူတွေ အမြောက်အမြားကို စုစည်းနိုင်ခဲ့ပါတယ်။ ဒါကလည်း သူ့ကို အလွန်အမင်းကို ပျော်ရွှင်စေခဲ့တာပါ။ ဘာပဲပြောပြော စနစ်ကြီးရဲ့ အဓိက မစ်ရှင်ဟာ... သူ့ကို အလားအလာ တန်ဖိုး ၂၅နဲ့ အထက်က တပည့်တွေ အနည်းဆုံး ၃၀ယောက်ကို...

သူ့ရဲ့ ဂိုဏ်းထဲကို သိမ်းသွင်းခိုင်းထားတာ ဖြစ်ပါတယ်။

"ပြီးတော့လည်း ဒီခွန်းလွန်တောင် မြောက်ပိုင်းမှာ... တခြား ဂိုဏ်းတွေ ကြီးကြီးမားမား မရှိတာကိုလည်း ကျေးဇူးတင်ရမှာပဲ။ စီးပွားရေး အဖွဲ့အစည်း တစ်ခုသာဖြစ်တဲ့ ကောင်းကင်ကုန်သည်များ ဂေဟာက လွဲလို့ပေါ့..."

သူ့ရဲ့ရင်ထဲမှာလည်း ကျေနပ်နေခဲ့ပါတယ်။ သူက သူ့ရဲ့ ရေပန်းစားမှုကို ဒီနေရာမှာ မြင့်တက်အောင် လုပ်ခဲ့တာဟာ... ဒီနေရာမှာ

ဂိုဏ်းကို တည်ထောင်ချင်ရုံ
သက်သက်ကြောင့် မဟုတ်ပါဘူး။
ခွန်းလွန်တောင်နဲ့ ပြင်ပက ကျင့်ကြံမှု ကမ္ဘာရဲ့
ဆက်သွယ်မှုတွေကြောင့်လည်း ပါပါတယ်။

အချိန်တွေဟာ ကုန်လွန်သွားတာနဲ့ အမျှ…
လင်းဖုန်းရဲ့ တရားဝင် ဂိုဏ်းဖွင့်လှစ်မယ့်
မေလ ၈ရက်နေ့ကလည်း
နီးကပ်လာခဲ့ပါတယ်။ သူ့ရဲ့ဂိုဏ်းထဲကို
ဝင်ချင်နေကြတဲ့ ကျင့်ကြံသူတွေကလည်း…
ရှကျိုးမြို့ကို ပိုပိုပြီးတော့
ရောက်ရှိလာကြပါတယ်။ သူ့ရဲ့ အဓိက
မစ်ရှင်ဟာ ပြီးမြောက်တော့မှာကို

ကြည့်နေခဲ့ရင်း... လင်းဖုန်းရဲ့ ရင်ထဲမှာ
ပီတိတွေနဲ့ ဖုံးလွှမ်းနေခဲ့ပါတယ်။

သူ့ရဲ့ဂိုဏ်းထဲကို ဝင်မယ့် သူတွေသူတွေ
အချို့ရဲ့ အလားအလာ တန်ဖိုးဟာ ၂၅ကို
ကျော်ရုံသာ ရှိခဲ့ပေမဲ့... လင်းဖုန်းက
အပြုံးမပျက်ခဲ့ပါဘူး။

သူ့ကိုပိုပြီးတော့ ကျေနပ်စေခဲ့တဲ့
အချက်ဟာ... သူ့ရဲ့ အနာဂတ်
ဂိုဏ်းသားတွေရဲ့ တန်ဖိုးလေးမျိုးတို့မှာ...
တစ်ယောက်မှ အရမ်းကို နည်းနေတဲ့
အမှတ်တွေ မပါပါဘူး။

ဒါက သတင်းကောင်းပဲ ဖြစ်ပါတယ်။ မှင်သက်စေလောက်တဲ့ ပါရမီရှင်တွေဟာ အလွန်အမင်းကို ရှားပါးလှပေမဲ့… သူ့ဆီမှာ ရှောင်ယန်တို့လိုမျိုး တပည့်လေးယောက် ရှိနေပြီးသားပါ။ သူ့ရဲ့ ဒုတိယမျိုးဆက် တပည့်တွေ အနေနဲ့… တည်ငြိမ်မှုကို ပိုပြီးတော့ ဦးစားပေးရမှာပဲ ဖြစ်ပါတယ်။

ဂိုဏ်းတစ်ဂိုဏ်းဟာ အလွန်အမင်းကို ထူးချွန်တဲ့ တပည့်တွေကို လိုအပ်သလိုမျိုး… တည်ငြိမ်ခိုင်မာတဲ့ တပည့်တွေကိုလည်း အခြေခံ အနေနဲ့ လိုအပ်ပါတယ်။ ဒီလိုမျိုး

တပည့်နှစ်မျိုး စလုံးက လိုက်လျောညီထွေ ရှိနေမှသာ... ဂိုဏ်းက တည်တည်ငြိမ်ငြိမ်နဲ့ ပိုမို တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

လင်းဖုန်းက စဉ်းစားနေဆဲမှာပဲ... သူ့ရဲ့စိတ်ထဲကို နှောင့်ယှက်တဲ့ အသံတစ်ခုက ဝင်လာခဲ့ပါတယ်။ ခန်းနန်ဟွာရဲ့ အသံဟာ သူ့ရဲ့ နားထဲမှာ ပေါ်လာခဲ့ပြီး... "သခင်... ကျွန်တော် ဝင်လာလို့ ရမလား?"

"ဝင်လာခဲ့ပါ..." ခန်းနန်ဟွာက တံခါးကို ဖွင့်လိုက်တော့... လင်းဖုန်းဟာ အခန်းထဲမှာ ငြိမ်သက်စွာ တင်ပုလ္လင်ခွေပြီးမှ

ထိုင်နေခဲ့ပါတယ်။ ခန်းနန်ဟွာက ပြုံးလိုက်ပြီး... "တချို့ အပေါင်းအဖော်တွေက ရှကျိုးကို ရောက်လာကြပါတယ်။ သူတို့ဟာ ဂိုဏ်းဖွင့်ပွဲ အခမ်းအနားကို စောင့်ကြည့်သူတွေ အနေနဲ့ တက်ချင်နေကြပါတယ်..."

လင်းဖုန်းကလည်း သူ့ရဲ့ခေါင်းကို ညိတ်လိုက်ပါတယ်။ ပြီးခဲ့တဲ့ ရက်တွေအတွင်းမှာ... ဂိုဏ်းဖွင့်ပွဲကို ကြည့်ချင်လို့ ကျင့်ကြံသူတွေ အမြောက်အမြားဟာ... ရှကျိုးကို ရောက်လာခဲ့ကြပါတယ်။

သူတို့ အများစုဟာ ခွန်းလွန်တောင်ခြေ မြောက်ပိုင်းက ဂိုဏ်းတွေပဲ ဖြစ်ကြပါတယ်။ သူတို့ဟာ ဒီသတင်းကို ကြားရတော့ စိတ်ဝင်စားနေကြပြီး… အသစ်ပေါ်လာတဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ကြည့်ချင်နေကြတာပါ။

စူတောင်ဓားဂိုဏ်းကို စိန်ခေါ်နိုင်တဲ့ ဂိုဏ်းတွေဆိုတာက လက်တစ်ဘက်နဲ့ ရေတွက်လို့ရပါတယ်။ ဂိုဏ်းအများစုမှာ အခြေတည်ဝိညာဥ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကသာ အကြီးအကဲ အနေနဲ့

ရှိနေကြပြီး... အင်မော်တယ် ဝိညာဉ်အဆင့်က အကြီးအကဲတွေ တစ်ယောက်မှ မရှိကြပါဘူး။

သူတို့ရဲ့ စွမ်းရည်တွေနဲ့... လင်းဖုန်းကို သက်ရောက်မှု ဘာမှ မရှိနိုင်ပါဘူး။

"ဒီတစ်ချိန်မှာ ထာဝရ တောင်တန်းဂိုဏ်းက မာစတာ ဝူယွမ်လန်က ကိုယ်တိုင်ကိုယ်ကျ လာခဲ့ပါတယ်။ သူနဲ့အတူ သူ့ရဲ့တပည့် မုန့်ချောင်ယန်ကလည်း ပါလာခဲ့တာပါ..." ခန်းနန်ဟွာက ခဏလောက် နားလိုက်ပြီးမှ ဆက်ပြောလိုက်ပါတယ်... "ကျွန်တော်က

ဒီမုန့်ချောင်ယန်က ထင်သလောက် မရိုးရှင်းဘူးလို့ ခံစားနေရပါတယ်။ သူက ရွှေရောင်ဖဟိုချက် နောက်ဆုံး အဆင့်မှာ ရှိနေပြီး... အခြေတည်ဝိညာဉ် အဆင့်က ဝူယွမ်လန်နဲ့ အများကြီး ကွာသေးပေမဲ့... သူ့ဆီမှာ ထူးခြားပြောင်မြောက်တဲ့ တစ်စုံတစ်ရာကို ကျွန်တော်က ခံစားနေရပါတယ်..."

## စာစဉ် ၁၂ : အပိုင်း ၉

## အပိုင်း ၂၀၉ : ငါတို့ရဲ့ လမ်းကြောင်းကို ပိတ်ချင်သူများ!

ထာဝရ တောင်တန်းဂိုဏ်းဟာ
ခွန်းတောင်တောင်ခြေ တောင်ဘက်ပိုင်းရဲ့
အရှေ့ဘက်မှာ တည်ရှိတာဖြစ်ပြီး... မဟာချင်
အင်ပါယာရဲ့ နယ်စပ်မှာ တည်ရှိပါတယ်။
သူဟာ တည်ထောင်ထားတာ
နှစ်ပေါင်းတစ်ထောင်တောင် မရှိသေးပေမဲ့...
သူရဲ့ အတိတ် အချိန်ကာလတုံးက
အံ့သြဖွယ်ရာ... လေနတ်ဘုရားဂိုဏ်းနဲ့တောင်
ပခုံးချင်း ယှဉ်နိုင်ခဲ့တာပါ။

ဒါပေမဲ့လည်း နောက်ပိုင်းနှစ်တွေမှာ... သူဟာ
မဟာချင် အင်ပါယာကို ဒေါသထွက်အောင်

လုပ်မိခဲ့ပြီး… သူ့ရဲ့ ဖိနှိပ်ထားမှုကို ခံခဲ့ရကာ အခုလက်ရှိ အခြေအနေကို ရောက်ခဲ့ရတာပဲ ဖြစ်ပါတယ်။

ဂိုဏ်းရဲ့အထဲကနေ ထူးချွန်ပြောင်မြောက်တဲ့ ပုဂ္ဂိုလ်တွေဟာ ထွက်ရှိခဲ့ကြပေမဲ့… ပြင်ပကမ္ဘာက ဖိအားတွေနဲ့ ဂိုဏ်းအထဲက စိတ်ဝမ်းကွဲမှုတွေ ပေါင်းစည်းခဲ့ကာ… ထိပ်တန်းဂိုဏ်း အဖြစ်ကနေ အဆင့်လျှောကျခဲ့ပါတယ်။ သူတို့ဟာ လေနတ်ဘုရားဂိုဏ်းနဲ့ လုံးဝကို မယှဉ်ပြိုင်နိုင်တော့ပဲ… ပမွှားသာသာ အဖြစ်ကို ရောက်သွားခဲ့တာပါ။

ဒါပေမဲ့လည်း ကံဆိုးမှုတွေ ကြားက… ထာဝရ တောင်တန်းဂိုဏ်းဟာ ခေါင်းဆောင်အဖြစ်နဲ့ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကို ပိုင်ဆိုင်နိုင်သေးပါတယ်။ သူဟာ ခွန်းလွန်တောင်က အခြေအနေတွေကို တည်ငြိမ်အောင် ကြိုးစားပြီး… ဂိုဏ်းရဲ့ ကျဆင်းမှုကို နှေးကွေးအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

ထာဝရ တောင်တန်းဂိုဏ်းရဲ့ ခေါင်းဆောင်… ဝူယွမ်လန်ဟာ အသက် ၄၀.. ၅၀ကို ကျော်ပြီလို့ မထင်ရသေးပါဘူး။ သူ့ဆီမှာ

ဆံပင်ဖြူ တစ်ချို့ကို တွေ့နေရပြီး… သူ့ရဲ့ အပြုအမူဟာ လေးနက်ပြီး ခွင့်လွှတ်တဲ့ပုံ သိပ်မပေါ်ပါဘူး။

လင်းဖုန်းဟာ သူ့ကို သွားမတွေ့ခဲ့ပဲ… ခန်းနန်ဟွာကိုသာ စေ့စပ်ညှိနှိုင်းရေး ခေါင်းဆောင်အဖြစ်နဲ့ ခန့်အပ်ထားခဲ့ပါတယ်။

သူနဲ့ တွေ့ဆုံပြီးနောက်… ဝူယွမ်လန်ဟာ လင်းဖုန်းနဲ့ တွေ့ချင်တယ်လို့ တောင်းဆိုတာကြောင့်… ခန်းနန်ဟွာဟာ လင်းဖုန်းကို အကြောင်းကြားပြီး ခေါ်ဆောင်လာခဲ့ပါတယ်။

လင်းဖုန်းကတော့ သူ့ကို သတိနဲ့ စောင့်ကြည့်နေခဲ့ပြီး... "ဝူယွမ်လန်ဟာ ကောက်ကျစ်တဲ့ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်တယ်။  သူက တွေ့ဖို့အတွက် တောင်းဆိုခြင်းဟာ တခြားရည်ရွယ်ချက်တွေလည်း ရှိကောင်းရှိနိုင်တာပဲ..."

လင်းဖုန်းဟာ ဝူယွမ်လန်ရဲ့ အနားမှာ ရပ်နေတဲ့ သက်လတ်ပိုင်း လူကြီးတစ်ယောက်ကိုလည်း တွေ့လိုက်ပါတယ်။ သူဟာ ခရမ်းရောင်

ဝတ်စုံတွေကို ဝတ်ဆင်ထားပြီး… ရိုးစင်းတဲ့ ပုံစံမျိုး ရှိပါတယ်။ သူဟာ ဘာစကားကိုမှ မပြောခဲ့ပဲ ငြိမ်သက်စွာသာ ထိုင်နေခဲ့ပါတယ်။

"ဒီလူက ခန်းနန်ဟွာ ပြောထားတဲ့ မုန့်ချောင်ယန် ဆိုတဲ့ လူပဲ ဖြစ်ရမယ်…" လင်းဖုန်းကလည်း တိတ်ဆိတ်စွာနဲ့ပဲ အကဲခတ်နေခဲ့ပါတယ်။ အခြေအနေ တွေက ဘယ်လိုပဲ ဖြစ်ဖြစ်… ဒီလူဟာ လွတ်လပ်ပြီး ဘာကိုမှ သိပ်ဂရုစိုက်တဲ့ပုံ မပေါ်ပါဘူး။

ခန်းနန်းဟွာရော လင်းဖုန်းကပါ…
မုန့်ချောင်ယန်ဟာ တစ်ခုခု
ထူးခြားနေတယ်လို့ ခံစားနေခဲ့ရပါတယ်။

သူဟာ မီးတောင်တစ်လုံးနဲ့ တူပါတယ်…
မြေပေါ်က မီးတောင်နဲ့ မတူပဲ
ပင်လယ်အောက်မှာ ရှိနေတဲ့
မီးတောင်တစ်လုံးနဲ့ တူနေခဲ့တာပါ။

စေ့စပ်ညှိနှိုင်းမှုတွေ အကြားမှာ… သူ့ရဲ့
တည်ငြိမ်နေတဲ့ ပြင်ပ အမူအယာတွေ
အောက်မှာ… မီးလျှံတွေက

တောက်လောင်နေသလို တစ်ယောက်က ခံစားနေနိုင်ပါတယ်။

"သူက ခန်းနန်ဟွာရဲ့ ပုံစံနဲ့ အတော်တူတာပဲ။ ဒီလိုမျိုး ကိုယ်ကျင့်စရိုက်ဟာ သိပ်မဆိုးပေမဲ့... ဝမ်းနည်းကြေကွဲမှုတွေကို ဖိတ်ခေါ်လာတတ်တယ်..." လင်းဖုန်းက ခေါင်းကို ဖြေးဖြေးချင်း ခါလိုက်ပြီး... ရုတ်တရက်ပဲ ရေရွတ်လိုက်ပါတယ်.. "အိုး... ယန်တုန်ဟွေလည်း ရောက်လာတာပဲလား?"

သူရဲ့ မိတ်ဆွေဟောင်းကို ကြိုဆိုဖို့အတွက်... လင်းဖုန်းဟာ ကိုယ်တိုင်ထွက်သွားဖို့

ဆုံးဖြတ်လိုက်ပါတယ်။
အသစ်ရောက်လာတဲ့သူဟာ မိုးပြာရောင်
အလင်းတန်း တစ်ခုကနေ
ထွက်လာခဲ့ပါတယ်။ သူဟာ တကယ်ကို
ကောင်းကင်မာစတာ ခေးဂိုဏ်းက...
ကောင်းကင်လမ်းလျှောက် မာစတာ...
ယန်တုန်ဟွေပဲ ဖြစ်ပါတယ်။

သူ့ရဲ့အနောက်မှာ မိုးပြာရောင် ဝတ်စုံတွေကို
ဝတ်ဆင်ထားတဲ့ လူဆယ်ယောက်လောက်က
လိုက်လာကြပါတယ်။ သူတို့တွေရဲ့ ခါးမှာ
အပြာရောင် ခါးပတ်တွေကို ပတ်ထားပြီး...
ခေးရှည်တစ်ချောင်းစီကို

ချိတ်ဆွဲထားကြပါတယ်။ ဒါကတော့ ကောင်းကင်မာစတာ ခေးဂိုဏ်းရဲ့ ဝတ်စုံပဲ ဖြစ်ပါတယ်။

လင်းဖုန်းကို တွေ့တာနဲ့ ယန်တုန်ဟွေက ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်... "နှောင့်ယှက်ရတာ အားနာပါတယ်... မာစတာလင်း..."

လင်းဖုန်းကလည်း ပြုံးလိုက်ပါတယ်။ ကောင်းကင်မာစတာ ခေးဂိုဏ်းဟာ သူ့ရဲ့ တွက်ချက်မှုတွေရဲ့ အထဲမှာ... အရေးကြီးတဲ့ စစ်တုရင်ကွက် အနေနဲ့ ပါနေတာပါ။ သူတို့နဲ့

ဆက်ဆံရေး ကောင်းခြင်းဟာ...
ဆိုးကျိုးထက် ကောင်းကျိုးကိုသာ
ပိုပေးနိုင်ပါတယ်။

ယန်တုန်ဟွေနဲ့ သူ့ရဲ့ တပည့်တွေဟာ
လင်းဖုန်းကို နှုတ်ဆက်လို့ အပြီးမှာ...
ယန်တုန်ဟွေက ရုတ်တရက်ပဲ
ပြောလိုက်ပါတယ်... "မာစတာလင်း...
တချို့လူတွေက ခင်ဗျားရဲ့ ဂိုဏ်းဖွင့်လှစ်ခြင်း
အခမ်းအနား အောင်အောင်မြင်မြင်နဲ့
ပြီးဆုံးသွားမှာကို... မလိုမလား
ဖြစ်နေကြတယ်လို့ သတင်းတွေ
ရထားတယ်ဗျ..."

လင်းဖုန်းက ပြုံးလိုက်ပြီး...
"မဟုတ်မှလွဲရော... စူတောင်ခေါ်းဂိုဏ်းပဲ
ဖြစ်ရမယ်?"

ယန်တုန်ဟွေ့က ခေါင်းကို ညိတ်လိုက်ပြီး...
"ဟုတ်ပဗျာ... သတင်းတွေ အရဆိုရင်...
မာစတာ လီရှုံကိုယ်တိုင်
ရောက်လာလိမ့်မယ်လို့ ပြောနေကြတာပဲ..."

ဒီစကားကို ကြားလိုက်ရတော့... လင်းဖုန်းရဲ့
စိတ်တွေဟာ အနည်းငယ်
လှုပ်ရှားသွားခဲ့ပါတယ်။ မိစ္ဆာကလန်တွေမှာ

စတင်ကျင့်ကြံသူတွေကို
မိစ္ဆာစစ်သားလို့ခေါ်ပြီး... သူ့နောက်မှာ
မိစ္ဆာဗိုလ်ချုပ်နဲ့ မိစ္ဆာအုပ်ချုပ်သူတို့
ရှိကြတာပါ။ ပြီးတော့ မိစ္ဆာအမြူတေကို
ပိုင်ဆိုင်ထားတဲ့ မိစ္ဆာသခင်ဆိုတာရှိပြီး...
နောက်ဆုံးမှာ မဖျက်ဆီးနိုင်တဲ့ မိစ္ဆာဝိညာဉ်ကို
ဖော်ဆောင်နိုင်ခဲ့ရင်... မဟာမိစ္ဆာ ပဏ္ဍိတတွေ
ဖြစ်သွားကြပါတယ်။

သူတို့နဲ့ နှိုင်းယှဥ်ရရင်...
လူသားကျင့်ကြံသူတွေဟာ ချီသာဝက
ကျင့်ကြံသူကနေ စတင်ပြီး... နောက်မှာ
အခြေခံအုတ်မြစ် အဆင့်.. ပြီးတော့

ရွှေရောင်ဗဟိုချက် အဆင့်နဲ့
အခြေတည်ဝိညာဉ် အဆင့်ဆိုတာ ရှိပြီး…
နောက်ဆုံးမှာတော့ အင်မော်တယ် ဝိညာဉ်
အဆင့်ကို ရောက်ရှိနိုင်ပါတယ်။

မူလကောင်းကင် ကမ္ဘာကြီးရဲ့ စည်းမျဉ်းတွေ
အရဆိုရင်… ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတွေကို မာစတာလို့ ခေါ်နိုင်ပြီး…
အခြေတည်ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေကို ဂရန်းမာစတာလို့
ခေါ်နိုင်တာပါ။ အင်မော်တယ် ဝိညာဉ်
အဆင့်က ကျင့်ကြံသူတွေကိုတော့…
မဟာသူတော်စင်လို့ ခေါ်နိုင်ပါတယ်။

ခုန်းယန်ရဲ့ မာစတာ လီရှုံဆိုတဲ့ဘွဲ့ဟာ...
စူတောင်ခါးဂိုဏ်းရဲ့ လီရှုံဂိုဏ်းခွဲရဲ့ အကြီးဆုံး
တပည့်ဖြစ်လို့ ရရှိထားတာပါ။

မာစတာ လီရှုံရဲ့ ဆရာဟာ အင်မော်တယ်
ဝိညာဉ် အဆင့်ကို ရောက်ရှိပြီးသွားတဲ့
ကျင့်ကြံသူ တစ်ယောက်ဖြစ်ပြီး...
တစ်ချိန်တည်းမှာပဲ သူဟာ လီရှုံဂိုဏ်းခွဲက
ဂိုဏ်းသားတွေ အားလုံးရဲ့ ဆရာသမားလည်း
ဖြစ်ပါတယ်။

အင်မော်တယ် ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေဟာ… မူလကောင်းကင်
ကမ္ဘာရဲ့ ကျင့်ကြံမှု အဆင့်တွေထဲမှာ
အဆင့်အမြင့်ဆုံး ဖြစ်ပြီး… သူတို့ရဲ့
စွမ်းအားတွေကလည်း
တခြားကျင့်ကြံသူတွေနဲ့ နှိုင်းယှဉ်လို့
မရနိုင်ပါဘူး။

ဒီစကားကို ကြားလိုက်ရတော့… လင်းဖုန်းရဲ့
အမူအယာတွေဟာ မပြောင်းလဲသွားခဲ့ပါဘူး။
သူဟာ နောက်ထပ် ရှင်းလင်းချက်တွေကို
မလိုခဲ့ပဲ လေသံတိုးတိုးနဲ့ ပြောလိုက်ပါတယ်…
"ကိစ္စမရှိပါဘူး…"

သူ့ကိုကြည့်လိုက်ပြီး ယန်တုန်ဟွေက ပြုံးလိုက်ကာ... ဒီအကြောင်းကို ဆက်မပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူတို့နှစ်ယောက် စကားပြောပြီးနောက်မှာ... လင်းဖုန်းဟာ မြောင်ရှီးဟောင်ရဲ့ သတင်းပို့တာကို ရခဲ့လိုက်ပါတယ်။

"ကျွန်တော်က ဒီနေရာမှာ ပြဿနာတစ်ခု တက်နေပြီ ထင်တယ်ဗျ..." သတင်းဆိုးကို ပြောနေခဲ့ပေမဲ့... မြောင်ရှီးဟောင်ရဲ့ လေသံဟာ အေးအေးဆေးဆေး ရှိလှပါတယ်။

ဒါပေမဲ့လည်း မြောင်ရှီးဟောင်ကိုတောင် ပြဿနာတက်အောင် လုပ်နိုင်တဲ့ ကိစ္စကို… လျှော့တွက်လို့တော့ မရပါဘူး။

"ရှောင်ယန်က ကျွန်တော်တို့ဂိုဏ်းကို ဝင်ချင်တဲ့ ရှကျိုးက ကလေးတချို့ကို ခေါ်ပြန်လာတာ… လမ်းမှာ တစ်စုံတစ်ယောက်ရဲ့ ဟန့်တားမှုကို ခံလိုက်ရတယ်…" မြောင်ရှီးဟောင်က ပြောလိုက်ပါတယ်… "သူကတော့ ကျွန်တော်တို့ရဲ့ မိတ်ဆွေဟောင်းကြီး… ယုမိသားစုက ယုဝမ်ဖုန်းပဲ…"

သူက ခဏလောက် ရပ်လိုက်ပြီးမှ ဆက်ပြောလိုက်ပါတယ်... "သူ့အပြင်... လေနတ်ဘုရားဂိုဏ်းက မာစတာ ဆိုင်ကလုန်းအပြင်... ကျွန်တော်မသိတဲ့ လူတစ်ယောက်လည်း ပါသေးတယ်။ ဒါပေမဲ့လည်း အဲ့ဒီလူကိုကြည့်ရတာ ကြောက်စရာ ကောင်းတယ်ဗျ..."

လင်းဖုန်းက ဖြေးဖြေးချင်းပဲ ပြန်ပြောလိုက်ပါတယ်... "ခဏစောင့်... ငါလာခဲ့မယ်..."

သူက ယန်တုန်ဟွေ့ဘက်ကို လှည့်ကာ ပြုံးလိုက်ရင်း ပြောလိုက်ပါတယ်...
"ကျုပ်နောက်ကို ခဏလိုက်ခဲ့ပါဦး..."

ပြီးတာနဲ့ လင်းဖုန်းဟာ အခန်းထဲကနေ ထွက်လိုက်ပါတယ်။ သူဟာ မုန့်ချောင်ယန်နဲ့ ဝူယွမ်လန်တို့ကို ကြည့်လိုက်ပြီး...
"ကျုပ်တို့ဂိုဏ်းရဲ့ ဖွင့်ပွဲ အခမ်းအနားကို လာတက်ကြတဲ့အတွက်... ခင်ဗျားတို့ နှစ်ယောက်စလုံးကို ကျေးဇူးတင်ပါတယ်ဗျာ..."

လင်းဖုန်းက ရုတ်တရက် ပေါ်လာတာကို ကြည့်လိုက်ပြီး... ဝူယွမ်လန်ရဲ့ မျက်လုံးအစုံဟာ တောက်ပသွားခဲ့ပါတယ်။ ချက်ချင်းပဲ သူက ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်... "ဒါကတော့ မာစတာလင်းပဲ ဖြစ်ရမယ်။ ခင်ဗျားနဲ့ တွေ့ရတာ ကျုပ်ရဲ့ ကံကောင်းမှု တစ်ရပ်ပါပဲ..."

ဒါပေမဲ့လည်း သူ့ကို နောက်ထပ် ဘာမှ ပေးမပြောခဲ့ပဲ... လင်းဖုန်းက ဆက်ပြောလိုက်ပါတယ်... "ဂိုဏ်းရဲ့ ဖွင့်ပွဲက မကြာခင်ပဲ စတော့မှာပါ။ ဒါပေမဲ့လည်း

မစသေးခင်... ကျုပ်က အားလုံးကို ပွဲတစ်ပွဲ ကြည့်ဖို့ကို ဖိတ်ချင်ပါတယ်..."

ဝူယွမ်လန်က မုန့်ချောင်ယန်ကို လှမ်းကြည့်လိုက်ပြီး... "ဒါဆိုလည်း ကျေးဇူးပြုပြီး လမ်းပြပါဗျာ..."

လင်းဖုန်းကလည်း ဘာမှ ဆက်မပြောတော့ပဲ... ရှေ့ကနေ ဦးဆောင်သွားလိုက်ပါတယ်။

ထွက်မသွားခင် သူဟာ ခရမ်းရောင် တိမ်တိုက်တွေ တစ်အုပ်ကြီးကို

ထုတ်လွှတ်လိုက်ပြီး... တပည့်လောင်းပေါင်း
မြောက်မြားစွာတို့ကို လွှမ်းခြုံလိုက်ကာ...
ရှကျိုးမြို့ရဲ့ အပြင်ဘက်ကို
ပျံသန်းသွားခဲ့ပါတယ်။

လမ်းခရီးမှာ လင်းဖုန်းဟာ ခန်းနန်ဟွာကို
အခြေအနေကို ရှင်းပြနေခဲ့ပြီး... ဇူရီနဲ့
ကျန်တဲ့သူတွေကို ရှောင်ယန်နဲ့
မြောင်ရှီးဟောင်တို့နားကို
လာခိုင်းလိုက်ပါတယ်။

ရှကျိုးမြို့ရဲ့ အရှေ့တောင်ဘက်
လီတစ်ရာခန့်မှာ... မြောင်ရှီးဟောင်နဲ့

ရှောင်ယန်တို့ဟာ လေပေါ်မှာ လူတစ်အုပ်စုနဲ့ ရင်ဆိုင်နေကြပါတယ်။ သူတို့တတွေရဲ့ အောက်မှာတော့... ဖယောက် ဂုယောက်လောက် ရှိကြတဲ့ လူငယ်လေး တစ်အုပ်စုပါ။

လေထုပေါ်က တင်းမာမှုတွေကို ခံစားနေခဲ့ရပေမဲ့... လူငယ်လေးတို့ဟာ လေထုပေါ်က နှစ်ဘက်သားကို ကြည့်နေခဲ့ကာ... လေးစားအားကျတဲ့ အမူအရာတွေကို သူတို့ရဲ့ မျက်နှာပေါ်မှာ တွေ့နိုင်ပါတယ်။

ရှောင်ယန်က သူ့ရဲ့အရှေ့က လူတွေကို ကြည့်လိုက်ပြီး... လေးနက်တဲ့ လေသံနဲ့... "ဒီလူတွေဟာ ကျုပ်တို့ရဲ့ ဂိုဏ်းကို ဝင်ဖို့အတွက် ရှကျိုးကို အဝေးကြီးကနေ လာခဲ့တာ။ ခင်ဗျားတို့က ဘာဖြစ်လို့ လမ်းပိတ်ထားရတာလည်း?"

သူ့ရဲ့ အရှေ့မှာက ယုဝမ်ဖုန်း ဦးဆောင်တဲ့ ယုမိသားစုက ကျင့်ကြံသူတွေနဲ့... မာစတာ ဆိုင်ကလုန်း ဦးဆောင်တဲ့ လေနတ်ဘုရားဂိုဏ်းက တပည့်တွေ တစ်အုပ်စုပါ။

သူတို့တတွေရဲ့ ဘေးမှာက…
စာလုံးအလှတွေနဲ့ တန်ဆာဆင်ထားတဲ့
အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားတဲ့…
သက်လတ်ပိုင်း လူကြီးတစ်ယောက်က
ရပ်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ကို
ကြည့်ရတာ ညစ်ပေ ရှုပ်ရှပ်ခတ်နေတဲ့ပုံ
မပေါ်ခဲ့ပဲ… လျို့ဝှက်ဆန်းကြယ်တဲ့
ခံစားမှုတွေကို ပေးစွမ်းနေခဲ့ပါတယ်။

ဒီလူကို ကြည့်ရတာ တည်ကြည်ခန့်ငြားတဲ့ပုံ
ပေါက်နေပေမဲ့… တစ်ချိန်တည်းမှာပဲ သူကနေ
ဘေးမှာရှိတဲ့ လူတွေအားလုံးကို ပြင်းထန်တဲ့
ဖိအားတွေကို ပေးနေပါတယ်။ သူကတော့

ရွှမ်ကျိုအမတ် ဂေဟာက မစ္စတာ ကျန်းဟိုင်ပဲ ဖြစ်ပါတယ်။

ရှောင်ယန်ရဲ့ မေးခွန်းကို ကြားလိုက်ပေမဲ့… သူတို့သုံးယောက်သားဟာ ဘာမှ မကြားသလိုပဲ နေနေခဲ့ပါတယ်။ သူတို့ဟာ ရွှေရောင်ဗဟိုချက် အဆင့်မှာသာ ရှိသေးတဲ့… ရှောင်ယန်ရဲ့ စကားကို အရေးလုပ်ပြီး ဂရုမစိုက် နေကြပါဘူး။

မာစတာ ဆိုင်ကလုန်းရဲ့ ဘေးကနေ ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ တစ်ယောက်က ထွက်လာခဲ့ပြီး…

ရှောင်ယန်ကို တစ်ချက် ငေးကြည့်လိုက်ကာ..
"မင်းတို့ရဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
တတိယ အဆင့်က ဂိုဏ်းသာဖြစ်ပြီး...
ဒီလိုမျိုး အရည်အသွေးရှိတဲ့ တပည့်တွေကို
သိမ်းသွင်းနေတော့... ပိုပြီးတော့
အဆင့်မြင့်တဲ့ ဂိုဏ်းတွေက
လက်လွှတ်လိုက်ရပြီး... သူတို့ရဲ့
အလားအလာတွေကိုလည်း
ဖျက်ဆီးလိုက်သလို ဖြစ်သွားမှာပေါ့..."

သူက သူ့ရဲ့အောက်က လူငယ်တွေကို
ကြည့်လိုက်ပြီး... "ကျုပ်က
လေနတ်ဘုရားဂိုဏ်းက အကြီးအကဲ...

စူရှမ်းရှီပဲ ဖြစ်ပါတယ်။ ဒီကနေ့မှာ ကျုပ်တို့ရဲ့ လေနတ်ဘုရား ဂိုဏ်းကလည်း တပည့်တွေကို လက်ခံနေပါတယ်။ မင်းတို့အားလုံးကလည်း လေနတ်ဘုရားဂိုဏ်းကို ဝင်လို့ရပါတယ်..."

ဒီစကားကို ကြားလိုက်ရတော့ ရှောင်ယန်ဟာ ဒေါသထွက်သွားခဲ့ပြီး ရယ်လိုက်ကာ... "ဟားဟား... မင်းတို့က ငါ့တို့ရဲ့ အရှေ့မှာ ငါတို့ရဲ့ဂိုဏ်းကို သိက္ခာချနေတာလား?"

စူရှမ်းရှီက ရှောင်ယန်ကို မျက်လုံးထောင့်ကပ်ကာ ကြည့်လိုက်ပြီး ပြောလိုက်ပါတယ်... "ဒီကလေးတွေက

ကိုယ်ပိုင် ရွေးချယ်နိုင်ခွင့် ရှိတယ်။ သူတို့က သူတို့ ဝင်ချင်တဲ့ဂိုဏ်းကို လွတ်လပ်စွာ ရွေးချယ်ဖို့ ခွင့်ပြုသင့်တယ်။ မင်းက သူတို့ကို မင်းရဲ့ ဂိုဏ်းထဲကို အဓမ္မ ဝင်ခိုင်းမလို့လား?"

သူရဲ့ ရင်ထဲမှာတော့ ကျေနပ်အားရ နေခဲ့ပြီး တွေးနေခဲ့ပါတယ်… "ငါတို့ရဲ့ လေနတ်ဘုရားဂိုဏ်းက နှစ်ပေါင်း ထောင်နဲ့သောင်းနဲ့ ချီပြီးတော့ သက်တမ်းရှိနေပြီကွ။ ခွန်းလွန်တောင်ကို အုပ်စိုးထားတာ အချိန်အကြာကြီး ရှိနေပြီ။ မင်းတို့ရဲ့ ဂိုဏ်းအသစ်က ဘယ်လိုလုပ်ပြီး ယှဉ်လို့ရမှာလည်း? ဦးနှောက်ကောင်းတဲ့

သူတွေအားလုံးက ငါတို့ရဲ့ဂိုဏ်းကို ရွေးကြမှာပဲ..."

အောက်မှာရှိနေတဲ့ လူငယ်တွေ အားလုံးဟာ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ပါတယ်။ နောက်ဆုံးမှာတော့ သူတို့ရဲ့ အကြည့်တွေဟာ တစ်ယောက်တည်းရဲ့ အပေါ်ကို ကျရောက်သွားကြပါတယ်။ သူ့ကို ကြည့်ရတာ ကမ္ဘာကြီးမှာ ဘာကိုမှ ဂရုစိုက်တဲ့ပုံ မပေါ်ပါဘူး။

"လျှို့ရှုဖုန်း... ငါတို့က ဘာလုပ်သင့်သလည်း?"

လျှို့ရှုဖုန်းလို့ခေါ်တဲ့ လူငယ်က ပုခုံးကို တွန့်လိုက်ပြီး ပြောလိုက်ပါတယ်… "ငါက လေနတ်ဘုရားဂိုဏ်းကို ကြားဖူးသားပဲ။ သူက ခွန်းလွန်တောင်ခြေ တောင်ဘက်ပိုင်းက ထိပ်တန်းဂိုဏ်း တစ်ဂိုဏ်းပဲ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက မပေါ်လာခင်မှာ… သူဟာ ခွန်းလွန်တောင်မှာ နံပါတ်တစ်ဂိုဏ်းလို့ ခေါ်လို့ရတာပဲ…"

သူ့ရဲ့စကားကို ကြားလိုက်ရတော့… နဂိုက ပြုံးနေတဲ့ စူရှမ်းရှီရဲ့ မျက်နှာမှာ အလိုမကျတဲ့ အမူအရာတွေ ပေါ်လာခဲ့ပြီး… "ရှူးမိုက်တဲ့

ကောင်ကလေး… အခုအချိန်မှာလည်း လေနတ်ဘုရားဂိုဏ်းက နံပါတ်တစ်ပဲကွ…"

ဒီစကားကို ကြားလိုက်ရတော့… လျှိုရှုဖုန်းဟာ မျက်မှောင်တွေကို ကြုတ်လိုက်ပြီး ပြုံးလိုက်ကာ… "ရိုင်းတယ်လို့တော့ မယူဆပါနဲ့… ဒါပေမဲ့လည်း ခင်ဗျားက ဘာပဲပြောပြော… ကျုပ်က အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းကိုပဲ ရွေးချယ်လိုက်မယ်။ ကျုပ်တို့က ဒီအတွက်ပဲ လာခဲ့တာပဲဗျ…"

သူက တခြားလူငယ်တွေကို ကြည့်လိုက်ပြီး
ပြုံးလိုက်ကာ မေးလိုက်ပါတယ်…
"မင်းတို့ရောပဲ မဟုတ်လား?"

ကြည့်ရတာက လျှိုရှုဖုန်းဟာ ဒီလူငယ်တွေရဲ့
လေးစားခြင်းကို ခံနေရတာပါ။ သူ့ရဲ့
စကားတွေကြောင့် ကျန်တဲ့လူငယ်တွေဟာ
ခေါင်းတွေကို တစ်ဆတ်ဆတ်နဲ့
ညိတ်ကုန်ကြပါတယ်။

စူရှမ်းရှီဟာ သူ့ရဲ့ အရှေ့က မြင်ကွင်းကို
ပါးစပ်အဟောင်းသားနဲ့ စိုက်ကြည့်နေခဲ့ပြီး…
အံ့သြတုန်လှုပ် နေခဲ့ပါတယ်။ လျှိုရှုဖုန်းဟာ

ဒီလိုမျိုး ဆုံးဖြတ်ချက်ကို ချလိမ့်မယ်လို့
သူဟာ တစ်ခါမှ တွေးမထားမိပါဘူး။

"တတိယ အဆင့် ဂိုဏ်းလေးနဲ့ ငါတို့ရဲ့
လေနတ်ဘုရားဂိုဏ်းကို လာယှဉ်ရလား?
မင်းတို့က ကိုယ့်ကိုယ်ကိုယ်
လိမ်မနေကြပါနဲ့ကွာ!" စူရှမ်းရှီဟာ
မြေပြင်ပေါ်ကို ဆင်းလာလိုက်ပြီး...
မည်းမှောင်နေတဲ့ မျက်နှာကြီးနဲ့ လျှိုရှုဖုန်းကို
စိုက်ကြည့်လိုက်ပါတယ်။

ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ
တစ်ယောက်ဟာ သာမန်လူကို

သတ်ဖို့ဆိုရင်… ထိတောင်ထိဖို့ မလိုပါဘူး။
သူ့ရဲ့ အော်ရာနဲ့တင် လုံလောက်နေပါပြီ။

လျှိုရှုဖုန်းဟာ ဒီ့အရင်က ချီကို
ကျင့်ကြံဖူးပေမဲ့… သူဟာ ရွှေရောင်ဗဟိုချက်
အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့
ဖိအားကို… ဘယ်လိုလုပ်ပြီး
ရင်ဆိုင်နိုင်ပါ့မလည်း?

ဒါပေမဲ့လည်း သူဟာ ဆက်လက်ပြီးတော့
အံတုနေခဲ့ပါတယ်။ ကြောက်ရွံ့မှု ကင်းစွာနဲ့
သူဟာ စူရှမ်းရှီကို ကြည့်လိုက်ပြီး
အေးစက်စွာနဲ့… "ခင်ဗျားတို့ရဲ့

လေနတ်ဘုရားဂိုဏ်းဟာ စွမ်းအားတော့
ကြီးမှာပဲ… ဒါပေမဲ့လည်း
စူတောင်ခေါ့ဂိုဏ်းထက်တော့
ကြီးနိုင်ပါ့မလား?"

စူတောင်ခေါ့ဂိုဏ်းကို စော်ကားခြင်းကြောင့်…
လေနတ်ဘုရားဂိုဏ်းက ဘာအကျိုးများ
ရနိုင်မှာမို့လည်း?

ဒီအချိန်မှာ စူရှမ်းရှီဟာ လျှို့ရှုဖုန်း မေးတာကို
ပြန်မဖြေနိုင်တော့ပဲ… ဒေါသကို မထိန်းနိုင်ပဲနဲ့
သူ့ရဲ့ အော်ရာတွေကို လေဆင်နှာမောင်း

တစ်ခုအဖြစ် ပြောင်းလိုက်ကာ... လျှို့ရှုဖုန်း ရှိရာဆီကို ခုန်အုပ်လိုက်ပါတယ်။

ဘာမှော်ကျိန်စာမှ သုံးစရာ မလိုပဲ သူ့ရဲ့ အော်ရာတွေကို ထုတ်လွှတ်လိုက်ရုံနဲ့... သူဟာ လျှို့ရှုဖုန်းကို တစ်စစီ ဖွဲ့ပစ်နိုင်တာပါ။

"ခွန်းလွန်တောင်ရဲ့ တောင်ဘက်တောင်ခြေကို ပြန်သွားလိုက်တော့... ဒီနေရာက မင်းတို့ မဟုတ်တာတွေ လာလုပ်ရမယ့် နေရာမဟုတ်ဘူး..." ရှောင်ယန်ရဲ့ သရော်တဲ့ လေသံဟာ စူရှမ်းရှီရဲ့ အနားမှာ ပေါ်လာခဲ့ပါတယ်။ ခဏအကြာမှာပဲ စူရှမ်းရှီရဲ့

လေဆင်နှာမောင်းကို ခွဲဖျက်လိုက်တဲ့
လက်သီးတစ်လုံးကို တွေ့လိုက်ရပါတယ်။

စူရှမ်းရှိဟာ အပြင်ပိုင်းက ဒေါသထွက်နေတဲ့ပုံ
ပေါက်နေခဲ့ပေမဲ့... အတွင်းမှာတော့
ကျိတ်ရယ်နေခဲ့ပါတယ်။ သူ့ရဲ့
ရည်ရွယ်ချက်က ရှောင်ယန်ကို ရန်စဖို့ပါ။

ဟန်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတုံးက...
ရှောင်ပုတန်လေးနဲ့ စူတောင်ခေးဂိုဏ်းက
ခေးကျင့်ကြံသူတွေရဲ့ တိုက်ပွဲဟာ...
ဒဏ္ဍာရီတစ်ပါး ဖြစ်သွားခဲ့ပါပြီ။ စူရှမ်းရှိက
သူ့ရဲ့ ပြိုင်ဘက်ကို

လျှော့တွက်လိုက်ခြင်းဟာ… ပရိယာယ်
တစ်ခုပဲ ဖြစ်ပါတယ်။

သူဟာ ရှောင်ယန်ရဲ့ ဖိနှိပ်တာကို ခံနေရတဲ့ပုံ
ပေါက်နေခဲ့ပေမဲ့… သူဟာ အစောကြီး
ကတည်းက အသင့်ပြင်ပြီးသားပါ။ သူ့ရဲ့
နောက်တစ်ကွက်ဟာ သူ့ရဲ့ အစွမ်းအထက်ဆုံး
အကွက်ဖြစ်ပါတယ်။ မမြင်ရတဲ့
ဓားသွားတွေအလား ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့မုန်တိုင်းဟာ… ရှောင်ယန်ဆီကို
ခုတ်ချလာခဲ့ပါတော့တယ်။

စာစဥ် ၁၂ : အပိုင်း ၁၀

## အပိုင်း ၂၁၀ : ဒီလို မထင်တဲ့သူတွေ… အခုချက်ချင်း ထွက်လာခဲ့စမ်း!

မရေမတွက်နိုင်တဲ့ ခားသွားပုံစံ
လေပြင်းတွေဟာ… ရှောင်ယန်ဆီကို
ထိတ်လန့်ဖွယ်ရာ ပြေးဝင်လာကြပါတယ်။

ရှောင်ယန်က ရယ်ရမ်းသွေးလိုက်ပြီး…
စူရှမ်းရှိရဲ့ ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့မုန်တိုင်းကို လုံးဝ
လျှစ်လျူရှုထားလိုက်ပါတယ်။ သူက သူ့ရဲ့
အရှေ့က လေဟာနယ်ကို အားကုန်သုံးပြီး…

လက်သီးနဲ့ ထိုးချလိုက်ရာ လှိုင်းတွန့်တွေ
ထလာခဲ့ပါတယ်။

စူရှမ်းရှီရဲ့ မျက်နှာပေါ်က အပြုံးဟာ
တဖြေးဖြေးနဲ့ အေးခဲသွားခဲ့ပါတယ်။

ဒီအချိန်မှာတော့ သူဟာ လျှောင်လှုပ်ရာမှာ
ပြိုကျသွားတဲ့ အိမ်တစ်လုံးရဲ့ အထဲမှာ...
ပိတ်မိနေသလိုမျိုး ခံစားနေခဲ့ရပါတယ်။
သူ့ရဲ့အရှေ့က လေဟာနယ်ဟာ အချိန်မရွေး
ပြိုကျသွားတော့ မလိုပါပဲ။

"ဒါက ဘယ်လို ဖြစ်နိုင်မှာလည်း? သူက ရွှေရောင်ဗဟိုချက် အဆင့်မှာပဲ ရှိသေးတာလေ..." သူရှိနေတဲ့ လေဟာနယ်ဟာ ပြိုကျတော့မလို ဖြစ်လာခဲ့တော့... စူရှမ်းရှီဟာ အံ့ဩထိတ်လန့်သွားခဲ့ပါတယ်။ ဒီလေဟာနယ်ထဲကနေ အနက်ရောင် လိုင်းကြောင်းတွေဟာ ပေါ်လာခဲ့ပြီး... သူ့ကို မျက်စိကျိန်းစေခဲ့ပါတယ်။

လက်သီးတစ်ချက်နဲ့တင်ပဲ... ကျန်းဟိုင်.. မာစတာ ဆိုင်ကလုန်းနဲ့ ယုဝမ်ဖုန်းတို့ရဲ့ မျက်နှာပေါ်က အမူအရာတွေဟာ

ပြောင်းသွားခဲ့ပါတယ်။ သူတို့တတွေဟာ အစပထမက ရှောင်ယန်ကို လျှစ်လျူရှုထားကြပေမဲ့… အခုကတော့ အံ့အားသင့်ကုန်ကြပါပြီ။

အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေအနေနဲ့… သူတို့ဟာ လေဟာနယ်ထဲက အနက်ရောင် လိုင်းတွေဟာ ပုံရိပ်ယောင် မဟုတ်ဘူး ဆိုတာကို သိနေကြပါတယ်။ သူတို့ဟာ လေဟာနယ်ရဲ့ အက်ကွဲကြောင်းတွေ ဖြစ်ကြတာပါ!

ရှောင်ယန်ရဲ့ အရေအတွက်သုံးခု
အင်းရှစ်ကွက် ဖြို့ခွဲခြင်းဟာ... နဂိုကတည်းက
လုံးဝကို ဖျက်ဆီးနိုင်တဲ့ အင်အားကြီးတဲ့
စွမ်းအားတစ်ခု ဖြစ်ပါတယ်။
ရွှေရောင်ဗဟိုချက် အဆင့်ကို
ရောက်သွားတော့... ဒီစွမ်းအားဟာ
အံ့ဩဖွယ်ရာ နောက်ထပ်အဆင့် တစ်ခုကို
ရောက်ရှိသွားပါတယ်။

သေမင်းရဲ့ အငွေ့အသက်တွေဟာ စူရှမ်းရှီရဲ့
ခေါင်းပေါ်မှာ ရစ်ဝဲနေကြပြီး... သူက
သူ့ရဲ့ရန်သူကို နည်းနည်းလေးမှ
မထင်မသေးရဲတော့ပါဘူး။ လျှင်မြန်စွာနဲ့ပဲ

သူဟာ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို ဆင့်ခေါ်လိုက်ပြီး... သူ့ကိုယ်သူ ကာကွယ်လိုက်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးဟာ လေပြင်းပုံစံ ပြောင်းသွားခဲ့ကာ... အနောက်ကို ဆုတ်ခွာသွားခဲ့ပါတယ်။

ကံကောင်းတာက ရှောင်ယန်ဟာ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ မဟုတ်တာပါ။ အရေအတွက်သုံးခု အင်းရှစ်ကွက် ဖြို့ခွဲခြင်းဟာ လေဟာနယ်ကို ထိခိုက်မှုတွေသာ ဖြစ်စေပြီး... သူ့ရဲ့ အစိတ်အပိုင်းတွေကို လုံးဝဖျက်ဆီးမှုတွေ

မပြုလုပ်နိုင်ခဲ့ပါဘူး။ နို့မဟုတ်လို့ ရှိရင်တော့… စူရှမ်းရှီဟာ သေတာကြာသွားပါပြီ။

ရှောင်ယန်ရဲ့ နှုတ်ခမ်းအစုံဟာ တွန့်သွားခဲ့ပြီး ပြောလိုက်ပါတယ်… "မင်းက လွတ်မယ် ထင်နေတာလား?" သူက မဟူရာ တိမ်တိုက်အလံကို ထုတ်လိုက်ပြီး ဝှေ့ယမ်းလိုက်တော့… သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံးကို ဖုံးလွှမ်းသွားခဲ့ကာ စူရှမ်းရှီရဲ့ အနောက်မှာ ပေါ်လာခဲ့ပါတယ်။

စူရှမ်းရှီဟာ ကြောက်ဒူးတုန်သွားခဲ့ပြီး… "မင်းက လုပ်ရဲသလား?"

"ဘာဖြစ်လို့ မလုပ်ရဲ ရမှာလည်း?"
ရှောင်ယန်က အေးစက်စွာနဲ့ ပြုံးလိုက်ပြီး...
နောက်ထပ်တစ်ခေါက် ထိုးလိုက်ပါတယ်။

သူတို့ရဲ့ အရှေ့က လေဟာနယ်ဟာ
ကွဲသွားခဲ့ပြီး... မာစတာ ဆိုင်ကလုန်းက
ထွက်လာခဲ့ကာ အမိန့်ပေးလိုက်ပါတယ်...
"လူငယ်လေး... သိပ်ပြီးတော့
မမောက်မာပါနဲ့..."

မာစတာ ဆိုင်ကလုန်းဟာ ဆယ်နှစ်ခန့်သာ
ရှိသေးတဲ့ လူငယ်လေး တစ်ယောက်ပုံ

ပေါက်နေခဲ့ပေမဲ့… သူ့ရဲ့ အသံကတော့
အဘိုးကြီး တစ်ယောက်ရဲ့ အသံပါ။ သူ့ရဲ့
အခြေတည် ဝိညာဥ်ရဲ့ စွမ်းအားတွေကို သူ့ရဲ့
ခန္ဓာကိုယ်ကနေ ခံစားနိုင်ခဲ့ပြီး… တကယ်ကိုပဲ
ကြောက်မက်ဖွယ်ရာ ကောင်းလှပါတယ်။

သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်တော့…
လေပြေတစ်ချက်ဟာ ဝှေ့လာခဲ့ပါတယ်။
စူရှမ်းရှီရဲ့ ကောင်းကင်ကိုးလွှာ
ဒြပ်မဲ့မုန်တိုင်းလောက် မခက်ထန်ပေမဲ့…
ရှောင်ယန်ရဲ့ အရေအတွက်သုံးခု
အင်းရုစ်ကွက် ဖြိုခွဲခြင်းကို ချက်ချင်းပဲ
ချေဖျက်နိုင်ခဲ့ပါတယ်။

ရှောင်ယန်ဟာ မြောင်ရှီးဟောင်ရဲ့
ဆီကနေပြီး... မာစတာ ဆိုင်ကလုန်းရဲ့
တကယ့်စွမ်းအားတွေကို သိထားခဲ့ပြီးသာပါ။
ဒါပေမဲ့လည်း သူဟာ ကြောက်ရွံ့ခြင်းမျိုး
မရှိခဲ့ပဲ ရယ်ရမ်းသွေးလိုက်ပါတယ်...
"အဘိုးအိုလေး... မမောက်မာရမယ့်သူက
ခင်ဗျားပဲဗျ..."

သူ့ရဲ့အနောက်ကနေ မီးတောက်တွေနဲ့
ပြုလုပ်ထားတဲ့ တောင်ပံနှစ်ခုဟာ
ပေါ်ထွက်လာခဲ့ပါတယ်။ သန့်စင်တဲ့
ယန်စွမ်းအင်တွေကို ပေးစွမ်းနိုင်တဲ့...

မျက်စိကျိန်းလောက်အောင်
လင်းလက်တောက်ပ နေတဲ့…
ရွှေရောင်မီးတောက် တစ်ခုဟာ
ကောင်းကင်တစ်ဝက်ကို
ဖုံးလွှမ်းသွားခဲ့ပါတယ်။

"မဟာသူရိယ အကြွင်းမဲ့ မီးတောက်!"
ကျန်းဟိုင်နဲ့ ကျန်တဲ့သူတွေဟာ ရှောင်ယန်ရဲ့
ရွှေရောင်တောင်ပံ တွေကို ကြည့်နေကြပြီး…
အံ့အားသင့်ကုန်ကြပါတယ်။

မာစတာ ဆိုင်ကလုန်းကလည်း
ရင်ထိတ်သွားခဲ့ကာ ကောင်းကင်ကိုးလွှာ

ဒြပ်မဲ့မုန်တိုင်းကို ထိန်းချုပ်လိုက်ပြီး… သူ့ရဲ့ အရှေ့မှာ ဒိုင်းသဖွယ် ကာထားခဲ့ကာ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို တားဆီးလိုက်ပါတယ်။

ဒီအချိန်မှာတော့ သူဟာ သူ့ရဲ့စွမ်းအား အစစ်အမှန်ကို အသုံးပြုလိုက်ပြီး… ရှောင်ယန်ရဲ့ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို သူ့ရဲ့ခံစစ်ကို မထိုးဖောက်နိုင်အောင် ကာကွယ်လိုက်တာပါ။ ဒါပေမဲ့လည်း သနားစရာ ကောင်းလှတဲ့ စူရှမ်းရှီဟာ… သူ့ဆရာရဲ့ လေမုန်တိုင်း ကြားထဲမှာ အမိခံလိုက်ရပါတယ်။

မာစတာ ဆိုင်ကလုန်းရဲ့ မျက်နှာဟာ
ဒေါသတွေနဲ့ ပြည့်နေခဲ့ပြီး…
ကောင်းကင်ကိုးလွှာ ဖြိုပ်မဲ့မုန်တိုင်း
ဒါဇင်ပေါင်း များစွာတို့ဟာ မဟာသူရိယ
အကြွင်းမဲ့ မီးတောက်ကို ဖျက်ဆီးခဲ့ကာ…
ရှောင်ယန်ဆီကို ချီတက်သွားကြပါတယ်။

ရှောင်ယန်ကတော့ သူ့ရဲ့ဆီကို
ပြေးဝင်လာနေတဲ့ မုန်တိုင်းတွေကို…
အေးဆေးသက်သာ တည်ငြိမ်တဲ့ အမူအရာနဲ့
ကြည့်နေခဲ့ပြီး ရယ်လိုက်ပါတယ်…

"ဆရာသခင်... ကျွန်တော်က ဖြေရှင်းနိုင်ပါတယ်ဗျ..."

လေဟာနယ်ထဲကနေ လင်းဖုန်းရဲ့ အသံဟာ ပျံ့လွင့်လာခဲ့ပြီး... "သူ့လိုမျိုးလူနဲ့ တိုက်ခိုက်ခဲ့ရင်... မင်းတို့နှစ်ယောက်စလုံးက ဒဏ်ရာရသွားလိမ့်မယ်။ ငါက ဒီလိုမျိုးကို မမြင်ချင်ဘူးကွ..."

အသံက ပေါ်လာပြီးတာနဲ့ တပြိုင်နက် ဟောင်းနွမ်းနေတဲ့ ကြေးရောင် ကြေးမုံတစ်ခုဟာ... အဝါရောင် အလင်းတန်း တစ်ခုကို ထုတ်လွှတ်လိုက်ပြီး သူ့ရဲ့အရှေ့မှာ

ပေါ်လာခဲ့ပါတယ်။ ဒီအလင်းတန်းဟာ မြေကြီးလိုမျိုး လေးလံလှပါတယ်။ မာစတာ ဆိုင်ကလုန်းရဲ့ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းဟာ... ဒီကြေးမုံရဲ့ အလင်းတန်း အပေါ်ကို ကျရောက်သွားခဲ့ပြီး... နောက်ထပ် ရှေ့ဆက်တိုးလို့ မရခဲ့ပါဘူး။

ဒီအဝါရောင် အလင်းတန်းဟာ လေပြင်းတွေရဲ့ အဆက်မပြတ် တိုက်စားမှုကို ခံခဲ့ရပေမဲ့... သူဟာ လျှင်မြန်စွာနဲ့ ပြန်လည်မွေးဖွားလာခဲ့ပြီး... ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို ခိုင်မာစွာနဲ့ ခုခံနိုင်ခဲ့ပါတယ်။

လေပြင်းနဲ့ မြေကြီးတို့ဟာ အပေါ့ပါးဆုံးနဲ့ အလေးလံဆုံး ဓာတ်တွေ ဖြစ်ကြတာပါ။ နောက်ဆုံးမှာတော့ တစ်ခုကမှ တစ်ခုကို အနိုင်မယူနိုင်ခဲ့ကြပါဘူး။

မာစတာ ဆိုင်ကလုန်းရဲ့ မျက်နှာဟာ မည်းမှောင်သွားခဲ့ပြီး… သူ့ရဲ့ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို ပြန်လည် ရုပ်သိမ်းလိုက်ပါတယ်။ ပြီးတာနဲ့ သူက လင်းဖုန်းဟာ လေဟာနယ်ရဲ့ အထဲကနေ လမ်းလျှောက်ထွက်လာတာကို တွေ့လိုက်ရပါတယ်။ သူ့ရဲ့အနောက်ကနေ

ခန်းနန်ဟွာ.. ယန်တုန်ဟွေ.. ဝူယွမ်လန်..
မုန့်ချောင်ယန်နဲ့ ကျန်တဲ့သူတွေက
လိုက်ပါလာကြပါတယ်။

ဒီလိုမျိုး ရုတ်ရုတ်သဲသဲ ဖြစ်မှုတွေကြောင့်…
အခြားသော ရှကျိုးမြို့ထဲက
ဂိုဏ်းထဲဝင်လိုကြတဲ့ ကျင့်ကြံသူတွေကလည်း
အပြင်ကိုထွက်ပြီး လာကြည့်နေကြကာ…
အံ့ဩတုန်လှုပ် နေကြပါတယ်။ သူတို့ဟာ
မြို့ထဲကနေ အုပ်စုလိုက် ထွက်လာကြပြီး…
အဝေးက လွင်ပြင်ထဲကနေ လင်းဖုန်းနဲ့
မာစတာ ဆိုင်ကလုန်းတို့ရဲ့ တိုက်ခိုက်မှုတွေကို
ကြည့်ရှုနေကြတာပါ။

မာစတာ ဆိုင်ကလုန်းက လင်းဖုန်းကို အေးစက်စွာနဲ့ ကြည့်လိုက်ပြီး မေးလိုက်ပါတယ်... "ခင်ဗျားက အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်... လင်းဖုန်းလား?"

လင်းဖုန်းကတော့ သူ့ကို ဂရုမစိုက်ခဲ့ပဲ... ရှောင်ယန်ကိုသာ လှမ်းပြောလိုက်ပါတယ်... "ကျေးဇူးပြုပြီး သူတို့ကို မြို့ထဲကို ပြန်ခေါ်သွားလိုက်ပါ..."

ရှောင်ယန်ကလည်း ပြန်ပြုံးပြလိုက်ကာ မာစတာ ဆိုင်ကလုန်းကို ဂရုမစိုက်ခဲ့ပဲ... မြေပြင်ပေါ်ကို ဆင်းသက်လိုက်ကာ သူ့ရဲ့မှော်စွမ်းအင်နဲ့ လျှိုရှုဖုန်းတို့ကို ရစ်ပတ်လိုက်ပါတယ်။

လျှိုရှုဖုန်းကို ကြည့်လိုက်ပြီး သူက ပြုံးလိုက်ကာ... "မဆိုးဘူး... မင်းက ခွဲဖို့ခက်တဲ့ အခွံမာသီးပဲ..."

လျှိုရှုဖုန်းကလည်း ရှောင်ယန်ဆီက စွမ်းအားတွေဟာ သူ့ရဲ့ ဒဏ်ရာတွေကို ကုစားပေးနေတာကို သတိပြုမိလိုက်ရင်း...

ပျင်းရိပျင်းတွဲနဲ့ ပြုံးလိုက်ကာ ပြန်ဖြေလိုက်ပါတယ်... "ကျွန်တော်က သူတို့ရဲ့ သူတစ်ပါး အပေါ်မှာ အထင်သေးတဲ့ အပြုအမူတွေကို မကြိုက်တာပါ..."

ဒီအခြေအနေကို ကြည့်လိုက်ပြီး မာစတာ ဆိုင်ကလုန်းရဲ့ မျက်နှာကြီးဟာ မည်းမှောင်သွားခဲ့ပြီး... ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်... "သူတို့ကို ရပ်တန့်လိုက်စမ်း!"

ပြီးတာနဲ့ သူဟာ နောက်ထပ် မုန်တိုင်းတစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။

ဒီအချိန်မှာတော့ ဘေးကနေ
တိုက်ခိုက်မှုတွေကို ရပ်ကြည့်နေခဲ့တဲ့
မြှောင်ရှီးဟောင်ဟာ… ဒီတိုက်ခိုက်မှုကို
ရင်ဆိုင်လိုက်ပါတယ်။

မာစတာ ဆိုင်ကလုန်းက ပထမအကြိမ်
တိုက်ခိုက်ခဲ့စဥ်က… မြှောင်ရှီးဟောင်ဟာ
ဒီစိန်ခေါ်မှုကို ရင်ဆိုင်ချင်နေခဲ့ပေမဲ့…
ကျန်းဟိုင်နဲ့ ယုဝမ်ဖုန်းတို့ကလည်း
ရှိနေသေးတော့… သူက သတိမထားလို့
မရခဲ့ပါဘူး။ အခုတော့ လင်းဖုန်းက
ရောက်လာပြီဆိုတော့… သူက စိတ်ပူနေစရာ
မလိုတော့ပါဘူး။

"ဒေါသကြီးလှချည်လား..."
မြောင်ရိုးဟောင်က ရှုံးတိုးရှန့်တန့်နဲ့
ပြုံးလိုက်ရင်း... သူ့ရဲ့လက်ခလယ်ဟာ
ကွေးလိုက်ပြီး လက်မနဲ့ ထိလိုက်ကာ...
လက်ညှိုး.. လက်သူကြွယ်နဲ့ လက်သန်းတို့ဟာ
အရှေ့ကို ညွှန်ပြလိုက်ပါတယ်။
ဒီသစ်ခွလက်ချောင်း လက်ဟန်နဲ့... သူဟာ
လေထဲမှာ စတုရန်း လေးခုကို
ဆွဲလိုက်ပါတယ်။

ဒီအချိန်မှာပဲ ပြည့်စုံတဲ့ မှန်ကူကွက်ပုံစံ
ကြေးမုံဟာ ကောင်းကင်ပေါ်မှာ

ပေါ်ပေါက်လာခဲ့ပြီး... မာစတာ ဆိုင်ကလုန်းရဲ့
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို
ရင်ဆိုင်ခဲ့ပါတယ်။

ဒီကြေးမုံဟာ တောက်ပလာခဲ့ပြီး...
သူ့ရဲ့အထဲကနေ ထပ်တူညီတဲ့
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်း
တစ်ခုဟာ... ထွက်ပေါ်လာခဲ့ပါတယ်။

ဒီလေပြင်းနှစ်ခုဟာ တစ်ထပ်တည်း
တူညီနေကြပြီး... လေပေါ်မှာ
ဆုံတွေ့ခဲ့ကြတော့ အတူတူ
ပျောက်ကွယ်သွားကြပါတယ်။

မာစတာ ဆိုင်ကလုန်းရဲ့ မျက်နှာဟာ ပျက်သွားခဲ့ပြီး ပြောလိုက်ပါတယ်... "မြောင်ရှီးဟောင်... မင်းက ဒီလိုမျိုး တတိယအဆင့် ဂိုဏ်းထဲကို ဝင်ချင်လို့လား?"

သူ့ရဲ့အနောက်မှာ ယုဝမ်ဖုန်းက ရယ်လိုက်ပါတယ်... "ဒီလိုမျိုး အသုံးမကျတဲ့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တကယ်ကိုပဲ အရှက်မဲ့တာပဲ။ သူဟာ ကြေးမုံပန်းပွင့် မာစတာလိုမျိုး... ယောင်္ကျားမဟုတ် မိန်းမမဟုတ် လူမျိုးတွေကို လက်ခံထားတယ်..."

ယုဝမ်ဖုန်းဟာ လင်းဖုန်းကို ကြည့်လိုက်ပြီး သရော်လှောင်ပြောင် လိုက်ပါတယ်...
"ဒါမှမဟုတ် ဒါက ခင်ဗျားရဲ့ အချစ်တော်ပဲ ဖြစ်ရမယ်?"

ဒီစကားကို ကြားလိုက်ရတော့... လင်းဖုန်းရဲ့ တပည့်တွေကသာ ဒေါသထွက်သွားကြတာ မဟုတ်ပဲ... ပုံမှန်ဆိုရင် တည်ငြိမ်နေတဲ့ ခန်းနန်ဟွာတောင် မျက်မှောင်ကြီး ကြုတ်သွားခဲ့ပါတယ်။

အငယ်ကနေ လာခဲ့ကြတဲ့ ကျင့်ကြံသူ
အမြောက်အမြားဟာ... လင်းဖုန်းနဲ့
မြောင်ရှီးဟောင်တို့ကို ထူးဆန်းတဲ့
အမူအရာမျိုးတွေနဲ့ ကြည့်နေကြပါတယ်။

ထူးဆန်းစွာနဲ့ အစော်ကား ခံလိုက်ရတဲ့
မြောင်ရှီးဟောင်ဟာ တည်ငြိမ်နေခဲ့ပါတယ်။
သူဟာ စိတ်မဆိုးရုံတင် မကပဲ...
ရယ်တောင်မှ ရယ်လိုက်သေးပါတယ်။

"ဟား ဟား ဟား ဟား!"

မြောင်ရှီးဟောင်ရဲ့ ရယ်သံတွေဟာ ပိုပိုပြီး ကျယ်လာခဲ့ကာ… သူ့ရဲ့ ရယ်သံတွေကြောင့် ကောင်းကင်ကြီးတောင် တုန်ခါလာခဲ့ပါတယ်။

သူ့ရဲ့ ရယ်သံဟာ ကျယ်လာတာနဲ့ အမျှ… သူ့ရဲ့ အသံဟာ ပြောင်းလဲသွားခဲ့ပါတယ်။

အစပိုင်းမှာ မိန်းမလိုမျိုး အသံဖြစ်နေခဲ့ပေမဲ့… ဖြေးဖြေးချင်းနဲ့ ကြည်လင်ကျယ်လောင်လာခဲ့ကာ… နောက်ဆုံးမှာတော့ ယောက်ျားအသံလိုမျိုး သန်မာလာခဲ့ပါတယ်.

ရယ်နေစဉ် တစ်လျှောက်လုံးမှာ...
မြောင်ရိုးဟောင်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးဟာ
ပုံစံပြောင်းသွားခဲ့ပါတယ်။ အစပိုင်းမှာတော့
သူဟာ ပိန်ပိန်ပါးပါးနဲ့ပါ။ သူ့ရဲ့မျက်နှာဟာ
အရင်ကအတိုင်း နူးညံ့ချောမွေ့နေသေးပေမဲ့...
မိန်းမပုံစံမျိုး လုံးဝ မပေါက်နေတော့ပါဘူး။

တစ်ခဏလေး အတွင်းမှာ
မြောင်ရိုးဟောင်ဟာ... ကြံ့ခိုင်သန်မာ..
ယောက်ျားပီသပြီး အင်အားကောင်းတဲ့ပုံ
ပေါက်သွားခဲ့ပါတယ်။

"ပုံရိပ်ယောင်ဟာ အစစ်အမှန် ဖြစ်လာခဲ့ပြီး... အစစ်အမှန်ကလည်း ပုံရိပ်ယောင် ဖြစ်သွားတတ်တယ်..."

မြောင်ရှီးဟောင်ရဲ့ ရယ်သံဟာ ရုတ်တရက်ပဲ ရပ်သွားခဲ့ပြီး... ခေါင်းကိုခါလိုက်ကာ သက်ပြင်းချပြီး ဆက်ပြောလိုက်ပါတယ်... "ကြေးမုံဟာ ရေပြင်ကို ပန်းပွင့်တွေလိုမျိုး ရောင်ပြန်ဟပ်နေပြီး... အိမ်မက်တွေဟာ ထင်ယောင်ထင်မှား ဖြစ်မှုတွေမှာ နစ်မြုပ်နေခဲ့တာပဲ။ ဘဝကလည်း ဒီလိုမျိုးပဲ မဟုတ်ဘူးလား? ပုံပန်းသွင်ပြင်ဆိုတာ ဘာလည်း? ဒါက တကယ်ပဲ

အရေးကြီးလို့လား? ငါတို့မြင်တွေ့နေရတာ တကယ်ပဲ အစစ်အမှန် ဆိုတာရော သေချာရဲ့လား?"

ဒီအချိန်မှာ သူ့ရဲ့ အပြုအမူတွေဟာ ထပ်ပြီး ပြောင်းလဲသွားခဲ့ပါတယ်။ သူဟာ လုံးဝကို မိန်းမ မဆန်တော့ပဲ... ခန်းနန်ဟွာတို့ မုန့်ချောင်ယန်တို့လို တည်ငြိမ်လေးနက်ပြီး ယော်ကျားပီသကာ... ကျောက်စိမ်းလိုလည်း မယုတ်မလွန် ဖြစ်နေခဲ့ပါတယ်။

ကျန်းဟိုင်ဟာ မြောင်ရှီးဟောင်ကို စိုက်ကြည့်နေခဲ့ကာ သက်ပြင်းချလိုက်ပြီး...

"ကြေးမုံပန်းပွင့် မာစတာ… ခင်ဗျားရဲ့
စိတ်ဝိညာဉ် ပုံရိပ်ယောင် နည်းစနစ်ရဲ့
အဆင့်က နောက်တစ်ဆင့် တက်သွားခဲ့ပြီး…
ကြည့်ရတာ အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်ကို ရောက်ဖို့
သိပ်မလိုတော့ဘူးပဲ…"

"ကျေးဇူးတင်ပါတယ်…"
စကားတစ်ခွန်းနဲ့တင်ပဲ မြောင်ရှီးဟောင်ဟာ
မူလပုံစံဖြစ်တဲ့… ကန့်ကလျနဲ့
အစ်ကိုရှီးဟောင်ပုံ ပြန်ဖြစ်သွားခဲ့ပြီး…
လင်းဖုန်းကို ညှို့ငင်တဲ့ အကြည့်မျိုးနဲ့
ကြည့်လိုက်ကာ… "ကျွန်တော့်ရဲ့

တိုးတက်မှုတွေဟာ ကျွန်တော့်သခင်ရဲ့ ကျေးဇူးတွေကြောင့်ပါ..."

လင်းဖုန်းက ပြုံးလိုက်ပြီး ပြန်ပြောလိုက်ပါတယ်... "ငါကမင်းကို လမ်းကြောင်းမှန်ပေါ် တင်ပေးလိုက်ရုံပါ..."

ယုဝမ်ဖုန်းရဲ့ မျက်နှာဟာ မြောင်ရှီးဟောင်ကို ကြည့်နေရင်းနဲ့ စိမ်းပြာရောင် သန်းသွားခဲ့ပါတယ်။ သူက တစ်စုံတစ်ခုကို ပြောဖို့ ကြံရွယ်လိုက်တုန်းမှာ... လင်းဖုန်းက သူ့ကို စိုက်ကြည့်နေတာကို

တွေ့လိုက်ရတော့... နှလုံးခုန်နှုန်း
မှားသွားခဲ့ပါတယ်။

လင်းဖုန်းက မာစတာ ဆိုင်ကလုန်းနဲ့
ယုဝမ်ဖုန်းတို့ကို စိုက်ကြည့်လိုက်ပြီး
ပြောလိုက်ပါတယ်... "ကျုပ်ရဲ့ဂိုဏ်းကို
တစ်ယောက်ယောက်က တတိယ အဆင့်မှာပဲ
ရှိသေးပြီး... ဘာမှတန်ဖိုး မရှိဘူးလို့
ပြောလိုက်တာ ကြားလိုက်ရသလိုပဲ..."

မာစတာ ဆိုင်ကလုန်းက အေးစက်စွာနဲ့...
"အဲ့ဒီလိုဆို ဘာဖြစ်လည်းကွ?"

လင်းဖုန်းက သူ့ရဲ့လက်တွေကို ကျောနောက်မှာ ပစ်ထားခဲ့ပြီး... ပတ်ဝန်းကျင်ကို လှေ့လာကြည့်လိုက်ကာ.. တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်... "ဒီမှာရှိတဲ့သူ အကုန်လုံးက ခွန်းလွန်တောင်ကပဲ။ ခင်ဗျားတို့အားလုံးဟာ ဒီနေရာမှာ သက်သေလုပ်နိုင်ကြပါတယ်..."

ဝူယွမ်လန်ရဲ့ ရင်ခုန်သံဟာ မြန်သွားခဲ့ပြီး မေးလိုက်ပါတယ်... "ကျုပ်က ဘာကိုများ သက်သေလုပ်ရမှာလည်း? မာစတာလင်း..."

လင်းဖုန်းက ပြုံးလိုက်ပြီး စကားတစ်ခွန်းကို ပြောလိုက်ရာ... လူအားလုံးဟာ လုံးဝကို တိတ်ဆိတ်သွားကြပါတယ်။

အချိန်အတော်ကြီး ကြာမှသာ ကျင့်ကြံသူတွေဟာ သတိပြန်ဝင်လာကြပြီး... သူတို့အချင်းချင်း တိုင်ပင်ဆွေးနွေးကုန်ကြပါတယ်။

"ဒီအဖွဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ခေါင်းဆောင်က... ရှူးများ ရှူးသွားပြီလား?"

"စူတောင်ခေါးဂိုဏ်း... ဒါမှမဟုတ် ဟင်းလင်းပြင် ဘုရားကျောင်းက လူတွေတောင်... ဒီလိုမျိုး စကားမျိုးကို ပြောရမှာ မဟုတ်ဘူး... ဒီလူက အရူးပဲ..."

"ငါတို့က ဘာမှဆက်ပြောစရာ မလိုပါဘူး။ ယုမိသားစုနဲ့ လေနတ်ဘုရားဂိုဏ်းတို့ နှစ်ခုစလုံးက ဒီလိုမျိုး နယ်ကျော်တာကို သည်းခံမှာ မဟုတ်ဘူး..."

လင်းဖုန်းရဲ့ အနောက်မှာ ရပ်နေတဲ့ ဝူယွမ်လန်.. မုန့်ချောင်ယန်နဲ့

ယန်တုန်ဟွေတို့ကတောင်... လင်းဖုန်းကို ယုတ္တိမတန်သလို ကြည့်နေကြပါတယ်။

လင်းဖုန်းရဲ့ စကားလုံးတွေဟာ သူတို့ရဲ့ ခေါင်းတွေထဲမှာ အဆက်မပြတ်ပဲ မြည်ဟည်းနေကြပါတယ်။

"ကျုပ်တို့ အဖွဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေဟာ... အဆင့်တူရင် ဗိုလ်မထားဘူး..."

ကျန်းဟိုင်က လင်းဖုန်းကို စူးစိုက်စွာနဲ့ ကြည့်လိုက်ပြီး မေးလိုက်ပါတယ်...

"ခင်ဗျားဆိုလိုတဲ့ 'အဆင့်တူ' ဆိုတာက... ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်မှာ ရှိနေတဲ့ ခင်ဗျားရဲ့ တပည့်ဟာ... ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်က တခြားသူတွေကို လွယ်လွယ်ကူကူ အနိုင်ယူနိုင်တာကို ဆိုလိုတာလား?"

လင်းဖုန်းက တည်ငြိမ်စွာနဲ့ ခေါင်းညိတ်လိုက်ပြီး... သူ့ရဲ့အကြည့်ဟာ စကားပြောနေကြတဲ့ သူတွေအားလုံးရဲ့ အပေါ်ကို ကျရောက်သွားခဲ့ပါတယ်။ ပြီးတာနဲ့ သူဟာ ယုံကြည်ရန် ခက်နေတဲ့ပုံ ပေါက်နေကြတဲ့... ယုမိသားစုနဲ့

လေနတ်ဘုရားဂိုဏ်းက တပည့်တွေကို
ကြည့်လိုက်ကာ ညင်သာစွာနဲ့
ရယ်လိုက်ပါတယ်။

"ကျုပ်ပြောတာကို သဘောမတူတဲ့
လူတွေအားလုံး... ကျုပ်တို့ဂိုဏ်းကို
စိန်ခေါ်မှုကို အခုပဲ လက်ခံပါတယ်..."

## စာစဥ် ၁၃ : အပိုင်း ၁

## အပိုင်း ၂၁၁ : ခက်ထန်သော ရှောင်ယန်

လင်းဖုန်းက တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်... "ဒီစကားကို မယုံကြည်တဲ့ လူအားလုံးဟာ... လာပြီးတော့ စိန်ခေါ်နိုင်ကြပါတယ်။ ကျုပ်တို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဘာမေးခွန်းမှ မထုတ်ပဲနဲ့... ခင်ဗျားတို့ရဲ့ စိန်ခေါ်မှုကို လက်ခံပါမယ်..."

ယုဝမ်ဖုန်းဟာ ဒေါသ အလွန်အမင်း ထွက်နေခဲ့ပြီး... တစ်ဟားဟားနဲ့ ရယ်လိုက်ကာ... "ဘယ်လောက်အထိ မောက်မာလိုက်တဲ့ လူမျိုးလည်း!

အလိမ်အညာတွေ ပြောပြီးတော့ မင်းရဲ့လျှာ ပြတ်ကျသွားမှာ မကြောက်ဘူးလား?"

"နံပါတ်တစ် ဟင်းလင်းပြင် ဘုရားကျောင်းကတောင် ဒီလို စကားမျိုးကို မပြောရဲဘူး! စူတောင်ဓားဂိုဏ်းရဲ့ ဓားနည်းစနစ်တွေဟာ တိုက်ခိုက်တဲ့ နေရာမှာ... ကောင်းကင်အောက်မှာ ပြိုင်ဘက်မရှိဘူး။ ဒါပေမဲ့လည်း သူတို့က သူတို့ကိုယ်သူတို့ ဒီလောက်အထိကြီး အထင်မကြီးနေကြဘူး...'

"မှန်တာပေါ့... ခင်ဗျားက အရူးတစ်ယောက်ပဲ..." မာစတာ ဆိုင်ကလုန်းက ပြုံးပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ သူက လင်းဖုန်းရဲ့ အနောက်မှာ ရှိနေကြတဲ့... သူ့ရဲ့ဂိုဏ်းထဲကို ဝင်ချင်နေကြတဲ့ လူငယ်တစ်စုကို ကြည့်လိုက်ပါတယ်။ မာစတာ ဆိုင်ကလုန်းက သူတို့ကို ပြုံးပြလိုက်ပြီးမှ... "မင်းတို့က ဒီလိုမျိုး မျက်နှာပြောင်တိုက်တတ်တဲ့ လူကို ဆရာတော်ချင်နေတုန်းလား?"

"မင်းတို့က ကိုယ့်ကိုယ်ကိုယ် ဘယ်အချိန်မှာ ထိန်းချုပ်ရမှန်း မသိသေးရင်... မင်းတို့ရဲ့

ကျရှုံးမှုက အနေးနဲ့အမြန် ရောက်လာမှာပဲ။ ပျက်စီးသွားတဲ့ ၄က်သိုက်မှာ... ဥအကောင်း မကျန်နိုင်ဘူး။ မင်းတို့ရဲ့ ဆုံးဖြတ်ချက်တွေကို ပြောင်းလိုက်ဖို့... အချိန်တွေ သိပ်မနောက်ကျသေးပါဘူး..."

ရှောင်ယန်ကလည်း ရယ်ရမ်းသွေးလိုက်ကာ... "ရွှေရောင်ဇဟိုချက် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကိုတောင် အနိုင်မတိုက်နိုင်တဲ့... အခြေတည်ဝိညာဥ် အဆင့်က ကျင့်ကြံသူတစ်ယောက်။ ခင်ဗျားတို့ လေနတ်ဘုရားဂိုဏ်းက အချိန်ရှိသေးတုံး... မြန်မြန်ဖျက်သိမ်းပစ်ရင် ကောင်းလိမ့်မယ်

ထင်တယ်။ ထပ်ပြီးတော့ စောင့်နေခဲ့ရင်… ပိုပြီးတော့ အရှက်ကွဲစရာတွေနဲ့ ကြုံလာလိမ့်မယ်…"

လေနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူတွေ အားလုံးဟာ ဒေါသတကြီး ဖြစ်သွားကြပါတယ်။ ဒါပေမဲ့လည်း စူရှမ်းရှီရဲ့ ကံကြမ္မာကို ပြန်တွေးမိပြီး… ရှောင်ယန်က မာစတာ ဆိုင်ကလုန်းကို ရင်ဆိုင်ခဲ့တဲ့… မဟာသူရိယ အကြွင်းမဲ့ မီးတောက် အကြောင်းကို တွေးမိလိုက်တာနဲ့… သူတို့ရဲ့ စိတ်ခံစားချက်တွေဟာ ကျကုန်ကြပါတယ်။

မာစတာ ဆိုင်ကလုန်းရဲ့ အနားမှာ ရပ်နေခဲ့တဲ့ အကြီးအကဲ တစ်ယောက်ကသာ နှာခေါင်းရှုံ့လိုက်ပြီး... "မောက်မာပြီး မာနကြီးလှတဲ့ ကောင်ကလေး! ဒီကနေ့မှာ ငါကမင်းကို သင်ခန်းစာ ကောင်းကောင်းလေး ပေးလိုက်မယ်ကွ..."

ဒီအကြီးအကဲရဲ့ ခန္ဓာကိုယ်ကနေ ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့ အော်ရာတွေဟာ ထိုးတက်လာခဲ့ပြီး... လူအုပ်ကြီးရဲ့ အရှေ့ကနေ ထွက်လာလိုက်ကာ

ရှောင်ယန်ကို အေးစက်စွာနဲ့
စိုက်ကြည့်လိုက်ပါတယ်။

ဆိုင်ကလုန်း မာစတာရဲ့ မျက်နှာကလည်း
မည်းမှောင်နေခဲ့ပါတယ်။ သူဟာ
ဘာတစ်ခွန်းမှ ဝင်ပြောခြင်း မရှိခဲ့ပဲ…
ဒီအကြီးအကဲရဲ့ လုပ်ဆောင်ပုံကို
လက်ခံခဲ့ပါတယ်။

ယန်တုန်ဟွေဟာ ဒီမြင်ကွင်းကို
မြင်လိုက်ရတော့… အတော်ကို
စိုးရိမ်သွားခဲ့ပြီး ရင်ထဲကနေ
တွေးနေခဲ့ပါတယ်…. "ရွှေရောင်ဗဟိုချက်

နောက်ဆုံး အဆင့်က ကျင့်ကြံသူ
တစ်ယောက်နဲ့ ရွှေရောင်ဗဟိုချက် စဦးပိုင်း
အဆင့်က ကျင့်ကြံသူ တစ်ယောက်ကို
စိန်ခေါ်လိုက်တာက… မင်းတို့ရဲ့ဂိုဏ်းက
ရွှေရောင်ဗဟိုချက် စဦးပိုင်းနဲ့ အလယ်အလတ်
အဆင့်က ကျင့်ကြံသူတွေဟာ…
သူ့ရဲ့ပြိုင်ဘက် မဟုတ်ဘူး ဆိုတာကို
ဝန်ခံလိုက်တာ မဟုတ်ဘူးလား?"

သူ့ရဲ့အကြည့်တွေဟာ ရှောင်ယန်ရဲ့ အပေါ်ကို
ကျရောက်သွားခဲ့ပြီး တွေးလိုက်ပါတယ်…
"ဒါပေမဲ့လည်း ဒီကောင်လေးကလည်း
တစ်ကယ်ကို ကြမ်းလွန်းပါတယ်။

ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံမှုနဲ့... သူဟာ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို ထိန်းချုပ်နိုင်တယ်။ ဒီလိုစွမ်းအားမျိုးဟာ သူနဲ့ အဆင့်တူတွေထက် ပိုပြီးတော့ သာလွန်နေတာပဲ..."

သူဟာ လင်းဖုန်းရဲ့ နောက်ကနေ လိုက်လာခဲ့ပြီး နောက်ကျမှ ရောက်လာခဲ့ပေမဲ့... ရှောင်ယန်နဲ့ ဆိုင်ကလုန်း ဂရန်းမာစတာနဲ့ တိုက်ပွဲကို မြင်လိုက်ရသေးတာပါ။

ဝူယွမ်လန်က မုန့်ချောင်ယန်ကို
တိတ်တိတ်လေးပဲ ပြောလိုက်ပါတယ်…
"မဟာသူရိယ အကြွင်းမဲ့ မီးတောက်က
မီးလျှံကျီးကန်းတွေပဲ ပိုင်ဆိုင်တာ
မဟုတ်ဘူးလား? ဒါက တပည့်ရဲ့
လျှို့ဝှက်ကြံစည်မှုကနေ ရလာတာလား…
ဒါမှမဟုတ် ဆရာရဲ့
ကြိုးပမ်းအားထုတ်မှုကနေ ရလာတာပဲလား?
တကယ်လို့များ သူတို့ဂိုဏ်းရဲ့
တပည့်တိုင်းဟာ ဒီလောက်အထိ
သန်မာနေရင်… သူတို့က တကယ်ကို
ကြောက်မက်ဖွယ်ကောင်းတဲ့ အလားအလာ
ရှိမှာပဲကွ…"

မုန့်ချောင်ယန်ကလည်း ငြိမ်သက်စွာနဲ့ပဲ ပြန်ဖြေလိုက်ပါတယ်... "ဒီအကြီးအကဲက လေနတ်ဘုရားဂိုဏ်းက သန်မာတဲ့သူ အနည်းငယ်ထဲက တစ်ယောက် အပါအဝင် ဖြစ်တာပဲ။ ပြီးတော့ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကလည်း... မဟာအကြွင်းမဲ့ လေပြင်းလေးပါးထဲမှာ တစ်ပါး အပါအဝင် ဖြစ်ပြီး... မဟာသူရိယ အကြွင်းမဲ့ မီးတောက်ထက်ကို ပိုပြီးတော့ နိမ့်မကျပါဘူး။ ကြည့်ရတာ သူ့မှာလည်း အကြံအစည်တွေ ရှိတယ်နဲ့ တူတယ်..."

ဝူယွမ်လန်ကလည်း ခေါင်းညိတ်လိုက်ပြီး...
"ကြည့်ရသေးတာပေါ့ကွာ..."

ရှောင်ယန်က လေနတ်ဘုရားဂိုဏ်းက သူ့ရဲ့
စိန်ခေါ်သူကို ကြည့်လိုက်ပြီး...
လင်းဖုန်းဘက်ကို လှည့်ကြည့်ကာ
ပြုံးပြလိုက်ပါတယ်။

လင်းဖုန်းက သူ့ရဲ့ခေါင်းကို
ညိတ်ပြလိုက်တော့... ရှောင်ယန်ရဲ့
ခန္ဓာကိုယ်ဟာ လက်ကနဲ ဖြစ်သွားပြီး...
မျက်စိတစ်မှိတ် အတွင်းမှာ သူဟာ

ဟိုအကြီးအကဲရဲ့ အရှေ့ကို
ရောက်သွားခဲ့ပါတယ်။

"မင်းက မဟာသူရိယ အကြွင်းမဲ့
မီးတောက်ကို ပိုင်ဆိုင်ထားတာနဲ့...
အရမ်းကြီးကို အစွမ်းထက်နေပြီလို့
ထင်နေတာလား?" ဟိုအကြီးအကဲက
အေးစက်စွာနဲ့ ပြုံးလိုက်ပြီး... သူ့ရဲ့
ခန္ဓာကိုယ်ကို ပြင်းထန်စွာ
လှုပ်ရှားလိုက်ပါတယ်။ လေပြင်းတွေရဲ့
အကြားမှာ ဆေဘာတစ်ခုဟာ
တစ်လက်လက်နဲ့ အရောင်တောက်နေခဲ့ပြီး...

ရှောင်ယန်ဆီကို အရှိန်ပြင်းစွာနဲ့ ခုတ်ချလိုက်ပါတယ်။

ရှောင်ယန်ရဲ့ မျက်မှောင်တွေဟာ ကြုတ်သွားခဲ့ပြီး... "ခန္ဓာကိုယ် သိုင်းပညာကို အထူးပြုပြီး လေ့ကျင့်ထားတဲ့ ကျင့်ကြံသူ တစ်ယောက်လား?" သူက သူ့ရဲ့ တိုက်ခိုက်မှုကို မလျှော့ချခဲ့ပဲ သူ့ပြိုင်ဘက်ရဲ့ တိုက်ခိုက်မှုကို... သူ့ရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက် ဖြို့ခွဲခြင်းနဲ့ ထိပ်တိုက်ရင်ဆိုင်လိုက်ပါတယ်။

ဒါပေမဲ့လည်း အဲ့ဒီ အကြီးအကဲရဲ့ ဆေဘာဟာ လေလိုမျိုး ခန့်မှန်းရ ခက်ခဲနေခဲ့ပါတယ်။ သူ့ရဲ့ ဓားကွက်ဟာ အတော့်ကို ထူးခြားပြီး… တစ်ဘက်သားရဲ့ အားနည်းချက်ကို ရှာဖွေနေရင်း အဆက်မပြတ်ပဲ ပြောင်းလဲနေခဲ့တာပါ။

ရှောင်ယန်က ဒီလိုမျိုး ပြောက်ကျား နည်းစနစ်မျိုးကို အမုန်းဆုံးပါပဲ။ သူက အေးစက်စွာနဲ့ ပြုံးလိုက်ရင်း… မဟူရာ တိမ်တိုက်အလံကို ဝှေ့ယမ်းလိုက်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို အနက်ရောင် အလင်းတန်းတွေနဲ့ ဖုံးလွှမ်းသွားခဲ့ပြီး…

သူ့ပြိုင်ဘက်ထက်ကို ပိုပြီးတော့ လျှင်မြန်စွာနဲ့ လေဟာနယ်ထဲမှာ ကျပန်း ရွေ့လျားနေခဲ့ပါတယ်။

ဟိုအကြီးအကဲရဲ့ မျက်မှောင်တွေဟာ ကြုတ်သွားခဲ့ပြီး… "ဒီမှော်အိုင်တမ်က လေဟာနယ်ကို အပြောင်းအလဲ လုပ်နိုင်တာပဲ။ သူက မဟာသူရိယ အကြွင်းမဲ့ မီးတောက် ထက်တောင်မှ ပိုပြီးတော့ ဒုက္ခပေးသေးတယ်…" သူ့ရဲ့ ဆေဘာဟာ နောက်ထပ်တစ်မျိုး ပြောင်းသွားခဲ့ပါတယ်။ သူဟာ အစပထမက မည်းနက်နေပြီး မြင်ဖို့

ခက်ခဲနေရာမှ… အခုတော့ သိသာမြင်သာ ရှိလာခဲ့ပါတယ်။

သူ့ဆေဘာရဲ့ အလင်းတန်းတွေဟာ အပိုင်းအစပေါင်း ထောင်နဲ့ချီကာ ကွဲသွားခဲ့ပြီး… လေထုရဲ့ အထဲကို အညီအမျှ ဖြန့်ကျက်ထားလိုက်ပါတယ်။ သူ့ရဲ့ လျှို့ဝှက် ကြံစည်မှုတွေနဲ့အတူ လေထုကြီးဟာ ရောမ လေဆင်နှာမောင်း အဖြစ်ကို ပြောင်းသွားခဲ့ပြီး… မီတာတစ်ရာ အတွင်းက အရာအားလုံးကို ဖုံးအုပ်ထားခဲ့လိုက်ပါတယ်။

ဒီအကြီးအကဲဟာ သူ့ရဲ့ လက်ကို
ဝှေ့ယမ်းလိုက်ပြီး… သူ့ရဲ့
ဘေးပတ်ပတ်လည်က လေထုထဲကနေ
လေအနွယ်ဝင် စွမ်းအင်များစွာတို့ကို
စုပ်ယူလိုက်ကာ… သူ့ရဲ့
လေဆင်နှာမောင်းထဲကို အားဖြည့်လိုက်ကာ
ပိုမိုအားကောင်း စေခဲ့ပါတယ်။

ရှောင်ယန်ကလည်း ပိုပြီးတော့
သတိထားလာရပါတယ်။ သူ့ရဲ့ မဟူရာ
တိမ်တိုက်အလံဟာ နေရာကို
တစ်ခဏအတွင်း ပြောင်းနိုင်ပေမဲ့… သူဟာ

လေဆင်နှာမောင်းရဲ့ အထဲမှာပဲ
ရှိနေသေးတာပါ။

လေဆင်နှာမောင်းရဲ့ အထဲမှာ… တစ်ခါတစ်ရံ ဆေဘာအလင်းတန်းတွေဟာ လင်းလက်သွားခဲ့ပါတယ်။ သူဟာ အားနည်းတဲ့ပုံ ပေါက်နေခဲ့ပေမဲ့… သူက ရှောင်ယန်ရဲ့ အရိပ်ကလေးကို တွေ့လိုက်တာနဲ့ တောက်ပစွာ လင်းလက်လာခဲ့ကာ… အကြီးအကဲက အဲ့ဒီနေရာမှာ ရုတ်ချည်း ပေါ်လာခဲ့ပါတယ်။ ပြန့်ကြဲနေတဲ့ ဆေဘာအလင်းတန်းတွေကလည်း ဒီအချိန်မှာ

ချက်ချင်း စုစည်းလာခဲ့ပြီး... သူ့ရဲ့ စွမ်းအားကလည်း တိုးတက်လာခဲ့ပါတယ်။

ရှောင်ယန်ကလည်း သူတို့ကို ရှောင်တိမ်းဖို့ ကြိုးစားနေခဲ့ပေမဲ့... ဆေဘာရဲ့ အလင်းတန်းတွေဟာ လေဆင်နှာမောင်းရဲ့ အထဲမှာ သူ့ရဲ့ပစ်မှတ်ကို နောက်တစ်ခေါက် ဖမ်းမိတဲ့အထိ... ထပ်ဖန်တစ်ခါ ကြဲပြန့်သွားခဲ့ပါတယ်။

အကြီးအကဲရဲ့ ဆေဘာ အလင်းတန်းတွေဟာ သူ့ရဲ့ ဆန္ဒအတိုင်း... စုစည်းလိုက် ကြဲပြန့်လိုက်.. ကြဲပြန့်လိုက် စုစည်းလိုက်နဲ့

ဖြစ်နေကြပါတယ်။ လေဆင်နှာမောင်းနဲ့ အတူတူ... သူဟာ မဟူရာ တိမ်တိုက်အလံရဲ့ သယ်ယူပို့ဆောင်ခြင်း စွမ်းရည်တွေကို ထိန်းချုပ်နိုင်စွမ်း ရှိနေခဲ့ပါတယ်။

ရှောင်ယန်က ဆေဘာအလင်းတန်းတွေကို နောက်ထပ်တစ်ခါ ခုန်ရှောင်လိုက်ရင်းနဲ့ ပိုပိုပြီးမှ စိတ်မရှည် ဖြစ်လာခဲ့ပါတယ်။ သူက အေးစက်စွာနဲ့ ပြုံးလိုက်ပြီး... "ငါကမင်းကို တစ်ကယ်ပဲ ကြောက်တယ်လို့ မင်းက ထင်နေတာလား?"

အကြီးအကဲရဲ့ ခေါ်းအလင်းတန်းတွေဟာ သူ့ကို ရှာတွေ့သွားတဲ့ အခါမှာ… သူက မဟူရာ တိမ်တိုက်အလံကို မြှောက်လိုက်ပါတယ်။ သူတို့ဟာ ရောမ ဆောဘာအဖြစ်ကို စုစည်းသွားခဲ့ကာ… သူ့ရဲ့ ခေါင်းပေါ်တည့်တည့်ကို ခုတ်ချလိုက်ပါတယ်။

ရှောင်ယန်က အေးစက်စွာနဲ့ ပြုံးလိုက်ပြီး အရေအတွက်သုံးခု အင်းရှစ်ကွက် ဖွဲ့ခြင်းကို သုံးလိုက်ပါတယ်။ သူက တိုက်စစ်အဖြစ် အသုံးပြုလိုက်တာ မဟုတ်ပဲ… အလွှာပေါင်း များစွာသော ဖျက်ဆီးခြင်း စွမ်းအားတွေကို ခံစစ်အနေနဲ့ အသုံးချလိုက်ပြီး…

အကြီးအကဲရဲ့ ခေါအလင်းတန်းတွေကို ကာကွယ်လိုက်တာပါ။

တစ်ချိန်တည်းမှာပဲ ရှောင်ယန်ရဲ့ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ဟာ ရုတ်တရက်ပဲ တောက်လောင်လာခဲ့ကာ… အကြီးအကဲဆီကို ပစ်လွှတ်လိုက်ပါတယ်။ အကြီးအကဲကလည်း နတ်ဘုရား မီးတောက်ဒိုင်းဆိုတဲ့ အိုင်တမ်တစ်ခုကို ထုတ်ယူလိုက်ကာ… ရှောင်ယန်ရဲ့ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို ကာကွယ်လိုက်ပါတယ်။

လင်းဖုန်းကလည်း ရုတ်တရက်
စိတ်လှုပ်ရှားသွားခဲ့ပြီး တွေးလိုက်ပါတယ်…
"သူတို့မှာက တကယ်ပဲ ဒီလိုမျိုးအိုင်တမ်
ရှိတာပဲ! သူတို့က တိုက်ခိုက်ဖို့ စိန်ခေါ်တာ
အဆန်းတော့ မဟုတ်ပါဘူး…"

ဆိုင်ကလုန်း ဂရန်းမာစတာက ဒါကို
တွေ့လိုက်တော့ မျက်ခုံးတွေကို
တွန့်လိုက်ပါတယ်။ ဒီနတ်ဘုရား
မီးတောက်ဒိုင်းဟာ တိုက်ခိုက်မှုတွေကို
ခဏတာသာ ခုခံနိုင်မှာဖြစ်ပြီး…
အချိန်ကြာလာရင်တော့ သူဟာ မဟာသူရိယ

အကြွင်းမဲ့ မီးတောက်ကို အရှုံးပေးရမှာ ဖြစ်ပါတယ်။

ရုတ်တရက်ပဲ သူဟာ အကြံတစ်ခု ရလာခဲ့ပြီး ဖြေးဖြေးချင်းပဲ ပြောလိုက်ပါတယ်... "မဟာသူရိယ အကြွင်းမဲ့ မီးတောက်ဟာ မဟာမိစ္ဆာ ရွှေကျီးနဲ့ သူ့ရဲ့မျိုးနွယ်စုက ပိုင်ဆိုင်တာ ဖြစ်တာပဲ။ မင်းရဲ့ တပည့်က ဘယ်လိုလုပ်ပြီး ရထားတာလည်း? မဟုတ်မှလွဲရော မင်းတို့က မီးလျှံကျီးကန်းတွေနဲ့ ပူးပေါင်းထားတာပဲ ဖြစ်ရမယ်..."

လင်းဖုန်းက ပြုံးလိုက်ပြီး… "မဟာသူရိယ အကြွင်းမဲ့ မီးတောက်က ရှေးကျိုးနဲ့ သူ့မျိုးနွယ်စုကပဲ ပိုင်ဆိုင်တာလို့ ဘယ်သူက ပြောတာလဲ? မီးလျှံကျိုးကန်းတွေက မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို ထိန်းချုပ်နိုင်တယ်လို့ ခင်ဗျားပြောတာက မှန်တော့မှန်ပါတယ်။ ဒါပေမဲ့လည်း ဒါက မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို သူတို့တွေကပဲ ပိုင်ဆိုင်တာလို့တော့ မဆိုလိုပါဘူး…"

"ဒဏ္ဍာရီထဲမှာ ဖန်ဆင်းမှုရဲ့ တန်ခိုးကြောင့်… မဟာအကြွင်းမဲ့ မီးတောက်တွေက

ခုနှစ်မျိုးရှိတယ်။ ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ဖန်ဆင်းခြင်းကို နားလည်တဲ့ သူတွေဟာ... ဒီမီးတောက်တွေကို အသုံးပြုနိုင်မှာပဲ..."

ဆိုင်ကလုန်း ဂရန်းမာစတာက နှာခေါင်းရှုံ့လိုက်ပြီး... "စကားပြောတာတော့ လွယ်တာပေါ့။ ဒါပေမဲ့လည်း ခင်ဗျားပြောတာက မှန်တယ်ဆိုရင်... ကျုပ်ကိုနောက်ထပ် အကြွင်းမဲ့မီးတောက် တစ်ခုလောက် ထပ်ထုတ်ပြပါဦး..."

သူ့ရဲ့စကား မဆုံးခင်မှာပဲ... သူဟာ တိုက်ပွဲဆီကနေ ရှောင်ယန်ရဲ့ ချောင်းဆိုးသံကို

ကြားလိုက်ရပါတယ်။ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ရဲ့ တောက်ပတဲ့ ရွှေရောင် အလင်းတန်းရဲ့ အပြင်မှာ... နောက်ထပ် ခရမ်းပြာရောင် မီးတောက်တစ်ခုဟာ ပေါ်လာခဲ့ပါတယ်!

မဟာသူရိယ အကြွင်းမဲ့ မီးတောက်နဲ့ ယှဉ်လိုက်ရင်... သူဟာ ပြင်းထန်မှုမှာ လျော့နည်းပေမဲ့ ရက်စက်မှုက သာပါတယ်။

ဆိုင်ကလုန်း ဂရန်းမာစတာနဲ့ ကျန်တဲ့သူတွေဟာ... ပါးစပ်အဟောင်းသားနဲ့ စိုက်ကြည့်နေကြပါတယ်။ ခရမ်းပြာရောင်

မီးတောက်တွေနဲ့ မဟာသူရိယ အကြွင်းမဲ့
မီးတောက်တို့ဟာ နတ်ဘုရား
မီးတောက်ဒိုင်းကို... ဘာမှမကျန်ပဲ
ပြာမှုန်တွေ ဖြစ်သွားတဲ့အထိ တရစပ်
ထိုးနှက်နေကြပါတယ်။ ဒီဒိုင်းကို
ကိုင်ဆောင်ထားတဲ့ အကြီးအကဲကလည်း...
တွန့်လိမ်သွားတဲ့အထိ အလောင်ကျွမ်း
ခံလိုက်ရပါတယ်။

ဒီအဖြစ်အပျက်ဟာ အလွန်ကို မြန်ဆန်လှတဲ့
အတွက်... ဆိုင်ကလုန်း ဂရန်းမာစတာဟာ
သူ့ကို ကယ်တောင် မကယ်လိုက်နိုင်ပါဘူး။

ရှမ်ကျိုအမတ် ဂေဟာက မစ္စတာကျန်းရဲ့ မျက်နှာဟာ မည်းမှောင်သွားခဲ့ပြီး ပြောလိုက်ပါတယ်... "ခရမ်းပြာရောင် မီးတောက်... ဒါက မဟာအကြွင်းမဲ့ မီးတောက်ခုနှစ်မျိုးထဲမှာ ဖျက်ဆီးနိုင်အား အကောင်းဆုံး... ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက် မဟုတ်လား?"

ဆိုင်ကလုန်း ဂရန်းမာစတာရဲ့ ပါးစပ်တွေဟာ တွန့်သွားခဲ့ပြီး လင်းဖုန်းကို စိုက်ကြည့်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဖုန်းဟာ သူ့ကို ဂရုစိုက်ဖို့ ရည်ရွယ်ချက် မရှိခဲ့ပါဘူး။

ဒါက ဆိုင်ကလုန်း ဂရန်းမာစတာကို တုန်လှုပ်စေခဲ့ပါတယ်။ သူက လင်းဖုန်းကို နောက်ထပ် အကြွင်းမဲ့ မီးတောက်တစ်မျိုးကို ထုတ်ပြခိုင်းလိုက်တော့… ရှောင်ယန်က ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်ကို ထုတ်ပြလိုက်ပြီး… သူ့ရဲ့မျက်နှာကို အိုးမည်းသုတ်ခဲ့ပါတယ်။

သူ့ကိုပိုပြီး အရှက်ရစေတာက… သူ့ဘေးပတ်ပတ်လည်က လူတွေရဲ့ အကြည့်တွေပါ။ သူ့ရဲ့ဂိုဏ်းက ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်က

ကျင့်ကြံသူဟာ... တကယ်ပဲ
ရွှေရောင်ဗဟိုချက် စဉ်းပိုင်း အဆင့်က
ရှောင်ယန်ကို တကယ်ပဲ ရှုံးနိမ့်သွားခဲ့ပါတယ်။
ကြည့်ရတာ လင်းဖုန်းက ကြွေးကြော်ထားတဲ့
သူ့ရဲ့ တပည့်တွေဟာ 'အဆင့်တူရင်
ဗိုလ်မထားဘူး' ဆိုတဲ့ အဆိုဟာ...
မှန်နေသလိုပါပဲ။

ယုဝမ်ဖုန်းရဲ့ မျက်နှာဟာ နိမိတ်မကောင်းတဲ့ပုံ
ပိုပြီးတော့ ပေါ်လာပါတယ်။ ရှောင်ယန်ဟာ
ဆိုင်ကလုန်း ဂရန်းမာစတာကို မဟာသူရိယ
အကြွင်းမဲ့ မီးတောက်နဲ့
ယှဉ်ပြိုင်လိုက်ကတည်းက... သူ့အပေါ်မှာ

ထားတဲ့ သူ့ရဲ့ ထင်မြင်ချက်တွေဟာ ပြောင်းသွားခဲ့ပြီးသားပါ။ သူဟာ ရှောင်ယန်ကို အတော်ကြမ်းလိမ့်မယ်လို့ ထင်ထားခဲ့ပေမဲ့... ဒီလောက်အထိ ကြမ်းလိမ့်မယ်လို့တော့ ထင်မထားခဲ့မိပါဘူး။

သူက လင်းဖုန်းကို ကြည့်နေခဲ့ရင်း... ရင်ထဲမှာ အေးစက်လာခဲ့ပါတယ်... "ဒီလိုမျိုး တပည့်နဲ့ဆိုရင်... ဆရာက ဘယ်လောက်အထိများ ကြောက်စရာကောင်းလိုက်မလည်း?"

သူ့ရဲ့ ခန့်မှန်းချက်အရဆိုရင်... လင်းဖုန်းရဲ့ ဘေးနားမှာ ရပ်နေတဲ့ ရှောင်ပုတန်လေးဟာ... ရှောင်ယန်ထက်ကို ပိုပြီးတော့ အောက်မကျပါဘူး။

အစောက ရှကျိုးမြို့ထဲမှာ ယုဝမ်ဖုန်းဟာ ရှောင်ပုတန်လေးက... စူတောင်ခေးဂိုဏ်းက အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ တစ်အုပ်စုကို အနိုင်ယူလိုက်တာကို တွေ့ခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူဟာ သူက လင်းဖုန်းရဲ့ အကူအညီကို ယူထားတယ်လို့ ယုံကြည်နေခဲ့တာပါ။

အဲ့ဒီတုန်းက လင်းဖုန်းဟာ စူတောင်က ခေါးကျင့်ကြံသူတွေရဲ့ ကျင့်ကြံမှု အဆင့်ကို အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်မှာ ဖိနှိပ်ထားခဲ့ရုံတင် မကပဲ... သူတို့ကို တစ်ခုခုလည်း လုပ်ထားမယ်လို့ ယုဝမ်ဖုန်းက ယုံကြည်နေခဲ့တာပါ။

ဒါပေမဲ့လည်း အခုရှောင်ယန်ရဲ့ တိုက်ခိုက်ပုံကို ကြည့်လိုက်တော့... ယုဝမ်ဖုန်းဟာ အဲ့ဒီအတိုင်း မထင်တော့ပါဘူး။ သူက ရှောင်ပုတန်လေးကို သတိထားပြီး ကြည့်လိုက်ကာ တွေးလိုက်ပါတယ်... "အခုအချိန်တောင်မှ သူဟာ

ကြောက်စရာကောင်းတဲ့ စွမ်းအားတွေကို
ပိုင်ဆိုင်ထားခဲ့ပြီ။ သူကသာ
နောက်ထပ်ထပ်ပြီး တိုးတက်လာခဲ့ရင်..."

ဒီအထိ တွေးလိုက်ပြီး... သူဟာ တစ်ခုခု
မှားနေပြီလို့ သတိပြုမိလိုက်ပါတယ်။

နှစ်တစ်ဝက်လေးနဲ့တင်...
ရှောင်ပုတန်လေးဟာ ရွှေရောင်ဗဟိုချက်
အဆင့်ကို ရောက်သွားခဲ့ပါပြီ။

ဒီလိုမျိုး ကြောက်စရာကောင်းတဲ့
အမြန်နှုန်းကို ဘယ်သူမှ ယှဉ်နိုင်မှာ

မဟုတ်ပါဘူး။ အကုန်လုံးက ပါရမီရှင်လေးလို့ သတ်မှတ်ထားတဲ့ ရှီထျန်းရီတောင်… ဒီလောက်မြန်မှာ မဟုတ်ပါဘူး။

ယုဝမ်ဖုန်းဟာ ရှောင်ပုတန်လေးကို သေချာစွာ စိုက်ကြည့်နေခဲ့ပြီး… သူ့ရဲ့ ပုံပန်းသဏ္ဍာန်ဟာ သိပ်ပြီးတော့ မပြောင်းလဲတာကို သတိထားမိလိုက်ပါတယ်။ ဒါက ဘာကို ဆိုလိုနေသလည်း ဆိုတော့… ရှောင်ပုတန်လေးဟာ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာထဲမှာ ကျင့်ကြံခဲ့ပေမဲ့… သူဟာ အချိန်အနည်းငယ်သာ အသုံးပြုခဲ့တာပါ။

ဒါကို တွေ့ရှိလိုက်ရတော့ ယုဝမ်ဖုန်းဟာ…
ရှောင်ပုတန်လေးကို သတ်ချင်တဲ့စိတ်တွေ
ပိုပြီးတော့ ပြင်းထန်လာခဲ့ပါတယ်။

ရှောင်ပုတန်လေးကလည်း ယုဝမ်ဖုန်းရဲ့
အကြည့်ကို သတိပြုမိလိုက်ကာ…
သူ့ရဲ့ခေါင်းကို လှည့်လိုက်ပြီး သူ့ဆီကို
ကြည့်လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာ
သေးသေးလေးမှာ အပြုံးတစ်စက်မှ
မရှိနေခဲ့ပဲ… တိတ်တိတ်ကလေး
ပြောလိုက်ပါတယ်… "ဘာလဲ?

ယုမိသားစုကလည်း
တိုက်ခိုက်ချင်နေတာလား?"

ယုဝမ်ဖုန်းကလည်း ဘာကိုမှ မပြောခဲ့ပဲ
လင်းဖုန်းကို ကြည့်လိုက်ပါတယ်။
လင်းဖုန်းဟာလည်း သူ့ကို ဟန်ပန် အမူအယာ
ကင်းမဲ့စွာနဲ့ စိုက်ကြည့်နေခဲ့တာကို
တွေ့လိုက်ရပါတယ်။

ယုမိသားစုက ကျင့်ကြံသူတွေကလည်း
ရှောင်ပုတန်လေးကို ဒေါသတကြီးနဲ့
စိုက်ကြည့်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက
ရှကျိုးမြို့မှာတုန်းက လုပ်ထားတဲ့

အရာတွေရယ်… ရှောင်ယန်ရဲ့
စွမ်းအားတွေရယ်ကို တွေးမိလိုက်ကြတော့…
သူတို့ဟာ ဒေါသတွေကို ပြန်လည်မျိုသိပ်
လိုက်ရပါတယ်။

သက်လတ်ပိုင်း ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူ တစ်ယောက်ဟာ… ရုတ်တရက်ပဲ
ထရပ်လိုက်ပြီး ကျယ်လောင်စွာနဲ့
ပြောလိုက်ပါတယ်… "သိပ်ပြီးတော့
မောက်မာမနေပါနဲ့… ငါကမင်းကို
စိန်ခေါ်တယ်ကွ…"

ရှောင်ပုတန်လေးရဲ့ မျက်နှာဟာ အမူအရာ မပြောင်းခဲ့ပဲ... စစ်မြေပြင်က ရှောင်ယန်ရဲ့ နေရာကို အစားထိုးလိုက်ပါတယ်... "ကဲ... လာစမ်း..."

ဒီသက်လတ်ပိုင်း လူကြီးဟာ ရှောင်ပုတန်လေးကို ကြည့်လိုက်ပြီး... ချောင်းခြောက်တစ်ချက် ဆိုးလိုက်ကာ ပြောလိုက်ပါတယ်... "ငါက စကား မဆုံးသေးဘူး..."

## စာစဉ် ၁၃ : အပိုင်း ၂

# အပိုင်း ၂၁၂ : တကယ့်ကို ပြိုင်ဘက်ကင်းတဲ့ သူတွေပါပဲ

ရှောင်ပုတန်လေးဟာ သူ့ရဲ့ ခြေတွေလက်တွေကို ဆန့်နေခဲ့ပြီး... စိန်ခေါ်တဲ့သူကို အမူအရာ ကင်းမဲ့စွာနဲ့ ပြောလိုက်ပါတယ်... "ကဲ... လာစမ်း..."

သက်လတ်ပိုင်း လူကြီးက ရှောင်ပုတန်လေးကို ကြည့်လိုက်ကာ... ချောင်းခြောက်တစ်ချက် ဆိုးလိုက်ပြီး ပြောလိုက်ပါတယ်... "ငါက စကား မဆုံးသေးဘူး..."

ရှောင်ပုတန်လေးက စိတ်မရှည်စွာနဲ့
ပြောလိုက်ပါတယ်... "ပြောစရာ
ရှိရင်လည်း... အခုပဲ မြန်မြန်ပြော..."

ဘေးကနေ ရပ်ကြည့်နေတဲ့
လူတွေအားလုံးဟာ... အသက် ၁၁နှစ်
၁၂နှစ်လောက်သာ ရှိဦးမယ့်
ရှောင်ပုတန်လေးကို ကြည့်လိုက်ပြီး... သူတို့ရဲ့
ရယ်သံတွေကို ထိန်းမထားနိုင်တော့ပါဘူး။

အနဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ဘက်မှာလည်း... အားလုံးက
ရှောင်ပုတန်လေးကို ကြည့်နေကြပါတယ်။

ရှောင်ယန်က ကောင်းကင်ကို ကြည့်လိုက်ကာ ရယ်လိုက်ရင်း တွေးနေခဲ့ပါတယ်...
"ကောင်စုတ်လေး... မင်းက ဒါတွေကိုပဲ သင်ယူခဲ့တာလား?"

သက်လတ်ပိုင်း လူကြီးရဲ့ နှုတ်ခမ်းတွေဟာ တွန့်သွားခဲ့ပေမဲ့... သူဟာ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက်ပြီး ပြောလိုက်ပါတယ်...
"မင်းတို့ရဲ့ဂိုဏ်းက အဆင့်တူရင် ဗိုလ်မထားဘူးလို့ ပြောတော့... မင်းက နှစ်ယောက်တစ်ယောက်ရော ချရဲလား?"

ဒီစကားကို ကြားလိုက်ရတော့… ဘေးက ကျင့်ကြံသူတွေဟာ ယုမိသားစုကို အလေးမထားတော့ပဲ… ဝိုင်းဝန်းပြီးတော့ ဝေဖန်ကုန်ကြပါတယ်။

"မင်းတို့ရဲ့ မျက်နှာအရေခွံက ဒီထက်ပိုပြီး ထူလို့မရတော့ဘူးလား? ဘာဖြစ်လို့ ကျင့်ကြံသူ ၂၀ယောက်နဲ့ မချတာလည်း?"

"သူက ကလေးလေးပဲ ရှိသေးတာ။ မင်းက မင်းထက်ငယ်တဲ့သူကို အနိုင်ကျင့်တာကို ထည့်မပြောနဲ့ဦး။ အခုဆိုရင် လူပိုခေါ်ပြီး အနိုင်ထပ်ကျင့်ချင်သေးတာလား? အသက်..

အတွေ့အကြုံနဲ့ ဉာဏ်ပညာကိုလည်း
ထည့်တွက်ပါဦး..."

"ဒါက မဟာချင် အင်ပါယာရဲ့ မိသားစုကြီး
တစ်ခုရဲ့ အဆင့်အတန်းနဲ့ရော
ကိုက်ညီရဲ့လား? မင်းကြောင့် ယုမိသားစုရဲ့
သိက္ခာတော့ ကျပါပြီ!"

အကုန်လုံးဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
တိုးတက်လာမှုကို သတိထားနေကြပေမဲ့...
သူတို့ဟာ ဒီသက်လတ်ပိုင်း ကျင့်ကြံသူရဲ့
စကားကို တော်တော်ကြီး မကျေမနပ်
ဖြစ်နေကြပါတယ်။

မင်းက လူ့အင်အားနဲ့ နိုင်ပွဲကို ရယူနိုင်ရင် ဘာအဓိပ္ပာယ် ရှိမှာလည်း? ဒါက အနှစ်မရှိတဲ့ အောင်ပွဲပဲ ဖြစ်သွားမှာပါ။

ယုမိသားစုနဲ့ တစ်ဘက်တည်း ရှိနေကြတဲ့ လေနတ်ဘုရားဂိုဏ်းက သူတွေတောင်... သူတို့အပေါ်မှာ ထားတဲ့ ထင်မြင်ချက်တွေ ပြောင်းကုန်ကြပါတယ်။

ယုမိသားစုနဲ့ နီးကပ်စွာ ရပ်နေကြတဲ့ လေနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူတွေဟာ...

တဖြေးဖြေးနဲ့ သူတို့နဲ့ ခွာပြီးမှ
သွားကုန်ကြပါတယ်။

ဒီသက်လတ်ပိုင်း လူကြီးတစ်ယောက်ကသာ
သူ့နေရာမှာသူ တည်ငြိမ်စွာ ရပ်နေခဲ့ပါတယ်။
သူဟာ အားလုံးရဲ့ သရော်လှောင်ပြောင်တဲ့
အကြည့်တွေကို ခံယူနေခဲ့ကာ… သူ့ရဲ့
စကားတွေကို ပြန်ပြီးမှ မရုပ်သိမ်းခဲ့ပါဘူး။

ယုမိသားစုက ကျင့်ကြံသူတွေကတောင်…
ဒီသက်လတ်ပိုင်း ကျင့်ကြံသူရဲ့
စကားတွေကြောင့် အရှက်ရကုန်ကြပါတယ်။
သူတို့ဟာ သူ့ကို စိတ်ရှုပ်ထွေးစွာနဲ့

ကြည့်လိုက်ကြပြီး… သူတို့ရဲ့ စိနိယာဟာ
ဒီလိုမျိုး အားနည်းချက်ကို ဘာဖြစ်လို့
ဖော်ပြနေခဲ့သလည်း ဆိုတာကို…
စဉ်းစားလို့မရ ဖြစ်နေကြပါတယ်။

သူ့ရဲ့ဘေးနားမှာ ရှိနေကြတဲ့
ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ
အချို့ကသာ… တည်ငြိမ်စွာနဲ့ ရှိနေကြတာပါ။

ပုံမှန်ဆိုရင် စိတ်တိုတတ်တဲ့
အခြေတည်ဝိညာဉ် အဆင့်က ခေါင်းဆောင်
ယုဝမ်ဖုန်းဟာ… မျက်နှာကြီး

မည်းမှောင်နေခဲ့ပေမဲ့ ပါးစပ်ကို ပိတ်ထားကာ ဘာကိုမှ မပြောခဲ့ပါဘူး။

သူ့ရဲ့ အမူအရာကို လေ့လာနေခဲ့တဲ့ လင်းဖုန်းကလည်း သတိထားမိလိုက်ပါတယ်။

လင်းဖုန်းရဲ့ စိတ်ထဲမှာ အတွေးတွေနဲ့ အလုပ်ရှုပ်သွားခဲ့ပြီး... နောက်ဆုံးမှာတော့ ယုဝမ်ဖုန်းရဲ့ အကြံအစည်ကို သဘောပေါက်လိုက်ပါတယ်။ သူက အေးစက်စွာ ရယ်မောလိုက်ရင်း တွေးနေခဲ့ပါတယ်... "ကောင်းတယ်... လက်စသတ်တော့ မင်းရဲ့ အကြံက

ဂုဏ်သိက္ခာတွေကို ချနင်းပြီး...
ရှောင်ပုတန်လေးကို သတ်ချင်နေခဲ့တာကို!"

"မင်းတို့က ရှီထျန်းရီကို တော်တော်လေး
ဂရုစိုက်တာပဲ... စိတ်မကောင်းစွာနဲ့
အကြွေးဆိုတာက ပြန်ဆပ်ရမှာပဲ..."
သူ့ရဲ့ဘက်ကို ခေါင်းလှည့်ပြီး
လှမ်းကြည့်နေခဲ့တဲ့ ရှောင်ပုတန်လေးကို
ကြည့်လိုက်ပြီး... လင်းဖုန်းက တည်ငြိမ်စွာနဲ့
ခေါင်းညိတ်ပြလိုက်ပါတယ်။

ရှောင်ပုတန်လေးရဲ့ အမူအရာတွေဟာ
တည်ငြိမ်နေခဲ့ပြီး... တစ်ဘက်ကို

ပြန်လှည့်လိုက်ကာ သူ့ရဲ့ လက်ချောင်းကို ဆန့်ထုတ်လိုက်ပါတယ်။ သူဟာ အဲ့ဒီ သက်လတ်ပိုင်း လူကြီးကို လက်ညှိုးထိုးလိုက်ပြီး ပြောလိုက်ပါတယ်… "ခင်ဗျား…"

ပြီးတာနဲ့ သူဟာ သူ့ရဲ့အနောက်က ကျင့်ကြံသူ အုပ်စုကို လက်ညှိုးဆက်ထိုးလိုက်ပြီး ပြောလိုက်ပါတယ်… "ခင်ဗျား… ခင်ဗျား… ပြီးတော့ ခင်ဗျား။ ခင်ဗျားတို့ လေးယောက်နဲ့ ကျွန်တော်နဲ့ ချမယ်…"

ဘောပတ်ဝန်းကျင် တစ်ခုလုံးဟာ
ကြွတ်ကြွတ်ညံကုန်ကြပါတယ်။

ရှောင်ပုတန်လေး ညွှန်ပြခဲ့တဲ့
လူလေးယောက်တို့ဟာ… ယုမိသားစုရဲ့
ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူတွေ
ဖြစ်ကြပါတယ်။ သူတို့အထဲက
တစ်ယောက်ဟာ ရွှေရောင်ဗဟိုချက်
အလယ်အလတ် အဆင့်မှာ ရှိနေကြပြီး…
ကျန်သုံးယောက်ကတော့ ရွှေရောင်ဗဟိုချက်
စဦးပိုင်း အဆင့်မှာ ရှိနေကြတာပါ။

ဝူယွမ်လန်နဲ့ မုန့်ချောင်ယန်တို့ဟာ
တစ်ယောက်ကိုတစ်ယောက်
ကြည့်လိုက်ကြပြီး... ထာဝရ
တောင်တန်းဂိုဏ်းရဲ့ ခေါင်းဆောင်ဟာ
ခါးသီးစွာနဲ့ ရင်ထဲကနေ ရယ်နေခဲ့ပါတယ်...
"ဆရာနဲ့ တပည့်တွေက
လိုက်လည်းလိုက်ကြပါတယ်ကွာ..."

"သူများက သူ့ကို နှစ်ယောက်ပေါင်းပြီး
ချချင်ခဲ့တာ... ဒါကိုသူက
မလိုလောက်သေးဘူးတဲ့။ သူက
လေးယောက်တစ်ယောက် တစ်ခါတည်း
ချချင်နေတာပဲ!"

ယန်တုန်ဟွေ့က ရှောင်ပုတန်လေးကို စိတ်ဝင်စားစွာနဲ့ ကြည့်လိုက်ပြီး တွေးလိုက်ပါတယ်… "သူက ရွှေရောင်ဗဟိုချက် အဆင့်ကို အမြန်ကြီး တက်လှမ်းနိုင်ခဲ့တာပဲ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က… ငါ့ရဲ့ ကောင်းကင်ဆေးလုံး ခုနှစ်လုံးလုံးကိုများ ကျွေးလိုက်တာလား?"

"အရင်တုံးက ရှကျိုးမြို့က ခရမ်းရောင် အခန်းလေးထဲမှာ… ဒီကောင်လေးက

စူတောင်ခေးဂိုဏ်းက ကျင့်ကြံသူ အားလုံးကို တစ်ယောက်တည်း အနိုင်ယူနိုင်ခဲ့တာ..."

ယုမိသားစုဟာ အစကတည်းက သူတို့ရဲ့ သိက္ခာတွေကို အကျခံပြီး ရှောင်ပုတန်လေးကို သတ်ဖို့ ကြံစည်နေခဲ့တာပါ။ အခု ရှောင်ပုတန်လေးက သူတို့လေးယောက်ကို တပြိုင်နက်တည်း စိန်ခေါ်လိုက်တော့... သူတို့ရဲ့ ဒေါသမီးတွေဟာ ပိုပိုပြီးတော့ တောက်လောင်လာခဲ့ကြပါတယ်။

ဒီလူစုရဲ့ ခေါင်းဆောင်ဖြစ်သူဟာ ယုဝမ်ဖုန်းကို ကြည့်လိုက်ပြီး... "နံပါတ်ခြောက် ဦးလေး?"

ယုဝမ်ဖုန်းကလည်း အသက်တစ်ချက်ကို ပြင်းပြင်းရှူလိုက်ပြီး ပြောလိုက်ပါတယ်... "ယုံရှင်း... အခုအချိန်မှာ မင်းကိုပဲ အားကိုးရမှာပဲ... ငါ့ကို စိတ်မပျက်စေနဲ့..."

သက်လတ်ပိုင်း လူကြီး ယုယုံရှင်းဟာ ခေါင်းကို ညိတ်လိုက်ပါတယ်။ သူဟာ ပြန်လှည့်လိုက်ပြီး အမူအရာ ကင်းမဲ့စွာနဲ့... "မင်းက တောင်းဆိုတော့လည်း... ငါတို့မိသားစုက လက်ခံရတာပေါ့။ ငါတို့က စုပေါင်းပြီး မင်းကိုတိုက်မယ်ကွ..."

ကျန်တဲ့ ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူ သုံးယောက်တို့ကလည်း
ခေါင်းတွေကို ညိတ်လိုက်ကြကာ...
လေးယောက်စလုံးဟာ အရှေ့ကို
တက်လိုက်ပြီး ရှောင်ပုတန်လေးကို
ဝန်းရံလိုက်ကြပါတယ်။

"မြင့်တက်စမ်း!" ယုယုံရှင်းနဲ့ ကျန်တဲ့
သုံးယောက်တို့ဟာ ယုမိသားစုရဲ့ ဝိသေသ
အကွက်ဖြစ်တဲ့... ရွှမ်းမင်မန္တန်ကို
ထုတ်ဖော်လိုက်ကြပါတယ်။
ချက်ချင်းဆိုသလိုပဲ အေးစက်ဖြူဖွေးတဲ့
အော်ရာတွေဟာ... သူတို့ရဲ့ ကိုယ်ထဲကနေ

ထွက်ပေါ်လာကြပါတယ်။ သူတို့ရဲ့
ဘေးပတ်ပတ်လည်က လေဟာနယ်
တစ်ခုလုံးဟာလည်း… အေးခဲနေတဲ့
မြူခိုးငွေ့တွေနဲ့ ဖုံးလွှမ်းသွားကြပါတော့တယ်။

မြူခိုးငွေ့တွေရဲ့ အကြားမှာ… လုံးဝကို
ထွင်းဖောက်ပြီး မြင်နေရတဲ့ အပြာရောင်
ရေစက်လေးဟာ ယုယုံရှင်းရဲ့အရှေ့မှာ
ပေါ်လာခဲ့ကာ… အလွန်အမင်းကို အေးစက်တဲ့
အော်ရာတွေကို ထုတ်လွှတ်နေခဲ့ပါတယ်။
ဒါကတော့ ရွှမ်းမင် အကြွင်းမဲ့ရေပဲ
ဖြစ်ပါတယ်။

ကျန်တဲ့သုံးယောက် တို့ကလည်း အတူတူပဲ... သူတို့ရဲ့ ကိုယ်ပိုင် ရွှမ်းမင် အကြွင်းမဲ့ရေကို ဆင့်ခေါ်လိုက်ကြပါတယ်။ ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ လေးယောက်သားဟာ တပြိုင်နက်ထဲ တိုက်ခိုက်လိုက်ကြပြီး... ရွှမ်းမင် အကြွင်းမဲ့ရေဟာ ဘေးပတ်ပတ်လည်ကို ပတ်ဝန်းကျင်ကို အေးခဲသွားစေခဲ့ပါတယ်။ သာယာတဲ့ နွေရာသီ နေ့ရက်လေးကို ဆောင်းတွင်းလိုမျိုး ချမ်းအေးကာ ခိုက်ခိုက်တုန်စေခဲ့တာပါ။

"ဒီအချိန်မှာတော့... သူ့ကို အသေသတ်ရမယ်ကွ!" ယုယုံရှင်းဟာ

သူ့ရဲ့အကွက်ကို ထုတ်တော့မယ်
လုပ်လိုက်ဆဲမှာ... ရှောင်ပုတန်လေးရဲ့
တည်နေရာကို အာရုံခံလို့ မရတော့တဲ့အတွက်
ချက်ချင်းပဲ ရပ်လိုက်ရပါတယ်။

တစ်ခဏလေး အတွင်းမှာပဲ... ယုယံ့ရှင်းဟာ
နာကျင်စွာ အော်ဟစ်လိုက်တဲ့ အသံနှစ်ခုကို
ကြားလိုက်ရပါတယ်။

ပြီးတော့ ဒီအသံဟာ ကလေးလေး
တစ်ယောက်ရဲ့ အသံမျိုး မဟုတ်ခဲ့ပါဘူး။

ပြီးတာနဲ့ ယုယုံရှင်းဟာ သူ့ရဲ့နားထဲမှာ...
မိုးကြိုးမုန်တိုင်း တစ်ခုက တိုက်ခတ်နေတဲ့
အသံကို ကြားလိုက်ရပါတယ်။ သူ့ရဲ့အသံဟာ
ကျယ်လွန်းတဲ့အတွက် သူ့ရဲ့နားတွေတောင်
ကန်းသွားတော့မယ့် အတိုင်းပါပဲ။
ပြင်းထန်လှတဲ့ မုန်တိုင်းတစ်ခုဟာ
ခက်ထန်လှတဲ့ လျှပ်စီးမိုးကြိုးတွေနဲ့ အတူ...
အေးခဲနေတဲ့ မြူခိုးငွေ့တွေကို
ဖယ်ရှားပစ်ခဲ့လိုက်ပါတယ်။

ရှောင်ပုတန်လေးဟာ သူ့ရဲ့အရှေ့မှာ
ပေါ်လာခဲ့ပါတယ်။ သူ့ရဲ့ တစ်ကိုယ်လုံးဟာ

လေပြင်း မိုးကြိုးတွေနဲ့ ဝန်းရံထားခဲ့ပြီး…
နတ်ဘုရားတစ်ပါး အလားပါပဲ။

ယုယုံရှင်းဟာ စစ်မြေပြင်ကို
တစ်ချက်ဝေ့ကြည့်လိုက်တော့…
သူ့ရဲ့တစ်ကိုယ်လုံးဟာ အေးခဲသွားခဲ့ပါတယ်။

သူ့ရဲ့ အဖော် သုံးယောက်သားဟာ
ရှောင်ပုတန်လေးရဲ့ အနိုင်ယူခြင်းကို
ခံလိုက်ရပါပြီ။ သူတို့ဟာ
ကောင်းကင်ပေါ်ကနေ ပြုတ်ကျသွားခဲ့ပြီး…
အောက်မှာ သဲတိမ်တိုက် တစ်ခုကို
ထစေခဲ့ပါတယ်။

ယုယုံရှင်းဟာ အစတုံးက သူက
ရှောင်ပုတန်လေးရဲ့ အစွမ်းကို
ပိုတွက်နေမိတယ်လို့ ထင်နေခဲ့တာပါ။
ဒါပေမဲ့လည်း အခုတော့
ရှောင်ပုတန်လေးဟာ...
သူထင်ထားတာထက်ကို အများကြီး ပိုပြီးမှ
အစွမ်းပိုထက် နေခဲ့ပါတယ်။

သူဟာ နောက်ထပ်ဘာမှ တွေဝေမနေတော့ပဲ
မှော်ကျိန်စာ တစ်ခုကို ထုတ်လွှတ်လိုက်ကာ...
အပြာရောင် ရွက်လှေလေး တစ်ခုကို
မြှောက်လိုက်ပါတယ်။

ဒီအပြာရောင် ရွက်လှေလေးဟာ
ကောင်းကင်ပေါ်မှာ လွင့်မျောနေခဲ့ပြီး...
ရုတ်တရက်ပဲ မျက်စိကျိန်းလောက်အောင်
တောက်ပတဲ့ အပြာရောင် အလင်းတန်း
တစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။
အရိုးစိမ့်လောက်အောင် ချမ်းအေးတဲ့
လေအေးတွေကလည်း... အရပ်မျက်နှာ
ပေါင်းစုံကနေ တိုက်ခတ်လာကြပါတယ်။

ဒီလေအေးတွေရဲ့ ထိတွေ့ခြင်းကို
ခံလိုက်ကြရတဲ့ ရွှေရောင်ဗဟိုချက်
အဆင့်အောက်က သူတွေဟာ...

ရေခဲပြင်ကြီးရဲ့ အောက်ကို
ရောက်သွားခဲ့ရသလိုမျိုး
ခံစားခဲ့လိုက်ကြရပါတယ်။

အားလုံးကလည်း ထိတ်လန့်တုန်လှုပ်
ကုန်ကြပါတယ်။ သူတို့ဟာ ဒီအပြာရောင်
ရွက်လှေလေးနဲ့ ဝေးရာဆီကို အမြန်ဆုံး
ဆုတ်ခွာလိုက်ကြပါတယ်။ ဒီရွက်လှေရဲ့
အဓိကပစ်မှတ် မဟုတ်တာတောင်...
သူတို့ဟာ သူ့ရဲ့အအေးဓာတ်ကို
ခံစားနေကြရဆဲပါ။ ဒီလိုမျိုး
ရွက်လှေသေးသေးလေးက ဘာဖြစ်လို့

ဒီလောက်အထိတောင်
စွမ်းအားကြီးရတာလည်း?

သူတို့အထဲက စူးရှတဲ့မျက်လုံးကို
ပိုင်ဆိုင်ထားတဲ့သူက ချက်ချင်းပဲ
မှတ်မိလိုက်ပါတယ်။ "ဒါက ယုမိသားစုရဲ့
ရွှမ်းမင်ရွက်လှေပဲ။ ဒါက အခြေတည်ဝိညာဉ်
အဆင့်က မှော်အိုင်တမ်ပဲကွ!"

ဒီရွက်လှေလေးရဲ့ အော်ရာတွေဟာ
တုန်ခါနေကြပါတယ်... သူဟာ ယုဝမ်ဖုန်းရဲ့
ခန္ဓာကိုယ်ပေါ်က အော်ရာတွေနဲ့ အတူတူ
နီးပါးပါပဲ။

အားလုံးရဲ့ အကြည့်တွေဟာ ယုဝမ်ဖုန်းရဲ့ အပေါ်ကို ကျရောက်သွားကြပါတယ်။ ဘယ်သူကမှ သူဟာ သူ့ရဲ့ ကိုယ်ပိုင် ရွှမ်းမင်ရွက်လှေကို... ယုယုံရှင်းကို လျှို့ဝှက်စွာ ပေးထားလောက်တဲ့အထိ ရက်စက်လိမ့်မယ်လို့ မထင်ထားကြပါဘူး။

သူဟာ တကယ်ကိုပဲ ရှောင်ပုတန်လေးကို အသေသတ်ချင် နေခဲ့တာပါ။

ယန်တုန်ဟွေ့ဟာ သူ့ရဲ့ မျက်မှောင်ကြီးကို ကြုတ်လိုက်ပြီး ယုဝမ်ဖုန်းကို

ကြည့်လိုက်ပါတယ်။ "ဒီလူက
တော်တော်ကြီးကို အရုက်ကင်းမဲ့တာပဲ…
ဒါပေမဲ့လည်း သူက ဘာဖြစ်လို့
ဒီလောက်အထိ လုပ်ရတာလည်း? သူတို့နဲ့
ရှောင်ပုတန်လေးတို့ရဲ့ အကြားမှာ
ရန်ငြိုးရန်စများ ရှိနေလို့လား?"

အားလုံးရဲ့ ပြစ်တင်ရှုံ့ချမှုတွေနဲ့
လက်ညှိုးထိုးမှုတွေ အောက်မှာ…
ယုဝမ်ဖုန်းဟာ ဘာမှမဖြစ်သလိုပဲ
နေနေခဲ့ပါတယ်။ သူက လင်းဖုန်းဟာ
စိတ်မထိန်းနိုင်ပဲ ရှောင်ပုတန်လေးကို
ဝင်ကယ်မှာကို စိုးရိမ်နေတဲ့အတိုင်း…

လင်းဖုန်းကို အသေအချာ
စောင့်ကြည့်နေခဲ့ပါတယ်။

တကယ်လို့များ လင်းဖုန်းက ဝင်ပြီး
ကူညီခဲ့မယ်ဆိုရင်… သူက ကြားထဲကနေ
ဟန့်တားမှာပါ။

ယန်တုန်ဟွေက လင်းဖုန်းဘက်ကို
လှည့်လိုက်ပြီး ပြောလိုက်ပါတယ်…
"ခင်ဗျားက ဝင်ပြီးတော့ မဟန့်တားဘူးလား?
အခြေတည်ဝိညာဉ် အဆင့်က
မှော်အိုင်တမ်ဆိုတာ… သူ့ရဲ့ပြိုင်ဘက်
မဟုတ်နိုင်ဘူး…"

ပြီးတာနဲ့ ယန်တုန်ဟွေ့ဟာ ပြန်လှည့်လိုက်ပြီး ရှောင်ပုတန်လေးကို လှမ်းကြည့်လိုက်ရာမှာ… သူ့ရဲ့ မျက်လုံးအစုံဟာ အံ့အားသင့်မှုတွေနဲ့ အတူ ပြူးကျယ်သွားခဲ့ပါတယ်။

ရှောင်ပုတန်လေးဟာ ဒီရွက်လှေလေးကို ကြောက်ရွံ့မှု ကင်းမဲ့စွာနဲ့ စိုက်ကြည့်နေခဲ့ပါတယ်။ ပထမဦးဆုံး သူဟာ ဒီရွှမ်းမင်ရွက်လှေကနေ ထုတ်လွှတ်လိုက်တဲ့ ရွှမ်းမင် အကြွင်းမဲ့ရေကို… သူ့ရဲ့ အဆုံးမဲ့ မိုးကြိုးမုန်တိုင်းကို သုံးပြီးမှ တိုက်ခိုက်ခဲ့ပါတယ်။ အားဖြည့်ပြီးသွားတဲ့

နောက်မှာ သူ့ရဲ့ အဆုံးမဲ့ မိုးကြိုးမုန်တိုင်းရဲ့
စွမ်းအားဟာ…ရှမ်းမင် အကြွင်းမဲ့ရေရဲ့
စွမ်းအားထက်ကို အောက်မကျနေခဲ့ပါဘူး။

ဒါပေမဲ့လည်း ဒီရှမ်းမင် ရှက်လှေကနေ
ထုတ်လွှတ်ခဲ့တဲ့ ရှမ်းမင် အကြွင်းမဲ့ရေဟာ…
ယုယုံရှင်းတို့ အုပ်စုက ထုတ်လွှတ်ခဲ့တာနဲ့
ကွဲပြားခြားနား နေခဲ့ပါတယ်။ သူဟာ
ယုဝမ်ဖုန်းရဲ့ အခြေတည်ဝိညာဉ် အဆင့်က…
လေဟာနယ်တို့ရဲ့ အလုပ်လုပ်ပုံတွေရဲ့
သဘောပေါက် နားလည်နိုင်စွမ်းတို့ကို
ထည့်သွင်းထားတာပါ။

ရှမ်းမင်းရှက်လေ့ဟာ သူ့ကိုယ်သူ အေးခဲအောင် ပြုလုပ်နိုင်စွမ်း ရှိနေသလိုပါပဲ။ သူဟာ ရှောင်ပုတန်လေးရဲ့ မိုးကြိုးမုန်တိုင်းတို့ကို ဖုံးလွှမ်းသွားခဲ့ပြီး... သူ့ရဲ့ အလယ်ဗဟို အထိရောက်အောင် သွားနိုင်ခဲ့ပါတယ်။

ရှောင်ပုတန်လေးကတော့ လုံးဝကို စိုးရိမ်ပူပန်မှုတွေ မရှိခဲ့ပဲ... သူ့ရဲ့ လက်တစ်ဘက်ကို ဆန့်ထုတ်လိုက်ကာ သူ့ရဲ့နဖူးကို ပုတ်လိုက်ပါတယ်...
"ထွက်လာစမ်း!"

သူ့ရဲ့ နဖူးကနေပြီး အစိမ်းရောင် အလင်းတန်း တစ်ခုက ထွက်ပေါ်လာခဲ့ကာ... အစိမ်းရောင် အလင်းတန်းရဲ့ အထဲကနေ ခြေသုံးချောင်း ဆေးမီးဖိုလေး တစ်ခုဟာ ထွက်ပေါ်လာခဲ့ပါတယ်။

ရှောင်ပုတန်လေးဟာ စိတ်နဲ့ထိန်းချုပ်လိုက်တော့... ဒီခြေသုံးချောင်း ဆေးမီးဖိုလေးဟာ ပြင်းထန်စွာ တုန်ခါသွားခဲ့ပြီး... သူ့ရဲ့ မူလနေရာကနေ ပျောက်ကွယ်သွားခဲ့ပါတယ်။ သူဟာ လေဟာနယ်ကို ကျော်လွှားကာ လျှင်မြန်စွာနဲ့

ပျောက်သွားခဲ့ပြီး… ပြန်ပေါ်လာတဲ့ အခါမှာ ယုယုံရှင်းရဲ့ အရှေ့ကို ရောက်သွားခဲ့ပါပြီ။

ယုယုံရှင်းကလည်း အံ့သြတုန်လှုပ် နေခဲ့ပါတယ်… "ဒါ.. ဒါကဘယ်လို ဖြစ်နိုင်မှာလည်း? နံပါတ်ခြောက် ဦးလေးရဲ့ ရွှမ်းမင် အကြွင်းမဲ့ရေနဲ့ဆိုရင်… လေဟာနယ်တွေ အားလုံးကို ချိတ်ပိတ်ထားရမှာလေ။ နေပါဦး… မဟုတ်မှလွဲရော… ဒါကလည်း အခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ်ပဲလား?"

ဘေးကလူတွေ အားလုံးကလည်း
ပါးစပ်အဟောင်းသားတွေ
ဖြစ်ကုန်ကြပါတယ်။ စူးရှတဲ့ မျက်လုံးတွေ
ရှိတဲ့သူတွေဟာ… ရှောင်ပုတန်လေးရဲ့
ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုလေးကလည်း… ရွှမ်းမင်ရွှက်လှေ
လိုမျိုး အခြေတည်ဝိညာဉ် အဆင့်က
မှော်အိုင်တမ်ဖြစ်တယ် ဆိုတာကို
သိနေကြပါတယ်။

ဒါပေမဲ့လည်း သူတို့နှစ်ခုမှာ ကြီးမားတဲ့
ကွဲပြားခြားနားမှုတွေ ရှိနေကြပါတယ်။
ယုယုံရှင်းရဲ့ ရွှမ်းမင်ရွှက်လှေဟာ ယုယုံရှင်းကို

ခေတ္တာခဏ ပေးထားတဲ့… နဂိုပိုင်ရှင်
ယုဝမ်ဖုန်းနဲ့ အော်ရာအတူတူပဲ ရှိနေခဲ့တာပါ။

ဒါပေမဲ့လည်း ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုလေးရဲ့ အော်ရာတွေကတော့…
ရှောင်ပုတန်လေးနဲ့ တစ်ပုံစံတည်းပဲ
ဖြစ်ပါတယ်။

အခြားစကားနဲ့ ပြောရရင်…
ဒီအခြေတည်ဝိညာဥ် အဆင့်က
မှော်အိုင်တမ်လေးဟာ… ရှောင်ပုတန်လေးရဲ့
ကိုယ်ပိုင်ပစ္စည်းလေးပဲ ဖြစ်ပါတယ်။

ဝူယွမ်လန်နဲ့ မုန့်ချောင်ယန်တို့ဟာ
တစ်ယောက်နဲ့တစ်ယောက်
ထပ်ကြည့်လိုက်ကြပါတယ်။
မုန့်ချောင်ယန်ကတော့ သူ့ရဲ့ခေါင်းကို
ခါလိုက်ချိန်မှာ... ဝူယွမ်လန်က ထပ်ပြီးတော့
သက်ပြင်းတစ်ချက် ချလိုက်ပါတယ်။
သူ့ရဲ့အကြည့်ဟာ လင်းဖုန်းဆီကို
ထပ်ရောက်သွားခဲ့ပြီး... လင်းဖုန်းဟာ
ခန့်မှန်းရ ခက်သထက် ခက်လာတယ်လို့
တွေ့ရှိလိုက်ရပါတယ်။

"အခြေတည်ဝိညာဉ် အဆင့်က
မှော်အိုင်တမ်ကို ပေးအပ်ထားခြင်း

ခံထားရတဲ့... ရွှေရောင်ဗဟိုချက် အဆင့်က တပည့်တစ်ယောက်။ ဒါက တော်တော်ကြီးကို များသွားပြီ! ဒါက အခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ်လေ... အခြေတည်ဝိညာဉ် အဆင့် အဆောင်လက်ဖွဲ့ မဟုတ်ဘူး..." ဝူယွမ်လန်မှာလည်း သမီးတစ်ယောက် ရှိပါတယ်... ဒါပေမဲ့လည်း သူ့ရဲ့ သမီးကိုတောင် သူဟာ သူ့ကိုယ်သူ ကာကွယ်ဖို့... အခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ် တစ်ခုကို မပေးထားနိုင်ပါဘူး။

ဝူယွမ်လန်ဟာ ရှောင်ယန်နဲ့ ကျန်တဲ့ လင်းဖုန်းရဲ့ တပည့်တွေကို ကြည့်လိုက်ကာ...

သူ့ရင်ထဲကနေ တွက်ချက်နေခဲ့ပါတယ်...
"တကယ်လို့များ သူတို့အားလုံးက
အခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ်
တစ်ခုစီကို ပိုင်ဆိုင်ထားခဲ့ရင်...
တကယ်ကိုပဲ..."

ဒီတိုက်ပွဲကို စောင့်ကြည့်နေကြတဲ့
လူတွေအားလုံးရဲ့ ခံစားချက်တွေကလည်း
ရေချိန်တွေ တက်ကုန်ကြပါပြီ။ ယုယုံရှင်းဟာ
သွေးရူးသွေးတန်းနဲ့ ရွှမ်းမင်ရွှက်လျှေကို
ဝှေ့ယမ်းလိုက်ပြီး... ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုကို တိုက်ခိုက်ဖို့ ကြိုးစားလိုက်ကာ...
သူ့ကိုယ်သူ ကာကွယ်လိုက်ပါတယ်။

ဒီအခြေတည်ဝိညာဉ် အဆင့်က
အိုင်တမ်နှစ်ခုတို့ဟာ… တစ်ခုနဲ့တစ်ခု
ထိတွေ့ခဲ့ကြပါတယ်။

ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးဟာ…
ရွှမ်းမင်ရှက်လှေကနေ ထုတ်လွှတ်လိုက်တဲ့
ရွှမ်းမင် အကြွင်းမဲ့ရေနဲ့ ထိတွေလိုက်ရတဲ့
အခါမှာ… ရေပြင်ပေါ်မှာ လှိုင်းတွန့်ထွေ
ထလာခဲ့သလို တုန်ခါသွားခဲ့ပါတယ်။

ဒီအချိန်မှာပဲ အစိုင်အခဲ အသွင်နဲ့ ရှိနေခဲ့တဲ့
ရွှမ်းမင် အကြွင်းမဲ့ရေဟာ…

နောက်ဆုံးမှာတော့ ရေရဲ့ပုံစံ
ပြန်ပေါ်လာခဲ့ပါတယ်။

ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးဟာ
သူ့ကိုယ်သူတော့ ရှမ်းမင်ရှက်လှေကို
စိန်မခေါ်နိုင်ပေမဲ့... သူဟာ
ဘေးပတ်ဝန်းကျင်ကို ပိတ်ဆို့ထားတဲ့
ချိတ်တွေကိုတော့ ဖြည်နိုင်စွမ်း ရှိပါတယ်။
လေပြင်းတွေ မုန်တိုင်းတွေရဲ့ အပေါ်မှာ
စီးနင်းနေခဲ့ရင်း... ရှောင်ပုတန်လေးဟာ
မျက်စိတစ်မှိတ်လေး အတွင်းမှာ ယုယုံရှင်းရဲ့
အရှေ့ကို ရောက်လာခဲ့ပါတယ်။

ခက်ထန်လှတဲ့ မိုးကြိုးဟာ ယုယုံရှင်းရဲ့
အပေါ်ကို ပစ်ချလိုက်ပါတယ်။

ရှောင်ပုတန်လေးဟာ ကောင်းကင်ပေါ်မှာ
အောင်ပွဲခံနေခဲ့ပြီး... ယုမိသားစုရဲ့
ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ
လေးယောက်တို့ဟာ မြေပြင်ပေါ်မှာ
ခွေးသေတွေလို မလှုပ်မယှက်
ဖြစ်နေကြတာကို ကြည့်လိုက်ကာ...
ကျန်နေတဲ့သူတွေ အားလုံးဟာ
ကြက်သေသေနေကြပါတယ်။ သူတို့ရဲ့
နားထဲမှာလည်း လင်းဖုန်းရဲ့ စကားတွေဟာ
ပဲ့တင်သံတွေ ထပ်နေလို့ပါ။

"ငါတို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်တွေဟာ... အဆင့်တူရင် ဗိုလ်မထားဘူးကွ!"

## စာစဥ် ၁၃ : အပိုင်း ၃

## အပိုင်း ၂၁၃ : ပိုပိုပြီးတော့ များလာသော ပြိုင်ဘက်များ

ယုဝမ်ဖုန်းဟာ မြေကြီးပေါ်မှာ မလှုပ်မယှက် လှဲနေကြတဲ့ ယုယုံရှင်းနဲ့ ကျန်တဲ့ ကျင့်ကြံသူ

သုံးယောက်ကို ကြည့်လိုက်ကာ…
ကြက်သေသေနေ ခဲ့ပါတယ်။

ပြီးတာနဲ့ ယုဝမ်ဖုန်းဟာ ကိုယ့်ကိုယ်ကိုယ်
ပါးနှစ်ချက် ပြန်ရိုက်မိသလိုမျိုး
ခံစားလာခဲ့ရပါတယ်။ သူကသာ ယုယုံရှင်းကို
အခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ်
တစ်ခုကို ပေးနိုင်ခဲ့ရင်… လင်းဖုန်းကရော
ဘာဖြစ်လို့ မပေးနိုင်ရမှာလည်း?

ဒါပေမဲ့လည်း သူက လင်းဖုန်းဟာ ဒီဗလာနတ္တိ
အစိမ်းရောင် ဆေးမီးဖိုကို…
ရောင်ပုတန်လေးအား သူ့ရဲ့ ကိုယ်ပိုင်ပစ္စည်း

အဖြစ် တိုက်ရိုက်ပေးလိုက်မယ်လို့... လုံးဝကို မမျှော်လင့်ထားခဲ့ပါဘူး။

ဒါကလည်း သူ့ကို လင်းဖုန်းရဲ့ စွမ်းအားတွေကို နောက်ထပ် မှန်းဆတွေးတော စေခဲ့ပါတယ်... "တကယ်လို့များ သူက အခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ်တွေကို ဒီလိုမျိုး ပေါ့ပေါ့တန်တန် သဘောထားတယ် ဆိုရင်... သူ့ရဲ့အဆင့်က အခြေတည်ဝိညာဉ် အဆင့်ကို ကျော်နေပြီ ဖြစ်နိုင်တာပဲ။ ဒီလိုသာ ဆိုရင်တော့... ငါတို့ရဲ့ မိသားစု တစ်ခုလုံးက တော်တော့်ကို သတိထားမှ ရတော့မယ်..."

ယုဝမ်ဖုန်းရဲ့ ဦးနှောက်ထဲမှာ အတွေးပေါင်း
များစွာနဲ့ ချာချာလည်နေခဲ့ပါတယ်။
ဒါပေမဲ့လည်း ခဏအကြာမှာ
သူ့ရဲ့အာရုံတွေကို ပြန်စိုက်လိုက်တော့...
သူ့ကို ရှူးသွပ်မတတ် ဖြစ်သွားစေခဲ့တဲ့
တစ်စုံတစ်ခုကို တွေ့ရှိလိုက်ရပါတော့တယ်။

ယုယုံရှင်းနဲ့ အပေါင်းပါတို့ကို
အနိုင်ယူလိုက်ပြီးနောက်မှာ...
ရှောင်ပုတန်လေးဟာ ယာယီအားဖြင့်
ထိန်းချုပ်မှု ကင်းမဲ့သွားတဲ့ ရွှမ်းမင်ရွက်လှေကို
ကြည့်လိုက်ပြီး ပြုံးလိုက်ကာ...

"ဒီအိုင်တမ်လေးက သိပ်မဆိုးဘူး...
ငါလိုချင်တယ်ကွ..."

ဒီစကားကို ပြောလိုက်ပြီး...
ရှောင်ပုတန်လေးဟာ ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုကို အသက်သွင်းလိုက်ပါတယ်။
သူ့ရဲ့အထဲက အစိမ်းရောင် အလင်းတန်းလေး
တစ်ခုဟာ ထွက်လာခဲ့ပြီး...
ရွှမ်းမင်ရှက်လှေကို ဖုံးအုပ်သွားခဲ့ကာ
သူ့ရဲ့အထဲကို ဆွဲသွင်းသွားခဲ့ပါတယ်။

ယုဝမ်ဖုန်းရဲ့ မျက်လုံးတွေဟာ အပြင်ကို
ထွက်ကျလုမတတ် ပြူးထွက်လာခဲ့ပြီး...

ဒေါသထွက်လွန်းလို့ သွေးအန်လုမတတ် ဖြစ်သွားခဲ့ပါတယ်... "ကောင်စုတ်လေး... မင်းက သေချင်နေပြီလား?"

သူ့ရဲ့မှော်စွမ်းအင်ကို အသုံးပြုလိုက်ကာ... သူဟာ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုရဲ့ အထဲက သူ့ရဲ့ ရွှမ်းမင်ရွက်လှေကို ပြန်ယူနိုင်ခဲ့ပါတယ်။

ယုဝမ်ဖုန်းဟာ ဒီရွှမ်းမင် ရွက်လှေရဲ့ ပိုင်ရှင်အစစ် ဖြစ်တာကြောင့်... သူတို့နှစ်ဘက် အကြားက ဆက်သွယ်မှုဟာ အလွန်ကို နီးစပ်နေပြီး... သူ့ရဲ့ မှော်စွမ်းအင်ကလည်း

ရှောင်ပုတန်လေးထက် ပိုများပါတယ်။ သူ့ရဲ့
ဆင့်ခေါ်မှုနဲ့အတူ ရွှမ်းမင်ရွက်လှေလေးဟာ...
ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုရဲ့
အထဲကနေ ချိုးဖောက်ပြီး
ထွက်လာနိုင်ခဲ့ပါတယ်။

ဒီအချိန်မှာပဲ လင်းဖုန်းက ပြုံးလိုက်ပြီး
ပြောလိုက်ပါတယ်... "ဒီအိုင်တမ်လေးဟာ
ဒီတိုက်ပွဲရဲ့ ဆုလာဘ် ဖြစ်သင့်တာပဲ..."

ရယ်လိုက်ပြီး လင်းဖုန်းဟာ သူ့ရဲ့လက်ကို
ဝေ့ယမ်းလိုက်ရာ... ခရမ်းရောင်
ဓာတ်ငွေ့တွေဟာ ကမ္ဘာငယ်လေး

တစ်ခုအဖြစ်ကို ဖွဲ့စည်းခဲ့လိုက်ပြီး...
ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးကို
လွှမ်းခြုံလိုက်ပါတယ်။

ဆေးမီးဖိုလေးရဲ့ အထဲမှာ
လှုပ်ရှားရုန်းကန်နေခဲ့တဲ့
ရွှမ်းမင်ရွက်လှေလေးဟာ...
ချက်ချင်းဆိုသလိုပဲ ငြိမ်သက်သွားခဲ့ပါတယ်။

ရွှောင်ပုတန်လေးဟာ ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုလေးကို ထွေးပွေ့ထားခဲ့ပြီး
ရယ်လိုက်ကာ... "ငါ့ရဲ့ဟာလို့ ပြောမှတော့...
ငါ့ရဲ့ဟာပဲ ဖြစ်ရမှာပေါ့..."

ယုဝမ်ဖုန်းဟာ ဒေါသအိုး ပေါက်ကွဲသွားခဲ့ပြီး ဟိန်းဟောက်လိုက်ကာ... တစ်ကိုယ်လုံးမှာ ရှိတဲ့ မှော်စွမ်းအင်တွေ အားလုံးကို လည်ပတ်လိုက်ပြီး... ရေခဲလေပြင်း တစ်ခုအဖြစ်ကို ပြောင်းသွားခဲ့ကာ... ရှောင်ပုတန်လေးဆီကို ခုန်အုပ်လိုက်ပါတယ်။

ဒီအခြေအနေကို ကြည့်လိုက်ကာ မြောင်ရှီးဟောင်ဟာ ပြုံးလိုက်ပြီး... "ယု... ကျုပ်တို့နှစ်ယောက်က တစ်ယောက်ရဲ့အကြောင်း တစ်ယောက်က ပိုပြီးတော့သိအောင် လုပ်သင့်တာပဲ..."

စကားဆုံးတာနဲ့ မြောင်ရှီးဟောင်ဟာ သူ့ရဲ့ခန္ဓာကိုယ်ကို ဆန့်ထုတ်လိုက်ပြီး ရှောင်ပုတန်လေးကို ဆွဲယူလိုက်ကာ... တစ်ချိန်တည်းမှာပဲ ယုဝမ်ဖုန်းရဲ့ တိုက်ခိုက်မှုကို ကာကွယ်ပေးလိုက်ပါတယ်။

"ယောင်ကျားမဟုတ် မိန်းမမဟုတ်တဲ့ကောင်... ငါ့ရဲ့အရှေ့ကနေ ဖယ်စမ်း!" ယုဝမ်ဖုန်းဟာ အော်ဟစ်လိုက်ပြီး ရွှမ်းမင် အကြွင်းမဲ့ရေကို ထုတ်လွှတ်လိုက်ကာ... ပတ်ဝန်းကျင် တစ်ခုလုံးကို အေးစိမ့်သွားစေခဲ့ပါတယ်။

ဒီအချိန်မှာတော့ မြောင်ရှီးဟောင်ဟာ သူ့ရဲ့ ရောင်ပြန်ကြေးမုံနဲ့ သစ်ခွရှားစောင်းတို့ကို အသုံးမပြုခဲ့ပဲ... ပြုံးလိုက်ကာ ပြောလိုက်ပါတယ်... "ဝမ်းနည်းစရာ ကောင်းတာက... ဖယ်ရမယ့်သူဟာ ခင်ဗျားပဲ ဖြစ်တာပဲ..."

သူ့ရဲ့ညာဘက် လက်ချောင်းတွေဟာ သစ်ခွသင်္ကေတ တစ်ခုကို ဖော်ဆောင်လိုက်ပြီး.. ယုဝမ်ဖုန်းရဲ့ ရွှမ်းမင် အကြွင်းမဲ့ရေကို ညွှန်ပြလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ သူ့ဆီကို ရေလှိုင်းတစ်လုံးကို ပစ်လွှတ်ခဲ့လိုက်ပါတယ်။

ဒါကတော့ ကြေးမုံ.. ပန်းပွင့်.. ရေပြင်နဲ့ လမင်း နည်းစနစ်ထဲက… ချန်းလန်ရေပြင် နည်းစနစ်ပဲ ဖြစ်ပါတယ်။

"မြောင်ရှီးဟောင်က ဒီမှော်ကျိန်စာကို တစ်ခုတည်းသော ကောင်းကင်ဘုံ အကြွင်းမဲ့ရေနဲ့ ကျင့်ကြံထားတာလား?" လင်းဖုန်းက သူ့ရဲ့အရှေ့က မြင်ကွင်းကို စိတ်ဝင်စားစွာနဲ့ ကြည့်ရှုနေခဲ့ပါတယ်။ ယုဝမ်ဖုန်းရဲ့ ရွှမ်းမင် အကြွင်းမဲ့ရေဟာ မြောင်ရှီးဟောင်ရဲ့ ချန်းလန်ရေပြင် နည်းစနစ်နဲ့ ထိပ်တိုက်တွေ့ဆုံခဲ့ကာ…

ချက်ချင်းဆိုသလိုပဲ
ပျောက်ကွယ်သွားခဲ့ပါတယ်။

ယုဝမ်ဖုန်းကလည်း ဒေါသကြီးစွာနဲ့
ဟိန်းဟောက်နေခဲ့ကာ ရွှမ်းမင်
အကြွင်းမဲ့ရေကို အသုံးပြုပြီး…
မြောင်ရှီးဟောင်ကို အဆက်မပြတ်ပဲ
တိုက်ခိုက်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း
သူတို့ဟာ မြောင်ရှီးဟောင်ရဲ့ ဘာမှမရှိခြင်း
အဖြစ်ကို ဆုတ်ယုတ်အောင် လုပ်ခြင်းကို
ခံလိုက်ရပါတယ်။

ယန်တုန်ဟွေ.. ဝူယွမ်လန်နဲ့ အပေါင်းပါတို့ဟာ
ဒီအံ့အားသင့်ဖွယ် မြင်ကွင်းကို...
စိုးရိမ်ထိတ်လန့်စွာနဲ့ ကြည့်ရှုနေကြပါတယ်။

အကုန်လုံးဟာ ကြေးမုံပန်းပွင့် မာစတာ
မြောင်ရှီးဟောင်မှာ နည်းစနစ် နှစ်မျိုး
ရှိတယ်ဆိုတာကို သိနေကြပါတယ်... သူတို့က
ရောင်ပြန်ကြေးမုံနဲ့ သစ်ခွရှားစောင်းတို့ပဲ
ဖြစ်ကြပါတယ်။ ဒါတွေကလည်း သူ့နာမည်ရဲ့
အကြောင်းမူလပဲ ဖြစ်ကြတာပါ။ ဒါပေမဲ့လည်း
ဒီကနေ့မှာ... သူဟာ အသစ်စက်စက်
အကွက်တစ်ခုကို ထုတ်ဖော်ပြသခဲ့ပါတယ်။

ဒီမှော်ကျိန်စာဟာ ကြည့်ရတာ ရိုးရှင်းတယ်လို့ ထင်နေရပေမဲ့... သူ့ရဲ့အထဲက စွမ်းအားဟာ ဒီနေရာမှာ ရှိတဲ့ လူအားလုံးကို အံ့သြတုန်လှုပ် စေခဲ့တာပါ။

မဟာအကြွင်းမဲ့ရေ ခြောက်ပါးထဲမှာ တစ်ခု အပါအဝင်ဖြစ်တဲ့ ရွှမ်းမင် အကြွင်းမဲ့ရေဟာ... ဒီနည်းစနစ်ရဲ့ ခံစစ်ကို မချိုးဖောက်နိုင်ခဲ့ပါဘူး။ ဒါကလည်း မြောင်ရှီးဟောင်ရဲ့ ချန်းလန်ရေပြင် နည်းစနစ်ရဲ့ စွမ်းအားကို ဖော်ပြနေခြင်းပဲ ဖြစ်ပါတယ်။

"မြောင်ရှီးဟောင်ရဲ့ မှော်ကျိန်စာဟာ ယုဝမ်ဖုန်းကို လုံးဝဖြေရှင်းနိုင်ခြင်း မရှိဘူးလား?" လင်းဖုန်းက သူ့ရင်ထဲကနေ တွေးနေခဲ့ပါတယ်။ ဒါပေမဲ့လည်း ပြီးတာနဲ့ မြောင်ရှီးဟောင်ဟာ... ယုဝမ်ဖုန်း ရှိရာဆီကို ချီတက်သွားခဲ့တာကို တွေ့လိုက်ရပါတယ်။

ဒီအချိန်မှာတော့ ယုဝမ်ဖုန်းဟာ သူ့ကိုယ်သူ တည်ငြိမ်အောင် ပြန်ထိန်းနိုင်ခဲ့ပါပြီ။ သူဟာ လုံးဝကို မပေါ့ဆရဲခဲ့ပဲ... ရွှမ်းမင် အကြွင်းမဲ့ရေကို ချက်ချင်း အသုံးပြုကာ သူ့ကိုယ်သူ ကာကွယ်ထားခဲ့ပါတယ်။ အပြာရောင် သန်းနေတဲ့ ရေခဲရေတွေဟာ

ရေခဲရဲတိုက်ကြီးလိုမျိုး... သူ့ကို အထဲမှာ
လုံခြုံအောင် အကာအကွယ်
ပေးထားခဲ့ပါတယ်။

ဒါပေမဲ့လည်း မဖြိုဖျက်နိုင်ဘူးလို့ ထင်နေရတဲ့
ရဲတိုက်ကြီးဟာ... ချန်လန်ရေပြင်ရဲ့
အောက်မှာ ပြိုကွဲသွားခဲ့ပါတယ်။ ရေလှိုင်း
တစ်လှိုင်းထဲနဲ့ပဲ ရဲတိုက်ကြီးဟာ
ပြိုကျသွားခဲ့ပြီး... ယုဝမ်ဖုန်း
ကိုယ်တိုင်ကလည်း ရေစီးကြောင်းရဲ့ အရှိန်နဲ့
မူးဝေနေခဲ့ပါတယ်။

"နံပါတ်ခြောက် ညီလေး... စိတ်ပျက်စရာ ကောင်းလိုက်တာကွာ..." အေးစက်နေတဲ့ လေသံတစ်ခုဟာ ရုတ်ချည်းပေါ်လာခဲ့ကာ... ယုဝမ်ဖုန်းရဲ့ဘေးက လေဟာနယ်မှာ အက်ကွဲကြောင်း တစ်ခုဟာ ပေါ်လာခဲ့ပါတယ်။

မုတ်ဆိတ်မွေး ပါးပါးနဲ့ မည်းမှောင်နေတဲ့ အမူအရာ ရှိနေတဲ့ အကြီးအကဲ တစ်ယောက်ဟာ... လေဟာနယ် အက်ကွဲကြောင်းရဲ့ အထဲကနေ ထွက်ပေါ်လာခဲ့ပါတယ်။ သူဟာ သူ့ရဲ့လက်ကို မြှောက်လိုက်ကာ... ရွှမ်းမင်

အကြွင်းမဲ့ရေတွေနဲ့ အကာအရံ တစ်ခုကို
ဖန်ဆင်းလိုက်ပြီး.. သနားစရာ ကောင်းနေတဲ့
ယုဝမ်ဖုန်းကို ချန်းလန်ရေပြင်ကနေ
ကာကွယ်ပေးလိုက်ပါတယ်။

တစ်ကိုယ်လုံး စိုရွှဲနေခဲ့ပြီး အရှက်ရနေတဲ့
ယုဝမ်ဖုန်းက နှုတ်ဆက်လိုက်ပါတယ်...
"နံပါတ်ငါး အစ်ကို..."

ဒီနှုတ်ဆက်မှုကို ကြားလိုက်တာနဲ့...
လင်းဖုန်းဟာ ဒီလူကို အရင်က မမြင်ဖူးခဲ့ပေမဲ့
သူဟာဘယ်သူလည်း ဆိုတာကို
သိလိုက်ရပါတယ်။

ယုမိသားစုမှာ မိသားစုဝင်တွေက နံပါတ်ငါး
ဦးလေးလို့ ရိုသေစွာနဲ့ ခေါ်ရတဲ့…
ယုချန်စန်းလို့ခေါ်တဲ့ အခြေတည်ဝိညာဉ်
အဆင့်က ကျင့်ကြံသူတစ်ယောက် ရှိပါတယ်။
သူ့ရဲ့ အော်ရာတွေဟာ သူ့ရဲ့ တစ်ကိုယ်လုံးမှာ
စွမ်းအားကြီးစွာနဲ့ လှည့်ပတ်နေခဲ့ပြီး… သူ့ရဲ့
ကျင့်ကြံမှု အဆင့်ဟာ ယုဝမ်ဖုန်းထက်
ပိုမြင့်ပါတယ်။ သူဟာ အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်ပဲ ဖြစ်တာပါ။

ဒါပေမဲ့လည်း လင်းဖုန်းရဲ့ အာရုံတွေဟာ
သူ့ဆီမှာ ရှိမနေခဲ့ပဲ… သူ့ရဲ့ခေါင်းကို
လှည့်လိုက်ကာ မိုးကုတ်စက်ဝိုင်းရဲ့ အလွန်က
ကောင်းကင်ဆီကို ကြည့်နေခဲ့ပါတယ်။

အဲဒီနေရာမှာ လေဟာနယ်ဟာ
အက်ကွဲကြောင်းတွေ ဖြစ်ပေါ်လာခဲ့ပြီး…
ခဲအလင်းရောင်တွေဟာ ထွက်ပေါ်လာခဲ့ကာ
လူတွေအားလုံးရဲ့ အရှေ့ကို
ရောက်လာခဲ့ပါတယ်။

အရှေ့ဆုံးက လူကတော့ ငွေချော်နဲ့လုပ်ထားတဲ့
ဝတ်စုံကို ဝတ်ထားတဲ့ လူငယ်တစ်ယောက်

ဖြစ်ပါတယ်။ သူ့ရဲ့ အမူအရာဟာ အေးစက်ပြီး ထက်မြက်တဲ့ပုံ ပေါက်နေပါတယ်။ သူဟာ စူတောင်ဓားဂိုဏ်းရဲ့ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူဖြစ်တဲ့ ခုန်းယန်ပဲ ဖြစ်ပါတယ်။

ခုန်းယန်ရဲ့ ဘယ်ဘက်က ရှိနေတာက မိုးပြာရောင် တိမ်တိုက်ပုံစံမျိုးနဲ့ ဓားအလင်းတန်း တစ်ခုပါ။ ရပ်တန့်သွားတဲ့ အချိန်မှာ… တည်ကြည်ခန့်ညားပြီး ကြံ့ခိုင်သန်စွမ်းတဲ့ အကြီးအကဲ တစ်ယောက်ဟာ ထွက်လာခဲ့ပါတယ်။

ခုန်းယန်ရဲ့ ညာဘက်မှာတော့...
ခါးအလင်းတန်း တစ်ခုဟာ လင်းလက်စွာနဲ့
တောက်လောင်နေခဲ့ပါတယ်။
မီးတောက်တွေရဲ့ အထဲကနေ...
ကြမ်းတမ်းပုံရတဲ့ သက်လတ်ပိုင်း
လူကြီးတစ်ယောက်ဟာ ထွက်လာခဲ့ပါတယ်။

သူတို့ကို မြင်လိုက်တာနဲ့ ယန်တုန်ဟွေ့ဟာ
မျက်မှောင်ကြီးကို ကြုတ်လိုက်ပြီး... သူတို့ကို
လင်းဖုန်းနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်...
"လျှော်ဝတ်စုံနဲ့ လူငယ်က
စူတောင်ခါးဂိုဏ်းရဲ့ လီရှုံဂိုဏ်းခွဲက
ပထမတပည့်... မာစတာ လီရှုံ ခုန်းယန်ပဲ..."

"ဟိုအကြီးအကဲက အလင်းခေါးမြန်ဂိုဏ်းက မိုးပြာရောင် တိမ်တိုက် ဂရန်းမာစတာပဲ။ သူ့ရဲ့ ကျင့်ကြံမှု အဆင့်က မြင့်မားပြီး... ဂိုဏ်းအထဲက သူ့ရဲ့ အဆင့်အတန်းကလည်း မြင့်မားတယ်။ ဟိုသက်လတ်ပိုင်း လူကြီးကတော့ မီးလျှံခေါးဂိုဏ်းက မီးပုံခေါး ဂရန်းမာစတာပဲ..."

လင်းဖုန်းကလည်း သူ့ရဲ့ခေါင်းကို ညိတ်ပြလိုက်ပါတယ်။ သူက လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်တုံးက ရှောင်ယန်ကို တပည့်အဖြစ်နဲ့ လက်မခံခင်မှာ...

မီးလျှံခေးဂိုဏ်းနဲ့ ပဋိပက္ခတွေ ဖြစ်ခဲ့တာကို
မှတ်မိနေပါသေးတယ်။

အဲ့ဒီအချိန်တုံးက မီးလျှံခေးဂိုဏ်းရဲ့
ရွှေရောင်ဗဟိုချက် အဆင့်က
အကြီးအကဲဟာ… လင်းဖုန်းရဲ့
လှည့်ကွက်အောက်ကို
ကျရောက်သွားပြီးတော့
နောက်ဆုတ်သွားခဲ့ရပေမဲ့… အဲ့ဒီအချိန်ဟာ
လင်းဖုန်းက ဒီကမ္ဘာကို ရောက်လာချိန်ကစပြီး
အန္တရာယ် အရှိဆုံး အချိန်ထဲမှာ
တစ်ခုအပါအဝင် ဖြစ်ပါတယ်။

အဲ့ဒီအချိန်တုံးက သူရဲ့ ကျင့်ကြံမှုဟာ
ချီသာဝက အဆင့်သာ ရှိသေးတာပါ။

အလင်းခေးမြန်ဂိုဏ်း အနေနဲ့ကတော့...
လင်းဖုန်းဟာ သူ့ရဲ့လက်သီးကို
ကျစ်ကျစ်ပါအောင် ဆုပ်ထားခဲ့တဲ့
ရှောင်ယန်ကို အဓိပ္ပာယ် ရှိစွာနဲ့
ကြည့်လိုက်ပါတယ်။

ဝူယွမ်လန်နဲ့ မုန့်ချောင်ယန်တို့ဟာ
တစ်ယောက်ကို တစ်ယောက်
ကြည့်လိုက်ကြပြီး... မုန့်ချောင်ယန်က
သူ့ရဲ့ခေါင်းကို ခါလိုက်ကာ

ပြောလိုက်ပါတယ်... "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက အခုဆိုရင်
ဒုက္ခရောက်ပြီ။ သူတို့ရဲ့ ရန်သူတွေက
တစ်ယောက်ပြီးတစ်ယောက်
တိုးလာကြပြီပဲ..." ဝူယွမ်လန်ကလည်း
သဘောတူလိုက်ပါတယ်။

ရောက်လာတာနဲ့ တပြိုင်နက်... ခုန်းယန်ဟာ
သူ့ရဲ့ စူးရှတဲ့ အကြည့်တွေနဲ့ လူအုပ်ထဲကို
ဝေ့ကြည့်လိုက်ပါတယ်။ နောက်ဆုံးမှာတော့
သူ့ရဲ့အကြည့်ဟာ လင်းဖုန်းအပေါ်ကို
ကျရောက်သွားခဲ့ကာ... "ဒီလူက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်...

လင်းဖုန်းလား? ဘာဖြစ်လို့ ငါက သူ့ရဲ့ ကျင့်ကြံမှု အဆင့်ကို ထွင်းဖောက်ပြီးမှ မမြင်ရတာလည်း?"

ဒါပေမဲ့လည်း ဓားကျင့်ကြံသူတစ်ယောက် ဖြစ်တဲ့အတွက်... သူဟာ မကြောက်သွားခဲ့ပါဘူး။ သူက လင်းဖုန်းကို အေးစက်စွာနဲ့ စိုက်ကြည့်လိုက်ပြီး ပြောလိုက်ပါတယ်... "ခင်ဗျားက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်... လင်းဖုန်းလား?"

လူအုပ်ကြီးကို သူ့ရဲ့ စိတ်အာရုံနဲ့ ဝေ့ကြည့်လိုက်ကာ... အထဲက လူတွေရဲ့ ဆွေးနွေးနေသံကို ကြားလိုက်ရပါတယ်။ သူ့ရဲ့ မျက်ခုံးအစုံဟာ ပင့်သွားခဲ့ကာ... "ခင်ဗျားရဲ့ အဖွဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေဟာ အဆင့်တူရင် ဗိုလ်မထားဘူး? လေလုံးက ကြီးလှချည်လား!"

သူဟာ သူ့ရဲ့ ဓားရှည်ကို ဖြေးဖြေးချင်း ဆွဲထုတ်လိုက်ကာ... သူ့ရဲ့ ရင်ဘတ်ရှေ့မှာ ထားလိုက်ပြီး... "ဒီလိုဆိုရင် စူတောင်ဓားဂိုဏ်းက ကျုပ်... ခုန်းယန်က

ခင်ဗျားကို စိန်ခေါ်တယ်... ဘယ်လိုလဲ? လက်ခံမှာလား?"

အနီးအနားက လူတွေကလည်း ထပ်ပြီးတော့ ကြွက်ကြွက်ညံကုန်ကြပါတယ်။ သူတို့က စူတောင်ခေးဂိုဏ်းဟာ သွေးဆာပြီး ရက်စက်ကြတယ် ဆိုတာကို သိကြပေမဲ့... ခုန်းယန်ဟာ ရောက်လာတာနဲ့ တပြိုင်နက် လင်းဖုန်းကို စိန်ခေါ်မယ်လို့တော့ ထင်မထားကြပါဘူး။

ယန်တုန်ဟွေက သူ့ရဲ့ မျက်ခုံးတွေကို ကြုတ်လိုက်ကာ... "အစ်ကိုခုန်း...

မကြာခင်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ဂိုဏ်းဖွင့်ပွဲက စတော့မှာ... ဒီအချိန်မှာ တိုက်ခိုက်မယ်ဆိုရင် မသင့်တော်ပါဘူး..."

ခုန်းယန်ကလည်း ခံစားချက် ကင်းမဲ့စွာနဲ့ ပြန်ဖြေလိုက်ပါတယ်... "ငါတို့ ဓားသမားတွေက ထုံးတမ်းစဥ်လာတွေ အစား... ဓားနဲ့ပဲ စကားပြောတယ်ကွ။ မင်းက ဒီသဘောတရားကိုတောင် နားမလည်ဘူး ဆိုရင်... ကောင်းကင်မာစတာ ဓားဂိုဏ်းဟာ စည်းစိမ်ခံနေပြီး ဓားတွေတုံးသွားပြီ ထင်တယ်..."

"မင်း... မင်း..." ယန်တန်ဟွေရဲ့
မျက်လုံးအစုံဟာ ကျဉ်းမြောင်းသွားခဲ့ပါတယ်။

ခုန်းယန်ရဲ့ဘေးက မိုးပြာရောင် တိမ်တိုက်
ဂရန်းမာစတာက ရှေ့ထွက်လာခဲ့ပြီး
ပြောလိုက်ပါတယ်... "ငါတို့အားလုံးက
ကောင်းကင်ကိုးလွှာ ခားမဟာမိတ် အဖွဲ့က
လူတွေပဲ။ တစ်ကိုင်းထဲမှာ နားတဲ့သူတွေ
ဆိုတော့... ပြင်ပလူကြောင့်
စိတ်ဝမ်းမကွဲပါနဲ့ကွာ..."

ယန်တုန်ဟွေရဲ့ မျက်နှာဟာ ပျက်သွားခဲ့ပြီး… မိုးပြာရောင် တိမ်တိုက် ဂရန်းမာစတာရဲ့ အရှေ့မှာ… သူဟာ နှုတ်ဆိတ်သွားခဲ့ပါတယ်။

ခန်းနန်ဟွာက ရုတ်တရက်ပဲ ရှေ့ထွက်လာခဲ့ကာ… "မာစတာယန်ရဲ့ စကားတွေဟာ တရားမျှတပြီး မှန်ကန်ပါတယ်။ ကျွန်တော်တို့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဒါတွေကို မှတ်ထားပါ့မယ်…" သူက ခုန်းယန်ကို လှမ်းကြည့်လိုက်ပြီး… "ကျုပ်သခင်က ခင်ဗျားနဲ့ တိုက်ခိုက်မယ်ဆိုရင်… အားနည်းသူကို အနိုင်ကျင့်သလိုမျိုး

ဖြစ်နေမှာပေါ့။ ခင်ဗျားက တိုက်ခိုက်ချင်တယ် ဆိုရင်... ကျုပ်ကပဲ ညွှန်ခံပေးပါမယ်..."

ခုန်းယန်က အထင်သေးစွာနဲ့ နှာခေါင်းရှုံ့လိုက်ပြီး...
"မင်းတစ်ယောက်ထဲလား?"

ဘေးကနေ ကြည့်နေတဲ့ မီးပုံခေါး ဂရန်းမာစတာက ရယ်လိုက်ပြီး...
"စကားကိုလျှော့ပြော... ချမယ်ဆိုရင် ချပေါ့..." ပြီးတာနဲ့ သူ့ရဲ့ ခန္ဓာကိုယ်ဟာ မီးအလင်းတန်း တစ်ခုအဖြစ်ကို

ပြောင်းသွားခဲ့ကာ… ခန်းနန်ဟွာရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါတယ်။

ကောင်းကင်ယံဟာ မီးတောက်တွေနဲ့ နီရဲသွားခဲ့ပြီး… အစောက ယုဝမ်ဖုန်းကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ အအေးဓာတ်တွေဟာ ချက်ချင်းကို ပျောက်ကွယ်သွားခဲ့ပါတယ်။ အားလုံးဟာလည်း မီးဖိုထဲကို ရောက်သွားခဲ့သလိုမျိုး ခံစားခဲ့လိုက်ရပါတယ်။

ခန်းနန်ဟွာက ဂရုစိုက်တဲ့ပုံ မပေါ်ခဲ့ပဲ… သူ့ရဲ့ လက်ချောင်းတွေကို လှုပ်လိုက်ကာ ရေစက်တစ်စက်ကို ထုတ်လွှတ်လိုက်ပြီး…

မီးပုံျခား ဂရန်းမာစတာရဲ့ ခေါးအလင်းတန်း မီးတောက်ကို ရင်ဆိုင်လိုက်ပါတယ်။

အစပထမကတော့ မီးပုံျခား ဂရန်းမာစတာဟာ ဂရုမထားခဲ့ပါဘူး။ ဒါပေမဲ့လည်း သူ့ရဲ့ခေါးဟာ ဒီရေစက်လေးနဲ့ ထိတွေ့လိုက်တဲ့ အချိန်မှာပဲ… သူဟာ တစ်ခုခုက မှားနေပြီ ဆိုတာကို သိလိုက်ရပါတယ်။

ရေစက်လေးဟာ ချက်ချင်းဆိုသလိုပဲ ပေါက်ကွဲသွားခဲ့ပြီး… ရေတစ်စက်လေးကနေ ရေအိုင်ကြီး တစ်ခုအဖြစ်ကို

ပြောင်းသွားခဲ့ကာ… ရင်သပ်ရှုမောဖွယ်
ကောင်းလှတဲ့ ရေအမြောက်အမြားဟာ
ထွက်ပေါ်လာခဲ့ပါတယ်။

ခန်းနန်ဟွာရဲ့ လက်ချောင်းတွေဟာ
အဆက်မပြတ် လှုပ်ရှားနေခဲ့ပြီး…
ရေစက်တွေ တစ်စက်ပြီး တစ်စက်ဟာ
မီးပျံခား ဂရန်းမာစတာရဲ့
ခားအလင်းတန်းဆီကို
ပျံသန်းသွားနေကြပါတယ်။ ရေစက်တွေ
အားလုံးဟာ ပေါက်ကွဲကုန်ကြပြီး…
အကုန်လုံး ပေါင်းစည်းသွားကြပါတယ်။

သမုဒ္ဒရာ လေးစင်းဟာ ကောင်းကင်ပေါ်မှာ စုစည်းနေကြသလိုပါပဲ။

"မဟာ ကစဥ့်ကလျား အကြွင်းမဲ့ရေ!" မီးပုံခေါင်း ဂရန်းမာစတာဟာ ဂိုဏ်းကြီးက လာခဲ့တာဖြစ်ပြီး... အကြားအမြင် ဗဟုသုတတွေနဲ့ ပြည့်စုံပါတယ်။ ချက်ချင်းဆိုသလိုပဲ သူဟာ ခန်းနန်ဟွာရဲ့ စွမ်းရည်တွေကို မှတ်မိသွားခဲ့ပါတယ်။ သူဟာ အနားကို ကပ်မလာခဲ့ပဲ... ခေါင်းအလင်းတန်း ပေါ်ကနေ အဝေးကို စီးနင်းသွားခဲ့ပါတယ်။

ဘယ်သူပဲ ဖြစ်ဖြစ်… သူနဲ့ အဆင့်အတန်း တူနေပြီး မဟာ ကစဉ့်ကလျား အကြွင်းမဲ့ရေကို ပိုင်ဆိုင်ထားတဲ့ သူနဲ့ တိုက်ခိုက်တာဟာ… ရူးမိုက်တဲ့ ရွေးချယ်မှုပဲ ဖြစ်ပါတယ်။

သူ့ရဲ့အရှေ့က မြင်ကွင်းကို ကြည့်လိုက်ကာ ခုန်းယန်ရဲ့ မျက်လုံးအစုံဟာ တောက်ပလာခဲ့ပြီး ပြောလိုက်ပါတယ်… "နောက်ဆုံးမှာတော့… ငါနဲ့တိုက်ခိုက်ဖို့ အရည်အချင်း ရှိတဲ့သူကို တွေ့ပြီ…"

စကားဆုံးတာနဲ့ သာမန်ရုပ်ရည်သာ ရှိနေခဲ့တဲ့
ခုန်းယန်ကို... ကြောက်မက်ဖွယ်
ခေါအောင်ရာတွေဟာ ဖုံးလွှမ်းသွားခဲ့ပါတယ်။
သူ့ရဲ့ တစ်ကိုယ်လုံးဟာ ခေါတစ်ချောင်း
ဖြစ်သွားတဲ့ အတိုင်းပါပဲ။

ကောင်းကင်နဲ့ မြေကြီးတို့ကို ခွဲခြမ်းနိုင်တဲ့...
ခေါအိမ်ထဲကနေ ထွက်လာခဲ့တဲ့
နတ်ခေါတစ်ချောင်းလို ဖြစ်နေခဲ့ပါတယ်။

ဝှစ်! ဝှစ်! ဝှစ်!

သူ့ရဲ့ ခန္ဓာကိုယ်ကနေ တောက်ပလှတဲ့
ဓားအလင်းတန်းတွေဟာ ထွက်လာခဲ့ပြီး…
ခုန်းယန်ရဲ့ လျှော်ဝတ်စုံဟာ တစ်စစီ
ကွဲသွားခဲ့ပါတယ်။

သူရှိနေတဲ့ နေရာမှာ အဆုံးမဲ့
ဓားအလင်းတန်းတွေနဲ့ ဖုံးလွှမ်းသွားခဲ့ပါတယ်။

ခုန်းယန်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးဟာ
လူသတ်လိုစိတ် အပြည့်နဲ့ တောက်ပနေတဲ့
ဓားအလင်းတန်း တစ်ခုအဖြစ်ကို
ပြောင်းလဲသွားခဲ့တာပါ။
ဖိတ်ဖိတ်တောက်နေတဲ့ နေမင်းအလား…

သူဟာ ခန်းနန်ဟွာဆီကို
ထိုးဝင်သွားခဲ့ပါတယ်။

စူတောင်ခားဂိုဏ်းရဲ့ လီရှုံနည်းစနစ်ဟာ
ပြိုင်ဘက်တွေကို သုတ်သင်ဖို့
ဓားတစ်ချောင်းပဲ လိုပါတယ်။

ပုံမှန်အားဖြင့် ဆိုရင်... သူတို့ဟာ သူတို့ရဲ့
ကိုယ်ထဲမှာ ဓားအော်ရာပေါင်း ရာနဲ့ထောင်နဲ့
ချီပြီးတော့ သိုဝှက်ထားခဲ့ကာ... သူတို့ရဲ့
ခန္ဓာကိုယ်ကို ဓားထောင်ပေါင်းများစွာနဲ့
လှီးဖြတ်ခြင်း ခံရတဲ့ ဝေဒနာကို
ကြိတ်မှိတ်ပြီးမှ သည်းခံနေကြတာပါ။

ရန်သူကို အန္တရာယ် မပေးနိုင်ခင်… သူတို့ဟာ သူတို့ကိုယ့်ကို ဒဏ်ရာရစေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ စွမ်းအားတွေကို ထုတ်ဖော်လိုက်တဲ့ အခါမှာ… သူတို့ရဲ့ ခန္ဓာကိုယ်ထဲက ဓားအော်ရာတွေ အားလုံးဟာ ပေါက်ကွဲလာခဲ့ပြီး… မယုံနိုင်စရာ ခွန်အားကို ထုတ်ဖော်နိုင်ခဲ့တာပါ။

ခုန်းယန်ရဲ့ နည်းစနစ်ဟာ တကယ့်ကိုပဲ ကြောက်စရာ ကောင်းလှပါတယ်။

အားလုံးရဲ့ အကြည့်တွေဟာ ခန်းနန်ဟွာရဲ့ အပေါ်ကို ကျရောက်သွားခဲ့ပါတယ်။

"လီရှုံခေးရဲ့ ကျော်ကြားမှုဟာ တစ်ကယ့်ကို ထိုက်တန်ပါတယ်..." ခုန်းယန်ရဲ့ခေးကို ရင်ဆိုင်ခဲ့ရပေမဲ့... ခန်းနန်ဟွာရဲ့ အမူအရာတွေဟာ ပျက်မသွားခဲ့ပါဘူး။ သူဟာ သက်ပြင်းဖွဖွလေး ချလိုက်ကာ... တခဏလေး အတွင်းမှာပဲ ဂဏ်သဲနှုန်းနဲ့ မဟာ ကစဥ့်ကလျား အကြွင်းမဲ့ရေတို့ဟာ... သူ့ရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါတယ်။

## စာစဥ် ၁၃ : အပိုင်း ၄

## အပိုင်း ၂၁၄ : လူထူးလူဆန်း တစ်အုပ်စု

ခုန်းယန်ရဲ့ လီရှုံခေါးနဲ့ ရင်ဆိုင်လိုက်ရတဲ့
အချိန်မှာ... ခန်းနန်ဟွာဟာ သူ့ရဲ့
လက်ဝါးနှစ်ဘက်ကို စုစည်း လိုက်ကာ...
ဂင်္ဂါသဲနှုန်းနဲ့ မဟာ ကစဋ္ဌကလျှား
အကြွင်းမဲ့ရေတို့ကို လည်ပတ်လိုက်ပါတယ်။

ဂင်္ဂါသဲမှုန် တစ်ပွင့်နဲ့ မဟာ ကစဋ္ဌကလျှား
အကြွင်းမဲ့ရေ တစ်စက်တို့ဟာ
ပူးပေါင်းသွားကြပါတယ်။ သူတို့နှစ်ခုက
ပူးပေါင်းသွားလို့ အပြီးမှာ... မကြာခင်မှာပဲ

နောက်ထပ် သဲမှုန်တို့နဲ့ ရေစက်ပေါင်း
မြောက်မြားစွာတို့ဟာ ပေါင်းစည်းသွားခဲ့ပြီး…
ခန်းနန်ဟွာရဲ့ အရှေ့မှာ ဒိုင်းတစ်ခုအဖြစ်ကို
အသွင်ပြောင်းသွားခဲ့ပါတယ်။

ဒီဒိုင်းဟာ ပြည့်စုံစွာနဲ့ ဝိုင်းစက်နေခဲ့ပါတယ်။
သူ့ရဲ့အပေါ်မှာ ရေစီးကြောင်းတွေဟာ
ကွေ့ကောက်စွာနဲ့… တကယ့်မြစ်အတိုင်း
စီးဆင်းနေခဲ့တာပါ။ ရေစီးကြောင်းတွေ
တစ်ခုနဲ့တစ်ခုဟာ သွယ်ယှက်နေခဲ့ပြီး…
မြစ်ရေဟာ ဘယ်က စီးဆင်းလာနဲ့သလဲ
ဆိုတာနဲ့… ဘယ်ကို စီးဆင်းသွားမလဲ
ဆိုတာကို မှန်းဆလို့ မရနိုင်ခဲ့ပါဘူး။

ဒါကတော့ ခန်းနန်ဟွာက သူ့ရဲ့ အဆုံးမဲ့
ဂင်္ဂါသဲဒိုင်းကို… မဟာ ကစဉ့်ကလျား
အကြွင်းမဲ့ရေနဲ့ ပူးပေါင်းခဲ့ကာ…
ကျောက်ဆောင်လိုမျိုး ခိုင်မာတဲ့ ဂင်္ဂါ၏ မဟာ
ကစဉ့်ကလျားဒိုင်း အဖြစ်ကို
ပြောင်းလဲလိုက်တာပဲ ဖြစ်ပါတယ်။

ခန်းနန်ဟွာရဲ့ ဂင်္ဂါ၏ မဟာ
ကစဉ့်ကလျားဒိုင်းကို ကြည့်လိုက်ပြီး…
လင်းဖုန်းဟာ ခန်းနန်ဟွာအတွက်
စိုးရိမ်ပူပန်မှုတွေ မရှိတော့ပါဘူး။

ခန်းနန်ဟွာရဲ့ မူလက အဆုံးမဲ့ ဂင်္ဂါသဲဒိုင်းရဲ့ အထူးဝိသေသဟာ… သူက ရန်သူရဲ့ တိုက်ခိုက်မှုကနေ ကွဲပျက်သွားပေမဲ့လည်း လျှင်မြန်စွာနဲ့ ပြန်လည်ဖွဲ့စည်းပြီး… ရန်သူရဲ့ တိုက်ခိုက်မှုကို ဆက်လက် ခုခံနိုင်တာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူကို ကျိုးပျက်နိုင်အောင် လုပ်နိုင်တာက သူ့ရဲ့ အားနည်းချက်ပဲ ဖြစ်ပါတယ်။ ဂင်္ဂါသဲနှုန်းနဲ့သာ ဖွဲ့စည်းထားတဲ့ ခံစစ်ဟာ… လုံလောက်အောင် ကြံ့ခိုင်အားကောင်းနိုင်ခြင်း မရှိခဲ့ပါဘူး။

မဟာ ကစဥ္စကလျား အကြွင်းမဲ့ရေကို
ပေါင်းထည့်လိုက်ခြင်းဟာ… သူ့ကို
အဆင့်နောက်တစ်ဆင့် မြှင့်ပေးလိုက်တာပါ။

အစောတုံးက ခန်းနန့်ဟွာဟာ ရှောင်ယန်နဲ့
အပေါင်းပါတို့ကို ဂင်္ဂါ၏ ကစဥ္စကလျားဒိုင်း
တစ်ခုစီ လက်ဆောင်ပေးခဲ့စဥ်က… သူဟာ
မိုးကြိုးကပ်ဘေးကို မဖြတ်ကျော်ရသေးပဲ
အခြေတည် ဝိညာဥ်ကိုလည်း
မဖော်ဆောင်ရသေးပါဘူး။

ဒါပေမဲ့လည်း အခုတော့ သူဟာ
အခြေတည်ဝိညာဥ် အဆင့်ကို ရောက်သွားခဲ့ပြီ

ဖြစ်ပြီး… သူ့ရဲ့ ဂင်္ဂါ၏ ကစဥ့်ကလျားဒိုင်းကို
အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ
တစ်ယောက် ပိုင်ဆိုင်နိုင်တဲ့… ခိုင်မာတဲ့
ခံစစ်အဖြစ်ကို ဖန်တီးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

သာမန်ပုံသာ ပေါက်နေခဲ့တဲ့ ဒိုင်းလေးကနေ…
မဆုံးမရှိတဲ့ ထာဝရ စွမ်းအင်တွေက
ထွက်ပေါ်နေခဲ့တာပါ။

ခုန်းယန်ဟာ သူ့ရဲ့ကိုယ်ထဲမှာ
နှစ်ထောင်ပေါင်းများစွာ သိုလှောင်ထားတဲ့
ဓားအော်ရာတွေကို ထုတ်လွှတ်လိုက်ပြီး…
တောက်ပတဲ့ ဓားအလင်းတန်း အဖြစ်ကို

စုစည်းလိုက်ပါတယ်။ သူ့ရဲ့ လီရှုံခေးဟာ ရှောင်စန်းခေးလောက် မခက်ထန်.. မသန်မာပေမဲ့… တိုက်စစ်အနေနဲ့ ဆိုရင်တော့ စူတောင်ခေးဂိုဏ်းမှာ ပထမချိတ်ပါတယ်။

မူလကောင်းကင် ကမ္ဘာကြီး တစ်ခုလုံးမှာ… သူဟာ ထိပ်တန်းအဆင့် တိုက်ခိုက်မှု အနည်းငယ်ထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ကောင်းကင်နဲ့ မြေကြီးတို့ကိုတောင် ထိုးဖောက်နိုင်တဲ့ အဆုံးမဲ့ ခေးအလင်းတန်းတို့ဟာ… မိုးကြိုးသွားတွေ

အလား ခန်းနန်ဟွာရဲ့ ဂင်္ဂါ၏
ကစဥ့်ကလျားဒိုင်း အပေါ်ကို
ကျရောက်လာခဲ့ပါတယ်။

လွင့်ပျံသွားခဲ့တဲ့ သဲမှုန်စတွေနဲ့ ဒိုင်းကနေ
ကွာကျလာတဲ့ ကျောက်စကျောက်နတွေကို
ကြည့်ပြီး... လီရှုံခေးရဲ့ ရက်စက်စွာ
တိုက်ခိုက်ခြင်းကို ခံလိုက်ရတဲ့
ဂင်္ဂါသဲနှုန်းတို့ဟာ အစွမ်းပျက်ပြယ်
ကြကုန်ပြီလို့ မျှော်လင့်နေရပါတယ်။

ဒါပေမဲ့လည်း ခေးအလင်းတန်းတွေဟာ
မေးမှိန်သွားခဲ့ပြီး ခုန်းယန်ရဲ့ စွမ်းအားတွေဟာ

အားနည်းသွားတဲ့အထိ… ခန်းနန်ဟွာရဲ့ ဒိုင်းဟာ မပျက်စီးသေးပါဘူး။

ဒီအချိန်မှာတော့ ဒီဒိုင်းပေါ်မှာ ချိုင့်ခွက်ကြီး တစ်ခုဟာ ပေါ်လာခဲ့ကာ… ကြည့်ရတာ ကတော့တစ်ခုနဲ့ တူနေခဲ့ပါတယ်။ သူဟာ လီရှုံခေးရဲ့ ထိုးဖောက်ခြင်းကို ခံရဖို့ လက်မအနည်းငယ်သာ လိုတော့တာပါ။

ဒါပေမဲ့လည်း ဒိုင်းရဲ့ ဖွဲ့စည်းပုံကို ထိန်းသိမ်းထားနိုင်ခဲ့တဲ့ လက်မ အနည်းငယ်ဟာ… မိုးကုတ်စက်ဝိုင်းကို

သွားတဲ့ အကွာအဝေးလိုပါပဲ။ သူတို့ကို ကျော်လွှားဖို့ရာ မဖြစ်နိုင်ပါဘူး။

ကြည့်နေကြတဲ့ လူအားလုံးကလည်း မှင်တက်ကုန်ကြပါတယ်။

မိုးပြာရောင် တိမ်တိုက် ဂရန်းမာစတာဟာ ခန်းနန်ဟွာကို ကြည့်လိုက်ပြီး သက်ပြင်းချလိုက်ပါတယ်... "ဂျူနီယာ... မင်းက တကယ်ကို အစွမ်းထက်လှပါတယ်..."

မီးပုံခြား ဂရန်းမာစတာနဲ့ ယန်တုန်ဟွေတို့ နှစ်ယောက်စလုံးကလည်း... မျက်စိပျက်

မျက်နှာပျက်တွေ ဖြစ်နေကြပါတယ်။ သူတို့နှစ်ယောက်စလုံးဟာ ဘယ်သူ့ဘက်မှာပဲ ရပ်နေရပ်နေ... သူတို့ နှစ်ယောက်စလုံးဟာ ခန်းနန်ဟွာရဲ့ စွမ်းအားတွေကို အံ့အားသင့်နေခဲ့တာပါ။

စူတောင်ခေးဂိုဏ်းဟာ ကောင်းကင်အောက်မှာ နံပါတ်တစ် ခေးဂိုဏ်းဖြစ်ပါတယ်။ သူဟာ ဒီကမ္ဘာရဲ့ မဟာမြင့်မြတ် နယ်မြေသုံးခုမှာ တစ်ခု အပါအဝင် ဖြစ်ပါတယ်။ ပြီးတော့ သူတို့ရဲ့ တပည့်တွေ အားလုံးကလည်း ခေးကျင့်ကြံသူတွေ ဖြစ်ကြပါတယ်။

တစ်ဦးတစ်ယောက်မှ မှော်ကျိန်စာတွေကို
မလေ့ကျင့်ကြသလို…
မှော်အိုင်တမ်တွေကိုလည်း မထုလုပ်ကြပါဘူး။
သူတို့ဟာ ဓားတစ်ချောင်းနဲ့
ကောင်းကင်အောက်က အရာအားလုံးကို
ကြီးစိုးလွှမ်းမိုး နိုင်ခဲ့တာပါ။ သူတို့ရဲ့
ရက်စက်မှုနဲ့ တိုက်ပွဲအတွေ့အကြုံတို့ဟာ
သူတို့ကို အောင်မြင်ကျော်ကြား စေခဲ့တာပါ။

တရားဝင် မဟုတ်ပေမဲ့ အားလုံးက
လက်ခံထားကြတဲ့ အဆိုတစ်ခု ရှိပါတယ်…
'စူတောင်တပည့်တွေဟာ အဆင့်တစ်ဆင့်

ပိုမြင့်တယ်' ဆိုပြီးတော့ပေါ့။ ဒါကဘာကို
ဆိုလိုနေသလည်း ဆိုတော့ တကယ့်တိုက်ပွဲ
စွမ်းရည်တွေ အရဆိုရင်...
စူတောင်ခေးဂိုဏ်းက တပည့်တွေဟာ
သူ့ထက် အဆင့်တစ်ဆင့် ပိုမြင့်တဲ့
ကျင့်ကြံသူတွေနဲ့ တိုက်ခိုက်နိုင်တာပါ။

ဥပမာ အနေနဲ့ ဆိုရရင်... အခြေတည်ဝိညာဉ်
စဦးပိုင်း အဆင့်မှာသာ ရှိသေးတဲ့
ခုန်းယန်ဟာ... သူ့ရဲ့ လီရှုံခေးနဲ့
အခြေတည်ဝိညာဉ် အလယ်အလတ်
အဆင့်က ကျင့်ကြံသူ တစ်ယောက်ကို
လွယ်လွယ်ကူကူနဲ့ စိန်ခေါ်နိုင်တာပါ။

ဒါပေမဲ့လည်း နဂိုက လင်းဖုန်းကို
စိန်ခေါ်ချင်နေတဲ့ ခုန်းယန်ဟာ…
ခန်းနန်ဟွာရဲ့ ဟန့်တားခြင်းကို
ခံလိုက်ရပါတယ်။

မိုးပြာရောင် တိမ်တိုက်
ဂရန်းမာစတာရဲ့အမူအရာတွေဟာ
အလွန်အမင်းကို ရှုပ်ထွေးတဲ့ပုံ
ပေါက်လာခဲ့ပြီး… လင်းဖုန်းနဲ့ ရှောင်ယန်တို့ကို
ကြည့်လိုက်ကာ… "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနဲ့ ပတ်သတ်တဲ့

ကိစ္စဟာ… တဖြေးဖြေးနဲ့ ပိုပြီးတော့ ဖြေရှင်းဖို့ ခက်ခဲလာပြီ…"

ရွှမ်ကျိုအမတ် ဂေဟာက ကျန်းဟိုင်ကလည်း လင်းဖုန်းရဲ့ဘေးမှာ ရှိနေတဲ့ ဇူရီကို ကြည့်လိုက်ကာ… သက်ပြင်းတစ်ချက် ချလိုက်ပါတယ်… "သခင်လေးရီ… နှစ်နှစ်ဆိုတဲ့ အချိန်လေး အတွင်းမှာ… သခင်လေးဟာ ဘာကျင့်ကြံမှု အဆင့်မှ မရှိတဲ့ စာသင်သား ဘဝကနေ… ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ အဖြစ်ကို ရောက်သွားခဲ့တာပဲ…"

"ဒီလိုမျိုး ပင်ကိုစွမ်းရည်ဟာ အမတ်ရဲ့ သားအစစ်ဖြစ်ကြောင်းကို ပြသနေခဲ့တာပဲ..."

ရောက်လာခဲ့တဲ့ အချိန်ကစပြီး... ဇူရီဟာ လင်းဖုန်းရဲ့ ဘေးနားမှာသာ ငြိမ်သက်စွာနဲ့ ရပ်နေခဲ့ကာ... ကျန်းဟိုင်ကို အာရုံသိပ်ပြီး မစိုက်နေခဲ့ပါဘူး။

ဒါပေမဲ့လည်း ကျန်းဟိုင်ရဲ့ စကားတွေကို ကြားပြီးနောက်မှာ... ဇူရီက ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်... "မစ္စတာ ထောင်အော့ကလည်း အစတုံးက ဒီစကားမျိုးကိုပဲ ပြောခဲ့ပါတယ်။

ကျွန်တော်ကလည်း ဆရာရဲ့ မြင့်မားလှတဲ့ ကျင့်ကြံမှုဟာ ဆရာရဲ့ စွမ်းရည်သာဖြစ်ပြီး... ကျွန်တော့်ရဲ့ ကျင့်ကြံမှုဟာ ကျွန်တော့်ရဲ့ ကြိုးစားအားထုတ်မှုနဲ့ ဆရာရဲ့ သင်ပြမှုတို့ကြောင့်သာ ဖြစ်တယ်လို့ ပြန်ဖြေခဲ့ပါတယ်..."

"ဒီကနေ့မှာလည်း... ကျွန်တော့်ရဲ့ အဖြေက ဒီအတိုင်းပါပဲ..."

ရှူရီက တိတ်ဆိတ်စွာနဲ့ ဆက်ပြောလိုက်ပါတယ်... "မစ္စတာကျန်း... ကျေးဇူးပြုပြီး ကျွန်တော့်ကို ပြန်လိုက်ခဲ့ဖို့

မပြောပါနဲ့... ခင်ဗျားက အောင်မြင်မှာ မဟုတ်ဘူး..."

"ဒါပေမဲ့လည်း... ကျွန်တော့်အဖေကို တစ်နေ့မှာ ကျွန်တော်က ထျန်းကျင်းမြို့ကို ပြန်လာခဲ့မယ်လို့ ပြောလိုက်ပါ။ ပြီးတော့လည်း အဲ့ဒီနေ့ကလည်း သိပ်မလိုတော့ပါဘူး..."

ကျန်းဟိုင်ရဲ့ မျက်လုံးအစုံဟာ ကျဉ်းမြောင်းသွားခဲ့ပြီး... "ထောင်အော့ရဲ့ သေဆုံးမှုအတွက် ကျွန်တော်က ဖြေရှင်းပါမယ်။ ပြီးတာနဲ့ ကျွန်တော်က

သခင်လေးရှိကို အိမ်ခေါ်ပြန်သွားမှာပါ...
ဒါဆိုတော့ ကျေးဇူးပြုပြီး အတွေးတွေ
သိပ်မများပါနဲ့..."

ပြီးတာနဲ့ သူဟာ လင်းဖုန်းဆီကို
လှည့်လိုက်ပြီး ပြောလိုက်ပါတယ်...
"ခင်ဗျားက ကျုပ်တို့ရဲ့ သခင်လေးကို
လှည့်စားပြီး... ကျုပ်တို့ဂေဟာက ဘဏ္ဍာစိုး
တစ်ယောက်ကို သတ်ခဲ့တယ်။ ဒီကနေ့မှာ
ကျုပ်က ဖြေရှင်းချက် တစ်ရပ်ကို
တောင်းဆိုပါတယ်။

လင်းဖုန်းကလည်း ကျန်းဟိုင်ရဲ့ အကြောင်းကို ဇူရီဆီကနေ သိထားပြီး ဖြစ်ပါတယ်။ သူက လှုပ်ရှားဖို့ မကြိုးစားခဲ့ပဲ စကားတစ်ခွန်းကိုသာ ပြောလိုက်ပါတယ်... "မဟာကျိုး အင်ပါယာဟာ ဧကရာဇ် လျှမ်ပန်းရဲ့ အမိန့်တွေကို နာခံတယ်..."

ဒီလိုမျိုး စကားကို ကြားလိုက်ရတော့ အကုန်လုံးကလည်း ကြောင်ကုန်ကြပါတယ်။

ကျန်းဟိုင်က သူ့ရဲ့ မျက်ခုံးတွေကို တွန့်လိုက်ပြီး... "အပိုစကားတွေကို

သိပ်မပြောနဲ့… သူခိုးတွေ အကုန်လုံးကို သတ်ရမှာပဲ!"

စကားဆုံးတာနဲ့ ကျန်းဟိုင်ဟာ သူ့ရဲ့ညာလက်က လက်ချောင်းတွေကို ဆန့်ထုတ်လိုက်ပြီး… လေထဲမှာ "诛" (သတ်ဖြတ်ခြင်း) ဆိုတဲ့ စကားလုံးကို ရေးလိုက်ပါတယ်။

ဒီစကားလုံး ပေါ်လာတဲ့ အချိန်မှာပဲ… အထဲကနေ ပြင်းထန်လှတဲ့ လူသတ်လိုစိတ်ဟာ ထွက်ပေါ်လာခဲ့ပါတယ်။ ပြင်ပက လူတွေအားလုံးဟာ… ဒီဖိအားကို

ခေါင်းမော့ပြီးမှတောင်
ရင်မဆိုင်နိုင်ခဲ့ကြပါဘူး။

ကျင့်ကြံမှု အဆင့်အတန်းနိမ့်တဲ့ သူတွေရဲ့ မျက်လုံးတွေထဲမှာ... ပုံရိပ်တစ်ခုက ပေါ်လာခဲ့ပါတယ်။ သူတို့ဟာ ငြမ်းစင်တစ်ခုရဲ့ အရှေ့မှာ ဒူးထောက်နေခဲ့ပြီး... ရောမ ဓားတစ်ချောင်းဟာ သူတို့ရဲ့ လည်ပင်းကို ဖြတ်ဖို့ ခေါင်းအပေါ်ကို မြှောက်တင်ထားခဲ့တာပါ။ သူတို့ဟာ ခုခံချင်နေခဲ့ပေမဲ့... အားမရှိခဲ့ပဲ သေဖို့ကိုသာ စောင့်နေရပါတယ်။

လေထုရဲ့ အထဲမှာ ရပ်နေခဲ့ရင်း...
လင်းဖုန်းဟာ ဘာကိုမှ မတုံ့ပြန်ခဲ့ပါဘူး။
သူဟာ ကျန်းဟိုင်ကို ကြည့်တောင်မှ
မကြည့်နေပါဘူး။

သူ့ရဲ့ဘေးက ဇူရိဟာ အရှေ့ကို
တက်လာခဲ့ပြီး... ဖြေးဖြေးခြင်းပဲ
ပြောလိုက်ပါတယ်... "မစ္စတာကျန်း...
ကျွန်တော်က ပြောထားပြီးပြီပဲ... ခင်ဗျားက
ဒီလိုလုပ်လို့ မရဘူး..."

ဇူရိကလည်း သူ့ရဲ့ လက်ချောင်းတွေကို
ဆန့်ထုတ်လိုက်ပြီး... ခါးလိုမျိုး

ကိုင်တွယ်လိုက်ပါတယ်။ ခုတ်ချက် နှစ်ချက်နဲ့အတူ... သူဟာ သူ့ရဲ့ အပေါ်ယံ ခေါ်လမ်းစဥ်ထဲက "ချန်းခေါ်နည်းစနစ်"နဲ့ "ဟွေ့ခေါ်နည်းစနစ်"ကို ထုတ်ဖော်လိုက်ပါတယ်။

"ချန်း"ကို အပေါ်မှာ.. "ဟွေ့'ကိုအောက်မှာ ထားခဲ့ကာ... သူဟာ "လွေ့" ဆဋ္ဌဂံကို ဖန်တီးလိုက်ပါတယ်။

"လူကြီးလူကောင်း တစ်ယောက်ဟာ ထုံးတမ်းစဥ်လာနဲ့ ဆင်ခြင်တုံ တရားတို့ကို နားလည်ရမယ်..." ဇူရီက ငြိမ်သက်စွာနဲ့

ပြောလိုက်ပါတယ်။ "ဖြောင့်မတ်တဲ့ လူကြီးလူကောင်းဟာ ရှေးထုံးကို မပယ်သင့်ပေမဲ့… ဆင်ခြင်တုံတရား ကင်းမဲ့စွာနဲ့လည်း မလုပ်ရဘူး။ ခင်ဗျားက အကြောင်းမရှိပဲနဲ့ လူသတ်ပြီး… ရည်ရွယ်ချက်မရှိပဲနဲ့ တိုက်ခိုက်တယ်။ ကျိုးကြောင်းဆင်ခြင်မှု မရှိပဲ အလုပ်လုပ်ရင်… ခင်ဗျားဟာ ကြာရှည်ရပ်တည်နိုင်မှာ မဟုတ်ဘူး…"

ဇူရီ ထုတ်လွှတ်လိုက်တဲ့ ဓားအော်ရာ နှစ်ခုဟာ… ကျန်းဟိုင် ထုတ်လွှတ်ခဲ့တဲ့ "诛"

ဆိုတဲ့ စာလုံးရဲ့ ကြောက်မက်ဖွယ်
ဖိအားတွေကို ချေဖျက်နိုင်ခဲ့ပါတယ်။

ကျန်းဟိုင်က သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး
ပြုံးလိုက်ပါတယ်... "ဒါက မင်းဒီနှစ်နှစ်
အတွင်းမှာ သင်ယူခဲ့ရတဲ့ အဓိပ္ပာယ် မရှိတဲ့
ဟာတွေလား? ငါကတော့ ယုတ္တိမရှိဘူးလို့
ယူဆတယ်ကွ..."

သူက နောက်ထပ် စာလုံးတွေကို ရေးစရာ
မလိုခဲ့ပဲ သူ့ရဲ့ စကားလုံးတွေနဲ့တင်... "诛"
ဆိုတဲ့ စာလုံးကနေ "谬" (ယုတ္တိကင်းမဲ့ခြင်း)
ဆိုတဲ့ စာလုံးကို ပြောင်းသွားခဲ့ကာ... ဇူရီရဲ့

"လေွ"ဆိုတဲ့ သင်္ကေတကို
ဖျက်ဆီးနိုင်ခဲ့ပါတယ်။

ဇူရိက သူ့ရဲ့ မျက်မှောင်တွေကို
ကြုတ်လိုက်ပြီး... "အင်အားကို သုံးပြီးမှ
ဉာဏ်ပညာကို ကျော်လွှားချင်နေတာလား?
ခင်ဗျားမှာ စကားလုံးတွေ
ရှားပါးသွားပြီလား?"

စကားဆုံးတာနဲ့ ဇူရိရဲ့ ရွှေရောင် ဗဟိုချက်ဟာ
ပြင်းထန်စွာနဲ့ တုန်ခါလာခဲ့ကာ...
အနက်ရောင်နဲ့ အဖြူရောင် အော်ရာတို့ဟာ
သူ့ရဲ့ တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားခဲ့ပါတယ်။

တစ်မျိုးက ဖန်ဆင်းခြင်း အားလုံးကို တွန်းဖယ်ပြီး အလွန်အမင်းကို တောက်ပနေချိန်မှာ... တစ်မျိုးက ဖန်ဆင်းခြင်း အားလုံးကို စုပ်ယူကာ အလွန်အမင်းကို မည်းမှောင်နေခဲ့ပါတယ်။

သူဟာ နောက်ထပ် ခါးအော်ရာ နှစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။ တစ်မျိုးဟာ "ဂျန်ခါးနည်းစနစ်" ဖြစ်ပြီး... ကျန်တစ်ခုကတော့ "ခန်းခါးနည်းစနစ်" ဖြစ်ပါတယ်။

"ဂျန်"က အပေါ်မှာ.. "ခန်း"ကအောက်မှာ နေခဲ့ပြီး... သူဟာ "မန့်" ဆင္ဍဂံကို ဖန်ဆင်းလိုက်ပါတယ်။

ဒီ"မန့်" ဆင္ဍဂံဟာ အသိပညာ တစ်ဖန်ဆန်းသစ်ခြင်းလို့ အဓိပ္ပာယ် ရပါတယ်။

ငါက မသိတတ်တဲ့ ကလေးငယ်ကို မေးခွန်းမမေးဘူး။ မသိတတ်တဲ့ ကလေးငယ်က ငါ့ကိုမေးရင်တော့... ငါက ပြန်ဖြေပေးမယ်။ ငါ့ကို ရိုသေလေးစားမှု မရှိပဲ မေးခွန်းတွေကို ထပ်ခါထပ်ခါ မေးရင်တော့... ကောင်းကင်ဘုံကို စော်ကားတာနဲ့ တူတာပဲ။

အဲ့ဒီအချိန်မှာတော့... ငါက ပြန်ဖြေပေးမှာ မဟုတ်ဘူး။

သူ့ရဲ့ "မန့်"ဆိုတဲ့ ဆဋ္ဌဂံနဲ့... ဇူရီဟာ ကျန်းဟိုင်ရဲ့ "谬" ဆိုတဲ့ စာလုံးကို ပိတ်ဆို့လိုက်ပါတယ်။

ကျန်းဟိုင်ကတော့ သူ့ရဲ့ခေါင်းကို ခါလိုက်ကာ ရယ်ခါနီး ဖြစ်နေခဲ့ပါတယ်။ သူ့ရဲ့ အခြေတည်ဝိညာဉ် အဆင့်က စွမ်းအားတွေဟာ ပေါက်ကွဲလာခဲ့ပြီး... ဇူရီရဲ့

ခေါးအော်ရာတွေကို ချက်ချင်းပဲ
ဖျက်ဆီးပစ်ခဲ့ပါတယ်။

ဇူရီရဲ့ အနက်ရောင်နဲ့ အဖြူရောင်
ခေါးအော်ရာတွေက ပေါ်လာတဲ့ အခါမှာ...
လင်းဖုန်းက ပြုံးပြီးမှ ပြောလိုက်ပါတယ်...
"ဒါကတော့ ဇူရီရဲ့ ရွှေရောင် ဗဟိုချက်ကို
ဖော်ဆောင်ခြင်းနဲ့... မဟာကောင်းကင်
တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု
အင်းရှစ်ကွက်ကို ပေါင်းစပ်ဖွဲ့စည်းခြင်းရဲ့
အကျိုးတရားပဲ။ သူ့ရဲ့ ကျင့်ကြံမှု
အဆင့်အတန်းနဲ့ သူဟာ... အပေါ်ယံ

ခေါ်းလမ်းစဉ်ရဲ့ ဒုတိယ နည်းစနစ်ကို တီထွင်နိုင်ခဲ့ပြီ..."

ဇူရိက ဒီမှော်ကျိန်စာကို ဖော်ဆောင်လိုက်တဲ့ အခါမှာ... သူထုတ်လွှတ်လိုက်တဲ့ အနက်ရောင်နဲ့ အဖြူရောင် ခေါ်းအော်ရာ နှစ်ခုတို့ဟာ... အလင်းနဲ့ အမှောင် ဆန့်ကျင်ဘက် အစွန်းနှစ်ဘက် အဖြစ်ကို ပြောင်းသွားခဲ့ကာ... ကြီးမားတဲ့ ဗုဒ္ဓပုလ္လင် တစ်ခုအဖြစ်ကို ပြောင်းသွားခဲ့ပါတယ်။

ဒီဗုဒ္ဓပုလ္လင်ဟာ နတ်ဆိုးရဲ့ ပရိယာယ်လို ထူးခြားဆန်းကြယ် လှပေမဲ့... သူဟာ တစ်ခုတည်း မဟုတ်ပါဘူး။

တောက်ပလှတဲ့ အဆုံးမဲ့ အလင်းတန်းတွေဟာ လင်းလက်လာခဲ့ကာ... ကြယ်တွေရဲ့ လှုပ်ရှားပုံအတိုင်း အဆုံးမဲ့ အနက်ရောင် ရောင်စဉ်တွေနဲ့ ရောထွေးယှက်လိမ် နေခဲ့ပါတယ်။ အတူတူ စုပေါင်းပြီး... သူတို့ဟာ ကမ္ဘာငယ်လေး တစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့ပါတယ်။

ဇူရီရဲ့ ကိုယ်ပိုင်တီထွင်လိုက်တဲ့ ဒုတိယမြောက် နည်းစနစ်ကို "ကောင်းကင် အလင်းနဲ့အမှောင် မန်ဒလာ မဟာနယ်နိမိတ်"လို့ ခေါ်ပါတယ်။

ဇူရီရဲ့ ကောင်းကင် အလင်းနဲ့အမှောင် မန်ဒလာ မဟာနယ်နိမိတ်ကို တွေ့လိုက်ရတော့... ကျန်းဟိုင်ရဲ့ မျက်နှာဟာ ချက်ချင်း ပြောင်းသွားခဲ့ပါတယ်။ သူ့ရဲ့ အလယ်ကနေ အလင်းတန်းလေး တစ်ခုဟာ ထွက်ပေါ်လာခဲ့ပြီး... ကမ္ဘာငယ်လေးဟာ အဲ့ဒီအထဲကို စုပ်ယူခြင်း ခံလိုက်ရကာ...

ကမ္ဘာပျက်တဲ့နေက ရောက်လာသလိုမျိုး ခံစားနေခဲ့ရပါတယ်။

ဒါကတော့ ဇူရီက လင်းဖုန်းဆီက သင်ယူခဲ့ရတာပါ… ဖျက်ဆီးခြင်း စွမ်းအားတွေကို နားလည် သဘောပေါက်သွားပြီးတော့… သူဟာ သူ့ရဲ့ မှော်ကျိန်စာရဲ့ ဖျက်ဆီးနိုင်မှု စွမ်းအားကို အစွမ်းကုန် မြှင့်တင်နိုင်ခဲ့ပါတယ်။

ကမ္ဘာတစ်ခုလုံးဟာ ပျက်တော့မလို ဖြစ်သွားခဲ့ကာ… သူ့ရဲ့အထဲမှာ ရှိနေခဲ့တဲ့

ကျန်းဟိုင်ရဲ့ မှော်စွမ်းအင်ကလည်း ဘာမှမရှိခြင်း အဖြစ်ကို ပြောင်းသွားခဲ့ပါတယ်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေက လူရောဟုတ်သေးရဲ့လား?"

ဘေးကနေ ကြည့်နေကြတဲ့ လူတွေအားလုံးဟာ ဆွံ့အကုန်ကြပါတယ်... "ရှောင်ယန်တင် မကဘူး... ဒီတပည့်ကလည်း အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းအားတွေကို ခုခံနိုင်တာပဲ..."

"လူထူးလူဆန်း တစ်အုပ်စုပဲ!"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အရမ်းကို သန်မာတာပဲ?"

ကျန်းဟိုင်ရဲ့ အမူအရာတွေကလည်း ပြောင်းလဲသွားခဲ့ပါတယ်။ သူက အသက်ပြင်းပြင်း တစ်ချက်ကို ရှူလိုက်ကာ... စုတ်တံတစ်ချောင်းကို ထုတ်လိုက်ပါတယ်။ သူက တည်ကြည်လေးနက်စွာနဲ့...
"သခင်လေးရီ... သခင်လေးက ကျွန်တော့်ကို အံ့ဩစေတယ် ဆိုတာကို ကျွန်တော်က ဝန်ခံရပါလိမ့်မယ်။ ဒါပေမဲ့လည်း... ဒါက

သခင်လေးကို အိမ်ပြန်ခေါ်သွားလိုတဲ့
ကျွန်တော့်ရဲ့ ဆန္ဒကို ပိုပြီးတော့
ခိုင်မာစေခဲ့ပါတယ်!"

ဒီအခြေအနေကို ကြည့်လိုက်ပြီး...
လင်းဖုန်းက ပြုံးလိုက်ကာ သူ့ရဲ့
လက်ချောင်းတွေကို လှုပ်လိုက်ပါတယ်။
အဖြူရောင် အလင်းတန်း တစ်ခုဟာ ဇူရီရဲ့
ခန္ဓာကိုယ်ထဲကို ဝင်သွားခဲ့ပြီး... "ဇူရီ... ဘာမှ
မချုပ်တည်းထားပဲနဲ့ တိုက်ခိုက်နိုင်တယ်။
မင်းတို့အိမ်က ဘဏ္ဍာစိုးကို မင်းမှာရှိတဲ့
အကွက်တွေ အကုန်ပြလိုက်ပါဦး..."

ဇူရီရဲ့ကိုယ်ဟာ တုန်ခါသွားခဲ့ပြီး…
ကျန်းဟိုင်ကို ကြောက်ရွံ့ခြင်းကင်းစွာ
စိုက်ကြည့်လိုက်ကာ… အရှေ့ကို
ချီတက်သွားခဲ့ပါတယ်။

အခြားတစ်ဘက်မှာ အစက မြောင်ရှီးဟောင်ရဲ့
ထိန်းချုပ်ခြင်းကို ခံနေရတဲ့ ယုဝမ်ဖုန်းဟာ…
အခု အချိန်မှာတော့ ယုချန်စန်းကြောင့်
လွတ်မြောက်သွားခဲ့ပါပြီ။ ယုဝမ်ဖုန်းဟာ
ရှောင်ပုတန်လေးကို မုန်းတီးစွာနဲ့
စိုက်ကြည့်လိုက်ပြီး… စကားတစ်ခွန်းမှ
မပြောခဲ့ပဲ ခုန်အုပ်လိုက်ပါတယ်။

မာစတာ ဆိုင်ကလုန်းကလည်း
နှာမှုတ်လိုက်ပြီး... "မင်းတို့ရဲ့ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက ဘယ်အချိန်မှာ
ရပ်ရမလည်း ဆိုတာကို မသိတော့...
တန်ဖိုးကြီးကြီး ပေးဆပ်ရမယ်ကွ..."
စကားဆုံးတာနဲ့... သူဟာ
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်းကို
ထပ်ပြီးတော့ ဆင့်ခေါ်လိုက်ပါတယ်။

လေနတ်ဘုရားဂိုဏ်းနဲ့ ယုမိသားစုက
တပည့်တွေ အုပ်စုလိုက်ဟာ... သူတို့ရဲ့
ဂရန်းမာစတာတွေ နောက်ကို ထပ်ကြပ်မကွာ

လိုက်လာခဲ့ကာ... လင်းဖုန်းရှိရာဆီကို ချီတက်လာခဲ့ကြပါတယ်။

လင်းဖုန်းကတော့ အပြုံးမပျက်ပဲ... ရှောင်ယန်နဲ့ ရောင်းရင်းများကို လှည့်ကြည့်လိုက်ကာ... "မင်းတို့က ဒီအခွင့်အရေးကို ကောင်းကောင်း တန်ဖိုးထားပြီး... သေချာတိုက်ခိုက်ရမယ်ကွ..."

ရှောင်ယန်က ပြုံးလိုက်ကာ... "နောက်ဆုံးမှာ ကျွန်တော်တို့က အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ စွမ်းအားတွေကို

ပြသခွင့် ရပြီဆိုတော့… သူတို့ကို
ကျေးဇူးတင်ရမှာပေါ့…"

"ကောင်းလေစွ" လင်းဖုန်းက ပြုံးလိုက်ပြီး
လက်ချောင်းတွေကို လှုပ်လိုက်ရာ…
မြေကြီးလိုမျိုး အဝါရောင်
အလင်းတန်းတွေဟာ ရှောင်ယန်ရဲ့
ကိုယ်ပေါ်ကို ကျရောက်သွားကြပါတယ်။
ရှောင်ယန်ကလည်း ရယ်လိုက်ပြီး… မာစတာ
ဆိုင်ကလုန်းကို ခုခံဖို့ အဆင်သင့်
ပြင်လိုက်ပါတယ်။

ရှောင်ပုတန်လေးရဲ့ အမြန်နှုန်းကတော့ သူ့ထက်ကို ပိုမြန်နေပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ကနေ အစိမ်းရောင် အလင်းတန်းတွေဟာ ဖြာကျလာခဲ့ပြီး... ဟင်းလင်းပြင်ရဲ့ အထဲကနေ ပျောက်သွားခဲ့ကာ... ယုဝမ်ဖုန်းရဲ့ အရှေ့မှာ ပြန်ပေါ်လာခဲ့ပါတယ်။

ဝူယွမ်လန်ဟာ သူ့ရဲ့အရှေ့က မြင်ကွင်းကို မယုံကြည်နိုင်စွာနဲ့ စိုက်ကြည့်နေခဲ့ပြီး... မုန့်ချောင်ယန်ကို ကြည့်လိုက်တော့ သူကလည်း ပါးစပ်အဟောင်းသား ဖြစ်နေခဲ့တာကို တွေ့လိုက်ရပါတယ်။ "အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က ယုံကြည်ချက် အတော်ရှိတာပဲ။ သူက ရွှေရောင်ဗဟိုချက် အဆင့်က သူ့ရဲ့တပည့်တွေကို... အခြေတည်ဝိညာဉ် အဆင့်က မာစတာတွေနဲ့ တိုက်ခိုက်ခိုင်းတယ်..."

မုန့်ချောင်ယန်က လင်းဖုန်းရှိရာဆီကို သူ့ရဲ့ အကြည့်တွေကို ရွှေ့လိုက်ပြီး...
"သူကဘာဖြစ်လို့ မတိုက်တာလဲ? သူက ဘာဖြစ်လို့ သူ့ရဲ့ တပည့်တွေကို ယုံကြည်ချက် ဒီလောက်ရှိတာလဲ? သူက တကယ်ကိုပဲ

ဂရုမစိုက်တာလား? ဒါမှမဟုတ် တခြား အကြောင်းရင်းတွေပဲ ရှိလို့များလား?"

## စာစဉ် ၁၃ : အပိုင်း ၅

## အပိုင်း ၂၁၅ : ရှောင်လွှဲ၍ မရခြင်း

ယုမိသားစုနဲ့ လေနတ်ဘုရားဂိုဏ်းက ကျင့်ကြံသူတွေဟာ... သူတို့ရဲ့ ဂရန်းမာစတာတို့ရဲ့ အနောက်ကနေပြီး... လင်းဖုန်းဆီကို ချီတက်လာကြပါတယ်။

သူတို့ဟာ ရှောင်ယန်တို့ တတွေနဲ့ လင်းဖုန်းကို ရန်စဖို့တော့ မဝံ့ရဲကြပါဘူး။ သူတို့ဟာ ဒီလူထူးလူဆန်းတွေကို သူတို့ရဲ့ ဂရန်းမာစတာတွေကို ကိုင်တွယ်စေမှာပါ။

စူရှမ်းရှိက ဦးဆောင်တဲ့ ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ အချို့နဲ့အတူ... အခြေခံအုတ်မြစ် အဆင့်က ကျင့်ကြံသူ တစ်အုပ်စုတို့ဟာ... ဝမ်လင်းရှိရာဆီကို ချီတက်လာကြပါတယ်။

ဝမ်လင်းရဲ့ အမူအရာတွေဟာ တည်ငြိမ်နေခဲ့ပြီး... သူဟာ

တိတ်ဆိတ်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ တစ်ကိုယ်လုံးမှာ မှော်စွမ်းအင်တွေနဲ့ ထိုးတက်လာခဲ့ကာ... အနက်ရောင် ခေတ်ငွေ့တွေကို ထုတ်လွှတ်လိုက်ပါတယ်။ သူဟာ ငရဲကမ္ဘာ မြစ်ရေရဲ့ ဖျက်ဆီးခြင်း အဆင့်ကို တန်းသွားလိုက်တာပါ။ ဒီကနေ့မှာ သူဟာ သွေးသောက်ရမှ ဖြစ်မယ်။

သူ့ရဲ့ဘေးက ယွဲ့ဟုန်ယန်ကတော့... သူ့ထက်တောင် ပိုမြန်နေခဲ့ပါတယ်။ သူမရဲ့ အနက်ရောင်မီးခဲ ပုဆိန်သွား လှံတံရှည်နဲ့ အနက်ရောင် မီးတောက်တွေကို

ထုတ်လွှတ်လိုက်ကာ… လူအုပ်ထဲကို ချီတက်သွားခဲ့ပါတယ်။

ဝမ်လင်းရဲ့ မျက်ခုံးအစုံဟာ တွန့်သွားခဲ့ပြီး တွေးလိုက်ပါတယ်… "ဂျူနီယာလေး ပြောတာက အပိုမဟုတ်ဘူးပဲ။ ဒီအမျိုးသမီးက တကယ့်ကို ခက်ထန်တာပဲ။ သူမက သူမရဲ့ ရန်သူတွေကို အခွင့်အရေး လုံးဝ မပေးခဲ့ဘူး…"

သူက ခေါင်းကိုလှည့်လိုက်ပြီး နောက်တစ်ဘက်ကို ကြည့်လိုက်ပါတယ်။

ယန်ချင်ဟာ ပြေးတက်လာတဲ့
လူလိုင်းလုံးကြီးကို ကြည့်လိုက်ကာ...
အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ပြီး...
"ငါက စီနီယာရဲ့ ကျေးဇူးတွေကို
ပြန်ဆပ်မှဖြစ်မယ်။ သေတာက ကိစ္စမရှိဘူး...
ငါက ဘာကို ကြောက်နေရမှာလဲ?"

ဒီလိုပြောနေပေမဲ့လည်း... ယန်ချင်ဟာ
သူ့ရဲ့အရင်ကဂိုဏ်းဖြစ်တဲ့
တိမ်တိုက်ရေပြင်ဂူ.. ပြီးတော့ ယုမိသားစု..
လေနတ်ဘုရားဂိုဏ်းတို့ရဲ့ မျက်စိထဲမှာ...
သူဟာ ဘာမှမဟုတ်ဘူး ဆိုတာကို
သိနေခဲ့ပါတယ်။ သူ့ရဲ့ ရန်သူတွေနဲ့

တိုက်ခိုက်ရာမှာ... သူဟာ
အကျိုးသက်ရောက်မှု သိပ်မရှိပါဘူး။

သူဟာ ဘယ်တုံးကမှ တိုက်ခိုက်ရေး
ကျွမ်းကျင်သူ မဟုတ်ခဲ့သလို... အခုတော့
သူဟာ သူ့ရဲ့ အားနည်းချက်အတွက်
ပေးဆပ်ရပါတော့မယ်။

ဝမ်လင်းက သူ့ရဲ့မျက်မှောင်ကြီးကို
ကြုတ်လိုက်ပြီး... နောက်ပြန်မကြည့်ခဲ့ပဲ
သူ့ရဲ့လက်ချောင်းနဲ့ လေနတ်ဘုရားဂိုဏ်းက
ကျင့်ကြံသူ တစ်ယောက်ကို သတ်လိုက်ကာ...
ယန်ချင်ရှိရာဆီကို ပြေးလာခဲ့ပြီး

ပြောလိုက်ပါတယ်... "ဘာမှ
မစိုးရိမ်ပဲနဲ့တိုက်... မင်းက သန်မာပါတယ်..."

ဒီအချိန်မှာတော့ ယန်ချင်ဟာ
တုံ့ပြန်နိုင်ခဲ့ပါပြီ။ လေနတ်ဘုရားဂိုဏ်းရဲ့
ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူ
တစ်ယောက်ဖြစ်တဲ့ စူရှမ်းရှီဟာ...
သူ့ရဲ့အရှေ့ကို ရောက်လာခဲ့ပါတယ်။
ယန်ချင်က မဟာလမင်း အကြွင်းမဲ့ရေကို
ထုတ်လွှတ်လိုက်တာကို ကြည့်လိုက်ပြီး...
သူ့ရဲ့ မျက်လုံးတွေဟာ
အရောင်လက်လာခဲ့ကာ... "ဒီလိုမျိုး

ရတနာက မင်းရဲ့လက်ထဲကို ရောက်နေခဲ့တာ အလဟာသ ဖြစ်သွားတာပဲ။ ငါ့ကိုပေးစမ်း!"

သူ့ရဲ့စကား ဆုံးတာနဲ့… ခရမ်းရောင် အလင်းတန်း တစ်ခုဟာ သူ့ရဲ့ အရှေ့မှာ ပေါက်ကွဲသွားခဲ့ပြီး… မီးတောက်မီးလျှံတွေ အဖြစ်ကို အသွင်ပြောင်းသွားခဲ့ပါတယ်။

စူရှမ်းရှီဟာ အသံစူးစူးနဲ့ အော်ဟစ်လိုက်ပါတယ်… "ခရမ်းရောင် အဆောင်လက်ဖွဲ့?! အခြေတည်ဝိညာဉ် အဆင့်က ခရမ်းရောင် အဆောင်လက်ဖွဲ့!" သူက သူ့ရဲ့ ကောင်းကင်ကိုးလွှာ

ဒြပ်မဲ့မုန်တိုင်းပေါ်မှာ ထွက်ပြေးမယ်လို့ ကြံရုံရှိသေးတယ်… တောက်ပလှတဲ့ မီးလျှံတွေဟာ သူ့ကို ဝါးမျိုသွားခဲ့ပါတယ်။

ဝမ်လင်းက သူ့ရဲ့ အကျီလက်စကို ဝှေ့ယမ်းလိုက်ပြီး… "အသုံးမကျတဲ့ အမှိုက်တွေပဲ…" မှင်သက်နေတဲ့ ယန်ချင်ကို ကြည့်လိုက်ကာ ပြောလိုက်ပါတယ်… "မကြောက်ပဲနဲ့ တိုက်။ သူတို့ကို မနိုင်ခဲ့ရင်… ဆရာပေးထားတဲ့ အဆောင်လက်ဖွဲ့တွေကိုသုံး။ ဒါတွေက အလှကြည့်ဖို့ ပေးထားတာ မဟုတ်ဘူး။"

ယန်ချန်က အနည်းငယ် မှင်သက်နေခဲ့ပေမဲ့… သူဟာ တည်ငြိမ်အောင် ကြိုးစားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးအစုံမှာ စိတ်ပိုင်းဖြတ်မှုတွေနဲ့ တောက်ပနေခဲ့လို့ပါ။

သူ့ရဲ့အရှေ့မှာ ယုမိသားစုက ကျင့်ကြံသူ တစ်အုပ်စုတို့ဟာ… အရှေ့ကို တိုးဝင်လာကြပါတယ်။ တစ်ယောက်က ရွှမ်းမင် အကြွင်းမဲ့ရေကို ထုတ်ဖော်ခဲ့တော့… ယန်ချင်ကလည်း သူ့ရဲ့ မဟာလမင်း အကြွင်းမဲ့ရေနဲ့ တုံ့ပြန်လိုက်ပါတယ်။ မြရောင် ရေတွေဟာ အပြာရင့်ရောင် ရေစီးကြောင်း တစ်ခုအဖြစ်ကို

လှည့်ပတ်စီးဆင်းသွားခဲ့ကာ... ယုမိသားစုက ကျင့်ကြံသူဟာ သူ့ရဲ့ ရှမ်းမင် အကြွင်းမဲ့ရေကို ထိန်းချုပ်နိုင်စွမ်း ဆုံးရှုံးသွားခဲ့ပါတယ်။

မဟာလမင်း အကြွင်းမဲ့ရေဟာ ရေကို ရေနဲ့ တိုက်ခိုက်တာဖြစ်ပြီး... ရေအားလုံးတို့ရဲ့ အနှိုင်းမဲ့ ခေါင်းဆောင်လည်း ဖြစ်ပါတယ်။ တကယ်လို့များ ရန်သူဟာ ကျန်တဲ့ အကြွင်းမဲ့ရေ ငါးပါးစလုံးကို အသုံးပြုပြီး တိုက်ခိုက်ရင်တောင်မှ... မဟာလမင်း အကြွင်းမဲ့ရေဟာ နောက်ဆုံးမှာ အောင်နိုင်မှာပဲ ဖြစ်ပါတယ်။

ယန်ချင်ရဲ့ ကျင့်ကြံမှု စွမ်းအင်ဟာ
သူ့ရဲ့ပြိုင်ဘက်တွေလောက်
အဆင့်မမြင့်နိုင်ပေမဲ့… သူဟာ အစောနက
ခွန်းလွန်တောင်ပေါ်မှာ မဟာလမင်း
အကြွင်းမဲ့ရေစီးကြောင်း တစ်ခုကို
စုပ်ယူထားနိုင်ခဲ့တာပါ။ မဟာလမင်း
အကြွင်းမဲ့ရေဟာ ရေပြင်ကြီး တစ်ခုလို
စီးဆင်းလာတဲ့ အချိန်မှာ… ယုမိသားစုရဲ့
ရွှမ်းမင် အကြွင်းမဲ့ရေဟာ သူ့ရဲ့သခင်တွေကို
သစ္စာဖောက်သွားခဲ့ပါတယ်။

ယန်ချင်က မှော်ကျိန်စာ တစ်ခုကို
ဖော်ဆောင်လိုက်တော့… ရွှမ်းမင်

အကြွင်းမဲ့ရေဟာ သူ့ရဲ့ သခင်တွေကို
ပြန်လည် တိုက်ခိုက်ခဲ့ပါတယ်။ ဒီအချိန်မှာပဲ…
ယုမိသားစုရဲ့ ကျင့်ကြံသူ
ဆယ်ယောက်ကျော်တို့ဟာ ရေခဲရုပ်ထုတွေ
အဖြစ်ကို ပြောင်းကုန်ကြပါတယ်။

ရှမ်းမင်အကြွင်းမဲ့ ရေတွေရဲ့ အေးခဲခြင်းကို
ခံလိုက်ရတော့… သူတို့ရဲ့ စိတ်ဝိညာဉ်တွေပါ
အေးစက်ကုန်ကြပြီး… သူတို့ရဲ့
ကံကြမ္မာတွေကို မှန်းဆနိုင်ပါတယ်။

သူ့ရဲ့ တည်ငြိမ်နေတဲ့ အမူအရာအောက်မှာ
ယန်ချင်ရဲ့ လူသတ်လိုတဲ့ စိတ်တွေကို

ကြည့်လိုက်ပြီး… ဝမ်လင်းက သူ့ရဲ့
နဖူးတွေကို တွန်းလိုက်ကာ ဖွဖွလေး
ပြုံးလိုက်ပါတယ်။

သူ့ရဲ့ လက်ချောင်းတွေနဲ့ ကျပန်း
ညွှန်ပြလိုက်တော့… ငရဲကမ္ဘာကို
သွားတဲ့လမ်းဟာ ပေါ်လာခဲ့ပါတယ်။
မြေအောက်ကနေ အရိုးလက်သည်းတွေဟာ
ပေါ်လာခဲ့ကာ… ရန်သူတွေကို မြေအောက်က
ငရဲဆီကို ဆွဲချနေကြပါတယ်။

ဒီမြင်ကွင်းကို ရှိနေကြတဲ့
သူတွေအားလုံးကလည်း မြင်နေကြရပါတယ်။

သူတို့တတွေဟာ ခေါင်းတွေကို ခါလိုက်ပြီး တွေးနေကြပါတယ်... "အခြေခံအုတ်မြစ် အဆင့်က တပည့်ကတောင် ဒီလောက်အထိ ကြမ်းတာလား? သူတို့တတွေဟာ တကယ်ပဲ အဆင့်တူရင် ဗိုလ်မထားဘူးလား?"

သူ့ရဲ့ ဆွေမျိုးသားချင်းတွေဟာ တစ်သုတ်ပြီးတစ်သုတ် သေဆုံးကုန်ကြပေမဲ့... ယုဝမ်ဖုန်းဟာ ဂရုစိုက်တဲ့ပုံ တစ်စက်မှ မပြပါဘူး။ သူ့ရဲ့ အာရုံတွေ အားလုံးကို ရှောင်ပုတန်လေးကို သတ်ဖို့ရာ စုစည်းထားခဲ့ပါတယ်။

ဒါပေမဲ့လည်း ရှောင်ပုတန်လေးဟာ
သူထင်ထားတာထက် ပိုပြီးတော့
သန်မာနေခဲ့ပါတယ်။

ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးနဲ့
ဆက်သွယ်ထားတဲ့ ရှောင်ပုတန်လေးဟာ...
သူ့ရဲ့ အကူအညီနဲ့ ယုဝမ်ဖုန်းလို့ပဲ
လေဟာနယ်ကို ဖြတ်သန်းပြီးတော့
သွားလာလို့ ရနေပါတယ်။ ယုဝမ်ဖုန်းရဲ့
လေဟာနယ်ကို ချိတ်ပိတ်နိုင်ခြင်းနဲ့
ဖျက်ဆီးနိုင်ခြင်း စတဲ့... အခြေတည်ဝိညာဉ်
အဆင့်က စွမ်းရည်တွေကို သူ့အနေနဲ့
ကြောက်စရာမလိုတော့ပါဘူး။

ဒါက ယုဝမ်ဖုန်းနဲ့ ရှောင်ပုတန်လေးရဲ့ စွမ်းရည်ကွာခြားမှုကို အများကြီး လျှော့ချပေးနိုင်ခဲ့ပါတယ်။ ယုဝမ်ဖုန်းဟာ တိုက်ပွဲ အတွေ့အကြုံနဲ့ မှော်စွမ်းအင်တို့နဲ့သာ... ရှောင်ပုတန်လေးကို အသာစီး ယူနိုင်ခဲ့ပါတယ်။

ရှောင်ပုတန်လေးဟာ တုန်လှုပ်ခြင်း ကင်းမဲ့စွာနဲ့ ပြောလိုက်ပါတယ်... "ခင်ဗျားရဲ့ မှော်စွမ်းအင်တွေဟာ ကျွန်တော့်ထက် သာနေပေမဲ့... ကျွန်တော့်မှာက ခင်ဗျားထက် သာတဲ့နေရာတွေ အများကြီးရှိတယ်..."

သူ့ရဲ့စကား ဆုံးတာနဲ့ သူဟာ
လေဟာနယ်ထဲမှာ လျှင်မြန်စွာနဲ့
လှုပ်ရှားလိုက်ကာ… ယုဝမ်ဖုန်းရဲ့ အရှေ့မှာ
ပေါ်လာခဲ့ပါတယ်။ သူဟာ သူ့ကို
လက်သီးတစ်ချက် ပစ်သွင်းလိုက်ပါတယ်။

ယုဝမ်ဖုန်းဟာ အေးစက်စွာနဲ့
နှာခေါင်းရှုံ့လိုက်ပြီး… သူ့ရဲ့
မှော်စွမ်းအင်တွေကို စုစည်းကာ
ခုခံလိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ သူဟာ
တစ်ခုခုက မှားနေပြီ ဆိုတာကို
ခံစားလိုက်ရပါတယ်။

ရှောင်ပုတန်လေးရဲ့ လက်သီးချက်ဟာ
သာမန်ထက်ကို အများကြီး ပိုပြီးမှ
မြန်ဆန်နေခဲ့တာပါ။

သူ့ရဲ့စွမ်းအားဟာ သူတို့ရဲ့ စွမ်းအား
အထိတ်အထိပ်ကို ရောက်လုနီးနီး ဖြစ်နေတဲ့
စွမ်းအားကြီးတဲ့ လေပြင်းနဲ့…
နားကွဲလုမတတ် မိုးကြိုးတွေလိုပါပဲ။
တခြားစကားလုံးနဲ့ ပြောရရင်… သူဟာ သူ့ရဲ့
စွမ်းအားအမြင့်ဆုံး အခြေအနေကို
ရောက်နေခဲ့ပါတယ်။

အမြန်နှုန်းနဲ့ စွမ်းအားကလွဲလို့ တခြားဘာမှ မရှိခဲ့ပါဘူး။

လေပြင်းတွေထက် မြန်ဆန်ပြီး…
မိုးကြိုးတွေထက် ခက်ထန်ပါတယ်။

ဒါကတော့ ခန္ဓာကိုယ် တိုက်ခိုက်ခြင်းဖြစ်တဲ့…
ကောင်းကင်လှုပ်ခါ မိုးကြိုးမုန်တိုင်းပဲ ဖြစ်ပါတယ်။

ဒါကတော့ သူ့ရဲ့ရွှေရောင် ဗဟိုချက်ကို ဖော်ဆောင်လို့ အပြီးမှာ…
ရှောင်ပုတန်လေးဟာ မဟာကောင်းကင်

တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု
အင်းရှစ်ကွက်ကနေ… တီထွင်နိုင်ခဲ့တဲ့
နည်းစနစ် တစ်ခုပဲ ဖြစ်ပါတယ်။

ဒီအချိန်မှာ သူ့ရဲ့ လူပျိုပေါက်
အရွယ်ကိုတောင် မရောက်သေးတဲ့
ခန္ဓာကိုယ်ဟာ.. ကြောက်မက်ဖွယ်ရာ
စွမ်းအားတွေနဲ့ ပေါက်ကွဲနေခဲ့ပါတယ်။

သူ့ရဲ့ခန္ဓာကိုယ်ထဲက အသားစိုင်တွေ
အားလုံးဟာ စွမ်းအင်တွေနဲ့
အော်မြည်နေခဲ့ပါတယ်။ အာရုံကြောတွေ..
ဒွာရပေါက်တွေ အားလုံးတို့ဟာ လျှပ်စီးတွေနဲ့

တစ်ရှဲရှဲ မြည်နေခဲ့ကာ… တင်းကြပ်ပြည့်လျှံ နေခဲ့ပါတယ်!

ရှောင်ပုတန်လေးရဲ့ အဝတ်အစားတွေနဲ့ ဆံနွယ်တွေဟာ… လျှပ်စစ်စီးကြောင်းတွေနဲ့ တစ်ဖျတ်ဖျတ် လူးလွန့်နေကြပါတယ်။ သူ့ရဲ့ ဘေးပတ်ပတ်လည်မှာ လေဟာနယ်ထဲမှာ လွင့်ပျံနေကြတဲ့ ဖုန်မှုန့်တွေတောင်… လျှပ်စစ်ခါတ်တွေကြောင့် ငြိမ်သက်ကုန်ကြပါတယ်။

ယုဝမ်ဖုန်းဟာ အံ့သြတုန်လှုပ်သွားခဲ့ပြီး… စဥ်းစားဖို့တောင် အချိန်မရှိတော့ပါဘူး။ သူ့ရဲ့

ရှမ်းမင် အကြွင်းမဲ့ရေဟာ သူ့ရဲ့အရေ့ကို ရောက်လာခဲ့ကာ… ရှောင်ပုတန်လေးရဲ့ လက်သီးချက်ကနေ ခုခံပေးခဲ့ပါတယ်။

"ဘုန်း!" ပေါက်ကွဲမှုရဲ့ အလယ်မှာ… ရှမ်းမင် အကြွင်းမဲ့ရေနဲ့ ဖွဲ့စည်းထားတဲ့ ရေခဲဒိုင်းဟာ… ရှောင်ပုတန်လေးရဲ့ လျှပ်စီးလက်သီးရဲ့ ချိုးဖောက်ခြင်းကို တကယ်ပဲ ခံလိုက်ရပါတော့တယ်။

ယုဝမ်ဖုန်း ကိုယ်တိုင်ကတော့ ဒဏ်ရာမရခဲ့ပေမဲ့… သူ့ရဲ့ မျက်နှာကတော့ စိမ်းသွားခဲ့ပါတယ်။ တကယ်လို့များ

ဒီလက်သီးချက်ဟာ သူ့ကိုယ်ပေါ်ကို
ကျရောက်ခဲ့ရင်… သူဟာ သက်သာမှာ
မဟုတ်ဘူး ဆိုတာကို သူက သိနေခဲ့ပါတယ်။

ရှောင်ပုတန်လေးရဲ့ မှော်စွမ်းအင်ဟာ သူ့ကို
မယှဉ်နိုင်ခဲ့ပေမဲ့… သူ့ရဲ့ ခန္ဓာကိုယ်
သိုင်းပညာရပ်ဟာ သူ့ထက်ကို ပိုသာပါတယ်!

ယုဝမ်ဖုန်းရဲ့ ရှောင်ပုတန်လေး အပေါ်မှာ
သာနေတဲ့ မှော်စွမ်းအင်ဟာ…
ရှောင်ပုတန်လေးက သူ့ရဲ့ အပေါ်မှာ
သာနေတဲ့ ရုပ်ခန္ဓာကိုယ် သိုင်းပညာကို
မယှဉ်နိုင်ပါဘူး။

ရှောင်ပုတန်လေးနဲ့ ယှဉ်ပြိုင်
တိုက်ခိုက်နေရင်း… ယုဝမ်ဖုန်းရဲ့ မျက်နှာဟာ
လေးနက်လာခဲ့ပါတယ်။ သူ့ရဲ့ဘေးမှာလည်း
မာစတာ ဆိုင်ကလုန်းဟာ… အလားတူ
ကံကြမ္မာနဲ့ ရင်ဆိုင်နေရပါတယ်။

စကြာဝဠာ ကြေးမုံရဲ့ အကူအညီနဲ့အတူ…
ရှောင်ယန်ဟာ သူ့ရဲ့ ခံစစ်တွေကို
လျှစ်လျူရှုထားခဲ့ပြီး… မာစတာ
ဆိုင်ကလုန်းကို တိုက်စစ်ဆင်နေခဲ့ပါတယ်။
အရေအတွက်သုံးခု အင်းရုစ်ကွက် ဖြိုခွဲခြင်း..
ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နဲ့

မဟာသူရိယ အကြွင်းမဲ့ မီးတောက်တို့ကို အသုံးပြုကာ... မာစတာ ဆိုင်ကလုန်းကို တရစပ် ထိုးနှက်နေတော့... သူ့ရဲ့ ဆံပင်တွေဟာ ဖရိုဖရဲ ဖြစ်နေခဲ့ကာ မျက်နှာကလည်း သုန်မှုန်နေခဲ့ပါတယ်။

သူ့ရဲ့ လေနတ်ဘုရားဂိုဏ်းက နည်းစနစ်တွေဟာ လေပြင်းတွေလိုမျိုး လျှင်မြန်သွက်လက်ပြီး... သူတို့ဟာ အစွမ်းထက်ပေမဲ့ ခံစစ်ထက်စာရင်... တိုက်စစ်အတွက် ပိုပြီးတော့ သင့်တော်နေတာပါ။

ဒါပေမဲ့လည်း စကြာဝဠာ ကြေးမုံရဲ့ ဝူတူးဗဟို နတ်ဘုရား အလင်းတန်းဟာ ရှောင်ယန်ကို လွှမ်းခြုံထားခြင်းနဲ့ အတူ… သူ့ရဲ့ တိုက်ခိုက်မှုတွေဟာ ဘာမှအရာ မရောက်ခဲ့ပါဘူး။ နောက်ဆုံးမှာတော့ တိုက်ခိုက်မှုကိုသာ ဦးစားပေးတဲ့ မာစတာ ဆိုင်ကလုန်းဟာ… ရှောင်ယန်ကို ခြစ်ရာလေး တစ်ခုတောင် မထင်နိုင်ခဲ့ပဲ သူ့ရဲ့တိုက်ခိုက်မှုတွေကိုသာ ကြိုးစားပြီးမှ ရှောင်တိမ်းနေရပါတော့တယ်။

မာစတာ ဆိုင်ကလုန်းရဲ့ ပုံစံဟာ ၁၃နှစ် ၁၃နှစ်ထက်ကို ပိုပြီးမှ မကြီးသေးပါဘူး။ သူ့ရဲ့

အနက်ရောင် ဆံပင်တွေကို
ဖားလျားချထားခဲ့ပြီး… သူ့ရဲ့မျက်နှာဟာ
ကျောက်စိမ်းလိုမျိုး ချောမွေ့နေပါတယ်။
သူ့ကိုကြည့်ရတာ စာသင်သား တစ်ယောက်နဲ့
တူနေခဲ့ပါတယ်။

ဒါပေမဲ့လည်း အမှန်တော့ သူဟာ
တခြားခန္ဓာကိုယ် တစ်ခုကို ဝင်စားပြီး…
သူ့ရဲ့သက်တမ်းကို ဆွဲဆန့်ထားတာပါ။
သူ့ရဲ့အသက်ဟာ တကယ်တမ်းဆိုရင်
ထောင်နဲ့ချီပြီး ရှိနေပါပြီ။ အခုတော့ သူဟာ
သူထက် ရာစုနှစ်ပေါင်းများစွာ ငယ်တဲ့…
ဂျူနီယာ တစ်ယောက်ရဲ့ တိုက်ခိုက်ခြင်းကို

မရှုမလှ ခံနေရတော့… မာစတာ
ဆိုင်ကလုန်းဟာ ကြိတ်မနိုင် ခဲမရ
ဖြစ်နေခဲ့ပါတယ်။

သူဟာ သူ့ရဲ့ လက်ဝါးတွေကို
စုစည်းလိုက်ပြီး… ထူးဆန်းတဲ့ သင်္ကေတ
တစ်ခုကို ဖော်ဆောင်လိုက်ပါတယ်။
ဒီအချိန်မှာပဲ ရာပေါင်းများစွာသော
ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မုန်တိုင်း တို့ဟာ…
အတူတကွ စုစည်းသွားခဲ့ကြပါတယ်။

နဂိုက မမြင်နိုင်တဲ့ လေပြင်းတို့ဟာ တစ်ခုရဲ့
အပေါ်မှာ တစ်ခု ထပ်သွားကြကာ…

၃မီတာလောက် ရှည်ပြီး ၁မီတာ ကျယ်ကာ..
၆၀ စင်တီမီတာလောက် ထူတဲ့…
ခဲရှည်တစ်ချောင်း အဖြစ်ကို
ပြောင်းသွားခဲ့ပါတယ်။

ဒါကတော့ လေနတ်ဘုရားခဲပဲ
ဖြစ်ပါတော့တယ်!

ဒီခဲက ပေါ်လာတော့… အားလုံးက
အာရုံစိုက်ပြီး ကြည့်လိုက်ကြပါတယ်။
မာစတာ ဆိုင်ကလုံးရဲ့ အခုနည်းစနစ်ရဲ့
တိုက်စစ်နဲ့ ဖျက်ဆီးနိုင်စွမ်းတို့ဟာ…

လီရှုံခေးနဲ့ ကောင်းကောင်းကြီး ယှဉ်နိုင်ပါတယ်။

စကြာဝဠာ ကြေးမုံဟာ ဒီအကွက်ကိုတော့ ရင်ဆိုင်နိုင်မှာ မဟုတ်ပါဘူး!

ရှောင်ယန်က ဒါကိုကြည့်လိုက်ပြီး ရယ်လိုက်ပါတယ်... "ဒါဆိုရင်လည်း ခေးချင်း ယှဉ်ကြတာပေါ့!" သူဟာ စကြာဝဠာ ကြေးမုံနဲ့ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို သိမ်းလိုက်ပါတယ်။ တံခါးလိုမျိုး ကျယ်ဝန်းပြီး သတ္တုလိုမျိုး လေးလံတဲ့... ခေးတုံးကြီး

တစ်ချောင်းဟာ သူ့ရဲ့လက်ထဲမှာ
ပေါ်လာခဲ့ပါတယ်။

ရောင်ခြည်နတ်ဆိုး အာဏာရှင်ဓား!

ရှောင်ယန်က သူ့ရဲ့ ရောင်ခြည်နတ်ဆိုး
အာဏာရှင်ဓားကို မြှောက်လိုက်တော့…
အဆုံးမရှိတဲ့ ခရမ်းပြာရောင်
မီးတောက်တွေဟာ ကောင်းကင်ယံမှာ
ဖုံးလွှမ်းသွားခဲ့ပါတယ်။ ညကောင်းကင်ယံဟာ
အလင်းရောင်တွေနဲ့ တောက်ပသွားခဲ့ပါတယ်။

ခရမ်းပြာရောင် မီးတောက်တို့ဟာ
အရာအားလုံးကို ဖျက်ဆီးချင်နေတဲ့ အတိုင်း...
လူးလွန့်ကခုန် နေကြပါတယ်။
လေနတ်ဘုရားခေးနဲ့ ယှဥ်လိုက်ရင်... သူဟာ
ပိုပြီးတော့ ခက်ထန်ကြမ်းတမ်း နေပါတယ်။

စွမ်းအားကြီးသော ကောင်းကင်သတ်ဖြတ်ခြင်း
မီးတောက်!

ဒါကတော့ ရှောင်ယန်က ရွှေရောင်ဗဟိုချက်
အဆင့်ကို ရောက်ပြီးနောက်မှာ
တီထွင်ထားခဲ့တဲ့... အရေအတွက်သုံးခု

အင်းရှစ်ကွက်ကနေ ဆင်းသက်လာတဲ့ ဒုတိယ
နည်းစနစ်ပဲ ဖြစ်ပါတော့တယ်။

ဟစ်ကြွေးနေခဲ့ရင်း သူဟာ သူ့ရဲ့
ရောင်ခြည်နတ်ဆိုး အာဏာရှင်ဓားကို
အသုံးပြုကာ... လေနတ်ဘုရားဓားနဲ့
ထိပ်တိုက်ရင်ဆိုင် ခဲ့လိုက်ပါတယ်။

ဒီဓားနှစ်ချောင်းရဲ့ ထိတွေ့မှုကနေ
ညကောင်းကင်ယံမှာ ခရမ်းရောင်
ဒဏ်ရာတစ်ခုဟာ ပေါ်လာခဲ့ပါတယ်...
ကောင်းကင်ကိုယ်တိုင်က
နှစ်ခြမ်းကွဲသွားတော့ မလိုပါပဲ။

ဒီတိုက်ခိုက်မှုရဲ့ လှိုင်းလုံးတွေကနေ
သဲမုန်တိုင်း တစ်ခုဟာ ဖြစ်ပေါ်လာခဲ့ပြီး…
မည်းမှောင်နေတဲ့ ကောင်းကင်ယံဟာ
တိုက်ခိုက်မှုတွေရဲ့ မီးပွင့်တွေကြောင့်
လင်းလက်လာခဲ့ပါတယ်။

ဒီအချိန်မှာပဲ တခြားတိုက်ပွဲတွေရဲ့
အသံတွေဟာ တိတ်ဆိတ်သွားခဲ့ကာ…
မီးတောက်မီးလျှံတွေနဲ့ လေပြင်းတို့ရဲ့
အသံကိုသာ ကြားနိုင်ခဲ့ပါတယ်။

မာစတာ ဆိုင်ကလုန်းရဲ့ လေနတ်ဘုရားခေါ်းကို ရင်ဆိုင်ခဲ့ပြီးတဲ့နောက်မှာ... ရှောင်ယန်ဟာ သူ့ရဲ့ ရောင်ခြည်နတ်ဆိုး အာဏာရှင်ခေါင်းနဲ့ အတူ မားမားမတ်မတ် ရပ်နိုင်နေခဲ့တာကို... အားလုံးဟာ မယုံကြည်နိုင်ကြစွာနဲ့ မျက်လုံးကြီးတွေ ပြူးပြီးမှ ကြည့်နေခဲ့ပါတယ်။

ရွှေရောင်ဗဟိုချက် အဆင့်မှာသာ ရှိနေကြတဲ့... ရှောင်ယန်.. ဇူရီနဲ့ ရှောင်ပုတန်လေးတို့ဟာ... အခြေတည်ဝိညာဉ် အဆင့်မှာ ရှိနေကြတဲ့ မာစတာ ဆိုင်ကလုန်း.. ကျန်းဟိုင်နဲ့

ယုဝမ်ဖုန်းတို့ရဲ့ တိုက်ခိုက်မှုတွေကို ကြံ့ကြံ့ခံနိုင်ခဲ့တာပါ။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ကျော်ကြားလာမှုကို ရပ်တန့်လို့ မရနိုင်တော့ဘူး!"

တိုက်ပွဲတစ်ခုလုံးကို ဘေးကနေ ရပ်ကြည့်နေခဲ့တဲ့ ဝူယွမ်လန်ဟာ သက်ပြင်းကိုသာ ချလိုက်ပါတယ်။

သူ့ရဲ့ဘေးမှာ ရှိနေတဲ့ မုန့်ချောင်ယန်ဟာ သူ့ကိုလှည့်ကြည့်လိုက်ပြီး... "စီနီယာ... သေချာပြီလား?"

ဝူယွမ်လန်က ခေါင်းကိုညိတ်လိုက်ပြီး ပြောလိုက်ပါတယ်... "တခြားလူတွေက ကံကောင်းနေတဲ့ အချိန်မှာ ချီးကျူးဖို့ကတော့ လွယ်တယ်ကွ။ ဒါပေမဲ့လည်း သူတို့က ဒုက္ခရောက်နေတဲ့ အချိန်မှာ... အကူအညီ ပေးနိုင်ဖို့ကတော့ မလွယ်ဘူး။ ဒါပေမဲ့လည်း သူတို့ရဲ့ လက်ရှိအခြေအနေ အရဆိုရင်... သူတို့နှစ်ဦးနှစ်ဘက်ဟာ တူညီတယ်လို့တောင် ပြောဖို့မလွယ်တော့ဘူး..."

မုန့်ချောင်ယန်က တိတ်ဆိတ်စွာနဲ့…
"လေနတ်ဘုရားဂိုဏ်း တစ်ခုတည်းကို
ထည့်တွက်လို့ မရတော့ဘူး။ ယုမိသားစု..
မီးလျှံခြားဂိုဏ်းတို့နဲ့… အလင်းခြားမြန်ဂိုဏ်း..
စူတောင်ခြားဂိုဏ်းတို့ကိုပါ ပြိုင်ဘက်တွေ
အနေနဲ့ ထည့်တွက်ရတော့မယ်!"

"တကယ်လို့များ ကျွန်တော်တို့က
သတိမထားခဲ့ရင်… ကျွန်တော်တို့ရဲ့ ထာဝရ
တောင်တန်းဂိုဏ်းဟာ ကျွဲတွေကြားက
မြေစာပင် ဖြစ်သွားလိမ့်မယ်။"

ဝူယွမ်လန်ရဲ့ မျက်နှာကတော့ တည်ငြိမ်နေခဲ့ပြီး... "တစ်ယောက်ဟာ ရတနာတွေကို အခက်အခဲတွေရဲ့ အကြားကသာ ရရှိနိုင်တယ်။ ငါတို့ရဲ့ ထာဝရ တောင်တန်းဂိုဏ်းဟာ အခုလိုမျိုး အခြေအနေကိုတောင် ရောက်နေခဲ့ပြီဆိုတော့... ဒီထက်ပိုပြီး ဘာကြောက်စရာ လိုတော့လို့လည်း?"

မုန့်ချောင်ယန်က ခေါင်းညိတ်လိုက်ပြီး... "ဒါဆိုရင်လည်း... စီနီယာ လုပ်စရာ ရှိတာကိုသာ လုပ်ပါ။ ကျွန်တော်က အနောက်ကနေ ကူညီပါ့မယ်။"

ဝူယွမ်လန်ရဲ့ မျက်နှာဟာ
ပြုံးရွှင်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက
တစ်ခုခုကို ပြောမယ် လုပ်ဆဲမှာပဲ…
သူ့ရဲ့မျက်နှာပေါ်က အပြုံးဟာ
အေးခဲသွားခဲ့ပါတယ်။

ဒီနေရာမှာ ရှိနေကြတဲ့ လူတွေအားလုံးရဲ့
အပေါ်ကို ရောမ ဖိအားကြီး တစ်ခုဟာ
ရုတ်ချည်းပဲ ကျဆင်းလာခဲ့ပါတယ်။

ဒီခံစားချက်မျိုးဟာ သာမန်ခံစားချက်မျိုး
မဟုတ်ပါဘူး။ ဒါက အလိုလိုဖြစ်လာတဲ့..

မွေးရာပါ ကြောက်ရွံ့ခြင်းမျိုးပါ။
ယုန်တစ်ကောင်က ဝံပုလွေ ဒါမှမဟုတ်
ခြသေ့်တစ်ကောင်ကို တွေ့လိုက်ရတဲ့
အခါမှာ... ပေါ်လာတတ်တဲ့
ကြောက်ရွံ့မှုမျိုးပါ။ သူဟာ တစ်ယောက်ရဲ့
စိတ်ဝိညာဉ် အတွင်းက အနက်ရှိုင်းဆုံး
နေရာကနေ လာခဲ့ခြင်း ဖြစ်ပါတယ်။

အားလုံးဟာ လှည့်လိုက်ပြီး
တစ်နေရာတည်းကို စိုက်ကြည့်လိုက်ပါတယ်။
အဲ့ဒီနေရာမှာ လူတစ်ယောက်က
ရပ်နေပါတယ်... လူငယ်တစ်ယောက်ပါ။

သူ့ရဲ့မျက်နှာဟာ တည်ကြည်ခန့်ညားပြီး ချောမောကာ… အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်ဟာ သဲလိုမျိုး ပေါ့ပါးပြီး… ထက်မြက်တဲ့ အရိပ်အရောင် တစ်ခုမှ မရှိပါဘူး။ သူ့ကိုကြည့်ရတာ လေပြင်းတစ်ချက်.. ဒါမှမဟုတ် သဘာဝ ရေပန်းတစ်ခုနဲ့ တူနေခဲ့ပါတယ်။

ဒါပေမဲ့လည်း… သူ့ရဲ့မျက်လုံးဟာ သန်းကောင်ယံညထဲက ကြယ်စင်တွေလိုမျိုး လင်းလက်နေခဲ့ပါတယ်။ ကြည့်ရတာ

သူ့ရဲ့အကြည့်နဲ့ တစ်ယောက်ရဲ့
စိတ်ဝိညာဉ်ထဲကို ထိုးဖောက်နိုင်နေသလိုပါပဲ။

ဒါကတော့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
လက်ရှိ လူငယ်ခေါင်းဆောင်…
တာအိုခြေလျှင် ခရီးသည်… ပန်ကျဲပဲ
ဖြစ်ပါတယ်!

ပန်ကျဲပေါ်လာတာနဲ့ ဖိအားတွေကို
ခံစားနေရတဲ့ သူတွေဟာ… ခုန်းယန်၊
ကျန်းဟိုင်တို့ တတွေသာ မကပါဘူး။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ ဘက်မှာလည်း…
အခြေတည်ဝိညာဉ် အဆင့်က

မြောင်ရှိုးဟောင်နဲ့ ခန်းနန်ဟွာ...
ရွှေရောင်ဗဟိုချက် အဆင့်က ရှောင်ယန်၊ ဇူရီနဲ့
ရှောင်ပုတန်လေးတို့ဟာ ရောမ
ဖိအားကြီးတွေကို ခံစားနေရပြီး... သူတို့ရဲ့
မှော်စွမ်းအင်တွေကို မမြင်နိုင်တဲ့
အင်အားတစ်ခုက ပိတ်ဆို့ထားခဲ့သလို
ခံစားနေရပါတယ်။

"ပန်ကျဲက အခြေတည်ဝိညာဉ် အဆင့်မှာပဲ
ရှိသေးတာ... သူဟာ ဒီလောက်အထိ အင်အား
မကောင်းသင့်ဘူး..." ဝူယွမ်လန်ဟာ
မုန့်ချောင်ယန်ဆီကို ကြည့်လိုက်ပြီး...
သူတို့နှစ်ယောက်စလုံးက တူညီစွာနဲ့

ပြောလိုက်ကြပါတယ်..."မော်ရတနာ!
ပန်ကျဲဆီက မော်ရတနာက ဒီဖိအားတွေကို
ပေးနေတာပဲ ဖြစ်ရမယ်။ ပြီးတော့လည်း
ဒီမော်ရတနာဟာ... အင်မော်တယ် ဝိညာဉ်
အဆင့်က ကျင့်ကြံသူ တစ်ယောက်ဆီကပဲ
ဖြစ်ရမယ်!"

## စာစဉ် ၁၃ : အပိုင်း ၆

## အပိုင်း ၂၁၆ : မြင့်မြတ်သောတောင်! မြင့်မြတ်သောတောင်!

ဒီမူလကောင်းကင် ကမ္ဘာမှာ... အင်မော်တယ်
ဝိညာဉ် အဆင့်က
မဟာကျင့်ကြံသူတွေကသာ... သူတို့ရဲ့
ကိုယ်ပိုင် မှော်ရတနာတွေကို
ဖန်ဆင်းထုလုပ်နိုင်ကြတာ ဖြစ်ပါတယ်။
အင်မော်တယ် ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေ အားလုံးဟာ
မှော်အိုင်တမ်တွေကိုသာ ဖန်ဆင်းနိုင်ပြီး...
မှော်ရတနာတွေကို မထုလုပ်နိုင်ကြပါဘူး။

မှော်အိုင်တမ်တွေဟာ သူတို့ကို ပြုလုပ်တဲ့
ကျင့်ကြံသူတွေရဲ့ အဆင့်ကို လိုက်ပြီးတော့
သတ်မှတ်ထားကြတာ ဖြစ်ပါတယ်။ သူတို့ကို

အခြေတည်ဝိညာဉ် အဆင့် မှော်အိုင်တမ်၊
ရွှေရောင်ဗဟိုချက် အဆင့် မှော်အိုင်တမ်၊
အခြေခံအုတ်မြစ် အဆင့် မှော်အိုင်တမ်တို့နဲ့
ချီသာဝက အဆင့် မှော်အိုင်တမ်တွေ
ဆိုပြီးတော့ သတ်မှတ်ထားကြတာပါ။

အထက်ပါ ဖော်ပြချက်တွေအရ...
မှော်ရတနာတို့နဲ့ မှော်အိုင်တမ်တို့ရဲ့ အခြေခံ
သဘောတရားဟာ... လုံးလုံးကြီးကို
ကွဲပြားခြားနား နေကြတာကို တွေ့ရမှာပဲ
ဖြစ်ပါတယ်။

မှော်ရတနာတွေဟာ သူတို့ရဲ့ ကိုယ်ပိုင် ရတနာ စိတ်ဝိညာဥ်တွေကို ဖော်ဆောင်နိုင်မှာဖြစ်ပြီး… သီးသန့် သက်ရှိပုံစံမျိုးနဲ့ စဥ်းစားနိုင်စွမ်း၊ မှတ်မိနိုင်စွမ်းတို့ ရှိမှာပဲ ဖြစ်ပါတယ်။ ပြီးတော့လည်း သူတို့ဟာ သူတို့ရဲ့ ဘေးပတ်ဝန်းကျင်က စိတ်ဝိညာဥ် စွမ်းအင်တို့ကို စုပ်ယူနိုင်စွမ်းရှိပြီး… အဆင့်တိုးတက်အောင် ပြုလုပ်နိုင်စွမ်းလည်း ရှိတာပါ။

ဒါကြောင့်မို့ပဲ မှော်ရတနာ တစ်ခုဟာ… သူ့ကိုဖန်ဆင်းလိုက်တဲ့ မူလ အင်မော်တယ်

ဝိညာဉ် အဆင့်က ကျင့်ကြံသူထက်တောင်
ပိုပြီးမှ သန်မာနိုင်စွမ်း ရှိပါတယ်။

ယင်-ယန်တို့ကို မျှခြေပျက်နိုင်အောင်
ပြုလုပ်နိုင်ခြင်း၊ တောင်တန်းတို့နဲ့
ပင်လယ်တွေကို ပြောင်းပြန်လှန်နိုင်ခြင်း
စတာတွေဟာ... မေးခွန်းထုတ်စရာမျိုးတွေ
မဟုတ်ကြပါဘူး!

ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
တောင်ပေါ်ကနေ ဆင်းလာတဲ့
တပည့်တွေထဲမှာ ခေါင်းဆောင်ဖြစ်တဲ့
ပန်ကျဲကို... သူ့ရဲ့ဆရာက မေ့ာ်ရတနာ

တစ်ခုပေးထားတာဟာ လူတွေအားလုံးရဲ့
အံ့ဩဖွယ်ရာ မဟုတ်ပါဘူး။

ကျင့်ကြံမှု လောကရဲ့ နံပါတ်တစ်
နယ်မြေဖြစ်တဲ့ ဟင်းလင်းပြင်
ဘုရားကျောင်းမှာ... သာမန်ထက် ပိုပြီးတော့
အစွမ်းထက်တဲ့ မှော်ရတနာတွေ
ရှိမယ်ဆိုတာဟာ သံသယဖြစ်ဖွယ် မရှိပါဘူး။

မှော်ရတနာဟာ သူ့ကိုယ်သူ
မဖော်ပြရသေးခင်မှာပဲ... သူဟာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက သူတွေကို

သူ့အော်ရာနဲ့တင် ဖိနှိပ်ထားနိုင်စွမ်း ရှိနေပါတယ်။

ခုန်းယန်၊ မာစတာ ဆိုင်ကလုန်းနဲ့ ကျန်တဲ့သူတွေဟာ အဲ့ဒီလောက်ထိ မခံစားခဲ့ရပါဘူး။ ပန်ကျဲက သူတို့ဘက်မှာ ရပ်တည်လိုက်တာနဲ့ တပြိုင်နက်… သူတို့ရဲ့ ဖိအားတွေဟာ အများကြီး လျော့ကျသွားခဲ့ပါတယ်။

ခုန်းယန်ဟာ ပန်ကျဲကို ဝန်တိုစွာနဲ့ ကြည့်လိုက်ပေမဲ့… ဘာကိုမှ မပြောခဲ့ပါဘူး။

ဒီအချိန်မှာပဲ ကျန်းဟိုင်၊ မာစတာ
ဆိုင်ကလုန်း၊ ယုချန်စန်းနဲ့ ယုဝမ်ဖုန်းတို့ဟာ
ဘာကိုမှ တွေဝေမနေခဲ့ပဲ... အရှိန်ယူကာ
ရှောင်ယန်နဲ့ ကျန်တဲ့သူတွေကို အင်အားသုံးပြီး
တိုက်ခိုက်လိုက်ကြပါတယ်။

မီးပုံခြား မာစတာကလည်း ဘေးကနေ
စောင့်ကြည့်နေခဲ့ကာ... အခွင့်အရေးယူနိုင်ဖို့
အခြေအနေကို အကဲခတ်နေခဲ့ပါတယ်။

ယန်တုန်ဟွေနဲ့ မိုးပြာရောင် တိမ်တိုက်
ဂရန်းမာစတာတို့ဟာ...
တစ်ယောက်နဲ့တစ်ယောက်

မျက်နှာချင်းဆိုင်ကာ
မတ်တတ်ရပ်နေကြပါတယ်။
ယန်တုန်ဟွေ့ဟာ ငြိမ်သက်နေခဲ့ပြီး…
မိုးပြာရောင် တိမ်တိုက် ဂရန်းမာစတာကတော့
နှောင်တရစွာနဲ့ သက်ပြင်းတစ်ချက်
ချလိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့
သက်သာရ ရခြင်းဟာ နှောင်တရတာထက်
ပိုနေခဲ့ပြီး… ရေရွတ်နေခဲ့ပါတယ်… "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက
အားနည်းနေသေးတယ်။ သူ့ဆီမှာ
ပင်ကိုစွမ်းရည်နဲ့ အရင်းအမြစ်တွေ
အလုံအလောက် မရှိသေးဘူး။"

တိုက်ပွဲကို စောင့်ကြည့်နေကြတဲ့ ကျန်တဲ့
ကျင့်ကြံသူတွေဟာ ပန်ကျဲကို မသိကြပေမဲ့...
သူ့ဝတ်စုံပေါ်မှာ ရေးထိုးထားတဲ့
နိမိတ်ကောင်းတဲ့ အဖြူရောင်
တိမ်တိုက်တွေရယ်၊ သူကနေ
ထုတ်လွှတ်နေတဲ့ အားကောင်းလှတဲ့
မှော်စွမ်းအင် လှိုင်းလုံးကြီးတွေကနေတဆင့်...
သူ့ကို မှန်းဆနိုင်ကြပါတယ်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို မကျေမနပ်
ဖြစ်နေတာက စူတောင်ခါးဂိုဏ်းတင်
မကဘူး... ကြည့်ရတာ ဟင်းလင်းပြင်

ဘုရားကျောင်းကလည်း မပျော်မရွှင် ဖြစ်နေတယ် ထင်တယ်..."

"မဟာမိုးကြိုး ကျောင်းတော်ကြီးက ပျက်စီးသွားအပြီးမှာ... မြင့်မြတ်နယ်မြေ သုံးခုမှာ နှစ်ခုပဲ ကျန်တော့တယ်။ အခုတော့ အဲဒီနှစ်ခုစလုံးဖြစ်တဲ့ စူတောင်ဓားဂိုဏ်းနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့က... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဖျက်ဆီးချင်နေတယ် ဆိုတော့... သူက ဒီကမ္ဘာပေါ်ကနေ ပျောက်ကွယ်သွားဖို့ ကံကြမ္မာ ပါလာတာပဲ။"

"ကြည့်ရတာတော့ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းဟာ ဖွင့်ပွဲတောင်မလုပ်ရသေးခင်... ပျက်စီးသွားတော့မယ်ထင်တယ်။"

"ဒီဂိုဏ်းထဲမှာ ပါရမီရှင်တွေ အများကြီးရှိတာပဲ... နှမြောစရာကြီးကွာ..."

"ပါရမီရှင်တွေဆိုလည်း ဘာဖြစ်သလည်း? သူတို့က စည်းမျဉ်းစည်းကမ်းတွေကိုမလိုက်နာဘူးဆိုတော့... သေရုံပဲရှိတာပေါ့ကွာ။"

လူအုပ်ကြီးက ဆွေးနွေးနေကြဆဲမှာ...
တချို့လူတွေက မတူညီတဲ့ အကြံတွေ
ရလာခဲ့ပါတယ်။

"ဒါက စူတောင်ခေးဂိုဏ်းနဲ့ ဟင်းလင်းပြင်
ဘုရားကျောင်းက တပည့်တွေကို
မျက်နှာလုပ်ဖို့ ရွှေရောင်
အခွင့်အရေးကြီးတစ်ခု ဖြစ်နိုင်တာပဲ။
ငါတို့ကသာ ဒီလိုမျိုး လုပ်နိုင်ခဲ့ရင်... ဒီခရီးက
အလကား မဖြစ်ပါဘူး..."

ခွန်းလွန်တောင်ခြေ မြောက်ဘက်ပိုင်းရဲ့
အလယ်အလတ် ဂိုဏ်းတစ်ဂိုဏ်းဖြစ်တဲ့...

ဆင်တိမ်ဂိုဏ်းရဲ့ အခြေတည်ဝိညာဉ်
အဆင့်က ဂရန်းမာစတာ တစ်ယောက်ဟာ...
ရှကျိုးကို ခရီးရှည်ကြီး လာပြီးနောက်မှာ
ဒီလိုအတွေးမျိုးကို ရလိုက်ပါတယ်။

ဆင်တိမ် ဂရန်းမာစတာဟာ အရှေ့ကို
ထွက်လာလိုက်ပြီး
ကြွေးကြော်လိုက်ပါတယ်... "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းဟာ မသင့်တော်တဲ့
အပြုအမူတွေကို ပြုလုပ်ပြီး... အကုန်လုံးကို
အမျက်ထွက်စေခဲ့တယ်။ ဟင်းလင်းပြင်
ဘုရားကျောင်းရော စူတောင်ခါးဂိုဏ်းကပါ
ဦးဆောင်ပြီး... အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းကို
ပြစ်ဒဏ်ခတ်တော့မှ... ကျုပ်တို့ရဲ့
ဆင်တိမ်ဂိုဏ်းကလည်း အပြစ်ပေးတဲ့
နေရာမှာ သူတို့ကို ကူညီပြီးတော့
ပူးပေါင်းဆောင်ရွက်ပါမယ်!"

ပြီးတာနဲ့ ဆင်တိမ် ဂရန်းမာစတာက
သူ့ရဲ့လက်သီးကို ဆန့်ထုတ်လိုက်တော့...
အဖြူရောင် မြူခိုးငွေ့တွေ အမြောက်အမြားက
ထွက်လာခဲ့ပါတယ်။ အဖြူရောင်
မြူခိုးငွေ့တွေဟာ တောင်ပူစာလေး
တစ်လုံးလောက် အရွယ်ရှိတဲ့ ရောမ
အဖြူရောင် ဆင်ကြီးတစ်ကောင် အဖြစ်ကို

အသွင်ပြောင်းသွားခဲ့ပါတယ်။ သူဟာ ကျယ်လောင်စွာ အော်မြည်ခဲ့ကာ… ခုန်းယန်နဲ့ တိုက်ခိုက်နေတဲ့ ခန်းနန်ဟွာဆီကို ချီတက်သွားခဲ့ပါတယ်။

မုန့်ချောင်ယန်က ဆင်တောင် ဂရန်းမာစတာရဲ့ အပြုအမူကို ကြည့်လိုက်ကာ… ချက်ချင်းပဲ မျက်မှောင်ကြုတ်လိုက်ပြီး…
"ရေနစ်နေတဲ့လူကို ဝါးလုံးနဲ့ ကူထိုးတယ်… တော်တော်ကို ယုတ်မာတဲ့ သူပဲ။"

သူ့ရဲ့အနောက်က ဂူယွမ်လန်ကတော့ ရေရွတ်နေခဲ့ပါတယ်… "အခုအချိန်မှာ ဟင်းလင်းပြင် ဘုရားကျောင်းက ပါဝင်လာပြီဆိုတော့… အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဒီတစ်ခေါက်မှာ လွတ်မြောက်နိုင်မယ် မထင်တော့ဘူး။"

ကြီးမားတဲ့ စွန့်စားမှုတွေကနေ ကြီးမားတဲ့ ဆုလာဘ်တွေကို ရရှိနိုင်တာကို လူတိုင်းက သိကြပါတယ်။ ဒါပေမဲ့လည်း ဘာမှ အခွင့်အရေး မရှိတာကို လောင်းကစား လုပ်မိရင်… ဘာမှ အကျိုးမရှိပဲ တုံးအတယ်လို့ အပြောခံရမှာပဲ ဖြစ်ပါတယ်။

ဒီအကြောင်းကို တွေးမိတာနဲ့...
ဝူယွမ်လန်ဟာ ဒီတိုက်ခိုက်မှုမှာ မပါဝင်
မပတ်သတ်ဖို့ကို ဆုံးဖြတ်လိုက်ပါတယ်။

ယုဝမ်ဖုန်းနဲ့ မာစတာ ဆိုင်ကလုန်းတို့ဟာ
ပြောင်းသွားတဲ့ အခြေအနေတွေကို
ကြည့်လိုက်ကာ... တပြိုင်နက်ထဲ
ရယ်လိုက်ကြပါတယ်။ "မစ္စတာလင်း...
ကြည့်ရတာ ခင်ဗျားတို့ရဲ့ ဂိုဏ်းဖွင့်ပွဲတော့
လုပ်နိုင်မယ် မထင်တော့ဘူး။ ခင်ဗျားက
ခင်ဗျားရဲ့ သနားစရာကောင်းတဲ့

တပည့်တွေကို ခေါ်ပြီးမှ ထွက်ပြေးနိုင်မလား ဆိုတာကို ကြည့်ရသေးတာပေါ့!"

"အိုး... သေချာရဲ့လား?"

သူ့ရဲ့ တပည့်တွေဟာ အသာစီးပဲ ရနေနေ၊ အောက်စည်းကနေပဲ ခုခံနေနေ... လင်းဖုန်းဟာ စရောက်လာကတည်းက ဟင်းလင်ပြင်ရဲ့ အထဲမှာပဲ နေခဲ့ကာ... တည်ငြိမ်စွာနဲ့ပဲ ရပ်နေခဲ့ပါတယ်။

သူဟာ အဝေးကို ကြည့်နေခဲ့ပြီး... လင်းဖုန်းရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခုဟာ

ပေါ်လာခဲ့ပါတယ်။ သူဟာ စွမ်းအားကြီးတဲ့ ပန်ကျဲကို ကြည့်မနေခဲ့ပဲ… အရှေ့ဘက်က ကောင်းကင်ကို ကြည့်နေခဲ့တာပါ။

အရှေ့ဘက်ကနေ အနီရောင် စက်ဝိုင်းခြမ်း တစ်ခုဟာ နွေးထွေးတဲ့ ရွှေရောင် အလင်းတန်းတွေကို ထုတ်လွှတ်နေခဲ့ကာ… မိုးကုတ်စက်ဝိုင်းကနေ လွတ်မြောက်လာဖို့ ကြိုးစားနေခဲ့ပါတယ်။

ဘေးပတ်ပတ်လည်က
တိမ်တိုက်မြူခိုးငွေ့တို့ဟာ
နေအလင်းရောင်တို့ရဲ့

တောက်ပမှုတို့နဲ့အတူ… နေမင်းရဲ့ ရွှေရောင်အလင်းတန်းတို့နဲ့ တစ်စနဲ့တစ်စ ရောင်ပြန်ဟပ်နေကြပါတယ်။

မည်းမှောင်နေတဲ့ ကောင်းကင်နဲ့ တောက်ပတဲ့ အရဏ်ဦးတို့ဟာ အချိန်တခဏလေးသာ ကွာခြားနေတာပါ။ မကြာခင်မှာပဲ အားလုံးဟာ နေထွက်ချိန်ရဲ့ အလှတရားကို ကြည့်ရှုခံစားခဲ့ရကာ… အနီရောင် စက်ဝိုင်းကြီးဟာ မိုးကုတ်စက်ဝိုင်းကနေ လုံးဝ လွတ်မြောက်လာခဲ့ပါပြီ။

မရေမတွက်နိုင်တဲ့ ခက်ထန်လှတဲ့ တိုက်ပွဲတွေရဲ့ အကြားမှာ... ညတစ်ညလုံးဟာ ကုန်ဆုံးသွားခဲ့ပါတယ်။

လင်းဖုန်းက ပြုံးလိုက်ပြီး သာမန်သာ ပြောလိုက်ပါတယ်... "မေလရှစ်ရက်နေ့ဟာ ရောက်လာခဲ့ပါပြီ။ ကျုပ်က ရောက်လာကြတဲ့ သူတွေအားလုံးကို ကျုပ်တို့ရဲ့ ယုကျင်းတောင်ပေါ်က မသားနားတဲ့ အဆောက်အဦးတွေပေါ်ကို ဖိတ်ခေါ်အပ်ပါတယ်။ ကျုပ်တို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ဖွင့်ပွဲကို

ကြွရောက်ပေးကြတဲ့ သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။"

သူ့ရဲ့စကား ဆုံးတာနဲ့ အားလုံးဟာ အံ့အားသင့်သွားကြပြီး... သူ့ရဲ့ စကားတွေကြောင့် မှင်သက်ကုန်ကြပါတယ်။ ပန်ကျဲတစ်ယောက်သာ သူ့ရဲ့စကားကို ကြားပြီးနောက်မှာ အမူအရာ ပြောင်းသွားခဲ့ပါတယ်။

အားလုံးရဲ့ ခေါင်းပေါ်က ဟင်းလင်းပြင်ဟာ ဆူပွက်နေတဲ့ ရေတွေလို... ရုတ်တရက်ပဲ ပြင်းထန်စွာနဲ့ တုန်ခါလာခဲ့ပါတယ်။

ဒီရေတွေ လိုမျိုးပဲ ခရမ်းရောင်
တိမ်တိုက်မြူခိုးငွေ့တွေဟာ
ကောင်းကင်တစ်ခုလုံးကို လွှမ်းခြုံသွားခဲ့ပြီး...
နိမိတ်ကောင်းတဲ့ ခရမ်းရောင် အဖြစ်ကို
အရောင်ဆိုးလိုက်ပါတယ်။

ကေပေါင်း တစ်သိန်းလောက်ရှိတဲ့ ခရမ်းရောင်
တိမ်တိုက်ပင်လယ်ကြီးကို ကြည့်နေခဲ့ကာ...
အားလုံးက အံ့သြတုန်လှုပ်နေခဲ့ကြပါတယ်။
တကယ်လို့များ တစ်ယောက်ဟာ
အာရုံပိုစိုက်ပြီး တိမ်တိုက်ပင်လယ်ထဲကို
စိုက်ကြည့်လိုက်မယ်ဆိုရင်...

ပေထောင်နဲ့ချီပြီးမြင့်တဲ့ ကျောက်စိမ်းလိုမျိုး
အဖြူရောင် တောင်တစ်လုံးကို တွေ့ရမှာ
ဖြစ်ပါတယ်။

ကောင်းကင်လိုမျိုး အဆုံးမဲ့ကာ
ပင်လယ်လိုမျိုး အားကောင်းတဲ့ ကြောက်စရာ
ကောင်းလောက်အောင် များပြားတဲ့
စွမ်းအားတို့ဟာ… ကောင်းကင်ယံမှာ
လှိုင်းထကာ နေကြပါတယ်!

ခရမ်းရောင် တိမ်တိုက်ပင်လယ်တွေရဲ့
အထဲမှာ… တစ်ယောက်ဟာ ရတနာ
သစ်ပင်တွေ၊ ရတနာ တာဝါတွေ၊ ရတနာခေါး

စတာတွေကို တွေ့မြင်နိုင်ပါတယ်။ သူတို့ဟာ ဒီခရမ်းရောင် တိမ်တိုက်တွေရဲ့ အထဲမှာ တွေ့ရှိနိုင်တဲ့… မရေမတွက်နိုင်တဲ့ ပုံရိပ်တွေရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။

ပြီးတော့ ကျောက်စိမ်းဖြူရောင် စိတ်ဝိညာဉ် တောင်ပေါ်မှာ… တစ်ယောက်ဟာ အိမ်မက်တိုင်းပြည် ထဲကလိုမျိုး ရေပန်းတွေ၊ စိမ့်စမ်းတွေ၊ သစ်ပင်တွေ၊ တောတောင်တွေ စတာတွေကို တွေ့မြင်နိုင်ပါတယ်။

ဒါပေမဲ့လည်း သူတို့အားလုံးနဲ့ အဝေးကြီးမှာ ရှိနေသေးတဲ့ တောင်ရဲ့

အောက်ခြေမှာတော့...
မြောက်မြားလှစွာသော လေနီကြမ်းတွေနဲ့
မိုးကြိုးမုန်တိုင်းတို့ဟာ တောင်ပေါ်ကိုတက်ဖို့
လှေကားထစ်တွေ အနေနဲ့ စုစည်းနေခဲ့ပြီး...
ကျူးကျော်သူတွေရဲ့ ရန်ကနေလည်း
ကာကွယ်ဖို့ လုံခြုံရေး တာဝန်ကိုလည်း
ယူထားကြပါတယ်။

သူတို့အားလုံးဟာ သူတို့ရဲ့
အံ့အားသင့်မှုတွေကနေ
သတိပြန်မဝင်လာသေးခင်မှာပဲ... ခရမ်းရောင်
တိမ်တိုက်တွေရဲ့ တုန်ခါမှုတွေရဲ့
အကြားကနေ... ခန့်ညားထည်ဝါလှတဲ့

စိတ်ဝိညာဉ် တောင်ကြီးဟာ အောက်က
မြေပြင်ပေါ်ကို
စတင်ဆင်းသက်လာခဲ့ပါတော့တယ်။

ဖြစ်ချင်တော့ ရှောင်ယန်၊ရှောင်ပုတန်၊
မာစတာ ဆိုင်ကလုန်းနဲ့ ယုဝမ်ဖုန်းတို့ဟာ
သူ့ရဲ့အောက်မှာ ရှိနေခဲ့တာပါ။

ကံကောင်းစွာနဲ့ ရှောင်ပုတန်လေးနဲ့
ရှောင်ယန်တို့ဟာ လင်းဖုန်းရဲ့
ရည်ရွယ်ချက်တွေကို ကြိုတင်နားလည်
နေခဲ့ကာ... ယုကျင်းတောင် ကျရောက်မယ့်

နေရာကနေ လျှပ်တပြက်အတွင်း
ပျောက်ကွယ်သွားကြပါတယ်။

မာစတာ ဆိုင်ကလုန်းနဲ့ ယုဝမ်ဖုန်းတို့ဟာ
ယုကျင်းတောင်ကနေ ရှောင်ရှားဖို့
ပြင်ဆင်လိုက်ချိန်မှာပဲ... သူတို့ဟာ မြေကြီးနဲ့
တွယ်ကပ်နေတယ်လို့ ခံစားလိုက်ရပြီး
ရွေ့လျားလို့ မရနိုင်ခဲ့ပါဘူး!

ဟင်းလင်းပြင်နဲ့ လေဟာနယ်ကနေ
သယ်ယူပို့ဆောင်ဖို့ကို မပြောနဲ့... သူတို့ရဲ့
အခြေတည်ဝိညာဉ် အဆင့်က

မှော်စွမ်းအင်တွေတောင် ပိတ်ဆို့ခြင်းကို ခံထားရပြီး လည်ပတ်လို့ မရနေခဲ့ပါဘူး။

တကယ်တန်း ဆိုရရင် သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးဟာ ထုံနေခဲ့ကာ… လက်သန်းလေး တစ်ချောင်းကိုတောင် လှုပ်ဖို့ အင်အားမရှိခဲ့ပါဘူး!

"မဟုတ်ဘူး!" မာစတာ ဆိုင်ကလုန်းနဲ့ ယုဝမ်ဖုန်းတို့ဟာ ယုကျင်းတောင်က သူတို့ရဲ့ အပေါ်ကို ကျလာခဲ့ပြီး… သူတို့ကို တစ်စစီ အမှုန့်ဖြစ်အောင် ချေမွပစ်ခဲ့တာကို

ကြည့်နေခဲ့ကာ... သွေးရူးသွေးတန်းနဲ့ အော်ဟစ်လိုက်ကြပါတယ်။

ကောင်းကင်ကိုးလွှာ ဒြပ်မဲ့မှုန်တိုင်းနဲ့ ရှမ်းမင် အကြွင်းမဲ့ရေတို့တောင် သူတို့ကို ကာကွယ်ဖို့ မတတ်စွမ်းနိုင်ခဲ့ပါဘူး။

သူတို့နှစ်ယောက်စလုံးဟာ အခြေတည်ဝိညာဉ် အဆင့်က ဂရန်းမာစတာတွေ ဖြစ်ကြပေမဲ့... သူတို့ဟာ သူတို့ရဲ့ ကိုယ်ပိုင်ဝိညာဉ်တွေကို ခွဲထုတ်ဖို့တောင် အခွင့်အရေး မရခဲ့ရှာပါဘူး။ သူတို့တတ်နိုင်ခဲ့တာက သူတို့ရဲ့ ခန္ဓာကိုယ်တွေဟာ တစ်စစီ ဖြစ်သွားခဲ့ပြီး...

သူတို့ရဲ့ စိတ်ဝိညာဉ်တွေဟာ ဗလာနတ္တိ အဖြစ်ကို တစ်စစီ ပြိုကွဲသွားခဲ့တာကို ကြည့်သာကြည့်နေနိုင်ခဲ့ပါတယ်!

သူတို့ဟာ သူတို့ရဲ့ ဝိညာဉ်တွေကို ခွဲထုတ်ဖို့ မလိုခဲ့ပါဘူး... ဘာဖြစ်လို့လည်းဆိုတော့ ယုကျင်းတောင်ဟာ သူတို့ရဲ့အစား လုပ်ပေးမှာမို့ပါပဲ။

"ဘာတွေဖြစ်ကုန်..?! အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တောင်ကတောင် ရွေ့နိုင်တာလား?" အားလုံးဟာ သူတို့ရဲ့ အရှေ့က အဖြစ်အပျက်ကို

ပါးစပ်အဟောင်းသားနဲ့ ကြည့်နေကြကာ…
ယုကျင်းတောင်ကို ကြောင်ပြီးမှ
ကြည့်နေကြပါတယ်။

ယုကျင်းတောင်ထိပ်မှာတော့ ခရမ်းရောင်
ဝတ်စုံနဲ့ လင်းဖုန်းဟာ…
ကောင်းကင်တစ်ခုလုံးကို ဖုံးလွှမ်းထားတဲ့
ရတနာ သစ်ပင်တစ်ပင်ရဲ့ အပေါ်မှာ
တိတ်ဆိတ်စွာနဲ့ ရပ်နေခဲ့ပါတယ်။

သူ့ရဲ့ မျက်လုံးသူငယ်အိမ်ထဲမှာ…
တစ်ယောက်ဟာ ကစဉ့်ကလျား ဖြစ်မှုတွေကို
တွေ့နိုင်ပါတယ်။ ဒါပေမဲ့လည်း ခဏလေး

အတွင်းမှာ… ကစဥ့်ကလျား ဖြစ်မှုတွေဟာ
ခေတ်ကြီးလေးပါး အဖြစ်ကို
ပြောင်းလဲသွားခဲ့ပါတယ် (မြေ၊ရေ၊လေ၊မီး)။
နောက်တစ်ခေါက်မှာ
ခေတ်ကြီးလေးပါးတို့ဟာ
တည်ငြိမ်သွားခဲ့ကာ… နေထိုင်နိုင်တဲ့
ကမ္ဘာသစ်တစ်ခု အဖြစ်ကို
အသွင်ပြောင်းသွားခဲ့ပါတယ်။

ဒါတွေအားလုံးဟာ လင်းဖုန်းရဲ့ အသိစိတ်
ပင်လယ်ထဲမှာ ဖြစ်ပေါ်နေတာ
ဖြစ်တဲ့အတွက်ကြောင့်…
ကျန်တဲ့သူတွေကတော့ တွေ့နိုင်မှာ

မဟုတ်ပါဘူး။ ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားတဲ့ မွေးကင်းစ ကလေးလေး တစ်ယောက်ရဲ့ ပုံရိပ်ကို... သူတစ်ယောက်ထဲကသာ တွေ့မြင်နိုင်တာပါ။

အဲ့ဒီကလေးလေးရဲ့ မျက်နှာသွင်ပြင်ဟာ လင်းဖုန်းငယ်စဥ်က ပုံပန်းသဏ္ဍာန်နဲ့ ထပ်တူညီနေခဲ့ပါတယ်။

ဒီကလေးလေးက သူ့ရဲ့မျက်လုံးတွေကို ဖွင့်လိုက်တဲ့ အချိန်မှာ... သူ့ရဲ့ နက်မှောင်တဲ့ မျက်ဝန်းအစုံဟာ ကမ္ဘာကြီးရဲ့ မသန့်စင်မှုတွေကနေ လွတ်လပ်နေခဲ့ကာ...

သလင်းကျောက်လိုမျိုး ကြည်လင်နေခဲ့ပါတယ်။ ကမ္ဘာကြီးဟာ အခုမှ စတင်ဖန်ဆင်းခဲ့တာ ဖြစ်ပြီး… အသစ်စက်စက် စတင်ခြင်းရဲ့ သင်္ကေတတစ်ခု အတိုင်းပါပဲ!

"အခြေတည်ဝိညာဉ် အဆင့်ဟာ တကယ်ကိုပဲ လျှို့ဝှက်ဆန်းကြယ်မှုတွေနဲ့ ပြည့်နေတာပဲ။" လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ပါတယ်။ ပန်ကျဲက ပေါ်လာတဲ့ အခိုက်မှာပဲ… သူ့ရဲ့ ယုကျင်းတောင်ပေါ်က မူလ ခန္ဓာကိုယ်ဟာ ကောင်းကင်ကိုးလွှာက မိုးကြိုးကပ်ဘေးကို နောက်ဆုံးမှာ ကျော်ဖြတ်နိုင်ခဲ့ကာ…

အခြေတည်ဝိညာဉ်ကို အောင်မြင်စွာနဲ့
ဖော်ဆောင်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်!

အခြေတည်ဝိညာဉ် အဆင့်ကို
ရောက်ရှိသွားတော့… လင်းဖုန်းနဲ့
မဟူရာကောင်းကင် ရတနာသစ်ပင်၊
ယုကျင်းတောင်နဲ့ ကောင်းကင်ကို
လှည့်ပတ်နေသော ခရမ်းရောင်
တိမ်တိုက်တွေရဲ့ ဆက်သွယ်မှုဟာ
နောက်ထပ်အဆင့် တစ်ခုကို
ရောက်သွားခဲ့ပါတယ်။

ဒီအဆင့်အသစ်ဟာ လင်းဖုန်းကို
လေဟာနယ်နဲ့ ဟင်းလင်းပြင်တို့ရဲ့
လျှို့ဝှက်နက်နဲမှုတွေကို ပိုပြီးတော့
နားလည်လာစေခဲ့ပါတယ်။ ဒါကြောင့်လည်း
သူဟာ မဟူရာကောင်းကင် ရတနာသစ်ပင်နဲ့
လိုက်လျောညီထွေစွာ ချိတ်ဆက်နိုင်ခဲ့ကာ…
ယုကျင်းတောင်ကို ဟင်းလင်းပြင်နဲ့
လေဟာနယ်တွေကို ဖြတ်သန်းပြီး
သူလိုချင်တဲ့နေရာကို
သယ်ယူပို့ဆောင်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်!

ဒီအချိန်ကစပြီး သူဟာ သူအလိုရှိတဲ့
နေရာဒေသ အသီးသီးကို

စိတ်ကြိုက်သွားလာနိုင်တော့မှာပဲ
ဖြစ်ပါတယ်။

လင်းဖုန်းဟာ အံ့သြတုန်လှုပ်နေကြသေးတဲ့ လူအုပ်ကြီးကို ကြည့်လိုက်ကာ... အေးစက်စက်နဲ့ ပြောလိုက်ပါတယ်... "ကျုပ်ရဲ့ ဖွင့်ပွဲအခမ်းအနားကို ကြွရောက်ချီးမြှင့်ကြတဲ့ ရဲဘော်ရဲဘက်တွေနဲ့ ညီအစ်ကို ကျင့်ကြံသူတွေကို... ကျေးဇူးတင်စွာနဲ့ ဖိတ်ခေါ်ပါတယ်။ ကျူးကျော်သူတွေနဲ့ မလိုလားအပ်တဲ့ ဧည့်သည်တွေကလည်း ဒီနေရာမှာ ဆက်နေကြပါ။"

စကားဆုံးတာနဲ့ လင်းဖုန်းဟာ သူ့ရဲ့လက်ကို မြှောက်လိုက်ကာ... ဇူရီ၊ ခန်းနန်ဟွာနဲ့ မြောင်ရှီးဟောင်တို့က ခုန်းယန်နဲ့ တိုက်ခိုက်နေတဲ့ နေရာကို ဆုပ်ကိုင်တဲ့ပုံစံ ပြုလုပ်လိုက်ပါတယ်။

ယုချန်စန်းရဲ့ မုတ်ဆိတ်မွေးတွေဟာ ထောင်လာခဲ့ကာ လင်းဖုန်းကို အပြုံးကြီးစွာနဲ့ ကြည့်လိုက်ပြီး... "လင်းဖုန်း... မင်းက ငါ့ရဲ့ညီကို သတ်လိုက်တဲ့အတွက် ယုမိသားစုက မင်းကို ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်ဘူးကွ!"

ဒက္ခိဏာရီလာ ဂိုဏ်းတွေဖြစ်ကြတဲ့
ဟင်းလင်းပြင် ဘုရားကျောင်းနဲ့
စူတောင်ခါးဂိုဏ်းတို့မှာတောင်… သူတို့ရဲ့
အင်မော်တယ် ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေဟာ သူတို့ကိုယ်သူတို့
လွယ်လွယ်ကူကူ ဖော်ပြကြတာ မဟုတ်ပါဘူး။

ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတွေကသာ
ဂိုဏ်းရဲ့ထောင်တိုင်တွေ ဖြစ်ကြတယ်ဆိုရင်…
အခြေတည်ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေဟာ ဒီထောင်တိုင်တွေ
ထောက်ကန်ထားကြတဲ့ ကျောက်ပြားတွေ

ဖြစ်ကြပါတယ်။ သူတို့ဟာ ဂိုဏ်းရဲ့ အုပ်ချုပ်သူ အဆင့်အတန်းမှာ ရှိကြပြီး... ဂိုဏ်းရဲ့ အဓိက အရန်အင်အားတွေ ဖြစ်ကြတာပါ။

လေနတ်ဘုရားဂိုဏ်းနဲ့ ယုမိသားစုတို့ အတွက်ဆိုရင်... အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကို ဆုံးရှုံးလိုက်ရခြင်းဟာ လက်တစ်ဖက် ဆုံးရှုံးသွားရတာနဲ့ အတူတူပါပဲ!

ဒီလိုမျိုး အမုန်းတရာဟာ ယုမိသားစု တစ်ခုလုံးကို လှုပ်ရှားစေဖို့ လုံလောက်ပါတယ်။

လင်းဖုန်းရဲ့ အမူအရာတွေဟာ
တည်ငြိမ်နေခဲ့ပြီး သူက အေးစက်စွာနဲ့
ပြောလိုက်ပါတယ်... "ဒါပေါ့... ယုမိသားစုက
နောက်ဘယ်ဆုတ်ပါ့မလဲ?
ဘာဖြစ်လို့လည်းဆိုတော့ သူတို့ဟာ
ဒီကနေ့မှာ အခြေတည်ဝိညာဉ် အဆင့်က
ကျင့်ကြံသူ တစ်ယောက်တည်းကိုသာ
ဆုံးရှုံးတာ မဟုတ်ပဲ... နှစ်ယောက်ကို
ဆုံးရှုံးရမှာမို့ပဲ။"

လင်းဖုန်းရဲ့ ဆက်ပြောလိုက်တဲ့ စကားတွေကို
ကြားလိုက်ရတော့ ယုချန်စန်းရဲ့

အမူအရာတွေဟာ ပြောင်းလဲသွားခဲ့ပါတယ်...
"ပြီးတော့ ဒါက အစပဲ ရှိသေးတယ်။"

လင်းဖုန်းက စကားပြောနေရင်းနဲ့...
သူ့ရဲ့လက်ချောင်း ငါးချောင်းလုံးကို
ရုတ်တရက် ဖြန့်လိုက်ပါတယ်။

မယုံနိုင်လောက်အောင် ကျယ်လောင်တဲ့
အသံကြီးနဲ့အတူ ကမ္ဘာကြီးဟာ
တုန်ခါသွားခဲ့ပြီး... လင်းဖုန်းရဲ့ အရှေ့က
ဟင်းလင်းပြင်ကြီးဟာ သဘာဝ ဓာတ်ကြီးတွေ
ဖြစ်ကြတဲ့ မြေ၊ရေ၊လေနဲ့ မီးတွေအဖြစ်ကို

ပြောင်းလဲသွားခဲ့ကာ ယုချန်စန်းဆီကို
ချီတက်သွားကြပါတော့တယ်။

ယုချန်စန်းဟာ သွေးရူးသွေးတန်းနဲ့
အော်ဟစ်လိုက်ကာ ရွှမ်းမင် အကြွင်းမဲ့ရေ
အမြောက်အမြားတို့ကို ဆင့်ခေါ်လိုက်ပြီး…
သူ့ရဲ့အရှေ့မှာ အရံအတား အဖြစ်ကို
ပြောင်းလိုက်ကာ ဓာတ်ကြီးလေးပါးရဲ့
တိုက်ခိုက်မှုကို ကာကွယ်လိုက်ပါတယ်။

မည်းပြာရောင် ရွှမ်းမင် အကြွင်းမဲ့ရေတို့ဟာ
အေးခဲသိပ်သည်းသွားခဲ့ကာ… နောက်ဆုံးမှာ
မှောင်မိုက်နေတဲ့ အနက်ရောင် ရေခဲဒိုင်းတစ်ခု

အဖြစ်ကို အသွင်ပြောင်းသွားခဲ့ပါတယ်။
ဒီဒိုင်းဟာ အချိန်ရဲ့ စမ်းသပ်ခြင်းကို
ကြံ့ကြံ့ခံနိုင်တဲ့ ရှေးခေတ်က သြဇာနဲ့ ပြည့်စုံတဲ့
အောင်ရာတွေနဲ့ ဖြာထွက်နေခဲ့ပါတယ်။

ရွှမ်းမင်မှော်ဒိုင်း!

ယုမိသားစုရဲ့ စွမ်းအားအကောင်းဆုံး
ခံစစ်မှော်ကျိန်စာ တစ်ခုပဲ ဖြစ်ပါတယ်!

ဒါပေမဲ့လည်း သူဟာ အသုံးမဝင်ခဲ့ပါဘူး!
လုံးဝကို အသုံးမဝင်ခဲ့တာပါ!

ယုချန်စန်းနဲ့ သူ့ရဲ့ ရွှမ်းမင်မော်ဒိုင်းတို့ဟာ ခတ်သဘာဝ စီးကြောင်းတွေရဲ့ ဝါးမျိုမှုကို ခံလိုက်ရပြီး... ဟင်းလင်းပြင်ရဲ့ အထဲမှာ အစအနတောင် ရှာမရတော့အောင် ပျောက်ကွယ်သွားဖို့ဟာ မျက်စိတစ်မှိတ်သာ လိုခဲ့ပါတယ်။

## စာစဥ် ၁၃ : အပိုင်း ၇

## အပိုင်း ၂၁၇ : ပြိုင်ဘက်ကင်း! လုံးဝပြိုင်ဘက်ကင်း!

အရှေ့ဘက် ကောင်းကင်မှာ
အရုဏ်ဦးနေမင်းရဲ့ စွမ်းအားဟာ…
မြေပြင်ပေါ်က လုံးဝကို တိတ်ဆိတ်မှုတွေနဲ့
ဆန့်ကျင်ဖီလာ ဖြစ်နေခဲ့ပါတယ်။

ခဏကြာတော့ ထူးခြားတဲ့ အသံတွေကို
ကြားနိုင်ခဲ့ပြီး… ဒီအသံတွေဟာ လူတွေက
သူတို့ရဲ့ တံတွေးတွေကို မျိုချတဲ့ အသံပဲ
ဖြစ်ပါတယ်။

အားလုံးဟာ အခုလေးတင် ဖြစ်သွားတဲ့
အဖြစ်အပျက်တွေကို ကြည့်လိုက်ကာ…
အံ့အားသင့် မှင်သက်နေကြပါတယ်။

ယုဝမ်ဖုန်းထက် ပိုသန်မာပြီး
အခြေတည်ဝိညာဉ် အလယ်အလတ်
အဆင့်မှာ ရှိနေတဲ့… မဟာကျင့်ကြံသူ
တစ်ယောက်ဖြစ်တဲ့ ယုချန်စန်းဟာ
လင်းဖုန်းရဲ့ လွှယ်ကူစွာနဲ့ သုတ်သင်ခြင်းကို
ခံလိုက်ရတာပါ။

သူဟာ စက္ကန့်ပိုင်းလေး အတွင်းမှာ
အသတ်ခံလိုက်ရပြီး… ဘာခုခံမှုမှ
မလုပ်နိုင်ခဲ့ပါဘူး။ ထွက်ပြေးဖို့
အခွင့်အလမ်းလေး တစ်ခုမှတောင်
မရခဲ့ရှာပါဘူး။

အခြေတည်ဝိညာဉ် အလယ်အလတ်
အဆင့်က မဟာကျင့်ကြံသူ တစ်ယောက်ဟာ
ဒီအတိုင်းလေးပဲ ဘာသဲလွန်စမှ မကျန်ခဲ့ပဲ
ပျောက်သွားခဲ့တာပါ။

ဒီမတိုင်ခင်တုံးက လူတွေဟာ လင်းဖုန်းက
မာစတာ ဆိုင်ကလုန်းနဲ့ ယုဝမ်ဖုန်းတို့ကို
လွယ်လွယ်ကူကူနဲ့ အပြတ်ရှင်းနိုင်တာဟာ...
ယုကျင်းတောင်ရဲ့ ကြီးမားတဲ့
စွမ်းအားတွေကြောင့်လို့ သံသယ
ဖြစ်နေကြပါတယ်။

ဒါပေမဲ့လည်း အခုတော့ သူဟာ ယုချန်စန်းကို
မျက်စိတစ်မှိတ်လေး အတွင်းမှာ
ဖျက်ဆီးနိုင်တဲ့ စွမ်းရည်ကို
တွေ့လိုက်ရတော့... လူတွေအားလုံးရဲ့
ရင်ထဲက ကြောက်စိတ်တွေဟာ
အမှန်တကယ် ဖြစ်လာကြပါတယ်။

ယန်တုန်ဟွေ့ရဲ့ မျက်လုံးအစုံဟာ
တောက်ပလာခဲ့ပြီး
အာမေဋိတ်ပြုလိုက်ပါတယ်...
"အခြေတည်ဝိညာဉ် အလယ်အလတ်
အဆင့်က ကျင့်ကြံသူ တစ်ယောက်ကို
လွယ်လွယ်ကူကူနဲ့ သုတ်သင်နိုင်ဖို့အတွက်...

မဟာကျင့်ကြံသူ တစ်ယောက်ဟာ အင်မော်တယ် ဝိညာဉ် အဆင့်က စွမ်းအားတွေကို လိုအပ်တယ်။ ကျုပ်က သူဟာ လျှို့ဝှက်ဆန်းကြယ်မှုတွေနဲ့ ပြည့်နေတဲ့လူလို့ အမြဲတမ်း တွေးနေခဲ့ပြီး... ကျုပ်ရဲ့အတွေးတွေက မှန်နေခဲ့တာပဲ!"

အခြေအနေတွေက ပြောင်းလဲသွားခဲ့တာကို တွေ့လိုက်ရတော့.. မိုးပြာရောင် တိမ်တိုက် ဂရန်းမာစတာရဲ့ မျက်နှာဟာ မည်းမှောင်သွားခဲ့ပါတယ်။ အခုရှောင်ယန်ဟာ လင်းဖုန်းရဲ့ ထောက်ခံမှုကို ရထားခဲ့တော့...

သူတို့ရဲ့ အလင်းခေးမြန်ဂိုဏ်းဟာ အသာစီး ရမနေတော့ဘူး ဆိုတာကို သိလိုက်ပါတယ်။

အလင်းခေးမြန်ဂိုဏ်း တစ်ခုလုံးမှာ...
အင်မော်တယ် ဝိညာဉ် အဆင့်က
ခေးကျင့်ကြံသူက တစ်ယောက်သာ ရှိတာပါ။

"ခြံစည်းရိုးပေါ်မှာ ထိုင်နေခဲ့တဲ့အတွက်...
ငါတို့က တန်ဖိုးကို ပေးဆပ်ရတော့မှာပဲကွ။"
ဝူယွမ်လန်ရဲ့ အမူအရာတွေဟာ မိုးပြာရောင် တိမ်တိုက် ဂရန်းမာစတာထက်တောင် ပိုပြီးမှ မည်းမှောင်နေခဲ့ပါတယ်။

မီးပုံးပျံခွား မာစတာကလည်း တွေးနေခဲ့ပါတယ်… "ငါက သူတို့ရဲ့ အကြီးအကဲ တစ်ယောက်နဲ့ တိုက်ခိုက်ခဲ့ပေမဲ့.. ဒါက တစ်ကွက်ထဲပဲ။ ပြီးတော့ နောက်ဆုတ်ခဲ့ရတာကလည်း ငါပဲဆိုတော့… ငါ့ကို ဘာမှတော့ မလုပ်လောက်ပါဘူး?"

ဆင်တိမ် ဂရန်းမာစတာကတော့ နောင်တတွေ ရနေခဲ့ကာ… တတ်နိုင်ရင် အချိန်ကို နောက်ပြန်ဆုတ်ပြီး သူ့ရဲ့ မဟုတ်တဲ့ အပြုအမူတွေကို ပြောင်းပြန်လှန်ချင်နေခဲ့ပါတယ်။

ဘာဖြစ်လို့ ငါက ဒီလိုမျိုး အောက်တန်းကျပြီး
လောဘကြီးရတာလဲ? ငါက အရှေ့ကိုထွက်ပြီး
သူတို့ကို တကယ်ပဲ တိုက်ခိုက်ခဲ့တယ်။
ဒီအခြေအနေကနေ ငါက
ရုန်းထွက်လို့ရတော့မှာ မဟုတ်ဘူး။

လင်းဖုန်းက ယုချန်စန်းကို
မျက်စိတစ်မှိတ်လေး အတွင်းမှာ
သတ်လိုက်တဲ့ မြင်ကွင်းကို
ပြန်မြင်ယောင်လာခဲ့တော့… ဆင်တိမ်
ဂရန်းမာစတာဟာ ကျောရိုးထဲကနေ
စိမ့်တက်လာခဲ့ပြီး သူ့ရဲ့ တန်ဖိုးမရှိတဲ့

အသက်ကို ချမ်းသာရာ ရဖို့အတွက်
ထွက်ပြေးလိုက်ပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းက သူ့ကို
မမေ့ခဲ့တဲ့အတွက် သူဟာ ကံမကောင်းခဲ့ပါဘူး။
"ဝမ်းနည်းပါတယ်... ဒါပေမဲ့ အခုမှပြေးလို့
နောက်ကျသွားပြီ!"

အေးရီးစ်ကိုယ်ပွားဟာ စနစ်ကြီးအထဲက
ရလာတဲ့ ပစ္စည်းဖြစ်ပြီး...
သာမန်ကျင့်ကြံသူတွေရဲ့ ကိုယ်ပွားမျိုးနဲ့
မတူပါဘူး။ အေးရီးစ်ကိုယ်ပွားရဲ့ စွမ်းအားဟာ
လင်းဖုန်းရဲ့ တိုးတက်မှုနဲ့အတူ လိုက်ပြီးမှ

ကြီးမားလာမှာဖြစ်ပြီး... နောက်ထပ်သန့်စင်မှု ကျင့်ကြံမှုတွေ မလိုပါဘူး။ ဒါကြောင့်မို့ အခု အေးရီးစ်ကိုယ်ပွားရဲ့ ကျင့်ကြံမှုအဆင့်ကလည်း အခြေတည်ဝိညာဉ် အဆင့်ကို ရောက်ရှိသွားပြီ ဖြစ်ပါတယ်။

ဒါတင်မကပဲ သူ့ရဲ့ ရုပ်ခန္ဓာကိုယ် စွမ်းအားဟာ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့ အကန့်အသတ်ကို ရောက်ရှိသွားခဲ့ပြီ ဖြစ်ပါတယ်!

ရှေးပဝေသဏီက မိစ္ဆာမျိုးနွယ်စုတွေကနေ ဆင်းသက်လာတဲ့ မိစ္ဆာသခင်ရဲ့ အသန်မာဆုံး

ရုပ်ခန္ဓာကိုယ်ကသာ အေးရီးစ်ကိုယ်ပွားနဲ့
ယှဉ်နိုင်မှာ ဖြစ်ပါတယ်။

တစ်ခဏလေးမှာ အေးရီးစ်ကိုယ်ပွားရဲ့
ခန္ဓာကိုယ်ဟာ လက်ကနဲဖြစ်သွားပြီး…
ဆင်တိမ် ဂရန်းမာစတာကို လက်သီးတစ်ချက်
ထိုးလိုက်ပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်
လှုပ်ရှားမှုဟာ မြန်လွန်းပြီး အားကိုလည်း
အလွန်အကျွံ သုံးထားတာ ဖြစ်တဲ့အတွက်…
သူ့ရဲ့ကိုယ်ကနေ အသံလှိုင်းတွေဟာ
တုန်ခါထွက်သွားကြကာ သူ့ရဲ့ဘေးက
ဟင်းလင်းပြင်မှာ ပေါက်ကွဲသွားခဲ့ပြီး…

လွင်ပြင်ကျယ်ကြီးမှာ သဲမုန်တိုင်းတစ်ခုကို
ဖြစ်ပေါ်စေခဲ့ပါတယ်။

ထွက်ပြေးဖို့ ကြံနေခဲ့တဲ့ ဆင်တိမ်
ဂရန်းမာစတာရဲ့ ခန္ဓာကိုယ် တစ်ဝက်ဟာ
ဟင်းလင်းပြင်ရဲ့ အထဲကိုတောင်
ရောက်နေခဲ့ပါပြီ။

ဒါပေမဲ့လည်း ဒီကြောက်မက်ဖွယ်ရာ
လက်သီးက သူ့ရဲ့အပေါ်ကို
ကျရောက်လာခဲ့တော့… သူဟာ
ဟင်းလင်းပြင်ရဲ့ အထဲကနေ
လွင့်ထွက်လာခဲ့ပါတယ်။

"မင်းက လုပ်ရဲ့တာလား!" ဆင်တိမ် ဂရန်းမာစတာဟာ ဒေါသအိုး ပေါက်ကွဲသွားခဲ့ကာ အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့လက်သီးနှစ်ဘက်ကို စုစည်းလိုက်တော့ တောင်ကြီးတစ်လုံး အရွယ်လောက်ရှိတဲ့ ရောမ ဆင်ကြီးတစ်ကောင်ဟာ ထွက်ပေါ်လာခဲ့ပြီး... သူ့ရဲ့ဒေါသနဲ့ စွမ်းအားတွေကို ပြသနေတဲ့အလား ခေါင်းကြီးကို ခါယမ်းလိုက်ကာ... အေးရီးစ်ကိုယ်ပွား ရှိရာဆီကို နင်းချလိုက်ပါတယ်။

အေးရီးစ်ကိုယ်ပွားဟာ သူ့ဆီကို
ချီတက်လာတဲ့ ဆင်ကြီးကို
ကြောက်ရွံ့မနေခဲ့ပဲ... လေပေါ်မှာသာ
ရင်ကော့ပြီး မာနကြီးစွာနဲ့ ရပ်နေခဲ့ပါတယ်။
သူလုပ်လိုက်တာက အမှုမထားတဲ့ ပုံစံမျိုးနဲ့
သူ့ရဲ့ညာလက်ကို မြှောက်လိုက်ပြီး အရှေ့ကို
ထိုးလိုက်တာပါ!

"အရေအတွက်သုံးခု အင်းရှစ်ကွက်ရဲ့
ကောင်းကင်တူ! မဟာ ကစဥ္စကလျားတူ!"

အေးရီးစ်ကိုယ်ပွားရဲ့ ခန္ဓာကိုယ်ဟာ
အသက်စွမ်းအင်တွေနဲ့

ထိုးတက်လာခဲ့ပါတယ်။ နေမင်းရဲ့
အလင်းရောင်ထက်တောင် တောက်ပတဲ့
အလင်းတန်းနဲ့…
လက်သီးတစ်ချက်တည်းနဲ့ပဲ…
အေးရီးစ်ကိုယ်ပွားဟာ ဆင်ဖြူတော်
အပါအဝင်… သူ့ရဲ့လက်သီးနဲ့ ဆင်တိမ်
ဂရန်းမာစတာရဲ့ အကြားမှာ ရှိတဲ့
အရာအားလုံးကို ဖျက်ဆီးပစ်ခဲ့ပါတယ်။

အရာအားလုံးဟာ စကြာဝဠာကြီးရဲ့ စဦးပိုင်း
ကစဥ္စကလျားကာလရဲ့
အကြွင်းအကျန်တွေလိုမျိုး…

မှုန့်မှုန့်ညက်ညက်ကြေအောင် ချေမွခြင်းကို ခံလိုက်ရပါတော့တယ်!

ဆင်ဖြူတော်ဟာ အော်ချိန်တောင် မရလိုက်ပဲ စိတ်ဝိညာဉ် စွမ်းအင်တွေ အဖြစ်ကို ပြန်ပြီးတော့ ပြောင်းလဲသွားခဲ့ပါတယ်။ ဆင်တိမ် ဂရန်းမာစတာကလည်း အလားတူစွာပဲ အေးရီးစ်ကိုယ်ပွားရဲ့ လက်သီးနဲ့ ထိတွေ့လိုက်တာနဲ့… သူ့ရဲ့ ရုပ်ခန္ဓာကိုယ်ဟာ ပေါက်ကွဲသွားခဲ့ပါတော့တယ်။

ဆင်တိမ် ဂရန်းမာစတာရဲ့
အခြေတည်ဝိညာဉ်ဟာ ထွက်ပြေးဖို့
ကြံရွယ်ခဲ့ပေမဲ့ အေးရီးစ်ကိုယ်ပွားဟာ
ပိုမြန်နေခဲ့ပြီး... သူ့ရဲ့စိတ်ဝိညာဉ်ကို
ဆုပ်ကိုင်လိုက်ကာ တင်းကြပ်စွာ
ဖျစ်ညှစ်လိုက်ပါတယ်။ ဖိအားတွေအောက်မှာ
အခြေတည်ဝိညာဉ်ဟာ ကျေမွသွားခဲ့ကာ...
ဖောက်ခွဲဖို့ အင်အားတောင် မရှိခဲ့ရှာပါဘူး။

ဇူရီနဲ့ တိုက်ခိုက်နေတဲ့ ကျန်းဟိုင်ဟာ...
ဒီမြင်ကွင်းကို မြင်လိုက်ရတော့
တုန်ခါသွားခဲ့ကာ တွေးလိုက်ပါတယ်...
"ဘယ်လောက်ထိ ကြီးမားလိုက်တဲ့

စွမ်းအားမျိုးလဲ! ကောရာဇ်နဲ့ အမတ်တို့သာ သူနဲ့ ယှဉ်ပြိုင်နိုင်မှာပဲ။ သခင်လေးရိုက ဘယ်လိုလုပ်ပြီး ဒီလောက်အထိ စွမ်းအားကြီးတဲ့သူကို ဆရာတင်မိရတာလဲ?"

"ငါကလည်း သူ့ရဲ့ပြိုင်ဘက် မဟုတ်ဘူး။ အခုမပြေးရင် လွတ်တော့မှာ မဟုတ်ဘူး!" ကျန်းဟိုင်ရဲ့ စိတ်ထဲမှာ ဒီအတွေးကို တွေးမိတာနဲ့ သူဟာ သူ့ရဲ့စုတ်တံကို မြှောက်လိုက်ကာ… လေထဲမှာ "တွမ့်" (ထွက်ပြေးလွတ်မြောက်ခြင်း) ဆိုတဲ့ စာလုံးကို ရေးလိုက်ပါတယ်။

သူ့ရဲ့နည်းစနစ်ဟာ လျှင်မြန်ပြီး
သာမန်အခြေတည်ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေထက် အများကြီး
ပိုမြန်ပါတယ်။

"မင်းကလည်း ပြေးချင်နေတာလား?
မလွတ်ပါဘူးကွာ။" လင်းဖုန်းက
သူ့ရဲ့ညာလက်ကို ခါးသွားလိုမျိုး
မြှောက်လိုက်ကာ ခုတ်ချလိုက်ပါတယ်။
ကောင်းကင်၏ စည်းရိုးများရဲ့
စွမ်းအားတွေဟာ ကျန်းဟိုင်ရှိရာဆီကို
ရောက်သွားခဲ့ပြီး... 'တွမ့်'စာလုံးရဲ့ စွမ်းအား
တွေကို ပိတ်ဆို့လိုက်ပါတယ်။

ချက်ချင်းဆိုသလိုပဲ ကျန်းဟိုင်ရဲ့
ခန္ဓာကိုယ်ဟာ ဒိုင်မန်းရှင်းနှစ်ခုရဲ့
အဆက်အစပ်နေရာမှာ ပိတ်မိသွားခဲ့ပါတယ်။

သူ့ရဲ့ခန္ဓာကိုယ် တစ်ခြမ်းဟာ အပြင်ကမ္ဘာမှာ
ရှိနေသေးပြီး… အခြားတစ်ခြမ်းကတော့
ဟင်းလင်းပြင် လေစီးကြောင်းတွေရဲ့
အကြားမှာ ပိတ်မိနေခဲ့တာပါ။

ဒိုင်မန်းရှင်းနှစ်ခုနဲ့ သူ့ရဲ့ခန္ဓာကိုယ် အကြားက
အက်ကွဲကြောင်း သေးသေးလေးကနေ
ဖြစ်ပေါ်လာတဲ့ ပွတ်တိုက်မှု

ဖိအားတွေကြောင့်… အခြေတည်ဝိညာဉ်
အဆင့်က ကျင့်ကြံသူတစ်ယောက်
ဖြစ်သော်ငြားလည်းပဲ… သူ့ရဲ့ခန္ဓာကိုယ်ဟာ
တွန့်လိမ်သွားခဲ့ကာ သွေးတွေဟာ
ရေပန်းတွေလိုမျိုး ပန်းထွက်လာခဲ့ပါတယ်။

ကျန်းဟိုင်ရဲ့ ခန္ဓာကိုယ်ဟာ ဟင်းလင်းပြင်
အက်ကွဲကြောင်းကနေ ပြန်ထွက်လာခဲ့ပေမဲ့
ဒဏ်ရာ အပြင်းအထန် ရရှိခဲ့ကာ…
အငြိုးကြီးစွာနဲ့ လင်းဖုန်းဆီကို
ခုန်အုပ်လိုက်ပါတယ်။ သူဟာ ထွက်ပြေးမယ့်
အကြံအစည်ကို စွန့်လွှတ်လိုက်ပြီး
သူ့ရဲ့စုတ်တံကို မြှောက်လိုက်ကာ 'ရန်း'

(လူသား)ဆိုတဲ့ စာလုံးတစ်လုံးကို ရေးလိုက်ပါတယ်။

ကျန်းဟိုင်ဟာ တည်ကြည်လေးနက်ပြီး သြဇာနဲ့ ပြည့်စုံတဲ့ အသံနဲ့ ပြောလိုက်ပါတယ်... "ကမ္ဘာပေါ်က အထက်မြတ်ဆုံး အရာဟာ ဓားသွားမဟုတ်ပဲ စုတ်တံဖျားသာဖြစ်တယ်။ ကမ္ဘာပေါ်မှာ အကြီးမားဆုံးသော စွမ်းအားဟာ နတ်ဘုရားတွေ မဟုတ်ပဲ နှလုံးသားသာဖြစ်တယ်!"

အခြေတည်ဝိညာဉ် အဆင့် မှော်အိုင်တမ်...
နွေဦးဆောင်းဦးစုတ်တံ။

ကောင်းကင်လူသားကျမ်းစာရဲ့
စွမ်းအားအကြီးဆုံး စကားလုံး "ရန်း" "人"

စာလုံးရဲ့ စွမ်းအားဟာ စိမ့်ထွက်လာခဲ့ကာ
တစ်ကမ္ဘာလုံးကို ဖုံးလွှမ်းသွားခဲ့ပြီး...
သူ့ရဲ့ကြီးမားတဲ့ စွမ်းအားနဲ့
သုံးပိုင်းပိုင်းခဲ့လိုက်ပါတယ်။

"ရယ်စရာကောင်းလိုက်တာ"

လင်းဖုန်းက သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး ရယ်လိုက်ပါတယ်... "နှလုံးသားဆိုတဲ့ စကားလုံးဟာ လူတစ်ယောက်ရဲ့ နှလုံးသားကို ဆိုလိုတာ မဟုတ်ပဲ ပြည်သူလူထုတို့ရဲ့ နှလုံးသားကိုသာ ဆိုလိုခြင်းဖြစ်တယ်။ မင်းက ဒီလောက်အထိ အရေးကြီးတဲ့ အရာကို မှားယွင်းပြီးတော့ ယူဆနေတယ်။ မင်းက ဒီလိုမျိုး အခြေခံ သဘောတရားကိုတောင် နားမလည်နိုင်ဘူးဆိုတော့... ကိုယ်ကျင့်သိက္ခာနဲ့ တာဝန်ဝတ္တရားတွေကို ဘယ်လိုလုပ်ပြီး ဆွေးနွေးလို့ ရပါ့မလဲ?"

လင်းဖုန်းက သူ့ရဲ့လက်ကို
ဆန့်တန်းလိုက်တော့ ချက်ချင်းဆိုသလိုပဲ
'ရန်း'စာလုံးဟာ ပျောက်ကွယ်သွားခဲ့ပါတယ်။
ပြီးတာနဲ့ ကျန်းဟိုင်က သူကို ခရမ်းရောင်
တိမ်တိုက်တွေက ဖုံးလွှမ်းသွားခဲ့ကာ…
သီးသန့်ကမ္ဘာငယ်လေး တစ်ခုရဲ့ အထဲကို
ရောက်သွားခဲ့တာကို တွေ့လိုက်ရပါတယ်။

ကျန်းဟိုင်ဟာ လှောင်အိမ်ထဲမှာ
အပိတ်ခံလိုက်ရတဲ့ ငှက်တစ်ကောင်လိုမျိုး
ဖြစ်နေခဲ့ကာ… ပိတ်ဆို့မှုကနေ
လွတ်မြောက်ဖို့ အစွမ်းကုန်
ကြိုးစားနေခဲ့ပါတယ်။ သူ့ရဲ့ နွေဦးဆောင်းဦး

စုတ်တံနဲ့ စာလုံးတွေ တစ်လုံးပြီးတစ်လုံး
ရေးကာ ကြိုးစားခဲ့ပေမဲ့... ဘာမှ
အရာမထင်ခဲ့ပါဘူး။

ပြီးတော့လည်း ဒီခရမ်းရောင် တိမ်တိုက်တွေနဲ့
ဖွဲ့စည်းထားတဲ့ ကမ္ဘာလေးဟာ...
ကမ္ဘာပျက်နေတဲ့အတိုင်း ပိုပိုပြီးတော့
ကျဥ်းမြောင်းလာခဲ့ပါတယ်။

ကျန်းဟိုင်ဟာ ကြုံ့ဝင်လာနေတဲ့
'ကမ္ဘာ'လေးကို ကြောက်ရွံ့စွာနဲ့
ကြည့်နေလိုက်ကာ...
ဆက်လက်ရုန်းကန်နေလည်း

ဘာမှမထူးတော့တာကို သိနေခဲ့တော့...
မျက်စိကိုသာ မှိတ်ထားလိုက်ကာ
သေမယ့်အချိန်ကို စောင့်နေခဲ့ပါတယ်။

ခုန်းယန်ရဲ့ မျက်လုံးတွေဟာ သွေးလိုမျိုး
နီရဲနေခဲ့ကာ... လင်းဖုန်းကို မမှိတ်မသုန်နဲ့
စိုက်ကြည့်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့
အမူအရာတွေဟာ ပိုပိုပြီးတော့
တည်ငြိမ်လာခဲ့ကာ... သူ့ရဲ့ စိတ်ထဲက
ကြောက်ရွံ့မှုနဲ့ တွေဝေမှုတွေကို
မောင်းထုတ်လိုက်တဲ့အလား...
ကျယ်လောင်စွာနဲ့ ဟစ်ကြွေးလိုက်ပါတယ်။
"ငါတို့ ဓားကျင့်ကြံသူတွေက ဓားကိုလွဲလို

ဘယ်အရာကိုမှ မဖက်တွယ်ထားကြဘူး။
ငါတို့ဟာ ဘာကိုမှ နောက်တွန့်နေမှာ
မဟုတ်ပဲ ရှေ့ဆက်တိုးမယ်ကွ"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
ခေါင်းဆောင်... ငါ့ရဲ့ဓားကို ကြည့်ထားစမ်း!"

ခုန်းယန်ရဲ့ အဝတ်တွေဟာ
အငွေ့ပျံသွားခဲ့ကာ... သူဟာ အလွန်အမင်းကို
တောက်ပတဲ့ ဓားအလင်းတန်း တစ်ခုအဖြစ်ကို
ပြောင်းသွားခဲ့ပါတယ်။ ဒီတစ်ခေါက်
ဓားအလင်းတန်းဟာ သူက ခန်းနန်ဟွာကို

ရင်ဆိုင်နေတုံးကထက် အများကြီး
ပိုတောက်ပပါတယ်။

သူနှစ်ပေါင်းများစွာ စုဆောင်းလာခဲ့တဲ့
ခေးချီခေတ်တွေကို တခဏလေး အတွင်းမှာ
ထုတ်လွှတ်လိုက်တာပါ။ ဒါပေမဲ့လည်း
ပထမဦးဆုံး ပျက်စီးသွားခဲ့ရတာကတော့
သူ့ရဲ့ခန္ဓာကိုယ်ပဲ ဖြစ်ပါတယ်!

ခေးအလင်းတန်းရဲ့ အလယ်မှာ…
အသက်ငါးနှစ်လောက် ရှိနေတဲ့
ကလေးငယ်လေး တစ်ယောက်ဟာ
ခေးကိုကိုင်ပြီး ရှေ့တိုးလာခဲ့ပါတယ်။

သူကတော့ ခုန်းယန်ရဲ့
အခြေတည်ဝိညာဉ်ကလွဲလို့
တခြားမဟုတ်ပါဘူး။

ခုန်းယန်ရဲ့ နောက်ဆုံးဝှက်ဖဲနဲ့
ရင်ဆိုင်ခဲ့ရပေမဲ့... လင်းဖုန်းက ဂရုမစိုက်ခဲ့ပဲ
ကောင်းကင်၏ စည်းရိုးများကို
ထုတ်လွှတ်လိုက်ကာ... ခုန်းယန်ရဲ့
စွမ်းအားကြီးလှတဲ့ ဓားအလင်းတန်းရဲ့
လမ်းကြောင်းမှာ မမြင်နိုင်တဲ့ အရံအတား
တစ်ခုကို ဖန်ဆင်းလိုက်ပါတယ်။

ခုန်းယန်ရဲ့ ခေါအလင်းတန်းတွေဟာ ဆူနာမီ လှိုင်းလုံးကြီးတွေက ကမ်းခြေကို ဘယ်လိုပဲ ရိုက်ခတ်ရိုက်ခတ် ကမ်းခြေက လုံးဝ မတုန်လှုပ်ခဲ့သလိုပဲ... အဆုံးမဲ့ ခေါအလင်းတန်းတွေဟာ ဘယ်လိုပဲ ထိုးဖောက်ထိုးဖောက်... ကောင်းကင်၏ စည်းရိုးများကို မကျော်ဖြတ်နိုင်ခဲ့ပါဘူး။

"တည်ငြိမ်စမ်း!" လင်းဖုန်းက သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်တော့... ပုံသဏ္ဍာန်မဲ့ ကောင်းကင်၏ စည်းရိုးများဟာ အဆုံးမဲ့ ခရမ်းရောင် တိမ်တိုက်တွေ အဖြစ်ကို အသွင်ပြောင်းသွားကြပါတယ်။ သူတို့ဟာ

ကျိုးပဲ့နေကြတဲ့ ခါးအလင်းတန်းတွေနဲ့အတူ
ခုန်းယန်ရဲ့ အခြေတည်ဝိညာဉ်ကိုပါ
ဖုံးလွှမ်းလိုက်ကာ… နောက်ထပ်
ကောင်းကင်ကမ္ဘာငယ် တစ်ခုအထဲကို
ထည့်သွင်းလိုက်ပါတယ်။

အဖြူရောင် အလင်းတန်း တစ်ခုဟာ
ရုတ်တရက်ပဲ ကောင်းကင်ယံမှာ လက်ကနဲ
ဖြစ်သွားခဲ့ပြီး… ခရမ်းရောင်
တိမ်တိုက်ပင်လယ်ကြီးကို
ဖြတ်သန်းလာခဲ့ကာ လင်းဖုန်းရဲ့ အရှေ့ကို
ရောက်လာခဲ့ပါတယ်။

အခုလှုပ်ရှားလိုက်တဲ့သူဟာ ပန်ကျဲကလွဲလို့ ဘယ်သူမှ မဟုတ်ပါဘူး။

ပန်ကျဲဟာ သူ့ရဲ့လက်တွေကို ကျောနောက်မှာ ပစ်ထားခဲ့ကာ လေးနက်တဲ့ အမူအရာကို ဆောင်နေပါတယ်။ သူဟာ ဟင်းလင်းပြင်ထဲမှာ ရပ်နေခဲ့တာဖြစ်ပြီး သူ့ရဲ့နဖူးကို သတိထားပြီး ကြည့်လိုက်ရင်... တစ်ယောက်ဟာ သေးငယ်တဲ့ မှန်ဝိုင်းလေးလိုမျိုး အဖြူရောင် အလင်းစက်လေး တစ်ခုကို တွေ့မြင်ရမှာပဲ ဖြစ်ပါတယ်။

ဒီမှန်ဝိုင်းလေးဟာ ပြိုးပြိုးပြက်ပြက်နဲ့
ဖိတ်ဖိတ်တောက်နေခဲ့တော့… နေမင်းဟာ
သူ့ရဲ့အောက်က ကမ္ဘာကြီး တစ်ခုလုံးကို
အလင်းပေးထားသလိုမျိုး ဖြစ်နေခဲ့ပါတယ်။

မဟာဟင်းလင်းပြင် နည်းစနစ် :
မဟာဟင်းလင်းပြင် ရတနာ
ကောင်းကင်ကြေးမုံ!

အပြာရောင် ဖျော့ဖျော့နဲ့ ကောင်းကင်ပေါ်က
မျက်လုံးလေး တစ်လုံးလို… ကြေးမုံလေးရဲ့
အတွင်းဘက်ကနေ စွမ်းအားကြီးတဲ့
အော်ရာတွေဟာ ဖြာထွက်လာခဲ့ပါတယ်။

ဒီမျက်စိဟာ ဘာခံစားချက်မျိုးမှ မရှိပဲ…
အမိန့်အာဏာနဲ့ အတူ ကောင်းကင်ပေါ်ကနေ
မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်နေခဲ့ပါတယ်။

ဒီမျက်စိဟာ သူကိုယ်တိုင်က အချိန်ဖြစ်ပြီး
အားလုံးကို ထိန်းချုပ်နိုင်စွမ်းရှိတယ် ဆိုတဲ့
ခံစားချက်မျိုးကို ပေးစွမ်းနိုင်ခဲ့ပါတယ်။

ဒီမျက်စိဟာ သူ့သခင်ရဲ့ အကြည့်အတွင်းက
အရာအားလုံးကို ဖျက်ဆီးနိုင်တယ်ဆိုတဲ့
အထင်အမြင်ကို ပေးစွမ်းနိုင်ခဲ့ပါတယ်!

လင်းဖုန်းတောင်မှပဲ ဒီကြေးမုံက သူ့အပေါ်ကို ရောင်ပြန်ဟပ်နေခဲ့တော့... သူ့ရဲ့ မှော်စွမ်းအင်တွေဟာ နှေးကွေးသွားခဲ့တယ်လို့ ခံစားလိုက်ရပါတယ်။ ဒီကြေးမုံရဲ့ ဖိနှိပ်နိုင်စွမ်းဟာ တကယ်ကိုပဲ အားကောင်းလှပါတယ်။

"ဟင်းဟင်း... ငါတော့ အထင်ကြီးသွားပြီကွာ။ ဟင်းလင်းပြင် ဘုရားကျောင်းက သူ့ရဲ့ ကိုယ်ပိုင်နည်းလမ်းနဲ့ တကယ့်ကို စွမ်းအားကြီးတာပဲ" လင်းဖုန်းက ရယ်လိုက်ပါတယ်... "ဒါပေမဲ့လည်း သူက

ရောက်သင့်တဲ့နေရာကို ရောက်ဖို့ကတော့ အဝေးကြီးလိုသေးတယ်!"

သူက သူ့ရဲ့လက်ကို မြှောက်လိုက်ပြီး ကောင်းကင်၏ စည်းရိုးများကို ထပ်ပြီးသုံးလိုက်ကာ... ပန်ကျဲရဲ့ ကြေးမုံက အလင်းတန်းတွေကို သီးခြားဖယ်လိုက်ပြီး... လောကနှစ်ပါး လေဟာနယ် မန္တန်ကို ထုတ်ဖော်လိုက်ပါတယ်။

မှော်ကျိန်စာရဲ့ နေရာဟာ ပန်ကျဲရဲ့ ခန္ဓာကိုယ် အပေါ်မှာ ဖြစ်ပါတယ်!

ဒီမှော်ကျိန်စာဟာ သူ့ရဲ့ခန္ဓာကိုယ်ကို နှစ်ပိုင်းပိုင်းလိုက်မှာဖြစ်ပြီး... နေရာချင်း လဲလိုက်မှာပါ!

"ဟာ?" ပန်ကျဲဟာ ဟင်းလင်းပြင် လေစီးကြောင်းတွေရဲ့ မူမမှန် လှုပ်ရှားမှုတွေကို သတိထားမိလိုက်ကာ... သူ့ရဲ့ အခြေတည်ဝိညာဉ် အဆင့်က စွမ်းအားတွေနဲ့ လေစီးကြောင်းတွေကို တည်ငြိမ်အောင် ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ သူဟာ ဟင်းလင်းပြင် ပြိုကွဲမှုကို ထိန်းချုပ်လို့ မရနိုင်တာကို

သိလိုက်ပြီး… သူက နောက်ထပ်အကွက်တွေ ထုတ်ရတော့မယ်လို့ သိလိုက်ပါတယ်။

အခြေတည်ဝိညာဉ် အဆင့်ကို ရောက်သွားပြီးနောက်မှာ… လင်းဖုန်းရဲ့ လေဟာနယ်နဲ့ ဟင်းလင်းပြင်တို့ကို နားလည်မှုဟာ နက်ရှိုင်းတဲ့ အဆင့်တစ်ခုကို ရောက်သွားခဲ့ကာ… အခြေတည်ဝိညာဉ် အဆင့်က ဘယ်ကျင့်ကြံသူကမှ သူ့ရဲ့တိုက်ခိုက်မှုကို ခုခံနိုင်မှာ မဟုတ်ပါဘူး!

ရှင်းရှင်းပြောရရင် သူဟာ အင်မော်တယ်
ဝိညာဥ် အဆင့်အောက်မှာ ပြိုင်ဘက်ကင်း
ဖြစ်သွားခဲ့ပါပြီ!

"တော်လောက်ပြီ!"

ပန်ကျဲရဲ့ အမူအရာတွေဟာ ပြောင်းသွားခဲ့ပြီး
သူ့ရဲ့ကိုယ်ကို လှုပ်လိုက်ကာ... တခဏလေး
အတွင်းမှာပဲ သူ့ရဲ့ခေါင်းပေါ်ကနေ
ပုံရိပ်တစ်ခုဟာ
ပျံသန်းထွက်ပေါ်လာခဲ့ပါတယ်။

ဒီပုံရိပ်လေးဟာ ပေတစ်ရာလောက်မြင့်ပြီး…
နေမင်း၊ လမင်း၊ ကြယ်တွေ၊ ပင်လယ်
သမုဒ္ဒရာတွေနဲ့ တောင်တန်းတွေကို
ချုပ်လုပ်ထားတဲ့ မှော်ဝတ်လုံ ခြုံလွှာတစ်ခုကို
ဝတ်ဆင်ထားပါတယ်။ သူဟာ
ကောင်းကင်အောက်က အဖြူရောင်
တိမ်တိုက်တွေပေါ်မှာ ခြေချထားခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီပုံရိပ်ရဲ့ မျက်နှာပေါ်မှာ ဘာမှ
မရှိခဲ့ပါဘူး။ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်…
ဘာဆိုဘာမှ မရှိတာပါ။

သူ့ဆီမှာ မျက်နှာသွင်ပြင် တစ်ခုမှ မရှိခဲ့ပေမဲ့... သူဟာ ကမ္ဘာကြီးပေါ်မှာ အကြီးကျယ်ဆုံး ဖြစ်တဲ့ အောင်ရာတွေကို ထုတ်လွှတ်နေခဲ့ပါတယ်။ တာအို သဘောတရားရဲ့ ရုပ်အကောင်အထည် ဖော်ပြခြင်းပဲ ဖြစ်ပါတယ်!

ဒါကတော့ ကောင်းကင်နဲ့မြေကြီး ပုံပန်းသဏ္ဍာန် နည်းစနစ်ပဲ ဖြစ်ပါတယ်! အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့ သင်္ကေတပဲ ဖြစ်ပါတယ်။

ဒီနည်းစနစ်နဲ့ ပန်ကျဲဟာ အခုရှိနေကြတဲ့ လူတွေအားလုံးကို ဖျက်ဆီးပစ်နိုင်ပါတယ်!

ဒါပေမဲ့လည်း ချွင်းချက်တစ်ခုတော့ ရှိပါသေးတယ်။

"ကောင်းကင်နဲ့မြေကြီး ပုံပန်းသဏ္ဍာန် နည်းစနစ်?" လင်းဖုန်းက သူ့ကို ချက်ချင်းပဲ မှတ်မိလိုက်ပါတယ်။ "တာအိုခြေလျှင် ခရီးသည်က အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်ကို ရောက်ရှိနေခဲ့ပြီ။ တော်တော်ကို အထင်ကြီးဖွယ် ကောင်းတယ်လို့တော့ ဝန်ခံရမှာပဲ!"

"ဒါပေမဲ့လည်း ဒါက ငါ့ရဲ့အရှေ့မှာ ဘာမှ အသုံးမဝင်ပဲ... အလကားပဲကွ"

လင်းဖုန်းက သူ့ရဲ့ လက်ချောင်းတွေကို ဖြန့်ထားပြီး ညာလက်ကို ဆန့်တန်းလိုက်ကာ... ချက်ချင်းပဲ လက်သီးကို တင်းကျပ်စွာ ပြန်ဆုပ်လိုက်ပါတယ်။

လင်းဖုန်းက သူ့ရဲ့လက်သီးကို ဆုပ်လိုက်တဲ့ အချိန်မှာပဲ... ပန်ကျဲရဲ့ ကောင်းကင်နဲ့မြေကြီး ပုံပန်းသဏ္ဍာန် နည်းစနစ်ဟာ သူ့ရဲ့ အမိန့်အာဏာနဲ့ ကြီးမြတ်မှုတွေ

ပျောက်ဆုံးသွားခဲ့ကာ… ပန်ကျဲရှိနေတဲ့
ဟင်းလင်းပြင်ကြီးဟာ ချက်ချင်းဆိုသလိုပဲ
ညက်ညက်ချေခြင်း ခံလိုက်ရပါတယ်။

မရေမတွက်နိုင်တဲ့ ဓာတ်သဘာဝ
စီးကြောင်းတွေဟာ ထိုးတက်လာခဲ့ပြီး…
စကြာဝဠာကြီးဟာ သူ့ရဲ့ နဂိုမူလ ဖရိုဖရဲ
ကစဉ့်ကလျား အခြေအနေကို
ပြန်ရောက်သွားခဲ့ သလိုပါပဲ!

ဒီနည်းစနစ်ဟာ ဓာတ်သဘာဝ
စီးကြောင်းတွေရဲ့ အထဲမှာ
နစ်မြုပ်သွားခဲ့ကာ… ထိတွေ့မှုတွေကြောင့်

ဖြစ်ပေါ်လာတဲ့ ဖိအားတွေရဲ့ ချေမွမှုကို
ခံလိုက်ရပါတော့တယ်!

အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်က
ကျင့်ကြံသူ တစ်ယောက်ရဲ့ အစွမ်းအထက်ဆုံး
စွမ်းရည်ဖြစ်တဲ့... ကောင်းကင်နဲ့ မြေကြီးတို့ရဲ့
ပုံပန်းသဏ္ဍာန် နည်းစနစ်ဟာ အဖျက်ဆီး
ခံလိုက်ရပြီး... တစ်စစီ
ကြေမွသွားခဲ့ပါတော့တယ်!

## စာစဥ် ၁၃ : အပိုင်း ၈

# အပိုင်း ၂၁၈ : မျက်စိတစ်မှိတ် အတွင်းမှာ ပျက်စီးသွားခြင်း

ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ အသွင်သဏ္ဍာန် နည်းစနစ်ကို ဖော်ဆောင်နိုင်ခြင်းဟာ... အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းရည်ပဲ ဖြစ်ပါတယ်။

အချိန်ကသာ ရင့်မှည့်လာခဲ့ရင် ဒီကျင့်ကြံသူဟာ ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ပုံပန်းသဏ္ဍာန် နည်းစနစ်ကို ဆက်လက်သန့်စင်ပြီး... သူ့ရဲ့ ကိုယ်ပိုင်

အခြေတည်ဝိညာဉ်နဲ့ ပေါင်းစပ်ကာ
အင်မော်တယ် ဝိညာဉ်ကို ဆက်လက်ပြီး
ဖော်ဆောင်မှာ ဖြစ်ပါတယ်။

ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ပုံပန်းသဏ္ဌာန်
နည်းစနစ်ဟာ… ကျင့်ကြံသူ တစ်ယောက်ရဲ့
တာအိုနည်းစနစ်တွေနဲ့ မှော်စွမ်းအင်ကို
ပေါင်းစည်းထားခြင်းပဲ ဖြစ်ပါတယ်။ သူဟာ
မယုံနိုင်စရာ စွမ်းရည်တွေ စုပေါင်းထားခြင်းပဲ
ဖြစ်ပါတယ်။

အင်မော်တယ် ဝိညာဉ် အဆင့်ရဲ့အောက်မှာ
ကျင့်ကြံမှု အဆင့်တွေရဲ့ အဆင့်ခွဲတွေ

အားလုံးရဲ့ အထဲမှာ... အကြီးမားဆုံး
ကွာဟမှုဟာ အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်နဲ့
နောက်ဆုံးအဆင့်တို့ရဲ့ ကွာဟမှုပဲ
ဖြစ်ပါတယ်။ ဒါရဲ့ အဓိက
အကြောင်းရင်းကလည်း ဒီကောင်းကင်နဲ့
မြေကြီးတို့ရဲ့ ပုံပန်းသဏ္ဍာန်
နည်းစနစ်ကြောင့်ပါပဲ။

ပန်ကဲ့အနေနဲ့ ပြောရရင် သူ့ရဲ့ ကောင်းကင်နဲ့
မြေကြီးတို့ရဲ့ ပုံပန်းသဏ္ဍာန် နည်းစနစ်
အထဲမှာ... အလွန်အမင်းကို

လျှို့ဝှက်ဆန်းကြယ်ပြီး အားကောင်းတဲ့ အော်ရာတွေ ရှိပါတယ်။

အလွန်အမင်းကို ကြီးမားကျယ်ပြန့်တဲ့ ကောင်းကင်အောက်မှာ… သူဟာ ကမ္ဘာကြီး တစ်ခုလုံးကို ဖုံးအုပ်ထားတဲ့ အဖုံးတစ်ခုလို အားလုံးရဲ့ အပေါ်မှာ ရေးရေးလေး ပေါ်နေခဲ့တာပါ။ သူ့ဆီမှာ ကြီးမားတဲ့ ဩဇာအာဏာနဲ့ ကမ္ဘာပေါ်က အရာအားလုံးကို အုပ်စိုးနိုင်တဲ့ စွမ်းအားတွေကို ပိုင်ဆိုင်ထားခဲ့တာပါ။

သူဟာ ကောင်းကင်တာအို ဝါဒရဲ့
ဘက်မလိုက်တဲ့ သဘောတရားတွေကိုလည်း
ကိုယ်စားပြုနေခဲ့ပြီး… အားလုံးဟာ
ကောင်းကင်တာအို ဝါဒရဲ့
စည်းမျဥ်းစည်းကမ်းနဲ့ နိယာမတွေကို
လိုက်နာရမှာပဲ ဖြစ်ပါတယ်။

တာအိုခြေလျှင် ခရီးသည် ပန်ကျဲဟာ
ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
အဆင့်အမြင့်ဆုံးနဲ့ အခက်ခဲဆုံး
ကျမ်းစာတွေကို လေ့ကျင့်ထားခဲ့ကာ…
အခြေတည်ဝိညာဥ် နောက်ဆုံး အဆင့်က
ကျင့်ကြံသူတွေရဲ့ ထိပ်ဆုံးက

ထိပ်သီးကျင့်ကြံသူ အနည်းငယ်ထဲမှာ
တစ်ဦးအပါအဝင် ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အခုတော့ သူဟာ လင်းဖုန်းရဲ့
ခါတ်သဘာဝ စီးကြောင်းတွေနဲ့
ရင်ဆိုင်လိုက်ရတော့… သူ့ရဲ့ ကောင်းကင်နဲ့
မြေကြီးတို့ရဲ့ ပုံပန်းသဏ္ဍာန် နည်းစနစ်ဟာ…
ဒီခါတ်သဘာဝ စီးကြောင်းတွေရဲ့
ဖျက်ဆီးနိုင်မှုနဲ့ ကစဥ့်ကလျား ဖြစ်မှုတို့ကို
မယှဥ်နိုင်ခဲ့ပါဘူး။

ပန်ကျဲဟာ လေးနက်တဲ့ အကြည့်မျိုးနဲ့
ကြည့်လိုက်ကာ သက်ပြင်းအရှည်ကြီး

တစ်ချက်ကို ချလိုက်ပြီး… သူ့ရဲ့ ပုံရိပ်ဟာ
ဘောပတ်ဝန်းကျင်ထဲကို ဖြေးဖြေးခြင်း
ဝိုးတဝါး ဖြစ်သွားကာ
ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒီလိုမျိုး ဝိုးတဝါး ဖြစ်သွားခြင်းဟာ ပန်ကျဲကို
လင်းဖုန်း စေလွှတ်လိုက်တဲ့ အားကောင်းတဲ့
ဓာတ်သဘာဝ စီးကြောင်းတွေရဲ့
ဖျက်ဆီးမှုကနေ လွတ်မြောက်စေခဲ့ပါတယ်။

ဒီဓာတ်သဘာဝ စီးကြောင်းတွေဟာ ပန်ကျဲနဲ့
ထိတွေ့တော့မယ့် အချိန်မှာပဲ… သူရဲ့
ရုပ်ခန္ဓာကိုယ်ဟာ မှေးမှိန်သွားခဲ့ကာ

နောက်ထပ်သီးသန့် ဒိုင်မန်းရှင်း တစ်ခုရဲ့
အထဲကို ယာယီရောက်ရှိသွားခဲ့ပြီး... သူ့ရဲ့
မူလနေရာမှာ ပုံရိပ်ယောင်လေး တစ်ခုကိုသာ
ချန်ထားခဲ့ပါတယ်!

ဓာတ်သဘာဝ စီးကြောင်းတွေဟာ
တည်ငြိမ်သွားခဲ့ပြီး သူ့ကို အန္တရာယ်
မပေးနိုင်လောက်တော့တဲ့ အချိန်မှာသာ...
ပန်ကျဲ့ရဲ့ ပုံရိပ်ဟာ
ပြန်လည်အသက်ဝင်လာခဲ့ကာ မူလနေရာမှာ
ပြန်ပေါ်လာခဲ့ပါတယ်။

ဟင်းလင်းပြင် ဘုရားကျောင်းဟာ
အကန့်အသတ်မဲ့ စွမ်းရည်တွေနဲ့ ပြည့်စုံတဲ့…
အစွမ်းထက်တဲ့ မှော်ကျိန်စာတွေ
အမြောက်အမြားကို သိမ်းဆည်းထားတဲ့
ကျမ်းစာကျောင်းဆောင်တစ်ခု ရှိပါတယ်။
အခုပန်ကျဲ အသုံးပြုလိုက်တဲ့ မှော်ကျိန်စာဟာ
ရုပ်ကိုယ်ခန္ဓာ အသွင်ပြောင်းလဲခြင်း
ပညာရပ်ကို အရင်ဆုံး
နားလည်သဘောပေါက်ပြီး နောက်မှာ…
သူ့ဟာ သီးသန့်ဒိုင်မန်းရှင်း တစ်ခုရဲ့ အထဲမှာ
သူ့ကိုယ်သူ ကွယ်ဝှက်ထားနိုင်ခြင်းပဲ
ဖြစ်ပါတယ်။

ဒီရုပ်ကိုယ်ခန္ဓာ အသွင်ပြောင်းလဲခြင်း ပညာရပ်ကို အသုံးပြုလိုက်ပြီး... ပန်ကျဲဟာ လင်းဖုန်းရဲ့ တိုက်ခိုက်မှုကနေ လွတ်မြောက်သွားနိုင်ခဲ့ပါတယ်။ ဆုံးဖြတ်ချက် ပြတ်သားစွာနဲ့... သူဟာ သူ့ရဲ့ ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ပုံပန်းသဏ္ဍာန် နည်းစနစ်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်။

အမှန်တရားဟာ ကြမ်းတမ်းရက်စက်ပေမဲ့ ပန်ကျဲဟာ... အခြေတည်ဝိညာဉ် အဆင့်က ပြိုင်ဘက်တွေ အားလုံးကို အသာစီးရစေတဲ့ သူ့ရဲ့ ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ပုံပန်းသဏ္ဍာန် နည်းစနစ်ဟာ... လင်းဖုန်းရဲ့

အရှေ့မှာ စွမ်းအားကင်းမဲ့နေတာကို လက်ခံခဲ့ရပါတယ်။

ပန်ကျဲဟာ သူ့ကိုယ်သူ တည်ငြိမ်အောင် ပြန်လည်ကြိုးစားခဲ့ပြီး... သူ့ရဲ့ လက်ဖဝါး အစုံကို ပူးကပ်လိုက်ကာ ရေရွတ်လိုက်ပါတယ်... "မှော်ရတနာ... ထွက်ပေါ်လာစမ်း"

ပြီးတာနဲ့ သူ့ရဲ့ လက်ဖဝါးတွေကို အပေါ်လှန်လိုက်ပါတယ်။ အဖြူ၊ အနက်၊ အဝါ၊ အစိမ်း၊ အနီ၊ အပြာ စတဲ့ အရောင်မျိုးစုံကို ပေါင်းစပ်ထားတဲ့ အလင်းတန်း တစ်ခုဟာ

တောက်ပစွာ လင်းလက်လာခဲ့ပြီး…
ပတ်ဝန်းကျင် တစ်ခုလုံးကို
ကြောက်မက်ဖွယ်ရာ မှော်စွမ်းအင်
လှုပ်ရှားမှုတွေနဲ့ ရိုက်ခတ်ခဲ့ပါတယ်။

မှော်ရတနာ! မှော်ရတနာ တစ်ခုကသာ
ဒီလိုမျိုး ခန်းနားတဲ့ အဖွင့်နဲ့ ဝင်လာနိုင်တာပါ!

ဒီလိုမျိုး ဝင်ရောက်လာခြင်းဟာ
အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်ရဲ့ ဝင်ရောက်လာခြင်းနဲ့
တူပါတယ်!

ရှောင်ယန်ရဲ့ စကြာဝဠာ ကြေးမုံ၊ ဇူရီရဲ့ အထီးကျန် မိုးကြိုးကိုးလွှာ နတ်ဘုရား လိုက်ကာ၊ ရှောင်ပုတန်လေးရဲ့ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုတို့ဟာ… မှော်ရတနာ တစ်ခုရဲ့ အော်ရာကို ရလိုက်တာနဲ့ ဂဏှာမငြိမ်တွေ ဖြစ်ကုန်ကြပါတယ်။

ဒီအခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ်တွေရဲ့ ခံစားချက်တွေဟာ အမတန်ကိုမှပဲ လူသားဆန်လှပါတယ်။ သူတို့ဟာ လူတစ်ယောက်ဟာ သူ့ရဲ့ အကြီးအကဲတွေနဲ့ တွေ့ရတဲ့ အချိန်မှာ ခံစားရတဲ့ ကြောက်ရွံ့မှုနဲ့ ရိုသေမှုတွေပါ။

သူတို့က မှူးမတ်တွေဟာ ရှင်ဘုရင်နဲ့
တွေ့လိုက်ရသလိုမျိုး ပြုမူနေကြပါတယ်။
တကယ်လို့များ ရှင်ဘုရင်က သူတို့ကို
သေမိန့်ချမယ်ဆိုရင် သူတို့ဟာ သေရမှာပါ!
ဒါကတော့ သူတို့ရဲ့ အတွင်းစိတ်ထဲက
ကြောက်ရွံ့မှုပဲ ဖြစ်ပါတယ်!

အကြာခင်မှာပဲ ရောင်စုံအလင်းတန်းဟာ
မှေးမှိန်သွားခဲ့ပေမဲ့... အကြီးမြတ်ဆုံးလို့
ဆိုနိုင်တဲ့ အော်ရာတွေဟာ ပိုပိုပြီးမှ
အားကောင်းလာခဲ့ပါတယ်။

ရောင်စုံရတနာ အလင်းတန်းတွေရဲ့
အကြားမှာ... တစ်ပေခန့်ရှည်တဲ့ ခါးလေးဟာ
တဖြေးဖြေးနဲ့ ရုပ်လုံးပေါ်လာခဲ့ပါတယ်။

ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
မှော်ရတနာ... အသွင်သဏ္ဌာန်
ခြောက်မျိုးခါး!

ဒီအသွင်သဏ္ဌာန် ခြောက်မျိုးခါးကနေ
လူသားအသံတစ်ခုဟာ ထွက်ပေါ်လာခဲ့ပြီး
လင်းဖုန်းကို မေးခွန်းထုတ်လိုက်ပါတယ်...
"ခါတ်သဘာဝ စီးကြောင်းတွေကို
ဆင့်ခေါ်နိုင်တဲ့ အစွမ်းထက်တဲ့

ကျင့်ကြံသူတစ်ယောက်… ခင်ဗျားက ဘယ်သူများလည်း?"

လင်းဖုန်းဟာ အသွင်သဏ္ဌာန် ခြောက်မျိုးခေးကို စိတ်ဝင်တစားနဲ့ လေ့လာအကဲခတ်နေခဲ့ပါတယ်။ ဘာပဲပြောပြော ဒါဟာ သူက ဒီကမ္ဘာကို ရောက်လာပြီးနောက်ပိုင်းမှာ… ပထမဦးဆုံး တွေ့ရတဲ့ မှော်ရတနာ တစ်ခုပဲ ဖြစ်ပါတယ်။

ဒီခေးရဲ့ မောက်မာတဲ့ လေသံကို ကြားရပြီးနောက်မှာ… လင်းဖုန်းက ညင်သာစွာ ပြုံးလိုက်ပေမဲ့ အရေးလုပ်ပြီးတော့

ပြန်မဖြေခဲ့ပါဘူး။ ချက်ချင်းဆိုသလိုပဲ သူက
သူ့ရဲ့ လက်ချောင်းတွေကို လှုပ်လိုက်တော့…
အလင်းစက်လေး တစ်စက်ဟာ
ကောင်းကင်ပေါ်ကို ပျံတက်သွားခဲ့ပြီး
လျှင်မြန်စွာနဲ့ ကျယ်ပြန့်လာခဲ့ပါတယ်။

မရေမတွက်နိုင်တဲ့ အလင်းတန်းတွေဟာ
အလွန်ကို လှို့ဝှက်နက်နဲတဲ့ ပုံစံမျိုးနဲ့…
တစ်ခုနဲ့တစ်ခု ရောထွေးယှက်လိမ်
သွားကြကာ ရောမ မှော်ကျိန်စာ
ဝက်ပါတစ်ခုကို ပုံဖော်လိုက်ပါတယ်။

ဒီမှော်ကျိန်စာ ဝက်ပါရဲ့ အထဲမှာ...
မရေမတွက်နိုင်တဲ့ သင်္ကေတတွေ၊
မျဉ်းကြောင်းတွေဟာ
လွင့်မျောနေကြပါတယ်။ သူတို့ဟာ
တစ်ခုနဲ့တစ်ခု ထပ်ပြီးမှ ပေါင်းစည်းသွားတဲ့
အခါမှာ... စတုရန်းပေ ရာပေါင်းများစွာတို့ရဲ့
အပေါ်ကို လွှမ်းခြုံထားခဲ့တဲ့... ရောမ အဖြူ-
အနက် ပုံရိပ်တစ်ခုကို
တည်ဆောက်နိုင်ခဲ့ပါတယ်။

ပန်ကျဲနဲ့ ဒီအသွင်သဏ္ဌာန်
ခြောက်မျိုးစားတို့ဟာလည်း ဒီမှော်ကျိန်စာ
ဝက်ပါရဲ့ အထဲမှာ ပိတ်ဆို့ခြင်းကို

ခံလိုက်ရပါတယ်။ ပန်ကဲ့က ခွေးနဲ့အတူ... "ဒါက သူတို့ဂိုဏ်းရဲ့ မှော်ကျိန်စာ ဝက်ပါပဲ ဖြစ်ရမယ်"

ဒီခွေးကလည်း ထပ်ဖန်တစ်ခါ ကြီးရင့်တဲ့ လေသံနဲ့... "ပုံစံတွေက များလွန်းပြီး တစ်ခုမှ သဘာဝ မကျဘူး။ ငါ့ကို တားဆီးနိုင်မှာ မဟုတ်ပါဘူး"

ကျယ်လောင်လှတဲ့ တစ်ဝီဝီ အသံဟာ ထွက်ပေါ်လာခဲ့ပြီး... အသွင်သဏ္ဌာန် ခြောက်မျိုးခွေးရဲ့ ပုံစံဟာ ပြောင်းသွားခဲ့ပါတယ်။

ရောင်စုံအလင်းတန်းလေးဟာ အစိမ်းရောင် အလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းသွားခဲ့တာပါ။

အစိမ်းရောင် အလင်းတန်းရဲ့ အလယ်မှာ အသွင်သဏ္ဍာန် ခြောက်မျိုးခေးရဲ့ ပုံရိပ်ဟာ ပျောက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း နဂါးတစ်ကောင်ရဲ့ ဟိန်းဟောက်သံနဲ့ အတူ… ပေတစ်ရာရှည်တဲ့ သုံးထပ်လှေကြီးဟာ အစိမ်းရောင် အလင်းတန်းရဲ့ အထဲကနေ ထွက်ပေါ်လာခဲ့ပါတယ်။

ဒီရောမလှေကြီးဟာ ဖျက်ဆီးနိုင်တဲ့
စွမ်းအားတွေနဲ့ ပေါက်ကွဲနေခဲ့ကာ... သူ့ရဲ့
ဘေးပတ်ပတ်လည်က စိတ်ဝိညာဉ်
စွမ်းအင်တွေကို ချေမွနေခဲ့ပါတယ်။
သူဖြတ်သွားတဲ့ နေရာတွေမှာ ဘာမှ
မကျန်ခဲ့တော့ပဲ ဟင်းလင်းဖြစ်နေတဲ့
လေဟာနယ်သာ ကျန်နေခဲ့တာပါ။

ဒီရောမ လှေကြီးဟာ သူ့ကို ဘယ်အရာကမှ
မတားဆီးနိုင်ဘူးဆိုတဲ့
ထင်မြင်ယူဆချက်မျိုးကို ပေးနေခဲ့ပါတယ်။

အသွင်သဏ္ဍာန် ခြောက်မျိုးခွဲရဲ့ ပထမ
အသွင်သဏ္ဍာန်... ပျံဝဲနေသော နဂါးလှေ!

ပန်ကျဲဟာ လေပေါ်ကို ပျံဝဲသွားခဲ့ပြီး
လှေပေါ်ကို ဆင်းသက်လိုက်ပါတယ်။
လှေကြီးဟာ အစိမ်းရောင် ရတနာ
အလင်းတန်း အဖြစ်ကို ပြောင်းသွားခဲ့ကာ...
မှော်ကျိန်စာ ဝက်ပါရဲ့ နရံတွေကို
ထွင်းဖောက်ဖို့ ကြိုးစားခဲ့ပါတယ်။

ဒါကိုမြင်လိုက်တော့ လင်းဖုန်းက
သူ့ရဲ့ခေါင်းကို ညင်သာစွာ ညိတ်လိုက်ပြီး...
"အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူ

တစ်ယောက်ကသာ ထုလုပ်နိုင်တဲ့
မှော်ရတနာက တကယ်ကို
အစွမ်းထက်လှပါတယ်"

ဒါပေမဲ့လည်း ဝမ်းနည်းစရာ ကောင်းတာက
ဒါကလည်း အသုံးမဝင်ခဲ့ပါဘူး!

လင်းဖုန်းက တိုးတိုးလေး
ရေရွတ်လိုက်ပါတယ်... "ယင်-ယန်
ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း ဝက်ပါ...
ပွင့်စမ်း!"

"ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ပြောင်းလဲခြင်း... တက်လာစမ်း!"

မရေမတွက်နိုင်တဲ့ ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်တွေဟာ မှော်ကျိန်စာ ဝက်ပါထဲကို ထိုးတက်လာခဲ့ကာ... ပန်ကျဲနဲ့ ပျံဝဲနေသော နဂါးလှေတို့ရဲ့ ခေါင်းပေါ်မှာ ကျယ်ပြန့်တဲ့ ကောင်းကင်ပုံစံကို ဖန်ဆင်းလိုက်ပါတယ်။

ပျံဝဲနေသော နဂါးလှေရဲ့ ခရီးသွားတဲ့ အမြန်နှုန်းဟာ ရှူးလောက်အောင် မြန်လွန်းပြီး... မျက်စိတစ်မှိတ်လေး

အတွင်းမှာ မရေမတွက်နိုင်တဲ့ လေဟာနယ်-
အချိန် ဒိုင်မန်းရှင်းပေါင်း မြောက်မြားစွာတို့ကို
ဖြတ်ကျော်သွားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း
သူ့ရဲ့အရှိန်ဟာ ဘယ်လောက်ပဲ မြန်မြန်…
သူဟာ ဒီကောင်းကင်ရဲ့ အောက်မှာသာ
ရှိနေခဲ့ကာ ဒီကမ္ဘာကနေ လွတ်မြောက်နိုင်ခြင်း
မရှိခဲ့ပါဘူး။

"ကြည့်ရတာ ဒီမှော်ကျိန်စာ ဝက်ပါဟာ
မျက်စိနဲ့ မြင်နိုင်တာထက်ကို
ပိုတယ်နဲ့တူတယ်!" ပျံဝဲနေသော နဂါးလှေဟာ
အံ့သြစွာနဲ့ မှတ်ချက်ချလိုက်ပါတယ်။
အစိမ်းရောင် အလင်းတန်းကနေ အဖြူရောင်

အလင်းတန်းကို ပြောင်းသွားခဲ့ကာ…
နောက်ထပ်ပုံစံ တစ်ခုကို
ပြောင်းသွားခဲ့ပါတယ်။

အဖြူရောင် အလင်းတန်းရဲ့ အလယ်မှာ…
ပေသုံးရာကျော်ရှည်တဲ့ ရောမ လှေကြီးဟာ
အဆက်မပြတ် ကြုံ့ဝင်သွားခဲ့ကာ…
သုံးပေသာရှိတဲ့ ဓားရှည်တစ်ချောင်း အဖြစ်ကို
ပြောင်းသွားခဲ့ပါတယ်။

အသွင်သဏ္ဌာန် ခြောက်မျိုးဓားရဲ့ ဒုတိယ
ပုံစံ… တရားမျှတမှုဓား!

တရားမျှတမှု ဥပဒေသတွေနဲ့ ကောင်းကင်ကို
အုပ်စိုးခြင်း။

ပန်ကဲဟာ သူ့ရဲ့လက်ကို ဆန့်ထုတ်လိုက်ကာ
တရားမျှတမှုဓားကို ဆုပ်ကိုင်လိုက်ပြီး...
ကောင်းကင်ကို လှည့်ပတ်နေသော
ခရမ်းရောင် တိမ်တိုက်တွေကို အားသုံးပြီး
ခုတ်ချလိုက်ပါတယ်။

ချက်ချင်းဆိုသလိုပဲ တောက်ပလှတဲ့
အဖြူရောင် ဓားအလင်းတန်း တစ်ခုဟာ...
လင်းဖုန်း ဖန်တီးထားတဲ့ ကမ္ဘာရဲ့
မျက်နှာကြက်ကို ထိုးဖောက်လိုက်ပါတယ်။

ဒီအလင်းတန်းလေးဟာ စွမ်းအားကြီးလွန်း
လှတဲ့အတွက် သူဟာ ဒီကမ္ဘာရဲ့
မျက်နှာကြက်ပေါ်မှာ အပေါက်ကြီး
ဖောက်နိုင်တော့မလို ဖြစ်နေခဲ့ပါတယ်။

ဒီခဏအလင်းတန်း ဖြတ်သန်းသွားတဲ့
နေရာတိုင်းမှာ… စိတ်ဝိညာဥ် စွမ်းအင်တွေ
အားလုံးဟာ ပျက်စီးသွားခဲ့ကာ
မည်းမှောင်နေတဲ့ ဗလာနတ္ထိ
လမ်းကြောင်းတစ်ခုကိုသာ ချန်ထားခဲ့ပါတယ်။

"အင်.. မင်းခဏရဲ့ စွမ်းအားဟာ
ဟိုတစ်ခေါက်တုံးက ငါရဲ့

ဝက်ံပါချိုးဖောက်ဗုံကို တိုက်ခိုက်ခဲ့တာနဲ့
ယှဉ်လို့ရတာပဲ" လင်းဖုန်းက
ပြုံးပြီးပြောလိုက်ပါတယ်.. "တကယ်လို့များ
ကောင်းကင်နဲ့မြေကြီး တို့ရဲ့
ပြောင်းလဲခြင်းဟာ ကောင်းကင်ကို
လှည့်ပတ်နေသော ခရမ်းရောင်
တိမ်တိုက်တွေနဲ့သာ ဖွဲ့စည်းထားရင်တော့...
မင်းက အနိုင်ယူနိုင်မှာပဲ"

"ဒါပေမဲ့လည်း အခုတော့ မင်းဟာ
ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ပြောင်းလဲခြင်းရဲ့
တကယ့်စွမ်းအား အစစ်အမှန်ကို
ရှုစားရတော့မယ်"

နေဝင်ဆည်းဆာလိုမျိုး အဆုံးမဲ့ အဝါရောင် အလင်းတန်းတွေဟာ ယင်-ယန် ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း ဝင်္ကပါရဲ့ အထဲမှာ လင်းလက်လာခဲ့ကာ... ဝူတူးဗဟို နတ်ဘုရား အလင်းတန်းဟာ မှော်ကျိန်စာ ဝင်္ကပါရဲ့ အထဲမှာ ထူထဲလေးလံတဲ့ မြေပြင်အသွင်ကို ပြောင်းလဲသွားခဲ့ပါတယ်။

ကောင်းကင်နဲ့ မြေကြီးတို့ဟာ နောက်ဆုံးမှာတော့ ပြည့်စုံသွားခဲ့ကာ... တစ်ခုနဲ့တစ်ခု အတူတကွ ယှဉ်တွဲနေထိုင်နိုင်ခဲ့ပါတယ်။

ကျယ်ပြန့်လှတဲ့ ကောင်းကင်ကြီးဟာ
အရာအားလုံးကို လွှမ်းခြုံထားနိုင်ပါတယ်။

လေးလံလှတဲ့ မြေပြင်ကြီးဟာ သက်ရှိပေါင်း
မြောက်မြားစွာတို့ကို
တင်ဆောင်ထားနိုင်ပါတယ်။

အပေါ်မှာက ကောင်းကင်… အောက်မှာက
မြေကြီးနဲ့ ဒါဟာ ပြီးပြည့်စုံတဲ့ ကမ္ဘာတစ်ခုပါ။
သင့်မြတ်စွာ ယှဉ်တွဲနေကြပြီး…
အခုလင်းဖုန်းက ဖန်တီးထားတဲ့ ပုံရိပ်ယောင်

ကမ္ဘာကြီးမှာ သဘာဝ မကျတာ ဘာတစ်ခုမှ မရှိပါဘူး။

တရားမျှတမှုခေါးက ထုတ်လွှတ်လိုက်တဲ့ စွမ်းအားကြီးလှတဲ့ ခေါးအလင်းတန်းဟာ အားကောင်းလှတဲ့ လေပြင်းတစ်သုတ်လိုပါပဲ… သူဟာ ဒီကမ္ဘာကြီးရဲ့ အထဲက အရာအားလုံးကို ဖျက်ဆီးနိုင်ခဲ့ပေမဲ့… ကမ္ဘာကြီး ကိုယ်တိုင်ကိုတော့ ဘာမှ မလုပ်နိုင်ခဲ့ပါဘူး။

အဲ့ဒီအစား လင်းဖုန်း ထည့်သွင်းလိုက်တဲ့ ဝူတူးဗဟို နတ်ဘုရား အလင်းတန်းဟာ…

ဒီကမ္ဘာကြီးထဲမှာ စွမ်းအားကောင်းတဲ့
သဘာဝစွမ်းအင် တစ်မျိုးကို ဖန်တီးခဲ့ကာ...
ပန်ကျဲနဲ့ တရားမျှတမှုခေးကို
ဖိနှိပ်နေခဲ့ပါတယ်။

"ဘယ်လောက်အထိ စွမ်းအားကောင်းပြီး
လွှမ်းမိုးနိုင်တဲ့ ဝက်ပါမျိုးလဲ! တကယ့်အစစ်
ဝက်ပါချိုးဖောက်ဖို့ ရှိရင်တောင်မှ...
ဒီဝက်ပါကို ချိုးဖောက်နိုင်မလား ဆိုတာ
မသေချာဘူး" တရားမျှတမှုခေးဟာ
လျှင်မြန်စွာနဲ့ ရေရွတ်လိုက်ပါတယ်...
"ပြောင်းလဲစမ်း!"

အဖြူရောင် အလင်းတန်းကို
အတွင်းဘက်ကနေ အပြာရောင် အလင်းတန်း
တစ်ခုဟာ အစားထိုးလိုက်ပြီး…
ခေါ်ရဲ့ပုံစံကလည်း ထပ်ဖန်တစ်ခါ
ပြောင်းသွားခဲ့ကာ ဒီမှော်ရတနာရဲ့
တတိယမြောက် ပုံစံကို ဖော်ပြလိုက်ပါတယ်။

ပန်ကျဲရဲ့ဘေးမှာ အပြာရောင် ဒိုင်းတစ်ခုဟာ
ပေါ်လာခဲ့ပြီး… အပြာရောင် အလင်းတန်း
တစ်ခုကို ထုတ်လွှတ်လိုက်ကာ
ဘောလုံးအသွင်မျိုးနဲ့ ပန်ကျဲကို
လွှမ်းခြုံထားလိုက်ပါတယ်။

အသွင်သဏ္ဍာန် ခြောက်မျိုးခွဲရဲ့
တတိယပုံစံ… အေကာလာ
ဟင်းလင်းပြင်ဒိုင်း!

အပြင်က ကမ္ဘာကြီးဟာ ပျက်စီးနေခဲ့ပေမဲ့
တစ်ယောက်ဟာ ဒီအေကာလာ
ဟင်းလင်းပြင်ရဲ့ အထဲမှာ နေနေခဲ့ရင်… သူ့ကို
ဖျက်ဆီးလို့ မရနိုင်ပါဘူး။

ဒီဒိုင်းဟာ ယင်-ယန် ဖန်ဆင်းခြင်းနဲ့
ယိုယွင်းခြင်း ဝင်္ကပါရဲ့ အားကောင်းတဲ့
တိုက်ခိုက်မှုတွေကို ခုခံနိုင်ခဲ့ပြီး သူ့ရဲ့
ခံစစ်စွမ်းရည်ကို ပြသနိုင်ခဲ့ပေမဲ့… ပန်ကျဲနဲ့

မှော်ရတနာတို့ဟာ ဒီဝက်ပါရဲ့ အထဲကနေ
လွတ်မြောက်နိုင်ခြင်း မရှိသေးပါဘူး။

ဝက်ပါရဲ့ အပြင်ဘက်က လူတွေ
အားလုံးကလည်း ပါးစပ်အဟောင်းသားနဲ့…
ရောမ မှော်ကျိန်စာ ဝက်ပါကြီးကို
တွေတွေကြီး စိုက်ကြည့်နေကြပါတယ်။
သူတို့ဟာ လင်းဖုန်းနဲ့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့က တစ်ချိန်လုံး
ပေးနေခဲ့တဲ့ အံ့ဩထိတ်လန့်မှုတွေနဲ့
နေသားကျနေကြပြီ ဖြစ်ကြပေမဲ့…
အခုအချိန်မှာ အံ့အားသင့်နေကြဆဲပါပဲ။

လင်းဖုန်းအခု ရင်ဆိုင်နေခဲ့တာက တကယ့် မှော်ရတနာ အစစ်အမှန် တစ်ခုပါ။ ပန်ကျဲနဲ့ မှော်ရတနာတို့ဟာ ရှုံးနိမ့်ခြင်း မရှိသေးပေမဲ့… သူတို့ဟာ ဒီမှော်ကျိန်စာ ဝက်ပါရဲ့ အထဲမှာ ပိတ်လှောင်ခံထားရတာက အမှန်တရား တစ်ခုပါ။

လင်းဖုန်းကို ဆန့်ကျင့်သူတွေ ဖြစ်ကြတဲ့ မိုးပြာရောင် တိမ်တိုက် ဂရန်းမာစတာနဲ့ မီးပုံခြား ဂရန်းမာစတာ တို့ပဲဖြစ်ဖြစ်၊ လင်းဖုန်းကို ထောက်ခံသူ ဖြစ်တဲ့ ကောင်းကင်မာစတာ ခြားဂိုဏ်းက ယန်တုန်ဟွေပဲ ဖြစ်ဖြစ်၊ ကြားနေသူတွေ

ဖြစ်ကြတဲ့ ဂူယွမ်လန်တို့ တတွေပဲ ဖြစ်ဖြစ်၊
အားလုံးဟာ ပါးစပ်ပိတ်ပြီး
ငြိမ်သက်နေကြပါတယ်။

ယုမိသားစုရဲ့ နံပါတ်ခြောက် ဦးလေး...
ယုဝမ်ဖုန်းက သေသွားပါပြီ။

ယုမိသားစုရဲ့ နံပါတ်ငါး ဦးလေး...
ယုချန်စန်းက သေသွားပါပြီ။

လေနတ်ဘုရားဂိုဏ်းက အခြေတည်ဝိညာဉ်
အဆင့်က ဂရန်းမာစတာ... မာစတာ
ဆိုင်ကလုန်းက သေသွားပါပြီ။

ဆင်တိမ် ဂရန်းမာစတာဟာ သူ့ရဲ့
ရုပ်ခန္ဓာကိုယ် အဖောက်ခွဲ ခံလိုက်ရပြီး... သူ့ရဲ့
အခြေတည် ဝိညာဥ်က
အဖမ်းခံလိုက်ရပါတယ်။

ရွှမ်ကျိအမတ်ဂေဟာက ဘဏ္ဍာစိုး...
ကျန်းဟိုင်ဟာ အရှင် အဖမ်းခံလိုက်ရပါတယ်။

စူတောင်ခါးဂိုဏ်းက ခုန်းယန်ဟာ
ရုပ်ခန္ဓာကိုယ် အဖျက်ဆီး ခံလိုက်ရပြီး...
အခြေတည် ဝိညာဥ်က
အဖမ်းခံထားရပါတယ်။

ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ပုံပန်းသဏ္ဌာန်
နည်းစနစ်ကို တတ်ကျွမ်းထားပြီး…
အသွင်သဏ္ဌာန် ခြောက်မျိုးခားကို
ပိုင်ဆိုင်ထားတဲ့ တာအိုခြေလျှင် ခရီးသည်
ပန်ကျဲကလွဲလို့… ကျန်တဲ့သူတွေ အားလုံးဟာ
လင်းဖုန်းရဲ့ ပထမ အကွက်အောက်မှာပဲ
ကျရှုံးခဲ့ရပါတယ်။

သူတို့ထဲက အသန်မာဆုံးဖြစ်တဲ့ ပန်ကျဲရယ်၊
သူ့ရဲ့ အသွင်သဏ္ဌာန်
ခြောက်မျိုးခားတို့တောင်… ဒီမှော်ကျိန်စာ
ဝင်္ကပါရဲ့ အထဲမှာ အချုပ်နှောင် ခံနေရတာပါ။

လင်းဖုန်းဟာ ဘာမှ မဖြစ်ခဲ့သလိုမျိုး
တည်ငြိမ်နေဆဲပါ။ သူဟာ ပန်ကျဲနဲ့
အသွင်သဏ္ဌာန် ခြောက်မျိုးခွားတို့ကို
ကြည့်တောင် မကြည့်ခဲ့ပဲ... သူ့ရဲ့အာရုံတွေကို
ကောင်းကင်ကမ္ဘာငယ်တွေရဲ့ အထဲမှာ
ပိတ်လှောင်ထားတဲ့ ကျန်းဟိုင်နဲ့
ခုန်းယန်တို့အပေါ်ကို စူးစိုက်လိုက်ပါတယ်။

ဒီကောင်းကင် ကမ္ဘာငယ်တွေဟာ
ပိုပြီးသေးငယ်တဲ့ စက်လုံးလေး အဖြစ်ကို
ဆက်လက်ကြုံ့ဝင်နေဆဲ ဖြစ်ပြီး...
သူ့ရဲ့နောက်ဆုံး အချိန်ဟာ နီးကပ်လာပြီ

ဖြစ်တာကို သိနေတဲ့ ကျန်းဟိုင်ကတော့ ကံကြမ္မာစေရာကို လက်လျှော့လိုက်ပြီ ဖြစ်ကာ... သူ့ရဲ့ ဖြူဆုတ်နေတဲ့ မျက်နှာမှာ မျှော်လင့်ချက် ကင်းမဲ့နေတာကို တွေ့နိုင်ပါတယ်။

လင်းဖုန်းက ဟန်ပန် အမူအယာ ကင်းမဲ့စွာနဲ့ ရပ်နေခဲ့ပြီး စိတ်ထဲကနေ တွေးနေခဲ့ပါတယ်... "မင်းက အခုအချိန်အထိ ပေါ်မလာသေးရင်... သူကတော့ သေတော့မှာပဲ"

ဒီအချိန်မှာပဲ အသံတစ်သံဟာ ထွက်ပေါ်လာခဲ့ပါတယ်... "အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်...
ကျေးဇူးပြုပြီး သနားညှာတာမှု ပေးလိုက်ပါ"

ဒီအသံဟာ စူးရှထက်မြက်ပြီး
သူ့ရဲ့မှော်စွမ်းအင်ဟာ ဟင်းလင်းပြင်နဲ့
လေဟာနယ်တို့ကို တိုက်ရိုက် ဖြတ်ကျော်ပြီးမှ
ရောက်လာခဲ့ပါတယ်။

အသက်ကြီးရင့်နေတဲ့ လူတစ်ယောက်ဟာ
အားလုံးရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါတယ်။
သူဟာ နှင်းဆီရောင် ဝတ်စုံကို
ဝတ်ဆင်ထားပြီး... အလွန်ကို ဖြူဖွေးတဲ့
မျက်နှာမျိုး ရှိပါတယ်။ သူဟာ မုတ်ဆိတ်မွေး၊

နှုတ်ခမ်းမွေး တစ်ခုမှ မရှိခဲ့ပဲ
မိန်းမစိုးတစ်ယောက် ဆိုတာဟာ
သိသာနေခဲ့ပါတယ်။

ဒါပေမဲ့လည်း သူ့ရဲ့ သန်မာတဲ့ မှော်စွမ်းအင်
လှုပ်ရှားမှုတွေဟာ သူက အခြေတည်ဝိညာဉ်
အဆင့်က ကျင့်ကြံသူတစ်ယောက်ဆိုတာကို
ပြသနေခဲ့ပါတယ်။

"ဒါက မဟာကျိုး အင်ပါယာက မိန်းမစိုး
အုပ်ချုပ်ရေးမှူး... မေဝူလန် မဟုတ်လား?
သူ့ကို မေကုန်းကုန်းလို့လည်း ခေါ်တယ်လေ!"
တစ်စုံတစ်ယောက်က သူဟာ မဟာကျိုး

အင်ပါယာရဲ့ တော်ဝင်နန်းတော်က မိန်းမစိုး ခေါင်းဆောင်ဖြစ်မှန်းကို မှတ်မိလိုက်ပါတယ်။ သူဟာ ကျိုးကေရာဇ် လျှမ်ပန်းရဲ့ အလွန်ယုံကြည်ရသူလည်း ဖြစ်ပါတယ်။

သူတို့တွေထဲက အချို့ဟာ မေဝူလန် ရောက်လာတာကို ကြည့်လိုက်ပြီး စိတ်လှုပ်ရှား ကုန်ကြပါတယ်... "မဟာကျိုး အင်ပါယာကလည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို တိုက်ခိုက်ချင်နေတာလား?!"

ကျန်းဟိုင်ဟာ ရွှမ်ကျိအမတ် ဇူဟုန်ဝူကိုသာ ကိုယ်စားပြုနိုင်ပေမဲ့… မေဝူလန်ကတော့ ကေရာဇ် ကိုယ်တိုင်ရဲ့ ရည်ရွယ်ချက်ကို ကိုယ်စားပြုနိုင်တာပါ။

လင်းဖုန်းကတော့ အမူအရာ မပြောင်းခဲ့ပဲ မေဝူလန်ကို တိတ်ဆိတ်စွာနဲ့ ကြည့်နေခဲ့ပါတယ်။

## စာစဥ် ၁၃ : အပိုင်း ၉

## အပိုင်း ၂၁၉ : လက်ဆောင်များ!

"မေကုန်းကုန်းကိုယ်တိုင် လာတယ်ဆိုတော့၊ မဟာကျိုး အင်ပါယာကလည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို စစ်ကြေငြာချင်နေတာလား?"

ဘေးပတ်ပတ်လည်က လူအုပ်ကြီးဟာ ကိုယ်ထင်ရာ ကိုယ်လျှောက်ပြောကြရင်း ရုတ်ရုတ်သဲသဲ ဖြစ်နေကြပါတယ်။

လင်းဖုန်းကတော့ ကြောက်ရွံ့တဲ့ပုံ တစ်စက်မှ မပြခဲ့ပဲ မေဝူလန်ကို တည်ငြိမ်စွာနဲ့ ကြည့်နေခဲ့ပါတယ်။

မေဝူလန်က လင်းဖုန်းနဲ့ မနီးမဝေး
နေရာတစ်ခုကို လျှောက်လာခဲ့ပြီး
ငြိမ်သက်စွာနဲ့ ရပ်နေလိုက်ပါတယ်။
ရုတ်တရက်ပဲ သူဟာ လင်းဖုန်းကို
လေးစားစွာနဲ့ ဦးညွှတ်လိုက်ကာ...
"အရှင်မင်းမြတ်ရဲ့ ကျိုးနွံတဲ့
အစေအပါးဖြစ်တဲ့... ကျုပ်... မေဝူလန်ဟာ
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
ခေါင်းဆောင်ကို ဂိုဏ်းဖွင့်ပွဲ အထိမ်းအမှတ်
အဖြစ်နဲ့ လက်ဆောင်တွေ လာပေးတာပါ။
ကျွန်တော်တို့ရဲ့ လက်ဆောင်တွေဟာ
ရိုးရှင်းတဲ့အတွက်၊ ဗွေမယူဖို့
မျှော်လင့်ပါတယ်"

သူ့ရဲ့စကားတွေကို ကြားလိုက်ရတော့၊ အကုန်လုံးဟာ အံ့သြသွားခဲ့ကာ မေဝူလန်ကို စိုက်ကြည့်နေကြပါတယ်။ သူဟာ ဖြောင့်မတ်စွာ ပြောနေတာလား၊ ထွေငေါ့ပြီးမှ ပြောနေတာလား ဆိုတာကို စဉ်းစားနေကြပါတယ်။

ဒါပေမဲ့လည်း သူတို့က သူ့ကို အကဲခတ်လေလေ၊ တစ်ခုခုက မှားနေတယ်လို့ ထင်ရလေလေပါပဲ။

မေဝူလန်ကို ကြည့်ရတာ အလွန်ကို ရိုးသားနှိမ့်ချတဲ့ပုံပေါက်နေကာ၊ သူ့ရဲ့

အပြုံးဟာ အရမ်းပဲ နူးညံ့ပြီး
နွေးထွေးလှတာကြောင့်
ဟန်ဆောင်နေတယ်လို့ မထင်ရပါဘူး။
ဒါကမ္ဘာပေါ်မှာ မေဝူလန်ရဲ့ ဒီလိုမျိုး
ရှိသေလေးစားခြင်းကို ခံနိုင်တဲ့သူတွေဟာ၊
အင်မော်တယ် ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေပဲ ဖြစ်ကြတာပါ။

ပိုပြီးတော့ အရေးကြီးတာက၊ မေဝူလန်က
တစ်ယောက်တည်း လာခဲ့တာပါ။ သူဟာ
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်က
နာမည်ကြီး ကျင့်ကြံသူတစ်ယောက် ဖြစ်ပေမဲ့၊
ပန်ကျဲရဲ့ အကျပ်အတည်းကို

ကြည့်လိုက်ခြင်းအားဖြင့်၊ ဒီအဆင့်က
ကျင့်ကြံသူတွေဟာ လင်းဖုန်းကို မယှဉ်နိုင်ဘူး
ဆိုတာဟာ သိသာနေခဲ့ပါတယ်။

တကယ်လို့များ သူဟာ လင်းဖုန်းကို
မဟုတ်တာ တစ်ခုခု
ကြံစည်ချင်နေခဲ့မယ်ဆိုရင်၊ သူဟာ ဒီလိုမျိုး
နည်းလမ်းနဲ့ လင်းဖုန်းကို ချဉ်းကပ်မှာ
မဟုတ်ပါဘူး။

တစ်ချို့သော သူတွေဟာ မဟာကျိုး
အင်ပါယာရဲ့ နာမည်ကျော် ရှန်းဝူစစ်တပ်ကို

လိုက်ရှာနေကြပေမဲ့၊ သူတို့ကို အရိပ်အယောင်လေးတောင်မှ မတွေ့ရပါဘူး။

မေဝူလန်ဟာ ဘေးပတ်ပတ်လည်က လူတွေရဲ့ မျက်နှာပေါ်က အံ့သြတုန်လှုပ်နေကြတဲ့ အမူအရာတွေကို လုံးဝလျှစ်လျူရှုထားခဲ့ကာ၊ ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်၊ "မစ္စတာကျန်း ပြုလုပ်ခဲ့တဲ့ အရာတွေ အားလုံးဟာ နားလည်မှု လွဲမှားမှုတစ်ခု သက်သက်ပါ။ သူဟာ ရွှမ်ကျိအမတ်ရဲ့ ရည်ရွယ်ချက်ကို နားလည်မှု လွဲမှားလို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ဖွင့်ပွဲ အခမ်းအနားကို အနှောင့်အယှက် ပြုမိတာပါ။

ဒါကြောင့်ပဲ အရှင်မင်းမြတ်က ကျွန်တော့်ကို တောင်းပန်ဖို့ စေလွှတ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။"

သူက သူ့ရဲ့လက်ခုပ်ကို ညင်သာစွာ တီးလိုက်တော့ သူ့ရဲ့အနောက်က ဟင်းလင်းပြင်မှာ အက်ကွဲကြောင်း တစ်ခု ပေါ်လာခဲ့ကာ၊ လူတစ်အုပ်စုဟာ လက်ဆောင်ဘူးတွေ ကိုင်ဆောင်ကာ ထွက်လာကြပါတယ်။

ဒီလူတွေ အားလုံးဟာ အခြေခံအုတ်မြစ် အဆင့်မှာသာ အမြင့်ဆုံး ရှိကြတာပါ။ ဒါကြောင့်ပဲ သူတို့ဟာ မဟုတ်တာလုပ်ဖို့

ရည်ရွယ်ချက်မျိုး မရှိဘူးဆိုတာကို
ဖော်ပြနေကြပါတယ်။

သူတို့ဟာ လက်ဆောင်ဘူးတွေကို
တစ်ခုပြီးတစ်ခု ဖွင့်ပြလိုက်ကြပါတယ်။
ဒီလက်ဆောင်တွေက အစွမ်းထက်တဲ့
မှော်အိုင်တမ်တွေကို ထုလုပ်ဖို့ လိုအပ်တဲ့
ပစ္စည်းတွေ ဖြစ်ကြတယ် ဆိုတာကို
အားလုံးက သတိပြုမိ လိုက်ကြပါတယ်။

ဒီလက်ဆောင်ဘူးတွေဟာ
မိတ်ဆက်လောက်သာ ရည်ကြပေမဲ့၊ သူ့တို့ရဲ့
အထဲမှာ ကိုယ်ပိုင်သီးသန့် ဒိုင်မန်းရှင်းတွေ

ရှိနေကြကာ ပစ္စည်းတွေ အများကြီးကို ထည့်လို့ရပါတယ်။

မဟာကျိုး အင်ပါယာ တော်ဝင်နန်းတော်ရဲ့ ကြီးကြပ်အုပ်ချုပ်သူဖြစ်တဲ့ မေဝူလန်ဟာ၊ သူ့ကိုယ်သူပဲ ရွတ်ဖတ်ကာ ပြောပြလိုက်ပါတယ်၊ "အပူကာ မီးခတ်ကျောက် တစ်တန်၊ အန်းမတ် လန်ပရိုဖိုင်ကျောက် တစ်တန်၊ အစိမ်းရောင်ရေညှိ ကျောက်တုံးအနှစ် တစ်တန်၊ ကျောက်စက်ပန်းဆွဲ သလင်းကျောက် တစ်တန်..."

မဟာကျိုး အင်ပါယာက လင်းဖုန်းကို
ပေးလိုက်တဲ့ လက်ဆောင်တွေဟာ
ဟာသမဟုတ်ပဲ တကယ့်ကို တန်ဖိုးကြီးမားပြီး
ရှားပါးတဲ့ သယံဇာတ ပစ္စည်းတွေ
ဖြစ်ကြတယ် ဆိုတာကို သိလိုက်ရတော့၊
အားလုံးရဲ့ မေးရိုးတွေဟာ အောက်ကို
ပြုတ်ကျသွားပါတော့တယ်။

သူတို့ဟာ ထုလုပ်ရာမှာ အဖိုးတန်တဲ့
အရင်းအမြစ်တွေ ဖြစ်ကြပြီး၊ လင်းဖုန်းကို
ပေးလိုက်တဲ့ ပမာဏဟာလည်း
နည်းနည်းနောနော မဟုတ်ပါဘူး။

မဟာကျိုး အင်ပါယာရဲ့ သိုလှောင်မှုနဲ့ဆိုရင်၊
ဒီတန်ပေါင်းများစွာသော ပစ္စည်းတွေဟာ
ကုန်ကြမ်းအဆင့် မဟုတ်ပဲ
ဒီတွင်းထွက်ပစ္စည်းတွေရဲ့ သန့်စင်ပြီးသား
အဆီအနှစ်တွေပဲ ဖြစ်ကြမှာပါ။

အပူကာ မီးခတ်ကျောက်ဟာ မီးအန္တယ်ဝင်
မှော်အိုင်တမ်တွေကို ထုလုပ်ဖို့ အကောင်းဆုံး
သတ္တုပစ္စည်း တစ်မျိုးဖြစ်ပါတယ်။
တစ်ယောက်ဟာ ပေါက်ကွဲနေတဲ့ မီးတောင်ကို
ရှာပြီးမှ သူ့ရဲ့ ချော်ရည်တွေကို အအေးခံကာ
သန့်စင်ပြီးမှ၊ ဒီအပူကာ မီးခတ်ကျောက်ကို
ရရှိနိုင်မှာပဲ ဖြစ်ပါတယ်။

မီးတောင်ချော်ရည်တွေ ဆယ်တန်ကနေ၊
တစ်ယောက်ဟာ အပူကာ မီးခတ်ကျောက်
တစ်ကီလိုဂရမ်သာ သန့်စင်နိုင်တာပဲ
ဖြစ်ပါတယ်။

အန်းမတ် လန်ပရိုဖိုင်ကျောက်ဟာ သဘာဝ
မိုးကြိုးတွေရဲ့ ပစ်ခတ်ခြင်းကို ခံရတဲ့
ကျောက်ဆောင်တွေကနေ ဖန်တီးယူရတာပါ။
လူတွေက မှော်ကျိန်စာတွေနဲ့ ပြုလုပ်ထားတဲ့
မိုးကြိုးတွေဟာ လိုချင်တဲ့
အကျိုးသက်ရောက်မှုကို မရနိုင်ပါဘူး။
ဒါကြောင့်ပဲ တစ်ယောက်ဟာ

ဒီအရင်းအမြစ်တွေရဲ့ ရှားပါးမှုကို
သိနိုင်ပါတယ်။

အစိမ်းရောင်ရေညှိ ကျောက်တုံးအနှစ်ကို
တစ်ယောက်ဟာ နှစ်ပေါင်းတစ်သောင်း
သက်တမ်းရှိတဲ့ သစ်ပင်တစ်ပင်ရဲ့
ကျောက်ဖြစ်ရုပ်ကြွင်းကို
ကျောက်မီးသွေးအဖြစ် ပြောင်းလဲမသွားခင်
ထုတ်ယူပြီးမှ၊ ဒီကျောက်ဖြစ်ရုပ်ကြွင်းရဲ့
အဆီအနှစ်တွေကို ထုတ်ယူပြီး သန့်စင်ရတာပဲ
ဖြစ်ပါတယ်။

ကျောက်စက်ပန်းဆွဲ သလင်းကျောက်ရဲ့
ရှားပါးမှုကိုလည်း အကုန်လုံးက
သိနေကြပါတယ်။

ဒီသယံဇာတ အရင်းအမြစ် ပစ္စည်းတွေ
တစ်ခုချင်းဆီတိုင်းဟာ တစ်ကီလိုဂရမ်ကို
အနီရောင် အဆောင်လက်ဖွဲ့
ဆယ်ဒေါ်လာအထိ
ဈေးကြီးပေးဝယ်ရနိုင်တာပါ။

ပြီးတော့ မဟာကျိုး အင်ပါယာဟာ
ဒီပစ္စည်းတိုင်းကို လင်းဖုန်းအား တစ်တန်စီ
ပံ့ပေးလိုက်တာပါ။

ပြီးတော့လည်း မေဝူလန်ဟာ မပြီးသေးပါဘူး။

"... ထူးဆန်းသော အန္တိမ ရေခဲကျောက်တုံး အတုံးတစ်ရာ၊ ကျက်သရေ စဦးသလင်းကျောက် ဆယ်တုံး၊ မိုးပြာရောင် ကျောက်စိမ်းသဲမှုန် ငါးအိတ်၊ မှောင်မှိုင်းသော အလင်းမဲ့သတ္တု ဆယ်ကီလိုဂရမ်။"

သူက ဒီအိုင်တမ်တွေ အားလုံးကို ဖော်ပြပြီးသွားတော့၊ အားလုံးဟာ ဆွံ့အကျန်ခဲ့ကြပါတယ်။ တစ်ချို့ကဆိုရင်၊ မျက်လုံးတွေဟာ လောဘတွေနဲ့ နီရဲနေခဲ့ကာ

အစေခံတွေ ကိုင်ထားတဲ့ ဘူးတွေကို စိုက်ကြည့်နေခဲ့ကြပါတယ်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ မဟာကျိုး အင်ပါယာ စတဲ့ အဟန့်အတား အရာတွေသာ မရှိခဲ့ရင်၊ သူတို့ဟာ ဒီအိုင်တမ်တွေ အားလုံးကို ပြေးပြီးတော့ လုကြမှာပဲ ဖြစ်ပါတယ်။

အမှန်အတိုင်း ပြောရရင် လင်းဖုန်း ပြသထားခဲ့တဲ့ မယုံနိုင်စရာ စွမ်းရည်တွေကြောင့်သာ မဟုတ်ခဲ့ရင်၊ သူတို့ဟာ ဒီအိုင်တမ်တွေကို လုယူပြီးသာ ဖြစ်နေလောက်ပါပြီ။

ဘာဖြစ်လို့လည်းဆိုတော့ ဒီအိုင်တမ်တွေဟာ တကယ့်ကို အဖိုးတန်ကြလို့ပဲ ဖြစ်ပါတယ်။

အတုံးတစ်ရာ၊ ဆယ်တုံး၊ ငါးအိတ်နဲ့ တစ်ဆယ်ကီလိုဂရမ်တို့ဟာ အရှေ့က လက်ဆောင်တွေထက်စာရင်၊ တန်ဖိုးချင်း သိပ်မယှဉ်နိုင်ဘူးလို့ ထင်နေရပါတယ်။

ဒါပေမဲ့လည်း ဒီရတနာတွေရဲ့ တကယ့်တန်ဖိုးကို သိနေကြတဲ့ သူတွေကတော့၊ ဒီပစ္စည်း လေးမျိုးတို့ရဲ့ တန်ဖိုးဟာ အရှေ့က ဖော်ပြခဲ့တဲ့

အိုင်တမ်တွေထက်ကို ပိုပြီးတော့
ကြီးတယ်ဆိုတာကို သိနေကြပါတယ်။

ထူးဆန်းသောရေခဲ အန္တိမကျောက်တုံးဟာ
အကောင်းဆုံးသော ရေခဲအနွယ်ဝင်
ပစ္စည်းဖြစ်ပါတယ်။
ကပ်ကမ္ဘာနဲ့ကြာအောင်ချီပြီး
ရှည်လျားတဲ့ကာလကြာအောင်
သိပ်သည်းထားတဲ့ ရေခဲတွေဟာ၊
လေဟာနယ်နဲ့ အချိန်တို့ရဲ့ သဘောတရားနဲ့
ပေါင်းစည်းပြီးမှ ရရှိနိုင်တာပဲ ဖြစ်ပါတယ်။
သူဟာ အမတန်ကိုမှ ရှားပါးလွန်းတဲ့အတွက်၊
ကျောက်တုံးတစ်တုံးရဲ့ အပိုင်းအစလေး

တစ်ခုကို ရရှိဖို့အတွက်
တိုက်ခိုက်ကြတဲ့သူတွေဟာ အများကြီးပါ။

ကျက်သရေ စဉ်းသလင်းကျောက်ဟာ
ကောင်းကင်နဲ့ မြေကြီးကို
စတင်ဖန်ဆင်းတုံးကတည်းက၊ တည်ရှိနေခဲ့တဲ့
လျှို့ဝှက်ဆန်းကြယ်တဲ့ အိုင်တမ်တွေထဲက
တစ်ခုလို့ အဆိုရှိပါတယ်။ သူဟာ
အသန့်စင်ဆုံးသော စိတ်ဝိညာဉ်
စွမ်းအင်တွေကို ပိုင်ဆိုင်ထားပြီး၊ ကံကြမ္မာကို
ပြောင်းလဲနိုင်တဲ့ စွမ်းအားလည်း ရှိပါတယ်။

မိုးပြာရောင် ကျောက်စိမ်းသဲမှုန်နဲ့
မှောင်မိုင်းသော အလင်းမဲ့သတ္တဝါတို့ဟာ
လျှို့ဝှက်ဆန်းကြယ်သော
သတ္တဝါခြောက်မျိုးထဲမှာ အပါအဝင် ဖြစ်ကြကာ၊
ခေးပျံတွေကို ထုလုပ်တဲ့ နေရာမှာ အလွန့်ကို
အသုံးဝင်ကြတဲ့ ပစ္စည်းတွေပဲ ဖြစ်ကြပါတယ်။
တစ်ယောက်ဟာ ဒီသတ္တဝါတွေ တစ်ဇွန်း၊
နှစ်ဇွန်းလောက်ကိုသာ ထည့်နိုင်ခဲ့လိုက်ရှိရင်၊
ခေးပျံရဲ့ စွမ်းအားဟာ အဆင့်တစ်ဆင့်
တက်သွားမှာ ဖြစ်ပြီး၊ ခေးကလည်း
အထူးဂုဏ်သတ္တိတွေကို ရရှိနိုင်မှာပဲ
ဖြစ်ပါတယ်။

ဒီအိုင်တမ်တွေကို တွေ့လိုက်ရတော့၊
သူတို့ဟာ ဂိုဏ်းအသေးလေးကလာတဲ့
ကျင့်ကြံသူတွေပဲ ဖြစ်ဖြစ်၊ ယန်တုန်ဟွေ၊
မီးပုံခြား ဂရန်းမာစတာနဲ့
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာတို့ပဲ
ဖြစ်ဖြစ်၊ သူတို့အားလုံးတို့ဟာ
လေးစားအားကျပြီး ဒီလက်ဆောင်တွေရဲ့
ဆွဲဆောင်မှုကို ခံလိုက်ကြရပါတော့တယ်။

သူတို့သုံးယောက်သားဟာ
တစ်ယောက်ကိုတစ်ယောက်
ကြည့်လိုက်ကြပြီး၊ သူတို့ရဲ့ ခေါင်းထဲမှာ
အတွေးလေးတစ်ခုဟာ တူညီစွာနဲ့ပဲ

ပေါ်လာခဲ့ပါတယ်၊ "ကြည့်ရတာတော့ မဟာကျိုး အင်ပါယာက ဒီတစ်ခေါက်မှာ အတော်ကြီးကို ပုံအောထားခဲ့တာပဲ။"

မဟာကျိုး အင်ပါယာဟာ တကယ့်ကို အတော်ကြီး ရင်းနှီးမြှုပ်နှံထားခဲ့တာပါ။ ဒီတန်ဖိုးကြီးတဲ့ သယံဇာတ သတ္တုတွေ အပြီးမှာ၊ သူတို့ဟာ အကောင်းစား ခရမ်းရောင်ဝတ်စုံ နှစ်ဆယ်နဲ့ အခြား တန်ဖိုးကြီးတဲ့ မှော်အိုင်တမ်တွေကိုလည်း ပေးအပ်ခဲ့ပါသေးတယ်။

လျှမ်ပန်းပေးအပ်ခဲ့တဲ့ အရာအားလုံးက
အစုံလိုက်ပါ။ အကောင်းစား
ခရမ်းရောင်ဝတ်စုံ၊ အခမ်းအနား ပိတ်ဆို့ခား၊
ကံကောင်းခြင်းကျောက်စိမ်းနဲ့ ပုလဲများ၊
ပန်းလုံကျောက်စိမ်းခါးပတ်၊ သူတို့အားလုံးဟာ
အခုနှစ်ဆယ်စီ ဖြစ်ကြပါတယ်။

မဟာကျိုး အင်ပါယာဟာ ဘဏ္ဍာရေး
အတော်တောင့်တင်းပေမဲ့၊ ဒီလိုမျိုး
ရတနာပေါင်း မြောက်မြားစွာတို့ကို
တစ်ပြိုင်နက် ထုတ်သုံးလိုက်ရတာက
သူတို့အတွက် နာကျင်စေခဲ့မှာပါ။

အားလုံးကို ရေတွက်လို့ပြီးတာနဲ့၊ မေဝူလန်ဟာ သူ့ရဲ့ အကျႌလက်ဝထဲက အဖြူရောင် ကျောက်စိမ်းစာလိပ် တစ်ခုကို ထုတ်လိုက်ကာ ကျိုးနွံစွာနဲ့ လင်းဖုန်းကို ပြောလိုက်ပါတယ်၊ "ဧကရာဇ်က မစ္စတာကျန်းဟိုင်ဟာ မာစတာလင်းကို မရိုမသေ လုပ်ခဲ့တာကို သိနေခဲ့တဲ့အတွက်၊ ဒီကျောက်စိမ်းစာလိပ်လေးကို တောင်းပန်တဲ့ အနေနဲ့ ပေးအပ်ဖို့ ကျွန်တော်ကို အမိန့်ပါးလိုက်ပါတယ်။"

ဒီကျောက်စိမ်းစာလိပ်လေးကို ဖွင့်လိုက်တဲ့ အခါမှာ၊ အထဲကနေ မျက်စိကျိန်းစေခဲ့တဲ့

အဖြူရောင် အလင်းတန်းလေး တစ်ခုဟာ ထွက်လာခဲ့ပါတယ်။ ဒီအဖြူရောင် အလင်းတန်းလေးရဲ့ အလယ်မှာ၊ သရဖူ တစ်ခုဟာ အရောင်တောက်လာခဲ့ကာ သူ့ရဲ့အပေါ်မှာ ပုံရိပ်နှစ်ခုကို ဖော်ပြခဲ့ပါတယ်။ သူတို့အနက်က တစ်ခုဟာ တရားမျှတတဲ့ အော်ရာတစ်ခုကို ထုတ်ဖော်နေခဲ့ပြီး၊ အခြားတစ်ခုကတော့ ရက်စက်ကြမ်းကြုတ်တဲ့ အော်ရာတစ်ခုကို ဖော်ပြနေခဲ့ပါတယ်။

ဒီပုံရိပ်နှစ်ခုဟာ ပူးပေါင်းသွားခဲ့ပြီး တစ်ခုနဲ့တစ်ခု ပေါင်းစည်းသွားခဲ့ကာ၊ ပြင်းထန်လွန်းတဲ့အတွက် ဟင်းလင်းပြင်

လေဟာနယ် အားလုံးတို့ကို ဖြိုခွဲနိုင်တဲ့
စွမ်းအားလှိုင်းလုံးကြီး တစ်ခုကို
ထုတ်ဖော်ခဲ့ပါတယ်။

အခြေတည်ဝိညာဉ် အဆင့်က
မှော်အိုင်တမ်ဖြစ်တဲ့၊ နတ်သမီးမိစ္ဆာ ရွှေသရဖူ!

ဘေးကနေ ရပ်ကြည့်နေခဲ့တဲ့ ဝူယွမ်လန်နဲ့
မုန့်ချောင်ယန်တို့ဟာ
တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကာ
သက်ပြင်းချလိုက်ကြပါတယ်။
မုန့်ချောင်ယန်က "ဒီပစ္စည်းတွေ အားလုံးရဲ့
ရည်ရွယ်ချက်က ကျန်းဟိုင်ရဲ့ အသက်ကို

ပြန်ဝယ်ဖို့ ဆိုရင်တော့၊ မတန်လွန်းတဲ့ ကုန်သွယ်မှုပဲ"

"သူ့ရဲ့အသက်? ဒါက အသက်ဆယ်ချောင်း မကတောင် ဝယ်နိုင်တယ်ကွ" ဝူယွမ်လန်က သူ့ရဲ့ခေါင်းကို ညိတ်လိုက်ပြီး၊ "မဟာကျိုး အင်ပါယာက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ မဟာမိတ် ဖွဲ့ချင်နေတာပဲ!"

မုန့်ချောင်ယန်က မျက်မှောင်ကြီးကို ကြုတ်လိုက်ကာ "ဒါပေမဲ့ ရှမ်ကျိအမတ်နဲ့ လင်းဖုန်းကတော့ အချင်းချင်း မတည့်ကြဘူးထင်တယ်။ သူတို့ရဲ့

ဆက်ဆံရေးတွေမှာ အဖုအထစ်တွေ ရှိမှာပဲ။ လျှမ်ပန်းဟာ ပြင်ပလူနဲ့ တည့်ဖို့အတွက်၊ သူ့ရဲ့ သစ္စာရှိလူယုံနဲ့တော့ ဆက်ဆံရေး အပျက်ခံမှာ မဟုတ်ဘူး"

"ဒါပေမဲ့လည်း ဆက်ဆံရေးက လုံးဝ မဆိုးဝါးသေးခင်မှာ၊ နှစ်ဦးနှစ်ဘက်စလုံးမှာ တူညီတဲ့ အကျိုးကျေးဇူးတွေ ရနိုင်တာပဲ" ဝူယွမ်လန်ရဲ့ မျက်လုံးတွေဟာ အရောင်တောက်လာခဲ့ပြီး လေးနက်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်၊ "အဝေးက ရန်သူနဲ့ မိတ်ဆွေဖွဲ့ပြီး အနီးကလူတွေကို တိုက်ခိုက်မယ်။ ဒါက အရိုးစင်းဆုံး ဒဿန

ဖြစ်ပေမဲ့၊ အမှန်ကန်ဆုံး ဆုံးဖြတ်ချက်လည်း ဖြစ်တာပဲ။"

မုန့်ချောင်ယန်ဟာ ဝူယွမ်လန်ရဲ့ စကားလုံးတွေကို သူ့ရဲ့စိတ်ထဲမှာ လိုက်ဆိုနေခဲ့ပြီး၊ သူ့ရဲ့ဆိုလိုရင်းကို ချက်ချင်းပဲ သဘောပေါက်သွားခဲ့ပါတယ်။

ယုကျင်းတောင်ဟာ အချိန်နဲ့ လေဟာနယ်တွေကို ချိုးဖောက်ပြီး ရွေ့လျားနိုင်ပေမဲ့၊ ဒီကမ္ဘာရဲ့ နိုင်ငံရေး ပထဝီဝင် အနေအထားတွေဟာ အကုန်လုံးနီးပါး နေရာကျပြီးသား

ဖြစ်နေကြပါပြီ။ လွတ်နေတဲ့ နေရာဆိုလို့
ခွန်းလွန်တောင်သာ ကျန်နေပါတော့တယ်။

လင်းဖုန်းရဲ့ အခြေခံ အုတ်မြစ်တွေဟာ
ခွန်းလွန်တောင်မှာ နေရာချပြီးသား
ဖြစ်နေခဲ့ကာ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့
မဟာကျိုး အင်ပါယာတို့ရဲ့ အကြားမှာ
မဟာချင် အင်ပါယာနဲ့
စူတောင်ဓားဂိုဏ်းတို့က ရှိနေကြပါတယ်။
သူတို့ဟာ အချင်းချင်း အငြင်းပွားစရာတွေ
ရှိနေကြရင်တောင်၊ ချက်ချင်း ပြေလည်အောင်
ဖြေရှင်းစရာ မလိုပါဘူး။ အဲ့ဒီအစား သူတို့ဟာ
သူတို့ နှစ်ဦးနှစ်ဘက် အကြားမှာ ရှိနေကြတဲ့

အင်အားစုတွေကို အလယ်မှာ
ညှပ်ပြီးပိတ်နိုင်ကြပါတယ်။

အခုအချိန်မှာ လင်းဖုန်းက ယုမိသားစုနဲ့ရော
စူတောင်ခေါးဂိုဏ်းနဲ့ပါ ပဋိပက္ခတွေ
ဖြစ်နေကြတော့၊ မဟာကျိုး အင်ပါယာဟာ
ဒီအခွင့်အရေးကို အပိုင်အသုံးချကာ
လင်းဖုန်းနဲ့ ဆက်ဆံရေးကောင်းတွေကို
တည်ဆောက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းဟာ အရင်ဆုံးတော့
အချိန်နဲ့ ပိုက်ဆံတွေ အကုန်ခံပြီး

မိတ်ဆွေဖွဲ့နိုင်လောက်တဲ့ အရည်အချင်းနဲ့ စွမ်းရည်တွေ ရှိရမှာပေါ့။

မုန့်ချောင်ယန်ဟာ အပေါ်ကို မော့လိုက်ပြီး ဝူယွမ်လန်ကို ကြည့်လိုက်ကာ ပြောလိုက်ပါတယ်၊ "မဟုတ်မှလွဲရော၊ မဟာကျိုး အင်ပါယာက မဟာချင် အင်ပါယာကို တိုက်ခိုက်ချင်နေတာလား?"

ဝူယွမ်လန်ဟာ သူ့ရဲ့ခေါင်းကို ညိတ်လိုက်ပြီး သူ့ရဲ့ မျက်လုံးအစုံဟာ စိတ်အားထက်သန်မှုတွေနဲ့ တောက်ပလာခဲ့ကာ၊ "ဒါက ငါတို့ရဲ့ ထာဝရ

တောင်တန်းဂိုဏ်းအတွက် ရွှေရောင်
အခွင့်အရေးကြီး တစ်ခုပဲကွ။"

မုန့်ချောင်ယန်က ရုတ်တရက်ပဲ
ပြောလိုက်ပါတယ်၊ "ဒါပေမဲ့လည်း အခု
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ပြသခဲ့တဲ့
စွမ်းရည်နဲ့ အင်အားတို့ဟာ၊
အလင်းခေါးမြန်ဂိုဏ်းနဲ့
မီးလျှံခေါးဂိုဏ်းတို့ထက်တော့ မပိုပါဘူး။
မဟာကျိုး အင်ပါယာက ဘာဖြစ်လို့
ဒီလောက်အထိ ပံ့အောခဲ့သလဲ ဆိုတာကိုတော့
ကျွန်တော်က စဉ်းစားလို့ မရဘူး။"

ဝူယွမ်လန်က ပြန်ဖြေလိုက်ပါတယ်၊ "ကြည့်ရတာ တခြားအကြောင်းရင်းတွေလည်း ရှိဦးမယ်နဲ့ တူတယ်။ ဆက်ပြီးတော့ ကြည့်ကြတာပေါ့ကွာ။"

ကျန်းဟိုင်က ဇူရီနဲ့ တိုက်ခိုက်တော့မယ် လုပ်တုန်းမှာ လင်းဖုန်းက ပြောကြားခဲ့တဲ့ စကားတစ်ခွန်းကို အမှတ်ရလိုက်တော့၊ သူ့ရဲ့ ရင်ထဲမှာ ချက်ချင်းပဲ အေးခဲသွားခဲ့ပါတယ်။ "မဟာကျိုး အင်ပါယာက ဘာပဲပြောပြော၊ ကေရာဇ် လျှမ်ပန်းရဲ့ ထိန်းချုပ်မှုအောက်မှာပဲ ရှိသေးတယ်။"

အစတုံးကတော့ ဒီစကားဟာ
ဘာဆိုလိုနေမှန်း မသိပဲ စိတ်ရှုပ်စရာ
ကောင်းနေခဲ့ပေမဲ့၊ အခု အခြေအနေနဲ့
ပြန်ပြီးတော့ သုံးသပ်လိုက်ရင်၊ လင်းဖုန်းဟာ
အခြေအနေတွေဟာ အခုလိုမျိုး
ပြောင်းလဲသွားမယ် ဆိုတာကို
ကြိုတင်ခန့်မှန်းနိုင်ခဲ့လို့ပဲ ဖြစ်မှာပါ။

လင်းဖုန်းက မေဝူလန်နဲ့ သူ့ရဲ့ အစေခံတွေကို
တည်ငြိမ်စွာနဲ့ စိုက်ကြည့်နေခဲ့ပြီး၊ နူးညံ့စွာ
ပြုံးပြလိုက်ပါတယ်။ "ကျုပ်က မိတ်ဖွဲ့ချင်တဲ့
မိတ်ဆွေတွေ အားလုံးကို ကြိုဆိုပါတယ်။"

သူဟာ ကျန်းဟိုင်ရှိနေတဲ့
ကောင်းကင်ကမ္ဘာငယ်လေးကို
လက်ညှိုးထိုးလိုက်ပြီး၊ လုံးဝကို
စိတ်ပျက်လက်ပျက် ဖြစ်နေခဲ့တဲ့ ကျန်းဟိုင်ကို
လွှတ်လိုက်ပါတယ်။

ကျန်းဟိုင်ဟာ လင်းဖုန်းကို အကြာကြီး
စိုက်ကြည့်နေခဲ့ကာ မေဝူလန်ကို
ကြည့်လိုက်ပါတယ်။ ပြီးတာနဲ့ သူဟာ
သက်ပြင်းအရှည်ကြီးကို ချလိုက်ကာ၊
ငြိမ်သက်စွာ နေနေခဲ့ပါတယ်။

ကောရာဇ် လျှမ်ပန်းဟာ ဒီလောက်အထိ ကြီးမားစွာ သုံးစွဲခဲ့တာကို ထောက်ရရင်၊ ဒီအစီအစဉ်ဟာ အနည်းဆုံးတော့ ရွှမ်ကျိအမတ်ရဲ့ သဘောတူ ထောက်ခံမှုကို ရထားခဲ့တာပါ။

ရွှမ်ကျိအမတ်က သူ့ကို ကြိုပြီးတော့ မပြောပြထားခြင်းဟာ၊ သူ့ကိုအသုံးချပြီး လင်းဖုန်းရဲ့ စွမ်းရည် အစစ်အမှန်တွေကို စမ်းသပ်ခဲ့တာပဲ ဖြစ်ပါတယ်။

အခုအခြေအနေ အရဆိုရင်၊ ကျန်းဟိုင်ဟာ လင်းဖုန်းရဲ့ စွမ်းရည်အချို့ကို

ဖော်ထုတ်နိုင်ခဲ့တယ့်အတွက်၊ အကျိုးမဲ့တဲ့
ခရီးတစ်ခုတော့ မဟုတ်ခဲ့ပါဘူး။

သူ့ရဲ့တာဝန်ကို ဒီလိုပုံစံမျိုးနဲ့
အဆုံးသတ်ခဲ့ရတဲ့အတွက်၊ ကျန်းဟိုင်ဟာ
မတတ်နိုင်တော့ပဲ သူ့ကိုယ်သူသာ
ပြန်ရယ်ခဲ့မိပါတယ်။ ဒါပေမဲ့လည်း
ဒီအတွေးတွေကို သူ့ရဲ့စိတ်အထဲမှာပဲ
ထားခဲ့တာပါ။

ကျန်းဟိုင်ကို လွှတ်လိုက်ပြီးတာနဲ့၊
လင်းဖုန်းဟာ ခုန်းယန်ကိုလည်း
လွှတ်လိုက်ပါတယ်။

ဒါကိုကြည့်လိုက်ပြီး၊ အားလုံးဟာ ပြောစရာ စကားတွေ ရှာမတွေ့ခဲ့ပါဘူး။

မေဝူလန်တောင်မှ မျက်မှောင်ကြီးကို ကြုတ်လိုက်ပါတယ်၊ "လင်းဖုန်းက ခုန်းယန်ကို ဒီလိုမျိုး အခြေအနေအထိတောင် တိုက်ခိုက်ရဲတယ်ဆိုတော့၊ သူက စူတောင်ရဲ့ လက်စားချေမှုကို မကြောက်လို့ပဲ။ ဒါပေမဲ့လည်း ဘာဖြစ်လို့ ခုန်းယန်ကို အခုလွှတ်လိုက်တာလဲ?"

ခုန်းယန်ကလည်း အံ့သြထိတ်လန့်နေခဲ့ကာ ဒီလိုမျိုး ရုတ်တရက် ကြင်နာမှုကို သတိထားနေခဲ့ပါတယ်၊ "သူက ငါ့ကို ဘာလုပ်ချင်နေတာ..."

လင်းဖုန်းဟာ သူ့ရဲ့စကားဆုံးတာကို မစောင့်ခဲ့ပဲ၊ ခရမ်းရောင်တိမ်တိုက် တစ်စုနဲ့ သူ့ရဲ့ အခြေတည်ဝိညာဥ်ကို ရစ်ပတ်လိုက်ပါတယ်။ ပြီးတာနဲ့ သူဟာ ယန်တုန်ဟွေ့ကို ပေးလိုက်ကာ တည်ကြည်လေးနက်တဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်၊ "ဒီကနေ့ဟာ ကျုပ်တို့ဂိုဏ်းရဲ့ ဖွင့်ပွဲ အခမ်းအနားပဲ

ဖြစ်တယ်။ ဒီကနေ့မှာ သွေးမြေကျတာတွေက
လုံလောက်ခဲ့ပြီဖြစ်လို့၊မာစတာခုန်းကို
စူတောင်ဂိုဏ်းကို ပြန်ပို့ပေးဖို့ မိတ်ဆွေကြီး
ယန်တုန်ဟွေကို ဒုက္ခပေးရတော့မှာပဲ။"

ယန်တုန်ဟွေဟာ အလစ်အငိုက် မိသွားခဲ့ကာ၊
သူ့ရဲ့မျက်နှာပေါ်မှာ ထူးဆန်းတဲ့
အမူအရာတစ်ခုဟာ ပေါ်ပေါက်လာခဲ့ပါတယ်။

သူတို့ ကောင်းကင်မာစတာ ခေးဂိုဏ်းရဲ့
လက်ထဲကို ခုန်းယန်ကျရောက်လာခဲ့တာဟာ၊
ရွှေရောင် အခွင့်အရေးတစ်ရပ်
ဖြစ်လာနိုင်သလို

ကပ်ဘေးဆိုက်ခြင်းမျိုးလည်း
ဖြစ်လာနိုင်ပါတယ်။

"မဟုတ်မှလွဲရော၊ သူကငါ့ကို..."
ယန်တုန်ဟွေ့က အတွေးရခက်နေခဲ့ကာ သူ့ရဲ့
အမူအရာတွေဟာ စိတ်ရှုပ်ထွေးနေတဲ့ပုံ
ပေါက်လာခဲ့ပါတယ်။

လင်းဖုန်းကတော့ အဝေးက
မိုးကုတ်စက်ဝိုင်းဆီကို ကြည့်နေခဲ့ကာ
တိုးတိုးလေး ရေရွတ်လိုက်ပါတယ်၊
"မိတ်ဆွေဟောင်းကြီး၊ အခုအချိန်အထိ
ဘာဖြစ်လို့ ထွက်မလာသေးတာလဲ?"

အငေးက မိုးကုတ်စက်ဝိုင်းထဲကနေ၊
တိမ်တိုက်ပင်လယ်ကြီးဟာ ပွင့်သွားခဲ့ကာ
လူတစ်ယောက်ရဲ့ ပုံရိပ်ကို
ဖော်ပြလိုက်ပါတယ်။

## စာစဥ် ၁၃ : အပိုင်း ၁၀

## အပိုင်း ၂၂၀ : ဖွင့်ပွဲ အခမ်းအနား

အငေးက မိုးကုတ်စက်ဝိုင်းမှာ၊
ရောင်စုံတိမ်တိုက်တွေဟာ လှစ်ဟသွားခဲ့ကာ
အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားတဲ့

သေးသွယ်ပြီး ကျက်သရေရှိတဲ့
အမျိုးသမီးငယ် တစ်ယောက်ရဲ့ ပုံရိပ်ကို
ဖော်ပြလိုက်ပါတယ်။

သူမဆီကနေ တည်ကြည်လေးနက်တဲ့
အော်ရာတွေဟာ ထွက်ပေါ်နေခဲ့ကာ၊ သူမရဲ့
ချောမောသိမ်မွေ့တဲ့ မျက်နှာသွင်ပြင်ဟာ
သူမရဲ့ အဆင့်အတန်းကို ဖော်ပြနေခဲ့ပါတယ်။
သူမဟာ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့
အရင်က မြင့်မြတ်တဲ့ အပျိုစင်
သမီးတော်ဖြစ်တဲ့ ယန့်မင်းရွဲ့ပဲ ဖြစ်ပါတယ်။

ဟိုးအဝေးကြီးက မိုးကုတ်စက်ဝိုင်းရဲ့
အလွန်မှာ ရှိနေတဲ့လို့ ထင်နေရတဲ့
ယန့်မင်းရွှဲ့ဟာ၊ ခြေတစ်လှမ်း လှမ်းလိုက်ရုံနဲ့
အားလုံးရဲ့ အရှေ့ကို ရောက်လာခဲ့ပါတယ်။
သူမဟာ နူးညံ့စွာနဲ့ သူမရဲ့ ဆံနွယ်တွေကို
နားရွက်နောက်ကို သိမ်းလိုက်ကာ
လင်းဖုန်းကို ပြုံးပြလိုက်ပါတယ်၊
"မာစတာလင်း၊ နေကောင်းရဲ့လား?"

ယန့်မင်းရွှဲ့ကို မှတ်မိနေကြတဲ့
လူတွေအားလုံးရဲ့ ခေါင်းထဲမှာ မေးခွန်းတွေနဲ့
မြည်ဟည်းနေခဲ့ပါတယ်၊ "ဒါက အရင်က
တာအိုခြေလျှင် ခရီးသည် မဟုတ်လား?

သူမက ပျောက်နေတာ နှစ်ပေါင်းအတော်ကြာ ရှိနေခဲ့ပြီ မဟုတ်လား? အခုအချိန်မှာ သူမက ဘာဖြစ်လို့ ရုတ်တရက် ပေါ်လာရတာလဲ?"

လူများစွာတို့ရဲ့ မျက်လုံးတွေဟာ ကောင်းကင်ပေါ်က ယင်-ယန် ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း ဝင်္ကပါကို အာရုံစိုက်နေကြပါတယ်။ သူတို့ရဲ့ မြင်ကွင်းတွေဟာ ပိတ်ဆို့ခံထားရပေမဲ့၊ ယန့်မင်းရွှဲ့ရဲ့ တာအိုခြေလှျင် ခရီးသည် ရာထူးကို ဆက်ခံထားတဲ့ ပန်ကျဲဟာ၊ ဒီဝင်္ကပါရဲ့ အထဲမှာ ပိတ်ဆို့ခံနေရတာကို သိနေခဲ့ကြပါတယ်။

လင်းဖုန်းဟာ ယန့်မင်းရွှဲ့ကို ကြည့်လိုက်ကာ၊ သူ့ရဲ့အရှေ့က လူတွေအားလုံးကို ဝေ့ကြည့်လိုက်ပါတယ်။ သူတို့အားလုံးရဲ့ အထဲမှာ၊ ယန့်မင်းရွှဲ့ ပေါ်လာတာကို မအံ့သြတဲ့သူဆိုလို့ မေ့ဝူလန် တစ်ယောက်သာ ရှိနေခဲ့တာပါ။

ဒါကြောင့်မို့ပဲ လင်းဖုန်းဟာ ယန့်မင်းရွှဲ့က မေ့ဝူလန်နဲ့ အတူလာခဲ့တယ် ဆိုတာကို ကောက်ချက်ချနိုင်ခဲ့ပါတယ်။

သူ့ရဲ့ခေါင်းထဲမှာ အတွေးတစ်ချို့ကို လည်ပတ်လိုက်ပြီးတော့ လင်းဖုန်းက ပြုံးလိုက်ပါတယ်၊ "တာအိုရောင်းရင်းယန့်က ဒုတိယ ဘဝကို ရသွားရုံတင်မကပဲ၊ နောက်ထပ် ကျင့်ကြံမှု အဆင့်တစ်ခု တက်သွားတဲ့အတွက် ဂုဏ်ယူပါတယ်။"

ယန့်မင်းရွှဲ့ကလည်း နူးညံ့စွာနဲ့ ပြုံးလိုက်ကာ ပြန်ပြောလိုက်ပါတယ်၊ "ဒါက တာအိုရောင်းရင်းရဲ့ ကျေးဇူးကြောင့် ဖြစ်ပါတယ်။ အရင်တစ်ခေါက်တုံးက ပြခဲ့ဖူးတဲ့ ရှင့်ရဲ့ ကျေးဇူးတွေကို မမေ့ပါဘူးရှင်။"

သူမဟာ သူမရဲ့လက်ကို လှန်လိုက်ကာ၊
သူမရဲ့ လက်အထဲက ပတ္တမြားလို နီရဲနေတဲ့
ပုလဲလုံးလေး တစ်လုံးကို ဖော်ပြလိုက်ပါတယ်။

ဒီပုလဲလုံးလေးဟာ ထွင်းဖောက်မြင်နေရပြီး၊
သူ့ရဲ့အလယ်မှာ တောက်ပတဲ့
မီးတောက်လေး တစ်ခုကို တွေ့နိုင်ပါတယ်။
အဝေးကနေ ကြည့်လိုက်ရင်၊
ဒီမီးတောက်လေးဟာ အသက်ရှိနေတဲ့
လူတစ်ယောက်ရဲ့ မျက်စိထဲက
တောက်လောက်နေတဲ့ စိတ်ဆန္ဒတွေနဲ့
တူနေခဲ့ပါတယ်။

ဒီပုလဲလေးဟာ သူပေါ်လာတာနဲ့ တပြိုင်နက်၊ မေဝူလန် ယူလာခဲ့တဲ့ လက်ဆောင်ပစ္စည်း အားလုံးကို လွှမ်းမိုးသွားနိုင်ခဲ့ပါတယ်။ သူနဲ့ အနီးစပ်ဆုံး ယှဉ်နိုင်တဲ့ လက်ဆောင်ဟာ နတ်သမီးမိစ္ဆာ ရွှေသရဖူသာ ရှိခဲ့ပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းက သူ့ရဲ့ စွမ်းအားတွေကို အသုံးပြုကာ ဒီပုလဲရဲ့ စွမ်းရည်တွေကို လေ့လာလိုက်တော့၊ သူ့ရဲ့ တန်ဖိုးဟာ နတ်သမီးမိစ္ဆာ ရွှေသရဖူရဲ့ အပေါ်မှာ ရှိနေတယ် ဆိုတာကို သိလိုက်ပါတယ်။

သူဟာ ယန့်မင်းရွှဲ့ဆီကို အကြည့်ရွှေ့လိုက်ပြီး မေးလိုက်ပါတယ်၊ "ဒါက မှော်ရတနာ သန္ဓေလောင်းလား?"

သူ့ရဲ့စကားကို ကြားလိုက်ရတာနဲ့၊ ပတ်ဝန်းကျင် တစ်ခုလုံးဟာ လုံးဝကို တိတ်ဆိတ်သွားခဲ့ပါတယ်။

မှော်ရတနာဆိုတဲ့ စကားလုံးဟာ အလွန်အမင်းကို အဖိုးတန်လှပါတယ်။

အသွင်သဏ္ဌာန် ခြောက်မျိုးခေးရဲ့ ရှက်စရာ စွမ်းဆောင်မှုတွေကို ကြည့်ပြီးတော့၊ မှော်ရတနာ တစ်ခုရဲ့ တန်ဖိုးကို လျှော့မတွက်သင့်ပါဘူး။ သူက ယင်-ယန် ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း ဝက်ပါကို မချိုးဖောက်နိုင်ခြင်းဟာ၊ ဝက်ပါရဲ့ စွမ်းအားကြောင့်သာ ဖြစ်ပါတယ်။ သူ့ရဲ့နေရာမှာ တခြားဝက်ပါတွေသာ ဆိုရင်၊ သူတို့ဟာ အသွင်သဏ္ဌာန် ခြောက်မျိုးခေးကို ယှဥ်နိုင်မှာ မဟုတ်ပါဘူး။

တစ်ကမ္ဘာလုံးကို ပတ်ပြီးမှ လိုက်ရှာလိုက်ရင်၊ ယင်-ယန် ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း

ဝက်ပါက လွဲရင်၊ ဒီအသွင်သဏ္ဍာန်
ခြောက်မျိုးခေးကို ပိတ်လှောင်ထားနိုင်တဲ့
ဝက်ပါတွေဟာ လက်ချိုးရေလို့ရပါတယ်။

ယန့်မင်းရွဲ့ဟာ သူမရဲ့ခေါင်းကို ညင်သာစွာ
ညိတ်လိုက်ပါတယ်၊ "ဒီရတနာကို
ဇူယန်မိစ္ဆာမျက်လုံးလို့ ခေါ်ပါတယ်။ သူဟာ
မဖျက်ဆီးနိုင်တဲ့ မိစ္ဆာဝိညာဉ်ကို
ဖော်ဆောင်ပြီးသွားတဲ့၊ ရှေးပဝေသဏီက
ကောင်းကင်နဂါး တစ်ကောင်ရဲ့
မျက်လုံးကနေ ဖြစ်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။
သူဟာ မီးအနွယ်ဝင် စွမ်းရည်နဲ့
ရှေးပဝေသဏီက ကောင်းကင်နဂါးရဲ့

မှော်စွမ်းအင်တွေကို သိုလှောင်ထားတာပါ။
သူ့ကို မှော်ရတနာတွေကို ထုလုပ်ရာမှာ
မှော်ရတနာ သန္ဓေလောင်း အနေနဲ့
အသုံးပြုလို့ ရပါတယ်။"

လင်းဖုန်းကလည်း ပြုံးလိုက်ကာ၊
ဇူယန်မိစ္ဆာမျက်လုံးကို ပျော်ရွှင်စွာနဲ့
လက်ခံလိုက်ပါတယ်။ ပြီးတာနဲ့ သူဟာ
လက်ကိုဆန့်တန်းပြီး ဝှေ့ယမ်းလိုက်ရာ၊ ယင်-
ယန် ဖန်ဆင်းခြင်းနဲ့ ယိုယွင်းခြင်း ဝက်ပါက
အလင်းစက်လေး တစ်ခုအသွင်ကို
ပြောင်းသွားခဲ့ကာ၊ သူ့ရဲ့ လက်အတွင်းကို
ပြန်ဝင်သွားခဲ့ပါတယ်။

ပန်ကျဲနဲ့ အသွင်သဏ္ဍာန်ခြောက်မျိုးခေးတို့ဟာ ဒီဝင်္ကပါထဲကနေ လွတ်မြောက်လာကြပါတယ်။ ယန့်မင်းရှဲ့ကို ဒီနေရာမှာ တွေ့လိုက်ရတော့၊ ပန်ကျဲဟာ ဘာဖြစ်သွားလည်း ဆိုတာကို ချက်ချင်း ရိပ်မိလိုက်ပါတယ်။

သူဟာ ယန့်မင်းရှဲ့ဆီကို လျှောက်သွားလိုက်ပြီး လေးနက်စွာနဲ့ ပြောလိုက်ပါတယ်၊ "ဂုဏ်ယူပါတယ် စီနီယာယန့်"

"ယန့်မင်းရှဲ့၊ မင်း..." အသွင်သဏ္ဍာန် ခြောက်မျိုးခေါ်ရေးဟာ တစ်ခုခု ပြောမယ်ကြံလိုက်ပြီးမှ၊ တစ်စုံတစ်ခုကို သတိထားမိလိုက်တော့ ရပ်သွားခဲ့ပါတယ်။

ယန့်မင်းရှဲ့ဟာ သူမရဲ့ခေါင်းကို ညိတ်လိုက်ကာ၊ "ဂျူနီယာပန်၊ အကြီးအကဲ အသွင်သဏ္ဍာန် ခြောက်မျိုး၊ မတွေ့ရတာ အတော့်ကို ကြာသွားခဲ့ပြီ။"

ပန်ကျဲက မေးလိုက်ပါတယ်၊ "စီနီယာယန့်၊ ဘယ်အချိန်မှ ပိုင်ယွင်တောင်ကို ပြန်လာမှာလဲ?"

ယန့်မင်းရွဲ့က ပြုံးလိုက်ပြီး၊ "မာစတာလင်းကို ဂုဏ်ပြုပြီးရင်၊ ပိုင်ယွင်တောင်မှာ အခြေအနေ ဘယ်လို ရှိနေသလည်း ဆိုတာကို ပြန်ကြည့်ဖို့တော့ ရည်ရွယ်ထားပါတယ်။"

ပန်ကျဲက အန္တရာယ်ကင်းစွာနဲ့ ပြန်ဖြေလိုက်ပါတယ်၊ "ဒါဆိုရင် ကောင်းတာပေါ့။ ဆရာနဲ့ အကြီးအကဲတွေ အားလုံးက အစ်မကို မျှော်နေကြတာ။"

လင်းဖုန်းက သူတို့ စကားစမြည် ပြောနေကြတာကို စိတ်ဝင်စားစွာနဲ့

နားထောင်နေခဲ့ပါတယ်။ သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် အသေသတ်ချင်နေကြပေမဲ့၊ ငြိမ်းချမ်းရေး ရနေသယောင်ယောင် ကြိုးစားပြီး ဟန်ဆောင်နေကြတာပါ။

ချန်ကန်းကြောင့်သာ မဟုတ်ခဲ့ရင်၊ လင်းဖုန်းဟာ သူတို့ရဲ့ ပြောင်မြောက်လှတဲ့ သရုပ်ဆောင်မှုတွေ အောက်မှာ အညာခံရကာ၊ ဟင်းလင်းပြင် ဘုရားကျောင်းက ပါတီနှစ်ခုရဲ့ အတွင်း ပဋိပက္ခတွေကို သိနိုင်မှာ မဟုတ်ပါဘူး။

ပန်ကဲ့ဟာ ရုတ်တရက်ပဲ ထူးခြားတဲ့
အကြည့်နဲ့ လင်းဖုန်းကို
လှည့်ကြည့်လိုက်ပါတယ်။ သူဟာ လင်းဖုန်းကို
သေချာစိုက်ကြည့်နေခဲ့ပြီး၊ တစ်ခုခုကို
နားလည်အောင် ကြိုးစားနေတဲ့ အတိုင်းပါပဲ။

လင်းဖုန်းဟာ ဒီအကြည့်ကို တည်ငြိမ်တဲ့
အမူအရာနဲ့သာ တုံ့ပြန်ခဲ့ပါတယ်။
အချိန်အတော်ကြီး ကြာတော့မှ၊ ပန်ကဲ့ဟာ
သူ့ရဲ့ အကြည့်တွေကို ရုပ်သိမ်းလိုက်ကာ
ယန့်မင်းရှဲ့ရဲ့ အနောက်ကို
သွားရပ်နေခဲ့ပါတယ်။

သူ့ရဲ့ မာနနဲ့ အတ္တတွေကြောင့် သူဟာ လင်းဖုန်းကို ဦးမညွှတ်လိုခဲ့ပေမဲ့၊ အခုလက်ရှိ အခြေအနေတွေအရ သူဟာ အားမတန်လို့ မာန်လျှော့လိုက်ရတာပါ။

ဒါကိုတွေ့လိုက်ရတော့ လင်းဖုန်းဟာ သူ့ရဲ့ အကြည့်တွေကို ရုပ်သိမ်းလိုက်ကာ၊ ခဏငြိမ်သွားပြီးမှ ပြောလိုက်ပါတယ်၊ "ခင်ဗျားကို ယုကျင်းတောင်ကနေ ညွှန့်သည်အဖြစ် အမြဲတမ်း ကြိုဆိုနေပါတယ်။"

ပန်ကျဲက ဒီစကားကို ကြားလိုက်ရတော့ အံ့အားသင့်သွားခဲ့ပေမဲ့ တိတ်တိတ်လေးပဲ နေခဲ့ပါတယ်။

ယန့်မင်းရွှဲ့ရဲ့ မျက်လုံးအစုံမှာလည်း လင်းဖုန်းရဲ့ စကားတွေကြောင့် အံ့ဩတဲ့ အရိပ်အယောင်တွေ ပေါ်လာခဲ့ပါတယ်။ သူမဟာ ပန်ကျဲကို အကဲခတ်လိုက်ပြီး တစ်ခုခုကို သဘောပေါက်သွားသလိုမျိုး ပြုံးလိုက်ကာ၊ နောက်ထပ် စကားတစ်လုံးမှ ဆက်မပြောခဲ့ပါဘူး။

အခုအချိန်မှသာ လင်းဖုန်းက ကျန်တဲ့သူတွေဘက်ကို လှည့်လိုက်ကာ ပြောလိုက်ပါတယ်၊ "အဆင်မပြေမှုလေး အနည်းငယ် ဖြစ်သွားခဲ့ပေမဲ့၊ ဖွင့်ပွဲ အခမ်းအနားကို စီစဉ်ထားတဲ့အတိုင်းပဲ ကျင်းပမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဂိုဏ်းရဲ့ ဖွင့်ပွဲ အခမ်းအနားကို ကြွရောက်ချီးမြှင့်ကြတဲ့ ဧည့်သည်တော်များ အားလုံးကို ကျေးဇူးအထူး တင်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ နိမ့်ကျတဲ့ အဆောက်အဦးတွေကို လိုက်လံကြည့်ရှုဖို့ ဖိတ်ခေါ်ပါရစေ။"

စကားဆိုးတာနဲ့ ခရမ်းရောင်
တိမ်တိုက်ပင်လယ်ကြီးဟာ တုန်ခါသွားခဲ့ကာ၊
ယုကျင်းတောင် အတွင်းကို ဝင်သွားခဲ့ပြီး၊
ယုကျင်းတောင်ရဲ့ တကယ့်သွင်ပြင်
အစစ်အမှန်ကို ဖော်ပြလိုက်ပါတော့တယ်။

လင်းဖုန်းက ရှေ့ကဦးဆောင်ကာ
ယုကျင်းတောင်ထိပ်ကို တက်သွားခဲ့ပြီး၊ သူ့ရဲ့
အနောက်ကနေ သူတပည့်တွေ ဖြစ်ကြတဲ့
ရှောင်ယန်တို့ အဖွဲ့က ထပ်ကြပ်မကွာ
လိုက်လာကြပါတယ်။

ယန့်မင်းရွှဲ့က ညင်သာစွာ ပြုံးလိုက်ပြီး လေပေါ်ကို ပျံတက်သွားခဲ့ကာ၊ မေဝူလန်နဲ့ သူ့ရဲ့ အစေခံတွေက အနောက်ကနေ လိုက်လာခဲ့ပါတယ်။

ကျန်တဲ့သူတွေ တောင်ပေါ်တက်သွားတာကို ကြည့်နေခဲ့ပြီး၊ ပန်ကျဲကတော့ နဂိုနေရာမှာပဲ ဆက်နေခဲ့ပါတယ်။

ကျန်တဲ့သူတွေကတော့ အချင်းချင်း ကြည့်လိုက်ကြကာ တောင်ပေါ်ကို လိုက်တက်သွားကြပါတယ်။ တစ်ချို့ဟာ တစ်ယောက်ထဲ ကျန်နေခဲ့တဲ့ ပန်ကျဲကို

တစ်ချက်ခိုးကြည့်လိုက်ကာ၊ စာနာတဲ့
အမူအရာမျိုး ပြမိမှာ စိုးမိတဲ့အတိုင်း
တောင်ပေါ်ကို လျှင်မြန်စွာ တက်သွားပါတယ်။

ပန်ကဲ့ဟာ လင်းဖုန်းရဲ့ အရှက်ခွဲတာကို
ခံလိုက်ရပြီး ယန့်မင်းရွှဲ့ရဲ့ လှောင်မိုးတာကို
ခံလိုက်ရပေမဲ့၊ သူဟာ
ရန်စလို့ကောင်းတဲ့သူမျိုး မဟုတ်ပါဘူး။

ယန်တုန်ဟွေ့ဟာ ခုန်းယန်ရဲ့
အခြေတည်ဝိညာဉ်ကို သိမ်းလိုက်ပြီး၊
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာနဲ့

မီးပုံချောင်း ဂရန်းမာစတာတို့ကို
ပြောလိုက်ပါတယ်၊ "သွားကြစို့"

ပြီးတာနဲ့ သူဟာ သူ့ရဲ့ ခေါင်းပုံပေါ်ကို
ခုန်တက်လိုက်ပြီး၊ ကောင်းကင်မာစတာ
ခေါင်းဂိုဏ်းက တပည့်တွေကို ခေါ်လိုက်ကာ
တောင်ပေါ်ကို တက်သွားခဲ့ပါတယ်။

ဂရန်းမာစတာ နှစ်ယောက်စလုံးဟာ
သက်ပြင်းတစ်ချက် ချလိုက်ပြီး
တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကာ
ယန်တုန်ဟွေနောက်ကို
လိုက်သွားကြပါတယ်။

သူတို့ဟာ ရင်ထဲကနေပဲ ရေရွတ်နေကြပါတယ်၊ "မာစတာလင်း၊ မာစတာလင်း၊ ခင်ဗျားက ကျုပ်တို့ကို ခုန်းယန်ကို ပေးလိုက်ပြီး ကောင်းကောင်း ချောက်ချလိုက်တာပဲ။"

ယုကျင်းတောင်ပေါ်ကို ရောက်တာနဲ့၊ သူတို့ဟာ တောင်ပေါ်က စိတ်ဝိညာဉ် စွမ်းအင်တွေကို ခံစားမိလိုက်ရတော့ အံ့အားသင့်ကုန်ကြပါတယ်။ လျှို့ဝှက်ဆန်းကြယ်တဲ့ အောဲရာတစ်မျိုးကို ခံစားနေရပြီး၊ ယုကျင်းတောင်ပေါ်က လေကို

ရှုရရုံနဲ့တဲ့ ဉာဏ်အလင်း ပွင့်သွားခဲ့သလိုမျိုး ခံစားနေကြရပါတယ်။ သူတို့အားလုံးဟာ ယုကျင်းတောင်ကို ခရီးလာခဲ့ရတာဟာ အရှုံးမရှိသလို ခံစားလိုက်ရပါတယ်။

ယန့်မင်းရွှဲ့ရဲ့ မျက်လုံးအစုံကလည်း တောက်ပလာခဲ့ကာ၊
"ဘယ်လောက်ကောင်းတဲ့ နေရာမျိုးလဲ! ယုကျင်းတောင်နဲ့ ယှဉ်လို့ရတဲ့ နေရာဆိုလို့ ပိုင်ယွင်တောင်ရယ်၊ အတိတ်က မဟာမိုးကြိုး ကျောင်းတော်ကြီးရဲ့ နိဗ္ဗာန်နယ်မြေနဲ့ စူတောင်တို့ပဲ ရှိကြတော့မှာ။"

အတွေးတစ်ခုက ခေါင်းထဲကို ပေါ်လာတာနဲ့ သူမက ပြုံးလိုက်ပါတယ်၊ "လုံရဲ့၊ နင်ကသာ ယုကျင်းတောင်က ဒီလောက်အထိ တန်ဖိုးရှိမှန်း သိလိုက်ရရင်၊ ဘယ်လောက်များ နောင်တရနေမလဲ?"

ဝူယွမ်လန်နဲ့ မုန့်ချောင်ယန်တို့ဟာ ယုကျင်းတောင်ပေါ်ကို ရောက်လာတာနဲ့ မယုံကြည်နိုင်တဲ့ အမူအရာတွေကို ပြသခဲ့ပါတယ်။ သူတို့ဟာ မယုံကြည်နိုင်စွာနဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး၊ အံ့သြမှုနေရာမှာ အားကျမှုတွေနဲ့ အစားထိုးသွားခဲ့ပါတယ်။

"ပန်ကျဲနဲ့ ခုန်းယန်တို့က နှစ်ယောက်စလုံး အသက်ရှင်နေကြသေးတယ်။ ကြည့်ရတာတော့ ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ စူတောင်ဓားဂိုဏ်းတို့ဟာ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ သူသေကိုယ်သေတော့ တိုက်ခိုက်လိမ့်မယ် မထင်ဘူး။" ဝူယွမ်လန်က တိုးတိုးလေးပဲ ပြောလိုက်ပါတယ်။

မုန့်ချောင်ယန်ကလည်း သူ့ရဲ့စီနီယာကို သဘောတူစွာနဲ့ ခေါင်းညိတ်လိုက်ကာ၊ "ပန်ကျဲနဲ့ ခုန်းယန်တို့ဟာ သူတို့ဂိုဏ်းတွေရဲ့

အရေးကြီးတဲ့ ဂိုဏ်းဝင်တွေ ဖြစ်ကြပေမဲ့၊ နောက်ဆုံးမှာတော့ သူတို့ဟာ ဒုတိယ မျိုးဆက်က တပည့်တွေ ဖြစ်ကြတာပဲ။"

"ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ စူတောင်ဓားဂိုဏ်းတို့ရဲ့ စွမ်းအားတွေဟာ မေးခွန်းထုတ်စရာ မရှိပေမဲ့၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကိုလည်း လျှော့တွက်လို့မရဘူး။ ဒီစိတ်ဝိညာဉ်တောင်ကို ခံတပ်အနေနဲ့ လုပ်ထားရင်၊ သူ့ကို ဖျက်ဆီးဖို့ဆို အင်အားအများကြီး သုံးရလိမ့်မယ်။ ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ စူတောင်ဓားဂိုဏ်းတို့တောင်

မလှုပ်ရှားခင်မှာ၊ အလေးအနက်
ဆင်ခြင်သုံးသပ်ရလိမ့်မယ်။"

ဝူယွမ်လန်က ခေါင်းညိတ်လိုက်ပြီး
သက်ပြင်းချလိုက်ပါတယ်၊ "တကယ်လို့များ
ပြိုင်ဘက်က အားနည်းနေခဲ့ရင်၊ သူတို့က
လွယ်လွယ်ကူကူနဲ့ ဖယ်ရှားလိုက်မှာပဲ။
ဒါပေမဲ့လည်း ပြိုင်ဘက်က ဝိတ်နည်းနည်း
ရှိနေခဲ့ရင်၊ နိုင်ပွဲက သေချာနေရင်တောင်မှပဲ
စစ်ပွဲအတွက် ဆုံးရှုံးမယ့် အရာတွေကို
သေချာသုံးသပ်ရလိမ့်မယ်။ မလိုအပ်ပဲ
အလောတကြီးနဲ့ လှုပ်ရှားမယ်ဆိုရင်၊

ကြားထဲကလူက ဝင်ပြီးတော့
အမြတ်ထုတ်သွားလိမ့်မယ်။"

"မဟာမိုးကြိုး ကျောင်းတော်ကြီးက
သူတို့အတွက် အကောင်းဆုံး ဥပမာပဲ။
ဟိုအဖြစ်အပျက်ကြောင့်သာ မဟုတ်ခဲ့ရင်၊
ဗုဒ္ဓမြင့်မြတ်နယ်မြေဟာ ဘယ်လိုလုပ်ပြီး
ဒီလောက် လွယ်လွယ်ကူကူနဲ့
အဖျက်ဆီးခံရပါ့မလဲ?"

မဟာမိုးကြိုး ကျောင်းတော်ကြီးက အဖျက်ဆီး
ခံလိုက်ရပေမဲ့၊ သူမရှိတော့လို့ အမြတ်
အကြီးအကျယ် ထွက်သွားတဲ့သူကတော့

မဟာကျိုး အင်ပါယာပဲ ဖြစ်ပါတယ်။
ဟင်းလင်းပြင် ဘုရားကျောင်းနဲ့
ကောင်းကင်ကိုးလွှာ ခေါ်မဟာမိတ် အဖွဲ့ဟာ
အကျိုးအမြတ် သိပ်မရခဲ့တဲ့အပြင်၊ သူတို့ရဲ့
စွမ်းအားကြီးတဲ့ ကျင့်ကြံသူ တချို့တောင်
ဆုံးရှုံးခဲ့ရပါသေးတယ်။ ဒီလိုမျိုး
အဖြစ်အပျက်မျိုးကို တစ်ယောက်မှ
ထပ်မြင်ချင်မှာ မဟုတ်ပါဘူး။

မုန့်ချောင်ယန်က ဆက်ပြီးတော့
"အကျိုးအမြတ်မရှိပဲ မပြေနိုင်တဲ့
ရန်ကြွေးဆိုတာ မရှိပါဘူး။ ဟင်းလင်းပြင်
ဘုရားကျောင်းနဲ့ စူတောင်ခေါ်ဂိုဏ်းတို့ဟာ

မကျေမနပ် ဖြစ်နေကြပေမဲ့၊ သူတို့က ဂိုဏ်းတစ်ဂိုဏ်းလုံးကို စေလွှတ်ပြီးတော့ တိုက်ခိုက်မှာတော့ မဟုတ်ဘူး။ အလွန်ဆုံး သူတို့ဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ပြဿနာရှာဖို့၊ အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကို စေလွှတ်မှာပေါ့။"

ဝူယွမ်လန်က စိတ်ပျက်လက်ပျက်နဲ့ ပြုံးလိုက်ပါတယ်၊ "ကြည့်ရတာ ငါတို့တော့ လက်ဗလာနဲ့ပဲ ပြန်ရတော့မယ်နဲ့တူတယ်။"

မုန့်ချောင်ယန်က တိုးညှင်းစွာနဲ့
ပြန်ပြောလိုက်ပါတယ်၊ "ကျွန်တော်တို့ရဲ့
ကံပဲပေါ့။ တတ်နိုင်သလောက်တော့
အစွမ်းကုန် ကြိုးစားခဲ့တာပဲ။"

လူအုပ်ကြီးဟာ ယုကျင်းတောင်ထိပ်ကို
ရောက်တာနဲ့၊ အသက် ရနှစ်၊ ၈နှစ်လောက်သာ
ရှိဦးမယ့် ကလေးငယ်လေး
နှစ်ဆယ်လောက်ဟာ ညီညာစွာနဲ့
အတန်းနှစ်တန်း စီထားကြကာ၊ သူတို့ကို
စိတ်အားထက်သန်စွာနဲ့
စောင့်ဆိုင်းနေကြတာကို တွေ့လိုက်ရပါတယ်။

ကလေးငယ်တွေ အားလုံးတို့ဟာ ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားကြပြီး၊ အသားဖြူဖြူဖွေးဖွေးနဲ့ အလွန်အမင်းကို ချစ်စရာ ကောင်းကြပါတယ်။

အားလုံးဟာ သူတို့ကိုယ်ကနေ ထုတ်လွှတ်နေခဲ့တဲ့ သန့်စင်တဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေကို ခံစားနိုင်ခဲ့ကာ၊ သူတို့ရဲ့ သန့်စင်တဲ့ ပင်ကိုဗီဇနဲ့ စွမ်းရည်တို့ကို အာရုံခံနိုင်ခဲ့ကြပါတယ်။

လင်းဖုန်းနဲ့ ကျန်တဲ့သူတွေက ပြန်လာတာကို တွေ့လိုက်ကြရတော့၊ ကလေးတစ်အုပ်စုဟာ

ညီညာစွာနဲ့ အရှေ့ကို တက်လာကြကာ
ဦးညွှတ်လိုက်ကြပြီး သူတို့ရဲ့ ဆရာကို
ကြိုဆိုလိုက်ကြပါတယ်၊
"ပြန်လည်ကြိုဆိုပါတယ်၊ အရှင်သခင်။"

ပြီးတာနဲ့ သူတို့ဟာ ယန့်မင်းရွဲ့နဲ့
ကျန်တဲ့သူတွေ ရှိရာဆီကို
ဦးညွှတ်လိုက်ကြကာ၊ "ဧည့်သည်တော်များကို
ယုကျင်းတောင်ပေါ်ကနေ ကြိုဆိုပါတယ်။
တကယ်လို့များ အဆင်မပြေတာများ ရှိခဲ့ရင်၊
ကျွန်တော်တို့ကို ခွင့်လွှတ်ပေးပါ။"

ယုကျင်းတောင်ပေါ်မှာ နေလာခဲ့တဲ့
နှစ်ဝက်အတွင်းမှာ၊ ဆေးလုံးအဖြစ်နဲ့
သန့်စင်ခြင်းကို ခံခဲ့ရတဲ့ ကလေးငယ်တို့ဟာ
ပြန်လည်သက်သာလာပြီ ဖြစ်ပြီး၊ သူတို့ရဲ့
ခန္ဓာကိုယ်ထဲက ဆေးစွမ်းအင်
တချို့ကိုတောင် စုပ်ယူနိုင်ခဲ့ပါတယ်။

ဇူရီနဲ့ ခန်းနန်ဟွာတို့ရဲ့ အနီးကပ်
ကြီးကြပ်သင်ကြားပေးမှုအောက်မှာ၊
သူတို့အားလုံးဟာ သူတို့ရဲ့ စိတ်ဝိညာဉ်
စွမ်းအင်တွေကို အနည်းနဲ့အများ
ဆုပ်ကိုင်နိုင်နေကြပါပြီ။

သူတို့ရဲ့ ညွှန့်သည့်တွေကို နှုတ်ဆက်လို့
အပြီးမှာ၊ ကလေးလေးတွေဟာ
ရှောင်ယန်၊ခန်းနန်ဟွာနဲ့
မြှောင်ရှီးဟောင်တို့တတွေကို
သွားနှုတ်ဆက်လိုက်ကြပါတယ်။

"ဆရာသခင်တို့ကို ပြန်လည်ကြိုဆိုပါတယ်။"

"မစ္စတာခန်းနဲ့ မစ္စတာမြှောင်တို့ကို
ပြန်လည်ကြိုဆိုပါတယ်။"

ဒါတွေကို တွေ့လိုက်ရတော့ ယန်တုန်ဟွေဟာ
မအောင့်ထားနိုင်တော့ပဲ

ချီးကျူးလိုက်ရပါတယ်၊ "မာစတာလင်းက တကယ်ကို ဆရာကောင်း တစ်ပါးပါပဲ။ ခင်ဗျားရဲ့တပည့်တွေ အားလုံးဟာ ထူးချွန်ပြောင်မြောက် ကြပါပေတယ်။"

"ခင်ဗျားက မြှောက်နေပြန်ပြီ။" လင်းဖုန်းက ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

မီးပုံျခား မာစတာဟာ ယုကျင်းတောင်ထိပ်ကို တစ်ချက်ငွေ့ကြည့်လိုက်ပြီး သူ့ရဲ့ နှုတ်ခမ်းမှာ ပြုံးယောင်သန်းလာခဲ့ပေမဲ့၊ တိတ်တိတ်လေးသာ နေနေခဲ့ပါတယ်။

သူ့အကြောက်ဆုံး အရာက နဂိုကတည်းက
တဲတဲလေးပဲ ကျန်တော့တဲ့ သူနဲ့လင်းဖုန်းရဲ့
အကြားက ဆက်ဆံရေးဟာ
ပြိုကွဲသွားမှာကိုပါ။ ဒါကြောင့်ပဲ သူဟာ
မလိုအပ်တဲ့ မှတ်ချက်တွေကို
မချချင်နေခဲ့ပါဘူး။

လင်းဖုန်းက သူ့ရဲ့ အမူအရာတွေကို
ကြည့်လိုက်ပြီး သူ့ရဲ့ရင်ထဲမှာ ဘာတွေ
တွေးနေသလည်း ဆိုတာကို မသိပဲ
ဘယ်နေပါ့မလဲ? ဒီတောင်ထိပ်မှာ
ဟင်းလင်းကြီး ဖြစ်နေတာကို သူ့ရဲ့စိတ်ထဲမှာ
လျှောင်ရယ်နေခဲ့မှာပါ။

အံ့အားသင့်ဖွယ် ဆန်းကြယ်တဲ့ အရာတွေကို ကြည့်ဖို့ အချိန်တန်ပြီ။

လင်းဖုန်းက သူ့ကိုယ်သူ ထိန်းချုပ်လိုက်ပြီး၊ အရင်တုံးက ရှိခဲ့တဲ့ သူ့ရဲ့ခေါင်းထဲက မပြောသင့်တဲ့ စကားတွေကို မပြောမိအောင် ကြိုးစားလိုက်ပါတယ်။

သူဟာ ပြုံးလိုက်ပြီး ပညာရှင်ဆန်စွာ ပြောလိုက်ပါတယ်၊ "ကျုပ်တို့ရဲ့ နိမ့်ကျလှတဲ့ အဆောက်အဦးတွေကြောင့်

စိတ်ပျက်သွားခဲ့မယ်ဆိုရင်၊ ကြိုပြီးတော့ တောင်းပန်ပါတယ်။"

စကားဆုံးတာနဲ့ သူဟာ သူ့ရဲ့လက်ကို မြှောက်လိုက်တော့၊ ကောင်းကင်ယံမှာ အလင်းတန်း တစ်ခုဟာ လင်းလက်သွားခဲ့ပါတော့တယ်။

## စာစဥ် ၁၃ : အပိုင်း ၁၁

## အပိုင်း ၂၂၁ : ဂိုဏ်းချုပ်၏ အခမ်းအနား

"ကျုပ်တို့ဂိုဏ်းရဲ့ သက်ကယ်မိုးထားတဲ့ တဲအိမ်လေးတွေကို ခင်ဗျားတို့က အတော်ရယ်ချင်နေမှာပဲ။"

သူ့ရဲ့စကားဆုံးတာနဲ့၊ လင်းဖုန်းဟာ သူ့ရဲ့ ကွယ်ဝှက်ထားတဲ့ ဂိုဏ်းတည်ထောင်ခြင်း တိုကင်တွေကို အသက်သွင်းလိုက်ပါတယ်။ မျက်စိတစ်မှိတ်လေး အတွင်းမှာ၊ အလင်းတန်း တစ်ခုဟာ ကောင်းကင်ယံကို ပျံတက်သွားခဲ့ပါတယ်။

ဒီအလင်းတန်းလေးဟာ ကောင်းကင်ယံထက်မှာ အဝေ့အဝိုက်

ပုံစံတစ်ခုကို ဖန်တီးခဲ့ပြီး၊ ရောင်ခြည်ရောင်ဝါ ကွန့်မြူးတောက်ပ နေတဲ့ ခန့်ညားထည်ဝါတဲ့ တိမ်တိုက်တစ်ခု အဖြစ်ကို ပြင်းထန်စွာနဲ့ ပေါက်ကွဲသွားခဲ့ပါတယ်။ ပြီးတာနဲ့သူဟာ မဟူရာကောင်းကင် ရတနာသစ်ပင် ရှိရာဆီကို ဖြေးဖြေးချည်းပဲ ပြန်လည်ကျဆင်း လာခဲ့ပါတယ်။

ဖိတ်ဖိတ်တောက်နေတဲ့ မီးတောက်မီးလျှံတွေဟာ လူတိုင်းကို မှင်သက်ရှူမောဖြစ်စေခဲ့ပါတယ်။

အလင်းတန်း တိမ်တိုက်ကြီးဟာ ဖြေးဖြေးချင်း ပျံ့လွင့်ကွယ်ပျောက်သွားခဲ့ကာ၊ သူ့ရဲ့ မူလပုံစံဖြစ်တဲ့ ခန်းနားထည်ဝါလှတဲ့ မိုးထိုးနေတဲ့ နန်းတော်ကြီး တစ်ခုကို ဖော်ပြပေးခဲ့ပါတယ်။

အလင်းတန်းတွေနဲ့ ပုံရိပ်တွေဟာ ဖြေးဖြေးချင်းပဲ ထိနိုင်ကိုင်နိုင်တဲ့ အမှန်စစ်စစ် အရာတွေ အဖြစ်ကို ပြောင်းသွားခဲ့ကာ၊ ယုကျင်းတောင်ပေါ်မှာ မားမားမတ်မတ် တည်ရှိနေတဲ့ မိုးထိုးနေတဲ့ နန်းတော်ကြီး တစ်ခုအဖြစ်ကို အသွင်ပြောင်းသွားခဲ့ပါတယ်။

နန်းတော်ကြီးရဲ့ အဓိကခန်းမဟာ
မီတာသုံးဆယ်မြင့်ပြီး၊ အခန်းဆယ့်ရှစ်ခန်းစာ
ကျယ်ဝန်းကာ၊ အထဲကို ဘယ်လောက်အထိ
တိုးဝင်သွားသလဲ ဆိုတာကိုတော့
ဘယ်သူကမှ မသိပါဘူး။ အဆောက်အဦးကြီး
တစ်ခုလုံးဟာ ခရမ်းရွှေရောင်
ဖျော့ဖျော့ယှက်သန်းနေခဲ့ပြီး၊ သူ့ရဲ့
ထောင့်လေးထောင့်ဆီမှာ နဂါး၊ ဖီးနစ်၊
ကမ္ဘာလိပ်ကြီးနဲ့ ချီလင်တို့ဟာ
မားမားမတ်မတ် ရပ်နေကြပါတယ်။
ပလက်တီနန် အရောင်နဲ့
အုတ်ကြွပ်ခြောက်လွှာတို့ကလည်း
ဝင်းဝင်းလက်လက်နဲ့
ဖိတ်ဖိတ်တောက်နေကြလို့ပါ။

နန်းတော်ရဲ့ နရံတွေကလည်း
ယုကျင်းတောင်နဲ့ တူညီတဲ့ ပစ္စည်းတွေ
ထုလုပ်ထားတဲ့၊ လှပတင့်တယ်ပြီး နန်းဆန်တဲ့
အဖြူရောင်ကျောက်စိမ်း
အဆင်တန်ဆာတွေနဲ့၊ နရံတစ်ခုလုံးကို
အလှဆင်ထားခဲ့တာပါ။

လှေကားအထပ် ကိုးဆင့်စလုံးကိုလည်း
တူညီတဲ့ အရာဝတ္ထုတွေနဲ့
တည်ဆောက်ထားခဲ့ကာ၊ အဓိက ခန်းမရဲ့
ခမ်းနားထည်ဝါလှတဲ့ တည်ဆောက်ပုံတွေကို
ကောင်းကင်ပေါ်ကိုတက်တဲ့

လှေကားတွေအလား ဖြစ်စေခဲ့ပါတယ်။
ခန်းမကြီး တစ်ခုလုံးကို ကြည့်ရတာဟာ
ငွားငွားစွင့်စွင့်နဲ့ အထင်ကြီးဖွယ်
ကောင်းလှပါတယ်။

ခန်းမရဲ့ ထိပ်ဆုံးမှာတော့ ပုံရိပ်ရောင် ပုံစံမျိုးနဲ့
အာကာသ ဟင်းလင်းပြင်ကြီးတစ်ခုကို
တွေ့နိုင်ပါတယ်။ သူဟာ နဂါးငွေ့တန်းလိုမျိုး
ရောင်စဉ်တွေနဲ့ တောက်ပကာ၊
လျှို့ဝှက်ဆန်းကြယ်၊ ကျယ်ပြန့်လှပြီး
အဆုံးမဲ့နေလို့ပါ။

နေမင်း၊ လမင်း၊ ဗီးနတ်စ်၊ ဂျူပီတာ၊ မာကျူရီ၊ မားစ်နဲ့ စေတန်။

လည်ပတ်နေတဲ့ ကြယ်စင်တွေရဲ့ အကြားမှာ ဒီဂြိုလ်ကြီး ခုနှစ်လုံးတို့ဟာ နဂါးငွေ့တန်းရဲ့ အထဲမှာ လွင့်မျောနေကြပါတယ်၊ သူတို့ရဲ့အောက်က အရာအားလုံးကို အုပ်စိုးနိုင်တဲ့ ကောင်းကင်တွေရဲ့ အရှင်သခင်တွေ အတိုင်းပါပဲ။

အခိကာခန်းမရဲ့ လှေကားအထပ် ကိုးဆင့်တို့ရဲ့ အောက်မှာရှိနေတာကတော့၊ သိမ်မွေ့စွာ

လည်ပတ်နေတဲ့ အလင်းဘီး တစ်ခုပဲ
ဖြစ်ပါတယ်။

ဒီအလင်းဘီးလေးဟာ မမိုတ်မသုန်
မပြောင်းမလဲတဲ့ ဆုံးဖြတ်ချက်နဲ့အတူ
အဆက်မပြတ် လည်ပတ်နေခဲ့ပါတယ်။
ဘယ်လိုအရာမျိုးကမှ သူ့ကို ရပ်တန့်ခြင်း
မပြုနိုင်စေ သလိုပါပဲ။

သက်ရှိအားလုံးတို့ရဲ့ မျိုးဆက် တစ်ဆက်၊
ဆယ်ဆက်၊ တစ်ရာဆက်၊
တစ်ထောင်ဆက်တိုင်တိုင်၊ ကံကြမ္မာတွေကို

အဆုံးအဖြတ်ပေးနိုင်တဲ့ စိတ်စွမ်းအားမျိုးပဲ ဖြစ်ပါတယ်။

အဆက်မပြတ် စီးဆင်းနေတဲ့
သမိုင်းမြစ်ရေလိုမျိုး၊ ကံကြမ္မာစက်ဝန်းဟာ
အမြဲတမ်း လည်ပတ်နေခဲ့တာပါ။
ဘယ်လိုအရာမျိုးကမှ သူ့ကို
မရပ်တန့်စေနိုင်ပါဘူး၊ အရာအားလုံးကို
အစကတည်းက သတ်မှတ်ပြီးသားပါ!
ကံကြမ္မာဆိုတာ ရပ်တန့်လို့ မရနိုင်ပါဘူး!
ကံကြမ္မာကို ပြောင်းလဲလို့ မရနိုင်ပါဘူး!

ငရဲကမ္ဘာမှာ အဆက်မပြတ် လည်ပတ်နေတဲ့ အလင်းဘီးလေးဟာ၊ စကြာဝဠာ တစ်ခုလုံးက သက်ရှိအားလုံးတို့ရဲ့ ထောင်နဲ့သောင်းနဲ့ချီတဲ့ မျိုးဆက်တွေရဲ့ မှတ်တမ်းတွေနဲ့၊ ရှင်ခြင်းသေခြင်း သံသရာတို့ကို ထိန်းချုပ်ပြီး မှတ်တမ်းတင်ထားတာပါ။

အထက်က ရောင်စဉ်ခုနှစ်သွယ်ဟာ ထာဝရ မလှုပ်ရှားသလို၊ အောက်က ငရဲကမ္ဘာကတော့ အဆက်မပြတ် လည်ပတ်နေခဲ့တာပါ။

အဓိကခန်းမရဲ့ ဝင်ပေါက်ရဲ့ အပေါ်မှာတော့ ကျောက်ပြားတစ်ချပ်ကို ချိတ်ဆွဲထားပြီး၊ သူ့ရဲ့

အပေါ်မှာ "ကောင်းကင်"ဆိုတဲ့ စကားလုံးကို ရေးထွင်းထားခဲ့ပါတယ်။ သူ့ရဲ့အထဲကနေ ကောင်းကင်နဲ့ မြေကြီးတို့ကို လှုပ်ရှားစေနိုင်တဲ့၊ မြင့်မြတ်ထူးကဲလှတဲ့ အင်မော်တယ် အောင်ရာတွေကို ထုတ်လွှတ်နေခဲ့ပါတယ်။

ရှိတဲ့သူတွေ အားလုံးကလည်း သူတို့ရဲ့ အရှေ့မှာ ပေါ်လာတဲ့ ကောင်းကင်နန်းတော်ကြီးကို တွေတွေကြီး စိုက်ကြည့်နေကြပါတယ်။ ယန်တုန်ဟွေတို့လို ညှော့သည်တော်တွေကသာ အံ့သြနေကြတာ မဟုတ်ပါဘူး။ လင်းဖုန်းရဲ့ တပည့်တွေနဲ့အတူ

ခန်းနန်းဟွာနဲ့ မြောင်ရှီးဟောင်တို့တောင်၊ သူတို့ဂိုဏ်းရဲ့ ခမ်းနားထည်ဝါလှတဲ့ မဟာနန်းတော်ကြီးကို အံ့သြတကြီးနဲ့ စိုက်ကြည့်နေခဲ့ကြတာပါ။

အချိန်အတော်ကြီး ကြာသွားမှသာ ဝူယွမ်လန်ဟာ သတိပြန်ဝင်လာခဲ့ကာ၊ မုန့်ချောင်ယန်ကို ကြည့်လိုက်ပြီး ခါးသီးစွာနဲ့ ရယ်လိုက်ပါတယ်။ "ဒီနန်းတော်ကြီးနဲ့ ယှဉ်လိုက်ရင် ငါတို့ ထာဝရ တောင်တန်းဂိုဏ်းရဲ့ နန်းတော်ဟာ ကောက်ရိုးအိမ်လေးနဲ့ တူနေတယ်လို့ ဘာဖြစ်လို့ ခံစားနေရတာလဲ?"

မုန့်ချောင်ယန်ကလည်း
ဘာမှတွေဝေနေခြင်းမျိုး မရှိပဲနဲ့
ခေါင်းညိတ်လိုက်ပါတယ်။ "လေပြင်းတစ်ချက်
တိုက်လိုက်ရင် ပြိုလဲသွားနိုင်တဲ့ ခနော်ခနဲ့
အိမ်လေးတစ်လုံး အတိုင်းပါပဲ။"

ယန့်မင်းရွဲ့ရဲ့ မျက်လုံးအစုံဟာ
တောက်ပလာခဲ့ပြီး သူမစိတ်ထဲမှာ
တွေးနေခဲ့ပါတယ်၊ "ဗလာဖြစ်နေတဲ့
လေဟာနယ်ကနေ အရာဝတ္ထုတွေကို
ဖန်ဆင်းနိုင်တယ်? ကြည့်ရတာ သူ့ရဲ့

တကယ်ကျင့်ကြံမှု အဆင့်ဟာ
ငါထင်ထားတာထက်ကို ပိုမြင့်နေမှာပဲ။"

လင်းဖုန်းက သူ့ရဲ့ပရိသတ်တွေကို
တစ်ချက်ဝေ့ကြည့်လိုက်ပါတယ်။
ဒီအခင်းအကျင်းဟာ ယန့်မင်းရွဲ့၊ မေဝူလန်နဲ့
ယန်တုန်ဟွေတို့ရဲ့ စိတ်ထဲကို နက်ရှိုင်းစွာ
ဝင်ရောက်သွားနိုင်ခဲ့သလို၊ သူ့ရဲ့ဂိုဏ်းထဲကို
ဝင်ချင်နေကြတဲ့ လူငယ်လေးတွေရဲ့
နှလုံးသားထဲကိုလည်း ဂုဏ်ယူမှုနဲ့
ယုံကြည်မှုတွေကို ခတ်နှိပ်နိုင်ခဲ့ပါတယ်။

လင်းဖုန်းဟာ ကိုယ်ကျိုးစွန့်ပေးခဲ့ကြတဲ့
မာစတာ ဆိုင်ကလုန်းနဲ့ ယုဝမ်ဖုန်းစတဲ့
ကျေးဇူးရှင်တွေကို တိတ်တိတ်ကလေး
ကျေးဇူးတင်နေခဲ့ပါတယ်။

ချန်ချုန်းက တိုက်ပွဲဟာ လင်းဖုန်းရဲ့
စွမ်းအားတွေကို အသားပေးခဲ့ပေမဲ့၊
ရှောင်ယန်ရဲ့ အခုတိုက်ပွဲကတော့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ သင်ကြားမှု
အသီးအပွင့်တွေကို ဖော်ပြနိုင်ခဲ့ပါတယ်။

သူတို့ဟာ အဆင့်တူတဲ့
ကျင့်ကြံသူတွေအကြားမှာ ပြိုင်ဘက်မရှိကြပဲ၊

ရွှေရောင်ဗဟိုချက် အဆင့်က သူတွေဟာ
အခြေတည်ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေနဲ့တောင် ယှဉ်ပြိုင်တိုက်ခိုက်
နိုင်ခဲ့ကြပါတယ်။

ဒီနေ့ကစပြီးတော့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ နာမည်ဟာ၊
မူလကောင်းကင် ကမ္ဘာကြီး တစ်ခုလုံးမှာ
ထင်ရှားကျော်ကြားသွားတော့မှာပါ။

ဂိုဏ်းထဲကို ဝင်ကြမယ့် ပါရမီရှင်ငယ်လေးတွေ
အဖို့တော့၊ သူတို့ဟာ ရှည်လျားသေးပေမဲ့
လင်းလက်တောက်ပနေတဲ့

အနာဂတ်လမ်းကြောင်းတွေကို
ဖော်ဆောင်ပြီးသား ဖြစ်နေကြပါပြီ။

ဒါပေမဲ့လည်း သူတို့ကို
စောင့်ရှောက်နိုင်ဖို့အတွက် လင်းဖုန်းဟာ သူ့ရဲ့
မှော်စွမ်းအင်တွေကို အသုံးပြုပြီး
ကာကွယ်ထားရတာပါ။ ရှောင်ယန်တို့
တတွေဟာ အင်အားအကုန်
အသုံးပြုပြီးတိုက်ခိုက်နေကြတာ ဖြစ်ပေမဲ့၊
ကျန်တဲ့သူတွေဟာ တိုက်ပွဲကနေ အရှံအတား
တစ်ခုနဲ့ ကာဆီးထားတာကြောင့်၊ အထဲက
ဖြစ်နေသမျှကို အကုန်တော့ မသိနိုင်ကြပါဘူး။

ပြီးတော့ လင်းဖုန်းဟာ ဟင်းလင်းဖြစ်နေတဲ့ လေဟာနယ်ကနေ အရာဝတ္ထုတွေကို ဖန်ဆင်းခြင်းနဲ့ ဂိုဏ်းရဲ့ အဆောက်အဦးတွေကို တည်ဆောက်ပြလိုက်ခြင်းဖြင့်၊ သူတို့ရဲ့ စိတ်တွေထဲမှာ သူ့ရဲ့အနောက်ကို လိုက်မယ်ဆိုရင် သူတို့ရဲ့ အနာဂတ်လမ်းဟာ ဖြောင့်ဖြူးနေမယ်ဆိုပြီး ဆုံးဖြတ်ချက်တွေ ခိုင်မာစေခဲ့ပါတယ်။

တုံ့ပြန်မှုတွေကလည်း အားရစရာ ကောင်းလှပါတယ်။ အရည်အသွေးမြင့်တဲ့ လူငယ်အုပ်စုတို့ဟာ ကမ္ဘာကြီးအနှံ့ကို

လှည့်လည်ခဲ့ပြီးသား ဖြစ်နေခဲ့ပေမဲ့၊
တောက်ပနေတဲ့ မျက်လုံးအစုံတို့နဲ့
ပါးစပ်အဟောင်းသား ဖြစ်နေကြပါတယ်။

လူအုပ်ကြီးဟာ အံ့အားသင့်နေကြဆဲ ဖြစ်ပေမဲ့၊
လင်းဖုန်းဟာ သူ့ရဲ့ လုပ်ဆောင်ချက်တွေကို
မရပ်တန့်ခဲ့သေးပါဘူး။
သူ့ရဲ့လက်ချောင်းတွေကို
သုံးခေါက်ဆက်တိုက် လှုပ်လိုက်တော့၊
နောက်ထပ်အလင်းတန်း သုံးတန်းတို့ဟာ
မဟာကောင်းကင် နန်းတော်ရဲ့ အနောက်က
မြေကွက်လပ်လွင်တွေမှာ
ဆင်းသက်လာခဲ့ပါတယ်။

ဘယ်ဘက်ခြမ်းမှာက ကြီးမားတဲ့ အိမ်လိုမျိုး
အဆောက်အဦးတစ်ခုပါ။ ပထမတစ်ခေါက်
ကြည့်လိုက်ရင် သူဟာ ရိုးစင်းပြီး
ကြီးမားလှပါတယ်။ ဒါပေမဲ့လည်း အနီးကပ်
သေချာစွာ ကြည့်လိုက်ရင်တော့၊ သူ့ရဲ့
အသေးစိတ် ထွင်းထုမှုတွေကနေ နန်းဆန်တဲ့
အငွေ့အသက်တွေကို ထုတ်လွှတ်နေခဲ့တာပါ။

ဒီအဆောက်အဦးဟာ
ယုကျင်းတောင်ထက်တောင် ပိုများတဲ့
စိတ်ဝိညာဉ် စွမ်းအင်တွေနဲ့
ပြည့်နှက်နေခဲ့ပါတယ်။ ဘာဖြစ်လို့လည်း

ဆိုတော့ ဒီနေရာမှာ ယုကျင်းတောင်ပေါ်က
စိတ်ဝိညာဉ် စွမ်းအင်တွေကို
ဆွဲယူစုဆောင်းနေတဲ့ မှော်ကျိန်စာ
ဝက်ပါတစ်ခုက ရှိနေလို့ပါပဲ။

မီးပုံခြား ဂရန်းမာစတာဟာ တပည့်ခန်းဆောင်
အဆောက်အအုံကို အံ့ဩတကြီးနဲ့
စိုက်ကြည့်နေခဲ့ပါတယ်။ သူဟာ အထဲကို
မဝင်ခဲ့ပေမဲ့ အပြင်ကနေ ရပ်ကြည့်နေရုံနဲ့ပဲ၊
သူ့ရဲ့အထဲက သိပ်သည်းလှတဲ့ စိတ်ဝိညာဉ်
စွမ်းအင်တွေကို အာရုံခံနိုင်ခဲ့ပါတယ်။

"ဒီအထဲမှာနေပြီး ကျင့်ကြံမှုတွေကို ပြုလုပ်ခဲ့ရင်တော့၊ စွမ်းအားတစ်ဝက် စိုက်ရုံနဲ့ပဲ အကျိုးနှစ်ဆ ရနိုင်မှာပဲ။" မီးပျံခေါး ဂရန်းမာစတာဟာ အာမေဋိတ်သံ ပြုလိုက်ပါတယ်။ "လခွမ်း၊ ဒီနေရာမှာ ဝက်တစ်ကောင် မွေးထားခဲ့မယ် ဆိုရင်တောင်၊ နှစ်ပေါင်းအနည်းငယ် အကြာမှာ မိစ္ဆာသားရဲ အဖြစ်ကို ပြောင်းလဲသွားမှာပဲ!"

လင်းဖုန်းရဲ့ ထိန်းချုပ်မှု အောက်ကနေ၊ တခြား အဆောက်အဦး နှစ်ခုတို့ဟာ တပည့်ခန်းဆောင် အဆောက်အဦးနဲ့ မျက်နှာခြင်းဆိုင်၊ မဟူရာကောင်းကင်

ရတနာသစ်ပင်ရဲ့ တစ်ဘက်ခြမ်းမှာ ကျဆင်းလာကြပါတယ်။

ကျေးလက်ဆန်ပြီး တစ်မူထူးခြားတဲ့ အဆောက်အဦး နှစ်ခုတို့ဟာ နေရာယူလိုက်ကြပါတယ်။ သူတို့အထဲက တစ်ခုဟာ တစ်ယောက်ရဲ့ တစ်ကိုယ်လုံးကို လန်းဆန်းပေါ့ပါး သွားစေနိုင်တဲ့ ပြင်းထန်လှတဲ့ ဆေးရနံ့တွေကို ထုတ်လွှတ်နေခဲ့ပါတယ်။ အစွမ်းထက်လွန်းလို့ နာကျင်မှု ဝေဒနာကို နာတာရှည် ခံစားနေကြရတဲ့ ကျင့်ကြံသူတွေကတောင်၊

အနည်းငယ် သက်သာရာ ရသွားတဲ့ အတိုင်းပါပဲ။

ဒီကတော့ ဆေးခန်းမဆောင်ပဲ ဖြစ်ပါတယ်။ လင်းဖုန်းက ဒီခန်းမဆောင်ရဲ့ တံခါးတွေကို အကျယ်ကြီး ဖွင့်လိုက်ပါတယ်။ အရေအတွက်သုံးခု အင်းရှစ်ကွက်တို့ဟာ အခန်းရဲ့ အလယ်ဗဟိုက သက်ဆိုင်ရာ နေရာတွေမှာ နေရာယူထားကြပါတယ်။ ဒီဝက်ပါရဲ့ အလယ်တည့်တည့်မှာ ဆေးမီးဖိုကြီး တစ်ခုဟာ ထီးထီးကြီး တည်ရှိနေခဲ့ပါတယ်။

ဆေးခန်းမဆောင်ရဲ့ ကြမ်းပြင်မှာ ဖျာချပ်တွေ
အများကြီး ခင်းထားခဲ့ပါတယ်၊ ဖျာချပ်
တစ်ခုချင်းစီရဲ့ အပေါ်မှာ လေနဲ့မီး
ယပ်တောင်တစ်ခုစီဟာ
တည့်ရှိနေကြပါတယ်။

နရံပေါ်ကနေလည်း ဘူးတောင်းကြီးတွေ
များစွာကလည်း တွဲလွဲကျနေလို့ပါ။
ဆေးလုံးတွေကို ဒီဘူးတောင်းတွေထဲကို
ထည့်ထားခဲ့လိုက်ရှိရင်၊ သူတို့ရဲ့
ဆေးစွမ်းအင်တွေရဲ့ ပျံ့လွင့်ခြင်းကို
ကာကွယ်နိုင်တဲ့ အပြင်၊
အချိန်ကြာလာတာနဲ့အမျှ

ဆေးစွမ်းအင်တွေဟာ ပိုလို့တောင်
တိုးလာနိုင်ပါသေးတယ်။

ဒီနေရာကို တစ်ချက် စစ်ဆေးကြည့်လိုက်ပြီး
လင်းဖုန်းဟာ သူပြင်ဆင်ထားတဲ့ ဆေးမီးဖိုဟာ
အဆင့်အတန်း မြင့်မားပေမဲ့၊
ဂုဏ်ထူးမှတ်တော့ မရသေးတာကို
သဘောပေါက်လိုက်ပါတယ်။ သူ့ရဲ့လက်ကို
တစ်ချက် ဝှေ့ယမ်းလိုက်တာနဲ့၊
မူလဆေးမီးဖိုဟာ ပျောက်ကွယ်သွားခဲ့ကာ
ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖိုနဲ့
အစားထိုးလိုက်ပါတယ်။

ယန်တုန်ဟွေက ပဟောဋ္ဌိတွေ ဖြစ်သွားခဲ့ပြီး၊ "အရှင်လင်း၊ ဒီဆေးမီးဖိုက..."

"ဒါကတော့ ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖိုလို့ ခေါ်တာပဲ။" လင်းဖုန်းက ပြုံးလိုက်ပြီး "ဒါက ကျုပ်နဲ့ ကံစပ်လို့ ရထားခဲ့တာပေါ့။ ကျုပ်ကတော့ သိပ်မဆိုးဘူးလို့ ထင်တာပဲ။"

ဒီဆေးမီးဖိုကို မှတ်မိကြတဲ့ လူတွေအားလုံးဟာ ပါးစပ်အပြည့်နဲ့ လေတွေကို မျိုချလိုက်ကြပါတယ်။

ဒါက မဆိုးရုံတင် မကပါဘူး၊ မေးရိုး
အောက်ပြုတ်ကျရလောက်အောင်
ကောင်းတာပါ!

ယန်တုန်ဟွေဟာ လုံးဝကို
မျက်လုံးပြူးသွားခဲ့ကာ၊
"ကျွန်တော်ကြားဖူးထားတာက
ဒီဆေးမီးဖိုဟာ အနည်းဆုံး အနီရောင်
မိုးကြိုးမီးတောက်၊ အမျက်ဒေါသ အေကာလာ
မီးတောက် စတဲ့ မီးတောက်အဆင့်တွေနဲ့မှ
အလုပ်လုပ်တာပဲ။ သူဟာ မဆုံးနိုင်တဲ့
အသုံးဝင်မှုတွေရှိပြီး၊ သူ့ရဲ့ ဗဟိုချက်နဲ့
မီးတောက်တွေကို အားဖြည့်ပေးနိုင်ပြီး၊

ဆေးလုံးတွေကို သာမန်မီးဖိုတွေထက် အနည်းဆုံး သုံးဆပိုမြန်အောင် ဖော်စပ်နိုင်တာပဲ။"

"ပြီးတော့ ဒီဆေးမီးဖိုဟာ ပျောက်ဆုံးနေခဲ့တာ နှစ်ပေါင်း တစ်ထောင်လောက် ရှိနေပြီး၊ သူဘယ်ရောက်နေသလည်း ဆိုတာကို ဘယ်သူမှ မသိကြဘူး။ ဒါက အရှင်လင်းရဲ့ လက်ထဲကို ရောက်နေမယ်ဆိုတာ ကျုပ်က ဘယ်တုံးကမှ မစဉ်းစားမိဖူးဘူး။"

လင်းဖုန်းက ပြုံးလိုက်ပြီး၊ "ကျုပ်ကလည်း မတော်တဆ ရလာခဲ့တာပဲဗျ။"

သူဟာ ရှောင်ယန်ဘက်ကို လှည့်လိုက်ပြီး၊ ဆေးခန်းမဆောင် တိုကင်ကို သူ့ကိုပေးလိုက်ပါတယ်။ တည်ဆောက်မှု ပြီးဆုံးသွားတော့၊ အဆောက်အဦး တိုကင်ဟာ ပိုင်ရှင်ရွေးဖို့သာ အသုံးဝင်ပါတော့တယ်။

"ရှောင်ယန်၊ မင်းက ဒီဆေးခန်းမဆောင်ကို တာဝန်ယူရမယ်။ ဒီကနေ့ကစပြီး မင်းဟာ ဒီအဆောင်ရဲ့ သခင်ဖြစ်သွားပြီ။"

ရှောင်ယန်က ဒီတိုကင်ကို လှမ်းယူလိုက်ပြီး၊ ဆေးခန်းမဆောင်နဲ့ ကောင်းကင်နှလုံးသား

မီးတောက် ဆေးမီးဖိုကို လှမ်းကြည့်လိုက်ကာ ပျော်ရွှင်စွာနဲ့ ပြုံးလိုက်ပါတယ်။ သူက ဦးညွှတ်လိုက်ကာ ရိုသေလေးစားစွာနဲ့၊ "ဆရာသခင်ရဲ့ အမိန့်အတိုင်းပါ။"

တစ်ချိန်လုံး ငြိမ်သက်နေခဲ့တဲ့ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ၊ သူ့ကိုယ်သူ ခါးသီးစွာနဲ့ ရယ်လိုက်ပါတယ်၊ "ဒီကောင်စုတ်လေးက ဆေးလုံးဖော်စပ်တဲ့ နေရာမှာလည်း ပါရမီရှိတာလား? အား၊ ဒါက စိတ်ပျက်စရာပဲဟေ့!"

ဆေးခန်းမဆောင်ရဲ့ ဘေးမှာရှိနေတာက တိပိဋက ကျမ်းစာခန်းမဆောင်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လင်းဖုန်းဟာ သူ့ကို ဖွင့်မပြခဲ့ပဲ အနည်းအကျဉ်းသာ မိတ်ဆက်ပေးခဲ့ပါတယ်။

အားလုံးကလည်း ဘာဖြစ်လို့လဲ ဆိုတာကို သဘောပေါက်ပြီးသားပါ။ ဒါပေမဲ့လည်း သူတို့ဟာ မအောင့်နိုင်ပဲ၊ ဆယ်မီတာလောက်မြင့်တဲ့ သုံးထပ်ဆောင်ကို သိလိုစိတ် ပြင်းပြစွာနဲ့ အကဲခတ်နေကြပါတယ်။ "ဘယ်သူက သိမှာလဲ? ဒီအဆောင်ထဲမှာ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းရဲ့ တာအိုနည်းစနစ် ကျမ်းစာတွေကို သိမ်းဆည်းထားမှာပဲ?"

လင်းဖုန်းက ဒီတိပိဋ္ဌက ကျမ်းစာခန်းမဆောင်ရဲ့ တိုကင်ကို သိမ်းထားလိုက်ပြီး ဝမ်လင်းကို ကြည့်လိုက်ပါတယ်။ "ဝမ်လင်း၊ ကောင်းကောင်းကြိုးစား။ မင်းက ရွှေရောင်ဗဟိုချက် အဆင့်ကို ဖော်ဆောင်နိုင်တဲ့နေ့ဟာ၊ မင်းက ဒီအဆောင်ကို တာဝန်ယူရမယ့်နေ့ပဲ။"

ဝမ်လင်းကလည်း အသက်ပြင်းပြင်း တစ်ချက်ကို ရှူလိုက်ကာ လေးစားစွာနဲ့ ဦးညွှတ်လိုက်ပါတယ်။ "ဆရာသခင်ကို စိတ်မပျက်စေရပါဘူး!"

လင်းဖုန်းက ပြီးတာနဲ့ ဇူရီဆီကို လှည့်ကြည့်လိုက်ပြီး၊ "ဇူရီ၊ ဒီကနေ့ကစပြီး မင်းကို ဒီဂိုဏ်းက တပည့်သစ်တွေ အားလုံးရဲ့ နည်းပြဆရာချုပ် အဖြစ် ခန့်အပ်လိုက်ပြီ။ တပည့်သစ်တွေ အားလုံးဟာ မင်းရဲ့ သင်ပြမှုအောက်မှာ အရင်ဆုံး အခြေခံတွေကို တည်ဆောက်ပြီးမှ၊ ကျန်တဲ့

နည်းပြဆရာတွေရဲ့ လက်အောက်မှာ လေ့ကျင့်ရမယ်။"

"စာနာမှု၊ တရားမျှတမှု၊ ကြင်နာမှု၊ စည်းကမ်းရှိမှု - ဒါတွေက ငါလိုချင်တဲ့ အရည်အသွေးတွေပဲ။ ဒါတွေကို မင်းရဲ့ ဆရာတစ်ယောက်အနေနဲ့ မင်းဆီကနေ မျှော်လင့်နေတာပဲ။"

ဇူရီက သူ့ရဲ့ဝတ်စုံကို သေသပ်အောင် ပြင်ဆင်လိုက်ပြီး၊ မြေကြီးပေါ်မှာ ဝပ်တွားလိုက်ကာ လေးနက်စွာနဲ့

ပြောလိုက်ပါတယ်။ "ဆရာသခင်ရဲ့ ညွှန်ကြားမှုတွေ အတိုင်းပါ။"

လင်းဖုန်းရဲ့ အကြည့်တွေဟာ သူ့ဆီကို ရောက်လာတာကို သတိထားမိလိုက်တော့၊ ရှောင်ပုတန်လေးဟာ လျှာတစ်ချက် ထုတ်လိုက်ပြီး သူ့ရဲ့ခေါင်းလေးကို ငုံ့လိုက်ကာ တိတ်တိတ်ကလေး ခိုးကြည့်လိုက်ပါတယ်။ လင်းဖုန်းက ပြုံးလိုက်ပြီး သူ့ရဲ့ခေါင်းကို ခါလိုက်ကာ အကြည့်လွှဲသွားတာကို တွေ့လိုက်ရမှပဲ၊ သူဟာ စိတ်သက်သာရာ ရစွာနဲ့ သက်ပြင်းတစ်ချက်ကို ခိုးချလိုက်ပါတယ်။

မေဝူလန်နဲ့ ကျန်းဟိုင်တို့ဟာ
ဒါတွေအားလုံးကို တွေ့လိုက်ရတော့၊
ဘာမှမပြောပဲ အချင်းချင်းသာ
ကြည့်လိုက်ကြပါတယ်။ သူတို့ရဲ့
အကြည့်တွေထဲမှာ စိတ်မသက်မသာ
ဖြစ်မှုတွေကို အနည်းငယ် တွေ့နိုင်ပါတယ်။

ပြီးတာနဲ့ လင်းဖုန်းဟာ အားလုံးကို အဓိက
ခန်းမထဲကို ခေါ်သွားခဲ့ပါတယ်။

ရောမ တံခါးတွေဟာ သာယာနာပျော်ဖွယ်
အသံတိုးတိုးနဲ့ ပွင့်သွားကြပါတယ်။

ခန်းမအထဲမှာတော့ အသက်စွမ်းအင်တွေနဲ့
တက်ကြွနေတဲ့ ခရမ်းရောင် ချီဓာတ်တွေနဲ့
ပြည့်နှက်နေခဲ့ပါတယ်။

ခန်းမဆောင်ရဲ့ မျက်နှာကြက်မှာ
နဂါးငွေ့တန်း တစ်ခုကို တွေ့မြင်နိုင်ပါတယ်။
မရေမတွက်နိုင်တဲ့ ကြယ်စင်တွေဟာ
လျှို့ဝှက်ဆန်းကြယ်ပြီး တစ်မူထူးခြားတဲ့
နက္ခတ်တာရာ ပုံစံတွေကို
ဖန်ဆင်းထားကြပါတယ်။

တစ်ခဏလေး အတွင်းမှာပဲ လင်းဖုန်းဟာ
ခန်းမဆောင်ရဲ့ ပုလ္လင်ပေါ်ကို ရောက်သွားခဲ့ပြီး

တင်ပုလ္လင်ခွေ ထိုင်နေခဲ့ပါတယ်။ သူ့ကို ကြည့်ရတာ လွတ်လပ်ပေါ့ပါးနေပေမဲ့၊ အကုန်လုံးရဲ့ မျက်စိထဲမှာ သူဟာ ရှင်ဘုရင်လိုမျိုး ဩဇာအာဏာတွေနဲ့ ပြည့်စုံနေခဲ့ပါတယ်။

ရှောင်ယန်နဲ့ အခြားတပည့်တွေကလည်း အစီအစဉ် အတိုင်း အုပ်စုနှစ်စု ခွဲလိုက်ကာ၊ ညှော့သည်တွေကို ခန်းမရဲ့ တစ်ဘက်တစ်ချက် ဆီမှာ နေရာချပေးလိုက်ကြပါတယ်။

ခန်းနန်ဟွာနဲ့ မြောင်ရှီးဟောင်တို့က လင်းဖုန်းရဲ့ ဘေးတစ်ဘက်တစ်ချက်ဆီမှာ

ရပ်နေကြပြီး၊ ဇူရီက တပည့်သစ် အုပ်စုကို ခန်းမကြီးအတိုင်း လင်းဖုန်းရဲ့ ပုလ္လင်ရှေ့ကို ခေါ်လာခဲ့တာကို ကြည့်နေကြကာ ပြုံးနေကြပါတယ်။

ထင်ထားတဲ့ အတိုင်းပဲ၊ တပည့်အုပ်စုတွေရဲ့ အရှေ့မှာ ရပ်နေကြတာက ယဥ်ကျေးသိမ်မွေ့တဲ့ အဖြူရောင် ဝတ်စုံနဲ့ လူငယ်တစ်ယောက်ရယ်၊ နီရဲနေတဲ့ ဆံပင်တွေနဲ့အတူ အနီရောင် ဝတ်စုံကို ဝတ်ဆင်ထားတဲ့ မိန်းကလေး တစ်ယောက်တို့ပဲ ဖြစ်ကြတာပါ။

သူတို့ကတော့ ယန်ချင်နဲ့ ယွဲ့ဟုန်ယန်တို့ပဲ ဖြစ်ကြပါတယ်။

သူတို့ဟာ လင်းဖုန်းရဲ့ အစွမ်းတွေကို လေးစားအားကျနေပြီး၊ ကျေးဇူးတွေလည်း အများကြီး ရှိနေကြတဲ့ သူနှစ်ယောက်ပဲ ဖြစ်ပါတယ်။

သူတို့နှစ်ဦးက အရှေ့ကနေ ဦးဆောင်ပြီး၊ ကျန်တဲ့ တပည့်အုပ်စုဟာ လင်းဖုန်းရဲ့ အရှေ့မှာ ဦးညွှတ်လိုက်ကြပါတယ်။

"ဂရန်းမာစတာကို အရိုအသေပြုပါတယ်!"

လင်းဖုန်းက သူ့ရဲ့အရှေ့က တပည့်အုပ်စုကို ကြည့်လိုက်ပြီး၊ ရင်ထဲကနေ ထူးခြားတဲ့ ယားကျိကျိ ခံစားချက် တစ်မျိုးကို ခံစားလိုက်ရပါတယ်။  သူ့ရဲ့စိတ်ထဲမှာ အသံတစ်ခုဟာ ရုတ်တရက်ပဲ ပေါ်လာခဲ့ပါတယ်၊ "ဒါဟာ ငါ့ရဲ့ဂိုဏ်း..."

ဒါကတော့ လင်းဖုန်းရဲ့ ကိုယ်ပိုင်အသံပဲ ဖြစ်ပါတယ်။

ပြီးတာနဲ့ စနစ်ကြီးရဲ့ အသံဟာ သူ့ရဲ့နားထဲမှာ ပေါ်လာခဲ့ပါတယ်။

"သင်ဟာ သင့်ရဲ့ကိုယ်ပိုင်ဂိုဏ်းကို တရားဝင် တည်ထောင်နိုင်ခဲ့ပြီ ဖြစ်တဲ့အတွက် ဂုဏ်ယူပါတယ်။ အလားအလာ တန်ဖိုး ၂၅နဲ့ အထက်ရှိတဲ့ တပည့်သုံးဆယ်ကို လက်ခံနိုင်ခဲ့ပြီ ဖြစ်တဲ့အတွက်၊ ဂိုဏ်းရဲ့ အခြေခံအုတ်မြစ် ဒုတိယအဆင့်ကို အောင်မြင်စွာနဲ့ ချနိုင်ခဲ့ပါပြီ!"

"စနစ်ရဲ့ အဓိကမစ်ရှင် ၂.၀ကို အောင်မြင်စွာနဲ့ ပြီးဆုံးသွားတဲ့အတွက် ဂုဏ်ယူပါတယ်!"

"အခုဆိုရင် စနစ်ရဲ့ အဓိကမစ်ရှင် ၂.၀ကို ပြီးမြောက်သွားတဲ့အတွက် အထူးဆုကို ထုတ်ပေးနေပါပြီ!"

## စာစဉ် ၁၃ : အပိုင်း ၁၂

## အပိုင်း ၂၂၂ : အောင်မြင်စွာနဲ့ အဆုံးသတ်ခြင်း

ဂိုဏ်းချုပ်ရဲ့ အခမ်းအနား ပြီးဆုံးသွားတော့၊ လင်းဖုန်းရဲ့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ တရားဝင် ဖွင့်လှစ်လိုက်ပြီး တပည့်တွေကို လက်ခံလိုက်ကာ၊ နေ့ရဲ့ အဆုံးကိုလည်း ရောက်လာခဲ့ပါတယ်။

အနှစ်ချုပ်လိုက်ရင် လင်းဖုန်းရဲ့
ခေါင်းဆောင်မှုကနေ၊ သူ့ရဲ့ တပည့်
လေးယောက်တို့ဟာ သူတို့ရဲ့
သီးသန့်မှော်ကျိန်စာတွေနဲ့ ရန်သူတွေရဲ့
ဝန်းရံတိုက်ခိုက်မှုကို ကာကွယ်နိုင်ခဲ့ကာ၊
သူတို့ရဲ့ ရန်သူတွေကို ညှာတာမှု ကင်းမဲ့စွာနဲ့
အနိုင်ခဲ့ပါတယ်။

အလားအလာ တန်ဖိုး ၂၅နဲ့ အထက်ရှိတဲ့
ပါရမီရှင် တပည့် ၃၄ယောက်တို့ကို
လက်ခံနိုင်ခဲ့ပြီး၊ လင်းဖုန်းဟာ သူ့ရဲ့

ချမှတ်ထားတဲ့ အရေအတွက်ကို
ပြည့်မှီခဲ့ပါတယ်။

ဒါဟာ တကယ့်ကို အောင်မြင်ပြီး
အရှိန်ရစေတဲ့ ဂိုဏ်းဖွင့်လှစ်ခြင်း
အခမ်းအနားတစ်ခု ဖြစ်ခဲ့ပါတယ်။

တကယ်တမ်းဆိုရင် လက်ခံခဲ့တဲ့ တပည့်
အရေအတွက်ဟာ ၅ဝကျော် ရှိတာပါ။
အလားအလာ တန်ဖိုး ၂၅ကျော်တဲ့သူတွေ
အပြင်၊ ၂ဝကျော်တဲ့ သူတွေကလည်း
၂၅ယောက်လောက် ရှိပါသေးတယ်။

ဒီအုပ်စုထဲမှာ တစ်ချို့ ကိုယ်ရည်ကိုယ်သွေး ကောင်းတဲ့သူနဲ့ စိတ်ဓာတ်ကြံ့ခိုင်တဲ့သူ တစ်ချို့ကိုလည်း လင်းဖုန်းက လက်ခံခဲ့ပါတယ်။

ဒါက သူ့ရဲ့ ပထမဦးဆုံး ဂိုဏ်းကို စတင်တည်ထောင်ခြင်း ဖြစ်တဲ့အတွက်၊ လင်းဖုန်းဟာ အရည်အတွက် အစား အရည်အချင်းကို ဦးစားပေးနေခဲ့ပါတယ်။ သူ့ရဲ့ဂိုဏ်းဟာ စတင်ဖူးပွင့်တဲ့ အဆင့်မှာသာ ရှိနေသေးပြီး၊ အရင်းအမြစ်တွေ မလုံလောက်သေးပဲ လေ့ကျင့်သင်ကြားဖို့ လူအင်အားလည်း မလုံလောက်သေးတဲ့

အတွက်၊ တစ်ခါတည်းနဲ့ တပည့်တွေကို အပြောက်အပြား လက်ခံခြင်းဟာ လက်တွေ့မကျပါဘူး။

ဒါ့ကြောင့်မို့ပဲ အလားအလာ ကောင်းပေမဲ့ ပင်ကိုစွမ်းရည် မလုံလောက်တဲ့ တပည့်တွေ အများကြီးကို ရှုကျိုးမှာကတည်းက စိစစ်ထုတ်ခဲ့ရပါတယ်။ ဒါက ရက်စက်ရာကျပေမဲ့ လင်းဖုန်းဟာ သူ့ရဲ့စိတ်ကို တင်းထားခဲ့ရပြီး၊ လိုအပ်တာကို လုပ်ခဲ့ရပါတယ်။

သူလက်ခံလိုက်တဲ့ တပည့်တွေထဲမှာ၊ လင်းဖုန်းဟာ အလားအလာ တန်ဖိုး ၃၀ ပတ်ဝန်းကျင်ရှိတဲ့ သူနှစ်ယောက်ကို သဘောကျနေခဲ့ပါတယ်။

သူတို့ဟာ ယွဲ့ဟုန်ယန်နဲ့ ယန်ချင်တို့ပဲ ဖြစ်ကြပါတယ်။ သူတို့ကို လင်းဖုန်းဟာ လက်ရင်းတပည့်တွေ အဖြစ် လက်ခံလိုက်ပြီးနောက်မှာ၊ စနစ်ကြီးကလည်း သူ့ကို ကံစမ်းမဲနှိုက်ခွင့် နှစ်ခေါက် ပေးလိုက်ပါတယ်။ သူတို့ကို စနစ်ကြီးက ပေးတာဖြစ်ပေမဲ့၊ ဒါဟာ ယွဲ့ဟုန်ယန်နဲ့

ယန်ချင်တို့ရဲ့ တပည့်ခံယူခြင်း အခမ်းအနားလို့ ယူဆနိုင်ပါတယ်။

လင်းဖုန်းရဲ့ တပည့်စနစ်ခွဲမှာ သူတို့ရဲ့ အချက်အလက်တွေကို ဖော်ပြပေးလိုက်ပါတယ်။

"နာမည် : ယွဲ့ဟုန်ယန်

အသက် : ၁၇နှစ် ၅လ

လက်ရှိ ကျင့်ကြံမှု အဆင့် : အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်၊ စိတ်ဝိညာဥ် တာဝါ အဆင့်။

အလားအလာတန်ဖိုး : အရိုးအရင်းမြစ် -> ၈၊ သဘောပေါက် နားလည်နိုင်စွမ်း -> ၈၊ စိတ်စွမ်းအား -> ၇၊ ကောင်းချီးမင်္ဂလာ -> ၇။

အကြံပြု ထောက်ခံသော သင်ကြားမှု နည်းလမ်း : မီးအန္တယ်ဝင် မော်ကျိန်စာများကို သင်ပေးရင် အကြံပြု ထောက်ခံပါတယ်။ ရုပ်ခန္ဓာကိုယ်ကို အခြေပြုပြီး

သိုင်းပညာရပ်များကို လေ့ကျင့်သင်ကြားရန် အကြံပြုပါတယ်။"

"နာမည် : ယန်ချင်

အသက် : ၁၇နှစ် ၁လ

လက်ရှိ ကျင့်ကြံမှု အဆင့် : အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်၊ စိတ်ဝိညာဉ် တာဝါ အဆင့်။

အလားအလာတန်ဖိုး : အရိုးအရင်းမြစ် -> ၉၊
သဘောပေါက် နားလည်နိုင်စွမ်း -> ၉၊
စိတ်စွမ်းအား -> ၅၊ ကောင်းချီးမင်္ဂလာ -> ၈။

အကြံပြု ထောက်ခံသော သင်ကြားမှု
နည်းလမ်း : ရေအနွယ်ဝင် မှော်ကျိန်စာများကို
လေ့ကျင့်သင်ကြားရန် အကြံပြု
ထောက်ခံပါတယ်။ မှော်ကျိန်စာများကို အဓိက
လေ့လာသင်ကြားဖို့ ထောက်ခံပါတယ်။
စိတ်ဝိညာဉ် ဆေးပင်နဲ့ ဆေးဝါးများကို
ပြုစုစောင့်ရှောက်ရာမှာ ပါရမီ ပါတဲ့အတွက်၊
ဒီနေရာက စွမ်းရည်တွေကို
လေ့ကျင့်ပေးဖို့လည်း ထောက်ခံပါတယ်။

မှတ်ချက် : စိတ်စွမ်းအား တန်ဖိုးဟာ နိမ့်ကျပါတယ်။ သင်ကြားမှု ဖြစ်စဉ်မှာ စိတ်မပြတ်သားမှု အများကြီး ဖြစ်နိုင်တဲ့အတွက်၊ အနီးကပ် အာရုံစိုက်ဖို့ လိုအပ်ပါတယ်။"

လင်းဖုန်းက သူတို့ရဲ့ အချက်အလက် အသေးစိတ်တွေကို ကြည့်လိုက်ပြီး၊ သူတို့ကို လေ့ကျင့်သင်ကြားဖို့ အစီအစဉ်တွေကို ဆွဲနေခဲ့ပါတယ်။

အခမ်းအနားကို လာတက်ကြတဲ့ လူတွေကို
ပြန်ပို့ဖို့ တာဝန်တွေကို ခန်းနန်ဟွာတို့
တတွေက ယူထားခဲ့ကြတာဖြစ်လို့၊
လင်းဖုန်းက ဒုက္ခမရောက်ခဲ့ပါဘူး။

ဂိုဏ်းရဲ့ ဖွင့်ပွဲအခမ်းအနား ပြီးဆုံးသွားတဲ့
အချိန်မှာ၊ အားလုံးက စိတ်ခတ်တွေ
တက်ကြွနေကြဆဲပါပဲ။ ဒါပေမဲ့လည်း
ဧည့်သည်တွေ အားလုံးက ပြန်သွားကြတော့၊
သူတို့ဟာ  ဘာဆက်လုပ်ကြရမှန်း
မသိကြတော့ပဲ ငူငူငိုင်ငိုင်တွေ
ဖြစ်ကုန်ကြပါတယ်။

ခွန်းလွန်တောင်ခြေ မြောက်ပိုင်းက
ကျင့်ကြံသူတွေဟာ သူတို့ရဲ့ နေရာမှာ
အားကောင်းတဲ့ ထိပ်သီးဂိုဏ်း တစ်ခုဟာ
ရုတ်ချည်း ပေါ်လာခဲ့တာကို စိတ်မကောင်း
ဖြစ်နေကြပါတယ်။

မီးပုံခြား ဂရန်းမာစတာဟာ
စိတ်ခတ်တက်ကြွစွာနဲ့ လာခဲ့ပေမဲ့၊
စိတ်ပျက်လက်ပျက်နဲ့ ပြန်သွားခဲ့ရပါတယ်။
သူဟာ လင်းဖုန်းကသူ့ကို ပြသနာ
မရှာခဲ့တာကို တိတ်ဆိတ်စွာနဲ့
ကျေးဇူးတင်နေခဲ့တာပါ။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာကတော့ သူဟာ ရွှေကြိုးတစ်ချောင်းကို မျိုချမိလိုက်သလိုမျိုး ခါးသီးစွာခံစားနေရပါတယ်။ သူ့ရဲ့ ကိုယ်ပိုင်စကားနဲ့ ပြောရရင်၊ သူရဲ့ အူတွေဟာ ရွှေကြိုးနဲ့ ရစ်ပတ်ရှုပ်ထွေးနေခဲ့ပြီး လည်ချောင်းအထိတောင် သီးနေခဲ့ပါတယ်။

ယန်တုန်ဟွေကတော့ ခုန်းယန်ရဲ့ အခြေတည် ဝိညာဉ်ကို ဆုပ်ကိုင်ထားခဲ့ကာ၊ တခြား ညှော်သည်တွေလိုမျိုး ဒုက္ခတွေ့နေခဲ့ပါတယ်။ ကောင်းကင်မာစတာ ခေါ်ဂိုဏ်းနဲ့ လင်းဖုန်းတို့ရဲ့ နောက်ထပ်

တွေ့ဆုံဆက်ဆံမှုတွေဟာ ကြိုးတန်းပေါ်မှာ လမ်းလျှောက်ရသလိုမျိုး ဖြစ်နေတော့မှာပါ။

ဒါပေမဲ့လည်း သူတို့ကသာ ကောင်းကောင်း ကိုင်တွယ်နိုင်ခဲ့ရင်၊ ကောင်းကင်မာစတာ ခေးဂိုဏ်းဟာ မယုံနိုင်လောက်တဲ့ အကျိုးအမြတ်တွေကို ရရှိနိုင်မှာပဲ ဖြစ်ပါတယ်။ ယန်တုန်ဟွေ့ဟာ စဥ်းစားကြည့်ရုံနဲ့တင် နှလုံးခုန် မြန်လာခဲ့ပြီး၊ သူ့ရဲ့ အိမ်အပြန်ခရီးဟာ နာကျင်နေရပေမဲ့ တစ်ချိန်တည်းမှာပဲ မျှော်လင့်ချက်တွေနဲ့ လင်းလက်နေခဲ့ပါတယ်။

ဂူယွမ်လန်နဲ့ မုန့်ချောင်ယန်တို့
အနေနဲ့ကတော့ သူတို့ဟာ လင်းဖုန်းနဲ့ သီးသန့်
စကားပြောခွင့် ရခဲ့ပေမဲ့၊ သူတို့အပေါ်
တုံ့ပြန်မှုဟာ အပြုသဘော
မဆောင်နေခဲ့ပါဘူး။

လင်းဖုန်းကတော့ သူတို့ရဲ့ ခြံစည်းရိုးပေါ်
ခွထိုင်နေခြင်းကို ဘယ်လိုမှ
သဘောမထားခဲ့ပါဘူး။ ထာဝရ
တောင်တန်းဂိုဏ်းနဲ့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့ဟာ အရင်ကတည်းက
သွားလာဆက်ဆံမှုတွေ မရှိကြပါဘူး။
လင်းဖုန်းက အရင်တုံးက ပြောင်မြောက်တဲ့

စွမ်းဆောင်ရည်တွေကို မပြသထားခဲ့တော့၊ သူတို့က သတိမထားမိတာ အဆန်းတော့ မဟုတ်ပါဘူး။

လင်းဖုန်းရဲ့ အတွေးကတော့ ရိုးစင်းပါတယ် : မင်းက လုံလောက်တဲ့ စွမ်းရည်တွေကို မပြသထားခဲ့ရင်၊ ကြားနေတဲ့ သူတွေက မင်းရဲ့ဘက်ကို ဘယ်လိုလုပ်ပြီး လာကူမှာလဲ? သူတို့က မင်းဆီမှာ ဘာအကြွေးမှ ရှိမနေဘူးလေ။

အပြန်အလှန် အနေနဲ့၊ ငါကလည်း မင်းတို့ကို ဘာမှ ပြန်လုပ်ပေးဖို့ မလိုဘူး။ လက်ဗလာနဲ့

လာပြီးမှ ငါ့ဆီကနေ ဘာကိုမှ ပြန်ရဖို့တော့ မျှော်လင့်မနေနဲ့ပေါ့။

ဝူယွမ်လန်နဲ့ မုန့်ချောင်ယန်တို့ကို ပြန်ပို့ပြီးသွားတော့၊ ညှော့သည် တစ်အုပ်စုသာ ကျန်ခဲ့ပါတော့တယ်။

သူ့ရဲ့အရှေ့မှာ ရပ်နေတဲ့ ယန့်မင်းရွှဲ့ကို ကြည့်လိုက်ပြီး၊ လင်းဖုန်းက တိုးတိုးလေးပဲ ပြောလိုက်ပါတယ်၊ "ဇူယန်မိစ္ဆာမျက်လုံး တစ်ခုတည်းနဲ့တော့ မရသေးဘူးထင်တယ်။"

တကယ်လို့များ အပြင်လူတွေကသာ လင်းဖုန်းပြောတာကို ကြားခဲ့မယ်ဆိုရင် အံ့အားသင့်သွားကြမှာပါ။ ဘယ်လိုလုပ်ပြီး မှော်ရတနာ သန္ဓေလောင်း တစ်ခုက ဂုဏ်ပြုလက်ဆောင် အနေနဲ့ မလုံလောက်သေးတာလဲ?"

ဒါပေမဲ့လည်း ယန့်မင်းရွဲ့ကတော့ တည်ငြိမ်နေလို့ပါ။ သူမက လင်းဖုန်းရဲ့ ဆိုလိုရင်းကို သဘောပေါက်ခဲ့ပြီး တည်ငြိမ်စွာနဲ့ပဲ ခေါင်းညိတ်လိုက်ပါတယ်၊ "ကျွန်မ သဘောပေါက်ပါတယ်။"

အစိမ်းရောင် ဝတ်စုံနဲ့ မိန်းမပျိုဟာ ပြုံးလိုက်ပြီး၊ "နောက်ဆက်တွဲတွေ လာဦးမှာပါ၊ ကျွန်မက ကတိပြုပါတယ်။"

လင်းဖုန်းက သူမကို အချိန်ခဏကြာအောင် ကြည့်လိုက်ပြီး ဖြေးဖြေးချင်းပဲ ပြန်ပြောလိုက်ပါတယ်၊ "ဒါဆိုရင်လည်း ခင်ဗျားရဲ့ နောက်ဆက်တွဲ လက်ဆောင်တွေကို မျှော်နေပါ့မယ်။"

ယန့်မင်းရွှဲ့က ရယ်လိုက်ပြီး၊ "ဒါပေါ့၊ ဒါပေါ့၊ မဟုတ်လို့ရှိရင် ကျွန်မက မာစတာလင်းရဲ့ ဒေါသအောက်ကနေ ဘယ်လွတ်ပါ့မလဲ?"

"အိုး၊ ဟုတ်သားပဲ၊ တစ်ခုကျန်သေးတယ်။"
လင်းဖုန်းက တစ်စုံတစ်ခုကို ရုတ်တရက်ပဲ
သတိရလိုက်ပါတယ်။
သူ့ရဲ့လက်ချောင်းလေးကို လှုပ်လိုက်တော့၊
အနက်ရောင် မီးခိုးငွေ့တွေဟာ မြေပေါ်ကို
ဆင်းသက်လာခဲ့ကာ၊ အမြင့်
ခြောက်မီတာလောက်ရှည်တဲ့ ထွားကြိုင်းတဲ့
သက်လတ်ပိုင်း လူကြီးတစ်ယောက် အဖြစ်ကို
ပုံပြောင်းသွားခဲ့ပါတယ်။

သူ့ရဲ့ အသားအရေဟာ ထူးခြားတဲ့
ခရမ်းနက်ရောင် ရှိနေခဲ့ပြီး၊ သူ့ရဲ့

နှုတ်ခမ်းအပေါ်မှာ ရှည်လျားထူထဲတဲ့ နှုတ်ခမ်းမွေး နှစ်ချောင်းဟာ ထောင်တက်နေခဲ့ပါတယ်။ သူ့ရဲ့ ခေါင်းပေါ်ကနေ ချိုနှစ်ချောင်းကလည်း ထိုးထွက်နေပါသေးတယ်။

ဒါကတော့ မဟူရာနဂါး ကျဲယုရဲ့ လူပုံစံပဲ ဖြစ်ပါတယ်။

သူဟာ ကောင်းကင်အုပ်ချုပ်သူအလား ကြီးစိုးလွှမ်းမိုးနိုင်တဲ့ အော်ရာတွေကို ထုတ်လွှတ်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဖုန်းရဲ့ အရှေ့မှာ ကျဲယုဟာ သူ့ရဲ့

အော်ရာတွေကို ရုပ်သိမ်းလိုက်ပြီး၊ ရိုသေစွာနဲ့ ဦးညွှတ်လိုက်ပါတယ်၊ "အရှင်သခင်"

ကျဲယုဟာ ကိုယ်ကို ပြန်မတ်လိုက်ပြီး လှည့်လိုက်ကာ ယန့်မင်းရှဲ့ကို တွေ့လိုက်တော့ ခေါင်းညိတ်ပြလိုက်ပြီး၊ "မတွေ့တာ အတော်ကြာသွားခဲ့ပြီ၊ လေဒီယန့်"

ယန့်မင်းရှဲ့ကလည်း ကျဲယုကို တွေ့လိုက်တော့ ရယ်ရမ်းသွေးလိုက်ကာ၊ "အခုတော့ ရှင်က မာစတာလင်းရဲ့ အနောက်ကို လိုက်နေပြီပေါ့။"

လင်းဖုန်းက သူ့ရဲ့လက်ကို ဝေ့ယမ်းလိုက်ပြီး၊ "ကျုပ်ကသူ့ကို ခေါ်လိုက်တာက၊ သူ့ကို ဟင်းလင်းပြင် ဘုရားကျောင်းကို ပြန်ချင်သလား ဆိုတာကို မေးဖို့အတွက်ပဲ။"

ကျဲယုက ဒီစကားကို ကြားလိုက်တာနဲ့၊ သူ့ရဲ့မျက်နှာဟာ ဖြူဆုတ်သွားခဲ့ပါတယ်။

တစ်ဘက်မှာတော့ ယန့်မင်းရွဲ့ဟာ အားရပါးရ ပြုံးလိုက်ပြီး သာမန်သာ ပြောလိုက်ပါတယ်၊ "ကျွန်မကတော့ ဒီနဂါးဟာ ပြန်ချင်တဲ့စိတ် ရှိမယ်မထင်ဘူး။"

"အိုး?" လင်းဖုန်းက အနည်းငယ် ပဟေဠိတွေ ဖြစ်သွားခဲ့ပြီး ကျဲယုကို လှည့်ကြည့်လိုက်ပါတယ်။ ရိုးသားစွာနဲ့ ပြောရရင်၊ ကျဲယုဟာ လင်းဖုန်းရဲ့ ဆိုးဆိုးဝါးဝါး ဆက်ဆံတာကို မခံရပေမဲ့၊ သူဟာ မျက်နှာသာလည်း အပေးမခံရပဲ အကျိုးကျေးဇူး အနည်းငယ်သာ ရရှိခဲ့တာပါ။

လင်းဖုန်းဟာ ဂန်ဂျင်ကျားဘုရင်ရဲ့ အလောင်းတစ်ဝက်ကို ရွှေကျားကိုယ်ပွား အဖြစ်ကို ပြုလုပ်ဖို့ အသုံးပြုခဲ့ပြီး၊ ကျန်တဲ့ တစ်ခြမ်းကို ထွမ်းထွမ်းကို ပေးလိုက်တာပါ။

သူ့ရဲ့ မိစ္ဆာဝိညာဉ် အနေနဲ့ကတော့၊
သုံးပုံတစ်ပုံကို ကျားဝိညာဉ် ရွှေပန်းကန်
အဖြစ်ကို ပြောင်းလိုက်ပြီး
ရှောင်ပုတန်လေးကို ပေးထားခဲ့ပါတယ်။
ကျန်တဲ့ သုံးပုံတစ်ပုံကို
ရွှေကျားကိုယ်ပွားအဖြစ် အသုံးပြုလိုက်ကာ၊
နောက်ဆုံး သုံးပုံတစ်ပုံကိုတော့ လင်းဖုန်းက
သိမ်းထားခဲ့ပြီး ကျဲယုအတွက် ဘာမှ
မပေးခဲ့ပါဘူး။

ပိုပြီး အရေးကြီးတာက နဂါးတွေဟာ သူတို့ရဲ့
တဏှာစိတ်တွေကြောင့် နာမည်ကြီးပေမဲ့၊
ဒီနေရာမှာ သူနဲ့တွဲဖို့ သားရဲအမတွေ မရှိပါဘူး။

ထွမ်းထွမ်းကိုတော့ ထည့်မတွက်ပါနဲ့၊ ဒေါကြီးတဲ့ ကောင်မစုတ်လေးဟာ ကျဲယုကို သဘောကျမှာ မဟုတ်ပါဘူး။ ထွမ်းထွမ်းက သူ့ကို အစာအဖြစ်နဲ့ သဘောမထားရင်ကိုပဲ၊ ကျဲယုက ကံကောင်းပြီလို့ ပြောရမှာပါ။

ကျဲယုဟာ ဒီလိုမျိုး အဆက်ဆံခံနေရပေမဲ့၊ ဘာဖြစ်လို့ ဟင်းလင်းပြင် ဘုရားကျောင်းကို မပြန်ချင်နေရတာလဲ?"

လင်းဖုန်းက ကျဲယုကို သေချာကြည့်လိုက်ပြီး ပြောလိုက်ပါတယ်၊ "ဟိုနေ့က ငါဟာ

အကြောင်းရင်း အမျိုးမျိုးကြောင့် မင်းကို ခေါ်ထားရတာ၊ ဒါပေမဲ့လည်း အခုမင်းက ဟင်းလင်းပြင် ဘုရားကျောင်းကို ပြန်ချင်တယ်ဆိုရင်၊ ငါက မတားတော့ပါဘူး..."

သူ့ရဲ့စကားတောင် မဆုံးသေးဘူး၊ ကျဲယုဟာ သူ့ရဲ့ခေါင်းကို ပြင်းထန်စွာနဲ့ ခါယမ်းလိုက်ကာ၊ "မပြန်ဘူး၊ အရှင်သခင်၊ ကျွန်တော်က ဒီနေရာမှာ အရမ်းပျော်နေပါတယ်၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို မောင်းမထုတ်ပါနဲ့!"

လင်းဖုန်းက ကျဲယုရဲ့ တုံ့ပြန်မှုကြောင့် အံ့အားသင့်သွားခဲ့ပါတယ်။တကယ်လို့များ ယန့်မင်းရွှဲ့ကသာ သူ့ရဲ့ဘေးမှာ ရပ်မနေခဲ့ရင်၊ ကျဲယုဟာ အော်ငိုပြီး သူ့ရဲ့ ခြေထောက်ကို လှမ်းဖက်နေတော့မှာပါ။

ယန့်မင်းရွှဲ့ကတော့ သူမရဲ့ ရယ်ချင်စိတ်ကို ထိန်းထားခဲ့ပြီး ရှင်းပြလိုက်ပါတယ်၊ "မာစတာလင်း၊ ဒီလိုပါ။ ကျဲယုဟာ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ နဂါးရေကန်ထဲမှာ ရှေးပဝေသဏီက ကောင်းကင်နဂါးမယ် တစ်ကောင်နဲ့ လက်ထပ်ထားပါတယ်။ အင်၊ အဲ့ဒီ

နဂါးမယ်လေးဟာ မိစ္ဆာသခင်
အဆင့်ရှိပါတယ်။"

ဒီစကားကို ကြားလိုက်ရမှ လင်းဖုန်းက
သဘောပေါက်သွားခဲ့ပါတယ်၊ ဒီဒရာမာဟာ
လတ်စသတ်တော့ ကျဲယုက သူ့ရဲ့မိန်းမကို
ကြောက်နေလို့ပဲလား?

လင်းဖုန်းက ဆွံ့အသွားခဲ့ပါတယ်၊ သူက
ကျဲယုကို ထွမ်းထွမ်းနဲ့ ယှဉ်ကြည့်လိုက်တော့၊
သူ့ရဲ့ရင်ထဲမှာ ကုလားအုတ်တွေ
အကောင်တစ်သိန်းလောက်
ဖြတ်ပေးသွားသလို တုန်ခါသွားခဲ့ပါတယ်။

"လခွမ်းပဲ၊ မိစ္ဆာတွေ အားလုံးက ဒီလိုမျိုးပဲလား? ဒါက ယောက်ျားတွေ... မဟုတ်ဘူး၊ မိစ္ဆာအထီးတွေ အားလုံးအတွက် အရှက်ကွဲခြင်းပဲ!"

ကျဲယုက ထွက်သွားဖို့ မလိုလားနေခဲ့တော့၊ လင်းဖုန်းကလည်း အတင်းအကျပ်ကြီး မတိုက်တွန်းတော့ပါဘူး။ သူဟာ ယန့်မင်းရွဲ့ကို ပြန်ပို့လိုက်ပါတယ်။

နောက်ဆုံးညွှဲသည်ဟာ ယုကျင်းတောင်ပေါ်က ပြန်သွားခဲ့တော့၊ တောင်ထိပ်ပေါ်က မဟူရာကောင်းကင်

ရတနာသစ်ပင်ဆီကနေ
မျက်စိကျိန်းလောက်တဲ့ အလင်းတန်းတွေဟာ
ရုတ်တရက်ပဲ ပေါက်ကွဲထွက်လာခဲ့ပါတယ်။
သူ့ရဲ့ ကြီးမားလှတဲ့ ပင်စည်ကနေ
အကိုင်းအခက်တွေ၊ သစ်ရွက်တွေဟာ
ပြင်းထန်စွာနဲ့ လှုပ်ခါလာကြပါတော့တယ်။

အလင်းတန်းတွေဟာ လေဟာနယ်ထဲမှာ
အပေါက်တစ်ပေါက်ကို ဖောက်လိုက်ပြီး၊
တောင်ကြီး တစ်ခုလုံးဟာ ကောင်းကင်ပေါ်ကို
ပျံတက်သွားခဲ့ပါတော့တယ်။ ကြီးမားလှတဲ့
အဖြူရောင် ကျောက်စိမ်းတောင်ကြီးဟာ

လေဟာနယ်ရဲ့ အပေါက်ကြီးထဲကနေ ပျောက်ကွယ်သွားခဲ့ပါတော့တယ်။

ကြီးကျယ်ခန်းနားလှတဲ့ မြင့်မြတ်တဲ့ တောင်ကြီးဟာ ဘာမှ အားမစိုက်ရသလိုပဲ လေထဲမှာ ပျောက်ကွယ်သွားခဲ့ပါတယ်။ သူဟာ ရှကျိုးမြို့ရဲ့ အပြင်ဘက်က လွင်ပြင်တွေထဲမှာ တစ်ခါမှ မပေါ်လာခဲ့ဖူးသလိုပါပဲ။

ဒီလျှို့ဝှက်ဆန်းကြယ်လှတဲ့ မြင်ကွင်းဟာ ရှကျိုးမြို့ရဲ့ နာမည်အကြီးဆုံး

ဒဏ္ဍာရီတွေထဲမှာ တစ်ခု အပါအဝင်
ဖြစ်သွားမှာကတော့ အသေအချာပါပဲ။

ယန့်မင်းရွှဲ့ဟာ တိမ်တိုက်တွေရဲ့ အပေါ်မှာ
မတ်တတ်ရပ်နေခဲ့ပြီး၊ ယုကျင်းတောင်က
လေဟာနယ်တွေရဲ့ အထဲမှာ
ပျောက်ကွယ်သွားခဲ့တာကို
ကြည့်နေခဲ့ပါတယ်။ အချိန်အတော်ကြီး
ကြာသွားမှသာ၊ သူမဟာ စကားတစ်ခွန်းမှ
မပြောခဲ့ပဲ သက်ပြင်းဖွဖွ တစ်ချက်ကိုသာ
ချလိုက်ပါတယ်။

သူမရဲ့ အနောက်မှာ ရပ်နေတဲ့ ပန်ကျဲဟာ ရုတ်တရက်ပဲ ပြောလိုက်ပါတယ်၊ "တောင်ကြီးတစ်ခုလုံးက လေဟာနယ်ရဲ့ ကစဥ့်ကလျား လေစီးကြောင်းတွေရဲ့ အထဲကို ဝင်သွားခဲ့တာ၊ သူ့ရဲ့ လှုပ်ရှားမှုတွေကို နောက်ယောင်ခံဖို့ကလည်း အတော့်ကို ခက်ခဲမှာပဲ။ သူတို့ကို တိုက်ခိုက်ချင်ရင်တောင်မှပဲ၊ တိုက်ခိုက်ဖို့ လွယ်မှာ မဟုတ်ဘူး။"

"ဟင်းလင်းပြင် ဘုရားကျောင်းက အင်မော်တယ် ဝိညာဥ် အဆင့်က ကျင့်ကြံသူတွေ အားလုံးက တပြိုင်နက်ထဲ

စုပေါင်းပြီး၊ လေဟာနယ် လေစီးကြောင်းတွေ တစ်ခုလုံးကို ဝိုင်းဝန်းပြီး ရပ်တန့်နိုင်မှာသာ၊ သူတို့ရဲ့ အနောက်ကို လိုက်နိုင်မှာပဲ။"

ယန့်မင်းရွဲ့က ပြုံးလိုက်ပြီး၊ "ဒါကလည်း မဖြစ်နိုင်ဘူး ဆိုတာကို မင်းက သိနေသားပဲ။"

"ကျွန်တော်က သိတာပေါ့၊ သူက မိစ္ဆာမျိုးနွယ်ကနေ ဆင်းသက်လာတာမှ မဟုတ်တာ။" ပန်ကျဲရဲ့ လေသံဟာ တည်ငြိမ်နေခဲ့ပါတယ်။ "ပြီးတော့ ကျွန်တော်တို့ ဟင်းလင်းပြင် ဘုရားကျောင်းက အင်အားကုန်သုံးပြီး

တိုက်ခိုက်ခဲ့ရင်၊ ကြားထဲကဝင်ပြီး အမြတ်ဝင်ထုတ်ချင်နေကြတဲ့ လူတွေကို အခွင့်အရေး ပေးသလိုမျိုး ဖြစ်သွားမှာပေါ့။"

သူ့ရဲ့အကြည့်တွေဟာ ယန့်မင်းရွှဲ့နဲ့ မေဝူလန်တို့ရဲ့ အကြားမှာ ခေါက်တုံ့ခေါက်ပြန် ဖြစ်နေခဲ့ပါတယ်။

မေဝူလန်ကတော့ နှိမ့်ချစွာ ပြုံးလိုက်ပြီး စကားတစ်လုံးမှ မပြောခဲ့ပါဘူး။

ယန့်မင်းရွှဲ့ဟာ ပန်ကျဲရဲ့ အပြစ်တင်သလို အကြည့်တွေကို ဂရုမစိုက်ခဲ့ပဲ၊ ဖွဖွလေး

ပြုံးလိုက်ပါတယ်။ "မာစတာလင်းရဲ့ သတိပေးမှုကြောင့်သာ မဟုတ်ခဲ့ရင်၊ မင်းရဲ့ အလှည့်စားကို ခံရတော့မှာပဲ၊ ဂျူနီယာပန်။"

"ဘယ်အချိန်က စပြီးတော့ မင်းက အခြေတည်ဝိညာဉ် နောက်ဆုံးအဆင့်က ကိုယ်ပွားတစ်ခုကို ဖန်ဆင်းနိုင်ခဲ့တာလဲ? ငါထင်တာ မမှားဘူးဆိုရင်၊ မင်းရဲ့ အစစ်အမှန် ခန္ဓာကိုယ်ကလည်း အင်မော်တယ် ဝိညာဉ် အဆင့်ကို မရောက်သေးဘူးမလား?"

ပန်ကျဲကလည်း တည်ငြိမ်စွာနဲ့ ပြန်ဖြေလိုက်ပါတယ်၊ "အားလုံးမှာ သူတို့ရဲ့

ကံကောင်းမှုတွေ ရှိကြတာပဲ။
စီနီယာယန့်ရောပဲ မဟုတ်လား?"

"ကျုပ်က ဒီအတွက် အံ့ဖွယ် ကောင်းကင်ဘုံ ဂိုဏ်းခေါင်းဆောင်ကို ကျေးဇူးတင်ရမှာပဲ။" သူဟာ ယုကျင်းတောင် ပျောက်ကွယ်သွားခဲ့တဲ့ နေရာကို စိုက်ကြည့်နေခဲ့ပြီး၊ "ကျွန်တော်က ပိုင်ယွင်တောင်ကို အခု ပြန်မှရတော့မယ်။ ကျွန်တော်က ဒီတစ်ခေါက်မှာ အကျိုးရအောင် လုပ်နိုင်ခဲ့ရင်၊ မာစတာလင်းက အမြတ်တစ်ဝက်ကို ယူသွားပြီး၊ စီနီယာယန့်က ကျန်တစ်ဝက်ကို ယူသွားလိမ့်မယ်။"

"ကျွန်တော့်ကို သင်ခန်းစာ ပေးခဲ့တဲ့အတွက် စီနီယာတို့ နှစ်ယောက်စလုံးကို ကျေးဇူးတင်ပါတယ်။"

ပြီးတာနဲ့ ပန်ကျဲရဲ့ ကိုယ်ပွားဟာ လေဟာနယ်ရဲ့ အထဲမှာ ပျောက်ကွယ်သွားခဲ့ပါတယ်။

မေဝူလန်က နောက်ဆုံးမှာတော့ အသံထွက်လာခဲ့ပါတယ်၊ "လေဒီယန့်၊ ခင်ဗျားရဲ့ ဂျူနီယာက ပေါ့သေးသေး ပုဂ္ဂိုလ်တော့ မဟုတ်ဘူး။ သူကသာ ကိုယ်ပွားမဟုတ်ခဲ့ရင်၊ ကျွန်တော်ကတော့

သူဆက်နေအောင်လုပ်ဖို့
ဦးနှောက်ပူနေအောင် စဥ်းစားရမှာပဲ။"

ယန့်မင်းရွဲ့က ပြုံးလိုက်ကာ အဝေးက
မိုးကုတ်စက်ဝိုင်း တစ်နေရာကို
ကြည့်လိုက်ပါတယ်။ "သူကတောင်
ပေါ့သေးသေးပုဂ္ဂိုလ် မဟုတ်ခဲ့ရင်၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က
ကိုင်တွယ်ဖို့ ပိုပြီးတော့ မလွယ်သေးတယ်။"

"အခုဆိုရင် သူကဘာလုပ်နေမယ်မှန်း
ကျွန်မက မှန်းလို့တောင် မရဘူးရှင့်။"

ဒီအချိန်မှာတော့ ယန့်မင်းရှဲ့က
အတင်းတုတ်နေတဲ့ လင်းဖုန်းဟာ၊
စနစ်ကြီးကပေးတဲ့ မစ်ရှင်အသစ်ကို
နားလည်အောင် ကြိုးစားနေခဲ့ရပါတယ်။

လင်းဖုန်းက သူ့ရဲ့ မျက်ခုံးအစုံကို ပင့်လိုက်ပြီး၊
"ကြည့်ရတာ လွယ်နေသလိုပဲ၊ စနစ်ကြီးရဲ့
ချီးထုပ်ကျတဲ့ သဘာဝအရဆိုရင်၊ တစ်ခုခုက
မှားနေတယ်လို့ ဘာဖြစ်လို့
ခံစားနေရတာလဲ?"

## စာစဥ် ၁၃ : အပိုင်း ၁၃

# အပိုင်း ၂၂၃ : စနစ်၏ မစ်ရှင်အသစ်

လင်းဖုန်းက သူ့ရဲ့မေးကို ပွတ်နေရင်း စနစ်ရဲ့ အသစ်ထုတ်လိုက်တဲ့ မစ်ရှင်အကြောင်းကို စဉ်းစားနေခဲ့ပါတယ်။ "ကြည့်ရတာ လွယ်နေသလိုပဲ၊ ဒါပေမဲ့ စနစ်ကြီးရဲ့ ချီးထုပ်ကျတဲ့ သဘာ၀ အရဆိုရင်၊ တစ်ခုခုက မှားနေတယ်လို့ ဘာဖြစ်လို့ ခံစားနေရတာလဲ?"

အဓိကမစ်ရှင် ၂.၁ - နာမည်ကြီးအောင် ကြိုးစားပြီး၊ သင့်ရဲ့လွှမ်းမိုးမှုတွေကို ချဲ့ထွင်ပါ။

မစ်ရှင်၏ အသေးစိတ် အချက်အလက်များ :
သင့်ရဲ့ဂိုဏ်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး၊
ရှေ့ဆက်ရမယ့် ခရီးလမ်းကို
စတင်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။

ဒါပေမဲ့လည်း ကမ္ဘာကြီး တစ်ခုလုံးနဲ့
ယှဉ်လိုက်ရင်၊ ဒီဂိုဏ်းဟာ အပျံသင်စ
ငှက်ငယ်အဆင့်သာ ရှိပါသေးတယ်။ ဂိုဏ်းဟာ
နာမည်ကျော်ကြားပြီး ရိုသေထိုက်တဲ့
အဖွဲ့အစည်းတစ်ခု ဖြစ်လာဖို့အတွက်၊
ရှေ့ဆက်လျှောက်ရမယ့် ခရီးဟာ အဝေးကြီး
ကျန်ပါသေးတယ်။

ဒီကနေ့ကစပြီး သင်ဟာ ဂိုဏ်းရဲ့ အခြေခံ
အဆောက်အအုံတွေကို အဆင့်မြှင့်တင်ပြီး၊
ဂိုဏ်းရဲ့လွှမ်းမိုးမှုကို မူလကောင်းကင်
ကမ္ဘာကြီး တစ်ခုလုံးကို ပျံ့နှံ့အောင်
ဖြန့်ကြက်ကာ၊ တစ်ကမ္ဘာလုံးမှာ
ရေပန်းစားမှုတန်ဖိုး ၈၀ကျော်အောင်
ကြိုးစားရပါမယ်။

အချိန်ကန့်သတ်ချက် : ၁၀နှစ်။
တကယ်လို့များ မစ်ရှင်ကို
အချိန်အကန့်အသတ် အတွင်းမှာ
မပြီးမြောက်ခဲ့ရင်၊ သင့်ကို
တိုက်ရိုက်သုတ်သင်ပါမယ်။

"တစ်ကမ္ဘာလုံး ရေပန်းစားမှု?" လင်းဖုန်းက မျက်တောင်ခတ်လိုက်ပြီး သူ့ရဲ့ ရေပန်းစားမှု စနစ်ကို ထုတ်လိုက်ပါတယ်။ ခဏတာမျှ စစ်ဆေးလိုက်ပြီးနောက်မှာ၊ သူဟာ စတင်ပြီးတော့ မျက်မှောက်ကြုတ်လာခဲ့ပါတယ်။

သူဟာ ပထမဦးဆုံး သူ့ရဲ့နေရာဖြစ်တဲ့ ခွန်းလွန်တောင်ခြေရဲ့ မြောက်ပိုင်းကို ကြည့်လိုက်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ဝက်တုံးက ရှကျိုးမြို့ရဲ့ ဟန်ဟိုင်
စိတ်ဝိညာဉ် အစည်းအဝေး အပြီးမှာ၊
ခွန်းလွန်တောင်ခြေ မြောက်ပိုင်းက
လင်းဖုန်းရဲ့ ရေပန်းစားမှု တန်ဖိုးဟာ
၈၅မှတ်အထိတောင် ရှိနေခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး ခန်းခန်းနားနား
ကြီးကြီးကျယ်ကျယ်နဲ့ ဂိုဏ်းဖွင့်ပွဲ အပြီးမှာ၊
ဒီဒေသမှာ လင်းဖုန်းရဲ့ ရေပန်းစားမှု
တန်ဖိုးဟာ ၅မှတ်သာ တက်လာခဲ့ပြီး
စုစုပေါင်း အမှတ် ၉ဂသာ ရခဲ့ပါတယ်။

ဒါဟာအရင်က ဂိုဏ်းရဲ့ ရေပန်းစားမှုဟာ တစ်ဟုန်ထိုး မြင့်တက်လာမှုနဲ့ ယှဉ်လိုက်ရင် ဘာမှမဟုတ်ပါဘူး။

လင်းဖုန်းက အချိန်အနည်းငယ်လောက် စဉ်းစားလိုက်ပြီး၊ "အောင်မြင်မှုကို ရရှိပြီးမှ နောက်ထပ်အဆင့် ထပ်တက်ရခြင်းဟာ၊ တစ်ခုခုကို အစကနေ စတင်ရခြင်းထက် အမြဲတမ်း ပိုခက်ခဲတာပဲ။ ကြည့်ရတာတော့ ရေပန်းစားမှု တန်ဖိုးဟာ များလေလေ၊ လက်ရှိထက်ပိုပြီး တိုးတက်ဖို့က ခက်လေလေပါပဲ။"

လင်းဖုန်းရဲ့ ကိုယ်ပိုင် ရေပန်းစားမှု တန်ဖိုးဟာ သူ့ဂိုဏ်းတစ်ခုလုံးရဲ့ ရေပန်းစားမှု တန်ဖိုးနဲ့ ခွဲခြားထားပါတယ်။ သူ့ရဲ့ ကိုယ်ပိုင် ရေပန်းစားမှု တန်ဖိုးဟာ ၉၀ရှိပေမဲ့၊ ခွန်းလွန်တောင်ခြေ မြောက်ပိုင်းမှာ သူ့ဂိုဏ်းရဲ့ ရေပန်းစားမှု တန်ဖိုးဟာ ၇၅တောင် မပြည့်ပါဘူး။

ဟန်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတုံးက သူ့ဂိုဏ်းရဲ့ ရေပန်းစားမှု တန်ဖိုးဟာ ၅၀သာ ရှိခဲ့တယ် ဆိုတာကို၊ လင်းဖုန်းက အခုမှ ပြန်စဉ်းစားမိလိုက်ပါတယ်။

ဒီလိုမျိုး အများကြီး ရတ်တရက်
တိုးလာခြင်းဟာ အခုရှုကျိုးမြို့ရဲ့
အပြင်ဘက်က လွင်ပြင်တိုက်ပွဲမှာ၊
ရှောင်ယန်တို့တတွေက အခြေတည်ဝိညာဉ်
အဆင့်က ပြိုင်ဘက်တွေကို
ရင်ဆိုင်နိုင်ခဲ့ကြလို့ပဲ ဖြစ်မှာပါ။

"ငါက ဂိုဏ်းချုပ်ဖြစ်နေတဲ့အတွက်၊ ငါ့ရဲ့
ကိုယ်ပိုင် ရေပန်းစားမှု တန်ဖိုးဟာ ဂိုဏ်းရဲ့
ရေပန်းစားမှု တန်ဖိုးကို တက်စေနိုင်သလို၊
ငါတပည့်တွေရဲ့ အောင်မြင်မှုကလည်း
စုစုပေါင်း တန်ဖိုးကို တက်စေနိုင်တာပဲ။"

ခွန်းလွန်တောင်ခြေ မြောက်ပိုင်းရဲ့ ပြင်ပက နေရာတွေက တန်ဖိုးကို လေ့လာကြည့်လိုက်တော့၊ သူ့ရဲ့ ကိုယ်ပိုင် ရေပန်းစားမှု တန်ဖိုးနဲ့ ဂိုဏ်းရဲ့ ရေပန်းစားမှု တန်ဖိုးတို့ဟာ၊ တခြားနေရာတွေ အားလုံးမှာ အတော့်ကို နည်းနေတယ် ဆိုတာကို လင်းဖုန်းက လေ့လာတွေ့ရှိလိုက်ရပါတယ်။

ဂိုဏ်းဖွင့်ပွဲ မတိုင်မီက တိုက်ပွဲကြောင့် ထင်ပါတယ်၊ အချို့သော နေရာတွေမှာတော့ တန်ဖိုးတွေက သိပ်မဆိုးလှပါဘူး။

ဂိုဏ်းဖွင့်ပွဲ အခမ်းအနားကို
တက်ရောက်ခဲ့ကြတဲ့ ယန်တုန်ဟွေနဲ့
တခြားသူတို့ဟာ သူတို့ရဲ့
သက်ဆိုင်ရာဂိုဏ်းကို ပြန်ရောက်ကြတဲ့
အချိန်မှာ၊ သူတို့ရဲ့ ဒေသတွေမှာ ဒီတိုက်ပွဲ
အကြောင်းကို ပြန်ပြီးတော့
ဖြန့်ဝေကြတဲ့အတွက်၊ လင်းဖုန်းနဲ့
သူ့ဂိုဏ်းဟာ နာမည်အတော် ရလာခဲ့ပါတယ်။

ဒါတောင်မှပဲ လင်းဖုန်းရဲ့ ကိုယ်ပိုင်
ရေပန်းစားမှု တန်ဖိုးနဲ့၊ ဂိုဏ်းရဲ့ စုစုပေါင်း
ရေပန်းစားမှု တန်ဖိုးတို့ဟာ မူလကောင်းကင်
ကမ္ဘာကြီး တစ်ခုလုံးနဲ့စာလိုက်ရင် အတော်ကို

နည်းနေပါသေးတယ်။ အဓိက မစ်ရှင်ရဲ့ လိုအပ်ချက်ဖြစ်တဲ့ အမှတ်ဂဂကို ပြည့်ဖို့ဆိုရင် အများကြီး လိုပါသေးတယ်။

လင်းဖုန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး၊ "ရှေ့ဆက်ရဖို့ အဝေးကြီး လိုသေးတာပဲ!"

တစ်ယောက်ရဲ့ ရေပန်းစားမှု တန်ဖိုးကို တက်ဖို့အတွက် ဘာတွေကိုများ လုပ်ရမလဲ?

သူဟာ အရင်က တစ်ယောက်မှ မလုပ်နိုင်သေးတဲ့ ကြီးမားတဲ့ အရာတစ်ခုကို

လုပ်ပြပြီး၊ တစ်ကမ္ဘာလုံးကို
အံ့အားသင့်စေနိုင်ပါတယ်။

ဒါမှမဟုတ်၊ သူဟာ တခြားတစ်ယောက်ရဲ့
ဂုဏ်သတင်း အပေါ်မှာ မှီခိုနိုင်ပါတယ်။
တစ်ယောက်ဟာ ကြီးမားတဲ့ ပုဂ္ဂိုလ်တွေရဲ့
ပုခုံးပေါ်ကနေ ရပ်ပြီးတော့ကြည့်ရင်၊ အဝေးကို
ပိုမြင်နိုင်ပါတယ်။

လင်းဖုန်းက သေချာစွာ စဉ်းစားနေခဲ့ပြီး
ရေပန်းစားမှု စနစ်ထဲကနေ ထွက်လိုက်ကာ၊
ဂိုဏ်းဖွင့်ပွဲ အပြီးမှာ စနစ်ကြီးက ပေးထားတဲ့
အထူးဆုကို ထုတ်ကြည့်လိုက်ပါတယ်။

ဒါကတော့ ထီးတစ်ချောင်းပါ၊ ရောမ အနက်ရောင် ထီးတစ်ချောင်းပဲ ဖြစ်ပါတယ်။

သူက လက်ကိုင်ကို ကိုင်လိုက်တာနဲ့၊ လင်းဖုန်းဟာ သူ့လက်ချောင်းတွေရဲ့ အကြားက ထီးရဲ့ကိုယ်ထည်ကို ခံစားလိုက်ရပြီး တွေးလိုက်ပါတယ်၊ "ဒါက အသုံးဝင်နိုင်ပေမဲ့၊ အသုံးပြုတဲ့သူက သတိမထားခဲ့ရင် ဘေးသင့်နိုင်တာပဲ။ သူ့ကိုအသုံးပြုဖို့က အထူးသတိထားရမှာပဲ။"

ပြီးတာနဲ့ သူ့ရဲ့ခေါင်းထဲမှာ အတွေးလေး တစ်ခုက ပေါ်လာခဲ့ပြီး၊ နွေဦးနေဝန်းလိုမျိုး နွေးထွေးတဲ့ အပြုံးလေး တစ်ခုဟာ လင်းဖုန်းရဲ့ မျက်နှာပေါ်မှာ ပေါ်လာခဲ့ပါတယ်။

သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်တော့၊ မီးလုံးလေး နှစ်လုံးဟာ မြေပေါ်ကို ကျလာခဲ့ပြီး လူပုံရိပ် နှစ်ခုဟာ ပေါ်လာခဲ့ပါတယ်။

သူတို့ နှစ်ယောက်စလုံးဟာ ရုပ်အသွင်အပြင် ဆင်တူကြပါတယ်၊ ပိန်ပါးအားနည်းတဲ့ ခန္ဓာကိုယ်ရယ်၊ ချွန်နေတဲ့ ပါးစပ်နဲ့ မျောက်လိုမျိုး မေးရိုးတွေရယ်၊

ခရမ်းနက်ရောင် မျက်နှာနဲ့ အနီရောင်
ပါးတွေရယ်၊ အပေါ်ကို ချွန်တက်နေတဲ့
သေးငယ်တဲ့ နားရွက်အစုံရယ်၊
ဆံပင်တစ်ချောင်းမှ မရှိပဲ
ပြောင်နေတဲ့ခေါင်းရယ်။

တစ်ယောက်က ဆယ်ကျော်သက် အရွယ်ရှိပြီး၊
ကျန်တဲ့တစ်ယောက်ကတော့ သက်လတ်ပိုင်း
လူကြီးနဲ့ တူနေခဲ့ပါတယ်။

သူတို့ကတော့ လင်းဖုန်းက ယုကျင်းတောင်ကို
ရှာဖို့ ခွန်းလွန်တောင်ကို ပထမဆုံး
ရောက်လာခဲ့တဲ့ အချိန်မှာ ဖမ်းဆီးခဲ့တဲ့၊

မီးလျှံကျီးကန်း သခင်လေးနဲ့ မီးလျှံကျီးကန်း မိစ္ဆာအုပ်ချုပ်သူတို့ပဲ ဖြစ်ကြပါတယ်။

ငှက်မိစ္ဆာနှစ်ကောင်တို့ဟာ လူပုံစံကို ဖန်ဆင်းထားကြတာပါ။ သူတို့က လင်းဖုန်းအရှေ့ကို ရောက်လာတော့ လိမ်မာစွာနဲ့ မတ်တတ်ရပ်နေကြပါတယ်။ အရင်ကလိုမျိုး မောက်မာဖို့ မပြောနဲ့၊ အသက်ပြင်းပြင်းတောင် မရှူရဲကြတော့ပါဘူး။

လင်းဖုန်းက သူတို့ကို ကြည့်လိုက်ပြီး ပြောလိုက်ပါတယ်၊ "မင်းတို့က ငါ့ကိုအရင် စော်ကားခဲ့တော့၊ ငါက အပြစ်ပေးတဲ့ အနေနဲ့

မင်းတို့ကို အချိန်တစ်ခုအထိ ချုပ်နှောင်ထားခဲ့တာပဲ။"

မီးလျှံကျီးကန်း မိစ္ဆာအုပ်ချုပ်သူက ခေါင်းကို တစ်ဆတ်ဆတ်နဲ့ ညိတ်လိုက်ပါတယ်၊ "ကျွန်တော်က အရင်က ရိုင်းခဲ့ပါတယ်။ အရှင့်ကို စော်ကားခဲ့မိပါတယ်၊ စီနီယာ၊ ကျေးဇူးပြုပြီး ကျွန်တော်ကို ခွင့်လွှတ်ပေးပါ။"

သူက အနည်းငယ် တွေဝေသွားပြီးနောက်မှာ မီးလျှံကျီးကန်း သခင်လေးကို ကြည့်လိုက်ကာ ပြောလိုက်ပါတယ်၊ "ကျုပ်တို့ကလန်က သခင်လေးဟာ ငယ်သေးပြီး

မရင့်ကျက်သေးပါဘူး၊ ကျေးဇူးပြုပြီး နားလည်ပေးပါ။ ကျုပ်တို့ ကလန်ခေါင်းဆောင်ဟာ ကလေး ဒီတစ်ယောက်သာ ရှိပြီး၊ အခုတော့ သူ့ရဲ့ တစ်ဦးတည်းသော သွေးသားနဲ့ ခွဲခွာနေရပါတယ်။ ကျေးဇူးပြုပြီး သနားညှာတာ ထောက်ထားဖို့ တောင်းပန်ပါတယ်။"

မီးလျှံကျီးကန်း သခင်လေးရဲ့ အကျင့်စရိုက်တွေဟာ မပြောင်းလဲသေးပေမဲ့၊ သူက သူ့ရဲ့ ဖခင်ဖြစ်တဲ့ မီးလျှံကျီးကန်း ဘုရင်တောင်မှ လင်းဖုန်းရဲ့ မျက်စိထဲမှာ

အရေးမပါတဲ့ ပမွှားလေး အဆင့်သာ ရှိတယ်ဆိုတာကို သိနေခဲ့တဲ့အတွက်၊ ဘာမှမလုပ်ရဲခဲ့ပဲ လင်းဖုန်းကို အညံ့ခံတဲ့ အနေနဲ့ ဦးညွှတ်လိုက်ပြီး၊ "ကျွန်တော်က အရင်တုံးက မရင့်ကျက်ခဲ့ပါဘူး၊ စီနီယာ၊ ကျေးဇူးပြုပြီး စာနာထောက်ထားတဲ့ အနေနဲ့ ကျွန်တော့်ကို ဒီတစ်ခေါက်မှာတော့ ချမ်းသာပေးပါ။"

လင်းဖုန်းက ပြုံးဖြီးဖြီး ဖြစ်သွားခဲ့ပြီး၊ "ကြည့်ရတာတော့ မင်းက အမှားတွေကနေ သင်ယူနိုင်ခဲ့ပြီ ထင်တယ်။ ငါက သူများတွေကို သတ်ရတာကို မကြိုက်ပါဘူး၊ ဒါကြောင့်

မင်းကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်လိုက်မယ်၊
ဒါပေမဲ့လည်း ငါ့အတွက်
သတင်းတစ်ခုကိုတော့ ပို့ပေးရမယ်။"

မီးလျှံကျီးကန်း သခင်လေးနဲ့ မီးလျှံကျီးကန်း
မိစ္ဆာအုပ်ချုပ်သူတို့ဟာ ဒီစကားကို
ကြားလိုက်ရတော့ ဝမ်းသာအားရ
ဖြစ်သွားကြပါတယ်။ မီးလျှံကျီးကန်း
သခင်လေးက လျှင်မြန်စွာနဲ့ မေးလိုက်ပါတယ်၊
"စီနီယာလင်းက ကျွန်တော့်ဖခင်နဲ့
ဆွေးနွေးစရာများ ရှိလို့လား?"

"ငါကသူ့ကို ပြောစရာ ဘာမှ မရှိပါဘူး။"
လင်းဖုန်းက မီးလျှံကျိုးကန်း သခင်လေးကို
ကြည့်လိုက်ပြီး၊ "ငါကမင်းကို ရွှေကျိုး
မဟာပဏ္ဍိတကို သတင်းတစ်ခု
ပို့ပေးစေချင်တယ်။"

"ဂရန်းမာစတာ?" မီးလျှံကျိုးကန်း
သခင်လေးနဲ့ မီးလျှံကျိုးကန်း
မိစ္ဆာအုပ်ချုပ်သူတို့ဟာ နှစ်ယောက်စလုံး
အံ့အားသင့်သွားကြပါတယ်။ ဒါပေမဲ့လည်း
သူတို့ဟာ တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်လိုက်ပြီး၊ နောက်ထပ်
ထပ်မမေးရဲကြတာကြောင့် သူတို့ရဲ့

ခေါင်းတွေကို ငုံ့လိုက်ကာ၊ "ကျေးဇူးပြုပြီး သတင်းစကားကို ပြောပါ၊ ကျွန်တော်တို့က အသေအချာ ပြန်ပြောပေးလိုက်ပါမယ်။"

လင်းဖုန်းက သူ့ရဲ့ လက်ချောင်းတွေကို မြှောက်လိုက်တော့၊ ခရမ်းရောင် ချီတိမ်တိုက် တစ်စဟာ မိစ္ဆာနှစ်ကောင်ရဲ့ အရှေ့ကို ကျလာခဲ့ပါတယ်။ သူက "ဒါလေးကို မင်းတို့နဲ့ ယူသွားခဲ့ပြီး၊ ရွှေကျီး မဟာပဏ္ဍိတကို ပေးလိုက်ပါ။"

မီးလျှံကျီးကန်း သခင်လေးဟာ ခရမ်းရောင် တိမ်တိုက်ကို သေချာစွာ သိမ်းဆည်းလိုက်ကာ၊

မီးလျှံကျီးကန်း မိစ္ဆာအုပ်ချုပ်သူနဲ့ အတူ ယုကျင်းတောင်ပေါ်ကနေ ထွက်ခွာသွားခဲ့ပါတယ်။

လင်းဖုန်းက လေဟာနယ်ထဲကို ဝေ့ကြည့်လိုက်ကာ၊ ဒီနှစ်ယောက်က မိုးကုတ်စက်ဝိုင်းရဲ့ အလွန်မှာ အမည်းရောင် အစက်လေး နှစ်စက်အဖြစ် ပျောက်ကွယ်သွားခဲ့တာကို ကြည့်နေခဲ့ပြီး ပြုံးလိုက်ပါတယ်၊ "ငါ့ကို စိတ်ပျက်အောင်တော့ မလုပ်နဲ့ပေါ့ကွာ။"

***************

မဟာကျိုး အင်ပါယာ၏ မြို့တော်၊
ထျန်းကျင်းမြို့။

ထျန်းကျင်းမြို့ရဲ့ မြို့လယ်ခေါင်မှာ
မိုးထိုးနေတဲ့ နန်းတော်ကြီး တစ်ခုဟာ
တောင်ဘက်ကို မျက်နှာမူပြီး
တည်ရှိနေခဲ့ပါတယ်။ ဒါကတော့
နိုင်ငံတစ်ခုလုံးရဲ့ နှလုံးသည်းပွက်ဖြစ်တဲ့၊
မဟာကျိုး အင်ပါယာရဲ့ တော်ဝင်နန်းတော်ပဲ
ဖြစ်ပါတယ်။

နန်းတော်ရဲ့ အထဲမှာ အခန်းတွေ အားလုံးရဲ့
နရံကို အရောင်တင်ထားတဲ့ အဝါရောင်
အုတ်တွေနဲ့ တန်ဆာဆင်ထားပါတယ်။
နန်းတော်ကြီး တစ်ခုလုံးဟာ
ခမ်းနားထည်ဝါလှပြီး၊ ကောင်းကင်ဘုံကနေ
မော်တယ်ကမ္ဘာကို ကျဆင်းလာခဲ့တဲ့
နတ်နန်းတော်အလား ဖြစ်နေခဲ့ပါတယ်။

နန်းတော်ရဲ့ အလယ်မှာ အဖြူရောင်
ကျောက်စိမ်းသက်သက်နဲ့ ထုလုပ်ထားတဲ့
ကြီးကျယ်လှတဲ့ ခန်းမဆောင်ကြီး တစ်ခုကို
တွေ့နိုင်ပါတယ်။ သူဟာ မကောင်းဆိုးဝါးတွေ

အားလုံးကို တွန်းလှန်နိုင်တဲ့ အလား၊ နီရဲနေတဲ့ အရောင်တွေနဲ့ ဖိတ်ဖိတ်တောက်နေခဲ့ပါတယ်။

ဒီခန်းမဆောင်ရဲ့ အရှေ့ဘက်က နွေးထွေးပြီး တမူထူးခြားတဲ့ အခန်းတစ်ခုမှာ၊ သက်လတ်ပိုင်း လူကြီးတစ်ယောက်ဟာ သားနားလှတဲ့ ထိုင်ခုံတစ်လုံးပေါ်မှာ ထိုင်နေခဲ့ပါတယ်။

ဒီလူကို တွေ့လိုက်ရတဲ့ လူတိုင်းဟာ၊ အခန်းရဲ့ ဘေးမှာ ရှိနေကြတဲ့ လူနှစ်ယောက် ဖက်စာရှိတဲ့ အဖြူရောင် တိုင်လုံးကြီး နှစ်ခုအစား၊ ဒီလူက ဒီအခန်းကို

ထောက်ကန်ထားတယ်လို့ မှားယွင်းတဲ့ အယူအဆတွေကို ရလာကြမှာ ဖြစ်ပါတယ်။

ဒီအခန်းတင် မကပဲ ဒီလူဟာ ခန်းမဆောင်ကြီး တစ်ခုလုံး၊ ကောင်းကင်၊ မြေကြီးနဲ့ ကောင်းကင်ဘုံတို့ကိုပါ ထောက်ကန်ထားနိုင် သလိုပါပဲ။

သူဟာ ဝတ်ကောင်းစားလှတွေကို ဝတ်ဆင်ထားခဲ့ပြီး၊ ရွှေခရမ်းရောင် သရဖူကို ဆောင်းထားပါတယ်။ သူ့ဆီမှာ တစ်ဝက်တစ်ပျက် ဖြူနေတဲ့ နားထင်တွေရှိပြီး၊ သူ့ရဲ့လက်တွေဟာ ကျောက်စိမ်းလိုမျိုး အပြစ်

အနာအဆာ ကင်းစင်ကာ၊ အကန့်အသတ်မဲ့တဲ့ စွမ်းအားတွေကို ပိုင်ဆိုင်ထားသလိုပါပဲ။

သူဟာ မဟာကျိုး အင်ပါယာရဲ့ ထောက်တိုင်ဖြစ်တဲ့၊ ရွှမ်ကျိအမတ် ဇူဟုန်ဝူပဲ ဖြစ်ပါတယ်။

သူ့ရဲ့အရှေ့က စားပွဲကြီးမှာ မဟာကျိုး အင်ပါယာရဲ့ ပြည်နယ်အသီးသီးက အရာရှိတွေက တင်ပြလာတဲ့ မှတ်တမ်းမှတ်ရာတွေကို တပုံကြီး တင်ထားခဲ့ပါတယ်။ သူက ဒါတွေကို ပြန်လည်စိစစ်ပြီး သူ့ရဲ့ အမြင်တွေနဲ့

ပေါင်းစည်းကာ၊ ကျိုးကေရာဇ် လျှမ်ပန်းကို တင်ပြရမှာပဲ ဖြစ်ပါတယ်။ ဒါက မဟာကျိုး အင်ပါယာရဲ့ မဟာသုခမိန် အနေနဲ့ သူပြုလုပ်ရမယ့် တာဝန်ဝတ္တရားလည်း ဖြစ်ပါတယ်။

နောက်ထပ် မှတ်တမ်းတစ်ခုကို ချလိုက်အပြီးမှာ၊ ဇူဟုန်ဝူက သူ့ရဲ့ခေါင်းကို မော့လိုက်ပြီး ကောင်းကင်ပေါ်က နဂါးငွေ့တန်းနဲ့ တူတဲ့ သူ့ရဲ့ မျက်လုံးအစုံနဲ့ တံခါးဝကို လှမ်းကြည့်လိုက်ပါတယ်။ "ဝင်လာခဲ့ပါ။"

အသက်ကြီးကြီး မိန်းမစိုး တစ်ယောက်ဟာ အခန်းထဲကို ဝင်လာခဲ့ပါတယ်။ သူ့ကိုကြည့်ရတာ အမတန် ကျိုးနွံပုံရပြီး၊ အလွန်ညင်သာစွာနဲ့ ပြောလိုက်ပါတယ်၊ "အရှင်မင်းမြတ်က မဟာသုခမိန်ကို ဆွေးနွေးစရာ ရှိလို့ အဓိက ခန်းမဆောင်ကို ဖိတ်ခေါ်လိုက်ပါတယ်။"

သူဟာ ဇူဟုန်ဝူရဲ့ အရှေ့မှာ အလွန်ရိုကျိုးတဲ့ပုံ ပေါက်နေခဲ့ပေမဲ့၊ သူ့ရဲ့ ခန္ဓာကိုယ်ကနေ ထုတ်လွှတ်နေတဲ့ မှော်စွမ်းအင်တွေဟာ မယုံနိုင်လောက်အောင် ကြောက်စရာ ကောင်းလှပါတယ်။ ဘာပဲပြောပြော သူဟာ

နန်းတော်ထဲမှာ မေဝူလန်ပြီးရင်
ဒုတိယအဆင့်ရှိတဲ့၊ အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှာရှိတဲ့ မိန်းမစိုး
ခေါင်းဆောင်ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဇူဟုန်ဝူရဲ့ အရှေ့မှာ သူဟာ
နိမ့်ကျတဲ့ အစေခံ ပုံစံမျိုးနဲ့ နှိမ့်ချစွာ
နေခဲ့ပါတယ်။

ဇူဟုန်ဝူက ခေါင်းညိတ်လိုက်ပြီး၊
"ကျုပ်နားလည်ပါတယ်။" ပြီးတာနဲ့ သူဟာ
မှတ်တမ်းတွေကို အောက်ချလိုက်ပြီး
ထရပ်လိုက်ပါတယ်။

ဇူဟုန်ဝူက သူ့နေရာကနေ ထရပ်လိုက်တာနဲ့ တပြိုင်နက်၊ မိန်းမစိုးအိုကြီးဟာ ဒီခဏမှာ ကောင်းကင်နဲ့ မြေကြီးတို့ဟာ တုန်ခါသွားသလိုမျိုး ခံစားခဲ့လိုက်ရပါတယ်။

အခိက ခန်းမဆောင်ထဲမှာ နဂါးကိုးကောင် ရွှေသရဖူကို ဆောင်းထားပြီး၊ ခမ်းနားတဲ့ တော်ဝင်ဝတ်စုံကို ဝတ်ဆင်ထားတဲ့ သက်လတ်ပိုင်း လူကြီးတစ်ယောက်ဟာ၊ နဂါးပုလ္လင်ပေါ်မှာ တည့်တည့်ထိုင်နေခဲ့ပါတယ်။

သာမန်သာ ကြည့်လိုက်ရင် ဒီနဂါးပုလ္လင်ဟာ
အဓိက ခန်းမဆောင်ထဲမှာ
တောင်ဘက်အရပ်ကို မျက်နှာမူပြီး
ရှိနေတယ်လို့ ထင်နေရပေမဲ့၊ အနီးကပ်ပြီး
သေချာစွာ ကြည့်လိုက်ရင်တော့ ဒီပုလ္လင်ဟာ
ဒီခန်းမဆောင်နဲ့ သီးခြားဖြစ်နေခဲ့ပြီး၊ သီးသန့်
လေဟာနယ်-အချိန်ကာလမှာ
တည်ရှိနေတယ် ဆိုတာကို တွေ့ရမှာပဲ
ဖြစ်ပါတယ်။

ပုလ္လင်ပေါ်မှာ ထိုင်နေတဲ့ သူဟာ
ကျောက်စိမ်းလိုမျိုး ချောမွေ့တဲ့
မျက်နှာထားရှိပြီး၊ အသက်ကြီးတဲ့

အရိပ်အယောင် အချို့ကို တွေ့နေရပေမဲ့ အားနည်းတဲ့ လက္ခဏာကိုတော့ တစ်စက်မှ မတွေ့ရပါဘူး။ အဲ့ဒီ အရိပ်အယောင်တွေဟာ ကောင်းကင်အောက်က အရာအားလုံးကို ထိန်းချုပ်နိုင်တဲ့ အော်ရာမျိုးနဲ့၊ သူ့ကိုကြည့်ရတာ ပိုပြီးတော့တောင် တည်ကြည်ခန့်ညား စေခဲ့ပါတယ်။ သူဟာ ကျိုးကေရာဇ် လျှမ်ပန်းပဲ ဖြစ်ပါတယ်။

လျှမ်ပန်းရဲ့ အောက်မှာတော့ မေဝူလန်ဟာ ယဉ်ကျေးသိမ်မွေ့စွာနဲ့ ထိုင်နေခဲ့ပြီး၊ ယန့်မင်းရှဲ့ကတော့ ထိုင်ခုံအဝိုင်း တစ်ခုပေါ်မှာ ငြိမ်သက်စွာနဲ့ ထိုင်နေခဲ့ကာ၊ ဇူဟုန်ဝူကို

အသိအမှတ်ပြုတဲ့ အနေနဲ့
ခေါင်းတစ်ချက်ကိုသာ ညိတ်ပြလိုက်ပါတယ်။

ဇူဟုန်ဂူက ခမ်းမဆောင် အတွင်းကို
ဝင်လာခဲ့တာကို မြင်လိုက်ရတာနဲ့ တပြိုင်နက်၊
လျှမ်ပန်းဟာ ပျော်ရွှင်စွာနဲ့ ပြုံးလိုက်ပြီး၊
"ကျေးဇူးပြုပြီး ထိုင်ပါ။"

သူ့ရဲ့ အမိန့်အရ မိန်းမစိုး တစ်ယောက်ဟာ
သစ်သားထိုင်ခုံ တစ်လုံးကို
ယူလာပေးခဲ့ပါတယ်။ ဇူဟုန်ဂူကလည်း သူ့ကို
ကျေးဇူးတင်စကား ပြောလိုက်ပြီး
ထိုင်လိုက်ပါတယ်။

"ဟုန်ဝူ၊ မင်းက လေဒီမုန့်နဲ့ မွေးထားခဲ့တဲ့သားဟာ၊ ငါ့ကို တကယ်ပဲ အံ့ဩစေခဲ့တယ်။" လျှမ်ပန်းဟာ အလွန်ကို ရွှင်ပျနေတဲ့ပုံ ပေါက်နေခဲ့ပြီး၊ သူငယ်ချင်း အရင်းအချာတွေ အတိုင်း ဇူဟုန်ဝူကို နာမည် အဖျားဆွတ်ပြီး ခေါ်လိုက်ကာ၊ ကေရာဇ်နဲ့ သုခမိန်တို့ရဲ့ အကြားက ရင်းနှီးတဲ့ ဆက်ဆံရေးကို ဖော်ပြလိုက်ပါတယ်။

ဇူဟုန်ဝူကတော့ တည်ငြိမ်စွာနဲ့ပဲ ပြန်ဖြေလိုက်ပါတယ်၊ "အရှင်မင်းမြတ်ရဲ့ ချီးကျူးမှုကို မခံယူဝံ့ပါဘူး။"

"ဒါက မထိုက်တန်တဲ့ ချီးကျူးမှု မဟုတ်ပါဘူး။" လျှမ်ပန်းက သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်ပြီး၊ "လေဒီယန့်နဲ့ ဝူလန်တို့က ငါကိုယ်တော်မြတ်ကို အခြေအနေ အသေးစိတ်ကို ပြောပြခဲ့ပြီးပြီ။ လေဒီယန့်က အရင်ကတည်းက ပြောထားတဲ့ အတိုင်းပဲ၊ မင်းသားရဲ့ ဆရာက သာမန်လူတော့ မဟုတ်ဘူးကွ။"

"ဝူလန်၊ အခြေအနေ အသေးစိတ်ကို ဟုန်ဝူကို ပြောပြလိုက်ပါဦး။"

ဇူဟုန်ဝူက မေဝူလန်နဲ့ ယန့်မင်းရွဲ့တို့ဘက်ကို လှည့်လိုက်ပါတယ်၊ "ကြည့်ရတာတော့ ကျန်းဟိုင်က လက်ဗလာနဲ့ ပြန်လာရတယ် ထင်တယ်။"

မေဝူလန်က ရိုသေစွာနဲ့ ပြန်ဖြေလိုက်ပါတယ်၊ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က ကျွန်တော်တို့ ထင်ထားတာထက်ကို ပိုပြီးတော့ သန်မာနေခဲ့ပါတယ်။" ပြီးတာနဲ့ သူက သူတွေ့ရှိခဲ့ သမျှကို ဇူဟုန်ဝူကို အသေးစိတ် ပြန်လည်ပြောပြခဲ့ပါတယ်။

ဇူဟုန်ဝူက ခေါင်းညိတ်လိုက်ကာ
တည်ငြိမ်စွာနဲ့ပဲ ပြန်ပြောလိုက်ပါတယ်၊
"ကုန်းကုန်းပြောခဲ့တဲ့အတိုင်း ဆိုရင်၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းဟာ
လေနတ်ဘုရားဂိုဏ်းနဲ့
အလင်းခေါ်မြန်ဂိုဏ်းတို့ထက်ကို ပိုပြီးတော့
အင်အားကြီးနေခဲ့ပြီး၊ သူ့ကို အမြစ်ဖြုတ်ဖို့
ဆိုတာက လွယ်ကူတဲ့ ကိစ္စမျိုးတော့
မဟုတ်နိုင်ဘူး။"

"သူတို့ဟာ ထူးခွန်ပြောင်မြောက်တဲ့
စွမ်းရည်တွေကို ပြခဲ့ပေမဲ့၊ ချို့ယွင်းချက်
အကြီးကြီးတွေတော့ ရှိသေးတာပဲ။"

## စာစဥ် ၁၃ : အပိုင်း ၁၄

## အပိုင်း ၂၂၄ : အလင်းဓားမြန်ဂိုဏ်း၏ အကျပ်ရိုက်မှု

ယန့်မင်းရွှဲ့နဲ့ လျှမ်ပန်းတို့ဟာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပါတယ်။ လျှမ်ပန်းက သိလိုစိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်၊ "အိုး? မင်းရဲ့ ထင်မြင်ချက်တွေကို ဝေမျှပါဦး။"

"အမိန့်အတိုင်းပါ၊ အရှင်မင်းမြတ်။" ဇူဟုန်ဝူက မတ်တတ်ရပ်လိုက်ပြီး ဦးညွှတ်လိုက်ပါတယ်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ အသန်မာဆုံး အချက်ဟာ သူ့ရဲ့ စွမ်းအားကြီးတဲ့ တာအိုနည်းစနစ်တွေနဲ့ စွမ်းရည်တွေကြောင့် မဟုတ်သလို၊ သူတို့ တပည့်တွေရဲ့ တိုက်ခိုက်နိုင်မှု စွမ်းရည်တွေဟာ ရွယ်တူတွေထက် အများကြီး ပိုမြင့်နေလို့လည်း မဟုတ်ပါဘူး။ ပြီးတော့ သူတို့ရဲ့ ဂိုဏ်းချုပ် လင်းဖုန်းရဲ့ အထင်ကြီးဖွယ်ရာ စွမ်းဆောင်ရည်တွေကြောင့်လည်း မဟုတ်ပါဘူး။"

"သူတို့ဂိုဏ်းရဲ့ တာအိုနည်းစနစ်နဲ့ စွမ်းရည်တွေဟာ အစွမ်းထက်ပြီး၊ တပည့်တွေကလည်း ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံမှု အဆင့်တွေနဲ့ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေကို ခုခံနိုင်တယ်ဆိုတာ မှန်ပေမဲ့၊ ဒါက ရေးက အစဉ်အလာ မရှိဖူးတဲ့ အရာမျိုး မဟုတ်ပါဘူး။ ကျွန်တော် သိထားသလောက်ဆိုရင်၊ ဒီလိုမျိုး စွမ်းဆောင်နိုင်တဲ့ ပါရမီရှင်တွေဟာ အရင်ကလည်း ပေါ်ခဲ့ဖူးပါတယ်။"

"ပြီးတော့လည်း ဒီတပည့်တွေက အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေကို စိန်ခေါ်နိုင်တာဟာ၊ သူတို့ရဲ့ဂိုဏ်းချုပ် လင်းဖုန်းက သူတို့ကို အခြေတည်ဝိညာဉ် အဆင့်က လက်နက်တွေကို ပေးထားပြီး၊ သူတို့ရဲ့ တိုက်ခိုက်နိုင်မှု စွမ်းရည်တွေကို တိုးမြှင့်ပေးလိုက်လို့လည်း ပါပါတယ်။

"သူတို့ဂိုဏ်းရဲ့ တာအိုနည်းစနစ်နဲ့ စွမ်းရည်တွေကို အထင်သေးလို့ မရသလို၊ သူတို့ရဲ့ စွမ်းအားတွေကို အရမ်းကြီး ပိုပြီးလည်း အထင်ကြီးဖို့ မလိုပါဘူး။

ဇူဟုန်ဝူရဲ့ အကြည့်တွေဟာ ပြတ်သားနေပြီး
သူ့ရဲ့လေသံကလည်း တည်ငြိမ်နေခဲ့ပါတယ်၊
"ဂိုဏ်းချုပ်ဖြစ်တဲ့ လင်းဖုန်း အနေနဲ့ကတော့၊
သူဟာ ကောင်းကင်နဲ့ မြေကြီးကို ဖြိုခွဲနိုင်ပြီး၊
လေဟာနယ် ပုံရိပ်ယောင်ကနေ
အရာဝတ္ထုတွေကို ဖန်ဆင်းနိုင်တာဟာ၊
အထင်ကြီးစရာ ကောင်းပြီး အင်မော်တယ်
ဝိညာဉ် စဦးပိုင်း အဆင့်က ကျင့်ကြံသူ
အချို့တောင် ဒီလိုမျိုး မလုပ်နိုင်ကြပါဘူး။
ဒါပေမဲ့လည်း ပိုပြီးတော့ အဆင့်မြင့်တဲ့
အင်မော်တယ် ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေကတော့ ဒီလိုမျိုး
စွမ်းဆောင်နိုင်ကြပါတယ်။"

"ကျွန်တော်မျိုး ရိုင်းသွားရင် ခွင့်လွှတ်ပါ၊ ဒါပေမဲ့ အရှင်မင်းမြတ်ကတောင် ဒီလိုမျိုး စွမ်းဆောင်နိုင်တာပဲ။"

လျှမ်ပန်းက ခေါင်းညိတ်လိုက်ပြီး ရယ်ရမ်းသွေးလိုက်ပါတယ်၊ "ဟုန်ဝူ၊ မင်းကိုယ်မင်းလည်း ဖော်ပြဖို့ မေ့နေခဲ့တယ်။"

ဇူဟုန်ဝူက ခေါင်းကိုခါလိုက်ပြီး၊ "ကျွန်တော်မျိုးက အရှင်မင်းမြတ်နဲ့ တစ်တန်းထဲ မထားရဲပါဘူး။"

လျှမ်ပန်းက ပြီးတာနဲ့၊ "ဒါပေမဲ့လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်ရဲ့ အခု ဖော်ပြထားခဲ့သလောက်က သူ့ရဲ့စွမ်းရည် အကုန် ဖြစ်ချင်မှဖြစ်မှာ။"

"အရှင်မင်းမြတ်ပြောတာ မှန်လှပါတယ်။ ကျွန်တော်ကလည်း ဒီလိုမျိုး တွေးမိပါတယ်။" ဇူဟုန်ဝူက ဆက်ပြီးမှ ပြောလိုက်ပါတယ်၊ "ဒါကြောင့်ပဲ ကျွန်တော်က ဒီဂိုဏ်းရဲ့ စွမ်းအားကို အသိအမှတ် ပြုတာပေါ့။ ဒီဂိုဏ်းခေါင်းဆောင်က အတော့်ကို လျှို့ဝှက်ဆန်းကြယ်လွန်းပြီး၊ သူ့ရဲ့ ကျင့်ကြံမှု

အဆင့်အတန်း အစစ်အမှန်ကို သိဖို့က ခဲယဉ်းလွန်းတယ်။"

"ဒါပေမဲ့လည်း ကျွန်တော်မျိုး အစက တင်ပြခဲ့တဲ့ အတိုင်းပဲ၊ ဒါတွေက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ထူးချွန်ပြောင်မြောက်တဲ့ အချက်တွေ ဖြစ်ပေမဲ့၊ ဒါက သူတို့ဂိုဏ်းရဲ့ အကြီးမားဆုံး လက်နက် မဟုတ်ပါဘူး။ သူတို့ဂိုဏ်းရဲ့ အဓိက လျှို့ဝှက်ဖဲချပ်က သူတို့ဂိုဏ်းရဲ့တောင်၊ ဒဏ္ဍာရီလာ ယုကျင်းတောင်ပဲ ဖြစ်ပါတယ်။"

ဇူဟုန်ဂူရဲ့ တည်ငြိမ်နေတဲ့ အကြည့်ဟာ နောက်ဆုံးမှာတော့ လှုပ်ရှားလာခဲ့ပြီး၊ "ဒီတောင်ဟာ တကယ့်ကိုပဲ အံ့သြဖွယ်ရာ ဆန်းကြယ်လွန်းလှတယ်။ ဂိုဏ်းရဲ့နေရာ တစ်ခုလုံးဟာ လေဟာနယ် ပုံရိပ်ယောင် အထဲက မတည်ငြိမ်တဲ့ လေစီးကြောင်းတွေရဲ့ အထဲကို ဝင်ရောက်နိုင်ပြီး၊ သူတို့ကို နောက်ယောင်ခံ လိုက်ဖို့ရာက မဖြစ်နိုင်သလောက်ပဲ။ ဒါကတော့ တန်ပြန်တိုက်ခိုက်ဖို့ ခက်ခဲလွန်းတဲ့၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ အစွမ်းအထက်ဆုံး လက်နက်ပဲ။"

စူတောင်ခေးဂိုဏ်းရဲ့ စူတောင်ပဲဖြစ်ဖြစ်၊ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ပိုင်ယွင်တောင်ပဲ ဖြစ်ဖြစ်၊ နောက်ဆုံး မဟာကျိုး အင်ပါယာရဲ့ ထျန်းကျင်းမြို့ပဲ ဖြစ်ဖြစ်၊ ဒီနေရာတွေ အားလုံးဟာ မလှုပ်ရှားနိုင်ပဲ နေရာကနေ ရွှေ့လျားနိုင်ခြင်း မရှိကြပါဘူး။

ထိုးဖောက်နိုင်ခြင်း ရှိတာမရှိတာကို ဘေးဖယ်ထားလိုက်ရင်၊ လူတွေက ဒီနေရာတွေကို တိုက်ခိုက်လိုစိတ် ရှိရင်တော့ လာပြီးတော့ တိုက်ခိုက်နိုင်ကြပါတယ်။

ယုကျင်းတောင် တစ်ခုတည်းသာ လေဟာနယ်
ပုံရိပ်ယောင်တွေရဲ့ အကြားမှာ
ဖုံးကွယ်ထားလို့ ရတာပါ။ အလွန်အမင်းကို
စိတ်ရှည်သည်းခံနိုင်တဲ့ သူတွေတောင်မှ
ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊
လင်းဖုန်းရဲ့ဂိုဏ်းကို နောက်ယောင်ခံဖို့က
မဖြစ်နိုင်ပါဘူး။

ကျန်တဲ့သူ သုံးယောက်သားကလည်း
သဘောတူညီလှစွာနဲ့ ခေါင်းတွေကို
ညိတ်လိုက်ကြပါတယ်။

ယုကျင်းတောင်နဲ့ မဟူရာကောင်းကင်
ရတနာသစ်ပင်တို့ရဲ့ ကြီးစိုးလွှမ်းမိုးနိုင်တဲ့
စွမ်းအားတွေကြောင့်၊ တကယ်လို့များ သူဟာ
လေဟာနယ်ရဲ့ အထဲကနေ ထွက်လာပြီး
မြေပြင်ပေါ်ကို ဆင်းသက်လာခဲ့ရင်တောင်၊
သူ့ကို ထိုးဖောက်နိုင်ဖို့ဟာ
ကောင်းကင်ဘုံပေါ်ကို တက်ရတာထက်ကို
ပိုပြီးတော့ ခက်ခဲမှာပါ။

လင်းဖုန်းက ယုကျင်းတောင်ကို ရွှေ့လျားဖို့သာ
ဆုံးဖြတ်ခဲ့မယ်ဆိုရင်၊ ဘယ်သူမှာ
တားဆီးနိုင်မှာ မဟုတ်ပါဘူး။
ယုကျင်းတောင်ကို တိုက်ခိုက်နိုင်ဖို့

ကြီးမြတ်တဲ့ ကျင့်ကြံသူတွေ
ဘယ်လောက်အထိ အဆုံးရှုံးခံရမလဲ
ဆိုတာကို ဘယ်သူက သိမှာလဲ?

ပြီးတော့ ယုကျင်းတောင်က
ပျောက်သွားပြီဆိုရင်၊ နောက်ထပ်တွေ့ရဖို့
ဖြစ်နိုင်ခြေ မရှိသလောက် ဖြစ်သွားပါပြီ။
သူကနောက်တစ်ခါက် ဘယ်နေရာမှာ
ပေါ်လာမလဲ ဆိုတာက၊ လင်းဖုန်းရဲ့
စိတ်အပေါ်မှာ လုံးလုံးလျားလျားကြီး
မူတည်နေပါတယ်။

ယန့်မင်းရှဲ့က တည်ငြိမ်စွာနဲ့ ၊ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို အနိုင်ယူဖို့ဆိုရင်၊ သူ့ရဲ့ခေါင်းဆောင်က ယုကျင်းတောင်ကို ကိုယ်တိုင် မောင်းနှင်လာပြီး၊ စူတောင်၊ ပိုင်ယွင်တောင်၊ ဒါမှမဟုတ် ထျန်းကျင်းမြို့ကို လာပြီးမှ သူသေကိုယ်သေ တိုက်ပွဲတစ်ခုကို ဆင်နွှဲမှပဲ ဖြစ်နိုင်မှာပဲ။ ဒါမှသာ သူတို့ကို အမြစ်ဖြတ်နိုင်ဖို့ အခွင့်အရေး ပါးပါးလေး ရှိမှာပဲ။"

"ဒါပေမဲ့လည်း ဒီအတွက် ပေးရမယ့် တန်ဖိုးကလည်း မနည်းမနော ရှိမှာပဲ။"

ဇူဟုန်ဝူက သူ့ရဲ့လက်သီးကို
ဆုပ်ကိုင်လိုက်ကာ တိုးတိုးလေး
ပြောလိုက်ပါတယ်၊ "သူ့ကသာ
တိုက်ခိုက်လိုတဲ့ စိတ်ဆန္ဒမျိုး မရှိခဲ့ရင်၊
လွယ်ကူမှာတော့ မဟုတ်ဘူး။ ဒါပေမဲ့လည်း
သူ့ရဲ့ လုပ်ပုံကိုင်ပုံတွေကို
ကြည့်ရသလောက်ဆိုရင်၊ သူဟာ တုံးအပြီး
စိတ်အား မထက်သန်တဲ့ လူမျိုး မဟုတ်ဘူး။
သူက တစ်ခုခုကို လိုချင်လို့ရှိရင်၊
ဦးနှောက်ပေါက်လုမတတ် စဉ်းစားပြီး
ရယူတတ်တဲ့ လူမျိုးပဲ။"

"ဒါကလည်း ဂိုဏ်းရဲ့ အကြီးမားဆုံး အားနည်းချက်ပဲ။ သူတို့ဟာ အခုအချိန်မှာ မိုးပေါ်က ကြယ်တွေလို ဖြစ်နေကြပေမဲ့၊ အခြေခံ အုတ်မြစ်က မခိုင်မာတော့ ပြိုလဲသွားနိုင်တာပဲ။ ဂိုဏ်းခေါင်းဆောင်က လွဲလို့ရှိရင်၊ ဂိုဏ်းထဲမှာ တခြား အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေ မရှိကြဘူး။ ဂိုဏ်းခေါင်းဆောင်က ကျရှုံးသွားတာနဲ့ တပြိုင်နက်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သွားပြီပဲ။"

စကားပြောနေရင်းနဲ့ ဇူဟုန်ဝူက သူ့ရဲ့ မျက်လုံးတွေကို မှိတ်လိုက်ပါတယ်၊ "သူက

ဘယ်လောက်ပဲ အစွမ်းထက်တယ် ပြောပြော၊
သူတစ်ယောက်ထဲ ရှိတာပဲ။
အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူက
နှစ်ယောက်ထဲရှိပြီး၊ ကျန်တဲ့သူတွေထဲမှာ
ရွှေရောင်ဗဟိုချက် အဆင့်က သုံးယောက်ပဲ
ရှိတယ်။ သူတို့ရဲ့ တိုက်ခိုက်နိုင်မှု
စွမ်းရည်တွေဟာ ထူးချွန်ပြောင်မြောက်တယ်
ဆိုပေမဲ့၊ သူတို့ရဲ့ ဂိုဏ်းခေါင်းဆောင်
ကိုယ်တိုင်ကတောင် အင်မော်တယ် ဝိညာဉ်
အဆင့်က ကျင့်ကြံသူတွေ
လေးငါးယောက်လောက်ရဲ့ ချောင်ပိတ်
တိုက်ခိုက်ခြင်းကို ခံရမယ်ဆိုရင်
အရှုံးပေးရမှာပဲ။

"ကျွန်တော်တို့ စဉ်းစားရမှာက သူ့ဟာ မြင့်မြတ်သောတောင်ကို အသုံးပြုပြီး ထွက်ပြေးသွားမှာကို ဘယ်လိုလုပ်ပြီး တားဆီးမလဲ ဆိုတာကိုပဲ။"

လျှမ်ပန်းက သူ့ပုလ္လင်ရဲ့ လက်ကိုင်ကို ညင်သာစွာနဲ့ ခေါက်နေခဲ့ပြီး စဉ်းစားနေခဲ့ပါတယ်၊ "ငါတို့ရဲ့ မူလ နည်းဗျူဟာကိုတော့ မပြောင်းဘူး။ ငါတို့က အဝေးက ဂိုဏ်းတွေနဲ့ ချစ်ကြည်ရေး ယူထားပြီး၊ အနီးက သူတွေကို တိုက်ခိုက်ရမယ်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ မိတ်ဖွဲ့ထားပြီး၊

စူတောင်ခေါးဂိုဏ်းနဲ့ မဟာချင်
အင်ပါယာတို့ကို တိုက်ခိုက်ရမယ်။"

"ဒီအကြံအစည်မှာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ စွမ်းအားဟာ၊
ငါတို့အတွက် ကြီးမားစွာ
အသုံးဝင်လာလိမ့်မယ်။"

ဇူဟုန်ဝူနဲ့ မေဝူလန်တို့ဟာ တပြိုင်နက်ထဲ
ပြန်ပြောလိုက်ကြပါတယ်၊ "အရှင်မင်းမြတ်ရဲ့
အမိန့်တော် အတိုင်းပါ။"

မေဂူလန်က အချိန် အနည်းငယ်လောက် ချီတုံချတုံ ဖြစ်သွားခဲ့ပြီး ပြောလိုက်ပါတယ်၊ "ကျွန်တော်မျိုးဟာ အံ့ဖွယ်ကောင်းကင်ဘုံ ဂိုဏ်းခေါင်းဆောင်က တခြား အကြံအစည်တွေ ရှိဦးမယ်လို့ ထင်ပါတယ်။ သူက စူတောင်ရဲ့ လီရှုံမာစတာ ခုန်းယန်ကို ချမ်းသာပေးလိုက်ပြီး၊ သူ့ကို ကောင်းကင်မာစတာ ခေးဂိုဏ်းကို ပေးလိုက်ပါတယ်။ သူ့ကိုကြည့်ရတာ တစ်ခုခုကို ကြံစည်နေသလိုပဲ။"

လျှမ်ပန်းက ပြုံးလိုက်ပြီး၊ "သူက ငါတို့ရဲ့ ပွန်းအဖြစ်ကို လွယ်လွယ်နဲ့တော့

လုပ်မှာမဟုတ်ဘူး။ ဒါပေမဲ့လည်း ခုန်းယန်ရဲ့ အခြေတည်ဝိညာဥ်ကို ကောင်းကင်မာစတာ ခေါ်ဂိုဏ်းကို ပေးလိုက်တာက၊ စိတ်ဝင်စားစရာ ကောင်းတဲ့ ရွှေ့ကွက်တစ်ခုပဲ။ သူ့ကိုကြည့်ရတာ ကောင်းကင်ကိုးလွှာ ခေါ်မဟာမိတ် အဖွဲ့ကို အထဲကနေ ဖြိုခွဲချင်နေတယ်နဲ့ တူပါတယ်။"

"သူက ကျွန်တော်တို့ရဲ့ ပွန်းဖြစ်မဖြစ် ဆိုတာက သူ့ရဲ့အပေါ်မှာ မမူတည်နေပါဘူး။" ရှုဟုန်ဝူက ဖြေးဖြေးခြင်းပဲ၊ "ဒါက ဘယ်သူ့ရဲ့ နည်းဗျူဟာက အထက်တန်း ပိုကျသလဲ ဆိုတာရဲ့ အပေါ်မှာ မူတည်နေတာပဲ။"

ယန့်မင်းရွဲ့ဟာ လျှမ်ပန်းနဲ့ ဇူဟုန်ဝူတို့ကို ကြည့်လိုက်ကာ ဖွဖွလေး ပြုံးလိုက်ပြီး၊ သူမရဲ့ စိတ်ထဲမှာ အတွေးတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်၊ "ဇူဟုန်ဝူ၊ ရှင့်ရဲ့ နည်းဗျူဟာတွေဟာ လင်းဖုန်းလောက်တော့ အလုပ်မဖြစ်ဘူး ထင်တယ်။ လင်းဖုန်း၊ ရှင်က ဒီတစ်ချိန်မှာ ဘာတွေလုပ်ပြနိုင်မှာပါလိမ့်?"

***************

မဟာချင် အင်ပါယာရဲ့ အရှေ့တောင် ဒေသက ယွင်ဟွမ်တောင်ရဲ့ အဓိက တောင်ထိပ်ဖြစ်တဲ့

ရှင်းယွင်တောင်ရဲ့ အပေါ်မှာ၊
ကောင်းကင်ကိုးလွှာ ခါးမဟာမိတ် အဖွဲ့ထဲမှာ
အဖွဲ့ဝင်ဖြစ်တဲ့ အလင်းခါးမြန်ဂိုဏ်းရဲ့
ဌာနချုပ်ဟာ တည်ရှိနေခဲ့ပါတယ်။

ဒီတောင်ထိပ်ပေါ်မှာ အဖြူရောင် ဝတ်စုံနဲ့
မိန်းကလေး တစ်ယောက်ဟာ ဂူတစ်ဂူထဲမှာ
တင်ပုလ္လင်ခွေ ထိုင်နေခဲ့ပါတယ်။ သူမရဲ့
မျက်နှာသွင်ပြင်ဟာ ချောမောလှပကာ၊ သူမရဲ့
နူးညံ့တဲ့ နားရွက်ကနေ
ကျောက်စိမ်းနားဆွဲလေး တစ်ခုဟာ
တွဲလောင်းကျနေခဲ့ပြီး၊ သိမ်မွေ့စွာ

ယမ်းခါနေခဲ့ကာ သာယာနာပျော်ဖွယ်
အသံတစ်ခုကို ထုတ်လွှတ်ပေးနေခဲ့ပါတယ်။

သိမ်မွေ့တဲ့ ခေါးအလင်းတန်း တစ်ခုဟာ သူမရဲ့ ကိုယ်ပေါ်မှာ အဆက်မပြတ် လှည့်လည်နေခဲ့ပြီး၊ ဖြေးညင်းစွာနဲ့ သူမရဲ့ ကျောပေါ်က ခေါးအိမ်ထဲကို ပြန်လည်ဝင်ရောက် သွားခဲ့ပါတယ်။

"ကောင်းတယ်၊ ယန်ရန်၊ နင်က ဒီခေါးနည်းစနစ်ရဲ့ အနှစ်သာရကို ဖြေးဖြေးချင်း ဆုပ်ကိုင်နေနိုင်ပြီပဲ။" ရုပ်ရည်အဆင်း တင့်တယ်လှပတဲ့ သက်လတ်ပိုင်း အမျိုးသမီး

တစ်ယောက်ဟာ အဖြူရောင် မိန်းကလေးရဲ့ အနားကို ရောက်လာပြီး ပြုံးလိုက်ကာ ပြောလိုက်ပါတယ်၊ "မင်းက အချိန်စီးဆင်းမှု ပိုမြန်တဲ့ မြင့်မြတ်တဲ့ အဆောင်မှာ အချိန်တွေကို လုံးဝ မဖြုန်းတီးခဲ့ဘူးပဲ။"

အဖြူရောင် ဝတ်စုံနဲ့ မိန်းကလေးဟာ မုယုံယန်ရန်ပဲ ဖြစ်ပါတယ်။ သူမရဲ့ ကလေးဆန်တဲ့ အမူအရာတွေဟာ ပျောက်ကွယ်သွားပြီဖြစ်ပြီး၊ သူမရဲ့ မျက်နှာဟာ ရင့်ကျက်ပြီး တောက်ပနေခဲ့ပါတယ်။

သူမဟာ သက်လတ်ပိုင်း မိန်းမချောကို တွေ့လိုက်ရတော့ ပြုံးလိုက်ပြီး နှုတ်ဆက်လိုက်ပါတယ်၊ "ဆရာသခင်!"

ဒီသက်လတ်ပိုင်း အမျိုးသမီးဟာ ထုန်းလင် သီလရှင်ဖြစ်ပြီး၊ အလင်းခေးမြန်ဂိုဏ်းရဲ့ ထူးချွန်တဲ့ ရွှေရောင် ဗဟိုချက် အဆင့်က ကျင့်ကြံသူ တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူမက ပြုံးလိုက်ပြီး မုယုံယန်ရန်ကို ကြည့်လိုက်ကာ တွေးနေခဲ့ပါတယ်၊ "ယန်ရန်ရဲ့ ပင်ကိုစွမ်းရည်ဟာ တကယ့်ကို ထူးချွန် ပြောင်မြောက်လှပါတယ်။ ဒီလိုအချိန် အနည်းငယ် အတွင်းမှာပဲ၊ အခြေခံ အုတ်မြစ် အလယ်အလတ် အဆင့်ကို ရောက်သွားပြီ။

ကြည့်ရတာ ရှောင်ယန်နဲ့ တိုက်ပွဲအတွက်ကို
စိတ်ပူစရာ မလိုတော့ဘူးနဲ့ တူတယ်။"

ဒီအကြောင်း တွေးနေရင်းနဲ့
ထုန်းလင်သီလရှင်ဟာ ပြုံးလိုက်ပြီး၊
မုယုံယန်ရန်ကို သူမရဲ့ နည်းစနစ်တွေနဲ့
ပတ်သက်ပြီး လိုအပ်တဲ့ နေရာတွေကို
ထောက်ပြပေးလိုက်ကာ၊ သူမရဲ့ အခန်းထဲကို
ပြန်သွားခဲ့ပါတယ်။

သူမက မထိုင်ရသေးခင်မှာပဲ
ထုန်းလင်သီလရှင်ဟာ၊ သူမရဲ့ ဆရာဖြစ်တဲ့
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာရဲ့

အသံလွှင့်တာကို လက်ခံရရှိခဲ့ပါတယ်။
"ဆရာက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ဖွင့်ပွဲကို သတင်း သွားထောက်လှမ်းတာကနေ
ပြန်ရောက်လာပြီလား?"
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ
ခွန်းလွန်တောင်ခြေ မြောက်ပိုင်းမှာ
အတော်လေး ရုတ်ရုတ်သဲသဲ ဖြစ်စေခဲ့ပေမဲ့၊
ငါတို့ အလင်းဓားမြန်ဂိုဏ်းရဲ့ နှစ်ပေါင်း
ထောင်နဲ့ချီတဲ့ အတွေ့အကြုံကို
ယှဉ်နိုင်မှာတော့ မဟုတ်ပါဘူး။
ခွန်းလွန်တောင်၊ ခွန်းလွန်တောင်၊ သူတို့က
လေနတ်ဘုရားဂိုဏ်းရဲ့ တိုက်ခိုက်မှုကို
အရင်ခံနိုင်မလား ဆိုတာကို
ကြည့်ရသေးတာပေါ့။"

သူမက ဒီအကြောင်းကို စဉ်းစားနေရင်းနဲ့ပဲ၊ ထုန်းလင် သီလရှင်ဟာ မိုးပြာရောင် တိမ်တိုက် ဂရန်းမာစတာရဲ့ နေရာကို ရောက်လာခဲ့ပါတယ်။ သူမရဲ့ ဂရန်းမာစတာကို တွေ့လိုက်တော့ သူမဟာ ဦးညွှတ်ပြီးမှ နှုတ်ဆက်လိုက်ပါတယ်၊ "မင်္ဂလာနံနက်ခင်းပါ၊ ဆရာသခင်။"

သူမကို ကျောပေးထားတဲ့ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ အရှေ့ကို ပြန်လှည့်လာခဲ့ပါတယ်။ သူ့ရဲ့ အမူအရာကို မြင်လိုက်ရတော့

ထုန်းလင်သီလရှင်ဟာ တော်တော့်ကို
အံ့ဩတုန်လှုပ်သွားခဲ့ပါတယ်။

သူမဟာ သူမရဲ့ ဆရာကို ဒီလောက်အထိ
ဒုက္ခရောက်နေတဲ့ ပုံစံမျိုး တစ်ခါမှ
မတွေ့ဖူးပါဘူး။

"ဆရာသခင်..." ထုန်းလင်သီလရှင်ဟာ
ဘာပြောရမှန်းမသိ ဖြစ်နေခဲ့ပါတယ်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ
သက်ပြင်းတစ်ချက် ချလိုက်ပြီး

မေးလိုက်ပါတယ်၊ "ဟိုကောင်မစုတ်လေး ယန်ရန်ရဲ့ ကျင့်ကြံမှုအဆင့်က ဘယ်လိုရှိသလဲ?"

သူက မုယုံယန်ရန်ရဲ့ အကြောင်းကို မေးလိုက်တော့၊ ထုန်းလင်သီလရှင်ဟာ အားတက်လာခဲ့ပြီး တောက်ပစွာ ပြုံးလိုက်ကာ၊ "မြင့်မြတ်တဲ့ အဆောင်မှာ တံခါးပိတ် လေ့ကျင့်ပြီးနောက်မှာ၊ ယန်ရန်ဟာ သူမရဲ့ စိတ်ဝိညာဉ် တာဝါကို အောင်မြင်စွာနဲ့ ထူထောင်နိုင်ခဲ့ပြီး၊ အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်ကို ရောက်ရှိသွားခဲ့ပါပြီ။"

"ပြီးတော့၊ သူမဟာ အဆင့်နှစ် စိတ်ဝိညာဉ်တာဝါကို ထူထောင်နိုင်ခဲ့တာပါ!"

ထုန်းလင်သီလရှင်ဟာ ဂုဏ်ယူမယ်ဆိုရင်လည်း ဂုဏ်ယူလောက်ပါတယ်။ အချိန်စီးဆင်းမှု မြန်ဆန်တဲ့ မြင့်မြတ်သောအဆောင်မှာ လေ့ကျင့်တဲ့ အချိန်ကိုပါ ထည့်ပေါင်းလိုက်ရင်၊ မုယုံယန်ရန်ဟာ အသက် ၂၀တောင် မပြည့်သေးပါဘူး။

သူမဟာ ဂိုဏ်းကိုရောက်တာ ဆယ်နှစ်တောင် မပြည့်သေးပဲ၊ စိတ်ဝိညာဉ် တာဝါကို ထူထောင်ပြီးသား ဖြစ်နေခဲ့ကာ၊ အလင်းခါးမြန်ဂိုဏ်းရဲ့ လက်ရှိမျိုးဆက်မှာ အထူးချွန်ဆုံး သူတွေထဲမှာ တစ်ယောက် အပါအဝင် ဖြစ်ပါတယ်။

အထူးသဖြင့် သူမ ထူထောင်ထားတဲ့ စိတ်ဝိညာဉ် တာဝါဟာ အဆင့်၂ ရှိပါတယ်။ ဒါက ဘာကို ဆိုလိုနေသလဲ ဆိုတော့၊ သူမဟာ အနာဂတ်မှာ ခရမ်းရောင် ဆေးလုံးကို ဖော်ဆောင်နိုင်ဖို့ ကောင်းမွန်တဲ့ အခွင့်အလမ်းတွေ ရှိတာပါ။ ဒါက အလင်းခါးမြန်ဂိုဏ်းအတွက် အလွန်အမင်းကို

အကျိုးရှိတဲ့ စွမ်းဆောင်မှုတစ်ခုလို့ ပြောလို့ရပါတယ်။

ဒီသတင်းကို ကြားရရင် သူမရဲ့ ဆရာဟာ ဝမ်းသာအားရ ဖြစ်သွားလိမ့်မယ်လို့ ထုန်းလင်သီလရှင်က တွေးထားခဲ့ပေမဲ့၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ မျက်မှောင်ကြီးကို ပိုကြုတ်လိုက်ပြီးတော့ ခါးသီးစွာနဲ့ ရယ်လိုက်ပါတယ်။
"အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်၊ ဟင်း၊ အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်… အချိန်သုံးနှစ်ကလည်း မကြာခင် ပြည့်တော့မယ်၊ ငါတို့ဘာများ လုပ်ရပါ့မလဲ?"

ထုန်းလင်သီလရှင်ဟာ နှလုံးခုန် မှားသွားခဲ့ပြီး၊ "သုံးနှစ် အချိန်းအချက်... ဆရာသခင်၊ ရှောင်ယန်ကရော အတော်ကြီး တိုးတက်လာတာလား? သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှာ ဘာတွေများ လုပ်ခဲ့သလဲ?"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာရဲ့ မျက်နှာဟာ မုန့်ကြိုးလိမ်လိုမျိုး တွန့်လိမ်သွားခဲ့ကာ၊ မချိပြုံး ပြုံးလိုက်ပြီး သက်ပြင်းတွေကိုသာ ဆက်တိုက်ချလိုက်ကာ၊ စကားဆက်ပြောဖို့ အင်အားမရှိတော့ပါဘူး။

ထုန်းလင်သီလရှင်ဟာ အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီး၊ "သူ့ရဲ့လက်ရှိ ကျင့်ကြံမှု အဆင့်က ဘယ်လောက်လဲ? အခြေခံအုတ်မြစ် နောက်ဆုံးအဆင့်လား? ဒီလိုဆိုရင် ကျွန်မက ယန်ရန်ကို ရွှေရောင် ဗဟိုချက် အဆင့်က လက်နက်တစ်ခုကို ပေးလိုက်ရင် နိုင်ဖို့ အခွင့်အရေး ရှိသေးတာပဲ..."

သူမရဲ့ စကားတောင် မဆုံးသေးဘူး၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ သူ့ရဲ့လက်ကို မြှောက်လိုက်ပြီး သူမကို ဖြတ်ပြောလိုက်ပါတယ်၊ "ရှောင်ယန်က

ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်သွားပြီ၊ ပြီးတော့ သူ့ရဲ့ မှော်စွမ်းအင် လှုပ်ရှားမှုတွေ အရဆိုရင် ခရမ်းရောင် ဆေးလုံးဆိုတာက သံသယဖြစ်ဖွယ် မရှိဘူး။"

ထုန်းလင်သီလရှင်ဟာ အမတန်ကို အံ့သြတုန်လှုပ်သွားခဲ့ပြီး၊ သူမရဲ့ ပုံပျက်သွားမှာကိုတောင် ဂရုမစိုက်နိုင်တော့ပဲ ပါးစပ်အဟောင်းသား ဖြစ်နေခဲ့ပါတယ်။ "ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ?! ယန်ရန်ရဲ့ ပင်ကိုစွမ်းရည်နဲ့ သူမက အလင်းခားမြန်ဂိုဏ်းမှာ အဆက်မပြတ် လေ့ကျင့်နေတာတောင်၊ အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်မှာပဲ ရှိသေးတာ။

ဟိုကောင်စုတ်လေးက ဘယ်လိုလုပ်ပြီး ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်သွားရတာလဲ?"

"ပြီးတော့လည်း ဒီကောင်စုတ်လေးက ဒီလောက် ငယ်ငယ်လေး ရှိသေးတာ။ သူက ဒီသုံးနှစ် အတွင်းမှာ အချိန်ကို အဆ တစ်ထောင်၊ တစ်သောင်းလောက် ပိုမြန်တဲ့ နေရာမှာ လေ့ကျင့်နေတာလား? ဒီလိုမျိုး နေရာရော အပြင်မှာ ရှိပါ့မလား?"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက သူမကို စိတ်ရှုပ်ထွေးစွာနဲ့ ကြည့်လိုက်ပြီး

ပြောလိုက်ပါတယ်၊ "ဒါတင် မကသေးဘူး၊ သူလေ့ကျင့်ထားတဲ့ တာအိုနည်းစနစ်တွေနဲ့ စွမ်းရည်တွေကလည်း အရမ်းကို အစွမ်းထက်တာပဲ။ သူက မဟာသူရိယ အကြွင်းမဲ့ မီးတောက်နဲ့ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်ကိုပါ ထိန်းချုပ်နိုင်သေးတယ်။ သူ့ရဲ့ တိုက်ခိုက်နိုင်မှု စွမ်းရည်ဟာ လက်ရှိ ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူတွေ အားလုံးနီးပါးကို အနိုင်တိုက်နိုင်တယ်။"

သူက ထုန်းလင်သီလရှင်ကို စိုက်ကြည့်နေပြီး မှုန်မှိုင်းစွာနဲ့ ပြောလိုက်ပါတယ်၊ "အဲ့ဒီအထဲမှာ နင်လည်းပါတယ်။"

ထုန်းလင်သီလရှင်ဟာ ကိုးရိုးကားယား ဖြစ်လှစွာနဲ့ သူမရဲ့ ဆရာကို အံ့သြတကြီး ကြည့်လိုက်ပါတယ်။ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာကလည်း အားတင်းပြီး ခါးသီးစွာနဲ့ ရယ်လိုက်ပါတယ်။ သူ့ဆီမှာ အခြေတည် ဝိညာဥ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ရဲ့ မာနတွေ ရှိနေသေးပြီး၊ သူပြောလို့မရတဲ့ တချို့အရာတွေ ရှိနေသေးပါတယ်။

ရှောင်ယန်နဲ့ မာစတာ ဆိုင်ကလုန်းတို့ရဲ့ တိုက်ပွဲကို ကြည့်လို့အပြီးမှာ၊

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ သူကိုယ်တိုင်ကတောင် ရှောင်ယန်ကို အနိုင်တိုက်နိုင်မလား ဆိုတာကို ယုံကြည်မှု အပြည့်အဝ မရှိခဲ့ပါဘူး။ သူက နိုင်ခဲ့မယ် ဆိုရင်တောင်မှ၊ နှစ်ဦးနှစ်ဘက်စလုံး ဒဏ်ရာ အပြင်းအထန် ရပြီးမှ ပွတ်ကာသီကာ နိုင်နိုင်မှာပါ။

ဒါမှမဟုတ်ရင် သူကဘာဖြစ်လို့ ဒီလိုမျိုး စိုးရိမ်နေဖို့ လိုမှာလဲ?

တပည့်တစ်ယောက်က တစ်စုံတစ်ယောက်ကို စိန်ခေါ်ထားတယ် ဆိုပါစို့၊ သူမရဲ့

ဆရာကတောင် သူ့ပြိုင်ဘက်ကို
မနိုင်နိုင်ဘူးဆိုရင်၊ လခွမ်း၊ သူမရဲ့ ဂရန်း
မာစတာကတောင် သူမရဲ့ ပြိုင်ဘက်ကို
အနိုင်တိုက်နိုင်ဖို့ ယုံကြည်ချက် မရှိဘူးဆိုရင်၊
ဒီလိုမျိုး ရူးမိုက်တဲ့ စိန်ခေါ်မှုကို ပြုလုပ်တာ
ဘာအဓိပ္ပာယ် ရှိမှာလဲ?

ထုန်းလင်သီလရှင်ဟာ နေမကောင်းပဲ
မူးဝေနေသလိုမျိုး ခံစားနေခဲ့ရပြီး၊
အချိန်အတော်ကြီး ကြာမှသာ စိတ်နဲ့လူနဲ့
ပြန်ကပ်နိုင်ခဲ့ပါတယ်။ သူမက
အသက်ပြင်းပြင်း ရှူက်လိုက်ပြီး၊ "ယန်ရန်နဲ့
ဟိုကောင်စုတ်လေးနဲ့ တိုက်ပွဲရဲ့

လောင်းကြေးစားကြေးက၊ သူမက
ရှုံးသွားလို့ရှိရင် သူ့ရဲ့ အစေခံ ဖြစ်သွားမှာ။
အလင်းခါးမြန်ဂိုဏ်းက ဒီလိုမျိုး
အရှက်အကွဲခံလို့တော့ မဖြစ်ဘူး!"

"ကျွန်မတို့က နည်းလမ်းတစ်ခုရှာပြီးတော့
ဒီလိုမျိုး မဖြစ်အောင် လုပ်မှရမယ်!"

## စာစဥ် ၁၃ : အပိုင်း ၁၅

## အပိုင်း ၂၂၅ : လျှို့ဝှက်ဆန်းကြယ်သော ဆေးခန်းမဆောင်

ထုန်းလင်သီလရှင်ဟာ ထပ်ခါထပ်ခါ ရွတ်ဆိုနေခဲ့ပါတယ်၊ "ဒီလိုမဖြစ်အောင် နည်းလမ်းတစ်ခု ရှာရမယ်၊ ဒီလိုမဖြစ်အောင် နည်းလမ်းတစ်ခု ရှာရမယ်၊ ဒီလိုမဖြစ်အောင် နည်းလမ်းတစ်ခု ရှာရမယ်!"

သူမက ခေါင်းကို ရုတ်တရက် မော့လိုက်ပြီး၊ "ဆရာ၊ တကယ်လို့များ တခြားနည်းလမ်း မရှိခဲ့ရင်၊ ကျွန်မတို့က ဟိုကောင်စုတ်လေး လာခဲ့လို့ရှိရင် မညှိနှိုင်းခင်မှာ ကြိုတင်ပြင်ဆင်မှု တချို့ လုပ်ထားရမယ်။ သူကစပြီး လောင်းကြေးကို ဖျက်သိမ်းလိုက်ရင်တော့၊ ကျွန်မတို့က

လျှော်ကြေး ကောင်းကောင်းလေး
ပေးလိုက်တာပေါ့။"

သူမက ပြောနေရင်းနဲ့ မျက်လုံးအစုံဟာ
ရက်စက်တဲ့ အငွေ့တွေ ထင်ဟပ်လာခဲ့ကာ၊
"သူက လက်မခံလို့ ရှိရင်တော့၊ သူ့ကို
ရှင်းယွင်တောင်ပေါ်မှာ
ပိတ်လှောင်ထားရမှာပေါ့!"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက
သက်ပြင်းအရှည်ကြီး တစ်ချက်ကို ချလိုက်ပြီး၊
"ဒါကလည်း အလုပ်ဖြစ်မှာ မဟုတ်ဘူး။"

ထုန်းလင်သီလရှင်ဟာ မတည်မငြိမ် ဖြစ်သွားခဲ့ပြီး၊ "ဆရာသခင်!"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက သူ့ရဲ့ခေါင်းကို ခါလိုက်ရင်း၊ "ငါက မင်းရဲ့နည်းလမ်းက မှားနေတယ်လို့ပြောတာ မဟုတ်ဘူး။ မင်းရဲ့နည်းလမ်းက ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။"

ထုန်းလင်သီလရှင်က စဉ်းစားရခက်သွားပြီး၊ "ဘာဖြစ်လို့များလဲ?"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက ရှကျိုးမြို့ပြင်က လွင်ပြင်တိုက်ပွဲ အကြောင်းကို အကျဉ်းချုံးပြီး ပြောပြလိုက်တော့၊ ထုန်းလင်သီလရှင်ဟာ အံ့အားသင့်သွားခဲ့ပါတယ်။ သူမဟာ ငိုတာထက်တောင် ပိုပြီးမှ ကြည့်ရဆိုးတဲ့ အပြုံးမျိုးကို ပြုံးလိုက်ပြီး၊ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက လူတွေက ဘယ်ကမ္ဘာကများ လာကြတာလဲ?"

"ဒီလိုသာ ဆိုရင်တော့၊ ယန်ရန်ရဲ့ လောင်းကြေးဟာ ရှုံးဖို့ သေချာသွားရုံတင် မကပဲ၊ အလင်းခေါးမြန် ဂိုဏ်းကလည်း

တစ်ကမ္ဘာလုံးရဲ့ တံတွေးရေခွက်ထဲမှာ မျောတော့မှာပဲ!"

တကယ်လို့များ မုယုံယန်ရန်ကသာ သာမန်တပည့် ဖြစ်ခဲ့မယ် ဆိုရင်တော့၊ ဒီကိစ္စဟာ ဒီလောက်အထိ ကြီးကျယ်သွားမှာ မဟုတ်ပဲ၊ လျှို့ဝှက်ဖြေရှင်းလို့ရမှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ပြီးခဲ့တဲ့ သုံးနှစ်အတွင်းမှာ၊ မုယုံယန်ရန်ဟာ ထုန်းလင်သီလရှင်နဲ့ နေရာတကာကို လိုက်သွားခဲ့ပြီး၊ ကောင်းကင်ကိုးလွှာ ခေးမဟာမိတ်

အဖွဲ့မှာရော မဟာချင် အင်ပါယာမှာပါ၊
သူမဂိုဏ်းရဲ့ မျိုးဆက်ထဲမှာ အတောက်ပဆုံး
ကြယ်ပွင့်တစ်ပွင့်အဖြစ်
နာမည်ကျော်ကြားနေခဲ့တာပါ။

တကယ်လို့များ ဒီလိုမျိုး တပည့်ဟာ
သူတစ်ပါးကို ရှုံးနိမ့်သွားပြီး အစေခံ
ဖြစ်သွားမယ်ဆိုရင်၊ အလင်းခေးမြန်ဂိုဏ်းဟာ
လုံးဝကို အရှက်ကွဲမှာပဲ ဖြစ်ပါတယ်။

ပြီးတော့လည်း အရင်တုံးက မုယုံယန်ရန်ဟာ
ရောင်ယန်ကို အသုံးမကျတဲ့ အမှိုက်ဆိုပြီး၊
သူနဲ့စေ့စပ်ပွဲကို အားသုံးပြီး ဖျက်သိမ်းခဲ့တာပါ။

အခုအချိန်မှာတော့ သူမက အမှိုက်လို့
ထင်ခဲ့တဲ့သူက ထူးချွန်ပြောင်မြောက်တဲ့
ပါရမီရှင်တစ်ယောက် ဖြစ်လာပြီး၊ သူမကို
အမှန်ချစ်နိုင်တဲ့သူ ဖြစ်လာခဲ့ပါတယ်။
တကယ်လို့မျာ ဒီအဖြစ်ကို အပြင်ကမ္ဘာက
သိသွားကြရင်၊ မုယုံယန်ရန်ရဲ့
မျက်နှာပျက်ရုံတင် မကပဲ
အလင်းခေးမြန်ဂိုဏ်းရဲ့ မျက်နှာကိုပါ
အိုးမည်းသုတ်သလိုမျိုး ဖြစ်သွားမှာပါ။

တကယ်လို့များ ရှောင်ယန်ဟာ
ကိုယ့်ဘာသာကိုယ်ပဲ အားကိုးပြီး
ကျော်ထောက်နောက်ခံ မရှိခဲ့ရင်၊

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ ထုန်းလင်သီလရှင်ရဲ့ အကြံကို ငြင်းပယ်မှာ မဟုတ်ပါဘူး။ အမှန်အတိုင်းပြောရရင် ဒီအကြံဟာ ဒီအဘိုးကြီးရဲ့ ခေါင်းထဲမှာလည်း အကြိမ်ကြိမ် ပေါ်လာခဲ့တာပါ။

ဒါပေမဲ့လည်း လင်းဖုန်းရဲ့ ပြန်လည်တိုက်ခိုက်ပုံ အမျိုးမျိုးကို ပြန်လည် စဉ်းစားမိတာနဲ့ သူ့ဟာ ကျောချမ်းနေခဲ့ပါတယ်။

ဒါပေမဲ့လည်း ရှောင်ယန်ကို ဒီအတိုင်းပဲ မုယုံယန်ရန်ကို အနိုင်ပေးတိုက်ပြီး၊

အစေခံအဖြစ် ခေါ်သွားခွင့် ပြုရမှာကို၊
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက
ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပါဘူး။

သူကလည်း သူ့ကိုယ်သူ ရေရွတ်နေခဲ့ပါတယ်၊
"နည်းလမ်းတစ်ခုရှာစမ်း၊ နည်းလမ်းတစ်ခု
ရှာစမ်း။"

အချိန်အတော်ကြီး ကြာပြီးနောက်မှာ၊ သူ့ရဲ့
မျက်လုံးတွေဟာ မျှော်လင့်ချက်တွေနဲ့
အရောင်တောက်လာခဲ့ပါတယ်။

"ဒီအကြံက အလုပ်ဖြစ်မယ် ထင်တယ်။"
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ
စဉ်းစားခန်းကို ရပ်လိုက်ပြီး၊ သူ့ရဲ့ ရှုံ့မဲ့နေတဲ့
မျက်နှာကလည်း ပြန်လည်ကြည်လင်
လာခဲ့ပါတယ်။ သူဟာ မျက်မှောင်ကြီးကို
မကြုတ်ထားတော့ပဲ၊ ဂန္ဓမာပန်းလိုမျိုး
လန်းဆန်းလာခဲ့ပါတယ်။

ထုန်းလင်သီလရှင်ကလည်း သူမရဲ့ဆရာကို
ကြည့်လိုက်ကာ တွေးရခက်သွားခဲ့ပြီး၊ "ဆရာ၊
ဘာအကြံကောင်းတွေများ ရသွားပြီလဲ?"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ သူမကို စိုက်ကြည့်လိုက်ပြီး သူ့ကိုယ်သူ တွေးလိုက်ပါတယ်၊ "အရင်ဆုံးတော့ ထုန်းလင်သီလရှင်ကို ဆရာတစ်ယောက် အနေနဲ့ မုယုံယန်ရန်ကို သေချာရှင်းပြခိုင်းရမယ်။" ပြီးတာနဲ့ သူ့ရဲ့အကြံကို အသေးစိတ် ရှင်းပြလိုက်ပါတယ်။

ထုန်းလင်သီလရှင်ဟာ သူ့ရဲ့အကြံကို ကြားလိုက်တာနဲ့၊ မှင်သက်သွားခဲ့ကာ ချီတုံချတုံ ဖြစ်သွားခဲ့ပါတယ်၊ "ဆရာ၊ ဒီလိုဆိုရင်..."

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက တည်ငြိမ်စွာနဲ့၊ "ဘာမှကြောက်စရာ မလိုပါဘူး။ ငါ့ရဲ့အမိန့်တွေ အတိုင်းသာ လိုက်ပြီးတော့လုပ်ပါ။"

ထုန်းလင်သီလရှင်ဟာ ထွက်သွားတော့မှ သူ့ဟာ သက်ပြင်းချလိုက်ပါတယ်၊ "ဒီအကြံက အောင်မြင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ။"

"ရှောင်ယန်၊ ဟင်း၊ မင်းက ဘာဖြစ်လို့ လင်းဖုန်းကိုမှ ဆရာသွားတော်လိုက်ရတာလဲကွာ?"

***************

လူပေါင်းများစွာကို စိုးရိမ်ပူပန်အောင်
လုပ်ထားခဲ့တဲ့ လင်းဖုန်းဟာ၊
အခုအချိန်မှာတော့ သူ့ရဲ့ကိုယ်ပိုင် စနစ်ကြီးကို
တွေတွေကြီး စိုက်ကြည့်နေခဲ့ပါတယ်။

ယွဲ့ဟုန်ယန်နဲ့ ယန်ချင်တို့ဟာ ဂိုဏ်းအထဲကို
ဝင်လာပြီးနောက်မှာ၊ လင်းဖုန်းဟာ
ကံစမ်းမဲနှစ်ခေါက် နှိုက်ခွင့်ရလိုက်တဲ့ အတွက်
ကံစမ်းမဲနှိုက်ဖို့ စနစ်ကြီးထဲကို
ဝင်လိုက်ပါတယ်။

ဒါပေမဲ့လည်း သူဟာ ကံစမ်းမဲ စနစ်ထဲကို ဝင်လို့မရပဲ၊ စာကြောင်းတစ်ကြောင်းကိုသာ ဖတ်နေရပါတယ်။ "စနစ်ကြီးကို အဆင့်မြှင့်တင်နေပါတယ်၊ အဆင့်မြှင့်တင်မှု ပြီးဆုံးသွားမှသာ ဝင်လို့ရမှာ ဖြစ်ပါတယ်။"

လင်းဖုန်းက သူ့ရဲ့ခေါင်းကို ကုတ်လိုက်ပြီး စနစ်ကြီးကို ထပ်မံစစ်ဆေးလိုက်ပါတယ်။ သူဟာ တကယ့်ကို အဆင့်မြှင့်တင်နေတာဖြစ်ပြီး၊ အထဲကို ဝင်ခွင့်ပိတ်ထားပါတယ်။

အရင်တစ်ခေါက် စနစ်အဆင့်မြှင့်တုံးက အချိန်ဟာ၊ သူက အခြေခံအုတ်မြစ် အဆင့်ကို စတင်ရောက်ရှိပြီးခါစက ဖြစ်ပါတယ်။

"ငါက ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်သွားတော့ စနစ်က အဆင့်မမြှင့်ပါလား?" လင်းဖုန်းက အသေအချာ စဉ်းစားနေခဲ့ပါတယ်။ "ကြည့်ရတာတော့ စနစ်ရဲ့ အဆင့်မြှင့်တင်မှုဟာ ငါ့ရဲ့ ကျင့်ကြံမှု အဆင့်တွေနဲ့ တိုက်ရိုက် မပတ်သတ်နေပဲ၊ ငါ့ရဲ့ 'မဟာကောင်းကင် တာအိုကျမ်းစာ' အပေါ်မှာ

ဉာဏ်အလင်း ပွင့်မှုအပေါ်မှာ
မူတည်နေတာပဲ။"

စနစ်ရဲ့ ပထမဆုံး အဆင့်မြှင့်တင်မှုဟာ သူက 'မဟာကောင်းကင် တာအိုကျမ်းစာ'ရဲ့ ပထမဆုံး အခန်းဖြစ်တဲ့ 'အရေအတွက်သုံးခု အင်းရှစ်ကွက်'ကို စတင်တီထွင် အပြီးမှာ ဖြစ်ပါတယ်။ ပြီးတာနဲ့သူဟာ အခြေခံအုတ်မြစ် အဆင့်ကို အောင်မြင်စွာနဲ့ ရောက်ခဲ့တာပဲ ဖြစ်ပါတယ်။

ပြီးတော့ စနစ်ကြီးရဲ့ အခု ဒုတိယအကြိမ် အဆင့်မြှင့်တင်မှုဟာ၊ 'မဟာကောင်းကင်

တာအိုကျမ်းစာ'ရဲ့ ဒုတိယ အခန်းဖြစ်တဲ့
'အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း
ကျမ်းစာ'ကို အောင်မြင်စွာ ဖန်တီးနိုင်ခဲ့ပြီး၊
သူ့ရဲ့ ဝိညာဉ်ကို ဖော်ဆောင်နိုင်တဲ့
အချိန်နဲ့လည်း တိုက်ဆိုင်နေခဲ့တာ
ဖြစ်ပါတယ်။

လင်းဖုန်းက ပြီးတာနဲ့
သဘောပေါက်လိုက်ပါတယ်၊ "ငါ့ရဲ့ ကျင့်ကြံမှု
အဆင့်ကလည်း တိုးတက်လာရမယ်၊ ကိုယ်ပိုင်
ဖန်တီးထားတဲ့ တာအိုနည်းစနစ်တွေကလည်း
အဆင့်မြင့်လာရမယ်၊ ဒီအချက် နှစ်မျိုးစလုံးနဲ့
ပြည့်စုံမှသာ အဆင့်မြှင့်နိုင်မှာ ဖြစ်တာပဲ။"

သူက 'အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာ'ကို စတင်တီထွင်နိုင်စဥ်က စနစ်က အဆင့်မြှင့်တင်ခြင်းကို မပြုလုပ်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက အခြေတည်ဝိညာဉ် အဆင့်ကို မရောက်သေးလိုပဲ ဖြစ်ပါတယ်။

လင်းဖုန်းက သက်ပြင်းချလိုက်ပါတယ်၊ "ဘာပဲဖြစ်ဖြစ်၊ ကံစမ်းမဲ လတ်မှတ်တွေကို သုံးနိုင်ဖို့ စနစ်အဆင့်မြှင့်တာ ပြီးသွားတဲ့အထိ စောင့်ရမှာပဲ။ ဒီတစ်ခေါက်

အဆင့်မြှင့်ပြီးသွားရင် ပစ္စည်းကောင်းလေးတွေ ရလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။"

ကံစမ်းမဲနှိုက်လို့ မရသေးတော့၊ လင်းဖုန်းဟာ တောင်ပေါ်မှာ တစ်ယောက်ထဲ လမ်းသလား နေခဲ့ပါတယ်။

လျှောက်သွားနေရင်း လင်းဖုန်းဟာ ဆေးခန်းမဆောင်ရဲ့ ဝင်ပေါက်နားကို ရောက်လာခဲ့ပါတယ်။ သူဟာ သူ့ရဲ့ခေါင်းကို မော့လိုက်ပြီး 'ကောင်းကင်ရွှေရောင် ခန်းမဆောင်'လို့ ထိုးထားတဲ့ ကမ္ပည်းကို ကြည့်ပြီးတော့ ကိုယ့်ကိုယ်ကိုယ်ပဲ

တွေးလိုက်ပါတယ်။ "အဓိက ခန်းမဆောင်ရဲ့ နတ်ဘုရားကျောင်း လိုမျိုးပဲ သူ့ရဲ့ အထင်ရှားဆုံးသော လက္ခဏာဟာ ကြောက်စရာကောင်းတဲ့ ခုခံကာကွယ်မှုပဲ။"

"'တပည့်ခန်းဆောင်'ဟာ ပတ်ဝန်းကျင်က စိတ်ဝိညာဉ် စွမ်းအင်တွေကို စုပ်ယူနိုင်ပြီး၊ အထဲက လူတွေကို နွေးထွေးစေနိုင်တယ်။ ဂိုဏ်းရဲ့ တည်ဆောက်ခြင်း တိုကင်တွေကို အသုံးပြုပြီးမှ ထူထောင်ထားတဲ့ အဆောက်အအုံတွေဟာ၊ တစ်ခုချင်းမှာ သီးသန့်ထူးခြားချက်တွေ ရှိကြတာပဲ။

ဒီဆေးခန်းမဆောင်ရဲ့ ထူးခြားချက်က ဘာများပါလိမ့်?"

စဉ်းစားနေရင်းနဲ့ သူဟာ ကောင်းကင်ရွှေရောင် ဆေးခန်းမဆောင်ထဲကို ဝင်သွားလိုက်တာနဲ့၊ မျက်နှာမှာ အိုးမည်းတွေ အပြည့်နဲ့ ရှောင်ယန်ဟာ ကောင်းကင်နှလုံးသား မီးတောက် ဆေးမီးဖိုကို ပတ်နေတာကို တွေ့လိုက်ရပါတယ်။

ဆေးမီးဖိုဟာ မီးတောက်တွေနဲ့အတူ၊ သင်းပျံ့တဲ့ ဆေးရနံ့တွေနဲ့ ကြိုင်လှိုင်နေခဲ့ပါတယ်။

ရှောင်ယန်က လင်းဖုန်းကို
သတိပြုမိလိုက်တော့ တောက်ပစွာနဲ့
ပြုံးလိုက်ရာ၊ မည်းတူးနေသော ပါးနှစ်ဘက်နဲ့
လိုက်ဖက်စွာ ဖြူဖွေးနေတဲ့ သွားတွေကို
မြင်လိုက်ရပါတယ်။

လင်းဖုန်းက ရယ်ရမ်းသွေးလိုက်ကာ၊ "မင်းက
မျက်နှာလေးဘာလေး မသစ်ဘူးလား?"

ရှောင်ယန်ရဲ့ လက်ရှိ ကျင့်ကြံမှု အဆင့်နဲ့ဆို၊
သူကသာ ဆန္ဒရှိမယ်ဆိုရင် မီးခိုးတွေနဲ့
ကင်းစင်နိုင်ပြီး အခုလိုမျိုး

အာဖရိကန်တစ်ယောက်နဲ့ တူနေမှာ
မဟုတ်ပါဘူး.

"ဒါတွေ မတွေးနိုင်ပါဘူး၊ ဆရာသခင်။"
ရှောင်ယန်ရဲ့ မျက်လုံးအစုံဟာ ဆေးမီးဖိုရဲ့
အနားကနေ မခွာပဲ ပြန်ဖြေလိုက်ပါတယ်။
"ဆရာ့ရဲ့ ဆေးခန်းမဆောင်က တကယ့်ကို
ထူးခြားတာပဲ။ ကျွန်တော်က ကြမ်းပြင်ပေါ်က
အရေအတွက်သုံးခု အင်းရှစ်ကွက်ဝက်ပါကို
လေနဲ့မီး ယပ်တောင်တွေကို ထည့်လိုက်ပြီး
စမ်းကြည့်လိုက်တာ၊ ဆေးလုံးဖော်စပ်မှု
အောင်မြင်မှုနှုန်းက အနည်းဆုံး ၃% လောက်
တိုးလာတယ်ဗျ။"

လင်းဖုန်းက ဒီစကားကို ကြားလိုက်ရတော့
အတန်ငယ် အံ့သြသွားခဲ့ပါတယ်။
ကောင်းကင်နှလုံးသား မီးတောက်
ဆေးမီးဖိုလိုမျိုး ရတနာတောင်မှပဲ
အောင်မြင်မှုနှုန်းကို ၃% သာ တိုးစေနိုင်တာပါ။

အခုဆိုရင် ကောင်းကင်ရွှေရောင်
ဆေးခန်းမဆောင်ရဲ့ အစွမ်းနဲ့ဆိုရင်၊
အောင်မြင်မှုနှုန်းက ၆% အထိ
ပိုတိုးသွားနိုင်ပါတယ်။

ဒါက အလွန်ကို ကြောက်မက်ဖွယ်ကောင်းတဲ့
နှုန်းပါ။

သချာပြောရမယ်ဆိုရင် ဒီနေရာမှာ ဆိုလိုတဲ့
ဆေးလုံးဖော်စပ်ခြင်း
အောင်မြင်မှုနှုန်းဆိုတာက၊
ဆေးအမယ်တွေကို အကျိုးရှိစွာ
အသုံးပြုနိုင်တဲ့ နှုန်းကို ဆိုလိုခြင်း ဖြစ်ပါတယ်။

သာမန် ကျင့်ကြံသူတွေဟာ
ဆေးလုံးဖော်စပ်ကြမယ်ဆိုရင်၊ မီးပြင်းအား၊
ဆေးဝါး အချိုးအစား၊ ကြာချိန်နဲ့ အခြား
အချက်အလက်တွေကြောင့် ဆေးဝါး

အသုံးပြုမှု အကျိုးဖြစ်ထွန်းမှုနှုန်းဟာ နည်းပါးပါတယ်။ ပျမ်းမျှအနေနဲ့ ပြောရရင် ကျင့်ကြံသူ အမြောက်အမြားဟာ အောင်မြင်တဲ့ ဆေးအသုံးပြုနိုင်စွမ်း ၃၀% သာရှိကြပြီး၊ ကျန်တဲ့ ပမာဏတွေဟာ အညစ်အကြေးတွေအဖြစ် အလဟဿ ဖြစ်သွားကြပါတယ်။

ဒါက ဆေးဖော်စပ်မှု အောင်မြင်မှုနှုန်းလို့ပဲ သတ်မှတ်ရတာပါ။ ဖော်စပ်မှု ကျရှုံးခြင်း ဆိုတာက ဆေးအမယ်တွေ အကုန်လုံး ပျက်စီးသွားကာ၊ ဆေးလုံးဖော်စပ်ခြင်းရဲ့

အချိန်နဲ့ ခွန်အားတွေ အကုန်လုံး ဖြုန်းတီးရာ ရောက်သွားခြင်းကို ဆိုလိုပါတယ်။

ဆေးလုံးဖော်စပ်ခြင်း စွမ်းရည်မြင့်တဲ့ ကျင့်ကြံသူတွေဟာ အောင်မြင်မှုနှုန်း ၄၀% ကနေ ၅၀% အထိ စွမ်းဆောင်နိုင်ကြပါတယ်။

ရှောင်ယန်ဟာ စနစ်တကျ သင်ယူရခြင်း မရှိပဲ ကိုယ့်ကိုယ်သာ လေ့လာစမ်းသပ် သင်ယူခဲ့ရပေမဲ့၊ ဒီရာခိုင်နှုန်းအတိုင်း စွမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါကို စဉ်းစားမိတာနဲ့ လင်းဖုန်းဟာ
နောင်တအနည်းငယ် ရသွားခဲ့ပါတယ်။
"အရင်တုံးက ဆေးဝါးတစ်ရာ
ဂရန်းမာစတာကို အရှင်မဖမ်းထားမိလိုက်တာ
နာတာပဲ။ နို့မဟုတ်လို့ရှိရင် သူ့ရဲ့
ဆေးဝါးဖော်စပ်မှု စွမ်းရည်တွေကို ရရှိပြီး၊
ရှောင်ယန်ကို သင်ပေးနိုင်ခဲ့မှာပဲ။ အခုတော့
သူ့ရဲ့ အလားအလာတွေကို အပြည့်အဝ
အသုံးမချနိုင်တော့ဘူး၊ နှမြောစရာကြီးကွာ။"

ဆေးဝါးတရာ ဂရန်းမာစတာဟာ
ဆေးဝါးဖော်စပ်ခြင်း ပညာရပ်ကို နှစ်ပေါင်း
ထောင်နဲ့ချီပြီး လေ့ကျင့်ထားခဲ့တာပါ။ သူက

ဆေးလုံးတွေကို ဖော်စပ်လို့ရှိရင်
အောင်မြင်မှုနှုန်းဟာ အနည်းဆုံး ၇၀% ရှိပြီး၊
အရည်အသွေး ကောင်းမွန်တဲ့
ဆေးမီးဖိုတွေနဲ့သာဆိုရင် ၉၀%
ကျော်အထိတောင် ရနိုင်ပါတယ်။

တကယ်လို့များ သူကသာ
ကောင်းကင်နှလုံးသား မီးတောက်
ဆေးမီးဖိုကို အသုံးပြုခဲ့မယ်ဆိုရင်၊ ၁၀၀%
အထိ ရနိုင်မှာဖြစ်ပြီး၊ ဆေးဝါးတစ်ခုမှ
အလေအလွင့်ဖြစ်မှာ မဟုတ်ပါဘူး။

အခုအချိန်မှာ ရှောင်ယန်က သူ့ရဲ့
ဆေးဝါးဖော်စပ်မှု ပညာရပ်နဲ့
ကောင်းကင်နှလုံးသား မီးတောက်
ဆေးမီးဖိုရယ်၊ ကောင်းကင်ရွှေရောင်
ဆေးခန်းမဆောင်နဲ့ ပေါင်းလိုက်ရင်၊
သူကလည်း ၁၀၀% ရရှိနိုင်မှာ ဖြစ်ပါတယ်။

အတိမ်းအစောင်း အနည်းငယ် ရှိနေနိုင်ပေမဲ့၊
ပြည့်စုံလုနီးပါး အဆင့်အထိ ရောက်နိုင်မှာပါ။

ရှောင်ယန်ကလည်း အတော့်ကို
စိတ်လှုပ်ရှားနေခဲ့ပါတယ်။ သူဟာ
ဒီဆေးခန်းမဆောင်ထဲမှာ

ပိတ်လှောင်နေခဲ့တာဟာ အချိန်အကြာကြီး
ရှိနေပြီ ဖြစ်တာ သိသာနေခဲ့ပြီး၊
မျက်လုံးတွေဟာ နီရဲနေပြီး
ပင်ပန်းနွမ်းနယ်နေတဲ့ပုံ ပေါက်နေကာ
မှော်စွမ်းအင်တွေကလည်း ကုန်ခမ်းလုနီးပါး
ဖြစ်နေခဲ့ပေမဲ့၊ သူဟာ
စိတ်ခာတ်တက်ကြွနေဆဲပါပဲ။

သူ့ရဲ့ မှော်စွမ်းအင်တွေနဲ့
တစ်ချက်ဝေ့ကြည့်လိုက်တော့၊ နရံပေါ်ကနေ
တွဲလောင်းကျနေတဲ့ ဗူးတောင်းတွေ
အတော်များများမှာ ဆေးလုံးတွေ
ရှိနေပြီဖြစ်တယ် ဆိုတာကို

တွေ့လိုက်ရပါတယ်။ သူတို့ဟာ မဟာမိုးကြိုး ပြန်လည်ရှင်သန်ခြင်း ဆေးလုံးနဲ့ အရံအတား ချိုးဖောက်ခြင်း ဆေးလုံးတို့ပဲ ဖြစ်ကြပါတယ်။

လင်းဖုန်းက ဒီဆေးနှစ်မျိုးတို့ရဲ့ ဖော်စပ်နည်းကို ရရှိပြီးတာနဲ့၊ သူက ရှောင်ယန်ကို ချက်ချင်း ပေးထားခဲ့တာပါ။

ရှောင်ယန်ရဲ့ စိတ်လှုပ်ရှားနေတဲ့ အမူအရာကို တွေ့လိုက်ရတော့၊ လင်းဖုန်းဟာ ကိုယ့်ကိုယ်ကိုယ်ပဲ တွေးနေခဲ့ပါတယ်၊ "ကြည့်ရတာ ငါက ဆေးဖော်စပ်နည်းတွေကို ထပ်ရှာရဦးမယ်နဲ့တူတယ်။ အင်း၊ '၃၃ဘုံ

ဖန်ဆင်းခြင်း သက်စောင့်ဆေး'လိုမျိုး၊
ဒီကမ္ဘာပေါ်မှာ မရှိသေးတဲ့
ဆေးဖော်စပ်နည်းမျိုးကို စနစ်ကြီးကနေ
ရမယ်ဆိုရင် သိပ်ကောင်းမှာပဲ။"

သူဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို
တည်ထောင်ခဲ့ပြီးပြီ ဖြစ်လို့၊
ဘုန်းကြီးကျောင်းက ဆေးလုံးတွေကိုပဲ
ဖော်စပ်နေရင် သိပ်မဟုတ်သေးပါဘူး။

"ရှောင်ယန်၊ မင်းက ကိုယ့်ကိုယ်ကိုယ်
ကြိုးစားပြီး ငါတို့ရဲ့ကိုယ်ပိုင်
ဆေးလုံးအသစ်တွေကို တီထွင်ဖန်တီး

ရမယ်ကွ။ နည်းပညာ
တီထွင်ဆန်းသစ်မှုတွေနဲ့ အတူ
တိုးတက်အောင် ကြိုးစားရမယ်။"

လင်းဖုန်းက မျက်နှာကျက်ကို
မော့ကြည့်လိုက်တော့ မှင်သက်သွားခဲ့ပါတယ်။

ကြမ်းပြင်ပေါ်က ရွှေရောင် အရေအတွက်သုံးခု
အင်းရှစ်ကွက် ပုံစံတွေအပြင်၊
မျက်နှာကျက်ပေါ်မှာလည်း ငွေရောင်
အရေအတွက်သုံးခု အင်းရှစ်ကွက် ပုံစံတွေ
ရှိနေကြပါတယ်။

ဒီငွေရောင် အရေအတွက်သုံးခု အင်းရှစ်ကွက် ပုံစံတွေကို ကြည့်လိုက်ပြီး၊ သူဟာ အတွေးအမြင် တစ်ချို့ကို စဉ်းစားမိလိုက်ကာ စိတ်ထဲကနေ ခန့်မှန်းနေခဲ့ပါတယ်။

သူက ဆေးလုံးခုနှစ်လုံး ပါဝင်တဲ့ ကြွေပုလင်းလေး တစ်လုံးကို ထုတ်လိုက်ပါတယ်။ ဒါတွေက ဟန်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးမှာတုံးက ယန်တုန်ဟွေက သူ့ကိုပေးထားတဲ့၊ ကောင်းကင်မာစတာ ခေးဂိုဏ်းရဲ့ သီးသန့်ဆေးလုံးတွေ ဖြစ်ကြတဲ့ ကောင်းကင်ဆေးလုံးတွေပဲ ဖြစ်ပါတယ်။

ရှောင်ယန်ဟာ ဆေးဖော်စပ်ခြင်း
နောက်ဆုံးအဆင့်ကို ပြီးဆုံးသွားခဲ့ကာ၊
နောက်ထပ် အရည်အသွေးမြင့်
ဆေးလုံးတစ်သုတ်ကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။
သူက အရံအတား ချိုးဖောက်ခြင်း ဆေးလုံး
ဆယ်လုံးကျော်တို့ကို ယူလိုက်ကာ၊ နရံပေါ်မှာ
ချိတ်ဆွဲထားတဲ့ ဗူးတောင်းတွေရဲ့ အထဲကို
ထည့်လိုက်ပါတယ်။

ပြီးတာနဲ့ သူဟာ လင်းဖုန်းကို စပ်စုစွာနဲ့
ကြည့်လိုက်ပြီး၊ "ဆရာသခင်?"

လင်းဖုန်းက ပြုံးလိုက်ပြီး၊ "ရှောင်ယန်၊ ဒီဆေးခန်းမဆောင်ရဲ့ လျှို့ဝှက်ချက်ဟာ ဆေးလုံးဖော်စပ်ခြင်း အောင်မြင်မှုနှုန်းကို တက်စေခြင်း တစ်မျိုးတည်း မဟုတ်ဘူးကွ။"

စကားဆုံးတာနဲ့ သူက ကောင်းကင်ဆေးလုံး တစ်လုံးကို လေပေါ်ကို ပစ်တင်လိုက်ပြီး၊ မျက်နှာကျက်ပေါ်က ငွေရောင် အရေအတွက်သုံးခု အင်းရုစ်ကွက်ကို စိတ်စွမ်းအားနဲ့ ထိန်းချုပ်လိုက်ပါတယ်။ ဒီအချိန်မှာ ငွေရောင်အလင်းတန်းတွေက ဖြာကျလာခဲ့ပြီး၊

ဒီကောင်းကင်ဆေးလုံးလေးကို
ဖမ်းယူလိုက်ပါတယ်။

ဒီငွေရောင် အလင်းတန်းလေးဟာ
ကောင်းကင်ဆေးလုံးလေးနဲ့ ထိတွေ့လိုက်တဲ့
အချိန်မှာပဲ၊ သူဟာ အဆက်မပြတ်
လင်းလက်လာခဲ့ကာ အလင်းရောင်တွေရဲ့
အကြားမှာ စာတန်းရှည်ကြီး တစ်ပိုဒ်က
တဖြေးဖြေးနဲ့ ပေါ်လာခဲ့ပါတယ်။

ရှောင်ယန်က အနီးကပ် သေချာစွာ
ကြည့်လိုက်တော့ မျက်လုံးအစုံဟာ
ပြူးကျယ်သွားခဲ့ပါတယ်။ သူက

အော်ဟစ်လိုက်ပြီး၊ "ဆရာ၊ ဒါက
ကောင်းကင်ဆေးလုံးရဲ့ ဖော်စပ်နည်းပဲ!"

လင်းဖုန်းက ပြုံးပြုံးကြီး ခေါင်းညိတ်လိုက်ကာ
သူ့ကိုယ်သူ တွေးနေခဲ့ပါတယ်၊
"ငါ့ခန့်မှန်းချက်တွေက မှန်သွားခဲ့ပြီ။
ဒီဆေးခန်းမဆောင်ဟာ
လျှို့ဝှက်ဆန်းကြယ်မှုတွေနဲ့ ပြည့်နေပြီး၊
လုံးဝကို မရိုးရှင်းဘူးပဲ။"

ဒါကို စဉ်းစားနေရင်းနဲ့ လင်းဖုန်းရဲ့ စိတ်ထဲမှာ
အတွေးတစ်ခုက ပေါ်လာခဲ့ပါတယ်၊
"ဆေးခန်းမဆောင်က ဒီလိုမျိုးဆိုရင်၊

တိပိဋကကျမ်းစာခန်းမဆောင်ကရော ဘယ်လိုများ နေမလဲ?"

## စာစဉ် ၁၃ : အပိုင်း ၁၆

## အပိုင်း ၂၂၆ : တိပိဋက ကျမ်းစာခန်းမ သုံးထပ်ဆောင်

ရှောင်ယန်ဟာ ဆေးခန်းမဆောင်ရဲ့ မျက်နှာကျက်ကနေ ဖြာကျလာခဲ့တဲ့ ငွေရောင်အလင်းတန်းကို စိုက်ကြည့်နေခဲ့ပါတယ်။ အလင်းရောင်တွေရဲ့

အကြားမှာ စာပိုဒ်တစ်ပိုဒ်လုံးဟာ
ဖြေးဖြေးချင်း ပေါ်လာခဲ့ပါတယ်။

သူဟာ ကောင်းကင်ဆေးလုံးရဲ့ တကယ့်
ဆေးဖော်စပ်နည်းကို တစ်ခါမှ မတွေ့ဖူးသလို၊
ကောင်းကင်ဆေးလုံးကို တစ်ခါမှလည်း
မသောက်ဖူးပါဘူး။ ဒါပေမဲ့လည်း
ရှောင်ယန်က ဒီစာပိုဒ်ဟာ
ကောင်းကင်ဆေးလုံးရဲ့ အစစ်အမှန်
ဖော်စပ်နည်းဖြစ်တယ် ဆိုတာကိုတော့
ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ပြီးတော့ ဆေးအမယ်
စာရင်းရဲ့ ပထမဆုံး စာကြောင်းဟာ

'ကောင်းကင်သို့ ခြေကိုးလှမ်း' ဆေးပင်ပဲ ဖြစ်ပါတယ်။

ရှောင်ယန်ရဲ့ မျက်လုံးအစုံဟာ စိတ်လှုပ်ရှားမှုတွေနဲ့ တောက်ပလာခဲ့ကာ၊ "ဆရာသခင်၊ ကျွန်တော်တို့ရဲ့ ဆေးခန်းမဆောင်က ရှိပြီးသား ဆေးလုံးတွေကို အသုံးပြုပြီး၊ သူတို့ရဲ့ ဖော်စပ်နည်းတွေကို ဖော်ထုတ်နိုင်တာလား?"

"ဒါပေါ့ကွ၊ ဒါပေါ့" လင်းဖုန်းက သူဟာ အရင်ကတည်းက သိထားပြီး၊ အခုမှ

ရှောင်ယန်ကို အံ့အားသင့်အောင် လုပ်လိုက်တဲ့ ပုံစံမျိုးနဲ့၊ ခပ်တည်တည်ပဲ နေခဲ့ပါတယ်။

ဆေးလုံးဖော်စပ်ခြင်းဟာ ဆေးအမယ်တွေရဲ့ အထဲက ဆေးဝါး အဆီအနှစ်တွေနဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေကို မဆုံးရှုံးအောင် ထိန်းသိမ်းရရုံတင် မကပဲ၊ မြောက်မြားလှစွာသော ရှုပ်ထွေးတဲ့ ပေါင်းစပ်မှုတွေနဲ့ ပြောင်းလဲမှုတွေ ပါပါသေးတယ်။

ဆေးဖော်စပ်နည်းဟာလည်း ဆေးအမယ်တွေကို

စာရင်းပြုစုပေးရုံသက်သက် မဟုတ်ပဲ၊
ကျွမ်းကျင်စွာ ပြုလုပ်ရမယ့်
နည်းလမ်းအဆင့်ဆင့်ကို
ပေါင်းစည်းထားတာပဲ ဖြစ်ပါတယ်။

စွမ်းအား အမတန်ကြီးမားတဲ့ အင်မော်တယ်
ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေကတောင်၊
ရှိပြီးသား ဆေးလုံးတွေကနေ
ဆေးဖော်စပ်နည်း အပြည့်အစုံကို
ထုတ်ဖော်ဖို့ဆိုတာဟာ မဖြစ်နိုင်ပါဘူး။

အဆင့်နိမ့်ဆေးလုံး တစ်ချို့တစ်လေကိုတော့
လုပ်ကောင်းလုပ်နိုင်ပေမဲ့၊ ပိုပြီး အဆင့်မြင့်တဲ့

ဆေးလုံးတွေကိုတော့ မလုပ်နိုင်ဘူးဆိုတာ
မေးခွန်းထုတ်နေစရာ မလိုပါဘူး။

ကောင်းကင်ရွှေရောင် ဆေးခန်းမဆောင်ရဲ့
မျက်နှာကျက်ပေါ်က အရေအတွက်သုံးခု
အင်းရှစ်ကွက် ဝင်္ကပါဟာ၊ ဒီလိုမျိုး ရှိပြီးသား
ဆေးလုံးတွေကနေ ဆေးဖော်စပ်နည်းကို
ထုတ်ဖော်နိုင်တယ် ဆိုတော့၊ လင်းဖုန်းဟာ
အပျော်လုံး ဆို့နေခဲ့ပါတယ်။

ဒါဟာ သူက သူ့ဆေးခန်းမဆောင်ရဲ့
ဆေးဖော်စပ်နည်း မှတ်တမ်းတွေကို
တိုးချဲ့နိုင်ရုံတင် မကပါဘူး။

ပိုပြီးအရေးကြီးတာက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းဟာ အချိန်မြစ်ရေတွေရဲ့
တိုက်စားမှုကနေ ပျောက်ကွယ်သွားခဲ့တဲ့၊
ရှေးဟောင်းဆေးလုံးတွေရဲ့
ဆေးဖော်စပ်နည်းကို ပြန်လည်ရယူနိုင်ဖို့
အခွင့်အလမ်းတွေ ရှိနေပါတယ်။

နှစ်ပေါင်းသောင်းနဲ့ သိန်းနဲ့ချီပြီး
ရှည်ကြာနေပြီဖြစ်တဲ့ မူလကောင်းကင်
ကမ္ဘာကြီးရဲ့ သမိုင်းမှာ၊ မရေမတွက်နိုင်တဲ့
ဂိုဏ်းတွေဟာ ပေါ်ပေါက်လာခဲ့ပြီး၊
ကြီးမြတ်တဲ့ ကျင့်ကြံသူတွေ မြောက်မြားစွာ
တို့ဟာလည်း ပေါ်ထွန်းလာခဲ့တာပါ။

ဒါပေမဲ့လည်း ဂိုဏ်းပေါင်းများစွာတို့ဟာ
ပျက်သုန်းသွားခဲ့ကာ၊ သူရဲကောင်း
မြောက်မြားစွာတို့ကလည်း ကျဆုံးသွားခဲ့ပြီး၊
ရှည်လျားလှတဲ့ သမိုင်းမြစ်ရေ အောက်မှာ
နစ်မြှုပ်ခြင်းကို ခံခဲ့ရပါတယ်။

သူတို့တတွေ ကွယ်လွန်သွား အပြီးမှာ၊
တန်ဖိုးရှိလှတဲ့ တာအိုနည်းစနစ်တွေ၊
စွမ်းရည်တွေ၊ ဆေးဖော်စပ်နည်းတွေဟာ
ပျောက်ကွယ်သွားကြပါတယ်။

ဒီထဲက အချို့ဆေးလုံးတွေဟာ
အခုအချိန်အထိ ရှိနေကြသေးပေမဲ့၊ သူတို့ရဲ့

ဆေးဖော်စပ်နည်းကတော့ လုံးဝကို
ပျောက်ကွယ်သွားခဲ့ပါပြီ။

မူလ ဆေးဖော်စပ်နည်း မရှိတော့ဘူး
ဆိုရင်တော့၊ နောက်ထပ် ဆေးလုံး
အသစ်တွေကို ထုတ်လုပ်နိုင်မှာ
မဟုတ်တော့ပဲ၊ လက်ကျန်ဆေးလုံးတွေဟာ
တစ်နေ့နေ့မှာတော့ ကုန်ခမ်းသွားမှာ
အသေအချာပါပဲ။ နောက်ဆုံးမှာတော့
ဒီဆေးလုံးတွေဟာ ကမ္ဘာမြေပေါ်ကနေ
အပြီးအပိုင် ပျောက်ကွယ်သွားရမယ့်
ကံကြမ္မာကို ရှောင်လွှဲနိုင်မှာ မဟုတ်ပါဘူး။

တကယ်လို့များ ငါက ဒီဆေးလုံးတွေကိုသာ ရရှိခဲ့ရင်၊ ကောင်းကင်ရွှေရောင် ဆေးခန်းမဆောင်ကို အသုံးပြုပြီး ပျောက်ကွယ်သွားတဲ့ ဆေးဖော်စပ်နည်းတွေကို ပြန်ယူနိုင်မှာပဲ။" လင်းဖုန်းက အချိန်အနည်းငယ်လောက် တွေးနေခဲ့ပြီး၊ "တကယ့်တန်ဖိုးက ဆေးလုံးတွေမှာတင် ရှိနေတာ ဖြစ်ချင်မှလည်း ဖြစ်မှာ။ ဒီကောင်းကင်ရွှေရောင် ဆေးခန်းမဆောင်က တခြားဆုလာဘ်တွေကိုလည်း ပေးနိုင်သေးတာပဲ။"

ဒါပေမဲ့လည်း ဆေးဖော်စပ်နည်း ရှိတိုင်း၊
ဆေးလုံးတွေကို အောင်မြင်စွာနဲ့
ထုတ်လုပ်နိုင်မယ်လို့ ပြောလို့တော့ မရပါဘူး။
အချို့ဆေးလုံးတွေဟာ ထူးခြားပြီး ရှားပါးတဲ့
ဆေးအမယ်တွေကို လိုအပ်ပါတယ်။

ဥပမာ အနေနဲ့ ဒီကောင်းကင်ဆေးလုံးကို
ကြည့်လိုက်ပါ။ 'ကောင်းကင်သို့ ခြေကိုးလှမ်း'
ဆေးပင် မရှိရင်၊ ဆေးဖော်စပ်နည်း
ရှိရုံသက်သက်နဲ့ ဒီဆေးလုံးကို ဖော်စပ်ဖို့
မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့လည်း ဒီလိုမျိုး
သဘောပေါက်ခြင်းကိုက လင်းဖုန်းအတွက်
တန်ဖိုးမဖြတ်နိုင်ပါဘူး။ သူက
ဦးနှောက်ပူအောင် စဉ်းစားနေခဲ့ပြီး၊
အကြံအမျိုးမျိုးကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။
"ငါက အဆင့်မြင့်ပြီး ရှားပါးတဲ့
ဆေးလုံးတွေကို ရနိုင်သလောက်
စုဆောင်းရမယ်၊ တစ်လုံးရရင်ကို ဖြစ်ပြီ။"

အခြားဆေးလုံးတွေကို
မစုဆောင်းရသေးခင်မှာ၊ လင်းဖုန်းက
ရှောင်ယန်ကို သူ့ရဲ့ ကျွမ်းကျင်မှုတွေကို

အဆက်မပြတ် လေ့ကျင့်နေဖို့
သတိပေးလိုက်ပါတယ်။

ဆေးခန်းမဆောင်ကနေ ထွက်လာခဲ့ပြီး၊
လင်းဖုန်းဟာ သူ့ရဲ့ဘေးနားက တိပိဋက
ကျမ်းစာခန်းမဆောင်ကို သွားလိုက်ပါတယ်။

တောက်ပပြီး ခန်းနားတဲ့
ကောင်းကင်ရွှေရောင်
ဆေးခန်းမဆောင်နဲ့စာရင်၊ တိပိဋက
ကျမ်းစာခန်းမဆောင်ဟာ တည်ငြိမ်ရိုးရှင်းပြီး
ရှေးကျတဲ့ အငွေ့အသက်တွေကို
ခံစားနိုင်ပါတယ်။

တိပိဋ္ဌက ကျမ်းစာခန်းမဆောင်ဟာ
ဆယ်မီတာလောက် အမြင့်ရှိပြီး
အထပ်သုံးထပ် ရှိပါတယ်။
ဒီအဆောက်အအုံဟာ မြရောင် ဝါးပင်တွေနဲ့
တည်ဆောက်ထားတာဖြစ်ပြီး၊ သူ့ဆီကနေ
ခရမ်းရောင် အလင်းတန်း ဖျော့ဖျော့ဟာ
လင်းလက်နေခဲ့ပါတယ်။

လင်းဖုန်းဟာ ပထမဦးဆုံး ကျယ်ဝန်းတဲ့
အပြင်ဘက် အခန်းကို အရင်ဝင်လိုက်ပါတယ်။
ပြီးတော့မှ စာကြည့်တိုက် ပထမအထပ်ကို

ဆက်သွယ်ထားတဲ့ လမ်းကြောင်းအတိုင်း ဆက်လျှောက်သွားလိုက်ပါတယ်။

စာကြည့်တိုက်ဟာ ကုဗမီတာပေါင်း ထောင်နဲ့ချီပြီး ကျယ်ဝန်းပြီး၊ စာအုပ်စင်တွေ အတန်းလိုက် အတန်းလိုက် ညီညာစွာနဲ့ စီထားပါတယ်။ ဒါပေမဲ့လည်း ဒီအချိန်မှာတော့ သူတို့အားလုံးဟာ ဗလာဖြစ်နေကြသေးပါတယ်။

လင်းဖုန်းက မျက်မှောင်ကြီးကို ကြုတ်လိုက်ပြီး၊ "ဒါဟာ ငါက ဒါတွေကို

ကိုယ့်ကိုယ်ပြည့်အောင် ဖြည့်ရမယ်လို့ ဆိုလိုနေတာလား?"

သူရဲ့ လက်ချောင်းတွေနဲ့ စာအုပ်စင်တွေကို ပွတ်သပ်လိုက်တော့၊ အထဲမှာ သိမ်မွေ့တဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေဟာ စီးဆင်းနေကြတယ် ဆိုတာကို သတိထားမိလိုက်ပါတယ်။ သူတို့ရဲ့ လမ်းကြောင်းတွေဟာ အားနည်းပေမဲ့ သိသာပါတယ်၊ ပြီးတော့ လင်းဖုန်းရဲ့ ရင်ထဲမှာ တင်းကနဲ ခံစားလိုက်ရပါတယ်။

စာအုပ်စင်တွေကို နောက်ထပ်အနည်းငယ် ပွတ်သပ်လိုက်ပြီး နောက်မှာတော့၊ လင်းဖုန်းရဲ့ မျက်လုံး သူငယ်အိမ်တွေဟာ ခရမ်းရောင် အလင်းတန်းတွေနဲ့ ရုတ်ချည်း တောက်ပလာခဲ့ပါတယ်။

ခရမ်းရောင် အလင်းတန်းတွေရဲ့ အထဲကနေ၊ ဝှက်စာသင်္ကေတတွေဟာ အပိုဒ်လိုက် အဆက်မပြတ် စီးဆင်းထွက်လာကြပါတယ်။ ဒါကတော့ လင်းဖုန်းက ကံစမ်းမဲစနစ်ရဲ့ အထဲကနေ အရင်တုံးက ရရှိထားခဲ့တဲ့၊ မဟာမိုးကြိုး ကျောင်းတော်ကြီးရဲ့ အောကာလာ ပညာရပ်ပဲ ဖြစ်ပါတယ်။

သူဟာ စနစ်ကြီးရဲ့ အထဲကနေ အေကာလာ ပညာရပ်ကို စတင်ရရှိတုံးက၊ ပထမ တစ်ပိုင်းပဲ ရှိနေပါသေးတယ်။ မဟူရာတိမ်တိုက် နန်းတော်ထဲမှာ ဘုန်းကြီးဟွေကုကို သတ်ပြီးမှသာ၊ လင်းဖုန်းဟာ ကျန်နေတဲ့ ဒုတိယ တစ်ပိုင်းကို ရလာခဲ့တာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူဟာ ကျမ်းစာ အပြည့်အစုံကို ထုတ်လွှတ်လိုက်တာမဟုတ်ပဲ၊ အေကာလာ ပညာရပ်ရဲ့ ပထမ အပိုင်းကိုသာ အသုံးပြုလိုက်ခြင်း ဖြစ်ပါတယ်။

လင်းဖုန်းရဲ့ မှော်စွမ်းအင် ဖန်တီးမှုတွေနဲ့အတူ၊
စာကြောင်းတွေဟာ ဖိတ်ဖိတ်တောက်နေတဲ့
စာလုံးတွေနဲ့ ခရမ်းရောင် အဖုံးနဲ့ ဗုဒ္ဓကျမ်းစာ
တစ်စောင်အဖြစ်ကို ပြောင်းသွားခဲ့ကာ၊
စာအုပ်စင်ပေါ်ကို ရောက်သွားခဲ့ပါတယ်။

လင်းဖုန်းက သူ့ကိုယ်သူ တည်ငြိမ်အောင်
ကြိုးစားလိုက်ပြီး၊
အချိန်အနည်းငယ်ကြာအောင်
စောင့်ကြည့်လိုက်ပါတယ်။ ဒါပေမဲ့လည်း
စာအုပ်စင်တွေရော စာကြည့်တိုက်ကပါ၊
ဘာကိုမှ တုံ့ပြန်မှုတွေ မလုပ်ခဲ့ကြပါဘူး။

အနည်းငယ် စဉ်းစားပြီးနောက်မှာ၊
လင်းဖုန်းဟာ သူ့ရဲ့ မှော်စွမ်းအင်တွေကို
စာအုပ်စင်တွေရဲ့ အထဲကို
ထည့်သွင်းလိုက်ပါတယ်။

ရုတ်တရက်ပဲ စာအုပ်စင်ရဲ့ အတွင်းက
စိတ်ဝိညာဉ် စွမ်းအင်စီးကြောင်းဟာ
စတင်ပြီးမှ ပြောင်းလဲလာခဲ့ပါတယ်။ သူဟာ
မူလပတ်လမ်းကနေ ခွဲထွက်သွားခဲ့ပြီး
လင်းဖုန်းရဲ့ မှော်စွမ်းအင်တွေကို
စုပ်ယူပြောင်းလဲလိုက်ကာ၊ စာအုပ်စင်ပေါ်က
ဗုဒ္ဓကျမ်းစာပေါ်ကို
လမ်းကြောင်းပြောင်းပေးလိုက်ပါတယ်။

ဒီကျမ်းစာဟာ စတင်ပြီးတော့
ပြောင်းလဲလာခဲ့ပါတယ်။
ထိတွေ့ကိုင်တွယ်နိုင်တဲ့ ရုပ်ဝတ္ထုစာအုပ်ဟာ
တောက်ပလှတဲ့ ခရမ်းရောင်
အလင်းတန်းတွေနဲ့ ဖုံးလွှမ်းသွားခဲ့ပြီး၊
ပုံရိပ်ယောင် အရိပ်တစ်ခု အဖြစ်ကို
ဖြေးဖြေးချင်းပဲ ပြောင်းလဲသွားခဲ့ပါတယ်။

ဒီပုံရိပ်ဟာ ဖြေးဖြေးချင်း အရွယ်အစား
ကြီးမားလာခဲ့ပြီး၊ မရေမတွက်နိုင်တဲ့
ဝှက်စာသင်္ကေတတွေဟာ ခရမ်းရောင်
အလင်းတန်းတွေရဲ့ အထဲကနေ

ပေါ်ထွက်လာခဲ့ကာ၊ ပုံရိပ်ထဲကို ပေါင်းစည်းသွားခဲ့ပါတယ်။ ဒီခရမ်းရောင် အလင်းတန်းတွေက မှေးမှိန်သွားတဲ့ အခါမှာတော့၊ ပုံရိပ်ဟာ ရုပ်ဝတ္ထု ပစ္စည်းအဖြစ်ကို ပြန်လည်ပြောင်းလဲ သွားခဲ့ပြီး၊ ကျမ်းစာစာအုပ် တစ်အုပ်အဖြစ်ကို ရောက်ရှိသွားခဲ့ပါတော့တယ်။

ဒါပေမဲ့လည်း ဒီကျမ်းစာ စာအုပ်ဟာ နဂိုကထက် နှစ်ဆပိုထူ သွားခဲ့ပါပြီ။

လင်းဖုန်းက သူ့ကို ဖွင့်ကြည့်လိုက်တော့၊ သူဟာ အေကာလာ ပညာရပ် အပြည့်အစုံ ပါရှိနေတာကို တွေ့လိုက်ရပါတယ်။

"ဒါပဲလား?" လင်းဖုန်းက စာကြည့်တိုက်ထဲက စာအုပ်စင်တွေကို ကြည့်နေခဲ့ပြီး မျက်မှောင်ကြီးကို ကြုတ်လိုက်ပါတယ်။ သူဟာ ကျမ်းစာကို အောက်ချလိုက်ပြီး စာကြည့်တိုက် ပထမအထပ်ရဲ့ အလယ်ကို လျှောက်သွားလိုက်ပါတယ်။

ဒီနေရာမှာ မှော်ကျိန်စာ ဝင်္ကပါတစ်ခုဟာ အလင်းရောင် ဖျော့ဖျော့လေးကို

တိတ်ဆိတ်စွာနဲ့ ထုတ်လွှတ်နေခဲ့ပါတယ်။
လင်းဖုန်းက ဒီဝက်ပါရဲ့ အထဲကို
ခြေလှမ်းချလိုက်တာနဲ့၊ အလင်းရောင်တွေဟာ
မျက်စိကျိန်းလုမတတ် တောက်ပလာခဲ့ပြီး၊
လင်းဖုန်းဟာ တိပိဋကကျမ်းစာဆောင်ရဲ့
ဒုတိယ အထပ်ကို
ရောက်ရှိသွားပါတော့တယ်။

စာအုပ်စင်တွေနဲ့ ပြည့်ကျပ်နေတဲ့ ပထမ
အထပ်နဲ့စာရင်၊ ဒုတိယ အထပ်ဟာ
ရှင်းလင်းနေခဲ့ပါတယ်။
ကျယ်ပြန့်ရှင်းလင်းနေတဲ့ လေဟာနယ်ထဲမှာ
ဘာဆိုဘာမှ မရှိပါဘူး။

လင်းဖုန်းက နရုံဆီကို လျှောက်သွားလိုက်တော့၊ စာလိပ်ပေါင်း များစွာတို့ဟာ နရုံပေါ်မှာ ချိတ်ထားတာကို တွေ့လိုက်ရပါတယ်။ ဒီပွင့်နေတဲ့ စာလိပ်တွေဟာ ဗလာဖြစ်နေပြီး သူတို့ရဲ့ အပေါ်မှာ စာတစ်လုံးတစ်လေမှ ရေးထားခြင်း မရှိပါဘူး။

ဒီစာလိပ်တွေရဲ့ အော်ရာတွေကို တိတ်တိတ်ကလေး အာရုံခံလိုက်ပြီးနောက်မှာ၊ လင်းဖုန်းဟာ သူ့ရဲ့လက်ကို မြှောက်လိုက်ပြီး ခရမ်းရောင် အလင်းတန်း တစ်ခုကို

လွင့်နေတဲ့ စာလိပ်တစ်ခု အပေါ်ကို
ပစ်လွှတ်လိုက်ပါတယ်။

ဒီခရမ်းရောင် အလင်းတန်းတွေရဲ့ အထဲမှာ
အစိမ်းရောင်ရင့်ရင့် ပုံရိပ်တွေဟာ၊
အဆက်မပြတ် ပျံသန်းနေကြပါတယ်။
ဒီပုံရိပ်တွေဟာ စာလိပ်နဲ့ ထိတွေ့သွားတာနဲ့
တပြိုင်နက်၊ သူတို့ဟာ စာလိပ်ထဲကို
ပျော်ဝင်သွားကြပါတယ်။

မူလက ဗလာဖြစ်နေတဲ့ စာလိပ်လေးဟာ
ရုတ်တရက်ပဲ အစိမ်းရောင် တောင်တန်းတွေ၊

မြစ်ချောင်းတွေနဲ့ အသက်ဝင်လှတဲ့
ရှုခင်းအဖြစ်ကို ပြောင်းသွားခဲ့ပါတယ်။

လင်းဖုန်းရဲ့ အသိစိတ်ဟာ ဒီစာလိပ်လေးရဲ့
အထဲကို ဝင်သွားခဲ့တော့၊ သူ့ရဲ့ အရှေ့က
ရှုခင်းဟာ အဆက်မပြတ် ပြောင်းလဲနေခဲ့ပြီး၊
သူဟာ တကယ့်အစိမ်းရောင်
ကမ္ဘာတစ်ခုလေးရဲ့ အထဲကို
ဝင်သွားခဲ့ရသလိုမျိုး ခံစားနေခဲ့ရပါတယ်။

ဒီကမ္ဘာလေးရဲ့ အထဲမှာ အစိမ်းရင့်ရောင်
မဟာလမင်း အကြွင်းမဲ့ရေဟာ
တိတ်ဆိတ်စွာနဲ့ စီးဆင်းနေခဲ့ပါတယ်။

ဒီကမ္ဘာလေးရဲ့ အထဲမှာ လင်းဖုန်းဟာ မဟာလမင်းကို နားလည်ခြင်းမန္တန်ရဲ့ တကယ့် အစစ်အမှန် အနှစ်သာရကို ဉာဏ်အလင်းပွင့်သွားခဲ့သလိုပါပဲ။ ပြီးတော့ ကောင်းကင်နဲ့ မြေကြီးတို့ကို ဖန်ဆင်းနိုင်တဲ့ မဟာလမင်း အကြွင်းမဲ့ရေရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေကို တွေ့ကြုံခံစားနေခဲ့ရပါတယ်။

လင်းဖုန်းရဲ့ အသိစိတ်ဟာ ဒီကမ္ဘာလေးရဲ့ အထဲကနေ ထွက်လာခဲ့ပြီး၊ လွတ်နေတဲ့ စာလိပ် နောက်တစ်ခုကို သူ့ရဲ့လက်ချောင်းနဲ့ ညွှန်ပြလိုက်ကာ၊ နောက်ထပ် ခရမ်းရောင်

အလင်းတန်း တစ်ခုကို
စေလွှတ်လိုက်ပါတယ်။ ဒီတစ်ခေါက်မှာတော့
ရွှေရောင်ပုံရိပ်တွေဟာ ဒီခရမ်းရောင်
အလင်းတန်းတွေရဲ့ အထဲမှာ
ကခုန်နေကြပါတယ်။

ခရမ်းရောင် အလင်းတန်းတွေနဲ့
စတင်ထိတွေ့လိုက်တာနဲ့၊ ဒုတိယ
စာလိပ်ကလည်း ချက်ချင်းဆိုသလိုပဲ
ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။
ဒီဗလာ စာလိပ်လေးမှာ
ကောင်းကင်ပေါ်ကနေ ဖြာကျလာတဲ့

တောက်ပလှတဲ့ နေမင်းရဲ့
အလင်းရောင်ပုံရိပ်တွေဟာ ပေါ်လာခဲ့ပါတယ်။

လင်းဖုန်းရဲ့ အသိစိတ်ဟာ ဒီစာလိပ်လေးရဲ့ အထဲကို ဝင်လိုက်ပါတယ်။ သူ့ရဲ့အရှေ့မှာ ရှိနေကြတာတွေက၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ရဲ့ ဖိတ်ဖိတ်တောက်နေတဲ့ ရွှေရောင် အလင်းတန်းတွေပါ။ တစ်ခုလုံး ရွှေရောင်သန်းနေတဲ့ ကမ္ဘာလေးရဲ့ အထဲမှာ၊ သူဟာ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ရဲ့ ပြင်းထန်လှတဲ့ အပူရှိန်နဲ့ မဟာကောင်းကင် နေမင်းရောင်စဥ် ကျမ်းစာရဲ့ သီးသန့်ဖြစ်တဲ့ လျှို့ဝှက်နက်နဲမှုတို့ကို ခံစားနေရပါတယ်။

"ဒီစာလိပ်တွေဟာ မှတ်တမ်းတင်ထားတဲ့ တာအိုနည်းစနစ်နောက်ကို လိုက်ပြီးတော့ သီးသန့်လေဟာနယ် တစ်ခုကို ဖန်တီးနိုင်တာပဲ။ ဒီတာအိုနည်းစနစ်တွေရဲ့ လျှို့ဝှက်နက်နဲတဲ့ သဘောတရားတွေကို အသုံးပြုပြီးမှ တည်ဆောက်ထားတဲ့ လေဟာနယ် တစ်ခုပဲ"

လင်းဖုန်းက ဘာတွေဖြစ်နေတာလည်း ဆိုတာကို ချက်ချင်းပဲ သဘောပေါက်လိုက်ပါတယ်။ "ဒီသီးသန့် လေဟာနယ်ရဲ့ အထဲမှာ သူနဲ့သက်ဆိုင်တဲ့

တာအိုနည်းစနစ်တွေကို လေ့ကျင့်မယ်ဆိုရင်၊ စွမ်းအားတစ်ဝက် ထုတ်ရုံနဲ့ အကျိုးသက်ရောက်မှု နှစ်ဆပိုမြန်နိုင်တာပဲ။ ဒါက လေ့ကျင့်မှုရဲ့ ထိရောက်မှုနှုန်းကို အများကြီး မြှင့်တင်ပေးနိုင်တာပဲ"

လင်းဖုန်းက ဒီသဘောပေါက်မှုနဲ့အတူ အလွန်ကို အားရကျေနပ်နေခဲ့ပါတယ်။ သူဟာ ကျန်တဲ့စာလိပ်တွေကို ဖြည့်ဖို့အတွက် အလောတကြီး မလုပ်ခဲ့ပဲ၊ တတိယ အထပ်ကို တက်သွားခဲ့ပါတယ်။

ပထမနဲ့ ဒုတိယ အထပ်တွေက မှော်ဆန်တဲ့
အသုံးဝင်မှုတွေ ကိုယ်စီ ရှိကြတယ်ဆိုတော့၊
တတိယ အထပ်က ပိုပြီးတော့
ထူးခြားကောင်းမွန်သင့်တာပေါ့။

မှော်ကျိန်စာ ဝင်္ကပါကနေတဆင့် တတိယ
အထပ်ကို တက်လာပြီးနောက်မှာ၊
သူ့ရဲ့အရှေ့က မြင်ကွင်းတွေကို
လှေလာကြည့်လိုက်ပြီး လင်းဖုန်းဟာ
အနည်းငယ် ကြက်သေသေသွားခဲ့ပါတယ်။

တတိယ အထပ်ရဲ့ ကြမ်းပြင်ဧရိယာဟာ
ပထမ နှစ်ထပ်ထက်ကို အများကြီး ပိုပြီးတော့

ကျဉ်းမြောင်းပြီး၊ ရိုးစင်းတဲ့ အခန်း
အပြင်အဆင်မျိုးသာ ရှိနေပါတယ်။ ဝါးစားပွဲနဲ့
ထိုင်ခုံ အနည်းငယ်တို့သာ ရှိပြီး၊
တစ်ယောက်ဟာ တိပိဋကမှ
ကျမ်းစာခန်းမဆောင်ရဲ့ အပြင်က
ရှုခင်းတွေကို လက်ရန်းပေါ်က ကျော်ပြီးတော့
ခံစားနိုင်ပါတယ်။

ဘာမှ ထူးခြားဆန်းကြယ်တဲ့ အရာမျိုး
မရှိပါဘူး။ သူဟာ ရိုးရိုးသာမန်လူတွေရဲ့
အိမ်က ဧည့်ခန်းတွေ အတိုင်းပဲ
ရိုးရှင်းလှပါတယ်။

လင်းဖုန်းကတော့ တိပိဋကကျမ်းစာခန်းမဆောင်ရဲ့ တတိယ အထပ်ဟာ ဒီလိုမျိုး သာမန်သာ ဖြစ်လိမ့်မယ်လို့ မယုံကြည်ပါဘူး။ သူဟာ သူ့ရဲ့ မှော်စွမ်းအင်တွေကို အသုံးပြုပြီးတော့ စစ်ဆေးကြည့်လိုက်တော့၊ နရံပေါ်ကနေ ပြန်ကန်ထွက်လာသလိုမျိုး ခံစားချက်မျိုးကိုသာ ရရှိခဲ့ပါတယ်။

သူက မျက်မှောင်ကြီးကို ကြုတ်လိုက်ပြီး လက်ရန်းတွေဆီကို လျှောက်သွားလိုက်ကာ၊ အဝေးကို မျှော်ကြည့်လိုက်ပါတယ်။

ဆေးခန်းမဆောင်ဟာ တိပိဋ္ဌက
ကျမ်းစာခန်းမဆောင်ရဲ့ ဘေးကပ်ရပ်မှာ
ရှိနေပြီး၊ အဝေးကို မျှော်ကြည့်လိုက်ရင်တော့
ကြီးမားလှတဲ့ ပင်စည်နဲ့ မဟာ့ရာကောင်းကင်
ရတနာသစ်ပင်ကို တွေ့နိုင်ပါတယ်။ ဇူရီဟာ
အဲ့ဒီနေရာမှာ တင်ပုလ္လင်ခွေကာ
မတ်မတ်ထိုင်နေပြီး၊ သူ့ရဲ့ အရှေ့မှာကတော့
တပည့်အသစ် သုံးဆယ်ကျော်တို့ပါ။

ဇူရီကတော့ သူ့ရဲ့ တာဝန်ဝတ္တရားတွေကို
ကျေပွန်စွာ ထမ်းဆောင်နေပြီး၊ သူတို့ကို
တာအိုနည်းစနစ်တွေ
သင်ကြားပေးနေခဲ့တာပါ။

လင်းဖုန်းက ပြုံးလိုက်ပြီး၊ ခရမ်းရောင် ဝါးလက်ရန်းတွေကို ညင်သာစွာနဲ့ ပွတ်သပ်နေခဲ့ပါတယ်။ သူ့ရဲ့စိတ်ဟာ တိပိဋကကျမ်းစာခန်းမဆောင် တစ်ခုလုံးနဲ့ တစ်သားတည်း ဖြစ်နေခဲ့ပြီး၊ သဲလွန်စ အချို့ကို ဖြေးဖြေးချင်း ပုံဖော်ကြည့်နေခဲ့ပါတယ်။

"ကြည့်ရတာတော့ ဒီတတိယ အထပ်ရဲ့ မှော်ဆန်မှုတွေကို ဖွင့်လှစ်နိုင်ဖို့ဆိုရင်၊ ငါက အင်မော်တယ် ဝိညာဉ် အဆင့်ကို အရင်ရောက်ရမယ်နဲ့ တူတယ်ကွ"

လင်းဖုန်းဟာ အားမလို အားမရ ဖြစ်နေခဲ့ပေမဲ့ သူ့ရဲ့ ပုခုံးတွေကိုသာ တွန့်လိုက်ပြီး၊ "ထားလိုက်ပါတော့ကွာ၊ အခုအချိန်မှာ ပထမ နှစ်ထပ်နဲ့တင် လုံလောက်နေတာပဲ"

သူက စဉ်းစားလို့ ကောင်းနေဆဲမှာပဲ၊ စနစ်ကြီးရဲ့ အသံဟာ လင်းဖုန်းရဲ့ ခေါင်းထဲမှာ ရုတ်တရက်ပဲ ပေါ်လာခဲ့ပါတယ်။ "စနစ်ကို အဆင့်မြှင့်တင်ခြင်း ပြီးဆုံးသွားပါပြီ။ ကံစမ်းမဲ စနစ်နဲ့ ကုန်သွယ်မှု စနစ်တို့ကို စတင်အသုံးပြုနိုင်ပါပြီ"

လင်းဖုန်းက လန်းဆန်းတက်ကြွလာခဲ့ပြီး၊ သူ့ရဲ့ အသိစိတ်ဟာ ကံစမ်းမဲ စနစ်ရဲ့ အထဲကို ချက်ချင်း ဝင်ရောက်သွားခဲ့ပါတော့တယ်။

ဒါပေမဲ့လည်း ဒီတစ်ခေါက်မှာ အထဲကို ချက်ချင်း ဝင်သွားရမယ့်အစား၊ စနစ်ကြီးရဲ့ စကားရိပ် တစ်ခွန်းနဲ့ အရင်နှုတ်ဆက်ခံလိုက်ရပါတယ်။

"စနစ်ဟာ အခုဆိုရင် အဆင့်၃ကို ရောက်ရှိသွားပါပြီ။ သင်ဟာ အထူးအခွင့်အရေး အနေနဲ့၊ လတစ်လရဲ့

အစမှာ ကံစမ်းမဲနှိုက်ခွင့်တစ်ခေါက်
အလိုအလျှောက် ရရှိမှာပဲ ဖြစ်ပါတယ်။

လင်းဖုန်းဟာ အချိန်အတော်ကြာအောင်
မှင်သက်သွားပြီးမှသာ စိတ်နဲ့လူနဲ့
ပြန်ကပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့
ပထမဆုံး တုံ့ပြန်မှုဟာ
အပျော်လွန်သွားတာမျိုး မဟုတ်ခဲ့ပဲ၊
သတိအလွန်အမင်း ထားနေခဲ့တာပဲ
ဖြစ်ပါတယ်။

လခွမ်းပဲ၊ စနစ်ကြီးက ဘာတွေကိုများ
ကြံစည်နေပြန်ပြီလဲ မသိဘူး?

စနစ်ကြီးရဲ့ ပရိယာယ် မာယာများတဲ့ သဘာဝ
အရဆိုရင်၊ လင်းဖုန်းဟာ သံသယ ကြီးကြီးနဲ့
စစ်ဆေးနိုင်မှ တော်ကာကျမှာပါ။

စနစ်ကြီးရဲ့ ရှင်းလင်းချက်တွေကို
သေချာစစ်ဆေးကြည့်လိုက်တော့၊
လှည့်စားနိုင်တဲ့ စကားအသုံးအနှုန်း တွေကို
တစ်ခုမှ မတွေ့ရပဲ၊
ထောင်ချောင်ဆင်ထားတာနဲ့လည်း
မတူနေခဲ့ပါဘူး။ လင်းဖုန်းက
အံ့အားသင့်လှစွာနဲ့ စဥ်းစားနေခဲ့ပါတယ်၊

"နေမင်းကများ အနောက်ကနေ ထွက်လာတာလား?"

ကံမကောင်းစွာနဲ့ပဲ အခုအချိန်ဟာ မေလအစကို ကျော်လွန်သွားခဲ့ပြီ ဖြစ်လို့၊ စနစ်ကြီးက တစ်ခုခုကို ကြံစည်နေတာလားကို စမ်းသပ်ကြည့်နိုင်ဖို့ရာ၊ သူဟာ ဇွန်လအထိ စောင့်ရမှာပဲ ဖြစ်ပါတယ်။

"ထားလိုက်ပါတော့ကွာ၊ မင်းက ဘာကို လှည့်စားဖို့ ကြံနေသလဲ ဆိုတာကို နောက်ကျမှ ကြည့်တာပေါ့" လင်းဖုန်းက

ဒီကိစ္စကို ခဏဘေးဖယ်ထားလိုက်ပြီး၊ ကံစမ်းမဲ စနစ်ထဲကို ဝင်သွားလိုက်ပါတယ်။

"ငါက တပည့်အသစ်တွေကို လက်ခံတုံးက ရလာခဲ့တဲ့ ကံစမ်းမဲနှိုက်ခွင့် နှစ်ခေါက်ကို အရင်အသုံးချရမယ်။ ဒါတွေက ဘာပြဿနာမှတော့ မရှိလောက်ပါဘူး"

လင်းဖုန်းက သူအယုံကြည်ရဆုံး စက်ဝိုင်းကားချပ် စနစ်ထဲကို ဝင်ရောက်လိုက်ပါတယ်။ ပစ္စည်းစာရင်းကို လှေ့လာလိုက်ပြီး နောက်မှာတော့၊ သူ့ရဲ့

မျက်လုံးအစုံဟာ ပြူးကျယ်လာခဲ့ပြီး၊
"ဒါလေးက မဆိုးဘူး!"

စိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်းဆေးလုံး။
သူဟာ သောက်လိုက်တဲ့ ကျင့်ကြံသူရဲ့
ပင်ကိုစွမ်းရည်နဲ့ အရိုးအရင်းမြစ်ကို
တိုးတက်စေနိုင်ပါတယ်။ ပထမဆုံး
သောက်သုံးတဲ့ အကြိမ်မှာသာ
အစွမ်းထက်နိုင်ပါတယ်။

လင်းဖုန်းက ဒါကို တွေ့ပြီးသွားတဲ့နောက်မှာ၊
သူရဲ့မျက်လုံးတွေကို ဒီကနေ မခွာနိုင်ခဲ့ပါဘူး။

"ဆေးခန်းမဆောင်က ရှိနေပြီးသား
ဆေးလုံးတွေရဲ့ ဆေးဖော်စပ်နည်းကို
ထုတ်ဖော်နိုင်တယ် ဆိုတော့၊ ငါက
ဒီစိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်း
ဆေးလုံးတစ်လုံးကို ရခဲ့လို့ရှိရင်၊
အလုံးအရင်းနဲ့ ဖော်စပ်နိုင်မှာပဲ။

လင်းဖုန်းက ဘာကိုမှ တွေဝေနေခြင်း မရှိပဲ၊
စိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်း
ဆေးလုံးကို အာရုံစိုက်လိုက်ကာ၊
စက်ဝိုင်းကားချပ်ကို
စတင်လှည့်လိုက်ပါတော့တယ်။

# စာစဥ် ၁၃ : အပိုင်း ၁၇

## အပိုင်း ၂၂၇ : စိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံး

စိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်း
ဆေးလုံးရဲ့ နေရာကို အကြမ်းဖျင်း
တွက်ချက်လိုက်ပြီး နောက်မှာတော့၊
လင်းဖုန်းဟာ ဆုံးဖြတ်ချက် ချလိုက်ပြီး
စက်ဝိုင်းကားချပ်ကို လှည့်လိုက်ပါတယ်။

လင်းဖုန်းဟာ လည်ပတ်နေတဲ့
စက်ဝိုင်းကားချပ်ကို ရင်ခုန်စွာနဲ့

စိုက်ကြည့်နေခဲ့ပါတယ်။ အပတ်သုံးပတ် ပတ်ပြီးသွားတဲ့ နောက်မှာတော့ စက်ဝိုင်းကားချပ်ဟာ အရှိန်လျော့လာခဲ့ပြီး၊ နောက်ထပ် အပတ်တစ်ဝက် ပတ်သွားအပြီးမှာတော့ သူဟာ ရပ်လုဆဲဆဲ ဖြစ်သွားခဲ့ပါပြီ။

လင်းဖုန်းရဲ့ မျက်လုံးအစုံဟာ ကျဉ်းမြောင်းသွားခဲ့ပါတယ်။ သူ့ရဲ့ တွက်ချက်မှုအရ စက်ဝိုင်းဟာ သုံးပတ်ခွဲ ပတ်သွားပြီးရင်၊ စိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးရှိတဲ့

တတိယမြောက် အကွက်မှာ ရပ်တန့်ရမှာ ဖြစ်ပါတယ်။

စည်းမျဥ်းအရ ဆိုရင်၊ စက်ဝိုင်းဟာ သုံးပတ်ခွဲ ပတ်ပြီးသွားရင် တစ်ကွက်နဲ့ လေးကွက်အကြားမှာ ရပ်တန့်သွားမှာ ဖြစ်ပါတယ်။

လင်းဖုန်းဟာ အရင်တစ်ခေါက်တုံးက တတိယ အကွက်ကို ရွေးချယ်ခဲ့ပြီး အောင်မြင်ခဲ့တော့၊ အခုတစ်ခေါက်မှာလည်း အရင်အတိုင်း တတိယ အကွက်ကိုပဲ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လေးပုံတစ်ပုံ ဖြစ်နိုင်ချေဟာ သူ့ကို အခေါက်တိုင်းမှာ မျက်နှာသာ ပေးခဲ့တာ မဟုတ်ပါဘူး။ ဒီတစ်ခေါက်မှာတော့ ကံကောင်းခြင်း နတ်ဘုရားဟာ လင်းဖုန်းရဲ့ ပခုံးပေါ်ကနေ ကျော်သွားခဲ့ပါတယ်။ စက်ဝိုင်းကားချပ်ဟာ သုံးပတ်ခွဲ ပတ်အပြီးမှာ ဒုတိယ အကွက်မှာ ရပ်သွားခဲ့ပြီး၊ နောက်ထပ် တစ်လက်မလောက် ထပ်ရွေ့ဖို့ကို ငြင်းဆန်ခဲ့ပါတယ်။

လင်းဖုန်းကလည်း သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ကံတရားပေါ်မှာ မှီခိုရတဲ့

အရာတွေကို အတင်းအကြပ် လုပ်လို့ မရပါဘူး။

သူရခဲ့တဲ့ ဆုကို ကြည့်လိုက်ပြီးတော့၊ လင်းဖုန်းဟာ သူ့ရဲ့ခေါင်းကို ကုတ်လိုက်ပါတယ်။ ကံစမ်းမဲ စမနှိုက်ခင်မှာ၊ သူဟာ အခြားရနိုင်တဲ့ ဆုမဲတွေကို လေ့လာခဲ့ပြီးသား ဖြစ်ပါတယ်။

နဂါးအကြောကြိုးခွေ။ သူဟာ ရှေးပဝေသဏီက နတ်နဂါးရဲ့ အကြောကနေ ပြုလုပ်ထားတာပဲ ဖြစ်ပါတယ်။ သူဟာ မယုံနိုင်စရာ ကောင်းလောက်အောင်

အကြမ်းခံပြီး၊ မူလကောင်းကင် ကမ္ဘာကြီးရဲ့
အမာကျောဆုံး အရာတွေထဲမှာ
တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ကြိုးခွေအဖြစ်
ပြုလုပ်လို့ အပြီးမှာ၊ သူ့ရဲ့ ကြံ့ခံဆန့်နိုင်စွမ်းနဲ့
အကြမ်းခံနိုင်မှုဟာ ထိပ်တန်းအဆင့်မှာ
ရှိနေခဲ့ပါတယ်။

လင်းဖုန်းဟာ သူ့ရဲ့အရှေ့က
နဂါးအကြောကြိုးခွေကို သေချာစွာ
စမ်းသပ်စစ်ဆေးနေခဲ့ပါတယ်။ သူဟာ
သေချာစွာ သန့်စင်ထားပြီးသား ဖြစ်ပြီး၊
လက်ချောင်းတစ်ချောင်းထက် အရွယ်အစား
သေးငယ်ပါတယ်။ သူဟာ

ရွှေရောင်ဖျော့ဖျော့နဲ့၊ နဂါးတွေရဲ့
ကြီးစိုးလွှမ်းမိုးနိုင်တဲ့ အော်ရာတွေကို
ထုတ်လွှတ်နေလို့ပါ။

ဒီနဂါးဟာ သေသွားပြီဖြစ်ကာ၊ သူ့ရဲ့
အကြောတွေကို ထုတ်ယူပြီး ကြိုးခွေ အဖြစ်ကို
ပြုလုပ်ခြင်း ခံလိုက်ရပါတယ်။ ဒါပေမဲ့လည်း
နဂါးရဲ့ သွေးထဲက ကြံ့ခိုင်သန်စွမ်းတဲ့
အသက်စွမ်းအင်နဲ့ စိတ်ဝိညာဉ်
စွမ်းအင်တို့ဟာ၊ အထဲမှာ ရှိနေဆဲ ဖြစ်ပါတယ်။

"နဂါးအကြော၊ နဂါးအကြော…" လင်းဖုန်းဟာ
ရုတ်တရက်ပဲ နဂါးအကြောကြိုးခွေကို

ကိုင်ထားတဲ့ သူ့ရဲ့လက်တွေကို တင်းကျပ်စွာ ဆုပ်လိုက်ပါတယ်။ အတွေးတစ်ခုဟာ သူ့ကို ရိုက်ခတ်လာခဲ့ပါတယ်။ "ယန့်မင်းရွှဲ့က ငါ့ကိုပေးထားတဲ့ ဇူယန်မိစ္ဆာမျက်လုံးဟာ၊ မိစ္ဆာ မဟာပဏ္ဍိတ အဆင့်က ရှေးဟောင်း နတ်နဂါးရဲ့ မျက်လုံးကနေ ပြုလုပ်ထားတာပဲ"

ယန့်မင်းရွှဲ့က ဂုဏ်ပြုလက်ဆောင် အနေနဲ့ ပေးထားတဲ့ ဇူယန်မိစ္ဆာမျက်လုံးဟာ အဖိုးတန်တဲ့ ရတနာတစ်ပါး ဖြစ်ပေမဲ့၊ လင်းဖုန်းဟာ သူ့ရဲ့အစွမ်းကို စမ်းသပ်ဖို့ အကြံတွေကို မစဉ်းစားရသေးပါဘူး။

ဒူယန်မိစ္ဆာမျက်လုံးဟာ မှော်ရတနာ သန္ဓေလောင်း ဆိုတာက သံသယဖြစ်ဖွယ် မရှိပေမဲ့၊ သူ့ကိုရထားတဲ့ သူတိုင်းဟာ မှော်ရတနာအဖြစ်ကို ထုလုပ်နိုင်မယ်လို့ ဆိုလိုနေတာ မဟုတ်ပါဘူး။

မှော်ရတနာတွေကို အင်မော်တယ် ဝိညာဉ် အဆင့်က မဟာ ကျင့်ကြံသူတွေကသာ ထုလုပ်နိုင်တယ်လို့ ဆိုရိုးရှိပေမဲ့၊ ဒါဟာ သူတို့အတွက်လည်း လွယ်ကူတဲ့ တာဝန်မျိုး မဟုတ်ပါဘူး။ သူတို့ဟာ ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေကို ပေးစွမ်းနိုင်တဲ့၊ မှော်ရတနာ

သန္ဓေလောင်းတွေကို အရင် ရှာဖွေဖို့
လိုအပ်ပါတယ်။

မှော်ရတနာတွေကို အစကနေ
ထုလုပ်ရခြင်းဟာ မယုံနိုင်ဖွယ်
ခက်ခဲလှပါတယ်၊ ဒါကြောင့်ပဲ မှော်ရတနာ
သန္ဓေလောင်းတွေဟာ အမတန်ကို
တန်ဖိုးကြီးတာပါ။

အင်မော်တယ် ဝိညာဉ် အဆင့်အောက်က
ကျင့်ကြံသူတွေဟာ
အကြောင်းအမျိုးမျိုးကြောင့် မှော်ရတနာ
သန္ဓေလောင်းတွေကို ရရှိခဲ့ရင်၊ သူတို့ဟာ

သွားရည်တစ်မြားမြားနဲ့သာ ကြည့်နေဖို့ တတ်နိုင်ပါတယ်။ အင်အားသုံးပြီး ရတနာအနေနဲ့ ထုလုပ်မယ်ဆိုရင်၊ ရလဒ်နှစ်မျိုးသာ ရှိနိုင်ပါတယ်။

ပထမ၊ ဒီသန္ဓေလောင်းဟာ လုံးဝကို ပျက်စီးသွားပါမယ်။ သူဟာ တန်ဖိုးရှိတဲ့ ရတနာတစ်ပါးအဖြစ် ဆက်ရှိနေပေမဲ့၊ သူ့ရဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေဟာ ဆုံးရှုံးသွားပြီး၊ နောက်ဆုံးထွက်လာတာက အလွန်ဆုံး အခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ်သာ ဖြစ်နိုင်ပါတယ်။

ဒုတိယ၊ ဒီသန္ဓေလောင်းရဲ့ စိတ်ဝိညာဉ်
စွမ်းအင်တွေဟာ လွန်ကဲစွာ စီးဆင်းလာခဲ့ပြီး၊
အရည်အချင်း မပြည့်မှီတဲ့ ကျင့်ကြံသူကို
တွန်းဖယ်ကာ၊ ထွက်တောင်
ထွက်ပြေးသွားနိုင်ပါတယ်။

လင်းဖုန်းဟာ သူတစ်ပါးတွေကို လုံးဝ
ယုံကြည်စွာနဲ့ ဆက်ဆံလေ့မရှိပဲ၊
သံသယကြီးကြီး ထားတတ်ပါတယ်။
သူ့အနေနဲ့ ယန့်မင်းရွဲ့က သူ့ကို
ဇူယန်မိစ္ဆာမျက်လုံး ပေးလိုက်ခြင်းဟာ၊ သူက
အချိန်ဘယ်လောက် ကြာကြာယူပြီး၊

ဒီပစ္စည်းကို မှော်ရတနာအဖြစ် သန့်စင်မလဲကို စောင့်ကြည့်ခြင်းပဲ ဖြစ်တာပါ။

တကယ်လို့များ လင်းဖုန်းက ဒီတာဝန်ကို လျှင်မြန်စွာနဲ့ ပြီးမြောက်ခဲ့ရင်၊ ယန့်မင်းရွဲ့ဟာ လင်းဖုန်းက အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်နေခဲ့ပြီ ဆိုတာကို အတည်ပြုနိုင်မှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းက ဘာလှုပ်ရှားမှုကိုမှ မပြုလုပ်ခဲ့ရင်၊ ယန့်မင်းရွဲ့ဟာ သံသယတွေ ဝင်လာခဲ့ပြီး နောက်ထပ်ကောက်ချက် အမျိုးမျိုး ချနေမှာပဲ ဖြစ်ပါတယ်။

"ဗူယန်မိစ္ဆာမျက်လုံး၊ နဂါးအကြော...
ရှေးနတ်နဂါး၊ အင်း၊ ဒါဆိုရင်
အလုပ်ဖြစ်လောက်တယ်!"
အချိန်အနည်းငယ်လောက် အကြံထုတ်
အပြီးမှာ၊ လင်းဖုန်းက ပြုံးလိုက်ပြီး၊ "သာမန်
အခြေအနေတွေ အောက်မှာဆိုရင်၊
မှော်ရတနာတွေ ဆိုတာက အင်မော်တယ်
ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေကသာ
ထုလုပ်နိုင်ကြတာပဲ"

"ဒါပေမဲ့လည်း ငါက သာမန်ပုဂ္ဂိုလ်မှ
မဟုတ်တာ။ ဒါက အတော့်ကို ခက်ခဲနိုင်ပြီး၊

အသေးစိတ် ကြိုတင်ပြင်ဆင်မှုတွေ
လိုအပ်မှာပဲ"

သူ့ရဲ့စိတ်က အကြံတစ်ခုကို စဉ်းစားပြီးတာနဲ့၊
လင်းဖုန်းဟာ ဒီကိစ္စကို
ခဏခေါက်ထားလိုက်ပြီး သူ့ရဲ့ အာရုံကို
ကံစမ်းမဲ စနစ်ဆီကို ပြန်ပို့လိုက်ပါတယ်။

ပထမ လှည့်ခြင်းဟာ စိတ်ဝိညာဉ်
ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးကို
မရခဲ့တာကြောင့်၊ လင်းဖုန်းက အနည်းငယ်
စိတ်ခေတ်ကျနေခဲ့ပါတယ်။

ပြီးတော့ ဒုတိယ တစ်ခေါက်မှာ ဆုတွေကို အလှဲအလှယ် ပြုလိုက်လိုက်မှာပါ။ လင်းဖုန်းက ကံစမ်းမဲ စနစ်ထဲကို ပြန်ဝင်ခဲ့ပြီး၊ ရွေးနိုင်တဲ့ ပစ္စည်းတွေကို ကြည့်လိုက်တော့ ပိုပြီးတော့ စိတ်ဓာတ်ကျသွားခဲ့ပါတယ်။

ဒီအချိန်မှာတော့ စနစ်ကြီးက ပေးထားတဲ့ ဆုမဲတွေ အထဲမှာ၊ စိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးဟာ အစတောင် မတွေ့ရပါဘူး။ စက်ဝိုင်းကားချပ် စနစ်မှာရော အံ့စာတုံး စနစ်မှာပါ၊ စိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးကို မထည့်ထားပါဘူး။

လင်းဖုန်းက တိတ်တိတ်လေးပဲ ကျိန်ဆဲလိုက်ကာ ကံစမ်းမဲ စနစ်ကနေ ထွက်ခဲ့ပြီး၊ ကုန်သွယ်မှု စနစ်ထဲကို ဝင်လာခဲ့ပါတယ်။ အိုင်တမ်စာရင်းကို ကြည့်လိုက်တော့၊ လင်းဖုန်းဟာ စိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးရဲ့ ထပ်မံနှုတ်ဆက်ခြင်းကို ခံလိုက်ရပါတယ်။

"သိပ်ပြီးတော့ စိတ်မလှုပ်ရှားသေးနဲ့ဦး" လင်းဖုန်းက အသက်ပြင်းပြင်း တစ်ချက်ကို ရှူလိုက်ပြီး စိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်ပြီးမှ၊ ဒီဆေးလုံးရဲ့ ကုန်သွယ်မှု

တန်ဖိုးကို ကြည့်လိုက်ပါတယ်။
တစ်ချက်ကြည့်လိုက်ရုံနဲ့ပဲ၊ သူ့ရဲ့
အမြင်အာရုံတွေဟာ
မည်းမှောင်သွားခဲ့ပါတယ်။

ကုန်သွယ်မှုတန်ဖိုး အမှတ် ၈၀၀၀!

ကုန်သွယ်မှု စနစ်ထဲက ရှိနေတဲ့ ဆေးလုံးတွေ
အထဲမှာ သူ့ရဲ့တန်ဖိုးဟာ၊ ၃၃ဘုံ ဖန်ဆင်းခြင်း
သက်စောင့်ဆေးလုံး အပြီးမှာ
ဒုတိယလိုက်ပါတယ်။

လင်းဖုန်းဟာ ချက်ချင်းဆိုသလိုပဲ ရင်ကွဲပက်လက် ဖြစ်သွားခဲ့ပါတယ်။ သူ့ရဲ့ အစအဆုံး စုဆောင်းမှုဟာ ၈၀၀၀ လုံးဝမပြည့်ပါဘူး။

လင်းဖုန်းက စနစ်ကြီးကို မကျေနပ်ဆုံး အချက်ဟာ သူ့ကို တစ်ပတ်ရိုက်ပြီး လှည့်စားအပြစ်ပေးတာ ဖြစ်ပြီး၊ ဒုတိယ မကျေနပ်ဆုံး အချက်ကတော့ သူ့ရဲ့ မွဲတေလှတဲ့ ကုန်သွယ်မှု အမှတ်တွေပဲ ဖြစ်ပါတယ်။

အဓိက အချက်ဟာ သူ့ရဲ့
ကိုယ်ပိုင်အမှတ်တွေရဲ့ နံပါတ်
သေးသေးလေးတွေ မဟုတ်ပဲ၊ ဒီလိုမျိုး
အမှတ်နည်းနည်းလေးနဲ့ သူလိုချင်တဲ့
ပစ္စည်းတွေရဲ့ ဈေးနှုန်းဟာ မိုးထိအောင်
မြင့်မားနေခြင်းပါပဲ။

ဒါက လင်းဖုန်းရဲ့ မေတ္တာပို့သလိုစိတ်ကို
တိုးပွားလာစေခဲ့ပါတယ်။

သူဟာ ပြီးခဲ့တဲ့ ဟန်ဟိုင် စိတ်ဝိညာဉ်
အစည်းအဝေးမှာတုံးက အတော်လေး
အမြတ်အစွန်း ရခဲ့ပါတယ်။ ဂိုဏ်းဖွင့်ပွဲ

အခမ်းအနားမှာလည်း ကျိုးကေရာဇ်
လျှမ်ပန်းရဲ့ကိုယ်စား၊ မေဝူလန်ဆီကနေ
ဂုဏ်ပြုလက်ဆောင်
အတော်များများကိုလည်း ရခဲ့ပါသေးတယ်။
အပြင်ကမ္ဘာမှာ ဆိုရင်တော့ လင်းဖုန်းရဲ့
ပိုင်ဆိုင်မှုဟာ ပေါ့ပေါ့သေးသေး မဟုတ်ပါဘူး။

သူဟာ နှစ်ပေါင်းထောင်နဲ့ချီ
သက်တမ်းရှိပြီဖြစ်တဲ့ ဂိုဏ်းကြီးတွေနဲ့တော့
မယှဉ်နိုင်သေးပေမဲ့၊ သာမန်ပုဂ္ဂိုလ်တွေ
အထဲမှာတော့ လင်းဖုန်းဟာ
အငြင်းပွားဖွယ်ရာ မရှိပဲ
သူဌေးလေးတစ်ယောက် ဖြစ်နေခဲ့ပါပြီ။

ဒါပေမဲ့လည်း သူ့ရဲ့ကိုယ်ပိုင် ကုန်သွယ်မှု စနစ်ထဲမှာတော့၊ လင်းဖုန်းဟာ မယုံနိုင်လောက်အောင် ဆင်းရဲမွဲတေနေပြီး စိတ်ကြိုက်ဈေးဝယ်ထွက်နိုင်ခြင်း ဆိုတဲ့ အခွင့်အရေးကို မခံစားနိုင်သေးပါဘူး။

သူ့ရဲ့ နည်းပါးလှတဲ့ ရာဂဏန်း အနည်းငယ်သော ကုန်သွယ်မှု အမှတ်တွေကို စိုက်ကြည့်နေခဲ့ကာ၊ စိတ်ဝိညာဉ် ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးရဲ့ ဈေးနှုန်းကို နောက်ထပ် ပြန်ကြည့်နေခဲ့ရင်း၊ လင်းဖုန်းဟာ ဒေါသအိုးတွေ

ပေါက်ကွဲလာခဲ့ပြီး၊ တစ်စုံတစ်ယောက်ရဲ့
မျက်နှာကို လက်သီးနဲ့ ဆွဲထိုးချင်စိတ်တွေ
ပေါက်လာခဲ့ပါတယ်။

တကယ်လို့များ ကုန်သွယ်မှု စနစ်ဟာ
ပြင်ပကမ္ဘာက ဆိုင်တစ်ဆိုင်သာ ဖြစ်ခဲ့ရင်၊
သူဟာ ချိုးဖောက်ဝင်ရောက်ပြီး
ခားပြတိုက်မိမယ်လို့ ကျိန်ရဲပါတယ်။

လင်းဖုန်းဟာ မသန့်စင်တဲ့ အော်ရာအပြည့်နဲ့
သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး၊
ကုန်သွယ်မှု စနစ်ကို ထွက်လိုက်ကာ ကံစမ်းမဲ
စနစ်ထဲကို ပြန်ဝင်ခဲ့လိုက်ပါတယ်။

အခွင့်အရေးက တစ်ခုပဲ ကျန်နေတော့၊ လင်းဖုန်းဟာ ဘာမှ မစဥ်းစားနေခဲ့ပဲ စုပ်တံရွေးချယ်မှု စနစ်ထဲကို ဝင်ခဲ့ကာ၊ စိတ်ဝိညာဥ် ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးကို ပစ်မှတ်ထားခဲ့ပါတယ်။

စုပ်တံဆွဲယူခြင်း စနစ်မှာ စုပ်တံလေးမျိုး ရှိပါတယ်။ အနီရောင် စုပ်တံကို ရွေးချယ်မိမယ်ဆိုရင်တော့၊ လင်းဖုန်းဟာ ကုန်သွယ်မှု စနစ်ထဲက သူလိုချင်တဲ့ အိုင်တမ်ကို ရမှာပါ။ သူဟာ အပေါင်ပစ္စည်းနဲ့ ဒီအိုင်တမ်ကို လဲလှယ်ခြင်းနဲ့ တူညီပြီး၊

သူလိုချင်တဲ့ အိုင်တမ်ဟာ ဈေးအမတန်
ကြီးရင်လည်း အလုပ်ဖြစ်ပါတယ်။

လင်းဖုန်းဟာ စိတ်ဝိညာဉ်
ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးကို
ရယူဖို့အတွက်၊ အနီရောင် စုပ်တံကို
လိုချင်နေခဲ့ပါတယ်။

အပေါင်ပစ္စည်း အနေနဲ့ ဘယ်အိုင်တမ်ကို
ရွေးချယ်ရမလဲကို စဉ်းစားရတာကလည်း
နာကျင်ခံစားရပါတယ်။ သူအသုံးပြုနိုင်တဲ့
ပိုင်ဆိုင်မှု အနည်းငယ်ကို စစ်ဆေးပြီးတော့၊
လင်းဖုန်းဟာ အတွေးနက်နေခဲ့ပါတယ်၊

"ဗုဒ္ဓခေတ်တော်တွေ? သိပ်ပြီးတော့
မသင့်တော်ဘူး၊ သူတို့ဟာ တချို့
အခြေအနေတွေမှာ အသုံးဝင်နိုင်သေးတယ်"

"အနက်ရောင်ကျီးကန်း ကျောက်စိမ်းရုပ်ထု?
ဒါက အမှောင်ကျမ်းစာတွေကို ဖုံးကွယ်ထားပြီး
အသုံးဝင်ပေမဲ့၊ စိတ်ဝိညာဉ်
ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးနဲ့
ယှဉ်လိုက်ရင် တန်ဖိုးချင်း ကွာလွန်းပြီး၊
အနီရောင် စုပ်တံကို ရွေးချယ်နိုင်တဲ့
အခွင့်အရေးကလည်း နည်းလွန်းမယ်"

"လေပြင်းနဲ့ မိုးကြိုး မှော်အင်းကွက်ကလည်း
အတူတူပဲ"

လင်းဖုန်းဟာ ရှောင်ယန်တို့ သုံးယောက်ကို
အခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ်
သုံးခုကို ပေးပြီးသား ဖြစ်နေပြီး၊ သူတို့ကို
ပြန်တောင်းဖို့ ရည်ရွယ်ချက်လည်း မရှိပါဘူး။

"ဟုတ်သားပဲ၊ မေ့တော့မလို့"
နောက်ထပ်အနည်းငယ် စဉ်းစားပြီးနောက်မှာ၊
လင်းဖုန်းက သူ့ရဲ့နဖူးသူ ပြန်ရိုက်လိုက်ပြီး
မှင်စုတ်တံ တစ်ချောင်းကို
ထုတ်လိုက်ပါတယ်။

ဒါကတော့ ရွှမ်ကျိုအမတ် ဂေဟာက ဘဏ္ဍာစိုး ကျန်းဟိုင်ရဲ့ ကိုယ်ပိုင်မှော်အိုင်တမ် ဖြစ်တဲ့၊ နွေဦးနဲ့ဆောင်းဦး စုတ်တံပဲ ဖြစ်ပါတယ်။

အဲ့ဒီအချိန်တုံးက ကျန်းဟိုင်ဟာ လင်းဖုန်းရဲ့ ကောင်းကင်ကမ္ဘာငယ်တွေရဲ့ အထဲမှာ အကျဉ်းချခံထားရပြီး ကောင်းကင်နဲ့မြေကြီးတို့ရဲ့ ဖျက်ဆီးခြင်း မှော်ကျိန်စာရဲ့ အမှုန့်ချေမှုကို ခံရခါနီးမှာ၊ ကံကောင်းစွာနဲ့ မေဂူလန်ရောက်လာလို့ လင်းဖုန်းက ချမ်းသာပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းဟာ သူ့ရဲ့
နွှေဦးနဲ့ဆောင်းဦး စုတ်တံကိုတော့
ယူထားခဲ့ပါတယ်။

ဒီနွှေဦးနဲ့ဆောင်းဦး စုတ်တံဟာ ကျန်းဟိုင်ရဲ့
ကိုယ်ပိုင်မှော်လက်နက် ဖြစ်ပြီး၊ သူ့ရဲ့
မှော်ကျိန်စာတွေနဲ့ တွဲဖက်လိုက်ရင်
အလွန်ကိုပဲ အစွမ်းထက်လှပါတယ်။
ရှကျိုးမြို့ရဲ့ ပြင်ပက လွင်ပြင်တိုက်ပွဲမှာ၊
ဇူရိက သူ့ကို ခုခံနိုင်ခဲ့ပေမဲ့
ဆက်လက်ပြီးတော့ တိုက်ခိုက်မယ်ဆိုရင်
ကျန်းဟိုင်က အပေါ်စီး ရမှာပဲ ဖြစ်ပါတယ်။

ဒီတိုက်ပွဲမှာ ဇူရီ၊ ရှောင်ယန်နဲ့
ရှောင်ပုတန်လေးတို့ဟာ၊ အခြေတည်ဝိညာဉ်
အဆင့်က မဟာကျင့်ကြံသူ သုံးယောက်တို့နဲ့
တိုက်ခိုက်ခဲ့တာပဲ ဖြစ်ပါတယ်။ ဇူရီဟာ
သူတို့အနက်မှာ ပြိုင်ဘက်ကို
အလွှမ်းမိုးနိုင်ဆုံး ဖြစ်ပေမဲ့၊ အနိုင်တိုက်နိုင်ဖို့
အခွင့်အလမ်းက အနည်းဆုံး ဖြစ်ပါတယ်။

ယခင်က မဟာမိုးကြိုး ကျောင်းတော်ကြီးရဲ့
အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ
နှစ်ယောက်ဟာ၊ ကျန်းဟိုင်ရဲ့
လက်အောက်မှာ ကျဆုံးခဲ့တယ်ဆိုတော့၊ သူ့ရဲ့
မှော်စွမ်းအင်နဲ့ စွမ်းရည်တို့ဟာ

ကြောက်မက်ဖွယ် ကောင်းတာကို
သက်သေပြပြီးသား ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းအတွက်တော့၊
ဒီနွေဦးနဲ့ဆောင်းဦး စုတ်တံဟာ
ဘာအသုံးဝင်မှုမှ မရှိပါဘူး။ ဒါဟာ သူ့ရဲ့
တာအိုနည်းစနစ်တွေ စွမ်းရည်တွေ တစ်ခုနဲ့မှ
ကိုက်ညီမှု မရှိပါဘူး။

ဒါကြောင့် စုပ်တံရွေးချယ်ခြင်း စနစ်အတွက်
အပေါင်ပစ္စည်းလုပ်ဖို့၊ ဒီထက်ပိုပြီး
သင့်တော်တဲ့ ပစ္စည်းမျိုး မရှိတော့ပါဘူး။

လင်းဖုန်းက ဒီနွေဦးနဲ့ဆောင်းဦး စုတ်တံကို ပေးလိုက်ပြီး၊ စုပ်တံရွေးချယ်ခြင်း စနစ်ထဲက ဝါးခွက်လေးကို ကြည့်နေခဲ့ပါတယ်။ မကြာခင်မှာပဲ ခွက်ထဲမှာ စုပ်တံ အချောင်းသုံးဆယ်တို့ဟာ ပေါ်လာခဲ့ပါတယ်။

အနီရောင်စုပ်တံ ခြောက်ချောင်း!

လင်းဖုန်းက သေချာအောင် ပြန်ကြည့်လိုက်ပြီး၊ စိတ်သက်သာရာ ရစွာနဲ့ သက်ပြင်းတစ်ချက်ကို ချလိုက်ပါတယ်။ အနီရောင် စုပ်တံပေါ်လာနိုင်တဲ့ အမြင့်ဆုံး အရေအတွက်က ခြောက်ဖြစ်ပြီး၊ ၂၀%

အခွင့်အရေး ရှိပါတယ်။ ဒီထက်ပိုပြီး မျှော်လင့်လို့ မရတော့ပါဘူး။

အနီရောင်စုပ်တံ ခြောက်ချောင်းအပြင်၊ ကျပန်းဆုမဲကို ပေးနိုင်တဲ့ အဖြူရောင်စုပ်တံ အရှည်က ၁၅ချောင်း၊ ဘာမှမရပဲ အပေါင်ပစ္စည်းကို ပြန်ပေးမယ့် အဖြူရောင် စုပ်တံက ၆ချောင်းနဲ့ လက်ဗလာနဲ့သာ ပြန်ရမယ့် အဖြူရောင် စုပ်တံအတိုက ၃ချောင်းရှိပါတယ်။

လင်းဖုန်းက လေပူကြီး တစ်ချက်ကို မှုတ်ထုတ်လိုက်ပါတယ်။ အခြေတည်ဝိညာဉ်

အဆင့်က မှော်အိုင်တမ် တစ်ခုကို
အသုံးပြုလိုက်ခြင်းဟာ၊ မှန်ကန်တဲ့
ရွေးချယ်မှုတစ်ခု ဖြစ်သွားခဲ့ပါတယ်။

အနီရောင် စုပ်တံနဲ့ အဖြူရောင်စုပ်တံ
အရှည်တို့ဟာ ၂၁ခုရှိပြီး၊ အခွင့်အရေး
၇၀%ဟာ အတော်မြင့်တယ်လို့ ပြောရမှာပါ။

လင်းဖုန်းက သူပထမဆုံး စုပ်တံရွေးချယ်မှု
စနစ်ကို စရွေးတုံးက အကြောင်းကို
မှတ်မိနေပါသေးတယ်။ အနီရောင်စုပ်တံ
၃ချောင်းနဲ့ အဖြူရောင် စုပ်တံအရှည်
၉ချောင်းသာ ရှိခဲ့ပြီး၊ ၄၀%သာ ရှိခဲ့တာပါ။

"စုပ်တံရောမွှေခြင်း စတင်ပါ!" လင်းဖုန်းက အမိန့်ပေးလိုက်တာနဲ့ စုပ်တံ အချောင်း၃၀တို့ဟာ ဝါးခွက်ထဲကို ရောက်သွားခဲ့ပြီး၊ လျှင်မြန်စွာနဲ့ ရောထွေးသွားကြပါတယ်။ ခဏအကြာမှာ အားလုံးက ရပ်တန့်သွားကြကာ၊ ခွက်ထဲမှာ ငြိမ်သက်စွာ တည်ရှိနေကြပါတော့တယ်။

မြင်နေရတဲ့ စုပ်တံအပိုင်းတွေဟာ အားလုံးက တစ်ပုံစံထဲပါပဲ။ လင်းဖုန်းက ဘာကိုမှ မစောင့်နေတော့ပဲ၊ သူ့ရဲ့ကံကိုသာ

အားကိုးလိုက်ပြီး စုပ်တံတစ်ချောင်းကို
ကျပန်းရွေးချယ်လိုက်ပါတယ်။

စုပ်တံဟာ ခွက်ထဲကနေ ထွက်လာတာနဲ့
လင်းဖုန်းဟာ ချက်ချင်း
ညည်းတွားလိုက်ပါတယ်။

သောက်ကျိုးနည်း!

အဖြူရောင်ကြီးဟာ!

ပြီးတော့မှ လင်းဖုန်းဟာ ငိုတာထက်ကို ပိုကြည့်ရဆိုးတဲ့ မချိပြုံးတစ်ခုကို ကြိတ်ပြီးမှ ပြုံးလိုက်ပါတယ်။ "ငါက အရင်အခေါက်တုံးက ငါ့မှာရှိတဲ့ ကံကောင်းခြင်းတွေ အကုန်လုံးကို သုံးပစ်လိုက်တာတော့ မဟုတ်ပါဘူးနော်၊ ဟုတ်တယ်မို့လား?"

သူဟာ သူ့ရဲ့စုပ်တံကို ကြည့်လိုက်ပြီး၊ မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပါတယ်။ အနည်းဆုံးတော့ နှစ်သိမ့်လို့ ရပါသေးတယ်၊ သူက အဖြူရောင် စုပ်တံအရှည်ကို ဆွဲယူမိလိုက်တာပါ။

စနစ်ကြီးက အဖြူရောင် စုပ်တံအရှည်ဟာ အပေါင်ပစ္စည်းနဲ့ လဲလှယ်ဖို့ ကျပန်းဆုမဲ တစ်ခုကို ရွေးချယ်ပေးတယ်လို့ ဆိုသော်ငြားလည်းပဲ၊ သူ့ရဲ့အတိတ်က အတွေ့အကြုံအရ ဒီကျပန်းဆုမဲတွေဟာ အာပလာတွေတော့ မဟုတ်ကြပဲ အသုံးဝင်တဲ့ ပစ္စည်းတွေ ဖြစ်ကြပါတယ်။

ဥပမာ အနေနဲ့ ပြောရရင်၊ လင်းဖုန်းရဲ့ ပထမဆုံး ဂိုဏ်းတည်ဆောက်ခြင်း တိုကင်ဟာ အဖြူရောင်စုပ်တံ အရှည်ကို ရွေးချယ်မိလို့ ရခဲ့တာပါ။

"ငါက ကိုယ့်ကိုယ်ကို ဒီလိုပဲ နှစ်သိမ့်ရတော့မှာပဲ" လင်းဖုန်းက သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး၊ အဖြူရောင်စုပ်တံ အရှည်လေးဟာ လေထုထဲမှာ သုံးခါတိုင်တိုင် လက်ကနဲ ဖြစ်သွားခဲ့ကာ၊ သူ့ရဲ့အရှေ့မှာ အဖြူရောင် အလင်းတန်းလေး တစ်ခုအဖြစ် ကျလာခဲ့တာကို ကြည့်နေခဲ့ပါတယ်။

အဖြူရောင် အလင်းတန်းလေးက ကွယ်ပျောက်သွားတော့ သေတ္တာတစ်လုံးက ပေါ်လာခဲ့ပါတယ်။

လင်းဖုန်းက သူ့ရဲ့ မျက်တောင်တွေကို ခတ်လိုက်ပါတယ်။ သေတ္တာလေးကို ဖွင့်ကြည့်လိုက်တော့၊ အထဲမှာ ဗလာနတ္တိ ဖြစ်နေခဲ့ပါတယ်။

ပြီးတာနဲ့ စနစ်ရဲ့ အသံဟာ လင်းဖုန်းရဲ့ နားထဲမှာ ပေါ်လာခဲ့ပါတယ်။ ဒီစကားကို ကြားပြီးတဲ့နောက်မှာ၊ လင်းဖုန်းဟာ အနည်းငယ် ကြောင်သွားခဲ့ပေမဲ့ ခဏအကြာမှာ တစ်ဟားဟားနဲ့ ရယ်မောလိုက်ပါတယ်။

"ရှေးက စကားပုံတစ်ခုဟာ ဘာပါလိမ့်?
ကောင်းကင်ဘုံက မင်းကို တံခါးတစ်ချပ်
ပိတ်လိုက်ပေမဲ့၊ သူဟာ မင်းကို ပြတင်းပေါက်
တစ်ပေါက်တော့ ဖွင့်ပေးလိမ့်မယ်"

"ဟားဟား၊ စိတ်ဝိညာဉ်
ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံး၊
ငါကမင်းဆီကို လာနေပြီဟေ့!"

## စာစဉ် ၁၃ : အပိုင်း ၁၈

## အပိုင်း ၂၂၈ : ဒီပုံရိပ်က အရမ်းကို လှပပေမဲ့၊ ငါက မကြည့်ရဲဘူးကွ

ဇူရိက လင်းဖုန်းကို ဦးညွှတ်ပြီးမှ နှုတ်ဆက်လိုက်ပါတယ်၊ "ဆရာသခင်၊ ကျွန်တော်က တပည့်အသစ်တွေကို တာအိုနည်းစနစ်တွေအကြောင်း ရှင်းပြပေးခဲ့အပြီးမှာ၊ ပြဿနာတစ်ခုကို တွေ့ရှိခဲ့ပါတယ်။ ကျွန်တော်တို့ဂိုဏ်းရဲ့ မဟာကောင်းကင် တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက်က အတော့်ကို ခက်ခဲနက်နဲပြီး၊ တပည့်အသစ်တွေက အခြေခံတွေ မခိုင်မာသေးတော့၊ တစ်ယောက်မှ နောက်ကွယ်က သဘောတရားတွေကို သဘောမပေါက်ခဲ့ကြပါဘူး"

လင်းဖုန်းက သူဟာ အဲ့ဒီအကြောင်းကို
အစကတည်းက မျှော်လင့်ထားတဲ့အတိုင်း၊
ဖွဖွလေး ပြုံးလိုက်ပါတယ်။

အရင်တုံးက သူ့ရဲ့ ကျင့်ကြံမှု အဆင့်ဟာ
ချီသာဝက မဟာစက်ဝိုင်း ပြည့်စုံခြင်း
အဆင့်၁၂ကို ရောက်ခဲ့စဥ်က၊ သူဟာ
တာအိုနည်းစနစ်ပေါင်း ရှစ်မျိုးကို
ပေါင်းစည်းပြီး စနစ်ကြီးကို အသုံးချကာ၊
မဟာကောင်းကင် တာအိုကျမ်းစာရဲ့
အရေအတွက်သုံးခု အင်းရှစ်ကွက်ကို
စတင်ဖန်တီးခဲ့တာပါ။ ဒီတာအိုနည်းစနစ်ဟာ

မူလကတည်းက သူ့ရဲ့ အခြေခံအုတ်မြစ်
အဆင့်မှာ အသုံးပြုဖို့ ရည်ရွယ်ထားခဲ့တာပါ။

နောက်ပိုင်းမှာ ရှောင်ယန်၊ ဇူရီနဲ့
ရှောင်ပုတန်တို့ဟာ သူတို့ရဲ့ ချီသာဝက
အဆင့်ကို ပြီးမြောက်ပြီး အခြေခံအုတ်မြစ်
အဆင့်ကို ပြင်ဆင်တဲ့ အချိန်ကျမှ၊
ဒီမဟာကောင်းကင် တာအိုကျမ်းစာရဲ့
အရေအတွက်သုံးခု အင်းရှစ်ကွက်ကို
သင်ယူခဲ့ရပါတယ်။

လင်းဖုန်းရဲ့ အတွေးကတော့ သူ့ဂိုဏ်းရဲ့
ဝိသေသ တာအိုနည်းစနစ်ဟာ၊

အခြေခံအုတ်မြစ် အဆင့်ရောက်မှ
စတင်လေ့ကျင့်နိုင်မှာဖြစ်ပြီး၊ ရှောင်ယန်နဲ့
ကျန်တဲ့သူတွေကို တပည့်အဖြစ်နဲ့
လက်ခံခဲ့စဉ်က ဒီတာအိုနည်းစနစ်ကို
မဖန်တီးရသေးပါဘူး။

ပြီးတော့ အမှန်တကယ် ဆိုရင်လည်း၊
မဟာကောင်းကင် တာအိုကျမ်းစာရဲ့
အရေအတွက်သုံးခု အင်းရှစ်ကွက်ဟာ
ချီသာဝက အဆင့်က ကျင့်ကြံသူတွေ အဖို့၊
အတော်ကြီးကို ခက်ခဲနက်နဲလွန်းနေပါတယ်။

အထူးသဖြင့် အရင်က ချီလေ့ကျင့်မှု မပြုလုပ်ဖူးတဲ့ အတွေ့အကြုံမရှိသေးတဲ့ သူတွေအတွက် ပိုဆိုးပါတယ်။ တာအိုကျမ်းစာတွေကို သင်ယူဖို့ဟာ မဖြစ်နိုင်တာတော့ မဟုတ်ပေမဲ့၊ ခက်ခဲမှုတွေဟာ ကြီးမားလွန်းနိုင်ပြီး နားလည်ဖို့ ခက်ခဲလွန်းနိုင်မှာပါ။ အလွန်ကို မြင့်မားတဲ့ ဉာဏ်ပညာ၊ သဘောပေါက် နားလည်နိုင်စွမ်းနဲ့ လက်ခံနိုင်စွမ်းတို့ကိုလည်း လိုအပ်မှာပါ။

ဒါကြောင့်မို့ပဲ ချီသာဝက အဆင့်ကို မပြီးဆုံးသေးတဲ့ သူတွေအနက်မှာ၊

မဟာကောင်းကင် တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို သင်ယူနိုင်တဲ့သူက တစ်ယောက်ပဲ ရှိပါတယ်။ သူကတော့ လင်းဖုန်းရဲ့ တတိယတပည့် ဝမ်လင်းပါ။

ဒါပေမဲ့ ဝမ်လင်းက ဘယ်သူလဲ? သူ့ရဲ့ အရိုးအရင်းမြစ်ဟာ သာမန်အောက် ရှိနေပေမဲ့၊ သူ့ရဲ့ သဘောပေါက် နားလည်နိုင်စွမ်းဟာ အလွန့်အလွန်ပဲ မြင့်မားပါတယ်။

ဒီပြဿနာအတွေက လင်းဖုန်းမှာက အဖြေရှိပြီးသားပါ။ ဘာပဲပြောပြော

ဂိုဏ်းတစ်ဂိုဏ်းမှာ၊ အရင်က အတွေ့အကြုံ
မရှိသေးတဲ့ တပည့်အသစ်တွေကို
သင်ပေးနိုင်ဖို့၊ ရိုးရှင်းတဲ့
တာအိုနည်းစနစ်မျိုးတွေလည်း
လိုအပ်ပါတယ်။

ဒါပေမဲ့လည်း သူဟာ သူ့ရဲ့အဖြေကို ချက်ချင်း
မသင်ပေးသေးပဲ၊ ဇူရီက ဒီစိန်ခေါ်မှုကို
ဘယ်လို ဖြေရှင်းမလဲ ဆိုတာကို
ကြည့်ချင်သေးပါတယ်။

"ဒီပြဿနာကို ဖြေရှင်းဖို့ မင်းရဲ့ အမြင်ကရော ဘယ်လိုလဲ?" လင်းဖုန်းက ပြုံးပြီးမှ မေးလိုက်ပါတယ်။

ဇူရိက သူ့ရဲ့ခေါင်းကို မော့လိုက်ပြီး သူ့ဆရာကို ကြည့်လိုက်ကာ တွေးလိုက်ပါတယ်၊ "ကြည့်ရတာတော့ ဆရာက အစကတည်းက အစီအစဉ်ရှိပြီးသား ဖြစ်ပေမဲ့၊ ငါ့ကို စမ်းသပ်နေတာပဲ ဖြစ်မယ်"

သူကလည်း အစကတည်းက ခေါင်းထဲမှာ အကြမ်းဖျင်း စဥ်းစားထားပြီးသား ဖြစ်တာမို့ ပျာယာမခတ် သွားခဲ့ပါဘူး။ သူက

တည်ငြိမ်စွာနဲ့ပဲ ပြန်ဖြေလိုက်ပါတယ်၊
"ကျွန်တော်က ဒီအခြေအနေကို ဖြေရှင်းဖို့
နည်းလမ်းနှစ်မျိုးကို စဉ်းစားထားပါတယ်။
ဆရာက ကျေးဇူးပြုပြီးတော့
ထောက်ပြပေးပါ"

"ပထမ အဖြေကတော့၊ ဆရာက
ကျွန်တော်တို့ကို ပထမဆုံး သင်ပေးသလိုပဲ၊
ကျွန်တော်တို့က တပည့်
တစ်ယောက်ချင်းဆီကို သူတို့နဲ့ သင့်လျှော်မယ့်
အရာတွေကို သင်ပေးရပါမယ်။ သူတို့ရဲ့
ကွဲပြားတဲ့ အခြေခံ အုတ်မြစ်တွေ အပေါ်ကို
မူတည်ပြီး၊ ကိုက်ညီမယ့် နည်းလမ်းတွေကို

ရွေးချယ်ရပါမယ်။ သင့်တော်တဲ့ အချိန်ကို ရောက်မှသာ၊ ကျွန်တော်တို့က မဟာကောင်းကင် တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို သင်ပေးရမှာပါ"

"ဒုတိယ အဖြေကတော့၊ ကျွန်တော်တို့က မဟာကောင်းကင် တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို လွယ်ကူရိုးရှင်းတဲ့ နည်းစနစ် တစ်ခုအဖြစ် ဖန်တီးပေးရမှာပါ။ သူတို့က အခြေခံတွေ ခိုင်မာလာပြီးတဲ့ နောက်မှသာ၊

တာအိုနည်းစနစ် အပြည့်အစုံကို
သင်ပေးရမှာပါ။

ဇူရိက ခဏလောက် နားလိုက်ပြီးမှ
ဖြေးဖြေးချင်း ဆက်ပြောလိုက်ပါတယ်၊
"ကျွန်တော်က ဒီရက်ပိုင်းတွေ အတွင်းမှာ
သင်ကြားဖို့ အချက်အလက်တွေကို
နေရာတကျ စုစည်းနေခဲ့ပြီး၊
မဟာကောင်းကင် တာအိုကျမ်းစာရဲ့
အရေအတွက်သုံးခု အင်းရှစ်ကွက်ကို ရိုးရှင်းတဲ့
ပုံစံတစ်ခုအဖြစ် ဖန်တီးခဲ့ပါတယ်။ ဆရာက
ကျေးဇူးပြုပြီး တည်းဖြတ်ပေးပါဦး ခင်ဗျာ"

လင်းဖုန်းက ပြုံးလိုက်ပြီး၊ "ဇူရီ၊ မင်းကအတော်ကြိုးစားခဲ့တာပဲ။ ဆရာက မင်းရဲ့အားထုတ်မှုတွေကို အသိအမှတ်ပြုပါတယ်ကွာ"

ဇူရီဟာ တပည့်အသစ်တွေကို ကြိုးစားပန်းစားသင်ကြားပေးခဲ့ရုံတင် မကပဲ၊ သူဟာသူ့ရဲ့စွမ်းရည်တွေကို လေ့ကျင့်ရာမှာလည်းနောက်မကျနေခဲ့ပါဘူး။

တာအိုနည်းစနစ် တစ်ခုကို ရိုးရှင်းတဲ့ပုံစံပြောင်းရတာဟာ လွယ်ကူတဲ့ ကိစ္စမျိုးမဟုတ်ပါဘူး။ စကားလုံးတွေကို နှုတ်ပယ်ရုံ၊

ပြင်ဆင်ရုံနဲ့တင် မပြီးပါဘူး။ မူလနည်းစနစ်ရဲ့
နက်နဲသိမ်မွေ့တဲ့၊ မပါမဖြစ်တဲ့
သဘောတရားတွေဟာ ပြောင်းလဲသွားလို့
မဖြစ်ပါဘူး။ သူ့ရဲ့ ပြီးပြည့်စုံမှုကို
ထိန်းသိမ်းထားနိုင်ဖို့ ဆိုတာက စိန်ခေါ်မှုကြီး
တစ်ရပ်ပါ။ ဒီလိုတာဝန်မျိုးကို
ထမ်းဆောင်ရမယ့်သူဟာ
ဒီတာအိုနည်းစနစ်ကို ထဲထဲဝင်ဝင်၊
နက်နက်ရှိုင်းရှိုင်း နားလည်
သဘောပေါက်ထားဖို့ လိုအပ်ပါတယ်။

ယန်ချင်နဲ့ ယွဲ့ဟုန်ယန်တို့က ဇူရီကို
လှမ်းကြည့်နေတဲ့ အကြည့်တွေထဲမှာ၊

ကြည်ညိုလေးစားတဲ့ အရိပ်အယောင်တွေကို အထင်အရှား တွေ့မြင်နိုင်ပါတယ်။ သူတို့က လင်းဖုန်းရဲ့ တပည့်တွေ ဖြစ်လာကြပြီးနောက်မှာ၊ လင်းဖုန်းက မဟာကောင်းကင် တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို သင်ပေးလိုက်တော့၊ သူတို့ကလည်း သူတို့ရဲ့ မှော်စွမ်းအင်တွေကို ဒီကျမ်းစာအတိုင်း လည်ပတ်ခဲ့တာပါ။

တစ်ယောက်ဟာ ပိုပြီးတော့ လေ့ကျင့်လေလေ၊ ဒီတာအိုနည်းစနစ်ထဲက ခက်ခဲနက်နဲ သိမ်မွေ့တဲ့ သဘောတရားတွေကို

ပိုပြီးတော့ ခံစားမိလေလေ ဖြစ်ကာ၊
ဖြစ်နိုင်ချေ များစွာတို့ဟာ ရှာဖွေတွေ့ရှိဖို့
ကျန်နေသေးတယ် ဆိုတာကို
သိရှိနားလည်လာမှာပဲ ဖြစ်ပါတယ်။

ဇူရီဟာ ဒီတာအိုနည်းစနစ်ပေါ်မှာ
လုံးဝခိုင်မာတဲ့ အခြေခံအုတ်မြစ်တွေ ရှိထားတဲ့
အတွက်ကြောင့်၊ ဒီလိုမျိုး ပြင်ဆင်ချက်တွေကို
ပြုလုပ်နိုင်တာ ဖြစ်ပြီး၊ ယွဲ့ဟုန်ယန်နဲ့
ယန်ချင်တို့ဟာ အတော့်ကို လေးစားအားကျ
နေကြပါတော့တယ်။

လင်းဖုန်းက ရယ်ရမ်းသွေးလိုက်ပြီး၊ "ပထမနည်းလမ်းက အလုပ်ဖြစ်မှာ မဟုတ်ဘူး။ အရင်တုံးက မင်းတို့ကို ဒီနည်းစနစ် အသုံးပြုလိုက်တာက၊ မင်းတို့ကို ကိုယ့်ရဲ့ ပင်ကိုစွမ်းရည်တွေကို လွတ်လွတ်လပ်လပ် သဘောပေါက်နိုင်ဖို့ပဲ။ မင်းတို့က ကမ္ဘာကြီးရဲ့ နည်းလမ်းတွေကို ကိုယ်ပိုင်နားလည်မှုနဲ့ အဓိပ္ပာယ် ရှင်းလင်းချက်တွေကို ဖော်ထုတ်နိုင်အောင် လေ့ကျင့်ပေးဖို့ပဲ။

"ဒါပေမဲ့လည်း ဒီတပည့်တွေရဲ့ အခြေအနေက၊ မင်းတို့နဲ့ အရမ်းကို ကွာခြားနေတယ်"

လင်းဖုန်းက ဘွင်းဘွင်းပဲ ပြောလိုက်ပါတယ်၊
"သူတို့ရဲ့ ပင်ကိုစွမ်းရည်က မင်းတို့နဲ့
အတော်ပဲ ကွာခြားနေတယ် ဆိုတော့၊
မင်းတို့လျှောက်ခဲ့တဲ့ လမ်းဟာ
သူတို့အတွက်တော့ သင့်တော်မှာ မဟုတ်ဘူး"

ရှောင်ပုတန်လေးဟာ စပ်ဖြဲဖြဲ လုပ်နေပေမဲ့
စကားတစ်လုံးမှ မပြောခဲ့ပါဘူး။ ဇူရီရဲ့ မျက်နှာ
အသွင်အပြင်ကလည်း မပြောင်းလဲခဲ့ပါဘူး။
သူတို့ဟာ မောက်မာထောင်လွှားတဲ့သူတွေ
မဟုတ်ကြသလို၊ လွန်ကဲစွာ နှိမ့်ချကြတဲ့
သူတွေလည်း မဟုတ်ပါဘူး။

လင်းဖုန်းက ဆက်ပြောလိုက်ပါတယ်၊
"ဒါကြောင့်ပဲ မင်းတင်ပြခဲ့တဲ့ အဖြေနှစ်မျိုး
အနက်မှာ၊ ဒုတိယ တစ်ခုက ပိုပြီးတော့
ဖြစ်နိုင်တယ်"

ဇူရိက ခေါင်းညိတ်လိုက်ပြီး၊
သူပြင်ဆင်ထားခဲ့တဲ့ ရိုးရှင်းတဲ့
တာအိုကျမ်းစာကို လင်းဖုန်းကို စစ်ဆေးပေးဖို့
တင်ပြလိုက်ပါတယ်။

ဒါတွေကို ဖတ်ပြီးတဲ့နောက်မှာ လင်းဖုန်းက
စကားတစ်ခွန်းမှ မပြောခဲ့ပဲ၊

အတွေးရေယာဉ်ကြောထဲမှာ မျောနေတဲ့ပုံ ပေါက်သွားခဲ့ပါတယ်။

"ဒါကတော့ သိပ်မဆိုးပေမဲ့ ဝမ်လင်းက ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်သွားပြီး၊ မဟာကောင်းကင် တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို အပြည့်အဝ နားလည် သဘောပေါက်သွားပြီးရင်၊ သူ့လိုမျိုး ဉာဏ်စွမ်းအား ရှိတဲ့သူရဲ့ လက်ထဲကို ဒီတာဝန် ပေးလိုက်ရင်တော့၊ ပိုပြီးတော့ ကောင်းမွန်တဲ့ ရိုးရှင်းတဲ့ တာအိုနည်းစနစ်ပုံစံမျိုး ရလာမှာပဲ"

ဒါပေမဲ့လည်း ဇူရီကို ဒီလိုမျိုး တိုက်ရိုက်ပြောလို့တော့ မဖြစ်ပါဘူး။ သူက ဖွဖွလေး ပြုံးလိုက်ကာ ပြောလိုက်ပါတယ်၊ "အရမ်းကောင်းတယ်၊ ဒါပေမဲ့ တချို့နေရာလေးတွေမှာ ပိုပြီးတော့ကောင်းအောင် ပြုပြင်လို့ ရသေးတယ်"

စကားဆုံးတာနဲ့ သူဟာ ဒီနည်းစနစ်ရဲ့ အခြေခံ သဘောတရားတွေကို မပြောင်းလဲစေပဲနဲ့၊ လိုအပ်တဲ့ နေရာတစ်ချို့မှာ ပြုပြင်မှုတွေကို ပြုလုပ်ပေးလိုက်ပါတယ်။

လင်းဖုန်းဟာ မဟာကောင်းကင်
တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု
အင်းရှစ်ကွက်ကို စတင်ဖန်တီးသူ ဖြစ်ပြီး၊
အခြေတည်ဝိညာဉ် အဆင့်ကိုလည်း
ရောက်ရှိသွားခဲ့ပြီ ဖြစ်လို့၊ သူ့ရဲ့ ဒီနည်းစနစ်ကို
သဘောပေါက် နားလည်နိုင်မှုနဲ့
ပြုပြင်နိုင်မှုတို့ဟာ ပြည့်စုံလုနီးပါး အဆင့်ကို
ရောက်နေခဲ့ပြီ ဖြစ်ပါတယ်။

အရင်ကတည်းက သူဟာ အတွေ့အကြုံ
မရှိသေးတဲ့ တပည့်အသစ်တွေ
လေ့ကျင့်ဖို့အတွက်၊ ရိုးရှင်းတဲ့
တာအိုနည်းစနစ် တစ်ခုကို ရေးသားပြီးသား

ဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဇူရီရဲ့ နည်းစနစ်ကို လွယ်လွယ်ကူကူ ပြင်ပေးလိုက်ရုံပါပဲ။

ဇူရီက ပြင်ဆင်ပြီးသွားတဲ့ နည်းစနစ်ကို သေချာစွာ ဖတ်ရှုလေ့လာလိုက်ပြီး၊ သက်ပြင်းတစ်ချက်ကို ချက်ချင်းချလိုက်ပါတယ်။

ရှောင်ပုတန်လေးကလည်း ဘေးကနေ လိုက်ဖတ်နေခဲ့ပြီး ရယ်လိုက်ပါတယ်၊ "ဆရာက စီနီယာကို သင်ခန်းစာ ပေးလိုက်တာပဲ!"

လင်းဖုန်းက သူ့ရဲ့ ခေါင်းသေးသေးလေးကို ပုတ်လိုက်ပြီး စလိုက်ပါတယ်၊ "မင်းကဘာကို မျှော်လင့်နေတာလဲ?" ရှောင်ပုတန်လေးက သူ့ရဲ့ခေါင်းကို ပုလိုက်ပြီး စပ်ဖြဲဖြဲနဲ့ ရယ်နေခဲ့ပါတယ်။

ဇူရီက ဆက်ပြောလိုက်ပါတယ်၊ "ဒါက မဟာကောင်းကင် တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက်ရဲ့ ရိုးရှင်းတဲ့ပုံစံ ဖြစ်ပေမဲ့၊ အခုက တာအိုနည်းစနစ် အသစ်တစ်ခု ဖြစ်သွားခဲ့ပြီ

ဆိုတော့၊ ဆရာက နာမည်အသစ် တစ်ခု
ချီးမြှင့်ပေးပါဦး"

ရှောင်ပုတန်လေးက ကြိတ်ပြီးတော့
ရယ်လိုက်ပြီး၊ "ဒါက ရိုးရှင်းတဲ့ ပုံစံဆိုတော့၊
ကျွန်တော်တို့က မဟာကောင်းကင်
တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု
အင်းရှစ်ကွက် အသေးစားလို့
ခေါ်သင့်တာပေါ့"

ဘေးကနေ နားထောင်နေတဲ့ ယွဲ့ဟုန်ယန်နဲ့
ယန်ချင်တို့ကတော့၊ ဝါးလုံးကွဲ
ပြုံးလိုက်ကြပါတယ်။

ဇူရီကတော့ ဘာပြောရမှန်းမသိ ဖြစ်သွားခဲ့ပြီး၊ နောက်ဆုံးမှာတော့ သူ့ရဲ့ခေါင်းကို ခါကာ ရယ်လိုက်ပါတယ်။

လင်းဖုန်းကလည်း ဇူရီကို လှမ်းကြည့်လိုက်ကာ စချင်တဲ့စိတ်တွေ ဖြစ်လာတာကြောင့်၊ ချောင်းတစ်ချက် ဆိုးလိုက်ကာ ပြောလိုက်ပါတယ်။ "တကယ်တမ်း ပြောရမယ်ဆိုရင်၊ ဒီနည်းစနစ်ဟာ မင်းရဲ့ ကြိုးစားအားထုတ်မှုကနေ ပေါ်ပေါက်လာတဲ့ အသီးအပွင့်ဖြစ်ပြီး၊ မဟာကောင်းကင်

တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခု
အင်းရှစ်ကွက်ကို မင်းရဲ့ ကိုယ်ပိုင်
အသိအမြင်တွေနဲ့ ပေါင်းစပ်ဖန်တီး
ထားခဲ့တာပဲ"

"အဟမ်း၊ ဒါကြောင့်ပဲ ဒီနည်းစနစ်ကို ဇူကျိ
အရေအတွက်သုံးခု အင်းရှစ်ကွက် ကျမ်းဂန်လို့
နာမည်ပေးသင့်တယ်"

"အတိုကောက် အနေနဲ့ ဆိုရင်တော့
ဇူကျိကျမ်းဂန်ပေါ့ကွာ"

လင်းဖုန်းက ကိုယ့်ကိုယ်ကိုယ်ပဲ တွေးနေခဲ့ပါတယ်၊ "စီနီယာ ဇူကျို၊ ငါက မလေးမစားလုပ်တာ မဟုတ်ပါဘူး၊ စိတ်မဆိုးဘူးလို့ မျှော်လင့်ပါတယ်"

မင်းက စိတ်ဆိုးရင်လည်း ဘာဖြစ်လဲ?

အုတ်ဂူထဲက ထလာပြီး ငါကို ချနိုင်ရင်ချလေ!

မင်းက နောက်ဘဝကို ရောက်သွားပြီပဲ!

လင်းဖုန်း ပြောလိုက်တဲ့ စကားတွေကို နားထောင်ပြီးနောက်မှာ၊ ရှူရီရဲ့ အမူအရာတွေဟာ အလွန်အမင်းကို လေးနက်သွားခဲ့ပြီး၊ မြင့်မြတ်တဲ့ အလင်းတန်းတွေတောင် ဖြာထွက်ကျလာတော့မလို ဖြစ်နေခဲ့ပါတယ်။

"ကျိဆိုတာက လူတွေကို ဉာဏ်အလင်းပေးတဲ့ သူတော်စင်တွေကို ဆိုလိုတဲ့ ရှေးခေတ်က အသုံးအနှုန်းပဲ။ သူတို့ဟာ ဉာဏ်ပညာ၊ အမြော်အမြင်၊ ကရုဏာ၊ သတ္တိနဲ့ တရားမျှတမှုတွေနဲ့ ပြည့်စုံကြတယ်။ ဒါကြောင့်မို့ သူတို့ရဲ့ မျိုးရိုးနာမည်နောက်မှာ

'ကျို'ဆိုတဲ့  ပဋိသန္ဓာရ စကားကို
ထည့်သွင်းထားတာပဲ"

သူက ဖြေးဖြေးချင်း ဆက်ပြောလိုက်ပါတယ်၊
"မင်းက ဒီဘွဲ့ထူးနဲ့ လက်ရှိအချိန်မှာ
မထိုက်တန်သေးပေမဲ့၊ မင်းက
ဒီရည်မှန်းချက်ကို ဦးတည်ပြီး ကြိုးစားရမယ်။
တစ်နေ့မှာ မင်းက ဒီဘွဲ့ထူးနဲ့ ထိုက်တန်တဲ့
အဆင့်ကို ရောက်လာလိမ့်မယ်၊ မင်းကငါ့ကို
စိတ်ပျက်စေမှာ မဟုတ်ဘူး!"

ရှောင်ပုတန်လေးနဲ့ ကျန်တဲ့သူတွေက
ဒီစကားကို ကြားလိုက်ရတော့၊ ဒါက ဇူရီရဲ့

ပြင်းပြတဲ့ ရည်ရွယ်ချက် ဖြစ်ပြီး
စိတ်အားထက်သန်စွာနဲ့
ကြိုးစားလျှောက်လှမ်းနေတယ် ဆိုတာကို
သိနေကြပါတယ်။

ရှောင်ပုတန်လေးက မပြုံးနေတော့ပဲ၊ ဇူရီရဲ့
ပခုံးကို လှမ်းပုတ်လိုက်ကာ၊ "ဒုတိယ စီနီယာ၊
ကောင်းကောင်းကြိုးစားဗျ!"

ယွဲ့ဟုန်ယန်နဲ့ ယန်ချင်တို့ကတော ဇူရီကို
သူတို့ရဲ့ ကောင်းချီးမင်္ဂလာတွေ
ပေးနေကြပါတယ်။

တစ်ဘက်က လင်းဖုန်းကတော့ မျက်နှာကြီးကို ရှုံ့မဲ့ကာ ငိုရမလို၊ ရယ်ရမလို ဖြစ်နေခဲ့ပါတယ်။ "ငါက ဒီလို မရည်ရွယ်ခဲ့ဘူး ဆိုတာကို ကျိန်ရဲပါတယ်ကွာ..."

သူက ဒီလိုမျိုး ဆိုလို မဆိုလိုပေမဲ့၊ ဇူရိကတော့ ဒီမြှောက်ပင့်ချီးမွမ်းမှုကို အတည်ယူလိုက်ကာ၊ လေးနက်တဲ့ မျက်နှာထားနဲ့ ပြန်ပြောလိုက်ပါတယ်၊ "ကျွန်တော့်မှာ ဆရာ့ကို တင်ပြစရာ ကိစ္စတစ်ခု ရှိပါတယ်ခင်ဗျ"

"နေ့စဉ် ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်သုံးသပ်ပြီး စဉ်းစားတွေးခေါ်ပြီးနောက်မှာ၊ ကျွန်တော်က တပည့်တွေနဲ့ ကျွန်တော်ကိုယ်တိုင်ကိုပါ စည်းကမ်းရှိဖို့နဲ့ လှုံ့ဆော်နိုင်ဖို့၊ အချက်ရှစ်ချက်အထိ အကျဉ်းချုံးနိုင်ခဲ့ပါတယ်"

ဇူရိက လေးနက်တဲ့ လေသံနဲ့၊ "ကျွန်တော်က ဒါတွေကို စည်းမျဉ်းရှစ်ချက်လို့ နာမည်ပေးထားပြီး၊ ကျွန်တော့်ရဲ့ နေ့စဉ် လုပ်ငန်းဆောင်တာတွေမှာ စံအမှတ်အဖြစ်နဲ့ သတ်မှတ်ထားပါတယ်။ ဆရာက

သနားညှာတာသောအားဖြင့်၊ ပြင်ဆင်ရမယ့် အချက်တွေကို ထောက်ပြပေးပါလား?"

"ကောင်းပြီလေ၊ မင်း..." လင်းဖုန်းက ခေါင်းညိတ်ပြီး ပြုံးလိုက်ပေမဲ့၊ ချက်ချင်းဆိုသလိုပဲ တစ်ခုခုက မဟုတ်တော့ဘူးလို့ ခံစားမိလိုက်ပါတယ်။

သူ့ရဲ့ နှုတ်ခမ်းတွေဟာ ထိန်းမနိုင် သိမ်းမရနဲ့ လှုပ်လာခဲ့ပြီး၊ ဇူရီကို သေချာစွာ စိုက်ကြည့်လိုက်ပါတယ်။

"စည်းမျဉ်းစည်းကမ်းက ဘယ်နှစ်ချက်လဲ?

ဖူရီက မျက်တောင်ခတ်လိုက်ပြီး၊ "ရှစ်ချက်ပါ"

"စည်းမျည်းစည်းကမ်း ရှစ်ချက်?"

"စည်းမျဥ်းစည်းကမ်း ရှစ်ချက်!"

ရှောင်ပုတန်လေးက ဘေးကနေ စပ်စုစွာနဲ့ မေးလိုက်ပါတယ်၊ "ဒုတိယ စီနီယာ၊ ဘယ်လိုမျိုး ရှစ်ချက်လဲဗျ?"

ဇူရီက သူ့ရဲ့လည်ချောင်းကို ရှင်းလိုက်ပြီး၊ "တစ်၊ အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင် ကြိုးစားနေရမယ်၊ သူတော်ကောင်း တရားတွေကို ကျင့်သုံးပြီး တာဝန်ယူနိုင်ရမယ်"

"နှစ်၊ အသိဉာဏ်နဲ့ ပြည့်စုံပြီး ရှေ့နောက် ဆင်ခြင်ရမယ်၊ မလုပ်ဆောင်ခင်မှာ အရင် စဉ်းစားရမယ်"

"သုံး၊ သန်မာသူတွေကို မကြောက်ရဘူး၊ အားနည်းသူတွေကို အနိုင်မကျင့်ရဘူး"

"လေး၊ နိမ့်ကျနေတဲ့ အချိန်မှာ
စိတ်မပျက်ရဘူး၊ အောင်မြင်ကြီးပွားနေတဲ့
အချိန်မှာလည်း အောက်ခြေမလွတ်ရဘူး"

"ငါး၊ အဆုံးမဲ့ သတ္တိတွေနဲ့ ပန်းတိုင်ဆီကို
လျှောက်လှမ်းရမယ်၊ ကိုယ့်ရဲ့ အပြုအမူတွေကို
တစ်နေ့သုံးခါ ပြန်လည် ဆင်ခြင်ရမယ်"

"ခြောက်၊ သင့်လျော်တဲ့ ဝေဖန်ပိုင်းခြားမှုနဲ့
ဆောင်ရွက်ရပြီး၊ တည်ငြိမ်အေးဆေးတဲ့
ဘဝကို ထူထောင်ရမယ်။

"ခုနစ်၊ ကိုယ့်ရဲ့ စီနီယာတွေကို လေးစားရမယ်၊ ကိုယ့်ရဲ့ ဂျူနီယာတွေကို အကာအကွယ်ပေးရမယ်"

"ရှစ်၊ အားလုံးကို အကျိုးပြုဖို့အတွက် ရှင်သန်ရမယ်၊ ကမ္ဘာကြီးနဲ့ တစ်သားတည်းဖြစ်နေရမယ်"

"ဟာ?" ရှောင်ပုတန်လေးဟာ သူ့ရဲ့ ကြီးမားတောက်ပတဲ့ မျက်လုံးတွေကို ကလယ်ကလယ် လုပ်လိုက်ပြီး၊ စိတ်ရှုပ်ထွေးစွာနဲ့ အော်လိုက်ပါတယ်၊

"ကျွန်တော်ကတော့ တစ်လုံးမှ
နားမလည်ဘူး!"

ဘေးတစ်ဘက်မှာ ရပ်နေတဲ့
ယွဲ့ဟုန်ယန်ကတော့၊ အနည်းငယ်
ကသိကအောက် ဖြစ်သွားပြီး တိုးတိုးလေး
ရေရွတ်လိုက်ပါတယ်၊ "ကျွန်မကတော့ နံပါတ်
၄၊ ၆နဲ့ ၈တို့ကို နားမလည်ဘူး"

ယန်ချင်ကတော့ တစ်စိမ့်စိမ့်နဲ့ တွေးနေခဲ့ပြီး၊
"နိမ့်ကျနေတဲ့ အချိန်မှာ စိတ်မပျက်ရဘူး၊
အောင်မြင်ကြီးပွားနေတဲ့ အချိန်မှာလည်း
အောက်ခြေမလွတ်ရဘူး။ ဒီသဘောတရားက

ဆင်းရဲနေတဲ့ အချိန်မှာ တရားမျှတမှုကို
မျက်ခြေမပြတ်ပဲ၊ အောင်မြင်သွားတဲ့
အခါမှာလည်း သင့်လျှော်မှန်ကန်တဲ့
လမ်းကြောင်းကို သစ္စာမဖောက်ရဘူး၊ ဒီလိုမျိုး
ဆိုလိုတာထင်တယ်"

" သင့်လျှော်တဲ့ ဝေဖန်ပိုင်းခြားမှုနဲ့
ဆောင်ရွက်ရပြီး၊ တည်ငြိမ်အေးဆေးတဲ့
ဘဝကို ထူထောင်ရမယ်။ ဒါကတော့
တစ်ယောက်ဟာ အမှန်နဲ့ အမှားကို
ခွဲခြားနိုင်ပြီး၊ ခင်မင်ရင်းနှီးမှုကို
တန်ဖိုးထားကာ ကိုယ့်ကိုယ်ကိုယ်
ချစ်မြတ်နိုးနိုင်မယ်ဆိုရင်၊ လမ်းမှားကို

ရောက်မသွားနိုင်ဘူး ဆိုတာကို ဆိုလိုတာပဲ ဖြစ်ရမယ်။

" အားလုံးကို အကျိုးပြုဖို့အတွက် ရှင်သန်ရမယ်၊ ကမ္ဘာကြီးနဲ့ တစ်သားတည်း ဖြစ်နေရမယ်။ စာသင်သားရဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ဟာ ကိုယ့်တစ်ယောက်ထဲ အကျိုးရှိဖို့ကို မရည်ရွယ်ပဲ၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွက် အသုံးဝင်နိုင်ရမယ်။ လူမှု အဖွဲ့အစည်းကို အကျိုးပြုနိုင်တဲ့ လူကြီးလူကောင်း တစ်ယောက်ဟာ ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေ အတူတကွ ယှဉ်တွဲနေထိုင်နိုင်တယ်"

ဇူရီက ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်ပါတယ်။ "နံပါတ်ငါး ဂျူနီယာ ပြောတဲ့အတိုင်းပဲ၊ ဒါတွေက ငါလိုက်နာရမယ့် တန်ဖိုးတွေပဲ။ ဖန်ဆင်းခြင်း၊ အောင်မြင်ခြင်း၊ အကျိုးရှိခြင်း၊ ရိုးသားခြင်း - ဒါတွေက လူကြီးလူကောင်း တစ်ယောက်ရဲ့ ကောင်းမြတ်တဲ့ ကျင့်ဝတ်တွေပဲ။ ပြည်သူလူထုကို ဉာဏ်အလင်း ဖြန့်ဝေပေးခြင်းဖြင့်၊ သူတို့ကို အကျိုးရှိစေကာ သူတို့ကလည်း အောင်မြင်စွာ နေထိုင်နိုင်ပြီး၊ ဒီတန်ဖိုးတွေကို သူတစ်ပါးတွေကို ပြန်လည်ဝေမျှနိုင်မှာပဲ ဖြစ်တယ်"

ရှောင်ပုတန်လေးက ရယ်ရမ်းသွေးလိုက်ပါတယ်၊ "ကျွန်တော်က သိပ်နားမလည်ပေမဲ့၊ နားထောင်ရတာတော့ အထင်ကြီးစရာ ကောင်းတဲ့ပုံပဲ"

"ဒုတိယ စီနီယာ၊ ဒီစည်းကမ်းချက်တွေကိုရော ဇူကျိရဲ့ စည်းမျဉ်းစည်းကမ်း ရှစ်ချက်လို့ ခေါ်ရမှာလား?"

ဇူရီက ရယ်လိုက်ပြီး၊ "မလုပ်ရဲပါဘူး၊ ဒါတွေက ငါကိုယ့်ကိုယ်ကိုယ် ဆင်ခြင်သုံးသပ်တဲ့ နေရာမှာ အသုံးပြုတဲ့ လမ်းညွှန်မှုတွေပါ"

သူတို့က မိုးတစ်လုံး လေတစ်လုံးနဲ့
စကားဖောင်ဖွဲ့နေတဲ့ အချိန်မှာ၊ လင်းဖုန်းက
ဘယ်လောက်အထိ ပျာယာခတ်နေခဲ့သလည်း
ဆိုတာကိုတော့ သူတို့က
သတိမထားမိကြပါဘူး။

စည်းမျဉ်းစည်းကမ်း ရှစ်ချက်... ပြီးတော့
ဒုတိယ စီနီယာ...

သူက ခရမ်းရောင် ဝတ်စုံနဲ့ စာသင်သားပုံစံ
ဝတ်ဆင်ထားတဲ့ ဇူရီကို ကြည့်လိုက်ပြီး၊
မတတ်နိုင်တော့ပဲ မြင်ကွင်းတစ်ခုကို

ပုံဖော်ခဲ့ပါတယ်၊ ဇူရီရဲ့ ခေါင်းက တစ်ခုခုနဲ့ အစားထိုး...

ဟိုး! ရပ်လိုက်!

သူပုံဖော်တဲ့ မြင်ကွင်းဟာ အမတန်ကို လှပပေမဲ့၊ သူဟာ တကယ်ကို ဆက်ပြီးတော့ စိတ်ထဲကနေ ပုံမဖော်နိုင်တော့ပါဘူး။

"ဇူရီ၊ ငါ့စိတ်ထဲမှာ အတွေးတစ်ချက် ရုတ်တရက်ပဲ ပေါ်လာတယ်ကွ။ ဒီနည်းစနစ်ကို ဇူကျိရဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက် ကျမ်းဂန်လို့ပဲ ခေါ်ကြပါစို့"

လင်းဖုန်းရဲ့ နှုတ်ခမ်းထောင့်စွန်းတွေဟာ တွန့်သွားခဲ့ပြီး၊ ချောင်းခြောက်တစ်ချက် ဆိုးလိုက်ကာ၊ "မင်းရဲ့... စည်းကမ်းရှစ်ချက်ကိုလည်း ဇူကျိရဲ့ စည်းမျဉ်းစည်းကမ်း ရှစ်ချက်လို့ပဲ ခေါ်ကြစို့"

ဇူရိက လင်းဖုန်းကို အနည်းငယ် စိတ်ရှုပ်ထွေးတဲ့ ပုံစံမျိုးနဲ့ ကြည့်လိုက်တော့၊ လင်းဖုန်းကလည်း သာမန်အမူအရာမျိုးနဲ့သာ ပြန်ပြောလိုက်ပါတယ်၊ "မင်းရဲ့အမေဟာ 'ရီ'ဆိုတဲ့ နာမည်ကို ပေးထားဟာ၊ ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲစေလိုတဲ့ အဓိပ္ပာယ်နဲ့ ပေးထားတာဖြစ်တယ်။

မင်းကလည်း သူမရဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ရင်ကောင်းမယ်"

လင်းဖုန်းက မုန့်ပင်းယွင် အကြောင်းကို ပြောလိုက်တဲ့ အခါမှာ၊ ဇူရီက ချက်ချင်းပဲ လေးနက်တည်ကြည် သွားခဲ့ကာ၊ "အားလုံးကို ဆရာရဲ့ အဆုံးအဖြတ်အတိုင်း နာခံပါမယ်။ ကျွန်တော်က ဆရာ့ရဲ့ အဆုံးအမတွေကို အမြဲတမ်း ရင်ထဲမှာ နှလုံးသွင်းထားပါမယ်။ အမေရော ဆရာပါ စိတ်မပျက်စေရပါဘူး"

"ဒါဆိုရင်လည်း ကောင်းတာပေါ့ကွာ" ပြီးတော့မှ လင်းဖုန်းဟာ သူ့ရဲ့

ချွေးအေးတွေကို တိတ်တဆိတ်နဲ့
သုတ်လိုက်ရပါတယ်။

ဇူရီနဲ့ ကျန်တဲ့သူတွေကို
ပြန်လွှတ်လိုက်ပြီးနောက်မှာ၊ လင်းဖုန်းက
အတွေးတစ်ခု ဝင်လာခဲ့ပါတယ်။ သူဟာ
သူ့ရဲ့မှော်စွမ်းအင်တွေနဲ့ ဖန်တီးထားတဲ့
ကောင်းကင်ကမ္ဘာငယ်လေးထဲကို
ဝင်သွားလိုက်ပါတယ်။ ဒီအထဲမှာတော့
စိုးရိမ်ပူပန်မှုတွေနဲ့ အတူ တောက်တီမလေး
ထွမ်းထွမ်းဟာ ဒေါသအိုး ပေါက်ကွဲလုနီးနီး
ဖြစ်နေခဲ့ပါပြီ။

***************

အလင်းဓားမြန်ဂိုဏ်းရဲ့
လင်းယွှင်တောင်ထိပ်ပေါ်မှာ၊ မုယုံယန်ရန်ဟာ
သူမရဲ့ ဂူအတွင်းမှာ ကြက်သေသေပြီးတော့
ထိုင်နေခဲ့ပါတယ်။

ထုန်းလင်သီလရှင်ဟာ သူမကို
စိုက်ကြည့်နေခဲ့ပြီး သက်ပြင်းတစ်ချက်
ချလိုက်ပါတယ်။ သူမဟာ မုယုံယန်ရန်ထက်
အများကြီး ပိုမြင့်နေပြီဖြစ်တဲ့၊ ရှောင်ယန်ရဲ့
လက်ရှိကျင့်ကြံမှု အဆင့်ကို ပြောပြလိုက်ပြီးစ
ဖြစ်ပါတယ်။

"တကယ်တမ်း ပြောရရင်၊ ဒီပြဿနာအတွက် အဖြေတော့ ရှိပါတယ်" ထုန်းလင်သီလရှင်ဟာ အနည်းငယ်လောက် တွေဝေသွား အပြီးမှာ၊ သူမရဲ့ အံကိုကြိတ်လိုက်ကာ ပြောလိုက်ပါတယ်။

မုယုံယန်ရန်ရဲ့ မျက်လုံးအစုံဟာ မျှော်လင့်ချက်တွေနဲ့ တောက်ပလာခဲ့ကာ၊ ထုန်းလင်သီလရှင်ရဲ့ ဝတ်ရုံအစွန်းကို စိတ်လှုပ်ရှားစွာနဲ့ ဆွဲလိုက်ပြီး၊ "ဆရာ၊ ဘယ်လို အဖြေမျိုးလဲ?"

# စာစဉ် ၁၃ : အပိုင်း ၁၉

## အပိုင်း ၂၂၉ : ထွက်ပြေးသွားသော သတို့သမီးလောင်း

မုယုံယန်ရန်ဟာ သူမရဲ့ စိတ်ခံစားမှုတွေကို ထိန်းမချုပ်နိုင်ခဲ့ပါဘူး။ တွေဝေ၊ အံဩ၊ ထိတ်လန့်ကာ ပြာယာခတ်နေခဲ့ပါတယ်။

နှစ်ပေါင်းများစွာ ကြိုးစားကျင့်ကြံပြီးနောက်မှာ၊ သူမရဲ့ မှတ်ဉာဏ်ထဲမှာ အနက်ရောင် ဝတ်စုံနဲ့

လူငယ်ရဲ့ ပုံရိပ်ဟာ မှေးမှိန်နေခဲ့ပြီ ဖြစ်ပါတယ်။

သူမဟာ သူမရဲ့ စွမ်းရည်နဲ့ ဒီလူငယ်လေးရဲ့ စွမ်းရည်တို့ဟာ အပုံကြီး ကွာခြားတယ်လို့ အမြဲတမ်း ယုံကြည်နေခဲ့ပါတယ်။ သူဟာ ကိုယ့်ရဲ့ လူငယ်ဘဝကို ကိုယ့်ကိုယ်ကိုယ် သရော်လှောင်ပြောင်နေပြီး၊ သူ့ရဲ့ လက်တွေ့မကျတဲ့ အိမ်မက်တွေကို မေ့ပစ်လိုက်ကာ၊ ကိုယ့်ဘဝကို အေးဆေးပဲ ဖြတ်သန်းနေမယ်လို့ ထင်နေခဲ့တာပါ။

ကိစ္စပြီးတာနဲ့ သူနဲ့ သူမတို့ဟာ
တစ်ယောက်နဲ့တစ်ယောက်
ဘာပတ်သတ်စရာမှ မရှိတော့ပဲ၊
နှစ်ပေါင်းတစ်ရာ ကြာပြီးနောက်မှာ
ဒီလူငယ်လေးဟာ ဖုန်မှုန့်အဖြစ်ကို
ပြောင်းသွားပေမဲ့၊ သူမကတော့ ကျင့်ကြံမှု
လမ်းကြောင်းပေါ်မှာ ရှေ့ဆက်သွားနေခဲ့မှာပါ။

မုယုံယန်ရန်ဟာ ဒီအတိုင်းပဲ အမြဲတမ်း
ယုံကြည်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း
အခုတော့ ဒီလူငယ်လေးရဲ့ ပြတ်သားတဲ့
စကားတွေဟာ သူမရဲ့ စိတ်ထဲမှာ

ပြန်ပေါ်လာခဲ့ပါပြီ၊ တစ်ခါမှ ဒီလောက်အထိ မကြည့်လင် မပြတ်သားဖူးပါဘူး။

"မုယ့်မိန်းကလေး၊ ငါကမင်းကို စကားပုံတစ်ခု ပြောပြလိုက်မယ်။ ခွေးတောင်မှ ချောင်ပိတ်အရိုက်ခံရရင် ပြန်ကိုက်တတ်တယ်။ လူတစ်ယောက်ကို သူက ငယ်ပြီးဆင်းရဲတယ် ဆိုပြီးတော့ အနိုင်မကျင့်ချင်ပါနဲ့"

"ငါနဲ့မင်းနဲ့ သုံးနှစ်အကြာမှာ ပြန်တွေ့မယ်ကွ!"

အဲ့ဒီအချိန်တုံးက ဒီစကားတွေဟာ
အရေးထားစရာ မဟုတ်ခဲ့ပါဘူး။ ဒါပေမဲ့လည်း
ထုန်းလင်သီလရှင်က သူမကို ရှောင်ယန်ရဲ့
လက်ရှိ အခြေအနေနဲ့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အကြောင်းကို
ပြောပြလိုက်တော့၊ မုယုံယန်ရန်ရဲ့ ရင်ထဲမှာ
တောင်ကြီးတစ်လုံးကို ထမ်းထားရသလိုမျိုး
လေးလံလာစေခဲ့ကာ အသက်ရှူမဝ
ဖြစ်စေခဲ့ပါတယ်။

မုယုံယန်ရန်က
ထိတ်လန့်တုန်လှုပ်သွားခဲ့တာကို
ကြည့်လိုက်ပြီး၊ ထုန်းလင်သီလရှင်ဟာ

အချိန်အနည်းငယ်လောက် ချီတုံချတုံ ဖြစ်သွားခဲ့ကာ၊ သူမရဲ့အံကို ကြိတ်လိုက်ပြီး စကားတစ်ခွန်းကို ပြောလိုက်ပါတယ်၊ "အမှန်တကယ်တော့၊ ဒီပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းတစ်ခုတော့ ရှိပါတယ်"

မုယုံယန်ရန်ရဲ့ မျက်လုံးတွေဟာ မျှော်လင့်ချက်နဲ့ အရောင်တောက်လာခဲ့ပြီး၊ ထုန်းလင်သီလရှင်ရဲ့ ဝတ်ရုံအစကို စိတ်လှုပ်ရှားစွာနဲ့ ဆွဲလိုက်ကာ၊ "ဆရာ၊ ဖြေရှင်းနည်းက ဘယ်လိုများလဲ?"

မုယုံယန်ရန်ရဲ့ ရေနစ်နေတဲ့သူက ကောက်ရိုးတစ်မျှင်ကို လှမ်းဆွဲနေသလိုမျိုး ကြံရာမရ ဖြစ်နေမှုကို ကြည့်နေခဲ့ရင်း၊ ထုန်းလင်သီလရှင်ဟာ သူမရဲ့ခေါင်းကို အဝေးကို ငေးကြည့်လိုက်ကာ၊ သူမနဲ့ မျက်လုံးချင်း မဆိုင်ရဲခဲ့ပါဘူး။

"မဟာချင် အင်ပါယာရဲ့ ချုံးယန်မင်းသားဟာ မကြာခင် ကြင်ဘက်ရွေးတော့မှာ၊ ဒါက မင်းရဲ့ တစ်ခုတည်းသော အခွင့်အရေးပဲ"

မုယုံယန်ရန်ရဲ့ မျက်လုံးအစုံဟာ အကျယ်ကြီး ဖြစ်သွားခဲ့ပြီး၊ "ဆရာသခင်…"

ထုန်းလင်သီလရှင်ဟာ သက်ပြင်းတစ်ချက်ကို ချလိုက်ပါတယ်။ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက ဒီအကြံကို ပြောပြစဉ်မှာ သူမကလည်း အံ့ဩတုန်လှုပ်သွားခဲ့တာပါ။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာရဲ့ ရည်ရွယ်ချက်ကတော့၊ ရှောင်ယန်က သူမကို လာမစိန်ခေါ်ခင်မှာ မုယုံယန်ရန်ကို ချုံးယန်မင်းသားနဲ့ လက်ထပ်ပေးလိုက်ချင်တာပါ။ ဒီလိုသာဆိုရင် သူဟာ မုယုံယန်ရန်နဲ့ ရှောင်ယန်တို့ရဲ့

ရန်ငြိုးကို၊ အလင်းခေါးမြန်ဂိုဏ်းကနေ ချုံးယန်မင်းသားဆီကို လွှဲပြောင်းပေးနိုင်မှာပါ။

မဟာချင် အင်ပါယာဟာ မဟာကျိုး အင်ပါယာလိုမျိုး တစ်သွေးတစ်သံ တစ်မိန့်နဲ့ အုပ်ချုပ်သူမျိုး မဟုတ်ပါဘူး။ မဟာချင်ရဲ့ မိသားစုကြီး လေးခုတို့ဟာ လွှမ်းမိုးမှု ကြီးမားပြီး၊ အရင်းအမြစ်တွေ အများကြီးကို ထိန်းချုပ်ထားပါတယ်။ တစ်ချိန်တည်းမှာပဲ စူတောင်ခေါးဂိုဏ်းနဲ့ အလင်းခေါးမြန်ဂိုဏ်း တို့ဟာလည်း သယံဇာတပေါင်း များစွာကို လက်ဝါးကြီး အုပ်ထားကြတာပါ။

ဒါပေမဲ့လည်း မဟာချင် အင်ပါယာရဲ့
တော်ဝင်မိသားစုဟာ သူတို့ထင်နေသလောက်
အားမနည်းပါဘူး။ သူတို့ဟာ ချင်နယ်နိမိတ်
အတွင်းမှာ အာဏာ အတော်များများကို
ချုပ်ကိုင်ထားနိုင်သေးပြီး၊ မိသားစုကြီးတွေ၊
ဂိုဏ်းကြီးတွေနဲ့ သံတမန်ရေးရာ
ဆက်ဆံရေးကောင်းတွေ ရှိပါတယ်။

တကယ်လို့များ မုယုံယန်ရန်ဟာ
ချုံးယန်မင်းသားနဲ့ လက်ထပ်ခဲ့ရင်၊ သူမဟာ
သာမန် ရံရွေတော်သာ မဖြစ်နိုင်ပဲ
အိမ်ရှေ့မင်းသမီးပြီးရင် ဒုတိယလိုက်တဲ့၊
အဆင့်မြင့် မိဘုရား ဖြစ်နိုင်မှာပါ။

တကယ်လို့များ ရှောင်ယန်ကသာ ပြဿနာ ရှာရဲခဲ့မယ် ဆိုရင်တော့၊ သူဟာ မဟာချင် အင်ပါယာ တစ်ခုလုံးရဲ့ အမျက်ထွက်မှုကို ခံရမှာပဲ ဖြစ်ပါတယ်။

အထူးသဖြင့် အခွဲဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ တည်ငြိမ်စွာနဲ့ တိုးတက်နေပြီး၊ မဟာကျိုး အင်ပါယာနဲ့ မဟာမိတ် ဖွဲ့နိုင်ခြေ ရှိနေတယ်ဆိုတော့၊ မဟာချင် အင်ပါယာရဲ့ အင်အားစုတွေရဲ့ စောင့်ကြည့်ခြင်းကို ခံနေရမှာပါ။

ဒီလိုမျိုး အင်အားစုတွေဟာ
အလင်းခေးမြန်ဂိုဏ်း တစ်ခုတည်းထက်
အများကြီး ပိုပြီးတော့
စွမ်းအားကောင်းပါတယ်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ
နှစ်သက်ချမ်းမြေ့စွာနဲ့ ပြောလိုက်ပါတယ်၊
"ရှောင်ယန်ကို မပြောနဲ့၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်
လင်းဖုန်းကိုယ်တိုင် ကတောင်၊ ဒီလိုဆိုရင်
ငါတို့ကို လာရှုပ်ရတော့မှာမဟုတ်ဘူး"

စိတ်ပူစရာ တစ်ခုရှိတာက၊ ချုံးယန်မင်းသားဟာ အလင်းခေးမြန်ဂိုဏ်းရဲ့ ခေးစာခံ အဖြစ်ကို လိုလားပါ့မလား ဆိုတာပါပဲ။ မဟာချင် အင်ပါယာရဲ့ မင်းလောင်းဖြစ်တဲ့သူဟာ၊ ဒီလိုမျိုးဂိုဏ်းက သူ့ကို ကျည်ဆန်အနေနဲ့ သဘောထားတာကို ဒေါသထွက်နိုင်ပါတယ်။

ထုန်းလင်းသီလရှင်က ဒီပြဿနာကို တင်ပြခဲ့စဉ်က၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက တည်ငြိမ်စွာနဲ့ ပြန်ဖြေလိုက်ပါတယ်။ "မင်းက ငါ့ရဲ့အမိန့်အတိုင်းသာ လိုက်လုပ်ပါ၊

ဘာမှထပ်မေးစရာ မလိုပါဘူး။ ငါ့မှာက
ငါ့ရဲ့အကြံ ရှိပြီးသားပါ"

သူက ထုန်းလင်သီလရှင် တင်ပြခဲ့တဲ့
ပြဿနာတွေကို မစဥ်းစားမိပဲ
ဘယ်နေပါ့မလဲ? ဒါပေမဲ့
အလင်းခေါးမြန်ဂိုဏ်းမှာ
ထုန်းလင်သီလရှင်တို့က မသိပဲ၊ အခြေတည်
ဝိညာဥ်အဆင့်က သူ့လိုမျိုး
ဂရန်းမာစတာကသာ သိနိုင်တဲ့ လျှို့ဝှက်ချက်
အချို့က ရှိနေပါတယ်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ဖွင့်ပွဲကိုတက်ဖို့
သူက ရှုကျိုးကို မသွားမီ အချိန်ကတည်းက၊
အလင်းခေါ်မြန်ဂိုဏ်းရဲ့ ခေါင်းဆောင်နဲ့
ဂိုဏ်းအကြီးအကဲတွေ အားလုံးဟာ၊
အနာဂတ်မှာ ဂိုဏ်းရဲ့ ဦးတည်ရမယ့်
လမ်းကြောင်းကို ဆုံးဖြတ်ချက်
ချလိုက်ကြပါတယ်။ သူတို့ဟာ မဟာချင်
အင်ပါယာနဲ့ နီးကပ်စွာ ဆက်ဆံဖို့ပါ။

မုယုံယန်ရန်ကို မဟာချင်
တော်ဝင်မိသားစုထဲကို
လက်ထပ်ပေးလိုက်ခြင်းဟာ၊
အလင်းခေါ်မြန်ဂိုဏ်းနဲ့ မဟာချင်

အင်ပါယာတို့ကို ပိုမိုနီးကပ်စေပြီး၊
ခဲတစ်လုံးထဲနဲ့ ငှက်နှစ်ကောင်ကို
ပစ်လိုက်သလိုမျိုး ဖြစ်သွားမှာပါ။ ပြီးတော့
အလင်းခေးမြန်ဂိုဏ်း တစ်ခုလုံးရဲ့
ထောက်ခံမှုကို ရမယ်ဆိုရင်၊
ချုံးယန်မင်းသားကလည်း ကျေနပ်မှာ
သေချာပါတယ်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ
ချုံးယန်မင်းသားက မပျော်ရွှင်မှာကို
စိတ်မပူနေပါဘူး။ ဘာဖြစ်လို့လည်း ဆိုတော့
ဒီကိစ္စတွေဟာ လက်ထပ်ပွဲ မတိုင်ခင်မှာ

ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်လို့ပဲ ဖြစ်ပါတယ်။

သူလုပ်ရမယ့် အစီအစဉ်ဟာ မုယံုယန်ရန်ကို ဘယ်လိုလုပ်ပြီး ချုံးယန်မင်းသားရဲ့ ကြင်ယာတော် ဖြစ်အောင် လုပ်ရမလဲ ဆိုတာပါပဲ။ သူသိသလောက်ဆိုရင်၊ ဒီနေရာကို ချိန်ရွယ်နေကြတဲ့ လူတစ်ချို့လည်း ရှိနေကြပါတယ်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ "မင်းက ဘာမှ စိတ်ပူနေစရာ မလိုပါဘူး။

ယန်ရန်ကိုသာ သွားပြီးတော့ ပြင်ဆင်ထားဖို့
ပြောလိုက်ပါ"

ထုန်းလင်သီလရှင်ဟာ အံ့အားသင့်နေတဲ့
မုယုံယန်ရန်ကို ကြည့်လိုက်ပြီး၊
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာရဲ့
ညွှန်ကြားချက်တွေကို
ပြန်စဥ်းစားမိလိုက်ပါတယ်။ သူမဟာ
သက်ပြင်းချပြီး ပြောလိုက်ပါတယ်၊ "ယန်ရန်၊
မင်းကဘာမှ စိတ်ပူနေစရာ မလိုပါဘူး။ မင်းက
ချုံးယန်မင်းသားနဲ့ လက်ဆက်ပြီးသွားလို့ရှိရင်၊
မင်းရဲ့ရာထူးဟာ အိမ်ရှေ့မင်းသမီးပြီးရင်
ဒုတိယ နေရာမှာ ရှိနေမှာပါ"

"မင်းဆီမှာက ကျောထောက်နောက်ခံ အနေနဲ့ ငါတို့ဂိုဏ်းက ရှိနေတယ်၊ အနိုင်အကျင့်ခံရမှာကို ကြောက်နေစရာ မလိုပါဘူး"

မုယုံယန်ရန်ဟာ ပါးစပ်အဟောင်းသားနဲ့ ဘာကိုမှ မပြောနိုင် ဖြစ်နေခဲ့ပါတယ်။ သူမဟာ သူမရဲ့ ဆရာကို အခုမှ ပထမဆုံး တွေ့ဖူးတဲ့အတိုင်း၊ အံ့အားသင့်စွာနဲ့ ကြည့်နေခဲ့ပါတယ်။

ထုန်းလင်သီလရှင်ဟာ သူမရဲ့စိတ်ကို တင်းလိုက်ပြီး ပြောလိုက်ပါတယ်၊ "မင်းက ရှောင်ယန်ဟာ ဒီလောကအောင်မြင်နေတာကို တွေ့ရတော့၊ သူနဲ့ပြန်ပြီး ဆက်သွယ်ချင်နေလို့လား?"

မုယုံယန်ရန်ဟာ သူမရဲ့ အကြည့်တွေကို ပြန်ဖယ်လိုက်ကာ၊ နောက်ဆုံးမှာ တည်ငြိမ်မှုကို ပြန်ရလာခဲ့ပါတယ်။ သူမက အေးစက်စွာနဲ့၊ "ဟိုးအရင်က အမှိုက်ရှောင်ယန်ပဲ ဖြစ်ဖြစ်၊ အခုအချိန်က ပါရမီရှင် ရှောင်ယန်ပဲ ဖြစ်ဖြစ်၊ ကျွန်မက သူနဲ့

စေ့စပ်ပွဲကို ဖျက်သိမ်းခဲ့တဲ့ ဆုံးဖြတ်ချက်ကို နောင်တမရပါဘူး"

"ဒါဆိုရင် ချူးယန်မင်းသားနဲ့ လက်ထပ်ဖို့ရော?" ထုန်းလင်သီလရှင်က ဆက်မေးလိုက်ပါတယ်။

မုယုံယန်ရန်ဟာ သူမရဲ့နေရာ အပေါ်က ကောင်းကင်ပြာနဲ့ တိမ်တိုက်ဖြူတို့ကို ငေးကြည့်နေခဲ့ကာ၊ တည်ငြိမ်စွာနဲ့ ပြန်ဖြေလိုက်ပါတယ်၊ "အားလုံးကို ဆရာကပဲ ဆုံးဖြတ်ပေးပါ"

"မင်းက ဒီလိုမျိုး နားလည်တာကို ဝမ်းသာပါတယ်ကွယ်" ထုန်းလင်သီလရှင်ဟာ မုယုံယန်ရန်ရဲ့ ပုခုံးကို ပုတ်လိုက်ပြီး၊ ဒီနေရာကနေ ထွက်သွားလိုက်ကာ သူ့တပည့်ကို တည်ငြိမ်စေရန် အချိန်ပေးလိုက်ပါတယ်။

မုယုံယန်ရန်ဟာ အခန်းထဲမှာ တစ်ယောက်ထဲ ကျန်နေခဲ့ပြီး၊ သူမရဲ့ မျက်လုံးအစုံကို မှိတ်ထားလိုက်ကာ မလှုပ်မရှားပဲ ထိုင်နေခဲ့ပါတယ်။

အချိန်အနည်းငယ်ကြာတော့ သူမဟာ
တိုးတိုးလေးပဲ ရေရွတ်လိုက်ပါတယ်၊
"ကျွန်မကို ခွင့်လွှတ်ပါ၊ ဆရာသခင်"

"ကျွန်မကသာ ကျွန်မဘဝရဲ့ ပွဲကိုင်ရှင်
ဖြစ်ရမယ်! ဘယ်သူကမှ ကျွန်မမလိုချင်တဲ့
ဘဝမျိုးကို စီစဥ်ပေးလို့ မရဘူး!"

မုယုံယန်ရန်ဟာ သူမရဲ့ မျက်လုံးတွေကို
ပြန်ဖွင့်လိုက်ကာ၊ ကိုယ့်ကိုယ်ကိုယ် သရော်ပြုံး
ပြုံးလိုက်ပါတယ်။ "ချုံးယန်မင်းသားရဲ့
မိဘုရား? ဘယ်လောက်အထိ မြင့်မြတ်လှတဲ့
ရာထူးလဲ? စိတ်မကောင်းစရာက ငါက

စိတ်မဝင်စားတာပဲ! တကယ်လို့များ သူများက ငါ့ရဲ့ လက်ထပ်ပွဲကို စီစဥ်နိုင်လို့ရှိရင်၊ အစကတည်းက ရှောင်ယန်နဲ့ စေ့စပ်ပွဲကို ဖျက်သိမ်းဖို့ ဘယ်လိုပါ့မလဲ?

သူမက ထရပ်လိုက်ပြီး သူမရဲ့ ပစ္စည်းတွေကို စတင်သိမ်းဆည်း ပါတော့တယ်။ ပြီးတာနဲ့ သူမရဲ့ နေရာကနေ အေးအေးဆေးဆေးပဲ ထွက်ခွာခဲ့ကာ၊ အရင်ကအတိုင်းပဲ သူမရဲ့ စီနီယာနဲ့ ဂျူနီယာတို့ကို ရပ်ပြီးတော့တောင် နှုတ်ဆက်လိုက်ပါသေးတယ်။ နာရီဝက် အကြာမှာတော့၊ ထုန်းလင်သီလရှင်ဟာ မုယုံယန်ရန်က တောင်ပေါ်ကနေ

ဆင်းသွားပြီဆိုတဲ့ သတင်းကို
ကြားလိုက်ရပါတယ်။

"ငတိုးမလေး၊ ငတိုးမလေး!"
ထုန်းလင်သီလရှင်ဟာ လေသံတိုးတိုးနဲ့
မြည်တွန်တောက်တီးနေခဲ့ပါတယ်။ ဒီကိစ္စကို
သူမရဲ့ ဆရာဖြစ်တဲ့ မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာအား တင်ပြချင်နေပေမဲ့၊
သူမဟာ ချီတုံချတုံ ဖြစ်နေခဲ့ပါတယ်။

မုယုံယန်ရန်လိုမျိုး အမျိုးသမီးတစ်ယောက်
ဖြစ်နေခဲ့ခြင်းကလည်း၊ သူမကို သူမဆရာရဲ့

ဆုံးဖြတ်ချက်ကို ဆန့်ကျင်လိုတဲ့ ဆန္ဒတွေ ဖြစ်စေခဲ့တာပါ။

ထုန်းလင်သီလရှင်ဟာ သူမရဲ့ခေါင်းကို ခါလိုက်ပြီး သက်ပြင်းချလိုက်ပါတယ်၊ "ငါက ဒီကိစ္စကို အနှေးနဲ့ အမြန်တော့ ဂရန်းမာစတာဆီကို တင်ပြရမှာပဲ။ တပည့်လေးရေ၊ မင်းကို တတ်နိုင်သလောက် အချိန်ဆွဲပေးထားတာက ငါ့ရဲ့ တစ်ခုတည်းသော လုပ်ပေးနိုင်တဲ့ အရာပဲ"

ထုန်းလင်သီလရှင်ဟာ မကြာခင်မှာပဲ သူမရဲ့ ဆုံးဖြတ်ချက်တွေ အတွက်

နောင်တရသွားခဲ့ပါတယ်။ သူမက ဒီသတင်းကို မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာကို ပြောပြလိုက်တာနဲ့၊ သူမဟာ ပုံမှန်ဆိုရင် တည်ငြိမ်နေတဲ့ အဘိုးကြီးရဲ့ ခန္ဓာကိုယ်ဟာ တုန်ခါသွားခဲ့တာကို တွေ့လိုက်ရပါတယ်"

"မြန်မြန်ရှာ... ဒီသစ္စာဖောက်မကို အမြန်ဆုံး ရအောင်ရှာရမယ်!" မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ သူ့ရဲ့တည်ငြိမ်မှု လုံးဝကို ပျက်ပြားသွားခဲ့ပါတယ်။ သူ့ရဲ့ ပုံမှန်ဆိုရင် သိမ်မွေ့ညင်သာတဲ့ အမူအရာဟာ ပျောက်ကွယ်သွားခဲ့ကာ၊ ခက်ထန်စွာနဲ့ ဟိန်းဟောက်လိုက်ပါတယ်။

ထုန်းလင်သီလရှင်ဟာ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ပြီး၊ "ဆရာ၊ ဘာများဖြစ်..."

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ ဖားဖိုကြီးလို ပြင်းထန်စွာ ရှူရှိုက်နေခဲ့ပြီး၊ စိတ်ခတ်ကျစွာနဲ့ ပြောလိုက်ပါတယ်၊ "ငါက အခုလေးပဲ ချုံးယန်မင်းသားနဲ့ ဆက်သွယ်ခဲ့ပြီးပြီ၊ သူက ဒီကိစ္စကို ဆွေးနွေးဖို့အတွက် ဒီနေရာကို ကိုယ်တိုင်ကိုယ်ကျ လာမယ်လို့ပြောတယ်"

ထုန်းလင်သီလရှင်ဟာ မှင်သက်သွားခဲ့ပြီး၊ "မြန်လိုက်တာ..." သူမက ဒေါသအိုး

ပေါက်ကွဲနေတဲ့ မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာရဲ့ အနားမှာ မနေရဲတော့ပဲ၊
မုယံုယန်ရန်ကို ရှာမယ်ဆိုပြီး
အကြောင်းပြကာ
အမြန်ထွက်လာခဲ့ပါတော့တယ်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ
အချိန်အတော်ကြီးကြာမှ တည်ငြိမ်အောင်
ပြန်ထိန်းနိုင်ခဲ့ပါတယ်။ သူ့ရဲ့
မျက်နှာအိုကြီးဟာ ဂန္ဓမာပန်းလိုမျိုး
ပါးရေတွေ တွန့်နေခဲ့ပါတယ်။

ပျော်ရွှင်ခြင်းတွေဟာ ပြီးရင်
ဝမ်းနည်းမှုတွေကို မွေးဖွားပေးတတ်ပါတယ်။
သူဟာ အစတုံးက မုယုံယန်ရန်ဟာ
ချုံးယန်မင်းသားကို လက်ထပ်ရရင်
ပျော်ရွှင်နေမယ်လို့ တွက်ဆထားခဲ့တာပါ၊
ဒါပေမဲ့ သူ့ရဲ့ တွက်ချက်မှုတွေဟာ လုံးဝကို
မှားယွင်းသွားခဲ့ပါတယ်။

မုယုံယန်ရန်ဟာ အိမ်ရှေ့စံ မိဘုရားဆိုတဲ့
ဂုဏ်ပုဒ်ကို ဖယ်ချထားပြီး ချက်ချင်းထွက်ပြေး
သွားလိမ့်မယ်လို့ ဘယ်သူက
ထင်ထားမိမှာလဲ? မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာဟာ မုယုံယန်ရန်ကို ဦးစွာ

မထိန်းသိမ်းထားပဲ ချုံးယန်မင်းသားကို
အရင်ဆက်သွယ်လိုက်ပါတယ်၊
အခုဆိုရင်တော့ စိတ်မကောင်းစရာ
အဖြစ်အပျက် တစ်ခုဟာ ဖြစ်လာပါတော့မယ်။

ထွက်ပြေးသွားတဲ့ သတို့သမီးလောင်းလေး
မုယုံယန်ရန်ဟာ၊ ကြောက်မက်ဖွယ်
ကပ်ဆိုးတစ်ခုကို ခေါ်ဆောင်လာတော့မှာပါ။

ချုံးယန်မင်းသားဟာ ရောက်လာတော့မှာ
ဖြစ်ပြီး၊ ရှောင်ယန်ရောက်လာရင်လည်း
ယှဉ်ပြိုင်တိုက်ခိုက်ဖို့ လူက မရှိတော့ပါဘူး။
နှစ်ဘက်စလုံးရဲ့ ဖိအားတွေဟာ

အလင်းခေါးမြန်ဂိုဏ်း အပေါ်ကို
ကျရောက်လာမှာ ဖြစ်ပြီး၊ ကြည့်ရတာ
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ
ခေါင်းခံရတော့မှာ ဖြစ်ပါတယ်။

ဒါဟာ သူက ကျောက်တုံးတစ်တုံးကို
မလိုက်ပြီး၊ သူ့ရဲ့ ခြေထောက်ပေါ်ကို
ပြန်ချလိုက် သလိုပါပဲ။

သူဟာ ကမ္ဘာကြီး တစ်ခုလုံးဟာ
အဖြူအမည်းတွေသာ ဖြစ်ကုန်ပြီလို့
ခံစားနေခဲ့ရပါတယ်။

"ငါက ကောင်မစုတ်လေးကို
ရအောင်ပြန်ရှာရမယ်!"

***************

ယုကျင်းတောင်ပေါ်မှာ ဇူရီဟာ သင်ခန်းစာ
အသစ်တွေနဲ့ တပည့်တွေကို
ဆက်လက်ပို့ချနေခဲ့ပါတယ်။
ရှောင်ပုတန်လေးကတော့ အပျော်အနေနဲ့
ဘေးကနေ နားထောင်နေခဲ့ပါတယ်။

ယန်ချင်ကတော့ ဆေးတောင်ကြားမှာ
နေနေခဲ့ကာ၊ စိတ်ဝိညာဉ် ဆေးပင်နဲ့

ဆေးဝါးတွေကို ပြုစုစောင့်ရှောက်
နေခဲ့ပါတယ်။ သူ့ရဲ့ မဟာလမင်း
အကြွင်းမဲ့ရေဟာ အရာဝတ္ထုတွေကို
ပေါင်းစည်းရာမှာ တစ်ခုတည်းသော
ကောင်းကင်ဘုံ အကြွင်းမဲ့ရေကို
မယှဉ်နိုင်ပေမဲ့၊ သက်ရှိအားလုံးတို့ကို
အကျိုးပြုနိုင်တဲ့ စမ်းရေဖြစ်ပြီး၊
ဆေးဝါးစိုက်ခင်းတွေကို ရေလောင်းဖို့
အထူးကို သင့်တော်ပါတယ်။

ယွဲ့ဟုန်ယန်ကတော့ သူမရဲ့
တာအိုနည်းစနစ်တွေကို
ဆက်လက်လေ့လာနေခဲ့ပါတယ်။

မဟာကောင်းကင် တာအိုကျမ်းစာရဲ့
အရေအတွက်သုံးခု အင်းရှစ်ကွက်ကို
လေ့ကျင့်ပြီးနောက်မှာ၊ သူမရဲ့
စွမ်းရည်တွေဟာ အမတန်မှ
တိုးတက်လာခဲ့တယ်လို့ ခံစားမိနေခဲ့ပြီး၊
မကြာမီမှာ လုံခွက်ကို
ဖန်ဆင်းနိုင်တော့မယ်လို့
ယုံကြည်နေခဲ့ပါတယ်။

လင်းဖုန်းကတော့ တပည့်တွေကို
ပြန်လွှတ်လိုက် အပြီးမှာ၊ သူ့ရဲ့ အသိစိတ်ကို
ကောင်းကင်ကမ္ဘာငယ် တစ်ခုထဲကို
ဝင်လိုက်ပါတယ်။

ဒီခရမ်းရောင် တိမ်တိုက်ကမ္ဘာထဲမှာ၊ တောက်တီမလေး ထွမ်းထွမ်းဟာ ဂဏှာမငြိမ်ပဲ ပတ်ချာလှည့်နေခဲ့ပါတယ်။ သူမဟာ သူမရဲ့ လွတ်လပ်မှုကို ခားမြအတိုက်ခံထားရလို့သာ အလွန်အမင်း စိတ်အနှောင့်အယှက် ဖြစ်နေခဲ့တာ မဟုတ်ပါဘူး။ အစားပုတ်မလေး တစ်ယောက် ဖြစ်တာနဲ့အညီ သူမရဲ့ အရှေ့မှာ ရှိနေတဲ့ စားကောင်းသောက်ဖွယ် တွေကို မသုံးဆောင်ရတာကို စိတ်ဆိုးနေခဲ့တာပါ။

လင်းဖုန်းရဲ့ ကောင်းကင်ကို
လှည့်ပတ်နေသော ခရမ်းရောင်
တိမ်တိုက်တွေဟာ၊ သူမရဲ့ ဘဝ
တစ်သက်တာမှာ စားဖူးသမျှထဲမှာ
အကောင်းဆုံးနဲ့ အရသာ အရှိဆုံး ဖြစ်ပါတယ်။

တကယ်လို့များ သူမဟာ လင်းဖုန်းရဲ့
သင်ခန်းစာ ပေးထားတာကို မခံထားခဲ့ရရင်၊
သူမဟာ သူမကို ချုပ်နှောင်ထားတဲ့
ခရမ်းရောင် တိမ်တိုက်တွေနဲ့ ဖွဲ့စည်းထားတဲ့
ကမ္ဘာငယ်လေးကို ဝါးမျိုလိုက်မှာပဲ
ဖြစ်ပါတယ်။

လင်းဖုန်းက အနားကို ရောက်လာတာကို သတိပြုမိလိုက်တော့၊ သူမဟာ နှုတ်ခမ်းကို စူလိုက်ကာ အကျယ်ကြီး အော်ဟစ်လိုက်ပါတယ်၊ "လူလိမ်လူညာကြီး၊ ဘယ်အချိန်ကျမှ ကျွန်မကို လွှတ်မှာလဲ? ပြီးတော့ ရှင်ကတိပေးထားတဲ့ စားလို့ကောင်းတဲ့ အစာတွေကရော ဘယ်မှာလဲ?"

လင်းဖုန်းကလဲ သူ့ရဲ့ နှုတ်ခမ်းတွေကို တွန့်လိုက်ကာ၊ "နောက်ဆုံး စာကြောင်းက မင်းပြောချင်တဲ့ အဓိက အချက်ပဲ မဟုတ်လား?"

ထွမ်းထွမ်းရဲ့ မျက်နှာလေးဟာ နီရဲသွားခဲ့ပြီး၊ ပြန်လည် ရန်တွေ့လိုက်ပါတယ်၊ "ဒါဆိုလည်း ဘာဖြစ်တုံး? ကျွန်မက တောက်တီပဲ!"

"မလောနဲ့၊ မလောနဲ့" လင်းဖုန်းက ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်၊ "နေ့သစ်ရဲ့ အရုဏ်ဦးဟာ မင်းအပေါ်မှာ ကျရောက်နေပါပြီ"

ပြီးတာနဲ့ သူဟာ လက်ညှိုးတစ်ချောင်းကို ထိုးလိုက်ပြီး၊ ကောင်းကင်ကမ္ဘာငယ်ကို ဖွဲ့စည်းထားတဲ့ ခရမ်းရောင် တိမ်တိုက်တွေကို

ဖယ်လိုက်ကာ၊ ထွမ်းထွမ်းကို
ချုပ်နှောင်ထားတဲ့ အကျဉ်းထောင်ကို
ဖျက်ဆီးလိုက်ပါတယ်။

ထွမ်းထွမ်းဟာ အချိန်အနည်းငယ်လောက်
တွေဝေသွားခဲ့ပြီး၊ ပျော်ရွှင်စွာနဲ့
ဟစ်ကြွေးလိုက်ပါတယ်၊ "နောက်ဆုံးမှာတော့
လွတ်ပြီဟေ့!"

သူမဟာ မြေပြင်ပေါ်ကို ခုန်ဆင်းလိုက်ပြီး
ယုကျင်းတောင်ရဲ့ ကြွယ်ဝလှတဲ့ စိတ်ဝိညာဉ်
စွမ်းအင်တွေကို အားရပါးရ
ရှူရှိုက်လိုက်ပါတယ်။ သူမက ယုကျင်းတောင်

တစ်ဝိုက်ကို ဝေ့ကြည့်လိုက်ပြီး၊ သူမရဲ့ မျက်လုံးအစုံဟာ ပြူးကျယ်သွားခဲ့ပါတယ်၊ "အရမ်းကောင်းတာပဲ!"

"စားလို့ကောင်းတဲ့ဟာတွေ အများကြီးပဲ!"

စာစဥ် ၁၃ : အပိုင်း ၂၀

အပိုင်း ၂၃၀ : အစားပုတ်

မွန်းစတားတစ်ကောင် ယုကျင်းတောင်ပေါ်မှာ သောင်းကျန်းနေပါတယ်ဗျို့

ထွမ်းထွမ်းဟာ ယုကျင်းတောင်ထိပ်ပေါ်ကို ဆင်းသက်လိုက် အပြီးမှာ၊ သူမရဲ့ ဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပါတယ်။ သူမက ချက်ချင်းပဲ သွားရည်တွေ ယိုလာခဲ့ပါတယ်၊ "ဂလု၊ ငါက အိမ်မက်များ မက်နေတာလား? စားကောင်းသောက်ဖွယ်တွေ အများကြီးပဲ!"

တောက်တီတစ်ကောင်ရဲ့ မွှေးရာပါ ပင်ကိုစွမ်းရည်ဟာ အရာအားလုံးကို ဝါးမျိုနိုင်ခြင်းပါပဲ။ ကွာခြားတာ တစ်ခုက

အစာဟာ အရသာရှိသလား ဆိုတာနဲ့၊ သူ့ကို အစာချေလို့ ရနိုင်သလား၊ အစာမကြေ ဖြစ်စေနိုင်သလား ဆိုတာပါပဲ။

"သူက မစားနိုင်တဲ့အရာ" ဆိုလို့ တစ်ခုမှ မရှိပါဘူး။

ထွမ်းထွမ်းရဲ့ မျက်လုံးထဲမှာ ဆေးတောင်ကြားက စိတ်ဝိညာဉ် ဆေးပင်စိုက်ခင်း၊ ဇူရီရဲ့ သင်ကြားမှုကို သစ်ပင်အောက်မှာ နားထောင်နေကြတဲ့ တပည့်တွေ၊ မဟူရာကောင်းကင် ရတနာသစ်ပင်ရဲ့ အကိုင်းအခက်တွေနဲ့

ယုကျင်းတောင်ပေါ်က
ကျောက်တုံးတွေတောင် သူမအတွက်တော့
မွှေးကြိုင်နေတဲ့
စားကောင်းသောက်ဖွယ်တွေသာ
ဖြစ်ကြပါတယ်။

"လူသားတွေကို မစားတာကောင်းမယ်၊
မဟုတ်လို့ရှိရင် ငါ့ကိုတွေ့လိုက်တာနဲ့
အကုန်ထွက်ပြေး ကုန်ကြလိမ့်မယ်"
ထွမ်းထွမ်းဟာ သူ့မရဲ့ သွားရေတွေကို
သုတ်လိုက်ပြီး၊ လင်းဖုန်းကို တစ်ချက်
ခိုးကြည့်လိုက်ပါတယ်။ ပြီးတာနဲ့ သူမဟာ
ပျော်ရွှင်စွာနဲ့ အော်ဟစ်လိုက်ကာ၊

ဆေးတောင်ကြားက ဆေးစိုက်ခင်းဆီကို အပြေးလေး သွားလိုက်ပါတော့တယ်။

လင်းဖုန်းက သူ့ရဲ့ခေါင်းကို ခါလိုက်ကာ သူ့ရဲ့ အပြုံးတွေက ပျောက်ကွယ်သွားခဲ့ပါတယ်။ ရင်ထဲကနေ ယားကျိကျိနဲ့ ခံစားလိုက်ရကာ၊ တောင်ပေါ်မှာရှိတဲ့ လူအားလုံးကို စိတ်အာရုံနဲ့ ဆက်သွယ်လိုက်ပါတယ်။

"ငါ့ဆီမှာ စိတ်ဝိညာဉ် အိမ်မွေးတိရစ္ဆာန် တောက်တီမလေး တစ်ကောင်ရှိတယ်။ သူက အခုတောင်ပေါ်မှာ သောင်းကျန်းနေတယ်။ နန်းဟွာနဲ့ ရှီးဟောင်တို့က ဝင်မပါနဲ့။

ရှောင်ယန်နဲ့ ကျန်တဲ့သူတွေက သူ့ကို
အရှင်ဖမ်းရမယ်"

"ဒါက မင်းတို့ကို ဆရာပေးတဲ့ အိမ်စာလို့
သဘောထားလိုက်ကြပေါ့ကွာ"

အကုန်လုံးကလည်း တပြိုင်နက်ထဲ
ခေါင်းညိတ်လိုက်ကြပါတယ်။
ရှောင်ယန်တို့တတွေက လျှင်မြန်စွာနဲ့
စတင်လှုပ်ရှားလိုက်ကြပါတယ်။

တစ်ယောက်မှ မကြည့်နေချိန်မှာ လင်းဖုန်းက
ကောက်ကျစ်စွာနဲ့ ပြုံးလိုက်ပါတယ်၊ "မင်းတို့

သိထားရမှာက ဒီကမ္ဘာကြီးမှာ ထူးခြားတဲ့ အရာတွေနဲ့ သန့်မာတဲ့သူတွေ အများကြီးရှိတယ် ဆိုတာပဲ။ မင်းတို့ရဲ့ သတိကို ဘယ်အခါမှ လွတ်လို့မဖြစ်ဘူး"

ရှေးပဝေသဏီက မိစ္ဆာသားရဲ လေးကောင်ထဲမှာ၊ တောက်တီဟာ တစ်ကောင် အပါအဝင် ဖြစ်ပါတယ်။ သူ့ရဲ့ မွေးရာပါ စွမ်းရည်ဟာ စွမ်းအားထက်တဲ့ အရာအားလုံးကို တစ်ခုမကျန် ဝါးမျိုနိုင်ခြင်းပဲ ဖြစ်ပါတယ်။

ထွမ်းထွမ်းဟာ မိစ္ဆာအုပ်ချုပ်သူ
အထွတ်အထိပ် အဆင့်မှာသာ ရှိသေးပြီး၊
မိစ္ဆာဝိညာဉ်ကို မဖော်ဆောင်ရသေးပဲ
မိစ္ဆာသခင် အဆင့်ကို မရောက်သေးပေမဲ့၊
သူမဟာ ဂန်ဂျင် ကျားဘုရင်ရဲ့ ခန္ဓာကိုယ်နဲ့
မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို
ရရှိထားတာ ဖြစ်ပါတယ်။ သူမရဲ့
ပင်ကိုစွမ်းရည်တွေနဲ့ ပေါင်းလိုက်ရင်၊ သူမဟာ
တကယ့်ထိပ်သီး အဆင့်က
မိစ္ဆာအုပ်ချုပ်သူတွေ အထဲမှာ ပါပါတယ်။

သာမန် မိစ္ဆာသခင်ဟာ ထိုက်တန်တဲ့ပြိုင်ဘက်
မဟုတ်နိုင်ပေမဲ့၊ ရှောင်ယန်တို့

အုပ်စုအတွက်ကတော့ သူတို့ရဲ့
စွမ်းရည်တွေကို လေ့ကျင့်ဖို့
အခွင့်ကောင်းတစ်ခု ဖြစ်ပါတယ်။

လင်းဖုန်းက အားရပါးရ ပြုံးဖြဲနေခဲ့ပါတယ်၊
'ကောင်စုတ်လေးတွေ၊ မင်းတို့ရဲ့ ရန်သူကို
အထင်မသေးရဘူးကွ၊ နို့မဟုတ်လို့ရှိရင်
ခံစားသွားရမယ်"

ထွမ်းထွမ်းရဲ့ ပထမ ပစ်မှတ်ဟာ
ဆေးစိုက်ခင်းပဲ ဖြစ်ပါတယ်။ ဆေးစိုက်ခင်းမှာ
တာဝန်ကျနေတဲ့ ယန်ချင်ဟာ၊ ထွမ်းထွမ်းကို
ဦးစွာတွေ့တဲ့သူပဲ ဖြစ်ပါတယ်။ သူ့ရဲ့

ကျင့်ကြံမှု အဆင့်ဟာ အခြေခံအုတ်မြစ်
အလယ်အလတ် အဆင့်မှာသာ ရှိသေးတဲ့
အတွက်ကြောင့်၊ သူဟာ ထွမ်းထွမ်းကို လုံးဝ
လျှော့မတွက်ရဲခဲ့ပါဘူး။ သူက
သူထိန်းချုပ်နိုင်တဲ့ မဟာလမင်း
အကြွင်းမဲ့ရေကို တိုက်ရိုက်ပဲ
ထုတ်လွှတ်လိုက်ပါတယ်။

ဘယ်သူက သိမှာလဲ၊ ထွမ်းထွမ်းရဲ့
မျက်လုံးတွေဟာ တောက်ပလာခဲ့ကာ
ဆေးစိုက်ခင်းကို လက်လွှတ်လိုက်ပါတယ်။
သွားရေတစ်မြားမြားနဲ့ ယန်ချင်ကို
စိုက်ကြည့်နေခဲ့ကာ၊ "ငါ့ကို

လိမ်ထားတာတော့ မဟုတ်ဘူးပဲ။ မဟာလမင်း အကြွင်းမဲ့ရေက တကယ်ကို ရှိတာပဲ!"

တောက်တီမလေးဟာ ဘာမှ အားမနာနေခဲ့ပဲ၊ သူမရဲ့ ပါးစပ်သေးသေးလေးကို ဟလိုက်ကာ အဆုံးမရှိတဲ့ တွင်းနက်တစ်ခုအတိုင်း၊ ယန်ချင်ရဲ့ မဟာလမင်း အကြွင်းမဲ့ရေကို သူမရဲ့ အစာအိမ်ထဲကို မျိုချလိုက်ပါတယ်။

ယန်ချင်က အံ့ဩတုန်လှုပ်သွားခဲ့ကာ သူ့ရဲ့ မဟာလမင်း အကြွင်းမဲ့ရေကို လျှင်မြန်စွာနဲ့ ရုပ်သိမ်းလိုက်ပါတယ်။

"ဒီလောက်ပဲလား?" ထွမ်းထွမ်းဟာ
အားမရလှစွာနဲ့ ကျယ်လောင်စွာ
အော်ဟစ်လိုက်ပါတယ်။ သူမဟာ
ယန်ချင်ရှေ့ကို ပျံသန်းသွားခဲ့ကာ
ခက်ထန်စွာနဲ့ ပြောလိုက်ပါတယ်၊
"ရှိသေးလား? ရှိသေးရင်
ထပ်ထုတ်လိုက်စမ်း!"

ယန်ချင်ဟာ ထွမ်းထွမ်းကို ထူးဆန်းတဲ့
မျက်နှာထားနဲ့ ကြည့်နေခဲ့ပြီး၊ ထွမ်းထွမ်းရဲ့
စကားလုံးတွေထဲမှာ ဟာကွက်တစ်ခုကို
တွေ့လိုက်ပါတယ်။

သူက သတိထားပြီးမှ ပြန်ဖြေလိုက်ပါတယ်၊ "မရှိတော့ဘူး။ ဒါက ငါ့မှာရှိတာ အကုန်ပဲ"

ထွမ်းထွမ်းဟာ မပျော်မရွှင် ဖြစ်လှစွာနဲ့ အော်ဟစ်လိုက်ပါတယ်၊ "ဘာဖြစ်လို့ ဒီလောက်နည်းရတာလဲ? ပလုတ်ကျင်းဖို့တောင် မလောက်ဘူး"

ယန်ချင်က သူ့ရဲ့ ချွေးအေးတွေကို သုတ်လိုက်ပြီး ကသိကအောက် ဖြစ်လှစွာနဲ့ ပြုံးလိုက်ပါတယ်၊ "ကျေးဇူးပြုပြီး ကျွန်တော့်ရဲ့ မပြည့်စုံတဲ့ ညှော်ခံမှုကို ခွင့်လွှတ်ပေးပါ"

"အာ၊ ဒါက တကယ့်ကို သန့်စင်တဲ့ တောက်တီမျိုးဆက်ပဲ" ဆေးတောင်ကြွားရဲ့ အဝမှာ ကြီးမားတဲ့ ပုံရိပ်တစ်ခုဟာ ပေါ်လာခဲ့ကာ လူပုံစံကို ပြောင်းသွားပါတယ်။ ဒါကတော့ မဟာရာနဂါး ကျဲယုပဲ ဖြစ်ပါတယ်။ သူဟာ ထွမ်းထွမ်းကို မှင်သက်စွာနဲ့ အကဲခတ်နေခဲ့ကာ၊ "သခင်က တကယ်ပဲ တောက်တီတစ်ကောင်ကို စိတ်ဝိညာဉ် အိမ်မွေးတိရိစ္ဆာန်အဖြစ်နဲ့ မွေးထားတာပဲ"

ထွမ်းထွမ်းက ဒီစကားကို ကြားလိုက်ရတော့ ဒေါသဖောင်းသွားခဲ့ကာ၊ "ဘယ်သူက စိတ်ဝိညာဉ် အိမ်မွေးတိရိစ္ဆာန်လဲ?

ဘာမှမသိရင် စကားကိုကြည့်ပြော၊
မဟုတ်တာတွေကို လျှောက်မပြောနဲ့။
မဟုတ်လို့ရှိရင် နာသွားမယ်"

ကျဲယုက အရှိန်သတ်လိုက်ပြီး၊ "တကယ့်ကို
စွာတေးလန်ပဲ။ ကြည့်ရတာ မွေးထားတာ
သိပ်မကြာသေးဘူး ထင်တယ်။
အကြီးတစ်ယောက် အနေနဲ့၊ မင်းကို
သင်ခန်းစာလေး ဘာလေး ပေးရတာပေါ့ကွာ။
မင်းက စိတ်ကောက်ဒေါသထွက်လို့ ရပေမဲ့၊
နေရာနဲ့ အချိန်တော့ ကြည့်ရဦးမှာပေါ့။
သခင်ကမင်းကို ပြန်ခေါ်ချင်နေတော့၊ မင်းက

လိမ်လိမ်မာမာနဲ့ စကားကို နားထောင်ပြီး ငါ့နောက်ကို လိုက်ခဲ့ရင်ကောင်းမယ်"

ကျဲယုက လိမ္မာပါးနပ်စွာနဲ့ နည်းဗျူဟာတွေ ချနေခဲ့ပါတယ်၊ "သခင်က ဂိုဏ်းက စောင့်ရှောက်သူ နှစ်ယောက်ကိုသာ ဝင်မပါခိုင်းတာ၊ ငါ့ကိုတော့ ဘာမှ မပြောထားဘူး။ တကယ်လို့များ ငါက ဒီတောက်တီကို အောင်မြင်စွာနဲ့ ပြန်ခေါ်သွားပေး နိုင်လို့ရှိရင်၊ ခေါင်းဆောင်ကငါ့ကို ကောင်းကောင်းဆက်ဆံမှာပဲ"

"ဒါပေမဲ့လည်း သခင့်ရဲ့ တပည့်တွေရှေ့မှာ မျက်နှာအပျက်ခံလို့တော့ မရဘူး။ နည်းလမ်းတစ်ခုကို စဉ်းစားမှရမယ်၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ?"

ကျဲယုက စိတ်လှုပ်ရှားစွာနဲ့ စဉ်းစားနေဆဲမှာ၊ ထွမ်းထွမ်းက ဒေါသထွက်လွန်းလို့ မျက်နှာကတောင် တွန့်လိမ်နေခဲ့ပါပြီ။

သူမက ကျဲယုကို ကြည့်လိုက်ကာ ရယ်လိုက်ပါတယ်၊ "ငါက အရင်က နဂါးအသားကို စားဖူးတယ်၊ ဒါပေမဲ့ သူက ဘတ်စ်တလီ အနက်ရောင်နဂါး မဟုတ်ဘူး။

မင်းက ပိုစားကောင်းလိမ့်မယ်လို့
မျှော်လင့်ရတာပဲ"

စကားဆုံးတာနဲ့ ထွမ်းထွမ်းဟာ သူမရဲ့ပါးစပ်
သေးသေးလေးကို ဟလိုက်ပါတယ်။
တွင်းနက်ကြီး တစ်ခုလိုမျိုး၊ သူမရဲ့
ပါးစပ်ကနေ အားကောင်းတဲ့ ဆွဲအားတစ်ခုကို
ထုတ်လွှတ်လိုက်ပါတယ်။

သူမရဲ့ပါးစပ် သေးသေးလေးကို
ဟလိုက်တော့၊ သူ့ရဲ့ အရွယ်အစားဟာ
အကန့်အသတ် မရှိပါဘူး။ သူမဟာ
ကောင်းကင်နဲ့ မြေကြီးတို့ကိုတောင်

ဝါးမျိုနိုင်တာပါ။ သူမဟာ ကျဲယုကို
တစ်လုတ်ထဲနဲ့ မျိုချချင်နေခဲ့ပါတယ်။

လင်းဖုန်းကို အညံ့ခံရပြီးနောက်မှာ၊ ကျဲယုဟာ
သူ့ရဲ့ မပျော်ရွှင်မှုတွေကို
ကျိတ်မှိတ်ထားခဲ့ရတာပါ။ သူဟာ လင်းဖုန်းကို
ဘာမှပြန်မပြောရဲသလို၊ သူ့ရဲ့ တပည့်တွေ
အပေါ်မှာလည်း ဒေါသ မပေါက်ကွဲရဲပါဘူး။
အခုက ထွမ်းထွမ်း လှုပ်ရှားလိုက်တော့၊
သူ့စိတ်ကြိုက် ဖြစ်သွားပါတယ်။

ဘတ်စ်တလီ အနက်ရောင်နဂါးက
ဟားတိုက်ပြီး ရယ်လိုက်ပါတယ်၊

"တခြားလူတွေက မင်းကို
ကြောက်ချင်ကြောက်မယ်၊ ဒါပေမဲ့
ဘတ်စ်တလီ အနက်ရောင် နဂါးအနေနဲ့
မင်းကိုငါက မကြောက်ဘူးကွ"

စကားဆုံးတာနဲ့ ကျဲယုဟာ ထိန်းမနိုင်
သိမ်းမရ တုန်ခါလာခဲ့ကာ၊ သူ့ရဲ့ ကြီးမားလှတဲ့
အတွင်းစွမ်းအားဟာ
ပေါက်ကွဲထွက်လာခဲ့ပါတယ်။ သူ့ရဲ့
ခန္ဓာကိုယ်ဟာ ချက်ချင်းပဲ အဝေးကို
ရောက်သွားခဲ့ပြီး၊ ထွမ်းထွမ်းရဲ့ မွေးရာပါ
ပါရမီဖြစ်တဲ့ ဝါးမျိုခြင်း မှော်အတတ်ကို
ရှောင်ရှားလိုက်ပါတယ်။ အခြားတစ်ဘက်မှာ

သူဟာ ထွမ်းထွမ်းရဲ့ အနားကိုတောင် ရောက်အောင် ကပ်သွားနိုင်ခဲ့ကာ၊ သူမကို ကြောက်မက်ဖွယ် လက်သီးတစ်လုံးနဲ့ ထိုးလိုက်ပါတယ်။

တောက်တီရဲ့ မွေးရာပါ ဝါးမျိုနိုင်တဲ့ စွမ်းရည်ဟာ မှော်ကျိန်စာတွေကို ကန့်သတ်တဲ့ နေရာမှာ အသုံးဝင်ပါတယ်။ သူဟာ မှော်စွမ်းအင်တွေ၊ စိတ်ဝိညာဉ် စွမ်းအင်တွေကို မျိုချတဲ့ နေရာမှာ အကောင်းဆုံးပါပဲ။

ဘတ်စ်တလီ အနက်ရောင် နဂါးကလန်ဟာ မှော်ကျိန်စာတွေကို မထူးမပြုပဲ၊

အသွေးအသားနဲ့ စိတ်ဝိညာဉ်တို့ကို အလေးပေးပြီးတော့ လေ့ကျင့်တာပါ။ ကဲယုက တောက်တီကို မကြောက်ဘူးလို့ ပြောတာဟာ၊ ကြွားပြီးတော့ပြောတာ မဟုတ်ပါဘူး။

ထွမ်းထွမ်းဟာ သူမရဲ့ ဝါးမျိုးခြင်း မှော်အတတ်ဟာ သူမရဲ့ ရန်သူကို အနိုင်မယူနိုင်တာကို တွေ့လိုက်တော့၊ ပျာယာခတ်မသွားခဲ့ပါဘူး။ သူမက ရယ်လိုက်ပြီး၊ "ကျွန်မက သာမန်တောက်တီ မဟုတ်ဘူး"

သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံးဟာ ရွှေရောင် အလင်းတန်းတွေနဲ့ လင်းလက်လာခဲ့ကာ၊ ကျဲယုရဲ့ လက်သီးနဲ့ ပြင်းထန်စွာ ထိပ်တိုက်ရင်ဆိုင်လိုက်ပါတယ်။ သူမဟာ အနောက်ကို ဆုတ်လိုက်ရပေမဲ့၊ ဘာမှတော့ ဖြစ်မသွားခဲ့ပါဘူး။

ထွမ်းထွမ်းဟာ ပန်းတစ်ပွင့်လိုမျိုး ပြုံးလိုက်ကာ၊ "ဂန်ဂျင်ကျားဘုရင်ရဲ့ ခန္ဓာကိုယ်ကို အသုံးပြုပြီးတော့ ငါ့ရဲ့ အသွေးအသားတွေကို ပြန်လည်တည်ဆောက်ရတာဟာ၊ ငါ့ခန္ဓာကိုယ်ရဲ့ စွမ်းအင်ကို တစ်ဆင့်တက်သွား

စေတာပဲ။ ငါက ဒီလူကြီးနဲ့
ထိပ်တိုက်ရင်ဆိုင်တာတောင်မှပဲ၊
ပြန်ချလို့ရတယ်"

ကျဲယုဟာ ထွမ်းထွမ်းနဲ့ အနီးကပ်တိုက်ပွဲကို
ဆင်နွှဲခဲ့ပေမဲ့၊ သူဟာ ထွမ်းထွမ်းကို
အနိုင်မယူနိုင်ခဲ့တဲ့အပြင် အသာစီးတောင်
မရခဲ့ပါဘူး။

သူဟာ ထွမ်းထွမ်းရဲ့ ဝါးမျိုခြင်း
မှော်အတတ်ကို မကြောက်ပေမဲ့၊ သူမရဲ့
တစ်ကိုယ်လုံးကနေ ရုတ်တရက်ပဲ သူ့ကို
ခြိမ်းခြောက်နိုင်တဲ့၊ မဟာသူရိယ အကြွင်းမဲ့

မီးတောက်တွေနဲ့
တောက်လောင်လာခဲ့ပါတော့တယ်။

ကံကောင်းစွာနဲ့ပဲ ကျဲယုဟာ
ယုကျင်းတောင်ပေါ်မှာ ကျင့်ကြံနေခဲ့တာ
အချိန်အတော်ကြာ ရှိသွားခဲ့ပြီ ဖြစ်ပါတယ်။
သူဟာ မိစ္ဆာဝိညာဉ်ကို မဖော်ဆောင်ရသေးပဲ
မိစ္ဆာသခင် အဆင့်ကို မရောက်သေးပေမဲ့၊
သူဟာ အကျိုးကျေးဇူး တော်တော်များများကို
ရရှိခဲ့ပါတယ်။

အနက်ရောင် အကြေးခွံ တစ်လွှာဟာ သူ့ရဲ့
တစ်ကိုယ်လုံးမှာ ရုတ်တရက်

ပေါ်လာခဲ့ပါတယ်။ ဒီအကြေးခွံတွေဟာ
သိပ်သည်းတဲ့ သင်္ကေတတွေနဲ့
လင်းလက်နေခဲ့တာပါ။

ဒီအနက်ရောင် အကြေးခွံ အလွှာဟာ
မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို
ခဏတာ တွန်းလှန်နိုင်ခဲ့ပါတယ်။

လင်းဖုန်းဟာ ထွမ်းထွမ်းကို တစ်ချိန်လုံး
အာရုံစိုက်နေခဲ့တာပါ။ ကျဲယုက
ဝင်ရောက်တိုက်ခိုက်ခဲ့ပေမဲ့၊ သူကတော့
မတားဆီးခဲ့ပါဘူး။ ကျဲယုက ဒီသန့်စင်သော
မှော်စွမ်းအင် အနက်ရောင် အကြေးခွံကို

အသုံးပြုလိုက်တာကို တွေ့လိုက်ရတော့၊
လင်းဖုန်းရဲ့ မျက်လုံးတွေဟာ
အရောင်တောက်ပ သွားခဲ့ပါတယ်။

"ဘတ်စ်တလီ အနက်ရောင် နဂါးတွေဟာ
သန်မာတဲ့ အသွေးအသားတွေကို
ပိုင်ဆိုင်ထားကြပြီး၊ အရာဝတ္ထု မျိုးစုံတို့ရဲ့
တိုက်ခိုက်မှုကို အကာအကွယ် ပေးနိုင်တဲ့
စွမ်းရည်ကလည်း
လက်ဖျားခါလောက်ပါတယ်။ ဒီသန့်စင်တဲ့
မှော်စွမ်းအင် အနက်ရောင် အကြေးခွံတွေက
ကြည့်ရတာ မှော်စွမ်းအင် ခုခံမှု အဆင့်ကို

မြှင့်ပေးနိုင်တာပဲ။ မဆိုးဘူး၊ လုံးဝကို
မဆိုးဘူး"

လင်းဖုန်းက ပြုံးဖြီးဖြီးနဲ့ ကျဲယုကို
စိုက်ကြည့်နေခဲ့ပြီး၊ "အရမ်းကောင်းတယ်၊
ဒီလိုဆိုရင် ငါ့ရဲ့ အစီအစဥ် အစပိုင်းဟာ
အကောင်အထည်ဖော်လို့ ရတော့မှာပဲ"

ကျဲယုဟာ တစ်ခုခုကို ခံစားမိလိုက်ရသလိုမျိုး၊
သူ့ရဲ့ တစ်ကိုယ်လုံးဟာ
အေးစက်သွားခဲ့ပါတယ်။

"မကောင်းတော့ဘူး၊ ဘာဖြစ်လို့ နိမိတ်မကောင်းတဲ့ ခံစားချက်မျိုးကို ရလာရတာလဲ? မကောင်းတာ တစ်ခုခုတော့ ဖြစ်တော့မယ်နဲ့တူတယ်" ကျဲယုဟာ သူ့ရဲ့ခေါင်းကို ပြင်းထန်စွာ ခါယမ်းလိုက်ပြီး၊ မဟုတ်တဲ့ အတွေးတွေကို ဖယ်ထုတ်ပစ်ဖို့ ကြိုးစားခဲ့ကာ၊ ထွမ်းထွမ်းကို တိုက်ခိုက်ဖို့ အတွက်ပဲ အာရုံစိုက်ထားခဲ့ပါတယ်။

"ငါ့ရဲ့ အသွေးအသား စွမ်းအားကပဲ မင်းကို အနိုင်တိုက်နိုင်မလား၊ မင်းရဲ့ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကပဲ ငါ့ရဲ့ သန့်စင်သော မှော်စွမ်းအင် အနက်ရောင် အကြေးခွံကို

ထိုးဖောက်နိုင်မလား ဆိုတာကို ကြည့်ရသေးတာပေါ့ကွာ!"

ထွမ်းထွမ်းကလည်း သူမရဲ့ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ဟာ သန့်စင်သော မှော်စွမ်းအင် အနက်ရောင် အကြေးခွံကို ချိုးဖောက်နိုင်ပေမဲ့၊ အချိန်အနည်းငယ် လိုဦးမယ် ဆိုတာကို သိနေခဲ့ပါတယ်။ သူမက ရယ်လိုက်ပြီး၊ "ရှင်က ကိုယ့်ကြမ္မာကိုယ် လာဖန်တီးတာပဲ"

တောက်တီမလေးဟာ နောက်ထပ်တစ်ကြိမ် ပါးစပ်ကို ဟလိုက်ပြီး၊ ဝါးမျိုခြင်း

မှော်အတတ်ကို အသက်သွင်းလိုက်ပါတယ်။ ဒီတစ်ခါမှာတော့ သူဟာ ကျဲယုက သန့်စင်သော မှော်စွမ်းအင် အကြေးခွံကို ထိန်းသိမ်းထားတဲ့ မိစ္ဆာစွမ်းအင်တွေကို ဝါးမျိုလိုက်တာပဲ ဖြစ်ပါတယ်။

ကျဲယုဟာ မှင်သက်သွားခဲ့ကာ သူ့ကိုယ်သူ ပါးနှစ်ချက် ပြင်းပြင်းရိုက်ချင်တဲ့စိတ်တွေ ဖြစ်လာခဲ့ပါတယ်။ သူဟာ သူ့ရဲ့ မှော်စွမ်းအင်တွေကို ထွမ်းထွမ်းရဲ့ ဝါးမျိုခြင်းကို မခံရအောင် ကြိုးစားတားဆီး နေခဲ့ပေမဲ့၊ ထွမ်းထွမ်းက နောက်ဆုံးမှာ လုပ်နိုင်ခဲ့ပါတယ်။

"သခင်ရယ်၊ ဒီလိုမျိုး ရှုံးမိုက်တဲ့ သတ္တဝါကို ဘာဖြစ်လို့ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို ပေးထားရတာလဲ?" ကျဲယုက မျက်ရည်ကျလုနီးပါး ဖြစ်လာခဲ့ပါတယ်၊ "ကျွန်တော်က တစ်ချိန်လုံး သစ္စာစောင့်သိနေခဲ့တာပါ၊ ဒါပေမဲ့ ကျွန်တော်က ဒီလိုမျိုး ပစ္စည်းကောင်းလေးတွေ တစ်ခါမှ မရခဲ့ဖူးဘူး!"

မိစ္ဆာကလန်ရဲ့ ထိပ်ဆုံးနားမှာ ရှိနေတဲ့ နဂါးကလန်ရဲ့ အဖွဲ့ဝင်ဖြစ်တဲ့ အတွက်ကြောင့်၊

ကျဲယုပဟာ အဆင့်တူတွေ အနက်မှာ
ပြိုင်ဘက်ကောင်းတွေ အများကြီး မရှိပါဘူး။
အထူးသဖြင့် သူဟာ မှော်ကျိန်စာတွေကို
အလေးမပေးပဲ ရုပ်ကိုယ်ခန္ဓာနဲ့သာ
တိုက်ခိုက်တတ်ပြီး၊ တောက်တီတွေရဲ့
အကြိုက် မဟုတ်ခဲ့ပါဘူး။

ဒါပေမဲ့လည်း ထွမ်းထွမ်းဟာ သူမရဲ့
ကိုယ်ပိုင်ပါရမီ ဝါးမျိုခြင်း မှော်အတတ်အပြင်၊
ဂန်ဂျင်ကျားဘုရင်ရဲ့ လက်ကျန်စိတ်ဝိညာဥ်နဲ့
မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကိုပါ
ပိုင်ဆိုင်တဲ့ အတွက်ကြောင့်၊ ဒီသုံးမျိုးတို့နဲ့

ပေါင်းစပ်တိုက်ခိုက်လိုက်တော့ နဂါးကို အလွယ်တကူပဲ အနိုင်တိုက်နိုင်ခဲ့ပါတယ်။

ဒီအချိန်မှာ ဝမ်လင်းကလည်း ဖေးလျှန်ကို စီးပြီးမှ ဆေးတောင်ကြားထဲကို ရောက်ရှိလာခဲ့ပါတယ်။ မိစ္ဆာနှစ်ကောင်က လေဟာနယ်ထဲမှာ တိုက်ခိုက်နေကြတာကို ကြည့်လိုက်ပြီး၊ သူ့ရဲ့ မျက်မှောင်တွေကို ကြုတ်လိုက်ပါတယ်၊ "ဒီတောက်တီကို ရင်ဆိုင်ရတာ တော်တော်မလွယ်ပါလား"

ထွမ်းထွမ်းကပေးနေတဲ့ ဖိအားဟာ ပိုပိုပြီးမှ ကြီးမားလာတာမို့၊ ကျဲယုက

လေသံတိုးတိုးလေးနဲ့သာ ကျိန်ဆဲနိုင်ခဲ့ပြီး
မတတ်နိုင်တော့ပဲ အဝေးကို
တိမ်းရှောင်သွားလိုက်ရပါတယ်။

သူက လွတ်မြောက်အောင် ကြိုးစားခဲ့တော့၊
ထွမ်းထွမ်းက သူ့ကို မတားဆီးနိုင်ခဲ့ပါဘူး။
သူမက စိတ်ခါတ်ကျစွာနဲ့
ရေရွတ်လိုက်ပါတယ်၊ "စိတ်ပျက်စရာ
ကောင်းလိုက်တာ၊ နဂါးအသား
မစားရတော့ဘူး"

ထွမ်းထွမ်းဟာ ပတ်ဝန်းကျင်ကို
ပတ်ကြည့်လိုက်ပြီး၊ ဝမ်လင်းထိုင်နေတဲ့

ဖေးလျှန်ရဲ့ အပေါ်ကို သူ့မရဲ့ အကြည့်ဟာ ကျရောက်သွားခဲ့ပါတယ်။ သူမရဲ့ မျက်လုံးအစုံဟာ တောက်ပလာခဲ့ပြီး၊ "ဒါက မိစ္ဆာဗိုလ်ချုပ် အဆင့်သာ ရှိပြီး သူ့ရဲ့သွေးမျိုးဆက်ကလည်း မသန့်စင်ပေမဲ့၊ သူ့ရဲ့အသားဟာ အရသာရှိမှာ သေချာနေတာပဲ"

ဖေးလျှန်ကလည်း ထွမ်းထွမ်းရဲ့ အကြည့်တွေကို သတိပြုမိလိုက်ကာ၊ တစ်ကိုယ်လုံး တုန်ခါလာခဲ့ပါတယ်။

ဝမ်လင်းရဲ့ မျက်မှောင်ကတော့ ပိုပိုပြီး ကြုတ်လာခဲ့ပါတယ်။ ထွမ်းထွမ်းရဲ့ ဆာလောင်နေတဲ့ အမူအရာတွေကို ကြည့်လိုက်ပြီး၊ သူက စကားတစ်ခွန်းကိုမှ မပြောတော့ပါဘူး။ သူက သူ့ရဲ့လက်ကို ဆန့်တန်းလိုက်ကာ၊ လက်ချောင်းနဲ့ ထိုးလိုက်ပါတယ်။

ထွမ်းထွမ်းနဲ့ ကျဲယုတို့ရဲ့ တိုက်ပွဲကို ကြည့်လိုက်ရအပြီးမှာ၊ ဝမ်လင်းဟာ ဒီမိစ္ဆာရဲ့ ကြောက်မက်ဖွယ် အစွမ်းကို သိရှိပြီးသားပါ။ သူဟာ ပထမ အကြိမ်မှာပဲ ဟေးဒီးစ် နတ်လက်ချောင်းရဲ့ ဖျက်ဆီးခြင်း အဆင့်ကို

သုံးလိုက်ပါတယ်။ အနက်ရောင်
ခေတ်ငွေ့တွေဟာ ထွက်လာခဲ့ပြီး၊
ထွမ်းထွမ်းကို စတင်ဖုံးအုပ်သွားခဲ့ပါတယ်။

ထွမ်းထွမ်းကလည်း သူမရဲ့
မျက်မှောင်ကြီးတွေကို ကြုတ်လိုက်ကာ၊
ဝါးမျိုနိုင်တဲ့ စွမ်းရည်တွေကို
ထုတ်လွှတ်လိုက်ပါတယ်။ သူမဟာ
ဖျက်ဆီးခြင်း စွမ်းအားတွေနဲ့ ပြည့်နေတဲ့၊
ဝမ်လင်းရဲ့ မှော်စွမ်းအင်တွေကို
မျိုချလိုက်ပါတယ်။

ဝမ်လင်းကလည်း ချက်ချင်းပဲ
အံ့ဩတုန်လှုပ်သွားခဲ့ပါတယ်။

ထွမ်းထွမ်းဟာ သူမရဲ့ ပါးစပ်ကို ပိတ်လိုက်ပြီး၊
ရှုံ့ရှာတဲ့ အမူအရာမျိုးကို ပြုလုပ်လိုက်ပါတယ်။
လေချဉ်တစ်ချက် တက်လိုက်ပြီး သူမက
အော်ဟစ်လိုက်ပါတယ်၊
"စားလို့လုံးဝမကောင်းဘူး၊ စားလိုက်ပြီးတာနဲ့
အန်ချင်လာတာပဲ"

လင်းဖုန်းက လေဟာနယ်ထဲကနေ
ဒီမြင်ကွင်းကို ကြည့်နေခဲ့ပြီး၊

ဆွံ့အသွားခဲ့ပါတယ်၊ "သူက စားမကောင်းရုံနဲ့ အန်ချင်ရုံပဲလား?"

လင်းဖုန်းရဲ့ လက်ရှိ ကျင့်ကြံမှု အဆင့်အတန်းနဲ့တောင်၊ သူဟာ သူ့ရဲ့ပါးစပ်ကိုဟပြီး ဝမ်လင်းရဲ့ ဖျက်ဆီးမှု စွမ်းအားတွေကို မျိုမချရဲပါဘူး။ ကောင်းကင်နဲ့ မြေကြီးတို့ကို ဖျက်ဆီးခြင်းဟာ သူ့ရဲ့ကိုယ်ထဲမှာ ပေါ်ပေါက်လာသလိုမျိုး ဖြစ်သွားမှာပါ။

သူဟာ သူ့ရဲ့စိတ်ဝိညာဉ်ကို ရုပ်ခန္ဓာကိုယ်ကနေ ခွဲထုတ်နိုင်ခဲ့တဲ့

အချိန်မှာတော့၊ စမ်းကြည့်ကောင်း
စမ်းကြည့်နိုင်ပါတယ်။

လင်းဖုန်းက သူ့ရဲ့ခေါင်းကို အနည်းငယ် ခါလိုက်ကာ၊ "ဘာပဲပြောပြော လင်းကလေးရဲ့ ကျင့်ကြံမှု အဆင့်ဟာ နိမ့်ကျနေသေးတာပဲ။ တကယ်လို့များ သူဟာ ရှောင်ယန်၊ ဇူရီနဲ့ ရှောင်ပုတန်လိုမျိုး ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်သွားရင်တော့၊ သူ့ရဲ့ဖျက်ဆီးနိုင်တဲ့ စွမ်းအားဟာ ထွမ်းထွမ်းတောင်မှ မျိုချနိုင်မှာ မဟုတ်တော့ဘူး"

ဝမ်လင်းဟာ လျှင်မြန်စွာနဲ့
သတိပြန်ဝင်လာခဲ့ပြီး အော်လိုက်ပါတယ်၊
"နံပါတ်ငါး ဂျူနီယာ!"

ယန်ချင်ဟာ အသံတစ်ခုနဲ့ တုံ့ပြန်လိုက်ကာ၊
သူ့ရဲ့ လက်ဖဝါးတွေကို စုစည်းလိုက်ပါတယ်။
မဟာလမင်း အကြွင်းမဲ့ရေ
အမြောက်အမြားဟာ ထွက်လာခဲ့ပြီး၊
သူထိန်းချုပ်နိုင်တဲ့ အကန့်အသတ်ကိုတောင်
ကျော်လွန်သွားခဲ့ပါတယ်။

ဝမ်လင်းကလည်း သူ့ရဲ့ လက်နှစ်ဘက်လုံးကို
စုစည်းလိုက်ကာ၊ မှော်ကျိန်စာ တစ်ခုကို

ပုံဖော်လိုက်ပြီး ငရဲကမ္ဘာသို့ သွားသောလမ်းကို ဖော်ထုတ်လိုက်ပါတယ်။ အနက်နဲ့ အဝါရောင် လမ်းကြောင်းတစ်ခုဟာ လေဟာနယ်ထဲမှာ ပေါ်လာခဲ့ပါတယ်။

ပုံမှန်နဲ့ မတူပဲ ဒီတစ်ခေါက် ငရဲကမ္ဘာသို့ သွားသောလမ်းဟာ ထူးခြားနေခဲ့ပါတယ်။ အလယ်က လမ်းကြောင်းဟာ နိမ့်ကျနေခဲ့ပြီး၊ ဘေးနှစ်ဘက်က မြင့်တက်နေခဲ့ကာ မြစ်လမ်းကြောင်း ပုံစံမျိုးနဲ့ တူနေခဲ့ပါတယ်။

ယန်ချင်ရဲ့ မဟာလမင်း အကြွင်းမဲ့ရေဟာ
ဒီမြစ်စီးကြောင်းထဲကို
ကျရောက်သွားခဲ့ပါတော့တယ်။

## စာစဉ် ၁၄ : အပိုင်း ၁

## အပိုင်း ၂၃၁ : တောက်တီမလေးကို ဝိုင်းရံပိတ်ဆို့ ဖမ်းဆီးကြခြင်း

ယန်ချင်ရဲ့ မဟာလမင်း အကြွင်းမဲ့ရေဟာ
ဝမ်လင်းရဲ့ ငရဲကမ္ဘာသို့ သွားသောလမ်းကို
ပုံပြောင်းထားတဲ့ မြစ်လမ်းကြောင်း အပေါ်ကို
ကျရောက်သွားခဲ့ကာ၊ ကျောက်စိမ်းရောင်

မြစ်ရှည်ကြီး တစ်စင်းအဖြစ်ကို
ပြောင်းလဲသွားခဲ့ပါတယ်။

ရေပြင်နဲ့ မြေကြီးတို့ရဲ့ စွမ်းအင်
သဘောတရားတို့ဟာ ပြည့်စုံစွာနဲ့
ပေါင်းစည်းသွားခဲ့ကာ၊ အသစ်စက်စက်
ပုံစံတစ်မျိုး အဖြစ်ကို
ပြောင်းလဲသွားခဲ့ပါတယ်။

အတိတ်မှာ ဖြစ်ပျက်ခဲ့သမျှ အရာတွေဟာ
ဘာမှ ပြန်လည်ပြင်ဆင်လို့ မရတော့ပဲ၊
မရေတွက်နိုင်တဲ့ ဝမ်းနည်းကြေကွဲမှုတွေသာ
ကျန်နေခဲ့ပါတယ်။

မဟာလမင်း မမြင့်မြတ်သော မြစ်ပြင်ဟာ
အသစ်ဖန်တီးထားတဲ့ မှော်ကျိန်စာ တစ်ခုပါ!

ဝမ်လင်းဟာ သူ့ရဲ့ ငရဲကမ္ဘာ ပုတီးလုံးထဲက
ငရဲကမ္ဘာ အကြွင်းမဲ့ရေကို ထုတ်ယူပြီး
တူညီတဲ့ မှော်ကျိန်စာ တစ်ခုကို
ဖန်ဆင်းနိုင်ပေမဲ့၊ သူဟာ အခုက
ယန်ချင်ကိုလည်း အထောက်အကူ
ပေးချင်နေခဲ့ကာ၊ ငရဲကမ္ဘာကို
သွားသောလမ်းရဲ့ အစွမ်းကို
အဆင့်မြှင့်လိုက်တာပါ။ စိတ်အာရုံတွေ
မပျံ့လွင့်စေခဲ့ပဲ၊ ငရဲကမ္ဘာသို့

သွားသောလမ်းဟာ သူ့ရဲ့ အားကြီးတဲ့
အလားအလာ အစွမ်းကုန်ကို
ထုတ်ဖော်လိုက်ပါတယ်။

ယန်ချင်ကလည်း ဝမ်လင်းကို
စိတ်မပျက်စေခဲ့ပါဘူး၊ သူဟာ သူ့ရဲ့ကိုယ်ပိုင်
မဟာလမင်း အကြွင်းမဲ့ရေကို သေချာစွာနဲ့
ထိန်းကျောင်းနေခဲ့ပါတယ်။

ပုံမှန်အချိန်တွေမှာလည်း၊ ယန်ချင်ဟာ
ဝမ်လင်းကို တာအိုနည်းစနစ်တွေနဲ့
ပတ်သတ်ပြီး မရှင်းမလင်းတဲ့ အချက်တွေကို
လာရောက်မေးမြန်းလေ့ရှိပြီး၊

ဝမ်လင်းကလည်း တစ်ကိုယ်ကောင်း မဆန်ခဲ့ပဲ
သူ့ကို သေသေချာချာ လမ်းပြခဲ့ပါတယ်။
သဘောပေါက် နားလည်နိုင်စွမ်း ၉မှတ်နဲ့
၁၀မှတ်စီ ရထားတဲ့ သူတွေဟာ၊ မဟာလမင်း
မမြင့်မြတ်သော မြစ်ပြင်စတဲ့ မှော်ကျိန်စာ
အသစ်ကို အတူတကွ
တီထွင်ဖန်တီးနိုင်ခဲ့ပါတယ်။

ဒီတစ်ခေါက်ဟာ သူတို့နှစ်ဦးရဲ့
ပထမဆုံးအကြိမ် အတူတကွ လက်တွဲပြီး
တိုက်ပွဲဝင်ခဲ့တာ ဖြစ်ပေမဲ့၊ သူတို့ရဲ့ ရန်သူကို
တိုက်ခိုက်ရာမှာ အပေးအယူမျှမျှနဲ့ ပြည့်စုံစွာ
တွဲဖက်နိုင်ခဲ့ပါတယ်။

မဟာလမင်း မမြင့်မြတ်သော မြစ်ပြင်ဟာ၊ ကျယ်ပြန့်သော ကောင်းကင်မြစ်ပြင်ရဲ့ ဆန့်ကျင်ဘက်လိုမျိုး၊ ပြင်းထန်စွာနဲ့ ထွမ်းထွမ်းဆီကို စီးဆင်းလာခဲ့ပါတယ်။

ထွမ်းထွမ်းက ဒါကို မြင်လိုက်ရတော့၊ သူမရဲ့ မျက်နှာသေးသေးလေးဟာ မုန့်ကြိုးလိမ် ပုံစံမျိုး တွန့်လိမ်သွားခဲ့ပြီး၊ "မင်းဆီမှာ အများကြီး ရှိသေးတာပဲ၊ ဒါကို မင်းက တစ်စက်မှ မရှိတော့ဘူးဆိုပြီး လိမ်ခဲ့သေးတယ်။ မင်းက မရိုးသားတဲ့ လူတစ်ယောက်ပဲ"

သူမက တစ်စက်ကလေးမှ မကြောက်ရွံ့ခဲ့ပဲ
သူမရဲ့ ပါးစပ်ကို အကြီးကြီး ဟလိုက်ပါတယ်။
ဝါးမျိုခြင်း မှော်အတတ်ကို အစွမ်းကုန်
ထုတ်ဖော်လိုက်ကာ၊ မဟာလမင်း
မမြင့်မြတ်သော မြစ်ပြင်ကို
မျိုချလိုက်ပါတယ်။

ဒီမြင်ကွင်းကို မြင်လိုက်ရတော့၊ ယန်ချင်က
အနည်းငယ် ပျာယာခတ်သွားခဲ့ပါတယ်။
ဝမ်လင်းက သူ့ကိုတစ်ချက်
ဝေ့ကြည့်လိုက်ကာ၊ "တည်တည်ငြိမ်ငြိမ်နေ၊
သတ္တဝါလေး နည်းနည်းပါးပါး မွေးထားဦး"

"ဟုတ်ကဲ့" ယန်ချင်ဟာ အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ၊ အာရုံတွေကို တည်ငြိမ်အောင် ကြိုးစားလိုက်ပါတယ်။ သူဟာ တဖြေးဖြေးနဲ့ စိတ်တည်ငြိမ်လာခဲ့ကာ၊ မှော်ကျိန်စာကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။

မဟာလမင်း မမြင့်မြတ်သော မြစ်ပြင်ဟာ ထွမ်းထွမ်းရဲ့ ပါးစပ်ထဲကနေ နောက်ပြန်ကွေ့ကာ ပြန်ထွက်လာခဲ့ပါတယ်။

ထွမ်းထွမ်းဟာ အံ့အားသင့်သွားခဲ့ပြီး၊ "မပြေးနဲ့!" သူမရဲ့ ပါးစပ်ထဲက

စုပ်ယူနိုင်စွမ်းဟာ ပိုပြီးတော့ ပြင်းထန်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ခေါက်မှာတော့ ယန်ချင်ဟာ တည်ငြိမ်နေခဲ့ပြီ ဖြစ်ပြီး၊ မဟာလမင်း မမြင့်မြတ်သော မြစ်ပြင်ကို သေချာစွာ ထိန်းချုပ်လိုက်ကာ၊ သူ့ကို မရပ်မနားပဲ လည်ပတ်နေစေ ခဲ့ပါတယ်။ သူဟာ ထွမ်းထွမ်းရဲ့ ဝါးမျိုခြင်း မှော်အတတ်ကို ခုခံနိုင်ခဲ့ပါတယ်။

ဝမ်လင်းက ခေါင်းကို အနည်းငယ် ညိတ်လိုက်ပြီး၊ ထွမ်းထွမ်းကို စိုက်ကြည့်လိုက်ပါတယ်။ ခဏာတာလောက်

ငြိမ်သက်သွား အပြီးမှာ သူ့စိတ်ထဲကနေ ဆင့်ခေါ်လိုက်တော့၊ ရွှေရောင်အလင်းတန်း ဖျော့ဖျော့လေးကို ထုတ်လွှတ်နေခဲ့တဲ့ ပုလဲလေး တစ်လုံးဟာ၊ လေဟာနယ်ထဲမှာ ရုတ်တရက် ပေါ်လာခဲ့ပါတယ်။ ဒါကတော့ ဝမ်လင်းက သူနဲ့အမြဲတမ်း သယ်ဆောင်ထားခဲ့တဲ့ ငရဲကမ္ဘာ ပုတီးလုံးလေးပဲ ဖြစ်ပါတယ်။

ဝမ်လင်းက အခြေခံအုတ်မြစ် အဆင့်ကို ရောက်ရှိသွားတော့၊ သူဟာ ဒီပုလဲလေးရဲ့ အထဲက စွမ်းအားတချို့ကို နောက်ဆုံးမှာ အသုံးချနိုင်ခဲ့ပါတယ်။

ဝမ်လင်းရဲ့ ထိန်းချုပ်မှုအောက်မှာ၊ ငရဲကမ္ဘာ ပုတီးလုံးလေးကဟာ ရုတ်တရက်ပဲ စီးဆင်းနေတဲ့ ရေတွေရဲ့ အသံတွေကို ထုတ်လွှတ်လိုက်ပါတယ်။

အဝါရောင်ရင့်ရင့် ငရဲကမ္ဘာ အကြွင်းမဲ့ရေတွေဟာ စတင်ပြီးတော့ ပန်းထွက်လာခဲ့ပါတယ်။

ထွမ်းထွမ်းက ငရဲကမ္ဘာ အကြွင်းမဲ့ရေကို မြင်လိုက်တော့၊ သူမရဲ့ မျက်နှာမှာ ရှုံ့ရှာတဲ့ အမူအရာက ပေါ်လာခဲ့ပြီး၊ "ငရဲကမ္ဘာ

အကြွင်းမဲ့ရေက အနံ့အရသာ မကောင်းဘူး။
စိတ်ပျက်စရာကောင်းတယ်"

သူမဟာ ငရဲကမ္ဘာ အကြွင်းမဲ့ရေကို
မဝါးမျိုချင်ခဲ့တော့၊ ဒီအဝါရောင်
အကြွင်းမဲ့ရေတွေက အနားကပ်လာတာကို
တွေ့လိုက်ရတဲ့အခါမှာ၊ မဟာသူရိယ
အကြွင်းမဲ့ မီးတောက်ကို ထုတ်လွှတ်လိုက်ပြီး
ခုခံလိုက်ပါတယ်။

တောက်ပနေတဲ့ မဟာသူရိယ အကြွင်းမဲ့
မီးတောက်နဲ့ မှေးမှိန်နေတဲ့ ငရဲကမ္ဘာ
အကြွင်းမဲ့ရေတို့ကို ဆုံတွေ့လိုက်ကြတဲ့

အခါမှာ၊ နှစ်ဦးနှစ်ဘက်စလုံးက ခက်ထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲခဲ့ကြပါတော့တယ်။

ထွမ်းထွမ်းရဲ့ ကျင့်ကြံမှု အဆင့်ဟာ ဝမ်လင်းထက် အဆင့်ပိုမြင့်ပေမဲ့၊ ဝမ်လင်းရဲ့ ငရဲကမ္ဘာ အကြွင်းမဲ့ရေဟာ ငရဲကမ္ဘာ ပုတီးလုံးလေးရဲ့ ကျောထောက်နောက်ခံ ရှိတာကြောင့်၊ နှစ်ဦးနှစ်ဘက် စလုံးဟာ တစ်ယောက်နဲ့တစ်ယောက် အပေါ်စီး မယူနိုင်ခဲ့ကြပါဘူး။

"ဒီပုလဲလုံးလေးက ပစ္စည်းကောင်းလေးပဲ၊ အရသာရော ဘယ်လိုများပါလိမ့်?"

စကားဆုံးတာနဲ့ ထွမ်းထွမ်းဟာ
ပါးစပ်သေးသေးလေးကို ထပ်ဟလိုက်ကာ၊
ပြင်းထန်တဲ့ စုပ်အားတစ်ခုဟာ ငရဲကမ္ဘာ
ပုတီးလုံးလေးရဲ့ အနားကို
ရောက်သွားခဲ့ပါတယ်။

ဝမ်လင်းရဲ့ မျက်နှာဟာ
အရောင်ပြောင်းသွားခဲ့ပြီး၊ သူဟာ ငရဲကမ္ဘာ
ပုတီးလုံးလေးကို ပြန်ခေါ်ဖို့
ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့လည်း
ဒီပုတီးလုံးလေးဟာ ထွမ်းထွမ်းရဲ့ ဝါးမျိုခြင်း
မှော်အတတ်ရဲ့ အစွမ်းကြောင့်

မလှုပ်နိုင်တော့ပဲ၊ သူက ပြန်ဆင့်ခေါ်လို့ မရခဲ့ပါဘူး။

"လွှတ်လိုက်စမ်း!" ဝမ်လင်းရဲ့ မျက်နှာဟာ မည်းမှောင်သွားခဲ့ပါတယ်။ သူဟာ သူ့ရဲ့ ဖျက်ဆီးခြင်း လက်ချောင်းနဲ့ ထွမ်းထွမ်းကို ထိုးလိုက်ပေမဲ့၊ ထွမ်းထွမ်းရဲ့ ဝါးမျိုခြင်း မှော်အတတ်ကို မတားဆီးနိုင်ခဲ့ပါဘူး။ သူ့ရဲ့ ဖျက်ဆီးခြင်း စွမ်းအားတွေဟာ ထွမ်းထွမ်းရဲ့ ဝါးမျိုမှုကို လျှင်မြန်စွာနဲ့ပဲ ခံလိုက်ရပါတယ်။

ဝမ်လင်းက ကြံရာမရ ဖြစ်နေတဲ့အချိန်မှာပဲ၊ လေဟာနယ်ထဲမှာ တောက်ပလှတဲ့

အလင်းတန်း တစ်ခုက ပေါ်လာခဲ့ပါတယ်။
ထွမ်းထွမ်းရဲ့ ခေါင်းပေါ်ကို အားကောင်းတဲ့
စွမ်းအင်တစ်ခုက ကျရောက်လာခဲ့ပြီး၊ သူမကို
ဖိအားတိုးစေခဲ့ပါတယ်။

မီးလျှံတောင်ပံ နှစ်စုံ - တစ်ခုက ရွှေရောင်၊
တစ်ခုက အပြာရောင် - တို့ဟာ ပေါ်လာခဲ့ကာ၊
ရှောင်ယန်ရဲ့ ရောက်ရှိလာခြင်းကို
အချက်ပြလိုက်ပါတယ်။ ထွမ်းထွမ်းကို
စိုက်ကြည့်နေခဲ့ပြီး၊ သူက
လှောင်ရယ်ရယ်လိုက်ပါတယ်၊
"ငါ့ဂျူနီယာလေးရဲ့ ရတနာကို
မျိုချချင်နေတာလား? ငါ့ရဲ့ပစ္စည်းကို

အရင်မျိုးချကြည့်ပါဦး၊
စားလိုကောင်းရဲ့လားလို့?"

ရှောင်ယန်က လေချွန်လိုက်တော့၊
မဟာသူရိယ အကြွင်းမဲ့ မီးတောက်နဲ့
ငရဲပြည်က ရောင်ခြည်နတ်ဆိုး
မီးတောက်တို့နဲ့ ဖွဲ့စည်းထားတဲ့
တောင်ပံနှစ်စုံတို့ဟာ၊ ရောမ မီးတောက်မီးလျှံ
နှစ်ခုအဖြစ်ကို ပြောင်းသွားခဲ့ကာ ထွမ်းထွမ်းကို
ဝန်းရံထားခဲ့ပါတော့တယ်။

ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်ရှိနေခဲ့ပြီ
ဖြစ်တဲ့ ရှောင်ယန်ဟာ၊ အခြေခံအုတ်မြစ်

အဆင့်က ဝမ်လင်းနဲ့ ယန်ချင်တို့ထက်စာရင်၊ ထွမ်းထွမ်းကို ဖိအားတွေ ပိုပေးနိုင်ခဲ့ပါတယ်။

သူနဲ့ ရင်ဆိုင်လိုက်ရတော့၊ ထွမ်းထွမ်းဟာ သူမရဲ့ ပါးစပ်နားကို ရောက်နေခဲ့တဲ့ စားကောင်းသောက်ဖွယ် တွေကို မေ့ထားလိုက်ရပြီး၊ ငရဲကမ္ဘာ ပုတီးလုံးလေးကို လွှတ်လိုက်ကာ အကြွင်းမဲ့မီးတောက် နှစ်ခုကို ရင်ဆိုင်ခဲ့ရပါတော့တယ်။

တောက်တီမလေးဟာ မဟာသူရိယ အကြွင်းမဲ့ မီးတောက်နဲ့ ရှောင်ယန်ရဲ့ မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို ရင်ဆိုင်လိုက်ပြီး၊

ဝါးမျိုခြင်း မှော်အတတ်နဲ့ ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်ကို မျိုချဖို့
ကြိုးစားလိုက်ပါတယ်။

ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်
အနည်းငယ်ကို မျိုချလို့ အပြီးမှာ၊
ထွမ်းထွမ်းဟာ ချက်ချင်းပဲ
ထအော်လိုက်ပါတယ်၊ "အား၊ ပူလိုက်တာ၊
အရသာက ပြင်းလွန်းတယ်"

သူမရဲ့ လေသံဟာ ကြောက်ရွံ့နေတဲ့ အသံမျိုး
မဟုတ်ခဲ့ပဲ၊ တိုးရစ်တစ်ယောက်ဟာ ပူစပ်တဲ့
အစားအသောက် တစ်မျိုးကို စားမိလို့

လျှာလောင်သွား သလိုမျိုးသာ ဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူမဟာ သူမ စိတ်ကျေနပ်မှု ရတဲ့အထိကို မျိုချခဲ့ပါတယ်။

ရှောင်ယန်ရဲ့ မျက်ခုံးတွေဟာ တွန့်သွားခဲ့ပြီး၊ "မင်းကိုဝအောင် ကျွေးမယ်ကွ!"

စကားဆုံးတာနဲ့ သူဟာ ရှောင်ခြည်နတ်ဆိုး အာဏာရှင်ခေါးကို ထုတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူရဲ့စိတ်ဟာ ပြောင်းသွားခဲ့ပြီး အကြံအသစ်တစ်ခုက ပေါ်လာခဲ့ပါတယ်။ "ငါက ဒီလိုမျိုး စမ်းကြည့်လို့ ရတာပဲ"

သူ့ရဲ့စိတ်ကို ပြောင်းလဲလို့ အပြီးမှာ၊
ရှောင်ယန်ရဲ့ အကြွင်းမဲ့မီးတောက် နှစ်မျိုးဟာ
ပုံစံတစ်မျိုး ပြောင်းသွားခဲ့ပါတယ်။ သူတို့ဟာ
တစ်ခုနဲ့တစ်ခု သိသာစွာ
မကွဲပြားနေတော့ပါဘူး။

အသစ်ပြောင်းလဲသွားကြတဲ့ ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်နဲ့ မဟာသူရိယ
အကြွင်းမဲ့ မီးတောက်တို့ဟာ၊ ရှောင်ယန်ရဲ့
နဖူးထိပ်မှာ ဖြေးဖြေးချင်း
ပူးပေါင်းနေကြပါတယ်။

အကြွင်းမဲ့ မီးတောက်နှစ်ခုကို
ပေါင်းစပ်ခြင်းဟာ ချောမွေ့လှတာတော့
မဟုတ်ပါဘူး။ အကြွင်းမဲ့ မီးတောက်တွေဟာ
ကမ္ဘာပေါ်က အကောင်းဆုံး
စိတ်ဝိညာဉ်မီးတောက် ဆိုတဲ့ ဂုဏ်ပုဒ်အတွက်
ပြိုင်ဆိုင်နေကြတာပါ။ သူတို့ဟာ ရှောင်ယန်ရဲ့
ဂရုတစိုက် ထိန်းချုပ်မှုရဲ့ အောက်မှာမှ၊
အေးဆေးစွာနဲ့ အတူတကွ
ယှဉ်တွဲနေနိုင်ကြတာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ရှောင်ယန်က သူတို့ကို
ပူးပေါင်းချင်နေခဲ့တော့၊ အားကောင်းတဲ့
ထိတွေ့မှု တစ်ခုကို ဖြစ်ပေါ်လာစေပါတယ်။

ပြင်းထန်တဲ့ မှော်စွမ်းအင်တို့ဟာ ဖရိုဖရဲနဲ့ တုန်ခါနေကြကာ၊ ဘေးပတ်ဝန်းကျင်တို့ကို အဆက်မပြတ် ပျံ့နှံ့သွားကြပါတယ်။

ယုကျင်းတောင်ထိပ်က မဟူရာကောင်းကင် ရတနာသစ်ပင်အထိတောင်၊ အကျိုးသက်ရောက်မှုတွေ ရှိခဲ့ပါတယ်။ သူ့ရဲ့ ဖျက်ဆီးနိုင်တဲ့ အော်ရာကြောင့် သစ်ရွက်တွေဟာ အနည်းငယ် တုန်ခါလာကြပါတယ်။

ရောင်ယန်ရဲ့ မျက်နှာဟာ ပြုံးယောင်သန်းနေခဲ့ပြီး၊ ရှုးမိုက်တဲ့

အရိပ်အယောင်တွေကို တွေ့နေရပါတယ်။ သူ့ရဲ့ မျက်လုံးအစုံဟာ အစက အနက်ရောင် သန်းနေခဲ့ပေမဲ့၊ ဒီအချိန်မှာတော့ တစ်ဖက်ဟာ ရွှေရောင်သန်းနေခဲ့ပြီး၊ ကျန်တစ်ဖက်ကတော့ နတ်ဆိုးတွေလို ခရမ်းပြာရောင် သန်းနေခဲ့ပါတယ်။

ဝမ်လင်းနဲ့ ယန်ချင်တို့ဟာ မသိစိတ်ကနေ အနောက်ကို ဆုတ်သွားကြပြီး၊ ရှောင်ယန်နဲ့ ဝေးကွာအောင် ကြိုးစားလိုက်ကြပါတယ်။

ထွမ်းထွမ်းကတော့ သူမရဲ့ တံတွေးတွေကို
မျိုချလိုက်ကာ၊ သူမရဲ့ ခန္ဓာကိုယ်ဟာလည်း
တဖြေးဖြေးနဲ့ နောက်ဆုတ်သွားခဲ့ပါတယ်။

ဘေးပတ်ဝန်းကျင်က သူတွေက
ကြောက်ရွံ့စွာနဲ့ ကြည့်နေကြဆဲမှာပဲ၊
ရှောင်ယန်ရဲ့ အကြွင်းမဲ့ မီးတောက်တွေဟာ
ပိုပိုပြီး တည်ငြိမ်စွာနဲ့
ပူးပေါင်းနိုင်ခဲ့ကြပါတယ်။

ဒါပေမဲ့လည်း ဒီတည်ငြိမ်မှုရဲ့ အောက်ကနေပဲ၊
ပိုပြီးတော့ ကြောက်မက်ဖွယ် အော်ရာတွေကို
ဖော်ပြနေခဲ့ပါတယ်။

ရှောင်ယန်ရဲ့ မျက်လုံးတွေကနေ ထူးခြားတဲ့ အလင်းတန်း တစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။ သူ့ရဲ့ မုယုံယန်ရန်နဲ့ ချိန်းထားတဲ့ သုံးနှစ်တိုက်ပွဲဟာ နီးကပ်နေခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့ပဲ သူ့ရဲ့စိတ်ဟာ စိတ်လှုပ်ရှားမှုနဲ့ အတူ၊ ဖိစီးမှုတွေလည်း ရှိနေခဲ့တာပါ။ သူဟာ သူ့ရဲ့ စိတ်ခံစားချက်တွေကို ဖွင့်ထုတ်ပစ်ဖို့ တစ်ခုခု ပြုလုပ်ရန် လိုအပ်နေခဲ့ပါတယ်။

အခုအချိန်မှာ အကြွင်းမဲ့မီးတောက် နှစ်ခုကို ပူးပေါင်းခြင်းကနေ ရရှိလာခဲ့တဲ့

ကြောက်မက်ဖွယ် စွမ်းအားဟာ၊ သူ့ရဲ့စိတ်ကို နေလို့ကောင်းစေခဲ့ပါတယ်။

လင်းဖုန်းက ဒီမြင်ကွင်းကို မြင်လိုက်တော့ ခေါင်းကိုအသာ ညိတ်လိုက်ပါတယ်။ "ဘာမှမှားနိုင်စရာ အကြောင်းမရှိတော့ဘူး။ မီးလျှံဘုရင် ဖြစ်ဖို့က ရှောင်ယန်ရဲ့ ရည်မှန်းချက်ပန်းတိုင်ပဲ"

ရှောင်ယန်ရဲ့ စမ်းသပ်မှုဟာ အပြည့်အဝ မအောင်မြင်သေးပေမဲ့၊ လင်းဖုန်းဟာ သူ့ရဲ့ ကျင့်ကြံမှု အဆင့်ရယ်၊ အရှေ့ကြိုမြင်နိုင်စွမ်းတို့နဲ့ တကယ်လို့များ

ရှောင်ယန်ရဲ့ စွမ်းရည်ဟာ ပြီးပြည့်စုံသွားပြီး ထိန်းချုပ်နိုင်ခဲ့လို့ရှိရင်၊ အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်က သာမန်ကျင့်ကြံသူတွေတောင် သူ့ကို ရပ်တန့်လို့ ရမှာ မဟုတ်တော့ဘူးလို့ သိနေခဲ့ပါတယ်။

အဆင့်ကြီး တစ်ခုလုံးကို ကျော်ပြီးမှ ရန်သူတစ်ယောက်ကို သတ်နိုင်ခြင်းဟာ၊ တကယ့်ကို ကြီးစိုးလွှမ်းမိုးနိုင်တဲ့ လက္ခဏာ တစ်ခုပါပဲ။

ဒါပေမဲ့လည်း လင်းဖုန်းက ရှောင်ယန်ကို ယုကျင်းတောင်ပေါ်မှာ ဒီလိုမျိုးလုပ်ခွင့် မပေးနိုင်ပါဘူး။ အခုလက်ရှိ ရှောင်ယန်ဟာ ဒီအကြွင်းမဲ့မီးတောက် နှစ်ခုကို ပြီးပြည့်စုံစွာ ထိန်းချုပ်နိုင်စွမ်း မရှိသေးပါဘူး။ တကယ်လို့များ သေသေချာချာ မကြီးကြပ်နိုင်လို့ရှိရင်၊ ရှောင်ယန်ကို ပြန်ပြီးတော့ ဒုက္ခပေးပါလိမ့်မယ်။

"ရှောင်ယန်၊ မင်းရဲ့ မှော်ကျိန်စာဟာ တိုးတက်အောင်လုပ်လို့ အများကြီး ရသေးတယ်။ အခုလောလောဆယ်

ယုကျင်းတောင်ပေါ်မှာ ဖောက်ခွဲလိုက်ပြီး၊ လူတွေကို မခြောက်လှန့်ပါနဲ့"

လင်းဖုန်းက သူ့ရဲ့ မှော်စွမ်းအင်ကို အသုံးပြုပြီးမှ ရှောင်ယန်ကို အသံလွှင့်လိုက်ပါတယ်။ လင်းဖုန်းရဲ့ အသံကို ကြားလိုက်ရတော့၊ ရှောင်ယန်ရဲ့ စိတ်တွေဟာ ကြည်လင်လာခဲ့ပြီး၊ သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားလိုက်ပါတယ်။

ဒါပေမဲ့လည်း အပေါ်ယံမှာ ရှောင်ယန်ဟာ ထွမ်းထွမ်းကို စပ်ဖြီးဖြီးနဲ့ ကြည့်လိုက်ပြီး၊

"ဒါလေးကိုရော စားချင်စိတ်တွေ မရှိဘူးလား?"

ထွမ်းထွမ်းဟာ ရှောင်ယန်ရဲ့ ခေါင်းပေါ်မှာ ဖြေးဖြေးချင်း ပေါင်းနေခဲ့တဲ့ အကြွင်းမဲ့မီးတောက် နှစ်မျိုးကို ကြည့်လိုက်ကာ၊ ဆုံးဖြတ်ချက် အကြီးကြီးကို ချလိုက်ရတဲ့ အတိုင်း သူမရဲ့ လျှာကိုသပ်လိုက်ပါတယ်။ သူမရဲ့ ခေါင်းကိုခါလိုက်ပြီး၊ "ထားလိုက်ပါတော့၊ ဒါက ကျွန်မရဲ့ အစာအိမ်ကို ထိခိုက်လိမ့်မယ်"

"ဒါပေမဲ့လည်း ကျွန်မက မိစ္ဆာဝိညာဉ်ကို ဖော်ဆောင်ပြီး၊ မိစ္ဆာသခင် ဖြစ်တဲ့နေ့ကို စောင့်လိုက်ပါဦး။ အဲ့ဒီအဆင့်ကို ရောက်သွားရင်တော့၊ ကျွန်မက သေချာမြည်းကြည့်ဦးမှာ!" ထွမ်းထွမ်းဟာ ရှောင်ယန်ကို ပြောင်ပြလိုက်ပြီး၊ အနောက်ကိုလှည့်ကာ အစအန မတွေ့ရအောင် ထွက်ပြေးသွားခဲ့ပါတော့တယ်။

ရှောင်ယန်က ရှိနေတော့၊ ဝမ်လင်းရဲ့ ငရဲကမ္ဘာ ပုတီးလုံးနဲ့ ယန်ချင်ရဲ့ မဟာလမင်း

အကြွင်းမဲ့ရေကို ထွမ်းထွမ်းဟာ လက်လွှတ်လိုက်ရပါတယ်။

လင်းဖုန်းက ဒီအခြေအနေကို စိတ်ဝင်စားစွာနဲ့ စိုက်ကြည့်နေခဲ့ပါတယ်၊ ပြီးတာနဲ့ သူဟာ ဇူရီရဲ့ အသံလွှင့်တာကို လက်ခံရရှိခဲ့ပါတယ်၊ "ဆရာခင်ဗျ၊ ဒီတောက်တီက အတော့်ကို သန်မာတယ်။ ကျွန်တော်တို့ အကုန်လုံးက ဝိုင်းပြီးတော့ စုတိုက်မယ်ဆိုရင် သတ်နိုင်ပေမဲ့၊ အရှင်ဖမ်းမယ် ဆိုရင်တော့ အတော့်ကို ခက်ခဲမှာပဲ"

"သူမကို အရှင်ဖမ်းချင်တယ်ဆိုရင်၊
ဒီလောက်အထိတော့ မခက်ခဲပါဘူးကွာ။
မင်းတို့ ရင်ဆိုင်နေရတဲ့ ပြဿနာကို
ရှုမြင်ပြောင်းလဲမှုတော့ အရင်ပြောင်းရမှာပေါ့"
လင်းဖုန်းက ရယ်ပြီးမှ
ဆက်ပြောလိုက်ပါတယ်၊ "မင်းကို
ပြောရမယ်ဆိုရင်၊ အရာအားလုံးမှာ
နောက်ကွယ်က အကျိုးအကြောင်းတွေ
ရှိနေကြတာပဲ"

"ကျိုးစန်းတောင်မှာ အမဲလိုက်သမားတွေက
သားရဲတိရိစ္ဆာန်တွေကို ဘယ်လို
ဖမ်းကြသလဲဆိုတာကို စဥ်းစားကြည့်ပေါ့ကွာ။

ခေါးတွေ၊ လုံတွေ၊ လေးမြားတွေအပြင်၊ သူတို့က တခြားဘာနည်းလမ်းတွေကို သုံးကြသေးလဲ?"

အချိန်အတန်ငယ်ကြာအောင် ငြိမ်သက်သွားပြီးနောက်မှာ၊ ဇူရီက အမိပ္ပာယ် ပေါက်သွားတဲ့ပုံနဲ့ ရယ်ပြုံးပြုံးနဲ့ ပြောလိုက်ပါတယ်၊ "ကျွန်တော်က သဘောပေါက်ပါပြီဗျ"

လင်းဖုန်းက ယုကျင်းတောင်ပေါ်မှာ ရှိနေတယ်ဆိုတော့၊ တောင်ပေါ်မှာ ဖြစ်ပျက်နေသမျှဟာ သူ့ရဲ့

ထိန်းချုပ်မှုအောက်မှာ ရှိနေခဲ့ပါတယ်။ သူက ဇူရီဟာ ကောင်းကင်ရွှေရောင် ဆေးခန်းမဆောင်ကို သွားလိုက်ပြီး၊ နရံပေါ်မှာ ချိတ်ထားတဲ့ ဗူးတောင်းတစ်ခုကို ယူလိုက်တာကို တွေ့လိုက်ရပါတယ်။

ဇူရီက ဗူးတောင်းထဲက ဆေးတစ်လုံးကို ယူလိုက်ပြီး၊ သူ့ရဲ့လက်ချောင်းနဲ့ ညွှန်ပြလိုက်ပါတယ်။ အဖြူရောင်နဲ့ အနက်ရောင် မှော်စွမ်းအင် တစ်ခုစီတို့ဟာ ဆေးလုံးထဲကို ဝင်သွားခဲ့ပြီး၊ ဇူရီဟာ ဒီဆေးလုံးကို ဗူးတောင်းထဲကို ပြန်ထည့်လိုက်ပါတယ်။ ပြီးတာနဲ့ သူဟာ

ဒီဗူးတောင်းကို မြေပြင်ပေါ်ကို ချထားလိုက်ပြီး ထွက်သွားလိုက်ပါတယ်။

ခဏအကြာမှာတော့ ဒီနေရာကို ထွမ်းထွမ်းက ရောက်လာခဲ့ပါတယ်။ ကောင်မလေးဟာ လေဟာနယ်ထဲကနေ ဆင်းသက်လာခဲ့ကာ၊ ဒီဘူးတောင်းလေးကို အချိန်အတန်ကြာ စိုက်ကြည့်နေခဲ့ပြီး၊ သူမကိုယ်သူမ ရေရွတ်နေခဲ့ပါတယ်၊ "ဒါက ငါးစာချထားတဲ့ ထောင်ချောက်ဆိုတာက အသိအသာကြီးပဲ"

ထွမ်းထွမ်းကို ခိုးကြည့်နေကြတဲ့ လင်းဖုန်းနဲ့
ဇူရီတို့ဟာ သူမကို ကြည့်ပြီးမှ
ရယ်လိုက်ကြပါတယ်။

မင်းက ထောင်ချောက်ဆိုပြီး သံသယ
ဖြစ်နေတာကို စိတ်မပူပါနဲ့၊
တကယ့်ထောင်ချောက်က ဘယ်မှာလဲ
ဆိုတာကိုပဲ စိတ်ပူလိုက်ပါ။

တောက်တီရဲ့ သဘာဝ အပြုအမူတွေအရ၊
သူတို့ဟာ ထောင်ချောက်မှန်း သိနေရက်နဲ့
စိတ်ကို မချုပ်တည်းနိုင်ပဲ စားကြမှာပါ။
တစ်ဘက်မှာက သူတို့ရဲ့ လောဘကြီးတဲ့

ကိုယ်ကျင့်စရိုက်ကြောင့် ဖြစ်ပြီး၊
ကျန်တစ်ဘက်မှာကတော့ သူတို့ရဲ့
ဝါးမျိုနိုင်တဲ့ စွမ်းရည်တွေကို ယုံကြည်မှု ရှိလို့ပဲ
ဖြစ်ပါတယ်။

ထင်ထားတဲ့ အတိုင်းပဲ ထွမ်းထွမ်းဟာ
နှာခေါင်းရှုံ့လိုက်ပြီး၊ ဆေးလုံးပါတဲ့
ဗူးတောင်းတစ်ခုလုံးကို တိုက်ရိုက်ပဲ
မျိုချလိုက်ပါတယ်။

ဇူရီက ရယ်လိုက်ပြီး သူ့ရဲ့ခေါင်းကို
ခါလိုက်ပါတယ်။ သူဟာ သူ့ရဲ့လက်ကို
အသုံးပြုကာ မှော်ကျိန်စာ တစ်ခုကို

ပုံဖော်လိုက်ပါတယ်။ သူ့ရဲ့ မှော်စွမ်းအင်ကို အသက်သွင်းလိုက်တာနဲ့၊ ထွမ်းထွမ်းဟာ တစ်ခုခုက မှားနေပြီ ဆိုတာကို သိလိုက်ရပါတော့တယ်။

ချက်ချင်းဆိုသလိုပဲ အလင်းနဲ့ အမှောင်တို့နဲ့ ဖွဲ့စည်းထားတဲ့ ယဇ်ပူဇော်တဲ့ စင်ပုံစံမျိုး နယ်နိမိတ် တစ်ခုဟာ၊ သူမရဲ့ အစာအိမ်ထဲမှာ ပေါ်လာခဲ့ပါတယ်။

ကောင်းကင် အလင်းနဲ့အမှောင် မန်ဒလာရဲ့ မဟာနယ်နိမိတ်!

ဇူရီရဲ့ စိတ်ကိုလိုက်ပြီးမှ၊ ဒီအလင်းနဲ့အမှောင် နယ်နိမိတ်ဟာ ပြိုလဲသွားတော့မလို ဖြစ်သွားခဲ့ပါတယ်။

"ငါက အလှည့်စား ခံရပြန်ပြီ" ထွမ်းထွမ်းဟာ ငိုကြွေးမြည်တမ်းလိုက်ပါတယ်။ ဇူရီသုံးလိုက်တဲ့ နည်းလမ်းဟာ၊ လင်းဖုန်းက ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်တွေကို သုံးပြီးတော့ သူမရဲ့ အစာအိမ်ထဲမှာ ကောင်းကင်ကမ္ဘာငယ်ကို ဖန်ဆင်းပြီး၊ ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ဖျက်ဆီးခြင်းကို အသုံးပြုတဲ့ နည်းလမ်းနဲ့ တူနေခဲ့ပါတယ်။

လင်းဖုန်းက ဒီမြင်ကွင်းကို ကြည့်လိုက်ပြီး၊
ခေါင်းကို ခါယမ်းလိုက်ကာ
အတောမသတ်နိုင်ပဲ ရယ်မောလိုက်ပါတယ်၊
"ပါးနပ်တဲ့ သူတွေဟာ ကျောက်တုံးတစ်တုံးနဲ့
နှစ်ခါပြန်ပြီး ခလုပ်မတိုက်ကြဘူး။
ဒါပေမဲ့လည်း မင်းလိုမျိုး အစားပုတ်မလေးက
စားဖို့သာ မှတ်မိပြီး၊ တိုက်ခိုက်ဖို့ကို
သတိမရဘူး။ မင်းကို အတယ်ပဲ ပြောရမလား၊
လောဘကြီးတယ်ပဲ ပြောရမလား
မသိတော့ဘူး"

လင်းဖုန်းက စဉ်းစားနေဆဲမှာပဲ၊ ဇူရီဟာ ထောင်ချောက်ကို အပြီးသတ်ဖို့ အဆင်သင့် ဖြစ်နေခဲ့ပါပြီ။ ရုတ်တရက်ပဲ ပုံရိပ်တစ်ခုဟာ လက်ကနဲ ဖြစ်သွားခဲ့ပြီး၊ ခြေတစ်လှမ်း ဦးသွားခဲ့ကာ မလှုပ်မရှားနိုင် ဖြစ်နေတဲ့ ထွမ်းထွမ်းကို ဖမ်းခေါ်သွားခဲ့ပါတယ်။

သူကတော့ ရှောင်ပုတန်လေးပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူဟာ ဇူရီကို နှုတ်တောင်မဆက်ခဲ့ပဲ၊ ထွမ်းထွမ်းကို ခေါ်ဆောင်သွားခဲ့ကာ အစရှာမရအောင် ပျောက်သွားခဲ့ပါတယ်။

လင်းဖုန်းက ရှောင်ပုတန်လေးကို
စိတ်ဝင်စားစွာ ကြည့်နေခဲ့ပြီး၊ သူဟာ
ထွမ်းထွမ်းကို လက်ဆင့်ကမ်းဖို့
စိတ်ဆန္ဒမရှိဘူး ဆိုတာကို သိလိုက်ပါတယ်။
သူဟာ ထွမ်းထွမ်းကို ပြန်ပေးဆွဲသွားခဲ့ကာ၊
တောင်ထဲက သီးသန့်ဂူ တစ်လုံးရဲ့ အထဲကို
ခေါ်သွားခဲ့ပါတယ်။

## စာစဥ် ၁၄ : အပိုင်း ၂

## အပိုင်း ၂၃၂ : အစားပုတ်တဲ့

## မွန်းစတားမှာလည်း ဘုရင်ဆိုတာ ရှိသေးတာပဲ

တကယ်လို့များ သူမကို အခွင့်အရေး တစ်ခုကို ထပ်ပေးခဲ့ရင်တော့၊ ဒီလိုမျိုး လွယ်လွယ်ကူကူနဲ့ နောက်ထပ် နှပ်ချမခံရစေဘူးလို့ ထွမ်းထွမ်းက ကျိန်ဆိုနေခဲ့ပါတယ်။

ဒီလိုပြောရတာဟာ လွယ်ပေမဲ့၊ တကယ်တမ်း လိုက်နာနိုင်မလား ဆိုတာကိုတော့ ကောင်မလေးဟာ ယုံကြည်မှုစွမ်းအား သိပ်မရှိနေခဲ့ပါဘူး။

"ဒါက ဟိုလူတွေက အရမ်းကို ကောက်ကျစ်လို့ပဲ။ သူတို့က လူဆိုးတွေပဲ! ငါ့ကိုဘယ်လိုမျိုး လှည့်စားရမလဲ ဆိုတာကိုပဲ တွေးနေကြတာပဲ!"

ထွမ်းထွမ်းဟာ ဘယ်လောက်ပဲ မပျော်မရွှင် ဖြစ်နေခဲ့ပေမဲ့၊ ကောင်းကင် အလင်းနဲ့အမှောင် မန်ဒလာ မဟာနယ်နိမိတ်ဟာ စတင်ပြီးတော့ ပြိုကျလာခဲ့ပါတယ်။ ကောင်းကင်နဲ့ မြေကြီးတို့ကို ဖျက်ဆီးခြင်း စွမ်းအားနဲ့ အလားတူပါပဲ။

ရွှေရောင်ဗဟိုချက် အဆင့်က ဇူရီရဲ့
ကောင်းကင်နဲ့ မြေကြီးတို့ကို ဖျက်ဆီးခြင်း
စွမ်းအားတို့ဟာ၊ အခြေခံအုတ်မြစ် အဆင့်က
ဝမ်လင်းထက်ကို အတော်ကြီး ပိုပြီးမှ
အားကောင်းပါတယ်။ ထွမ်းထွမ်းဟာ
အလောတကြီး မလုပ်ရဲပဲ သူမရဲ့
စွမ်းအားအကုန်လုံးကို အသုံးချကာ၊
အလင်းနဲ့အမှောင် နယ်နိမိတ်တို့ကို
လှည့်ပတ်နေခြင်းကနေ တားဆီးပြီး သူရဲ့
ဖျက်ဆီးနိုင်တဲ့ စွမ်းအားတွေကို
ရပ်တန့်အောင် ကြိုးစားလိုက်ပါတယ်။

လင်းဖုန်းက ကောင်းကင်ကမ္ဘာငယ်ကို
ဖျက်ဆီးခဲ့စဉ်က၊ ထွမ်းထွမ်းဟာ ဘာမှ
ပြန်မလုပ်နိုင်ခဲ့ပါဘူး။ အခုအချိန်မှာတော့
သူမဟာ ပြန်ပြီးတော့ တုံ့ပြန်နိုင်ခဲ့ပါတယ်။
ဒါပေမဲ့လည်း သူမဟာ အကြောသေသလိုမျိုး
ဖြစ်သွားခဲ့ကာ၊ ဘယ်သူတွေ ဘာပြုပြု
နေရတော့မယ့် အခြေအနေကို
ရောက်နေခဲ့ပါတယ်။

ထွမ်းထွမ်းဟာ ရင်ထဲကနေ
မေတ္တာပို့သနေဆဲမှာ၊ သူမရဲ့ အပေါ်ကို
အမှောင်ထု တစ်ခုက ဖုံးလွှမ်းသွားခဲ့ပါတယ်။
သူမထက် ကြီးတယ်ဆိုရုံမျှ ကြီးတဲ့

ကောင်လေးတစ်ယောက်ဟာ သူမရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါတယ်။ သူကတော့ ရှောင်ပုတန်လေးကလွဲရင် ဘယ်သူမှ မဟုတ်ပါဘူး။

ရှောင်ပုတန်လေးက ထွမ်းထွမ်းကို တွေ့လိုက်တာနဲ့ တပြိုင်နက်၊ ရယ်လိုက်ကာ ထွမ်းထွမ်းကို ဆွဲကိုင်လိုက်ပြီး အလျှင်အမြန် ထွက်ခွာလာခဲ့ပါတယ်။

"မြန်မြန်ပြေး၊ မြန်မြန်ပြေးထား၊ နို့မဟုတ်လို့ ရှိရင်တော့ ဒုတိယ စီနီယာက လိုက်မီလာလိမ့်မယ်" ရှောင်ပုတန်လေးဟာ

အဆက်မပြတ်ပဲ
မြည်တွန်တောက်တီးနေခဲ့ပါတယ်။ သူဟာ
ထွမ်းထွမ်းကို ကိုင်ဆွဲထားရင်းနဲ့ပဲ၊
မြူခိုးငွေ့လေး တစ်ခုလို ယုကျင်းတောင်ရဲ့
သီးသန့်ဂူလေး တစ်ခုရဲ့ အထဲကို
ဝင်ရောက်ပျောက်ကွယ်သွားခဲ့ပါတော့တယ်။

သူဟာ ပထမဦးဆုံး ထွမ်းထွမ်းကို
မြေပြင်ပေါ်မှာ ချထားလိုက်ပြီး၊
ဂူပေါက်ဝဆီကို တစ်လှမ်းချင်း
ဖြေးဖြေးလှမ်းသွားလိုက်ပါတယ်။ သူဟာ
ပုန်းလျှိုးကွယ်လျှိုးနဲ့ ဂူအပြင်ဘက်က
အခြေအနေကို တစ်ချက် အကဲခတ်လိုက်ကာ၊

ဇူရီက မလိုက်လာခဲ့ဘူး ဆိုတာက သေချာသွားခဲ့တော့၊ ကျောနပ်စွာနဲ့ ခေါင်းတစ်ချက် ညိတ်လိုက်ပါတယ်။ ပြီးတာနဲ့ သူ့ရဲ့လက်ချောင်းတွေကို ဆန့်တန်းလိုက်ကာ၊ သူ့ရဲ့ မှော်စွမ်းအင်တွေကို အသုံးပြုပြီး ဂူပေါက်ဝကို ပိတ်ဆို့လိုက်ပါတယ်။

ထွမ်းထွမ်းဟာ ကောင်းကင်အလင်းနဲ့ အမှောင် မန်ဒလာ မဟာနယ်နိမိတ်ရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေခဲ့သေးကာ၊ မလှုပ်ရှားနိုင်သေးပဲ စကားသာ ပြောနိုင်ခဲ့ပါတယ်၊ "နင်ကငါ့ကို ဘာဖြစ်လို့ ကယ်လိုက်တာလဲ?"

"ဘယ်သူက နင့်ကို ကယ်လာတယ်လို့ ပြောတာလဲ?" ရှောင်ပုတန်လေးဟာ စပ်ဖြဲစပ်ဖြဲနဲ့ လျှောက်လာခဲ့ကာ၊ ထွမ်းထွမ်းရဲ့ အရှေ့မှာ ဒူးထောက်လိုက်ပြီး၊ ထူးခြားတဲ့ အကြည့်နဲ့ သူမကို အကဲခတ်နေခဲ့ပါတယ်။

ထွမ်းထွမ်းက ချက်ချင်းပဲ တစ်ကိုယ်လုံး တုန်ခါသွားခဲ့ကာ၊ "နင်က ဘာလုပ်ချင်နေတာလဲ? ငါက အနက်ရောင် အဏ္ဏဝါ ရွှမ်းမင်နဲ့ပဲ ချစ်ပွဲဝင်မှာ!"

"ချစ်ပွဲဝင်မယ်?" ရှောင်ပုတန်လေးက တုန်လှုပ်သွားခဲ့ကာ၊ "ဘယ်သူက မင်းနဲ့ ချစ်ပွဲဝင်ချင်နေလို့လဲ? မင်းက တောင်းပန်ရင်တောင် ငါ့ဘက်ကဆောရီးပဲ!"

ထွမ်းထွမ်းက သူမရဲ့ မျက်မှောင်ကြီးတွေကို ကြုတ်လိုက်ပြီး၊ "ဒါဆိုရင် ဘာဖြစ်လို့ ငါ့ကို ဒီနေရာ ခေါ်လာတာလဲ?"

ရှောင်ပုတန်လေးက ရယ်လိုက်ပြီး သူ့ရဲ့ အကြည့်တွေနဲ့ ထွမ်းထွမ်းကို ဖြေးဖြေးချင်း လေ့လာနေခဲ့ပါတယ်။

ထွမ်းထွမ်းက ရုတ်တရက်ပဲ ရှောင်ပုတန်လေးရဲ့ အကြည့်ဟာ အတော်လေး ရင်းနှီးကျွမ်းဝင်နေတယ်လို့ ခံစားမိလိုက်ပါတယ်၊ "အာ၊ ဒါက အတော့်ကို ရင်းနှီးနေတာပဲ၊ ငါက ဘယ်နေရာမှာများ မြင်ဖူးပါလိမ့်?"

"ဟုတ်ပြီ၊ ငါရဲ့ မိဘတွေ အပါအဝင် ကလန်မျိုးနွယ်စုတွေက စားကောင်းသောက်ဖွယ်တွေကို မြင်လိုက်ရရင်၊ ဒီလိုအကြည့်မျိုးနဲ့ ကြည့်နေကြတာပဲ"

"ဒီလိုပဲ ဖြစ်ရမယ်၊ ငါကလည်း စားချင်တဲ့ တစ်ခုခုကို တွေ့ရင် ဒီလိုမျိုး အကြည့်မျိုးနဲ့ ကြည့်တာပဲ"

"ဒါဆိုရင် သူက... နေပါဦး!"

ထွမ်းထွမ်းဟာ မျက်လုံးကြီးကို ပြူးလိုက်ပြီး၊ ရှောင်ပုတန်လေးကို ကြောက်ရွံ့စွာနဲ့ ကြည့်လိုက်ကာ၊ ထစ်ငေါ့ထစ်ငေါ့နဲ့၊ "နင်.. နင်က ငါ့ကို.. စားချင်နေတာတော့ မဟုတ်ပါဘူးနော်?"

ရှောင်ပုတန်လေးက ခေါင်းကိုညိတ်လိုက်ပြီး၊ "စားချင်တာပေါ့၊ ဒါမှမဟုတ်ရင် နင့်ကို ဒီနေရာ ခေါ်လာပြီး ဘာလုပ်ရမှာလဲ?"

သူက သူ့ရဲ့လက်တွေကို စိတ်လှုပ်ရှားစွာနဲ့ ပွတ်သပ်လိုက်ပြီး၊ "ငါက စားချင်တဲ့အရာတွေ အများကြီး ရှိတယ်ဆိုတာ နင်မှမသိတာ။ ဒါပေမဲ့ ငါအကြိုက်ဆုံး အရာက အသားပဲ။ ငါက ဒီခွန်းလွန်တောင်ခြေ မြောက်ပိုင်းက သားရဲတွေ၊ မိစ္ဆာတွေအားလုံးကို မြည်းကြည့်ပြီးသွားပြီ၊ အတော်များများက အရသာ အလွန်ရှိတာပဲ"

"ဥပမာအနေနဲ့ ဝိညာဉ်မီးလျှံ စာကလေး၊ နဂါးငါးကြင်း၊ ငွေဝိညာဉ်ငါး၊ ရတနာရှစ်ပါးကြက်" ရှောင်ပုတန်လေးဟာ စားကောင်းသောက်ဖွယ် စာရင်းကို ရွတ်ပြနေခဲ့ပြီး၊ သူ့ရဲ့လျှာကို သပ်လိုက်ပါတယ်၊ "ငါရဲ့အကြိုက်ဆုံးကတော့ ရတနာရှစ်ပါးကြက်ပဲ၊ သူက အရသာ အရှိဆုံးပဲ"

သူဟာ သူ့ရဲ့ခေါင်းကို လှည့်လိုက်ကာ ထွမ်းထွမ်းကို ရယ်ပြလိုက်ပါတယ်၊ "ဒါပေမဲ့လည်း ငါက တောက်တီအသားကိုတော့ တစ်ခါမှ

မစားဖူးဘူး။ မင်းရဲ့အသားက အတော့်ကို စားကောင်းမှာပဲ?"

ထွမ်းထွမ်းက သူမရဲ့ခေါင်းကို ပြင်းထန်စွာ ခါယမ်းလိုက်ရင်း၊ "စားမကောင်းပါဘူး၊ လုံးဝကို စားမကောင်းပါဘူး!"

သူမဟာ မျက်ရည်ကျလုနီးပါး ဖြစ်နေခဲ့ပါပြီ။

တောက်တီတွေကသာ အရာအားလုံးကို ဝါးမျိုတဲ့သူတွေ ဖြစ်ကြပြီး၊ ဘယ်အချိန်က သူတို့ကို တစ်ယောက်ယောက်က စားချင်ခဲ့တာလဲ?

ထွမ်းထွမ်းဟာ ရုတ်တရက်ပဲ သူမရဲ့ ကမ္ဘာကြီးအပေါ်မှာ ရှုမြင်သုံးသပ်ပုံတွေဟာ ပြောင်းသွားခဲ့ပြီး၊ ရင်ထဲကနေပဲ ငိုကြွေးနေခဲ့ပါတယ်၊ "ဖေဖေနဲ့မေမေ၊ ရှင်တို့ နှစ်ယောက်စလုံးက ဘယ်ရောက်နေကြတာလဲ? ထွမ်းထွမ်းက သနားစရာ ကောင်းလိုက်တာ။ ကျွန်မက အခုဆိုရင် အစားကောင်းကောင်း မစားရတဲ့အပြင်၊ လူသားတစ်ယောက်ရဲ့ မျက်စိကျခြင်းကိုတောင် ခံနေရပြီ..."

ရှောင်ပုတန်လေးကတော့ ဘာကိုမှ ဂရုမစိုက်ခဲ့ပဲ သူမကို ပတ်ပြီးမှ လျှောက်နေခဲ့ရင်း သက်ပြင်းတစ်ချက် ချလိုက်ပါတယ်၊ "အစာကောင်းတွေစားရင် အသားကောင်းကို ရနိုင်တာပဲ။ တောက်တီတွေက အစားကောင်းတွေ အများကြီး စားထားတယ်ဆိုတော့၊ သူတို့ရဲ့ အသားတွေက အရမ်းကို အရသာ ရှိမှာပဲ"

"ပြီးတော့ မင်းက စားကောင်းသောက်ဖွယ်တွေ အများကြီး စားထားပြီးပြီဆိုတော့၊ မင်းရဲ့ အသားတွေဟာ

စိတ်ဝိညာဉ် စွမ်းအင်တွေ၊ စွမ်းအားတွေနဲ့
ပြည့်နေမှာပဲ"

သေခြင်းရှင်ခြင်းနဲ့ ရင်ဆိုင်ခဲ့ရတော့၊
ထွမ်းထွမ်းဟာ သူမရဲ့ မသုံးတာကြာပြီ ဖြစ်တဲ့
ဦးနှောက်ကို ပူနေအောင် စဉ်းစားနေခဲ့ပြီး၊
ဆင်ခြေဆင်လက် ကောင်းကောင်းတစ်ခုကို
ရှာဖွေနိုင်ခဲ့ပါတယ်။

"ကျွန်မရဲ့ အသားတွေက လုံးဝကို
စားလို့မကောင်းပါဘူး။ ကျွန်မရဲ့
မူလတောက်တီ ခန္ဓာကိုယ်ဟာ

ပျက်စီးသွားခဲ့ပါပြီ။ အခုခန္ဓာကိုယ်က
အသစ်ပြန်လည် ဖန်တီးထားတာပါ။

ရှောင်ပုတန်လေးဟာ သွားရေတွေ
ယိုလာခဲ့တာကို ကြည့်လိုက်ပြီး၊ ထွမ်းထွမ်းဟာ
အလောတကြီးနဲ့ ပြောလိုက်ပါတယ်၊
"ကျွန်မရဲ့ လက်ရှိခန္ဓာကိုယ်ဟာ
ကျွန်မဝါးမျိုထားတဲ့ ဂန်ဂျင်ကျားဘုရင်ရဲ့
ရုပ်အလောင်းကနေ ဖန်တီးထားတာပါ"

ရှောင်ပုတန်လေးက သူ့ရဲ့ မျက်မှောင်ကြီးကို
ကြုတ်လိုက်ကာ၊ "ဂန်ဂျင်ကျားဘုရင်?"

ထွမ်းထွမ်းကလည်း သူမရဲ့ခေါင်းလေးကို တစ်ဆတ်ဆတ်နဲ့ ညိတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း ရှောင်ပုတန်လေးက ရယ်လိုက်ပြီး၊ "ဒါလည်း မဆိုးပါဘူး၊ ငါက ဂန်ဂျင်ကျားရဲ့ အသားကို တစ်ခါမှ မစားဖူးသေးဘူး"

"ဒါပေမဲ့ လုံးဝစားမကောင်းဘူး!" ထွမ်းထွမ်းက စိုးရိမ်ပူပန်စွာနဲ့ ပြောလိုက်ပါတယ်၊ "စဥ်းစားကြည့်ပါဦး၊ သူက ကျင်းရှမ် အဆီအနှစ်တွေနဲ့ ပြည့်နေပြီး၊ အရမ်းကို မာတာ။ ဝါးဖို့လုံးဝ မလွယ်ဘူး!"

ရှောင်ပုတန်လေးရဲ့ အနည်းငယ် တွေဝေသွားတဲ့ပုံကို ကြည့်လိုက်ပြီး၊ ထွမ်းထွမ်းဟာ လျှင်မြန်စွာနဲ့ မီးလောက်ရာ လေပင့်ပေးလိုက်ပါတယ်၊ "ငါက တောက်တီဖြစ်တယ်၊ ငါတို့က လောဘကြီးပေမဲ့၊ ဂန်ဂျင်ကျားကို စားဖို့တော့ ဘယ်တုံးကမှ မစဥ်းစားမိဖူးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက အရမ်းကို အရသာဆိုးလို့ပဲ"

"ဒါဆိုရင်တော့ ဝမ်းနည်းစရာကြီးပေါ့" ရှောင်ပုတန်လေးဟာ သူရဲ့ မျက်ခုံးတွေကို တွန့်လိုက်ပြီး ထွမ်းထွမ်းကို မပျော်မရွှင်နဲ့

ကြည့်လိုက်ပြီး၊ "ဘာဖြစ်လို့နင်က ဒီလောက်အထိ အသုံးမကျတာလဲ? ဘာဖြစ်လို့ သူများက နင့်ရဲ့ ခန္ဓာကိုယ်ကို ဖျက်ဆီးတာကို ခံလိုက်ရတာလဲ?"

ထွမ်းထွမ်းကတော့ မျက်ရည်ကျလုဆဲဆဲ ဖြစ်နေခဲ့ပါပြီ။ သူမရဲ့ ခန္ဓာကိုယ်ကို ခုခံကာကွယ်ခြင်းဟာ၊ သူ့အတွက် အစာဖြစ်ဖို့အတွက် ရည်ရွယ်နေရမှာလား?

ဒါပေမဲ့လည်း ရှောင်ပုတန်လေးဟာ သူမကို မစားတော့ဖို့ ဆုံးဖြတ်ချက် ချလိုက်တာကို ကြည့်လိုက်ပြီး၊ ထွမ်းထွမ်းဟာ

စိတ်သက်သာရာ ရစွာနဲ့
သက်ပြင်းတစ်ချက်ကို ချလိုက်ပါတယ်။

"ဟုတ်ပြီကွ!" ရှောင်ပုတန်လေးရဲ့
မျက်လုံးအစုံဟာ ရုတ်ချည်းပဲ
တောက်ပလာခဲ့ပါတယ်။ သူဟာ သူ့ရဲ့
ညာလက်ကို အသုံးပြုလိုက်ပြီး၊
ရင်ဘတ်ပေါ်က ဘယ်လက်ကို ထုလိုက်ကာ
ကြွတ်ဆတ်တဲ့ အသံတစ်ခုကို
ပြုလုပ်လိုက်ပါတယ်။

တောက်တီမလေး ထွမ်းထွမ်းဟာ ပြန်ပြီးတော့
ထိတ်လန့်စိုးရွံ့သွားခဲ့ကာ၊ "ကျွန်မရဲ့

အသားက တစ်ကယ့်ကို
စားလို့မကောင်းပါဘူးရှင်!"

ရှောင်ပုတန်လေးက သူ့ရဲ့လက်တွေကို
ဖွေ့ယမ်းလိုက်ကာ ရယ်လိုက်ပြီး၊ "မင်းကို
စားချင်နေတယ်လို့လဲ မပြောမိပါဘူး"

ဒါကို ကြားလိုက်ရတော့ ထွမ်းထွမ်းဟာ
စိတ်သက်သာရာ ရသွားခဲ့ပြီး၊ သတိထားကာ
မေးလိုက်ပါတယ်၊ "ဒါဆိုရင်
ဘာလုပ်ချင်နေတာလဲ?"

ရှောင်ပုတန်လေးက ရယ်လိုက်ပြီး
အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွားခဲ့ကာ၊
"ငါကနင့်ကို ပြောတော့ပြောပြမယ်၊ ဒါပေမဲ့
နင်က တခြားလူတွေကို တစ်ယောက်မှ
ပြန်မပြောပြရဘူး"

ဒီစကားကို ကြားလိုက်ရတော့၊ သူမဟာ
ရင်ကိုကော့လိုက်ပြီး သူမရဲ့ ရင်ဘတ်ကို
ထုလိုက်ကာ၊ "ဘာမှ စိတ်မပူနဲ့၊ ငါက
ဘယ်သူ့ကိုမှ ပြန်မပြောပြဘူး"

ရှောင်ပုတန်လေးက ကသိကအောက်
ဖြစ်လုစွာနဲ့၊ "အမှန်အတိုင်း ပြောရရင်၊ ငါ့ရဲ့

အကြိုက်ဆုံး အစာဟာ အသားမဟုတ်ဘူး၊ ဒါ.. ဒါက..."

ထွမ်းထွမ်းက သိချင်စိတ် ပြင်းပြစွာနဲ့၊ "ဘာလဲ?"

"ငါက တိရိစ္ဆာန်တွေရဲ့ နို့ကိုသောက်ချင်တာ" ရှောင်ပုတန်လေးဟာ ခြေဖျားထောက် ရပ်လိုက်ပြီး၊ မြေကြီးကို အဆက်မပြတ် ကြိတ်ချေနေခဲ့ပါတယ်။ သူ့ရဲ့ပါးတွေဟာ နီရဲလာခဲ့ကာ ရှက်ကိုးရှက်ကန်း ဖြစ်လာခဲ့ပါတယ်။

ထွမ်းထွမ်းဟာ စိတ်ထဲကနေ
ကြိတ်ရယ်နေခဲ့ပါတယ်။
ဆယ်နှစ်ပတ်ဝန်းကျင်သာ ရှိသေးတဲ့
ရှောင်ပုတန်လေးကို ကြည့်လိုက်ပြီး
တွေးနေခဲ့ကာ၊ "ကြည့်ရတာတော့ သူက
ဒီလောက်လည်း ကြောက်စရာ
မကောင်းလှပါဘူး။ သူက ဆယ်နှစ်လောက်
ရှိနေပေမဲ့၊ အခုအချိန်အထိ
နို့ကြိုက်နေသေးတယ်၊ ဟားဟားဟား!"

ဒါပေမဲ့လည်း သူမဟာ ရှောင်ပုတန်လေးကို
မလျှောင်ရဲခဲ့ပဲ၊ သူမရဲ့ ရယ်ချင်စိတ်ကို

မြို့သိပ်ထားလိုက်ရကာ၊ "တကယ်တမ်းတော့ ဒါက ဘာမှမဟုတ်ပါဘူး"

ရှောင်ပုတန်လေးကလည်း ကသိကအောက်ဖြစ်လှစွာနဲ့ ရယ်နေခဲ့ပြီး၊ ပြောလိုက်ပါတယ်၊ "ငါက အသားစားချင်လို့ရှိရင်၊ ခွန်းလွန်တောင်ကို သွားပြီး အမဲလိုက်လို့ရတယ်။ ဒါပေမဲ့လည်း နို့သောက်ချင်လို့ရှိရင်၊ အကောင်းဆုံးကတော့ ယုကျင်းတောင်ပေါ်မှာ အိမ်မွေးတိရိစ္ဆာန် အမတစ်ကောင်ကို မွေးထားရမှာပဲ"

"ဒါပေမဲ့လည်း ယုကျင်းတောင်ပေါ်မှာ
မိစ္ဆာသားရဲက နှစ်ကောင်ပဲ ရှိတာ၊
တစ်ကောင်က ဖေးလျှန်၊
နောက်တစ်ကောင်က ဆရာ့ရဲ့ ဘတ်စ်တလီ
အနက်ရောင်နဂါး။ ပြီးတော့ သူတို့
နှစ်ကောင်စလုံးက အထီးတွေ"

ရှောင်ပုတန်လေးက သူဆိုလိုချင်နေတဲ့
အကြောင်းကို ဦးတည်နေဆဲမှာ၊ ထွမ်းထွမ်းရဲ့
မျက်နှာဟာ အရောင်ပြောင်းသွားခဲ့ပါတယ်။
ဒီအချိန်မှာတော့ သူမဟာ မရယ်နိုင်တော့ပဲ၊
ရှောင်ပုတန်လေးကို မှင်သက်စွာနဲ့
စိုက်ကြည့်နေခဲ့ပါတယ်။

"နောက်ဆုံးတော့ ငါဆိုလိုချင်နေတာ သဘောပေါက်သွားပြီမလား?" ရှောင်ပုတန်လေးဟာ ကသိကအောက် ဖြစ်လှစွာနဲ့ ရယ်လိုက်ပြီး၊ ထွမ်းထွမ်းကို မျက်တောင်မခတ် စိုက်ကြည့်နေခဲ့ပါတယ်။ "နင့်မှာရော နို့ရှိလား? ငါကိုသောက်ဖို့ နည်းနည်းညှစ်ပေးပါလား? အမှန်အတိုင်း ပြောရရင်၊ ငါက တောက်တီနို့ကိုလည်း တစ်ခါမှ မသောက်ဖူးဘူး"

ထွမ်းထွမ်းဟာ မူးဝေသွားခဲ့ပြီး၊ ရှောင်ပုတန်လေးရဲ့ စိတ်လှုပ်ရှားနေတဲ့

အကြည့်အောက်မှာ သူမဟာ ငိုချလိုက်ပါတော့တယ်။

ကောင်မလေးဟာ အမှန်တကယ်ကို ငိုသွားခဲ့တာပါ။

ရှောင်ပုတန်လေးဟာ အားရပါးရ ငိုနေခဲ့တဲ့ ထွမ်းထွမ်းကို ကြည့်လိုက်ပြီး၊ သူ့ရဲ့ နှုတ်ခမ်းတွေကို ထိန်းလိုက်ပါတယ်၊ "နင်က ဘာဖြစ်လို့ ငိုနေတာလဲ? နင့်မှာနို့မရှိရင်လည်း ပွင့်ပွင့်လင်းလင်းပြောပေါ့၊ ငါကနင့်ကို မလှောင်ပါဘူး"

"အာ၊ တကယ်တမ်း ငိုရမယ့်သူက ငါပဲမဟုတ်လား?" ရှောင်ပုတန်လေးက သက်ပြင်းတစ်ချက် ချလိုက်ပြီး၊ "ငါက နို့မသောက်ရတာ အချိန်အတော် ကြာသွားခဲ့ပြီ။ ငါက သနားစရာ ကောင်းလှပါတယ်"

"သနားစရာကောင်းတယ်?"

တောင်ထိပ်က လင်းဖုန်းဟာ ဒီမြင်ကွင်းတွေကို အကုန်တွေ့နေခဲ့တာပါ။ သူရဲ့နှုတ်ခမ်းတွေဟာ တစ်လှုပ်လှုပ် တစ်ရှုရှုနဲ့၊ ဟားတိုက်ရယ်မောနေခဲ့ပါတယ်၊

"လူဆိုးတွေကလည်း သူတို့ ပြဿနာနဲ့ သူတို့ရှိတယ် ဆိုတဲ့စကားက ဒါကို ဆိုလိုတာပဲ ဖြစ်ရမယ်?"

ဗိုလ်တကာ့ဗိုလ် ဆိုတာရှိပြီး၊ အစားပုတ်တဲ့ မွန်းစတားတွေမှာလည်း ဘုရင်ဆိုတာ ရှိသေးတာပါ။

နှစ်ယောက်စလုံးကို တောင်ပေါ်ပြန်ခေါ်လိုက်ပြီး၊ လင်းဖုန်းက အဆက်မပြတ် ငိုကြွေးနေတဲ့ ထွမ်းထွမ်းကို ကြည့်လိုက်ပြီး ရယ်လိုက်ကာ၊ "နောက်တစ်ခါ လျှောက်ပြေးရဲသေးလား?"

ထွမ်းထွမ်းဟာ လင်းဖုန်းရဲ့ အင်္ကျီအောက်စကို ဖက်ထားလိုက်ကာ၊ သနားစရာ ကောင်းလှစွာနဲ့ ပြောလိုက်ပါတယ်၊ "ဒီတောင်က အန္တရာယ် အရမ်းများတယ်။ ရှင့်ဘေးနားမှာ နေတာက လုံခြုံသေးတယ်"

လင်းဖုန်းက ရယ်လိုက်ပြီး ရှောင်ပုတန်လေးကို လက်ညှိုးထိုးလိုက်ကာ၊ "မင်းကလည်း အရူးလေးပဲ"

ရှောင်ပုတန်လေးကလည်း ကြောင်သွားခဲ့ပြီး၊ "ဆရာသခင်၊ ကျွန်တော်က ဘာဖြစ်နေလို့လဲ?"

လင်းဖုန်းက ရယ်လိုက်ပြီး သူ့ရဲ့အရှေ့က ထွမ်းထွမ်းကို ကြည့်လိုက်ကာ၊ "ဒီကောင်မလေးက သူမရဲ့ နှစ်ပေါင်း တစ်ထောင်လောက်ကို စားသောက်ရင်းနဲ့ ကြီးပြင်းလာခဲ့တာ၊ သူမ စားသောက်ခဲ့တဲ့ စားကောင်းသောက်ဖွယ်တွေက မရေမတွက်နိုင်တော့ဘူး။ သူမက ရွေ့လျားနိုင်တဲ့ အစားအသောက်

သံလိုက်အိမ်မြှောင်နဲ့ တူနေတာပဲ၊ မင်းက သူမနဲ့ ငြိမ်းချမ်းရေး ယူလိုက်ပါလား?"

"မင်းအစာအိမ်ရဲ့ အနာဂတ် ပျော်ရွှင်မှုတွေဟာ သူမရဲ့ အပေါ်မှာ မူတည်နေတာပဲ"

ရှောင်ပုတန်လေးရဲ့ မျက်လုံးအစုံဟာ တောက်ပလာခဲ့ကာ၊ "ဟုတ်ပြီကွ!" သူက ရယ်လိုက်ပြီး ထွမ်းထွမ်းရဲ့ ပုခုံးကို ပုတ်လိုက်ကာ၊ "နောက်တစ်ခေါက် အပြင်မထွက်ခင်မှာ၊ စားကောင်းသောက်ဖွယ်တွေ ဘယ်မှာရှိသလဲ

ဆိုတာကို ပြောပြလေ။ ငါတို့က အတူတူ သွားတာပေါ့"

ထွမ်းထွမ်းဟာ ရှုံ့မဲ့နေတဲ့ မျက်နှာလေးနဲ့ ခေါင်းကို ညိတ်လိုက်ပါတယ်၊ သူမရဲ့ စိတ်ထဲကနေတော့ တွေးနေလို့ပါ၊ "နင်က စားကောင်းတဲ့ဟာကို မတွေ့ရင်၊ နောက်ဆုံးမှာ ငါ့ဘက်ကို မလှည့်လာဖို့ကို ဆုတောင်းနေရမယ်"

လင်းဖုန်းက ရယ်လိုက်ပြီး သူတို့နှစ်ယောက်ကို ပြန်လွှတ်လိုက်ပါတယ်။

ပြီးတော့ သူရဲ့ စိတ်အာရုံကို အသုံးပြုလိုက်ပြီး၊ မဟူရာနဂါး ကျဲယုကို ဆင့်ခေါ်လိုက်ပါတယ်။

ကျဲယုဟာ အဝေးက ထွမ်းထွမ်းရဲ့ နောက်ကျောလေးကို လှမ်းကြည့်လိုက်ကာ၊ သူရဲ့စိတ်ထဲမှာ မတင်မကျ ခံစားနေခဲ့ရပါတယ်။ သူက လင်းဖုန်းကို နှုတ်ဆက်လိုက်ပြီး၊ "သခင်က ကျွန်တော့်ကို ရှာနေတာလား?"

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ပြီး သူ့ကို မေးလိုက်ပါတယ်၊ "မင်းက ဟိုကောင်မလေးကို အားကျနေတာလား?

သူမက ဘာဖြစ်လို့ ပစ္စည်းကောင်းလေးတွေ အများကြီး ရထားသလဲ ဆိုတာကို တွေးနေတာလား?"

ကျဲယုက ကြောက်အားလန့်အားနဲ့ ပြန်ဖြေလိုက်ပါတယ်၊ "မတွေးရဲပါဘူး၊ မတွေးရဲပါဘူး ခင်ဗျ..." သူက လင်းဖုန်းရဲ့ အမူအရာတွေကို တစ်ချက်ခိုးကြည့်လိုက်ပြီး၊ သူက ပြုံးနေတယ် ဆိုတာကို တွေ့လိုက်ရတော့၊ သတ္တိမွေးကာ ပြောလိုက်ပါတယ်၊ "နည်းနည်းတော့ အားကျတာပေါ့၊ ဒါပေမဲ့လည်း သခင်က

ကျွန်တော့်အတွက် သီးသန့် အစီအစဉ်တွေ ရှိတယ်ဆိုတာကို သိပြီးသားပါ"

လင်းဖုန်းက သဘောတူလှစွာနဲ့ ခေါင်းညိတ်လိုက်ပြီး သူ့ရဲ့ လက်ချောင်းတွေနဲ့ ဖိလိုက်တော့၊ ကျဲယုရဲ့ အရှေ့မှာ အလင်းတန်း စက်လုံးလေးက ကျလာခဲ့ပါတယ်။

ကျဲယုက ဒါကို မြင်လိုက်တော့ ချက်ချင်းပဲ စိတ်လှုပ်ရှားသွားခဲ့ပါတယ်။ ဒီအလင်းတန်း စက်လုံးလေးဟာ ဂန်ဂျင်ကျောင်းဘုရင်ရဲ့ မိစ္ဆာဝိညာဉ် အဆီအနှစ် သုံးပုံတစ်ပုံပဲ ဖြစ်ပါတယ်။

သူ့ရဲ့ ကံကောင်းမှုတွေဟာ
လာတာမြန်ဆန်လွန်းတော့၊ ကျဲယုဟာ
အနည်းငယ် မူးသလိုတောင်
ဖြစ်သွားခဲ့ပါတယ်။

လင်းဖုန်းက ပျော်ရွှင်နေတဲ့ ကျဲယုကို
ကြည့်လိုက်ကာ၊ နေဝန်းလိုမျိုး နွေးထွေးတဲ့
အပြုံးတစ်ခုဟာ သူ့ရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ
ပေါ်လာခဲ့ပါတယ်။

## စာစဉ် ၁၄ : အပိုင်း ၃

# အပိုင်း ၂၃၃ : မကြောက်ပါနဲ့၊ ငါကနာအောင် မလုပ်ပါဘူး

လင်းဖုန်းက ဂန်ဂျင်ကျားဘုရင်ကို
သတ်လိုက်ပြီး သူ့ရဲ့ မိစ္ဆာဝိညာဉ် အဆီအနှစ်နဲ့
ရုပ်အလောင်းကို ရလိုက်ကတည်းက၊
ကျဲယုဟာ လိုချင်တပ်မက်နေခဲ့တာပါ။

သူ့အတွက်ဆိုရင် ဒါတွေကို
အသုံးပြုလိုက်ရရင်၊ သူ့ရဲ့လက်ရှိ
မိစ္ဆာအုပ်ချုပ်သူ အထွတ်အထိပ် အဆင့်ကို
ချိုးဖောက်နိုင်မှာပါ။

ဒီလိုဆိုရင် သူဟာ မိစ္ဆာဝိညာဉ်ကို
အောင်မြင်စွာနဲ့ ဖန်ဆင်းနိုင်ပြီး၊ မိစ္ဆာသခင်
အဆင့်ကို ရောက်သွားနိုင်တော့မှာပါ။

ဒါပေမဲ့လည်း ဝမ်းနည်းစရာ ကောင်းတာက၊
လင်းဖုန်းက သူ့ရဲ့ဆန္ဒကို အခုအချိန်အထိ
မဖြည့်ဆည်းပေးသေးတာပါပဲ။

သူအရမ်းတပ်မက်နေတဲ့ အရာက
သူ့ရဲ့အရှေ့ကို ရောက်လာခဲ့တော့၊ ကျဲယုဟာ
ပျော်ရွှင်လွန်းလို့ မျက်ရည်ကျလုမတတ်
ဖြစ်လာခဲ့ပါတယ်။

"ဒါက တောက်တီမလေးနဲ့ တိုက်တဲ့တိုက်ပွဲမှာ ငါ့ရဲ့ စွမ်းဆောင်ရည်တွေကို သဘောကျသွားလို့ပဲ ဖြစ်လိမ့်မယ်။ သခင်က ငါမနိုင်ခဲ့ပေမဲ့၊ ငါ့ရဲ့ ကြိုးစားအားထုတ်မှုတွေကို အသိအမှတ်ပြုလိုက်တာပဲ ဖြစ်လိမ့်မယ်"

ဒါဟာ မိစ္ဆာဝိညာဉ် အဆီအနှစ်ရဲ့ သုံးပုံတစ်ပုံသာ ဖြစ်ပေမဲ့၊ ကျဲယုက အရမ်းကို ပျော်ရွှင်နေခဲ့ပါတယ်။

ယုကျင်းတောင်ပေါ်မှာ ကျင့်ကြံရတာဟာ၊ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့

ပိုင်ယွင်တောင်ပေါ်မှာ ကျင့်ကြံရတာထက်
အောက်မကျပါဘူး။

ဒီရက်ပိုင်းတွေအတွင်းမှာ၊ သူ့ရဲ့
စွမ်းရည်တွေဟာလည်း အတော်ကြီးကို
တိုးတက်လာခဲ့တာပါ။

သူက ဒီမိစ္ဆာဝိညာဉ် အဆီအနှစ်တွေကို
တစ်လုတ်ထဲနဲ့ မျိုချလိုက်ပါတယ်။ ကျဲယုရဲ့
မိစ္ဆာစွမ်းအားတွေဟာ ရုတ်တရက်ပဲ
ဆထက်တပိုး ထိုးတက်လာခဲ့က၊ ပြီးတာနဲ့
ချက်ချင်းဆိုသလိုပဲ
ပြန်လည်ကြုံ့ဝင်သွားခဲ့ပါတယ်။

သူ့ရဲ့မိစ္ဆာစွမ်းအားတွေကို ချုံ့လိုက်ပြီးတာနဲ့၊
ကျဲယုရဲ့ နဂါးသွင်ပြင်ဟာ ပိုပြီးတော့
ရင်သပ်ရှုမောဖွယ်ရာ
ကောင်းလာပါတော့တယ်။

ယုကျင်းတောင်ပေါ်က လေဟာနယ်ဟာ
ကျယ်လောင်တဲ့ မိုးကြိုးခြိမ်းသံတွေနဲ့
မြည်ဟည်းလာခဲ့ပါတယ်။

မိစ္ဆာဝိညာဉ် အဆီအနှစ် သုံးပုံတစ်ပုံကို
စားသုံးလိုက် အပြီးမှာ၊ ကျဲယုဟာ
အဆင့်တက်သွားခဲ့ပြီး မိုးကြိုးကပ်ဘေးကို

ဆင့်ခေါ်လိုက်ကာ၊ သူ့ရဲ့ မိစ္ဆာဝိညာဉ်ကို စတင်ဖန်ဆင်းပါတော့တယ်။

လင်းဖုန်းကလည်း ဒီမြင်ကွင်းကို စိတ်ဝင်တစားနဲ့ ကြည့်ရှုနေခဲ့ပါတယ်။ သူက လူသားနဲ့ မိစ္ဆာတွေဟာ မိုးကြိုးကပ်ဘေးကို ရင်ဆိုင်ကျော်လွှားတဲ့ နေရာမှာ နည်းလမ်းတွေ မတူညီကြတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

သူပဲဖြစ်ဖြစ်၊ ခန်းနန်ဟွာပဲ ဖြစ်ဖြစ်၊ သူတို့က မိုးကြိုးကပ်ဘေးကို ကျော်လွှားပြီး သူတို့ရဲ့ ဝိညာဉ်တွေကို ဖန်ဆင်းတဲ့ အခါမှာ၊ သူတို့ဟာ

သူတို့ရဲ့ကိုယ်ပိုင် မှော်စွမ်းအင်တွေကို
အသုံးပြုပြီးမှ မိုးကြိုးကပ်ဘေးကို
ရင်ဆိုင်ခဲ့တာပါ။

မိုးကြိုးကပ်ဘေးကို ခုခံတဲ့အခါမှာ၊ သူတို့ဟာ
သူတို့ရဲ့ ခန္ဓာကိုယ်နဲ့ အထိတွေ့ မခံရဲခဲ့ပါဘူး။

မိစ္ဆာကလန်တွေ အနေနဲ့ကတော့၊ သူတို့ရဲ့
နည်းလမ်းဟာ ပြောင်းပြန်ဖြစ်ပါတယ်။
သူတို့ဟာ သူတို့ရဲ့ မိစ္ဆာဆေးလုံးကို
အန်ထုတ်လိုက်ကာ၊ မိုးကြိုးကပ်ဘေးကို
တိုက်ရိုက်ရင်ဆိုင်ခဲ့ပါတယ်။

သူတို့ကသာ ခံနိုင်ရည်ရှိခဲ့ရင်၊
မိစ္ဆာဆေးလုံးဟာ မိစ္ဆာဝိညာဉ် အဖြစ်ကို
ပြောင်းလဲသွားမှာ ဖြစ်ပြီး၊ သူတို့ဟာ
မိစ္ဆာသခင် အဆင့်ကို ရောက်ရှိသွားကြမှာပဲ
ဖြစ်ပါတယ်။

တကယ်လို့များ ခံနိုင်ရည်
မရှိခဲ့ဘူးဆိုရင်တော့၊ မိစ္ဆာဆေးလုံးဟာ
အပိုင်းပိုင်း အစစ ဖြစ်သွားခဲ့မှာပါ။

လူသားတွေရဲ့ နည်းလမ်းနဲ့စာရင်၊
ဒါကပိုပြီးတော့ ရှေးကျကာ၊ သွေးထွက်များပြီး
အန္တရာယ်ကြီးပါတယ်။ သူဟာ တောရိုင်းမှာ

ရှင်သန်အောင် နေရတဲ့ ဗီဇနဲ့ ခံနိုင်ရည်
အားကောင်းတဲ့ စိတ်အခြေအနေတို့ကို
အခြေခံထားပါတယ်။

ဒါပေမဲ့လည်း ဒါဟာ ကောင်းကင်နဲ့
မြေကြီးတို့ရဲ့ ရှေးဟောင်းနိယာမတွေနဲ့
နီးစပ်ပါတယ်။ သူဟာ သဘာဝနိယာမ
တစ်ခုလည်း ဖြစ်ပါတယ်။

ကျဲယုဟာ မိုးကြိုးကပ်ဘေးကို ကျော်လွှားပြီး
မိစ္ဆာဝိညာဉ်ကို ဖန်ဆင်းဖို့
အင်အားအများကြီးကို မသုံးလိုက်ရပါဘူး။
သူရဲ့မူလ ကျင့်ကြံမှုနဲ့တောင်၊ သူဟာ

မိုးကြိုးကပ်ဘေးကို ဆင့်ခေါ်နိုင်စွမ်း ရှိနေပါပြီ။
ဒါပေမဲ့လည်း အောင်မြင်မှုနှုန်းဟာ
ငါးဆယ်ရာခိုင်နှုန်းလောက်သာ ရှိမှာပါ။
ဒါကြောင့်ပဲ သူဟာ သူ့ရဲ့ မိစ္ဆာစွမ်းအားတွေရဲ့
တုန်ခါမှုတွေကို ချိုးနှိမ်ထားရပြီး၊
မိုးကြိုးကပ်ဘေး ပေါ်ပေါက်လာမှာကို
တားဆီးထားရခြင်းပဲ ဖြစ်ပါတယ်။

အခုတော့ သူဟာ မိစ္ဆာဝိညာဉ် အဆီအနှစ်
သုံးပုံတစ်ပုံကို ရရှိခဲ့တော့၊ သူ့ရဲ့
စုဆောင်းထားတဲ့ စွမ်းအားတွေဟာ
လုံလောက်သွားခဲ့ကာ၊ မိုးကြိုးကပ်ဘေးကို

အောင်မြင်စွာနဲ့ ကျော်ဖြတ်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

မိုးကြိုးပစ်ခြင်းကို အဆက်မပြတ် ခံခဲ့ရပြီးနောက်မှာ၊ အနက်ရောင် မိစ္ဆာဆေးလုံးလေးဟာ ရွှေရောင်ဖျော့ဖျော့ သန်းနေခဲ့ပါတယ်။ သူ့ရဲ့ မာကျောမှုဟာ နောက်တစ်ဆင့်ကို တက်သွားခဲ့ပြီး၊ မိုးကြိုးပစ်တာကြောင့် ဘယ်လိုမှ မနေတော့ပါဘူး။

မိုးကြိုးကပ်ဘေးဟာ ဖြေးဖြေးချင်း ကွယ်ပျောက်သွားခဲ့ကာ၊ အနက်ရောင်

မိစ္ဆာဆေးလုံးလေးသာ ဘာမှမဖြစ်ပဲ
ကျန်နေခဲ့ပါတယ်။

မိုးကြိုးကပ်ဘေးက ကျော်လွန်ပြီးသွားတော့၊
ကျဲယုရဲ့ အနက်ရောင်
မိစ္ဆာဆေးလုံးလေးကနေ အက်ကွဲသံ တစ်ခု
ကြားလိုက်ရပြီး၊ တောက်ပတဲ့ အလင်းတန်း
တစ်ခုက ထွက်လာခဲ့ပါတယ်။ ကြက်ဥခွံ
ကွဲသွားတဲ့အတိုင်း၊ သူ့ရဲ့အပေါ်မှာ
အက်ကွဲကြောင်းတွေ အများကြီး
ပေါ်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီအက်ကွဲကြောင်းတွေဟာ သူက ကွဲသွားတာလို့ ဆိုလိုနေတာ မဟုတ်ပါဘူး။ ဒါက အသစ်တစ်ဖန် စတင်ခြင်းတစ်ခုရဲ့ အော်ရာတွေပါ။

အက်ကွဲကြောင်းတွေဟာ လျှင်မြန်စွာနဲ့ ပျံ့နှံ့သွားကြပြီး၊ မိစ္ဆာဆေးလုံး တစ်ခုလုံးကို ဖုံးလွှမ်းသွားခဲ့ပါတယ်။ အက်ကွဲကြောင်း တစ်ခုချင်းစီကနေ နတ်ဆိုးအော်ရာတွေက ထွက်လာခဲ့ပါတယ်။

မိစ္ဆာဆေးလုံးဟာ တစ်ခုလုံး အက်ကွဲသွားပြီးနောက်မှာ၊

မြွေလေးတစ်ကောင်နဲ့ တူနေတဲ့ နဂါးပေါက်စလေး တစ်ကောင်ဟာ သွားတွားပြီးမှ ထွက်လာခဲ့ကာ၊ သူ့ရဲ့ ခန္ဓာကိုယ်ကို အနည်းငယ် ခါယမ်းလိုက်ပါတယ်။ သူရဲ့ အကြေးခွံတွေ အကြားကနေ၊ မြွေတွေ ပိုးမွှားတွေလို ညှီစို့စို့ အနံ့တွေ မထွက်နေခဲ့ပဲ၊ သင်းပျံ့တဲ့ ရနံ့တွေကို ထုတ်လွှတ်နေခဲ့ပါတယ်။

ဒီရနံ့တွေဟာ လျှင်မြန်စွာနဲ့ပဲ အနက်ရောင် တိမ်တိုက်တွေ အဖြစ်ကို သိပ်သည်းသွားခဲ့ပါတယ်။ အထဲကနေ ထွက်လာခဲ့တဲ့ နဂါးလေးကို ဂုဏ်ပြုနေတဲ့ အတိုင်းပါပဲ။

လင်းဖုန်းက ရယ်လိုက်ပြီး၊
"အရမ်းကောင်းတယ်။ အခုတော့မင်းဟာ
နဂါးကလန်ထဲက မိစ္ဆာသခင် တစ်ကောင်
ဖြစ်သွားခဲ့ပြီ။ စိတ်မကောင်းစရာ
ကောင်းတာက၊ မင်းတို့ရဲ့ နဂါးကလန်ဟာ
အနည်းငယ် ထူးခြားနေပြီး၊ မင်းကို
နဂါးဘုရင်လို့ ခေါ်လို့မရသေးတာပဲ"

မိစ္ဆာကလန်တွေမှာ တစ်ယောက်ဟာ
မိစ္ဆာဝိညာဉ်ကို အောင်မြင်စွာနဲ့
ဖော်ဆောင်ပြီးသွားလို့ရှိရင်၊ သူတို့ကို
မိစ္ဆာသခင်လို့ ခေါ်ကြပါတယ်။ သူတို့ဟာ

နောက်ထပ်အဆင့် တစ်ခုကို
တက်နိုင်ခဲ့ရင်တော့၊ သူတို့ရဲ့
မိစ္ဆာဝိညာဉ်တွေဟာ မပျက်စီးနိုင်တော့ပဲ၊
သူတို့ကို မဟာပဏ္ဍိတလို့ ခေါ်ကြရမှာပါ။

သူတို့ထဲမှာ နဂါးကလန်ကတော့
ခြွင်းချက်တစ်ခု ဖြစ်ပါတယ်။ နဂါးကလန်မှာ
မဖျက်ဆီးနိုင်တဲ့ နဂါးဝိညာဉ်ကို အောင်မြင်စွာ
ကျင့်ကြံနိုင်တဲ့ သူတွေကိုမှ နဂါးဘုရင်လို့
ခေါ်နိုင်တာပါ။

ဒါက သူတို့ကို တခြားမိစ္ဆာကလန်တွေထက်
တစ်ဆင့်နိမ့်သလို ဖြစ်နေစေပေမဲ့၊

အမှန်အတိုင်း ပြောရရင် မိစ္ဆာကလန်တွေမှာ ဆိုရိုးစကားတစ်ခု ရှိပါတယ်၊ "နဂါးကိုတွေ့ရင် အမြဲတမ်း ဦးညွှတ်ရမယ်' ဆိုပြီးတော့ပါ။ တောက်တီတို့ ရွှေကျီးတို့လို ရှေးပဝေသဏီက မျိုးဆက်တွေ ဖြစ်ကြတဲ့ မိစ္ဆာတွေကလွဲလို့၊ ကျန်တဲ့မိစ္ဆာတွေဟာ နဂါးကလန်ရဲ့ အရှေ့ကိုရောက်ရင် ဦးညွှတ်ကြရတာပဲ ဖြစ်ပါတယ်။

သူတို့က ရှေးပဝေသဏီ ခေတ်ကနေပြီးတော့၊ အခုအချိန်တိုင်အောင် ကမ္ဘာကြီးကို ထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။

အခုအချိန်အထိတောင် သူတို့ရဲ့
ဂုဏ်သိက္ခာတွေက ကြီးမားနေပါသေးတယ်။

ကျဲယုရဲ့ မိစ္ဆာဝိညာဉ်ဟာ သူ့ရဲ့
အသွေးအသားနဲ့ တစ်သားတည်း
ဖြစ်သွားခဲ့ပါတယ်။ သူရဲ့မျက်စိကို
ဖွင့်လိုက်တော့၊ ကြီးစိုးလွှမ်းမိုးနိုင်တဲ့
အော်ရာတစ်ခုက ထွက်လာခဲ့ပါတယ်။

ဘတ်စ်တလီ နဂါးကလန်ဟာ မိစ္ဆာကလန်တွေ
အကြားထဲမှာတင် မကပဲ၊ ရှေးပဝေသဏီက
နတ်နဂါးတွေရဲ့ အကြားမှာတောင်

အသန်မာဆုံး အသွေးအသား ရှိတဲ့အထဲမှာ ပါပါတယ်။

ကျဲယုက မိစ္ဆာသခင်အဖြစ်ကို အောင်မြင်စွာနဲ့ ရောက်ရှိသွားခဲ့တော့၊ သူဟာ မလှုပ်မရှားပဲနဲ့ ထိုင်နေခဲ့ရင်တောင် အချိန်နဲ့ လေဟာနယ်တို့ကို ဆွဲဖြဲပစ်ချင်နေသလိုမျိုး၊ သူ့ရဲ့ အသွေးအသားနဲ့ ခန္ဓာကိုယ်ကနေ စွမ်းအားတွေဟာ ထွက်ပေါ်နေခဲ့ပါတယ်။

ဂန်ဂျင်ကျားဘုရင်နဲ့ အခုအချိန်မှာ ထပ်ချခဲ့ရရင်၊ သူ့ကို အလဲထိုးနိုင်လိမ့်မယ်လို့

ကျဲယုက ယုံကြည်ချက်အပြည့် ရှိနေခဲ့ပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းရဲ့ အရှေ့မှာ၊ ကျဲယုဟာ မထောင်လွှားရဲခဲ့ပါဘူး။ ဂိုဏ်းဖွင့်ပွဲ မတိုင်မီက ရှကျိုးမြို့ပြင်က လွင်ပြင်တိုက်ပွဲမှာ၊ လင်းဖုန်းရဲ့ စီစဥ်မှုတွေနဲ့အတူ သူဟာ မပါဝင် မပတ်သတ်ခဲ့ရပေမဲ့၊ ဖြစ်ခဲ့သမျှတွေကို အကုန်မြင်ခဲ့ရပါတယ်။

လင်းဖုန်းက ယုချန်စန်းနဲ့ ဆင်တိမ် ဂရန်းမာစတာတို့ကို လက်ချောင်းထိပ်လေးတွေနဲ့တင်

သတ်သွားခဲ့တာကို၊ သူ့ရဲ့မှတ်ဉာဏ်ထဲမှာ
ကွင်းကွင်းကွက်ကွက်ကြီး
မှတ်မိနေပါသေးတယ်။ သူဟာ
တော်လှန်ပုန်ကန်ချင်တဲ့ စိတ်ကို
အတွေးထဲမှာတော့ မထည့်ရဲခဲ့ပါဘူး။

သူက လင်းဖုန်းကို ရိုသေစွာနဲ့
ဦးညွှတ်လိုက်ပြီး၊ "ဒါက သခင့်ရဲ့
အကူအညီတွေကြောင့်ပါ။ ကျွန်တော်က
ဘယ်အမိန့်မျိုးမဆို နာခံပါ့မယ်။ ဓားတောင်ကို
ကျော်ရမလား၊ မီးပင်လယ်ကို ဖြတ်ရမလား၊
သခင့်ရဲ့ ဆန္ဒအတိုင်းပါဗျ"

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ပြီး၊
"ဒီလောက်ကြီးအထိ မလိုပါဘူးကွာ၊
ဒါပေမဲ့လည်း အခုအချိန်မှာ မင်းရဲ့
အကူအညီတစ်ခု လိုနေတယ်ကွ"

ကျဲယုက လုံးဝကို တွေဝေနေခြင်း မရှိပဲနဲ့၊
"ကျေးဇူးပြုပြီး ညွှန်ကြားချက်ပေးပါ၊ သခင်။
ကျွန်တော်က ဘာမှ မေးခွန်းမထုတ်ပဲနဲ့
ဆောင်ရွက်ပေးပါမယ်"

အပေါ်ယံမှာ သူဟာ
စိတ်ခါတ်တက်ကြွနေတဲ့ပုံ ပေါက်နေခဲ့ပေမဲ့၊
သူဟာ ရင်ထဲမှာတော့ သူ့အကြံနဲ့သူပါ၊

"အံ့ဖွယ် ကောင်းကင်ဘုံ ဂိုဏ်းခေါင်းဆောင်က အလုပ်လုပ်တဲ့ အခါမှာ တရားမျှတမှုရှိတယ်။ ရှကျိုးက တိုက်ပွဲမှာ၊ သူကငါ့ကို အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေနဲ့ ရင်မဆိုင်စေခဲ့ဘူး။ အခုအချိန်မှာ သူကငါ့ကို တစ်ခုခု လုပ်ခိုင်းမယ် ဆိုရင်လည်း၊ ငါလုပ်နိုင်မယ့် အရာတွေ ဖြစ်မှာပဲ။ သူကငါ့ကို ဒုက္ခရောက်အောင်တော့ လုပ်မှာမဟုတ်ပါဘူး"

"ပြီးတော့၊ သူက ရက်ရောတဲ့သူလည်း ဖြစ်တယ်။ ငါကသာ တာဝန်တွေကို

ကျော်ပွန်အောင် ထမ်းရွက်နိုင်လို့ရှိရင်၊ ဆုလာဘ်ကောင်းကောင်းလည်း ရမှာပဲ"

ကဲ့ယုက သူ့ရင်ထဲက သူ့ရဲ့အကြံနဲ့သူ ရှိပေမဲ့၊ လင်းဖုန်းက ဂရုမစိုက်ခဲ့ပဲ မေးလိုက်ပါတယ်။ "မင်းက အစောနတုံးက တောက်တီနဲ့ တိုက်ခိုက်ခဲ့စဥ်က၊ ခုခံမှုစွမ်းရည် တစ်မျိုးကို သုံးလိုက်တယ် မဟုတ်လား?"

ကဲ့ယုက ခေါင်းကိုညိတ်လိုက်ကာ ပြန်ဖြေလိုက်ပါတယ်၊ "ဒါက ကျွန်တော်တို့ ဘတ်စ်တလီ နဂါးကလန်ရဲ့ မွေးရာပါ မှော်အတတ်ဖြစ်တဲ့၊ တော်ဝင်ဘတ်စ်တလီ

ကျိန်စာပါ။ သူက မိစ္ဆာစွမ်းအင် တွေကို အထူးမှော်ကျိန်စာ တစ်ခုအဖြစ်ကို အသွင်ပြောင်းလိုက်ပြီး၊ ကျွန်တော်တို့ရဲ့ အကြေးခွံတွေနဲ့ ပေါင်းစည်းနိုင်ပါတယ်။ သူက မှော်ကျိန်စာ အမြောက်အမြားရဲ့ စွမ်းအားတွေကို ခုခံနိုင်စွမ်းလည်း ရှိပါတယ်။

သူ့ရဲ့မျက်နှာမှာ ဂုဏ်ယူတဲ့ အမူအရာ တစ်ခုက ပေါ်လာခဲ့ပြီး၊ "ဒါက မိစ္ဆာဝိညာဉ်ကို ကျင့်ကြံပြီးမှ အသုံးပြုနိုင်တဲ့ အကွက်တစ်ခုပါ။ ဒါပေမဲ့လည်း ယုကျင်းတောင်ပေါ်မှာ အချိန်အတော်ကြာ ကျင့်ကြံပြီးနောက်မှာ၊ ကျွန်တော်က ကောင်းကင်နဲ့ မြေကြီးတို့ရဲ့

နိယာမတွေကို အတော်လေး နားလည်သဘောပေါက်လာတဲ့အတွက်၊ မိစ္ဆာအုပ်ချုပ်သူ အထွတ်အထိပ် အဆင့်နဲ့တင် အသုံးပြုနိုင်တာပဲ ဖြစ်ပါတယ်"

"အခုတော့ ကျွန်တော်က မိစ္ဆာဝိညာဥ်ကို ဖော်ဆောင်ပြီးသွားပြီး မိစ္ဆာသခင် အဆင့်ကို ရောက်သွားပြီဆိုတော့၊ ဒီစွမ်းရည်ကို အသုံးပြုလိုက်ရင် ပိုကောင်းတဲ့ ခုခံအားတွေကို တည်ဆောက်နိုင်မှာပဲ ဖြစ်ပါတယ်" ကျဲယုက ရယ်လိုက်ပြီး၊ "အခုအချိန်မှာ တောက်တီမလေးက မဟာသူရိယ အကြွင်းမဲ့

မီးတောက်နဲ့ ကျွန်တော့်ကို ရှို့ရင်တောင်၊
ကျွန်တော်က ကြောက်မှာ မဟုတ်တော့ဘူး"

"မဟာအကြွင်းမဲ့ မီးတောက် ခုနှစ်မျိုးထဲမှာ
တစ်ခု အပါအဝင်ဖြစ်လို့၊ မဟာသူရိယ
အကြွင်းမဲ့ မီးတောက်ဟာ
အစွမ်းကြီးမားတာကတော့ သံသယဖြစ်ဖွယ်
မရှိပါဘူး။ ဒါပေမဲ့လည်း သူမက
မိစ္ဆာအုပ်ချုပ်သူ အဆင့်မှာသာ ရှိသေးတော့၊
ကျွန်တော့်ရဲ့ သန့်စင်တဲ့ မှော်စွမ်းအင်
အနက်ရောင် အကြေးခွံတွေကို
ကျော်လွှားနိုင်ဖို့ဆိုရင်
အချိန်အကြာကြီးယူရမှာ။ သူမက

ဒီအဆင့်အထိကို မရောက်ခင်မှာပဲ၊
ကျွန်တော်က သူမကို
နှစ်ပိုင်းပိုင်းလိုက်ပြီးပြီပေါ့"

လင်းဖုန်းက စိတ်လှုပ်ရှားစွာနဲ့
ခေါင်းညိတ်လိုက်ပါတယ်၊ "တကယ်လို့များ
သူမကလည်း မိစ္ဆာသခင် အဆင့်ကို
ရောက်သွားခဲ့မယ် ဆိုရင်ရော?"

ကျဲယုနဲ့ လည်ပင်းက အနည်းငယ်
ကြုံ့သွားခဲ့ပြီး၊ အချိန်ခဏကြာအောင်
တွေဝေသွားခဲ့ကာ၊ "ဒါကတော့
မပြောတတ်ဘူး၊ တိုက်ခိုက်ကြည့်မှပဲ သိမှာဗျ"

သူက စကားကြီး စကားကျယ်တွေ ပြောနေခဲ့ပေမဲ့ သူတို့နှစ်ယောက်ဟာ အဆင့်တူနေခဲ့ရင်၊ သူမရဲ့ မဟာသူရိယ အကြွင်းမဲ့ မီးတောက်၊ ဝါးမျိုးခြင်း မှော်အတတ်နဲ့ သူ့ထက် သိပ်ပြီးတော့ အားမနည်းလှတဲ့ သူမရဲ့ အသွေးအသားတွေနဲ့ ဆိုရင်၊ ရှုံးနိမ့်နိုင်တယ် ဆိုတာကို သူ့ရဲ့ရင်ထဲကနေ သိနေခဲ့ပါတယ်။

လင်းဖုန်းက နောက်ထပ်ဆက်ပြီးတော့ မမေးတော့ပဲနဲ့ ပြောလိုက်ပါတယ်၊ "ဒါက ကြီးမားတဲ့ စွမ်းအားတစ်ခု ဆိုတာက

အသေအချာပဲ။ အခုဆိုရင် မင်းရဲ့
အကြေးခွံတွေက အသုံးဝင်တဲ့နေရာ တစ်ခုကို
တွေ့ပြီကွ"

ကျဲယုပဟာ သူ့ရဲ့ရင်ဘတ်ကို ကော့လိုက်ကာ
ပုတ်လိုက်ပြီး၊ "သခင်၊ ကျွန်တော့်ကို ဘာများ
ညွှန်ကြားမလို့လဲ? ကျွန်တော်က... နေ..
နေပါဦး၊ သခင်က ကျွန်တော့်ရဲ့
အကြေးခွံတွေကို အသုံးချမယ်လို့
ပြောလိုက်တာလား?"

လင်းဖုန်းက ခေါင်းညိတ်လိုက်ကာ၊
"ဟုတ်တယ်ကွ"

ကျဲယုက သတိကြီးစွာနဲ့၊ "သခင်၊ ဘာများလုပ်ရမှာလဲ သိပါရစေ? ကျွန်တော့်ကို အဆင့်ပိုမြင့်တဲ့ တစ်ယောက်ယောက်နဲ့ ရင်ဆိုင်စေချင်နေတာလား?"

"ဒီလိုလည်း မဟုတ်ပါဘူး" လင်းဖုန်းက သူ့ရဲ့ခေါင်းကို ခါလိုက်ကာ၊ နှုတ်ခမ်းထောင့်စွန်းမှာ ပြုံးရိပ်သန်းလာခဲ့ပြီး၊ "ငါက အရင်က ကောင်းကောင်း မရှင်းပြခဲ့ရဘူး။ အတွေးခေါင်နေစရာ မလိုပါဘူး။ နားထောင်လိုက်ရင် သဘောပေါက်သွားမှာပါ"

"ငါက မင်းရဲ့ အကြေးခွံတွေကို လိုအပ်တယ်။ မဟုတ်သေးဘူး၊ ပိုပြီးတော့ တိတိကျကျ ပြောရရင်၊ မင်းကငါ့ကို အကြေးခွံတစ်ချို့ ပေးရမယ်"

ကျဲယုဟာ သူ့ရဲ့ အကြောက်ဆုံး အိမ်မက်က အကောင်အထည် ပေါ်လာခဲ့သလိုမျိုး၊ ချွေးအေးတွေ စီးကျလာခဲ့ပါတယ်။ လင်းဖုန်းက သူ့ရဲ့ အကြေးခွံတွေကို ခွာချင်နေခဲ့တာကို၊ ချက်ချင်းပဲ သဘောပေါက်လိုက်ပါတယ်။

"သ.. သခင်ခင်ဗျာ၊ ကျွန်.. ကျွန်တော်၊ ကျေးဇူးပြုပြီး မ.. မလုပ်" ကျဲယုဟာ စကားကို ဖြောင့်အောင်တောင် မပြောရှာနိုင်တော့ပါဘူး။

လင်းဖုန်းက သွားတွေကို ဖြဲလိုက်ကာ ပြုံးလိုက်ပြီး၊ ကျဲယုကို တစ်ခါမှ မဆက်ဆံဖူးတဲ့ အကြင်နာဆုံး အပြုံးနဲ့ ပြုံးပြလိုက်ပါတယ်။

"ငါ့ကို ယုံကြည်လိုက်ပါ၊ ဘာမှမဖြစ်ဘူး။ လာလာ၊ မကြောက်နဲ့၊ မနာစေရပါဘူး"

ခဏအကြာမှာပဲ၊ ကူရာမဲ့နေတဲ့ အော်ညည်းသံ တစ်ခုဟာ ယုကျောင်းတောင် တစ်ခုလုံးမှာ ပျံ့လွင့်သွားခဲ့ပါတော့တယ်။

ရှောင်ပုတန်လေးနဲ့ ထွမ်းထွမ်းတို့ဟာ အော်ဟစ်ငိုကြွေးသံကို ကြားလိုက်ရတော့၊ မအောင့်နိုင်တော့ပဲ ခေါင်းလေးတွေဟာ ပုဝင်သွားခဲ့ကာ၊ "ဘယ်သူကများ ဒီလောက်အထိ ကြောက်ရွံ့စွာနဲ့ အော်နေတာလဲ? သူက အရှင်လတ်လတ် ဆီပူနဲ့ အကြော်ခံနေရလို့များလား?"

သူ့ရဲ့လက်ထဲက သန့်စင်သော မှော်စွမ်းအင် အနက်ရောင် အကြေးခွံတွေကို ကြည့်လိုက်ပြီး၊ လင်းဖုန်းဟာ ဘာဆက်လုပ်ရမလဲ ဆိုတာကို တွေးတောနေခဲ့ပါတယ်၊ "ဒါကို တော်ဝင် ဘတ်စ်တလီ ကျိန်စာလို့ ခေါ်တာလား? ဘတ်စ်တလီဆိုတဲ့ စကားလုံးကို အသာထားလိုက်ဦး၊ အရေးကြီးတာက ကျိန်စာဆိုတဲ့ စကားလုံးပဲ။ ကြည့်ရတာ ဒါက နဂါးကလန်ရဲ့ လျှို့ဝှက်စွမ်းရည် တစ်မျိုးနဲ့တူတယ်။ အချိန်ရရင်၊ အေးအေးဆေးဆေး သုတေသန ပြုရဦးမယ်"

"ငါ့လက်ထဲက သန့်စင်တဲ့ မှော်စွမ်းအင်
အနက်ရောင် အကြောခွံတွေက
လုံလောက်လောက်ပြီ ထင်တယ်?"
လင်းဖုန်းက ကျေနပ်အားရစွာနဲ့ ခေါင်းကို
ညိတ်လိုက်ပါတယ်။
"မလုံလောက်သေးရင်လည်း ကိစ္စတော့
မရှိပါဘူး၊ အချိန်တန်ရင် ထပ်ယူလို့ ရတာပဲ"

ကျဲယုဟာ လူတစ်ဒါဇင်လောက်က
ဝိုင်းရိုက်တာကို ခံနေရတဲ့အတိုင်း၊
ခြေစခေါင်းဆုံး အထိ တုန်ခါပြီး
ငိုကြွေးနေခဲ့ပါတယ်။ အစကတော့ သူဟာ
သူ့ကို နှိပ်စက်ညှဉ်းပန်းမှုတွေဟာ

ပြီးသွားပြီဆိုပြီး ဝမ်းသာနေခဲ့တာပါ၊
ဒါပေမဲ့လည်း လင်းဖုန်းရဲ့ စကားတွေကို
ကြားပြီးနောက်မှာ၊ သူ့ရဲ့မျက်လုံးတွေဟာ
ချာချာလည်သွားခဲ့ကာ
မူးမေ့သွားခဲ့ပါတော့တယ်။

လင်းဖုန်းက ကျဲယုကို ပြန်လွှတ်လိုက်
အပြီးမှာ၊ သူဟာ မဟူရာကောင်းကင်
ရတနာသစ်ပင်ရဲ့ အကိုင်းတစ်ကိုင်းပေါ်ကို
ပျံတက်သွားလိုက်ပြီး ထိုင်ချလိုက်ပါတယ်။
သန့်စင်သော မှော်စွမ်းအင် အနက်ရောင်
အကြေးခွံကို ကိုင်ထားခဲ့ပြီး၊ ကံစမ်းမဲ
ပေါက်ထားတဲ့ နဂါးအကြောကို

ထုတ်ယူလိုက်ပါတယ်။ နောက်ဆုံးမှာတော့
ယန့်မင်းရွဲ့က သူ့ကိုပေးထားတဲ့၊
ဇူယန်မိစ္ဆာမျက်လုံးကိုလည်း
ထုတ်ယူခဲ့ပါတယ်။

နဂါးအကြောနဲ့ သန့်စင်သော အနက်ရောင်
အကြေးခွံတို့ဟာ တစ်ခုနဲ့တစ်ခုက
လိုက်လျောညီထွေ ရှိနေကြပါတယ်။
သူတို့နှစ်ခုဟာ တစ်ခုနဲ့တစ်ခု ထိတွေ့ခဲ့ရတဲ့
အချိန်မှာပဲ၊ သူတို့ဆီကနေ နဂါးဟိန်းသံ
တစ်သံ ထွက်လာခဲ့ကာ၊ ရှေးပဝေသဏီက
နတ်နဂါးတွေအတွက်သာ သီးသန့်ဖြစ်တဲ့၊

စွမ်းအားကြီး မင်္ဂလာတိမ်တိုက် တစ်ခုတောင် ပေါ်လာခဲ့ပါတယ်။

ဒီစွမ်းအားကြီးသော မင်္ဂလာတိမ်တိုက်ဟာ ဇူရန်မိစ္ဆာမျက်လုံးရဲ့ အထဲကို ဝင်သွားတဲ့အခါမှာ၊ ဇူရန်မိစ္ဆာမျက်လုံးကနေ အသံတစ်ခုက ထွက်လာခဲ့ပါတယ်။ အစပထမက ထွင်းဖောက်မြင်နေရတဲ့ စက်လုံးလေးထဲက မီးတောက်ဟာ ငြိမ်းချမ်းစွာနဲ့ တောက်လောင်နေခဲ့တာပါ။ ဒါပေမဲ့လည်း အခုတော့ သူဟာ ပြင်းထန်စွာနဲ့ စတင်ပြီးတော့ လောင်ကျွမ်းလာခဲ့ပါတယ်။ အိပ်ပျော်နေတဲ့ ရှေးကောင်းကင်

နတ်နဂါးတစ်ကောင်က နိုးထလာခဲ့ပြီး၊
မျက်လုံးကို ဖွင့်လိုက်တဲ့ အတိုင်းပါပဲ။

ဒီကြီးကျယ်ခမ်းနားပေမဲ့ ကြောက်မက်ဖွယ်ရာ
စွမ်းအားဟာ၊ ပန်ကျဲရဲ့ ကောင်းကင်နဲ့မြေကြီး
အသွင်သဏ္ဍာန် မန္တန်ထက် အားပိုကောင်းပြီး၊
အသွင်သဏ္ဍာန် ခြောက်မျိုးဓားထက်တော့
အနည်းငယ် အားပိုနည်းပါတယ်။

လင်းဖုန်းက သဘောကျစွာနဲ့
ခေါင်းကိုညိတ်လိုက်ပါတယ်။ "ဒါက
ရိုးရိုးသာမန် မှော်ရတနာရဲ့
သန္ဓေလောင်းတော့ မဟုတ်ဘူး။ သူ့ရဲ့

အရည်အသွေးဟာ ထိပ်တန်းအဆင့်မှာ ရှိနေတယ်။ သူက မှော်ရတနာ တစ်ပါးသာ ဖြစ်လာခဲ့ရင်၊ သူ့ရဲ့ စွမ်းအားဟာ အကောင်းဆုံးထဲမှာ ပါမှာပဲ"

"ဝမ်းနည်းစရာ တစ်ခုက ငါဟာ အင်မော်တယ် ဝိညာဉ် အဆင့်ကို မရောက်သေးတာပဲ။ ဒါကြောင့်မို့ ငါက သူ့ရဲ့ စွမ်းအားအပြည့်အစုံကို ဖော်ထုတ်လို့ မရသေးဘူး" လင်းဖုန်းက ရယ်လိုက်ပြီး၊ "ဒါပေမဲ့လည်း ဆင်းရဲတဲ့သူက သူ့နည်းလမ်းနဲ့သူ နေထိုင်သလို၊ ချမ်းသာတဲ့ သူကလည်း သူ့နည်းသူ့ဟန်နဲ့ ရှိတာပဲ"

စကားဆုံးတာနဲ့ လင်းဖုန်းဟာ
သူ့ရဲ့လက်ချောင်းတွေကို မဟူရာကောင်းကင်
ရတနာသစ်ပင်ဆီကို ညွှန်ပြလိုက်တော့၊
သစ်ရွက်အနည်းငယ်နဲ့
သစ်ကိုင်းတစ်ကိုင်းဟာ ကျိုးကျလာခဲ့ပါတယ်။

ကြီးမားလှတဲ့ သစ်ကိုင်းကြီးဟာ
ကျဆင်းလာရင်းနဲ့ပဲ၊ တဖြေးဖြေး
သေးငယ်လာခဲ့ပါတယ်။ နောက်ဆုံး
လင်းဖုန်းရဲ့ လက်ထဲကို ရောက်ရှိလာတဲ့
အချိန်မှာတော့၊ သာမန်သစ်ကိုင်းတစ်ခုရဲ့
အရွယ်သာ ကျန်ပါတော့တယ်။

# စာစဉ် ၁၄ : အပိုင်း ၄

## အပိုင်း ၂၃၄ : လင်းဖုန်းက မှော်ရတနာတစ်ခုကို ဖန်တီးခြင်း

လင်းဖုန်းဟာ သူ့ရဲ့ညာလက်နဲ့ မဟူရာကောင်းကင် ရတနာသစ်ပင်ရဲ့ သစ်ကိုင်းကို ကိုင်ထားလိုက်ပါတယ်။ သူက ဘယ်လက်ရဲ့ လက်ချောင်းတစ်ချောင်းနဲ့ သစ်ကိုင်းလေးကို မတင်လိုက်ပြီး၊ သစ်ရွက်တစ်ချို့ကို လေဟာနယ်ရဲ့ အလယ်မှာ လွင့်မျောနေစေခဲ့ပါတယ်။

"ဖွဲ့စည်းစမ်း!" လင်းဖုန်းက တိုးတိုးလေး အော်လိုက်တော့၊ အရွက်ကင်းမဲ့နေတဲ့ သစ်ကိုင်းကလည်း လေဟာနယ် အထဲကို ရောက်ရှိသွားခဲ့ပါတယ်။ ပြီးတာနဲ့ နဂါးအကြောကလည်း အတူတူ ပျံသန်းသွားခဲ့ကာ၊ အစိတ်အပိုင်း အချို့အဖြစ် ပြောင်းသွားကာ သစ်ကိုင်းကို ရစ်ပတ်လိုက်ပါတယ်။

သစ်ကိုင်းရဲ့ မျက်နှာပြင်ကနေ သက်တန့်ရောင်စဉ်တွေက ဖြာကျလာခဲ့ပြီး၊ နဂါးအကြောပေါ်ကို ကျရောက်သွားခဲ့ပါတယ်။

နဂါးအကြောဟာ အသက်ဝင်လာခဲ့သလို၊
သူ့ကိုယ်သူ ရစ်ပတ်နေခဲ့ကာ ကွန်ယက်တစ်ခု
အဖြစ်ကို အသွင်ပြောင်းသွားခဲ့ပါတယ်။

လင်းဖုန်းက သန့်စင်သော မှော်စွမ်းအင်
အနက်ရောင် အကြေးခွံတွေကို
ညွှန်ပြလိုက်ပြီး၊ "မြင့်တက်လာစမ်း!"

ကျိန်စာပေါင်း မြောက်မြားစွာတို့နဲ့
လင်းလက်နေကြတဲ့၊ သန့်စင်သော
မှော်စွမ်းအင် အနက်ရောင် အကြေးခွံတို့ဟာ
လေဟာနယ်ထဲကို
ပျံသန်းဝင်ရောက်လာကြပါတယ်။ လင်းဖုန်းရဲ့

ထိန်းချုပ်မှုအောက်မှာ ဒီအကြေးခွံတွေဟာ၊
နဂါးအကြောနဲ့ ဖွဲ့စည်းထားတဲ့
ကွန်ရက်အပေါ်ကို ကျရောက်သွားခဲ့ပါတယ်။

နဂါးအကြောနဲ့ မဟူရာကောင်းကင်
ရတနာသစ်ပင်တို့ဟာ၊ တူညီတဲ့
သက်တန့်ရောင်စဥ်တွေနဲ့
လင်းလက်နေကြပါတယ်။ သန့်စင်သော
မှော်စွမ်းအင် အနက်ရောင် အကြေးခွံတွေနဲ့
ဆုံတွေ့ပြီး နောက်မှာတော့၊ သူတို့ဟာ
အကြေးခွံတွေ အကြားကို
ထိုးဖောက်ဝင်ရောက်သွားကြကာ၊ အရာဝတ္ထု

တစ်ခုတည်း အဖြစ်ကို
ရောက်ရှိသွားကြပါတော့တယ်။

သိပ်မကြာခင်မှာပဲ၊ မဟူရာကောင်းကင်
ရတနာသစ်ပင်ဟာ ကျောရိုးဖြစ်သွားပြီး၊
သန့်စင်သော မှော်စွမ်းအင် အနက်ရောင်
အကြေးခွံနဲ့ နဂါးအကြောတို့ဟာ
ယှက်လိမ်သွားကြကာ၊ ရောင်စုံသက်တန့်
နဂါးအကြေးခွံ ချပ်ဝတ်တန်ဆာ အဖြစ်ကို
ပြောင်းသွားကြပါတယ်။

ရောင်စဉ် အလင်းတန်းတွေရဲ့ အကြားမှာ၊
ချုပ်ရိုးစပ်ကြောင်း မရှိတဲ့ ချပ်ဝတ်တန်ဆာ

တစ်ခုဟာ တဖြေးဖြေး ပုံပေါ်လာခဲ့ပါတယ်။
စွမ်းအားကြီးတဲ့ နဂါးပုံရိပ်ဟာ ပျံ့နှံ့နေခဲ့ပြီး၊
ရင်သပ်ရှုမောဖွယ်ရာ ကောင်းလှပါတယ်။

တစ်ခုပဲ ရှိတာက၊ ချပ်ဝတ်တန်ဆာရဲ့
ရင်ဘတ်နေရာမှာ အပေါက်ကြီး တစ်ပေါက်က
ရှိနေခဲ့တာပါ။

လင်းဖုန်းက ငြိမ်သက်နေခဲ့ပြီး
ဇူရန်မိစ္ဆာမျက်လုံးကို မြှောက်လိုက်ကာ၊
တိုးတိုးလေး အော်ဟစ်လိုက်ပါတယ်၊
"ပေါင်းစည်းစမ်း!" သူ့မှော်စွမ်းအင်တွေရဲ့
ထိန်းချုပ်မှုအောက်မှာ၊

ဇူရန်မိစ္ဆာမျက်လုံးကလည်း လေဟာနယ်
အထဲကို ပျံသန်းဝင်ရောက်သွားခဲ့ကာ၊
ချပ်ဝတ်တန်ဆာရဲ့ ရင်ဘတ်က
အပေါက်ထဲကို ဝင်သွားခဲ့ပါတယ်။

ဇူရန်မိစ္ဆာမျက်လုံးနဲ့ ချပ်ဝတ်တန်ဆာတို့က
ပြည့်စုံတဲ့ ခန္ဓာကိုယ်တစ်ခု အဖြစ်ကို
ပူးပေါင်းပြီးသွားတော့၊ နဂါးအော်သံလိုမျိုး
အသံတစ်ခုဟာ ပေါ်လာခဲ့ကာ၊ အဆုံးမဲ့
လေဟာနယ်ကို ထိုးဖောက်သွားခဲ့ပါတယ်။

မဟာ့ရာကောင်းကင် ရတနာသစ်ပင်ပေါ်က
သစ်ကိုင်းတွေနဲ့ သစ်ရွက်တွေဟာ
စတင်ပြီးတော့ တုန်ခါလာခဲ့ပါတယ်။

ယုကျင်းတောင်ပေါ်က ကျန်တဲ့သူတွေဟာ
သတိထားလိုက်ကြပြီး၊ ကောင်းကင်ပေါ်ကို
ခေါင်းလှည့်ပြီးမှ ကြည့်လိုက်ကြပါတယ်။
သူတို့ဟာ မဟာ့ရာကောင်းကင်
ရတနာသစ်ပင်ရဲ့ အရိပ်အောက်မှာ အနီရောင်
တိမ်တိုက်တစ်ခုဟာ လည်ပတ်နေပြီး၊
အားလုံးကို အနှောင့်အယှက် ဖြစ်စေတဲ့
ကြောက်မက်ဖွယ်ရာ အော်ရာတွေကို
ထုတ်လွှတ်နေတာကို တွေ့လိုက်ရပါတယ်။

ဝိညာဉ်ကို ဖော်ဆောင်ပြီးသား ဖြစ်နေကြတဲ့ ခန်းနန်ဟွာနဲ့ မြောင်ရှီးဟောင်တို့ကတောင်၊ အနီရောင် တိမ်တိုက်လေးကို တွေ့လိုက်ရတော့ သူတို့ဟာ ကြောက်ရွံ့ထိတ်လန့်သွားကြပါတယ်။

"အရှင်... သူက မှော်ရတနာ ထုလုပ်နေတာလား?" ခန်းနန်ဟွာက လျှင်မြန်စွာနဲ့ တုံ့ပြန်လိုက်ပါတယ်။ မြောင်ရှီးဟောင်ကလည်း ဂူထဲကနေ ထွက်လာလိုက်ပြီး၊ မဟူရာကောင်းကင် ရတနာသစ်ပင် ရှိရာဆီကို

လျှောက်လာလိုက်ကာ၊ ခန်းနန်ဟွာနဲ့ ပခုံးချင်းယှဉ်ကာ ရပ်လိုက်ပါတယ်။ "ငါတို့ နှစ်ယောက်စလုံးကို တုန်လှုပ်ခြောက်ခြားစေခဲ့တယ် ဆိုတော့၊ ဒါက မှော်ရတနာ တစ်ခုပဲ ဖြစ်လိမ့်မယ်"

ကျဲယုက အနီရောင် တိမ်တိုက်လေးကို တွေတွေကြီး စိုက်ကြည့်နေခဲ့ပါတယ်၊ "ဒါ..ဒါက ငါတို့ နဂါးကလန်ရဲ့ စွမ်းအားကြီးတဲ့ မင်္ဂလာတိမ်တိုက်ပဲ! ဒါက မီးလျှံနဂါး ကလန်ဆီကပဲ၊ ဟုတ်ပြီ၊ ယန့်မင်းရွှဲ့က သခင့်ကို ဇူရန်မိစ္ဆာမျက်လုံး ပေးထားတာပဲ။

သူက မှော်ရတနာ တစ်ပါးကို ထုလုပ်နေတာပဲ ဖြစ်လိမ့်မယ်"

"ဒါက ဘာကို ဆိုလိုနေသလဲဆိုတော့၊ ငါ့ရဲ့ အကြေးခွံတွေကို မှော်ရတနာ ထုလုပ်တဲ့ နေရာမှာ အသုံးချလိုက်တာပဲ!" ကျဲယုဟာ အခုမှ နေလို့နည်းနည်း ကောင်းသွားခဲ့ပြီး၊ "မှော်ရတနာဆိုတာ အမတန်ကို လျှို့ဝှက်ဆန်းကြယ်တဲ့ ပစ္စည်းပဲ။ ငါ့ရဲ့ အကြေးခွံတွေကို ဒီအတွက် အရိတ်ခံရတာ ဆိုရင်တော့ တန်ပါတယ်ကွာ"

"တကယ့်လို့များ သခင်က အောင်မြင်စွာ ထုလုပ်နိုင်လို့ရှိရင်၊ ငါ့ရဲ့ အကျိုးဆောင်မှုတွေလည်း ပါမှာပဲ"

ရှောင်ယန်တို့ အုပ်စုကလည်း တောင်ထိပ်က လှုပ်ရှားမှုတွေကို သတိပြုမိနေကြပါတယ်။ သူတို့ရဲ့ ကိုယ်ပေါ်က အခြေတည်ဝိညာဥ် အဆင့်က မှော်အိုင်တမ်တွေဟာ၊ ဂိုဏ်းဖွင့်ပွဲတုံးက အသွင်သဏ္ဍာန် ခြောက်မျိုးခေါ်နဲ့ တွေ့ဆုံခဲ့ရစဥ်က လိုမျိုးပဲ၊ တုန်ခါနေကြပါတယ်။

သူတို့ဟာ အခြေတည်ဝိညာဉ် အဆင့်က
မှော်အိုင်တမ်တွေသာ ဖြစ်ကြတာမို့၊
အင်မော်တယ် ဝိညာဉ် အဆင့်က
မှော်ရတနာတွေနဲ့ တွေ့ကြုံရတဲ့ အခါမှာ၊
သူတို့ဟာ အဖိနှိပ်ခံရတာက သဘာဝပါပဲ။

ရှောင်ယန်ရဲ့ မျက်ခုံးအစုံဟာ တွန့်သွားခဲ့ကာ
ဇူရီကို လှမ်းကြည့်လိုက်ပြီး၊ "ဒါက
မှော်ရတနာလား ဆိုတာကို သေချာမသိပေမဲ့
ဆရာ့ရဲ့ စည်းမျဉ်းတွေ အရဆိုရင်၊
အခြေတည်ဝိညာဉ် အဆင့်ကို အရင်ဆုံး
ရောက်သွားတဲ့ သူကို မှော်ရတနာတစ်ခု
ဆုချမှာပဲ။ ကျန်တဲ့သူတွေကတော့

ပစ္စည်းကောင်းလေး ရဖို့ဆိုရင်၊
ထပ်စောင့်ရမှာပေါ့"

"ဒုတိယ ဂျူနီယာ၊ ဒီမှော်ရတနာ
ဘယ်သူအရင်ရမလဲ ဆိုတာကို ယှဉ်ပြိုင်ဖို့
စိတ်ဝင်စားလား?"

ဇူရိက အနည်းငယ် ရယ်လိုက်ပြီး၊ "အငယ်ဆုံး
ဂျူနီယာလေးကပဲ အမြဲတမ်း ပထမရမှာတော့
မဟုတ်ပါဘူး"

တစ်ဘက်မှာ သူ့ရဲ့ စကားတွေဟာ သူ့ရဲ့
ယုံကြည်မှုကို ပြသနေတာဖြစ်သလို၊

တခြားတစ်ဘက်မှာက ရှောင်ယန်ကို
သတိပေးချင်နေခဲ့တာပါ။

အရင်တစ်ခေါက်တုံးက ဆေးလုံးကို
အရင်ဖော်ဆောင်နိုင်ခဲ့ပြီး အခြေတည်ဝိညာဉ်
မှော်အိုင်တမ်ကို ရသွားတဲ့သူက
သူလည်းမဟုတ်ပါဘူး၊ ဘာဖြစ်လို့များ
ဒီလောက်ထိ စိတ်လှုပ်ရှားနေရတာလဲ?

ရှောင်ယန်ကတော့ သူဆိုလိုနေတဲ့
အဓိပ္ပာယ်ကို သဘောမပေါက်ခဲ့ပဲ
ရယ်သာရယ်လိုက်ကာ၊ "ဒါဆိုရင်လည်း
ဘာဖြစ်မလဲ စောင့်ကြည့်ကြတာပေါ့"

ထွက်ပေါ်လာတဲ့ အသံတွေကို
နားထောင်နေခဲ့တဲ့ လင်းဖုန်းကတော့၊
ဒါတွေကို အစကတည်းက
ကြိုတင်မျှော်လင့်ခဲ့ပြီးသားပါ။ ဒါပေမဲ့လည်း
သူဟာ သိပ်ပြီးတော့ ဂရုမစိုက်ခဲ့ပါဘူး။ သူ့ရဲ့
အရှေ့က ချပ်ဝတ်တန်ဆာကိုသာ
စိုက်ကြည့်နေခဲ့ပါတယ်။ ချပ်ဝတ်တန်ဆာရဲ့
အလယ်နေရာက ဇူရန်မိစ္ဆာမျက်လုံးကလည်း
ရောမ နဂါးမျက်လုံး တစ်ခုလို သူ့ကို
စိုက်ကြည့်နေခဲ့တာပါ။

လင်းဖုန်းက ရယ်လိုက်ပြီး သူ့ရဲ့
လက်ချောင်းနဲ့ ညွှန်ပြလိုက်ပါတယ်။
မဟူရာကောင်းကင် ရတနာသစ်ပင်ကနေ
ကြွေကျလာခဲ့တဲ့ သစ်ရွက်တစ်ချို့ဟာ၊
အတူတကွ ပျံသန်းလာခဲ့ကာ
ဇူရန်မိစ္ဆာမျက်လုံးရဲ့ အပေါ်မှာ
ကျဆင်းလာခဲ့ပြီး ဖုံးအုပ်သွားခဲ့ပါတယ်။

ဒီသစ်ရွက်တွေဟာ ချပ်ဝတ်တန်ဆာနဲ့
ပေါင်းစည်းသွားတဲ့ အခါမှာ၊ သူ့ရဲ့ပုံရိပ်ဟာ
ပြောင်းလဲသွားခဲ့ပါတယ်။ သံမဏိနဲ့
လုပ်ထားတဲ့ ခေါင်းစွပ်တစ်ခုအလား
ဖြစ်သွားခဲ့ပါတယ်။

မဟူရာကောင်းကင် ရတနာသစ်ပင်က
သစ်ရွက်တွေရဲ့ သက်တန့်ရောင်စဥ်တွေနဲ့၊
ချပ်ဝတ်တန်ဆာတို့ဟာ တစ်ခုတည်း
အဖြစ်ကို ပေါင်းစည်းသွားကြပါတယ်။
သစ်ရွက်တွေရဲ့ ဖုံးအုပ်ခြင်းကို ခံလိုက်ရတဲ့
ဇူရန်မိစ္ဆာမျက်လုံးဟာ
အပြင်ပြန်မထွက်လာခဲ့ပဲ၊ သူ့ရဲ့
အတွင်းစွမ်းအားတွေကို အဆုံးစွန်အထိ
ထုတ်လွှတ်ခဲ့ပါတယ်။

ဒီအချိန်မှာတော့၊ ချပ်ဝတ်တန်ဆာ
တစ်ခုလုံးဟာ အောင်မြင်စွာနဲ့

ထုလုပ်ပြီးစီးသွားခဲ့ပါတယ်။ အဆုံးမဲ့ စိတ်ဝိညာဉ်နဲ့ မိစ္ဆာစွမ်းအင်တို့ဟာ ပေါင်းစည်းသွားခဲ့ကာ၊ အသက်စွမ်းအင် အော်ရာတစ်ခုကို ထုတ်လွှတ်ခဲ့ပါတယ်။

လင်းဖုန်းက မွေးဖွားဖို့ရာ အဆင်သင့်ဖြစ်နေတဲ့၊ ဘဝအသစ်တစ်ခုရဲ့ အသိစိတ်ကို ကြည်လင်ပြတ်သားစွာ ခံစားနေခဲ့ရပါတယ်။

"အခုက အချိန်မကျသေးဘူး" လင်းဖုန်းက သူ့ရဲ့ခေါင်းကို နှောင်တရစွာနဲ့ ခါလိုက်ပါတယ်။ သူက သူ့ရဲ့လက်ကို

မြှောက်လိုက်ပြီး ဇူရန်မိစ္ဆာမျက်လုံး ရှိနေတဲ့၊ ချပ်ဝတ်တန်ဆာရဲ့ ရင်ဘတ်အလယ် နေရာကို လက်ညှိုးထိုးလိုက်ပါတယ်။

ဒီအသက်စွမ်းအင်ဟာ လင်းဖုန်းရဲ့ ဖျက်ဆီးခြင်းကို မခံခဲ့ရပေမဲ့၊ သူ့ရဲ့ အသိစိတ်ဟာ ဇူရန်မိစ္ဆာမျက်လုံးရဲ့ အတွင်းဘက်ကို ပြန်လည်ပြီးတော့ ဖိနှိပ်ထားခြင်းကို ခံလိုက်ရပါတယ်။

လင်းဖုန်းက စိတ်ထဲကနေ အမိန့်ပေးလိုက်တော့၊ အေးရီးစ်ကိုယ်ပွားဟာ သူ့ရဲ့ဘေးကို ရောက်လာခဲ့ပါတယ်။

ချပ်ဝတ်တန်ဆာကလည်း အသံတစ်မျိုး
မြည်သွားခဲ့ကာ၊ အေးရီးစ်ကိုယ်ပွားရဲ့
ကိုယ်ပေါ်မှာ ဝတ်ဆင်ပြီးသား
ဖြစ်သွားခဲ့ပါတယ်။

ဒီချပ်ဝတ်တန်ဆာရဲ့ အရွယ်အစားဟာ
အေးရီးစ်ကိုယ်ပွားရဲ့ ခန္ဓာကိုယ်နဲ့
ကွက်တိဖြစ်သွားခဲ့ပါတယ်။ အနံ့နဲ့
အကျယ်တို့ဟာ ပြီးပြည့်စုံပြီး ချို့ယွင်းချက်
တစ်ခုမှ မရှိပါဘူး။

ချပ်ဝတ်တန်ဆာနဲ့ အေးရီးစ်ကိုယ်ပွားတို့ဟာ
အပြည့်အဝ ဆက်စပ်သွားတော့၊

အားမာန်အပြည့်နဲ့ နဂါးအော်သံ တစ်သံဟာ
ရုတ်တရက်ပဲ ပေါ်လာခဲ့ပါတယ်။
တောက်ပလှတဲ့ အနီရောင်
မီးတောက်တစ်ခုဟာ
တောက်လောင်လာခဲ့ပြီး၊
သက်တန့်ရောင်စဉ်တွေ ဖြာကျလာခဲ့ကာ
အေးရီးစ်ကိုယ်ပွား တစ်ကိုယ်လုံးကို
ဖုံးအုပ်သွားခဲ့ပါတော့တယ်။

ဒီမီးတောက်ဟာ အေးရီးစ်ကိုယ်ပွားရဲ့
ဦးခေါင်းခွံကို မျက်နှာဖုံး အုပ်ထားသလို
ဖြစ်နေပေမဲ့၊ မလောင်ကျွမ်းသွားခဲ့ပါဘူး။
အဲ့ဒီအစား သူဟာ ရုပ်ဝတ္ထု အသွင်ကို

ပြောင်းသွားခဲ့ကာ၊ အေးရီးစ်ကိုယ်ပွားရဲ့
ခေါင်းကို ကာကွယ်ထားတဲ့ ခေါင်းစွပ်တစ်ခု
အဖြစ်ကို ရောက်သွားခဲ့ပါတယ်။

ဒီခေါင်းစွပ်ရဲ့ပုံစံဟာ နဂါးခေါင်းနဲ့
တူနေခဲ့ပါတယ်။ ဒီခေါင်းစွပ်ကို ဝတ်ထားခဲ့တဲ့
အေးရီးစ်ကိုယ်ပွားဟာ၊ နဂါးခေါင်းနဲ့
လူ့ကိုယ်နဲ့ ဘီလူးကြီးတစ်ကောင်အလား
ဖြစ်နေခဲ့ပါတယ်။

ချပ်ဝတ်တန်ဆာပေါ်က သစ်ရွက်တွေဟာ
နဂါးကိုယ်ပေါ်က အကြေးခွံတွေက

လှုပ်ခါနေသလိုမျိုး၊ ပိတ်လိုက်ဖွင့်လိုက်
ဖြစ်နေကြပါတယ်။

မီးလျှံမြွေနဂါးနဲ့ မီးတောက်နဂါးတွေဟာ
ဟိန်းဟောက်နေကြပါတယ်။
ဒေါမာန်အပြည့်နဲ့ မီးတောက်တွေဟာ
အေးရီးစ်ကိုယ်ပွားကို ဝန်းရံထားကြပါတယ်။
ရှေးဟောင်းနတ်နဂါး တစ်ကောင်ရဲ့ ပုံဟာ၊
သူ့ရဲ့အနောက်က လေဟာနယ်ထဲမှာ
ပေါ်လာခဲ့ပါတယ်။ အကြေးခွံတွေရဲ့
လှုပ်ရှားမှုတွေနဲ့ အတူ၊ ကမ္ဘာမြေဟာ
တုန်ခါနေခဲ့ပါတယ်။

အင်မော်တယ် ဝိညာဉ် အဆင့်က မှော်ရတနာ၊
မီးတောက်နဂါး ကောင်းကင်ချပ်ဝတ်တန်ဆာ!

သူ့ရဲ့အရှေ့က ကြောက်မက်ဖွယ်ရာ
စွမ်းအင်လှုပ်ရှားမှုတွေကို အာရုံခံလိုက်ရင်း၊
လင်းဖုန်းဟာ ကျေနပ်ပီတိဖြစ်နေတဲ့
အပြုံးတစ်ခုကို ဖော်ပြလိုက်ပါတယ်။

အမှန်ပြောရရင်တော့၊ သူ့ရဲ့အရှေ့က
ချပ်ဝတ်တန်ဆာဟာ တကယ့် မှော်ရတနာ
အစစ်တော့ မဟုတ်ပါဘူး။
ဇူရန်မိစ္ဆာမျက်လုံးကိုလည်း အပြည့်အဝ
မသန့်စင်ရသေးပါဘူး။ ဒါက ရတနာပေါင်း

များစွာနဲ့ ထုလုပ်ထားတဲ့၊ မှော်ရတနာ
စွမ်းအားအဆင့်ရှိတဲ့၊ ပစ္စည်းတစ်ခုပဲ
ဖြစ်ပါတယ်။

သူဟာ ထုလုပ်ပြီးခါစသာ ရှိသေးပြီး
အပြည့်အဝ မကျင့်ကြံရသေးပေမဲ့၊
သူ့ရဲ့စွမ်းအား၊ လမ်းစဥ်နဲ့
သဘောတရားတို့ဟာ မှော်ရတနာ အဆင့်ကို
ရောက်သွားခဲ့ကာ၊ သူ့ရဲ့ကိုယ်ပိုင် မှော်ရတနာ
ဝိညာဥ်ကိုတောင် ဖန်ဆင်းနိုင်ခဲ့ပါပြီ။

ဒါပေမဲ့လည်း ဒီလိုဆိုရင်၊ ဒီမီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာဟာ

သူ့ရဲ့ကိုယ်ပိုင် အသိစိတ်ကို ပိုင်ဆိုင်နိုင်ပြီး၊
လင်းဖုန်းကို အညံ့ခံချင်မှ ခံမှာပါ။
အညံ့ခံခဲ့မယ် ဆိုရင်တောင်မှပဲ၊ သူဟာ
တခြားအတွေးတွေ ရှိနေနိုင်ကာ၊
အရေးကြီးတဲ့ အခိုက်အတန့်တွေမှာ
ဝင်မရှုပ်ခဲ့ရင်တောင် ကျေးဇူးတင်ရမှာပါ။

ဒါကြောင့်ပဲ လင်းဖုန်းက စိတ်ပြတ်သားစွာနဲ့
မှော်ရတနာ ဝိညာဉ်ရဲ့ မွေးဖွားခြင်းကို
ဖိနှိပ်ထားခဲ့ကာ၊ ချပ်ဝတ်တန်ဆာနဲ့
အေးရီးစ်ကိုယ်ပွားကို တစ်သားတည်း
ပေါင်းစည်းလိုက်တာပဲ ဖြစ်ပါတယ်။

တစ်ဘက်ကနေ ကြည့်လိုက်ရင်၊
အေးရီးစ်ကိုယ်ပွားဟာ မှော်ရတနာရဲ့
တစ်စိတ်တစ်ပိုင်း ဖြစ်သွားခဲ့တာပါ။

တခြားနည်းနဲ့ ပြောရရင်၊ သူဟာ မှော်ရတနာ
ဖန်ဆင်းခြင်းရဲ့ အစိတ်အပိုင်း တစ်ခုပဲ
ဖြစ်ပါတယ်။

လင်းဖုန်းက အေးရီးစ်ကိုယ်ပွားရဲ့ အသိစိတ်ကို
မှော်ရတနာ ဝိညာဉ်အနေနဲ့ အသုံးချလိုက်ကာ၊
ချပ်ဝတ်တန်ဆာ အတွင်းကို
ထည့်သွင်းလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ကောင်းကျိုးအနေနဲ့က လင်းဖုန်းဟာ ဒီမော်ရတနာကို အပြည့်အဝ ထိန်းချုပ်နိုင်မှာ ဖြစ်ပြီး၊ ဆိုးကျိုး အနေနဲ့ကတော့ တကယ့်လို့များ မော်ရတနာကသာ တစ်ခုခု ဖြစ်သွားခဲ့ရင်၊ လင်းဖုန်းကိုလည်း ရိုက်ခတ်မှု ရှိမှာ ဖြစ်ပါတယ်။

အေးရီးစ်ကိုယ်ပွားရဲ့ အသွေးအသား သန်မာမှုဟာ၊ အစကတည်းက အခြေတည်ဝိညာဉ် အဆင့်ရဲ့ အထွတ်အထိပ်က ကျင့်ကြံသူတွေနဲ့ ယှဉ်လို့ရပါတယ်။ မော်ကျိန်စာ အသုံးပြုရာမှာ အနည်းငယ် အားနည်းပေမဲ့၊ သူ့ရဲ့

တိုက်ခိုက်နိုင်မှု စွမ်းအားဟာ လင်းဖုန်းရဲ့
မူလခန္ဓာကိုယ်ထက် ပိုသာမယ်လို့ ပြောရင်
လွန်ရာမကျပါဘူး။

အခုအချိန်မှာ မီးတောက်နဂါး
ကောင်းကင်ချပ်ဝတ်တန်ဆာကို
ထပ်မံပေါင်းစည်းပေးလိုက်တော့၊ သူ့ရဲ့
စွမ်းအားတွေဟာ အဆင့်နောက်တစ်ဆင့်
ထပ်တက်သွားခဲ့ကာ၊ အစွမ်းအထက်ဆုံး
အခြေတည်ဝိညာဉ် အဆင့်က စီနီယာ
ကျင့်ကြံသူတွေနဲ့ အတူတူ ဖြစ်သွားခဲ့ပါတယ်။

လင်းဖုန်းက ကိုယ့်ကိုယ်ကိုယ်ပဲ တွေးနေခဲ့ပါတယ်။ "ဒီပစ္စည်းကောင်းလေးဟာ ယာယီ ပေါင်းစည်းထားခြင်းသာ ဖြစ်ပေမဲ့၊ ဒီလောက်အထိ စွမ်းအားကြီးနေပြီ။ ငါက အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်ရှိသွားပြီး၊ သူတို့ကို အမှန်တကယ် ပေါင်းစည်းနိုင်ကာ တကယ့် မှော်ရတနာအဖြစ် ဖန်တီးပေးနိုင်ခဲ့ရင်၊ သူ့ရဲ့စွမ်းအားတွေဟာ ကမ္ဘာကို ကိုင်လှုပ်နိုင်မှာပဲ"

သူ့ရဲ့စိတ်နဲ့ အမိန့်ပေးလိုက်တော့၊ မီးတောက်နဂါး

ကောင်းကင်ချပ်ဝတ်တန်ဆာဟာ မီးတောက်ဘောလုံး တစ်ခုအဖြစ်ကို အသွင်ပြောင်းသွားခဲ့ကာ၊ လင်းဖုန်းရဲ့ မျက်ခုံးကြားထဲကို ဝင်ရောက်ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဖုန်းက မဟူရာကောင်းကင် ရတနာသစ်ပင်ပေါ်ကနေ ဆင်းလာခဲ့တော့၊ ခန်းနန်ဟွာနဲ့ မြောင်ရှီးဟောင်တို့ နှစ်ယောက်စလုံးဟာ သူ့ကိုလာပြီးတော့ ကြိုဆိုကြပါတယ်။ ခန်းနန်ဟွာကို သူ့ရဲ့ လက်နှစ်ဘက်ကို ဆုပ်လိုက်ကာ ရယ်လိုက်ပါတယ်၊ "မှော်ရတနာ တစ်ခုကို

အောင်မြင်စွာ ဖန်ဆင်းနိုင်ခဲ့တဲ့အတွက် အရှင့်ကို ဂုဏ်ပြုပါတယ်"

မြောင်ရှီးဟောင်ကလည်း သူ့ရဲ့ပါးစပ်ကို အုပ်လိုက်ကာ ရယ်လိုက်ပါတယ်။ "အရှင့်ရဲ့ အကျင့်အရဆိုရင်၊ ဒီမှော်ရတနာကို ဘယ်သူရမလဲဆိုတာက စိတ်ဝင်စားစရာပဲ"

"ဒါက ဒီမှော်ရတနာ ဖြစ်ချင်မှ ဖြစ်မှာပေါ့" လင်းဖုန်းက အနည်းငယ် ရယ်လိုက်ပြီး ကြွားလုံးထုတ်လိုက်ပါတယ်။

"ငါက တပည့်တွေကို ရတနာတွေ ခွဲဝေပေးတဲ့
အခါမှာ၊ သူတို့ရဲ့ လိုအပ်ချက်တွေ အပေါ်မှာ
မူတည်ပြီးတော့ ပေးတာပဲ"

"ဒါပေမဲ့လည်း ငါက ငါ့ရဲ့အကျင့်ကို
ပြင်မှာတော့ မဟုတ်ဘူး။ ဒီကောင်တွေထဲမှာ
ပထမဆုံး ဝိညာဉ်ကို ဖော်ဆောင်နိုင်တဲ့သူက၊
ငါ့ဆီကနေ မှော်ရတနာ တစ်ခုကို ရရှိမှာပဲ"

မြောင်ရှီးဟောင်က ရယ်လိုက်ပြီး၊
"ဖိုးကံကောင်းလေးက ဘယ်သူဖြစ်မလဲ
ဆိုတာကို မိုးနတ်မင်းကြီးကပဲ သိမှာပဲ။
ကျွန်တော်ကတော့ ရှောင်ယန်ကို

ခန့်မှန်းထားတယ်ဗျ။ သူက စွမ်းအားကြီးပြီး
သတ္တိကောင်းကာ၊ တိုးတက်အောင်
အမြဲကြိုးစားနေတဲ့သူပဲ။ ဒါကြောင့်မို့
ကျွန်တော်က အထင်ကြီးတဲ့
လူကောင်းတစ်ယောက် ဖြစ်တာပဲ"

လင်းဖုန်းကတော့ စပ်ဖြဲဖြဲသာ
လုပ်နေခဲ့ပါတယ်။ ရှောင်ယန်ကသာ
ဒီစကားကို ကြားလို့ကတော့
ထိတ်လန့်သွားပြီး၊ သူ့ရဲ့ ကျင့်ကြံမှု
အဆင့်တွေဟာ အခြေခံအုတ်မြစ် အဆင့်ကို
ထိုးကျသွားနိုင်တယ်လို့ တွေးနေခဲ့ပါတယ်။

သူက ခန်းနန်ဟွာဘက်ကို
လှည့်ကြည့်လိုက်ပြီး ရယ်လိုက်ကာ၊
"မင်းကရော ဘယ်လိုထင်သလဲ?"

ခန်းနန်ဟွာက အနည်းငယ် ပြုံးလိုက်ကာ၊
"အရှင်က ဒိုင်လုပ်မလို့လား? ဒါဆိုရင်တော့
ကျွန်တော်ကလည်း
လောင်းကြေးထပ်ရတာပေါ့။ ကျွန်တော်က
အရှင့်ရဲ့ ဒုတိယတပည့် ဇူရီက ပထမဆုံး
ဝိညာဥ်ဖော်ဆောင်နိုင်မဲ့သူလို့
လောင်းကြေးထပ်မယ်ဗျ"

လင်းဖုန်းရဲ့ မျက်လုံးအစုံဟာ တောက်ပသွားခဲ့ပြီး၊ "အိုး? အကြောင်းရင်းလေး ပြောပါဦး"

"ထျန်းဟောင်ဟာ အရွယ်ရောက်လာတော့မှာ ဖြစ်ပြီး၊ သူ့ရဲ့စိတ်တွေဟာ တဖြေးဖြေးနဲ့ ရင့်ကျက်လာတော့မှာပါ။ သူ့ရဲ့စွမ်းရည်တွေကလည်း ပိုပိုပြီးတော့ တိုးတက်လာမှာပဲ။ အစပထမကတော့ သူဟာ မျှော်လင့်ချက် အရှိဆုံးပါ" ခန်းနန်ဟွာက ရှင်းပြလိုက်ပါတယ်၊ "ဒါပေမဲ့လည်း သူ့ရဲ့ ရွှေရောင်ဗဟိုချက်က အတော်လေး ထူးခြားနေတယ်။ သူ့ဆီမှာ ကောင်းကင်နဲ့

မြေကြီးတွေရဲ့ စွမ်းအင်ကို စုပ်ယူနေတဲ့ အပေါက်ကြီးကိုးပေါက် ရှိနေတယ်။ သူ့ရဲ့စွမ်းအားဟာ အရှင့်တပည့်တွေထဲမှာ အတောက်ပဆုံးပဲ"

"ဒါပေမဲ့လည်း ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်ရှိသွား အပြီးမှာ၊ သူဟာ သူ့ရဲ့ ရွှေရောင်ဗဟိုချက်ဟာ အပြစ်အနာအဆာ ကင်းစင်ဖို့အတွက် အာရုံစိုက်ရမယ်။ ဒီဖြစ်စဥ်ဟာ တခြားသူတွေထက် ပိုပြီးတော့ အတားအဆီးတွေနဲ့ ကြုံတွေ့ရမှာပဲ။ တကယ့်လို့များ ထူးခြားဖြစ်စဥ်မျိုး မရှိခဲ့ရင်၊

သူက ဒီအဆင့်မှာ တခြားလူတွေထက်
ပိုပြီးတော့ ကြိုးစားအားထုတ်ရမှာပဲ"

ထောင့်တစ်ထောင့်မှာ ရပ်နေတဲ့
မြောင်ရှီးဟောင်ကလည်း
ခေါင်းကိုညိတ်လိုက်ကာ၊ "မှန်ကန်တဲ့
သုံးသပ်ချက် တစ်ခုပဲ"

ခန်းနန်ဟွာက
နောက်ထပ်ဆက်ပြောလိုက်ပါတယ်၊ "အရှင့်ရဲ့
တပည့်တွေထဲမှာ ရှောင်ယန်ရဲ့ အကြွင်းမဲ့
မီးတောက်နှစ်ခုကို ထိန်းချုပ်နိုင်ခြင်းဟာ၊
အကောင်းဆုံးထဲမှာ ပါပါတယ်။ သူ့ရဲ့ အရင်က

အကြွင်းမဲ့ မီးတောက်နှစ်ခုကို
ပေါင်းစည်းလိုက်ခြင်းဟာ၊ ကျွန်တော်နဲ့
ရှီးဟောင်တို့ကိုတောင် ထိတ်လန့်စေတဲ့
ကြောက်မက်ဖွယ်ရာ စွမ်းအားကို
ဖန်တီးနိုင်ခဲ့ပါတယ်"

"ဒါပေမဲ့လည်း ကိုယ်ကျင့်စရိုက် အရဆိုရင်၊
သူဟာ စိတ်ပိုင်းဖြတ်နိုင်စွမ်း
အားကြီးလွန်းတာကြောင့်၊ တစ်ခါတစ်ရံ
အစွန်းရောက်သွားနိုင်တယ်။ သူက
အမြဲတမ်းသာ ဒီလိုဆိုရင် တချို့သူတွေရဲ့
အမြတ်ထုတ်မှုကို ခံရနိုင်ပြီး၊ သူ့ရဲ့
အသက်စွမ်းအင်တွေ ထိခိုက်ရလောက်အောင်

မဖြစ်နိုင်ပေမဲ့၊ ကျင့်ကြံမှု အချိန်ကိုတော့ အနှောင့်အယှက် ဖြစ်နိုင်တာပဲ"

ခန်းနန်ပ်ဟွာက ဒီစကားနဲ့ အဆုံးသတ်လိုက်ပါတယ်၊ "အရှင့်ရဲ့ ဒုတိယတပည့် ဗူရီအနေနဲ့ဆိုရင် သူဟာ သာမန်လို့ ထင်ရပေမဲ့၊ အမှန်တကယ်တမ်းကတော့ သူက စိတ်တည်ငြိမ်မှု အားကောင်းပြီး၊ စည်းကမ်းလည်းရှိတယ်။ သူလျှောက်တဲ့ ခြေလှမ်းတိုင်းကို သေချာစွာ ပြင်ဆင်ထားတယ်။ သူ့ရဲ့ ခြေလှမ်းတိုင်းဟာ တည်ငြိမ်မှုရှိပြီး၊ မတော်တဆဖြစ်ဖို့

အခွင့်အလမ်းနည်းပါးတယ်။ ဒါကြောင့်မို့ပဲ ကျွန်တော်က သူ့ကို သဘောကျနေတာပဲ"

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ပါတယ်။ ခန်းနန်ဟွာရဲ့ သုံးသပ်မှုဟာ သူ့ရဲ့ကိုယ်ပိုင် အကျင့်စရိုက်တွေရဲ့ လွှမ်းမိုးမှုတွေကနေလည်း မကင်းပါဘူး။

မြောင်ရှီးဟောင် အနေနဲ့ကတော့၊ သူက အပျော်သဘောမျိုးပါပဲ။

"အရှင်၊ အရှင်ကရော ဘယ်လိုလဲ? ဘယ်သူ့ကို တန်ဖိုးအထားဆုံးလဲ?" မြောင်ရှီးဟောင်က ရယ်လိုက်ရင်း မေးလိုက်ပါတယ်။

## စာစဥ် ၁၄ : အပိုင်း ၅

## အပိုင်း ၂၃၅ : အဆင်သင့် ဖြစ်ပြီလား?

"အရှင်ကရော ဘယ်သူ့ကို အကောင်းဆုံးလို့ ထင်သလဲ?"

မြောင်ရှီးဟောင်ရဲ့ မေးခွန်းကို ကြားပြီးနောက်မှာ၊ လင်းဖုန်းက ပြုံးလိုက်ပါတယ် "ငါက မင်းတို့နှစ်ယောက်ကို ကွယ်ဝှက်ထားမှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဒီအချိန်က ဒီမေးခွန်းကို ဖြေလို့ကောင်းတဲ့အချိန် မဟုတ်သေးဘူး။ သူတို့ကငါ့ကို အံ့ဩမှုကောင်းကောင်း တစ်ခု ပေးလိမ့်မယ်လို့ မျှော်လင့်နေရတာပဲ"

ခန်းနန်ဟွာနဲ့ မြောင်ရှီးဟောင်တို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီး၊ မြောင်ရှီးဟောင်က ကျိတ်ရယ်နေခဲ့ပါတယ်၊ "အရှင်၊ သင်ကလည်း မသိဘူးလား?"

"ဘာဖြစ်လို့လဲဆိုတော့ ကြီးမားတဲ့
ပြောင်းလဲမှုကြီး တစ်ခုကာ လာတော့မှာမို့ပဲ"
လင်းဖုန်းက ဖြေကြားလိုက်ပါတယ်၊
"အဖြေက ဝမ်လင်းပဲ"

ခန်းနန်ဟွာနဲ့ မြောင်ရှီးဟောင်တို့ဟာ
စဉ်းစားနေတဲ့ ပုံစံမျိုး ပေါက်သွားခဲ့ပါတယ်။

သူတို့ဟာ လင်းဖုန်းလိုမျိုး စွမ်းရည်စိစစ်တဲ့
ကိရိယာမျိုးကို မပိုင်ဆိုင်ထားပဲ၊
သူ့တပည့်တွေရဲ့ အလားအလာ
တန်ဖိုးလေးခုရဲ့ အချက်အလက်တွေကို

မသိပေမဲ့၊ သူတို့ရဲ့ လက်ရှိကျင့်ကြံမှု အဆင့်တွေရယ်၊ ဝမ်လင်းနဲ့ ဆက်ဆံခဲ့တဲ့ အချိန်တွေရယ်ကနေပြီး၊ ဝမ်လင်းဟာ ကျန်တဲ့သူတွေနဲ့ မတူဘူး ဆိုတာကိုတော့ သိနေကြပါတယ်။

လင်းဖုန်းက ရှေ့ဆက်ပြောလိုက်ပါတယ်၊ "အဓိကအချက်က ဝမ်လင်းဟာ ဘယ်အချိန်မှာ ဆေးလုံးကို ဖော်ဆောင်နိုင်မလဲ ဆိုတာပေါ်ကို မူတည်နေတယ်"

လင်းဖုန်းက သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်ပြီး အလင်းတန်း စက်လုံးလေးကို ဖန်ဆင်းလိုက်ပါတယ်။ သူ့ရဲ့အထဲမှာ ဆေးတောင်ကြားထဲက ပုံရိပ်တွေကို တွေ့မြင်နိုင်ပါတယ်။ လူသားပုံရိပ်နှစ်ခုပါ၊ ဝမ်လင်းနဲ့ ယန်ချင်တို့ပဲ ဖြစ်ကြပါတယ်။

ယန်ချင်ဟာ ထွမ်းထွမ်း ခြေမွသွားခဲ့တဲ့ စိတ်ဝိညာဉ် ဆေးပင်တစ်ပင်ကို ကောက်ကိုင်လိုက်ကာ သက်ပြင်းချလိုက်ပြီး၊ ဝမ်းနည်းတဲ့ အမူအရာကို ဖော်ပြနေခဲ့ပါတယ်။

ထွမ်းထွမ်းရဲ့ အရှေ့မှာ သူဟာ
ပြန်လည်တိုက်ခိုက်နိုင်စွမ်း မရှိခဲ့ပါဘူး။ သူဟာ
သူ့မှာရှိတဲ့ မဟာလမင်း
အကြွင်းမဲ့ရေအားလုံးကို အသုံးပြုပြီးမှ၊
သူ့ကိုယ်သူ ကာကွယ်ခဲ့ရတာပါ၊ ထွမ်းထွမ်းကို
ပြန်ချဖို့ကတော့ အဝေးကြီးပါ။

ဒါပေမဲ့လည်း မဟာလမင်း အကြွင်းမဲ့ရေ
အားလုံးကို ထုတ်လွှတ်ရခြင်းကလည်း၊
သူထိန်းချုပ်နိုင်တဲ့ အရာမျိုး မဟုတ်ပါဘူး။
တကယ်လို့များ အကြွင်းမဲ့ရေက
ထုတ်ပြေးလွတ်မြောက်သွားခဲ့ရင်၊

ဘာတွေဖြစ်လာမလဲ ဆိုတာကို ခန့်မှန်းနိုင်မှာ မဟုတ်ပါဘူး။

ဝမ်လင်းက ယန်ချင်ကို ကြည့်လိုက်ပြီး ပြောလိုက်ပါတယ်၊ "တစ်ယောက်ရဲ့ ချို့ယွင်းချက်တွေကို နားလည်ခြင်းဟာ ကျင့်ကြံမှုကို ပိုမိုအားထုတ်ဖို့ တွန်းအားပဲ ဖြစ်သင့်တယ်။ ညည်းတွားနေခြင်းဟာ ကူညီရာ မရောက်သလို၊ သူတပါးအပေါ် မီခိုချင်တဲ့ သဘောထားကို ဖြစ်ပေါ်စေတယ်၊ ဒါကလည်း မဖြစ်သင့်ဘူး"

ယန်ချင်က သတိတကြီးနဲ့
ပြန်ပြောလိုက်ပါတယ်၊ "ကျွန်တော်က
ဘယ်လောက်ပဲ ကြိုးစားကြိုးစား အားလုံးကို
လိုက်မမီနိုင်ဘူးလို့ ခံစားရတယ်၊
အထူးသဖြင့်က အငယ်ဆုံး ဂျူနီယာလေးပေါ့။
ဟင်း၊ သူက ကျွန်တော့်ကို စီနီယာလို့
ခေါ်လိုက်တိုင်း၊ ကျွန်တော်က
ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ဝင်သွားပုန်းဖို့
အပေါက်တစ်ပေါက်ကို ရှာနေမိတယ်"

ဝမ်လင်းဟာ မတ်တပ်ရပ်လိုက်ကာ
ဖေးလျှန်ပေါ်ကို တက်လိုက်ပြီး အဝေးကို
ပျံသန်းသွားပါတော့တယ်။ သူ့ရဲ့အသံဟာ

လေဟာနယ်ထဲကနေ ပျံ့လွင့်လာခဲ့ပါတယ်၊
"မင်းကသာ ဒီလိုစိတ်ပဲ ရှိနေမယ်ဆိုရင်၊
မင်းက တစ်သက်လုံး လိုက်မီမှာ မဟုတ်ဘူး"

ယန်ချင်ဟာ သူ့ရဲ့အရှေ့က ဆေးစိုက်ခင်းကို
ကြည့်လိုက်ကာ မှင်သက်နေခဲ့ပါတယ်။
ပြီးတာနဲ့ သူ့ရဲ့ပါးကို နာနာရိုက်လိုက်ပြီး၊
"မင်းရဲ့စိတ်ဓာတ်တွေကို မြှင့်တင်ထားစမ်း။
တိမ်တိုက်ရေပြင်ဂူကို ဖျက်ဆီးသွားခဲ့တဲ့
ရန်သူဟာ၊ ဒီတောက်တီထက် အများကြီး
ကြမ်းတမ်းရက်စက်တယ်။ ငါက ဒီလိုပဲ
ဖြစ်နေမယ်ဆိုရင်၊ ကျန်တဲ့သူတွေအတွက်

ဘယ်လိုလုပ်ပြီး လက်စားချေလို့
ရတော့မှာလဲ?"

"ဆရာကငါ့ကို တပည့်တစ်ယောက် အနေနဲ့
လက်ခံထားခဲ့တယ်၊ ငါက အနိုင်ကျင့်ခံ
ဘဝမျိုးမှာပဲ ရှိနေရင်၊ ဆရာ့ကို
စိတ်ပျက်စေမှာ မဟုတ်ဘူးလား? ငါကသူ့ကို
မျက်နှာအပျက်ခံလို့ မဖြစ်ဘူး"

လင်းဖုန်းနဲ့ ကျန်တဲ့နှစ်ယောက်တို့ဟာ
ဒီအလင်းတန်း စက်ဝိုင်းထဲက
အဖြစ်အပျက်ကို ကြည့်နေကြပါတယ်။
မြောင်ရှီးဟောင်က ရယ်လိုက်ပြီး၊ "သူက

နူးညံ့တဲ့ ကိုယ်ကျင့်စရိုက် ရှိပေမဲ့၊ သူ့အတွက်
ဘာကောင်းသလဲ ဆိုတာကိုတော့ သိသားပဲ။
တစ်ခုရှိတာက အနာဂတ်မှာ..."

အခြားတစ်ဘက်ခြမ်းမှာတော့၊ ခန်းနန်ဟွာက
သူ့ရဲ့မျက်မှောင်ကြီးကို ကြုတ်လိုက်ကာ
ခေါင်းကို လှည့်လိုက်ပြီး၊ လင်းဖုန်းကို
ကြည့်လိုက်ပါတယ်၊ "အရှင်၊ ကိုယ်ကျင့်စရိုက်
အနေနဲ့ဆိုရင်၊ သူက ဟုန်ယန်နဲ့ ဆင်တူတယ်။
ဒါပေမဲ့လည်း ရဲဘော်မြောင်က
ပြောထားသလိုပဲ၊ သူ့ရဲ့ ပင်ကိုစရိုက်က
နူးညံ့လွန်းတယ်၊ ရေရှည်မှာဆိုရင် သူကစံပြ
မဖြစ်နိုင်ဘူး"

ခန်းနန်ဟွာရဲ့ စကားလုံးတွေဟာ
အကျိုးအကြောင်း မဆီလျော်သလို
ဖြစ်နေခဲ့ပါတယ်။ သူဟာ ယန်ချင်ကို
ယွဲ့ဟုန်ယန်နဲ့ တစ်တန်းထဲထားပြီး
နှိုင်းယှဥ်ခဲ့တာပါ။ ယန်ချင်ဟာ သိမ်မွေ့ပြီး
နှိမ့်ချစဥ်မှာ၊ ယွဲ့ဟုန်ယန်ကတော့ မာကျောပြီး
သဘောကောင်းပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းဟာ သူ့ရဲ့
စကားလုံးတွေကို ချက်ချင်း
သဘောပေါက်လိုက်ပြီး၊ အတွေးနက်စွာနဲ့
သူ့ရဲ့ခေါင်းကို ညိတ်လိုက်ပါတယ်။

ခန်းနန်ဟွာဟာ ယန်ချင်နဲ့ ယွဲ့ဟုန်ယန်တို့ရဲ့ အပြုအမူတွေဟာ ဆင်တူတယ်လို့ပြောတာ မဟုတ်ပါဘူး။ သူက သူတို့နှစ်ယောက်စလုံးက ကိုယ်စွမ်းကိုယ်စ လိုအပ်နေတယ် ဆိုတာကို ထောက်ပြခဲ့တာပါ။

သူတို့ရဲ့ ကြိုးစားမှု၊ စိတ်ပိုင်းဖြတ်မှုနဲ့ လှုံ့ဆော်မှုတို့ဟာ အများအတွက်ပဲ ဖြစ်ကြတာပါ။

တောက်တီနဲ့ စတင်တိုက်ခိုက်တဲ့ အချိန်ကစပြီး၊ ယန်ချင်ရဲ့ လုံ့လဝီရိယဟာ

ဝမ်လင်းနဲ့ ကွဲပြားခြားနားနေခဲ့ပါတယ်။ ဝမ်လင်းရဲ့ မယိမ်းမယိုင်တဲ့ ရည်မှန်းချက်ဟာ ပိုပြီးတော့ သန့်မာလာဖို့ပါပဲ။

ယန်ချင်အနေနဲ့ကတော့၊ သူလုပ်သမျှဟာ လင်းဖုန်းကို စိတ်မပျက်ပါပဲ။ ပိုပြီးတော့ တိကျစွာနဲ့ ပြောရရင် လင်းဖုန်းရဲ့ တပည့်တစ်ယောက် အနေနဲ့၊ တခြားသူတွေက သူဟာ လင်းဖုန်းကို မျက်နှာပျက်အောင် လုပ်တယ်လို့ပြောပြီး၊ လင်းဖုန်းက တပည့်တွေကို အရမ်းမဲ့လက်ခံတယ်လို့ လက်ညှိုးဝိုင်းထိုးကြမှာကို မဖြစ်စေချင်ပါဘူး။

သူက သူ့ရဲ့ တိမ်တိုက်ရေပြင်ဂူကို
လက်စားချေဖို့နဲ့၊ လင်းဖုန်းရဲ့
အသက်ကယ်မှုတို့ကို ကျေးဇူးပြန်ဆပ်ချင်လို့
ပိုပြီးတော့ သန်မာချင်နေခဲ့တာပါ။

ဒါပေမဲ့လည်း ယန်ချင်ရဲ့ သူ့ကိုယ်သူ
ပိုပြီးသန်မာအောင် ပြုလုပ်တဲ့ အဓိက
ရည်ရွယ်ချက်ဟာ လုံလောက်အောင်
မခိုင်မာနေခဲ့ပါဘူး။

ယွဲ့ဟုန်ယန်ဟာ အကြောက်တရား
ကင်းမဲ့တဲ့ပုံ ပေါက်နေခဲ့ပေမဲ့၊ ကျင့်ကြံရတဲ့
ရည်ရွယ်ချက် အနေနဲ့ကတော့၊ သူမဟာ

ယန်ချင်နဲ့ အတူတူပါပဲ။ သူမရဲ့ အမြန်ဆုံး
သန်မာစေချင်တဲ့ အဓိက အကြောင်းရင်းဟာ၊
သူမရဲ့ သေသွားပြီဖြစ်တဲ့ အစ်ကို
ယွဲ့ဟုန်ဖန်းရဲ့ အမွေကို ဆက်ခံခဲ့ရတာနဲ့၊
နှင်းမုန်တိုင်း နိုင်ငံနဲ့ မဟာကျိုး
အင်ပါယာတို့ရဲ့ အကြားက
ရန်ငြိုးရန်စတို့ရယ်ကြောင့်ပဲ ဖြစ်ပါတယ်။

ဒါက သူမကို အမြဲတမ်း ရှေ့ဆက်နိုင်ဖို့
ယုံကြည်ချက်ပဲ ဖြစ်ပါတယ်။
ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက
ကျန်းလေရဲ့ လက်ချက်ကြောင့် ပျက်စီးသွား
အပြီးမှာ၊ ယွဲ့ဟုန်ယန်ရဲ့ ရည်မှန်းချက်ဟာ

ကျန်းလေကို လက်စားချေဖို့
ဖြစ်သွားပြန်ပါတယ်။

တကယ်လို့များ မဟာကျိုး အင်ပါယာနဲ့
ကျန်းလေတို့သာ တစ်ညထဲနဲ့
ပျောက်ကွယ်သွားမယ်ဆိုရင်၊ ယွဲ့ဟုန်ယန်ဟာ
သူမရဲ့ ရည်မှန်းချက်တွေ ပျောက်ဆုံးသွားပြီး
အနာဂတ်မှာ ဘာလုပ်ရမယ် ဆိုတာကို သိမှာ
မဟုတ်တော့ဘူးလို့၊ လင်းဖုန်းရော
ခန်းနန်ဟွာကပါ သေချာနေကြပါတယ်။

ဒါပေမဲ့လည်း ယွဲ့ဟုန်ယန်ဟာ ကြံ့ခိုင်ပြီး
ခိုင်မာတဲ့ စိတ်ဆန္ဒရှိတာကြောင့်၊ သူမဟာ

သူမရဲ့ ဦးတည်ချက်တွေ
ပျောက်ဆုံးသွားခဲ့ရင်တောင်၊ သူမရဲ့
အကျင့်အစရိုက်တွေ အရ ရှေ့ဆက်ပြီးတော့
သွားမှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ယန်ချင်အနေနဲ့ကတော့၊ သူ့ရဲ့
ပြင်ပကမ္ဘာက လှုံ့ဆော်မှုတွေသာ
ပျောက်ကွယ်သွားခဲ့ရင်၊ သူဟာ
အနာဂတ်အတွက် ရည်မှန်းချက်တွေ
လုံးလုံးလျားလျားကြီး
ကွယ်ပျောက်သွားနိုင်ပါတယ်။ သူဟာ
သူ့ရဲ့ကိုယ်ပိုင် တိုးတက်မှုတွေအတွက်
ဆာလောင်မှု နည်းပါးပြီး၊ အပြင်မှာ

စိတ်လွတ်ကိုယ်လွတ် နေရမယ်ဆိုရင် ပိုပြီးတော့ ပျော်နေမှာပါ။

လင်းဖုန်းက ပြောလိုက်ပါတယ်၊ "ယန်ချင်ရဲ့ အလားအလာတွေဟာ အကန့်အသတ် မရှိဘူး"

ဒါကလည်း အမှန်တရား တစ်ခုပါ၊ ဒါပေမဲ့လည်း ခန်းနန်ဟွာနဲ့ မြောင်ရှီးဟောင်တို့ကို ဒီထက်ပိုပြီး ရှင်းပြဖို့ အဆင်မပြေပါဘူး။

ယန်ချင်ကို သူ့ရဲ့တပည့် အဖြစ်နဲ့
စတင်လက်ခံလိုက်တဲ့ နေ့ကစပြီးတော့၊
လင်းဖုန်းက အလွန်အမင်းကို
သိချင်နေခဲ့တာပါ။

ဒါက ယန်ချင်ရဲ့ အရိုးအရင်းမြစ်
၉မှတ်ကြောင့်ပဲ ဖြစ်ပါတယ်။ သူက
ဘယ်လိုလုပ်ပြီး ရခဲ့တာလဲ?

ရှောင်ပုတန်လေးရဲ့ အရိုးအရင်းမြစ်ဟာ
၁၀မှတ် ဖြစ်ပါတယ်။ ဒါ သူ့ရဲ့ မွေးရာပါ
အခြေခံဖြစ်တဲ့၊ အန္တိမ စိတ်ဝိညာဉ်
တာဝါကြောင့်ပါ။

ရှောင်ကျန်းအာရဲ့ အရိုးအရင်းမြစ်ဟာ ဇမှတ်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမဟာ ထူးခြားပါတယ်၊ သူမဟာ သူမရဲ့ သွေးမျိုးဆက်ကနေ အမွေရခဲ့တာ ဖြစ်နိုင်ပါတယ်။

ယန်ချင်ရဲ့ အရိုးအရင်းမြစ်ကလည်း ဇမှတ်ဖြစ်တာပါ။ အခုအချိန်မှာ သူဟာ လင်းဖုန်း စမ်းစစ်ခဲ့တဲ့ လူတွေအားလုံးထဲမှာ၊ ရှောင်ပုတန်လေးကလွဲရင် အမှတ်အများဆုံးပဲ ဖြစ်ပါတယ်။

သူကဘာဖြစ်လို့ အရိုးအရင်းမြစ်
ဒီလောက်ကောင်းရတာလဲ?

သူက လင်းဖုန်းလက်အောက်ကို
ရောက်လာတော့၊ လင်းဖုန်းက လျှို့ဝှက်စွာနဲ့
စစ်ဆေးမှုတွေ လုပ်ခဲ့ပေမဲ့၊ ဘာကိုမှ
မတွေ့ခဲ့ရပါဘူး။ ဒါကလဲ လင်းဖုန်းကို
သိလိုစိတ်တွေ ပြင်းပြစေခဲ့ပါတယ်။

ခန်းနန်ဟွာနဲ့ မြှောင်ရှီးဟောင်တို့ဟာ
လင်းဖုန်းကို အထင်လွဲသွားကြပါတယ်။
မြှောင်ရှီးဟောင်က ရယ်လိုက်ပြီး၊ "ယန်ချင်ရဲ့
စိတ်စွမ်းအားကသာ နည်းနည်းလေး

ပိုပြီးတော့ သန်မာခဲ့ရင်၊ သူ့ရဲ့အနာဂတ်ဟာ
အတော်ကြီး တောက်ပနေမှာပဲ"

လင်းဖုန်းတော့ အမူအရာ မပြောင်းခဲ့ပါဘူး၊
ဒါပေမဲ့လည်း အတွင်းဘက်မှာတော့
ခါးသီးစွာနဲ့ ရယ်နေခဲ့ပါတယ်။

စနစ်ကြီးဟာ ယန်ချင်ရဲ့ စိတ်စွမ်းအားကို
ငါးမှတ်သာ ပေးခဲ့ပါတယ်။ ဒါက သူ့ရဲ့
ပင်ကိုယ် အလားအလာ ဖြစ်ပြီး၊ သူ့ရဲ့လက်ရှိ
အချက်အလက် မဟုတ်ပါဘူး။

တခြားစကားလုံးနဲ့ ပြောရရင်၊ စနစ်ကြီးဟာ
ယန်ချင်ရဲ့ စိတ်စွမ်းအားကို အများဆုံး
ငါးမှတ်သာ ပေးထားတာပါ။

အလွန်ကြီးမားတဲ့ ပြင်ပ
အကြောင်းအရာတစ်ခုက သူ့ကိုဝင်ပြီး
မလွှမ်းမိုးခဲ့ရင်ပေါ့။

သူ့ရဲ့ မိန်းမခန်းဆောင်ကို အကျယ်ကြီးဖွင့်ပြီး၊
သူ့ရဲ့ ကောင်းချီးမင်္ဂလာတွေကို
ဖြုန်းတီးပစ်ခဲ့တဲ့ ဟုန်ရဲ့လိုမျိုးပေါ့။

တကယ်လို့များ တစ်ယောက်ဟာ
ပုံမှန်အတိုင်းသာ တိုးတက်နေမယ်ဆိုရင်၊
စနစ်ကြီး ပေးထားတဲ့ အချက်အလက်တွေဟာ
အဆုံးစွန် အကန့်အသတ်ပဲ ဖြစ်ပါတယ်။

ယန်ချင်ရဲ့ စိတ်စွမ်းအားကို တိုးမြှင့်ဖို့ဆိုရင်၊
သူ့ရဲ့ စိတ်စွမ်းအားကို ပြောင်းလဲစေနိုင်တဲ့
ရှောမ ဝမ်းနည်းစရာ အဖြစ်အပျက်မျိုး
ဖြစ်ပျက်ဖို့ လိုပါလိမ့်မယ်။

သူ့ရဲ့စိတ်စွမ်းအားတွေဟာ
အရင်မပြောင်းလဲခင်မှာပဲ၊
ဒီလိုအဖြစ်အပျက်မျိုးသာ

တကယ်ဖြစ်ပျက်ခဲ့မယ် ဆိုရင်တော့၊
ယန်ချင်ရဲ့ ကျိုးပဲ့လွယ်တဲ့
စိတ်အခြေအနေနဲ့ဆိုရင် သူဟာ
အရင်စိတ်ခါတ်ကျပြီး၊ နာလန်မထူနိုင်အောင်
ဖြစ်သွားမှာပါ။

တိမ်တိုက်ရေပြင်ဂူရဲ့ အဖျက်ဆီး ခံရမှုဟာ
အခွင့်အလမ်းတစ်ခု ဖြစ်နိုင်ပေမဲ့၊
လေနတ်ဘုရားဂိုဏ်းနဲ့ လင်းဖုန်းတို့ရဲ့
အဆက်အပြတ် တားဆီးမှုတွေကနေ၊
ဒီအခွင့်အရေးဟာ လွဲချော်သွားခဲ့ရပါတယ်။

လေနတ်ဘုရားဂိုဏ်းနဲ့ လင်းဖုန်းတို့နဲ့သာ မကြုံတွေ့ခဲ့ရရင်၊ ယန်ချင်ရဲ့ ကိုယ်ကျင့်စရိုက်ဟာ အကြီးအကျယ် ပြောင်းလဲသွားနိုင်ပြီး၊ ရှေ့ဆက်ရမယ့်လမ်းကို တစ်ကိုယ်တည်း လျှောက်လှမ်းသွားနိုင်မှာပါ။ ဒါပေမဲ့လည်း သူဟာ ဒီလိုမျိုး အခက်အခဲကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း မရှိပဲ၊ စိတ်ဓာတ်ကျကာ စိတ်စွမ်းအားတွေ လုံးဝပျက်စီးသွားနိုင်ခြင်းမျိုးလည်း ဖြစ်သွားနိုင်ပါတယ်။

လေနတ်ဘုရားဂိုဏ်းရဲ့ လိုက်လံဖမ်းဆီးမှုနဲ့ လင်းဖုန်းရဲ့ ကယ်တင်ရှင် အနေနဲ့

ပေါ်ပေါက်လာမှုတို့ဟာ၊ ယန်ချင်ရဲ့
ဘဝလမ်းဆုံမှာ ရွေးချယ်စရာ တစ်ခုထက်
ပိုစေခဲ့ပါတယ်။

တကယ်လို့များ လေနတ်ဘုရားဂိုဏ်းနဲ့
သူကိုယ်တိုင်ကသာ မပေါ်လာခဲ့ဘူးဆိုရင်၊
ယန်ချင်က ဘယ်လမ်းကို ရွေးမလဲ ဆိုတာကို
လင်းဖုန်းက မကြာခဏ တွေးနေမိပါတယ်။

"ငါက မင်းပိုပြီး သန်မာလာတာကို
တွေ့ချင်နေပေမဲ့၊ ဒါက မင်းလက်ခံနိုင်စွမ်း
မရှိတဲ့၊ ကြီးမားတဲ့ ပေးဆပ်မှု တစ်ခုနဲ့
ရင်ဆိုင်ရမှာကိုလည်း စိုးရိမ်နေမိတယ်"

လင်းဖုန်းက ရင်ထဲကနေပဲ သက်ပြင်းတစ်ချက်ချလိုက်ပါတယ်" ဘာပဲပြောပြော မင်းကိုရှောင်ယန်တို့တတွေလိုမျိုး ထင်မြင်ယူဆလို့မရဘူး။ အန္တရာယ်နဲ့ ကြုံတွေ့လာတဲ့အခါ၊ သေခြင်းနဲ့ ရှင်ခြင်းတို့ကို အလွယ်တကူ ခန့်မှန်းလို့ မရဘူးလေ"

လင်းဖုန်းက သူ့ရဲ့စိတ်နဲ့ ထိန်းချုပ်လိုက်ပြီး အလင်းတန်းစက်ဝိုင်းကို ပြောင်းလဲလိုက်တော့၊ ဝမ်လင်းရဲ့ ပုံရိပ်က ပြန်ပေါ်လာခဲ့ပါတယ်။ ဝမ်လင်းဟာ ဖေးလျှန်ရဲ့ ကျောပေါ်မှာ ထိုင်နေသေးပြီး၊ သူ့ရဲ့ဂူကို ပြန်မရောက်သေးပါဘူး။

ဒါပေမဲ့လည်း သူဟာ စတင်ကျင့်ကြံနေပြီ ဖြစ်ပြီး၊ တစ်စက္ကန့်လေးကိုမှ အလဟဿ မဖြစ်စေခဲ့ပါဘူး။

ခန်းနန်ဟွာနဲ့ မြောင်ရှီးဟောင်တို့ကလည်း တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြကာ၊ ခေါင်းကို ညိတ်လိုက်ကြပါတယ်။ "ဝမ်လင်းရဲ့ သဘောပေါက် နားလည်နိုင်စွမ်းက အံ့အားသင့်ဖွယ် အလွန်ကောင်းတယ်။ သူက ဆေးလုံးကို ဖော်ဆောင်နိုင်ပြီးသွားရင်တော့၊ ကျင့်ကြံမှု အပေါ်မှာ အရိုးအရင်းမြစ်ကို မှီခိုနေရမှုဟာ သိသိသာသာကြီးကို

လျှော့ကျသွားမှာဖြစ်ပြီး၊ သဘောပေါက်နားလည်နိုင်စွမ်း အပေါ်မှာ ပိုအာရုံစိုက်ရမှာဖြစ်တယ်။ သူ့ရဲ့ စိတ်စွမ်းအားနဲ့သာဆိုရင်၊ သူ့ရဲ့ တိုးတက်မှုနှုန်းဟာ အံ့မခန်းဖြစ်လာမှာပဲ"

လင်းဖုန်းက ရယ်လိုက်ပြီး သူ့ရဲ့လက်ကိုဝှေ့ယမ်းလိုက်ပါတယ်။ အလင်းတန်းစက်ဝိုင်းလေးဟာ ပျောက်သွားခဲ့ပြီး၊ သူဟာလေဟာနယ်ပေါ်ကနေ ဆင်းသက်လာခဲ့ကာရှောင်ယန်တို့ရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ရှောင်ယန်က ထွမ်းထွမ်းကို ရန်တွေ့နေခဲ့ပါတယ်၊ "ငါက မေ့တော့မလို့၊ ငါမှတ်ထားတာက မမှားရင်၊ မင်းက လက်စွပ်ထဲမှာ ပိတ်မိနေတုံးက ငါရဲ့မှော်စွမ်းအင်တွေကို အကုန်စုပ်ယူခဲ့တဲ့ တောက်တီ မဟုတ်ဘူးလား?"

ထွမ်းထွမ်းဟာ သူမရဲ့ နှုတ်ခမ်းကို စူလိုက်ပြီး၊ "နင်က လာပြောနေသေးတယ်၊ ဒီလောက် မှော်စွမ်းအင် နည်းနည်းလေးနဲ့ အရည်အသွေးကလည်း မကောင်းဘူး၊ ငါက စားရတာ သွားကြားတောင် မညှပ်ဘူး"

ရှောင်ယန်က ဒေါသတကြီးနဲ့ လှောင်ပြောင်လိုက်ပါတယ်၊ "ဟေး၊ မင်းက အတော့်ကို ဂျီးများတာပဲ။ အခုဆိုရင် တစ်ခါတည်းနဲ့ မင်းကြိုက်သလောက်ကို ကျွေးနိုင်တယ်၊ မင်းကရော စားဖို့သတ္တိရှိရဲ့လား?"

ထွမ်းထွမ်းက ချက်ချင်းပြန်ပြောဖို့ ကြံရွယ်လိုက်ပေမဲ့၊ ရှောင်ယန်ရဲ့ အကြွင်းမဲ့ မီးတောက်နှစ်ခုကို ပေါင်းစပ်စဉ်က ထွက်ပေါ်လာခဲ့တဲ့ စွမ်းအားတွေကို စဉ်းစားမိလိုက်တော့၊ ပြန်ငြိမ်သွားခဲ့ပါတယ်။ သူမက စိတ်ထဲကနေပဲ၊ "နေဦးပေါ့ကွာ၊ ငါက

မိစ္ဆာဝိညာဉ်ကို ဖန်ဆင်းပြီးသွားမှပဲ
စားပြမယ်"

"အစ်ကိုကြီး၊ စိတ်ထိန်း၊စိတ်ထိန်း"
ရှောင်ပုတန်လေးဟာ လူသတ်လိုစိတ်တွေ
ပြင်းထန်နေတဲ့ ရှောင်ယန်ကို လျှင်မြန်စွာနဲ့
ဝင်တားလိုက်ပြီး၊
"စားကောင်းသောက်ဖွယ်တွေ ရှိတဲ့နေရာကို
သူမက ခေါ်သွားမယ်ဆိုလို့၊ ကျွန်တော်က
စောင့်နေတာ"

ခဏကြာပြီးမှ ရှောင်ပုတန်လေးက
ဆက်ပြောလိုက်ပါတယ်၊ "ပြီးတော့လည်း

သူမကို သတ်ရတာ ဘာအဓိပ္ပာယ်မှ မရှိပါဘူး။
သူမရဲ့ အသားက စားလို့မကောင်းဘူး"

အစက ရှောင်ပုတန်လေးကို
ကျေးဇူးတင်နေခဲ့တဲ့ ထွမ်းထွမ်းဟာ၊
မျက်နှာကြီး ရှုံ့မဲ့သွားခဲ့ပါတော့တယ်။

"ဟွန့်၊ တစ်ယောက်မှ ကောင်းတဲ့ဟာတွေ
မဟုတ်ဘူး!"

လင်းဖုန်းက သူ့ရဲ့ခေါင်းကို ခါလိုက်ကာ
ရယ်လိုက်ပြီး၊ ထွမ်းထွမ်းရဲ့ဘေးကို
ရောက်လာခဲ့ပါတယ်။ သူက သူ့ရဲ့လက်ကို

ဆန့်တန်းလိုက်ပြီး
သူမရဲ့ခေါင်းသေးသေးလေးကို ကိုင်လိုက်ကာ၊
ရှောင်ယန်ဘက်ကို ဇွဗဒီဂရီ စောင်းလိုက်ပြီး
ဦးညွှတ်စေခဲ့ပါတယ်။ "ငါကမင်းကို
နောက်ထပ်တစ်ခေါက်ပြောဖို့ အခွင့်အရေး
ပေးလိုက်မယ်၊ မင်းကအခု
ဘာပြောသင့်သလဲ?"

"တောက်တီကောင်းဆိုတာ အခြေအနေ
မကောင်းရင် ပြန်မချရဘူး" ထွမ်းထွမ်းဟာ
သူမရဲ့ နှုတ်ခမ်းတွေကို ကိုက်လိုက်ပြီး၊
ပါးစပ်ကြီးကို ရွဲ့လိုက်ကာ၊
"တောင်းပန်ပါတယ်၊ ကျွန်မက

အစကတည်းက မှားခဲ့ပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါရှင်"

လင်းဖုန်းက ရယ်လိုက်ပြီး၊ "ဘာကျန်သေးလဲ?"

ထွမ်းထွမ်းက မျက်စောင်းလေးကို ထိုးလိုက်ပြီး၊ "အနာဂတ်မှာ ရှင်ကကျွန်မရဲ့ အကူအညီကို လိုအပ်ခဲ့ရင်၊ ပြောပါရှင်။ ကျွန်မက အတိတ်က အပြစ်တွေအတွက် ပြန်လုပ်ပေးပါမယ်"

ရှောင်ယန်ကလည်း လင်းဖုန်းက
ထွမ်းထွမ်းဟာ သူ့ရဲ့ စိတ်ဝိညာဉ်
အိမ်မွေးတိရိစ္ဆာန်ဖြစ်တယ်လို့
ပြောထားတာကို ပြန်စဉ်းစားလိုက်ပြီး၊
သူ့ရဲ့အမိန့်အရ ထွမ်းထွမ်းက
တောင်းပန်နေတာကို ကျေနပ်သွားခဲ့ကာ၊
"ထားလိုက်ပါတော့၊ မင်းကနောက်ထပ်
ပြဿနာ မရှာရင်ကိုပဲ မိုးနတ်မင်းကြီးကို
ကျေးဇူးတင်နေပါပြီ"

ထွမ်းထွမ်းကလည်း သူ့ကို
မဲ့ရွဲ့ပြလိုက်ပါတယ်။

လင်းဖုန်းက သူမရဲ့ခေါင်းကို ပုတ်လိုက်ပြီး၊ ရှောင်ယန်ဘက်ကို လှည့်လိုက်ကာ ရုတ်တရက်ပဲ မေးလိုက်ပါတယ်၊ "မင်းက အဆင်သင့် ဖြစ်ပြီလား?"

ကျန်တဲ့သူတွေက လင်းဖုန်းက ဘာကိုဆိုလိုနေသလဲ ဆိုတာကို သဘောမပေါက်ခဲ့ပေမဲ့၊ ရှောင်ယန်ကတော့ ချက်ချင်းနားလည်လိုက်ပါတယ်။ သူက သူ့ရဲ့ အပြုံးတွေကို ရုပ်သိမ်းလိုက်ပြီး၊ လင်းဖုန်းကို လေးနက်စွာနဲ့ ဦးညွှတ်လိုက်ကာ၊ "ဟုတ်ကဲ့ပါ ဆရာသခင်၊ သင့်တပည့်က အဆင်သင့်ဖြစ်ပါပြီ!"

## စာစဉ် ၁၄ : အပိုင်း ၆

## အပိုင်း ၂၃၆ : ကတိအတိုင်း ပေါ်လာခြင်း

"ဆရာ့တပည့်က အဆင်သင့် ဖြစ်ပါပြီ"
ရှောင်ယန်က လေးနက်စွာနဲ့
ပြောလိုက်ပါတယ်။

လင်းဖုန်းက သူ့ရဲ့ခေါင်းကို ညိတ်လိုက်ပြီး၊
"သွားပြီး ပြင်ဆင်ချေ၊ ငါတို့သွားဖို့
အချိန်ကျပြီ"

ရှောင်ယန်က ပြန်ပြောလိုက်ပါတယ်၊ "ဆရာကရော ကျွန်တော်နဲ့ လိုက်မှာလား?"

လင်းဖုန်းက ရယ်လိုက်ပါတယ်၊ "ငါက မင်းနဲ့ မုယုံယန်ရန်တို့ရဲ့ တိုက်ပွဲကို ဝင်ပြီးစွက်ဖက်မှာ မဟုတ်ဘူး။ ဒါပေမဲ့လည်း အလင်းဓားမြန်ဂိုဏ်းက တစ်ခုခု မဟုတ်တာ လုပ်ခဲ့ရင်၊ သူတို့ကို စည်းမျဉ်းစည်းကမ်း အကြောင်းကို သင်ပေးရမှာပေါ့"

သူက ဒီလိုမျိုး ပြောလိုက်ပေမဲ့၊ လင်းဖုန်း တကယ်ပြောချင်တဲ့ စကားတွေက အောက်ပါအတိုင်းပါ။

"ဒါက အရှုံးသမားနဲ့ တိုက်ခိုက်တဲ့ ဒဏ္ဍာရီလာ တိုက်ပွဲပဲ! ငါက လက်လွတ်ခံလို့ ဘယ်ဖြစ်မလဲ!"

လင်းဖုန်းဟာ သူ့ရဲ့ရင်ထဲက အရေအတွက်သုံးခု အင်းရှစ်ကွက် မီးတောက်ဟာ ထိန်ညီးစွာနဲ့ တောက်လောက်နေတယ်လို့ ရင်ထဲကနေ ခံစားခဲ့ရပါတယ်။ သူက ရှောင်ယန်ကို

တပည့်အဖြစ်နဲ့ စတင်လက်ခံလိုက်တဲ့
နေ့ကစပြီး စောင့်မျှော်နေခဲ့ရတဲ့၊ ပိုပြီးတော့
သန့်မာတဲ့လူဘက်က
ပွဲကြည့်ပရိတ်သတ်အဖြစ်
ကြည့်နိုင်မယ့်ရက်က၊
ရောက်လာပါတော့မယ်။

အလင်းခားမြန်ဂိုဏ်း အနေနဲ့ကတော့၊
သူတို့ဟာ ရှောင်ယန်ရဲ့ အရှေ့မှာ ဖော်ပြဖို့
မထိုက်တန်ပါဘူး။ သူတို့ကိုယ့်ကိုယ်သာ
သတိထားပြီး နေရမှာပါ။

ရှောင်ယန်က ရယ်လိုက်ပြီး၊
"မုယုံယန်ရန်နဲ့အတူ ဝူကျိုးကို
လိုက်လာတဲ့သူတွေကိုပဲ
ပစ်မှတ်ထားလိုက်ရင်၊ အလင်းခေးမြန်ဂိုဏ်းက
ဘာလုပ်ချင်နေသလဲဆိုတာ သိနိုင်တာပဲ"

"အလင်းခေးမြန်ဂိုဏ်းရဲ့ တည်နေရာဖြစ်တဲ့၊
ရှင်းယွင်တောင်ထိပ်ဟာ၊ မဟာချင်
အင်ပါယာရဲ့ အရှေ့တောင်ဘက်မှာ
ရှိတာမဟုတ်လား?" ရှောင်ပုတန်လေးဟာ
ခဏ စဉ်းစားလိုက်ပြီး၊ ထွမ်းထွမ်းဘက်ကို
လှည့်လိုက်ပါတယ်၊ "နင်ပြောထားတာ
ငါမှတ်မိသေးတယ်၊ မဟာချင် အင်ပါယာရဲ့

အရှေ့တောင်ဘက်မှာ စားလို့ကောင်းတဲ့ မိစ္ဆာမြွေအသားရှိတယ်မလား?"

ထွမ်းထွမ်းကလည်း ခေါင်းညိတ်လိုက်ပြီး၊ သူမရဲ့ နှုတ်ခမ်းတွေကို သပ်လိုက်ကာ စားမြုံ့ပြန်နေခဲ့ပါတယ်၊ "အပြာရောင်တိမ်တိုက် ဦးချိုမြွေ၊ အရာသာ တော်တော်ကောင်းတယ်"

ရှောင်ပုတန်လေးက "အင်"ဆိုပြီး အဖြေပေးခဲ့ကာ၊ ရှောင်ယန်ရဲ့ အရှေ့ကို လာလိုက်ပြီး လေးနက်စွာနဲ့ ပြောလိုက်ပါတယ်၊ "အစ်ကိုကြီး၊ ကျွန်တော့်ကို

လိုက်ခွင့်ပြုပါ။ မုယုံယန်ရန်နဲ့ သူမရဲ့ဂိုဏ်းဟာ တစ်ခုခု ကြံစည်ခဲ့ရင်၊ ကျွန်တော်က ကူညီလို့ရတာပေါ့"

"သွားစမ်းပါ!" ရှောင်ယန်က ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။ "မင်းက မိစ္ဆာတွေကို ဖမ်းပြီး စားချင်တယ်ဆိုလည်း စားချင်တယ်ပြောပေါ့၊ စကားချိုတွေ သပ်မနေပါနဲ့ကွာ"

ရှောင်ပုတန်လေးကလည်း စပ်ဖြဲဖြဲနဲ့ ရယ်လိုက်ပြီး၊ "ကျွန်တော့်ရဲ့ အဓိက

ရည်ရွယ်ချက်က အစ်ကိုကြီးကို အားပေးဖို့ပါ၊
ကျန်တဲ့ဟာတွေက အပိုဆုပေါ့"

လင်းဖုန်းက သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး
ရယ်လိုက်ကာ၊ ဘာပူပန်ခြင်းမျိုးမှ မရှိပဲ
လူအုပ်ကြီးကိုသာ ကြည့်လိုက်ပါတယ်။
ရှောင်ပုတန်လေးက လိုက်လာမယ်ဆိုလည်း၊
ကိစ္စတော့ သိပ်မရှိပါဘူး။

ဇူရီကတော့ တောင်ပေါ်မှာ နေခဲ့ပြီး
တပည့်သစ်တွေကို သင်ပြနေမှာပါ။ ဝမ်လင်းနဲ့
ယန်ချင်တို့ကလည်း ကြိုးကြိုးစားစားနဲ့
လေ့ကျင့်နေကြပါတယ်။ ရှောင်ပုတန်လေး

အပြင်၊ လင်းဖုန်းဟာ ယွဲ့ဟုန်ရန်ကိုလည်း ခေါ်သွားခဲ့ပါတယ်။

ယွဲ့ဟုန်ယန်နဲ့ ယန်ချင်တို့ဟာ ကွဲပြားခြားနားကြပါတယ်။ သူမဟာ ထိုင်ပြီးတော့ ကျင့်ကြံနေမှုနဲ့ မအပ်စပ်ပါဘူး။ တခြားနည်းနဲ့ ပြောရရင်၊ တိုက်ပွဲမှာ လက်တွေ့တိုက်ခိုက်ခြင်းဟာ သူမကို အဆင့်တက်စေရန် ပိုပြီးတော့ ကူညီရာ ရောက်ပါတယ်။

ရှောင်ပုတန်လေးဟာ ရှောင်ယန်ကို ကြည့်နေခဲ့ပြီး၊ ရုတ်တရက်

ငြိမ်ကျသွားခဲ့ပါတယ်။ ခဏကြာတော့ သူ့ရဲ့ခေါင်းကို လင်းဖုန်းဘက် လှည့်လိုက်ကာ ပြောလိုက်ပါတယ်၊ "ဆရာသခင်၊ အစ်ကိုကြီးရဲ့ ကိစ္စ ပြီးသွားခဲ့ရင်၊ ကျွန်တော်က ကျွန်တော့်ရဲ့ မိဘတွေကို သွားရှာချင်တယ်ဗျ"

လင်းဖုန်းကလည်း သူ့ရဲ့ခေါင်းကို ညိတ်လိုက်ကာ ပြန်ပြောလိုက်ပါတယ်၊ "ငါကလည်း မင်းမိဘတွေရဲ့ သတင်းကို စုံစမ်းနေတာ၊ ဒါပေမဲ့လည်း သူတို့က မင်းတို့ရဲ့ ရှိမိသားစုကို ပြန်မရောက်ကြသေးဘူး။ ဒီနှစ်ပိုင်းတွေ အတွင်းမှာ ဘာသတင်းမှ မရခဲ့ဘူး"

"အဖြစ်နိုင်ဆုံး အရာက သူတို့ဟာ သီးသန့်ဒိုင်မန်းရှင်း တစ်ခုမှာ ရောက်နေကြလို့ပဲ ဖြစ်မယ်၊ ဒါကြောင့် သူတို့ရဲ့ သတင်းတွေကို မကြားရတာပဲ"

ရှောင်ပုတန်လေးဟာ သူ့ရဲ့မျက်လုံးတွေကို အကျယ်ကြီး ဖွင့်လိုက်ကာ စိုးရိမ်နေတဲ့ပုံနဲ့၊ "ဆရာသခင်...."

လင်းဖုန်းက ဖွဖွလေး ရယ်လိုက်ပြီး၊ "စိတ်မပူပါနဲ့။ မင်းက မသိသေးလို့ပါ၊ ရှီမိသားစုမှာ ရွှေရောင်ဗဟိုချက် အဆင့်ကို

ရောက်ပြီးသွားကြတဲ့ သူတိုင်းဟာ၊ ကလန်ရဲ့ ဘုရားခန်းမှာ သူတို့ရဲ့ စိတ်ဝိညာဉ်တွေနဲ့ ဆက်သွယ်ထားတဲ့ သက်စောင့်မီးအိမ် တစ်ခုကို ထားထားကြတယ်။ တစ်ယောက်ရဲ့ စိတ်ဝိညာဉ်က မပျက်စီးသေးရင်၊ သက်စောင့်မီးအိမ်ကလည်း မငြိမ်းဘူး"

"မင်းရဲ့ဖခင်ဟာ မင်းကြောင့် မိသားစုထဲကနေ ထွက်သွားခဲ့တာ၊ ရှီမိသားစုမှာလည်း မင်းနဲ့ မင်းဖခင်တို့ကို သနားကြတဲ့ သူတွေက ရှိသေးတယ်။ သူတို့က မင်းဖခင်ရဲ့ သက်စောင့်မီးအိမ်ကို ထားထားကြသေးတယ်" လင်းဖုန်းက

ဆက်ပြောလိုက်ပါတယ်၊ "အခုနောက်ဆုံး ရထားတဲ့ သတင်းအရဆိုရင်၊ မင်းဖခင်ရဲ့ သက်စောင့်မီးအိမ်က လင်းနေတုံး ရှိသေးတယ်"

ရှောင်ပုတန်လေးဟာ စိတ်သက်သာရာ ရသွားပြီး သက်ပြင်းတစ်ချက် ချလိုက်ပေမဲ့၊ သူဟာ အနည်းငယ် ပူပန်မှုတွေတော့ ရှိပါသေးတယ်။

ထောင့်တစ်ထောင့်မှာ ရပ်နေခဲ့တဲ့ ဇူရီဟာ ညင်သာစွာနဲ့ ပြောလိုက်ပါတယ်၊ "ဆရာသခင်၊ လာမယ့်နှစ်ဝက်မှာ အရပ်သား စာမေးပွဲ

ကျင်းပတော့မယ်။ ကျွန်တော်က ဒီစာမေးပွဲကို ဝင်ဖြေချင်တယ်"

"ကျေးဇူးပြုပြီးတော့ စိတ်မပူပါနဲ့ ဆရာသခင်၊ ကျွန်တော်က တောင်ပေါ်က တပည့်တွေကို သင်ကြားပြသမှု တာဝန်ကို အထိခိုက်ခံမှာ မဟုတ်ပါဘူး"

လင်းဖုန်းက သူ့ကိုကြည့်လိုက်ကာ ဖြေးဖြေးချင်း ပြန်ဖြေလိုက်ပါတယ်၊ "မင်းအလုပ်လုပ်တဲ့ ပုံစံကို ဆရာက စိတ်ချပါတယ်။ ဒီစာမေးပွဲက မင်းရဲ့

အိမ်မက်တွေကို အကောင်အထည်ဖော်ဖို့ အခွင့်အရေး တစ်ခုပဲ"

ဇူရီကလည်း တိတ်ဆိတ်စွာနဲ့ ခေါင်းကိုသာ ညိတ်လိုက်ပါတယ်။

သူနဲ့ လင်းဖုန်းတို့ နှစ်ယောက်စလုံးဟာ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ မဟာကျိုး အင်ပါယာတို့က ဟန်းနီးမွန်း ကာလကို ရောက်နေတယ် ဆိုတာကို သိနေကြပါတယ်။ လင်းဖုန်းကို စိတ်တိုအောင်လို့ ကျိုးကေရာဇ် လျှမ်ပန်းက လုပ်မှာ မဟုတ်ပါဘူး။

တကယ်လို့များ ဇူရီက ဒီစာမေးပွဲကို
အောင်ခဲ့မယ်ဆိုရင်၊ သူဟာ သူ့ရဲ့မိခင်၊
မုန့်ပင်းယွှင်ကို နာမည်ကောင်း ပေးနိုင်မှာ
ဖြစ်ပါတယ်။

လျှမ်ပန်းရဲ့ အမိန့်ပြန်တမ်းကို၊ ရွှမ်ကျိအမတ်
ဇူဟုန်ဝူတောင် လိုက်နာရမှာပါ။

သူက ဘယ်လောက်အထိ ရနိုင်မလဲ
ဆိုတာက၊ ဇူရီက မဟာကျိုး အင်ပါယာရဲ့
အခြေအနေတွေကို
ဘယ်လောက်နားလည်သလဲ ဆိုတာရဲ့
အပေါ်မှာ မူတည်နေပါတယ်။

ခရီးစတင် မထွက်ခင်၊ လင်းဖုန်းဟာ ခန်းနန်းဟွာနဲ့ မြောင်ရှီးဟောင်တို့ကို မှာကြားစရာ ရှိတာတွေ မှာကြားပြီးတော့၊ ဝမ်လင်းရဲ့ဂူ ရှိရာဆီကို သွားခဲ့ပါတယ်။

ဝမ်လင်းဟာ လင်းဖုန်းရောက်လာတာကို တွေ့လိုက်တော့၊ ကျင့်ကြံမှုတွေကို ရပ်ထားခဲ့ပြီး လင်းဖုန်းကို နှုတ်ဆက်လိုက်ပါတယ်။ လင်းဖုန်းဟာ သူ့ရဲ့ခေါင်းကို ညိတ်ပြလိုက်ကာ၊ ဝမ်လင်းကို ဆေးလုံးတွေ အပြည့်နဲ့ ကြွေပုလင်း တစ်လုံးကို ပေးလိုက်ပါတယ်။

"ဆရာ?" ဝမ်လင်းက အနည်းငယ် ကြောင်သွားခဲ့ပြီး လင်းဖုန်းကို ကြည့်လိုက်ပါတယ်။ လင်းဖုန်းက "ဒီကြွေပုလင်းထဲမှာ ကောင်းကင်မာစတာ ခားဂိုဏ်းက ပေးထားတဲ့ ကောင်းကင်ဆေးလုံးတွေ ရှိနေတယ်။ စုစုပေါင်း ဆေးလုံး ခုနှစ်လုံးရှိတယ်။ မင်းက အခြေအနေပေါ် မူတည်ပြီး သူတို့ကို သောက်သုံးရမယ်။ ဒီဆေးလုံးတွေဟာ အကြိမ်ကြိမ် သောက်လို့ရပေမဲ့၊ သူ့ရဲ့ အကျိုးသက်ရောက်မှုတွေဟာ ကြာလာတာနဲ့ အမျှ လျော့နည်းသွားလိမ့်မယ်"

ဝမ်လင်းဟာ ဒီကောင်းကင်ဆေးလုံးတွေကို
လှမ်းယူလိုက်ပေမဲ့၊ တစ်ခုခုက မှားနေတယ်
ဆိုတာကို သတိမမူမိပါဘူး။
ဂိုဏ်းတစ်ဂိုဏ်းလုံးမှာ သူတစ်ယောက်ထဲက
ဒီဆေးလုံးကိုသောက်ဖို့ သင့်တော်တာပါ။

ဆေးလုံးကို အသုံးပြုပြီးမှ ကျင့်ကြံတာဟာ
အခြေခံတွေ သိပ်မခိုင်မာတဲ့ အတွက် ၊
ကိုယ့်ကိုယ် ကျင့်ကြံမှုတွေ
ပြုလုပ်တာလောက် မသေချာပါဘူး။
ရှောင်ယန်၊ ရှောင်ပုတန်၊ ဇူရီ၊ ယန်ချင်နဲ့
ယွဲ့ဟုန်ယန်တို့ တောင်မှပဲ ဆေးလုံးတွေကို

သုံးစွဲတာထက်စာရင်၊ ကိုယ်တိုင် ကြိုးစားပြီးမှ အဆင့်တွေကို တက်အောင်လုပ်ချင်ကြတာပါ။

သူတို့က အသုံးပြုချင်ရင်တောင်မှပဲ၊ လင်းဖုန်းက ခွင့်ပြုမှာ မဟုတ်ပါဘူး။

တကယ်လို့သာ ၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံး ဖြစ်ခဲ့မယ် ဆိုရင်တော့၊ အခြေအနေ နောက်တစ်မျိုး ဖြစ်သွားပါပြီ။ ဒါက ကောင်းကင်ဆေးလုံးနဲ့ မတူပါဘူး။ သူ့ဆီမှာ ဘေးထွက်ဆိုးကျိုးတွေ မရှိပဲနဲ့၊ အကျိုးသက်ရောက်မှုတွေဟာ အံ့မခန်းပါပဲ။

ဒါပေမဲ့လည်း ဝမ်လင်းက သူတို့နဲ့ မတူပါဘူး။ သူ့ရဲ့ အရိုးအရင်းမြစ်ဟာ အတော့်ကို အားနည်းပြီး၊ ချီသာဝက အဆင့်နဲ့ အခြေခံအုတ်မြစ် အဆင့်တို့မှာ လိပ်တွားသွားသလို နှေးကွေးမှာပါ။ သူက တခြားလူတွေထက်စာရင် အကြာကြီး ပိုကြာမှာပါ။

စိတ်စွမ်းအားနဲ့ သဘောပေါက် နားလည်နိုင်စွမ်းတို့က အမှတ်ပြည့် ရထားတော့၊ ဝမ်လင်းဟာ ဆေးလုံးတွေကို အသုံးပြုပြီးမှ ကျင့်ကြံမှုကို အဆင့်မြှင့်ခဲ့မယ်

ဆိုရင်တောင်၊ သူ့ရဲ့ အခြေခံတွေဟာ ခိုင်မာပြီး စိတ်ချရနိုင်ကာ အကျိုးသက်ရောက်မှု ကြီးမားမှာပဲ ဖြစ်ပါတယ်။

တကယ်လို့များ တစ်ခါအသုံးပြုပြီးတိုင်း၊ ဆေးလုံးတွေရဲ့ အကျိုးသက်ရောက်မှုကသာ လျော့မနည်းသွားဘူးဆိုရင်၊ လင်းဖုန်းက ကောင်းကင်ဆေးလုံးတွေကို အမြောက်အမြား ထုတ်လုပ်နိုင်အောင် ကြိုးစားပြီး၊ ဝမ်လင်းကို တိုက်ကျွေးမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ပဲ ဝမ်လင်းက ဒီကောင်းကင်ဆေးလုံးတွေကို ရရှိခဲ့တဲ့

အခါမှာ၊ သူက လင်းဖုန်းကိုသာ ကျေးဇူးတင်စိတ်တွေ ရှိနေခဲ့ပြီး၊ သူက ဆေးလုံးအားလုံးကို မောင်ပိုင်စီးလိုက်တဲ့ အတွက် ဂိုဏ်းတူမောင်နှမတွေရဲ့ မပျော်မရွှင် ဖြစ်မှာကို မစိုးရိမ်နေခဲ့တာပါ။

လင်းဖုန်းက ဝမ်လင်းကို ကြည့်လိုက်ကာ ဖြေးဖြေးချင်း ပြောလိုက်ပါတယ်။ "လင်း၊ မင်းဆီမှာ ခိုင်မာတဲ့ စိတ်စွမ်းအားရှိပြီး၊ ဒါက မင်းရဲ့ ခွန်အားပဲဖြစ်တယ်။ ငါက အများကြီး ဆက်မပြောတော့ဘူး၊ ဒါပေမဲ့လည်း မင်းကို သတိပေးချင်တာက မင်းက အလောတကြီး လုပ်လို့ မဖြစ်ဘူး။ ဖြေးဖြေးမှန်မှန် ကြိုးစားပါ"

ဝမ်လင်းက သူ့ရဲ့ခေါင်းကို မော့လိုက်ပြီး၊ လင်းဖုန်းကို ကြည့်လိုက်ပါတယ်။ လင်းဖုန်းရဲ့ အကြည့်ဟာ သူ့ရဲ့ ရင်ထဲတိုင်အောင် ထိုးဖောက်ဝင်ရောက်သွားတယ်လို့ ခံစားလိုက်ရပါတယ်။

ကွဲပြားခြားနားတဲ့ ပြိုင်ဘက်တွေကို ရင်ဆိုင်ရတဲ့ အခါမှာ၊ ကွာခြားချက်တွေဟာ သိပ်မသိသာခဲ့ပေမဲ့၊ ထွမ်းထွမ်းကို ဖမ်းတဲ့ဖြစ်စဉ်မှာ၊ လူအတော်များများဟာ သူမနဲ့ အလှည့်ကျ ရင်ဆိုင်တိုက်ခိုက်ခဲ့တော့၊

လင်းဖုန်း တပည့်တွေရဲ့ ကျင့်ကြံမှုအဆင့်
ကွာခြားချက်တွေဟာ ပေါ်လာခဲ့ပါတယ်။

တိုက်ပွဲတိုက်ခိုက်တဲ့ နေရာမှာ၊ လက်ရှိ
အသန်မာဆုံးဟာ အကြီးဆုံး တပည့်ဖြစ်တဲ့
ရှောင်ယန်ပဲ ဖြစ်ပါတယ်။ သူဟာ
ဂန်ဂျင်ကျားဘုရင်ရဲ့ ရုပ်အလောင်းနဲ့
အသွေးအသားတွေကို ဖွဲ့စည်းထားပြီး၊
ဝါးမျိုခြင်း မှော်အတတ်နဲ့ မဟာသူရိယ
အကြွင်းမဲ့ မီးတောက်ကို ပိုင်ဆိုင်ထားတဲ့၊
ထွမ်းထွမ်းကို အသာစီးကနေ
ဖိနှိပ်နိုင်ခဲ့ပါတယ်။

ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နဲ့
မဟာသူရိယ အကြွင်းမဲ့ မီးတောက်တို့ နှစ်ခုကို
ပေါင်းစည်းလိုက်ခြင်းဟာ၊
ကြောက်မက်ဖွယ်ရာ စွမ်းအားကို
ထုတ်လွှတ်နိုင်ခဲ့ပြီး၊ ခန်းနန်ဟွာနဲ့
မြှောင်ရှီးဟောင်တို့ကိုတောင်
သတိထားစေခဲ့ကာ၊ ထွမ်းထွမ်းကို
ခြောက်လှန့်နိုင်ခဲ့ပါတယ်။

ပြောရမယ်ဆိုရင် ဇူရီဟာ မလှုပ်ရှားခဲ့ပေမဲ့၊
သူ့ရဲ့ ကောင်းကင် အလင်းနဲ့အမှောင်
မန်ဒလာ မဟာနယ်နိမိတ်ကို အသုံးပြုကာ၊

ထွမ်းထွမ်းကို
ထောင်ချောက်ဆင်နိုင်ခဲ့ပါတယ်။

ရှောင်ပုတန်လေးဟာ တိုက်ရိုက်ဝင်မပါပေမဲ့၊
ဇူရီကို တစ်ပတ်ရိုက်ကာ အခွင့်အရေးယူပြီး
အမြတ်ထုတ်နိုင်ခဲ့ပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းဟာ ဇူရီရဲ့
မှော်ကျိန်စာကို ရုပ်သိမ်းလိုက်ပေမဲ့၊
ထွမ်းထွမ်းဟာ ရှောင်ပုတန်လေးကို ဘာမှ
ပြန်မလုပ်ရဲခဲ့ပါဘူး။

ရှောင်ပုတန်လေးရဲ့ အပေါက်ကိုးပေါက်ပါ ရွှေရောင် ဗဟိုချက်ဟာ ခွဲခြမ်းနိုင်ပြီး၊ မြေကြီးကို ဝါးမျိုနိုင်ပါတယ်။ သူဟာ လင်းဖုန်းရဲ့ တပည့်တွေ အားလုံးထဲမှာ၊ မှော်စွမ်းအင် အားအကောင်းဆုံး ဖြစ်ပါတယ်။ ကောင်းကင်လှူပ်ခါ မိုးကြိုးမုန်တိုင်းကို လေ့ကျင့်ပြီးသွားတော့၊ သူ့ရဲ့ သန်မာတဲ့ အသွေးအသားတို့ရဲ့ ဖျက်ဆီးနိုင်စွမ်းဟာ ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းလာခဲ့ပါတယ်။

ဘတ်စ်တလီ အနက်ရောင် နဂါးကလန်ဟာ ၊ ရှေးဟောင်း နတ်နဂါးတွေထဲမှာ

ခန္ဓာကိုယ်စွမ်းရည် အစွမ်းအထက်ဆုံး ဖြစ်ပါတယ်။

မိစ္ဆာကလန်တွေ အားလုံးထဲမှာတောင်၊ သူဟာ အသန်မာဆုံးတွေ အထဲမှာ ပါပါတယ်။ ဒါပေမဲ့လည်း ကျဲယုဟာ မိစ္ဆာဝိညာဉ်ကို မဖော်ဆောင်ရသေးပဲ မိစ္ဆာသခင် အဖြစ်ကို မရောက်သေးခင်မှာ၊ ရှောင်ပုတန်လေးကို အနိုင်မယူနိုင်ပါဘူး။

သူတို့က ထိပ်တိုက်ရင်ဆိုင်ခဲ့စဉ်မှာ၊ ထွမ်းထွမ်းဟာ သူတို့သုံးယောက်စလုံးကို အနိုင်မယူနိုင်ခဲ့ပါဘူး။

ကျန်တဲ့သူတွေထဲမှာ၊ ယွဲ့ဟုန်ယန်က မရှိနေပါဘူး။ ယန်ချင်နဲ့ ဝမ်လင်းတို့ဟာ ထွမ်းထွမ်းနဲ့ ရင်ဆိုင်ခဲ့ပေမဲ့၊ သူမရဲ့ အလွယ်တကူ ဖိနှိပ်ခြင်းကို ခံခဲ့ရတာပါ။

အထူးသဖြင့် ထွမ်းထွမ်းဟာ ဝမ်လင်းရဲ့ ဖျက်ဆီးမှု စွမ်းအားတွေကို မျိုချလိုက်တဲ့ အခါမှာ၊ သူမက ဘယ်လိုမှ မနေခဲ့ပါဘူး။

ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ဖျက်ဆီးမှု စွမ်းအင်ကို အတူတူ အသုံးပြုထားတာ ဖြစ်ပေမဲ့၊ ဇူရီရဲ့ အလင်းနဲ့အမှောင် နယ်နိမိတ်

ပြိုကျခြင်းဟာ ထွမ်းထွမ်းကို
အကြောသေစေခဲ့ပါတယ်။

ဝမ်လင်းဟာ ယန်ချင်လိုမျိုး သူ့ကိုယ်သူ
သံသယဝင်တတ်တဲ့သူမျိုး မဟုတ်ပါဘူး။
သူဟာ သူ့ရဲ့ အသုံးမကျမှုတွေကို မုန်းတီးလို့၊
အားထုတ်မှုကို နှစ်ဆတင်ပြီး ကြိုးစားမှာပါ။

ရှောင်ယန်တို့တတွေရဲ့ ဘေးမှာနေရခြင်းဟာ၊
ကျန်တဲ့သူတွေ အဖို့တော့ ကြီးမားတဲ့
ဖိအားတွေကို ရင်ဆိုင်ရခြင်းပါ။ သူတို့ဟာ
ဖိစီးမှုကို တွန်းအားတွေ အနေနဲ့

မပြောင်းနိုင်ခဲ့ရင်၊ ဝန်ထုပ်ဝန်ပိုး အကြီးကြီးကို ထမ်းရမှာပဲ ဖြစ်ပါတယ်။

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာရဲ့ အထဲမှာ ကျင့်ကြံနေတဲ့ အချိန်တွေကိုပါ ပေါင်းလိုက်ရင်၊ ဝမ်လင်းဟာ နောက်ကျကျန်နေခဲ့တာ နှစ်ပေါင်းများစွာရှိပြီ ဖြစ်ပါတယ်။ ကံကောင်းစွာနဲ့ သူ့ရဲ့ စိတ်စွမ်းအားဟာ လုံလောက်အောင် ခိုင်မာနေခဲ့ပါတယ်။ တကယ်လို့များ တခြားလူသာ ဆိုရင်၊ သူဟာ အရှုံးပေးတော့မှာ ဖြစ်ပြီး မနာလိုတဲ့ စိတ်တွေနဲ့ ပူလောင်နေတော့မှာ ဖြစ်ပါတယ်။

လင်းဖုန်းက ဝမ်လင်းကို တိတ်တိတ်လေးပဲ ကြည့်နေခဲ့ပါတယ်။ ဝမ်လင်းဟာ တည်ငြိမ်နေခဲ့ပြီး၊ သူ့ရဲ့ခေါင်းကို ပြင်းထန်စွာနဲ့ ညိတ်ပြလိုက်ပါတယ်။

"ဆရာ့တပည့်ဟာ ဆရာရဲ့ ဆုံးမမှုတွေကို နာခံပြီး၊ အသေအချာ ဂရုစိုက်ပါမယ်"

ဝမ်လင်းကို ဆုံးမပြီးနောက်မှာ လင်းဖုန်းဟာ ရှောင်ယန်တို့တတွေကို ခေါ်လိုက်ပြီး၊ ယုကျင်းတောင်ကနေ

အလင်းဓားမြန်ဂိုဏ်းရှိရာ ရှင်းယွင်တောင်ကို ထွက်ခွာလိုက်ပါတယ်။

သူဟာ ယုကျင်းတောင်ကို အသုံးပြုပြီးတော့ အောက်ကို မဆင်းခိုင်းခဲ့ပါဘူး။ ဒါဆိုရင် အတော်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားမှာပါ။ ဒါဟာ တပည့်တွေရဲ့ ယှဉ်ပြိုင်မှု မဟုတ်တော့ပဲ၊ တခြားလူရဲ့ အိမ်ကို သွားရောက်တိုက်ခိုက်မှု ပုံစံမျိုး ဖြစ်သွားမှာပါ။

ဒါပေမဲ့လည်း လင်းဖုန်းဟာ သူ့နည်းလမ်းနဲ့သူ၊ အာရုံတွေကို ဆွဲဆောင်နိုင်မယ့် နည်းလမ်းတွေ ရှိပါတယ်။

အကောင်းဆုံး နည်းလမ်းဟာ၊ အခုလေးတင် မိစ္ဆာသခင် အဆင့်ကို ရောက်ရှိသွားခဲ့တဲ့ ကျဲယုပဲ ဖြစ်ပါတယ်။

အားလုံးဟာ ကျဲယုရဲ့ ကျောပေါ်မှာ ရပ်နေခဲ့ပြီး၊ ရှင်းယွင်တောင်ထိပ်ကို မျက်စိတစ်မှိတ် အတွင်းမှာ ထွက်ခွာလာခဲ့ပါတယ်။

"လေဟာနယ်တွေကို ဖြတ်သန်းပြီး ခရီးသွားဖို့ မလိုဘူး" လင်းဖုန်းက ကျဲယုကို ညွှန်ကြားလိုက်ပါတယ်။ "ဒီအတိုင်းပဲ

သာမန်သာ ပျံသန်းသွားလိုက်ပါ။
ဒီကောင်လေးတွေကို သဘာဝ အလှတရားကို
ခံစားစေပြီး၊ အမြင်ကျယ်အောင် ပြလိုက်ပါ"

လင်းဖုန်းဟာ ဒီအချိန်းအချက် တိုက်ပွဲကို
လူသိများနိုင်သလောက် များအောင်
လုပ်ချင်နေခဲ့ပါတယ်။ ဒါက ခွန်းလွန်တောင်ရဲ့
ပြင်ပမှာ၊ သူ့ရဲ့ ရေပန်းစားမှုနဲ့ သူ့ဂိုဏ်းရဲ့
ရေပန်းစားမှုကို တက်အောင် အထောက်အကူ
ပြုနိုင်မှာပါ။

မိစ္ဆာသခင် အဆင့်မှာရှိတဲ့ နဂါးတစ်ကောင်ကို စီးနင်းပြီး ခရီးသွားခြင်းဟာ၊ နှိမ့်နှိမ့်ချချ နေခြင်းမျိုး မဟုတ်ပါဘူး။

သိပ်မကြာခင်မှာပဲ လင်းဖုန်းနဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ဂိုဏ်းသတင်းဟာ၊ ခွန်းလွန်တောင်ကနေ ရှင်းယွင်တောင်ထိပ်ကို သွားတဲ့ လမ်းတစ်လျှောက်မှာ ပိုပိုပြီးတော့ လူပြောများလာခဲ့ပါတယ်။

ရှင်းယွင်တောင်ထိပ်မှာတော့ အလင်းဓားမြန်ဂိုဏ်းက အကြီးအကဲတွေဟာ၊ သူတို့ရဲ့ နေရာကို လင်းဖုန်းက

ရောက်လာတော့မယ် ဆိုတဲ့ သတင်းကို ကြားနေကြပြီး၊ လူအုပ်ကြီးဟာ မျက်ခုံးတွေ လှုပ်နေကြပါတယ်။

"မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက အခုအချိန်အထိ မုယုံယန်ရန်ကို ရှာမတွေ့သေးဘူးလား?"

## စာစဥ် ၁၄ : အပိုင်း ၇

## အပိုင်း ၂၃၇ : မျက်ရည်ကျလုဆဲဆဲ ဖြစ်နေသော မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ

လင်းဖုန်းနဲ့ ကျန်တဲ့သူတွေဟာ မဟူရာနဂါး ကျဲယုပေါ်မှာ စီးနင်းလာခဲ့ကာ၊ မဟာချင် အင်ပါယာရဲ့ အရှေ့တောင်ပိုင်းကို ရောက်ရှိလာခဲ့ပါပြီ။

ထွမ်းထွမ်းဟာ သူမရဲ့အောက်က တောတောင်ရှုခင်းတွေကို ကြည့်လိုက်ပြီး၊ "အပြာရောင်တိမ်တိုက် ဦးချိုမြွေတွေက ဒီအနီးအနားမှာ ရှိတယ်ဆိုတာကို မှတ်မိနေတယ်"

ရှောင်ပုတန်လေးက ဒီစကားကို ကြားလိုက်တာနဲ့ မျက်လုံးတွေဟာ အရောင်တောက်လာခဲ့ပြီး အော်လိုက်ပါတယ်၊ "ဆရာသခင်!"

လင်းဖုန်းက ပြုံးလိုက်ပြီး ကျဲယုကို ခြေမနဲ့ တို့လိုက်ပါတယ်။ ကျဲယုကလည်း သူ့ရဲ့ ရည်ရွယ်ချက်တွေကို သဘောပေါက်နေခဲ့ကာ၊ သူရဲ့ အမြန်နှုန်းကို လျှော့ချလိုက်ပြီး အောက်ကို ဆင်းသက်ခဲ့ပါတယ်။

"အသက်ရှုသံကို တိုးထားလိုက်၊ မဟုတ်လို့ရှိရင် အပြာရောင်တိမ်တိုက်

ဦးချိုမြွေတွေက လန့်ပြီးပြေးကုန်လိမ့်မယ်"
ထွမ်းထွမ်းက ကျဲယုရဲ့ခေါင်းကို
ရိုက်လိုက်ပါတယ်။

ကျဲယုဟာ ဒေါသထွက်သွားပေမဲ့၊
ရှောင်ပုတန်လေးကလည်း ထွမ်းထွမ်းနဲ့
သဘောထား တစ်ခုတည်း ရှိနေတာကို
တွေ့လိုက်ရတော့၊ သူ့ရဲ့ဒေါသတွေကို
ပြန်လည်မျိုချလိုက်ရပါတော့တယ်။

"ကောင်မစုတ်လေး၊ အခွင့်အရေး
ရလို့ကတော့ မင်းကိုတစ်စစီ ဆွဲဖြဲပစ်မယ်ကွ။
မင်းနဲ့ငါ့ရဲ့ ကျင့်ကြံမှု အဆင့်က အခုဆိုရင်

ကွာသွားခဲ့ပြီ!" ကျဲယုပဟာ မုန်းတီးစွာနဲ့ တွေးလိုက်ပေမဲ့၊ သူ့ရဲ့ နဂါးအော်ရာကို ဖုံးကွယ်လိုက်ပါတယ်။

မိစ္ဆာဆေးလုံးကို ဖန်ဆင်းထားပြီးတဲ့ မိစ္ဆာကလန်က သူတွေဟာ သူတို့ရဲ့ မိစ္ဆာအော်ရာတွေကို ဖုံးကွယ်ထားနိုင်ပါတယ်။ ဒါပေမဲ့လည်း နဂါးကလန်က အော်ရာတွေဟာ ထူးခြားပါတယ်။ မိစ္ဆာအုပ်ချုပ်သူ အဆင့်က သူတွေဟာ သူတို့ရဲ့ အော်ရာတွေကို အပြည့်အဝ ကွယ်ဝှက်ထားနိုင်ခြင်း မရှိပါဘူး။

ဒါပေမဲ့လည်း ကဲ့ယုဟာ မိစ္ဆာဝိညာဉ်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ပြီး၊ မိစ္ဆာသခင် အဆင့်ကို ရောက်သွားပြီဆိုတော့ လွယ်ကူတဲ့အလုပ် ဖြစ်သွားခဲ့ပါပြီ။ သူဟာ ပေတစ်ထောင်ကျော်ရှည်တဲ့ ရောမ နဂါးကြီးတစ်ကောင် ဖြစ်ပေမဲ့၊ သူ့ရဲ့ အတွင်းမိစ္ဆာ စွမ်းအားတွေဟာ တစ်စက်မှ မထွက်လာခဲ့ပါဘူး။

တောင်တန်းတွေ အကြားမှာ ဆင်းသက်ခဲ့ပြီးတော့၊ ကဲ့ယုက သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး အော်လိုက်ပါတယ်၊ "အရှေ့ဘက် မိုင်နှစ်ရာ အကွာမှာ"

ရှောင်ပုတန်လေးဟာ သတင်းကောင်းကို ကြားလိုက်ရပြီး နောက်မှာ "ကျေးဇူးတင်ပါတယ်" လို့ ပြောလိုက်ပြီး၊ ထွမ်းထွမ်းနဲ့အတူ အရှေ့အရပ်ကို ပြေးသွားခဲ့ပါတော့တယ်။

ရှောင်ယန်က သူတို့ကို ကြည့်လိုက်ပြီး၊ "ဆရာ၊ ကျွန်တော့်ကိုလည်း လိုက်သွားခွင့်ပြုပါ၊ ကျွန်တော်က မတော်တဆ ဖြစ်မှာတွေကို မလိုလားပါဘူး"

လင်းဖုန်းက ပြန်ပြောလိုက်ပါတယ်၊ "ကိစ္စမရှိပါဘူး၊ ဒါက မိစ္ဆာအုပ်ချုပ်သူ အဆင့်က အပြာရောင်တိမ်တိုက် ဦးချိုမြွေပဲ"

"ကျွန်တော်စိုးရိမ်နေတာက၊ သူတို့ဟာ တစ်ယောက်ယောက်နဲ့ တွေ့ခဲ့ပြီး ပြဿနာ ရှာလာမှာကိုပဲ" ရှောင်ယန်က ရှင်းပြလိုက်ပါတယ်။

ယွဲ့ဟုန်ယန်က နားမလည် ဖြစ်သွားခဲ့ပြီး၊ "ထျန်းဟောင်ရဲ့ ကျင့်ကြံမှု အဆင့်နဲ့ဆိုရင်၊ သူ့ကို ယှဉ်နိုင်တဲ့သူတွေ သိပ်ရှိမှာ မဟုတ်ဘူး"

ရှောင်ယန်က သူ့ရဲ့နှုတ်ခမ်းတွေကို တွန့်လိုက်ပြီး၊ "ငါစိတ်ပူနေတာက သူတို့နဲ့ တွေ့မယ့်သူတွေကို၊ ဟိုမျောက်နှစ်ကောင်ကို မဟုတ်ဘူး"

ယွဲ့ဟုန်ယန်ဟာ တိတ်ဆိတ်သွားခဲ့ပြီး၊ ကျဲယုကတော့ သဘောတူစွာနဲ့ ခေါင်းညိတ်ထောက်ခံ လိုက်ပါတယ်။

လင်းဖုန်းက ရှောင်ယန်ကို ကြည့်လိုက်ပြီး ဖွဖွလေး ပြုံးလိုက်ပါတယ်၊ "ရှုရီက ဒီလိုမျိုး ပြောရင်တော့၊ ငါက နည်းနည်းပါးပါး စိတ်ချဦးမယ်။ မင်းလား? တကယ်လို့များ

တစ်ခုခုက တကယ်ဖြစ်ခဲ့ရင်၊ မင်းက ထျန်းဟောင်ထက်တောင် ပိုပြီး ပြဿနာကြီးအောင် ရှာလာဦးမယ်"

ရှောင်ယန်က ရယ်လိုက်ပြီး၊ "ဆရာခင်ဗျ၊ ကျွန်တော့်ကို ဘက်လိုက်တဲ့ အကြည့်နဲ့ မကြည့်ပါနဲ့"

လင်းဖုန်းက သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး ရယ်လိုက်ကာ၊ "ထားလိုက်ပါတော့၊ သွားချင်ရင်လည်း လိုက်သွားလေ" သူက ယွဲ့ဟုန်ယန်ကို လှည့်ကြည့်လိုက်ပြီး၊

"ဟုန်ယန်၊ မင်းကရော
လိုက်သွားဆော့ချင်သေးလား?"

ယွဲ့ဟုန်ယန်က သူမရဲ့ခေါင်းကို ခါလိုက်ကာ၊
"တော်ပါပြီရှင့်၊ ကျွန်မက ခဏလောက်
တရားထိုင်ပြီး၊ ကျင့်ကြံလိုက်ဦးမယ်"

လင်းဖုန်းက ခေါင်းကိုညိတ်လိုက်ပြီး၊ ဘာမှ
ဆက်မပြောတော့ပါဘူး။

ယွဲ့ဟုန်ယန်ဟာ တဲ့တိုးသမားဖြစ်ပြီး၊
တခြားလူတွေရဲ့ အမြင်ကို သိပ်ဂရုစိုက်တာ
မဟုတ်ပါဘူး။ တကယ့်လို့များ

ဖော်ရွေတတ်တဲ့ သူတွေသာဆို၊
ဒီအခွင့်အရေးကို အပိုင်အသုံးချကာ
စီနီယာတွေနဲ့ ခင်မင်ရင်းနှီးမှုကို
တည်ဆောက်မှာ ဖြစ်ပါတယ်။

နှစ်ဦးနှစ်ဘက် စလုံးဟာ အားသာချက်၊
အားနည်းချက်တွေ ကိုယ်စီရှိကြပါတယ်။
ဘယ်သူကမှန်တယ်၊ ဘယ်သူကမှားတယ်
ဆိုပြီးမှ မရှိပါဘူး။ ဒါက အခြေအနေနဲ့
အချိန်အခါတွေ အပေါ်မှာ မူတည်နေပါတယ်။

လင်းဖုန်းရဲ့ တပည့်တွေဟာ
ကိုယ်ပိုင်နည်းလမ်းတွေနဲ့

တောက်ပနေကြပေမဲ့၊ သူတို့ဟာ
တစ်ယောက်နဲ့ တစ်ယောက် အေးချမ်းစွာနဲ့
ခင်မင်ရင်းနှီးမှုတွေကို
တည်ဆောက်ထားနိုင်ကြပါတယ်။

ဂူတစ်လုံးထဲမှာ ခြသေ့်နှစ်ကောင်
မအောင်းဘူးဆိုတဲ့ ဆိုရိုးစကား တစ်ခု
ရှိပါတယ်။

ရှောင်ယန် အပါအဝင်
သူ့တပည့်လေးယောက်တို့ဟာ၊ သူတို့ရဲ့
ခေတ်မှာ ဆရာကြီးတွေဖြစ်ဖို့
ကံပါလာကြသူတွေပါ။

လူတွေဟာ တစ်ယောက်နဲ့တစ်ယောက်
ကိုယ်ကျင့်စရိုက်တွေ၊ ဝါသနာတွေ၊
လုပ်ပုံကိုင်ပုံတွေနဲ့ ပုံစံတွေ မတူကြပဲ
ပွတ်တိုက်မှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။
သူတို့ကလည်း ခြွင်းချက်မဟုတ်ပါဘူး။

လင်းဖုန်းကိုလည်း ကံကောင်းတယ်လို့
ပြောရမှာပါ။ သူတို့အတွင်းမှာ ပြိုင်ဆိုင်မှုနဲ့
ပွတ်တိုက်မှုတွေ ရှိကြပေမဲ့၊
အပြုသဘောဆောင်တဲ့ ပြိုင်ဆိုင်မှုတွေသာ
ဖြစ်ကြပါတယ်။ ပြီးတော့လည်း
သူတို့အကြားမှာ ခိုင်မာနက်ရှိုင်းတဲ့

ဆက်ဆံရေးတွေကို တည်ဆောက်ကြပြီးသား ဖြစ်နေကြတာပါ။

အစတုံးက စစ်တုရင် ကမ္ဘာအတွင်းမှာ၊ လင်းဖုန်းဟာ ရှောင်ပုတန်လေးနဲ့ ရှောင်ယန်တို့ရဲ့ တစ်ယောက်အပေါ်မှာ တစ်ယောက်က ထားခဲ့တဲ့ အမြင်တွေကို တွေ့ခဲ့ရတာပါ။

ရှောင်ပုတန်လေးဟာ ရှောင်ယန်ကို သူ့ရဲ့ဒိုင်းအဖြစ် သဘောထားပြီး၊ စိတ်တိုဒေါသထွက်လွယ်တဲ့ ဂေါ်ရီလာကြီး တစ်ကောင်အဖြစ် မြင်နေခဲ့ပါတယ်။

ဒါပေမဲ့လည်း တစ်ဘက်ကနေ
ပြန်တွေးကြည့်ရင်၊ ဒါက ရှောင်ယန်ကို
အသိအမှတ်ပြုတာ မဟုတ်ဘူးလား?
ရှောင်ပုတန်လေးရဲ့ မသိစိတ်ထဲမှာ၊ သူ့ရဲ့
စီနီယာဟာ သန်မာပြီး အခက်အခဲတွေကို
ကျော်လွှားနိုင်ပါတယ်။ သူက ဒုက္ခတွေ့ခဲ့ရင်၊
ပထမဆုံး သူပြေးရှာမယ့်သူဟာ သူ့ရဲ့
အစ်ကိုကြီးပဲ ဖြစ်မှာပါ။

ရှောင်ယန်ရဲ့ စိတ်ထဲမှာတော့၊
ရှောင်ပုတန်လေးဟာ ပြဿနာ ရှာတတ်တဲ့
ကောင်လေးဖြစ်ကာ၊ ပြဿနာပေါင်းစုံ

ရှာထားပြီးရင် သူ့ရဲ့ အမှားတွေကို သူက အနောက်ကနေ လိုက်ရှင်းပေးရတာပါ။

သူဟာ တိုင်တန်းညည်းညူနေခဲ့ပေမဲ့၊ သူ့ရဲ့မသိစိတ်ထဲမှာ ရှောင်ယန်ဟာ ရှောင်ပုတန်လေးကို ဘယ်တုံးကမှ လျှစ်လျူရှုမထားခဲ့ပဲ၊ အမြဲတမ်း အနောက်ကနေ စောင့်ရှောက်နေခဲ့တာပါ။

ရှောင်ပုတန်လေးရဲ့ စိတ်ထဲမှာ ဇူရီဟာ စကားများတဲ့ ငန်းဖြူကြီးနဲ့တူပြီး၊ သူ့ကိုတစ်ချိန်လုံး ဆုံးမနေခဲ့တာပါ။ ရှောင်ပုတန်လေးက ဒါကို စိတ်ရှုပ်စရာလို့

ထင်နေပေမဲ့၊ နားပိတ်ပြီးမှ မထွက်သွားခဲ့ပဲ
သည်းခံပြီးမှ ပြီးအောင် နားထောင်ခဲ့ပါတယ်။

ရှောင်ပုတန်လေးရဲ့ စိတ်ထဲမှာ၊ ဝမ်လင်းဟာ
မဟောင်ပဲနဲ့ ကိုက်တတ်တဲ့
ခွေးတစ်ကောင်နဲ့တူပြီး၊ သူက
ကြောက်ရွံ့နေခဲ့ပါတယ်။ အမှန်ဆိုရင်တော့
ရှောင်ပုတန်လေးရဲ့ စွမ်းအားတွေဟာ၊
ဝမ်လင်းထက် အများကြီး သာပါတယ်။
ဒါပေမဲ့လည်း သူဟာ ဝမ်လင်းကို အမြဲတမ်း
ရှောင်နေတတ်ပြီး၊ ခွေးနက်ကြီးကို သေအောင်
မရိုက်ရဲခဲ့ပါဘူး။

ယွဲ့ဟုန်ယန်ရဲ့ ကိုယ်ကျင့်စရိုက်ဟာ၊ ဒီလိုမျိုး နွေးထွေးကြင်နာတဲ့ ပတ်ဝန်းကျင်နဲ့ သိပ်ပြီးတော့ မကိုက်ညီပါဘူး။

လူတွေ များလာလေလေ၊ ထင်မြင်ယူဆချက်တွေက များလာလေလေ ဖြစ်ပြီး၊ အုပ်စုကြီးက လိုက်လျောညီထွေ ဖြစ်ဖို့ ခက်လေလေပဲ ဖြစ်မှာပါ။

ဒီပြဿနာတွေဟာ လင်းဖုန်းအတွက်တော့ ဆရာတစ်ယောက် အနေနဲ့ စိန်ခေါ်မှုတွေ ဖြစ်ပါတယ်။ တကယ့်လို့များ သူဟာ သူ့ရဲ့ တပည့်တွေကို အပြုသဘောဆောင်တဲ့

ပြိုင်ဆိုင်မှုတွေကိုသာ လမ်းညွှန်နိုင်ခဲ့လို့ရှိရင်၊
အကောင်းဆုံး ဖြစ်မှာပါ။

ဒါကြောင့်မို့ပဲ စိတ်ဝိညာဉ်
ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးရဲ့
ဖော်စပ်နည်းကို အပြည့်အစုံ ရရှိခဲ့ပြီး၊
ဆက်လက်ထိန်းသိမ်းထားစရာ မလိုတော့ပဲ
ကြိုက်တဲ့တပည့်ကို ပေးလို့ရနေပေမဲ့၊
လင်းဖုန်းက သိမ်းထားခဲ့ပါသေးတယ်။

သူဟာ သူ့ရဲ့ဝိညာဉ်ကို ဖော်ဆောင်နိုင်ခဲ့ပြီ
ဖြစ်ပြီး၊ ဒီအဆင့်မှာ အရိုးအရင်းမြစ်ရဲ့ သူ့ရဲ့
ကျင့်ကြံမှု အပေါ်ကို သက်ရောက်မှုဟာ

မဖြစ်စလောက် ဖြစ်သွားခဲ့ပြီ ဖြစ်ကာ၊
သူကဒီဆေးကို သောက်ဖို့ မလိုတော့ပဲ
သူ့ရဲ့တပည့်တွေကိုသာ ပေးရမှာပါ။

သူ့ကို အလိုအပ်ဆုံးသူကလည်း
သံသယဖြစ်ဖွယ်ရာ မရှိပဲ ဝမ်းလင်းပဲ ဖြစ်မှာပါ။

ကျန်တဲ့သူတွေက လိုချင်မှတောင် လိုမှာပါ။

အခြေခံက မခိုင်မာခဲ့ရင်၊
နောက်ထပ်တိုးတက်အောင်
ပြုပြင်စရာတွေက အများကြီး ရှိပါတယ်။
အခြားတစ်ဘက်က ပြန်ကြည့်ရင် အခြေခံ

ကောင်းပြီးသား လူတွေအနေနဲ့ကတော့၊
နောက်ထပ် အများကြီး တိုးတက်ဖို့က
သိပ်မဖြစ်နိုင်တော့ပါဘူး။

ရှောင်ပုတန်လေးကို ဒီဆေးလုံးများ
ပေးလိုက်ရင်တော့၊ သကြားလုံးတစ်လုံးကို
ပေးလိုက်တာနဲ့ ဘာမှကွာမှာ မဟုတ်ပါဘူး။

အရိုးအရင်းမြစ် ၉မှတ်ရထားတဲ့
ယန်ချင်အတွက်ဆိုလည်း၊ ဘာမှထူးမှာ
မဟုတ်ပါဘူး။ အရိုးအရင်းမြစ် ၈မှတ်ရထားတဲ့
ရှောင်ယန်နဲ့ ယွဲ့ဟုန်ယန်၊ ၇မှတ်ရထားတဲ့

ဇူရီတို့ကတော့၊ ဆေးလုံးကိုသောက်လိုက်ရင်
တိုးတက်မှု အနည်းငယ်တော့ ရှိနိုင်မှာပါ။

ဝမ်လင်းအနေနဲ့ကတော့
အကျိုးသက်ရောက်မှု အသေးစိတ်ကို
မသိနိုင်ပေမဲ့၊ ကြီးမားတဲ့ တိုးတက်မှုကို
ရနိုင်မှာကတော့ သေချာနေပါတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး ဆေးလုံးဟာ
ကောင်းကင်ဆေးလုံးနဲ့ ကွာခြားနေပြီး၊
ဝမ်လင်းတစ်ယောက်ကိုသာ ဆေးလုံးပေးခဲ့ရင်
ကျန်တဲ့သူတွေရဲ့ စိတ်ထဲမှာ
ဘယ်လိုအတွေးမျိုးတွေ ဝင်လာနိုင်သလဲ

ဆိုတာကို လင်းဖုန်းက ခန့်မှန်းလို့ ခက်ပါတယ်။

ဘာစိတ်မှ မပေါ်တာမျိုးလည်း ဖြစ်နိုင်ပေမဲ့၊ ဖြစ်နိုင်ချေရှိတာကိုတော့ ထည့်တွက်ထားရပါဦးမယ်။

ဒါက ဝမ်လင်းရဲ့ ကျင့်ကြံမှုကို အတန်ငယ် နှောင့်နှေးစေနိုင်ပေမဲ့၊ လင်းဖုန်းက လက်ရှိအချိန်မှာ ဒီလိုမျိုးပဲ ယာယီဆုံးဖြတ်ချက် ချထားရပါဦးမယ်။ ကံကောင်းတာကတော့ သူ့ဆီမှာ ဆေးဖော်စပ်နည်း ရှိပြီးသားပါ။ သူက

လိုအပ်တဲ့ ဆေးအမယ်တွေ အားလုံးကို
စုဆောင်းနိုင်ခဲ့ရင်၊ သူက စိတ်ဝိညာဉ်
ပြန်လည်ဖြည့်တင်းခြင်း ဆေးလုံးကို
အလုံးအရင်းလိုက် ထုတ်နိုင်မှာပါ။

ဒီလိုမျိုး အချိန်သာ ရောက်လာခဲ့ရင်
ဝမ်လင်းတင် မကပဲ၊ ဂိုဏ်းတစ်ဂိုဏ်းလုံးရဲ့
အဆင့်ဟာ အကြီးအကျယ်
တိုးတက်လာနိုင်မှာပါ။

လင်းဖုန်းက စဉ်းစားနေခဲ့ရင်း တစ်ခုခုကို
အာရုံခံမိလိုက်ကာ၊ သူ့ရဲ့ခေါင်းကို

မော့လိုက်ပြီး ကောင်းကင်ရဲ့ တောင်ပိုင်းကို ကြည့်လိုက်ပါတယ်။

"ဒါက မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ မဟုတ်လား?" လင်းဖုန်းက တိုးတိုးလေး ရေရွတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက မိုင်သုံးရာလောက် လိုပါသေးတယ်။

တောင်ဘက်မိုင်သုံးရာခန့် အကွာမှာ၊ ကောင်းကင်ယံမှာ အက်ကွဲကြောင်းတစ်ခုဟာ ရုတ်တရက် ပေါ်လာခဲ့ပါတယ်။ သူ့ရဲ့အထဲကနေ မိုးပြာရောင် တိမ်တိုက်တွေ အမြောက်အမြားဟာ တိုးထွက်လာခဲ့ကာ

အဘိုးကြီး တစ်ယောက်ရဲ့ပုံကို ဖော်ပြလိုက်ပါတယ်။ သူဟာ အလင်းခေးမြန်ဂိုဏ်းရဲ့ အခြေတည်ဝိညာဉ် အဆင့်က အကြီးအကဲ တစ်ယောက်ဖြစ်တဲ့၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာပဲ ဖြစ်ပါတော့တယ်။

တစ်ခုရှိတာက ရှကျိုးမှာ ရှိနေစဉ်က တည်ကြည်နေတဲ့ အမူအရာနဲ့ မတူပဲ၊ အခု မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ စိတ်လှုပ်ရှားနေတဲ့ပုံ ပေါက်နေခဲ့တာပါ။ လင်းဖုန်းကို တွေ့လိုက်ပြီးနောက်မှာ၊ သူက

ဟန်ကိုယ်ဖို့လိုက်ကာ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်နေတဲ့ပုံ ပြန်ဖမ်းလိုက်ပါတယ်။

ဒါပေမဲ့လည်း လင်းဖုန်းကတော့၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ သူ့ကို တွေ့လိုက်ရပြီး နောက်မှာ၊ ပိုပြီးတော့ စိုးရိမ်ပူပန်သွားခဲ့တယ် ဆိုတာကို ရိပ်မိခဲ့ပါတယ်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ လင်းဖုန်းကို တွေ့လိုက်ပြီးနောက်မှာ နှုတ်ဆက်လိုက်ပါတယ်၊ "အိုး၊ တကယ်ပဲ

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ပဲ။
မင်္ဂလာပါ ခင်ဗျာ"

လင်းဖုန်းက ဖွဖွလေး ရယ်လိုက်ပြီး၊
"မင်္ဂလာပါဗျာ၊ ခင်ဗျားက ကျုပ်ကို
ကိုယ်တိုင်ကိုယ်ကျ လာကြိုတာလား?
မလိုပါဘူးဗျာ၊ ကျွန်တော်က
ရှင်းယွင်တောင်ထိပ်ကို လာတတ်ပါတယ်"

"လိုတာပေါ့ဗျာ" မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာဟာ ခါးသီးစွာနဲ့ ပြောလိုက်ပြီး၊
သူ့ရဲ့ခေါင်းကို ငုံ့လိုက်ကာ ငြိမ်သက်နေတဲ့
မဟာရာနဂါး ကျဲယုကို ကြည့်လိုက်ပါတယ်။

သူကကျဲယုကို တွေ့လိုက်တော့ ပိုပြီးမှ ခေါင်းကိုက်သွားခဲ့ကာ၊ "မိစ္ဆာသခင်အဆင့်က နဂါးတစ်ကောင်ကို စီးတော်ယာဥ် အဖြစ်နဲ့ အသုံးပြုထားတယ်။ ကောလဟာလတွေက မှန်နေတာပဲ!"

သူက လင်းဖုန်းဟာ ရှောင်ယန်ကို ခေါ်ပြီးမှ ရှင်းယွင်တောင်ထိပ်ကို လာနေတယ် ဆိုတာကို သိနေခဲ့ပေမဲ့၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ ဒီဆရာတပည့်တွေကို တစ်ခါမှ ပြန်မတွေ့ဖို့ ဆုတောင်းနေခဲ့တာပါ။

သူက သူတို့ကို လာကြိုတာ မဟုတ်ပဲ၊
မုယုံယန်ရန်ကို လိုက်ရှာနေခဲ့တာပါ။

မုယုံယန်ရန်ဟာ အလင်းဓားမြန်ဂိုဏ်းရဲ့
မျိုးဆက်သစ် တပည့်တစ်ယောက်
ဖြစ်ပါတယ်။ သူမရဲ့ လုံခြုံမှုအတွက် သူမရဲ့
ဆရာဖြစ်တဲ့ ထုန်းလင်သီလရှင်ဟာ၊ သူမကို
မဟာ သယ်ယူပို့ဆောင်ခြင်း အဆောင်လက်ဖွဲ့
သုံးခုကို ပေးထားခဲ့ပါတယ်။

ဒါကလည်း မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာရဲ့ ခွင့်ပြုချက်ကို ရယူခဲ့ပြီးမှ
ပေးထားခဲ့တာပါ။ ဒါပေမဲ့လည်း

အခုတော့သူဟာ ဒီဆုံးဖြတ်ချက်အတွက်
သူ့ကိုယ်သူ ပေါက်ကွဲချင်နေခဲ့ပါတယ်။

မုယံ့ယန်ရန်ဟာ ရှင်းယွင်တောင်ထိပ်ကနေ
ထွက်လာပြီးနောက်မှာ၊ သူမဟာ ဒီမဟာ
သယ်ယူပို့ဆောင်ခြင်း အဆောင်လက်ဖွဲ့
သုံးခုစလုံးကို ဆက်တိုက်
အသုံးပြုလိုက်ပါတယ်။ ကျန်တဲ့သူတွေ
မပြောနဲ့၊ ရွှေရောင်ဗဟိုချက် အဆင့်က
အကြီးအကဲဖြစ်တဲ့ ထုန်းလင်သီလရှင်တောင်
သူမရဲ့ နေရာကို အာရုံမခံနိုင်ခဲ့ပါဘူး။

ကြံ့ရာမရ ဖြစ်လှစွာနဲ့ မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာဟာ၊ ဘာမှမတတ်နိုင်တော့ပဲ
ကိုယ်တိုင်ကိုယ်ကျ လိုက်လံရှာဖွေခဲ့ရပါတယ်။

ဒါကြောင့်ပဲ သူဟာ ဒီနေရာကို
ရောက်ရှိလာရခြင်း ဖြစ်ပါတယ်။

သူဟာ သူမနဲ့ နီးကပ်လာပြီလို့ ခံစားလာခဲ့ရပြီး
မျှော်လင့်ချက်တွေ ရှင်သန်လာခဲ့ပါတယ်။
ဒါပေမဲ့ ဘယ်သူက သိမှာလဲ၊ သူဟာ
လင်းဖုန်းနဲ့ ထိပ်တိုက်တိုးမိလိမ့်မယ်လို့။

ဒီအဘိုးကြီးဟာ တကယ်ပဲ ငိုချင်စိတ်တွေ ပေါက်နေခဲ့ပါပြီ။

ဒါပေမဲ့လည်း သူဟာ လင်းဖုန်းကို လျှစ်လျူရှုပြီးတော့ မထားရဲခဲ့ပါဘူး။ သူဟာ အလင်းခေါးမြန်ဂိုဏ်းက ကျန်တဲ့ အခြေတည်ဝိညာဉ် အဆင့်က အကြီးအကဲတွေကို အသံလွှင့်လိုက်ပြီး၊ လင်းဖုန်းကို လျှို့ဝှက်စွာ လာကြိုတယ်လို့ ပြောလိုက်ပါတယ်။

မုယုံယန်ရန်ကို ရှာမတွေ့သေးပေမဲ့၊ သူဟာ
မျက်နှာအရေခွံ ထူထူထားလိုက်ပြီး
ညှော်သည်ကို ကြိုဆိုခဲ့ရပါတော့တယ်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာရဲ့
မူမမှန်တဲ့ အပြုအမူတွေကို တွေ့ခဲ့ရပေမဲ့၊
လင်းဖုန်းဟာ သိပ်ပြီးတော့ ဂရုမစိုက်ခဲ့ပါဘူး။
သူတို့က သူ့ကို ထောင်ချောင်တွေ
ဆင်ထားတယ်ဆိုလည်း၊ သူက မမှုပါဘူး။

လင်းဖုန်းက မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာဟာ ဘာဖြစ်လို့ ဒီလောက်
သောကရောက်နေသလဲ ဆိုတာကိုသာ

သိချင်နေခဲ့တာပါ။ "ဒီအဘိုးကြီးက
တစ်ခုခုပျောက်နေလို့ အလောတကြီး
လိုက်ရှာနေတဲ့ပုံ ပေါက်နေတာပဲ"

ဒါပေမဲ့လည်း သူဟာ အပေါ်ယံမှာ
ဘာအမူအရာကိုမှ မဖော်ပြခဲ့ပဲ၊ ဖွဖွလေးသာ
ရယ်လိုက်ပါတယ်၊ "ကျုပ်က
အလင်းခေးမြန်ဂိုဏ်းရဲ့ ဂုဏ်သတင်းတွေကို
အရင်ကတည်းက ကြားဖူးခဲ့ပေမဲ့၊ တစ်ခါမှ
မရောက်ဖူးဘူး။ အခုအချိန်တော့၊ လာလည်ဖို့
အခွင့်အရေးရခဲ့ပြီ"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ
သူ့ရဲ့ လှုပ်ရှားနေတဲ့ စိတ်တွေကို
ထိန်းချုပ်လိုက်ပြီး၊ ယဉ်ကျေးစွာနဲ့
ပြန်ပြောလိုက်ပါတယ်။
"ကျွန်တော်ထွက်မလာခင်ကလည်း၊
ကျွန်တော်တို့ရဲ့ ဂိုဏ်းခေါင်းဆောင်ကလည်း
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်နဲ့
တွေ့ချင်နေတယ်လို့ ပြောခဲ့ပါတယ်"

လင်းဖုန်းရဲ့ အရင်က စွမ်းဆောင်ရည်တွေဟာ
အင်မော်တယ်အဆင့်က
စွမ်းဆောင်ရည်တွေဖြစ်ပြီး၊ ကျန်တဲ့သူတွေက

လေးလေးနက်နက်နဲ့ သဘောထားရမှာပဲ ဖြစ်ပါတယ်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ ခဏလောက် ငြိမ်သက်သွားခဲ့ပြီး၊ သွေးတိုးစမ်းတဲ့ အနေနဲ့ မေးလိုက်ပါတယ်။ "ကျုပ်တို့ဂိုဏ်းက တပည့်၊ မုယုံယန်ရန်ဟာ၊ ခင်ဗျားရဲ့ တပည့်နဲ့ အတိတ်တုံးက နားလည်မှု လွဲမှားတာတွေ ရှိခဲ့တယ်နဲ့ တူတယ်။ ဒါက လူငယ်တွေ အချင်းချင်း ကတောက်ကဆ ဖြစ်ကြတာ ဖြစ်ပြီး၊ ပုံကြီးမချဲ့သင့်ဘူးလို့ ကျုပ်ကတော့ ထင်နေတာပဲ။ ခင်ဗျားရဲ့ သဘောကရော?"

## စာစဥ် ၁၄ : အပိုင်း ၈

## အပိုင်း ၂၃၈ : မင်းက လူမှားနေတယ်!

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ ခဏလောက် ငြိမ်သက်သွားခဲ့ပြီး၊ သွေးတိုးစမ်းတဲ့ အနေနဲ့ မေးလိုက်ပါတယ်။ "ကျုပ်တို့ဂိုဏ်းက တပည့်၊ မုယုံယန်ရန်ဟာ၊ ခင်ဗျားရဲ့ တပည့်နဲ့ အတိတ်တုံးက နားလည်မှု လွဲမှားတာတွေ ရှိခဲ့တယ်နဲ့ တူတယ်။ ဒါက လူငယ်တွေ အချင်းချင်း ကတောက်ကဆ ဖြစ်ကြတာ ဖြစ်ပြီး၊ ပုံကြီးမချဲ့သင့်ဘူးလို့

ကျုပ်ကတော့ ထင်နေတာပဲ။ ခင်ဗျားရဲ့
သဘောကရော?"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက
သူ့မေးခွန်းဟာ တဲ့တိုးကျရာ ရောက်နေတယ်
ဆိုတာကို သိနေခဲ့ပေမဲ့၊ သူဟာ ဒီအချိန်မှာ
ပူပန်စိတ်တွေက များနေခဲ့တော့၊
မျက်နှာအရေခွံကို ထူထူထားကာ
မေးလိုက်ရတာပါ။

"ကြည့်ရတာ မုယုံယန်ရန်ရဲ့ စွမ်းရည်တွေဟာ
ကန့်သတ်ချက်ရှိပြီး၊ ရှောင်ယန်လောက်
မသန်မာဘူး ထင်တယ်" လင်းဖုန်းက

သဘောပေါက်လိုက်ကာ ဖွဖွလေး ပြုံးလိုက်ပါတယ်။ သူက ပါးစပ်ကိုဟကာ ပြန်ပြောလိုက်ပါတယ်၊ "အလေးအနက် ထားဖို့မထားဖို့က၊ ကျုပ်အပေါ်မှာ မူမတည်ပါဘူး။ ပါဝင်ပတ်သတ်နေတဲ့ နှစ်ဦးနှစ်ဘက် အပေါ်မှာပဲ မူတည်နေပါတယ်"

"ဒါပေမဲ့လည်း ကျုပ်တပည့်ကတော့ သူတို့ပြုလုပ်ထားကြတဲ့ ကတိကဝတ်တွေကို မှတ်မိနေတဲ့ပုံပဲ" လင်းဖုန်းက ရှင်းရှင်းပဲ ပြန်ဖြေလိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့စကားလုံးတွေဟာ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာကို ထိတ်လန့်စေခဲ့ပါတယ်။

"ရှောင်ယန်က ကျုပ်ရဲ့ စီနီယာ အကျဆုံး တပည့်ဖြစ်တယ်။ သူက ရှင်းယွင်တောင်ကို လာဖို့ ဆုံးဖြတ်ခဲ့တယ် ဆိုတော့၊ ကျုပ်ကတော့ သူ့ရဲ့ ဆုံးဖြတ်ချက်ကို အပြည့်အဝ ထောက်ခံရမှာပဲ"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာရဲ့ နဖူးပေါ်မှာ ချွေးသီးချွေးပေါက်တွေ ကျလာတာကို တွေ့လိုက်ရတော့၊ လင်းဖုန်းဟာ တိုးတိုးလေးပဲ ပြောလိုက်ပါတယ်။ "ကျေးဇူးပြုပြီးတော့ အထင်မလွဲပါနဲ့ မိတ်ဆွေကြီး၊ ကျုပ်က

ဂျူနီယာတွေရဲ့ ကိစ္စမှာ ဝင်ပြီးတော့
စွက်ဖက်မှာ မဟုတ်ပါဘူး။ ကျုပ်ရဲ့
ရည်ရွယ်ချက်က အလင်းခေးမြန်ဂိုဏ်းရဲ့
ခေါင်းဆောင်ဆီကို လည်ပတ်ဖို့ပါပဲ"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာကလည်း
ရယ်လိုက်ပြီး၊ "ဟုတ်တာပေါ့ဗျာ"

သူက မျက်နှာပေါ်မှာ ပြုံးနေခဲ့ပေမဲ့၊
ရင်ထဲမှာတော့ ခါးသီးနေခဲ့ပါတယ်။

လင်းဖုန်းရဲ့ စကားလုံးတွေက ရိုးရှင်းပေမဲ့၊
အထဲမှာ သူ့ရဲ့ ရည်ရွယ်ချက်တွေကို
ကွယ်ဝှက်ထားပါတယ်။

ဂျူနီယာ နှစ်ယောက်ရဲ့ ယှဉ်ပြိုင်မှုကို
ဘယ်သူကမှ ဝင်စွက်ဖက်လို့ မရဘူး။

တခြားစကားလုံးနဲ့ ပြောရရင်၊ တကယ်လို့များ
တစ်စုံတစ်ယောက်က ဂျူနီယာတွေရဲ့
ကြားမှာ ဝင်ရှုပ်လို့ကတော့၊ သူကလည်း
အားနာနေမှာ မဟုတ်ပါဘူး။

ဟုတ်ပါတယ်၊ အလင်းခေးမြန်ဂိုဏ်းရဲ့
ခေါင်းဆောင်ဟာ အင်မော်တယ် ဝိညာဉ်
အဆင့်မှာ ရှိပေမဲ့၊ လင်းဖုန်းရဲ့ အရှေ့မှာ
သူဟာ စည်းမျဉ်းတွေကို လိုက်နာရမှာပါ။
တကယ်လို့များ သူဟာ ကတိကဝတ်တွေကို
ဖောက်ဖျက်ခဲ့မယ် ဆိုရင်တော့၊
သူနဲ့လင်းဖုန်းတို့ဟာ ဘယ်သူ့ရဲ့
မှော်စွမ်းအင်က ပိုသာပြီး၊ ဘယ်သူ့ရဲ့
တာအိုနည်းစနစ်တွေက အစွမ်းပိုထက်သလဲ
ဆိုတာကို ပြိုင်ဆိုင်ရတော့မှာပါ။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ
ရင်ထဲမှာ ခါးသီးနေခဲ့ပေမဲ့၊ လင်းဖုန်းရဲ့

အရှေ့မှာတော့ ဘာကိုမှ မတုံ့ပြန်ရဲခဲ့ပါဘူး။
သူဟာ အလွန်အမင်းကို
စိတ်ခေတ်ကျနေခဲ့ပါတယ်။

လင်းဖုန်းရဲ့ မှော်စွမ်းအင်တွေဟာ မိုင်သုံးရာ
ပတ်ပတ်လည်ကို ကာရံထားခဲ့ပြီး၊
အပြင်ဘက်နဲ့ ခြားထားခဲ့ပါတယ်။
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာကလည်း
သူ့ရဲ့မှော်စွမ်းအင်ကို အသုံးပြုကာ၊
လင်းဖုန်းရှိနေတဲ့ နေရာအပိုင်းအခြားကို
မဝင်ရဲခဲ့ပါဘူး။

ဒါကြောင့်မို့ပဲ သူဟာ သူ့ရဲ့အရှေ့ဘက် မိုင်နှစ်ရာမှာ ရှိနေတဲ့၊ အပြာရောင်တိမ်တိုက် ဦးချိုမြွေရဲ့ အမဲလိုက်ပွဲကို ရှုစားနေကြတဲ့ ရှောင်ယန်တို့တတွေကို မတွေ့နိုင်ခဲ့ပါဘူး။

လင်းဖုန်း ပြောထားတဲ့အတိုင်း၊ ဒါက မိစ္ဆာဆေးလုံးကို ဖော်ဆောင်ထားပြီးတဲ့ မိစ္ဆာအုပ်ချုပ်သူ အဆင့်က အပြာရောင်တိမ်တိုက် ဦးချိုမြွေတစ်ကောင် ဖြစ်ပါတယ်။ သူ့ရဲ့ တစ်ကိုယ်လုံးဟာ ကျောက်စိမ်းလိုမျိုး စိမ်းပြာရောင် သမ်းနေပြီး၊ အရွယ်အစားကလည်း သိပ်မကြီးပါဘူး။ သူက အလွန်ဆုံး ဆယ်မီတာသာ ရှည်ပေမဲ့၊ သူ့ရဲ့

မိစ္ဆာအောင်ရာတွေကတော့
ခက်ထန်လှပါတယ်။

ဒီမြေကြီးရဲ့ နဖူးပေါ်မှာ ဦးချိုပေါင်း များစွာ
ပေါက်နေခဲ့ပြီး၊ သူ့ဆီကနေ ရန့်သင်းသင်းလေး
တစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။

သူ့ရဲ့ အကြေးခွံတွေဟာ စိမ်းပြာရောင်
သန်းနေပြီး၊ သူ့ရဲ့ တစ်ကိုယ်လုံးကို
ဖုံးလွှမ်းထားတာပါ။ သူဟာ နဂါးကလန်လိုမျိုး
မြင့်မားတဲ့ အဆင့်အတန်း မရှိပေမဲ့၊
ပေါ့သေးသေးတော့ မဟုတ်ပါဘူး။

ထွမ်းထွမ်းဟာ အပြာရောင်တိမ်တိုက်
ဦးချိုမြွေကို တွေ့လိုက်တာနဲ့ သွားရည်တွေ
ယိုလာခဲ့ပြီး၊ ရှောင်ပုတန်နဲ့ ရှောင်ယန်ကို
အသေးစိတ် ရှင်းပြပေးလိုက်ပါတယ်။
"ဒီမြွေကြီးမှာ ရတနာ သုံးမျိုးရှိတယ်။
သူ့တစ်ကိုယ်လုံးမှာ အရသာ အရှိဆုံး
အစိတ်အပိုင်းက၊ သူ့ရဲ့ခေါင်းပေါ်က ဦးချိုပဲ"

"ဒီဦးချိုက အရမ်းမာကျောပြီး၊
သူ့ဘာသာသူဆိုရင် ဒီလောက်ကြီး အရသာ
မရှိဘူး။ ဒါပေမဲ့လည်း ဒီဦးချိုဟာ
အခေါင်းပေါက်ဖြစ်ပြီး၊ သူ့ရဲ့အထဲမှာ
ပယင်းရောင် အရည်တစ်မျိုးရှိတယ်။ သူဟာ

အပြာရောင်တိမ်တိုက် ဦးချိုမြွေရဲ့
အဆီအနှစ်ဖြစ်ပြီး၊ အရသာ
အရမ်းကောင်းတယ်"

"ဦးချိုထဲက အရည်အပြင်၊ ဒုတိယ အရသာ
အရှိဆုံးက အကြေးခွံတွေရဲ့ အကြားက
အစိမ်းရောင် တိမ်တိုက်တွေပဲ။ သူ့ကို
အခိုးအငွေ့တွေလို့သာ မတွက်ပါနဲ့၊ သူ့ကို
စားပြီးသွားလို့ရှိရင် စားလို့ကောင်းမှန်း
သိလာပါလိမ့်မယ်။ ဒါနဲ့စာရင် မြွေရဲ့အသားက
တတိယ နေရာမှာပဲ ရှိနေတာ"

ရှောင်ယန်က သူ့ရဲ့ နှုတ်ခမ်းတွေကို တွန့်လိုက်ပြီး၊ "ဦးချိုထဲက အရည်တွေကို ထားလိုက်ပါတော့၊ ဒါပေမဲ့လည်း အငွေ့တွေက ဘယ်လိုလဲ? ငါက မင်းတို့ တောက်တီတွေကသာ ဒီလိုမျိုး အရာတွေကို စားတယ်လို့ ထင်တာပဲ"

ထွမ်းထွမ်းက နှာခေါင်းရှုံ့လိုက်ပြီး၊ "ရှင်က စားကောင်းသောက်ဖွယ်တွေကို တန်ဖိုးမထားတတ်ဘူးပဲ"

"စမ်းကြည့်မှ သိမှာပေါ့" ရှောင်ပုတန်လေးဟာ သူတို့ရဲ့ ငြင်းခုံနေမှုကို ဖြတ်ပြီးမှ

ဝင်ပြောလိုက်ပြီး၊ အပြာရောင်တိမ်တိုက်
ဦးချိုမြွေကို စိုက်ကြည့်နေခဲ့ပါတယ်။
"ဒီကောင်ကလည်း ကြည့်ရတာ
အမဲလိုက်နေတဲ့ ပုံပဲ"

အပြာရောင်တိမ်တိုက် ဦးချိုမြွေဟာ
သူ့ရဲ့အထဲက စိမ်းပြာရောင် တိမ်တိုက်
အခိုးအငွေ့တွေကို ထုတ်လွှတ်နေခဲ့ကာ၊
အနီရောင် တိမ်တိုက် စက်လုံးလေးကို
လွှမ်းခြုံနေခဲ့ပြီး ဒီစက်လုံးလေးကို သန့်စင်ဖို့
ကြိုးစားနေခဲ့ပါတယ်။

ရှောင်ယန်တို့တတွေက သူတို့ရဲ့
ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး၊
ဒီအနီးရောင် တိမ်တိုက်တွေဟာ
တစ်မူထူးခြားနေတယ် ဆိုတာကို
သတိထားမိလိုက်ကြပါတယ်။ သူဟာ ရတနာ
တစ်ပါးပဲ ဖြစ်ပါတယ်။ သူ့ရဲ့
စိတ်ဝိညာဉ်စွမ်းအင် လှုပ်ရှားမှုတွေကို
ကြည့်ရခြင်းအားဖြင့်၊ သူဟာ
လူသားကျင့်ကြံသူတွေရဲ့ ပစ္စည်းဖြစ်တယ်
ဆိုတာကို ခန့်မှန်းလို့ရပါတယ်။

ဒါပေမဲ့ ဒီလူရဲ့ ကျင့်ကြံမှု အဆင့်ဟာ
အနည်းငယ် နိမ့်ကျနေတော့၊ မိစ္ဆာဆေးလုံးကို

ဖော်ဆောင်ပြီးထားတဲ့ အပြာရောင်တိမ်တိုက်
ဦးချိုမြွေရဲ့ တိုက်ခိုက်မှုကို၊ ခုခံရုံသာ
ခုခံနိုင်ခဲ့ပါတယ်။

ဒါပေမဲ့လည်း အပြာရောင်တိမ်တိုက်
ဦးချိုမြွေဟာ ရှောင်ယန်တို့ သုံးယောက်ရဲ့
ရောက်ရှိလာမှုကို သတိပြုမိလိုက်တော့၊
သူဟာ သူတို့ကို သတိထားနေရတဲ့
အတွက်ကြောင့်၊ ဒီအနီရောင်
တိမ်တိုက်လေးဟာ ကြံ့ကြံ့ခံနိုင်ခဲ့ကာ၊
မပြိုကွဲသွားသေးတာပဲ ဖြစ်ပါတယ်။

ရှောင်ပုတန်လေးဟာ သူ့ရဲ့လက်တွေကို ပွတ်သပ်ပြီး၊ အပြာရောင်တိမ်တိုက် ဦးချိုမြွေ ရှိရာဆီကို လျှောက်လာခဲ့ကာ၊ ရယ်လိုက်ပါတယ်။

"ထွမ်းထွမ်း၊ ဒီကောင်ကြီးကို စွပ်ပြုတ်လုပ်သောက်ရရင် ကောင်းမလား၊ ကင်စားရရင် ကောင်းမလား? အကြံဉာဏ်လေး ပေးပါဦး"

ထွမ်းထွမ်းက မျက်စောင်းထိုးလိုက်ပြီး၊ "ဘယ်လိုပဲစားစား၊ အကောင်းဆုံးကတော့ အရှင်ဖမ်းနိုင်ဖို့ပဲ။ ဒါမှမဟုတ်ရင်၊

စိမ်းပြာရောင် တိမ်တိုက်တွေက အလကား ဖြစ်သွားလိမ့်မယ်။

အပြာရောင်တိမ်တိုက် ဦးချိုမြွေဟာ လူသားတွေလိုမျိုး အသိဉာဏ်ကို ပိုင်ဆိုင်ထားပြီး၊ သူတို့ရဲ့ စကားတွေကို ကြားနေခဲ့ရပါတယ်။ သူဟာ ဒေါသထွက်နေခဲ့ပေမဲ့၊ ရှောင်ပုတန်တို့ သုံးယောက်က ပေးနေတဲ့ ဖိအားတွေဟာ ကြီးမားလွန်းလှတဲ့ အတွက်၊ သူဟာ ဘာမှ မလှုပ်ရှားရဲခဲ့ပါဘူး။

ဒါပေမဲ့လည်း သူက ချက်ချင်း
ထွက်ပြေးသွားခဲ့ရင်၊ သူ့ရဲ့အရှေ့က အစာက
လွတ်သွားမှာပါ။ ဒီမြွေကြီးရဲ့
ဒေါင်လိုက်မျက်လုံးတွေဟာ လှုပ်သွားခဲ့ပြီး၊
သူ့ရဲ့ပါးစပ်ကို ဟလိုက်ကာ ပယင်းရောင်
မိစ္ဆာခေတ်ငွေ့တွေကို မှုတ်ထုတ်လိုက်ပါတယ်။

ဒီပယင်းရောင် ခေတ်ငွေ့တွေဟာ၊ သူ့ရဲ့
ဦးချိုထဲက အရည်တွေကနေ
ပြောင်းထားခဲ့တာပဲ ဖြစ်ပါတယ်။
ဒီမိစ္ဆာခေတ်ငွေ့တွေဟာ အနီရောင်
တိမ်တိုက်တွေနဲ့ ထိတွေ့သွားတာနဲ့
တပြိုင်နက်၊ သူဟာ တိုက်ရိုက်

မချိုးဖောက်နိုင်ခဲ့ပေမဲ့ အနီရောင်
တိမ်တိုက်တွေကို မြေပြင်ပေါ်မှာ
ချာချာလည်စေ နိုင်ခဲ့ပါတယ်။

ဒီအနီရောင် တိမ်တိုက်တွေဟာ ပယင်းရောင်
မိစ္ဆာခေတ်ငွေ့တွေရဲ့ ရစ်သိုင်းမှုကို
ခံလိုက်ရပြီး၊ တိုက်ရိုက်မျိုချခြင်းကို
ခံလိုက်ရပါတယ်။

ပြီးတာနဲ့ ဒီမြွေကြီးဟာ
ထွက်ပြေးလွတ်မြောက်ဖို့
ကြိုးစားလိုက်ပါတယ်။ သူဟာ ဒီအနီရောင်
တိမ်တိုက်တွေကို ချက်ချင်း

မချိုးဖောက်နိုင်သေးပေမဲ့၊ သူ့နဲ့အတူ
ယူသွားခဲ့ပြီး အန္တရာယ်တွေနဲ့ ဝေးရာရောက်တဲ့
အချိန်မှာသာ ထပ်ပြီးမှ သန့်စင်ဖို့
ကြိုးစားမှာပါ။

အနီရောင် တိမ်တိုက်လေးကို
သိမ်းဆည်းပြီးနောက်မှာ၊
အပြာရောင်တိမ်တိုက် ဦးချိုမြွေဟာ
မြေပြင်ပေါ်ကနေ ခုန်လိုက်ကာ၊ အစိမ်းရောင်
အလင်းတန်း တစ်ခုအဖြစ်ကို
ပြောင်းသွားခဲ့ပြီး၊ တွားသွားထွက်ခွာဖို့
ကြိုးစားလိုက်ပါတယ်။

ရှောင်ယန်ဟာ တစ်ဟဲဟဲနဲ့ ရယ်လိုက်ပြီး၊
မဟူရာ တိမ်တိုက်အလံကို ဝှေ့ယမ်းလိုက်ကာ
လေဟာနယ်နဲ့ အချိန်တွေကို
ရွှေ့ပြောင်းလိုက်ပါတယ်။
မျက်စိတစ်မှိတ်လေး အတွင်းမှာပဲ၊ သူဟာ
အပြာရောင်တိမ်တိုက် ဦးချိုမြွေရဲ့ အရှေ့မှာ
ပိတ်ဆို့ပြီးသား ဖြစ်သွားပါပြီ။

အပြာရောင်တိမ်တိုက် ဦးချိုမြွေကြီးဟာ
ကျယ်လောင်စွာနဲ့ ဟိန်းဟောက်လိုက်ပြီး၊
အစိမ်းရောင် တိမ်တိုက်တွေ
အမြောက်အမြားကို ထုတ်လွှတ်လိုက်ကာ၊
ရှောင်ယန်ကို မျိုချဖို့ ပြင်ဆင်လိုက်ပါတယ်။

ဒီအစိမ်းရောင် တိမ်တိုက်တွေဟာ သစ်ရွက်ရန့်
သင်းသင်းလေးကို ယူဆောင်လာခဲ့ပါတယ်။
ဒါပေမဲ့လည်း ရှောင်ယန်ဟာ သူ့ကို
နားလည်အောင် ကြိုးစားဖို့ အချိန်မရခဲ့ပါဘူး။
ဒီတိမ်တိုက်တွေရဲ့ အထဲကနေ ခက်ထန်တဲ့
မိစ္ဆာစွမ်းအား တုန်ခါမှုတွေဟာ
ပေါ်ထွက်လာခဲ့ပါတယ်။

ရှောင်ယန်ဟာ သူ့ရဲ့ မျက်မှောင်ကြီးကို
ကြုတ်လိုက်ပြီး၊ "ဘယ်လိုမိစ္ဆာမျိုးလဲ? မင်းရဲ့
မွေးရာပါ မှော်အတတ်က ငါ့ရဲ့

အရေအတွက်သုံးခု အင်းရှစ်ကွက် ဖြိုခွဲခြင်းနဲ့ ဆင်တူမှုတွေ ရှိနေတာပဲ"

စကားဆုံးတာနဲ့ ရှောင်ယန်ဟာ လက်သီးတစ်ချက်နဲ့ ထိုးချလိုက်ပါတယ်။ တစ်စစီ ခြေမွနိုင်တဲ့ စွမ်းအင်တွေနဲ့ အစိမ်းရောင် တိမ်တိုက်တွေဟာ ထိပ်တိုက်ရင်ဆိုင် ခဲ့ကြကာ၊ အစိမ်းရောင် တိမ်တိုက်တွေဟာ အစိတ်စိတ် အမြွာမြွာ ပြိုကွဲသွားခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီမြွေကြီးရဲ့ အစိမ်းရောင် တိမ်တိုက်တွေဟာ တကယ့်ကို

အစွမ်းထက်လှပါတယ်၊ ရှောင်ယန်ရဲ့
မှော်စွမ်းအင်တွေကိုလည်း ဖြေးဖြေးချင်း
လွင့်ပြယ်သွားစေခဲ့တာပါ။

ရှောင်ယန်က အနည်းငယ်
မျက်မှောင်ကြုတ်လိုက်ပါတယ်၊ သူက
အချိန်အကြာကြီး ဆွဲလို့မဖြစ်ဘူး ဆိုတာကို
သိနေခဲ့ပါတယ်။

ရွှေရောင်ဗဟိုချက် အဆင့်ကို
ရောက်သွားခဲ့ကြတဲ့ လင်းဖုန်းရဲ့
တပည့်သုံးယောက် အနက်မှာ၊
ရှောင်ပုတန်လေးရဲ့ အပေါက်ကိုးပေါက်နဲ့

ရွှေရောင်ဗဟိုချက်ကသာ၊ စိတ်ဝိညာဉ်
စွမ်းအင်တွေကို ခွဲခြမ်းစိတ်ဖြာပြီး
မျိုချနိုင်တာပါ။

စုဆောင်းထားနိုင်တဲ့ မှော်စွမ်းအင်တွေဟာ
သူ့ကို စွမ်းအားအကြီးဆုံး ဖြစ်စေခဲ့ပြီး၊
ပြန်လည် သက်သာနိုင်တဲ့ စွမ်းရည်ကလည်း
အတော့်ကို ကောင်းပါတယ်။
အပေါက်ကိုးပေါက် ရွှေရောင်ဗဟိုချက်ဟာ
စိတ်ဝိညာဉ် စွမ်းအင်ကို ဝါးမျိုပြီးတာနဲ့၊
မှော်စွမ်းအင်တွေ အဖြစ်ကို ချက်ချင်း
ပြောင်းလဲပေးနိုင်စွမ်း ရှိပါတယ်။

ဇူရီရဲ့ အလင်းနဲ့အမှောင်
ရွှေရောင်ဗဟိုချက်ကတော့ ခေတ်နှစ်မျိုးကို
ပူးပေါင်းပြီးမှ အသက်စွမ်းအင် အဖြစ်ကို
ဖန်ဆင်းထားတာပဲ ဖြစ်ပါတယ်။
သူ့ရဲ့မှော်စွမ်းအင်တွေဟာ
ရှောင်ပုတန်လောက် မခက်ထန်ပေမဲ့၊ သူ့ရဲ့
ပြန်လည်ဖြည့်တင်းနိုင်စွမ်းက အများကြီး
ပိုကောင်းပါတယ်။

ရှောင်ယန်ရဲ့ အကြွင်းမဲ့မီးတောက်
ရွှေရောင်ဗဟိုချက်ကတော့ ပေါက်ကွဲနိုင်စွမ်း
အမြင့်ဆုံးဖြစ်ပြီး၊ အရှိန်အဟုန် ပြင်းထန်စွာနဲ့

ပေါက်ကွဲနိုင်တာပါ။ ဒါပေမဲ့လည်း သူ့ရဲ့ ဆက်လက်ထိန်းသိမ်း နိုင်စွမ်းနဲ့ ပြန်လည်ဖြည့်တင်းနိုင်စွမ်းတို့ကတော့၊ အများကြီး နိမ့်ကျပါတယ်။

ရှောင်ယန်ဟာ မဟာကောင်းကင်တာအိုကျမ်းစာရဲ့ အရေအတွက်သုံးခုအင်းရှစ်ကွက်ကို လေ့ကျင့်ထားပြီး၊ ခရမ်းရောင် တိမ်တိုက်တွေကိုလည်း စုပ်ယူထားပါတယ်။ သူ့ရဲ့ မှော်စွမ်းအင်အရဆိုရင်၊ သူဟာ ဒီအပြာရောင်တိမ်တိုက်ဦးချို့မြွေကို လွှမ်းမိုးနိုင်ပေမဲ့၊ သူက လင်းဖုန်းရဲ့ သင်ကြားချက်တွေကို အမှတ်ရလာခဲ့ပါတယ်။

"ရှောင်ယန်၊ မင်းရဲ့ ရွှေရောင်ဗဟိုချက် စွမ်းအင်ပဲ ဖြစ်ဖြစ်၊ ပုံမှန် ကျင့်ကြံထားတဲ့ စွမ်းရည်တွေပဲ ဖြစ်ဖြစ်၊ အဓိကအချက်က သူ့ရဲ့ ပေါက်ကွဲနိုင်စွမ်း အပေါ်မှာပဲ မူတည်နေတာကွ။ အချိန်ဆွဲပြီး တိုက်ရတဲ့ တိုက်ပွဲတွေမှာ မင်းက အသာစီးမရနိုင်ဘူး။ မင်းဟာ မင်းရဲ့ အားနည်းချက်တွေကို အတတ်နိုင်ဆုံး နည်းအောင်လုပ်ရမယ်။ ဒါကြောင့်မို့ တကယ့်တိုက်ပွဲနဲ့ ကြုံတွေ့ရတဲ့အခါမှာ၊ မင်းက မင်းရဲ့ စွမ်းအားတွေကို အတတ်နိုင်ဆုံး ဖော်ထုတ်ပြသရမယ်"

"အကျင့်ဆိုတာက ကြောက်စရာကောင်းတဲ့ အရာတစ်ခုပဲ။ သူက မင်းရဲ့ ဆုံးဖြတ်ချက်တွေကို မသိမသာနဲ့ လွှမ်းမိုးထားနိုင်တယ်၊ ဒါကြောင့်မို့ပဲ မင်းက မင်းရဲ့ အားသာချက်တွေကို အတတ်နိုင်ဆုံး အသုံးပြုပြီး၊ အားနည်းချက်တွေကို ဖုံးကွယ်ထားရမယ်။ သေသွားတဲ့ရန်သူဟာ အကောင်းဆုံး ရန်သူပဲ"

ဒီအခြေအနေမျိုးမှာ ရှောင်ယန်ဟာ ဘာမှကို ချီတုံချတုံ ဖြစ်မနေတော့ပါဘူး။ သူဟာ သူ့ရဲ့မှော်စွမ်းအင် အကုန်လုံးကို

စုစည်းလိုက်ကာ၊ သူ့ရဲ့ ခရမ်းပြာရောင်
မီးလျှံတောင်ပံကို ဖော်ထုတ်လိုက်ပါတယ်။
ဖျက်ဆီးအားကောင်းတဲ့
ကြောက်မက်ဖွယ်ပုံစံဟာ ဖြေးဖြေးခြင်း
ပေါ်လာခဲ့ပါတယ်။

"မလုပ်နဲ့!" ထွမ်းထွမ်းနဲ့ ရှောင်ပုတန်တို့
နှစ်ယောက်စလုံးက အော်လိုက်ကြပါတယ်။
ဒါပေမဲ့လည်း ရှောင်ယန်က ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်ကို အသုံးပြုပြီး
ဖန်ဆင်းထားတဲ့ တောင်ပံတွေဟာ
လေဟာနယ်ထဲမှာ ပေါင်းစည်းသွားကြကာ၊
ရောမ ကတ်ကြေးတစ်စုံလို

အပြာရောင်တိမ်တိုက် ဦးချိုမြွေရဲ့
ခန္ဓာကိုယ်ကို တိုက်ရိုက်ပဲ
ပိုင်းဖြတ်ခဲ့လိုက်ပါတယ်။

ဒီခရမ်းပြာရောင် တောင်ပံတွေကို ဘယ်လိုမှ
တားဆီးလို့ မရနိုင်ပါဘူး။
အပြာရောင်တိမ်တိုက် ဦးချိုမြွေဟာ သူ့ကို
ကြောက်ရွံ့စွာနဲ့ ကြည့်နေရင်းကပဲ၊ နှစ်ပိုင်း
အဖြတ်ခံခဲ့ရပါတော့တယ်။

မြွေကြီးရဲ့ စိတ်စွမ်းအားကလည်း
သန်မာလှပါတယ်။ သူဟာ
နှစ်ပိုင်းပြတ်သွားခဲ့ပေမဲ့၊ သူ့ရဲ့ခန္ဓာကိုယ်

အပေါ်ပိုင်းဟာ ရုန်းကန်ပြီးမှ
လွတ်မြောက်သွားခဲ့ပါတယ်။ ခန္ဓာကိုယ်
အောက်ပိုင်းကတော့ မြေကြီးပေါ်မှာ
အဆက်မပြတ် လူးလွန့်နေခဲ့ပါတယ်။

မိုးကြိုးနဲ့ လျှပ်စီးတို့ဟာ
ရှောင်ပုတန်လေးဆီကနေ မာန်ဟုန်ပြင်းစွာနဲ့
ထွက်လာခဲ့ပြီး၊ သူဟာ မြွေကြီးရဲ့ ခေါင်းပေါ်ကို
တက်နင်းလိုက်ကာ မြေပေါ်ကို
ဖိချလိုက်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်
အပေါ်ပိုင်းဟာ၊ ခရမ်းပြာရောင် ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်တွေရဲ့
ပြင်းထန်စွာ လောင်ကျွမ်းနေတာကို

တွေ့လိုက်ကတော့၊ သူဟာ အလောတကြီးနဲ့
ပြောလိုက်ပါတယ်၊ "အစ်ကိုကြီး၊
မီးတောက်တွေကို ရုပ်သိမ်းလိုက်ပါဦး။
မဟုတ်လို့ရှိရင် မြွေသားတွေက
တူးသွားတော့မယ်ဗျ"

ထွမ်းထွမ်းကတော့ ရှောင်ယန်ရဲ့ဘေးမှာ
ခုန်ပေါက်အော်ဟစ်နေခဲ့ပါတယ်၊ "ကျွန်မက
အစကတည်းက သူ့ကို အရှင်ဖမ်းပါလို့
ပြောသားပဲ၊ နှမြောစရာတွေ ဖြစ်ကုန်ပြီ!"

ရှောင်ယန်က နှာမှုတ်လိုက်ပါတယ်၊
"တကယ်လို့ငါက မြန်မြန်မလုပ်လို့ရှိရင်၊

အထဲက မျိုချခံထားရတဲ့ သူရဲ့ အသက်က
အန္တရာယ် ရှိနိုင်တယ်။ အသက်က
ပိုအရေးကြီးလား? စားဖို့က
ပိုအရေးကြီးလား?"

ထွမ်းထွမ်းက ခဏလောက် စဉ်းစားလိုက်ပြီး၊
"မေးနေဖို့လိုလို့လား? အစားက
ပိုအရေးကြီးတာပေါ့!"

ရှောင်ယန်ရဲ့ နှုတ်ခမ်းတွေဟာ တွန့်သွားခဲ့ပြီး၊
သူမကို လျှစ်လျူရှုထားလိုက်ပါတယ်။

ရှောင်ပုတန်လေးက သူ့ရဲ့ခြေထောက်ကို အားစိုက်ကာ နင်းထားလိုက်ပြီး၊ မြွေကြီးကို မလှုပ်နိုင်အောင် ဖိထားလိုက်ပါတယ်။ သူက ရှောင်ယန်ကို ခေါင်းမော့ကာ ကြည့်လိုက်ပြီး၊ "အစ်ကိုကြီး၊ တကယ်လို့ အစ်ကိုကြီး ကယ်လိုက်တဲ့လူက လူဆိုးဖြစ်နေရင်၊ ဘယ်လိုလုပ်မလဲဗျ?"

ရှောင်ယန်က ပြန်ဖြေလိုက်ပါတယ်၊ "ဒါဆိုရင်လည်း သတ်လိုက်ရုံပေါ့ကွာ။ မင်းက ဘယ်လိုလုပ်မလဲ မေးနေစရာ လိုလို့လား?" သူက သူ့ရဲ့ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်ကို ရုပ်သိမ်းလိုက်ပြီး၊

ဗိုက်ကိုခွဲလိုက်တော့ အထဲကနေ
အနီရောင်တိမ်တိုက် စက်လုံးလေးက
ထွက်လာခဲ့ပါတယ်။

ပယင်းရောင် မိစ္ဆာတိမ်တိုက်တွေဟာ
အရည်အဖြစ်ကို ပြန်လည်ပြောင်းလဲသွားခဲ့ပြီး၊
အပြာရောင်တိမ်တိုက် ဦးချိုမြွေရဲ့
ချိုအတွင်းကို ပြန်ဝင်သွားခဲ့ပြီ ဖြစ်ပါတယ်။
ပယင်းရောင် မိစ္ဆာအငွေ့တွေရဲ့ အစွမ်းတွေ
မရှိတော့၊ ဒီမြွေကြီးဟာ
အနီရောင်တိမ်တိုက်လေးကို ချေဖျက်နိုင်စွမ်း
မရှိခဲ့ပါဘူး။

သူ့ကို တိုက်ခိုက်နေတဲ့ မိစ္ဆာစွမ်းအင်တွေဟာ
ပျောက်ကွယ်သွားတာကို သိလိုက်တော့၊
အနီရောင် တိမ်တိုက်လုံးလေးဟာ
အနည်းငယ် တုန်ခါသွားခဲ့ပေမဲ့၊
ကြဲပြန့်ပြီးတော့ မသွားခဲ့သေးပါဘူး။

ရှောင်ယန်ဟာ သူ့ရဲ့လက်ကို မြှောက်လိုက်ပြီး၊
အနီရောင် တိမ်တိုက်လေးကို ထိုးလိုက်ပေမဲ့
သူဟာ ဝါဂွမ်းစလေးကို ထိုးမိလိုက်သလိုပဲ
ခံစားလိုက်ရပါတယ်။

"အပြာရောင်တိမ်တိုက် ဦးချိုမြွေကြီးက
မင်းကို အန္တရာယ် မပေးနိုင်တော့ဘူး၊
မင်းထွက်လာလို့ရပြီ"

ရှောင်ယန်ရဲ့ အသံကို ကြားလိုက်ရပြီး၊
မှော်စွမ်းအင် လှုပ်ရှားမှုဟာ မိစ္ဆာကလန်က
မဟုတ်ဘူး ဆိုတာကို သိလိုက်ရတော့၊
အထဲကသူဟာ အနည်းငယ်
စိတ်အေးသွားခဲ့ပါတယ်။ အနီရောင်
တိမ်တိုက်လေးဟာ တစ်စတစ်စနဲ့
ကွဲလွင့်သွားခဲ့ပြီး၊ အထဲက လူတစ်ယောက်ရဲ့
ပုံစံကို ဖော်ပြခဲ့ပါတယ်။ အနီရောင်
တိမ်တိုက်လေးဟာ အနီရောင် အလင်းတန်း

အဖြစ်ကို ပြောင်းသွားခဲ့ကာ၊ သူ့ရဲ့ခါးကြားက ဗူးတောင်းလေးရဲ့အထဲကို ဝင်သွားခဲ့ပါတယ်။

တစ်ယောက်ရဲ့ မျက်နှာကို တစ်ယောက်က သေသေချာချာ တွေ့လိုက်ပြီးနောက်မှာ၊ ရှောင်ယန်ရော အဲ့ဒီသူပါ ထိတ်လန့်တုန်လှုပ်သွားခဲ့ကြပြီး အော်လိုက်ကြပါတယ်။ "မုယုံယန်ရန်?" "ရှောင်ယန်"

ခဏအကြာမှာပဲ သူတို့နှစ်ယောက်စလုံးဟာ ခေါင်းတွေကို ခါလိုက်ကြပြီး၊ "မင်းက လူမှားနေတယ်!"

ရှောင်ယန်က အတော်လေး
အံ့အားသင့်နေခဲ့ပါတယ်။ သူက
ဒီလောက်ကြိုးစားပြီး ကယ်ခဲ့တဲ့သူဟာ
သူ့ရဲ့ပြိုင်ဘက် ဖြစ်နေတာပါ။ တကယ်လို့များ
ရှောင်ပုတန်လေးတို့က သိသွားလို့ရှိရင်၊ သူက
အရှက်လုံးလုံးကွဲပါပြီ။

မုယုံယန်ရန်ကတော့ သူ့ထက်တောင်
ပိုဆိုးနေခဲ့ပါတယ်။ အနီးအနားမှာ
အပေါက်တစ်ပေါက် ရှိခဲ့ရင်၊ သူမဟာ
သူမရဲ့ခေါင်းကိုထည့်ပြီး ပုန်းနေမိမှာပါ။
ပထမဆုံးအကြိမ် အနေနဲ့ သူမဟာ၊

မြွေရဲ့ဗိုက်ထဲမှာ ပိတ်မိနေတာထက်ဆိုးတဲ့ ခံစားချက်မျိုးကို ခံစားလိုက်ရပါတော့တယ်။

## စာစဥ် ၁၄ : အပိုင်း ၉

## အပိုင်း ၂၃၉ : ရှောင်ပုတန်လေးဟာ လျှာစောင်းထက်လှပါတယ်

သူတို့ဟာ ရုတ်တရက် တွေ့လိုက်ကြတာ ဖြစ်ပြီး၊ တစ်ယောက်ရဲ့ ပုံပန်းသဏ္ဍာန်ကို တစ်ယောက်က သေသေချာချာ မတွေ့ရသေးပါဘူး။

သူတို့က အချိန်ကို ပြန်ဆန်စေတဲ့
ဒိုင်မန်းရှင်းတွေ အထဲမှာ ကျင့်ကြံခဲ့တဲ့
ကာလတွေကိုပါ ထည့်တွက်ရင်၊ သူတို့ဟာ
တစ်ယောက်ကိုတစ်ယောက်
မတွေ့ကြရတာဟာ ဆယ်နှစ်ကျော်လောက်
ရှိသွားခဲ့ပါပြီ။

ဒါက သူတို့ရဲ့ ပုံစံတွေ အကြီးအကျယ်
ပြောင်းလဲသွားဖို့ လုံလောက်တဲ့အချိန်ပဲ
ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ရှောင်ယန်နဲ့ မုယုံယန်ရန်တို့ဟာ တွေ့လိုက်တာနဲ့၊ တစ်ယောက်ကိုတစ်ယောက် မှတ်မိလိုက်ကြပါတယ်။

တစ်ခုရှိတာက သူတို့ဟာ ဒီလိုမျိုး အခြေအနေမှာ တွေ့လိုက်ရတော့၊ ရှက်ကိုးရှက်ကန်းနဲ့ ကသိကအောက်တွေ ဖြစ်သွားကြတာပါ။

ရှောင်ယန်က မုယုံယန်ရန်ကို ရှင်းယွင်တောင်ထိပ်မှာ ခမ်းနားထည်ဝါစွာနဲ့ စောင့်နေလိမ့်မယ်လို့ မျှော်လင့်ထားခဲ့တာပါ။

ဒါမှမဟုတ်ရင် သူမဟာ
အလင်းခါးမြန်ဂိုဏ်းက အဖွဲ့ဝင်တွေကို
ခေါ်ပြီး၊ သူ့ကို လမ်းတစ်ဝက်ကနေ
လုပ်ကြံလိမ့်မယ်လို့ ထင်ခဲ့မှာပါ။ ဒါပေမဲ့လည်း
သူက မုယုံယန်ရန်ကို ဒီလိုမျိုး
ကသိကအောက် ဖြစ်ဖွယ် အခြေအနေမျိုးနဲ့
တွေ့ရလိမ့်မယ်လို့ လုံးဝကို
မမျှော်လင့်ထားခဲ့ပါဘူး။

ရှောင်ပုတန်လေးက အပြာရောင်တိမ်တိုက်
ဦးချိုမြွေကို ထွမ်းထွမ်းဆီကို ပေးလိုက်ပြီး၊
အရှေ့ကို လာခဲ့ကာ စပ်စုစွာနဲ့
မေးလိုက်ပါတယ်၊ "အစ်ကိုကြီးခင်ဗျ၊

အစ်ကိုကြီးတို့ နှစ်ယောက်က
အသိအကျွမ်းတွေလား?"

မုယုံယန်ရန်နဲ့ ရှောင်ယန်တို့
နှစ်ယောက်စလုံးဟာ အတူတူ
အော်လိုက်ကြပါတယ်။ "မဟုတ်ဘူး!"

"ခင်ဗျားတို့က ဘယ်သူ့ကို
လှည့်ဖျားချင်နေကြတာလဲ?"
ရှောင်ပုတန်လေးက ရက်ကိုးရက်ကန်း
ဖြစ်နေကြတဲ့ လူနှစ်ယောက်ကို
ကြည့်လိုက်ပြီး၊ သူ့ရဲ့ နှုတ်ခမ်းတွေကို
တွန့်လိုက်ကာ ရှောင်ယန်ကို ကြည့်လိုက်ပြီး၊

"အစ်ကိုကြီး၊ ကျွန်တော်က ဆယ်နှစ်ကျော် ရှိပြီဗျ၊ ကလေးလေး မဟုတ်တော့ဘူး။ ကျွန်တော့်ကို လွယ်လွယ်နဲ့ ညာချလို့ရမယ် မထင်နဲ့တော့၊ ဟုတ်ပြီလား?"

ရှောင်ယန်က သူ့ကို မျက်စောင်းထိုးကာ ကြည့်လိုက်ပြီး၊ ဘာကိုမှ ပြန်မဖြေခဲ့ပါဘူး။

ရှောင်ပုတန်လေးက မုယုံယန်ရန်ကို ပြုံးရွှင်စွာနဲ့ ကြည့်လိုက်ပါတယ်။ "တကယ်လို့များ ကျွန်တော်က နားကြားမမှားလို့ရှိရင်၊ ကျွန်တော်က သူဟာ

ခင်ဗျားရဲ့ နာမည်ကို ခေါ်တာ
ကြားလိုက်ရတယ်"

မုယုံယန်ရန်ရဲ့ မျက်နှာဟာ
ပျက်သွားခဲ့ပါတယ်။ ရှောင်ပုတန်လေးဟာ
သိရက်သားနဲ့ ရှုးချင်ယောင်ဆောင်ပြီး၊
သပ်သပ်လာကြပ်နေတယ် ဆိုတာကို
သိနေခဲ့ပါတယ်။

"ကဲ၊ ခင်ဗျားက မုယုံယန်ရန်ပေါ့?"
ရှောင်ပုတန်လေးဟာ သူမရဲ့ အနားမှာ
ပတ်လျှောက်နေခဲ့ပါတယ်။
"လက်စသတ်တော့၊ အစ်ကိုကြီးကို

ငြင်းပယ်ခဲ့တာက ခင်ဗျားပဲ။ ခင်ဗျားမှာက ထူးခြားတဲ့ ကိုယ်ကျင့်စရိုက် ရှိတာပဲ"

မုယုံယန်ရန်ဟာ ရှောင်ပုတန်လေးရဲ့ စူးစိုက်ကြည့်တာကို ခံနေရတော့၊ သူဟာ ကလေးကြီး အရွယ်သာ ရှိသေးပေမဲ့ အတော်ကို ကသိကအောက် ဖြစ်နေခဲ့ပါတယ်။

ပိုပြီးတော့ ဆိုးတာက ရှောင်ပုတန်လေးဟာ သူမရဲ့ အလှအပတွေကို ခံစားနေတာ မဟုတ်ပဲ၊ တိရိစ္ဆာန် တစ်ကောင်ကို ကြည့်နေသလိုမျိုး စပ်စပ်စုစုနဲ့ လှေ့လာနေခဲ့တာပါ။

"ငါက ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူတစ်ယောက် မဟုတ်ပေမဲ့၊ ငါ့ကို အထင်သေးလို့ ရမယ်ထင်ရင် မှားသွားလိမ့်မယ်" မုယုံယန်ရန်ဟာ သူမရဲ့ စိတ်တွေကို တည်ငြိမ်အောင် ကြိုးစားလိုက်ရင်း၊ လေးနက်စွာနဲ့ ပြောလိုက်ပါတယ်၊ "အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေ အားလုံးက ဒီလိုမျိုး သွန်သင်ဆုံးမမှု အားနည်းနေကြတာလား?"

ရှောင်ပုတန်လေးက ကမ္ဘာပေါ်မှာ အံ့သြစရာ အကောင်းဆုံး အရာတစ်ခုကို တွေ့လိုက်တဲ့အတိုင်း၊ သူ့ရဲ့ မျက်လုံးတွေကို အကျယ်ကြီး ပြူးလိုက်ပြီး ရယ်လိုက်ပါတယ်၊ "ခင်ဗျားက ဒါကိုတောင် မခံနိုင်ဘူးလား? ခင်ဗျားက ဂူကျိုးမှာတုံးက ကျွန်တော့် အစ်ကိုကြီးကို အနိုင်ကျင့်တုံးက၊ ခင်ဗျားရဲ့ သွန်သင်ဆုံးမမှုတွေက ဘယ်မှာလဲ?"

"တစ်ယောက်က သူများတွေကို အနိုင်ကျင့်နိုင်ပြီး၊ သူများကတော့ သူမကို အနိုင်ကျင့်လို့ မရဘူး။ ဘယ်သူက ခင်ဗျားကို အထူး အခွင့်အရေးတွေ ပေးထားတာလဲ?"

မုယုံယန်ရန်ရဲ့ မျက်နှာဟာ ဖြူဆွတ်သွားခဲ့ပြီး၊ ငြိမ်သက်သွားခဲ့ပါတယ်။

ရှောင်ယန်က သူ့ရဲ့လက်ကို ဝှေ့ယမ်းပြလိုက်တော့၊ ရှောင်ပုတန်လေးက ပါးစပ်ပိတ်လိုက်ပါတယ်။ ရှောင်ယန်ဟာ မုယုံယန်ရန်ကို ကြည့်လိုက်ပြီး တည်ငြိမ်စွာနဲ့၊ "မုယုံမိန်းကလေး၊ ဘာဖြစ်လို့ ဒီနေရာကို ရောက်နေရတာလဲ?"

"ခရီးထွက်နေတာလား? ကြည့်ရတာ မင်းက တစ်စုံတစ်ယောက်က ရှင်းယွင်တောင်ထိပ်ကို

လာပြီးတော့၊ မင်းကို လာစိန်ခေါ်မယ် ဆိုတာကို မေ့နေတာထင်တယ်။ ဒါမှမဟုတ် ဒီလူက ဘယ်တော့မှ ပေါ်လာမှာ မဟုတ်ဘူးလို့များ ထင်နေတာလား?"

မုယုံယန်ရန်က အသက်ပြင်းပြင်း တစ်ချက်ကို ရှူလိုက်ပြီး၊ သူမရဲ့ခေါင်းကို မော့ကာ ရှောင်ယန်ကို ကြည့်လိုက်ပြီး၊ "ကျွန်မက မမေ့ပါဘူး။ ဒီကနေ့ ပြန်တွေ့ကြပြီဆိုတော့၊ အရင်က အလောင်းအစားကို ဖြေရှင်းလိုက်ကြစို့"

စကားဆုံးတာနဲ့ သူမဟာ သူမရဲ့ခါးက ရတနာဗူးတောင်းကို ပုတ်လိုက်တော့၊ အနီရောင်မြူခိုးငွေ့တွေဟာ ထွက်လာခဲ့ပြီး၊ သူမရဲ့တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ သူမရဲ့ခါးမှာ ချိတ်ထားတဲ့ ခေါင်းရှည်ကို ဆွဲထုတ်လိုက်တော့၊ လေဟာနယ်ထဲမှာ အဖြူရောင် အလင်းတန်းတစ်ခုက ဖြာထွက်သွားခဲ့ပါတယ်။

ဒီအချိန်မှာ သူမဟာ ရှောင်ယန်ရဲ့စွမ်းရည်တွေဟာ သူမထက် အများကြီးသာနေတယ် ဆိုတာကို သိနေခဲ့ပေမဲ့၊ သူမဟာ အစွမ်းကုန် ကြိုးစားဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။

သူမရဲ့ မာနနဲ့ ဂုဏ်သိက္ခာတို့ဟာ
ရှောင်ယန်ကို အညံ့ခံဖို့ ခွင့်မပြုနေခဲ့ပါဘူး။

ရှောင်ယန်က ဘာမှ မပြောခဲ့ပဲ
မုယုံယန်ရန်ကိုသာ ကြည့်နေခဲ့ပါတယ်၊
ရှောင်ပုတန်လေးကတော့ ရယ်လိုက်ကာ
မုယုံယန်ရန်ကို ကြည့်လိုက်ပြီး၊
"အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်?
ဒါဆိုရင်တော့ အစ်ကိုကြီးကို ယှဉ်နိုင်မှာ
မဟုတ်ဘူး"

သူက ခေါင်းကိုလှည့်လိုက်ပြီး ရှောင်ယန်ကို
ကြည့်လိုက်ကာ၊ "အစ်ကိုကြီး၊

ဆရာသခင်ဆီကို ပြန်သွားရအောင်။ ဆရာ့ကို အစ်ကိုကြီးတို့ နှစ်ယောက် ယှဉ်ပြိုင်ဖို့အတွက် ကောင်းကင်ကမ္ဘာငယ် တစ်ခုကို ဖန်ဆင်းခိုင်းပြီး၊ အစ်ကိုကြီးရဲ့ ကျင့်ကြံမှု အဆင့်ကို ဖိနှိပ်ခိုင်းထားရမယ်"

"ဒါပေမဲ့လည်း အခြေခံ အုတ်မြစ်အဆင့်ကို ချလိုက်ရင်လည်း ဘာမှထူးမှာ မဟုတ်ဘူး။ ကျွန်တော်တို့ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေက အဆင့်တူရင် ပြိုင်ဘက်မရှိဘူးဆိုတော့၊ ဆရာက အစ်ကိုကြီးကို အနည်းဆုံးတော့ ချီသာဝက အဆင့်ကို နှိမ့်ချထားပေးမှရမှာ"

မုယုံယန်ရန်ဟာ ဒေါသထွက်နေခဲ့ပေမဲ့
ရှောင်ယန်ကတော့ ရှောင်ပုတန်လေးကို
အမူအရာ ကင်းမဲ့စွာနဲ့ပဲ ကြည့်နေခဲ့ပါတယ်။

ထွမ်းထွမ်းကလည်း အပြာရောင်တိမ်တိုက်
ဦးချိုမြွေကို ဂရုမစိုက်နိုင်တော့ပဲ၊
သူမရဲ့ခေါင်းကို ခါလိုက်ပြီး
ရှောင်ပုတန်လေးကို ကြည့်လိုက်ပါတယ်။
"ဒီကောင်လေးရဲ့ ပါးစပ်ပုပ်လေးက
လျှာစောင်းထက်လွန်းတယ်။ တကယ်လို့များ
ငါက မုယုံယန်ရန်ရဲ့ နေရာမှာဆိုရင်၊ ဘာမှ
ရွေးစရာလမ်း မရှိတော့ပဲ အသက်စွန့်ပြီး

တိုက်ရတော့မှာပဲ။ မဟုတ်လို့ရှိရင်၊ တခြားသူတွေကို ပြဖို့မျက်နှာ ရှိတော့မှာ မဟုတ်ဘူး"

ပြဿနာက နောက်ဆုံးရလဒ်ဟာ သေခြင်းပဲ ဖြစ်မှာပါ။

မုယုံယန်ရန်ဟာ အသက်ပြင်းပြင်း တစ်ချက်ကို ရှူလိုက်ပြီး၊ သူမရဲ့ ခေါင်းထဲက မဟုတ်တဲ့ အတွေးတွေ အားလုံးကို ဖယ်ထုတ်လိုက်ပါတယ်။ သူမရဲ့ ခေါင်းရှည်ဟာ သူမရဲ့ ရင်ဘတ်ပေါ်ကို ထားလိုက်ပြီး၊ လေးနက်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်၊

"အလင်းဓားမြန်ဂိုဏ်းက တပည့် မုယုံယန်ရန်၊
ကျေးဇူးပြုပြီး ညွှန်ပြမှုပေးပါ"

သူမရဲ့စကား ဆုံးတာနဲ့၊ ရှောင်ယန်နဲ့
ရှောင်ပုတန်တို့ဟာ တစ်ယောက်မျက်နှာ
တစ်ယောက် ကြည့်လိုက်ကြတာကို
တွေ့လိုက်ရပါတယ်။ ရှောင်ပုတန်လေးက
ပွဲဖျက်တဲ့ အနေနဲ့ ညည်းလိုက်ပါတယ်၊
"ငါကြည့်ဖို့ ပွဲကောင်းမရှိတော့ဘူး"

မုယုံယန်ရန်က ဘာကိုမှ
မတုံ့ပြန်ရသေးခင်မှာပဲ၊ ခရမ်းရောင်
တိမ်တိုက်တစ်ခုဟာ ရုတ်တရက်ပဲ

ဟင်းလင်းပြင်ကို ချိုးဖောက်လာခဲ့ကာ သူမကို ရစ်ပတ်လိုက်ပါတယ်။ ပြီးတာနဲ့ သူမကလည်း သတိလစ်သွားခဲ့ပါတယ်။

လင်းဖုန်းရဲ့ အသံဟာ လေဟာနယ်ထဲကနေ ထွက်ပေါ်လာခဲ့ပါတယ်၊ "ရှောင်ယန်၊ အလောတကြီးနဲ့ မလုပ်နဲ့ဦး။ ဒီကောင်မလေးက အလင်းဓားမြန်ဂိုဏ်းကနေ တိတ်တိတ်ကလေး ထွက်ပြေးလာတာ ဖြစ်နိုင်တယ်"

ရှောင်ယန်နဲ့ ရှောင်ပုတန်လေးတို့ဟာ နှစ်ယောက်စလုံး မှင်သက်သွားကြပါတယ်။

ရှောင်ယန်က ရယ်လိုက်ပြီး၊ "အလင်းခေါးမြန်ဂိုဏ်းက ဘာလုပ်ချင်နေတာလဲ?"

ရှောင်ပုတန်လေးက ထပ်ပြုံးလိုက်ပြီး၊ "ပွဲကတော့ ကြည့်လို့ ပိုကောင်းလာပြီ"

လင်းဖုန်းက တိတ်တိတ်လေးပဲ ပြောလိုက်ပါတယ်၊ "မင်းတို့က ဒီကောင်မလေးကို မမြင်ခဲ့ဘူးလို့ပဲ သဘောထားလိုက်။ ငါတို့က ရှင်းယွင်တောင်ထိပ်ကို နဂို အစီအစဥ် အတိုင်းပဲ သွားလိုက်မယ်။ ဟိုရောက်ရင်

သူတို့က ဘာအကွက်တွေ ရွှေ့ချင်နေသလဲ ဆိုတာကို တွေ့ရတာပေါ့"

ရှောင်ပုတန်နဲ့ ရှောင်ယန်တို့က ချက်ချင်း သဘောတူလိုက်ပါတယ်။ ရှောင်ယန်က သူ့နေရာမှာသူ ငိုင်နေခဲ့ပြီး၊ ရှောင်ပုတန်လေးရဲ့ အာရုံကတော့ ထွမ်းထွမ်းနဲ့အတူ ရှိနေတဲ့ အပြာရောင်တိမ်တိုက် ဦးချိုမြွေဆီကို လျှင်မြန်စွာနဲ့ ကျရောက်သွားခဲ့ပါတယ်။

မုယုံယန်ရန်ဟာ လင်းဖုန်းရဲ့ စွမ်းအားတွေနဲ့ ဆွဲယူသွားခြင်းကို ခံခဲ့ရပေမဲ့၊ သူမဟာ

အချိန်အနည်းငယ် အကြာမှာတော့ ပြန်နိုးလာခဲ့ပါတယ်။ သူမရဲ့ မျက်လုံးတွေကို ဖွင့်လိုက်တော့၊ သူမဟာ ခရမ်းရောင် ဝတ်စုံနဲ့ လူငယ်တစ်ယောက်က သူမကို ငြိမ်သက်စွာနဲ့ ကြည့်နေခဲ့တာကို တွေ့လိုက်ရပါတယ်။

သူမဟာ ဒီလူငယ်ဆီကနေ မှော်စွမ်းအင် လှုပ်ရှားမှုတွေ တစ်စမှ မတွေ့ခဲ့ရပေမဲ့၊ သူမက ကြောက်ရွံ့နေခဲ့ပါတယ်။ သူမက သူမရဲ့အရှေ့က လူငယ်ဟာ သူမရဲ့ အကြီးအကဲ၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာထက် အဆပေါင်းများစွာ ပိုပြီးမှ သန်မာတယ်လို့ ခံစားနေခဲ့ရပါတယ်။

မုယုံယန်ရန်ဟာ ဒီလူကို သူမရဲ့ဘ၀မှာ ပထမဦးဆုံး တွေ့ခဲ့ဖူးတာပါ။ သူမက ဒီလိုမျိုး ခံစားချက်ကို အလင်းဓားမြန်ဂိုဏ်းရဲ့ ခေါင်းဆောင်ဆီကို တွေ့တဲ့အချိန်မှာပဲ ခံစားခဲ့ရတာပါ။

အလင်းဓားမြန် ဂိုဏ်းခေါင်းဆောင်ရဲ့ ဖိနှိပ်နိုင်မှုဟာ ပိုပြီးတော့ တိုက်ရိုက်ဆန်ပေမဲ့၊ သူမရဲ့ အရှေ့က လူလောက်တော့ တည်ကြည်ငြိမ်သက်မှု မရှိပါဘူး။

လင်းဖုန်းဟာ မုယုံယန်ရန်ကို စိတ်ဝင်စားစွာနဲ့ ကြည့်နေခဲ့ပြီး၊ သူမကို တကယ်ပဲ တစ်ခုခု ပြောချင်နေခဲ့ပါတယ်။

"မိန်းကလေးရေ၊ ရှောင်ယန်ကို ပြုစုပျိုးထောင်ပေးတဲ့အတွက် ကျေးဇူးပါ။ မင်းကတကယ့်ကို လူကောင်းတစ်ယောက်ပါပဲ!"

မုယုံယန်ရန်ဟာ လင်းဖုန်းကို ကြည့်လိုက်ပြီး မြင်ဖူးနေသလို ခံစားခဲ့ရပေမဲ့၊ ဘယ်မှာတွေ့ခဲ့သလဲ ဆိုတာကို စဉ်းစားလို့ မရခဲ့ပါဘူး။

လင်းဖုန်းက မုယုံယန်ရန်ရဲ့ ဝေခွဲမရ ဖြစ်နေတဲ့ ပုံစံကို ကြည့်လိုက်ပြီး၊ မပြုံးပဲနဲ့ မနေနိုင်ခဲ့ပါဘူး။ သူမက ဘာအတွက်ကြောင့် စဥ်းစားရခက်နေသလဲ ဆိုတာကို သိနေခဲ့ပါတယ်။

သေချာပြောရရင်၊ သူတို့နှစ်ယောက်ဟာ အရင်က တစ်ခေါက်တွေ့ဖူးပါတယ်။

ရှောင်ယန်ရဲ့ အကြောင်းကို သူမပြောပြလို့ သိခဲ့ရတာပါ။

အဲ့ဒီအချိန်တုံးက ဒဏ်ရာ အပြင်းအထန်
ရထားတဲ့ လုံရဲ့ဟာ မက်မွန်ပင်
တစ်ပင်အနားမှာ ခိုကပ်နေခဲ့ပြီး၊
ကျောက်ခေတ်ကျေးရွာနဲ့
ရှောင်ပုတန်လေးတို့ကို
ခြိမ်းခြောက်နေခဲ့ပါတယ်။ အပျံသင်စ
ငှက်ငယ်လေး လင်းဖုန်းကတော့ ချီသာဝက
အဆင့်မှာပဲ ရှိနေခဲ့သေးတာပါ။
ရှောင်ပုတန်လေးကို ကယ်တင်ဖို့အတွက်၊
သူဟာ မုယုံယန်ရန်နဲ့ သူမရဲ့
ဂိုဏ်းသားတွေကို ဂျင်းထည့်ပြီး လုံရဲ့နဲ့
ရန်တိုက်ပေးခဲ့ရပါတယ်။

အတိတ်လင်းဖုန်းနဲ့ ပစ္စုပ္ပန် လင်းဖုန်းတို့ဟာ
ကွဲပြားခြားနားသွားခဲ့ပါပြီ။
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာရဲ့
အထဲမှာ ရှစ်နှစ်နေပြီးနောက်မှာ၊
ပုံစံတင်မကပဲ အရပ်အမောင်းနဲ့
စိတ်နေသဘောထားတို့ပါ
ပြောင်းလဲသွားခဲ့ပါတယ်။

ဘေးကနေ ကြည့်နေတဲ့သူအဖို့တော့၊
သူတို့ဟာ မတူညီ ကွဲပြားတဲ့ လူနှစ်ယောက်ကို
ကြည့်နေရသလိုပဲ ဖြစ်နေမှာပါ။

မုယုံယန်ရန်ဟာ သူ့ကို ရင်းနှီးနေသလိုမျိုး ဖြစ်နေရခြင်းဟာ၊ သူမက ကျင့်ကြံသူတစ်ယောက် ဖြစ်နေတဲ့ အတွက်၊ သူမရဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေဟာ အားကောင်းပြီး မှတ်ဉာဏ်တွေကို ထိန်းသိမ်းထားနိုင်လို့ပဲ ဖြစ်ပါတယ်။

လင်းဖုန်းဟာ သူ့ရဲ့စိတ်နဲ့ ခရမ်းရောင် တိမ်တိုက်တွေကို ဆင့်ခေါ်လိုက်ပြီး၊ မုယုံယန်ရန်ရဲ့ စိတ်အာရုံတွေကို လွှမ်းမိုးလိုက်ကာ၊ သူမရဲ့ လင်းဖုန်းနဲ့ ပတ်သတ်နေတဲ့ မှတ်ဉာဏ်ရေးရေးလေးကို ဖျက်ပစ်လိုက်ပါတယ်။

မုယုံယန်ရန်ဟာ ဒါကို မရိပ်မိခဲ့ပဲ၊ အနည်းငယ်
မူးဝေသလိုသာ ခံစားခဲ့ရပါတယ်။
သတိပြန်ဝင်လာပြီး လင်းဖုန်းကို
ကြည့်လိုက်တဲ့ အခါမှာ၊ ဘာမှုမမှန်တာကိုမှ
သတိမထားမိခဲ့ပါဘူး။ အနည်းငယ်
ထူးဆန်းသလိုမျိုး ဖြစ်နေခဲ့ပေမဲ့၊ သူမက
လူမှားတယ်လို့ပဲ ထင်နေခဲ့ပါတော့တယ်။

သူမက လင်းဖုန်းကို ကြည့်လိုက်ပြီး ရိုသေစွာနဲ့
မေးလိုက်ပါတယ်၊ "အကြီးအကဲ၊
အကြီးအကဲက ဘယ်သူများပါလဲ?"

"ငါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်၊ လင်းဖုန်းပဲ" လင်းဖုန်းက ဖြေလိုက်ပါတယ်။ "မင်းက ငါ့တပည့်နဲ့ အလောင်းအစား လုပ်ထားခဲ့တဲ့ အလင်းဓားမြန်ဂိုဏ်းက တပည့်၊ မုယုံယန်ရန် မဟုတ်လား?"

မုယုံယန်ရန်ကလည်း ခါးသီးစွာနဲ့ ပြုံးလိုက်ကာ၊ သူမရဲ့ခေါင်းကို ညိတ်လိုက်ပြီး နှုတ်ဆက်လိုက်ပါတယ်၊ "မုယုံယန်ရန်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်နဲ့ တွေ့ရတာ ဂုဏ်ယူပါတယ်ရှင်"

လင်းဖုန်းက မေးလိုက်ပါတယ်၊ "ရှောင်ယန်နဲ့ ပြန်တွေ့ရတော့ ဘယ်လိုမျိုး ခံစားရသလဲ?"

မုယုံယန်ရန်ဟာ ဖြူဆုတ်သွားခဲ့ကာ သူမရဲ့ နှုတ်ခမ်းတွေကို စုလိုက်ပြီး ပြန်ဖြေလိုက်ပါတယ်၊ "ကျွန်မက ငယ်စဉ်တုံးက စဉ်းစားဆင်ခြင်ဉာဏ် ကင်းမဲ့ပြီး၊ ရူးမိုက်တဲ့ နည်းလမ်းနဲ့ စေ့စပ်ပွဲကို ဖျက်သိမ်းခဲ့ပါတယ်။ ကျွန်မက အဲ့ဒီအချိန်တုံးက သဘောမပေါက်ခဲ့ပေမဲ့၊ အသက်ပိုကြီးလာတော့ ကျွန်မဟာ ရှောင်ယန်နဲ့ သူ့ရဲ့ မိသားစုကို အရှက်ခွဲမိတယ် ဆိုတာကို သဘောပေါက်လာခဲ့ပါတယ်"

"ဒီအချက်နဲ့ ပတ်သတ်ပြီး၊ ကျွန်မက အရမ်းကို တောင်းပန်ချင်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျွန်မဟာ စေ့စပ်ပွဲကို ဖျက်သိမ်းမိတဲ့ အတွက်တော့ နောင်တမရပါဘူး။ အခုအချိန်မှာ ရှောင်ယန်ရဲ့ ကျင့်ကြံမှု အဆင့်ဟာ ကျွန်မထက် အများကြီး မြင့်သွားပါပြီ။ ဒါကလည်း သူ့ရဲ့ကံကြမ္မာနဲ့ စွမ်းဆောင်မှုတွေ ကြောင့်ပဲ ဖြစ်ပါတယ်။ ကျွန်မက မနာလို မဖြစ်ပါဘူး။ ကျွန်မဟာ ကျွန်မရဲ့ လက်ထပ်ပွဲနဲ့ ပတ်သတ်ပြီး ကိုယ်ပိုင် ဆုံးဖြတ်ချက်ကိုပဲ ချမှာဖြစ်ပြီး၊ ဒီအတွက်တော့ နောင်တမရပါဘူး"

လင်းဖုန်းရဲ့ မျက်နှာပေါ်က အမူအရာဟာ မပြောင်းလဲခဲ့ပေမဲ့၊ စိတ်ထဲကနေ ရေရွတ်နေခဲ့ပါတယ်၊ "ဒီလိုတော့ မပြောပါနဲ့ မိန်းကလေး၊ သူ့ရဲ့ အောင်မြင်မှုတွေဟာ မင်းရဲ့အကျိုးဆောင်မှု တစ်စိတ်တစ်ဒေသ ပါနေပါတယ်"

မုယုံယန်ရန်ဟာ ခံစားချက် ကင်းမဲ့နေတဲ့ လင်းဖုန်းကို ကြည့်လိုက်ကာ၊ ဦးညွှတ်လိုက်ပြီး၊ "ကျွန်မတို့ အရင်က ပြုခဲ့တဲ့ ကတိတွေအရ၊ ကျွန်မက ရှောင်ယန်ကို ရှုံးသွားလို့ရှိရင် သူ့ရဲ့ အစေခံအဖြစ် နေရမှာပါ။

ဒါပေမဲ့လည်း ကျွန်မက ဒီအချက်ကို ဖြည့်ဆည်းပေးနိုင်မှာ မဟုတ်တော့ပါဘူး။ ကျွန်မရဲ့ မိသားစုနဲ့ ဂိုဏ်းဟာ ဒီလိုအဖြစ်မျိုးကို လက်ခံနိုင်မှာ မဟုတ်ပါဘူး"

"ဘာပဲပြောပြော၊ ရှောင်ယန်ရဲ့ မျက်စိထဲမှာ ကျွန်မဟာ အရေခွံထူတဲ့ လူတစ်ယောက်ပဲ ဖြစ်ပါတယ်။ ကျွန်မကို နောက်ထပ်တစ်ခေါက် အရေခွံထူခွင့် ပြုပါရှင်။ ကျွန်မက အတိတ်က ပြုခဲ့တဲ့ အမှားတွေအတွက် ကျွန်မရဲ့ အသက်နဲ့ ပေးလျှော်ပါမယ်။ ကျွန်မကို အစေခံအဖြစ်နဲ့ ထားမယ်ဆိုရင်၊ ကျွန်မက လုပ်နိုင်မှာ မဟုတ်ပါဘူး"

လင်းဖုန်းက သူမကို ကြည့်လိုက်ပြီး ပြန်မဖြေခဲ့ပါဘူး။ အဲ့ဒီအစား သူက မေးခွန်းပြန်မေးလိုက်ပါတယ်။ "အိုး၊ ဟုတ်ပြီ၊ အလင်းဓားမြန်ဂိုဏ်းက မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက မင်းရဲ့ အကြီးအကဲလား?"

လင်းဖုန်းက စကားမဆက်ရသေးခင်မှာပဲ၊ မုယုံယန်ရန်ဟာ ကြောက်ရွံ့စွာနဲ့ တုန်ခါသွားခဲ့ပါတယ်။ "သူက ဒီနေရာကနေ အရှေ့မိုင်သုံးရာ အကွာမှာ ရှိနေတယ်။ သူပြောပုံအရဆိုရင်၊ သူက ငါ့ကို ရှင်းယွင်တောင်ထိပ်ကို သွားဖို့ လာကြိုတာပဲ"

"ဒါပေမဲ့ အခုတော့ ကြည့်ရတာ မင်းကို လိုက်ရှာနေတာထင်တယ်?"

မုယုံယန်ရန်ဟာ သူမရဲ့ခေါင်းကို ငုံ့လိုက်ပြီး၊ ထပ်မံတစ်ခါ တုန်ခါသွားခဲ့ပါတယ်။ ခဏအကြာမှာ သူမက တိုးတိုးလေး ပြောလိုက်ပါတယ်၊ "သူက ဘာဖြစ်လို့ ဒီကိုရောက်နေသလဲ ဆိုတာကို ကျွန်မက မသိပါဘူး။ ကျွန်မက ခဏခရီးထွက်လာခဲ့တာ ဖြစ်ပြီး၊ အခုပဲ အလင်းခေးမြန်ဂိုဏ်းကို ပြန်တော့မလို့ပါ"

လင်းဖုန်းက ရယ်လိုက်ပြီး၊ "အိုး၊ ဒါဆိုရင် အတော်ပဲပေါ့။ ငါကသူ့ကို ခေါ်လိုက်မယ်၊ အတူတူ သွားကြတာပေါ့"

မုယုံယန်ရန်ဟာ ဘာပြောရမှန်း မသိခဲ့ပဲ၊ သူမရဲ့ တစ်ကိုယ်လုံးဟာ ပြင်းထန်စွာနဲ့ တုန်ခါလာခဲ့ပါတယ်။

လင်းဖုန်းက သူမကို ကြည့်လိုက်ပြီး ရုတ်တရက် မေးလိုက်ပါတယ်၊ "မင်းက ဘာဖြစ်လို့ အလင်းခေါးမြန်ဂိုဏ်းကနေ တိတ်တိတ်လေး ထွက်ပြေးခဲ့တာလဲ?

မင်းပြောပုံ အရဆိုရင်၊ မင်းက ရှောင်ယန်နဲ့ တိုက်ပွဲကို ရှောင်လွှဲချင်နေတာ မဟုတ်ပါဘူး"

## စာစဥ် ၁၄ : အပိုင်း ၁၀

## အပိုင်း ၂၄၀ : စိတ်ဝင်စားစရာ တစ်စုံတစ်ခု

လင်းဖုန်းဟာ မုယုံယန်ရန်ကို စိတ်ဝင်စားစွာနဲ့ ကြည့်လိုက်ပြီး၊ သူ့ရဲ့စိတ်ဟာ တွက်ချက်မှုများစွာနဲ့ လှုပ်ရှားနေခဲ့ပါတယ်။

"မင်းက ဘာဖြစ်လို့
အလင်းခားမြန်ဂိုဏ်းကနေ တိတ်တိတ်လေး
ထွက်ပြေးလာခဲ့တာလဲ? မင်းပြောပုံ
အရဆိုရင်၊ မင်းက ရှောင်ယန်နဲ့ တိုက်ခိုက်ဖို့
ရှောင်လွှဲချင်ပုံလည်း မရပါဘူး"

တကယ်လို့များ သူမက တိုက်ပွဲကို ရှောင်လွှဲဖို့
အကြံအစည် မရှိဘူးဆိုရင်၊ ဒါက
အလင်းခားမြန်ဂိုဏ်းဟာ သူမကို တစ်ခုခု
စီစဥ်ခဲ့ပြီး၊ သူမက ဒီအစီအစဥ်ကို
လက်မခံနိုင်လို့ပဲ ဖြစ်ပါလိမ့်မယ်။

ဒီကောင်မလေးဟာ အလောင်းအစားကို လိုက်နာမှာမဟုတ်ပဲ၊ သူမရဲ့ အသက်ကိုသာ လျှော်ကြေးအဖြစ် ပေးဆပ်ချင်နေခဲ့တာပါ။

ဒါက သူမဟာ ခြေနင်းကျောက်တုံး အဖြစ်မခံချင်လို့ ရှောင်လွှဲခြင်းလို့ ပြောလို့ရပေမဲ့၊ သူမရဲ့ သဘောထားကနေ သူမဟာ စိတ်ခံတော်ကြွံခိုင်ပြီး ပြတ်သားတဲ့သူတစ်ယောက် ဖြစ်တယ်ဆိုတာကို သိနိုင်ပါတယ်။

"ငါတို့ကရော ငါတို့ရဲ့ လက်ထပ်မှုကို ကိုယ်တိုင် ဆုံးဖြတ်တာပဲလား?" လင်းဖုန်းက

ဖြေးဖြေးချင်း တွေးနေခဲ့ပြီး ခေါင်းထဲကနေ စဉ်းစားနေခဲ့ပါတယ်။ "တကယ်လို့များ ငါက အလင်းခေးမြန်ဂိုဏ်းက ဖြစ်ခဲ့ရင်၊ ဒီလိုမျိုး ပြဿနာနဲ့ ကြုံလာလို့ရှိရင် ဘာလုပ်မလဲ?"

တကယ်လို့များ ငါက ငါ့ရန်သူရဲ့ ပြိုင်ဘက်မဟုတ်ပဲ အနိုင်ကျင့်လည်း မခံချင်ဘူးဆိုရင်၊ အကောင်းဆုံး အဖြေက တခြားနေရာက အကူအညီကို ရယူပြီး ဖိအားတွေကို လျှော့ချရမှာ ဖြစ်ပါတယ်။

လင်းဖုန်းက စိတ်ခတ်ကျနေပြီး ဂဏှာမငြိမ်ဖြစ်နေတဲ့ မုယုံယန်ရန်ကို

ကြည့်လိုက်ပြီး၊ ရုတ်တရက်
မေးလိုက်ပါတယ်။ "ငါကို ပြောပြပါဦး၊
အလင်းဓားမြန်ဂိုဏ်းက မင်းကို
လက်ဆက်ပေးချင်နေတဲ့ သူက
ဘယ်ကများလဲ? စူတောင်ဓားဂိုဏ်းကလား?
မဟာချင် အင်ပါယာကလား?"

မုယုံယန်ရန်ဟာ သူမရဲ့ခေါင်းကို မော့လိုက်ပြီး၊
လင်းဖုန်းကို တုန်လှုပ်ချောက်ချားစွာနဲ့
ကြည့်လိုက်ပါတယ်။ လင်းဖုန်းကတော့
တည်ငြိမ်နေလို့ပါ။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ ဖိအားတွေကို ခုခံဖို့
အလင်းဓားမြန်ဂိုဏ်းက

အကူအညီတောင်းနိုင်တဲ့ နေရာတွေဟာ၊ စူတောင်ခေါ်းကိုဏ်းနဲ့ မဟာချင် အင်ပါယာတို့ပဲ ရှိပါတယ်။

"ကျွန်.. ကျွန်မက အရှင်ဘာပြောနေသလဲ ဆိုတာတွေကို မသိပါဘူး" မုယုံယန်ရန်က သူမရဲ့ ခေါင်းကို ငုံ့ထားလိုက်ပါတယ်။

လင်းဖုန်းရဲ့ နှုတ်ခမ်းထောင့်စွန်းတွေဟာ သိမ်မွေ့သော အပြုံးတစ်ခုအဖြစ်ကို ပြောင်းသွားခဲ့ပြီး၊ သူ့ရဲ့ လေသံဟာ နွေးထွေးပြီး ချစ်ခင်နှစ်သက်ဖွယ် ကောင်းလှပါတယ်။ ဒါပေမဲ့လည်း သူပြောတဲ့

စကားလုံးတိုင်းဟာ၊ မုယုယန်ရန်ကို ကျောရိုးတစ်လျှောက် စိမ့်သွားစေခဲ့ပါတယ်။

"မင်းက မင်းရဲ့ မိသားစုနဲ့ ဂိုဏ်းကို အရှက်မရစေဖို့၊ ငါ့တပည့်ရဲ့ အစေခံ ဖြစ်မှာကို လက်မခံနိုင်ဘူး။ ဒါပေမဲ့ မင်းက နောက်ဆက်တွဲတွေကိုရော စဉ်းစားမိရဲ့လား? မင်းက စီစဉ်ထားတဲ့ လက်ထပ်ပွဲကနေ ရှောင်ပြေးလိုက်ရင်၊ မင်းတို့ရဲ့ အလင်းခေါးမြန်ဂိုဏ်းနဲ့ တခြားတစ်ဘက်က သူတွေရဲ့ ဆက်ဆံရေးက ညှိနှိုင်းလို့ မရအောင် မပျက်ဆီးသွားနိုင်ဘူးလား?"

"စူတောင်ခေးဂိုဏ်းဆိုရင်တော့ ကိစ္စသိပ်မရှိသေးဘူး။ ဒါပေမဲ့လည်း အခြားတစ်ဘက်က မဟာချင် အင်ပါယာက ဆိုရင်တော့၊ မင်းရဲ့ လုပ်ဆောင်ချက်တွေက မင်းရဲ့မိသားစု တစ်ခုလုံးကို ပျက်ဆီးခြင်းတွေ ဖြစ်စေလိမ့်မယ်။ ငါမှတ်မိတာက မမှားခဲ့ရင်၊ မုယုံမိသားဟာ မဟာချင် အင်ပါယာထဲမှာ မိသားစုကြီး လေးခုထဲမှာ မပါပေမဲ့၊ သူ့ရဲ့ ဂုဏ်သိက္ခာကလည်း မသေးလှဘူး"

"ပြီးတော့ မင်းတို့ရဲ့ မိသားစုရဲ့ ဂေဟာက မဟာချင် အင်ပါယာရဲ့ မြို့တော် ရှီးလင်မြို့

အတွင်းမှာ ရှိနေပြီး၊ မဟာချင် ဧကရာဇ်ရဲ့ မျက်စိအောက်မှာတင် ရှိနေတာ"

မုယုံယန်ရန်ရဲ့ တစ်ကိုယ်လုံးဟာ အဆက်မပြတ် တုန်ခါလာခဲ့ပြီး၊ သူမရဲ့ မျက်စိထဲမှာ ကြယ်တွေ မြင်လာခဲ့ပါတော့တယ်။ အစပထမမှာ သူမရဲ့ စိတ်တွေဟာ ရှုပ်ထွေးနေခဲ့ကာ၊ သူမရဲ့ စိတ်ထဲမှာ လက်ထပ်ပွဲကနေ ရှောင်ရှားပြီး ရှင်းယွင်တောင်ကနေ ဝေးနိုင်သလောက် ဝေးအောင် ထွက်ပြေးချင်နေခဲ့တာပါ။ သူမဟာ သူမလက်ထပ်ရမယ့်သူက မဟာချင် အင်ပါယာရဲ့ အိမ်ရှေ့စံမင်းသား ဖြစ်တဲ့၊

ချိုးယွင်ဖြစ်တယ် ဆိုတာကို စဉ်းစားဖို့ မေ့နေခဲ့ပါတယ်။

သူမရဲ့ လက်ထပ်ပွဲကနေ ထွက်ပြေးခဲ့ခြင်းဟာ၊ သူမရဲ့ မိသားစု အပေါ်ကို သက်ရောက်မှု ကြီးကြီးမားမား ဖြစ်စေနိုင်တယ် ဆိုတာကို စဉ်းစားဖို့ မေ့နေခဲ့ပါတယ်။

သူမရဲ့ စိတ်ထဲကနေ ဝမ်းနည်းကြေကွဲမှုတွေဟာ ထိုးတက်လာခဲ့ပြီး၊ သက်ပြင်းတစ်ချက်ကို အကြီးကြီး ချလိုက်ပါတယ်။ "ဒါက ငါ့ရဲ့ ကံကြမ္မာပဲလား?

ဒီကနေ လွတ်မြောက်ဖို့ နည်းလမ်း
မရှိတော့ဘူးလား?"

လင်းဖုန်းက မုယုံယန်ရန်ကို တိတ်ဆိတ်စွာနဲ့
အကဲခတ်နေခဲ့ပြီး၊ သူ့ရဲ့စိတ်ထဲကနေ
နှုတ်ခမ်းတွေကို တွန့်နေခဲ့ပါတယ်။

သူမရဲ့ အကျပ်အတည်းတွေကို
ရှုထောင့်နှစ်မျိုးကနေ ရှုမြင်နိုင်ပါတယ်။
အကောင်းဘက်ကနေ ကြည့်ရရင်၊ သူမဟာ
လွတ်လပ်မှုကို မြတ်နိုးပြီး မှီခိုလိုမှု ကင်းမဲ့ကာ
သူမကိုယ့်ကိုယ် ဆုံးဖြတ်ချက်တွေကို ချလိုသူ
ဖြစ်ပါတယ်။

အခြားတစ်ဘက်မှာတော့၊ သူမဟာ မုယုမိသားစုရဲ့ အဖိုးတန်သမီး အဖြစ်နဲ့ရော အလင်းခါးမြန်ဂိုဏ်းရဲ့ အထူးတပည့် အဖြစ်နဲ့ပါ၊ လူအတော်များများက အိမ်မက်မက်ရုံသာ တတ်နိုင်တဲ့ အခွင့်အရေး၊ အဆင့်အတန်းနဲ့ အရင်းအမြစ်တွေ မြောက်မြားစွာကို ရရှိခဲ့ပေမဲ့၊ သူမဟာ ဒါတွေအတွက် ပြန်လည်ပေးဆပ်လိုခြင်း မရှိခဲ့ပါဘူး။

သာမန်ကမ္ဘာမှပဲ ဖြစ်ဖြစ်၊ ကျင့်ကြံမှု ကမ္ဘာမှာပဲ ဖြစ်ဖြစ်၊ ကြိုတင် စီစဉ်ထားတဲ့

လက်ထပ်ပွဲ၊ ဒါမှမဟုတ် နာမည်ကြီး
မိသားစုတွေ၊ ဂိုဏ်းတွေရဲ့ အကြားမှာ
မဟာမိတ်ဖွဲ့တဲ့ အနေနဲ့ လက်ထပ်ပွဲတွေဟာ
အထူးအဆန်း မဟုတ်လှပါဘူး။

ကိုယ်စိုက်ပျိုးတဲ့ အရာကို
ကိုယ်ပြန်ရိပ်သိမ်းရတယ် ဆိုတဲ့
စကားရှိပါတယ်။ တခြား စကားလုံးတွေနဲ့
ပြောရရင်၊ တစ်ယောက်ဟာ ကိုယ့်အပေါ်ကို
ချီးမြှင့်ထားတဲ့ အခွင့်အရေးတွေအတွက်၊
ပြန်လည်ပေးဆပ် ရမှာပဲ ဖြစ်ပါတယ်။

မုယုံယန်ရန်ဟာ သူမရဲ့ မိသားစုနဲ့ ဂိုဏ်းတွေက စီစဉ်ပေးတဲ့ လက်ထပ်ပွဲတွေကို မနှစ်မြို့ပါဘူး။ ဒါပေမဲ့လည်း သူမက သူမဟာ မုယုံမိသားစုရဲ့ အဖိုးတန်သမီး ဖြစ်ပြီး၊ အလင်းခေးမြန်ဂိုဏ်းရဲ့ အထူးတပည့် တစ်ယောက် ဖြစ်ခြင်းကြောင့်၊ ဒီလိုမျိုး အထူး အခွင့်အရေးမျိုးကို ခံစားရတယ် ဆိုတာကို မေ့နေခဲ့ပါတယ်။

ဒါမှမဟုတ်၊ သူမဟာ သာမန်မိသားစုမှာပဲ မွေးဖွားချင်လိုတဲ့စိတ်လည်း ရှိနေနိုင်ပါတယ်။

ဒါတွေကတော့ လင်းဖုန်းက ခန့်မှန်းနိုင်တဲ့ အရာမျိုး မဟုတ်တော့ပါဘူး။ သူဟာ သူတွေ့ခဲ့ရတဲ့ သဲလွန်စတွေ အပေါ်မှာသာ အခြေခံပြီး သုံးသပ်ရတာဖြစ်ပြီး၊ မုယုံယန်ရန်ရဲ့ နှလုံးသားထဲကိုတော့ ထွင်းဖောက်ပြီး မမြင်နိုင်ပါဘူး။

လင်းဖုန်းဟာ မုယုံယန်ရန်ရဲ့ စိတ်ထဲက အတွေးအားလုံးကို သိဖို့ မလိုပါဘူး။ ရှုထောင့် အမျိုးမျိုးကနေ စဉ်းစားရင်၊ ဖြစ်နိုင်တဲ့ သုံးသပ်ချက်တွေ အမျိုးမျိုး ထွက်လာမှာပါ။

လင်းဖုန်း အလေးထားတဲ့ ပြဿနာကတော့၊ ရှောင်ယန်နဲ့ ပတ်သတ်တဲ့ ကိစ္စပဲ ဖြစ်ပါတယ်။

ဒီအချိန်မှာတော့ မုယုံယန်ရန်ဟာ အနည်းငယ် ပြန်လည်တည်ငြိမ်လာခဲ့ပြီ ဖြစ်ပါတယ်။ သူမဟာ တုန်လှုပ်နေခဲ့ပြီး မျက်နှာကလည်း စက္ကူစလိုမျိုး ဖြူဖွေးနေခဲ့သေးပေမဲ့၊ သူမဟာ လင်းဖုန်းကို ရိုသေစွာနဲ့ ပြောလိုက်ပါတယ်။ "အရှင်၊ ကျေးဇူးပြုပြီး ကျွန်မကို မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ ရှိရာကို ညွှန်ပြပေးပါရှင်"

"အရှင်တို့ အဖွဲ့ဟာ အဝေးကနေ လာခဲ့တော့၊ ကျွန်မတို့ရဲ့ ဧည့်သည်တော်တွေပဲ ဖြစ်ပါတယ်။ အလင်းခေးမြန်ဂိုဏ်းရဲ့ တပည့်တစ်ယောက် အနေနဲ့၊ ကျွန်မဟာ လမ်းပြအဖြစ် ဆောင်ရွက်ပြီး ရှင်းယွင်တောင်ထိပ်ကို ခေါ်သွားပေးပါမယ်"

လင်းဖုန်းကတော့ ဖွဖွလေးသာ ပြန်ပြုံးလိုက်ပြီး၊ ဘာကိုမှ ပြန်မပြောခဲ့ပါဘူး။

မုယုံယန်ရန်ဟာ ချက်ချင်းဆိုသလိုပဲ စိတ်ပူပန်လာခဲ့ကာ၊ လင်းဖုန်းက သူမရဲ့ ဂရန်းမာစတာနဲ့ မာစတာတို့ရဲ့

အကြံအစည်တွေကို သိသွားခဲ့ပြီ ဆိုတာကို သဘောပေါက်လာခဲ့ပါတယ်။ ဘယ်လိုလုပ်ပြီး သူက သူမကို အလွယ်တကူ လွတ်ပေးပါ့မလဲ?

သူမကသာ ခေးစားခံအဖြစ်နဲ့ အဖမ်းခံလိုက်ရရင်၊ မဟာချင် အင်ပါယာနဲ့ အလင်းခေးမြန်ဂိုဏ်းတို့ဟာ အငြင်းပွားမှုတွေ ဖြစ်လာနိုင်ပါတယ်။ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာရဲ့ နဂို အစီအမံတွေဟာ ဗီလာကန့်လန့် ဖြစ်သွားမှာ ဖြစ်ပြီး၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ အလင်းခေးမြန်ဂိုဏ်းကို လွယ်ကူစွာနဲ့ ပြဿနာရှာနိုင်မှာပဲ ဖြစ်ပါတယ်။

လင်းဖုန်းက ရှောင်ယန်ကို နဂို
အလောင်းအစား အရ ရှင်းယွင်တောင်ထိပ်ကို
ခေါ်လာခဲ့ပေမဲ့၊ မုယုံယန်ရန်ကို
မတွေ့ရဘူးဆိုရင် အလင်းခေါ်မြန်ဂိုဏ်းဟာ
အကျပ်အတည်း ဆိုက်သွားမှာ ဖြစ်ပါတယ်။
သူတို့က ဘယ်လိုများ ဖြေရှင်းနိုင်မှာလဲ?

ရှကျိုးမြို့ပြင်က တောင်ပေါ်မှာ ဂိုဏ်းဖွင့်ပွဲ
ပြုလုပ်ပြီးသွားတဲ့နောက်မှာ၊ လင်းဖုန်းနဲ့
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့ဟာ
နာမည်အတော်ရသွားခဲ့ပါတယ်။
လင်းဖုန်းကလွဲလို့၊ ကျန်တဲ့ သူ့ရဲ့ တပည့်တွေ

အားလုံးရဲ့ နောက်ခံ အကြောင်းအရာတွေဟာ လျှို့ဝှက်ချက် မဟုတ်တော့ပါဘူး။

လင်းဖုန်းနဲ့ တွေ့ပြီးနောက်မှာ၊ ရှောင်ယန်ဟာ သူ့ရဲ့ ပင်ကိုစွမ်းရည်တွေကို ဖြုန်းတီးပစ်ပြီး အဓိပ္ပာယ် မဲ့နေတဲ့ ဘဝကနေ၊ သူ့ရဲ့ အစွမ်းတွေဟာ မိုးထိုးတဲ့အထိကို တိုးတက်လာခဲ့ပါတယ်။ သူ့ရဲ့ဇာတ်လမ်းဟာ ဒီကနေ့ လူငယ်တွေရဲ့ လှုံ့ဆော်မှု ဖြစ်လာခဲ့ပြီး၊ သူကလည်း စံပြပုဂ္ဂိုလ် ဖြစ်လာခဲ့တာပါ။

မုယုံယန်ရန်ရဲ့ စေ့စပ်ပွဲ လာဖျက်ခဲ့တဲ့
သတင်းကလည်း ပျံ့နှံ့နေပြီ ဆိုတာက
ရှောင်လွှဲလို့ရတဲ့ အရာမျိုး မဟုတ်ပါဘူး။
ဘာပဲပြောပြော လူတွေဟာ
အတင်းတုတ်ရတာ ဝါသနာပါပြီး၊ ဒီလိုမျိုး
ဇာတ်လမ်းဟာ လူတိုင်းကြိုက်တဲ့
အရာမျိုးလည်း ဖြစ်နေတာပါ။

အစပထမကတော့ ပတ်ဝန်းကျင်က လူတွေ
အနည်းငယ်ကသာ သိကြတာပါ။
ဒါပေမဲ့လည်း လင်းဖုန်းရဲ့ တိုးတက်လာတဲ့
ရေပန်းစားမှုနဲ့အတူ၊ ရှင်းယွင်တောင်ထိပ်ကို
ရှောင်ယန်နဲ့ ကိုယ်တိုင်ကိုယ်ကျ

လိုက်ပါလာခြင်းကြောင့်၊ ပိုပိုများတဲ့သူတွေက ဒီအကြောင်းကို သိနေကြပါပြီ။

အလင်းခေးမြန်ဂိုဏ်းကတော့ ပြဿနာက ပိုမိုကြီးမားလာမှုနဲ့အတူ၊ ခေါင်းကိုက်စရာတွေက ပိုပိုများလာခဲ့ပါတယ်။

တကယ်လို့များ တိုက်ခိုက်မှဲ့ အချိန်အထိ မုယုံယန်ရန်က ပေါ်မလာခဲ့ရင်၊ အပြင်လူတွေကတော့ သူမဟာ ကြောက်ရွံ့နေလို့လို့ပဲ ထင်ကြမှာပါ။ ဒါဟာ တိုက်ပွဲကို ရှုံးနိမ့်ခြင်းထက်ကို ပိုပြီးတော့ အရှက်ကွဲခြင်းပဲ ဖြစ်ပါတယ်။

ပြီးတော့လည်း အလင်းဓားမြန်ဂိုဏ်းဟာ
ချုံးယွင်မင်းသားကို ချစ်ကြည်ရေးချိုးငှက်
လွှတ်လိုက်ပြီး ဖြစ်ပါတယ်။
နှစ်ဦးနှစ်ဘက်လုံးရဲ့ ဖိအားတွေကနေ၊
အလင်းဓားမြန်ဂိုဏ်းဟာ
ပြိုကွဲသွားနိုင်ပါတယ်။

မုယုံယန်ရန်ဟာ လင်းဖုန်းကို
မော့ကြည့်လိုက်ပြီး၊ သူမရဲ့ အတွေးတွေဟာ
ရပ်တန့်သွားခဲ့ပါတယ်။ သူမရဲ့ မျက်လုံးထဲမှာ
ကြောက်ရွံ့မှုတွေကို သိသာထင်ရှားစွာ
မြင်နိုင်ပါတယ်။

လင်းဖုန်းရဲ့ အာရုံတွေကတော့ သူမရဲ့ အနားမှာ ရှိမနေပါဘူး။ သူက အသိစိတ် တစ်စကို ထုတ်လွှတ်လိုက်ပြီး၊ အသံလွှင့် ကျောက်တုံးတစ်ခုကို ချေမွလိုက်ကာ တစ်ဘက်ကလူနဲ့ တိတ်တဆိတ် ဆက်သွယ်လိုက်ပါတယ်။

"အခုတလောမှာ စိတ်ဝင်စရာ ကောင်းတဲ့ အရာတစ်ခုများ ဖြစ်ပျက်ခဲ့သလား?"

သလင်းကျောက်ရဲ့ အခြားတစ်ဖက်ကနေ၊ ချိုသာတဲ့ အမျိုးသမီး အသံတစ်ခုဟာ

ထွက်လာခဲ့ပါတယ်။ ဒီအသံဟာ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အတိတ်က မြင့်မြတ်သော အပျိုစင် သမီးတော် ယန့်မင်းရွဲ့ရဲ့ အသံနဲ့ တူပါတယ်။ "မာစတာလင်းက စိတ်ဝင်စားစရာ ကောင်းတဲ့ တစ်ခုခုကို ရှာချင်နေတယ်ဆိုရင်၊ ရှင်ကိုယ်တိုင်ပဲ ဖြစ်ပါလိမ့်မယ်။ ရှင်က မဟာချင် အင်ပါယာ တစ်ဝက်ကျော်ကို ဖြတ်ကျော်ပြီး၊ ရှင့်တပည့်တွေနဲ့အတူ ရှင်းယွင်တောင်ထိပ်ကို သွားနေတာလေ"

သူတို့နှစ်ယောက်ဟာ သိနေခဲ့တဲ့ အချိန်တွေ ကြာလာခဲ့ပြီ ဖြစ်လို့၊ လင်းဖုန်းဟာ

ယန့်မင်းရွှဲ့ရဲ့ စနောက်တတ်မှုတွေကို ကျင့်သားရနေပြီ ဖြစ်ပါတယ်။ "မင်းက ငါဘာလိုချင်သလဲ ဆိုတာကို သိပါတယ်"

ယန့်မင်းရွှဲ့ကလည်း သိတာပေါ့။ လင်းဖုန်းက သူက နဂါးနဲ့ နယ်မြေပေါင်း များစွာကို ဖြတ်ကျော်ပြီး ခရီးသွားခဲ့တဲ့ ဖြစ်စဥ်မှာ၊ အခြားထိပ်တန်း စွမ်းအားစုတွေရဲ့ တုံ့ပြန်မှုကို ဆိုလိုခြင်း ဖြစ်ပါတယ်။

"မဟာချင် အင်ပါယာရဲ့ အိမ်ရှေ့မင်းသား ချုံးယွင်က လတ်တလောမှာ ရှီးလင်မြို့ကနေ ထွက်သွားပြီး၊ သူက ဘယ်ရောက်နေသလဲ

ဆိုတာကိုတော့ ဘယ်သူကမှ မသိကြဘူး"
ယန်မင်းရွှဲ့က တိုးတိုးလေး ပြောလိုက်ပါတယ်။
"လူတွေကတော့ သူဟာ မဟာချင်
အင်ပါယာရဲ့ အရှေ့တောင်ပိုင်းကို
သွားနေတာလို့ ပြောနေကြတာပဲ"

မဟာချင် အင်ပါယာရဲ့ အရှေ့တောင်ပိုင်းဟာ
အလင်းခားမြန်ဂိုဏ်းရဲ့ နယ်မြေဖြစ်ပြီး၊
ရှင်းယွင်တောင်ထိပ် တည်ရှိနေတဲ့
နေရာလည်း ဖြစ်ပါတယ်။

"သူက ကိုယ်တိုင်ကိုယ်ကျ လာခဲ့တာလား?"
လင်းဖုန်းက အနည်းငယ်ကြာအောင်

စဉ်းစားလိုက်ပြီး ရုတ်တရက် မေးလိုက်ပါတယ်။ "မဟာချင် အင်ပါယာမှာ တောက်ပလာတဲ့ ကြယ်ပွင့်တစ်ပွင့် ပေါ်ထွက်လာတယ် ဆိုတာကို ကြားထားတယ်၊ ဟုတ်ရဲ့လား?"

ယန့်မင်းရွဲ့က ပြန်ဖြေလိုက်ပါတယ်။ "မာစတာလင်းက သူတို့ရဲ့ နန်းရင်းဝန် အသစ်ကို ဆိုလိုတာပဲ ဖြစ်ရမယ်? ကောလဟာလတွေ အရဆိုရင် သူက ကျင့်ကြံမှု စွမ်းရည် တစ်စက်မှ မရှိပေမဲ့၊ သူက မဟာချင် အင်ပါယာရဲ့ အမတ်တွေကို

ဩဇာလွှမ်းနိုင်ပြီး၊ သူ့ရဲ့လက်အောက်မှာ
ထားနိုင်ခဲ့တာပဲ"

"သူကိုယ်တိုင်က ကျင့်ကြံသူ မဟုတ်ပဲနဲ့
ရုတ်ရုတ်သဲသဲ ဖြစ်အောင် လုပ်နိုင်တယ်။
ဒီလူက တော်တော့်ကို ထူးခြားတဲ့သူပဲ
ဖြစ်ရမယ်" လင်းဖုန်းက ပြုံးလိုက်ပြီး
နောက်ထပ် တွက်ချက်နေခဲ့ပါတယ်။
"ကျေးဇူးတင်ပါတယ်၊ တာအိုရောင်းရင်းယန့်"

ယန့်မင်းရွှဲ့ရဲ့ အသံဟာ တည်ငြိမ်နေခဲ့ပြီး
ပြန်မေးလိုက်ပါတယ်။ "ရပါတယ်၊
မာစတာလင်း။ ကျွန်မကလည်း မေးပါရစေ၊

ရှင့်ရဲ့တပည့် ဇူရီဟာ ဘယ်အချိန်မှာ ထျန်းကျင်းမြို့ကို ပြန်လာမှာလဲ? သူက မာစတာမုန့်ရဲ့ အုတ်ဂူကို မရောက်တာ အချိန်အတော်ကြာသွားပြီရှင့်"

လင်းဖုန်းက ဘွင်းဘွင်းပဲ ပြန်မေးလိုက်ပါတယ်။ "ခင်ဗျားက ခင်ဗျားကိုယ့်ကိုယ် မေးတာလား၊ ဒါမှမဟုတ် ရွှမ်ကျိအမတ် ဇူဟုန်ဂူအတွက် မေးတာလား?"

ယန့်မင်းရှဲ့က ပြန်ဖြေလိုက်ပါတယ်။ "ကျွန်မက ကျိုးကေရာဇ် အတွက် မေးတာပါ"

လင်းဖုန်းက ရယ်လိုက်ပြီး စလိုက်ပါတယ်။ "ခင်ဗျားက မုန့်ပင်းယွင်ရဲ့ ခြေရာနောက် လိုက်မနင်းပဲ ဇူဟုန်ဝူကို လက်ထပ်ဖို့ မကြိုးစားပဲ၊ နန်းတွင်းကို တိုက်ရိုက်ဝင်ချင်နေတာလား?"

"မာစတာလင်းက တော်တော်နောက်တတ်တာပဲ" ယန့်မင်းရွှဲ့ရဲ့ အသံဟာ ရယ်ချင်ချင် ဖြစ်နေခဲ့ပါတယ်။ "ကျွန်မနဲ့ ဆက်ဆံနေတဲ့ ပုဂ္ဂိုလ်ဟာ မာစတာမုန့်ရဲ့ ပုဂ္ဂိုလ်နဲ့ မတူဘူးဆိုတော့၊ ကျွန်မက နည်းလမ်း အတူတူသုံးလို့ ဘယ်ဖြစ်မလဲ?"

လင်းဖုန်းရဲ့ မျက်လုံး သူငယ်အိမ်တွေဟာ ကျဥ်းသွားခဲ့ပါတယ်။ သူသိသလောက်ဆိုရင်၊ မုန့်ပင်းယွင်နဲ့ ယန့်မင်းရွှဲ့တို့ဟာ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ပါတီတစ်ခုတည်းကပါ။ သူမရဲ့ လေသံအရဆိုရင်၊ သူမက အရင်နည်းလမ်းအတိုင်း မလုပ်ချင်တော့တဲ့ပုံ ပေါက်နေပါတယ်။ သူမကများ အစီအစဥ် အသစ်တွေ ဆွဲထားပြီလား?

လင်းဖုန်းက ခေါင်းထဲမှာ အတွေးတွေနဲ့ ပတ်ချာလည်နေပေမဲ့၊ သူ့ရဲ့လေသံမှာ သဲလွန်စတွေ မပေါ်အောင်

သတိထားလိုက်ပြီး၊ ပြန်ပြောလိုက်ပါတယ်။
"ကျုပ်ကသိပါပြီ။ ကျုပ်က မှားသွားတယ်လို့ပဲ
ထားလိုက်ပါတော့"

ယန့်မင်းရွဲ့က ဆက်ပြောလိုက်ပါတယ်။
"ဟုတ်ပြီ၊ မာစတာလင်းကို
ကြိုပြောထားရဦးမယ်။ နောက်ရက်
အနည်းငယ်ကျရင်၊ ကျွန်မက
ပိုင်ယွင်တောင်ကို ပြန်တော့မယ်။
အဲ့ဒီအချိန်ကျလို့ရှိရင်၊ ဒီလိုမျိုး မာစတာလင်းနဲ့
ဆက်သွယ်နိုင်မှာ မဟုတ်တော့ဘူး"

လင်းဖုန်းက ခေါင်းညိတ်လိုက်ပါတယ်။ ယန့်မင်းရွဲ့က အခုလို ကြိုပြောထားတာလည်း ကောင်းပါတယ်။ သူကလည်း စီစဉ်စရာတွေကို ကြိုတင်ပြင်ဆင်ထားလို့ရပြီး၊ မမြင်နိုင်တဲ့ အခြေအနေတွေနဲ့ ကြုံတွေ့ရလို့ရှိရင် အငိုက်မမိတော့ဘူးပေါ့။

"ခရီးလမ်း ချောမွေ့ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" လင်းဖုန်းက ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်။

ယန့်မင်းရွဲ့ကလည်း ရယ်လိုက်ပြီး၊ "ကျွန်မကို ပြန်မောင်းမထုတ်ရင်ပဲ ကျွန်မက

ကျေနပ်နေပါပြီ။ ဩော် ဒါနဲ့၊ ဂျူနီယာပန်ကလည်း ပိုင်ယွင်တောင်ကို ပြန်သွားပြီ ကြားတယ်။ သူ့ရဲ့ ပင်ကိုစွမ်းရည်ရယ်၊ ရှကျိုးကနေ ရလာခဲ့တဲ့ သင်ခန်းစာတွေနဲ့ ဆိုရင်၊ သူက သိပ်မကြာခင်မှာပဲ အဆင့်တက်တော့မယ်နဲ့ တူတယ်"

လင်းဖုန်းက ပြုံးလိုက်ပေမဲ့ ဒီအကြောင်းကို ဆက်မပြောတော့ပဲ၊ နှုတ်ဆက်လိုက်ပါတယ်။ "ခရီးလမ်း ဖြောင့်ဖြူးသာယာပါစေ၊ သူငယ်ချင်းရေ"

"ကျွန်မကလည်း ရှင်းယွင်တောင်ကို သွားတဲ့ လမ်းတစ်လျှောက်မှာ အဆင်ပြေပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" ယန့်မင်းရွဲ့ကလည်း သဘောပေါက်နေခဲ့ပြီး၊ ပန်ကျဲ့အကြောင်းကို စကားမဆက်တော့ပဲ စကားဝိုင်းကို ရပ်လိုက်ပါတော့တယ်။

လင်းဖုန်းက အတန်ကြာအောင် တွေးနေပြီးနောက်မှာ သူ့ကိုယ်သူ ရေရွတ်နေခဲ့ပါတယ်၊ "ငါရဲ့ သီအိုရီကို စမ်းသပ်ချင်လို့ရှိရင်၊ နေရာတစ်ခုကိုတော့ သွားဦးမှ ဖြစ်မယ်"

သူက ခေါင်းကိုမော့ပြီးကြည့်လိုက်တော့၊ မုယံုယန်ရန်ရဲ့ စိုးရိမ်ပူပန်နေတဲ့ အကြည့်တွေနဲ့ ဆံုခဲ့ပါတယ်။ သူက ပြံုးလိုက်ပြီး လက်ကို ဝှေ့ယမ်းလိုက်တော့၊ ခရမ်းရောင် တိမ်တိုက်တစ်ခုက သူမကို ဖံုးလွှမ်းသွားခဲ့ပြီး၊ သူမကလည်း ချက်ချင်း သတိလစ်သွားခဲ့ပါတယ်။

လင်းဖုန်းက ရှောင်ယန်တို့အုပ်စုကို ပြန်ခေါ်လိုက်ပြီး၊ မှော်စွမ်းအင် အရံအတားကို ပယ်ဖျက်လိုက်ကာ၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာကို
အနားလာခွင့်ပေးလိုက်ပါတယ်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ သက်ံတမကင်း ဖြစ်နေခဲ့ပါတယ်။ သူက တည်ကြည်ငြိမ်သက် နေတဲ့ပုံကို အတတ်နိုင်ဆုံး ဖမ်းထားခဲ့ပေမဲ့၊ လင်းဖုန်းနဲ့ သူ့ရဲ့တပည့်တွေဟာ မုယုံယန်ရန်နဲ့များ တွေ့ခဲ့သလား ဆိုတာကို အသေးစိတ် အကဲခတ်နေခဲ့ပါတယ်။

ရှောင်ယန်တို့ အဖွဲ့ကလည်း လင်းဖုန်းရဲ့ ညွှန်ကြားချက်တွေကို အစောကြီး ကတည်းက ရထားပြီးသား ဆိုတော့၊ သူတို့ရဲ့ မျက်နှာပေါ်မှာ ဘာခံစားချက်မျိုးမှ မရှိပဲ၊

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ ဘာမသင်္ကေစရာကိုမှ မတွေ့ခဲ့ရပါဘူး။

ဒါကြောင့်ပဲ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာဟာ ပိုပိုပြီးမှ သတိထားခဲ့ရပါတယ်။

လင်းဖုန်းက အရင်စပြီး ပြုံးကာ ပြောလိုက်ပါတယ်။ "ကျုပ်တို့က ရှင်းယွင်တောင်ထိပ်ကို မသွားသေးခင်မှာ တစ်နေရာကို အရင်သွားချင်သေးတယ်။ မိတ်ဆွေကများ လိုက်ချင်နေလား?"

စာအရေးအသား ပြောင်းထားပါတယ်။

## စာစဥ် ၁၄ : အပိုင်း ၁၁

## အပိုင်း ၂၄၁ : အိမ်သို့ပြန်ခြင်း

"အိုး? မာစတာလင်းက ဒီလိုမျိုး ရည်ရွယ်ချက်ရှိရင်၊ ကျုပ်ကလည်း ပျော်ပျော်ကြီး လိုက်တာပေါ့"
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည် စိတ်တထင့်ထင့်ဖြစ်ကာ မသက်မသာ ခံစားနေရသော်လည်း၊ ဘာမှ ရွေးချယ်မှု မရှိခဲ့ပဲ မုယုံယန်ရန်၏ ကိစ္စကို

ဘေးဖယ်ထားကာ၊ သူ့ရဲ့အရှေ့က လင်းဖုန်းကို
အာရုံစိုက်၍ ဖြေရှင်းရန်
ကြိုးစားလိုက်တော့သည်။

အနည်းဆုံးတော့ သူသည် သူ့ဂိုဏ်း၏
အခြားဂိုဏ်းဝင်များကို အကြောင်းကြားကာ၊
သူ့ရဲ့အစား မုယုံယန်ရန်ကို လိုက်ရှာရန်
အကြောင်းကြားထားပြီး ဖြစ်သည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ၏
အကြောက်ဆုံးသော အရာမှာ၊ မုယုံယန်ရန်က
လင်းဖုန်း၏ လက်အတွင်းကို
ကျဆင်းသွားခြင်းပဲ ဖြစ်သည်။ ထို့ကြောင့်

လင်းဖုန်း၏ အနောက်ကို
လိုက်သွားခြင်းသည်၊ အနည်းဆုံးတော့
ဖြေရှင်းဖို့ နည်းလမ်းရှာရန် အချိန်ဆွဲနိုင်ခြင်း
ဖြစ်သည်။

လင်းဖုန်းက ရယ်လိုက်ပြီး ပြောလိုက်သည်။
"ဒါဆိုရင်လည်း ခရီးစကြစို့ဗျာ" သူ့အောက်က
မဟာ့ရာနဂါး ကျဲယုဟာ အသံအရှည်ကြီး
တစ်ခုကို ဟစ်ကြွေးလိုက်ကာ၊ လင်းဖုန်းတို့
အဖွဲ့ကို တင်ဆောင်၍
ပျံသန်းသွားလေတော့သည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည် သူ၏အပေါ်ကို မတက်ရဲခဲ့ပေ။ ကျဲယုသည် လင်းဖုန်း၏ အရှေ့တွင် မည်သို့ပင် ရိုကျိုးနေစေကာမူ၊ သူသည် နောက်ဆုံးတွင် နဂါးမျိုးနွယ်စု၏ မိစ္ဆာသခင် အဆင့်က နဂါးဖြစ်ပြီး၊ သူ့၏စွမ်းအားတို့မှာ သူ့ထက်အနည်းငယ်မျှ နိမ့်မကျချေ။

သူက မိုးပြာရောင် မြူခိုးမြူငွေ့ တစ်စုကို ထုတ်လွှတ်လိုက်ကာ၊ ကျဲယု၏ ဘေးကနေ ယှဉ်ပြီး ပျံသန်းနေခဲ့သည်။ လင်းဖုန်းက မည်သို့ အကွက်တွေ ခင်းမည်ကို

သိချင်လှစွာနှင့် စိတ်ရှည်စွာနဲ့
စောင့်ကြည့်နေခဲ့ပါ၏။

သူတို့က ခရီးဆက်လာရင်း၊
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည်
တဖြေးဖြေးနှင့် တစ်စုံတစ်ခုက
မှားယွင်းနေသည်ကို ခံစားမိလာရ၏။
လင်းဖုန်း၏ ပန်းတိုင်သည်
အံ့ဩဖွယ်ကောင်းလှစွာ ရှောင်ယန်၏
မွေးရပ်မြေဖြစ်သော ဝူကျိုးမြို့
ဖြစ်နေပေသည်။

ရှောင်ယန်သည် မိုးကုတ်စက်ဝိုင်းကို ကျော်လွန်၍ အဝေးက ပေါ်လာသော မြို့ကို ကြည့်လိုက်ကာ၊ သူတို့ရဲ့ ပန်းတိုင်ကို ရိပ်မိလိုက်ပါ။ သူ့မွေးရပ်မြေ၏ နွေးထွေးမှုကို ခံစားလိုက်ရပြီး၊ လင်းဖုန်းဘက်ကို လှည့်လိုက်သည်။ "ဆရာသခင်?"

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ရင်း၊ စကားဆက်လိုက်သည်။ "ဂိုဏ်းထဲကို ဝင်ပြီးတော့ မင်းက အိမ်ပြန်မရောက်တာ သုံးနှစ်ရှိပြီ"

အိမ်ကိုပြန်ပြီး မင်း၏
ယခုချမ်းသာကြွယ်ဝခြင်းတွေကို
ပြန်မကြွားခြင်းသည်၊ အမှောင်ထုထဲတွင်
ဖဲသားဝတ်စုံကို ဝတ်ပြနေခြင်းနှင့်တူသည်ဟု
ဆိုရိုးစကား တစ်ခုရှိသည်။ ဤစကား၏
ဆိုလိုရင်းမှာ၊ တစ်ယောက်က အလွန်ကို
စွမ်းဆောင်နိုင်ပြီးလျှင်၊ အိမ်ကိုပြန်၍ ကိုယ့်ရဲ့
စွမ်းဆောင်နိုင်မှုတို့ကို ဝင့်ဝါစွာနဲ့
ဟန်မထုတ်ပြလျှင်၊ အလဟာသ ဖြစ်သွားမည်
ဆို၍ဖြစ်သည်။

အချို့သူတွေသည် ဤကဲ့သို့
စဥ်းစားခြင်းမျိုးကို အပေါ်ယံဆန်သည်ဟု

တွေးကြသော်လည်း၊ အဝေးမှာ ရောက်နေသော သူများသည် အချိန်တစ်ခု ရောက်လျှင် အိမ်သို့ပြန်ချင်ကြသည်ကိုမူ မငြင်းနိုင်ကြပေ။

ထိုကဲ့သို့ ဆွဲဆောင်မှုများသည် အိမ်တွင် ရင်းနှီးကျွမ်းဝင်သောသူများ ရှိနေလျှင် ပို၍ အားကောင်းလှပါသည်။

ရှောင်ယန်သည် သူ၏ခေါင်းကို အနည်းငယ် ညိတ်ပြလိုက်ရင်း ပြောလိုက်သည်။ "ကျွန်တော်ကလည်း ရှင်းယွင်တောင်ထိပ်က တိုက်ပွဲပြီးသွားရင်၊ ဝူကျိုးကိုသွားပြီး

ကျွန်တော့်ရဲ့ မိသားစုကို
ပြန်ကြည့်ချင်တယ်လို့ ဆရာ့ကို ပြောမလို့ပါပဲ"

"မင်းက လာမဲ့တိုက်ပွဲဟာ
ရှေ့ဆိုင်းလိုက်ရမယ်လို့ ခံစားနေရလို့လား?"
လင်းဖုန်းနဲ့ ရှောင်ယန်တို့သည်
နှစ်ယောက်သား အတူတူ ရယ်လိုက်ကြ၏။

ကျဲယု၏ ဝူကျိုးမြို့ပေါ်တွင် ပျဲဝဲနေခြင်းသည်
မြို့အတွင်းမှ ပြည်သူများကို ကစဉ့်ကလျား
ဖြစ်စေခဲ့သည်။ မိစ္ဆာသခင် အဆင့်ရှိ
နဂါးတစ်ကောင်၏ ဖိအားက ကြီးမားသည်မှာ
ငြင်းချက်ထုတ်စရာ မရှိချေ။ ပြီးတော့

မြို့အတွင်းရှိ အမြင့်မားဆုံး ကျင့်ကြံသူမှာ မြို့တော်ဝန်ဖြစ်ပြီး၊ သူကလည်း ရွှေရောင်ဗဟိုချက် အဆင့်တွင်သာ ရှိပါသေးသည်။

တရုတ်ရိုးရာ အဝတ်အစားများကို ဝတ်ဆင်ထားသော သက်လတ်ပိုင်း လူကြီးတစ်ယောက်သည်၊ လေပေါ်ကို ပျံတက်လာခဲ့ကာ ကျဲယုပေါ်မှ လူများနှင့် တွေ့ဆုံခဲ့သည်။ သူသည် ရောက်လာသော ဧည့်သည်များကို ကြိုဆိုနှုတ်ဆက်ခဲ့ကာ၊ သူတိုက မည်သူမည်ဝါ ဖြစ်သည်ဆိုတာကို စူးစမ်းခဲ့သည်။ "ခင်ဗျားတို့ အားလုံးက အဲ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းကပဲလား?
ကျွန်တော်ကတော့ ဝူကျိုးရဲ့ မြို့တော်ဝန်
လီယွင်ချုံပဲ ဖြစ်ပါတယ်။ အားလုံးကို
ကျွန်တော့်ရဲ့ မြို့တော်ကနေ ကြိုဆိုပါတယ်
ခင်ဗျာ"

လင်းဖုန်းကတော့ ဘာမှပြန်မပြောခဲ့ပေ။
ရှောင်ယန်သည် ကျဲယုပေါ်မှ
ခုန်ဆင်းသွားခဲ့ကာ၊ လီယွင်ချုံ၏ရှေ့ကို
ရောက်လာခဲ့ပြီး
ပြန်လည်နှုတ်ဆက်လိုက်သည်။
"ကျွန်တော်က အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက

ရှောင်ယန်ဖြစ်ပါတယ်။ မြို့တော်ဝန်လီကို ကျေးဇူးတင်ပါတယ်"

လီယွင်ချုံသည် ရှောင်ယန်ကို အကဲခတ်လိုက်ကာ၊ သူကြားထားတဲ့ အရာများကို အတည်ပြုလိုက်ပါသည်။ "ဒါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်ကြီး ရှောင်ယန်ပဲ ဖြစ်ရမယ်။ သူက တကယ်ကို ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူပဲ။ ကောလဟာလတွေ အရဆို၊ သူက အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်နဲ့ တိုက်ခိုက်နိုင်တယ် ဆိုပဲ။ ဒါက အမှန်ပဲ ဖြစ်သလား မသိဘူး?"

"ရှောင်မိသားစုက ဒီလိုမျိုး လူတစ်ယောက်ကို မွေးထုတ်နိုင်ခဲ့မယ်လို့ ဘယ်သူက ထင်ခဲ့မိမှာလဲ" လီယွင်ချုံဟာ ရှောင်ယန်ကို တိတ်တဆိတ် အကဲခတ်နေရင်း တွေးနေမိသည်။ သူသည် ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူတစ်ယောက် ဖြစ်သော်လည်း၊ ရှောင်ယန်က ထုတ်လွှတ်နေတဲ့ အားကောင်းလှတဲ့ အော်ရာတွေရဲ့ ဖိအားကို ခံစားနေမိသည်။

လင်းဖုန်း၏ သူ့အား လုံးဝလျှစ်လျူရှုထားခြင်းကို၊ လီယွင်ချုံက

သဘာဝဟုသာ သဘောထားပြီး
နည်းနည်းလေးမှ မကျေနပ်ပုံ မပြရဲခဲ့ပေ။
သူသည် ရှောင်ယန်ကို ကြည့်လိုက်ပြီး၊
လင်းဖုန်းကို ကြည့်လိုက်ကာ
သက်ပြင်းတိုးတိုးလေး ချလိုက်လေသည်။
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ရုတ်တရက်
ဘုန်းတန်ခိုး ကြီးထွားလာခြင်းနဲ့အတူ၊
တကယ့်ကို လျှို့ဝှက်ဆန်းကြယ်ပြီး ခန့်မှန်းရ
ခက်လွန်းလှပါတယ်"

ပြီးတာနှင့်သူသည် မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာကို လှည့်ကြည့်လိုက်သည်။
သူသည် ဒီအဘိုးကြီးကို မသိသော်လည်း၊

သူ့ဆီကနေ ထုတ်လွှတ်နေတဲ့ မှော်စွမ်းအင်
လှိုင်းလုံးများကို ခံစားမိနေရသည်။
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ၏
အောက်မှ အစိမ်းရောင်တိမ်တိုက်များကို
သူ့ရဲ့အကြည့်တွေ
ရောက်သွားသောအချိန်မှသာ၊ သူက
ဘယ်သူဘယ်ဝါ ဖြစ်ခြင်းကို ခန့်မှန်းလိုက်ပြီး၊
"အလင်းဓားမြန်ဂိုဏ်းရဲ့
ဘယ်ဂရန်းမာစတာကများ ကြွလာတာလဲ
ခင်ဗျာ?"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည်
သာမန်သာ ပြန်ဖြေလိုက်၏။ "ကျုပ်ကတော့

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာပါ။ မြို့တော်ဝန်လီက ဂရုစိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

လီယွင်ချုံကလည်း ချက်ချင်းပဲ တုံ့ပြန်လိုက်သည်။ "အား၊ လက်စသတ်တော့ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာပဲ။ ကြိုဆိုပါတယ်၊ ကြိုဆိုပါတယ်"

ရှောင်ယန်၏ အသံသည် ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။ "ကျွန်တော်တို့က ဝူကျိုးကို ဒီနေ့လာတယ် ဆိုတာက၊

လမ်းကြုံလို့ပါ။ အကြာကြီးနေမှာတော့ မဟုတ်ပါဘူး"

လီယွင်ချုံကလည်း ညှော့သည်များကို လမ်းပြနေရင်း၊ ပြုံးကာ ခေါင်းညိတ်လိုက်သည်။ "ဒါဆိုရင်လည်း ကျွန်တော်က စကားမရှည်တော့ပါဘူး။ အားလုံးပဲ ဒီဘက်ကို ကြွကြပါ" လီယွင်ချုံဟာ ခေါင်းဆောင်တစ်ယောက် ပီသလှစွာ၊ လူတွေရဲ့ စိတ်ကိုဖတ်တတ်ပြီး အချိန်မဆွဲတော့ပဲ မြို့အတွင်းကို ခေါ်သွားခဲ့သည်။

ရှောင်ယန်သည် ဝူကျိုးမြို့ခံဖြစ်သည့်
အားလျှော်စွာ လမ်းညွှန်ပြသရန် မလိုခဲ့ချေ။

လင်းဖုန်းဖြစ်စေ၊ မိုးပြာရှောင်တိမ်တိုက်
ဂရန်းမာစတာဖြစ်စေ၊ မဟူရာနဂါး
ကျဲယုဖြစ်စေ၊ နောက်ဆုံး ရှောင်ယန်၊
ထွမ်းထွမ်းနဲ့ ရှောင်ပုတန်လေးတို့ပင် ဖြစ်စေ၊
သူတို့ကသာ ဝူကျိုးကို ဖျက်ဆီးချင်သောစိတ်
ရှိလျှင်၊ လီယွင်ချုံသည်
တားဆီးနိုင်သောစွမ်းရည် မရှိချေ။ သို့ဖြစ်၍
သူသည် သူမတတ်နိုင်သော ကိစ္စကို စိတ်ပူ၍
မနေနေတော့ပေ။

"ဘာမှတော့ မဖြစ်လောက်ပါဘူး။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက လက်ရှိ အခြေအနေကို ကျေနပ်နေမှာပါ"
လီယွင်ချုံသည် သူ၏နဖူးမှ စီးကျလာသော ချွေးအေးများကို သုတ်လိုက်ကာ၊ ချုံးယွင်မင်းသား၏ ညွှန်ကြားချက်များကို အတိအကျ လိုက်နာထားခြင်းကြောင့်၊ သူ့ကိုယ်သူ ဂုဏ်ယူနေခဲ့လေသည်။

ရှောင်ယန်က သူ၏အိမ်ဟောင်းကို ကြည့်နေစဉ်မှာ လီယွင်ချုံသည် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ပြုနေခဲ့ပါသည်။ ရှောင်ယန်သည် သူ့၏အကြည့်ကို

ဘယ်ညာရွှေ့ပြောင်း၍၊ သူ၏လိပ်စာ
မမှားကြောင်းကို အတည်ပြုကာ အနည်းငယ်
ကြက်သေသေနေခဲ့လေသည်။

ပြဿနာမှာကား၊ ရှောင်မိသားစု၏
နေအိမ်သည် ရှောင်ယန်က လွန်ခဲ့သော
နှစ်အနည်းငယ် အချိန်က ထွက်ခွာသွားစဉ်နှင့်
အလွန်အမင်း ကွဲပြားသွားခြင်းဖြစ်၏။ သူတို့၏
ခြံမြေသည် နဂိုထက် အနည်းဆုံး နှစ်ဆခန့်
ကျယ်ပြန့်သွားပုံရ၏။

အိမ်နရံ၊ တံခါးများ၊ ဂေဟာနှင့်
ပန်းဥယျာဉ်တို့သည် အသစ်မွန်းမံ

ပြင်ဆင်ထား၏။ အမှန်ဆိုရလျှင်၊ အထက်တွင် ဆိုခဲ့ပြီးဖြစ်သော အရာတို့သည်၊ လက်ရှိတွင် ချဲ့ထွင်နေဆဲဖြစ်၏။ အချို့သော အိမ်ဂေဟာများ၊ အဆောက်အအုံများတို့သည် သူတို့၏ အိမ်နီးချင်းများ၏ ပစ္စည်းများ ဖြစ်၏။

ရှောင်မိသားစု ဂေဟာသည် ချဲ့ထွင်နေဆဲဖြစ်ကာ၊ ပတ်ဝန်းကျင်မှ မြေများစွာတို့ကို ဝါးမျိုပစ်ခဲ့သည်။

ဂေဟာ၏ အဝင်ဝတွင် လူတန်းရှည်ကြီး တစ်ခုသည် စိတ်ရှည်စွာနှင့် စောင့်ဆိုင်းနေကြသည်။ ထိုသူတို့ကား

လီယွင်ချုံက လျှို့ဝှက်
အကြောင်းကြားထားခြင်းကြောင့်၊
တောက်ပသော အပြုံးများနှင့် ရှောင်ယန်ကို
နွေးထွေးစွာ ကြိုဆိုနေကြသူများ
ဖြစ်ကြပေသည်။

ရှောင်ယန်သည် ဤမြင်ကွင်းကို ကြည့်ကာ
မျက်မှောင်ကြုတ်လိုက်သည်။ သူသည်
တစ်ယောက်ချင်းစီ၏ မျက်နှာကို
မှတ်မိသော်လည်း၊ အခုအချိန်တွင်
သူစိမ်းကဲ့သို့ ဖြစ်နေခဲ့၏။

သူသည် ဟောင်းနွမ်းပြီး မှတ်မိချင်စရာ မကောင်းသော သူ၏အတိတ်ကို ပြန်တွေးနေမိသည်။ သူမှတ်မိရ သလောက်ဆိုလျှင်၊ ထိုပြုံးနေသော မျက်နှာများသည် သူ့အသက် ၁၂နှစ် မတိုင်မီကသာ မြင်ဖူးခြင်း ဖြစ်သည်။

ထိုအချိန်က ရှောင်ယန်သည် ယန့်မင်းရွဲ့နှင့် ထွမ်းထွမ်းတို့၏ ဒုက္ခပေးမှုကို မခံရသေးသော ရှောင်ယန်ဖြစ်သည်။ သူသည် ဝူကျိုးမြို့၏ ကြယ်ပွင့်ဖြစ်ကာ၊ မဟာချင် အင်ပါယာ၏ အရှေ့တစ်ခွင်တွင် ကျော်ကြားနေသော လူငယ် ပါရမီရှင်လေး ဖြစ်သည်။

သူတစ်ဆယ့်နှစ်နှစ် ပြည့်ပြီးသော အချိန်တွင် ဝမ်းနည်းဖွယ် ကြီးမားသော ပြောင်းလဲမှုကြီး တစ်ရပ်သည် ဖြစ်ပေါ်လာခဲ့သည်။ သူ၏ ကျင့်ကြံမှု အဆင့်နှင့် မော်စွမ်းအင်တို့သည် ညတွင်းချင်း ပျောက်ကွယ်သွားခဲ့ကာ၊ သူ၏ အဆင့်အတန်းမှာလည်း ပျက်ဆီးဆုတ်ယုတ်သွားခဲ့သည်။

သူ၏မှတ်ဉာဏ် အတွင်းတွင်၊ ထိုအချိန်မှ စတင်၍၊ သူ၏အနားမှ ပြုံးနေသော မျက်နှာများသည် ပျောက်ကွယ်သွားကာ သနားသော၊ နောင်တရသော မျက်နှာများနှင့်

အစားထိုးသွားကြသည်။ အချို့သော သူများသည် သူ့ကို သရော်လှောင်ပြောင်ကာ ရယ်မောကြ၏။

ရှောင်ယန်၏ မျက်လုံးများသည် ပို၍ပို၍ အေးစက်လာသည်။

"ချစ်ခြင်းမှာ အကြောင်းရင်း လိုအပ်တယ်၊ ဒီလိုပဲ မုန်းခြင်းမှာလည်း အကြောင်းရင်း လိုအပ်တာပဲ" လင်းဖုန်း၏ စကားများသည် သူ၏ခေါင်းထဲတွင် ချက်ချင်းမြည်လာခဲ့သည်။ "မင်းက အရင်တုံးက ရှောင်ယန်မဟုတ်တော့ပဲ၊ အချိန်တွေကလည်း

ပြောင်းသွားခဲ့ပြီ။ သူတစ်ပါးတွေရဲ့
သဘောထားတွေကလည်း ပြောင်းသွားတာ
သဘာဝကျပါတယ်"

"သူများတွေရဲ့ ဝေဖန်ချက်တွေကြောင့် မင်းရဲ့
ခံစားချက် စိတ်ခံစားတွေကို
အကျိုးသက်ရောက်မှု မရှိစေနဲ့"

ရှောင်ယန်သည် အနည်းငယ်
မှင်သက်သွားခဲ့ကာ ခေါင်းကိုညိတ်လိုက်သည်။

"ဆရာ့ရဲ့ သတိပေးမှုကို ကျေးဇူးတင်ပါတယ်၊
ကျွန်တော်က သတိလွတ်သွားခဲ့ပါတယ်"

သူသည် သူ၏အရှေ့က ပရိသတ်တွေကို သဘောထားအသစ်နှင့်၊ ပို၍ တည်ကြည်ငြိမ်သက်သော စိတ်ထားနှင့် ကြည့်လိုက်၏။ သို့သော် သူသည် သူ့ကို ပြုံး၍ ကြိုဆိုနေကြသော လူအုပ်ကြီးကို ကြည့်၍ ပီတိဖြစ်သောစိတ်များ ဖြစ်မလာခဲ့ချေ။

ရှောင်ယန်၏ အဘိုးသည် ရှောင်မိသားစု၏ အကြီးအကဲ ဖြစ်သည်။ ရှောင်ယန်၏ မိဘများသည် သေဆုံးသွားကြကာ၊ သူ၏ စွမ်းအားများကလည်း ညတွင်းချင်း ပျောက်ကွယ်သွားချိန်တွင်၊ သူ့ကို အမြဲတစေ

ဂရုစိုက်ကြသော လူအနည်းငယ်တွင် သူသည် တစ်ယောက် အပါအဝင် ဖြစ်သည်။

သူ၏အဖိုးသည် ရှောင်ယန်ကို အမြဲတစေ ဖေးမသည့်အတွက်၊ မိသားစု အတွင်းမှ အခြား အကြီးအကဲများ၏ ဖိအားပေးမှုကို မကြာခဏ ခံရလေ့ရှိသည်။ သို့သော်လည်း သူ့အဖိုးသည် အနည်းငယ်မျှ ညည်းညူလေ့ မရှိပဲ၊ သူ၏ ချစ်လှစွာသောမြေးကို တိတ်တဆိတ် စောင့်ရှောက်လေ့ရှိသည်။

သူ၏ ကျင့်ကြံမှုနှင့် မှော်စွမ်းအင်များ ဆုံးရှုံးသွား အပြီးတွင်၊ ရှောင်မိသားစု၏

အကြီးအကဲအိုကြီးသည် သူ၏ဘဝထဲတွင် အမှတ်ရစရာ နှေးထွေးမှု အနည်းငယ်တွင် တစ်ဦး အပါအဝင်ဖြစ်သည်။

မုယုံယန်ရန်၏ စေ့စပ်ပွဲ ဖျက်သိမ်းခြင်းသည် သူ၏အဘိုးကို မျက်နှာပျက်ကာ အရှက်ရစေခဲ့သည်။ ထိုစေ့စပ်ပွဲသည် သူနှင့် မုယုံယန်ရန်၏ အဘိုးနှင့် အတူတကွ ပြုလုပ်ခဲ့ခြင်း ဖြစ်၏။

"အဘိုး၊ ကျွန်တော်ပြန်လာပြီဗျ!" ရှောင်ယန်သည် မြေပေါ်သို့ ခုန်ချလိုက်ကာ၊ သူ၏ အဘိုး၏ရှေ့တွင်

ဒူးထောက်ချလိုက်သည်။ သူ၏မိဘများ ကွယ်လွန်သွားပြီး နောက်တွင်၊ သူ၏ ဤကဲ့သို့ အရိုအသေ ပြုခြင်းကို ခံရသူမှာ၊ လင်းဖုန်းအပြင် သူ၏အဖိုး တစ်ယောက်သာ ရှိလေသည်။

သို့ပေမဲ့ ရှောင်မိသားစု၏ အကြီးအကဲအိုကြီးသည် ပျော်ရွှင်အားရနေသောပုံ မပေါက်ခဲ့ချေ။ သူ၏ မျက်နှာသည် တည်ကြည်ငြိမ်သက် နေခဲ့ကာ၊ ရှောင်ယန်ကို နွေးထွေးသော မျက်လုံးအစုံနှင့် ကြည့်လိုက်၏။ သူသည် ရှောင်ယန်၏ ပုခုံးကို ပုတ်လိုက်ကာ၊ တီးတိုးရေရွတ်နေ၏။

"အဘိုးရဲ့ မြေးကောင်းလေး၊ အဘိုးရဲ့ မြေးကောင်းလေး..."

ရှောင်ယန်က မတ်တတ်ပြန်ရပ်လိုက်ကာ၊ ပြုံးနေသော လင်းဖုန်းသည် သူ၏အနောက်ကို ရောက်လာခဲ့သည်။

"အဘိုး၊ ဒါက ကျွန်တော့်ရဲ့ ဆရာပဲ!"

ရှောင်မိသားစုက အကြီးအကဲအိုကြီးသည် လင်းဖုန်းကို အလေးတကြီး နှုတ်ဆက်လိုက်၏။ "မင်္ဂလာပါ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင် ခင်ဗျာ။

ကျွန်တော့်ရဲ့ မြေးလေးကို ကောင်းကောင်း စောင့်ရှောက်ပေးတဲ့ အတွက်၊ ကျေးဇူးအများကြီး တင်ပါတယ်!"

လင်းဖုန်းက ညင်သာစွာ ပြုံးလိုက်ပြီး ပြန်ပြောလိုက်သည်။ "ဒီလောက်အထိလည်း အားနာနေစရာ မလိုပါဘူး။ ဆရာတစ်ယောက် အနေနဲ့၊ ကျုပ်က ဒီလောက်ပဲ လုပ်ပေးနိုင်ပြီး၊ ကျန်တာက တပည့်အပေါ်မှာပဲ မူတည်နေပါတယ်။ ကျုပ်က သစ်ဆွေးကို သလင်းကျောက် အဖြစ်တော့ အသွင်မပြောင်းပေးနိုင်ပါဘူး။ ရှောင်ယန်က

ရှာမှရှားတဲ့ ပါရမီရှင်လေး
တစ်ယောက်ဖြစ်ပါတယ်"

သူ့ရဲ့စကားများသည် နှိမ့်ချလွန်းရာ
ကျနေခဲ့သည်။ ရှောင်မိသားစု၏
လူငယ်များသည် ရှောင်ယန်နဲ့ လင်းဖုန်းတို့ကို
ခိုးကြည့်နေကြ၍၊ လင်းဖုန်း၏တပည့်
ဖြစ်လျှင်ကောင်းမည်ဟု
စိတ်ကူးယဥ်နေကြကာ၊ သူတို့ကလည်း
ရှောင်ယန်ကဲ့သို့ အမြင့်ကို ရောက်နိုင်မည်ဟု
တွေးနေကြလေသည်။

တစ်ယောက်နှင့်တစ်ယောက်
နှုတ်ဆက်ပြီးသွားချိန်တွင်၊
စိတ်မရှည်တော့သော ရှောင်ယန်သည်
သူ့အဘိုး၏ အင်္ကျီလက်စကို ဆွဲလိုက်ကာ
မေးလိုက်သည်။ "အဘိုး၊ အဘိုး၊ ကျန်းအာကို
ဒီမှာ မတွေ့ပါလား?"

ရှောင်မိသားစု တစ်ခုလုံးတွင်၊ ရှောင်ယန်
ဂရုအစိုက်ဆုံး ပုဂ္ဂိုလ် နှစ်ဦးမှာ၊ သူ့အဘိုးနှင့်
ရှောင်ကျန်းအာတို့ပင် ဖြစ်သည်။

ရှောင်မိသားစု၏ အကြီးအကဲအိုကြီးသည်
သက်ပြင်းတစ်ချက်ကို ချလိုက်၍

ပြန်ဖြေလိုက်သည်။ "ရှောင်ကျန်းအာလေးက ငါတို့ရှောင်မိသားစုက မဟုတ်မှန်းကို မင်းကလည်း သိနေသားပဲ။ သူမရဲ့ ဆွေမျိုးရင်းချာ မိသားစုက လွှန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ဝူကျိုးကနေ လာခေါ်သွားတယ်"

ရှောင်ယန်သည် ထိုသတင်းကို ကြားလိုက်ချိန်တွင် အလွန်ပင် စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ လူတိုင်းသည် သူ့မျက်နှာပေါ်က စိတ်ပျက်မှုကို အထင်းသား မြင်နေနိုင်၏။

"သူမက မင်းအတွက် ဒါလေးကို ထားပေးသွားတယ်" ရှောင်မိသားစု၏ အကြီးအကဲအိုကြီးသည် သူ့မြေး၏ လက်ကိုကိုင်လိုက်ရင်း၊ အိတ်ရှုံ့လေး တစ်ခုကို ထည့်ပေးလိုက်သည်။ "သူမကလည်း မင်းကို လွမ်းနေတယ် ဆိုတာကို ငါပြောနိုင်ပါတယ်။ သူမက အစက ဝူကျိုးမြို့မှာ မင်းကို စောင့်နေဦးမလို့ပဲ။ အခြေအနေတွေက တစ်မျိုးပြောင်းသွားတဲ့အတွက်၊ သူမကို အပြစ်မတင်ပါနဲ့ကွာ"

ရှောင်ယန်သည် ပိုးသားအိတ်ရှုံ့လေးကို ယူလိုက်ကာ၊ ဖျစ်ညှစ်ကြည့်လိုက်သည်။

အထဲတွင် စာတစ်စောင်ကို စမ်းမိလိုက်ကာ၊
သူ့ရဲ့ခေါင်းက
ငိုက်စိုက်ကျသွားခဲ့ပါတော့သည်။

လင်းဖုန်း၏ အကြည့်များသည် ရှောင်ဂေဟာ
ခြံဝင်းကို ဝေ့ကြည့်လိုက်ကာ၊ ရုတ်တရက်
မေးလိုက်သည်။ "အကြီးအကဲရှောင်၊ အခု
ပြင်ဆင်မွမ်းမံနေတဲ့ ပစ္စည်းတွေက အတော်ကို
ထူးခြားတာပဲ"

အကြီးအကဲရှောင်ကလည်း လင်းဖုန်း
အထင်သေးသွားခဲ့လျှင်၊ ရှောင်ယန်
မျက်နှာမလှမှာ စိုးသည်နှင့် ချက်ချင်းပဲ

ဖြေလိုက်သည်။ "ဒီပစ္စည်းတွေ အားလုံးဟာ ရှားပါးတဲ့ အဖိုးတန် ပစ္စည်းတွေပဲ ဖြစ်ကြပါတယ်။ သူတို့က မဟာချင် အင်ပါယာရဲ့ အိမ်ရှေ့မင်းသား ချုံးယွင်ရဲ့ လက်ဆောင်တွေ ဖြစ်တာမို့၊ ကျွန်တော်တို့ကလည်း ငြင်းပယ်လို့ မကောင်းပါဘူး"

လင်းဖုန်းက ဘာခံစားချက်မျိုးမှ မဖော်ပြခဲ့သော်လည်း၊ သူ၏ မျက်နှာပေါ်တွင် ပြုံးရိပ်သန်းလာခဲ့သည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည် အနည်းငယ် အံ့သြထိတ်လန့်သွားခဲ့သည်။ သူသည် ရှောင်ဂေဟာကို တစ်လက်မမကျန် ပိုက်စိတ်တိုက် ကြည့်ရှုလိုက်ကာ၊ အတွေးနက်သွားခဲ့သည်။

## စာစဉ် ၁၄ : အပိုင်း ၁၂

## အပိုင်း ၂၄၂ : စိတ်ရှုပ်ထွေးခြင်း

"ဒါတွေက မင်းသားချုံးယွင်ရဲ့ လက်ဆောင်တွေလား?" မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည်

အတန်ငယ် အံ့ဩသွားခဲ့ကာ သေချာစေရန်
မေးလိုက်သည်။

အကြီးအကဲရှောင်သည် မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာ၏ ပြိုပြင်မှုကို
ကြောက်ဟန်နှင့် လျှင်မြန်စွာ
ရှင်းပြပေးလိုက်သည်။

အကြီးအကဲရှောင်၏ အဆိုအရဆိုလျှင်၊
ချုံးယွင်မင်းသားသည် ရှောင်မိသားစုကို
အထူးဂရုစိုက်၏။ သူ၏ ထောက်ခံမှုနှင့်အတူ၊
ရှောင်မိသားစု၏ စွမ်းအားသည်
တစ်နေ့ထက်တစ်နေ့ တိုးတက်လာ၏။

သူတို့နှင့် ဒေသတွင်း ယှဉ်ပြိုင်ဘက်ဖြစ်သော အခြား ဂုဏ်သတင်း ကျော်စောသော မိသားစုများအား လွှမ်းမိုးလာနိုင်လေ၏။

ရှောင်ယန်သည် ရုတ်တရက် တစ်ခုခုက မှားနေသည် ဆိုတာကို သဘောပေါက်လိုက်သည်။ သူ၏အဘိုးကို ကြည့်လိုက်ကာ ရုတ်တရက်မေးလိုက်သည်။ "အဘိုး၊ အဘိုးကလည်း ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်သွားပြီလား? ကျွန်တော်က သတိမထားမိလိုက်ဘူး"

သူ့ရှုကျိုးက မထွက်ခွာမီတွင်၊
အကြီးအကဲရှောင်သည် အခြေခံအုတ်မြစ်
နောက်ဆုံး အဆင့်တွင်သာ ရှိနေသေးသည်။
သူ၏ အခြေခံမှာ ခိုင်မာပြီး လုံခြုံကိုက
သန့်စင်နိုင်ခဲ့သော်လည်း၊ အသက်ကြီးရင့်မှုက
သူ၏ စွမ်းအားများနှင့် စိတ်ထက်သန်မှုတို့ကို
တိုက်စားသွားခြင်းကြောင့်၊ ရွှေရောင်ဗဟိုချက်
အဆင့်ကို မတက်လှမ်းနိုင်ခဲ့ပေ။

အကြီးအကဲရှောင်သည် ရှောင်ယန်၏
ဆိုလိုရင်းကို သဘောပေါက်ပုံနှင့်
ရယ်လိုက်ကာ ပြောလိုက်သည်။
"ချုံးယွင်မင်းသားက ငါ့ကို အရုံအတား

ချိုးဖောက်ဆေးလုံးနဲ့ ကောင်းကင်ထိုးဖောက်ဆေးလုံးကို ချီးမြှင့်လိုက်တယ်။ ငါကလည်း ဒီဆေးလုံးတွေကို စားပြီးတော့ တစ်ဆို့ကြန့်ကြာနေတဲ့ အတားအဆီးတွေကို ချိုးဖောက်နိုင်ပြီး၊ ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်ခဲ့တာပဲ။ ပြီးတော့၊ ဒါက အစိမ်းရောင် ဗဟိုချက်ကွ"

သူ၏စကားကို ကြားပြီးနောက်တွင်၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ၏ အမူအရာမှာ ပြောင်းလဲမှု မရှိချေ။ သို့သော်လည်း သူ၏ မျက်လုံးအစုံတွင်

အနည်းငယ် စိတ်ပျက်အားငယ်သော
အရိပ်အယောင် တို့ကို တွေ့နိုင်ပေသည်။

"ချုံးယွင်မင်းသားက ရှောင်ယန်နဲ့
ယန်ရန်တို့ရဲ့ စေ့စပ်ပွဲ အကြောင်းကို
သိသွားပြီနဲ့တူတယ်။ ဒါပေမဲ့ ကြည့်ရတာ
သူက အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့
ဆက်ဆံရေးကို မပျက်ချင်နေဘူးပဲ"
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက
ကိုယ့်ကိုယ့်ကိုယ် စဥ်းစားနေ၏။
"ရှောင်မိသားစုကို အလေးပေး
ဆက်ဆံတာက၊ ရှောင်ယန်ကို အလျှော်ပေးတဲ့
အနေနဲ့လည်း ဖြစ်နိုင်တာပဲ"

"ဒါပေမဲ့လည်း သူက အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းနဲ့ ဆက်ဆံရေးကောင်းကိုသာ တည်ဆောင်လိုပြီး၊ ယန်ရန်ကို မိဖုရား မြှောက်လိုတဲ့ အတွေးကို မရုပ်သိမ်းလိုက်ရင်တော့ ပြဿနာပဲ"

ချုံးယွင်မင်းသားက စေ့စပ်မှုကို လက်ခံခဲ့သော်လည်း သတို့သမီးက ပျောက်ဆုံးသွားခဲ့သည်။ အလင်းဓားမြန်ဂိုဏ်းပင် ဖြစ်သော်လည်း၊ မဟာချင် အင်ပါယာ၏ အိမ်ရှေ့မင်းသားကို

မျက်နှာပျက်စေခြင်းသည် အလေးအနက်
ဂရုထားရမည့် နောက်ဆက်တွဲ
ပြဿနာဖြစ်သည်။

အကယ်၍ ချုံးယွင်မင်းသားသည် စေ့စပ်ပွဲကို
လက်မခံပါက၊ မဟာချင် အင်ပါယာဘက်မှ
ဖိအားများသည် လျှော့ကျသွားနိုင်သည်။
ဒါတောင်မှ ရှောင်ယန်နှင့် အချိန်းအချက်
တိုက်ပွဲသည် နောက်ထပ် ဖြေရှင်းရမည့်
ပြဿနာတစ်ခု ဖြစ်သည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည်
စဥ်းစားလေ စိတ်ရှုပ်လေ ဖြစ်ကာ စိုးရိမ်ပူပန်မှု

ရေချိန်မြင့်နေချိန်တွင်၊ လင်းဖုန်းဟာ နှုတ်ခမ်းကတော့ အပြုံးတစ်ခုအဖြစ် တွန့်သွားခဲ့သည်။

သူ၏အပြုံးမှာ တစ်ခုခု ထူးခြားနေ၏။

"ဟုတ်တယ်၊ မဟာချင် အင်ပါယာက ငါ့ကို ထိပ်တိုက်ရင်ဆိုင်ချင်နေတာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီအကြံက သူတို့ရဲ့ နန်းရင်းဝန် အသစ်ရဲ့ အကြံထင်တာပဲ"

လင်းဖုန်းသည် သံသယ အချို့ဖြစ်နေ၏။ "ဒါက ဘယ်လိုလုပ်ပြီး ချုံးယွင်မင်းသားရဲ့ အမိန့် ဖြစ်နိုင်ပါ့မလဲ?"

လင်းဖုန်းသည် သူစုဆောင်းရရှိထားသမျှ အချက်အလက်များ အားလုံးကို အသုံးပြုကာ၊ မဟာချင် အင်ပါယာ၏ ချုံးယွင်မင်းသားကို ပုံဖော်ကြည့်နေမိသည်။

သူသည် မောက်မာ၏၊ ဗိုလ်ကျတတ်၏၊ အနည်းငယ် ခေါင်းမာ၏၊ ပိုင်ဆိုင်လိုမှု ကြီးမား၏၊ သူလိုချင်သော ပန်းတိုင် မရောက်မချင်း ဇွဲမလျှော့တတ်ချေ။

ထိုကဲ့သို့သော ကိုယ်ကျင့်စရိုက်များသည်၊
အမှန်အားဖြင့် ဆိုရသော် ပြည်သူလူထုတို့၏
မျှော်မှန်းချက်များနှင့် မကိုက်ညီပေ။

အကယ်၍ ချင်ကေရာဇ်သည် နောက်ထပ်
သားတစ်ယောက် မရှိခဲ့သော်၊
ချုံးယွင်မင်းသားသည်
အိမ်ရှေ့မင်းသားရာထူးကို ရဖို့ရာ
ခက်ခဲမည်ဖြစ်သည်။

ချုံးယွင်မင်းသားသည် အမြဲတမ်း
ဤကဲ့သို့ဖြစ်၏။ ယခုနှစ်များအတွင်း

စုဆောင်းရရှိခဲ့သော အချက်အလက်များ အရ၊ သူက ယခုကဲ့သို ပြုမူမည်ကို မည်ကဲ့သို့ ယုံကြည်ရမည်နည်း။

သူ၏ ယခုကဲ့သို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို မဟာမိတ် အနေနှင့် ဆက်ဆံပြုမူပုံများသည်၊ သူ၏ စရိုက်လက္ခဏာ၊ ပုံစံနှင် လုပ်ပုံကိုင်ပုံများနှင့် ဆန့်ကျင်နေပေသည်။

ထို့ကြောင့် လင်းဖုန်းသည် အနည်းငယ် တွေးရခက်နေသည်။ "စိတ်ဝင်စားစရာပဲ၊ သူက ဘာတွေများ ကြံနေပါလိမ့်?"

သူက မုယ့ံယန်ရန်ကို မိဘုရားငယ် အဖြစ်
ရွေးချယ်လိုက်လို့ ရှောင်ယန်ကို
လျှော်ကြေးပေးတာများလား?

ဒါမှမဟုတ်၊ ဒီကိစ္စက အစကတည်းက
အလင်းခေါ်မြန်ဂိုဏ်းက စေ့စပ်ပွဲနဲ့
မပတ်သတ်ပဲ၊ သူက အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနဲ့
ဆက်ဆံရေးကောင်းတွေကို
တည်ဆောက်ချင်နေတာများလား?

"စိတ်ဝင်စားစရာပဲ" လင်းဖုန်းက ပြုံးလိုက်သည်။ ဝူကျိုးမြို့သို့ လာရောက်ရခြင်းသည် ရှောင်မိသားစု၏ အနေအထားကို အကဲခတ်၍၊ မဟာချင် အင်ပါယာ၏ သဘောထားကို ခန့်မှန်းရန်ဖြစ်သည်။

သို့ပေမဲ့ ကိစ္စတစ်ခုလုံးသည် အနည်းငယ် အံချော်မှုတွေ ရှိနေကာ၊ ရှေ့နောက် မညီညွတ်မှုများ ရှိနေပေ၏။

အကယ်၍ ချုံးယွင်မင်းသားသည် မုယုံယန်ရန်အား မိဘုရားငယ် အဖြစ်

တော်ကောက်၍၊ အလင်းခေါးမြန်ဂိုဏ်းအစား ခေါင်းဝင်ခံပေးမည် ဆိုပါက၊ လင်းဖုန်းသည် မုယုံယန်ရန်ကို ပြန်လွှတ်မည် မဟုတ်ချေ။

အလင်းခေါးမြန်ဂိုဏ်းသည် အိမ်ရှေ့စံအား ငြိမ်းချမ်းရေးချိုးဖြူ လွှတ်ခဲ့ပြီး ဖြစ်သည်။ သူတို့၏ ပြဿနာကို သူတို့ကိုယ့်ကိုယ် ဖြေးဖြေးချင်း ဖြေရှင်းရမည်ဖြစ်သည်။

အကယ်၍ မင်းသားချုံးယွင်သည် မုယုံယန်ရန်အား ကြင်ယာတော် အဖြစ် တော်ကောက်ရန် ဆန္ဒမရှိခဲ့လျှင်၊ သူမ၏ ပျောက်ကွယ်နေခြင်းသည် သူ့အတွက်

ကျေနပ်စရာ ရလဒ်ဖြစ်သည်။ သူသည် အပြစ်ရှိ၍ နောင်တရနေသော အလင်းခေးမြန်ဂိုဏ်းနှင့် ရင်ဆိုင်ရမည် ဖြစ်ပြီး၊ ထိုအချိန်တွင် သူ၏ သဘောထားကြီးမှုနှင့် သည်းခံနိုင်မှုတို့ကို ပြသကာ၊ အလင်းခေးမြန်ဂိုဏ်းကို သူ့ဘက်ပါအောင် သိမ်းသွင်းနိုင်မည် ဖြစ်သည်။

ရုတ်တရက် လင်းဖုန်းသည် သူ၏အရှေ့တွင် မြူခိုးငွေ့တစ်လွှာ ပေါ်လာခဲ့ကာ၊ အတွင်းမှ တောက်ပနေသော မျက်လုံးတစ်စုံသည် သူ့အား အသေအချာ

စူးစမ်းလေ့လာနေခဲ့သည်ကို
ခံစားမိလိုက်ရသည်။

"မင်းက မဟာချင် အင်ပါယာရဲ့
နန်းရင်းဝန်အသစ် ဝူချင်လျှိုလား?"
လင်းဖုန်းသည် ရယ်လိုက်ကာ
တွေးနေမိသည်။

မင်းမှာလည်း မင်းအကြံနဲ့၊ ငါ့မှာလည်း
ငါ့အကြံနဲ့၊ စောင့်ကြည့်ကြသေးတာပေါ့ကွာ။

ရှောင်ယန်၏ အဆိုအရ၊ သူတို့သည် ဝူကျိုးကို
ခေတ္တမျှ လမ်းကြုံဝင်ခြင်း ဖြစ်သည်။

သိပ်မကြာမီတွင် ရှောင်ယန်သည်
အကြီးအကဲရှောင်ကို နှုတ်ဆက်ကာ၊
အလင်းခေးမြန်ဂိုဏ်း၏
ရှင်းယွင်တောင်ထိပ်ကို ပြန်ခဲ့လေသည်။

ပို၍ပို၍ ကြီးမားလာသော
ရှင်းယွင်တောင်ထိပ်ကို ကြည့်ကာ
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည်၊
ပို၍ပို၍ စိုးရိမ်ပူပန်ကာ ဂဏှာမငြိမ်
ဖြစ်လာခဲ့သည်။ ရုတ်တရက်ပဲ သူ၏
မျက်နှာတွေ အံ့အားသင့်သော အမူအရာတစ်ခု
ပေါ်လာခဲ့သည်။

အစပထမတွင် သူသည် အစိုးရိမ်လွန်နေခဲ့၍၊ သူ၏ အာရုံများသည် ထင်ယောင်ထင်မှား ဖြစ်နေခဲ့သည်ဟု ထင်နေမိ၏။ သူ၏ အသိစိတ်ကို ဖြန့်ကြက်ကာ အသေအချာ ပြန်လည် စူးစမ်းလိုက်ချိန်တွင်၊ ပို၍ အံ့အားသင့်သွားမိရ၏။

သူရက်နှင့်ချီ၍ လိုက်ရှာနေခဲ့သော မုယုံယန်ရန်သည် တကယ်တမ်းတွင်၊ ရှင်းယွင်တောင်ထိပ်၏ အနီးအနားတွင်ရှိသော တောင်ကုန်းလေး တစ်ခုအပေါ်တွင် ရှိနေသည်ကို တွေ့လိုက်ရသည်။ သူမသည် အလင်းဓားမြန်ဂိုဏ်း၏

မျက်စိအောက်အနားတွင် တစ်ချိန်လုံး ရှိနေခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် သူမသည် သတိလစ်နေသည်ဟု ယူဆရပြီး မေ့မျောနေခဲ့သည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည် လင်းဖုန်းကို ချောင်းကြည့်လိုက်သည်။ လင်းဖုန်း၏ အမူအရာများသည် ဘာမှမဖြစ်သကဲ့သို့၊ သို့မဟုတ် ဘာဖြစ်နေသည်ကို ဂရုမစိုက်သကဲ့သို့ တည်ငြိမ်နေသည်ကို တွေ့လိုက်ရ၏။

သူ၏ရင်ထဲတွင် မေးခွန်းများနှင့်
ပြည့်လျှံနေသော်လည်း၊ မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာသည် စိတ်သက်ရာရလှစွာ
သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။
သူသည် သူ၏ မှော်စွမ်းအင် တစ်စကို
ထုတ်လွှတ်လိုက်ကာ၊ မုယုံယန်ရန်ကို
အဝေးသို့ ခေါ်ဆောင်သွားခဲ့သည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည်
အပေါ်ယံတွင် တည်ငြိမ်နေသော
အမူအရာနှင့်၊ ဘာမှ မဖြစ်သကဲ့သို
လင်းဖုန်းကို ရှင်းယွင်တောင်ထိပ်၏
ရှုခင်းများကို လိုက်ပြနေလေသည်။

တစ်ချိန်တည်းမှာပင်၊ သူသည်
ခေးချီခေတ်များကို ထုတ်လွှတ်၍
မုယံုယန်ရန်ကို ပြန်နှိုးရန် ကြိုးစားနေခဲ့သည်။

အစိမ်းရောင် တိမ်တိုက်တို့နှင့်
လွှမ်းခြုံထားရသော မုယံုယန်ရန်သည်
နိုးထလာခဲ့သည်။ သူ၏ မှော်စွမ်းအင်များနှင့်
ဖွဲ့စည်းထားသော အစိမ်းရောင်
တိမ်တိုက်ထဲတွင်၊ မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာ၏ ပုံရိပ်သည် ဟန်ပန်
အမူအရာ ကင်းမဲ့စွာနှင့် ပေါ်လာခဲ့သည်။

"ဂရန်းမာစတာကို နှုတ်ဆက်ပါတယ်"
မုယုံယန်ရန်သည် သူ၏အရှေ့တွင်
ဒူးထောက်လိုက်ရင်း ပြောလိုက်သည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည်
ခပ်ပြတ်ပြတ် ပြောလိုက်သည်။ "မင်းက
တော်ဝင်မိသားစုနဲ့ လက်မထပ်ချင်ဘူးဆိုရင်၊
ငါ့ကိုဖြစ်ဖြစ် ထုန်းလင်ကို ဖြစ်ဖြစ်
ပြောလို့ရတယ်။ ဘယ်သူကမှ မင်းကို
အတင်းအကြပ် ဖိအားပေးမှာ မဟုတ်ဘူး"

မုယုံယန်ရန်သည် သူမ၏ စိတ်တည်ငြိမ်မှုကို
ပြန်ရခဲ့ပြီ ဖြစ်ကာ၊ တိုးတိုးလေး

ပြောလိုက်သည်။ "ကျွန်မက ဘယ်လိုဖြစ်သွားမှန်း မသိခဲ့ဘူး။ ကျွန်မ အခုသိပါပြီ။ ကျွန်မက အမှားကြီး တစ်ခုကို ကျူးလွန်မိပြီး၊ ဒီအတွက် ဘယ်ပြစ်ဒဏ်မျိုးမဆို ခံယူဖို့ အသင့်ပါ"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည် သူ၏ခေါင်းကို ခါလိုက်၏။ အဓိကအချက်မှာ သူသည် မုယုံယန်ရန်ကို ရှာတွေ့ရန်ဖြစ်ပြီး၊ ကျန်သော ပြစ်ဒဏ်များမှာ နောက်ပိုင်းတွင် စဉ်းစားနိုင်သည်။ အခုအချိန်တွင် အရေးကြီးသော ကိစ္စများကို အရင် ရှေ့တန်းတင်ရမည် ဖြစ်သည်။

"မင်းက ရှင်းယွင်တောင်ထိပ်ကနေ ထွက်သွားပြီးတဲ့နောက်မှာ၊ ဖြစ်သမျှကို ငါ့ကိုပြောပြ။ တစ်လုံးမှ မကျန်စေနဲ့"

လင်းဖုန်းသည် သူနှင့် တွေ့ဆုံခဲ့သော မုယုံယန်ရန်၏ မှတ်ဉာဏ်များကို မဖျက်ပစ်ခဲ့ပေ။ ထိုကဲ့သို့ ပြုလုပ်လိုက်လျှင်၊ သူမ၏ စိတ်ဝိညာဉ်ကို ထိခိုက်စေမည် ဖြစ်ပြီး၊ နောက်ဆက်တွဲ သံသယများဖြင့် သူ့နောက်ကို လိုက်လာမည်ဖြစ်သည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက ဘာမှမပြောခဲ့လျှင်ပင်၊ အလင်းခေးမြန်ဂိုဏ်းမှ ကျန်အခြေတည်ဝိညာဥ် အဆင့်က ကျင့်ကြံသူများက တွေ့မြင်နိုင်မည် ဖြစ်သည်။

လင်းဖုန်းတွင် သူ့အကြံနှင့်သူ ရှိပြီးဖြစ်သည်။ အလင်းခေးမြန်ဂိုဏ်းသည် ဘာဖြစ်ခဲ့သလဲ၊ ဘာဆက်ဖြစ်မှာလဲ စသဖြင့် သိရှိနေခြင်းကို သူကဂရုမစိုက်ပေ။ သူက မုယုံယန်ရန်ကို ပြန်ပို့ခဲ့ခြင်းကို သူတို့က မည်ကဲ့သို့ ယူဆယူဆ၊ သူက ဖြေရှင်းချက်ပေးမည် မဟုတ်ပဲ သူတို့ဘာသာ စိတ်ကြိုက် ခန့်မှန်းစေမည် ဖြစ်သည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည် သူ၏ ဦးနှောက် အတွင်းပိုင်းထဲမှပင် နာကျင်လာမှုကို ခံစားလာခဲ့ရသည်။ သူက မျက်လုံးကျဉ်းများဖြင့် မုယုံယန်ရန်ကို ကြည့်လိုက်ပြီး မျက်မှောင်ကြီးကို ကြုတ်ကာ ပြောလိုက်သည်။ "ဒီလိုဆို မင်းပြောပုံအရ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ ချုံးယွင်မင်းသားက မင်းကို မိဘုရားအဖြစ် မြှောက်မယ်ဆိုတာကို ခန့်မှန်းနိုင်ခဲ့ပြီ ဖြစ်တာပေါ့"

"ဒါတောင်မှပဲ မင်းကို သူ့ဆန္ဒနဲ့သူ ပြန်လွှတ်လိုက်သေးတယ်?"

မုယုံယန်ရန်သည် သူမ၏ လက်ထပ်ပွဲကို လက်ခံလိုက်ပြီဖြစ်ကာ၊ ခါးခါးသီးသီး ဖြစ်မနေတော့ချေ။ "သူက ဘာမှထပ်ပြီး ကောက်ချက်မချခဲ့ပေမဲ့၊ သူ့ရဲ့လေသံအရဆိုရင် ကျွန်မကို ချုံးယွင်မင်းသားနဲ့ လက်ထပ်စေချင်နေတယ်နဲ့ တူတယ်"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည် ထပ်ဖန်တစ်ခါ စိတ်ရှုပ်ထွေးသွားခဲ့ရပြန်သည်။

သူအကြောက်ဆုံး အရာသည် လင်းဖုန်းက အရာအားလုံးကို သိသွားပြီး မုယုံယန်ရန်ကို ပြန်ပေးဆွဲထားကာ၊ ရှင်းယွင်တောင်ထိပ်ကို သူမအား လာရှာမည်ကို ဖြစ်သည်။

ချုံးယွင်မင်းသားကလည်း ပြဿနာ လာရှာသည့် အချိန်တွင်၊ နှစ်ဘက်စလုံး၏ ဖိအားကြောင့် အလင်းခေးမြန်ဂိုဏ်းတွင် ကပ်ဆိုးဆိုက်တော့မည် ဖြစ်သည်။

သို့သော်လည်း လင်းဖုန်း၏ ကိုယ့်သဘောနှင့်ကိုယ် မုယုံယန်ရန်ကို

ပြန်ပို့လိုက်ခြင်းသည်၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာကို စိတ်ရှုပ်ထွေးစေခဲ့သည်။

"ထားလိုက်ပါတော့၊ အရင်ဆုံး တောင်ပေါ်ကို ပြန်ကြစို့" မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာသည် သဘောမပေါက်နိုင်သော အရာကို ထပ်မံ၍ မစဉ်းစားနေတော့ပေ။ သူသည် သူ၏ တွေ့ရှိချက်များကို တောင်ပေါ်မှ အကြီးအကဲများကို တင်ပြ၍၊ အတူတကွ ခေါင်းခြင်းရိုက်ကာ အဖြေရှာကြမည် ဖြစ်သည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ၏
မုယံ့ယန်ရန်အား တိတ်တဆိတ်
ယူဆောင်သွားခြင်းသည်၊ လင်းဖုန်း၏
မျက်စိအတွင်းသို့ ကျရောက်သွားခဲ့သည်။
သူ၏ နှုတ်ခမ်းထောင့်စွန်းတွင် အပြုံးတစ်ခုက
ပေါ်လာခဲ့ပြီး၊ အဝေးက
မိုးကုတ်စက်ဝိုင်းကိုကြည့်ကာ မေးလိုက်သည်။
"ဒါက ရှင်းယွင်တောင်ထိပ်လား?"

အဝေးတစ်နေရာတွင်
တောင်စဥ်တောင်တန်းများ အကြားမှ
သိသိသာသာကြီး ချွန်ထွက်နေသော၊

ရွှေရောင်ဖျော့ဖျော့ သန်းနေသော
တောင်ထိပ်တစ်ခုကို တွေ့လိုက်ရ၏။

ထိုရွှေရောင်တောင်ထိပ်သည်
ခန်းနားထည်ဝါခြင်း မရှိပဲ၊ ကျန်တောင်များနှင့်
သိပ်ကွာခြားခြင်း မရှိပေ။ သူသည်
လွင့်မျောနေသော တိမ်တိုက်များကဲ့သို့
အော်ရာမျိုးကို ပေးစွမ်းနိုင်ပေသည်။

တစ်ယောက်သည် အဝေးမှနေ၍
တောင်ထိပ်ရှိ ချောက်ကမ်းပါးများကို လှမ်း၍
မြင်နိုင်ပေသည်။

သို့ပေမဲ့ လင်းဖုန်းသည် တောင်ထိပ်၏ အတွင်းတစ်နေရာမှနေ၍ ထက်မြက်သော ဓားအငွေ့အသက် တစ်ခုကို ခံစား၍ နေရ၏။ ကြိုတင်၍ မခန့်မှန်းနိုင်သော ပြောင်းလဲမှုနှင့် မငြင်းဆန်နိုင်သော တောက်ပမှု၊ ပြီးတော့ တိမ်တိုက်တို့၏ လှုပ်ရှားမှု အတွင်းတွင် အဆုံးမဲ့ တောက်ပနေသော ဓားရောင်စဥ် အော်ရာတို့ကို တွေ့ရသကဲ့သို့ ဖြစ်နေ၏။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက ပြုံးလိုက်ပြီး ပြန်ဖြေလိုက်သည်။ "ဒါကတော့ ကျွန်တော်တို့ဂိုဏ်းရဲ့ ဝင်ပေါက်၊

ရှင်းယွင်တောင်ထိပ်ပဲ ဖြစ်ပါတယ်။
မာစတာလင်း၊ ရှေ့ကကြွပါ ခင်ဗျာ"

မျက်စိတစ်မှိတ် အတွင်းတွင်၊
မြူခိုးတိမ်တိုက်ထုကြီးသည်
ဆင်းသက်လာကာ ကြည်လင်နေသော
ကောင်းကင်ယံတွင် တွေ့နေရသော အရုဏ်ဦး
နေမင်းကဲ့သို့ ကွဲပြန့်သွားခဲ့သည်။ ရွှေရောင်
အလင်းတန်းများ တောက်ပနေသော
လှေကားထစ်များသည် လက်ကနဲ
ဖြစ်သွားကာ၊ လင်းဖုန်းတို့၏ အရှေ့ကို
ကျရောက်လာခဲ့သည်။

လှေကားထစ်၏ အခြားတစ်ဘက်တွင်
လူခုနှစ်ယောက်တို့သည် ရပ်နေကြ၏။
သူတို့အတွင်းတွင် ဝသောသူပါ၏၊
ပိန်သောသူပါ၏၊ မြင့်သောသူပါ၏၊
နိမ့်သောသူပါ၏၊ ယောကျာ်းပါ၏၊ မိန်းမပါ၏။
သို့သော် သူတို့အားလုံးတွင် တူညီသော
အရာမှာ၊ ကောင်းကင်ကို ဆွဲဖြဲပစ်နိုင်သော
ကြီးစိုးလွှမ်းမိုးနိုင်သည့် ကြောက်မက်ဖွယ်
မော်စွမ်းအင် အော်ရာများကို
ပိုင်ဆိုင်ထားခြင်းဖြစ်သည်။

တစ်ယောက်သည် သူတို့ဆီမှ ရန်လိုမှုများကို
မတွေ့နိုင်ချေ။ သူတို့သည် သူတို့၏

ခေါးအောဲရာများကို ရုပ်သိမ်းထားကြ၏။ သို့သော်လည်း သူတို့ ရုပ်နေကြခြင်းကို တွေ့လိုက်ခြင်းသည်ပင် ကြီးမားသော ဖိအားများကို ခံစားနေရခြင်း ဖြစ်သည်။

အခြေတည် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ ခုနှစ်ယောက်တို့သည် ကိုယ်တိုင်ကိုယ်ကျ ညွှေ့သည်များကို လာရောက်ကြိုဆိုကြခြင်း ဖြစ်လေသည်။

အကြီးအကဲ ခုနှစ်ယောက်တို့က သူ့ကို လာကြိုဆိုခြင်းသည် ညွှေ့ဝတ်ကျေပွန်မှုကို ပြခြင်းအပြင်၊ သူတို့၏ အစွမ်းကိုလည်း

ထုတ်ဖော်ပြသခြင်း ဖြစ်သည်ကို လင်းဖုန်းက သိလိုက်သည်။ သူ့ဘေးက မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာနှင့် ယခုလက်ရှိ ကျင့်ကြံသူများအပြင်၊ အခြားအခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ ကျန်နေသေးသည်ကိုလည်း လင်းဖုန်းက သိထားလေသည်။

လင်းဖုန်းက အပေါ်ကို မော့ကြည့်လိုက်သည်။ လူခုနှစ်ယောက်တို့သည် ဟင်းလင်းပြင်နှင့် တစ်သားတည်း ဖြစ်နေပြီး၊ သာလွန်ထူးကဲသော အခြေအနေတွင် ရှိနေသည်ကို တွေ့လိုက်ရသည်။ ဒါသည်

အလင်းခေါ်မြန်ဂိုဏ်း၏
တာအိုနည်းစနစ်များကို အဆင့်မြင့်
ကျင့်ကြံထားပြီး၊ ကျင့်ကြံမှု အဆင့်အတန်း
မြင့်မားခြင်းကို ပြသနေခြင်းဖြစ်သည်။

လင်းဖုန်းကို ပို၍ နေရခက်စေသော
အချက်မှာ၊ ခက်ထန်၍ မလှုပ်ရှားသော
အသိစိတ်တစ်ခုသည် ရှင်းယွင်တောင်ထိပ်
အတွင်းမှ သူ့ကို အသေးစိတ်
အကဲခတ်နေခြင်း ဖြစ်သည်။

ထိုအသိစိတ်၏ စွမ်းအားသည် လင်းဖုန်းအား
မသက်မသာ ခံစားမှုမျိုးကို ပေးစွမ်းနိုင်သည်။

သူ့ကို ယခုကဲ့သို့ ဖိအားမျိုး ပေးနိုင်သူမှာ၊
အင်မော်တယ် ဝိညာဥ် အဆင့်မှ
အလင်းဓားမြန် ဓားမာစတာ ဖြစ်မည်ကို
သံသယဖြစ်ဖွယ် မရှိချေ။

အခြေတည် ဝိညာဥ် အဆင့် ဂရန်းမာစတာ
ခုနှစ်ဦး အနက်မှ၊ ကျောင်းတော်သားပုံစံ
သက်လတ်ပိုင်း လူကြီးတစ်ယောက်သည်
ပြုံးလိုက်ကာ ပြောလိုက်သည်။ "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်ကို
တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။
ကျွန်တော်တို့ဟာ ဂိုဏ်းမာစတာရဲ့
ညွှန်ကြားချက်အရ လာရောက် ကြိုဆိုကြခြင်း

ဖြစ်ပါတယ်။ တစ်စုံတစ်ခု
အဆင်မပြေတာများ ရှိခဲ့ရင်
တောင်းပန်ပါတယ်"

လင်းဖုန်းက ပြုံးလိုက်သော်လည်း ဘာမှ
မလှုပ်ရှားခဲ့ပေ။ သူ၏ဘေးတွင် ရှိနေသော
ရှောင်ပုတန်လေးကို လှည့်ကြည့်လိုက်သည်။

ရှောင်ပုတန်လေးသည် လင်းဖုန်း၏
ရည်ရွယ်ချက်ကို ချက်ချင်းနားလည်လိုက်ကာ၊
ရယ်ရမ်းသွေးလိုက်ပြီး အရှေ့ကို
လှမ်းတက်လိုက်လေသည်။

# စာစဉ် ၁၄ : အပိုင်း ၁၃

## အပိုင်း ၂၄၃ : အလင်းဓားမြန် ဓားမာစတာ

အလင်းဓားမြန်ဂိုဏ်း၏ အခြေတည် ဝိညာဉ်အဆင့်မှ ဂရန်းမာစတာ ခုနစ်ယောက်တို့၏ လာရောက်ကြိုဆိုခြင်းသည်၊ လေးစားမှုနှင့် စွမ်းအားတို့ကို ဖော်ပြနေခြင်းဖြစ်သည်။

လင်းဖုန်းသည် ပြုံးရုံသာ ပြုံးခဲ့ကာ ဘာမှမလှုပ်ရှားခဲ့ပေ။ သူသည် ရှောင်ပုတန်ကို စိုက်ကြည့်လိုက်ရာ၊ ရှောင်ပုတန်ကလည်း သူ့ဆရာ၏ ရည်ရွယ်ချက်ကို ရိပ်စားမိခဲ့သည်။

သူက ရယ်ရမ်းသွေးလိုက်ကာ မဟူရာနဂါး ကျဲယု၏ ခေါင်းအား ခြေမဖြင့် ပုတ်လိုက်သည်။

လင်းဖုန်း၊ ရှောင်ယန်၊ ထွမ်းထွမ်းနှင့် ယွဲ့ဟုန်ယန်တို့သည် ကျဲယု၏ ကိုယ်ပေါ်မှ ဆင်းလိုက်ကြသည်။ ရှောင်ပုတန်လေး တစ်ယောက်သာ မဟူရာနဂါး ကျဲယုကို စီးနင်းသွားခဲ့ကာ၊ ရွှေရောင် အလင်းတန်းများဖြင့် ဖွဲ့စည်းထားသော လှေကားထစ်များ ရှိရာသို့ သွားလိုက်သည်။

ရှောင်ပုတန်လေး၏ ကလေးဆန်သော
အသံသည် ကြည်လင်ပြတ်သား၍
နားထောင်လို့ကောင်းစွာ ထွက်ပေါ်လာသည်။
"ကျွန်တော်ကတော့ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ ရှီထျန်းဟောင်
ဖြစ်ပါတယ်။ ကျွန်တော်က ဆရာ့အစား
အလင်းခားမြန်ဂိုဏ်းမှ အကြီးအကဲများကို
ရိုသေစွာနဲ့ နှုတ်ခွန်းဆက်သ ပါတယ်ခင်ဗျာ"

ကျဲယုကတော့ ဘာမှမပြောခဲ့ပဲ
သူ၏ခန္ဓာကိုယ်ကို ရွှေရောင်လှေကားထစ်ပေါ်
တက်လိုက်ပြီး၊ ကျယ်လောင်စွာ
ဟိန်းလိုက်သည်။ နဂါးတစ်ကောင်၏

ခက်ထန်မှုနှင့် လွှမ်းမိုးနိုင်မှုတို့ကို အစွမ်းကုန် ခင်းကျင်းပြသခဲ့ကာ၊ သူ၏ မှော်စွမ်းအင် လှိုင်းလုံးများသည် မာန်ဟုန်ပြင်းသော မြစ်တစ်စင်းကဲ့သို့ ရွှေရောင် လေဟာထစ်များအတိုင်း အပေါ်သို့ တက်သွားခဲ့သည်။

နဂါးမျိုးနွယ်စုများသည် မွေးလာကတည်းက လူသားများထက် အထက်တန်းကျသည်။ မိစ္ဆာဝိညာဉ်ကို ဖော်ဆောင်ပြီး၍ မိစ္ဆာသခင် အဆင့်ကို ရောက်သွားပြီ ဖြစ်သော ကျဲယုသည်၊ အလင်းဓားမြန်ဂိုဏ်းမှ အခြေတည်ဝိညာဉ် အဆင့် ဂရန်းမာစတာ

ခုနှစ်ယောက်တို့ကို
ကြောက်ရွံ့ခြင်းကင်းစွာဖြင့်
ရင်ဆိုင်လိုက်သည်။

လှေကားထစ်၏ အခြားတစ်ဘက်တွင်၊
အခြေတည် ဝိညာဉ်အဆင့် ဂရန်းမာစတာ
တစ်ယောက်၏ မျက်နှာတွင် မပျော်ရွှင်သည့်
အရိပ်အရောင်များ ပေါ်လာခဲ့စဉ်တွင်၊
သူ၏ဘေးမှ ကျောင်းတော်သားပုံစံ
ဂရန်းမာစတာက သဘောမတူဟန်ဖြင့်
ခေါင်းခါလိုက်သည်။

သူသည် ကျန်သောသူများကို အသံလွှင့်ကာ ပြောလိုက်သည်။ "စိတ်မလှုပ်ရှားကြပဲ ငါတို့ရဲ့ အသာစီးရမှုကို မပျက်စေနဲ့"

ကျဲယုသည် ရန်လိုသော အပြုအမူကို ပြခဲ့သည် မှန်သော်လည်း၊ အမှန်ဆိုရသော် သူသည် သူ၏ စွမ်းအားတို့ကို ထိန်းချုပ်ထားခဲ့သည်။ သူသည် ရွှေရောင် လှေကားထစ်များကို ခြေမွနိုင်စွမ်း ရှိသောလည်း ထိုကဲ့သို့ မလုပ်ခဲ့ပေ။

"ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာ၊ ကျွန်မတို့က ကိုယ့်ဂုဏ်နဲ့ကိုယ် အပ်စပ်အောင်

နေဦးမှ ဖြစ်မယ်" တစ်ဦးတည်းသော
အမျိုးသမီး ဂရန်းမာစတာက
အသံထွက်လာကာ၊ သူမ၏ ခြေထောက်ကို
ရွှေရောင် လှေကားထစ်နှင့် ထိလိုက်ကာ
မှော်စွမ်းအင်များကို ထည့်သွင်းလိုက်သည်။

တုန်ခါနေသော လှေကားထစ်များမှာ
ရုတ်ချည်းပင် တည်ငြိမ်သွားခဲ့သည်။ ကဲ့ယု၏
မျက်လုံးများသည် ကျဉ်းမြောင်းသွားခဲ့ပြီး၊
ဘယ်လောက်ပင် အားစိုက်အားစိုက်
ရွှေရောင်လှေကားထစ်များကို လှုပ်ရှားအောင်
မလုပ်နိုင်တော့သည်ကို သတိထားမိလိုက်၏။

လင်းဖုန်းက ထိုမြင်ကွင်းကို ကြည့်လိုက်ကာ ပြုံးလိုက်သည်။ "အခြေတည် ဝိညာဉ်အဆင့်က ကျင့်ကြံသူတွေ၊ ငါသိပြီ။ ဒီနေရာမှာ သူတို့က လတ်တလောမှာမှ မိစ္ဆာဝိညာဉ်ကို ရထားတဲ့ ကျဲယုထက် မှော်စွမ်းအင် စွမ်းအားတွေ ပိုသာနေတယ်။ ဒါပေမဲ့ ကျဲယုရဲ့ စွမ်းအားဟာ သူ့ရဲ့ ရုပ်ခန္ဓာကိုယ်ပေါ်မှာ မူတည်နေပြီး၊ တကယ့်တိုက်ပွဲမှာ ဘယ်သူက အနိုင်ရမလဲ ဆိုတာကတော့ မသေချာဘူး"

အခြေတည် ဝိညာဉ် စဦးပိုင်း အဆင့်က ကျင့်ကြံသူများ၏ အဓိက စွမ်းရည်သည်၊

လေဟာနယ်နှင့် ဟင်းလင်းပြင်တို့၏
လှို့ဝှက်နက်နဲမှုများကို မည်သည့်အထိ
နားလည်သဘောပေါက်နိုင်သနည်း
အပေါ်တွင် မူတည်နေသည်။

အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်မှ
ကျင့်ကြံသူများသည် ကောင်းကင်ကိုးလွှာမှ
သန့်စင်သောလေများကို သူတို့အတွင်းသို့
စုပ်ယူ၍၊ သူတို့၏ မော်စွမ်းအင် စွမ်းအားနှင့်
ကျင့်ကြံမှုများကို တိုးတက်စေရန်
ကြိုးစားကာ၊ အခြေတည်ဝိညာဉ်ကို
သန်စွမ်းလာအောင် အားဖြည့်ရသည်။

ပြီးတာနဲ့ နောက်တစ်ဆင့်ကို တက်ချင်သော ကျင့်ကြံသူများသည် ကောင်းကင်နှင့်မြေကြီး ပုံပန်းသဏ္ဍာန် နည်းစနစ်ကို လေ့ကျင့်ရသည်။ ကောင်းကင်နှင့်မြေကြီး ပုံပန်းသဏ္ဍာန် နည်းစနစ်ကို ပိုင်နိုင်အောင် တတ်မြောက်ပြီးသွားလျှင်၊ သူတို့သည် အခြေတည်ဝိညာဉ် နောက်ဆုံးအဆင့်ကို အောင်မြင်စွာ ရောက်ရှိနိုင်မည် ဖြစ်သည်။

အမျိုးသမီး ကျင့်ကြံသူ အခြေတည်ဝိညာဉ် ဂရန်းမာစတာသည် ကောင်းကင်ကိုးလွှာမှ သန့်စင်သောလေကို ထည့်သွင်းကာ ကျင့်ကြံနေပေပြီ။

ကျဲယု၏ အပေါ်တွင် ရှောင်ပုတန်လေးသည် ပါးလေးကို ဖောင်းလိုက်ကာ စပ်ဖြဲစပ်ဖြဲနှင့် ပြုံးလိုက်ကာ၊ "ကျွန်တော်ကတော့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ရှီထျန်းဟောင် ဖြစ်ပါတယ်။ ကျွန်တော်က အကြီးအကဲတို့ကို နှုတ်ဆက်ပါတယ်"

သူ၏ပါးစပ်ကို ဟလိုက်သည်နှင့်၊ သူ၏အသံနှင့်အတူ စိတ်ဝိညာဉ် စွမ်းအင်တို့သည် ခမ်းနားထည်ဝါစွာနဲ့ ရပ်တန့်၍ မရနိုင်ပဲ ရှေ့သို့တက်လာခဲ့ကာ၊

အခြေတည် ဝိညာဥ် ကျင့်ကြံသူများကိုပင် ခေါင်းလှည့်ကာ ကြည့်စေခဲ့သည်။

ကျောင်းတော်သား ပုံစံနှင့် သက်လတ်ပိုင်း ဂရန်းမာစတာ၏ မျက်လုံးများသည် တောက်ပလာခဲ့ကာ၊ စဥ်းစားလိုက်၏။ "မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက သူတို့ကို တကယ်ပဲ ပိုတွက်ထားတာ မဟုတ်ဘူး။ ဒီကောင်လေးရဲ့ စွမ်းရည်တွေက တကယ်ကို အထင်ကြီးဖွယ်ရာ ကောင်းတာပဲ။ အခြေတည် အဆင့်က မှော်အိုင်တမ် တစ်ခုနဲ့ဆိုရင်၊ သူဟာ အခြေတည် ဝိညာဥ်

အဆင့်က ကျင့်ကြံသူ တစ်ယောက်နဲ့ ထိပ်တိုက်ရင်ဆိုင်နိုင်မှာပဲ"

ရှောင်ပုတန်လေးသည် ရွှေရောင်ဗဟိုချက် စဦးပိုင်းအဆင့်မှာသာ ရှိသေးပြီး၊ ကမ္ဘာကြီး၏ သဘာဝ စိတ်ဝိညာဉ် စွမ်းရည်များကို ထိန်းချုပ်နိုင်စွမ်း မရှိသေးပေ။ အကယ်၍များ ဤအဆင့်သို့ ရောက်သွားလျှင်၊ သူ၏ မှော်စွမ်းအင် ရေအိုင်သည် ယခုထက်ပို၍ စွမ်းအားကောင်းကာ ကြောက်မက်ဖွယ် ကောင်းလာပေလိမ့်မည်။

ရွှေရောင်ဇဟိုချက် အလယ်အလတ် အဆင့်ကို ရောက်သွားလျှင်၊ သူ၏ မှော်စွမ်းအင် ရေအိုင်သည် အခြေတည်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူများနှင့် ယှဥ်နိုင်ပေလိမ့်မည်။

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာ၏ မျက်မှောင်ကြီးမှာ ကြုတ်သွားခဲ့သည်။ "သူက မဟာ ကစဥ့်ကလျား အကြွင်းမဲ့ရေကို မပိုင်ဆိုင်ထားပဲ၊ ဒီလိုမျိုး အထင်ကြီးဖွယ်ရာ မှော်စွမ်းအင် ရေအိုင်ကို ပိုင်ဆိုင်ထားပြီ။ ငါကြားထားရသလောက်ဆိုရင်၊ ရှောင်ယန်ရဲ့ စွမ်းရည်တွေကလည်း သူ့ထက်မသာရင်တောင် သူ့အောက်ကို

မကျဘူး။ ငါတို့ အလင်းဓားမြန်ဂိုဏ်းက
ဒီတစ်ခေါက်မှာတော့ ဒုက္ခကြီးကြီး
ရောက်ပြီနဲ့တူတယ်"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ
အပါအဝင်၊ သူတို့ ခုနှစ်ယောက်တို့၏
အထင်ကြီးဖွယ်ရာ လူအခင်းအကျင်းသည်၊
လူတစ်ယောက်နှင့် နဂါးတစ်ကောင်တို့၏
ချေဖျက်ခြင်းကို ခံလိုက်ရလေသည်။

ဒါတောင်မှပဲ ကျဲယုသည် မိစ္ဆာသခင်အဆင့်ကို
စရောက်ရုံသာ ရှိသေးပြီး၊ မိစ္ဆာဝိညာဉ်ကို
ဖော်ဆောင်ပြီးခါစသာ ရှိသေးသည်။ သူ့ကို

နဂါးမျိုးနွယ်စု၏ အမွေးအတောင်စုံသော
နဂါးတစ်ကောင်ဟု မယူဆနိုင်သေးပေ။

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာ၊
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာနှင့်
ကျန်သူတို့သည် အလင်းခေးမြန်ဂိုဏ်း၏
ဩဇာအာဏာနှင့် ပြည့်စုံသော အဆင့်မြင့်
စီနီယာများ ဖြစ်ကြသည်။
အခြားတစ်ဘက်တွင် ကျဲယုသည် ခပ်ရှင်းရှင်း
ပြောရလျှင်၊ လင်းဖုန်း၏ စီးတော်နဂါး
သာဖြစ်၏!

ရှောင်ပုတန်လေးသည် ရွှေရောင်ဗဟိုချက်
အဆင့်တွင်သာ ရှိသေးသည်။
ဂရန်းမာစတာများကို ဖယ်ထားလိုက်လျှင်၊
အလင်းခေးမြန်ဂိုဏ်းတွင် ရွှေရောင်ဗဟိုချက်
စဦးပိုင်းအဆင့်က ကျင့်ကြံသူပေါင်း
များစွာတို့ရှိပေသည်။

သို့သော်လည်း ယခုကဲ့သို့ အသက်ငယ်ငယ်နှင့်
ရွှေရောင်ဗဟိုချက်ကို ဖော်ဆောင်နိုင်ကာ၊
အခြေတည် ဝိညာဉ် အဆင့်မှ
ဂရန်းမာစတာတို့ကို စိန်ခေါ်နိုင်သည့်
တိုက်ခိုက်နိုင်မှု စွမ်းရည်သည် ရှာမှရှားသည့်
ပင်ကိုစွမ်းရည်ဖြစ်သည်။ ယခုကဲ့သို့

အလားအလာရှိသည့်သူ တစ်ယောက်ကို တွေ့နိုင်ဖို့က လွန်စွာ ခဲယဉ်းလှသည်။ တစ်ကမ္ဘာလုံးကို ပတ်ရှာလျှင်ပင် တစ်ယောက် မတွေ့နိုင်ရာ၊ အလင်းခေးမြန်ဂိုဏ်းတွင် ယှဉ်ဘက် မည်သို့ရှိမည်နည်း?

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာသည် အားကျစွာနဲ့ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ သို့ပေမဲ့ သူသည် ယခုကဲ့သို့ ပါရမီရှင် လူငယ်လေး၏ အနာဂတ်တွင် တောက်ပလာပုံကို စောင့်ကြည့်ဖို့ရန် စိတ်လှုပ်ရှားနေလေသည်။ "ငါက ဒီကောင်လေးဟာ မဟာချင်

အင်ပါယာရဲ့ ရှိမိသားစုက ဒဏ္ဍာရီလာ ပါရမီရှင်လေး ရှီထျန်းရီနဲ့ ယှဉ်နိုင်တယ်လို့ ကြားထားတယ်။ သူတို့နှစ်ယောက် ယှဉ်ပြိုင်ခဲ့ရင် ဘယ်သူကများ အသာစီး ရမှာပါလိမ့်?"

အမှန်တကယ် ဆိုရသော် အလင်းခေါ်မြန်ဂိုဏ်းမှ အကြီးအကဲများသည် ရှောင်ပုတန်လေး၏ အလားအလာကိုသာ ကြောက်ရွံ့ အထင်ကြီးနေကြခြင်းဖြစ်၏။ သူသည် အခြေတည်ဝိညာဉ် အဆင့်မှ ဂရန်းမာစတာတို့ကို ဖိအားအချို့

ပေးနိုင်သော်လည်း၊ သူတို့၏
တကယ့်ပြိုင်ဘက် မဖြစ်သေးသည်မှာ
သံသယဖြစ်ဖွယ် မရှိချေ။

ရှောင်ပုတန်လေးသည် ကလေးဘဝတွင်သာ
ရှိသေးပြီး၊ သေသွားသော ပါရမီရှင်လေးသည်
တကယ့် ပါရမီရှင် မဟုတ်ပေ။

ထိုအချက်သည် အခုတလောတွင်
အလင်းခေါးမြန်ဂိုဏ်းကို
ခေါင်းကိုက်စေခဲ့သည့်၊
ရှောင်ယန်အတွက်လည်း မှန်ပါသည်။

သို့ပေမဲ့ အခြေတည်ဝိညာဉ် အဆင့်မှ
ဂရန်းမာစတာတို့သည် ဘေးမှ
တည်ငြိမ်အေးဆေးစွာ ရပ်နေသော
လင်းဖုန်းကို ကြည့်လိုက်ကာ၊
စိတ်ပျက်အားလျှော့စွာနှင့်
သက်ပြင်းချလိုက်ကြ၏။

ဒီလူက သော့ချက်ဖြစ်သည်။

ဤကဲ့သို့သော ဆရာတစ်ယောက်က
အကာအကွယ် ပေးခဲ့လျှင်၊
သာမန်လူတစ်ယောက်မှာ ရှောင်ပုတန်လေးနဲ့
ရှောင်ယန်တို့ကို လူပျိုပေါက်ဘဝတွင်

မသန်မစွမ်းဖြစ်အောင် လုပ်နိုင်မည်
မဟုတ်ချေ။

အုပ်စုအတွင်း၌ တစ်ဦးတည်းသော
အမျိုးသမီးဖြစ်သူ အနီရောင်တိမ်တိုက်
ဂရန်းမာစတာသည်၊ ခရမ်းရောင်တိမ်တိုက်
ဂရန်းမာစတာနှင့် အကြည့်ချင်း ဖလှယ်ခဲ့ကာ၊
သူတို့၏ စိတ်ခံစားချက်တွေ ကျသွားခဲ့ကာ
ရင်လေးကုန်ကြသည်။

လင်းဖုန်းသည် ရှောင်ယန်ကို
ကိုယ်တိုင်လိုက်ပါ စောင့်ရှောက်၍
အလင်းခါးမြန်ဂိုဏ်းကို စာရင်းရှင်းရန်

လာခဲ့ခြင်းဖြစ်သည်။
အလင်းခေးမြန်ဂိုဏ်းသည် သူတို့အား
သွေးမြေအကျခံ၍ ပြန်မထွက်နိုင်အောင်
အင်အားသုံးကာ တားဆီးရန်
စဥ်းစားခဲ့သေးသည်။

နောက်ဆုံးတွင် သူတို့သည်
တောင်ပေါ်တွင်သာ စောင့်နေခဲ့ကာ၊
လင်းဖုန်းကို ကြိုဆိုရုံသာ တတ်နိုင်ခဲ့သည်။
လင်းဖုန်းသည် အလင်းခေးမြန်ဂိုဏ်း၏
အလင်းခေးမြန် ခေးမာစတာကို
စိန်ခေါ်နိုင်သည့် စွမ်းရည်ရှိသော်လည်း၊
သူသည် အလင်းခေးမြန်ဂိုဏ်းကို

ရောက်လာခဲ့လျှင် ရွေးချယ်စရာ
လမ်းတစ်ခုသာရှိသည်။

ရှင်းယင်တောင်ထိပ်၏ ပထဝီဝင်
အနေအထားအရ အားသာချက်ရှိ၍၊
အလင်းခေါးမြန် ဂရန်းမာစတာသည် တောင်၏
အကာအကွယ် ဝင်္ကပါကို အစွမ်းကုန်
အသုံးချနိုင်ကာ၊ အဆင့်တူ ကျင့်ကြံသူများကို
မကြောက်ပေ။

သို့သော်လည်း အလင်းခေါးမြန်ဂိုဏ်းတွင်
မည်သူမှ လင်းဖုန်းကို တစ်ဦးချင်း ရင်ဆိုင်ရန်
ယုံကြည်ချက် မရှိချေ။

တစ်ဘက်တွင် လင်းဖုန်း၏ ကျင့်ကြံမှုအဆင့်မှာ အားလုံးအတွက် စဉ်းစားရခက်သည့် ပဟေဠိ ဖြစ်နေခဲ့ပြီး၊ သူ၏ ကျောထောက်နောက်ခံနှင့် သမိုင်းကြောင်းကို မည်သူမှ မသိပေ။

အခြားတစ်ဘက်တွင် ယုကျင်းတောင်သည် အချိန်ကာလ-လေဟာနယ်တို့ကို ချိုးဖောက်နိုင်စွမ်းရှိသည်။ အကယ်၍ အလင်းခေးမြန် ဂရန်းမာစတာသည် အိမ်ကွင်းအားသာချက်ကို အားကိုးမည် ဆိုပါက၊ လင်းဖုန်းကလည်း

အတွေးတစ်ချက်နဲ့တင် ယုကျင်းတောင်ကို ဆင့်ခေါ်နိုင်လေသည်။ ထိုကဲ့သို့သာ ဖြစ်ခဲ့ပါက တိုက်စစ် မှော်ကျိန်စာ ဝက်ပါ တစ်ခုနှင့် တောင်အကာအကွယ် ဝက်ပါတို့၏ အားပြိုင်ခြင်း ဖြစ်သွားလိမ့်မည်။

အခြားစကားလုံးဖြင့် ပြောရလျှင်၊ လင်းဖုန်းသည် ရန်သူ၏ နယ်နိမိတ် အတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်ခဲ့သော်လည်း ကြောက်ရန်မလိုပေ။ သူသည် ပထဝီဝင် အနေအထားအရ တပန်းရှုံးနေမှုကို အတွေးတစ်ချက်နဲ့တင် ခုနှိမ်နိုင်ပြီး၊

သာတူညီမျှ အနေအထားအဖြစ်ကို
ပြောင်းနိုင်သည်။

သူသည် သူ၏ကိုယ်ပိုင် နေရာအဖြစ်ကိုပင်
ပြောင်းလဲနိုင်ပေသည်။

"အဝေးကနေပြီး ဧည့်သည်တစ်ယောက်က
ရောက်လာတယ်။ အထဲကို ကြွပါ၊
မာစတာလင်း"

ရုတ်တရက်ပဲ မီးခိုးတိမ်တိုက်ကဲ့သို့
ပုံရိပ်ယောင် အသံတစ်ခုသည်
ရှင်းယွင်တောင်ထိပ်တွင်

ပွဲတင်ထပ်သွားသည်။ ထိုလေသံသည် ထူးမခြားနား ပုံစံနှင့် သာမန်ဆန်သော်လည်း၊ စူးရှသော အလင်းတန်း တစ်မျိုးကို သယ်ဆောင်ထားလေသည်။

လင်းဖုန်းက ပြုံးလိုက်ပြီး ပြန်ဖြေလိုက်သည်။ "ကျေးဇူးပါ၊ အလင်းဓားမြန် ဂိုဏ်းခေါင်းဆောင် ခင်ဗျာ"

သူ၏စကားဆုံးသည်နှင့်၊ လင်းဖုန်းသည် ရှောင်ယန်၊ ရှောင်ပုတန်နှင့် ကျန်သောသူများကို ခေါ်လိုက်၍၊ မြူခိုးတိမ်တိုက်များကို ဖြတ်ကျော်ကာ

# ရှင်းယွင်တောင်ထိပ်ပေါ်တွင် ခြေချလိုက်သည်။

တောင်ထိပ်ပေါ်တွင် လက်ရာမြောက်သော ကျောင်းတော်များနှင့် အဆောက်အအုံများကို တွေ့မြင်နိုင်သည်။ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော သက်လတ်ပိုင်း လူကြီးတစ်ယောက်သည်၊ ကျောင်းတော်ခန်းမ၏ ဝင်ပေါက်တွင် စောင့်နေခဲ့သည်။

လင်းဖုန်း၏ အမူအရာသည်
တည်ငြိမ်နေခဲ့ကာ၊ ထိုသက်လတ်ပိုင်း
လူကြီးကို အကဲခတ်နေ၏။

ထိုသူသည် သရဖူ ရတနာကဲ့သို့ မျက်နှာရှိပြီး၊
မုန်တိုင်းကဲ့သို့ ဆံနွယ်ရှည်များရှိ၏။ သူ၏
အသက်မှာ လေးဆယ်ပတ်ဝန်းကျင်ခန့်သာ
ရှိသည်ဟု ခန့်မှန်းရသော်လည်း၊ သူ၏
နားထင်နှစ်ဘက်မှ အဖြူရောင်
ဆံနွယ်ရှည်နှစ်ကြောင်းက ကျဆင်းနေလေ၏။

သူ၏ မျက်လုံးအစုံတွင်
တည်ကြည်ခန့်ညားမှုနှင့်
ခမ်းနားထည်ဝါမှုတို့ကို တွေ့နိုင်၏။

သူတို့နှစ်ယောက်သည် တစ်ခါမှ
မဆုံဖူးသော်လည်း၊ လင်းဖုန်းက
ဤသက်လတ်ပိုင်း လူကြီးသည်၊
အလင်းခေါးမြန်ဂိုဏ်း၏ အလင်းခေါးမြန်
ခေါးမာစတာဖြစ်ပြီး၊ သူသည် အင်မော်တယ်
ဝိညာဉ် အဆင့်ကို ရောက်နေပြီဖြစ်ကြောင်း
သေချာနေ၏။

ထိုသူသည် မည်သည့် အောင်ရာနှင့်
ဖိအားတို့ကိုမှ ထုတ်လွှတ်နေပုံ မပေါက်ချေ။
သို့သော်လည်း ရပ်နေရုံနဲ့ပင် သူသည်
ကောင်းကင်နှင့် မြေကြီးတို့နှင့်
တစ်သားတည်း ဖြစ်နေပုံ ပေါက်နေသည်။
သူသည် မော်တယ်ကမ္ဘာကို
ကျော်လွန်ဖြတ်သန်းသွားပြီးပုံ
ပေါက်နေသည်။ လင်းဖုန်းက သူ့ကို
သေချာကြည့်နေသော်လည်း၊ သူ့ခန္ဓာကိုယ်၏
တည်နေရာ အတိအကျကို မတွေ့နိုင်သလို
ဖြစ်နေသည်။

ဤသည်ကား လင်းဖုန်းက အခြေတည်ဝိညာဉ် အဆင့်ကို ရောက်သွားပြီး နောက်ပိုင်းတွင်၊ ပထမဆုံး အကြိမ် တွေ့ကြုံခံစားရသော ခံစားချက်ပင်ဖြစ်သည်။

အလင်းဓားမြန် ဓားမာစတာကလည်း တစ်ချိန်တည်းမှာပင် လင်းဖုန်းကို လေ့လာနေ၏။ သူ၏ ကျင့်ကြံမှု အဆင့်အတန်းနဲ့ပင် လင်းဖုန်း၏ ကျင့်ကြံမှု အဆင့်အတန်းကို ထွင်းဖောက်မမြင်နိုင်၍၊ သူကလည်း စိတ်မသက်မသာ ဖြစ်နေ၏။

လင်းဖုန်းသည် မည်သည့်
တာအိုနည်းစနစ်ကိုမှ မလေ့ကျင့်ထားသော
သာမန်လူ မဟုတ်နိုင်ပေ။ သို့သော်လည်း
အင်မော်တယ် ဝိညာဉ် အဆင့်ကို
ရောက်သွားပြီးလျှင်၊ တစ်ယောက်၏
ကျင့်ကြံမှု အဆင့်အတန်းကို
ကွယ်ဝှက်ထားနိုင်သော မှော်အိုင်တမ်
သို့မဟုတ် မှော်ကျိန်စာတို့သည်
အသုံးမဝင်တော့ချေ။

"မာစတာလင်းက ရှင်းယွင်တောင်ထိပ်ကို
လာခဲ့တာ အလောင်းအစား အရပဲလား?"
အလင်းဓားမြန် ဓားမာစတာ၏ အသံမှာ

ကြည်လင်ငြိမ်သက်နေသော်လည်း၊
ခေါ်းကျင့်ကြံသူ တစ်ယောက်၏ အလင်းတန်း
ရောင်စဉ်များ အပြည့်အဝ ပါဝင်နေသည်။

သူ၏ အဆင့်သို့ရောက်လျှင်၊ ဘာကိုမှ
ဖုံးကွယ်စရာ မလိုတော့ပေ။ သူသည်
ကြိုက်ရာလုပ်နိုင်၍ ကြိုက်သည့်နေရာ
သွားနိုင်သည်။

လင်းဖုန်းသည် အားနည်းချက် တစ်စမှ မပြခဲ့ပဲ
ဖွဖွလေးပြုံးကာ ပြန်ဖြေလိုက်သည်။
"ခင်ဗျားရဲ့ စိတ်ထဲမှာရော ဘယ်လိုရှိလဲ?"

အလင်းခေးမြန် ခေးမာစတာသည် ဘာမှ ပြန်မဖြေခဲ့ပဲ၊ လင်းဖုန်းကိုသာ စိုက်ကြည့်နေခဲ့သည်။ သူ၏ အကြည့်မှာ အချိန်ကြာလာသည်နှင့်အမျှ ပို၍ပို၍ စူးရှလာ၏။

လင်းဖုန်း၏ အကြည့်မှာတော့ ပြောင်းပြန်ဖြစ်သည်။ သူ၏ မျက်စိအတွင်းမှ အလင်းတန်းသည် တဖြေးဖြေး ပျောက်ကွယ်သွားကာ မှုန်မှိုင်းလာသည်။ သူသည် အလင်းခေးမြန် ခေးမာစတာနှင့် အကြည့်ခြင်း ပြိုင်နေခဲ့ကာ၊ နောက်ကသူကို ဖိအားပေးနိုင်ခဲ့သည်။

အလင်းခေးမြန် ခေးမာစတာသည် လင်းဖုန်း၏
ရည်ရွယ်ချက်ကို သဘောပေါက်လာခဲ့သည်။
တိုက်ပွဲသည် မလွဲမသွေ ဖြစ်ပွားမည် ဖြစ်ပြီး၊
လင်းဖုန်းက သူ၏ တပည့်အတွက်
အလျှော့ပေးမည် မဟုတ်ချေ။

အချိန်အတော်ကြီး ကြာပြီးနောက်ဝယ်၊
ခေးဖျားနှင့်တူသော အလင်းခေးမြန်
ခေးမာစတာ၏ မျက်ဝန်းအတွင်းမှ
အလင်းတန်းလေးသည် တဖြေးဖြေး
ရုပ်သိမ်းလိုက်ကာ၊ သဘောတူသည့် အနေနှင့်
သူ၏ခေါင်းကို ညိတ်လိုက်သည်။

"ဒါဆိုရင်လည်း ကျွန်ုပ်တို့ရဲ့ တပည့်တွေကို သူတို့ရဲ့ စွမ်းဆောင်ရည်တွေ ပြစေစို့လား"

လင်းဖုန်းက သူ့၏ခေါင်းကို ညိတ်လိုက်ကာ ပြန်ဖြေလိုက်သည်။ "ဟုတ်ပြီ၊ ကျုပ်သဘောတူတယ်"

ရုတ်တရက်ပဲ အလင်းခေးမြန် ခေးမာစတာ၏ စကားဦးတည်ချက်မှာ ပြောင်းသွားခဲ့သည်။ "ဒါပေမဲ့ အလောင်းအစားထဲက လောင်းကြေးတွေက တခြားလူတွေကိုလည်း အကျိုးသက်ရောက်မှု ရှိနေတယ်"

လင်းဖုန်းသည် တည်ငြိမ်စွာ
နားထောင်နေရင်း၊ သူ၏ နှုတ်ခမ်းများက
လှောင်ပြုံးအဖြစ် တွန့်သွားခဲ့သည်။ "သူက
ဒီနေရာကို ရောက်နေပြီ မဟုတ်လား?"

သူတွေးနေဆဲမှာပဲ မိုးကုတ်စက်ဝိုင်း
တစ်နေရာကနေ ကြီးမားလှသော
စွမ်းအင်လှိုင်းလုံးများသည်
ရိုက်ခတ်လာခဲ့သည်။ သူ၏ ဦးတည်ချက်မှာ
ရှင်းယွင်တောင်ထိပ် ဖြစ်သည်။

ရောက်ရှိလာသော အဖွဲ့သည်
ရှင်းယွင်တောင်ထိပ်၏ အပြင်ဘက်တွင်

ရပ်တန့်လိုက်၏။ သတ္တုအချင်းချင်း
ပွတ်တိုက်သကဲ့သို့ စူးရှသော အသံတစ်ခုက
ထွက်ပေါ်လာ၏။ "မဟာချင် အင်ပါယာမှ
ချုံးယွင်မင်းသားက အလည်အပတ်
ရောက်ရှိလာပါတယ်။ အလင်းခေးမြန်ဂိုဏ်းမှ
အလင်းခေးမြန် ခေးမာစတာမှ လာတွေ့ပါရန်
လေးစားစွာ ဖိတ်ခေါ်အပ်ပါတယ်"

အလင်းခေးမြန် ခေးမာစတာက သူ၏လက်ကို
ဝှေ့ယမ်းလိုက်ကာ၊ မြူခိုးတိမ်တိုက်များကို
ဖယ်ရှားလိုက်ပြီး လူတစ်အုပ်စုကို
ဖော်ပြခဲ့လေသည်။

အရှေ့ဆုံးကလူသည် တော်ဝင်ပုံစံ ဖြစ်သည်။ သူသည် ရုပ်ရည်ချောမောမှု မရှိပဲ၊ အသားသည် မီးသွေးခဲနှင့် တူနေ၏။ သို့ပေမဲ့ သူကနေ ထုတ်လွှတ်နေသော အော်ရာမှာ လွှမ်းမိုးနိုင်မှု ရှိကာ၊ သက်ရှိအားလုံးကို အုပ်စိုးနိုင်သူကဲ့သို့ ဖြစ်နေ၏။

သူသည် လိမ္မော်ရောင် ဝတ်ရုံကို ဝတ်ဆင်ထားကာ၊ သူ၏ အင်္ကျီလက်ဝမှာ လက်သည်းလေးစုံ မြွေနဂါး အစား၊ လက်သည်းငါးစုံ အစစ်အမှန် နဂါး၏ပုံကို ရေးထိုးထားသည်။ နဂါးကိုးကောင်ရှိကာ အဝါရောင် တောက်တောက်ဖြစ်သော

ကေရာဇ်၏ ဝတ်ရုံနှင့် ကွဲပြားစွာ၊ သူ၏
ဝတ်စုံသည် နဂါးလေးကောင်သာရှိပြီး
လိမ္မော်ရောင်ဖြစ်သည်။

ဒါသည် မဟာချင် အင်ပါယာ၏ အိမ်ရှေ့စံ
မင်းသား၏ အထိမ်းအမှတ် ဝတ်ရုံဖြစ်သည်။

သူက မည်သူဖြစ်သည် ဆိုသည်မှာ
ကြည်လင်ပြတ်သားစွာ သိနိုင်၏။ မဟာချင်
အင်ပါယာ၏ ချုံးယွင်မင်းသားသည်
ရောက်လာလေပြီ။

## စာစဉ် ၁၄ : အပိုင်း ၁၄

# အပိုင်း ၂၄၄ : ပြန်လည်တုံ့ပြန် တိုက်ခိုက်ခြင်း

လင်းဖုန်းက ဖြည်းဖြည်းဆေးဆေး လမ်းလျှောက်လာသည့် ချုံးယွင်မင်းသားကို ကြည့်လိုက်ကာ၊ စိတ်ထဲကနေ ရယ်လိုက်သည်။ ရှောင်ယန်ကို အသံလွှင့်ပြီးမှ ပြောလိုက်သည်။ "ရှောင်ယန်၊ ဒါက မင်းရဲ့ အချစ်ပြိုင်ဘက်ပဲ"

ရှောင်ယန်သည် အံ့အားသင့်ပုံ ပေါက်သွားခဲ့ကာ "သူနဲ့ ကျွန်းအာနဲ့...?"

"ဒါက ရှောင်ကျန်းအာနဲ့ ဘာမှမဆိုင်ဘူး" လင်းဖုန်းကလည်း ရှောင်ယန်၏ တုံ့ပြန်မှုအပေါ် အနည်းငယ် အံ့ဩသွားခဲ့သည်။ သူကရယ်ပြီးမှ ပြောလိုက်သည်။ "ဒါက အလင်းဓားမြန်ဂိုဏ်းက မုယုံယန်ရန်အတွက် စီစဉ်ထားတဲ့ သတို့သားလောင်းပဲ။ ဒါပေမဲ့ သူက မုယုံယန်ရန်ကို လိုချင်သလား ဆိုတာကတော့၊ နောက်ထပ်ကိစ္စတစ်ခုပေါ့"

ရှောင်ယန်၏ ကိုယ်ကျင့်စရိုက်သည် တဲ့တိုးဆန်သော်လည်း ဉာဏ်စွမ်းရည် မြင့်မားသူဖြစ်သည်။ လင်းဖုန်းက အနည်းငယ်

အစဖော်ပေးလိုက်သည်နှင့်၊
အလင်းခေါးမြန်ဂိုဏ်းက ဘာများ
ကြံစည်နေသလဲ ဆိုတာကို
ရိပ်စားသွားမိခဲ့ပြီဖြစ်သည်။

"ဆရာကရော ဘယ်လိုထင်သလဲ?"
ရှောင်ယန်၏ မျက်လုံးများသည်
တောက်ပလာသော်လည်း၊ သူ၏
သဘောထားကို မထုတ်ဖော်ခဲ့ပဲ လင်းဖုန်း၏
အမြင်ကိုသာ မေးလိုက်သည်။

သူ၏ သုံးနှစ်စလုံး မျှော်လင့်နေခဲ့သည့်
ရည်မှန်းချက်မှာ အနှောက်အယှက်

ဖြစ်သွားသော်လည်း၊ ရှောင်ယန်သည် တည်ငြိမ်နေ၏။ သူသည် လင်းဖုန်း၏ ထင်မြင်ချက်ကိုသာ အရင်မေးလိုက်သည်။

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ကာ ပြောလိုက်သည်။ "ရှောင်ယန်၊ အခုဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေက လောဘကြီးလို့မရဘူး၊ ဒါပေမဲ့ ငါတို့ကို တင်နေတဲ့ အကြွေးတွေကိုတော့ ပြန်ဆပ်ရမယ်"

ရှောင်ယန်က လင်းဖုန်း၏ စကားများကို တွေးတောဆင်ခြင်နေခဲ့ပြီး "ဝူကျိုးမြို့မှာတုံးက...?"

လင်းဖုန်းက ပြန်ဖြေလိုက်သည်။ "ဒါက ချုံးယွင်မင်းသားလုပ်တာ မဟုတ်လောက်ဘူး။ ကြည့်ရတာ တစ်ယောက်ယောက်က သူ့နာမည်ကို အသုံးချပြီးမှ လုပ်တာပဲ"

သူ့ဆရာ၏ စကားများကို ကြားလိုက်သည့်အခါ၊ ရှောင်ယန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ဆရာရဲ့ စကားတွေကို ကြားလိုက်မှပဲ
ရင်ထဲမှာ သက်သာရာ ရသွားတော့တယ်"

လင်းဖုန်းသည် ရှောင်ယန်နှင့်
အသံလွှင့်ဆက်သွယ်နေစဉ် အချိန်အတွင်းမှာ၊
ချုံးယွင်မင်းသားနှင့် အပေါင်းပါများကိုလည်း
အကဲခတ်နေသည်။

သူ၏ ကိုယ်ကျင့်စရိုက်ကို ထည့်မတွက်လျှင်၊
ချုံးယွင်မင်းသားသည် ပါရမီရှင် တစ်ဦးဖြစ်ပြီး၊
သူ၏အစွမ်းမှာ မဟာချင် အင်ပါယာ၏
အိမ်ရှေ့မင်းသား အဆင့်အတန်းနှင့်
ကိုက်ညီပေသည်။

သူ၏ တကယ့်အသက်မှာ သူ၏ လူငယ်ပုံစံနှင့်
ကိုက်ညီမည် မဟုတ်သော်လည်း၊ သူသည်
အသက်အလွန် ကြီးဦးမည် မဟုတ်ချေ။

အခြေတည်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများနှင့် စာလိုက်လျှင်၊
ချုံးယွင်မင်းသား၏ အသက်သည်
အလွန်ငယ်သေးသည်ဟု ပြော၍ရသည်။

လင်းဖုန်းသည် သူ့ဆီမှနေ၍ ဖိအားပေးနိုင်ကာ
လှုပ်ရှားထကြွနေသော မှော်စွမ်းအင်
လှုပ်ရှားမှုများကို အာရုံခံမိနေသည်။ ဒါသည်

မေးမှိန်နေပြီး အတတ်နိုင်ဆုံး ဖုံးကွယ်ထားခြင်းကို ခံနေရသော်လည်း၊ တည်ရှိနေသည်မှာ သိသာလေသည်။

"မော်ရတနာ?" လင်းဖုန်းသည် ချက်ချင်းပင် သဘောပေါက်လိုက်၏။ မဟာချင် အင်ပါယာ၏ အိမ်ရှေ့စံ မင်းသားဖြစ်သည်နှင့်အညီ၊ တော်ဝင်မိသားစုသည် အကာအကွယ် အနေနှင့် မော်ရတနာတစ်ပါးကို ချီးမြှင့်ထားမည်ဖြစ်သည်။

ထိုမှော်ရတနာ၏ ဖုံးကွယ်ထားနိုင်သော စွမ်းရည်မှာ အစွမ်းထက်လှ၏။ သာမန် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည် ဘာကိုမှ သတိထားမိမည် မဟုတ်ပေ။ အင်မော်တယ် ဝိညာဉ် အဆင့်မှ သူများနှင့် လင်းဖုန်းကဲ့သို့ ထူးခြားသော သူများကသာ အသေးစိတ်ကို သတိထားမိမည်ဖြစ်သည်။

ဤအဖြစ်၏ စဉ်းစားရခက်သော အချက်ကို လင်းဖုန်း၏ ခေါင်းထဲတွင် အဆက်မပြတ် စဉ်းစားနေမိသည်။ "ဒီမှော်ရတနာရဲ့ အစွမ်းထက်မှုက နှိမ့်ချစွာ နေတတ်မှု

မဟုတ်နိုင်ဘူး။ သူရဲ့ ဝိသေသ
လက္ခဏာတွေဟာ သူ့ရဲ့ပိုင်ရှင်ဖြစ်တဲ့၊
ချုံးယွင်မင်းသားနဲ့ အတွဲအဘက် ဖြစ်နေလို့ပဲ
ဖြစ်ရမယ်။ မှော်ရတနာနဲ့ သူ့ပိုင်ရှင်ရဲ့
ပြီးပြည့်စုံတဲ့ တွဲဘက်မှုဟာ သာမန်ပုဂ္ဂိုလ်
တစ်ယောက်ကို အရူးလုပ်နိုင်မှာပဲ"

ချုံးယွင်မင်းသားသည် အစစ်အမှန်
နဂါးမင်းသား တစ်ယောက်၏ အော်ရာများကို
ထုတ်လွှတ်နေသော်လည်း၊ လုံလောက်အောင်
သန်မာမှု မရှိချေ။ သူ့ကို ကြည့်ခြင်းအားဖြင့်
သိသာ ထင်ရှားစွာဖြင့်
ကောက်ချက်ချနိုင်သည်မှာ၊ သူသည်

လောဘကြီး၏၊ အတိုင်းမသိ
ကျူးကျော်လိုသော သားရဲဖြစ်၏၊
အစွန်းရောက်သော ရည်မှန်းချက်ဖြင့်
ရဲတင်းသော စိတ်ထားရှိသူဖြစ်၏။

သူသည် ကမ္ဘာကြီးပေါ်မှာ
ကောင်းသောအရာများ အားလုံးကို
သူ့အတွက်သာ လိုချင်ပြီး၊ ဒါတွေကလည်း
ဖြစ်သင့်သော နည်းလမ်းဖြစ်သည်ဟု
ယုံကြည်နေ၏။

ထိုကဲ့သို့သော သူမျိုးသည် မဟာချင်
အင်ပါယာမှ လူအများစု၏

ကြိုက်နှစ်သက်ခြင်းကို မခံရမည်မှာ
မေးခွန်းထုတ်စရာ မလိုပေ။
လူအတော်များများမှာ သူသည်
ချင်ဧကရာဇ်အဖြစ် နန်းတက်မည်ကို
မမြင်လိုကြချေ။

ထိုမော်ရတနာ၏ အနှစ်သာရသည်
ချုံးယွင်မင်းသား၏ ကိုယ်ကျင့်စရိုက်နှင့်
ကိုက်ညီမှု ရှိသည့်အတွက်၊ သူသည်
ခက်ထန်ကြမ်းတမ်းသော မော်ရတနာ
တစ်ပါးပင် ဖြစ်ပေလိမ့်မည်။

"ဒါပေမဲ့ ဒီလိုမျိုး မှော်ရတနာ တစ်ပါးက ဘယ်လိုလုပ်ပြီး မဟာချင် အင်ပါယာရဲ့ အိမ်ရှေ့စံမင်းသားရဲ့ အဆောင်လက်ဖွဲ့ ဖြစ်နိုင်မှာလဲ? သူက ကိုယ့်ကိုယ် ရွေးထားတာများလား?" လင်းဖုန်းက အချက်အလက်များကို တွေးတောနေမိသည်။ "တစ်ခုခုတော့ မှားနေပြီ၊ ဒါမှမဟုတ် သူ့ဆီမှာက မဖော်ပြရသေးတဲ့ ဖဲချပ်တွေများ ရှိနေသေးလား?"

ချုံးယွင်မင်းသား၏ အနောက်တွင် အနက်ရောင် ချပ်ဝတ်တန်ဆာများနှင့် အစေခံ တစ်အုပ်စုတို့ ရပ်နေကြသည်။

သူတို့အားလုံးတို့သည်
တိတ်ဆိတ်နေကြသော်လည်း သူတို့၏
မျော်စွမ်းအင် လှုပ်ရှားမှုကို ကြည့်ခြင်းအားဖြင့်၊
သူတို့အတွင်းမှ အဆင့်အနိမ့်ဆုံး သူများသည်
ရွှေရောင်ဗဟိုချက် အဆင့်မှ
ကျင့်ကြံသူဖြစ်ကြောင်း သိနိုင်ပေသည်။

ချိုးယွင်မင်းသားသည် အနည်းဆုံး
ရွှေရောင်ဗဟိုချက် အဆင့်မှ
ကျင့်ကြံသူများဖြင့်၊ သူ၏ ကိုယ်ပိုင်
အခြေအရံတို့၏ စွမ်းပကားကို
ဖော်ပြလိုက်ခြင်း ဖြစ်သည်။

သို့သော်လည်း ချုံးယွင်မင်းသား အပါအဝင်၊ သူ၏ တပ်ဖွဲ့တစ်ခုလုံးသည် လင်းဖုံး၏ အာရုံစိုက်မှု သုံးပုံတစ်ပုံခန့်ကိုသာ ရရှိခဲ့သည်။ ကျန်သောသူ၏ အာရုံများသည် ချုံးယွင်မင်းသား၏ အနောက်မှ အသက်ကြီးကြီးနှင့် ပုဂ္ဂိုလ်တစ်ဦးအပေါ်တွင် စူးစိုက်ထားခဲ့သည်။

ထိုအဘိုးကြီးသည် ချုံးယွင်မင်းသား၏ အနောက်တွင် ရပ်နေသော်လည်း၊ ထူးမခြားနား အမူအရာမျိုးဖြင့် တည်ငြိမ်စွာ ရှိနေခဲ့သည်။ သူသည် ချုံးယွင်မင်းသား၏ လက်အောက်ခံ ဖြစ်ပုံမပေါ်ချေ။

သူ၏ဝတ်ရုံရှည်ကြီးသည် ကြယ်စင်စုတို့၏
ရုပ်ပုံများနှင့် ပုံဖော်ရေးထိုးထားကာ၊
လက်ရာမြောက်လှသဖြင့် နေမင်း၏
အလင်းရောင်အောက်တွင် သက်ဝင်လှုပ်ရှား
လာတော့မည်ဟု ထင်နေရသည်။ ထိုကြယ်စင်
အစုအဝေးများသည် သူတို့၏
လမ်းကြောင်းနှင့်အတူ လည်ပတ်နေကြကာ၊
စကြာဝဠာကြီး၏ ခက်ခဲနက်နဲ သိမ်မွေ့သော
သဘောတရားများကို ဖော်ပြနေသကဲ့သို့
ထင်နေရသည်။

သူသည် ရှင်းယွင်တောင်ထိပ်တွင် ရပ်နေသော်လည်း၊ သူသည် ဤကမ္ဘာကြီးကို ဖြတ်သန်းလွန်မြောက်သွားကာ အပေါ်က စကြာဝဠာကြီးထံမှ၊ မော်တယ်ကမ္ဘာကြီးကို ငုံ့ကြည့်နေသကဲ့သို့ ထင်နေရသည်။

လင်းဖုန်း၏ မျက်လုံးအစုံမှာ အနည်းငယ် ကျဉ်းမြောင်းသွားခဲ့လေသည်။ "အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူတစ်ယောက်! ချုံးယွင်မင်းသားမှာ သက်တော်စောင့်အဖြစ် အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူတစ်ယောက် ရှိနေတာလား?"

ရှီချုံးယွင်သည် မဟာချင် အင်ပါယာ၏
အိမ်ရှေ့မင်းသား ဖြစ်သော်လည်း၊
ထိုအဘိုးကြီးသည် ရှီချုံးယွင်၏
နောက်လိုက်တော့ မဖြစ်နိုင်ပေ။

ဖြစ်နိုင်ချေ ရှိသည်မှာ ထိုအဘိုးအိုသည်
မဟာချင် အင်ပါယာ၏ အကြီးအကဲ
တစ်ယောက်ဖြစ်ပြီး၊ ချင်ဧကရာဇ်၏
တောင်းဆိုမှုအရ ချုံးယွင်မင်းသားအား
လိုက်လံစောင့်ရှောက်နေခြင်း
ဖြစ်ပေလိမ့်မည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ
မဟာကျင့်ကြံသူများကို ချင်ဧကရာဇ်
အပါအဝင်၊ မည်သူမှ အမိန့်ပေး၍ မရနိုင်ချေ။
သူတို့ကို အပြန်အလှန်
ကျေးဇူးဆပ်ခြင်းအားဖြင့်သာ
အကူအညီတောင်း၍ ရနိုင်ပေသည်။

မဟာချင် တော်ဝင်မိသားစု၏ ဘဏ္ဍာရေး
ကျောထောက်နောက်ခံသည်၊ ယခုကဲ့သို့
ပုဂ္ဂိုလ်မျိုးကို ငှားရမ်းရန် လုံလောက်မှု
ရှိလေသည်။

အလင်းခေးမြန် ခေးမာစတာကလည်း ထိုအဘိုးအိုကို ချက်ချင်း သတိပြုမိလိုက်သည်။ သူသည် ထိုသူကို သိနေပုံပေါက်သည်။ "အား၊ ကြယ်စင်သူတော်စင်ပါလား။ ခင်ဗျားက ရှီးလင်မြို့မှာ မနေတော့ဘူးလို့ ကျုပ်ကထင်နေတာ။ ဘာကြောင့်များ စိတ်ပြောင်းသွားရတာလဲ?"

ကြယ်စင်သူတော်စင်က ပြုံးလိုက်ကာ ပြန်ဖြေလိုက်သည်။ "ခင်ဗျားကို မတွေ့ရတာ ကြာသွားပြီ၊ အလင်းခေးမြန် ခေးမာစတာ။ ချုံးယွင်မင်းသားက ဒီကိုလာမယ်

ဆိုတော့လည်း ကျုပ်က
လိုက်လာရတာပေါ့ဗျာ"

"ကြိုဆိုပါတယ်ဗျာ" အလင်းခေးမြန်
ခေးမာစတာသည် ချုံးယွင်မင်းသားအား
ခေါင်းညိတ်ကာ အသိအမှတ်
ပြုလိုက်ပြီးနောက်၊ လင်းဖုန်းဘက်သို့
လှည့်လိုက်သည်။ "မာစတာလင်း၊ ကျုပ်က
ခင်ဗျားနဲ့ မိတ်ဆက်ပေးပါရစေ။ ဒါကတော့
မဟာချင် အင်ပါယာရဲ့ အိမ်ရှေ့စံ
ချုံးယွင်မင်းသားဖြစ်ပြီး၊ ဒါကတော့
ကြယ်စင်သူတော်စင် ဖြစ်ပါတယ်"

ချုံးယွင်မင်းသား၏ မျက်လုံးအစုံသည်
လင်းဖုန်းတို့ အုပ်စုအပေါ်တွင်
ဝေ့ကြည့်လိုက်ကာ၊ သူ၏အကြည့်သည်
ယွဲ့ဟုန်ယန် အပေါ်တွင် ရပ်တန့်သွားခဲ့သည်။
သူ၏ စူးရှသော အကြည့်ကို ထိန်းသိမ်းခြင်း
အနည်းငယ်မျှ မရှိခဲ့ချေ။

သူ၏ အခြေတည်ဝိညာဉ် အဆင့်မှ
အော်ရာတို့သည် ယွဲ့ဟုန်ယန်၏ အရှေ့တွင်
ရပ်နေသော လင်းဖုန်းကို
မကျော်ဖြတ်လိုက်ခဲ့ပေ။ ထို့ကြောင့်
ယွဲ့ဟုန်ယန်သည် ဖိအားကို မခံစားနေရချေ။
သူမသည် သူ၏ အကြည့်ကို

လူသတ်ထားသော ခွေး၏အရောင်နှင့်
တူနေသော မျက်ခုံးအစုံနှင့် အေးစက်စွာ
ပြန်တုံ့ပြန်လိုက်သည်။

ချုံးယွင်မင်းသားက ရယ်ရမ်းသွေးလိုက်ကာ
လင်းဖုန်းဘက်သို့
အကြည့်ပြန်ပြောင်းလိုက်သည်။
သတ္တုအချင်းချင်း ပွတ်တိုက်သကဲ့သို့
စူးရှသော အသံသည်
ထပ်မံပေါ်ထွက်လာခဲ့ပြန်သည်။ "ဒါကတော့
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်၊
မာစတာလင်းပဲ ဖြစ်ရမယ်။ ခင်ဗျားရဲ့

ဂုဏ်သတင်းက အတော်ကို
ကျော်ကြားနေတာပဲ"

လင်းဖုန်းသည် ထိုအတ္တကြီးသော လူငယ်နှင့် စကားပြောလိုစိတ် မရှိချေ။ သူသည် ကြယ်စင်သူတော်စင် ဘက်ကိုလှည့်လိုက်ပြီး နှုတ်ဆက်လိုက်သည်။ "ခင်ဗျားကို တွေ့ရတာ ဝမ်းသာပါတယ်"

ချုံးယွင်မင်းသား၏ မျက်ခုံးအစုံမှာ တွန့်သွားခဲ့ပြီး၊ သူ၏အတွင်းမှ မည်းမှောင်သော အော်ရာများ

စီးဆင်းလာခဲ့ကာ လင်းဖုန်းကို
စိုက်ကြည့်နေခဲ့သည်။

ကြယ်စင်သူတော်စင်၏ မျက်နှာမှာ
ဟန်ပန်အမူအရာ ကင်းမဲ့နေခဲ့ပြီး၊
ချုံးယွင်မင်းသားကို ကြည့်လိုက်ကာ
ပြန်ဖြေလိုက်သည်။ "မာစတာလင်းရဲ့
လတ်တလော ကျော်ကြားမှုဟာ ကမ္ဘာကြီးကို
တကယ်ပဲ တုန်လှုပ်ချောက်ချားစေခဲ့တယ်"

လင်းဖုန်းက သူ့၏လေသံအတွင်းမှ
သရော်လိုမှုကို သိသာစွာ ခံစားမိလိုက်ပြီး

ပြုံးကာ ပြန်ပြောလိုက်သည်။ "ကိစ္စမရှိပါဘူး၊ ခင်ဗျားက ကျင့်သားရသွားမှာပါ"

ကြယ်စင်သူတော်စင်၏ မျက်လုံးအစုံသည် ပေါက်ကွဲနေသော ကြယ်တစ်စင်းကဲ့သို့ လင်းလက်လာခဲ့သည်။ သူက လင်းဖုန်းကို အချိန်အတန်ကြာ စိုက်ကြည့်နေခဲ့ကာ ခေါင်းညိတ်ရင်း ပြောလိုက်သည်။ "ကျုပ်ကလည်း ဒီလိုပဲ မျှော်လင့်ပါတယ်"

ချုံးယွင်မင်းသားသည် လင်းဖုန်းကို စိုက်ကြည့်နေဆဲဖြစ်ပြီး၊ သူ၏ကိုယ်မှ ထွက်လာသော စွမ်းအားများမှာ ပို၍ပို၍

ရန်လိုလာခဲ့သည်။ သို့သော်လည်း သူ၏ အာရုံစိုက်မှုများသည် အခြားတစ်ဘက်သို့ ရောက်သွားခဲ့သည်။

လင်းဖုန်း၏ဘေးတွင် ခရမ်းရောင်နှင့် အနက်ရောင်ဝတ်စုံတို့ကို ဝတ်ဆင်ထားသော လူငယ်တစ်ယောက် ရပ်နေကာ၊ အပြုံးဖွဖွလေးနှင့် ချုံးယွင်မင်းသားကို ကြည့်နေခဲ့သည်။

ချုံးယွင်မင်းသားသည် သူ့အား ရန်လိုမောက်မာသော အကြည့်များဖြင့် အချိန် အတန်ကြာအောင် အကဲခတ်လိုက်သည်။

ရှောင်ယန်ကလည်း သူ၏အကြည့်ကို ထူးမခြားနား အကြည့်ဖြင့်သာ ပြန်တုံ့ပြန်ခဲ့သည်။

ချုံးယွင်သည် လင်းဖုန်းဘက်သို့ ပြန်လှည့်လိုက်ကာ မေးလိုက်သည်။ "သူတို့က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေလား? သူတို့က ရိုသေမှု တစ်စက်မှ မရှိကြဘူးပဲ"

လင်းဖုန်းက ပြန်လည်ဖြေကြားခြင်း မပြုခဲ့ပဲ အလင်းဓားမြန် ဓားမာစတာကိုသာ

လှမ်းကြည့်လိုက်သည်။ "ရှိရမယ့်သူတွေ အားလုံးက ရှိနေပြီဆိုတော့၊ ကျုပ်တို့က ဘယ်အချိန် စမလဲ?"

"ခင်.. ခင်ဗျား…" ချုံးယွင်မင်းသားက မျက်ခုံးပင့်လိုက်ကာ တစ်စုံတစ်ခု ပြောတော့မည့် အချိန်တွင်၊ ရှောင်ယန်က ကြားကနေပြီး ဝင်ပြောလိုက်သည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေက အမြဲတစေ ရိုသေလေးစားမှု ရှိကြပါတယ်။ ဒါပေမဲ့ ရိုသေလေးစားထိုက်တဲ့

သူတွေတော့ ဖြစ်ရမှာပေါ့။ မဟုတ်လို့ရှိရင် ကျုပ်တို့က ဂရုမစိုက်ဘူး"

"ယဉ်ကျေးမှုဆိုတာက ပေါပေါနဲ့ မရဘူး"

အခုအချိန်မှသာ ချုံးယွင်မင်းသားသည် ရှောင်ယန်ကို တိုက်ရိုက်ကြည့်ခဲ့သည်၊ သို့သော်လည်း သူက မောက်မာမှုတွေကို ရုပ်သိမ်းလိုက်၍ မဟုတ်ချေ။

အရင်တုံးက သူက ရှောင်ယန်ကို နိမ့်ကျသည်ဟု သဘောထားကာ၊ သူ၏ မရိုမသေပြုမှုကို စိတ်ထဲထည့်ရန်

ပျင်းနေခဲ့သည်။ လူတစ်ယောက်က
ခွေးတစ်ကောင်ကို အလေးမထားသလိုမျိုး
ဖြစ်၏။

ယခုတွင်မူကား၊ ခွေးသည် အဆက်မပြတ်
ဟောင်နေခဲ့၍ စိတ်အနှောက်အယှက်ဖြစ်ကာ
နှိမ်နှင်းရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ချုံးယွင်မင်းသားက
အေးစက်စွာပြောလိုက်သည်။ "မာစတာလင်း၊
ခင်ဗျားရဲ့ တပည့်က ရိုင်းစိုင်းကြမ်းတမ်းပြီး
ဆူညံလွန်းတယ်။ ကျုပ်ကတော့ သတ်ပစ်မှ
ရတော့မယ်"

"မင်းကလား?" ရှောင်ယန်က နှာခေါင်းရှုံ့လိုက်ကာ၊ သူ၏ မျက်လုံးသူငယ်အိမ်များတွင် မီးတောက်မီးလျှံများဖြင့် တောက်လောင်လာလေသည်။ တစ်ဘက်မှာ ရွှေရောင်ဖြစ်ပြီး၊ အခြားတစ်ဘက်မှာ ခရမ်းပြာရောင်ဖြစ်သည်။

ချုံးယွင်မင်းသားသည် ထိုရွှေရောင်နှင့် ခရမ်းပြာရောင် မီးတောက်များကို မြင်လိုက်ရမှသာ၊ လေးနက်တည်ကြည်လာခဲ့သည်။ သူက

ခေါင်းညိတ်လိုက်ပြီး ပြောလိုက်သည်။
"ဒီလိုဆို မင်းက ရှောင်ယန်ပေါ့။ မဟာသူရိယ
အကြွင်းမဲ့ မီးတောက်နဲ့ ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်ကို
တပြိုင်နက်ထဲ အသုံးချနိုင်တာက လွယ်ကူတဲ့
ကိစ္စမျိုး မဟုတ်ဘူး။ မင်းက တကယ့်ကို
ထူးခြားတဲ့သူပဲ"

ရှကျိုးတိုက်ပွဲ အပြီးတွင်၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ တပည့်များ၏
ဂုဏ်သတင်းတို့သည် ဒေသအနှံ့
ပျံ့နှံ့သွားကြသည်။ မဟာချင် အင်ပါယာ၏
စုံစမ်းထောက်လှမ်းရေး အဖွဲ့တို့သည်

အစွမ်းထက်ကြ၏။ ထို့ကြောင့်
ချုံးယွင်မင်းသားကလည်း
နောက်ဆုံးသတင်းမှန်သမျှကို ပထမဆုံး
သိရ၏။

သို့သော်လည်း သူ၏ မောက်မာမှုများသည်
ရှိဆဲပင်။ သူသည် ဂရုမထားသော ပုံစံဖြင့်
ပြောလိုက်သည်။ "ဒါပေမဲ့ မင်းက
ရွှေရောင်ဗဟိုချက် အဆင့်မှာပဲ ရှိသေးတယ်။
မင်းက အဆင့်နိမ့်နေသေးတယ်"

လင်းဖုန်းက ရှောင်ယန်၏အပေါ်တွင်
ထားသော ချုံးယွင်မင်းသား၏

သဘောထားကို ကြည့်လိုက်ကာ ရယ်ချင်နေမိသည်။ "ကြည့်ရတာ ဝူကျိုးမြို့က ရှောင်မိသားစုကို ပေးတဲ့ အထောက်အပံ့တွေက ချုံးယွင်မင်းသားကပေးတာ မဟုတ်ဘူး။ သူက သိတောင်မှ မသိဘူးထင်တယ်"

"ဟဲဟဲ၊ ပိုပိုပြီးမှ စိတ်ဝင်စားစရာ ကောင်းလာပြီ"

လင်းဖုန်းကသာ ဘာမှဝင်မပြောလျှင်၊ အလင်းဓားမြန် ဓားမာစတာနှင့် မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ

တို့ကလည်း ဘာမှဝင်ပြောကြမည်
မဟုတ်ချေ။ သူတို့၏ အရှေ့တွင်
ဖြစ်ပျက်နေသမျှသည် သူတို့၏အိမ်မက်
အကောင်အထည် ပေါ်လာခြင်း
မဟုတ်ပါလား?

မုယုံယန်ရန်က ဘာမှ ဝင်မပါရခင်မှာပဲ၊
ချုံးယွင်မင်းသားနှင့် ရှောင်ယန်တို့သည်
ပဋိပက္ခဖြစ်နေကြပြီ။ အရာအားလုံးတို့သည်
ချောမွေ့လွန်းလှသဖြင့်၊ မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာသည် ယုံကြည်ရန် ခက်ခဲနေပြီး၊
တစ်ခုခု မှားနေသကဲ့သို့ ခံစားနေရသည်။

"မင်းသားက မြန်လွန်းတယ်၊ ကျွန်တော်က အချိန်အကြာကြီးနေမှ လိုက်မှီခဲ့တယ်"

ရုတ်တရက်ပဲ မိုးကုတ်စက်ဝိုင်း၏ အပြင်ဘက်မှ အသံတစ်သံကို ကြားလိုက်ရ၏။ "ကျွန်ုပ်ဟာ တန်ရင်ကျဲ ဖြစ်ပါတယ်။ အလင်းခေးမြန် ခေးမာစတာ၊ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်နဲ့ ကြယ်စင်သူတော်စင်တို့ကို နှုတ်ခွန်းဆက်သပါတယ်"

"တန်ရင်ကျဲ?" အလင်းခေးမြန် ခေးမာစတာနှင့် ကြယ်စင်သူတော်စင်တို့သည်

အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ သူတို့က ဤနာမည်ကို ကြားဖူးပုံရသည်။ အလင်းခေးမြန် ခေးမာစတာက အေးစက်စွာနှင့် ပြောလိုက်သည်။ "ရှင်းယွင်တောင်ထိပ်က ဒီကနေ့မှာ သက်ဝင်လှုပ်ရှားလှချည်လား"

သူ၏လက်ချောင်းများကို လေပေါ်တွင် ဝှေ့ယမ်းလိုက်ရာ၊ တိမ်တိုက်များသည် နောက်ထပ်တစ်ခါ လွင့်ပြယ်သွားကြသည်။ အပြာရောင်ဝတ်စုံနှင့် သက်လတ်ပိုင်း လူကြီးတစ်ယောက်သည် ကောင်းကင်ပေါ်မှာ ကျဆင်းလာ၏။ သူ၏မှော်စွမ်းအင်

လုပ်ရှားမှုများအရ သူသည် အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူဖြစ်ကြောင်း သိနိုင်ပေသည်။

အနီးရောက်လာသောအခါ၊ သူသည် လင်းဖုန်း၊ အလင်းဓားမြန် ဓားမာစတာနှင့် ကြယ်စင်သူတော်စင် တို့ကို ထပ်ဖန်တစ်ခါ နှုတ်ဆက်လိုက်သည်။

တန်ရင်ကျဲကို တွေ့လိုက်သောအခါ ချုံးယွင်မင်းသားက မျက်မှောင်ကြုတ်လိုက်သည်။ "တန်ရင်ကျဲ၊

မင်းကဒီမှာ ဘာလာလုပ်တာလဲ?
နန်းရင်းဝန်ဂူရဲ့ အမိန့်ကြောင့်လား?"

တန်ရင်ကျဲက ရယ်လိုက်ကာ
ပြန်ဖြေလိုက်သည်။ "ဟုတ်ကဲ့ပါ။
ကျွန်တော်က နန်းရင်းဝန်ဂူရဲ့ အမိန့်နဲ့
အလင်းခေးမြန် ခေးမာစတာကို
တစ်ခုခုလာပေးတာပါ။
တစ်ခြားဘာအကြောင်းမှ မရှိပါဘူး။
မင်းသားက စိတ်ချနေလို့ရပါတယ်"

သူက လင်းဖုန်းကို ပြုံးလိုက်ပြီး
ကြည့်လိုက်ကာ၊ "ဒါပေမဲ့လည်း

အခုကြည့်ရတာ စိတ်ဝင်စားစရာ အဖြစ်အပျက် တစ်ခုက ဖြစ်ပျက်နေတယ်နဲ့ တူတယ်။ ကျွန်တော်က ဘေးကနေ စောင့်ကြည့်လို့ ရမလား မသိဘူး?"

လင်းဖုန်းသည် တန်ရင်ကျဲကို တိတ်ဆိတ်စွာနဲ့ ကြည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူသည် မဟူရာနဂါး ကျဲယု၏ အသံလွှင့်မှုကို လက်ခံလိုက်ရသည်။ "မာစတာ၊ ဒီလူရဲ့ မျိုးရိုးနာမည်ဟာ တန်ဖြစ်ပြီး၊ သူက မဟာချင် အင်ပါယာနဲ့ နီးကပ်တဲ့ ဆက်ဆံရေးရှိတယ်။ သူက ရှေးဟောင်း ယွင်ထန်းကမ္ဘာရဲ့

မိသားစုကြီး ခုနစ်ခုထဲမှာ တစ်ခုဖြစ်တဲ့
တန်မိသားစုက ဖြစ်လိမ့်မယ်နဲ့ တူတယ်"

## စာစဉ် ၁၄ : အပိုင်း ၁၅

## အပိုင်း ၂၄၅ : စကြာဝဠာ အပေါင်းအစု

မဟာရာနဂါး ကျဲယု၏ အသံလွှင့်မှုကို
ရရှိသည့်အခါ လင်းဖုန်း၏ မျက်လုံးအစုံမှာ
ကျဥ်းမြောင်းသွားခဲ့သည်။

သူသည် ယခင်က တန်မိသားစုကို
မကြားဖူးချေ။ သို့သော်လည်း ရှေးဟောင်း
ယွင်ထန်းကမ္ဘာကိုမူ ကြားဖူးနားဝရှိသည်။

မဟာ ယွင်ထန်းကမ္ဘာကို ဝိုင်းရံသော အဓိက
အစိတ်အပိုင်း နှစ်ခုမှာ၊ နတ်ဘုရားနယ်မြေနှင့်
မဟာလွင်တီးခေါင် နယ်မြေတို့ ဖြစ်ကြသည်။

ထိုနယ်မြေကြီး နှစ်ခုကို ဝန်းရံထားကာ
ဗဟိုပြု၍ ဖွဲ့စည်းထားသော ဒိုင်မန်းရှင်း
ဟင်းလင်းပြင် မြောက်မြားစွာ ရှိကြသည်။
အကုန်လုံးကို စုပေါင်း၍ မဟာယွန်ထန်း
ကမ္ဘာဟုခေါ်သည်။

အန္တရာယ်ရှိသော ဒိုင်မန်းရှင်း မုန်တိုင်းများနှင့် ကစဉ့်ကလျား ဟင်းလင်းပြင်များသည်၊ အန္တရာယ်များသော စစ်မြေပြင်များအဖြစ် ရှိနေကြသည်။ အရာဝတ္ထုနှင့် စွမ်းအားတို့ အတန်ငယ် တည်ငြိမ်မှုရှိသော လေဟာနယ်များလည်း ရှိသည်။ ထိုကဲ့သို့သော ဒိုင်မန်းရှင်းများတွင် အဖိုးတန် သတ္တုတွင်းထွက်များ တွေ့နိုင်ပြီး၊ လူသားနှင့် မိစ္ဆာမျိုးနွယ်စုများကို တွေ့နိုင်ပေသည်။

ထိုကဲ့သို့သော ဒိုင်မန်းရှင်းများကို 'အလယ်ကမ္ဘာ'ဟု ခေါ်ကြသည်။

ဒိုင်မန်းရှင်းများ အကြားတွင်
လှိုဝှက်ပုန်းကွယ်နေကြသော ထိုကဲ့သို
ကမ္ဘာပေါင်း မြောက်မြားစွာရှိနေကြသည်။
အချို့မှာ ရှာဖွေတွေ့ရှိခြင်းကို
ခံလိုက်ကြရကာ၊ အချို့ကမ္ဘာတို့မှာ
ဒီအတိုင်းပင် ရှိနေကြသေးပြီး ကံကောင်းသော
ရတနာမုဆိုးတို့၏ ရှာဖွေတွေ့ရှိရန်
စောင့်နေကြလေသည်။

ဒါတွေသည် စကြာဝဠာ အပေါင်းအစု ဟူသော
အသုံးအနှုန်း၏ မူလအစပင်ဖြစ်သည်။

ထောင်စုနှစ်အချို့ ကြာပြီးနောက်တွင်၊ မဟာကမ္ဘာတွင် နေထိုင်ကြသော လူသားတို့၏ လူဦးရေမှာ တိုးတက်လာကြကာ၊ ကျင့်ကြံသူ ဦးရေမှာလည်း များပြားလာကြသည်။

အချို့သော ကျင့်ကြံမှု အရင်းအမြစ် ပစ္စည်းများသည် အသုံးပြုပြီးသွားလျှင် ပြုပြင်၍ ပြန်အသုံးပြု၍ ရသည်။ အချို့မှာမူ ပြန်သုံး၍မရပဲ အဆက်မပြတ် အသုံးပြုမှုအောက်တွင် လက်ကျန်များမှာ ရှားပါးလာကြသည်။ အချို့သော ပစ္စည်းများသည် နတ်ဘုရားနယ်မြေနှင့်

မဟာလွင်တီးခေါင် ကုန်းမြေတို့တွင် ပျောက်ကွယ်သွားကြပြီ ဖြစ်သည်။

သို့ပေမဲ့ အချို့သော ထိုအရင်းအမြစ် ပစ္စည်းများကို အလယ်ကမ္ဘာတို့တွင် တွေ့နိုင်သေးသည်။ သို့ဖြစ်၍ ဂိုဏ်းများ၊ အင်အားစုများသည် အလယ်ကမ္ဘာများကို ပိုင်ဆိုင်နိုင်ရန် ကြိုးစားအားထုတ်နေကြခြင်း ဖြစ်သည်။ ရှေးဟောင်း ယွင်ထန်းကမ္ဘာသည် ဤကဲ့သို့သော ကမ္ဘာတစ်ခုဖြစ်ပြီး အတန်ငယ်ကြီးသော ကမ္ဘာလည်းဖြစ်သည်။ သူ့ကို ရှေးဟောင်းကမ္ဘာဟု ခေါ်ရခြင်းမှာ သူ့ကို နှစ်တစ်ထောင် အကျော်က

လူသားကျင့်ကြံသူများက
ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

ရှေးဟောင်း ယွင်ထန်းကမ္ဘာမှ မိသားစုကြီး
ခုနှစ်ခုတို့သည် နတ်ဘုရား နယ်မြေတွင်လည်း
လွှမ်းမိုးမှုရှိကာ၊ နတ်ဘုရားနယ်မြေမှ
အင်အားစုတို့၏ ကိုယ်စားလှယ်များလည်း
ဖြစ်ကြသည်။

ဥပမာအားဖြင့် ဆိုရသော်၊ တန်မိသားစုမှ
တန်ယွင်ကျဲသည် ရှေးဟောင်း
ယွင်ထန်းကမ္ဘာတွင် မဟာချင် အင်ပါယာအား
ကိုယ်စားပြုသည်။

ရှေးဟောင်းယွင်ထန်း ကမ္ဘာမှ အရင်းအမြစ်
မြောက်မြားစွာတို့ကို၊ တန်မိသားစုမှ တဆင့်
မဟာချင် အင်ပါယာသို့
သယ်ယူပို့ဆောင်ရခြင်း ဖြစ်သည်။

"ဒီလူက ဝူချင်လျှိုက
လွှတ်လိုက်တာလို့ပြောတယ်။ ကြည့်ရတာ
မဟာချင် အင်ပါယာမှာ ဝူချင်လျှိုရဲ့
အဆင့်အတန်းက အတော်ခိုင်မာပြီး၊
သူတို့နယ်မြေရဲ့ အပြင်ဘက်က ဧရိယာတွေ
အပေါ်မှာတောင် လွှမ်းမိုးမှု ရှိတာပဲ"

တန်ရင်ကျဲသည် ယဉ်ကျေးမှု ရှိသော်လည်း၊
လင်းဖုန်းက သူ့ကို လျှော့တွက်ခဲ့ခြင်း မရှိချေ။
အလယ်ကမ္ဘာမှ အချို့ အရင်းအမြစ်များသည်
စတင်ကုန်ခမ်းနေကြပြီ ဖြစ်သော်လည်း၊
သူတို့တွင် သူတို့၏ ကိုယ်ပိုင် ဒိုင်မန်းရှင်း
နိယာမများ ရှိကြသည်။

ရှေးဟောင်း ယွင်ထန်းကမ္ဘာသည်
အရာများစွာကို အထောက်အပံ့
ပေးနိုင်သော်လည်း၊ ထူးဆန်းစွာဖြင့် သူသည်
သာမန် လျှပ်စီးမိုးကြိုးများသာ ရှိသည်။
သူ့တွင် ဟင်းလင်းပြင်ကို ထိုးဖောက်နိုင်သော
မိုးကြိုးကပ်ဘေးများ မရှိချေ။

သို့ဖြစ်၍ ရှေးဟောင်း ယွင်ထန်းကမ္ဘာမှ ကျင့်ကြံသူများသည် အများဆုံး ရွှေရောင်ဗဟိုချက် အဆင့်သို့သာ ရောက်နိုင်ပြီး၊ သူတို့သည် အခြေတည် ဝိညာဉ် အဆင့်သို့ မတက်လှမ်းနိုင်ပေ။

အကယ်၍ ရှေးဟောင်း ယွင်ထန်းကမ္ဘာမှ ကျင့်ကြံသူများသည် အခြေတည် ဝိညာဉ် အဆင့်ကို တက်လှမ်းလိုလျှင်၊ သူတို့သည် မဟာကမ္ဘာမှ နတ်ဘုရားနယ်မြေသို့ ခရီးထွက်ရသည်။ မဟာချင် အင်ပါယာသည် ရှေးဟောင်း ယွင်ထန်းကမ္ဘာမှ မိသားစုကြီး

ခုနှစ်ခုကို လွှမ်းမိုးမှု ရှိခြင်းမှာ၊
ထိုအချက်ကြောင့် ဖြစ်ပြီး၊ သူတို့၏
လွှမ်းမိုးနိုင်စွမ်း အလွန်
ကြီးမားခြင်းကြောင့်သာ မဟုတ်ချေ။

ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်သို့
ရောက်ပြီးကြသော ကျင့်ကြံသူတို့သည်၊
မဟာကမ္ဘာသို့ လာကြပြီး မိုးကြိုးကပ်ဘေးကို
ခံယူကာ အခြေတည် ဝိညာဉ်ကို
ဖော်ဆောင်ကြသည်။ သို့သော်လည်း
ပမာဏနှင့် အခြေအနေတို့ကို မဟာချင်
အင်ပါယာက ထိန်းချုပ်ထားပြီး၊

အခြေအနေပေါ် မူတည်၍ အတည်ပြု
လက်ခံခြင်း၊ ဆုပေးခြင်းများ ရှိသည်။

ယခု အခြေတည် ဝိညာဉ် အဆင့်တွင်
ရှိနေသော တန်ယွင်ကျဲသည်၊ ရှေးဟောင်း
ယွင်ထန်းကမ္ဘာကို ပြန်ရမည့်အစား
မဟာကမ္ဘာတွင်သာ ရှိနေသေးသည်။ သို့ဖြစ်၍
သူသည် သူ့မိသားစု၏ ပြောရေးဆိုခွင့် ရှိသည့်
ပုဂ္ဂိုလ် ဖြစ်နိုင်ပြီး၊ သူ့မိသားစုနှင့် မဟာချင်
အင်ပါယာကြားမှ သံတမန်လည်း ဖြစ်နိုင်၏။
သူ၏ အဆင့်အတန်းမှာ နိမ့်ကျမည်
မဟုတ်ချေ။

မဟာချင် အင်ပါယာ၏ နန်းရင်းဝန်
ဝူချင်လျှို၏ စေလွှတ်ခြင်း ခံရသော သူကို၊
လင်းဖုန်းအနေနှင့် အထင်မသေးရဲချေ။

လင်းဖုန်း၏ ခေါင်းထဲတွင် အတွေးများနှင့်
ပြည့်နှက်နေပြီး ပြောလိုက်သည်။ "ကျုပ်က
ကိစ္စမရှိပါဘူး၊ မိတ်ဆွေ။ ဒါပေမဲ့ ခင်ဗျားက
အလင်းခားမြန် ခားမာစတာကို
အရင်မေးရလိမ့်မယ်"

လင်းဖုန်း၏ စကားများကို ကြားအပြီးတွင်၊
အလင်းခားမြန် ခားမာစတာ၏
မျက်လုံးအစုံမှာ တောက်ပလာခဲ့ကာ

ပြောလိုက်သည်။ "ကျုပ်ဘက်ကလည်း ကိစ္စမရှိပါဘူး။ ဝူချင်လျှိုက ကျုပ်ကို ဘာများ ပေးခိုင်းလိုက်တာလဲ?"

ချုံးယွင်မင်းသားသည် တန်ရင်ကျဲဘက်ကို လှည့်လိုက်ကာ၊ ခံစားမှု ကင်းမဲ့နေသော မျက်နှာဖြင့် ကြည့်လိုက်သည်။

တန်ရင်ကျဲက သူ့၏ခေါင်းကို ခါလိုက်သည်။ "ကျွန်တော်ကလည်း ဘာပစ္စည်းမှန်း မသိပါဘူး။ နန်းရင်းဝန်ဝူက ခေါင်းဆောင်ကြီး ကြည့်ပြီးသွားရင် သဘောပေါက်သွားလိမ့်မယ်လို့ ပြောပါတယ်"

သူက ကျောက်စိမ်းစာ တစ်စောင်ကို ထုတ်လိုက်ကာ၊ အလင်းခေါ်မြန် ခေါ်မာစတာ၏ လက်ထဲသို့ ရိုသေစွာနှင့် ထည့်လိုက်သည်။

ချုံးယွင်မင်းသားသည် ထိုကျောက်စိမ်းစာကို ကြည့်လိုက်ပြီး၊ တစ်ခုခုကို သဘောပေါက်သွားသည့် ပုံစံမျိုးဖြင့် မျက်လုံးများသည် တောက်ပလာခဲ့သော်လည်း၊ ဘာကိုမှ မပြောခဲ့ပေ။

အလင်းခေါးမြန် ခေါးမာစတာက ထိုကျောက်စိမ်းစာကို ကိုင်လိုက်ပြီး၊ သူ၏ လှုပ်ရှားမှုများသည် အနည်းငယ် နှေးကွေးသွား၏။ ခဏကြာမျှ ငြိမ်သက်သွားအပြီးတွင်၊ သူ၏မျက်နှာတွင် ထူးဆန်းသော အမူအယာ တစ်ခု ဖြစ်လာခဲ့ကာ၊ ခေါင်းညိတ်ကာ တုံ့ပြန်လိုက်၏။ "ကျုပ်က သူ့ရဲ့ ထင်မြင်ယူဆချက်ကို စဉ်းစားပါမယ်။ ကျုပ်ကသူ့ကို နောက်ကျမှ အကြောင်းပြန်လိုက်မယ်"

တန်ရင်ကျဲက ပြုံးရွှင်စွာနဲ့ ရယ်မောလိုက်ပြီး ပြန်ဖြေလိုက်သည်။ "ကျွန်တော်က

သတင်းပို့သူ သက်သက်ပါ။ ဘာမှအားနာစရာ မလိုပါဘူး။

သူသည် လင်းဖုန်းဘက်ကို တစ်ချက် ဝေ့ကြည့်လိုက်ရင်း တစ်ချက်ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကျွန်တော် အခုလာရခြင်းဟာ နန်းရင်းဝန်ဝူရဲ့ ကိုယ်စား၊ အလင်းခားမြန်ဂိုဏ်းနဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ ဖွင့်ပွဲ အခမ်းအနားကို လာဖိတ်ခြင်းလည်း ဖြစ်ပါတယ်"

လင်းဖုန်းက အလင်းခေးမြန် ခေးမာစတာအား လှည့်ကြည့်လိုက်သည်။ သူကလည်း လင်းဖုန်းကို ပြန်ကြည့်လိုက်ကာ အကြည့်ချင်း ဖလှယ်လိုက်ပြီးနောက်တွင် တန်ရင်ကျဲဘက်ကို ပြန်ကြည့်လိုက်သည်။
"နောက်တစ်လ အကြာမှာလား?"

ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာသည် ရှေးဟောင်း ယွန်ထန်းကမ္ဘာကဲ့သို့ ဖြစ်သည်။ သူတို့သည် မဟာကမ္ဘာနှင့် သီးသန့်ဖြစ်နေသော အလယ်ကမ္ဘာများ ဖြစ်သည်။

ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ၏ ဒိုင်မန်းရှင်း နိယာမများသည်၊ ရှေးဟောင်း ယွင်ထန်းကမ္ဘာထက်ပင် ပို၍ဆန်းကြယ်သည်။ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာသည် အခြေတည်ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူများကိုသာ ဝင်ခွင့်ပြုသည်။

ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာနှင့် နတ်ဘုရားနယ်မြေတို့ကို ဆက်သွယ်ထားသော လေဟာနယ်-အချိန် ဝင်ပေါက်တစ်ခုရှိသည်။ သို့သော်လည်း ထိုဆက်သွယ်မှုမှာ မျိုးသောအားဖြင့် ပိတ်ထားသည်။ တစ်ယာက်သည်

ထိုဝင်ပေါက်က သူ့ဘာသာသူ
ပွင့်သောအချိန်အထိ စောင့်ရမည် ဖြစ်သည်။

ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာ၏ ဝင်ပေါက်မှာ
မဟာချင် အင်ပါယာ၏ မြောက်ပိုင်းနယ်စပ်
အနားတွင် ရှိသည်။ အချိန်ကြာမြင့်စွာ
အပြင်းအထန် ပြိုင်ဆိုင်တိုက်ခိုက်ကြ
အပြီးတွင်၊ ဘေးပတ်ပတ်လည်မှ
အင်အားစုများသည် တွန့်ဆုတ်လှစွာဖြင့်
ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာအား
ထိန်းချုပ်ခွင့်ကို မဟာချင် အင်ပါယာ၏
လက်ထဲကို ပေးလိုက်ရသည်။

အပြန်အလှန် အနေဖြင့်၊ မဟာချင်
အင်ပါယာသည် ရှေးဟောင်းကမ္ဘာ
ပွင့်သောအချိန်တွင်၊ ဟွမ်ဟိုင် စိတ်ဝိညာဉ်
အစည်းအဝေးဟု ခေါ်သော အခမ်းအနား
တစ်ခုကို ကျင်းပပေးရမည် ဖြစ်သည်။

ထိုစိတ်ဝိညာဉ် အစည်းအဝေး
အခမ်းအနားတွင် ဂိုဏ်းများ၊
အင်အားစုများသည်၊ ရှေးဟောင်း
ဟွမ်ဟိုင်ကမ္ဘာ၏ အတွင်းသို့
ဝင်ခွင့်ရရန်အတွက်၊ သူတို့၏
အခြေတည်ဝိညာဉ် အဆင့်အောက်မှ
ချန်ပီယံများကို လွှတ်၍ ယှဉ်ပြိုင်စေ၏။

နှစ်ပေါင်းများစွာ ကြာလာသောအခါတွင် ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးသည် လွန်စွာ ကြီးကျယ်ခမ်းနားသော ပွဲတစ်ခု ဖြစ်လာ၏။ ပါဝင်ယှဉ်ပြိုင်သူများသည် ဝင်ခွင့်ရရန်သာ မကပဲ၊ သူတို့၏ ပြိုင်ဘက်များထံမှ တစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်သင်ယူနိုင်ရန်၊ အခွင့်အရေး ယူကာ ကြိုးစားကြ၏။

တန်ရင်ကျဲက ပြန်ဖြေလိုက်သည်။ "ဟုတ်ကဲ့၊ တစ်လဖြစ်ပါတယ်။ တိတိကျကျ ပြောရရင်

ရက်ပေါင်းသုံးဆယ် ကြာပြီးနောက်မှာ၊ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာရဲ့ ဝင်ပေါက်က ပြန်ပွင့်မှာ ဖြစ်ပါတယ်"

"မဟာချင် အင်ပါယာက ကျုပ်တို့ကို ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ တကယ့်လို့များ မမျှော်လင့်တဲ့ အဖြစ်အပျက်တွေ မပေါ်ခဲ့ဘူးဆိုရင်၊ ကျုပ်တို့ရဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သေချာပေါက် လာခဲ့မှာပါ" လင်းဖုန်းက ခေါင်းကိုညိတ်လိုက်၍ ယုံကြည်ချက် အပြည့်နှင့် ပြောလိုက်သည်။ သူ၏ ယခု အဓိက ရည်ရွယ်ချက်မှာ ဂိုဏ်း၏

ရေပန်းစားမှုနှင့် လွှမ်းမိုးမှုကို ချဲ့ထွင်ရန်ဖြစ်ရာ၊
သူသည် ယခုအခွင့်အရေးကို
လက်လွှတ်ခံလိမ့်မည် မဟုတ်ချေ။

လင်းဖုန်းသည် ချုံးယွင်မင်းသားကို
မျက်လုံးထောင့်ကပ်၍ ကြည့်လိုက်ရာ၊
သူသည် အရင်ကထက် စာလျှင်
အတော်ကြီးပို၍
တည်ငြိမ်အေးဆေးလာသည်ကို
တွေ့လိုက်ရ၏။

ဝူချင်လျှို၏ လင်းဖုန်းအား ဖိတ်ခေါ်ချက်ကို
ကြားလိုက်ရသောအခါ၊ ချုံးယွင်မင်းသားသည်

ပထမတွင် အံ့အားသင့်သွားကာ သူ၏
မျက်လုံးအစုံတွင်
မီးဝင်းဝင်းတောက်လာခဲ့သည်။

ယခုဒေါသသည် ယခင်က
ရှောင်ယန်အပေါ်တွင် ထားခဲ့သော
ဒေါသထက် အဆပေါင်းများစွာ
ပို၍ပြင်းထန်သည်။

ယခုအချိန်တွင် သူသည် မှောင်မည်း၊
အေးစက်ကာ လူသတ်လိုစိတ်များဖြင့်
ပြည့်နေ၏။

ချုံးယွင်မင်းသားသည် ဝူချင်လျှို၏
အစီအစဉ်များကို လုံးဝမသိသည်မှာ
သိသာလှပေသည်။

သို့သော်လည်း အချိန်အနည်းငယ်မျှ
ဒေါသထွက်အပြီးတွင်၊ ချုံးယွင်မင်းသားသည်
မူလ အခြေအနေသို့ ပြန်ရောက်သွားခဲ့သည်။

ချုံးယွင်မင်းသားသည် ဟွမ်ဟိုင် စိတ်ဝိညာဉ်
အစည်းအဝေးသို့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့်
အလင်းခေါ်မြန်ဂိုဏ်းတို့အား ဖိတ်ကြားခဲ့သော
ဝူချင်လျှို၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်ခြင်း

မရှိပေ။ သူသည် လုံး၀ ဂရုမစိုက်သော ပုံစံကို ဖမ်းထား၏။

လင်းဖုန်းသည် ရိုးသားစွာဖြင့် အံ့ဩသွားခဲ့သည်။ တန်ရင်ကျဲက ဝူချင်လျှို၏ မှာကြားချက်များကို ပြန်လည်ကြားယောင်လာပြီး၊ အနည်းငယ် စိုးရိမ်နေမိသည်။ "တကယ်လို့များ မင်းသားက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ အငြင်းပွားပြီး ရန်ငြိုးရန်စ ပွားနေလို့ရှိရင်၊ မင်းက ဒီဖိတ်ခေါ်ချက်ကို ချက်ချင်း ကြေငြာလိုက်။ သေချာဂရုစိုက်၊ သေချာဂရုစိုက်"

"နန်းရင်းဝန်ဝူ… ခင်ဗျားလုပ်နေတာက မီးလောင်ရာကို လေပင့်ပေးခဲ့တာပဲ!" တန်ရင်ကျဲက သက်ပြင်းတစ်ချက် ချလိုက်ကာ ချုံးယွင်မင်းသားကို ကြည့်လိုက်သည်။ သူသည် မင်းသားအား နောက်ပိုင်းတွင် ဖြေရှင်းချက် ပေးရမည်ဖြစ်ကြောင်းကို သိနေလေသည်။ ယခုအချိန်တွင် အေးစက်စက် ဖြစ်နေသောလည်း၊ မင်းသားမှာ ပေါက်ကွဲလု ဖြစ်နေချေပြီ။

"အရင်က ရထားတဲ့ သတင်းတွေ အရဆို၊ ရှီချုံးယွင်ဟာ အတော်ကို လွှမ်းမိုးနိုင်ပြီး သူ့ရဲ့ စကားတွေက အတော်အရာရောက်တယ်။

ဒါပေမဲ့ အခု နန်းရင်းဝန်ဝူက မင်းသားကို အတိုက်အခံ လုပ်နေတာလား?" လင်းဖုန်းက တန်ရင်ကျဲနှင့် ချုံးယွင်မင်းသားတို့ကို ကြည့်ကာ စဉ်းစားနေမိသည်။

"မဟုတ်မှလွဲရော၊ ချင်ကေရာဇ်က နောက်ထပ် အိမ်ရှေ့စံများ ရွေးချင်နေတာလား? ဒါကလည်း မဖြစ်နိုင်ဘူး၊ သူမှာက နောက်ထပ်သားမှ မရှိတာ"

"နေဦး!" လင်းဖုန်း၏ မျက်လုံးသူငယ်အိမ်တို့သည် လျှင်မြန်စွာနှင့် ကျဉ်းမြောင်းသွားခဲ့သည်။

"ရှောင်ပုတန်လေးရဲ့ တာအိုအခြေခံကို

ခိုးယူသွားခဲ့တဲ့ ရှီထျန်းရီ ဆိုတဲ့သူက၊
အခုနှစ်တွေမှာ ဂုဏ်သတင်း ကြီးမားလာပြီး၊
နောက်ထပ် ဒဏ္ဍာရီလာ ပါရမီရှင်
တစ်ယောက်လို့ ပြောနေကြတယ်"

"မဟာချင် အင်ပါယာရဲ့ မိသားစုကြီး
လေးခုထဲမှာ၊ ရှီမိသားစုက
အထူးခြားဆုံးဖြစ်ပြီး သူတို့က
တော်ဝင်မိသားစုနဲ့ မျိုးဆက်တူတဲ့ မိသားစုခွဲ
ဖြစ်တာပဲ" လင်းဖုန်း၏ ခေါင်းထဲတွင်
အတွေးများစွာ ရစ်သိုင်းနေကြသည်။
"တကယ်လို့ ချင်ကေရာဇ်က ရှီထျန်းရီကို
တော်ဝင်မိသားစုထဲကို မွေးစားလိုက်ရင်..."

လင်းဖုန်းက တစ်ဘက်တွင် စဉ်းစား၍ ကောင်းနေဆဲတွင်၊ အခြားတစ်ဘက်တွင်မူ အလင်းဓားမြန် ဓားမာစတာက မဟာချင် အင်ပါယာ၏ ဖိတ်ကြားချက်ကို ပျော်ရွှင်စွာနှင့် လက်ခံလိုက်သည်။

အလင်းဓားမြန် ဓားမာစတာက လင်းဖုန်းနှင့် သူ၏အနောက်တွင် ရှိနေသော ရှောင်ယန်ကို တစ်ချက်ကြည့်လိုက်ကာ ပြောလိုက်သည်။ "ခင်ဗျားတပည့်နဲ့ မုယုံယန်ရန်တို့ရဲ့ ချိန်းထားတဲ့ တိုက်ပွဲကို ရောက်ဖို့ လေးရက်လိုသေးတယ်။ ကျုပ်တို့က

လေးရက်အကြာမှာ ဒီနေရာမှာပဲ ပြန်ဆုံကြမယ်။ ဘယ်လိုသဘောရသလဲ၊ မာစတာလင်း?"

"ကျုပ်ကလည်း ဘယ်နေ့ဆိုတာကို သေချာမှတ်မိနေပါတယ်" လင်းဖုန်းက အလင်းဓားမြန် ဓားမာစတာသည် နောက်လေးရက်တွင် အကြံတစ်ချို့ ထုတ်ရန်ကြံနေသည်ကို သိသော်လည်း စိုးရိမ်ခြင်း မရှိပေ။ သူက ရှောင်ယန်ဘက်ကို လှည့်ကြည့်လိုက်သည်။

ရှောင်ယန်သည် ကြည့်ရတာ တည်ကြည်ငြိမ်သက်နေခဲ့ကာ၊ သူ၏ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်လိုက်သည်။ "ကျွန်တော်ကလည်း ပြဿနာ မရှိပါဘူး၊ ဆရာသခင်"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်ကာ အလင်းဓားမြန် ဓားမာစတာဘက်ကို ပြန်လှည့်လိုက်သည်။ "ဒါဆိုရင်လည်း ခင်ဗျားပြောတဲ့ အတိုင်းပဲပေါ့"

"ကျေးဇူးပြုပြီး မာစတာလင်းနဲ့ သူ့တပည့်တွေကို နားနေဆောင်ကို

ခေါ်သွားပေးလိုက်ပါ၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ" အလင်းခေးမြန် ခေးမာစတာက သိမ်မွေ့စွာနှင့် အမိန့်ပေးလိုက်သည်။ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာကလည်း ဦးညွှတ်လိုက်ကာ၊ လင်းဖုန်းတို့ အဖွဲ့ကို ဧည့်သည်ဆောင်သို့ ခေါ်သွားလိုက်သည်။

သူတို့၏ အနောက်တွင်မူ၊ ချုံးယွင်မင်းသားသည် တန်ရင်ကျဲကို ဟန်ပန် အမူအရာ ကင်းမဲ့စွာဖြင့် စိုက်ကြည့်နေ၏။

လင်းဖုန်းကတော့ ပြုံးလိုက်ကာ
ဘာဆက်ဖြစ်မလဲကို ဂရုမထားတော့ချေ။
သူတို့သည် မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာနောက်သို့ အေးဆေးစွာဖြင့်
လိုက်သွားလိုက်ကာ အခြေချလိုက်သည်။

လင်းဖုန်းသည် အဆောင်အတွင်းတွင်
ထိုင်နေခဲ့ရင်း ပြင်ပသို့ အာရုံစိုက်လိုက်ရာ၊
ရှောင်ပုတန်နှင့် ထွမ်းထွမ်းတို့သည် အပြင်တွင်
ရပ်နေကြသည်ကို တွေ့လိုက်ရ၏။
မျက်လုံးနှစ်စုံတို့သည် ရှင်းယွင်တောင်ထိပ်ကို
ပိုက်စိတ်တိုက် ကြည့်နေကြကာ၊
တစ်စုံတစ်ခုကို ရှာဖွေနေကြပုံ ပေါက်နေ၏။

ရှောင်ပုတန်လေးက ပြောလိုက်သည်။
"ရှင်းယွင်တောင်ထိပ်မှာ စားစရာ
ကောင်းကောင်းလေးတွေ မရှိဘူးလား?"

ထွမ်းထွမ်းက သူမ၏ တံတွေးတစ်လုတ်ကို
မျိုချလိုက်ကာ ပြန်ဖြေလိုက်သည်။
"ရှိတာပေါ့။ လူတိုင်းက
အလင်းခါးမြန်ဂိုဏ်းရဲ့ အနီရောင်ငှက်တောင်
ကြိုးကြာကို သိကြတာပဲ"

လင်းဖုန်းသည် နားထောင်နေရင်း
မအောင့်နိုင်ပဲ ရယ်မိတော့သည်။ သူက
တစ်ခြားအဆောင်ကို လှမ်းကြည့်လိုက်ရာ၊

ရှောင်ယန်က တိတ်ဆိတ်စွာနှင့်
တင်ပုလ္လင်ခွေထိုင်နေသည်ကို တွေ့လိုက်ရ၏။
သူ၏ မျက်လုံးအစုံမှာ ပိတ်ထားခဲ့ကာ၊
တိုက်ပွဲအတွက်
နောက်ဆုံးပြင်ဆင်နေသည်မှာ
သိသာနေပေသည်။

ယွဲ့ဟုန်ယန်၏ အခန်းထဲတွင်၊ သူမကလည်း
တင်ပုလ္လင်ခွေထိုင်ကာ ငြိမ်သက်စွာ
တရားထိုင်နေသည်။ လင်းဖုန်း၏
တပည့်များထဲတွင်၊
ဝမ်လင်းတစ်ယောက်ကသာ
ကြိုးစားမှုအရာတွင် သူမနှင့်ယှဉ်နိုင်သည်။

သူတို့နှစ်ယောက်စလုံးသည် တစက္ကန့်လေးမှ အလဟာသ အဖြစ်မခံပေ။

ညအချိန်သို့ ရောက်လာသောအခါတွင်၊ လင်းဖုန်းသည် အဆောင်အတွင်းတွင် အနားယူနေရာမှ ရုတ်တရက် လန့်နိုးလာခဲ့သည်။ သူက လည်ချောင်းသံပြုကာ ပြောလိုက်သည်။ "မင်းက သေချင်နေတာလား?

ညနက်သန်းခေါင်ယံ အချိန်တွင်၊ ရှီချုံးယွင်၏ လက်အောက်ငယ်သား တစ်ယောက်သည်

ယွဲ့ဟုန်ယန်၏ အခန်းအရှေ့တွင်
ပေါ်လာခဲ့သည်။

## စာစဉ် ၁၄ : အပိုင်း ၁၆

## အပိုင်း ၂၄၆ : ပြဿနာရှာတဲ့သူက ဒီမှာပါ

လင်းဖုန်းက သူ၏ အသိစိတ်ကို
ဖြန့်ကြက်လိုက်ရာ၊ အနက်ရောင်
ချပ်ဝတ်တန်ဆာနှင့် ရွှေရောင်ဇဟိုချက်
အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သည်
ယွဲ့ဟုန်ယန်၏ အခန်းရှေ့တွင်
ရောက်နေသည်ကို တွေ့လိုက်ရ၏။ သူသည်

အစောပိုင်းက ချုံးယွင်မင်းသား၏
နောက်လိုက်နောက်ပါများ အထဲမှ
တစ်ယောက်ဖြစ်၏။

သူသည် လင်းဖုန်းထံမှ ပုန်း၍ မရနိုင်မှန်း
သိနေဟန်တူသည်။ သူက လေးစားသော
အပြုံးတစ်ခုဖြင့် လင်းဖုန်း၏ အဆောင်ရှိရာသို့
ဦးညွှတ်လိုက်ကာ၊ ယွဲ့ဟုန်ယန်၏
အခန်းရှေ့တွင် ရပ်လိုက်ကာ
လည်ချောင်းသံဖြင့် ဟိန်းသံတစ်ချက်ကို
ပြုလိုက်သည်။

ပြီးတာနှင့် ထိုသူသည် ချက်ချင်းပင် ထွက်ခွာသွားကာ အနီးအနားတွင် ဆက်မနေတော့ပေ။

လင်းဖုန်းက ဘေးကနေ ကြည့်နေရင်း ယွဲ့ဟုန်ယန်က သူမ၏ အခန်းအတွင်းမှ အလောတကြီးနှင့် ထွက်လာသည်ကို တွေ့လိုက်ရ၏။ သူမကို ကြည့်ရသည်မှာ စိတ်လှုပ်ရှားနေပုံပေါက်၏။

"ဆရာ၊ ဟိုလူက နှင်းမြေခွေးရဲ့ အူသံကို တုပြီးအော်ခဲ့တာပဲ။ နှင်းမြေခွေးက နှင်းမုန်တိုင်း နိုင်ငံမှာပဲ တွေ့ရတဲ့

တိရိစ္ဆာန်တစ်မျိုးပဲ။ ဒီလူက နှင်းမုန်တိုင်းကလူ ဖြစ်နိုင်တယ်ရှင့်" ရင်ခုန်သံတွေ မြန်နေခဲ့ပေမဲ့ ယွဲ့ဟုန်ယန်သည် လင်းဖုန်းအား တတ်နိုင်သမျှ အမြန်ဆုံး အစီရင်ခံလိုက်လေသည်။

လင်းဖုန်းက နေရာကနေ မထခဲ့ပဲ ပြုံးလိုက်ကာ အသံလွှင့်လိုက်သည်။ "ဒါဆိုရင်လည်း အနောက်ကနေ လိုက်သွားလိုက်လေ"

ယွဲ့ဟုန်ယန်သည် အသက်ပြင်းပြင်း ရှူလိုက်ကာ တည်ငြိမ်အောင်

ကြိုးစားလိုက်ပြီး၊ အနောက်ကနေ
လိုက်သွားခဲ့သည်။

တစ်ဘက်လူမှာ ရှင်းယွင်တောင်ထိပ်၏
အတွင်းဘက်သို့ နက်ရှိုင်းစွာ ဝင်သွားခဲ့ပြီး၊
ယွဲ့ဟုန်ယန်သည် လင်းဖုန်း၏
အသိစိတ်နှင့်အတူ အနောက်ကနေ
ထပ်ကြပ်မကွာ လိုက်သွားခဲ့သည်။

ထိုသူသည် ဂူပေါက်ဝ တစ်ခုသို့
ရောက်သောအခါ ရပ်လိုက်ပြီး၊
ယွဲ့ဟုန်ယန်ဘက်ကို လှည့်လိုက်ကာ
ပြုံးပြလိုက်သည်။

ယွဲ့ဟုန်ယန်က ထိုသူ၏ မျက်နှာကို သေချာမြင်လိုက်ရပြီးနောက်တွင်၊ သူမ၏ အပြုံးသည် ချက်ချင်း အေးခဲသွား၏။ သူမ၏ မိခင်နိုင်ငံမှ လူတစ်ယောက်ကို တွေ့ရတော့မည် ဖြစ်၍၊ စိတ်လှုပ်ရှား နေခြင်းများသည် သူမ၏ မျက်နှာပေါ်မှ အငွေ့ပျံသွားခဲ့သည်။

သူမသည် သူမ၏ အရှေ့မှလူကို အေးစက်စွာဖြင့် စိုက်ကြည့်လိုက်သည်။ "ဒါက ဝမ်းကျန်းနန် မဟုတ်လား? ရှင်က မဟာကျိုး အင်ပါယာက နှင်းမုန်တိုင်းကို

ကျူးကျော်လာတုံးက ပထမဆုံး
သစ္စာဖောက်ခဲ့တဲ့ အသုတ်ထဲမှာ
ပါတာမလား? အခုက ဘာဖြစ်လို့ မဟာချင်
အင်ပါယာနား ရောက်နေတာလဲ? ကျိုးက
ကောင်စုတ်တွေက ရှင့်လိုမျိုး
သူရဲဘောကြောင်တဲ့ သစ္စာဖောက်ကို
မလိုချင်လို့များလား?"

ယွဲ့ဟုန်ယန်၏ လေသံသည် သူမ၏
တိုက်ရိုက်တဲ့တိုး ဖြစ်သော တိုက်ခိုက်ပုံနှင့်
မခြားချေ။ သူမသည် သူမ၏ ရန်သူအား
ပြန်လည်ချေပဖို့ အခွင့်အရေး မပေးခဲ့ပေ။

ဝမ်းကျန်းနန် အနေနှင့်မူ သူမသည် တစိမ်းတစ်ယောက် မဟုတ်ချေ။ သူသည် သူမနှင့် သူမ အစ်ကိုတို့၏ အားကျရသူ ဖြစ်ခဲ့ဖူးသည်။ ဒါကလည်း သူမကို သူ့အား ပို၍ အမုန်းပွားစေသော အချက်လည်း ဖြစ်သည်။

ဝမ်းကျန်းနန်သည် ပြင်ဆင်ထားခဲ့ပြီး ဖြစ်သော်လည်း၊ သူ၏ မျက်နှာသည် လည်ပင်းထိတိုင်အောင် နီရဲသွားခဲ့သည်။ သို့သော် လျှင်မြန်စွာပင် ပြန်လည်ထိန်းနိုင်ခဲ့ကာ၊ ယွဲ့ဟုန်ယန်ကို ပြုံးပြီးပြောလိုက်သည်။ "မင်းမှားနေတယ်၊

ဟုန်ယန်။ မင်းက အဲ့ဒီအချိန်တုံးက ကလေးပဲ ရှိသေးတယ်။ မင်းမသိတဲ့ အရာတွေက အများကြီး ရှိသေးတယ်"

"မဟာကျိုး အင်ပါယာက နှင်းမုန်တိုင်းကို ကျူးကျော်ခဲ့စဉ်တုံးက၊ ငါက သူတို့ကို အကူအညီ ပေးခဲ့တဲ့ ပထမ အသုတ်ထဲမှာ ပါပါတယ်။ ဒါပေမဲ့ ဒါက အပေါ်ယံသာဖြစ်ပြီး၊ ငါ့ရဲ့ နှလုံးသားကတော့ နှင်းမုန်တိုင်းနဲ့ အမြဲတမ်း ရှိနေတာပါ။ ငါရဲ့ မဟာကျိုး အင်ပါယာကို ဝင်ရောက်ခြင်းကလည်း အနာဂတ်မှာ တိုင်းပြည်အတွက် အကျိုးပိုဆောင်နိုင်ဖို့ လုပ်ခဲ့ရတာပါ"

ဝမ်ကျန်းနန်သည် အာဝဇ္ဇန်း ရှင်ရှင်ဖြင့် ဆက်ပြောလိုက်သည်။ "ငါက တကယ်ကို မထင်ထားခဲ့ဘူး။ နှင်းမုန်တိုင်း နိုင်ငံက လုံးဝကို ပျက်စီးသွားခဲ့တယ်။ ငါကလည်း မဟာကျိုး အင်ပါယာမှာ ဆက်ပြီး တာဝန် မထမ်းဆောင်နိုင်တော့၊ မဟာချင် အင်ပါယာဘက်ကို ပြောင်းခဲ့တာပဲ"

"မဟာကျိုး အင်ပါယာက အင်အားကြီးလွန်းတယ်၊ ဒါက မငြင်းနိုင်တဲ့ အချက်တစ်ခုပဲ။ တကယ်လို့ ငါက နှင်းမုန်တိုင်းအတွက် လက်စားချေချင်ပြီး၊

ပြန်လည်ထူထောင်ချင်ရင်၊ နောက်ထပ် အင်အားစုတစ်ခုကို အားကိုးရမယ်။ မဟာချင် အင်ပါယာက ဒီလိုမျိုး လုပ်နိုင်တဲ့ အင်အားစု တစ်ခုပဲ"

ယွဲ့ဟုန်ယန်သည် တိတ်ဆိတ်နေမြဲ ဖြစ်သည်။ သူမက ဘဝင်ကျနေခဲ့တယ်လို့ ထင်ပြီး၊ ဝမ်ကျန်းနန်သည် ပူနေတုံး သံကို ပုံသွင်းလေ၏။ "ဟုန်ယန်၊ အနားမှာ အခွင့်အရေးကောင်း တစ်ခုက ရောက်နေပြီ။ ချုံးယွင်မင်းသားက အနာဂတ်မှာ မဟာချင် အင်ပါယာမှာ နန်းတက်နိုင်မှာ ဖြစ်ပြီး၊ သူ့ရဲ့

အကူအညီနဲ့ဆိုရင် တိုင်းပြည်ကို ပြန်လည်တည်ထောင်ဖို့ ဖြစ်နိုင်တယ်"

ယွဲ့ဟုန်ယန်က သူ့ကို အေးစက်စွာနှင့် ဖြတ်ပြောလိုက်သည်။ "သူက ကျွန်မတို့ကို ဘာဖြစ်လို့ ကူညီမှာလဲ?"

ဝန်ကျန်းနန်က ရယ်လိုက်ကာ ပြန်ဖြေလိုက်သည်။ "ဟုန်ယန်၊ ဒါက နင့်ရဲ့ ကံကောင်းခြင်း အခွင့်အရေးလို့ပဲ ပြောရမှာပဲ။ ချုံးယွင်မင်းသားက နင့်ကိုတွေ့တုံးက သဘောကျသွားပြီး လက်ဆက်ချင်နေတယ်။

သူ့ဆီမှာက အဓိက မိဘုရား ရှိနေခဲ့ပြီးပေမဲ့၊
မိဘုရားငယ် ရာထူးက လွတ်နေသေးတယ်..."

ယွဲ့ဟုန်ယန်က ရုတ်တရက်ပဲ
လျှို့ဝှက်ဆန်းကြယ်သော လေသံဖြင့်
ရယ်လိုက်၏။

ဝမ်ကျန်းနန်၏ မျက်နှာပေါ်မှ အပြုံးသည်
ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့သည်။
ယွဲ့ဟုန်ယန်၏ ရယ်သံသည်
ပျော်ရွှင်မြူးတူးသည့် ရယ်သံမဟုတ်ပဲ၊
ခါးသီး၍ နာကျည်းစွာ ရယ်သော
ရယ်သံဖြစ်၏။

ယွဲ့ဟုန်ယန်သည် ရုတ်တရက် အရယ်ရပ်လိုက်ကာ ဝမ်ကျန်းနန်အား ခံပြင်းစွာကြည့်၍ ပြောလိုက်သည်။ သူမ၏ လေသံမှာ တည်ငြိမ်နေသော်လည်း၊ ကြောက်မက်ဖွယ်ကောင်းအောင် ခံစားချက် ကင်းမဲ့နေလေ၏။ "ဝမ်ကျန်းနန်၊ ကျွန်မက ရှင့်ဆရာရဲ့ ကမ်းလှမ်းချက်ကို အသိအမှတ်ပြုပေမဲ့၊ ကျွန်မက မတန်ပါဘူး"

"ရှင်တို့အုပ်စုက အရှုပ်တွေလုပ်ပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ကျွန်မရဲ့ ဆရာကို အနှောက်အယှက်တွေ

ပေးချင်နေကြတယ်ပေါ့၊ ဟုတ်လား?" ယွဲ့ဟုန်ယန်က သူမ၏ခေါင်းကို မော့လိုက်ကာ၊ ကြယ်စုံနေသော ကောင်းကင်ယံကိုကြည့်ကာ ပြောလိုက်သည်။ "အတိတ်က ကိုယ့်နိုင်ငံရဲ့ သူတွေကို ပြန်တွေ့ရတာ ပျော်ရွှင်စရာကောင်းတဲ့ အဖြစ်အပျက် ဖြစ်တယ်။ ဒါပေမဲ့ ဒီလိုမျိုး လူစိမ်းတစ်ယောက်နဲ့ ရာဇဝတ်သား တစ်ယောက်ကို တွေ့ရလိမ့်မယ်လို့ မမျှော်လင့်မိဘူး!"

"ငရဲပြည်မှာပဲ သွားလိမ်" ယွဲ့ဟုန်ယန်က ဆက်ပြောလိုက်သည်။ "ဝမ်ကျန်းနန်၊

ချက်ချင်း ကျွန်မရဲ့ အရှေ့က ထွက်သွားပါ။ ကျွန်မက ဒီကနေ့ ဖြစ်ခဲ့သမျှတွေကို မေ့လိုက်ပြီး ရှင့်ကို လွှတ်ပေးလိုက်မယ်။ ဒါက ကျွန်မတို့က ရှင်းယွင်တောင်ထိပ်ပေါ်မှာ ရောက်နေတာကြောင့်သာ ဖြစ်ပြီး၊ ရှင့်ကို အရင်က သိခဲ့ဖူးလို့ မဟုတ်ဘူး"

ဝမ်ကျန်းနန်၏ အမူအရာမှာ ပျက်သွားခဲ့ပြီး၊ "ဟုန်ယန်၊ မင်း.. မင်း..."

ယွဲ့ဟုန်ယန်က သူမ၏ စကားများကို ထပ်ပြောလိုက်၏။ "ကျေးဇူးပြုပြီး ကျွန်မရဲ့ အရှေ့ကနေ ထွက်သွားပါရှင်"

"ယွဲ့ဟုန်ယန်၊ မင်းက ကိုယ့်အတွက်
ဘာကောင်းသလဲ ဆိုတာကို မသိဘူး"
ဝမ်ကျန်းနန်၏ မျက်နှာပေါ်တွင် ဒေါသ
အရိပ်အယောင်များ ပေါ်လာခဲ့သည်။
အခြေခံအုတ်မြစ် အဆင့်လည်းဖြစ်၊
အတိတ်က တပည့်ဟောင်းလည်းဖြစ်ခဲ့သူက၊
အတိတ်က အားကျရသူလည်းဖြစ်၊
ရွှေရောင်ဗဟိုချက် အဆင့်ကလည်း ဖြစ်သော
ကျင့်ကြံသူ တစ်ယောက်ကို မရိုမသေ
ဆက်ဆံခဲ့ခြင်းက၊ ဝမ်ကျန်းနန်ကို ဒေါသအိုး
ပေါက်ကွဲစေခဲ့သည်။

သူသည် ချုံးယွင်မင်းသား၏ အားကိုရသော
တပည့်တစ်ယောက် မဟုတ်ချေ။
ထို့ကြောင့်သူသည် ယွဲ့ဟုန်ယန်နှင့်
ဆက်သွယ်မှု ပြုလုပ်၍
အမှတ်ကောင်းကောင်းရရန်
ကြံစည်နေခြင်းဖြစ်သည်။ ယွဲ့ဟုန်ယန်က
သူ့ကို မလေးစားရုံတင် မကပဲ၊ အရှက်တောင်
ခွဲလိမ့်မည်ဟု နည်းနည်းလေးမှ
ထင်မထားခဲ့ပေ။

သူမသည် ဟန်ပန်အမူအရာ ကင်းမဲ့စွာနှင့်
စကားတစ်ခွန်းကိုသာ ထပ်ပြောခဲ့သည်။
"ကျွန်မရဲ့ အရှေ့က ထွက်သွား"

ဝမ်ကျန်းနန်က ယွဲ့ဟုန်ယန်ကို အတော်ကြာအောင် မျက်နှာမလွှဲပဲ စိုက်ကြည့်နေခဲ့သည်။ အကြာကြီး နေပြီးမှ၊ သူ၏ဒေါသများကို ချုပ်တည်းလိုက်ကာ စိတ်ရှည်စွာနှင့် ယွဲ့ဟုန်ယန်ကို ပြောလိုက်သည်။ "ဒီကနေ့ အဖြစ်အပျက်တွေကို ပြန်တွေးကြည့်ပေါ့။ ငါ့ကို သတိမပေးဘူးလို့တော့ မပြစ်မတင်နဲ့၊ ချုံးယွင်မင်းသားက နင့်ကို အကြာကြီး စောင့်မှာ မဟုတ်ဘူး"

"ထွက်သွားစမ်း!" ယွဲ့ဟုန်ယန်က ဒေါသနှင့် စိုက်ကြည့်နေခဲ့ပြီး၊ သူမ၏ မျက်လုံးမှ မီးတောက်တွေ ထွက်လာခဲ့သည်။

"မင်း…" ဝမ်ကျန်းနန်က သူ၏ အင်္ကျီလက်စကို ဒေါသတကြီးနှင့် ခါယမ်းလိုက်ကာ၊ အရှက်တကွဲနှင့် ပြန်သွားခဲ့သည်။

ယွဲ့ဟုန်ယန်သည် ဝမ်ကျန်းနန်၏ အရိပ်ကို စိုက်ကြည့်နေခဲ့သည်။ သူမ၏ လက်သီးများကို တင်းတင်းဆုပ်ထားခဲ့ကာ၊ အချိန်အတော်ကြီးကြာမှ အသက်ပြန်ရှူခဲ့ကာ

တီးတိုးရေရွတ်လိုက်သည်။ "ဆရာ၊ ကျွန်မသူ့ကို သတ်ချင်တယ်"

လင်းဖုန်းက သူမ၏ အနောက်မှ အရိပ်ထဲကနေ ထွက်လာခဲ့ကာ ပြောလိုက်သည်။ "စိတ်မပူနဲ့၊ မင်းရဲ့ အခွင့်အရေးက ရောက်လာမှာပါ"

သူက ယွဲ့ဟုန်ယန်ကို စိုက်ကြည့်လိုက်ကာ မေးလိုက်သည်။ "မင်းကပိုပြီးတော့ စိတ်တိုတာလား၊ စိတ်ပျက်တာလား?"

ယွဲ့ဟုန်ယန်က နှုတ်ခမ်းကို မဲ့လိုက်ကာ သက်ပြင်းချလိုက်သည်။ "ကျွန်မက ပိုပြီးတော့ စိတ်ပျက်တာ"

လင်းဖုန်းက ပြုံးလိုက်သည်။ "ကဲ၊ ပြန်ပြီးတော့ အနားယူကြစို့" သူ၏ နှုတ်ခမ်းထောင့်စွန်းများသည် အပြုံးအဖြစ်သို့ တွန့်သွားခဲ့ပြီး၊ "မနက်ဖြန်ဆိုရင်တော့ ပွဲက ကြည့်ကောင်းတော့မယ်"

လင်းဖုန်း ခန့်မှန်းထားသည့် အတိုင်း၊ နောက်တစ်ရက်သည် စိတ်လှုပ်ရှားစရာ ကောင်းလာသည်။

ရှောင်ပုတန်လေးနှင့် ထွမ်းထွမ်းတို့သည် အချင်းချင်း စကားများနေကြ၏။

"နင်က ဒီနေရာမှာ အနီရောင်ငှက်တောင်ကြိုးကြာတွေရှိတယ်လို့ ပြောထားတယ်မလား? ဘာဖြစ်လို့ တစ်ကောင်မှ မတွေ့သေးတာလဲ?" ရှောင်ပုတန်လေးက မြွေသားကို မီးကင်နေရင်း အတွန့်တက်လိုက်၏။ ထိုမြွေသားမှာ အစောက ဖမ်းမိထားသည့် အပြာရောင်တိမ်တိုက် ဦးချိုမြွေဖြစ်သည်။

ထွမ်းထွမ်းက နှုတ်ခမ်းစူလိုက်ပြီး ပြန်ဖြေလိုက်သည်။ "ငါက အပြင်ကနေ ဖမ်းမိခဲ့တာ။ ရှင်းယွင်တောင်ထိပ်မှာက အနီရောင်ငှက်တောင် ကြိုးကြာတွေကို မွေးတဲ့ ခြံသက်သက်ရှိတာ။ ဒီတောင်က ဒီလောက်ကျယ်တယ်ဆိုတော့၊ ငါက သူတို့ဘယ်မှာရှိလဲ ဆိုတာကို ဘယ်သိမှာလဲ?"

သူမက သစ်ကိုင်းတစ်ကိုင်းကို ယူကာ မြွေသားကို တံစို့ထိုးလိုက်ရင်း ပြောလိုက်သည်။ "ရှင်တို့ အစားစားတဲ့ ပုံစံက အလုပ်ရှုပ်လွန်းတယ်။ ကျွန်မဆိုရင် အကုန်လုံး တစ်ခါတည်း မျိုချလိုက်တော့

အေးတာပဲ" ထွမ်းထွမ်းက
ညည်းတွားရေရွတ်နေ၏။

"ဒါက မင်းဟာ တုံးအပြီး အစားကို အရသာ
မခံတတ်လို့ပဲ။ မင်းကပိုစားလေလေ၊
အစားကောင်းတွေက အလဟာသ
ပိုဖြစ်လေလေပဲ" ရှောင်ပုတန်လေးဟာ
သူ၏ခေါင်းကို မဖော်ပဲနဲ့ ဝေဖန်လိုက်၏။
သူကိုင်ထားသော မြွေသားက ကျက်သည်နှင့်
တပြိုင်နက် သူက လင်းဖုန်းဘက်ကို
ထိုးပေးလိုက်သည်။ "ဆရာခင်ဗျ၊
အရင်မြည်းကြည့်ပါဦး"

လင်းဖုန်းက သူ့ကို စိုက်ကြည့်လိုက်ပြီး ပြုံးလိုက်၏။ "အာ? ဘယ်အချိန်တုံးကစပြီး မင်းကဒီလောက် သိတတ်သွားရတာလဲ? မင်းက အရင်က အမြဲတမ်း ကိုယ့်ဗိုက်ကိုပဲ ဂရုစိုက်နေခဲ့တာ မဟုတ်ဘူးလား?"

ရှောင်ပုတန်လေး၏ မျက်နှာအရေခွံမှာ တကယ့်ကို ထူလှ၏။ သူ့ဆရာ၏ စကားများကို ကြားပြီးနောက်တွင် စပ်ဖြဲဖြဲနှင့် ရယ်လိုက်ကာ ပြန်ဖြေလိုက်သည်။ "ကျွန်တော် အရင်တုံးက ရခဲ့တာတွေက စားမကောင်းဘူးလေ။ အခု အပြာရောင်တိမ်တိုက် ဦးချိုမြွေက

တကယ်ကောင်းတယ်ဗျ၊ အနံ့က
မွှေးနေတာပဲ"

လင်းဖုန်းက အသားကင် တံစို့ကို ယူလိုက်ကာ
ရယ်လိုက်သည်။ "ကောင်းပြီ၊ ကောင်းပြီ၊
မင်းက ဘာလိုချင်နေလို့လဲ? ငါ့ကိုပြောပါဦး"

"ဟဲဟဲ၊ ဆရာက ကျွန်တော့်အကြောင်း
အတော်သိတာပဲ" ရှောင်ပုတန်လေးက
သူ၏ခေါင်းကို ကုတ်လိုက်သည်။ "ဆရာ၊
ကျွန်တော့်ကို အနီရောင်ငှက်တောင်
ကြိုးကြာတွေ ဘယ်မှာရှိသလဲ ဆိုတာကို၊
အလင်းခါးမြန်ဂိုဏ်းကို မေးပေးပါလား?"

လင်းဖုန်းက ပြန်ဖြေလိုက်သည်။ "မင်းက ကိုယ့်ကိုယ်မေးလို့ မရဘူးလား?"

"ကျွန်တော်က မေးပြီးပြီ" ရှောင်ပုတန်လေးသည် အနည်းငယ် ငြိမ်သွားခဲ့ကာ ထွမ်းထွမ်းအား မျက်စောင်းထိုးလိုက်သည်။ "ဒါပေမဲ့ ဟိုလူက သူမကို တွေ့ပြီးတော့ ထွက်ပြေးသွားတယ်။ သူမက အစားပုတ်ဆိုတာကို အကုန်လုံးက သိနေကြတော့၊ ကျွန်တော့်ကို အနီရောင်ငှက်တောင် ကြိုးကြာတွေ ဘယ်မှာရှိလဲ ဆိုတာကို မပြောပြချင်ကြဘူး"

သူပြောတာကို ကြားလိုက်သောအခါ ထွမ်းထွမ်းသည် နှုတ်ခမ်းလေးကို စူလိုက်သော်လည်း ဘာကိုမှ မပြောခဲ့ချေ။ ကြည့်ရတာ သူမလည်း စိတ်မကောင်း အတော်ဖြစ်နေဟန်တူသည်။

"ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကိုယ် လည်လှပြီထင်ပြီး၊ သူတို့က အနီရောင်ငှက်တောင် ကြိုးကြာတွေကို သွားစစ်ဆေးမယ်လို့ထင်ပြီး သူတို့ရဲ့ အနောက်ကို လိုက်သွားသေးတယ်။ ကြည့်ရတာ သူတို့က ဒီကြိုးကြာတွေရဲ့

နေရာကိုတောင် ပြောင်းလိုက်သေးတယ်
ထင်တယ်"

ရှောင်ပုတန်လေးသည် ရင်ကွဲပက်လက်
ဖြစ်နေ၏။ "အလင်းခေးမြန်ဂိုဏ်းက
လူတွေက ကျွန်တော့်ထက် ပိုနပ်တာကို
မသိခဲ့ဘူး။ ကျွန်တော်က အဲ့ဒီနေရာမှာ
အကြာကြီး ပုန်းပြီးတော့ စောင့်နေသေးတယ်။
ဒါပေမဲ့ သူတို့က အနီရောင်ငှက်တောင်
ကြိုးကြာကို ဘယ်နေရာမှာ
ဝှက်ထားသလဲဆိုတာကို မသိခဲ့ဘူး"

သူ၏ဘေးတွင် ရှောင်ယန်၊ ယွဲ့ဟုန်ယန်နှင့် မဟူရာနဂါး ကျဲယုတို့မှာ ဗိုက်ကိုနှိပ်၍ ရယ်နေကြ၏။

ရှောင်ယန်က ရှောင်ပုတန်လေး၏ ပုခုံးကို ပုတ်လိုက်ကာ ပြောလိုက်သည်။
"မှင်စာကလေး၊ မင်းက အစာနဲ့ ပတ်သတ်လာမှပဲ လည်လာတော့တယ်"

ယွဲ့ဟုန်ယန်က လင်းဖုန်းကို ကြည့်လိုက်ကာ၊ "မင်းတို့ကောင်လေးတွေက မအောင်မမြင် ဖြစ်လာခဲ့ပြီးမှ၊ ဆရာ့ကို

ထပ်မေးခိုင်းတာတော့
မကောင်းဘူးထင်တယ်"

"စီနီယာယွဲ့၊ ဒီလိုပြောလို့ မရဘူးဗျ။ သူတို့က
ကျွန်တော့်ကို ကြိုးကြာတွေရဲ့ နေရာကို
မပြောပြပေမဲ့၊ ဆရာက မေးရင်တော့
ဆရာ့မျက်နှာကို ထောက်ပြီးမှ
ပြောပြရမှာပေါ့"

လင်းဖုန်းက အမှန်တကယ် မေးခဲ့လျှင်၊
အလင်းဓားမြန်ဂိုဏ်းက ပြောပြမည်ကို
သိနေသဖြင့် ယွဲ့ဟုန်ယန်သည်
ရယ်ရမ်းသွေးလိုက်သည်။ သို့သော်လည်း

ထိုကဲ့သို့ မေးလိုက်လျှင်၊ လင်းဖုန်းသည် ရှောင်ပုတန်လေးနှင့် တစ်ဆင့်တည်း ဖြစ်သွားမည် မဟုတ်ပါလော?

ရှောင်ပုတန်လေးကလည်း ထိုကဲ့သို့ နားလည်နေသဖြင့်၊ လင်းဖုန်းကို မေးခိုင်းရသည်ကို ကသိကအောက် အနည်းငယ် ဖြစ်နေ၏။

လင်းဖုန်းက ပြုံးလိုက်ကာ ရှောင်ပုတန်လေး၏ နဖူးကို ပုတ်လိုက်သည်။ "ငါကတော့ မေးမှာမဟုတ်ဘူး။ ဒါပေမဲ့ မပူပါနဲ့ကွာ၊

သိပ်မကြာခင်ပဲ သူတို့က
မင်းလိုချင်တာတွေကို လာပေးလိမ့်မယ်"

ရှောင်ပုတန်လေး၏ မျက်လုံးအစုံမှာ
တောက်ပလာခဲ့သည်။ ရုတ်တရက်ပဲ
အဆောင်အပြင်ကနေ အသံများကို
ကြားလိုက်ရသည်။

"ကျွန်တော်က အလင်းခေါးမြန်ဂိုဏ်းက
ကျောက်ယန်ပဲ ဖြစ်ပါတယ်။ ကျွန်တော်က
အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို လာလည်တာ
ဖြစ်ပါတယ်"

ရှောင်ယန်နှင့် အပေါင်းပါတို့က
တစ်ယောက်နှင့်တစ်ယောက်
ကြည့်လိုက်ကြကာ အတွေးရခက်သွားကြ၏။
အားလုံးက လင်းဖုန်းကို လှည့်ကြည့်လိုက်ရာ
လင်းဖုန်းက တည်ငြိမ်စွာနဲ့ ပြောလိုက်သည်။
"သူတို့က ရောက်လာပြီ မဟုတ်လား?"

"ဆရာ၊ သူကဘယ်သူလဲ?"
အလင်းခားမြန်ဂိုဏ်းသည် သူ့အား
အနီရောင်ငှက်တောင် ကြိုးကြာများကို
လောကွတ်ချော်၍ လာပို့မည်ဟု
ရှောင်ပုတန်က မယုံကြည်နေချေ။

ယွဲ့ဟုန်ယန်က သူမ၏
ဦးနှောက်မှတ်ဉာဏ်တို့ကို ခေတ္တခဏ
အလုပ်ပေးလိုက်သည်။ "ကျောက်ယန်ဆိုတဲ့
နာမည်ကို ကြားဖူးတယ်။ သူက
အလင်းဓားမြန်ဂိုဏ်းရဲ့
နောက်မျိုးဆက်သစ်ထဲက အထူးချွန်ဆုံး
ပါရမီရှင်လေးနဲ့တူတယ်။ သူက
အသက်တစ်ရာတောင် မပြည့်သေးပေမဲ့၊
ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်ကို
ရောက်နေပြီ"

"အားလုံးက သူ့ကို အသက်တစ်ရာ မပြည့်ခင်
အခြေတည် ဝိညာဉ် အဆင့်ကို

ရောက်လိမ့်မယ်လို့
ထင်ကြေးပေးထားကြတယ်။ သူက
နတ်ဘုရား နယ်မြေမှာ ဂုဏ်သတင်း
အသင့်အတင့် ရှိတယ်"

ရှောင်ယန်၏ မျက်လုံးအစုံမှာ
တောက်ပလာခဲ့ကာ လင်းဖုန်းကို
ကြည့်လိုက်သည်။ "ဆရာ၊ သူက ပြဿနာ
လာရှာတာများလား?"

လင်းဖုန်းက ရှောင်ယန်၏ ထင်မြင်ချက်ကို
ငြင်းပယ်လိုက်၏။ "အလင်းခေါ်းမြန်
ခေါ်းမာစတာက ဒီလိုမျိုး အလုပ်တွေကို

လုပ်မှာ မဟုတ်ဘူး။ ဒါက အခြေတည် ဝိညာဉ်
အဆင့်က ဂရန်းမာစတာတွေရဲ့
အကြံထင်တယ်"

ရှောင်ယန်က နှာခေါင်းရှုံ့လိုက်ကာ
ယွဲ့ဟုန်ယန်နှင့် ရှောင်ပုတန်ကို
ကြည့်လိုက်သည်။ "သူက
ရောက်နေပြီဆိုတော့၊
ကြိုဆိုလိုက်ကြရအောင်"

## စာစဉ် ၁၄ : အပိုင်း ၁၇

# အပိုင်း ၂၄၇ : တစ်ဦးတည်း အကြာကြီး ပြောနေခြင်း

လင်းဖုန်းသည် သူ၏ အဆောင်အတွင်း၌သာ ထိုင်နေခဲ့ကာ မလှုပ်ရှားခဲ့ချေ။ သို့သော်လည်း သူ၏ အာရုံတို့ကို ရှောင်ယန်တို့ဆီတွင် စူးစိုက်ထား၏။

စိတ်လှုပ်ရှားလွယ်သော်လည်း အမြဲတမ်း တည်ငြိမ်အေးဆေးနေတတ်သည့် ရှောင်ယန်ကို ကြည့်လိုက်ကာ သူ၏ ခံစားချက်များမှာ ပြင်းထန်လာခဲ့သည်။

သုံးနှစ်တိုင်တိုင် မဆုတ်မနစ်သော
ဖွဲ့လုံ့လတို့နှင့် သည်းခံစောင့်ဆိုင်းမှုတို့သည်
ယခု ရှင်းယွင်တောင်ထိပ်သို့ ခရီးအတွက်
မဟုတ်ပါလော။

ဒီတစ်ခေါက် တိုက်ပွဲသည် ရှောင်ယန်ကို
အောင်မြင်မှု လမ်းကြောင်းပေါ်ကို စတင်ကာ
ဒဏ္ဍာရီ ဖြစ်စေမည့် ခရီးလမ်း၏
အစဖြစ်သည်။

လင်းဖုန်းသည် အလင်းခားမြန်ဂိုဏ်း၏
ရည်ရွယ်ချက်ကို အတိအကျ သိနေခဲ့သည်။
သူတို့၏ အဓိကတိုက်ပွဲ မတိုင်ခင်၊

ရှောင်ယန်၏ စိတ်ခံစားချက်ကို သူတို့ဂိုဏ်း၏ ပါရမီရှင်များဖြင့် ရိုက်ချိုးချင်နေခြင်း ဖြစ်သည်။

သို့သော်လည်း လင်းဖုန်း၏ မျက်လုံးထဲတွင်၊ ထိုအရာသည် အချည်းနှီးဖြစ်၏။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့နှင့် အဆင့်တူသော အခြားမည်သူ့ကို မဆို ကျော်လွှားရန် ပြဿနာ မရှိချေ။ သူတို့သည် သက်သေပြထားပြီး ဖြစ်ကာ၊ အပိုကြွားပြောနေခြင်း မဟုတ်ချေ။

လင်းဖုန်းက အလင်းဓားမြန်ဂိုဏ်းမှ တပည့်များကို ကြည့်လိုက်ကာ သနားသော အပြုံးဖြင့် ပြုံးလိုက်သည်။ "ငါတို့က မင်းတို့ရဲ့ ယုံကြည်မှုတွေကို လုံးဝ မရိုက်ချိုးမိပါဘူးလို့ မျှော်လင့်ပါတယ်ကွာ"

ယနေ့ရှောင်ယန်သည် သူနှင့် မုယုံယန်ရန်တို့၏ အချိန်းအချက် တိုက်ပွဲကို မည်သူကမှ အနှောက်အယှက်ပေးခြင်း၊ နှောင့်နှေးအောင်လုပ်ခြင်းတို့ကို လက်ခံမည် မဟုတ်ချေ။

ချုံးယွင်မင်းသားလည်း အပါအဝင် ဖြစ်၏။

အဆင့်အတန်းနှင့် ဆိုရသော်၊ သူသည်
မဟာချင် အင်ပါယာ၏ အိမ်ရှေ့မင်းသား
ဖြစ်၏။ ကျင့်ကြံမှု အဆင့်နှင့် ဆိုရသော်၊
သူသည် အခြေတည် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူ ဖြစ်၏။ စွမ်းအားအနေနှင့်
ဆိုရသော်၊ သူတွင် အစောင့်အရှောက်အနေနှင့်
မှော်ရတနာ တစ်ပါးရှိ၏။

သို့သော်လည်း သူသည်ပင်လျှင် ဤတိုက်ပွဲကို
ရပ်တန့်နိုင်မည် မဟုတ်ချေ။ သူမည်သို့ပင်
ကြိုးစားကြိုးစား၊ အချည်းနှီးပင်
ဖြစ်ပေလိမ့်မည်။

ရှောင်ယန်၏ ရင်ထဲတွင် မည်ကဲ့သို့ တွေးနေမှန်းကို မသိသော်လည်း၊ လင်းဖုန်းသည် ရှောင်ယန်၏ နေရာမှ ရယ်စရာ အနေနှင့် တွေးနေမိသည်။

"ငါက ဒီအခွင့်အရေးကို သုံးနှစ်တိုင်တိုင် စောင့်နေရတယ်။ ဒါက ငါပိုတော်တယ်ဆိုတာကို ပြချင်လို့ မဟုတ်ပဲ၊ ငါဆုံးရှုံးခဲ့ရတဲ့ အရာကို ပြန်ယူချင်လို့ပဲ"

"ဒါက မင်းစိတ်ထဲက အတွေးနဲ့ နီးစပ်တယ် မဟုတ်လား?" ကျင့်ဝတ်သိက္ခာ ကင်းမဲ့သော

ဆရာသည် ရှောင်ယန်တို့ အုပ်စုက ကျောက်ယန်တို့ဆီကို သွားနေသည်ကို ကြည့်လိုက်ရင်း တွေးနေခဲ့သည်။

ကျောက်ယန်၏ အနောက်တွင် အလင်းခေးမြန်ဂိုဏ်းမှ ခေးကျင့်ကြံသူ အများအပြားတို့ ရပ်နေကြ၏။ သူတို့သည် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူများ ဖြစ်ကြကာ၊ သူတို့၏ ဆေးလုံးများမှာ ခရမ်းရောင်အဆင့်အတန်း ဖြစ်ကြပြီး သူတို့၏ အသက်များမှာလည်း ငယ်ကြသေး၏။

ထိုသူတို့မှာ အလင်းခေါမြန်ဂိုဏ်း၏
အထူးချွန်ဆုံး လူငယ်ခြေတက်များ
ဖြစ်ကြပေမည်။

အကယ်၍ မမျှော်လင့်သော အဖြစ်အပျက်များ
မဖြစ်ခဲ့လျှင်၊ မုယုံယန်ရန်သည် အနာဂတ်တွင်
သူတို့၏ ခြေရာကို နင်းနိုင်မည်ဖြစ်သည်။
ထို့ကြောင့်လည်း အလင်းခေါမြန်ဂိုဏ်းက
သူမကို အလေးထားနေရခြင်း ဖြစ်သည်။

ယခုကဲ့သို့ ပင်ကိုစွမ်းရည်နှင့်
အလားအလာများရှိသော တပည့်များသည်
ယခုအချိန်တွင် ဂိုဏ်း၏ အခြေခံ အုတ်မြစ်များ

ဖြစ်သလို၊ အနာဂတ်၏
ထောက်တိုင်များလည်း ဖြစ်သည်။

ထိုတပည့်များ ထုတ်လွှတ်နေသော
အော်ရာများသည် သာမန်
ခေးကျင့်ကြံသူများ၏ အော်ရာများနှင့်
မတူပေ။ သာမန်သူတို့၏ အော်ရာများမှာ
ခက်ထန်၍ စူးရှသော အလင်းတန်းနှင့် တူကာ၊
သူတို့မှာကား ကြည့်နေသူတို့ကို
ရှုပ်ထွေးစေသည့် လွင့်မျောနေသော
တိမ်တိုက်တို့နှင့် တူသော အနှစ်သာရတို့ကို
ပိုင်ဆိုင်ထား၏။

သူသည် ရှောင်ယန်နှင့် ရှောင်ပုတန်တို့၏ စွမ်းရည်များကို သာမန်အတိုင်း တွက်ဆ၍ မရခြင်းကို သိခဲ့သော်လည်း၊ ကျောက်ယန်သည် သူတို့နှင့် ရင်ဆိုင်ရာတွင် တည်ငြိမ်အေးဆေးနေခဲ့သည်။ သူ၏ ယုံကြည်မှုမှာ အလင်းခေးမြန်ဂိုဏ်း၏ ကြယ်ပွင့်တပည့် ဖြစ်ခြင်းနှင့် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်သို့ ရောက်နေခဲ့ခြင်းကြောင့် ဖြစ်သည်။ သူသည် အခြေတည်ဝိညာဥ် အဆင့်သို ရောက်ခါစ ဂရန်းမာစတာတို့နှင့် ကောင်းကောင်းကြီး ယှဥ်ပြိုင်နိုင်လေသည်။

"ကျုပ်ဟာ ကျောက်ယန်ဖြစ်ပြီး၊ အလင်းခေါးမြန်ဂိုဏ်းကိုယ်စား နှုတ်ဆက်ပါတယ်" ကျောက်ယန်က ပြုံးလိုက်ကာ လင်းဖုန်းရှိရာ အဆောင်သို့ ဦးညွှတ်လိုက်သည်။ "မင်္ဂလာပါ၊ မာစတာလင်း။ ကျွန်တော်က မာစတာလင်းကို အနှောက်အယှက် မပေးချင်ပါဘူး။ အခုလာခဲ့ရခြင်းဟာ မာစတာလင်းရဲ့ တပည့်တွေနဲ့ တာအိုနည်းစနစ်တွေ ဖလှယ်ဖို့ ဖြစ်ပါတယ်။ စိတ်မရှိဘူးလို့ ယူဆပါတယ်"

လင်းဖုန်းသည် ငြိမ်သက်နေခဲ့ပြီး၊ မီးစိမ်းပြလိုက်သည်ဟု ယူဆရ၏။

ရှောင်ယန်၊ ရှောင်ပုတန်နှင့် ကျန်သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကာ၊ သူတို့၏ မျက်နှာတွင် ထူးခြားသော အပြုံးများ ပေါ်လာကြသည်။

သူတို့ သိထားခဲ့ရသမျှ ဆိုလျှင်၊ ကျောက်ယန်သည် အသက်တစ်ရာ ပြည့်တော့မှာဖြစ်ပြီး အလင်းဓားမြန်ဂိုဏ်း၏ လက်အောက်တွင် ကျင့်ကြံနေသည်မှာ နှစ်ပေါင်း မနည်းတော့ချေ။ ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူတစ်ယောက်

အနေနှင့်၊ ရှောင်ယန်တို့ကို ဂျူနီယာများဟု ခေါ်သည်မှာ မမှားသော်လည်း သူတို့အနေနှင့် ကြားရသည်မှာ နားခါးလှပေသည်။

ရှောင်ယန်က ဘွင်းဘွင်းသာ ပြန်ပြောလိုက်သည်။ "ခင်ဗျားက ဘယ်လိုဆွေးနွေးချင်တာလဲ? ကျင့်ကြံသူကျောက်"

ရှောင်ယန်၏ အသုံးအနှုန်းကို ကြားလိုက်ရပြီးနောက်၊ ကျောက်ယန်၏ မျက်လုံးများမှာ ကျဥ်းမြောင်းသွားခဲ့သည်။ သူ၏ မျက်နှာပေါ်မှ အပြုံးကို မပျက်အောင်

ထိန်းထားခဲ့သော်လည်း၊ သူ၏ လေသံမှာမူ ဖော်ရွေမှု လျော့နည်းသွား၏။ "ကျုပ်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေကို အဆင့်တူတဲ့ သူတွေက အနိုင်မယူနိုင်ဘူးလို့ ကြားထားတယ်။ ဒီစကားက ဘယ်လောက်မှန်သလဲ ဆိုတာကို ကျုပ်ကသိချင်နေတယ်"

"ကျုပ်မှတ်ထားတာက မမှားဘူးဆိုရင်၊ ဂျူနီယာရှောင်က မာစတာလင်းရဲ့ တပည့်ကြီးမလား? အလင်းခေါ်မြန်ဂိုဏ်းရဲ့ အဓိကတပည့် အနေနဲ့ ကျုပ်က မင်းဆီက သင်ယူချင်ပါတယ်"

သူ၏စကားဆုံးသည်နှင့် ကျောက်ယန်၏
သဘောထားကလည်း
စတင်ပြောင်းလဲလာ၏။ မူလက
လွှင့်မျောနေသော
တိမ်တိုက်တို့နှင့်တူနေသော အော်ရာတို့သည်၊
ဓားအိမ်မှ ထုတ်လိုက်သော ဓားတစ်ချောင်းနှင့်
တူလာခဲ့သည်။
အခြားဓားကျင့်ကြံသူများထက် ပိုသာသော၊
မယုံနိုင်လောက်အောင် တောက်ပသော
အော်ရာဖြစ်သည်။

ကျောက်ယန်၏နောက်မှ
အလင်းခေးမြန်ဂိုဏ်းမှ တပည့်တို့သည်
ပွဲကောင်းကြည့်ရတော့မည်ဟု သိနေသကဲ့သို့
ရွှင်လန်းစွာနှင့် ပြုံးနေကြသည်။ သူတို့သည်
ရွှေ့လျားနေသော တိမ်တိုက်များ၊
အုံ့ဆိုင်းနေသော မြူခိုးငွေ့များအလား
ဖြစ်နေကြသည်။

ရှောင်ယန်က နှာခေါင်းရှုံ့လိုက်ကာ ဘာမှ
ပြန်မဖြေခဲ့ချေ။ ရှောင်ပုတန်က ခြေတစ်လှမ်း
တက်လိုက်ကာ ခက်ထန်လွှမ်းမိုးနိုင်သော
မှော်စွမ်းအင် စီးကြောင်းတစ်ခုကို

ထုတ်လွှတ်လိုက်ပြီး၊ ကျောက်ယန်၏
ခေါင်းချီလမ်းကြောင်းကို ပိတ်ဆို့လိုက်သည်။

ကျောက်ယန်က ရှောင်ပုတန်လေးကို
စိုက်ကြည့်လိုက်သည်။ ရှောင်ပုတန်လေးက
အပြစ်ကင်းစင်သော ကလေးလေးပုံစံမျိုးဖြင့်
ပြန်ကြည့်လိုက်ကာ ပြောလိုက်သည်။
"ကျောက်ယန်၊ ခင်ဗျားက ကျုပ်တို့က
အဆင့်တူရင် မရှုံးနိုင်ဘူး ဆိုတဲ့ သီအိုရီကို
စစ်ဆေးကြည့်ချင်နေတာလား? ကျုပ်နဲ့လည်း
စမ်းလို့ရပါတယ်"

သူကရယ်လိုက်ပြီး ဆက်ပြောလိုက်သည်။ "အိုး၊ ဒါနဲ့ ကျွန်တော်က တစ်ခုပြောဖို့ မေ့နေတယ်။ ဆရာ့ရဲ့ တပည့်တွေထဲမှာ ကျွန်တော်က အသက်အငယ်ဆုံးဗျ"

ကျောက်ယန်၏ မျက်နှာပေါ်မှ အပြုံးသည် ချက်ချင်းပျောက်ကွယ်သွား၏။ သူသည် ရှောင်ပုတန်လေး၏ စိန်ခေါ်မှုကို ပယ်ချရန် မဖြစ်နိုင်ချေ။ ရှောင်ပုတန်လေးက ကောက်ကျစ်စွာ ပြုံးနေခဲ့သော်လည်း၊ သူ၏ ခက်ထန်လှသော မျော်စွမ်းအင်တို့သည် ကျောက်ယန်ကို ပိတ်ဆို့ထားဆဲ ဖြစ်သည်။

"ငါကလည်း မင်းက ရှောင်ယန်အစား ရှေ့တက်လာမယ်လို့ တွက်ပြီးသားပဲ။ ဒါကြောင့်မို့ ငါက လူတွေ အများကြီး ခေါ်လာတာပေါ့" ကျောက်ယန်က သူ့ကိုယ်သူ တွေးလိုက်သည်။ "ကောင်ကလေး၊ ဒီကနေ့မှာ ငါက သင်ခန်းစာ ကောင်းကောင်းလေး ပေးလိုက်မယ်။ ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ခြားနားပုံကို သိအောင် ပြပေးလိုက်မယ်"

ကျောက်ယန်က ဟန်ပန် အမူအရာ ကင်းမဲ့နေခဲ့ကာ တည်ငြိမ်သော လေသံဖြင့် ပြောလိုက်သည်။ "ဂျူနီယာ၊ ကျေးဇူးပြုပြီး သူ့ကို ကူညီလိုက်ပါ"

သူပြောလိုက်သော ဂျူနီယာမှာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်ရာ၊ ရှောင်ပုတန်လေးက အကျယ်ကြီး အော်လိုက်သည်။ "နေဦး!"

"ဘာလုပ်မလို့လဲ?" ကျောက်ယန်က အသက်ရှူအောင့်ကာ မေးလိုက်သည်။

ရှောင်ပုတန်လေးက ကျယ်လောင်စွာ ရယ်လိုက်သည်။ "လောင်းကြေးမပါတဲ့ တိုက်ပွဲက ဘာမှ အဓိပ္ပာယ် မရှိဘူး။ ဒီလိုလုပ်ပါလား၊ ကျွန်တော်က နိုင်မယ်ဆိုရင်၊

ခင်ဗျားတို့က ကျုပ်ကို အနီရောင်ငှက်တောင် ကြိုးကြာနှစ်ကောင် ပေးရမယ်၊ ပြီးတော့..."

ထွမ်းထွမ်းက ရုတ်တရက် သူ့ကို ကြားဖြတ်လိုက်ကာ၊ သူ့၏ အင်္ကျီလက်စကို ဆွဲလိုက်သည်။ ရှောင်ပုတန်လေးကလည်း သူမ၏ ဆိုလိုချက်ကို နားလည်လိုက်ကာ၊ ချက်ချင်းပင် လောင်းကြေးကို ပြောင်းလိုက်သည်။ "... ဆောရီးပါ၊ လေးကောင်! အနီရောင်ငှက်တောင် ကြိုးကြာ လေးကောင်"

သူ့ဂျူနီယာ တစ်ယောက်က
တောက်တီတစ်ကောင်ကို တွေ့တယ်လို့
တင်ပြထားတာကို အမှတ်ရလိုက်တော့၊
ကျောက်ယန်က ရယ်ချင်သွားခဲ့သည်။
"ဟုတ်ပြီလေ၊ မင်းနိုင်ရင်
အနီရောင်ငှက်တောင်
ကြိုးကြာလေးကောင်ရမယ်။ ဒါပေမဲ့
မင်းရှုံးသွားရင်ကော?"

"ဒါကတော့ မဖြစ်နိုင်ဘူး"
ရှောင်ပုတန်လေးက လုံးဝတွေဝေခြင်း မရှိပဲ
ပြန်ဖြေလိုက်ရာ၊ ကျောက်ယန်၏ မျက်နှာမှာ
ရှုံ့မဲ့သွားခဲ့သည်။

ရှောင်ပုတန်လေးက သူ့ကို ကြည့်လိုက်ကာ သူ၏ခေါင်းကို ခါလိုက်ပြီး၊ နှမြောတသစွာနှင့် ပြောလိုက်သည်။ "ထားလိုက်ပါတော့၊ ကျုပ်ရှုံးသွားရင် ဒါက ခင်ဗျားရဲ့ဟာပဲ" သူ၏လက်ကို ဝှေ့ယမ်းလိုက်ရာ၊ တံစို့ထိုးထားသော အပြာရောင်တိမ်တိုက် မြွေသားကင်တစ်ချောင်း ထွက်ပေါ်လာလေသည်။

ကျောက်ယန်ကလည်း ဆွံ့အသွားခဲ့သည်။ "ဒီကောင်စုတ်လေးနဲ့ စကားဆက်ပြောပြီး၊ အချိန်မဖြုန်းသင့်တော့ဘူး"

သူ၏ကျောနောက်တွင် ချိတ်ထားသော ဓားကိုပုတ်လိုက်ပြီး ဓားအိမ်အတွင်းမှ ထုတ်လိုက်၏။ တောက်ပလှစွာသော ရွှေရောင်အလင်းတန်း တစ်ခုသည် စူးရှလှစွာဖြင့်၊ ရှောင်ပုတန်လေးဆီကို မယုံနိုင်ဖွယ် အမြန်နှုန်းဖြင့် ခုတ်ချလိုက်လေသည်။

ရှောင်ပုတန်လေးသည် နေရာမှ မရွှေ့ပဲ၊ ထိုတိုက်ခိုက်မှုကို မရှောင်ရှားခဲ့ချေ။ သူ၏လက်ကို မြှောက်လိုက်၍ လူတိုင်း၏ နားစည်ကွဲလုမတတ် ကျယ်လောင်သော

အသံမျိုးနှင့်လျှပ်စီးမိုးကြိုးတို့ကို ထုတ်လွှတ်လိုက်သည်။

သူသည် ကျောက်ယန်၏ ခေးအလင်းတန်းကို ရင်ဆိုင်ရန်အတွက် မှော်ကျိန်စာကို မထုတ်ခဲ့သလို၊ မှော်အိုင်တမ်တို့ကိုလည်း မသုံးခဲ့ပေ။ သူ၏လက်သီးဖြင့်သာ ထိုးလိုက်ပြီး၊ သူ၏ရန်သူကို ရုပ်ကိုယ်ခန္ဓာ စွမ်းအားဖြင့်သာ ရင်ဆိုင်ခဲ့သည်။

အလင်းခေးမြန်ဂိုဏ်းမှ အခြေတည်ဝိညာဉ် အဆင့် ဂရန်းမာစတာ အချို့သည် ဤတိုက်ပွဲကို လျှို့ဝှက်စွာ

အကဲခတ်နေကြသည်။ သူတို့က မျက်စိရှေ့မှ မြင်ကွင်းကို မြင်လိုက်ရသောအခါ၊ ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာက မျက်မှောင်ကြီးကို ကြုတ်လိုက်သည်။ "တော်တော် မောက်မာတဲ့ ကလေးလေးပါလား"

တစ်ဦးတည်းသော အမျိုးသမီး ဂရန်းမာစတာ၊ အနီရောင်တိမ်တိုက် ဂရန်းမာစတာက သူမ၏ခေါင်းကို ခါလိုက်ကာ ပြောလိုက်သည်။ "ဒါပေမဲ့ သူ့ရဲ့ အလားအလာနဲ့ မှော်စွမ်းအင် ရေအိုင်ကိုတော့ အသိအမှတ် ပြုရမှာပဲ။ သူက ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်မှာသာ

ရှိနေသေးပေမဲ့၊ နောက်ဆုံးအဆင့်ကို
ရောက်နေပြီဖြစ်တဲ့ ကျောက်ယန်နဲ့
ယှဉ်နိုင်တယ်။ အခုတော့
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာရဲ့
စကားကို ယုံသွားပြီ၊ ဒီကောင်ကလေးက
အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်က
ကျင့်ကြံသူတွေနဲ့
ယှဉ်ပြိုင်တိုက်ခိုက်နိုင်တာပဲ"

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာက
ခေါင်းညိတ်ကာ တုံ့ပြန်လိုက်သည်။ "ဒါပေမဲ့
သူက ကျောက်ယန်ကို ဘယ်လိုနည်းနဲ့မှ
မနိုင်နိုင်ပါဘူး"

အမှန်တကယ်လည်း ကျောက်ယန်ဟာ ဟိန်းဟောက်လိုက်ပြီး မှော်ကျိန်စာ တစ်ခုကို ဖန်ဆင်းလိုက်ရာ၊ သူ့၏ ဓားအလင်းတန်းမှာ စတင်ပြောင်းလဲသွားခဲ့သည်။

သူ၏ အဆောင်အတွင်းမှ ကြည့်နေခဲ့သော လင်းဖုန်းမှာ၊ ထိုပြောင်းလဲသွားခြင်းကို အပြည့်အဝ နားလည်ခဲ့သည်။ ကျောက်ယန်၏ ဓားအလင်းတန်းသည် ရှောင်ပုတန်လေးထံ လှစ်ကနဲ ပြေးဝင်သွားခြင်းကို ကြည့်လိုက်ကာ၊ သူ၏ အကြည့်များသည် ခေတ္တခဏ အေးခဲသွားခဲ့သည်။

ရှောင်ပုတန်လေးက
ထိုးဖောက်ဝင်ရောက်လာသော
အလင်းတန်းကို တွန်းဖယ်ရန် ကြိုးစားနေစဉ်
အတွင်းတွင်၊
ရွှေရောင်ဓားအလင်းတန်းလေးသည်
ရုတ်တရက် မီးခိုးရောင် မြူခိုးငွေ့များအဖြစ်
လွင့်ပြယ်သွားခဲ့ကာ၊ ရှောင်ပုတန်လေး၏
မိုးကြိုးလက်သီးကို လွယ်ကူစွာဖြင့်
ရှောင်ရှားနိုင်ခဲ့သည်။

ရှောင်တိမ်းမှု အပြီးတွင် မီးခိုးရောင်
မြူခိုးငွေ့သည် အဆက်မပြတ်
ပုံပြောင်းသွားခဲ့သည်။

မုန်တိုင်းအပြီးတွင် တည်ငြိမ်သွားကာ
နေမင်းက ပြန်လည်ထွက်လာသည့်အတိုင်း၊
မြူခိုးတိမ်တိုက်များ အတွင်းမှ အလင်းတန်း
ဖျော့ဖျော့လေး တစ်တန်းက
ထွက်လာခဲ့သည်။ ထိုအလင်းတန်းများသည်
ပို၍ပို၍ အားကောင်းလာကာ အရှေ့သို့
ဖြည်းဖြည်းချင်း တက်လာကြသည်။

နောက်ဆုံးတွင် ပုံရိပ်ယောင် ဘ၀မှ ရွှေရောင်ဓားအလင်းတန်း တစ်ခုသည် ပုံပေါ်လာခဲ့ပြီး၊ ရှောင်ပုတန်လေး၏ အဓိက သွေးကြောမှတ်များကို ဦးတည်တိုက်ခိုက်လိုက်သည်။

မြူခိုးတိမ်တိုက် ဘ၀မှ ဓားအလင်းတန်းသို့ ကူးပြောင်းသွားခြင်းသည် လွယ်ကူချောမွေ့လှ၏။ ကျောက်ယန်၏ စွမ်းရည်ပြသခြင်းမှာ တကယ်ကို ပြောင်မြောက်လှ၍၊ မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက ချီးကျူးလိုက်သည်။ "ဒါက ငါတို့ အလင်းဓားမြန်ဂိုဏ်းရဲ့ အထိမ်းအမှတ်

ခေါးနည်းစနစ်ဖြစ်တဲ့ အလင်းတိမ်တိုက်
ခေါးနည်းစနစ်ပဲ။ ကျောက်ယန်က
တစ်ရက်ထက်တစ်ရက် ပိုပြီးမှ
တိုးတက်လာခဲ့တာပဲ"

"ဟုတ်တယ်၊ တကယ်ကို
တိုးတက်လာခဲ့တယ်" ခရမ်းရောင်တိမ်တိုက်
မာစတာကလည်း ပြုံးရွှင်စွာနှင့်
ထောက်ခံလိုက်သည်။ သူပျော်နေသည်မှာ
မေးခွန်းထုတ်ဖွယ် မရှိချေ။

ကျောက်ယန်၏ ခေါးအလင်းတန်းနှင့်
တိမ်တိုက်မြူခိုးငွေ့တို့သည်

ကျင်လည်ပါးနပ်စွာနှင့် လျှင်မြန်စွာ ပြောင်းလဲနေကြကာ ရှောင်ပုတန်လေး၏ ခံစစ်တို့ကို ထိုးဖောက်နေကြ၏။ အပြင်မှ ကြည့်နေသူတို့အဖို့ သူသည် သနားစရာကောင်းသော ကောင်လေးကို ဆော့ကစားနေပုံ ပေါက်နေ၏။ အလင်းတိမ်တိုက် ဓားနည်းစနစ်၏ စွမ်းပကားသည် အလင်းဓားမြန်ဂိုဏ်း၏ အထိမ်းအမှတ် စွမ်းရည်ဖြစ်သည်နှင့် အားလျှော်စွာ၊ သူ၏ ဖျက်ဆီးနိုင်စွမ်းကို လျှော့တွက်၍မရချေ။

ဘေးကကြည့်နေသော လင်းဖုန်းမှာ
ထိုနည်းစနစ်၏ အထူး ဝိသေသ
လက္ခဏာများကို ရှာဖွေတွေ့ရှိခဲ့ပြီး ဖြစ်သည်။

အလင်းတိမ်တိုက် ဓားနည်းစနစ်သည်
အလင်းနှင့် အမှောင်တို့၏ ဖြတ်မှတ်အား
အစစ်အမှန် နားလည် သဘောပေါက်ခြင်းကို
အခြေခံထားခြင်း ဖြစ်၏။ သူ့ကို အခြေပြု၍
တိမ်တိုက်နှင့် အလင်းတန်းတို့ အကြားတွင်
အပြန်အလှန် အကျိုးပြုခြင်း ဖြစ်၏။

ကျင့်ကြံသူသည် သူ၏ကိုယ်ပိုင်
ဓားအလင်းတန်းကို ဖော်ဆောင်နိုင်မည်

ဖြစ်ပြီး၊ ဤနည်းစနစ်ဖြင့် သူ၏
ခေါင်းအလင်းတန်းသည် မြူခိုးတိမ်တိုက်
ခေါင်းစွမ်းအင် အဖြစ်သို့ အပြန်အလှန်
ပြောင်းလဲနိုင်ကာ၊ ပြိုင်ဘက်ကို
စိတ်ရှုပ်ထွေးစေနိုင်ခြင်း ဖြစ်သည်။

ထိုခေါင်းအလင်းတန်းသည် သန်မာ၍
ကြံ့ကြံ့ခံနိုင်စွမ်းရှိသည်။ သို့သော်လည်း
သူသည် ထုတ်လွှတ်ပြီးသည်နှင့်
မျဉ်းဖြောင့်အတိုင်းသွားကာ၊ ဦးတည်ချက်ကို
ပြောင်းလဲနိုင်ခြင်း မရှိချေ။
သာမန်ပုဂ္ဂိုလ်မျိုးသည် လျှင်မြန်သော
ခေါင်းချက်ကို ရှောင်တိမ်းနိုင်မည်

မဟုတ်သော်လည်း၊ ဒါသည် သူ၏
အားနည်းချက်ဖြစ်သည်။

ထိုဓားအလင်းတန်းနှင့် မြူခိုးတိမ်တိုက်
ဓားစွမ်းအင်တို့ အကြားဝယ် အပြန်အလှန်
ပြောင်းလဲ သုံးစွဲခြင်းအားဖြင့်၊ ဓားကျင့်ကြံသူ
တစ်ယောက်သည် အထက်တွင်
ဖော်ပြထားသော အားနည်းချက်ကို
ကုစားနိုင်ပေမည်။ သူထုတ်လွှတ်လိုက်သော
ဓားအလင်းတန်းသည်လည်း ပို၍
ခန့်မှန်းရခက်ကာ အန္တရာယ်
ပေးနိုင်ပေလိမ့်မည်။ လူအတော်များများသည်

ထိုနည်းဗျူဟာအောက်တွင် ကျရှုံးသွားကြမည် ဖြစ်သည်။

အလင်းနှင့် အမှောင်ကြားက အပြန်အလှန် အကျိုးပြုခြင်း - တိမ်တိုက်များသည် အမှောင်ကို ကိုယ်စားပြု၏။ ရန်သူတို့ကို လှည့်စားနိုင်ကာ ခေးအလင်းတန်း၏ လက်ရှိပုံစံကို ကွယ်ဝှက်ထားနိုင်၏။ ယခုပင် သူသည် သင့်ထံသို့ ရောက်လာတော့မည့် ထိုးဖောက်နိုင်သည့် ခေးအလင်းတန်း ဖြစ်နေနိုင်ကာ၊ သင်က ရှောင်ရှားရန် ကြံစည်လိုက်သည့် အခိုက်အတန့်တွင် သူသည် မြွေတစ်ကောင်ကဲ့သို့

တွန့်လိမ်လှုပ်ရှားနေသော မြူခိုးတိမ်တိုက် ခေါ်းစွမ်းအင် ဖြစ်သွားနိုင်ပေသည်။

လင်းဖုန်းက တိတ်တဆိတ်ပဲ အသိအမှတ် ပြုလိုက်သည်။ အလင်းခေါ်းမြန်ဂိုဏ်း၏ အထိမ်းအမှတ် နည်းစနစ်သည် လက်တွေ့ အသုံးဝင်ကာ ပရိယာယ်မာယာ များလှသည်။

'ဝက်ကိုကစား၍ ကျားကိုစားမည်' ဟူသော စကားကဲ့သို့ပင် ဖြစ်သည်။

ခေါ်းချီတစ်ခုကို ထုတ်လွှတ်လိုက်၍ သူ့တိုက်ခိုက်မှု၏ အမြန်နှုန်းနှင့် စွမ်းအားကို

ပြိုင်ဘက်အား စိတ်ရှုပ်ထွေးစေ၏။
လူသတ်အကွက်သည် ရန်သူ၏ အရှေ့သို့
ရောက်သည့် အခါမှပင်
ခက်ထန်ကြမ်းကြုတ်သော နည်းနာနိဿယ
အဖြစ်သို့ ပြောင်းသွားကာ၊ ရန်သူက ဘာကိုမှ
မတုံ့ပြန်နိုင်သေးခင်မှာ အလစ်အငိုက်
ထိုးဖောက်သတ်ဖြတ်ခြင်း ဖြစ်သည်။

အလင်းခေးမြန်ဂိုဏ်းမှ တပည့်အချို့သည်
မနည်းရုန်းကန်နေရသော ရှောင်ပုတန်လေးကို
ကြည့်လိုက်ကာ ရှောင်ယန်ကို စလိုက်ကြ၏။
"စီနီယာကျောက်က ခင်ဗျားရဲ့ ဂျူနီယာနဲ့
ကောင်းကောင်း ကစားနေတာပဲ။

ကျုပ်တို့ကလည်း နည်းနည်းပါးပါး
လေ့ကျင့်ကြရင် မကောင်းဘူးလား၊
ဂျူနီယာရှောင်?"

ရှောင်ယန်က နှာမှုတ်လိုက်သည်။
"ဘာတွေလောနေတာလဲ? တိုက်ပွဲက
မကြာခင် ပြီးတော့မှာပဲ"

ထိုသူမှာ သူ၏တုံ့ပြန်မှုကြောင့် အံ့သြသွား၏။
ခေါင်းကိုလှည့်၍ ကြည့်လိုက်ရာ၊
ကျောက်ယန်နှင့် ရှောင်ပုတန်တို့၏ တိုက်ပွဲမှာ
တစ်ခုခု ပြောင်းလဲသွားသည်ကို
တွေ့လိုက်ရလေတော့သည်။

## စာစဉ် ၁၄ : အပိုင်း ၁၈

## အပိုင်း ၂၄၈ : ထပ်မံစူးစမ်းခြင်း

ကျောက်ယန်သည် အလင်းတိမ်တိုက် ခားနည်းစနစ်ထဲမှ အကွက်တစ်ခုဖြစ်သော 'နေ့နှင့်ည တိမ်တိုက်တို့၏ ကခုန်ခြင်း'ကို အလွန်အမင်း ကျွမ်းကျင်ပိုင်နိုင်သူ ဖြစ်၏။ ကျောက်ယန်ကို နွားရိုင်းတိုက်ခိုက်သမားဟု တင်စားနိုင်၍၊ ရှောင်ပုတန်ကို နွားရိုင်းအဖြစ် သတ်မှတ်နိုင်သည်။ ကျောက်ယန်သည် ရှောင်ပုတန်လေးကို ကစားနေသည်မှာ

ငြင်းချက်ထုတ်ဖွယ် မရှိချေ။ ထိုကဲ့သို့သော
အဖြစ်မျိုးသည် ကျောက်ယန်အား
အလွန်အမင်း ကျေနပ်အားရစေသည်။

သို့သော်လည်း ရှောင်ပုတန်၏ အမူအရာ
လုံးဝကင်းမဲ့နေသော မျက်နှာသည် သူ့အား
အားမလို အားမရ ဖြစ်စေ၏။
ရှောင်ပုတန်လေး၏ ကလေးဆန်သော
မျက်နှာတွင် စိတ်ပျက် ဒေါသထွက်နေသော
အရိပ်အရောင်များ တစ်စွန်းတစ်စမျှ မရှိချေ။
အမှန်ပြောရလျှင် သူလုပ်နေသည်မှာ၊
ကျောက်ယန်၏ ခေါင်းအလင်းတန်းနှင့်
တိမ်တိုက်မြူခိုးငွေ့များ အကြား

ပြောင်းလဲနေခြင်းကို သူ၏
မျက်လုံးနက်ကြီးများဖြင့်
စိုက်ကြည့်နေခြင်းသာ ဖြစ်သည်။

သူ့ကိုကြည့်ရသည်မှာ ပျံဝဲနေသော
လိပ်ပြာလေးကို ဖမ်းရန် စောင့်ကြည့်နေသည့်
ပုံစံမျိုး ဖြစ်သည်။

ထိုကဲ့သို့ တွေ့ရှိရခြင်းသည် ကျောက်ယန်၏
ပျော်ရွှင်နေသော စိတ်ကို ဖျက်ဆီးပစ်ပြီး၊
ရှောင်ယန်ကိုလည်း မျက်နှာသာ ရစေ၏။

မှန်ပေသည်၊ ခဏအကြာတွင် ရှောင်ပုတန်လေးက ရယ်လိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။ "ကျွန်တော်က ခင်ဗျားနဲ့ ကစားလို့ဝသွားပြီ" သူက အားအပြည့်နှင့် လက်သီးတစ်ချက် ထိုးလိုက်ရာ၊ သူ၏ ခန္ဓာကိုယ်ကို ဗဟိုပြု၍ လျှပ်စီးလှိုင်းလုံးတို့မှာ မရပ်တန့်နိုင်သော ဒီရေလှိုင်းများကဲ့သို့ ပေါက်ကွဲထွက်လာခဲ့သည်။

ကျောက်ယန်၏ အမြဲမပြတ် ပြောင်းလဲနေသော ဓားအလင်းဓားများကိုမူ၊ ရှောင်ပုတန်လေးသည် အမှန်တကယ်တော့

ဖမ်းယူနိုင်သော စွမ်းအားရှိသော်လည်း
ကျောက်ယန်နှင့် ဆက်ကစားရန်
ပျင်းသွားပြီဖြစ်သည်။ သူ၏
စိတ်ပိုင်းဖြတ်မှုသည် တိုက်ရိုက်ဆန်လွန်းပြီး
အချိုးမကျ အဖြစ်ဆုံး ဖြစ်သော်လည်း၊
အထိအရောက်ဆုံး ဖြစ်၏။

ကျယ်ပြန့်သော နေရာတစ်ခုလုံးကို လွှမ်းခြုံ၍
တိုက်ခိုက်ခြင်းသည် မော်စွမ်းအင်
အမြောက်အမြားကို သုံးစွဲရသော်လည်း၊
ထိုတိုက်ခိုက်မှုကို ရှောင်ရှားရန်မှာမူ
မလွယ်ကူချေ။

ကျောက်ယန်၏ မျက်ခုံးတို့သည် တစ်လက်မလောက် မြင့်တက်သွားခဲ့ပြီး၊ ခပ်ပြတ်ပြတ် ပြောလိုက်သည်။ "မင်းကငါ့ကို မင်းလိုမျိုး ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူလို့ပဲ သဘောထားနေတာလား?"

သူက လက်သင်္ကေတ တစ်မျိုးပြောင်းလိုက်ရာ ပတ်ဝန်းကျင်မှ အလင်းတန်းနှင့် မြူခိုးငွေ့တို့သည် သူ၏ဓားအလင်းတန်းပေါ်တွင် စုစည်းသွားကြသည်။ သူ့ဓားအလင်းတန်း၏ စွမ်းပကားနှင့် ခွန်အားတို့မှာ အဆပေါင်းများစွာ ထိုးတက်လာခဲ့ကာ၊

အလင်းတန်းနှင့် မြူခိုးငွေ့တို့အကြားမှ
ပြောင်းလဲမှုတို့မှာ ဆက်ရှိနေဆဲဖြစ်သည်။

ခါးအလင်းတန်းသည် ထိုးတက်လာခဲ့ကာ၊
ရှောင်ပုတန်လေး၏ မိုးကြိုးပစ်ချက်များနှင့်
ရင်ဆိုင်လိုက်သည်။ အင်အားနှစ်ခုသည်
ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး အလင်းတန်း၊
မြူခိုငွေ့များနှင့် လျှပ်စီးမိုးကြိုးတို့သည်
ရောထွေးယှက်လိမ်သွားကြကာ၊
တစ်ခုနှင့်တစ်ခု ချေဖျက်နေကြလေ၏။

ရှောင်ပုတန်လေးသည်
ရယ်ရမ်းသွေးလိုက်ကာ၊ သူ၏ ခန္ဓာကိုယ်သည်

လေဆင်နှာမောင်း တစ်ခုအဖြစ်ကို
ပြောင်းလဲသွား၏။ လျှပ်စီးမိုးကြိုးတို့သည်
လေပြင်းတို့နှင့် ပေါင်းစည်းသွားကြကာ၊
မိုးကြိုးမုန်တိုင်း တစ်ခုအဖြစ်ကို
ပြောင်းလဲသွားပြီး စွမ်းအင်တို့သည်
မြင့်တက်လာကြသည်။

ရွှေရောင်ဗဟိုချက်ကို ဖော်ဆောင်၍
ရွှေရောင်ဗဟိုချက် အဆင့်ကို
ရောက်ရှိပြီးသွားနောက်တွင်၊ သူ၏ အဆုံးမဲ့
မိုးကြိုးမုန်တိုင်း၏ စွမ်းအားသည်
ဆထက်တပိုး တိုးတက်လာခဲ့သည်။

ပို၍တိတိကျကျ ပြောရလျှင်၊ အဆုံးမဲ့
မိုးကြိုးမုန်တိုင်း၏ အလားအလာသည်
အကန့်အသတ်မဲ့ ဖြစ်သည်။ သို့ရာတွင်
ရှောင်ပုတန်လေးသည် အဆင့်တစ်ခုသို့
ရောက်သွားလျှင်၊ သူ၏စွမ်းအားကို
ထိန်းချုပ်နိုင်စွမ်း မရှိတော့ချေ။

သူသည် ရွှေရောင်ဗဟိုချက် အဆင့်ကို
ရောက်ပြီးသွားသောအခါတွင်၊
မိုးကြိုးမုန်တိုင်း၏ စွမ်းအားကို
ထိန်းချုပ်နိုင်သော အထူးစွမ်းရည်တို့ကို
ရရှိလာခဲ့သည်။ သူ၏ အဆုံးမဲ့
မိုးကြိုးမုန်တိုင်းကို ပို၍ပို၍

စွမ်းအားကောင်းလာအောင် ခွင့်ပြုနိုင်စွမ်း
ရှိလာခဲ့သည်။

ထစ်ချုန်းနေသော မိုးကြိုးမုန်တိုင်းတို့သည်
မြင်ကွင်းတစ်ခုလုံးကို ဖုံးလွှမ်းသွားခဲ့ကာ၊
မရပ်တန့်နိုင်ခဲ့ပဲ ကျောက်ယန်၏
ခေါအလင်းတန်းတို့ကို ဖယ်ရှားလိုက်၏။

သို့သော်လည်း သူသည် မရပ်တန့်သေးပေ။
ရှောင်ပုတန်လေးသည် ရှူးရှဲရှူးရှဲနှင့်
အသက်ပြင်းပြင်း ရှူရှိုက်နေခဲ့ကာ၊ သူ၏
အပေါက်ကိုးပေါက် ရွှေရောင်ဗဟိုချက်ဖြင့်
ကမ္ဘာကြီး၏ စိတ်ဝိညာဉ် စွမ်းအင်တို့ကို

စုစည်းနေခဲ့သည်။ အဆုံးမဲ့ မိုးကြိုးမုန်တိုင်း၏
စွမ်းအားမှာ ဆက်လက်၍ မြင့်တက်နေခဲ့၏။

ရှင်းယွင်တောင်၏ အကာအကွယ်
ဝင်းပါသည်ပင်၊ ထိုကဲ့သို့ ကြီးမားသော
စွမ်းအားကို တုံပြန်မှု ရှိလာခဲ့သည်။
တိမ်တိုက်နှင့် အလင်းတန်းများ တစ်လွှာပြီး
တစ်လွှာတို့သည် ရှောင်ပုတန်လေးဆီကို
ကျဆင်းလာခဲ့သည်။

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာသည်
မျက်မှောင်ကြီးကို ကြုတ်လိုက်ကာ၊
သူ၏လက်ကို မြှောက်လိုက်ပြီး တိမ်တိုက်-

ကောင်းကင် ခေါ်အလင်းတန်း ဝင်္ကပါကို
ဟန့်တားလိုက်၏။ အကယ်၍
ယခုဝင်္ကပါကသာ
ဆက်လက်ကျဆင်းလာပါက၊
ရှောင်ပုတန်လေးသည် သူ့ကို ရင်ဆိုင်နိုင်မည်
မဟုတ်ပဲ အလင်းခေါ်မြန်ဂိုဏ်း
အနေဖြင့်လည်း မျက်နှာပျက်ရပေလိမ့်မည်။

"သူ့မိုးကြိုးမုန်တိုင်း ပညာရပ်ရဲ့ စွမ်းအားက
အရမ်းကို ကြီးမားတယ်။ အနည်းဆုံး
မှော်စွမ်းအင်နဲ့ စွမ်းအားသက်သက်ဆိုရင်၊
သူက အခြေတည်ဝိညာဉ် အဆင့်က
ကျင့်ကြံသူ တစ်ယောက်နဲ့

ကောင်းကောင်းယှဉ်နိုင်တယ်"
အနီရောင်တိမ်တိုက် ဂရန်းမာစတာသည်
သူမကိုယ့်ကိုယ် တွေးနေခဲ့ပြီး၊ သူမ၏
မျက်နှာမှာ မရွှင်မပျ ဖြစ်လာခဲ့ကာ
မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာကို
လှမ်းကြည့်လိုက်၏။

သူမသည် အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှ
ကျင့်ကြံသူတစ်ယောက် ဖြစ်၍
ရှောင်ပုတန်လေးကို မကြောက်ပေ။
သို့သော်လည်း မိုးပြာရောင်တိမ်တိုက်
ဂရန်းမာစတာမှာ အခြေတည်ဝိညာဉ် စဦးပိုင်း

အဆင့်မှာသာ ရှိသေး၍၊
ရှောင်ပုတန်လေးထံမှာ ဖိအားများကို
သေချာခံစားနေရပေမည်။

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာ၏
မျက်နှာသည်လည်း မှောင်မှိုင်းနေ၏။ သူသည်
ယုဝမ်ဖုန်းနှင့် တိုက်ပွဲမှတဆင့်
ရှောင်ပုတန်လေး၏ တိုက်ခိုက်နိုင်စွမ်းကို
သိရှိခဲ့ပြီး ဖြစ်သည်။ သို့သော်လည်း ယခုကဲ့သို့
ပြင်းထန်သော တိုက်ပွဲသည် လူတိုင်းကို
လှုပ်လှုပ်ရှားရှား ဖြစ်နေနိုင်၏။

"မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာရဲ့ အဆိုအရ၊ ရှောင်ယန်ရဲ့ စွမ်းအားဟာ ဒီကောင်လေးထက်တောင် ပိုသာသေးတယ်။ သူတို့ကများ အခြေတည်ဝိညာဉ် အဆင့်ကို ရောက်သွားခဲ့ရင် ဘယ်လိုများ ဖြစ်သွားမလဲ မသိတော့ပါဘူးကွာ" ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာက ဖြည်းဖြည်းချင်း ပြောလိုက်သည်။

အနီရောင်တိမ်တိုက် ဂရန်းမာစတာနှင့် မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာတို့၏ အမူအရာတို့မှာ ပြောင်းလဲသွားကြသည်။ သူတို့၏ မျက်နှာမှာ

ညို့မှိုင်းအုံ့ဆိုင်းနေသည်ကို လူတိုင်းက မြင်နိုင်ပေသည်။ သူတို့က ရှောင်ယန်နှင့် ရှောင်ပုတန်လေးတို့ကို ခိုးကြည့်လိုက်ကာ၊ အချိန်အကြာကြီးနေမှ သက်ပြင်းအရှည်ကြီး တစ်ချက်ကို ချလိုက်ကြသည်။

တစ်ခါတလေတွင်၊ လျှောက်တွေးနေတာကို ရပ်လိုက်လျှင် ပိုပြီးတော့ ပျော်ပျော်ရွှင်ရွှင် နေနိုင်မည် ဖြစ်သည်။

သူတို့က လင်းဖုန်း၏ အဆောင်ဘက်ကို လှမ်းကြည့်လိုက်သည်။ ထိုနေရာတွင် ဘာမှ မဖြစ်နေသော်လည်း၊ သူ၏ ရှိနေခြင်းကပင်

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာ
အပေါ်ကို မမြင်နိုင်သော ဖိအားများကို
ကျရောက်နေစေခဲ့သည်။

"အံ့ဖွယ် ကောင်းကင်ဘုံ
ဂိုဏ်းခေါင်းဆောင်ဟာ ဒီလိုမျိုး အဆင့်ရှိတဲ့
တပည့်တွေကို မွေးထုတ်ပေးနိုင်ခဲ့တယ်၊
ဒါဟာ တကယ့်ကို ကြောက်စရာ
ကောင်းတာပဲ"

ကျောက်ယန်သည် လျှင်မြန်စွာနှင့် အဆုံးမဲ့
မိုးကြိုးမုန်တိုင်း၏ ဖိအားများကို
စတင်ခံစားခဲ့ရသည်။ သူ၏မျက်နှာမှာ

မှောင်မှိုင်းလာခဲ့ကာ၊ "သူ့ရဲ့
ရွှေရောင်ဗဟိုချက်က တစ်ခုခု မှားနေရမယ်!
သူက ဒီလိုမျိုး မှော်စွမ်းအင် ရေအိုင်ကို
ပိုင်ဆိုင်ထားဖို့ မဖြစ်နိုင်ဘူး"

သူသည် ရှောင်ပုတန်လေး၏ အဆုံးမဲ့
မိုးကြိုးမုန်တိုင်းသည် သူ၏ စွမ်းအားများကို
စုစည်းဆဲ ဖြစ်သည်ကို သတိထားမိနေ၏။
သူက နောက်ထပ် မစောင့်နိုင်တော့ပဲ
သူ၏လက်ကို မြှောက်လိုက်ကာ၊ ရွှေရောင်
အဆောင်လက်ဖွဲ့ တစ်ခုကို
ပစ်လွှတ်လိုက်သည်။

ကောင်းကင်ခေါ်း အဆောင်လက်ဖွဲ့သည်
အခြေတည်ဝိညာဉ် အဆင့်
မှော်အိုင်တမ်ဖြစ်သည်။ သူသည်
အခြေတည်ဝိညာဉ် အဆင့်က
ကျင့်ကြံသူများသာ ထုတ်လွှတ်နိုင်သော၊
ပြင်းထန်သည့် ခေါ်းစွမ်းအင်
အမြောက်အမြားကို သိမ်းဆည်းထားနိုင်သည်။
ဒီအိုင်တမ်သည် ကျောက်ယန်၏
လျှို့ဝှက်ဖဲချပ်လည်း ဖြစ်သည်။

ထိုရွှေရောင် အဆောင်လက်ဖွဲ့မှ
ထုတ်လွှတ်လိုက်သော ခေါ်းစွမ်းအင်တို့သည်
ကောင်းကင်ပေါ်သို့ လှိုင်းလုံးများ အဖြစ်

ထိုးဖောက်သွားခဲ့ကာ၊ ရှောင်ပုတန်လေး၏
အဆုံးမဲ့ မိုးကြိုးမုန်တိုင်းကို တွန်းဖယ်လိုက်၏။

"တိမ်တိုက်တို့၏ ပွားများခြင်း၊
ခေါးသွားတစ်သန်းတို့၏ ပေါင်းစည်းခြင်း!"
ကျောက်ယန်၏ အော်ဟစ်မှုနှင့် အတူ
ကောင်းကင်ခေါး အဆောင်လက်ဖွဲ့၏
ခေါးစွမ်းအားတို့သည်၊ သူ၏ ကိုယ်ပိုင်
ခေါးစွမ်းအင်တို့နှင့် ပူးပေါင်းသွားခဲ့သည်။
တောက်ပလှသော ခေါးချီခေါတ်
အစုအဝေးတို့သည်၊ နေရာတစ်ခုလုံးကို
ဖုံးလွှမ်းသွားခဲ့ကာ ရှောင်ပုတန်လေးဆီကို
လေမုန်တိုင်းကဲ့သို့ ချီတက်လာခဲ့သည်။

ရှောင်ပုတန်လေးသည် မကြောက်သွားခဲ့ချေ။ သူသည်ရယ်လိုက်ပြီး သူ၏ညာခြေဖြင့် မြေပြင်ကို ဆောင့်နင်းလိုက်ရာ၊ အဆုံးမဲ့ မိုးကြိုးမုန်တိုင်းသည် ချဲ့ထွင်နေမှုကို ရပ်လိုက်ကာ သူ၏ခန္ဓာကိုယ် အနားသို့ ရောက်လာခဲ့သည်။

ကြွက်သားခန္ဓာကိုယ်၏ နတ်ဘုရား သိုင်းပညာရပ် : ကောင်းကင်ကို လှုပ်ခါနိုင်သော မိုးကြိုးမုန်တိုင်း!

ဒေါမာန်ထနေသော မိုးကြိုးမုန်တိုင်းတို့သည်
ရှောင်ပုတန်လေး၏ ခန္ဓာကိုယ်ကို
ရစ်သိုင်းထား၏။ သူ၏ ပုံရိပ်သည် ပို၍ပို၍
ကြီးမားလာ၏။ ခြောက်ပေကျော်မှ
ပေနှစ်ဆယ်ကျော် အထိကို မြင့်တက်သွား၏။
မြင်ကွင်းမှာ ကြောက်စရာကောင်းလွန်းလှ၍
မိစ္ဆာနတ်ဘုရားက မြေပြင်ပေါ်သို့
ဆင်းသက်လာသကဲ့သို့ ဖြစ်နေခဲ့၏။

မိုးကြိုးမုန်တိုင်းသည် သူ၏
ချပ်ဝတ်တန်ဆာကဲ့သို့ ဖြစ်သွားခဲ့၏။ သူ၏
ရောမလက်ကို လှုပ်ခါလိုက်၍
ပေါက်ကွဲနေသော စွမ်းအားများနှင့်အတူ၊

ခေါးအလင်းတန်း လေမုန်တိုင်းကို
တွန်းဖယ်လိုက်၏။

"ဘယ်လောက်အထိ ကြောက်စရာ
ကောင်းလိုက်တဲ့ ခန္ဓာကိုယ် စွမ်းအားလဲ!
နဂါးမျိုးနွယ်စုတွေတောင် ဒီထက်ပိုပြီး
မသန်မာနိုင်ဘူး" ကျောက်ယန်က သူ၏
နှုတ်ခမ်းကို ကိုက်လိုက်သည်။ "မင်းက
ဘယ်လောက်အထိ သန်မာနိုင်သလဲ
ဆိုတာကို ကြည့်ကြသေးတာပေါ့ကွာ"

ကျောက်ယန်၏ "တိမ်တိုက်တို့၏
ပွားများခြင်း၊ ခေါးသွားတစ်သန်းတို့၏

ပေါင်းစည်းခြင်း!" နည်းစနစ်သည်၊
ချက်ချင်းပင် အလင်းခေးမြန်ဂိုဏ်း၏
စွမ်းအားအထက်ဆုံး နည်းစနစ်ဖြစ်သော
"တိမ်တိုက်တို့၏ ပျံသန်းခြင်း၊
မိုးကြိုးမုန်တိုင်းတို့၏ တိုက်ခိုက်ခြင်း"ကို
ပြောင်းသွားခဲ့၏။

ကျောက်ယန်သည် သူ၏ခေးနှင့်
တစ်သားတည်း ဖြစ်သွားခဲ့ပြီး
ကောင်းကင်ပေါ်သို့ ပျံတက်သွားခဲ့၏။ သူသည်
ကောင်းကင်ပေါ်မှ တိမ်တိုက်များနှင့်
ခေးအလင်းတန်းတို့နှင့် တစ်သားတည်း
ဖြစ်သွားခဲ့၏။ ခေးအလင်းတန်းမှနေ၍

တောက်ပသော ရောင်စဉ်အလင်းတန်းများ ဖြာကျလာခဲ့၏။

ခန့်မှန်းရခက်၍ ပရိယာယ် မာယာများသော တိမ်တိုက်မြူခိုးငွေ့တို့၏ သဘာဝသည် လုံးဝ ပျောက်ကွယ်သွား၍၊ ကျန်နေခဲ့သည်မှာ သန့်စင်သော ဖျက်စီးမှု စွမ်းအားသာ ဖြစ်၏။ ထိုဓားအလင်းတန်းသည် ရှောင်ပုတန်လေး၏ မိုးကြိုးမုန်တိုင်း မိစ္ဆာနတ်ဘုရားဆီသို့ ရပ်တန့်၍ မရနိုင်သော စွမ်းအားဖြင့် ပြင်းထန်စွာ ခုတ်ချလာခဲ့၏။

ကောင်းကင်ဓား အဆောင်လက်ဖွဲ့မှ
ဓားချီသည့် ယခုတစ်ခေါက်
တိုက်ခိုက်ပြီးနောက် အားကုန်သွားခဲ့သည်။
ဓားအတွင်းသို့ ထည့်သွင်းထားခဲ့သော
စွမ်းအားသည့် လေဟာနယ်ကို
ကျော်ဖြတ်ခဲ့ပြီးနောက်၊ နဂိုမူလ နေရာမှ
ပျောက်ကွယ်သွားခဲ့ပြီး ရှောင်ပုတန်လေး၏
အရှေ့တွင် တစ်ချိန်တည်း ပေါ်လာခဲ့သည်။

အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်ပင် ထိုကဲ့သို့သော
ကြောက်မက်ဖွယ် ဓားနည်းစနစ်ကို
အထူးဂရုပြုကာ ကာကွယ်ရမည်ဖြစ်သည်။

ထိုခေါ်းချက်၏ တိုက်ခိုက်မှုကို ခံလိုက်ရမည်
ဆိုပါက တစ်ယောက်သည် သေလျှင်သေ၊
မသေလျှင် ဒဏ်ရာ အကြီးအကျယ်
ရသွားခဲ့မည် ဖြစ်သည်။

သို့သော်လည်း ရှောင်ပုတန်လေးသည်
ကြောက်ရွံ့သည့် အမူအရာ တစ်စက်မှ
မပြခဲ့ပေ။ မိုးကြိုးမုန်တိုင်း
မိစ္ဆာနတ်ဘုရားသည် သူ၏ပါးစပ်ကြီးကို
ဟလိုက်ကာ ကျယ်လောင်စွာ
ရယ်မောလိုက်သည်။ "အခြေတည် ဝိညာဉ်
အဆင့်က မှော်အိုင်တမ်ရှိတာ
ခင်ဗျားတစ်ယောက်ထဲ မဟုတ်ပါဘူး"

သူ၏ ခန္ဓာကိုယ်မှနေ၍ အစိမ်းရောင်
အလင်းတန်းများ ဖြာကျလာခဲ့ကာ၊ သူ၏
တစ်ကိုယ်လုံးသည် လေထဲသို့
ကွယ်ပျောက်သွားခဲ့သည်။

ကျောက်ယန်သည် ပါးစပ်အဟောင်းသား
ဖြစ်သွားခဲ့သည်။ လင်းဖုန်းက
ရှောင်ပုတန်လေးအား လေဟာနယ်-
အချိန်ကာလတို့ကို ချိုးဖောက်နိုင်သော
အစိမ်းရောင် ဆေးမီးဖိုလေး
ပေးထားခဲ့ကြောင်း၊ မိုးပြာရောင်တိမ်တိုက်

ဂရန်းမာစတာက သူ့ကို သတိပေးထားချက်ကို ချက်ချင်း အမှတ်ရလာခဲ့သည်။

ထိုမီးဖိုလေးသည် အခြေတည် ဝိညာဉ် အဆင့်မှ မှော်အိုင်တမ်ဖြစ်ကာ၊ သူ့ကို အသုံးပြု၍ ရှောင်ပုတန်လေးသည် အခြေတည် ဝိညာဉ် အဆင့်မှ ဂရန်းမာစတာ ဖြစ်သော ယုဝမ်ဖုန်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့နိုင်ခြင်း ဖြစ်၏။

သို့သော်လည်း ဒါသည် ကြားဖူးထားခြင်း မျှသာဖြစ်၏။ တကယ့်အဖြစ်မှန်နှင့် ရင်ဆိုင်ရခြင်းသည် လုံးဝ ခြားနားကွဲပြားသော

ကိစ္စဖြစ်၏။ ယခုမှပင် သူသည်
ရှောင်ပုတန်လေး၏ ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုလေးကို ဘယ်လောက်
ရင်ဆိုင်ရခက်ခဲသည်ကို နဖူးတွေ့ဒူးတွေ့
ကြုံလိုက်ရ၏။

ထိုမှော်အိုင်တမ်သည် လေဟာနယ်၏
လျှို့ဝှက်နက်နဲမှုများကို ဖွင့်လှစ်နိုင်ပြီး၊
အသုံးပြုသူကို ကောင်းကောင်း
အသုံးချစေနိုင်၏။

ရှောင်ပုတန်လေး၏ ခန္ဓာကိုယ်သည်
လေထဲတွင် လက်ကနဲ ဖြစ်နေခဲ့ကာ၊ ယခင်က

ကျောက်ယန်၏ ခေါးအလင်းတန်းထက်ပင် ပရိယာယ်မာယာ များ၍ ခန့်မှန်းရန် ခက်ခဲလှ၏။

မိုးကြိုးလက်သီးများသည် ကျောက်ယန်၏ ခေါးအလင်းတန်းကို တစ်ချက်ပြီးတစ်ချက် ထိုးချနေ၏။ သို့သော်လည်း သူသည်ခေါးကိုယ်ထည်နှင့် ထိပ်တိုက် ရင်မဆိုင်ခဲ့ပေ။ ရှောင်ပုတန်လေးသည် တိုက်ရိုက် ထိတွေ့မှုကို ရှောင်ရှားခဲ့ပြီး၊ ဘေးဘက်မှ ပတ်၍ ကျောက်ယန်၏ ခေါးအလင်းတန်းက တဖြည်းဖြည်း

မှေးမှိန်ပြိုကွဲသွားသည့်အထိ
တိုက်ခိုက်ခဲ့သည်။

ကျောက်ယန်သည် သက်ပြင်းအရှည်ကြီး
ချလိုက်ကာ၊ လေသံတိုးတိုးလေးနှင့်
ရေရွတ်လိုက်သည်။ "တိမ်တိုက်နှင့် မြူခိုးတို့၏
အရံအတား၊ လေပြင်းနှင့် မိုးရေတို့၏
မျက်နှာဖုံး"

ဝေ့ဝိုက်နေသော ဓားအလင်းတန်းတို့သည်
တဖြည်းဖြည်း လွင့်ပြယ်သွားခဲ့ကာ၊
သူ၏အထဲသို့ ထည့်သွင်းထားခဲ့သော
စွမ်းအားတို့သည် ဓားချီလှွာများ အဖြစ်သို့

အသွင်ပြောင်းသွားခဲ့ကာ ကျောက်ယန်အား လွှမ်းခြုံသွားခဲ့၏။ ထူထဲလှသော တိမ်တိုက်မြူခိုး အရံအတားကို အသုံးပြု၍ ရှောင်ပုတန်လေး၏ သံမဏိလက်သီးတို့ကို ကာကွယ်နေခဲ့သည်။

တိမ်တိုက်ထုထည်ကြီးပေါ်သို့ တိုက်ခိုက်မှုသည် တစ်ချက်ပြီးတစ်ချက် ကျရောက်လာခဲ့၏။ လက်သီးချက်များသည် အားပြင်းသလောက်၊ တိမ်တိုက်အလွှာတို့သည် တုန်ခါရုံသာ တုန်ခါသွားကြကာ တကယ့်ပျက်စီးမှုများကို မဖြစ်ပေါ်စေခဲ့ပေ။

ပြန်လည်ရုပ်သိမ်းလိုက်သော
ခေါးချီခေတ်များသည်
တိမ်တိုက်ထုထည်ကြီးနှင့် လျှင်မြန်စွာ
ပေါင်းစည်းလိုက်ကြကာ၊ ရှောင်ပုတန်လေး၏
လေနီကြမ်းပမာ တိုက်ခိုက်မှုများကို
ကာကွယ်ထားနိုင်ခဲ့သည်။

ဘေးကနေ တိုက်ခိုက်မှုများကို
စောင့်ကြည့်နေသော လင်းဖုန်း၏ မျက်နှာတွင်
အပြုံးရိပ်များ သန်းလာခဲ့သည်။

အစောက နည်းစနစ်ဖြစ်သော
"တိမ်တိုက်တို့၏ ပျံသန်းခြင်း၊
မိုးကြိုးမုန်တိုင်းတို့၏ တိုက်ခိုက်ခြင်း"သည်၊
အလင်းဓားမြန်ဂိုဏ်း၏ အခက်ထန်ဆုံး
ထိုးစစ်တိုက်ကွက်ဟူ၍ ပြော၍ရသည်။

ယခုနည်းစနစ်ဖြစ်သော "တိမ်တိုက်နှင့်
မြူခိုးတို့၏ အရုံအတား၊ လေပြင်းနှင့်
မိုးရေတို့၏ မျက်နှာဖုံး" သည်ကား၊
အလင်းဓားမြန်ဂိုဏ်း၏ ကာကွယ်မှု
အကောင်းဆုံး ခံစစ်ဟု ပြော၍ရသည်။
အသုံးပြုသူသည် ဓားအလင်းတန်း၏
တိုက်စစ်မှန်သမျှကို ရုပ်သိမ်းလိုက်၍၊ သူ့ကို

ကာကွယ်မှုအတွက်သာ အသုံးချလိုက်ခြင်း ဖြစ်သည်။

သို့သော်လည်း အချိန်အကြာကြီး ခံစစ်ကို အသုံးပြုနေခြင်းသည် အဖြေမဟုတ်ချေ။ ရှောင်ပုတန်လေးသည် အသာစီးမှနေ၍ အဆက်မပြတ် တိုက်စစ်ဆင်နေပြီ ဖြစ်သည်။ နောက်ဆုံးတွင် သွေးရူးသွေးတန်းဖြင့် ခုခံနေရသော ကျောက်ယန်သည် အာရုံလွင့်သွား၍ အမှားတစ်ခုကို ကျူးလွန်မိပါက၊ ထိုအချိန်သည် သူရှုံးနိမ့်သောအချိန် ဖြစ်သွားပေလိမ့်မည်။

"အဖြေက သိသာနေပါပြီ" လင်းဖုန်းက ပြုံးစစဖြစ်နေခဲ့သည့် အချိန်တွင်၊ အခြားတစ်ဘက်မှ ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာက သက်ပြင်းအရှည်ကြီး တစ်ချက်ကို ချလိုက်သည်။

ရှောင်ယန်က သူ့ဘေးမှ အလင်းခားမြန်ဂိုဏ်းမှ တပည့်ကို သရော်သော မျက်လုံးဖြင့်ကြည့်ကာ ပြောလိုက်သည်။ "ငါမပြောဘူးလား၊ မကြာခင် ပြီးတော့မှာပါလို့"

အလင်းခေးမြန်ဂိုဏ်းမှ ကျန်တပည့်များသည်
မျက်စိပျက် မျက်နှာပျက် ဖြစ်နေကြသည်။
သူတို့သည် ရှောင်ပုတန်လေးက
ကျောက်ယန်ကို အဆက်မပြတ်
ရိုက်နှက်နေသည်ကို ကြည့်နေကြသည်။
ပြီးတော့ တိုက်ခိုက်မှုသည် ပို၍ပို၍
ခက်ထန်ကြမ်းကြုတ်လာနေခဲ့သည်။
ကြည့်ရတာ ကျောက်ယန်၏
တိမ်တိုက်ထုထည်ကြီးသည် အချိန်မရွေး
ပြိုကျတော့မည့်ပုံ ပေါက်နေ၏။

ရှောင်ယန်သည် ရယ်လိုက်ကာ
သူ၏အကြည့်ကို တစ်ဘက်ကို ရွှေ့လိုက်၏။

"မင်းက ဘယ်လောက်ကြာအောင်
ကြည့်ချင်နေသေးတာလဲ?"

လေထုကြီးက နှစ်ခြမ်းကွဲသွားခဲ့ပြီး၊ အနိုင်ကျင့်
ဗိုလ်ကျတတ်သော ချုံးယွင်မင်းသားသည်
ဟင်းလင်းပြင် အတွင်းမှ ထွက်လာခဲ့သည်။
သူ၏ဘေးတွင် အခြွေအရံများအဖြစ်
ဝမ်ကျန်းနန် အပါအဝင် ရွှေရောင်ဗဟိုချက်
အဆင့်မှ ကျင့်ကြံသူတို့ တစ်အုပ်စု
ပါလာခဲ့သည်။

ချုံးယွင်မင်းသားသည် ရှောင်ပုတန်လေးကို
စိုက်ကြည့်နေခဲ့ကာ ဘာကိုမှ မပြောခဲ့ချေ။

သူသည် တိုက်ပွဲအတွင်းသို့ ကိုယ်တိုင်
ဝင်မပါလိုပေ။ သို့သော်လည်း သူ၏
ရွှေရောင်ဇဟိုချက် အဆင့်မှ
လက်အောက်ငယ်သား တစ်ယောက်မှ
ရှောင်ပုတန်၏ ပြိုင်ဘက်မဟုတ်ချေ။
ထိုအချက်ကြောင့် သူသည်
လွန်စွာအရှက်ရနေခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
တပည့်များသည် အဆင့်တူလျှင်
ဗိုလ်မထားဘူးဟူ၍ အဆိုရှိသည်။ သူသည်
အခြေတည် ဝိညာဥ် အဆင့်ကို ရောက်နေခဲ့ပြီ

ဖြစ်၍၊ တိုက်ပွဲအတွင်းသို့ ဝင်ပါ၍
အနိုင်ရခဲ့လျှင်လည်း ဂုဏ်သိက္ခာတက်မည်
မဟုတ်ချေ။

ချုံးယွင်မင်းသား၏ အဖွဲ့မှ ဘာလှုပ်ရှားမှုများမှ
မလုပ်သေးသော်လည်း၊
တစ်စုံတစ်ယောက်သည် သူတို့အကြောင်း
စဉ်းစားနေပြီ ဖြစ်သည်။

လင်းဖုန်းက ချုံးယွင်မင်းသားကို
တိတ်တဆိတ် အကဲခတ်နေခဲ့ကာ၊
ကိုယ့်ကိုယ်ကို အတွေးနယ်ချဲ့ နေခဲ့သည်။
"ဝူချင်လျှိုက ဘာများ စဉ်းစားနေပါလိမ့်။

သူက အရှေ့ကို ဆက်မလျှောက်ခင်
အရင်စူးစမ်း ချင်နေတာလား?"

ဒီအချိန်မှာ လင်းဖုန်းသည် ယွဲ့ဟုန်ယန်ကို
အသံလွှင့်ကာ ပြောလိုက်သည်။ "ဟုန်ယန်၊
မင်းက အခု ဝမ်ကျန်းနန်ကို စိန်ခေါ်နိုင်တယ်။
သူ့ကို အသက်ရှင်လျှက် ထားမထား
ဆိုတာက၊ မင်းရဲ့ သဘော အပေါ်မှာပဲ
မူတည်နေတယ်"

လင်းဖုန်း၏ စကားကို ကြားလိုက်ရသောအခါ၊
ယွဲ့ဟုန်ယန်၏ မျက်လုံးအစုံမှ မီးတောက်များ
ထွက်လာခဲ့သည်။ ဘာမှတွေဝေနေခြင်း မရှိပဲ၊

ယွဲ့ဟုန်ယန်သည် အရှေ့သို့ တက်လိုက်ကာ သူမ၏ ခေါင်းသွားပါ အနက်ရောင် လုံတံရှည်နှင့် ဝမ်ကျန်းနန်ကို ချိန်ရွယ်လိုက်သည်။

ချုံးယွင်မင်းသား၏ မျက်လုံးအစုံမှာ ကျဉ်းမြောင်းသွားခဲ့ပြီး၊ ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများသည် မကျေမနပ် ဖြစ်ကုန်ကြသည်။

အလင်းခေါ်မြန်ဂိုဏ်းမှ တပည့်များသည် အံ့သြသော အကြည့်များဖြင့် ယွဲ့ဟုန်ယန်အား စိုက်ကြည့်နေကြသည်။

ဆံပင်နီနှင့် မိန်းကလေးသည်
ငြိမ်သက်နေခဲ့၏။ သူမသည် သူမ၏
မျက်ခုံးများကို အနည်းငယ် ပင့်ထားခဲ့၏။
သူမ၏ ရည်ရွယ်ချက်သည် ရှင်းလင်းနေ၏။

## စာစဥ် ၁၄ : အပိုင်း ၁၉

## အပိုင်း ၂၄၉ : ရက်စက်သော ယွဲ့ဟုန်ယန်

ယွဲ့ဟုန်ယန်သည် သူမ၏ ခေါးသွားပါ
အနက်ရောင် လုံတံရှည်ကို ဝမ်ကျန်းနန်ထံသို့
ချိန်ရွယ်လိုက်၏။ သူမ၏ ရည်မှန်းချက်မှာ
ရှင်းလင်းနေ၏။

ဝမ်ကျန်းနန်၏ မျက်နှာမှာ
အရောင်ဖျော့သွားကာ လုံးဝ
ဖြူဆွတ်သွားခဲ့သည်။ သူသည်
ကြောက်ရွံ့ထိတ်လန့်သွားခဲ့သည်မှာ
သိသာနေသည်။

သူသည် ယွဲ့ဟုန်ယန်ကို ကြောက်ရွံ့နေခြင်း
မဟုတ်ချေ။ ချုံးယွင်မင်းသားက
အမျက်ထွက်မည်ကို စိုးရိမ်နေခြင်း ဖြစ်သည်။

သေချာလှသည်၊ ချုံးယွင်မင်းသားသည်
ဟန်ပန်အမူအရာ ကင်းမဲ့စွာဖြင့် သူ့ဘက်ကို

လှည့်လိုက်ကာ စိုက်ကြည့်လိုက်သည်။
"မင်းပြောတော့ အစစအရာရာ
ချောချောမွေ့မွေ့ပဲဆို?"

ဝမ်ကျန်းနန်က အလောတကြီး
ပြန်ဖြေလိုက်သည်။ "အရှင်မင်းသား၊
ကျွန်တော်မျိုးကို ရှင်းပြခွင့် ပေးပါ"

"ငါက ဒီလောက်အထိ စိတ်မရှည်ဘူး။ မင်းက
အခုချက်ချင်းပဲ ဖြေရှင်းလိုက်ပါ"
ချုံးယွင်မင်းသားက သူ၏လက်ကို
ဝှေ့ယမ်းလိုက်ကာ စိတ်မရှည်စွာနှင့်
ပြောလိုက်သည်။

"ဟုတ်ကဲ့ပါခင်ဗျာ" ဝမ်ကျန်းနန်က အနည်းငယ် စိတ်သက်သာရာ ရသွားခဲ့သည်။ ချုံးယွင်မင်းသားက ယခုကိစ္စကို ဆက်မလိုက်ခဲ့လျှင်၊ သူသည် အခြေအနေကို အဖတ်ပြန်ဆယ်နိုင်လိမ့်မည်ဟု ယုံကြည်နေ၏။

သူသည် ယွဲ့ဟုန်ယန်ကို စိုက်ကြည့်လိုက်ကာ စိတ်အာရုံကို ပြန်လည်စုစည်းနိုင်ခဲ့သည်။ သူက လူအုပ်ကြီးထဲမှ ခုန်ထွက်လိုက်ကာ တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ဟုန်ယန်၊

မတွေ့ရတာ ကြာသွားခဲ့ပြီ။ မင်းရဲ့
တိုးတက်မှုကို စမ်းကြည့်ရတာပေါ့"

ယွဲ့ဟုန်ယန်သည် သူမ၏ မျက်ခုံးအစုံကို
ပင့်လိုက်ကာ စကားအပိုတွေ မပြောခဲ့ပေ။
ခြေနောက်တစ်လှမ်း ဆုတ်လိုက်ကာ၊
လေးမှလွှတ်လိုက်သော မြားတစ်ချောင်းကဲ့သို့
သူမ၏ ရန်သူထံသို့ ခုန်အုပ်လိုက်သည်။

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာသည်
မြင်လိုက်ရသော မြင်ကွင်းကြောင့်
အံ့အားသင့်နေခဲ့သည်။ "ဒီကောင်မလေးက
လင်းဖုန်းရဲ့ လက်ရင်းတပည့်နဲ့တူတယ်။

သူမက အခြေခံအုတ်မြစ် အဆင့်မှာပဲ ရှိသေးတယ် မဟုတ်လား? ဒါကို သူမက ရွှေရောင်ဗဟိုချက် အဆင့်ကသူကို စပြီးတော့ စိန်ခေါ်ရဲတယ်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တွေအားလုံးက သူ့ထက်ကိုယ် ပိုကဲတဲ့ ပါရမီရှင်တွေပဲလား?"

မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက ခဏလောက် တွေးလိုက်ပြီး ပြန်ဖြေလိုက်သည်။ "စောင့်ကြည့်ကြတာပေါ့။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှာ ဝမ်လင်းလို့ခေါ်တဲ့ တပည့်တစ်ယောက်

ရှိတယ်။ ရှကျိုးမှာတုံးက သူက
အခြေခံအုတ်မြစ် အဆင့်မှာပဲ ရှိသေးပြီး၊
ကျန်တဲ့ အခြေခံအုတ်မြစ် အဆင့်က
ရန်သူတွေအားလုံးကို အပြတ်ရှင်းပစ်ခဲ့တယ်"

အနီရောင်တိမ်တိုက် ဂရန်းမာစတာရဲ့
မျက်လုံးတွေသည် အရောင်တောက်လာခဲ့ကာ
ပြောလိုက်သည်။ "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့
တာအိုနည်းစနစ်တွေက ပုံမမှန်ပဲ
တစ်ခုခုတော့ ထူးခြားနေရမယ်"

ယခင်က ယွဲ့ဟုန်ယန်သည် အခြေခံအုတ်မြစ်
အလယ်အလတ် အဆင့်မှာသာ
ရှိစဥ်ကတည်းက၊ အခြေခံအုတ်မြစ်
နောက်ဆုံးအဆင့်မှ ရန်သူနှစ်ယောက်ကို
စိန်ခေါ်ခဲ့သည်။ ထိုအချိန်က သူမသည်
စွမ်းအားကြီးသော ကမ္ဘာဖျက်
မီးတောက်ကိုသာ လေ့ကျင့်ထားခဲ့သေးသည်။

ယခုအချိန်တွင် သူမ၏ရန်သူသည်
ရွှေရောင်ဗဟိုချက် အဆင့်မှ
ဝမ်ကျန်းနန်ဖြစ်သည်။ အစောက
ဖော်ပြထားခဲ့သော ရန်သူများနှင့်
မနှိုင်းယှဥ်နိုင်ချေ။ သို့သော်လည်း ယခု သူမ၏

တာအိုနည်းစနစ်မှာ မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို လေ့ကျင့်ထားခဲ့ပြီ ဖြစ်ပြီး၊ သူမ၏ စွမ်းအားတို့မှာလည်း အကြီးအကျယ် တိုးတက်လာခဲ့ပြီ ဖြစ်သည်။

အခြားမည်သည့်အရာမှ ပြောင်းလဲသွားပါစေ၊ မပြောင်းလဲသော အရာမှာ သူမ၏ ရှေ့သို့တုရှု တိုက်ရိုက်တိုက်ခိုက်တတ်သော အကျင့်ဖြစ်၏။ သူမသည် ခြေလှမ်းတိုင်းကို ရှေ့သို့ ဝဲပျံတက်သွား၏။

အစပထမတွင် ဝမ်ကျန်းနန်သည် သူ၏
ရွှေရောင်ဗဟိုချက် အဆင့်မှ
မှော်စွမ်းအင်တို့၏ အားသာချက်ဖြင့်၊
ယွဲ့ဟုန်ယန်ကို အနိုင်ယူရန်
လွယ်ကူလိမ့်မည်ဟု ထင်မှတ်နေ၏။
သို့ရာတွင် သူ၏ မှော်ကျိန်စာ နှစ်ခုအား
ယွဲ့ဟုန်ယန်က အားသုံးကာ ချေဖျက်လိုက်
အပြီးတွင်၊ သူ၏ အထင်မှာ အကြီးအကျယ်
လွဲမှားနေပြီ ဖြစ်ကြောင်းကို သိရှိလိုက်ရသည်။

"ဆီးနှင်းမုန်တိုင်း!" ဝမ်ကျန်းနန်သည်
သူ၏စိတ်ထဲမှာ ပျံ့လွင့်နေသော
အတွေးများကို ဖယ်ထုတ်လိုက်ကာ၊

ယွဲ့ဟုန်ယန်ကို တကယ့်ရန်သူအဖြစ်
သတ်မှတ်လိုက်သည်။ သူ၏ မှော်ကျိန်စာသည်
သူ့ကို ဗဟိုထား၍ ပတ်ဝန်းကျင် တစ်ခုလုံးကို
ဆီးနှင်းမုန်တိုင်းများဖြင့်
ဖုံးလွှမ်းသွားစေခဲ့သည်။ ဆီးနှင်းများသည်
အချင်းဝက် ပေတစ်ရာခန့်ကို လွှမ်းခြုံခဲ့ကာ
အတွင်းမှ အရာအားလုံးကို အေးခဲစေခဲ့သည်။

ဆီးနှင်းမုန်တိုင်း၏ လွှမ်းမိုးမှုအောက်တွင်၊
လေအေးများသည် မှောင်မည်းအေးစက်သော
မှော်ပညာကို သယ်ဆောင်လာခဲ့သည်။
တစ်ဘက်လူသည် လေပြင်းတို့ကို
တွန်းလှန်နိုင်ခဲ့လျှင်ပင်၊ အတွင်းတွင်

ကွယ်ဝှက်ထားသော အမှောင်မှော်ပညာသည် သူ၏ကိုယ်တွင်းကို စိမ့်ဝင်သွားမည် ဖြစ်ကာ၊ သိလိုက်သည့် အချိန်တွင် နောက်ကျသွားမည် ဖြစ်သည်။

ယွဲ့ဟုန်ယန်သည် ခြေလှမ်းကြဲကြီးများနှင့် မှန်တိုင်းအတွင်းသို့ တိုးဝင်သွားခဲ့သည်။ သူမ၏ ခရမ်းရောင် ကိုယ်ကျပ်ဝတ်စုံသည် လင်းလက်လာခဲ့ကာ၊ မရေမတွက်နိုင်သော အလင်းတန်းများသည် ရောင်စုံကျောက်ပြားများဖြင့် ဖော်ဆောင်ထားသော ဆဋ္ဌဂံပုံစံများအဖြစ် ပြောင်းသွားခဲ့သည်။

ထိုရောင်စုံကျောက်ပြားများဖြင့်
ပုံဖော်ထားသော ဆင္ဒြဂံများသည်
ဖန်နှင့်တူသော ချပ်ဝတ်တန်ဆာ
တစ်စုံအဖြစ်သို့ ပြောင်းသွားခဲ့၏။ ရုတ်တရက်
ကြည့်လိုက်လျှင် အလှဆင်သည့်
ပရိဘောဂနှင့် တူနေကာ အားနည်းသည်ဟု
ထင်နေရသော်လည်း၊ တကယ်တမ်းတွင်
သူ့ထံမှ ပြင်းထန်သော
စွမ်းအားအော်ရာများကို ခံစားမိနိုင်သည်။

ဤအရာသည် ရွှေရောင်ဗဟိုချက် အဆင့်မှ
မှော်အိုင်တမ်ဖြစ်သော

ရှေးဟောင်းကျောက်စိမ်း ချပ်ဝတ်တန်ဆာ ဖြစ်သည်။

ချပ်ဝတ်တန်ဆာ၏ အရှေ့ဘက်မှနေ၍ အလင်းတန်းတို့သည် အရပ်မျက်နှာ အားလုံးသို့ ဖြာကျလာခဲ့ပြီး၊ ဆင္ဂေဂံပုံစံ လိုက်ကာအဖြစ်သို့ ဖွဲ့စည်းသွားခဲ့သည်။

ထိုဆင္ဂေဂံ လိုက်ကာသည် လေပေါ်တွင် ပျံဝဲနေခဲ့ကာ လွင့်ပြယ်မည့်ပုံ မပေါက်နေချေ။

အလင်းတန်းများသည် ကခုန်နေခဲ့ပြီး၊ ဆင္ဂေဂံလိုက်ကာသည် ကျယ်ပြန့်လာခဲ့ကာ

ပျားအုံသဏ္ဍာန် ဖြစ်သွားခဲ့ပြီး၊
နရံတစ်ခုအဖြစ်ကို ဖွဲ့စည်းသွားခဲ့သည်။

အလင်းတန်း နရံသည် ကွေးသွားကာ
ယွဲ့ဟုန်ယန်၏ အပေါ်တွင် အမိုးခုံးကဲ့သို့
ကာရံထားလိုက်သည်။ သူမ၏
ရွေ့လျားမှုအနောက်ကို လိုက်ကာ သူမအား
ကာကွယ်စောင့်ရှောက်နေလေ၏။

အေးစက်နေသော လေပြင်းများသည်
အလင်းတန်း အမိုးခုံးလေးအား
ရိုက်ခတ်ခဲ့သော်လည်း၊ အစင်းရာ အချို့မှလွဲ၍
ပျက်စီးအောင် မလုပ်နိုင်ခဲ့ချေ။

ဝမ်ကျန်းနန်သည် ပါးစပ်အဟောင်းသား ဖြစ်နေခဲ့သည်။ မျက်စိတစ်မှိတ်လေး အတွင်းမှာပင်၊ ယွဲ့ဟုန်ယန်သည် သူ၏အရှေ့ကို ရောက်လာခဲ့သည်။ သူမ၏ အနက်ရောင် လုံတံရှည်ကြီးကို ဝှေ့ယမ်းလိုက်ကာ ဟိန်းဟောက်နေသော နဂါးတစ်ကောင်အလား၊ သူမ၏ လူသတ်တိုက်ကွက်ကို ထုတ်လိုက်သည်။

"ဒီကောင်မလေးက ဒီလောက်အထိ မောက်မာနေတာ အဆန်းတော့ မဟုတ်ပါဘူး။ သူမမှာ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်က
ပေးထားတဲ့ ရွှေရောင်ဗဟိုချက် အဆင့်က
မှော်အိုင်တမ် ရှိတာကို" ဝမ်ကျန်းနန်က
သူ့ကိုယ်သူ တွေးလိုက်သည်။ "သူမရဲ့
မှော်အိုင်တမ်က လုံခြုံတဲ့ ခံစစ်အစွမ်းရှိတယ်။
ငါက ဒီအလင်းတန်း အမိုးခုံးကို ထွင်းဖောက်ဖို့
မဖြစ်နိုင်လောက်ဘူး။ ကြည့်ရတာတော့
ဒီကနေ့ ဒီကောင်မလေးကို သင်ခန်းစာပေးလို့
မရလောက်ဘူးနဲ့ တူတယ်"

ဝမ်ကျန်းနန်သည် သူ၏ လက်အစုံကို
စုစည်းလိုက်ကာ၊ သူ၏ခေါင်းထဲတွင်
အတွေးတစ်ခု ပေါ်လာခဲ့သည်။ သူသည်

လက်သကော်တ တစ်ခုကို ဖန်ဆင်းလိုက်ကာ၊
နောက်ထပ် မှော်ကျိန်စာ တစ်ခုကို
ထုတ်လွှတ်လိုက်သည်။ ဒီတစ်ကြိမ်တွင်
လေအေးများကို သူ၏ ပတ်ပတ်လည်တွင်
လည်ပတ်စေခိုင်းလိုက်၏။

ယွဲ့ဟုန်ယန်၏ ခေါးသွားပါ အနက်ရောင်
လုံတံရှည်သည် လေပြင်းနှင့် ဆီးနှင်းတို့၏
အကာအကွယ် အလွှာကို ထိုးဖောက်လိုက်၏။
ဆီးနှင်းမုန်တိုင်း၏ လည်ပတ်အားသည်
တိုက်ခိုက်မှုကို လွှဲဖယ်လိုက်ကာ၊ အခြား
အရပ်မျက်နှာ တစ်ခုသို့ အားပြောင်းအားလွှဲ
လုပ်ပေးလိုက်၏။

ဝမ်ကျန်းနန်သည် တိုက်ခိုက်နေဆဲမှာပင်
သူ၏ပါးစပ်ကို ဟလိုက်ကာ ပြောလိုက်သည်။
"ယွဲ့ဟုန်ယန်၊ မင်းက ငါတို့နောက်ဆုံး
တွေ့ပြီးနောက်မှာ အတော်ကို
တိုးတက်လာတာပဲ။ ငါကလည်း
အရမ်းဝမ်းသာပါတယ်။ ဒီတိုက်ပွဲကို
သရေလို့ပဲ သတ်မှတ်လိုက်ရအောင်"

လင်းဖုန်းက သူ၏စကားများကို
အဆောင်အတွင်းမှ နားထောင်နေခဲ့ပြီး၊
လှောင်ရယ်ရယ်လိုက်သည်။
"တော်တော်လည်တဲ့ ငနဲပဲ"

နှစ်ဦးနှစ်ဘက်စလုံးသည် နှစ်ကွက်ထက်ပို၍ မတိုက်ခိုက်ရသေးပဲ၊ တစ်ယောက်ကမှလည်း သိသိသာသာကြီး အရေးနိမ့်မနေသေးပေ။ ထိုအချိန်တွင် ဝမ်ကျန်းနန်က သရေအဖြစ် တောင်းဆိုနေပေပြီ။ ဘေးမှကြည့်နေသူတို့မှာ သူသည် ရွှေရောင်ဇဟိုချက် အဆင့်က ကျင့်ကြံသူတစ်ယောက် အနေဖြင့် သိက္ခာဆည်သည့်အနေနှင့် ယွဲ့ဟုန်ယန်နှင့် မတိုက်ခိုက်လိုဟုသာ ထင်ကြမည်ဖြစ်ပြီး၊ သူက သူမကို ကြောက်ရွံ့နေသည်ဟု ထင်ကြမည် မဟုတ်ချေ။

သူ၏စကားအရဆိုလျှင် သူတို့၏တိုက်ပွဲသည် စီနီယာ တစ်ယောက်မှ ဂျူနီယာ တစ်ယောက်အား ညွှန်ကြားပြသနေသည့်ပုံ ပေါက်နေ၏။

ယွဲ့ဟုန်ယန်သည် အဘယ်ကြောင့် သူ့လှောက်ပြောနေသည်ကို သဘောမပေါက်ပဲ နေပါ့မည်နည်း? သူမသည် နှာခေါင်းရှုံ့လိုက်ကာ သူမ၏ အနီရောင် မျက်ခုံးအစုံကို ပင့်လိုက်၏။ သူ့ကို ပြန်ဖြေမည့်အစား သူမသည် သူမ၏ အနက်ရောင် လှံတံရှည်ကို စက်ဝိုင်းခြမ်းပုံစံ

ဟော့ယမ်းလိုက်ကာ၊ ကြောက်မက်ဖွယ်
စွမ်းအားတစ်ခုကို ထုတ်လွှတ်လိုက်၏။

မျက်စိတစ်မှိတ်လေး အတွင်းမှာပင်၊
ထောင်ပေါင်းများစွာသော
ခက်ထန်ကြမ်းတမ်းသည့် ရိုက်ချက်များသည်၊
ဝမ်ကျန်းနန်အား လည်ပတ်နေသည့်
ဆီးနှင်းမုန်တိုင်းတို့အပေါ်ကို ပြင်းထန်စွာနှင့်
ရိုက်ချခဲ့၏။

"ဒီလောက်အထိ ကြမ်းတမ်းတဲ့
အင်အားတွေက အခြေခံအုတ်မြစ် အဆင့်က
ကျင့်ကြံသူတစ်ယောက် ပိုင်ဆိုင်သင့်တဲ့

အရာမဟုတ်ဘူး။ သူမက အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကနေ ဘယ်လို
တာအိုနည်းစနစ်မျိုးကို
သင်ကြားထားတာလဲ?"

ဝမ်ကျန်းနန်သည် ယွဲ့ဟုန်ယန်၏ ဖိအားကို
အတတ်နိုင်ဆုံး ကြိုးစား၍ တောင့်ခံနေရ၏။
သူသည် အဘယ်ကြောင့် ကသိကအောက်
မဖြစ်ပဲ နေနိုင်ပါမည်နည်း?

သို့သော်လည်း သူသည် သူ၏ အရံအတားကို
ယွဲ့ဟုန်ယန်က ချိုးဖောက်နိုင်လိမ့်မည်
မဟုတ်ဟု ယုံကြည်ထား၏။ "ငါ့အနားကို

ကပ်လေလေ၊ ဒီဆီးနှင်းမုန်တိုင်းက
သန်မာလေလေပဲ။ မင်းက ဘယ်လိုနည်းနဲ့မှ
ဖောက်ထွင်းနိုင်မှာ မဟုတ်ပါဘူး"

ယွဲ့ဟုန်ယန်၏ အဆက်မပြတ်
တိုက်ခိုက်မှုအောက်တွင်၊ လည်ပတ်နေသော
ဆီးနှင်းမုန်တိုင်းသည်
ဆက်တိုက်ကြုံ့ဝင်လာခဲ့ကာ သူသည်
အနောက်သို့ အဆက်မပြတ် ဆုတ်နေရသည်။

သို့သော်လည်း ဘေးမှ ကြည့်နေသော
သူများသည် လည်ပတ်နေသော
ဆီးနှင်းမုန်တိုင်း၏ ခုခံနိုင်စွမ်းမှာ ပို၍ပို၍

အားကောင်းလာခဲ့ကာ၊ ယွဲ့ဟုန်ယန်၏
တိုက်ခိုက်မှုမှာ ပို၍ပို၍
အားနည်းလာခဲ့သည်ဟု တွေ့နေခဲ့သည်။

အနီရောင်တိမ်တိုက် ဂရန်းမာစတာက
သက်ပြင်းအရှည်ကြီး တစ်ခုကို ချလိုက်သည်။
"သူမက ရွှေရောင်ဗဟိုချက် အဆင့်က
ကျင့်ကြံသူတစ်ယောက်ကို ခုခံရုံသာ
တတ်နိုင်စေခဲ့တယ်။ ဒါက အတော့်ကို
ပြောင်မြောက်တဲ့ စွမ်းဆောင်မှုပဲ"

သူမ၏ စကားဆုံးသည်နှင့်
အနီရောင်တိမ်တိုက် ဂရန်းမာစတာ၏

အမှုအရာသည် ချက်ချင်း အံ့သြသည့် ပုံစံသို့ ပြောင်းသွားခဲ့သည်။ "ဒါ.. ဒါက..."

ထိုအချိန်တွင် ခေါးသွားပါ အနက်ရောင် လုံတံရှည်၏ထိပ်တွင်၊ အနက်ရောင် မီးတောက် စက်လုံးလေးသည် စတင်ဖွဲ့စည်းလာခဲ့သည်။ ထိုအနက်ရောင် မီးတောက်လုံးလေးသည် အနီရောင် အလင်းတန်းများဖြင့် လင်းလက်လာခဲ့ကာ၊ ရောမ မီးတောက်လေပြင်း အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ထိုစက်လုံးလေးသည် အနက်ရောင် လုံတံရှည်ပေါ်တွင်

လည်ပတ်နေခဲ့ပြီး နောက်ဆုံးတွင်
ခေးသွားထိပ်ဖျားသို့ ရောက်လာခဲ့သည်။

မီးတောက်စက်လုံးသည် လွန်စွာ
လေးလံပြင်းထန်လှသဖြင့်၊
ဘေးပတ်ပတ်လည်မှာ အရာအားလုံးသည်
လောင်ကျွမ်းပြိုကျကုန်ကြသည်။

ဝမ်ကျန်းနန်သည် အံ့အားသင့်သွားခဲ့သည်။
"သူမရဲ့ ပြီးခဲ့တဲ့ အကွက်တွေအရဆိုရင်၊ ဒါက
ကမ္ဘာဖျက် လှံတံနည်းစနစ်ပဲ ဖြစ်ရမယ်"

"ဒီကမ္ဘာဖျက် လှံတံနည်းစနစ်ကို အဆုံးစွန်အထိ ကျင့်ကြံနိုင်မယ်ဆိုရင်၊ လည်ပတ်နေတဲ့ မီးတောက်မုန်တိုင်းက ရောမ ဆွဲအားတစ်ခုကို ဖန်တီးနိုင်လိမ့်မယ်။ ရန်သူကို အနားကို ဆွဲလိုက်ပြီး၊ နောက်ပြန်ဆုတ်လို့ မရနိုင်ဘူး။ ဒါလောက်ကတော့ ငါလည်းသိပါတယ်" ဝမ်ကျန်းနန်သည် သူ့ရှေ့က မြင်ကွင်းကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိသည်။

"ဒါပေမဲ့လည်း ဒီစုပ်ယူနိုင်စွမ်းက ငါတို့ရဲ့ မှော်စွမ်းအင် ရေအိုင်တွေရဲ့ စွမ်းအားအပေါ်မှာ မူတည်နေတယ်။ ငါ့ရဲ့ဟာက

ပိုစွမ်းအားကြီးတော့ သူမက ငါ့ကို စုပ်ယူနိုင်မှာ မဟုတ်ဘူး"

"ဒါတောင်မှပဲ ဒီလိုမျိုး မြင်ကွင်းက အံ့အားသင့်ဖွယ် ကောင်းလှတယ်။ တွင်းနက် အသေးစားလေးက အရာအားလုံးကို စားသုံးလိုက်သလိုမျိုး၊ ဘေးပတ်ပတ်လည်က အရာဝတ္ထုတွေက အထဲကို ပြိုကျပျက်စီးကုန်ကြတယ်။ ဒါက ကမ္ဘာဖျက် လှံတံနည်းစနစ်ရဲ့ အစွမ်းသက်သက်တော့ မဟုတ်နိုင်ဘူး။ ဘာနည်းစနစ်များလဲ?!"

တိုက်ပွဲကို ကြည့်ရှုနေကြသော
သူများအားလုံးသည် ယွဲ့ဟုန်ယန်၏
အကွက်အပေါ်တွင် အာရုံစူးစိုက်နေကြသည်။

သူတို့သည် ပစ်မှတ်များ
မဟုတ်ကြသော်လည်း၊ ဘေးမှ
ကြည့်နေသူများသည် ပိုးဖလံများက မီးထဲကို
သေသည်အထိ
ပျံသန်းဝင်ရောက်သွားသကဲ့သို့၊
လျှို့ဝှက်ဆန်းကြယ်သော အားတစ်ခုသည်
သူတို့ကို ဆွဲဆောင်နေသည်ဟု
ခံစားနေကြရသည်။ သူတို့သည် အနက်ရောင်
မီးတောက်များ အတွင်းသို့

ကျရောက်သွားလျှင် သေမည်ကို
သိနေကြသော်လည်း၊ ဆွဲဆောင်မှုကို
လျှစ်လျူမရှုနိုင်ခဲ့ချေ။

ဒါသည် မဟာကောင်းကင် တာအိုကျမ်းစာရဲ့
အရေအတွက်သုံးခု အင်းရှစ်ကွက်ကို
လေ့ကျင့်အပြီးတွင်၊ ယွဲ့ဟုန်ယန်က
ဖန်တီးထားသည် ကိုယ်ပိုင်အကွက် ဖြစ်သည်။

လေဟာနယ်ကို ဖျက်ဆီးသော
လှံတံနည်းစနစ်!

ရှောင်ယန်က ဘေးကနေ ကြည့်နေခဲ့ရင်း
သူ၏ခေါင်းကို ဖြည်းညင်းစွာ
ညိတ်လိုက်သည်။

"သူမက အခြေခံအုတ်မြစ် အဆင့်မှာသာ
ရှိနေသေးပေမဲ့၊ လေဟာနယ်ရဲ့ လျှို့ဝှက်ချက်
အချို့ကို နားလည်နိုင်ခဲ့ပြီ။ သူမရဲ့
ပင်ကိုစွမ်းရည်က အံ့သြစရာ
ကောင်းလှပါတယ်!"

ချုံးယွင်မင်းသားကလည်း ဒီအကွက်ကြောင့်
အံ့အားသင့်သွားခဲ့သည်။ သူသည်
ယွဲ့ဟုန်ယန်၏ မျက်လုံးအစုံကို

စိုက်ကြည့်လိုက်ရာ၊ သူမ၏ အနီရောင် မျက်လုံး သူငယ်အိမ်များသည် စူးရှနေပြီး ခြိမ်းခြောက်နိုင်မှုတို့ဖြင့် တောက်လောင်နေသည်ကို တွေ့လိုက်ရသည်။

ဝမ်ကျန်းနန်ကို တုံ့ပြန်ဖို့ အခွင့်အရေး မပေးခဲ့ပဲ၊ ယွဲ့ဟုန်ယန်၏ လေဟာနယ်ကို ဖျက်ဆီးသော လှံတံနည်းစနစ်သည် သူ၏ လည်ပတ်နေသော ဆီးနှင်းမုန်တိုင်း၏ အပေါ်ကို ကျရောက်လာခဲ့သည်။

ထိတွေ့မှုသည် အားမပြင်းခဲ့သော်လည်း၊
ဝမ်ကျန်းနန်က ထုတ်လွှတ်ထားခဲ့သော
ဆီးနှင်းနှင့် လေပြင်းများ အားလုံးတို့သည်
ခေါးသွားပါ အနက်ရောင် လုံတံထိပ်သို့
စုပ်ယူခြင်း ခံလိုက်ရသည်။

ထိုကဲ့သို့သော မြင်ကွင်းသည်
ပွဲကြည့်ပရိသတ်များ၏ ရင်ထဲတွင်
ကြောက်ရွံ့စိတ်များကို ဖြစ်ပေါ်စေခဲ့သည်။

ဝမ်ကျန်းနန်သည် ယခုကဲ့သို ဘယ်အချိန်မှာမှ
မှင်မသက်ခဲ့ဘူးချေ။ သူသည် နောက်ဆုတ်ဖို့
ကြိုးစားခဲ့သော်လည်း၊ လေဟာနယ်ကို

ဖျက်ဆီးသော လှံတံနည်းစနစ်၏ ဆွဲဆောင်မှု အနောက်ကို ပါသွားခဲ့သည်။

"မင်းက လုပ်ရသလား!" ဝမ်ကျန်းနန်သည် သွေးရူးသွေးတမ်း ဖြစ်နေခဲ့ပြီး၊ လုံးဝ ထိန်းသိမ်းနိုင်ခြင်း မရှိတော့ပေ။ သူ၏ ရွှေရောင်ဗဟိုချက်သည် ပြင်းထန်စွာနှင့် တုန်ခါလာခဲ့ကာ၊ သူ၏ ကိုယ်ထဲမှ မှော်စွမ်းအင်နှင့် စွမ်းအားများကို ဖောက်ခွဲကာ ထုတ်လွှတ်လိုက်သည်။ ဆီးနှင်းကဲ့သို့ ဖြူဖွေးနေသော ဆေးလုံးတစ်လုံးသည် လေပေါ်တွင် အကောင်အထည် ပေါ်လာခဲ့သည်။

ထို့နောက်တွင် ထို ဆီးနှင်းဆေးလုံးလေးသည် ပေါက်ကွဲသွားခဲ့ကာ၊ မရေမတွက်နိုင်သော ဆီးနှင်းနှင့် လေပြင်းတို့သည် ထွက်ပေါ်လာခဲ့သည်။

သူ၏ နောက်ဆုံးဗုံးဖြစ်သော နှင်းမုန်တိုင်း ပေါက်ကွဲခြင်းကို အသုံးပြုခဲ့ပြီး ဖြစ်သော်လည်း၊ ဝမ်ကျန်းနန်သည် သူ၏ရန်သူကို လျှော့မတွက်ရဲခဲ့ပေ။ သူသည် အခြေတည်ဝိညာဉ် အဆင့်က ခရမ်းရောင် အဆောင်လက်ဖွဲ့ တစ်ခုကို ပစ်လွှတ်လိုက်ရာ၊

မိုးကြိုးသွားကဲ့သို့ ပုံပြောင်းသွားခဲ့ပြီး
ယွဲ့ဟုန်ယန်ဆီသို့ ပစ်ချလိုက်သည်။

သူသေကိုယ်သေ တိုက်ပွဲအဖြစ်
ပြောင်းလဲသွားခဲ့ပြီ ဖြစ်၍၊ သူသည်
ယွဲ့ဟုန်ယန်က ချုံးယွင်မင်းသား၏
ပစ်မှတ်ဖြစ်နေခြင်းကို
အမှုမထားနိုင်တော့ချေ။ ယွဲ့ဟုန်ယန်နှင့်
တိုက်ခိုက်သော တိုက်ပွဲတွင် သူ့အစွမ်း
ရှိသလောက်ကို အစွမ်းကုန် အသုံးချကာ
တိုက်ခိုက်လိုက်ရတော့သည်။

ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူက အသက်စွန့်ပြီး တိုက်ခိုက်မှုသည်၊ အထူးသတိပြုရမည့် အင်အားဖြစ်သည်။ ပို၍ ကြောက်စရာကောင်းသည့် အချက်မှာ၊ အခြေတည်ဝိညာဥ် အဆင့်မှ ခရမ်းရောင် အဆောင်လက်ဖွဲ့သည်၊ အခြေတည်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ အစွမ်းကုန် တိုက်ခိုက်မှုနှင့် ညီမျှပေသည်။

ယွဲ့ဟုန်ယန်သည် အခြေခံအုတ်မြစ် အဆင့်မျှသာ ရှိသေးရာ၊ ဤတိုက်ခိုက်မှုသည် တင့်ကားတစ်စီးကို အဏုမြူပုံးဖြင့် ကြဲသကဲ့သို့ ဖြစ်နေခဲ့သည်။

သူတို့နှစ်ဦးနှစ်ဘက်မှာ အဆင့်အတန်း ကွာခြားလွန်းလှသည်။

မိုးကြိုးသွားနှင့် မိုးကြိုးတိမ်တိုက်တို့သည် အန္တရာယ် ကြီးမားလှစွာနှင့် ယွဲ့ဟုန်ယန်၏ အနီးသို့ ရောက်ရှိလာခဲ့သည်။

လေဟာနယ်ကို ဖျက်ဆီးသော လုံတံနည်းစနစ်သည် မည်သို့ပင် အင်အားကောင်းစေကာမူ၊ ယွဲ့ဟုန်ယန်သည် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သာ ဖြစ်နေသော အချက်ကို မပြောင်းလဲပေးနိုင်ပေ။ အခြေတည်ဝိညာဉ်

အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏
အစွမ်းကုန် တိုက်ခိုက်မှု အင်အားကို လုံးဝ
ခုခံနိုင်မည် မဟုတ်ချေ။

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာနှင့်
အနီရောင်တိမ်တိုက် ဂရန်းမာစတာတို့သည်
တစ်ယောက်ကို တစ်ယောက်
ကြည့်လိုက်ကြကာ၊
ခေါင်းကိုခါလိုက်ကြသည်။

ယွဲ့ဟုန်ယန်သည် လင်းဖုန်း၏
လက်ရင်းတပည့် ဖြစ်သည်။ သူမသည်
သူမထက် အဆင့်မြင့်သောသူကို

စိန်ခေါ်ခြင်းသည် ဉာဏ်နည်းရာ ကျသော်လည်း၊ သူမကသာ ရှင်းယွင်တောင်ထိပ်ပေါ်တွင် ကျဆုံးသွားပါက အလင်းခေါ်မြန်ဂိုဏ်း၏ တာဝန်မကင်း ဖြစ်ပေလိမ့်မည်။

အနီရောင်တိမ်တိုက် ဂရန်းမာစတာက ကောင်းကင်ကို ဆွဲဖြဲလိုက်ကာ၊ ယွဲ့ဟုန်ယန်၏ အစား တိုက်ခိုက်မှုကို ခံယူပေးရန် ဟန်ပြင်လိုက်သည်။

"စိတ်မပူပါနဲ့" မိုးပြာရောင်တိမ်တိုက် ဂရန်းမာစတာက ရုတ်တရက် သူမ၏

ဘေးကနေ ပြောလိုက်သည်။ "သူမရဲ့
ဆရာကတောင် စိတ်မပူနေဘူး"

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာနှင့်
အနီရောင်တိမ်တိုက် ဂရန်းမာစတာတို့သည်၊
လင်းဖုန်းက သူ၏အဆောင်ထဲတွင်
ရှိနေသေးကြောင်းကို စဉ်းစားမိလိုက်ပြီး
ခဏတာမျှ မှင်သက်သွားကြသည်။

"သူက စိတ်မပူဘူးလား?"
ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာသည်
မျက်မှောင်အနည်းငယ် ကြုတ်လိုက်သည်။
"မဟုတ်မှလွဲရော..."

# စာစဥ်၁၄ : အပိုင်း ၂၀

## အပိုင်း ၂၅၀ : အင်မော်တယ် ဝိညာဥ်၏ စွမ်းအားများနှင့် ရင်ဆိုင်ခြင်း

ဝမ်ကျန်းနန်၏ သေစေနိုင်သော နှင်းမုန်တိုင်း ပေါက်ကွဲခြင်းနှင့်၊ သူ၏ လူသတ်တိုက်ကွက်ဖြစ်သော အခြေတည်ဝိညာဥ် အဆင့်မှ ခရမ်းရောင် အဆောင်လက်ဖွဲ့နှင့် ရင်ဆိုင်လိုက်ရသည့် အချိန်တွင် ယွဲ့ဟုန်ယန်သည် တုံ့ပြန်မှု တစ်ခုသာ ရှိခဲ့သည်။

ရှေ့သို့ဆက်လက် ချီတက်ခြင်း!

လေဟာနယ်နှင့် လေဟာနယ်ကို ဖျက်ဆီးခြင်း
လုံတံနည်းစနစ် နှစ်မျိုးစလုံးကို
ကိုင်ဆောင်ထားကာ၊ သူမသည်
လျှင်မြန်စွာနှင့် ရှေ့သို့တက်သွားခဲ့ပြီး သူမ၏
လက်ဖဝါးကို လှန်လိုက်ရာ၊ အရာဝတ္ထုနှစ်ခုက
လေပေါ်တွင် ပျံတက်လာခဲ့သည်။

တစ်ခုသည် ဒိုင်းတစ်ခုဖြစ်သည်။ သူ၏
မျက်နှာပြင် ဧရိယာမှာ သိပ်မကျယ်ချေ။
သို့သော် သူဆီမှနေ၍ ကြွံခိုင်သန်စွမ်း၍

ဖျက်ဆီး၍ မရနိုင်သော အော်ရာတစ်ခုကို ထုတ်လွှတ်နေသည်။

ဤဒိုင်းသည် လုံးဝိုင်းသော စက်ဝိုင်းပုံဖြစ်၏။ သူ၏မျက်နှာပြင်ပေါ်တွင် အမှတ်အသား သင်္ကေတများစွာ ရှိ၏။ သူတို့အားလုံးသည် အဆက်မပြတ် စီးဆင်းနေသော ရေများကဲ့သို့ တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြ၏။ မည်သည့်အရာက မြစ်ရေ၊ မည်သည့်အရာက ကမ်းပါးဟူ၍ ခွဲခြား၍ မရနိုင်ချေ။ အားလုံးသည် အကန့်အသတ်မဲ့ဟု ထင်နေရ၏။

ဤသည်ကား ခန်းနန်ဟွာ၏
မဟာကစဥ္စလျှား ဂင်္ဂါသဲဒိုင်း ဖြစ်၏။
ဟိုနေ့တွင် သူက ရှောင်ယန်နှင့်
ကျန်သောသူများကို တစ်ခုစီ ပေးရာတွင်၊
ယွဲ့ဟုန်ယန်ကလည်း တစ်ခုရလိုက်၏။

ခန်းနန်းဟွာ ဖန်တီးထားသော
မဟာကစဥ္စကလျှား ဂင်္ဂါသဲဒိုင်းသည်၊
ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်တွင်သာ
ရှိသော်လည်း၊ သူ့ကို အသုံးပြု၍
ဝမ်ကျန်းနန်၏ အဆောင်လက်ဖွဲ့နှင့်
မှော်ကျိန်စာများကို ကာကွယ်ရန်မှာ
လိုသည်ထက်ပင် ပိုနေသေး၏။

ခက်ထန်ကြမ်းတမ်းသော နှင်းမုန်တိုင်းသည်
ဒိုင်းအပေါ်သို့ ပြင်းထန်စွာ
ရိုက်ခတ်ခဲ့သော်လည်း၊ မဟာကစဉ့်ကလျား
ဂင်္ဂါသဲဒိုင်းသည် ကြံ့ကြံ့ခံနိုင်ခဲ့သည်။

သူမ၏ဒိုင်းသည် အခြေတည်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများ၏ တိုက်ခိုက်မှုကိုပင်
ကာကွယ်နိုင်သော်လည်း၊ ယွဲ့ဟုန်ယန်သည်
သူမ၏ဒိုင်း ပျက်စီးသွားမည်ကို မလိုလားခဲ့ပေ။

ဝမ်ကျန်းနန်၏ ခရမ်းရောင်
အဆောင်လက်ဖွဲ့ကို၊ ယွဲ့ဟုန်ယန်သည်

တူညီသော ခရမ်းရောင် အဆောင်လက်ဖွဲ့ တစ်ခုနှင့် တုံ့ပြန်ခဲ့သည်။

ယွဲ့ဟုန်ယန်၏ ခရမ်းရောင် အဆောင်လက်ဖွဲ့သည် ကောင်းကင်ယံတွင် မိုးထိုးနေသော တောင်ကြီးတစ်လုံး အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ဝမ်ကျန်းနန်၏ ခရမ်းရောင် အဆောင်လက်ဖွဲ့မှ ဖန်ဆင်းထားသော သေစေနိုင်သည့် လျှပ်စီးမိုးကြိုး ပစ်ချက်များကို ခေါင်းမာစွာဖြင့် ခုခံနေခဲ့သည်။

နောက်ဆုံးတွင် တောင်ကြီးမှာ အစိတ်စိတ်
အမြွှာမြွှာ ကြေမွသွားခဲ့သလို၊
မိုးကြိုးလျှပ်စီးတို့သည်လည်း
အားကုန်သွားခဲ့သည်။

ယွဲ့ဟုန်ယန်က အတားအဆီးများ အားလုံးကို
မှဲ့တစ်ပေါက်မှ မစွန်းပဲ ကျော်ဖြတ်လာသည်ကို
ကြည့်လိုက်ကာ၊ ဝမ်ကျန်းနန်သည်
ဒေါသထွက်လွန်း၍ ဘာမှမပြောနိုင်
ဖြစ်နေခဲ့သည်။ ဤအချိန်တွင် ရက်စက်သော
လေဟာနယ်ကို ဖျက်ဆီးသော
လှံတံနည်းစနစ်သည် သူ၏အရှေ့ကို
ရောက်လာခဲ့သည်။

"အရှင်မင်းသား၊ ကျွန်တော့်ကို ကယ်ပါဦး!" ဝမ်ကျန်းနန်သည် အသားကုန် အာခေါင်ကို ခြစ်၍ အော်လိုက်သည်။

ချုံးယွင်မင်းသား၏ မျက်ခုံးအစုံမှာ တွန့်သွားခဲ့သည်။ သူသည် ဝမ်ကျန်းနန်အား သဘောမကျသော်လည်း၊ နောက်ဆုံးတွင် သူသည် သူ၏ နောက်လိုက်ဖြစ်သည်။ အကယ်၍ ဝမ်ကျန်းနန်သည် ဤကဲ့သို့ အသတ်ခံလိုက်ရလျှင်၊ ချုံးယွင်မင်းသားသည်လည်း အရှက်ရပေလိမ့်မည်။

ဤကဲ့သို့ တွေးလိုက်ပြီး ယွဲ့ဟုန်ယန်၏
တိုက်ခိုက်မှုကို တားဆီးရန် ရည်ရွယ်၍၊
သူ၏လက်ကို အနည်းငယ်
မြှောက်လိုက်သည်။

ရှောင်ယန်ကလည်း ဤအရာကို
တွေ့နေခဲ့ကာ အေးစက်စက်ဖြင့်
ရယ်လိုက်သည်။ သူ၏ မျက်လုံး အစုံမှနေ၍
တောက်ပသော မီးလျှံများသည် ရုတ်တရက်
လင်းလက်လာခဲ့သည်။ အကြွင်းမဲ့မီးတောင်
နှစ်ခု၏ ဖိအားတို့ကြောင့်

ချုံးယွင်မင်းသားသည် ခေတ္တမျှ
စိတ်ပျံ့လွင့်သွားခဲ့သည်။

ရှောင်ယန်၏
ဝင်ရောက်နှောက်ယှက်မှုကြောင့်၊
ချုံးယွင်မင်းသားသည် ဝမ်ကျန်းနန်ကို အချိန်မီ
မကယ်တင်နိုင်တော့ပေ။

ယွဲ့ဟုန်ယန်၏ လေဟာနယ်ကို ဖျက်ဆီးသော
လှံတံနည်းစနစ်သည် အစွမ်းကုန်
ပေါက်ကွဲသွားခဲ့ပြီး၊ ဝမ်ကျန်းနန်ကို
မှုန့်မှုန့်ညက်ညက်ကြေအောင်
ဖောက်ခွဲပစ်လိုက်သည်။

အခြေခံအုတ်မြစ် အလယ်အလတ် အဆင့်မှ
ကျင့်ကြံသူ တစ်ယောက်သည်၊ နောက်ထပ်
အဆင့်မြင့် ရွှေရောင်ဗဟိုချက် အဆင့်မှ
ကျင့်ကြံသူ တစ်ယောက်ကို
ချေမှုန်းလိုက်ပေပြီ!

ဤတိုက်ပွဲသည် ယွဲ့ဟုန်ယန်အား
ထင်ပေါ်စေခဲ့သည်။

ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာသည်
ဘေးကနေ သုံးသပ်နေခဲ့ကာ

သက်ပြင်းအရှည်ကြီး တစ်ချက် ချလိုက်သည်။
"ကျောက်ယန်၊ ကျေးဇူးပြုပြီး ပြန်လာခဲ့ပါ"

အစပထမတွင် ခရမ်းရောင်တိမ်တိုက်
ဂရန်းမာစတာသည် ရှောင်ယန်တို့ အုပ်စုက၊
ရှင်းယွင်တောင်ထိပ်တွင်
အလင်းခေးမြန်ဂိုဏ်း၏ တပည့်များကို
ဒဏ်ရာရအောင် မလုပ်ရဲဟု ထင်နေခဲ့သည်။
သို့သော်လည်း သူတို့သည်
ချုံးယွင်မင်းသားကိုပင် ဂရုမထားခဲ့ချေ၊
သူသည်လည်း စတင်၍
ချောက်ချားလာခဲ့သည်။

ရှောင်ပုတန်လေးသည် ကျောက်ယန်အား
သတ်နိုင်စွမ်း ရှိသော်လည်း၊ သူ၏အသက်ကို
နှုတ်ယူလိမ့်မည် မဟုတ်ဟု ၉၉ ရာခိုင်နှုန်း
ယုံကြည်မှုရှိပေမဲ့၊ ခရမ်းရောင်တိမ်တိုက်
ဂရန်းမာစတာသည် ကျန်သော
တစ်ရာခိုင်နှုန်းကို မစွန့်စားရဲခဲ့ပေ။

ကျောက်ယန်သည် အလင်းခေးမြန်ဂိုဏ်း၏
ထိပ်တန်းတပည့်ဖြစ်ပြီး မရှိမဖြစ် ဖြစ်သည်။
အလင်းခေးမြန်ဂိုဏ်း အနေဖြင့် သူ့အား
ဆုံးရှုံး၍ မဖြစ်ချေ။

"မင်းရဲ့ စွမ်းအားတွေဟာ တကယ့်ကို အံ့ဩဖွယ် ကောင်းလှပါတယ်၊ ငါအရှုံးပေးပါတယ်" ကျောက်ယန်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။ သူသည် ခုခံနိုင်ရုံသာ ခုခံနိုင်ခဲ့ပြီး၊ အကယ်၍ ဆက်တိုက်နေခဲ့ပါက နောက်ဆုံးတွင် ရှောင်ပုတန်လေးအား အရှုံးပေးရမည် ဖြစ်သည်ကို၊ ရင်ထဲမှနေ၍ သိနေခဲ့သည်။

သူ၏အသက်ကို စွန့်၍ တိုက်ပါက၊ သူသည် ရှောင်ပုတန်လေးအား ဒဏ်ရာ အပြင်းအထန်ရစေ၍၊ သတ်ကောင်း သတ်နိုင်လိမ့်မည်ဟု ကျောက်ယန်က

တွေးနေမိ၏။ သို့သော်လည်း ထိုကဲ့သို့လုပ်ရန် မလိုသည်မှာ ထင်ရှားနေ၍၊ သူသည် အရှုံးကိုသာ ပေးလိုက်ရ၏။

ဒီကနေ့မှစ၍ သူသည် ရှောင်ပုတန်လေးအား ဂျူနီယာဟု ခေါ်နိုင်တော့မည် မဟုတ်ချေ။

သူ၏စကားကို ကြားပြီးနောက်တွင် ရှောင်ပုတန်လေးသည် သနားချင်ယောင် ဟန်လုပ်ပြုံးလိုက်သော်လည်း သူ၏ လေပြင်းနှင့် လျှပ်စီးတို့ကို မရုပ်သိမ်းသေးချေ။ သူ၏ ခြိမ်းခြောက်နိုင်သော ရောမ ခန္ဓာကိုယ်ကြီးနှင့် မားမားမတ်မတ်

ရပ်နေခဲ့ကာ၊ အလင်းခေးမြန်ဂိုဏ်းမှ တပည့်များအား ငုံ့ကြည့်လိုက်သည်။ "အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းကို စိန်ခေါ်ချင်သေးတဲ့ သူတွေများ ရှိသေးသလား?"

အလင်းခေးမြန်ဂိုဏ်းမှ ကျန်ရှိနေသေးသော ရွှေရောင်ဗဟိုချက် အဆင့်မှ တပည့်များသည် အချင်းချင်း ကြည့်လိုက်ကြကာ ဆွံ့အကုန်ကြသည်။ သူတို့သည် သူတို့ဂိုဏ်း၏ အထူးချွန်ဆုံးသော သူများ ဖြစ်ကြသည်။ သို့သော်လည်း သူတို့သည် ကျောက်ယန်ထက်တော့ ပိုမတော်ကြပဲ

ရှောင်ပုတန်လေးကို အနိုင်ယူနိုင်ရန် ယုံကြည်ချက် မရှိကြပေ။

ဘေးမှရပ်ကြည့်နေသော ချုံးယွင်မင်းသားသည် အေးစက်စွာနှင့် ရယ်လိုက်သည်။ "ကျွတ်ကျွတ်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တကယ့်ကို အနိုင်ယူလို့ မရဘူးပဲ"

သူသည် ရှောင်ပုတန်လေးအား မကြည့်ခဲ့ပဲ၊ ရှောင်ယန်နှင့် ယွဲ့ဟုန်ယန်တို့ကို အေးစက်စွာနှင့် စိုက်ကြည့်နေခဲ့ကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "မင်းက

ဝမ်ကျန်းနန်က ငါ့ရဲ့လက်အောက်ကမှန်း
သိသိရက်နဲ့ သတ်လိုက်တယ်။
အရမ်းကောင်းတယ်"

အညှာအတာ ကင်းမဲ့ကာ ပြင်းထန်သော
ပတ်ဝန်းကျင်တစ်ခုသည် ပျံ့နှံ့လာခဲ့ကာ၊
ယွဲ့ဟုန်ယန်အား ဖိအားပေး၍
မွန်းကျပ်စေခဲ့သည်။ အနီရောင်ဆံပင်နှင့်
ဆယ်ကျော်သက် ကောင်မလေးသည်
မုန်တိုင်းများ အကြားမှ လှေငယ်လေးကဲ့သို့
အချိန်မရွေး တိမ်းမှောက်သွားတော့မည့်ပုံ
ပေါက်နေခဲ့သည်။

သို့သော် သူမသည် ကြံ့ကြံ့ခံကာ ရပ်နေခဲ့ပြီး၊ ချုံးယွင်မင်းသားက ပေးနေသော ဖိအားကို အရှုံးမပေးခဲ့ချေ။

ရှောင်ယန်သည် ယွဲ့ဟုန်ယန်၏ အရှေ့သို့ ထွက်လာခဲ့ကာ၊ သူမ၏အစား ချုံးယွင်မင်းသား၏ ဖိအားများကို ခံယူလိုက်သည်။ သူက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ယွဲ့ဟုန်ယန်က ကျုပ်ရဲ့ ဂျူနီယာ ဖြစ်တယ်။ ကျုပ်ဆရာက သူမရဲ့ လုပ်ရပ်တွေအတွက် ဖြေရှင်းပေးပါလိမ့်မယ်"

"ခင်ဗျားက သူမကို မကျေနပ်ခဲ့ရင်၊ ကျုပ်နဲ့အရင် ဖြေရှင်းနိုင်ပါတယ်"

ချုံးယွင်မင်းသားက အေးစက်စွာနဲ့ ရယ်လိုက်သည်။ "မင်းဆရာရဲ့ မျက်နှာကို မထောက်ခဲ့ဘူး ဆိုရင်၊ မနေ့ကပဲ မင်းကို သတ်ခဲ့လိုက်ပြီ"

ရှောင်ယန်က ဥပေက္ခာပြုလိုက်ကာ အသံတိုးတိုးဖြင့် ရယ်လိုက်သည်။ "ခင်ဗျားက အဲ့ဒီစွမ်းရည် မရှိမှာပဲ စိုးတယ်"

"ဒါဆိုရင်လည်း စမ်းကြည့်ရတာပေါ့"
ချုံးယွင်မင်းသား၏ အပြုအမူသည်
ရုတ်တရက်ပဲ တည်ငြိမ်သွားခဲ့သည်။
လှိုင်းတံပိုးထနေသော ပင်လယ်သည်
ရုတ်တရက်ပဲ ငြိမ်သက်သွားခဲ့သလိုမျိုး
ဖြစ်သွားခဲ့၏။

သို့သော်လည်း သူ၏စိတ်အတွင်းမှ
အန္တရာယ်၏ အငွေ့အသက်တို့ကို
ခံစားမိလိုက်ရ၍၊ ရှောင်ယန်သည်
အရင်ကထက်ပို၍ သတိထားနေခဲ့သည်။

နောက်တစ်ချိန်တွင် ချုံးယွင်မင်းသားသည် ရုတ်တရက် လှုပ်ရှားလိုက်သည်။ သူက အရှေ့တစ်လှမ်း တိုးလာခဲ့ကာ ရှောင်ယန်၏ အရှေ့သို့ ရောက်ရှိလာခဲ့ပြီး၊ သူ၏လက်ကို ဆန့်ထုတ်လိုက်သည်။

သူ၏ရှေ့မှ ကောင်းကင်သည် ရုတ်တရက် မည်းမှောင်သွားကာ နေအလင်းရောင်တို့သည် ပျောက်ကွယ်သွားသည်ဟု ရှောင်ယန်က ခံစားလိုက်ရသည်။ သူသည် အမှောင်ထုအတွင်းသို့ ကျရောက်သွားခဲ့သည်။

ချိုးယွင်မင်းသား၏ လက်ဝါးအောက်တွင်၊
အရာအားလုံးသည် လုံးဝမည်းမှောင်နေသည်။

သူ၏အခန်းထဲတွေ ရှိနေခဲ့သော
လင်းဖုန်းသည် ရုတ်တရက်
ခေါင်းညိတ်လိုက်သည်။ "သူရဲ့
ချွတ်ယွင်းနေတဲ့ အကျင့်စာရိတ္တကို
ဘေးဖယ်ထားလိုက်ရင်၊ သူ့ရဲ့
စွမ်းအားတွေဟာ မဟာချင်ရဲ့ အိမ်ရှေ့စံဆိုတဲ့
အဆင့်နဲ့ ကိုက်ညီလှပါတယ်"

ကျင့်ကြံမှု ကမ္ဘာထဲတွင် အုပ်စိုးနိုင်သည်
မဟာချင် အင်ပါယာဖြစ်စေ၊ မဟာကျိုး

အင်ပါယာ ဖြစ်စေ၊ တော်ဝင်မိသားစုတို့သည် အကောင်းတကာ့ အကောင်းဆုံး တာအိုနည်းစနစ်များ၊ မှော်ကျိန်စာများနှင့် ကျင့်ကြံမှု အရင်းအမြစ် ပစ္စည်းများကို ပိုင်ဆိုင်ထားကြပေမည်။

သူတို့သည် ဂိုဏ်းကြီးများ ဖြစ်ကြသည့် အလင်းခေါးမြန်ဂိုဏ်း၊ မီးလျှံခေါးဂိုဏ်းနှင့် လေနတ်ဘုရားဂိုဏ်းတို့ထက်ပင် ပို၍ ပြည့်စုံကြဦးမည်။

မဟာမြင့်မြတ်နယ်မြေ သုံးခုနှင့်
ယှဥ်လိုက်လျှင်ပင်၊ သူတို့သည် အခြေခံ
အုတ်မြစ်များသာ အားနည်းပေလိမ့်မည်။

အမှန်ပြောရလျှင် မဟာချင် အင်ပါယာ၏
တော်ဝင်မိသားစုသည်၊ မဟာချင်၏
မိသားစုကြီး လေးခုထက် ပိုစွမ်းအားကြီးသော
ကျင့်ကြံမှု မိသားစု ဖြစ်ပေလိမ့်မည်။

မဟာချင်၏ အိမ်ရှေ့စံဖြစ်သည့် အားလျှော်စွာ၊
ချုံးယွင်မင်းသား လေ့ကျင့်သည့်
တာအိုနည်းစနစ်များသည် အစွမ်းအထက်ဆုံး၊
အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

တိုက်ပွဲစွမ်းရည် အနေဖြင့်ဆိုသော်၊ သူသည် အဆင့်တူ ကျင့်ကြံသူများထက် အများကြီး ပိုသာလိမ့်မည်။ သူ့ထက် အဆင့်ပိုမြင့်သော ကျင့်ကြံသူများကို စိန်ခေါ်နိုင်စွမ်း ရှိသည်မှာ မေးခွန်းထုတ်စရာ မလိုချေ။

အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ ခရမ်းရောင်တိမ်တိုက် ဂရန်းမာစတာနှင့် အနီရောင်တိမ်တိုက် ဂရန်းမာစတာတို့သည်ပင်လျှင်၊ ချုံးယွင်မင်းသားကို စိန်ခေါ်မည်ဆိုလျှင် သူတို့သည် အရမ်းကာရော ပြုရဲလိမ့်မည် မဟုတ်ပေ။

"မာစတာလင်းရဲ့ တပည့်တွေဟာ အရမ်းကို ဝင့်ဝါပြီး ဟိတ်ဟန်များကြတာပဲ"

ဤအချိန်တွင် လင်းဖုန်း၏ နားထဲတွင် အသံတစ်ခုက မြည်လာခဲ့သည်။ "တစ်ပင်ထဲ ထီးထီးကြီး ထိုးထွက်နေတဲ့ သစ်ပင်တွေဟာ လေပြင်းမုန်တိုင်း ကျရောက်လာရင်၊ ပြိုလဲသွားတတ်ကြတယ်။ သူများထက် ထူးချွန်နေတဲ့ ပါရမီရှင်တွေကလည်း ကျန်တဲ့သူတွေရဲ့ မုန်းတီးခြင်း၊ မနာလိုခြင်းတို့ကို ခံရတတ်တယ်"

မှော်ကြယ်စင် ဝတ်ရုံကို ဝတ်ဆင်ထားသည့် လူတစ်ယောက်သည် ရုတ်တရက်ပဲ လင်းဖုန်း၏ နားနေဆောင်အတွင်းသို့ ရောက်လာခဲ့သည်။ သူသည် ကြယ်စင်သူတော်စင် ဖြစ်ပေတော့သည်။

လင်းဖုန်းကလည်း အမှုမထားသလို ခပ်တည်တည်နှင့် ပြန်ဖြေလိုက်သည်။ "တကယ်လို့ သစ်ပင်တွေက လေပြင်းကြောင့် ပြိုလဲသွားလို့ရှိရင်၊ သစ်ပင်တွေက လုံလောက်အောင် ခိုင်မာမှု မရှိကြလို့ပဲ" ကြယ်စင်သူတော်စင်က

ကျွန်တော့်တပည့်တွေရဲ့ ကိစ္စမှာ ဝင်ပါဖို့ မလိုပါဘူး"

"ဒါဆိုရင်လည်း စမ်းကြည့်ရတာပေါ့" ကြယ်စင်အဘိုးအိုက ရယ်ပြီးပြောလိုက်သည်။ "ခင်ဗျားရဲ့ တပည့်တွေက သူများတွေကို စိန်ခေါ်ကြတာကို ကြည့်ပြီး၊ ကျုပ်ကလည်း စမ်းကြည့်ချင်လာတယ်။ အလင်းဓားမြန် ဓားမာစတာက အိမ်ရှင်ဖြစ်နေတော့၊ ကျုပ်ကသူ့ကို ဒုက္ခမပေးချင်ဘူး။ ကျုပ်က မာစတာလင်းကိုပဲ စိန်ခေါ်တော့မယ်"

"မာစတာလင်းက မငြင်းပယ်ဘူးလို့
ယူဆပါတယ်"

စကားဆုံးသည်နှင့် ကြယ်စင်သူတော်စင်သည်
လင်းဖုန်း၏ နေရာတွင် ခေါက်တုံ့ခေါက်ပြန်
လမ်းလျှောက်နေသည်။

ကြည့်ရတာ သာမန်ခြေလှမ်းများသာ
ဖြစ်သော်လည်း၊ လင်းဖုန်း၏ အသိအမြင်
အာရုံခံမှုတို့တွင် တစ်ခုခုက
ထူးခြားနေပေသည်။

လင်းဖုန်း၏ အရှေ့က မြင်ကွင်းသည်
ရုတ်တရက် ပြောင်းလဲသွားခဲ့သည်။ ယခင်က
အရာအားလုံးတို့သည်
လုံးဝပျောက်ကွယ်သွားကြသည်။
ကြယ်စင်သူတော်စင်ပင် ဘယ်နေရာ
ရောက်သွားမှန်း မသိတော့ချေ။

လင်းဖုန်း၏ အရှေ့တွင် ပေါ်လာသော
အရာတို့မှာ မှောင်မိုက်နေသော
စကြာဝဠာကြီးထဲတွင်၊ နေရာအနှံ့၌
ဖြစ်ပေါ်တည်ရှိနေကြသော
ကြယ်စင်ပင်လယ်ကြီးဖြစ်၏။

အဝေးမှနေ၍ ကြည့်လိုက်လျှင်၊ စကြာဝဠာ အတွင်းမှ ကြယ်တစ်ခုချင်းစီသည် တောက်ပနေသော အလင်းစက်တစ်ခုဖြစ်၏။ တောက်ပနေသော အလင်းစက် တစ်ခုချင်းစီတိုင်းသည် သူတို့၏ သက်ဆိုင်ရာ ပတ်လမ်းများအတိုင်း လည်ပတ်နေကြ၏။ သို့သော်လည်း သူတို့သည် ထူးခြားသော နိယာမ တစ်ခုကို လိုက်နာနေကြပုံ ပေါက်နေကြ၏။

ကောင်းကင်အနှံ့တွင် ကြယ်များသည် လည်ပတ်နေကြ၏။ မရေမတွက်နိုင်သော ကြယ်စင်များသည် သတ်မှတ်ထားသော

ပတ်လမ်းများအတိုင်း လိုက်နာနေကြ၏။ သူတို့သည် စက္ကန့်တိုင်းတွင် သူတို့၏ နေရာကို ပြောင်းနေကြ၏။

"ဒါက ခုနှစ်စင်ကြယ် အကွက်လား?" သူသည် သိသာနေသော အရာကို စဉ်းစားမိနေခြင်း ဖြစ်ကြောင်းကို လင်းဖုန်းက သိလိုက်သည်။ ကြယ်စင်သူတော်စင်က ထုတ်ဖော်လိုက်သော ခြေလှမ်းအနည်းငယ်တို့သည်၊ ညကောင်းကင်ယံတွင် ကြီးမားလှသော ကြယ်စင် အစုအဝေးကြီးကို ဖြစ်ပေါ်စေခဲ့ပြီး၊ သူ့အား ပြင်ပကမ္ဘာနှင့် သီးခြားဖြစ်စေခဲ့သည်။

ကြယ်စင်သူတော်စင်သည်
ပျောက်ကွယ်သွားခြင်း မရှိပေ။ သူသည် သူ၏
စကြာဝဠာ မှော်အင်းကွက်နှင့် တစ်သားတည်း
ဖြစ်သွားခြင်းဖြစ်သည်။

လင်းဖုန်းသည် သူ၏လှည့်ကွက်ထဲကို
ကျရောက်သွားပါက သူသည် အထဲတွင်
အပိတ်လှောင် ခံရမည် ဖြစ်ပြီး၊ အပြင်က
ရှောင်ယန်နှင့် ချုံးယွင်မင်းသားတို့၏
တိုက်ပွဲကို ဝင်စွက်နိုင်မည် မဟုတ်ပေ။

"ကဲ၊ ခင်ဗျားက ကျုပ်ရဲ့ စကြာဝဠာ
မှော်အင်းကွက်ကို
ဘယ်လိုဖောက်ထွက်မလဲ?"

အဆုံးမရှိသော ကြယ်စင် နဂါးငွေ့တန်း
အတွင်းတွင်၊ ကြယ်စင်သူတော်စင်၏
အသံသည် ဘက်ပေါင်းစုံမှနေ၍
ထွက်ပေါ်လာခဲ့ကာ ဤလေဟာနယ်
အတွင်းတွင် ပဲ့တင်ရိုက်နေလေတော့သည်။

အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်နှင့် ရင်ဆိုင်ရသောအခါ၊
လင်းဖုန်းသည် အမှန်တကယ်ပင်

စိတ်လှုပ်ရှားနေခဲ့သည်။ သူသည် ကြယ်စင်
နဂါးငွေ့တန်းဆီသို့ လျှောက်လှမ်းသွားခဲ့သည်။
သူ့ကို ကြည့်နေရသည်မှာ
အေးအေးဆေးဆေး၊ သက်တောင့်သက်သာ
ရှိလှသည်။

လင်းဖုန်းသည် ခြေလှမ်းအနည်းငယ်
လျှောက်လိုက်ပြီးနောက်၊
သူလှုပ်ရှားလိုက်သည်နှင့် အနက်ရောင်
စကြာဝဠာ အတွင်းမှ ကြယ်စင်တို့၏
လမ်းကြောင်းတို့သည်
စတင်ပြောင်းလဲလာခဲ့သည်ကို
တွေ့ရှိလိုက်ရသည်။

သူ၏မျက်စိ အရှေ့တွင်၊
ထောင်နှင့်သောင်းနှင့်ချီသော ကြယ်တို့သည်
သူ့ဆီကို ကျဆင်းလာကြသည်။

သူ၏လက်ချောင်းတို့ကို လှူပ်ရှားလိုက်ကာ၊
ကောင်းကင်နှင့်မြေကြီးတို့ကို ဖျက်စီးခြင်းကို
အသုံးပြုလိုက်၍ သူ့ဆီကို ကျဆင်းလာသော
ဥက္ကာပျံများကို ချက်ချင်း ခြေမွလိုက်သည်။

လင်းဖုန်း၏ လက်တစ်ချောင်း လှူပ်လိုက်ရုံနှင့်၊
ကြယ်စင်သူတော်စင် ဖန်ဆင်းထားသော
စကြာဝဠာ မှော်အင်းကွက်တွင်

အပေါက်ကြီးတစ်ပေါက် ဖြစ်သွားခဲ့သည်။ ဖရိုဖရဲ ဖြစ်ကုန်ကြကာ၊ မြေ၊ရေ၊လေ၊မီး တို့သည် ကောင်းကင်တစ်ခုလုံးကို ဖုံးလွှမ်းထားကြကာ၊ ကမ္ဘာပျက်သကဲ့သို့ ဖြစ်နေကြသည်။

ကြယ်စင်သူတော်စင်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။ "မာစတာလင်းက အတော့်ကို မညှာမတာ တိုက်ခိုက်တာပဲ"

သူ၏စကားဆုံးသည်နှင့်၊ စကြာဝဠာကြီး၏ ကြယ်နက္ခတ် အစုအဝေးတို့သည် ချက်ချင်း

ပုံစံပြောင်းသွားကြသည်။ ကြယ်စင်တို့သည် နေရာပြောင်းသွားကာ၊ သူတို့၏ ပတ်လမ်းတို့သည်လည်း ပြောင်းသွားကြသည်။ စကြာဝဠာကြီးသည် အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာသည်ဟု ထင်နေရသည်။ ပျက်စီးခါနီး ဖြစ်နေသော စကြာဝဠာကြီးသည် မှျခြေတစ်ခုအဖြစ်သို့ ပြန်ရောက်သွားခဲ့သည်။

လင်းဖုန်း၏ မျက်ခုံးတို့မှာ မြင့်တက်သွားခဲ့ပြီး၊ "အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူတစ်ယောက်၊ အမှန်တကယ်ကို ထူးချွန်ပြောင်မြောက်လှပါတယ်"

ကြယ်စင်သူတော်စင်သည် သူ၏
နောက်ဆုံးအကွက်များကို မထုတ်သေးချေ။
အင်မော်တယ်ဝိညာဥ် အဆင့်ကို
ရောက်ရှိပြီဖြစ်သော ကျင့်ကြံသူတို့သည်
အခြေတည် ဝိညာဥ်ကို ဗဟိုပြုကာ၊
ကောင်းကင်နှင့်မြေကြီး ပုံသဏ္ဍာန်
နည်းစနစ်ကို ကျောရိုးအဖြစ် အသုံးပြု၍၊
သူတစ်ဦးတည်းနှင့်သာ သက်ဆိုင်သော
အင်မော်တယ်ဝိညာဥ် ကိုယ်ပွားကို
အောင်မြင်စွာ ဖန်ဆင်းနိုင်သူများ
ဖြစ်ကြသည်။

အင်မော်တယ်ဝိညာဉ် ကိုယ်ပွားကို
အောင်မြင်စွာ ဖန်တီးနိုင်သည်နှင့်၊
တစ်ယောက်သည် အင်မော်တယ်
ဖြစ်သွားမည် ဖြစ်သည်။ သူတို့သည်
ကောင်းကင်နှင့်မြေကြီး အပါအဝင်
စကြာဝဠာကြီးကို
ဖြတ်သန်းသွားလာနိုင်ကြမည် ဖြစ်သည်။

တစ်ချိန်တည်းမှာပင်၊ အင်မော်တယ်ဝိညာဉ်
ကိုယ်ပွားသည် အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူ၏ အစစ်အမှန် စွမ်းအားတည်ရှိရာ
နေရာလည်း ဖြစ်သည်။
ကြယ်စင်သူတော်စင်သည် သူ၏ အခြေခံ

စွမ်းအားများကိုသာ အသုံးပြု၍ စကြာဝဠာ မှော်အင်းကွက်ကိုသာ အသုံးပြုခြင်းဖြစ်ကာ၊ သူ၏ အင်မော်တယ်ဝိညာဉ် ကိုယ်ပွားကိုမူ ဖော်ပြခြင်း မရှိခဲ့ချေ။

သူသည် သူ၏အသက်နှင့်ရင်း၍ လင်းဖုန်းနှင့် တိုက်ခိုက်ရန် မရည်ရွယ်ထားကြောင်း သိသာနေပေသည်။ အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည် ထာဝရနီးပါး အသက်ရှင် နေထိုင်နိုင်ကြသော်လည်း၊ သူတို့သည် ပြင်ပမှ အင်အားများကြောင့် သေနိုင်သေးသည်။ မဖြစ်မနေ လိုအပ်သော

အချိန်မဟုတ်လျှင်၊ သူတို့သည် အသက်စွန့်၍ တိုက်ခိုက်လိမ့်မည် မဟုတ်ချေ။

နောက်ဆုံးပြောရလျှင် အင်မော်တယ် အဆင့်ကို ရောက်ရှိရန် လွယ်ကူလှသည် မဟုတ်ပဲ၊ သူတို့သည် သူတို့၏ ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းချင်သည်ဖြစ်ကာ၊ လွယ်လွယ်ကူကူ သေလိုကြသည် မဟုတ်ပေ။

သူသည် လင်းဖုန်းကို စိန်ခေါ်ရသည်မှာ အချက်နှစ်ချက်ကြောင့် ဖြစ်သည်။ ပထမ၊ သူသည် ချုံးယွင်မင်းသားနှင့် ရှောင်ယန်တို့၏ တိုက်ပွဲကို ဝင်စွက်ခြင်းမှ တားဆီးလိုသည်။

ဒုတိယ၊ သူသည် လင်းဖုန်း၏ စွမ်းရည်
အစစ်အမှန်ကို သိရှိလိုသည်။

ပြင်ပမှ လူအားလုံးတို့ အနေဖြင့်၊ လင်းဖုန်း၏
စွမ်းဆောင်ရည်မှာ ပဟေဠိ ဖြစ်နေ၏။

ကြယ်စင်သူတော်စင်သည် သူ၏ စကြာဝဠာ
မော်အင်းကွက်နှင့် ဖန်တီးထားသော ကြယ်စင်
စကြာဝဠာကို တည်ငြိမ်အောင်
ပြန်ထိန်းလိုက်သည်။ ပြီးတာနှင့် သူသည်
ကြယ်စင်များကို အမိန့်ပေးလိုက်ကာ
လင်းဖုန်း၏ စွမ်းရည်တို့ကို ဖော်ထုတ်လို၍၊
အဆက်မပြတ် တိုက်ခိုက်ခဲ့သည်။

လင်းဖုန်းသည် ကြယ်စင်သူတော်စင်၏
ရည်ရွယ်ချက်များကို ရိပ်မိလိုက်သည်။
သူသည် ရယ်လိုက်ကာ သူ၏ စွမ်းအားများကို
အသုံးပြု၍ ကြယ်စင်သူတော်စင်နှင့်
ရင်မဆိုင်ခဲ့ပဲ ပစ္စည်းတစ်ခုကို
ထုတ်လိုက်သည်။ ရောမ အနက်ရောင်
ထီးကြီးဖြစ်သည်။